# JOURNAL OF THE MYANMAR ACADEMY OF ARTS AND SCIENCE

## Myanmar (Literature)

Vol. XVI, No.6A, October 2018

Myanmar Academy of Arts and Science

**Edition**

2018, August, 550 Copies

**Copyright**

Ministry of Education

**Published by**

U Sein Min (00322) Chairman, Journal Publication Committee,
Myanmar Academy of Arts and Science

ISSN 2520-0186
LCCN 2003-323143

**Printed by**

U Win Aung (00171), Manager,
Universities Press, Yangon, Myanmar

## Journal of the Myanmar Academy of Arts and Science
## Vol. XVI, No. 6 A

## Contents
## Myanmar


| Sr. No. | Title | Page |
| --- | --- | --- |
| 1 | **အိအိမွန်**၊ တွင်းသင်းမင်းကြီး ဦးထွန်းညို၏ ပို့များမှ ဥပမာ အလင်္ကာများ လေ့လာချက် * | 1 |
| 2 | **သန်းဝင်း**၊ မောင်သော်က၏ သရော်စာများ | 19 |
| 3 | **မော်မော်အောင်**၊ ပုရေနိသင်ရတုကဗျာ၏ ရသဖြစ်ပေါ်မှုအစဉ် | 41 |
| 4 | **လှလှအောင်** ၊ ဘလ္လာတိယပျို့လာ အပြောက်အမွမ်းများ လေ့လာချက်စာတမ်း | 59 |
| 5 | **တင်မိမိနိုင်**၊ သိန်းဖေမြင့်၏ အညာပြန် (ခရီးသွားဆောင်းပါး) မှ စီစဉ်တင်ပြပုံ | 79 |
| 6 | **ခင်ညိုအောင်**၊ မဟာရာမဝတ္ထုတွင်တွေ့ရသော ရာမ၊ သီတာ၊ ဒသဂီရိတို့၏ ဇာတ်ဆောင်စရိုက်အဖွဲ့များလေ့လာချက် | 97 |
| 7 | **သစ်သစ်လွင်**၊ စာပေလောက ဆောင်းပါးများမှ ဇော်ဂျီ၏ စာပေအမြင် | 117 |
| 8 | **နွယ်နွယ်လတ်**၊ ဆင်ဖြူရှင်မင်းတရားကြီးဘုရားအရေးတော်ပုံ သမိုင်းတော် တင်ပြပုံ | 141 |
| 9 | **ခင်စန်းဝင့်**၊ သုခ၏ အကျော်ဒေးယျဗုဒ္ဓသမီးတော်များ ဝတ္ထုတို များမှ သရုပ်ဖော်အဖွဲ့များ | 159 |
| 10 | **သူဇာအေး**၊ ဒဂုန်တာရာ၏ "အလှဗေဒ" မှ စာပေဝေဖန်ရေး အမြင် | 177 |
| 11 | **မြင့်မြင့်နိုင်** ၊ခေတ်ပုံရိပ်နှင့် ဦးပုည၏တေးထပ်ဟန် | 193 |
| 12 | **မာလာဦး**၊ လေးလုံးစပ်ကဗျာများ၏ သဒ္ဒါဖွဲ့စည်းပုံကို ရေးဟန်ရှုထောင့်မှ လေ့လာဆန်းစစ်ခြင်း | 217 |
| 13 | **သန်းသန်းဆွေ** ၊ ကြည်အေး၏ကဗျာ့စိတ်ကူးနှင့်အရေးအဖွဲ့ | 235 |
| 14 | **ကြည်ကြည်မြင့်** ၊တင့်တယ်၏ပြေလျော့ခွေဝတ္ထု ဇာတ်လမ်း ဖန်တီးမှု အတတ်ပညာ | 257 |

| Sr. No. | Title | Page |
|---|---|---|
| 15 | **နိုင်နွယ်ဝင်း** ၊ မောင်ခိုင်မာကဗျာများမှ စကားအသုံးအနှုန်း ရွေးချယ်ဖန်တီးမှု | 279 |
| 16 | **အေးအေးထွန်း**၊ ပြည်နဝဒေးနှင့် နတ်ရှင်နောင်တို့၏ မိုးတောရတုများမှ အချစ်၊ အလွမ်း၊ အတွေးစိတ်ကူးများ နှိုင်းယှဉ် လေ့လာချက် | 299 |
| 17 | **ဒေါ်စန်းမြင့်** ၊ ဆရာဇော်ဂျီ၏ ဝတ္ထုတိုဖန်တီးမှုအတတ်ပညာ | 333 |
| 18 | **သီတာလွင်** ၊ မဟာပညာကျော်လျှောက်ထုံးလေ့လာချက် | 363 |
| 19 | **စန်းစန်းဦး**၊ ဘုံခန်းပျို့စာဆို၏ စိတ်ကူးနှင့်အရေးအဖွဲ့ | 391 |
| 20 | **ခင်ဝင့်နွယ်** ၊ မြန်မာကဗျာများမှ ခေတ်ကာလစံသွေးမှု | 419 |
| 21 | **ခင်မာသက်** ၊ သုခမိန်လှိုင်၏ အငြိမ့်ကဗျာအစီအစဉ်ကို စိစစ်လေ့လာခြင်း | 441 |
| 22 | **အောင်မင်းနိုင်** ၊ ရတနာပုံဆရာဥ၏ မင်းကုသကွက်စိပ် အပြောက်အမွမ်း | 455 |
| 23 | **ပပဝင်း**၊ ခင်ခင်ထူး၏ လှည်းယဉ်ကြော့ဝတ္ထုတိုများမှ ဘဝ သရုပ်ဖော် ဝတ္ထုတိုများ လေ့လာချက် | 473 |
| 24 | **အောင်ကျော်မိုး**၊ ကြည့်ကန်ရှင်ကြီး၏ ရတုကဗျာ(၂)ပုဒ်မှ မိခင်မေတ္တာအဖွဲ့ လေ့လာချက် | 499 |
| 25 | **ကြည်ပြာဦး**၊ ဆရာတော် ရဝေနွယ်(အင်းမ)၏ ဓမ္မစာပေများမှ အတွေးနှင့်အရေး | 519 |
| 26 | **အေးသူစာ**၊ မြန်မာဝတ္ထုတိုခေတ်ဦးစာရေးဆရာတို့၏ အဦးဆုံး လက်ရာများ | 543 |

*J. Myanmar. Acad. Arts Sci. 2018* **Vol. XVI. No. 6A**

# တွင်းသင်းမင်းကြီး ဦးထွန်းညို၏ ပျို့များမှ ဥပမာအလင်္ကာများလေ့လာချက်*

အိအိမွန်

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာစာပေနယ်အတွင်းရှိ ကဗျာကဏ္ဍတွင် ပါဝင်သော ပျို့ကဗျာကို အခြေခံ၍ လေ့လာတင်ပြထားသည့် စာတမ်းဖြစ်ပါသည်။ ဤစာတမ်းကို တင်သွင်းရာ၌ မုဒုလက္ခဏာ ပျို့၊ ဘလ္လာတိယပျို့၊ ဇနကပျို့(၃)စောင်ကို အလေ့လာခံအဖြစ် သတ်မှတ်ပါသည်။ ဥပမာ အလင်္ကာ၏ သဘောသဘာဝနှင့် စာဆို၏ ဥပမာအလင်္ကာဖွဲ့စပ်ဖန်တီးပုံတို့ကို ဖော်ထုတ် တင်ပြလိုသည့် ရည်ရွယ်ချက် ဖြစ်ပါသည်။ ဤစာတမ်းတွင် အခန်း(၁) တွင်းသင်းမင်းကြီး၏ အတ္ထုပ္ပတ္တိအကျဉ်း၊ အခန်း(၂) ဥပမာအလင်္ကာ၏ သဘောသဘာဝ၊ အခန်း (၃) တွင်းသင်း မင်းကြီးဦးထွန်းညို၏ပျို့များမှ ဥပမာအလင်္ကာများလေ့လာချက်ကို လေ့လာတင်ပြထားပါ သည်။ တွင်းသင်းမင်းကြီး၏ ဥပမာအလင်္ကာများသည် မြန်မာစာပေ၏တန်ဖိုးကို မြင့်မားစေသော ဖန်တီးမှုများဖြစ်ကြောင်း တွေ့ရပါ သည်။ ပျို့ကဗျာ လေ့လာလိုသူတို့အတွက် အကျိုး ကျေးဇူးများစွာ ရရှိနိုင်ပါသည်။

## နိဒါန်း

တွင်းသင်းမင်းကြီး ဦးထွန်းညိုသည် ကုန်းဘောင်ခေတ် သက္ကရာဇ် ၁၀၈၈ ခုနှစ်မှ ၁၁၆၈ ခုနှစ် အထိ အလောင်းမင်းတရားလက်ထက်မှ ဘိုးတော် ပဒုံမင်း လက်ထက်အထိ ထင်ရှားခဲ့သော စာပေ ပညာရှင်တစ်ဦး ဖြစ်ပါသည်။ မြန်မာစာပေတွင် စွယ်စုံရပုဂ္ဂိုလ်ကြီးဟု ဆိုရအောင်ပင် ပျို့၊ အလင်္ကာ၊ ရာဇဝင်၊ သတ်ပုံ၊ ဓမ္မသတ် ဆိုင်ရာတို့တွင် စံထားရသည့် စာပေတို့ကို ရေးသားပြုစုခဲ့သည်။ ဤစာတမ်းတွင် စာဆိုတွင်းသင်းမင်းကြီး၏ ပျို့များမှ ပျို့ (၃)စောင်ဖြစ်သည့် မုဒုလက္ခဏာပျို့၊ ဘလ္လာတိယပျို့၊ ဇနကပျို့ တို့ကို အလေ့လာခံအဖြစ် သတ်မှတ်ခဲ့ပါသည်။

တွင်းသင်းမင်းကြီးသည် မုဒုလက္ခဏာပျို့ကို သက္ကရာဇ် ၁၁၁၃ ခုနှစ်၊ ရှင်လင်္ကာသာရဘွဲ့မည်ခံ ရဟန်းဘဝ အသက် (၂၅)နှစ်အရွယ်တွင် ဖွဲ့ဆိုခဲ့ပါသည်။ လူခပ်သိမ်းတို့အား ကိလေသာ အပူမှ ငြိမ်းအေးစေလိုသော စေတနာရည်ရွယ်ချက်ဖြင့်

ဒေါက်တာ၊ ကထိက၊ မြန်မာစာဌာန၊ မုံရွာတက္ကသိုလ်

*. Best Paper Award Winning Paper in Zoology

ဖွဲ့ဆိုခဲ့ခြင်းဖြစ်ပါသည်။ ဘလ္လာတိယပျို့ကို သက္ကရာဇ် ၁၁၅၄ ခုနှစ်၊ အသက်(၆၆)နှစ်အရွယ်တွင် ဘိုးတော်ဘုရား၏သမီးတော် တောင်တွင်းမင်းသမီးဖြစ်သည့် အိမ်ရှေ့မိဖုရား သီရိတိလောက မဟာဘဒ္ဒါသုရတနာဒေဝီ၏ တိုက်တွန်း မိန့်ဆိုမှုကြောင့် ဖွဲ့ခဲ့ပါသည်။ အိမ်ရှေ့မင်းနှင့် မိဖုရားတို့ ပြန်လည်သင့်မြတ်ပြီး တိုင်းပြည်အကျိုးစီးပွားဆောင်ရွက်နိုင်ရန် ရည်ရွယ်ဖွဲ့ဆိုခဲ့သည်ဟု ဆိုနိုင်ပါသည်။ မဟာဇနကပျို့ကို သက္ကရာဇ် ၁၁၆၈ ခုနှစ် ၊အသက် (၈၀)နှစ်အရွယ်တွင် ဖွဲ့ဆိုခဲ့ပါသည်။ လောကီ လောကုတ္တရာအနှစ်သာရ တို့ကို လူအပေါင်းသိမြင်စေလိုသော ရည်ရွယ်ချက်ဖြင့် ဖွဲ့ဆိုခဲ့ပါသည်။ ဤပျို့ (၃)စောင်တွင် စာဆိုသည် သဒ္ဒါလင်္ကာရ၊ အတ္တာလင်္ကာရ တို့ကို ကျွမ်းကျင်လိမ္မာလှသည်ဖြစ်ရာ အလင်္ကာအဆင် တန်ဆာတို့ဖြင့် စီထားရအောင် ဖွဲ့ဆိုတန်ဆာဆင်ခဲ့ကြောင်း တွေ့ရပါသည်။ ထိုအလင်္ကာတန်ဆာ ဆင်မှုများမှ ဥပမာအလင်္ကာများကို ဤစာတမ်းတွင် လေ့လာ တင်ပြထားပါသည်။

## ၁။ တွင်းသင်းမင်းကြီး ဦးထွန်းညို၏ အတ္ထုပ္ပတ္တိအကျဉ်း

တွင်းသင်းတိုက်ဝန်မဟာစည်သူဘွဲ့ခံ တွင်းသင်းမင်းကြီး ဦးထွန်းညိုကို ညောင်ရမ်း ဆယ်ဆက်မြောက်၊ လောကမာရ်အောင်စေတီ ဒါယကာ တနင်္ဂနွေမင်း လက်ထက်[၁] မြန်မာသက္ကရာဇ် ၁၀၈၈ ခုနှစ်တွင် အလုံမြို့တော် ဗဒုံတိုက်တွင်ပါဝင်သည့် မောင်းထောင်ရွာ မီးလောင်ကုန်းအရပ်[၂] ၌ ဖွားမြင်ခဲ့ပါသည်။ ငယ်မည်မှာ မောင်ထွန်းညို ဖြစ်သည်။ မောင်ထွန်းညိုသည် ငယ်စဉ်အခါကပင် သာသနာ့ဘောင်သို့ ဝင်ရောက်ထမ်းရွက်ကာ စာပေပရိယတ္တိများကို ကြိုးစား သင်အံခဲ့လေသည်။[၃] ငယ်ဆရာ ညောင်ကန်ရွာ ရှင်ဣန္ဒောဘာသ[၄] ထံမှောက်တွင် စာပေကျမ်းဂန်များ လေ့လာသင်ကြား တတ်မြောက်ခဲ့သည်။

အင်းဝမြို့ လောကသရဖူဘုရားဒါယကာ ဟံသာဝတီရောက်မင်း လက်ထက်တွင် ရှင်လင်္ကာသာရဘွဲ့မည်သော ကျောင်းနေပုဂ္ဂိုလ်အဖြစ်ဖြင့် စာသင်သားတို့အား စာပေပို့ချနေရာ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းဂန်တို့ကို နိုင်နင်းလှသူ၊ လောကဓမ္မတို့၌ ကျေပွန်လှသူဟု ထင်ရှားခဲ့ကြောင်း မုဒုလက္ခဏာပျို့အဖြေစုံ နိဒါန်းတွင် ဖော်ပြထားပါသည်။ စာဆိုသည် ရဟန်းဘဝတွင် မနုဓမ္မသတ်ရွှေမျဉ်း လင်္ကာ၊

---

[၁] စန်းငွေ၊ ဦး(ဒဂုန်)၊ ၁၉၈၅၊ နိဒါန်း။

[၂] သုတ၊ မောင်၊ ၂၀၀၂၊ ၁၅၃။

[၃] နတ်ရှင်၊ ဒဂုန်၊ မ–၁၃၁၇၊ ၂၁၈။

[၄] တက္ကသိုလ်ကျောင်းသုံး မုဒုလက္ခဏာပျို့ အဖြေစုံ၊ ပထမတွဲ၊ ခုနှစ်မပါ၊ နိဒါန်း။

မနုဝဏ္ဏနာဓမ္မသတ်လင်္ကာ၊ တကျိပ်လျှော်သူတမ်းတို့ကို စပ်ဆိုသော ဓမ္မသတ်လင်္ကာ၊ ငရဲ့မင်းပျို့၊ မုဒုလက္ခဏာပျို့၊ မဟော်ကျေးစေခန်း၊ ဝိဘဇ္ဇပိတခွဲထားသတ်ပုံ သတ်ညွှန်း သစ်၊ အာနန္ဒာဝိုချင်းစသည်တို့ကို ရေးသားပြုစုခဲ့သည်။

သက္ကရာဇ် ၁၁၁၅ ခုနှစ်တွင် အလောင်းမင်းတရားကြီးသည် ရတနာသိင်္ဃ ကုန်းဘောင် မြို့တော်တွင် ကြငှန်းဖွင့်တော်မူသည့်အခါ လူထွက်ပြီး ဘုန်းတော် ရိပ်ကို ခိုလှုံသည်။ ထိုအခါ အလောင်းမင်းတရားကြီးက သားတော်ဗဒုံမင်းသားထံတွင် အကြီးတော်အရာဖြင့် ထမ်းရွက်စေ သည်။ ဆရာကြီးဦးထွန်းညိုဟု အမည်တွင်လာ သည်။ စာဆို၏ ဇနီးသည်မှာ မယ်ဘုံမြတ်ဖြစ်ပြီး သားတစ်ယောက် ထွန်းကားခဲ့သည် ဟု မောင်းထောင်ရပ်လုံး ဖော်ဦကာတွင် ဆိုခဲ့သည်။ သက္ကရာဇ် (၁၁၄၃)ခုနှစ်တွင် ဘိုးတော်ဘုရား အထွတ်အမြတ်ရောက်သောအခါ ဦးထွန်းညိုအား မဟာသင်္ချာဘွဲ့ ဖြင့် ကျီဝန်ခန့်ထား သူကောင်းပြုလေသည်။ ထိုအချိန်တွင် ဗဒုံမင်း လေ့ကျက်တော်မူ ရန် မဟာပရမ၊ သမ္ဘာရဖြင့်အစချီ၍ မနုရင်းဓမ္မသတ်လင်္ကာကို ရေးသားခဲ့သည်။ ပျို့များ၊ မော်ကွန်းများ၊ လူးတားများ၊ ရတုများကိုလည်း ရေးသား ခဲ့သည်။ မကြာမီ မဟာစည်သူဘွဲ့နှင့် တွင်းသွင်းတိုက်ဝန်ရာထူးကို ရရှိသည်။ ထိုအချိန်မှစ၍ "တွင်းသင်းမင်းကြီး" ဟုကျော်စောလာသည်။ မဟာစည်သူဘွဲ့ကို ချီးမြှင့်ခံရပြီးနောက် ဘိုးတော်ဗဒုံမင်းက ကျောက်စာတို့ကို ရှာဖွေစုဆောင်း၍ ယိုယွင်း ပျက်စီးပြီးသော ကျောက်စာတို့ကို အသစ်ပြင်ဆင် ထုလုပ်စိုက်ထူရာတွင် ဦးစီး ဆောင်ရွက်ရန် တာဝန်ပေးခြင်းခံရသည်။

ထို့နောက် ပုခန်းမင်းကြီးမရှိလျှင် ပုခန်းဝန်ကြီးနေရာ ယွန်းသုံးဆက်အိမ်၊ ပတ္တမြားသုံးရစ် စီတောင်ဝှေးကို သနားတော်မူခြင်း ခံရသည်။ အိုမင်းသောအခါ တံခါးနီအထိပေါင်းယာဉ်စီး၍ ဝင်ခွင့်ရသည့်တိုင် ချီးမြှင့်ခံခဲ့ရသည်။ ဉာဏာဘိဝံသဓမ္မသေနာပတိဘွဲ့ရ ပထမမောင်းထောင် သာသနာပိုင်ဆရာတော်လူထွက် မင်းတိုင်ပင် အမတ်ကြီး မဟာဓမ္မသင်္ကြံဘွဲ့ရ ပုဂ္ဂိုလ်ကြီးက တွင်းသင်းမင်းကြီးကား တော်တည့် မှန်ကန်သသူ၊ အမှုမဲ့စကားမပြောဆိုသသူ ဖြစ်သောကြောင့် အရုံအတင်ဂုဏ်းငြင်းဆိုမှု ကို သံဃာတော်တို့အား လျှောက်ထားရန် စစ်ကိုင်းမင်းတရားကြီးက စေခန့်တော်မူ ခဲ့သည်ဟု မိန့်ဆိုခဲ့ကြောင်း မှတ်သားရပါသည်။ ထိုသို့ "ရဟန်းသံဃာတော်များ အတွင်း အတင်ဂိုဏ်း၊ အရုံဂိုဏ်း ကွဲပြားနေမှု ကိုလည်း တွင်းသင်းမင်းကြီးက ပြေလည်အောင် ဖြေရှင်းပေးနိုင်ခဲ့သည်။"[၁]

---

[၁] သုတ၊ မောင်၊ ၂၀၀၂၊ ၁၉၂။

တွင်းသင်းမင်းကြီး ဦးထွန်းညိုသည် မိမိရပ်ရွာနေပြည်သူတို့ ကိုလည်း အကျိုးပြုခဲ့သော ပုဂ္ဂိုလ်ကြီးဖြစ်ပါသည်။ ဘလ္လာတိယပျို့ကို ရေးသားဆက်သွင်းသောကြောင့် အိမ်ရှေ့မိဖုရား သိရိတိလောကမဟာ ဘဒ္ဒာသုရတနာဒေဝီက ငွေအမြောက်အများ ချီးမြှင့်ခဲ့သည်။ "တွင်းသင်း မင်းကြီးသည် ထိုငွေကြေးတို့ဖြင့် မိမိမွေးရပ်မောင်းထောင်ရွာ၌ ဘလ္လာတိယရေကန်ကြီး တူးဖော်ခဲ့သည်။"[၁] တွင်းသင်းမင်းကြီးသည် အလောင်းဘုရားလက်ထက်မှ ဘိုးတော်ဘုရား လက်ထက်အထိ မင်းခြောက်ဆက်တိုင် အမှုထမ်းခဲ့သော ပညာရှိစာဆိုကြီး တစ်ဦးပင်ဖြစ်သည်။ လောက၊ ဓမ္မ၊ ရာဇရေးသုံးပါး ကျွမ်းကျင်နှံ့စပ်ပြီး စာပေအမျိုးအစား စုံလင်စွာရေးသားပြုစု ခဲ့ပါသည်။

မင်းမှုထမ်းဘဝဖြင့် တွင်းသင်းမင်းကြီး ပြုစုခဲ့သော စာစုများမှာ "မနုရင်းဓမ္မသတ် လင်္ကာ၊ မဟော်ကျေးစေခန်း၊ မဟော်ဥမင်ခန်း၊ ဇယဒိသပျို့၊ ဘလ္လာတိယပျို့၊ ဝိဓူရပျို့၊ ဝေဿန္တရာပျို့၊ မဟာဇနကပျို့၊ မဃ္ဃစိုးခန်းပျို့၊ သာဓိနပျို့၊ မင်္ဂလာအောင်ပွဲတော်ရဲရည်တက်မော်ကွန်း၊ အမရပူရ ရွှေနန်းတည်မော်ကွန်း၊ မင်းကွန်းဘွဲ့မော်ကွန်း၊ ပုဏ္ဏာရိကဆင်တော်မော်ကွန်း၊ ဝရသေတဂီရိ ဆင်တော်မော်ကွန်း၊ ရေသဘင်လူးတား၊ တက်ရေး ၃၇ချင်းလူးတား၊ ဘုန်းတော်ဘွဲ့ရတုများ၊ မိတ္တီလာကန်ဘွဲ့၊ ပိန်ညင်းဖိုအဖြေရတုစုံ၊ တောင်ပြုံးမင်းညီနောင် အမေးအဖြေရတု၊ ဓားစကြာဘွဲ့များ၊ တွင်းသင်းမဟာရာဇဝင်သစ်၊ ပေါရာဏကထာကျမ်း၊ အလောင်းမင်းတရား အရေးတော်ပုံ၊ အောင်မြေလောက စေတီတော်ကျောက်စာမှ စ၍ အရပ်ရပ်ဘုရားကျောင်း ကျောက်စာများ၊ ဂြဟစိန္တာ ကျမ်း၊ အယုစိန္တာဋီကာ၊ သရေညွှန့်ဖူး–ချီ မင်းနန်စည်ဧချင်း၊ ဘဒ္ဒကမ္ဘာ–ချီ မင်းနန်စည်ဧချင်း၊ ဆင်ဖြူရှင်မယ်ဧချင်း"[၂] တို့ဖြစ်ပါသည်။

စာဆိုအနိစ္စရောက်သော ခုနှစ်ကို စာဆို၏ နောက်ဆုံးလက်ရာဟု သတ်မှတ်ကြသော ဇနကပျို့နိဂုံးလာ "ထောင့်ရှစ်ဆယ့်နှစ်၊ ဖွားသည့်နှစ်မှ၊ အသစ်ပေါ်လာ၊ ထောင်ကသာရန်၊ တရာစွန်းပေါက်၊ ခြောက်ဆယ့်ရှစ်တိ၊ နှစ်ဝိသာခါ၊ သီတာမြစ်တွင်း၊ ရေလုံးလင်းမျှ၊ သစ်ဆင်း သဘင်၊ ရောက်ထင်ထွန်းပ၊ အဒြဟု၊ ကာလသဝဏ်၊ ဆယ်စီမန်သား၊ ဆဒ္ဒန်ရွယ်သစ်၊ ရောက် သည့်နှစ်"[၃] ဟူသော အဖွဲ့အရ ဇနကပျို့ပြီးဆုံးသော သက္ကရာဇ် ၁၁၆၈ ခုနှစ် နောက်ပိုင်းဟု ခန့်မှန်းကြပါသည်။ မောင်သုတက မင်းကွန်းစံနန်းတော်၌ ဆင်သိမ်းပွဲ အခမ်းအနားမှာ ရက်ရှည် ကြာကျင်းပရသောအခါ အသက်(၈၀) အရွယ်ရှိ တွင်းသင်းမင်းကြီးသည် အိုမင်းသော ရောဂါဖြင့်

[၁] မောင်းထောင်မှ ရဟန်းတစ်ပါး၊ မ–၁၃၁၃၊ ၁၅၃။
[၂] သုတ၊ မောင်၊ ၂၀၀၂၊ ၁၅၄။
[၃] တွင်းသင်းတိုက်ဝန်မဟာစည်သူ၊ ၁၉၅၉၊ ၁၅၇။

မင်းကွန်းဘက်၌ "ထိုနှစ်သို့မဟုတ် နောက်နှစ်ဦးတွင် အနိစ္စရောက်ရသည်"[၁] ဟု ခန့်မှန်းထားပါသည်။

## ၂။ ဥပမာအလင်္ကာ၏သဘောသဘာဝ

ဥပမာအလင်္ကာသည် တိုက်ရိုက်မဟုတ် သွယ်ဝိုက်၍ပြောဆိုသော ဝက်ဝုတ္တိ အလင်္ကာ ၃၅ မျိုးတွင် ပါဝင်သည့် အလင်္ကာအဆင်တန်ဆာ တစ်ရပ်ဖြစ်သည်။ ဥပမာ အလင်္ကာ၏ သဘောသဘာဝကို အလင်္ကာကျမ်းအသီးသီး၌ ပညာရှင်တို့ ဖွင့်ဆို ခဲ့ကြပါသည်။ အလင်္ကာနိသျှသစ်တွင်-

> "ဥပမာန ဥပမေယျနှစ်ပါးတို့၏ တူသောဂုဏ်၏ ဖြစ်ကြောင်း ဖြစ်သော သမ္ဗာန်သည် ဥပမာမည်၏။ ထို ဥပမာသည်လည်း သဒ္ဒါဖြင့်သိအပ်သော သဒ္ဒဂမ္မဥပမာ၊ အနက်ဖြင့် သိအပ်သော အတ္ထဂမ္မဥပမာ၊ ဝါကျအနက် လျှင်အရာရှိသော ဝါကျတ္ထဝိသယ ဥပမာဟူ၍ သုံးမျိုးပြား၏"[၂]

ဟူ၍ ပြဆိုခဲ့ပါသည်။ အနှိုင်း(ဥပမာန)နှင့် အနှိုင်းခံ(ဥပမေယျ)တို့၏ တူမျှသော ဂုဏ်ကို ပြဆိုနိုင်ပါက ဥပမာအလင်္ကာမြောက်ပါသည်။ ဥပမာအလင်္ကာ ဖန်တီးဖွဲ့ဆို တန်ဆာဆင်ရာတွင် သဒ္ဒါဖြင့် သိနိုင်သောဥပမာ၊ အနက်ဖြင့်သိနိုင်သော ဥပမာ၊ ဝါကျအနက်ဖြင့်သိနိုင်သော ဥပမာဟူ၍ (၃)မျိုး ကွဲပြားပါသည်။

ဥပမာအလင်္ကာဖန်တီးရာ၌ အဓိကအချက်မှာ မိမိဖွဲ့ဆိုလိုသော အကြောင်း အရာ၏ ဂုဏ်ကို ပို၍ ထင်ရှားထိမိပေါ်လွင်အောင် အခြားအကြောင်းအရာတစ်ရပ်၏ ဂုဏ်ဖြင့်ခိုင်းနှိုင်း ပြဆိုရခြင်း ဖြစ်ပါသည်။ အနှိုင်းပြုရမည့်အကြောင်းအရာ၏ဂုဏ်နှင့် အနှိုင်းခံပြုထားသည့် အကြောင်းအရာ၏ဂုဏ်သည် တူမျှသော ဂုဏ်ဖြစ်ရမည် ဖြစ် သည်။ 'သို့၊ ကဲ့သို့၊ ပမာ၊ နှယ်' စသည့် ဥပမာ ဖြစ်ကြောင်းထင်ရှားစေသည့် စကားလုံး (ဥပမာ ဇောတက)တို့ဖြင့် ဥပမာအလင်္ကာ မြောက်အောင် ဖွဲ့ဆိုနိုင် ပါသည်။

ပုဂံခေတ်မှစ၍ ခေတ်အဆက်ဆက်၌ ဖွဲ့ဆိုရေးသားခဲ့သော မြန်မာစာပေ အရေးအသားတွင် ဥပမာအလင်္ကာများဖြင့် စာပေ၏အနက်ကိုပို၍ ထင်ရှားပေါ်လွင် နှစ်သက်ဖွယ်ဖြစ်အောင် ဖန်တီး ဖွဲ့ဆိုခဲ့ကြကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။ အရေး ဘာသာစကားတွင်သာမက အပြောဘာသာ စကားတွင်လည်း မြန်မာလူမှုဘဝ

---

[၁] သုတ၊ မောင်၊ ၂၀၀၂၊ ၁၅၄။

[၂] စံကျောင်းဆရာတော်ဘုရားကြီး (အဂ္ဂမဟာပဏ္ဍိတ-)၊ ၁၉၅၆၊ ၂၆၉။

အသီးသီးတွင် ဥပမာအလင်္ကာအသုံးကို နေ့စဉ်အလွယ်တကူ ဖန်တီးပြောဆိုနိုင်ကြောင်းလည်းတွေ့ရပါသည်။ ဥပမာအားဖြင့် မိမိဘေးတွင် ဝေါကနဲဆိုင်ကယ်အမြန်ဖြတ်မောင်းသွားသည်ကို "အမလေးဟဲ့ ဂျက်လေယာဉ်မောင်းသလိုပဲ" ဟူ၍လည်းကောင်း၊ နှေးကွေးသောသူကို 'လာစမ်းပါဟဲ့ လိပ်လိုပဲ ငါနှော်နှေးလိုက်တာ' ဟူ၍လည်းကောင်း အလွန် အဆော့သန်သော၊ မိမိကိုသာတွယ်ကပ်နေသော ကလေးကို မိခင်က "အလုပ်တွေ မပြီးနိုင်တာ မပြောနဲ့ ဒီမျောက်ကလေးက ငါ့ကိုပက်ကျိလိုတွယ်ကပ်နေတာဟယ်" ဟူ၍ လည်းကောင်း၊ မာကျောသည့်သဘောကို 'အင်ဥကလေးနုမလားလို့ ဝယ်လာတာအေ ချက်လိုက်တော့ ရင့်လိုက်တာ ကျောက်ခဲဝါးရသလိုပဲဟယ်' ဟူ၍လည်းကောင်း စသည့်ဖြင့် အလင်္ကာဖွဲ့စပ်သည့် နည်းနာ ကျမ်းများကို ထိတွေ့ဖူးခြင်းမရှိဘဲ နေ့စဉ်အရပ်သုံးအပြောဘာသာစကားတွင်လည်း လူမှုဝန်းကျင်အလိုက် ဥပမာအလင်္ကာသုံးစကားတို့ နေ့စဉ်ပြောဆိုနေကြကြောင်း စိတ်ဝင်စားဖွယ်တွေ့ရပါသည်။ ဥပမာအလင်္ကာသဘောသည် မိမိပြဆို ပြောဆိုလိုသည့် အကြောင်း၏ဂုဏ်ကို တူသော ဂုဏ်ရှိသည့် အခြားအကြောင်းအရာတစ်ခုဖြင့် ခိုင်းနှိုင်းခြင်းဖြစ်ရာ၊ စာဖတ်သူ၊ ကြားသူကို ရှင်းလင်းစွာ ထင်ရှားထိမိစွာ သိမြင်သွားနိုင်သော သဘောရှိပါသည်။ လူမှုဘဝအသီးသီးရှိ နေ့စဉ်သုံးအပြောဘာသာစကားအထိ သုံးနှုန်းပြောဆိုကြခြင်းဖြစ်ပေသည်။ မိမိစိတ်ကူးဉာဏ် ရှိသည့်အတိုင်း နီးစပ်ရာပတ်ဝန်းကျင်ရှိ အရာဝတ္ထု၊ သတ္တဝါစသည့် ပုံပန်းသဏ္ဌာန် အမူအရာ အမျိုးမျိုးတို့ဖြင့် ဥပမာပြုကာ တန်ဆာဆင်ပြောဆိုကြသည်မှာ ဥပမာအလင်္ကာ၏ ပေါ်လွင် နှစ်သက်မှုဖြစ်စေသော အာနိသင်ကြောင့်ဖြစ်သည်မှာ ထင်ရှားပါသည်။

## ၃။ တွင်းသင်းမင်းကြီး ဦးထွန်းညို၏ ပျို့များမှ ဥပမာအလင်္ကာများလေ့လာချက်

တွင်းသင်းမင်းကြီး ဦးထွန်းညိုသည် မဒ္ဒလက္ခဏာပျို့၊ ဘလ္လာတိယပျို့နှင့် ဇနကပျို့တို့ကို ဖွဲ့ဆိုရာ၌ ဥပမာအလင်္ကာများစွာဖြင့် တန်ဆာဆင်ဖွဲ့ဆိုထားကြောင်း တွေ့ရပါသည်။ ဖွဲ့ဆိုသော ပျို့၏ဇာတ်လမ်း၊ ဇာတ်ကွက်၊ ဇာတ်ဆောင် စသည့် အကြောင်းအရာတို့ကို ပို၍ထူးခြားလေးနက် ပေါ်လွင်အောင် တန်ဆာဆင် ဖွဲ့ဆိုထားပါသည်။ ထိုသို့ တင်ပြလိုသောအကြောင်းအရာနှင့် လိုက်ဖက်စွာ ဖန်တီး ဖွဲ့ဆိုထားသော ဥပမာအလင်္ကာတို့ကို လေ့လာရာ၌ ဇာတကအဋ္ဌကထာလာ ဥပမာများကို အခြေခံ၍ ဖွဲ့ဆိုထားသော ဥပမာအလင်္ကာများ၊ ငါးရာ့ငါးဆယ်ဇာတ်တော်နှင့် ကျမ်းဂန်စာပေလာ ဥပမာများကို အခြေခံ၍ ဖွဲ့ဆိုသော ဥပမာအလင်္ကာများ၊ မျက်မြင်အကြောင်းအရာများကိုအခြေခံ၍ ဖွဲ့ဆိုထားသော ဥပမာအလင်္ကာများဟူ၍ ခွဲခြားလေ့လာ တင်ပြသွားမည်ဖြစ်ပါသည်။

## ၃.၁။ ဇာတကအဌကထာလာဥပမာများကိုအခြေခံ၍ ဖွဲ့ဆိုထားသော ဥပမာအလင်္ကာများ

ဇာတကအဌကထာလာ ဥပမာများကိုအခြေခံ၍ဖွဲ့ဆိုထားသော ဥပမာအလင်္ကာများကိုလေ့လာရာ၌ စာဆိုတွင်းသင်းမင်းကြီးသည် မုဒုလက္ခဏပျို့တွင် မူလအဌကထာလာဥပမာကို အခြေခံ၍ မွမ်းမံဖွဲ့ဆိုတန်ဆာဆင်ထားသော ဥပမာအလင်္ကာ တို့ဖြင့် ဖန်တီးဖွဲ့ဆိုထားကြောင်း တွေ့ရပါသည်။ မုဒုလက္ခဏဇာတကအဌကထာတွင် –

"ဝါသိယာ အာကောဋ္ဋိတ ခီရရက္ခောဝိယ အဟောသိ။"[၁]

"ပဲခွပ်ဖြင့် ခတ်အပ်သော အစေးရှိသော သစ်ပင်ကဲ့သို့ဖြစ်၏။"[၂]

ဟူ၍ပြဆိုထားပါသည်။ မြတ်စွာဘုရားလက်ထက်တွင် ရဟန်းတစ်ပါးသည် ဆွမ်းခံကြွစဉ် အဆင်းလှသော အမျိုးသမီးတစ်ဦးကို မြင်မိပြီး တပ်မက်စွဲလန်းသော စိတ်များ ပေါ်ပေါက်လာပုံကို ပဲခွပ်ဖြင့်ခတ်သဖြင့် သစ်စေးများ ပေါ်ပေါက်လာပုံနှင့် ခိုင်းနှိုင်း ဥပမာပြုထားခြင်းဖြစ်သည်။ ထိုမူရင်း ဥပမာကို စာဆိုတွင်းသင်းမင်းကြီးက ပျို့တွင်–

"ပဲခွပ်ခတ်သင့်၊ နို့ရည်ပွင့်သား၊ သစ်ပင့်အရောင်(ယောင်)၊ ဆင်ပြောင် မုန်အိုင်၊ ချွန်းမနိုင်သို့၊ တိမ်းယိုင်မူးဝေ၊ ဣန္ဒြေ လည်း၊ ပျက်လေရှင်းရှင်း၊ ခဏချင်းဖြင့်"[၃]

ဟူ၍ ဖွဲ့ဆိုမွမ်းမံဥပမာတန်ဆာဆင်ခဲ့ပါသည်။ တပ်မက်စွဲလန်းသော ကိလေသာစိတ်တို့ ထိန်းမရအောင် ပေါ်ပေါက်ပုံကို ပဲခွပ်နှင့်ခတ်သဖြင့် အစေးရှိသော သစ်ပင်မှ သစ်စေးတို့ ထိန်းမရအောင် ယိုစီးကျပုံဖြင့် ခိုင်းနှိုင်းဖွဲ့ဆိုထားပါသည်။ ဤဥပမာအလင်္ကာတန်ဆာဆင်မှု ကြောင့်ရဟန်းငယ်၏ ကိလေသာနှိပ်စက်မှုကြောင့် ဣန္ဒြေပျက်ယွင်းရသော ကိုယ်၊ စိတ် အမူအရာတို့ အထူးထင်ရှား စေပါသည်။ 'ပဲခွပ်ခတ်သင့်၊ နို့ရည်ပွင့်သား၊ သစ်ပင့်အရောင်(ယောင်)' ဟူသော ဥပမာကို ထပ်ဆင့်၍ စာဆိုတွင်းသင်းမင်းကြီးသည် 'ဆင်ပြောင်မုန်အိုင်၊ ချွန်းမနိုင်သို့" ဟူ၍ ဖန်တီးဖွဲ့ဆိုထားပါသည်။ ကိလေသာစိတ်ရိုင်းကြောင့် ရဟန်း၏ ကိုယ်၊ စိတ်၊ ဣန္ဒြေ မထိန်းနိုင်ဘဲ ရှိရပုံကို မုန်ပြင်းသောဆင်ကို ချွန်းဖြင့်ထိန်းမနိုင်ဖြစ်ရပုံနှင့် ထပ်ဆင့်တန်ဆာဆင်ခဲ့

---

[၁] ဗုဒ္ဓဃောသ၊ ရှင်မဟာ၊ ၁၉၅၉၊ ၃၂၀။
[၂] ညောင်ကန်ဆရာတော်ဘုရားကြီး၊ ၂၀၀၅၊ ၂၇၁။
[၃] ထွန်းညို၊ ဦး (တွင်းသင်းမင်းကြီး)၊ ၁၉၆၃၊ ၄။

သည်။ ကိလေသာ၏ နှိပ်စက်တတ်သောသဘောကို ထင်ရှားစွာတွေ့မြင်နိုင်သော ဥပမာအလင်္ကာကောင်းဖြစ်ပါသည်။

မုဒုလက္ခဏမိဖုရားကြီးထံ ဆွမ်းခံကြွစဉ် ဝိသဘာဂအာရုံကိုမြင်မိ၍ ဘုရားလောင်း ရသေ့ ဈာန်လျှောရပုံကို မုဒုလက္ခဏဇာတကအဋ္ဌကထာတွင်–

"ဆန္ဒပက္ခော၊ ကာကောဝိယံ အဟောသိ[၁]

အတောင်ပြတ်သော ကျီးကဲ့သို့ဖြစ်၏"[၂]

ဟူ၍ ပြဆိုထားပါသည်။ ဤဥပမာအလင်္ကာကို စာဆိုတွင်းသင်းမင်းကြီးသည် ပျို့၌–

"ရွှက်ညိုနွယ်ရှင်၊ အုပ်မွမ်းပင်ကို၊ သံရှင်နုတ်ချွတ်၊ ခုတ်က ပြတ်သို့ ဈာန်မြတ်ပျောက်ကွယ်၊ မှောက်ချင်းပြယ်၍၊ မိုးလယ် ပျံတတ်၊ ကျီးတောင်ပြတ်နှင့်၊ နှိုင်းခတ်မမှား၊ ရသေ့ဖျားသည်၊ ဘဝါးမြေပြင် နင်းနင်းတည်း"[၃]

ဟူ၍ ဖွဲ့ဆိုခဲ့ပါသည်။ 'ကျီးတောင်ပြတ်နှင့် နှိုင်းခတ်မမှား' ဟူသော အဖွဲ့သည် မူလဇာတက အဋ္ဌကထာလာ ဥပမာအလင်္ကာကို အနှစ်သာရမပျက် ပြန်လည် သုံးနှုန်း တန်ဆာဆင်ထားခြင်းဖြစ်သည်။ ထိုသို့ ဇာတကအဋ္ဌကထာလာဥပမာကို မူလအနှစ် သာရမပျက်အောင် ဇာတ်ကွက်အတိုင်း ပြန်လည်ထည့်သွင်းဖွဲ့ဆိုသည့်အပြင် ထပ်ဆင့် မွမ်းမံ၍ ဥပမာအလင်္ကာဖြင့် တန်ဆာဆင်ဖွဲ့ဆို ထားပါသည်။ အထက်ဖော်ပြပါ ဖွဲ့ဆိုမှုတွင် "ရွှက်ညိုနွယ်ရှင်၊ အုပ်မွမ်းပင်ကို၊ သံရှင်နုတ်ချွတ်၊ ခုတ်ကပြတ်သို့" ဟူ သော ဥပမာအဖွဲ့ဖြင့် တန်ဆာဆင်ထားသည်ကို တွေ့နိုင်သည်။ ရသေ့ကြီး ဈာန် ကွယ်ပျောက်၍ မြေပြင်သို့ သက်ဆင်းကြွသွားရပုံကို အတောင်ဖြန့်ကာ ကောင်းကင် ပျံသောကျီးသည် အတောင်ပြတ်၍ မြေမှာသက်ဆင်းရသကဲ့သို့၊ အထက်ကောင်းကင် သို့ လူးလွန့်တက်ကာ ကြီးထွားနေသော နွယ်ရှင်ပင်ကို သံဓားဖြင့်ခုတ်ဖြတ်ခံရသော အခါ မြေသို့ပြတ်၍ သက်ဆင်း ရသကဲ့သို့ဟူ၍ ဥပမာတန်ဆာဆင်ခဲ့သည်မှာ ဆိုလို သည်ကို ထင်ရှားစေပြီး နှစ်သက်ဖွယ်ဖြစ်စေသည်။ မူလအဋ္ဌကထာလာဥပမာကို သိလွယ်ထင်ရှားလွယ်သော အလားတူဥပမာဖြင့်တန်ဆာဆင် ထပ်ဆင့်ဖွဲ့ဆိုခဲ့သည့် စာဆို၏ ဥပမာအလင်္ကာ ဖန်တီးမှု စွမ်းရည်ပြည့်ဝပုံကို လေးစား အတုယူဖွယ် တွေ့မြင်ရပါသည်။

---

[၁] ဗုဒ္ဓဃောသ၊ ရှင်မဟာ၊ ၁၉၅၉၊ ၃၂၂။
[၂] ညောင်ကန်ဆရာတော်ဘုရားကြီး၊ ၂၀၀၅၊ ၂၇၄။
[၃] ထွန်းညို၊ ဦး(တွင်းသင်းမင်းကြီး)၊ ၁၉၆၃၊ ၃၈။

## ၃၊၂။ ငါးရာ့ငါးဆယ်ဇာတ်တော်နှင့် ကျမ်းဂန်စာပေလာ ဥပမာများကို အခြေခံ၍ ဖွဲ့ဆိုထားသော ဥပမာအလင်္ကာများ

ကျမ်းဂန်စာပေလာ ဥပမာများကို အခြေခံဖွဲ့ဆိုထားသော ဥပမာအလင်္ကာများ ဟုဆိုရာ၌ ငါးရာ့ငါးဆယ် ဇာတကဝတ္ထုများ ဘုရားဟော အခြားကျမ်းဂန်များလာ ဥပမာများကို အခြေခံ၍မွမ်းမံ ဖွဲ့ဆိုထားသောဥပမာအလင်္ကာများကို ဆိုလိုသည်။ စာဆိုတွင်းသင်း မင်းကြီးသည် ကျမ်းဂန်စာပေ အရပ်ရပ်ကို နှံ့စပ်ကျွမ်းကျင်လှသော ပညာရှိပုဂ္ဂိုလ်ဖြစ်ရာ မုဒုလက္ခဏာပျို့တွင် ငါးရာ့ငါးဆယ် ဇာတ်တော်လာ အကြောင်းအရာတို့ကို အကျဉ်းချုံး၍ ဥပမာအလင်္ကာအဖြစ် တန်ဆာဆင်ဖန်တီး ဖွဲ့ဆိုထားပါသည်။ မုဒုလက္ခဏာပျို့၌ ဖြဟ္မဒတ်မင်းကြီး၏ ဘုန်းတန်ခိုးကြီးမြတ်ပုံကို ဖွဲ့ဆိုရာတွင်–

> "ပတ္တမြားရောင်မောင်း၊ လိုဏ်ယံအောင်းသား၊ အပေါင်း များစွာ၊
> ဝက်တကာတို့၊ ကေသရာအား၊ ရွံ့ခန့်ညား၍၊ ညွန်သားအတိ၊
> လိမ်းကျံဘိလည်း၊ မဏိရောင်ဝေ၊ ပြောင်လေလေသို့" [၁]

ဟူ၍ ဖွဲ့ဆိုထားပါသည်။ ငါးရာ့ငါးဆယ်ဇာတ်တော်လာ "ဒုကနိပါတ်၊ ဥဒပါနဝဂ်၊ သာလူက ဇာတ်"ကို အကျဉ်းချုံး၍ ဥပမာအလင်္ကာအဖြစ်ဖန်တီးထားခြင်းဖြစ်ပါသည်။ ကေသရာဇာခြင်္သေ့ မင်းကိုကြောက်ရွံ့၍ ဝက်တို့သည် ပတ္တမြားဂူကို ညွန်တို့ဖြင့် ပွတ်လိမ်းကြသော်လည်း ပတ္တမြားဂူသည် အရောင်ပြောင်လက်သည်ထက် ပြောင်လက်လာသည်။ ထိုကဲ့သို့ပင် မင်းကြီး၏ ဘုန်းတော်ကို ညှိုးနွမ်းအောင် လုပ်ဆောင်မရပုံ၊ ဘုန်းတန်ခိုးတို့ ပို၍ ထင်ရှားကြီးမြတ်ရပုံကိုတို့ကို ဥပမာ ပြုဖွဲ့ဆိုထားသည်မှာ ဩဇာဂုဏ်မြောက်သော ဥပမာအလင်္ကာအဖွဲ့ကောင်းများဖြစ်ပေသည်။

ထို့ပြင် ဘုရားလောင်းရသေ့ချာန်လျောရပုံကို ဖွဲ့ဆိုရာတွင်–

> "ဥဒေါင်းရွှေဝါ၊ နှစ်ခြောက်ရာတိ၊ အာလယစက်၊ ငြိမ်းပြီးလျက်
> ကို နှစ်သက်နာဖွယ်၊ ဒေါင်းမငယ်၏၊ သံနွယ်လေးလေး၊ မြည်
> ကြွေးရာညိတ်၊ တပ်သည့်စိတ်ဖြင့်၊ ကြောင်းဟိတ်မကြံ၊ ပျံလတ်
> ခြေထ၊ ညွတ်တွင်းကျသို့" [၂]

ဟူ၍ ဥပမာအလင်္ကာဖြင့် တန်ဆာဆင်ဖွဲ့ဆိုခဲ့ပါသည်။ ငါးရာ့ငါးဆယ်ဇာတ်တော်ဖြစ်သည့် 'ပကိဏ္ဏကနိပါတ်၊ မဟာမောရဇာတ်ကို အကျဉ်းချုံး၍ ဥပမာအလင်္ကာ

[၁] ထွန်းညို၊ ဦး၊ (တွင်းသင်းမင်းကြီး)၊ ၁၉၆၃၊ ၅၀။
[၂] –ယင်း–၊ ၇၈။

အဖြစ်ဖန်တီး ဖွဲ့ဆိုထားခြင်း ဖြစ်ပေသည်။ ပရိတ်တော်တန်ခိုးဖြင့် မင်း (၆)ဆက်၊ နှစ်ပေါင်း (၆၀၀)တိုင် ဥဒေါင်းမင်းအား ဖမ်းရန် မတတ်နိုင်ဘဲ ဥဒေါင်းမနှင့်မျှားရာ ဥဒေါင်းမ၏အသံကို တပ်မက်သည့် စိတ်ကြောင့် ဘုရားလောင်းဥဒေါင်းမင်းသည် ညွတ်ကွင်းသို့ သက်ဆင်းရသည်နှင့် ဟရိတစရသေ့ကြီး စျာန်လျောရပုံကို ခိုင်းနှိုင်း ဥပမာပြုထားသည်မှာ ပေါ်လွင်လှပါသည်။

ခန္ဓာငါးပါးသည် ဖြစ်ပြီးပျက်တတ်သည့်သဘောရှိပြီး အနှစ်သာရမရှိပုံကို စာဆို တွင်းသင်းမင်းကြီးသည် မြတ်စွာဘုရားရှင်က ရဟန်းတို့ကို ဟောကြားတော်မူသည့် 'ခန္ဓဝဂ္ဂ၊ ခန္ဓ သံယုတ်၊ ပုပ္ဖဝဂ်၊ ဖေဏပိဏ္ဍူပမသုတ်' လာ ရေမြှုပ်၊ ရေပွက်၊ တံလှပ်၊ ငှက်ပျောတုံး၊ မျက်လှည့် ဥပမာကို အခြေခံကာ မုဒုလက္ခဏာပျို့တွင်–

> "ဖွေးဖွေးပတ်ချပ်၊ မှေးကာအုပ်သား၊ ရေမြှုပ်စမ်းထက်၊ ရေပွက်
> နှိုင်းအပ်၊ တံလှပ်တူမော၊ ငှက်ပျောတရှည့်၊ မျက်လှည့်ပမာ၊
> ကိုယ်ခန္ဓာကို ဆိုရာ မရှိ၊ ပျက်လွယ်ဘိ၏"[၁]

ဟူ၍ ဥပမာအလင်္ကာဖြင့် တန်ဆာဆင်ထားပါသည်။ အနှစ်သာရမရှိဘဲ အချည်းအနှီးသာဖြစ်သည့် ခန္ဓာငါးပါး၏အပြစ်တို့ကို တရားသဘောသံဝေဂရစေနိုင်သော ဥပမာအလင်္ကာ မွမ်းမံဖွဲ့ဆိုတန်ဆာဆင်မှုဖြစ်ပါသည်။ ခန္ဓာငါးပါးသည် အနှစ်သာရမရှိ၊ မတည်မြဲကြောင်းကို ရေမြှုပ်သည် အချိန် ခဏအတွင်း ပျက်စီးပုံ၊ ရေပွက်၊ တံလှပ်တို့ ခဏအတွင်း ပျက်စီးပုံ၊ ငှက်ပျောတုံးကို အဖတ်ခွာကြည့်လျှင် အနှစ်မရှိပုံ၊ မျက်လှည့်ပမာ အနှစ်မရှိပုံတို့ကို မြင်သိပြီး တရားသံဝေဂ ရစေနိုင်ပါသည်။

## ၃၊၃။ မျက်မြင်အကြောင်းအရာများကိုအခြေခံ၍ ဖွဲ့ဆိုထားသော ဥပမာအလင်္ကာများ

စာဆိုတွင်းသင်းမင်းကြီး ဦးထွန်းညို၏ မုဒုလက္ခဏာပျို့၊ ဘလ္လာတိယပျို့၊ ဇနကပျို့လာ ဥပမာအလင်္ကာ တန်ဆာဆင်ဖွဲ့ဆိုမှုတို့ကို လေ့လာရာ၌ စာဆိုသည် လူအများ မြင်လွယ် သိလွယ်သည့် မျက်မြင်ဥပမာများကို အများဆုံး ဖန်တီးဖွဲ့ဆိုခဲ့ကြောင်း တွေ့ရသည်။

ဘုန်းတန်ခိုးအာဏာကြီးမြတ်ပုံ၊ ကျက်သရေပြည့်စုံတင့်တယ်ပုံတို့ကို ပြဆိုရာ၌ နေရောင်၊ လရောင်၊ ကြယ်ရောင်၊ လျှပ်ရောင်၊ မီးလျှံစသည်တို့ဖြင့် ခိုင်းနှိုင်း ဖွဲ့ဆို

---

[၁] ထွန်းညို၊ ဦး၊ (တွင်းသင်းမင်းကြီး)၊ ၁၉၆၃၊ ၁၈။

လေ့ရှိပါသည်။ ဘလ္လာတိယပျို့၌ မြတ်စွာဘုရားရှင်ဂုဏ်တော်၊ အဆင်းတော်တို့ကို စာဆိုက–

"ဆီးနှင်းပေါက်ကြွေ၊ တက်သစ်နေသို့၊ ကျက်သရေလျှံရှိန်၊
တထိန်ထိန်နှင့်၊ အစိန္တေယျာ၊ ရှုသာတင့်တယ်၊ ရူပကာယ်တို့" [၁]

ဟူ၍ လည်းကောင်း၊

"ကြက်သရေလျှံရှိန်၊ တထိန်ထိန်နှင့်၊ အစိန္တေယျာ၊ ရှုသာတင့်
တယ်၊ ရူပကာယ်တို့၊ လနှယ်ရောင်လင်း၊ ပြောင်ပြောင်ဝင်း၍" [၂]

ဟူ၍လည်းကောင်း၊ ဥပမာအလင်္ကာတန်ဆာဆင် ဖွဲ့ဆိုထားပါသည်။ မြတ်စွာဘုရားရှင်သည် ကျက်သရေအပေါင်းတို့ဖြင့် ထွန်းလင်းတင့်တယ်ပုံကို နေမင်း၏ ထွန်းလင်းတင့်တယ်ပုံ၊ လရောင်၏အေးမြကြည်လင်လှပုံတို့နှင့် ခိုင်းနှိုင်းဥပမာပြုဖွဲ့ဆိုထားသည်မှာ သိလွယ်မြင်လွယ်သော ဥပမာအလင်္ကာဖြစ်ပြီး မြတ်စွာဘုရားရှင်၏ ကြည်ညိုဖွယ်ရုပ်အဆင်းတော် သပ္ပါယ်လှပုံကို ပေါ်လွင်စေသည်ကို တွေ့ရပါသည်။

ထို့ပြင် ကောသလမင်းကြီးနှင့် မလ္လိကာမိဖုရားတို့ ဘုန်းတန်ခိုး ကြီးပုံ၊ ကျက်သရေပြည့်စုံပုံကို ဖွဲ့ရာ၌လည်း လရောင်၊ မီးရောင်တို့နှင့် ခိုင်းနှိုင်း ဥပမာပြု ဖွဲ့ဆိုခဲ့ပါသည်။

ကောသလမင်းကြီးနှင့် မလ္လိကာမိဖုရား၏ ဂုဏ်ကျက်သရေကို ဘလ္လာတိယပျို့၌ –

"ကာသိကရာဇ်၊ ရှစ်မျက်နှာလုံး၊ ခန့်ချုံးပတ်လျှောက်၊ မီးနှယ်
တောက်မျှ၊ နှစ်ယောက်မပြု မင်းထီးမူသည်" [၃]

"သပြေတဝိုက်၊ မဇ္ဈေတိုက်ထက်၊ မှောင်မိုက်လင်းဝါ၊ ပြည့်ဝန်း
သာသို့" [၄]

ဟူ၍လည်းကောင်း၊

"မေတ္တာကပ်စွဲ၊ ရှေးချစ်မြဲထက်၊ ဆကဲထပ်ရစ်၊ ချစ်ဘိမူကား၊
လနှစ်ဆူသို့" [၅]

---

[၁] –ယင်း–၊ ၁၉၅၁၊ ၁၀၅။

[၂] –ယင်း–၊ ၅၁။

[၃] ထွန်းညို၊ ဦး၊ (တွင်းသင်းမင်းကြီး)၊ ၁၉၅၁၊ ၈။

[၄] –ယင်း–။

[၅] တွင်းသင်းတိုက်ဝန်မဟာစည်သူ၊ ၁၉၅၉၊ ၁၀၀။

ဟူ၍လည်းကောင်း၊

"ငါမင်းဖျားကို၊ နှစ်များမြင့်ကြွယ်၊ ရွှေနန်းလယ်နိုက်၊ လနှယ် ထွန်းလျှံ၊ စံစေသောဟု၊ သဘောကြည်ညို၊ ဆုယူဆို၏" [၁]

ဟူ၍လည်းကောင်းဖွဲ့ဆိုတန်ဆာဆင်ခဲ့ကြောင်းတွေ့နိုင်ပါသည်။ မင်းနှင့်မိဖုရားတို့၏ ဘုန်းတန်ခိုး၊ ကျက်သရေပြည့်စုံပုံကို မြင်သာသောဥပမာဖြစ်သည့် ကြည်လင်အေးမြသော လရောင်၏လင်းလက်သော အရောင်အဆင်းဖြင့် ခိုင်းနှိုင်းထားသည်မှာ ပေါ်လွင်၍ နှစ်သက်ဖွယ်ကောင်းသော ဥပမာ အလင်္ကာဖန်တီးမှုဖြစ်ပါသည်။

စာဆိုတွင်းသင်းမင်းကြီးသည် ဇနကပျို့တွင်လည်း မဏိမေခလာနတ်သမီး၏ နတ်ဝတ် တန်ဆာတို့ဖြင့် ရွှန်းလဲ့နေပုံကိုလည်း လျှပ်ရောင်၊ ကြယ်ရောင်တို့ဖြင့် ဥပမာအလင်္ကာပြု ဖွဲ့ဆို ခဲ့ပါသည်။

ဇနကပျို့ပိုဒ်ရေ (၂၈)တွင်–

"အစိုင်တခဲ၊ တိမ်ညိုထဲက၊ ရဲရဲပတ်ရစ်၊ မှောင်ထက်သစ်လွင် လျှပ်စစ် ခြည်ရောင်၊ လောင်လတ်သောသွင်" [၂]

ဟူ၍လည်းကောင်း၊

"မျက်ရှင်ပတ္တမြား၊ မြိတ်ဖါးဖါးနှင့်၊ ခါး၏ဆင်ရာ၊ အလင်္ကာ လည်း နဘာကာသ၊ မိုးဝဆိုက်ယူး၊ ယုဂန်ဦးက၊ သောက်ရှူး ထွန်းပြက် တက်လတ် သောယောင်" [၃]

ဟူ၍လည်းကောင်း ဖွဲ့ဆိုထားပါသည်။ အဆင်းရူပကာယ်၊ ဂုဏ်၊ အရည်အချင်း၊ ဘုန်းတန်ခိုး၊ နတ်တို့၏အဆင်း စသည့်အကြောင်းအရာတို့ကို မျက်မြင်ထင်ရှားသည့် အရောင်အဝါဖြင့် ဥပမာပြုကာ သုံးနှုန်း တန်ဆာဆင်ထားသည်မှာ လိုက်ဖက်လှပါ သည်။

စာဆိုတွင်းသင်းမင်းကြီး၏ ပျို့ (၃)စောင်တွင် ဖွဲ့ဆိုသောအကြောင်းအရာနှင့် လိုက်ဖက်စွာ မျက်မြင်ဥပမာများဖြစ်သည့် သတ္တဝါအမျိုးမျိုးတို့ဖြင့် ခိုင်းနှိုင်းဖော်ကျူး ထားသော ဥပမာအလင်္ကာ ဖန်တီးမှုတို့ကိုလည်း စိတ်ဝင်စားဖွယ် လေ့လာတွေ့ရှိရ ပါသည်။ မုဒုလက္ခဏာပျို့၌ ဘုရားရှင် လက်ထက်တွင် ရဟန်းငယ်တစ်ပါးသည်

---

[၁] –ယင်း–၊ ၁။
[၂] –ယင်း–၊ ၂၁။
[၃] –ယင်း–၊ ၂၇။

အဆင်းလှသော မာတုကာမတစ်ဦးကို စွဲလမ်းတပ်မက် သောစိတ်ကြောင့် ခံစားရပုံကို စာဆိုက–

> “မြားဆိပ်သင့်သား၊ သမင့်အဟန်၊ သူတော်မွန်လည်း၊ ငါးကြွန် အင်နှုန်း၊ ချစ်ခင်တုန်းတည့်၊ သွေးစုန်းပြာဖြူ၊ လှနတ်တူ ကြောင့်၊ သည်းအူမချိ၊ ပြတ်လိလိတည့်” [၁]

ဟူ၍ သည်းအူပြတ်မျှ ခံစားနေရသော ရဟန်းငယ်၏အသွင်ကို မြားဆိပ်သင့်သည့် သမင်ငယ် လူးလွန့်ခံစားနေရပုံနှင့် ဥပမာပြုထားသည်မှာ ပေါ်လွင်လှပေသည်။ ထို့အတူ ကိလေသာ နှိပ်စက်မှုကြောင့် ဟရိတစရသေ့ကြီးခံစားရပုံကိုလည်း–

> “တမ်းကာတမ်းကာ၊ လွမ်းမိုးရွာလျက်၊ ဥယျာဉ်ချက်တွင်၊ သံဟက်မျိုးမှား ငါးနှင့်တမျှ၊ ရှိချေရသည်။” [၂]

ဟူ၍ ဖွဲ့ဆိုတန်ဆာဆင်ခဲ့သည်။ ကိလေသာမီးလောင်မြိုက်မှုကြောင့် လူးလွန့်ခံစား နေရပုံကို ငါးမျှားချိတ်တွင် ငြိနေသောငါး၏ လူးလွန့်ခံစားနေရပုံနှင့် ခိုင်းနှိုင်း ဥပမာ ပြုထားသည်မှာ ကိလေသာ၏ နှိပ်စက်တတ်သောသဘောကို ထင်ရှားစွာ သိမြင်နိုင် ကြောင်းတွေ့ရပါသည်။

သတ္တဝါတို့ဖြင့်ခိုင်းနှိုင်းထားသော မျက်မြင်ဥပမာအလင်္ကာများမှာ ဇာတ်လမ်း၊ ဇာတ်ဆောင်စရိုက်တို့ကို ထင်ရှားစွာ ပေါ်လွင်စေကြောင်းတွေ့ရပါသည်။ ဘဒ္ဒာတိယ ပျို့တွင် ကောသလမင်းကြီး၏ မိဖုရားကြီး မလ္လိကာဒေဝီသည် မာန်မာနမောက်မာ ထောင်လွှားကြောင်းကို ဖော်ကျူးရာ၌ စာဆိုတွင်းသင်းမင်းကြီးသည်–

> “နှစ်ယောက်မတန်၊ ငါသာလွန်ဟု၊ မာန်တရှေးရှေးတသွေးသွေး နှင့် နွားချေးထက်ဝယ်၊ ဖားသူငယ်သို့” [၃]

ဟူ၍ ဥပမာအလင်္ကာတန်ဆာဆင်ဖွဲ့ဆိုခဲ့ပါသည်။ ပန်းသည်မဘဝမှ မိဖုရားဖြစ်လာပြီး မာန်မာန ထောင်လွှားနေသည်ကို နွားချေးထက်တွင်ရှိသော ဖားသူငယ်၏ မာန်မာန ထောင်လွှားနေပုံဖြင့် ခိုင်းနှိုင်းပြဆိုထားသည်။ မိဖုရားကြီး၏ မာန်မာန ထောင်လွှား သော စရိုက်ကို ထင်ရှားစေသည့် ဥပမာအဖွဲ့ကောင်းဖြစ်ပါသည်။

ထို့ပြင် ဘဒ္ဒာတိယပျို့တွင် ဘဒ္ဒာတိယမင်းကြီးသည် ထီးနန်းစည်းစိမ်ကို စွန့်ကာ မုဆိုးအဖြစ်မွေ့လျော်နေသည်မှာ မအပ်စပ်ကြောင်းဖွဲ့ဆိုရာ၌ စာဆိုက–

---

[၁] တွင်းသင်းတိုက်ဝန်မဟာစည်သူ၊ ၁၉၅၉၊ ၇။

[၂] –ယင်း–၊ ၄၄။

[၃] –ယင်း–၊ ၅။

"မုဆိုးကိုယ်ဝတ်၊ စုတ်ပြတ်တိမ်းပါး၊ ဘဝါးဘနောင့်၊ ဆူးငြောင့်
စူးရှ၊ မလှရုပ်ပြင်၊ ဆံမျှင်တွန့်ရှုပ်၊ ဦးထုပ်သင်တိုင်း၊ နီရောင်
မှိုင်းနှင့်၊ ကောက်လှိုင်း ဆင်ပြောင်၊ ခိုးသောယောင်သို့" [၁]

ဟူ၍ ဥပမာအလင်္ကာဖြင့်ဖွဲ့ဆိုခဲ့ပါသည်။ တိုင်းပြည်၏ အရှင်သခင်ဘုရင်မင်းတစ်ပါး ဖြစ်ပါလျက်နှင့် သမင်သားစားလို၍ ကိုယ်တိုင် တောလိုက်ရှာဖွေ စားသောက်နေသည်မှာ မအပ်စပ်ပုံကို ဆင်ပြောင်ကြီးဖြစ်ပါလျက်နှင့် အသေးအနုပ်ကောက်လှိုင်းခိုးသည်မှာ မအပ်စပ်လှပုံနှင့် ခိုင်းနှိုင်းထားပါသည်။ မိမိအခြေအနေနှင့် မအပ်စပ်သည်ကို မပြုသင့်ကြောင်း အများမြင်သာသည့် ဆင်ပြောင်ကြီး ကောက်လှိုင်းခိုးပုံနှင့် ခိုင်းနှိုင်းခဲ့သည်မှာ ပေါ်လွင်လှပါသည်။

ထို့ပြင် ဇနကပျို့တွင်လည်း စာဆိုတွင်းသင်းမင်းကြီးသည် သတ္တဝါတို့ဖြင့် ခိုင်းနှိုင်းထားသော မျက်မြင်ဥပမာများစွာဖြင့် တန်ဆာဆင်ဖွဲ့ဆိုထားကြောင်း လေ့လာတွေ့ရှိရပါသည်။ ဇနကပျို့ ပိုဒ်ရေ (၃၇)၌ မဏိမေခလာနတ်သမီးက ဇနကမင်းသားကို သမုဒ္ဒရာ၌ (၇)ရက်တိုင် မလျော့သော ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ကူးခတ်နေပုံမြင်သည်ကို စာဆိုက–

"ခြင်္သေ့သဏ္ဌာန်၊ စွမ်းအားအန်နှင့်၊ မြန်သန်ပေ့ပါး၊ ရေပေါ်ငါး
သို့" [၂]

ဟူ၍ ဥပမာအလင်္ကာတန်ဆာဆင်ဖွဲ့ဆိုခဲ့သည်။ ဇနကမင်းသား၏ အားအင်ကြီးမြတ်ပုံကို ခြင်္သေ့မင်းအားအင်ကဲ့သို့ ကြီးမားပုံ၊ သန်မာဖျတ်လတ်စွာ ကူးခတ်နိုင်ပုံတို့ကို ရေပေါ်ခုန်တက် ပျံနိုင်သောငါး၏ ဖျတ်လတ်ပေ့ပါးပုံတို့ဖြင့် ခိုင်းနှိုင်းထားသည်။ ပင်လယ်သမုဒ္ဒရာ၌ အင်အားကြီးစွာ မလျော့သောဇွဲဖြင့် ကူးခတ်နေသော ဇနကမင်းသား၏ အသွင်ကို မြင်ယောင်လာစေသည့် ဥပမာအလင်္ကာအဖွဲ့ကောင်း ဖြစ်ပါသည်။

ဇနကပျို့ပိုဒ်ရေ (၃၈)၌ ပင်လယ်သမုဒ္ဒရာတွင် ကူးခတ်နေခြင်းမှာ အချည်းအနှီးဖြစ်ကြောင်း မဏိမေခလာက ဇနကမင်းသားအား ပြောဆိုပုံဖွဲ့ရာတွင် စာဆိုတွင်းသင်းမင်းကြီးသည်–

"ပမာပုံပြင်၊ နှိုင်းသွေးဆင်သော်၊ ကောင်းကင်အထက်၊ နံ့စုတ်
ငှက်လျှင် ပျံတက်သောနှယ်" [၃]

---

[၁] ထွန်းညို၊ ဦး၊ တွင်းသင်းမင်းကြီး၊ ၁၉၅၁၊ ၅။
[၂] တွင်းသင်းတိုက်ဝန်မဟာစည်သူ၊ ၁၉၅၉၊ ၂၆။

ဟူ၍ ဖွဲ့ဆိုတန်ဆာဆင်ခဲ့ပါသည်။ ကျယ်ပြောလှသော အထက်ကောင်းကင်သို့ ရောက်ရန် နံ့ပြည်စုတ်ငှက်ငယ်သည် ပျံတက်သော်လည်း အားမတန်သဖြင့် အချည်းနှီး ဖြစ်ပုံဖြင့် ပမာပြုထားသည်။ မြင်သာထင်သာလှသော ဥပမာကောင်းဖြစ်ပါသည်။

စာဆိုတွင်းသင်းမင်းကြီး ဦးထွန်းညိုသည် မုဒုလက္ခဏာပျို့ဖွဲ့ရာတွင် ရှေးစာဆို တို့၏ အဖွဲ့အနွဲ့ကောင်းတို့ကို နည်းမှီလျက် ဥပမာအလင်္ကာအဖွဲ့ကောင်းများ ဖန်တီး ထားကြောင်းလည်း လေ့လာတွေ့ရှိရပါသည်။ မုဒုလက္ခဏာပျို့၌ ဘုရားရှင်လက်ထက် တွင် မိန်းမပျိုလေးတစ်ဦး၏ လှပသောအဆင်းကိုမြင်ကာ စွဲလမ်းတပ်မက်ကာ ခံစား နေရသော ရဟန်းတစ်ပါး၏ စိတ်ခံစားမှု ကိုဖွဲ့ရာ၌–

> "ငှက်ကဲ့အသွင်၊ ပျံလျှင်လေခတ်၊ ရောက်ဘိတတ်မူ၊ လွတ်လွတ်
> အင်ပြည့်၊ ဖူးချင်၍ရှင့်" [၂]

ဟူ၍ ဖွဲ့ဆိုခဲ့သည်။ ဤသို့ဖွဲ့စပ်ပုံမှာ ရတုစာဆိုရှင်သူရဲ၏–

> "လေယူကောင်းကင်၊ ငှက်နှယ်လျင်မူ၊ သခင်နေရာ၊ ရွှေပြည်သာ
> သို့၊ မကြာလျင်လှည့်၊ ပြန်ချင်၏ဟု" [၃]

ဟူသောအဖွဲ့၊ နဝဒေးကြီး၏ 'ညောင်းရွက်ရွှေဝါ' ချီစစ်ရတုမှ –

> "ငှက်တို့ဖြစ်လည်း၊ ခွေရစ်နွဲ့လျက်၊ လည်ချင်းရက်၍၊ ပျံတက်
> တူပင်၊ ပျော်သည်မြင်သော်၊ မရွှင်ဗျာပါ၊ ဆယ်ထပ် သာက၊
> ပမာငှက်သွင်၊ ပျံရောက်ချင်စွ" [၄]

ဟူသော အဖွဲ့တို့ကို နည်းမှီစံထားဖွဲ့ဆိုသော အလင်္ကာဖန်တီးမှုများဖြစ်သည်ဟု ယူဆ နိုင်ပါသည်။ ရှေးကစာဆိုတို့၏ အဖွဲ့ကောင်းများကို နှစ်သက်ဖွယ်ဖြစ်အောင် စံထား ဖွဲ့ဆိုထားသည်မှာလည်း စာဆိုတွင်းသင်းမင်းကြီး၏ စာပေကျွမ်းဂန်နှံ့စပ်မှုတို့ကို ပြဆိုနေပါသည်။

စာဆိုတွင်းသင်းမင်းကြီးဦးထွန်းညိုသည် အလွယ်တကူမြင်သာထင်သာသော အခြား မျက်မြင် ဥပမာအလင်္ကာများစွာကို အကြောင်းအရာနှင့်ဆီလျော်လိုက်ဖက်စွာ ဖွဲ့ဆိုထားပါသည်။

---

[၁] တွင်းသင်းတိုက်ဝန်မဟာစည်သူ၊ ၁၉၅၉၊ ၂၆။
[၂] –ယင်း–၊ ၆။
[၃] သူရဲ၊ ရှင်နှင့်အများ၊ ၁၉၆၆၊ ၁၅။
[၄] နဝဒေးကြီး၊ ၁၉၆၄၊ ၂၉၂။

မုဒုလက္ခဏာပျို့၌ ရဟန်းတစ်ပါးသည် ဘုရားရှင်ချမှတ်ထားသော ဝိနည်းသိက္ခာတို့ကို ထိန်းသိမ်းကာ ဣန္ဒြေတည်ငြိမ်စွာ ဆွမ်းခံကြွသည်ကို ဖွဲ့ရာ၌ စာဆိုသည်–

> "မျက်လွှာချမှိန်း၊ စောင့်ထိန်းဣန္ဒြေ၊ တည်နေမြဲချုပ်၊ ရေရုံ
> လုပ်သို့" [၁]

ဟူ၍ ရေရုံထားသူကဲ့သို့ ဥပမာပြုဖွဲ့ဆိုထားသည်။ ဘုရားအလောင်းရသေ့အား ကိလေသာက ပြင်းထန်စွာ နှိပ်စက်ပုံကို –

> "ကိလေသာလုံမ၊ သည်းအူစဝယ်၊ ဆွဘိသောဟန်" [၂]

ဟူ၍ ကိလေသာတည်းဟူသော လုံဖြင့်အသည်းအူကိုဆွသည်နှင့် ခိုင်းနှိုင်းဥပမာတန်ဆာဆင်ခဲ့သည်။ ရူပကအလင်္ကာ၊ ဥပမာအလင်္ကာအဆင်တန်ဆာ ကျွမ်းကျင်လှသည့် စာဆို၏ပညာဂုဏ်ကို တွေ့နိုင်ပါသည်။

မုဒုလက္ခဏာမိဖုရားကို တပ်မက်သောစိတ်ကြောင့် ရသေ့ကြီး၏စိတ် မတည်ငြိမ်ဖြစ်ရပုံကို–

> "ရစ်ဝေ့လေချောက်၊ စေတီမှောက်တွင်၊ စိုက်ဆောက် ထောင်
> လွှား၊ တံခွန်လားသို့" [၃]

ဟူ၍ ဥပမာပြုဖွဲ့ဆိုခဲ့ပါသည်။ လေဝေ့တိုက်နေသော စေတီတွင် ထောင်လွှားထားသော တံခွန်၏ မတည်မငြိမ်ရှိပုံနှင့် ဥပမာဖန်တီးခိုင်းနှိုင်းထားသည်မှာ သိလွယ်၍ နှစ်သက်ဖွယ်ဖြစ်စေပါသည်။

ဘလ္လာတိယပျို့၌လည်း ဘလ္လတိယမင်းကြီးသည် ကုသိုလ်ကောင်းမှုပြုကာ စိတ်နှလုံး ဖြူစင်နေပုံကို စာဆိုက–

> "ပေးလှူဒါနှင့်၊ ဆယ်ဖြာကုသိုလ်၊ ဗြဟ္မစိုရ်လည်း၊ မယိုမယွင်း၊
>
> နှလုံးသွင်းငယ်၊ ဝင်းဝင်းဖြူစင်၊ ကြည်လင်လှပ်လှပ်၊ ကဝါထပ်
> သို့" [၄]

---

၁ ထွန်းညို၊ ဦး (တွင်းသင်းမင်းကြီး)၊ ၁၉၆၃၊ ၃။

၂ –ယင်း–၊ ၅၂။

၃ –ယင်း–၊ ၁၉၆၃၊ ၅၅။

၄ –ယင်း–၊ ၉၂။

ဟူ၍ ဖွဲ့ဆိုခဲ့ပါသည်။ အဝတ်ကိုအထပ်ထပ်ခဝါချသဖြင့် ဖြူစင်ပုံနှင့်နှိုင်းထားသည်မှာ လူတိုင်း သိလွယ်မြင်လွယ်စေသည့် မျက်မြင်ဥပမာဖန်တီးမှုဖြစ်ပါသည်။

ဇနကပျို့တွင်လည်း စာဆိုတွင်းသင်းမင်းကြီးသည် ပေါလဇနက အိမ်ရှေ့မင်းသား၏ စစ်သည်တို့သည် ရန်သူကိုမြင်လျှင် မရွံ့ဘဲ တိုက်ခိုက် အနိုင်ယူရန် စိတ်အားမာန်တို့ ရှိပုံကို ဖွဲ့ဆိုရာ၌–

"ချဉ်သီးမြင်သော်၊ ပါးပြင်စက်စို၊ လျှာရည်ယိုသို့" [၁]

ဟူ၍ ဖွဲ့ဆိုထားသည်။ ချဉ်သီးမြင်သော် စားလိုစိတ်များဖြစ်ကာ လျှာရည်ယိုရပုံ မြင်သာသော လူတိုင်းသိလွယ်သောဥပမာအလင်္ကာဖြင့် ဖန်တီးထားသည်မှာ ဆိုလိုသည်ကို ပေါ်လွင်စေပါသည်။

## ခြုံငုံသုံးသပ်ချက်

စာဆိုတွင်းသင်းမင်းကြီး ဦးထွန်းညိုသည် သဒ္ဒါလင်္ကာရ၊ အတ္ထာလင်္ကာရ အလင်္ကာဖန်တီးရာ၌ ကျွမ်းကျင်ပိုင်နိုင်လှသော ပညာရှိစာဆိုတစ်ဦးဖြစ်သည်။ ပျို့ (၃)စောင်မှ ဥပမာအလင်္ကာများကို လေ့လာရာ၌ စာဆိုတွင်းသင်းမင်းကြီးဦးထွန်းညို၏ အလင်္ကာဖန်တီးမှုစွမ်းရည်ကို အတုယူဖွယ် တွေ့ရပါသည်။ စာဆို တွင်းသင်းမင်းကြီးသည် ဘုရားဟော ငါးရာ့ငါးဆယ်ဇာတ်တော်များကို ပျို့ အသွင်ဖွဲ့ဆိုရာ၌ မူလအဋ္ဌကထာ၌ ပါရှိသော ဥပမာအလင်္ကာတို့ကို မူလအနှစ်သာရမပျက် ပို၍ နှစ်သက်ဖွယ်ဖြစ်အောင် ထပ်မံမွမ်းမံ၍ ထည့်သွင်းဖွဲ့ဆိုခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့ပြင် ငါးရာ့ငါးဆယ်ဇာတ်တော်များကို ဇာတ်လမ်း၊ ဇာတ်ကွက်နှင့် ဆီလျော်အောင် အကျဉ်းချုံး ၍ ဥပမာအလင်္ကာအဖြစ် ဖန်တီးဖွဲ့ဆိုထားသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။ ဘုရားဟော အခြားကျမ်းဂန်လာ ဥပမာအများကို ဥပမာအလင်္ကာအဖြစ် ပြန်လည်မွမ်းမံ တန်ဆာဆင်ထားသည် ကိုလည်း တွေ့ရှိရပါသည်။ ဤသည်မှာ စာဆိုတွင်းသင်းမင်းကြီး၏ စာပေနှံ့စပ်ကျွမ်းကျင်မှု၊ မူလအနှစ်သာရမပျက်စေဘဲ နှစ်သက်ဖွယ်အလင်္ကာဖန်တီးနိုင်မှု၊ အနှစ်ချုပ်စွမ်းရည်ပိုင်နိုင်မှု၊ စိတ် ကူးဉာဏ်ကောင်းမွန်မှု ဟူသော ပညာရည်တို့ကို လေးစားဖွယ်၊ အတုယူဖွယ် တွေ့မြင်ရပါသည်။ တနည်းအားဖြင့် မြန်မာစာပေ၏ အနှစ်သာရတို့ကို မြတ်နိုးဖွယ်တွေ့မြင်ရခြင်းဖြစ်ပါသည်။ စာဆို တွင်းသင်းမင်းကြီးသည် ပျို့(၃)စောင်ကို မျက်မြင်ဥပမာများဖြင့် အများဆုံး

---

[၁] တွင်းသင်းတိုက်ဝန်မဟာစည်သူ၊ ၁၉၅၉၊ ၆။

ဖန်တီး ရေးဖွဲ့ထားကြောင်း လေ့လာတွေ့ရှိရပါသည်။ မျက်မြင်ဥပမာများ အများဆုံး ထည့်သွင်းဖွဲ့ဆိုထားခြင်းဖြင့် ဆိုလိုချင်သောအကြောင်းအရာကို ပို၍ပေါ်လွင်စေသည်။ စာဖတ်သူများကိုလည်း လွယ်လွယ်ကူကူဖြင့် နားလည်စေနိုင်သည်။ စာဆို တွင်းသင်း မင်းကြီး၏ ဥပမာအလင်္ကာဖွဲ့နွဲ့မှု စွမ်းရည်တစ်ရပ်ဟု ဆိုရမည်ဖြစ်ပေသည်။

## နိဂုံး

စာဆိုတွင်းသင်းမင်းကြီး ဦးထွန်းညို၏ ဥပမာအလင်္ကာတန်ဆာဆင်မှုများမှာ လေးစား အတုယူဖွယ် မြန်မာစာပေ၏ အနှစ်သာရတန်ဖိုးများပင် ဖြစ်ပါသည်။ စာဆို၏ စာဖွဲ့စွမ်းရည်ပညာဂုဏ် တို့ကို မြတ်နိုးတန်ဖိုးထား၍ ဆက်လက်သုတေသနပြုရန် များစွာကျန်ရှိပါသည်။

## ကျမ်းကိုးစာရင်း


စံကျောင်းဆရာတော်ဘုရားကြီး(အဂ္ဂမဟာပဏ္ဍိတ)။ (၁၉၅၆)။ ***အလင်္ကာနိသျသစ်***။ ရန်ကုန်၊ သုဓမ္မဝတီ စာပုံနှိပ်တိုက်။

စန်းငွေ၊ ဦး (ဒဂုန်)။ (၁၉၈၁)။ ***ဘလ္လာတိယပျို့အဖွင့်***။ ရန်ကုန်၊ စပယ်ဦးပုံနှိပ်တိုက်။

ညောင်ကန်ဆရာတော်ဘုရားကြီး။ (၂၀၀၅)။ ***ငါးရာငါးဆယ်ဇာတ်ဝတ္ထု(ပထမတွဲ)***။ ရန်ကုန်၊ သိန်းထွန်းပုံနှိပ်တိုက်။

***တက္ကသိုလ်ကျောင်းသုံး မုဒုလက္ခဏာပျို့အဖြေစုံ(ပထမတွဲ)***။ (ခုနှစ်မပါ)။ ရန်ကုန်၊ ဇွဲစာပေရိပ်မြုံ။

တွင်းသင်းတိုက်ဝန်မဟာစည်သူ။ (၁၉၅၉)။ ***မဟာဇနကပျို့***။ မန္တလေး၊ မြဖော်ပုံနှိပ်တိုက်။

ထွန်းညို၊ ဦး (တွင်းသင်းမင်းကြီး)။ (၁၉၅၁)။ ***ဘလ္လာတိယပျို့***။ ရန်ကုန်၊ ပြည်ကြီးမဏ္ဍိုင်ပုံနှိပ်တိုက်။

ထွန်းညို၊ ဦး (တွင်းသင်းမင်းကြီး)။ (၁၉၆၃)။ ***မုဒုလက္ခဏာပျို့***။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

နဝဒေး။ (၁၉၆၄)။ ***နဝဒေးရတုပေါင်းချုပ်***။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

နတ်ရှင်၊ ဒဂုန်။ (မ-၁၃၁၇)။ ***မြန်မာစာပြုစာဆိုပုဂ္ဂိုလ်ကျော်များအတ္ထုပ္ပတ္တိပေါင်းချုပ်***။ ရန်ကုန်၊ မခင်ရီစာအုပ်တိုက်။

ဗုဒ္ဓဃောသ၊ ရှင်မဟာ။ (၁၉၅၉)။ ***ဇာတကဌကထာ၊ ပဥ္စမောဘာဂေါ***။ ရန်ကုန်၊ သာသနာရေး ဦးစီး ဌာနပုံနှိပ်တိုက်။

မောင်းထောင်မှ ရဟန်းတစ်ပါး။ (မ-၁၃၁၃)။ ***မောင်းထောင်ရုပ်လုံးဖော်ဋီကာ***။ မန္တလေး၊ သုခဝတီ ပုံနှိပ်တိုက်။

သုတ၊ မောင်။ (၂၀၀၂)။ ***စာဆိုတော်များအတ္ထုပ္ပတ္တိ(ပဥ္စမ-ကြိမ်)***။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

သူရဲ၊ ရှင်နှင့်အများ။ (၁၉၆၆)။ ***ရတုပေါင်းချုပ်***။ ရန်ကုန်၊ ပြည်ကြီးမဏ္ဍိုင်ပုံနှိပ်တိုက်။

# မောင်သော်က၏ သရော်စာများ

သန်းဝင်း*

## စာတမ်းအကျဉ်း

မောင်သော်ကသည် သရော်စာများစွာ ရေးခဲ့သူဖြစ်သည်။ ဤစာတမ်းတွင် သရော်စာ၏သဘောနှင့် မောင်သော်က၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စာပေအနုပညာ သရော်စာများ၌ ခေတ်သရုပ်ကို ထင်ဟပ် နိုင်ပုံ၊ လူ့သဘာဝ အဖြစ်သနစ် များကို ပီပြင် ပေါ်လွင်အောင် ထေ့ငေါ့ သရော်နိုင်ပုံ၊ အရေးအသား ထိမိပြောင်မြောက်ပုံ တို့ကို သုံးသပ် လေ့လာ တင်ပြပါမည်။ မောင်သော်က၏ သရော်စာ အရေးအသား စွမ်းရည်ကို ဖော်ထုတ်ရန် ရည်ရွယ်ပါသည်။

**သော့ချက်ဝေါဟာရများ** – သရော်စာ၊ စကားအသုံးအနှုန်း၊ အဆက်အစပ်၊ အဆင်တန်ဆာ၊ လေသံ။

## နိဒါန်း

ဆရာမောင်သော်က (၁၉၂၈–၁၉၉၁)သည် စာပေနယ်တွင် ထင်ရှားသူဖြစ်သည်။ ပထမဆုံးစာမူပုံနှိပ် ဖော်ပြခံရသည့် ၁၉၄၉ မှ အထိန်းသိမ်းခံရသည့် ၁၉၈၉ အထိ စာပေသက်တမ်းတစ်လျှောက် နှစ်ပေါင်း လေးဆယ်အတွင်း ဘာသာပြန်နှင့် ပင်ကိုရေးစာပေများ ရေးသားခဲ့သည်။ စာနယ်ဇင်းမီဒီယာတွင် လူထုပရိသတ် အကျယ်ပြန့်ဆုံးဖြစ်သည့် သတင်းစာများ၌ သရော်စာဆောင်ပါးများစွာ ရေးသည်။ သူ၏ စာပေလက်ရာများတွင် 'သရော်စာ' မှာ လူသိများသည်။ ကျော်ကြားသည်။ ဤစာတမ်းတွင် မောင်သော်က၏ သရော်စာပေါင်းချုပ်ဖြစ်သည့် 'ပို့သခဲ့သော မေတ္တာများ' နှင့် 'မောင်သော်က၏ ညနေခင်းများ' စာအုပ်ပါ သရော်စာများကို အလေ့လာခံပြုပါသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စာပေအနုပညာ သရော်စာ များကို စုဖွဲ့ကာ အချို့ကို သာဓကဆောင်၍ တင်ပြပါသည်။ သရော်စာအရေးအသားထိမိပြောင်မြောက်ပုံကိုလည်း သုံးသပ်ဖော်ပြပါသည်။ မောင်သော်က၏ သရော်စာအရေးအသားစွမ်းရည်ကို ဖော်ထုတ်ရန် ရည်ရွယ်ပါသည်။

## ၁။ မောင်သော်က၏ အတ္ထုပ္ပတ္တိအကျဉ်း

ရွှေဘိုမြို့ဇာတိဖြစ်သည်။ ၁၉၂၈ ခု ဧပြီ ၁၆ ရက်တွင်ဖွားမြင်သည်။ အဖ ဦးမှန်ကြီး၊ အမိဒေါ်မြိုင်တို့၏ သားဖြစ်သည်။ အမည်ရင်း ဦးဘသော် ဖြစ်သည်။

ရွှေဘိုမြို့ အမျိုးသားအထက်တန်းကျောင်း၊ အစိုးရတန်းမြင့်ကျောင်းတို့တွင် ပညာသင်သည်။ ၁၉၄၇ တွင် တက္ကသိုလ်ဝင်တန်းအောင်သည်။ ထိုနှစ်တွင်ပင် တပ်မတော်ရေတပ်သို့ သာမန်တပ်သားအဖြစ် ဝင်သည်။ ထို့နောက်ဗိုလ်အဖြစ် အရွေးခံရပြီး အရာရှိ ဖြစ်လာသည်။ ၁၉၅၆ စက်တင်ဘာတွင် တိုက်ရေယာဉ် ၁၀၃ ၏ ဦးစီးမှူး (စစ်ရေယာဉ်မှူး) အဖြစ် ခန့်အပ်ခံရသည်။ တိုက်ရေယာဉ် ၁၀၃ ၏ ပထမဆုံး ပင်လယ်ခရီးအဖြစ် မြိတ်မြို့သို့သွားရာ တနင်္သာရီကမ်းရိုးတန်း၊ လောင်းလုံကျွန်းစု၏ အနောက်ဘက်မိုင် ၂၀ ခန့်အကွာတွင် မမျှော်လင့်သော မုန်တိုင်းဒဏ်ကြောင့် နစ်မြုပ်သည်။ အသက်ကယ်ဖောင်နှင့် အတူပင်လယ်ပြင်တွင် ၁၃ ရက်တိတိ မျောပါခဲ့သည်။ အီစန်မာရူးအမည်ရှိ ဂျပန်သင်္ဘောတစ်စင်းက တွေ့ရှိ ကယ်တင်သောကြောင့် အသက်ဘေးမှ လွတ်ခဲ့သည်။ ထိုမှစ၍ ကျန်းမာရေးယိုယွင်းခဲ့ရာ ၁၉၆၉ တွင် ဗိုလ်မှူးအဆင့်ဖြင့် မကျန်းမာမှု ပင်စင်တင်ကာ တပ်မတော် (ရေ)မှ အငြိမ်းစားယူသည်။

၁၉၆၉ မှ ၁၉၇၇ အထိ ပြန်ကြားရေးဝန်ကြီးဌာနက မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့်ထုတ်သည့် ရှေ့သို့နှင့် Forward စာစောင်များတွင် အယ်ဒီတာချုပ်တာဝန်ထမ်းဆောင်သည်။ ၁၉၇၇ တွင် အယ်ဒီတာ ချုပ်အဖြစ်မှ အငြိမ်းစားယူသည်။ အငြိမ်းစားယူပြီးနောက် မြန်မာလူငယ်များ ပင်လယ်ပြင်စိုးမိုးရေး ရည်ရွယ်ချက်ဖြင့် နိုင်ငံခြားသွားသင်္ဘောသားများအတွက် ရေကြောင်းသိပ္ပံအတတ်ပညာနှင့် အင်္ဂလိပ်စကား၊ စာသင်တန်းများ သင်ကြားပို့ချသည်။

၁၉၈၈တွင် ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီး ပေါ်ပေါက်လာရာ ရှေ့တန်းမှ ပါဝင်သည်။ စာနယ်ဇင်းသမဂ္ဂ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည်။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် စတင်ဖွဲ့စည်းရာတွင် ဦးဆောင်ပါဝင်သည်။ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်ဖြစ်သည်။ NLD ပါတီစတင်ဖွဲ့စည်း ဦးဆောင်သူ (C.E.O) ဖြစ်သည်။ ၁၉၈၉ တွင် အလုပ်ကြမ်းနှင့် ထောင်ဒဏ် အနှစ် ၂၀ ချမှတ်ခံရသည်။ အသက် ၆၂ နှစ်အရွယ် ၁၉၉၁ ခု ဇွန် ၁၁ ရက်တွင် ကွယ်လွန်သည်။[၁]

## ၁.၁။ စာပေဘဝနှင့် စာပေလက်ရာများ

၁၉၄၉တွင် ပဒေသာမဂ္ဂဇင်း၌ ရွှေကျောက်ဆူး ကလောင်အမည်ဖြင့် ဝတ္ထုတို စတင်ဖော်ပြခံရသည်။ ဗိုလ်ဘသော် (ရေတပ်) အမည်ဖြင့် ရေကြောင်းစွန့်စားခန်းဝတ္ထု၊ ဆောင်းပါးများရေးသည်။ မောင်သော်က ကလောင်အမည်ကို ၁၉၅၆ ဩဂုတ်လထုတ် မြဝတီမဂ္ဂဇင်းပါ 'အဏ္ဏဝါပြင်' ဆောင်းပါး၌ စတင်အသုံးပြုသည်။

---

[၁] စိုးညွန့်၊ ဦး(ရာပြည့်–)၊ ၂၀၁၄၊ ၁၅၂။

စစ်နှလုံးဂျာနယ်၊ ပဒေသာ၊ မြဝတီ၊ ငွေတာရီ၊ နဝဒေးမဂ္ဂဇင်းများ၌ ဝတ္ထု၊ ဆောင်းပါးများရေးသည်။ ဘာသာပြန်များလည်းရေးသည်။ လုပ်သားပြည်သူ့နေ့စဉ်၊ ကြေးမုံ၊ ဟံသာဝတီသတင်းစာများ၊ သောင်းပြောင်းထွေလာရယ်စရာ၊ ပန်၊ ပေဖူးလွှာ မဂ္ဂဇင်းများ၌ သရော်စာဆောင်းပါးများရေးသည်။

၁၉၇၇ တွင် စာပေဗိမာန်က ကျင်းပသည့် သုတစာပေ စာတမ်းဖတ်ပွဲ၌ 'နိုင်ငံခြားကလေးလူငယ် သုတစာပေစာတမ်း' တင်သွင်းဖတ်ကြားသည်။

ရတနာသိုက်မြေ (၁၉၆၁)၊ ရေကြောင်းတိုက်ပွဲ အမှတ် ၁၊ အမှတ် ၂၊ ဖြတ်လမ်းမဟုတ် (၁၉၆၁)၊ ဂျယ်နီဂုါတို့ ဤကမ္ဘာ (၁၉၆၁)၊ သန္နိဋ္ဌာန် ကျွန်းပေါ်မှ ရဲဘော်မောင်ညို၊ ရှုတ်စပီးယား၏ လက်ရွေးစင် ဇွန်းနက်ကဗျာများ (၁၉၇၄)၊ ပို့သခဲ့သော မေတ္တာများ (၁၉၇၄)၊ နှစ်သုံးရာမှ ပဲတင်သံ အသံလှိုင်းကဗျာများ (၁၉၈၀)၊ နှစ်သစ်ကူး ချစ်ဦးလက်ဆောင် အသံလှိုင်းကဗျာများ (၁၉၈၂)၊ တိုက်ရေယာဉ် ၁၀၃ (၁၉၈၇)၊ ကဗျာ့ဘူကေး (၁၉၉၈)၊ မောင်သော်က၏ ညနေခင်းများ (၂၀၁၁) တို့ကို ရေးသားခဲ့သည်။

## ၂။ သရော်စာ၏ သဘော

သရော်စာသည် အဖြစ်အပျက်၊ အပြုအမူတစ်ခုခုကို သရော်ပြောင်လှောင်သည့် သဘောဖြင့် ရေးထားသော စာပေတစ်မျိုးဖြစ်သည်။[၁] အင်္ဂလိပ်ဘာသာဖြင့် Satire ဟုခေါ်သည်။ လောကသရော်စာ၊ ခေတ်ပြောင်၊ စာရွဲ့ဟု အမျိုးမျိုး ခေါ်ကြသည်။ ယခုအခါ Satire ဟုဆိုလျှင် သရော်စာဟူ၍ပင် အများလက်ခံသုံးစွဲကြသည်။

ဆရာကြီး မောင်ထင် (၁၉၀၉ – ၂၀၀၆) က – 'အများတကာက သရော်စာဟူ၍ လက်ခံပြောဆို ရေးသားလျက်ရှိကြ၏။ သို့သော် သရော်သည်ဆိုရာ၌ ကလေးကို 'ကရော် ကရော်' ဟု လက်ညှိုးကို ကွေးချည် ဆန့်ချည်ပြု၍ ပြောလျှင်လည်း သရော်သည်ပင် မည်၏။ စင်စစ် ဆက်တိုင်ယာ၏ သဘောမှာ ကလေးကို သရော်ခြင်းထက်လေးနက်သော သဘောရှိသည်။ ထို့ကြောင့် ထိုလေးနက်ခြင်း သဘောကို ထင်ရှားလေအောင် ကျွန်တော်က လောကသရော်စာဟု သုံးနှုန်းလိုက်ပါသည်[၂] ဟုဆိုသည်။ နောင်အခါတွင် ဆရာကြီးသည်ပင် 'သရော်စာ' ဟု တစိုက်မတ်မတ် သုံးခဲ့ပါသည်။ သရော်စာ၏ သဘောကို 'လူ၊ လူတန်းစား၊ ဓလေ့၊ အမူအရာ၊ အမူအခင်း

---

[၁] မြန်မာအဘိဓာန်၊ ၁၉၉၁၊ ၃၆၇။
[၂] ထင်၊ မောင်၊ ၁၉၈၁၊ ၃။

စသည်တို့နှင့် သက်ဆိုင်သော ပြက်ရယ်ပြုခြင်းအဖွဲ့ '[၁] ဟု ဆိုသည်။ 'ယေဘုယျအားဖြင့် လောကကြီး၏ အမြီးအမောက်မတည့်သော သဘာဝ၊ ကြီးနိုင်ငယ်ညှင်းဆဲ သဘာဝ၊ ဖိစီးချုပ်ချယ်စိုးမိုးသောသဘာဝ၊ ဟန်ဆောင်ပလွှားသော သဘာဝ စသည်တို့ကို ဝေဖန်ရှုတ်ချသောအဖွဲ့ဖြစ်သည်'[၂] ဟုလည်းဆိုသည်။

ဆရာကြီး ဦးညိုမြ (အိုးဝေ) (၁၉၁၄–၁၉၈၅) ကမူ Satire ကို 'ခေတ်ပြောင်' ဟုသုံးသည်။ 'ပတ်ဝန်းကျင်အခြေအနေ သို့မဟုတ် ခေတ်ကာလကို ပြောင်လှောင်သည့် စာပေမျိုး'[၃] ဟုဆိုသည်။ ခေတ်တစ်ခေတ်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့ကို အခြေခံရေးရသောကြောင့် ထိုသို့ဆိုခြင်းဖြစ်ပါသည်။

ဆရာမကြီး ဒေါ်ခင်မျိုးချစ် (၁၉၁၅–၁၉၉၉) က သရော်စာကို ဟာသ၏ ကဏ္ဍတစ်ရပ်အဖြစ် ဖော်ပြပြီး၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို သရော်ခြင်း၊ လူတန်းစား တစ်ရပ်ရပ်ကို သရော်ခြင်း၊ လူတို့၏ ဓလေ့ထုံးစံ အပြုအမူကို သရော်ခြင်းဟု ခွဲခြားပြသည်။ လူတို့၏ ဓလေ့ထုံးစံတွင် စာပေအနုပညာရေးရာများကို သရော်ခြင်း၊ နိုင်ငံရေးသရော်စာ၊ လူမှုရေးသရော်စာ[၄] ဟု ထပ်မံခွဲခြား ပြသည်။

အန်တီစီ စာပေသုံးဝေါဟာရ အဘိဓာန်တွင် – သရော်စာသည် လူတစ်ဦးချင်းစီနှင့် လူ့အဖွဲ့အစည်းအတွင်း မမှန်ကန်မှု၊ ဆင်ခြင်ဉာဏ်ကင်းမှု၊ မကောင်းမှု၊ မိုက်မဲမှု အားနည်းချက် တို့ကို ဟာသဉာဏ် ဇဝနဉာဏ်ဖြင့် ထေ့ငေါ့လှောင်ပြောင် ဝေဖန်သုံးသပ်ပြသည့် စာဖြစ်သည်။ သရော်စာနှင့် ဟာသစာသည် ခြားနားသည်။ သရော်စာမှာ အမှန်သို့ရောက်အောင် တိုးတက်အောင် ပြုပြင်ပေးလိုသော သဘောရှိသည်။ ဟာသစာကမူ ပျော်ရွှင်မှု သက်သက်သာဖြစ်သည်။[၅] ဟု ဖွင့်ဆိုသည်။

ထို့ကြောင့် သရော်စာသည် လောကလူ့အဖွဲ့အစည်း၌ မတော်မမှန် ဖောက်ပြန်သော အဖြစ်အပျက်၊ အပြုအမူ၊ အပြောအဆိုတို့ကို ပြုပြင်စေလိုသော စေတနာဖြင့် ဟာသဉာဏ်အရင်းခံကာ လှောင်ပြောင် ရေးဖွဲ့သည့်စာပေဖြစ်သည်။ သရော်စာ ဟူသည် ရေးဟန်နှင့်သာ သက်ဆိုင်ပါသည်။ မည်သည့်စာပေ ပုံသဏ္ဌာန်၌မဆို သရော်စာကို ဖန်တီးနိုင်ပါသည်။ မျက်မှောက်ခေတ် စာနယ်ဇင်း များတွင် သရော်စာကို နေရာပေးကာ ဖော်ပြလာကြသည်။ စာဖတ်သူတို့ စိတ်ဝင်စားသည့် စာပေပုံသဏ္ဌာန် တစ်ရပ်လည်း ဖြစ်သည်။

---

[၁] ထင်၊ မောင်၊ ၁၉၇၃၊ ၈။

[၂] ထင်၊ မောင်၊ ၁၉၈၇၊ ၇၅။

[၃] ညိုမြ၊ ဦး(အိုးဝေ)၊ ၁၉၇၃၊ ၇၆။

[၄] ခင်မျိုးချစ်၊ ၁၉၇၃၊ ၃၈။

[၅] Morner & Rausch, 1998, 194

## ၃။ မောင်သော်က၏ သရော်စာများ

ပို့သခဲ့သော မေတ္တာများ (၂၀၁၄၊ ဒုကြိမ်)တွင် ၁၉၆၉ မှ ၁၉၇၄ ထိ လုပ်သားပြည်သူ့နေ့စဉ်၊ ဟံသာ ဝတီ၊ ကြေးမုံသတင်းစာများ၌ ရေးခဲ့သော သရော်စာ ဆောင်းပါး ၃၉ ပုဒ်၊ ၁၉၈၆ ပေဖူးလွှာမဂ္ဂဇင်းပါ ဆောင်းပါးပုဒ် ၁ ပုဒ် စုစုပေါင်း အပုဒ် ၄၀ ပါဝင်သည်။ မောင်သော်က၏ ညနေခင်းများ (၂၀၁၁) တွင် ၁၉၇၉ မှ ၁၉၈၂ ထိ သောင်းပြောင်းထွေလာ ရယ်စရာမဂ္ဂဇင်းတွင်ရေးခဲ့သည့် သရော်စာ ၂၂ ပုဒ်၊ ၁၉၈၇ မှ ၁၉၈၈ထိ ပန်မဂ္ဂဇင်းတွင် ရေးခဲ့သည့် သရော်စာ ၁၀ပုဒ် စုစုပေါင်း ၃၂ ပုဒ် ပါဝင်ပါသည်။

## ၃.၁။ သရော်စာအကြောင်းအရာ

မောင်သော်က၏ သရော်စာများတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စာပေအနုပညာ သရော်စာများကို တွေ့ရပါသည်။ ဆောင်းပါးအချို့နှင့် သာဓက ဆောင်ပြပါမည်။

တွေ့ရပါသည်။ ဆောင်းပါးအချို့နှင့် သာဓကဆောင်ပြပါမည်။

### ၃.၁.၁။ နိုင်ငံရေးသရော်စာ

နိုင်ငံရေးသရော်စာများတွင် အုပ်ချုပ်သူ၊ တာဝန်ရှိသူတို့ တာဝန်ပေါ့လျော့ပုံ၊ အခွင့်ထူးခံပုံ၊ စီမံခန့်ခွဲမှု ညံ့ဖျင်းပုံ၊ လွဲချော်ပုံတို့ကို ထေ့ငေါ့သရော်သည့် ဆောင်းပါး များ တွေ့ရသည်။ ပို့ဆက်ဝန်ကြီးပါလာသော ကြောင့် ရထားအချိန်ကိုက် ဘူတာ ဆိုက်ပုံ၊ ရန်ကုန်မြို့တွင် မြူနီစပယ်မြောင်းအဖုံးများပျောက်၍ အပေါက် ပေါ်များပုံ၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးအဖွဲ့ မထသတာဝန် ပျက်ကွက်ပုံ၊ ပြည် သူ့ရဲများ အလုပ်မရှိအလုပ်ရှာ၍ မိန်းမလျာများကို ဖမ်းဆီးနေပုံ၊ စက်အပိုပစ္စည်း ရှားပါးသောကြောင့် ရေစုပ်စက် မော်တာလဲရန် ကုန်သွယ်ရေးဆိုင်တွင် လျှောက်လွှာ တင်ဝယ်ရပုံ၊ ခက်ခဲစွာဝယ်ယူပြီးမှ အဟောင်းကို အမဲဆီသုတ် ပြန်ရောင်းမှန်း သိရပုံ စသည့် အကြောင်းအရာတို့ကို ရေးခဲ့ပါသည်။ ခေတ်သရုပ်ကို ဖော်ထုတ်ရေးခဲ့သော သရော်စာများဖြစ်သည်။

၁၉၇၃ ခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ ပြန်ကြားရေးအဖွဲ့ငယ်တစ်ခု လေ့လာရေး သွားရာ မောင်သော်ကသည် အဖွဲ့ဝင်အဖြစ် လိုက်ပါရသည်။ ထိုအတွေ့အကြုံကို "အိန္ဒိယခြသေ့ကြီးနိုးလာပြီ" ဟူသော ဆောင်း ပါးတွင် –

> "ကျွန်တော်တို့သည် အင်ဘာတ်စကာကားများ ထုတ်လုပ်ရာ ဟိန္ဒူစတန် မော်တော်ကားအလုပ်ရုံသို့ သွားရောက် လေ့လာခဲ့ကြသည်။ နိုင်ငံခြားမှသတင်းစာဆရာများ လာရောက် လေ့လာမည်ဆိုခြင်းကြောင့်လားမသိ။ စက်ရုံအုပ်ချုပ်သူ ဒါရိုက် တာမှ အစ ဒရဝမ်အထိ မည်သူမျှ ကျွန်တော်တို့ကို စောင့်ကြို မနေကြပါ။ ဒါအမှန်ပါ။ ကျွန်တော်တို့ဆီက စက်ရုံ အလုပ်ရုံများနှင့်တော့ ကွာခြားလှသပေါ့ဗျာ။ ဒီမှာတော့ လူကြီးတွေလာမယ်၊ ဧည့်သည် တွေလာမယ်ဆိုရင် တမင် ရှိုးတင်ပြီး မရှိတာကို ရှိတာလုပ်ပြ၊ အားလုံးအလုပ်ပျက်ခံပြီး လိုက်ပြ၊ ဇယားကြီးတွေ ပုံစံကြီးတွေနဲ့ ရှင်းပြ (တချို့စက်ရုံတွေမှာ အဲဒီလိုရှင်းပြဖို့ကိုပဲ တမင်တကာ လူရွေး ခန့်ထားကြသေးတယ်)။ ခါတိုင်းကျားထိုးနေတဲ့ အလုပ်သမားတွေကလည်း လုပ်သားဝတ်စုံဝတ်ပြီး တွင်ခုံမှာ ခပ်တည်တည် လုပ်ပြ (အမှန်တော့ အစိုးရပစ္စည်းနဲ့ အပြင်မှာရောင်းစားဖို့ ထုံးဘူးခုတ်နေတာဗျ) အဲဧည့်သည်တွေလည်း ပြန်ရော မန်နေဂျာကြီးလည်း ဂေါက်ရိုက်သွား၊ အလုပ်သမားလည်း ကျားပြန်ထိုးပေါ့"[၁]

ဟု နှိုင်းယှဉ်ဖော်ပြရေးသည်။ တာဝန်ရှိသူ စီမံခန့်ခွဲသူတို့ အပေါ်ယံဟန်ပြ လုပ်ဆောင်တတ်ကြပုံ ဓလေ့ကို ထောက်ပြထားသည်။

## ၃၊၁၊၂။ စီးပွားရေးသရော်စာ

စီးပွားရေးသရော်စာများတွင် ပုံနှိပ်စက္ကူ ဆေး၊ ရုပ်ရှင်ရုံ လက်မှတ် စသည်ဖြင့် မှောင်ခိုလောကခေတ် စားပုံ၊ လုပ်ငန်းမှန်သမျှ မှောင်ခိုနှင့်မကင်းပုံ၊ ရန်ကုန်မြို့တွင် လက်ဖက်ရည်ဆိုင်၊ ကက်ဆက်ခွေ အငှားဆိုင်ပေါများပုံ၊ ခရီးသည်တင်ကားများ လူအပြည့်အသိပ်တင်ကာ စီးပွားရှာပုံ၊ ချက်ပလက် ကားပျက်ကြီး တစ်စီးရှိလျှင်ပင် ဓာတ်ဆီထုတ်ရောင်းစား၍ စီးပွားဖြစ်နိုင်ပုံ၊ စားသောက်ကုန်နှင့် အဖျော်ယမကာ ကော်ပိုရေးရှင်းမှ အရက်များ အရည်အသွေးညံ့ပုံ၊ အရက်ဆိုင်များ ညစ်ပတ်ပုံ၊ ဓာတ်ဆီ၊ ရေနံဆီတို့တွင် ရေရောထားပုံ၊ ဆပ်ပြာရှားပါးပုံ၊ သစ်သား မီးခြစ်များ စံချိန်စံညွှန်းမမီပုံ စသည်ဖြင့် စီးပွားရေးလောက ကမောက်ကမဖြစ်ရပုံ၊ စီးပွားရေး သမားတို့ ထင်တိုင်း ခြယ်လှယ်ပုံအကြောင်း တို့ကို တွေ့ရသည်။ ခေတ်ကာလ လူမှု စီးပွားဘဝကို ထင်ဟပ်ထားပါသည်။

---

[၁] သော်က၊ မောင်၊ ၂၀၁၄၊ ၂၃၅။

'ခြစ်ခြစ်ခြစ်တာသူ့ကို' ဟူသော ဆောင်းပါးတွင် သစ်သားမီးခြစ်ခေါ် ယမ်းမီးခြစ် ထုတ်လုပ်သူများကို သရော်ထားပါသည်။

> 'သုံးဒါဇင်မျှသော မီးခြစ်ဆံတို့၏ ထိပ်ဖူးယမ်းမှာ ခာတ်မြေသြဇာနည်းပါး၍ မအောင်မြင်သော သီးနှံပမာ ကြုံလှီလှခြင်းကြောင့်တည်း။ ကြုံလှီလှသော မီးခြစ်ဆံ များကြားဝယ် ထိပ်ဖူးဦးခေါင်းချင်းဆက် အမြွှာညီအစ်မ မီးခြစ်ဆံလည်း တစ်တွဲနှစ်တွဲ ပါမြဲဖြစ်၏။ ထိပ်ဖူးမပါဘဲ ခါးပြတ်လာသော မီးခြစ်ဆံလည်းရှိ၏။ ချည့်နဲ့သော ခါးတိုင်နှင့် ကျိုးလုတဲတဲ ရွဲ့ရွဲ့စောင်း စောင်း များကလည်း လေးငါးဆယ်ချောင်းမျှ ရှိ၏။ လူစဉ်မီ၍ သန့်ပြန့်စွာဖြင့် ပြစ်လွတ် ကင်းစင် ခြစ်လိုက်လျှင် ရှဲခနဲ တစ်ချက်တည်း မီးထတောက်သော မီးခြစ်ဆံမှာ တစ်ဆယ့် ငါးချောင်း၊ အချောင်းနှစ်ဆယ်မျှ ပါလျှင် ကံကောင်းလေစွ ဆိုတမ်းရ၏' ဟုရေးသည်။ ထို့နောက် 'မီးခြစ်ဘူး၏တံဆိပ်ကို မြန်မာလိုရေးမထားဘဲ အောက်တွင်လည်း 'မိတ်အင်ဘားမား' ဟု ဝင့်ကြွားစွာ ရေးသားထားပုံကို ထောက်ရှု ရခြင်းအားဖြင့် နိုင်ငံခြား ဈေးကွက်အတွက် ရည်မှန်း ထားပုံရ၏'[၁]

ဟုရေးသည်။ ကုန်ထုတ်လုပ်မှုတွင် အရည်အသွေးစံချိန်စံညွှန်းမမီပုံ၊ သုံးစွဲသူတို့အား အလေးမထား သော စီးပွားရေးသမားတို့၏ တာဝန်မဲ့ပုံတို့ကို ထင်ရှားစေပါသည်။

## ၃၊၁၊၃။ လူမှုရေးသရော်စာ

လူမှုရေးသရော်စာများတွင် အများနှင့် သက်ဆိုင်သော ပြည်သူပိုင်ပစ္စည်း အလေးထားသင့်ပုံ၊ ရန်ကုန်မြို့နေ လူတို့စည်းကမ်းမဲ့မှုကြောင့် ကြွက်၊ ခြင်၊ ယင် ပေါပုံ၊ ခွေးမွေးသူတို့ ခွေးကို စည်းကမ်းမဲ့မွေးသောကြောင့် လူအများနှင့် ကလေးသူငယ်များအတွက် ခွေးရူးရောဂါ အန္တရာယ်စိုးရိမ်ရပုံ၊ လေလွင့်ဆိုးသွမ်းလူငယ်များ အရေး အလေးထားသင့်ပုံ၊ တိတ်တိတ်ပုန်း ဆေးခြောက်ရောင်းသူများကြောင့် လူငယ်များ ပျက်စီးရပုံ၊ ဆွံ့အနားမကြားသော ကလေးများအတွက် အသက်မွေးဝမ်းကျောင်းပညာ စီစဉ်ပေးသင့်ပုံ စသည့်အကြောင်းအရာများကို ရေးသားပါသည်။ လူ့အသိုင်းအဝိုင်း၌ ဖြစ်ပျက်နေသော ဆိုးရွားမှားယွင်းသော အခြေအနေတို့ကို ထောက်ပြ ရေးသားထားပါသည်။

---

[၁] သော်က၊ မောင်၊ ၂၀၁၄၊ ၁၁၉။

'ကြွက်သေတစ်ခု အရင်းပြု၍' ဟူသော ဆောင်းပါးတွင် ကြွက်၊ ခြင်၊ ယင် စစ်ဆင်ရေးကို ပြည်သူ့စစ်အနေနှင့် ဆင်နွှဲပါရန် အကြံပြုပြီး –

> 'ကျွန်တော်တို့ မြန်မာလူမျိုးများ၏ စာဂတွင် တစ်ခါတစ်ရံ စိတ်ကူးရမှ ထလုပ်တတ်သော အကျင့်သည် အလွန်ကောင်း၏။ မလိုလားသူများက ကောက်ရိုးမီးဟုခေါ်၏။ အကယ်ဆိုသော် ပွဲပြီးမီးသေ။ ဤစိတ်ထားကို ကမ္ဘာကပင် လေးစားချီးကျူးဖို့ ကောင်းသည်။ ခွေးရူးဟဲ့ဆိုလျှင် တစ်ချီတစ်မောင်း ထသတ်ပြလိုက်၏။ ပြီးတော့လည်း ခွေးလေးတွေက အမြီးနန့်မြနန့်နေ၏။ ကြွက်၊ ခြင်၊ ယင်ဆိုလျှင် ကြွက်ကျင်းတွေ မှိုင်းတိုက်ဆေးတွေ ဖျန်းလုပ်ပြလိုက်၏။ ပြီးတော့ ကြွက်များက ဒိန်ခဲစား (အဲလေ ဗမာကြွက်ပဲ ထမင်းကြမ်းခဲပေါ့) မပျက်။ ခြင်၊ ယင် များက တပီပီ မြည်ဆဲဖြစ်၏။'[၁]

ဟု ရွဲ့ပြောကာ သရော်ရေးပါသည်။ လူတို့ စည်းကမ်းမဲ့မှုကြောင့် ခွေးလေခွေးလွင့် ကြွက်၊ ခြင်၊ ယင် ပေါ်များကာ ပတ်ဝန်းကျင်သန့်ရှင်းရေး ထိခိုက်ရပုံကို သိသာစေပါသည်။

## ၃၊၁၊၄။ စာပေအနုပညာသရော်စာ

စာပေအနုပညာ သရော်စာများတွင် စာပေရေးသားခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူတို့ ပေါ့ပေါ့ တန်တန်နှင့် လူပြိန်းကြိုက်စာပေများ ရေးသားနေကြခြင်းမှာ စာပေအတွက်ရင်လေးစရာ ကောင်းပုံ၊ စာပေဟောပြောပွဲစင်မြင့်တွင် ရုပ်ရှင်နယ်မှ အချို့သူတို့၏ အောက်တန်းကျသည့် အပြုအမူ အပြောအဆိုများကြောင့် စိတ်မသက် မသာ ဖြစ်ရပုံ၊ အနုပညာဖန်တီးမှုစွမ်းအား ကြံရည်ဖန်ရည် စွမ်းအား ကြီးမားလှသည့် လူငယ်များ၏စွမ်းအားကို လမ်းမှန်ကမ်းမှန်အသုံးချနိုင်ရန် စီမံပေးသင့်ပုံ၊ တေးသီချင်း သီဆိုရာတွင် တေးစားသား မပီသမှုများ များပြားလာပုံ၊ ဂီတကောင်စီသည် ဂီတ မြတ်နိုးသူများ၏ အားထားရာ တပ်ဦးဖြစ်သင့်ပုံ စသည့် အကြောင်းအရာများကို ရေးသား ပါသည်။ ၁၉၇၀ မှ ၁၉၈၀ကျော် ကာလများအတွင်း အသံသွင်းတိပ်ခွေ ကက်ဆက်ခွေများ တစ်နိုင်ငံလုံးပျံ့နှံ့လျက် ရှိသည်။ ကက်ဆက်ခွေ သီချင်းများ ဇာတ်လမ်းများ အလွန်ခေတ်စားပါသည်။

---

[၁] သော်က၊ မောင်၊ ၂၀၁၄၊ ၁၁၉။

ပင်စင်နာတစ်ဦး၏ အာလူးမှတ်တမ်း ၄ တွင်–

'ကက်ဆက်ခွေ အသံသွင်းလုပ်ငန်းသည် စီးပွားရေး အကြပ်ရိုက်နေကြသည့် စီးပွားရေးသမားကြီးများနှင့် အနုပညာထွက်ပေါက် ရှာနေကြသည့် အနုပညာသမားတို့ ပေါင်းဖက်မိရာ မြစ်ဆုံ ဖြစ်သတည်း' ဟုရေးသည်။ ထို့နောက် 'ကျွန်တော်ချစ်သော အနုပညာ၊ ဂီတပညာသည် များသည်လည်း ကက်ဆက်ခွေဒိုက်သရောတွင် မျောပါကာ ခါနာတစ်လုတ်အတွက် ဟန်ပန်မှု မလုပ်နိုင်ဘဲ တစ်လဆယ်ပုဒ်၊ တစ်ပုဒ်နှစ်ထောင်နှင့် အနုပညာသိက္ခာမထားဘဲ 'ဝက်' နောက်လိုက်နေပါလျှင် အနုပညာဒဏ်ခတ်ခြင်း ခံကြရလိမ့်မည်' ဟုလည်းကောင်း 'တစ်လောဆီက ကက်ဆက်ခွေဇာတ်လမ်းတစ်ပုဒ်က အမှတ်မထင်နားဝ လာဆောင့်သည်။ တပည့်ကျော် ကာတွန်းသော်က၏ အရိုင်းဇာတ်လမ်းထင်ပါ့။ ဇာတ်လမ်းအဆုံးတွင် ဇာတ်လမ်းစီစဉ်သူ မုန့်လေပွေဖုတ်သမားက 'ဤဇာတ်လမ်းတွင် ဝက်ဝံမကြီးအဖြစ် အကယ်ဒမီ ...၊ မြေခွေးအဖြစ် အကယ်ဒမီ ... ကိုအဝ့ာ၊ မျောက်ညိုကြီးအဖြစ် အကယ်ဒမီ .... ကိုဟိုဒင်း တို့က ပါဝင်သရုပ် ဆောင်ထားပါသည်ဟု ကြေညာလိုက်ရာ ကျွန်တော့်မှာ ရင်နာသွားပါသည်။

> ဩော် .... ကျွန်တော် ချစ်ရပါလေသော အနုပညာရှင်တို့သည်လည်း ဝက်တို့၊ ခွေးတို့၊ မျောက်တို့ ဖြစ်ကုန်ကြပါပြီကော။ ကဲ .... ဝက်ဖြစ်မှတော့ စားလိုက်ကြ ပေတော့ ... ဝက်'[၁]

ဟူ၍ဖြစ်သည်။ အနုပညာရှင်အချို့၏ မိမိတို့တာဝန်ဝတ္တရားကို မျက်ကွယ်ပြုကာ ငွေနောက်လိုက်နေကြပုံ ခေတ်သရုပ်ကို ဖော်ထုတ်တင်ပြထားပါသည်။

## ၃၊ ၂။ သရော်စာအရေးအသား

'မောင်သော်က၏ ညနေခင်းများ'စာအုပ်ပါ သရော်စာများမှာ အပြန်အလှန်ပြောဟန်ဖြင့်ရေးထားသည်ကို တွေ့ရပြီး 'ပို့သခဲ့သော မေတ္တာများ' စာအုပ်ပါ သရော်စာများမှာ စာဟန်ဖြင့် ရေးထားသည်ကိုတွေ့ရပါသည်။ အရေးအသားပေါ်လွင် စေရန် စကားပြေလက်ရာအချို့နှင့် သာဓကဆောင်ပြပါမည်။

---

[၁] သော်က၊ မောင်၊ ၂၀၁၁၊ ၃၉။

**၃၊၂၊၁။ စကားအသုံးအနှုန်း**

> 'စာရေးသူတို့သည် ဟာသမြောက်အောင်ရေးလိုသော အခါမျိုးမှာဖြစ်စေ၊ ထေ့လိုလှောင်လိုသရော်လိုသော အခါမျိုးမှာဖြစ်စေ ရေရိုးရေးစဉ်နှင့်မတူသော မလိုက်ဖက် မဆီလျော်သော ရေးပုံမျိုးကို တမင်အသုံးပြုလေ့ ရှိကြပါသည်။ သုံးရိုးသုံးစဉ်နှင့် မတူသော ထူးခြားသွေဖည်မှု၏ အာနိသင်ကို ထိထိရောက်ရောက် အသုံးပြုလျက် ရယ်ရအောင် ဖန်တီးခြင်း၊ လှောင်ပြောင် သရော်ခြင်း ပြုတတ်ကြပါမည်။'[၁]

ထို့အတူ မောင်သော်ကသည် သုံးရိုးသုံးစဉ်မဟုတ်သော စကားအသုံးအနှုန်းများဖြင့် ပြုံးရယ် စရာ ဖြစ်အောင် ဖန်တီးပါသည်။

> 'ရေးသရောအခါက ငါးစီးရှင်ကျော်စွာကဲ့သို့သော အရာရှိကြီးများ ရှိကြသည်။ ဌာနဆိုင်ရာကားကို နှစ်စီးသုံးစီးမျှ မောင်ပိုင်စီးလျက် အိမ်တစ်စီး၊ ရုံးတစ်စီး၊ ဈေးသွားကျောင်းကြိုတစ်စီး'[၂]

> မြန်မာပြည်တွင် မီးရထားလမ်းဘေး မြို့များမှ ဘူတာရုံဈေးသည် အတော်များများ အကျင့်ပျက်ကုန်ကြပြီဟု ယေဘုယျအားဖြင့်ဆိုပါသည်။ ကျန်တစ်ပြည်လုံးတွင်မူ နေရာ ကျဲကျဲမှ နေရာ ကွက်ကြား အကျင့်စာရိတ္တ ကောင်းကြသေးသည်ဟု ခန့်မှန်းရပါသည်။[၃]

> အိမ်မှာ အလုပ် မရှိတဲ့သား တတိယနှစ်ဆယ်တန်းသမား တစ်ယောက် ရှိရင် သူလဲ အလုပ်ရတာပေါ့[၄]

ဟူသော အဖွဲ့တို့တွင် 'ငါးစီးရှင်ကျော်စွာ ကဲ့သို့သောအရာကြီးများ'၊ 'နေရာကျဲကျဲမှ နေရာကွက်ကြား အကျင့်စာရိတ္တကောင်း'၊ 'တတိယနှစ်ဆယ်တန်းသမား' ဟူသော အသုံးများမှာ သုံးရိုးသုံးစဉ်မဟုတ်သော သွေဖည် စကားသုံးများဖြစ်သည်။

ထို့အပြင် မတော်မတည့်မလိုက်ဖက်သော အသုံးဖြင့်ရယ်စရာကောင်းအောင် ဖန်တီးပါသည်။

---

[၁] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၁၉၉၇၊ ၈၂။
[၂] သော်က၊ မောင်၊ ၂၀၁၄၊ ၂၂၃။
[၃] သော်က၊ မောင်၊ ၂၀၁၁၊ ၂၆။
[၄] ယင်း၊ ၁၃၆။

> 'အနောက်နိုင်ငံမှ လူနေမှုများအကြောင်းကို တစ်ခါတစ်ရံ ဘယာကြော်ဝယ်သောအခါ ထုတ်ပေးလိုက်သည့် စက္ကူများ၌ တွေ့ရဖူးသည်မှာ'[၁]

ဟူသောအသုံးအနှုန်းမျိုးဖြစ်ပါသည်။

ဆင်တူလိုက်အသုံးများဖြင့်လည်း သရော်သည့်ဟန်ပေါ်လွင်စေပါသည်။

> သူ့အနီးစပ်ဆုံး ဆွေမျိုးများသည် ဩစတေလျပြည် ပါသ်မြို့၌ ဘူးသီးကြော်ရောင်း၍ ကောင်းစားနေကြသည်။ အဝေးစပ်ဆုံး ဆွေမျိုးများမှာ သင်္ကန်းကျွန်း၌ ရှိသည်။ မုန့်လက်ကောက်ရောင်းသည်။[၂]

အမေရိကန်နိုင်ငံမှ ဂျက်စ်တေးဂီတ တီးဝိုင်းခေါင်းဆောင်ကောင့်ဗေစီကို –

> ကျွန်တော်တို့ မြန်မာ့ရိုးရာတွင် ဆိုင်းဆရာကို ရွာထက်ပို၍ စားခွင့်မပြုသောကြောင့် ရွာစားကြီး စိန်ဗေဒါကို ဦးတည်ထားကာ ကောင့်ဗေစီအား ရွာစားကြီး စိန်ဗေစီဟု ရေးရခြင်းဖြစ်ပါသည်။[၃]

ဟူ၍ရေးသည်။

> အချင်းချင်းဆိုလျှင် အိန်ဂျယ် (အိမ်ကျယ်)များလုပ်လိုကြသည်။ ကားလ်မတ်စ်တော့ တစ်ယောက်မျှ မရှိ။[၄]

ဟူသောအဖွဲ့တို့တွင် 'အနီးစပ်ဆုံး' 'အဝေးစပ်ဆုံး'၊ 'စိန်ဗေဒါ' 'စိန်ဗေစီ'၊ 'အိန်ဂျယ်' 'အိမ်ကျယ်' ဟူသော အသုံးတို့ဖြင့် ခပ်ရွှင်ရွှင်ရေးထားပါသည်။

အဓိပ္ပာယ်နှစ်ခွထွက်သော စကားသုံးများဖြင့် သရော်လိုသည့် အကြောင်းအရာကို လေးနက်စေပါသည်။

> ကျွန်တော်သည် ကားအသစ်ကိုတော့ 'ည'ကျမှ ဖိမ်ရှိရှိ စီးတော့မည်ဟု မှန်းထားသည်။ ယခု 'ည' ရောက်ပြီ။ ကားအသစ်

---

[၁] သော်က၊ မောင်၊ ၂၀၁၁၊ ၅၆။

[၂] ယင်း ၊ ၁၃၁။

[၃] သော်က၊ မောင်၊ ၂၀၁၄၊ ၇၆။

[4] သော်က၊ မောင်၊ ၂၀၁၄၊ ၂၅၃။

> မပြောနှင့် 'ဃ'ပင် မစီးနိုင်သေး။ 'ဋ္ဌ' ရောက်လျှင်တော့ 'ဃ' ကား ကို ထည်ထည်ဝါဝါ စီးနိုင်မည်ထင်သည်။[၁]

> မတတ်နိုင်သူ ယမကာလုလင်ကြီးများမှာတော့ ယောကျ်ား တန်မဲ့ အဖြူဆင်းကုန်ကြသည်။[၂]
> အဆိုတော်ကော်နီက တာဖ် စတီရီယိုတေးကိုဆို၏။ တာဖ်က တောမှာ နေသည်။ ထို့ကြောင့် ကော်နီညီမျှခြင်း တာဖ်။ တာဖ်ညီမျှခြင်းတော။ တောညီမျှခြင်း ချက်အရက်။ သို့လျှင် ကောက်ချက်ဆွဲနိုင်သည်။ ကျွန်တော်ကမူ ကော်နီကို အနံ့ပင် ခံ၍မရပါ။[၃]

ဟူသောအဖွဲ့တွင် 'ည' သည် ကားနံပါတ်ကိုဆိုခြင်းဖြစ်သည်။ 'အဖြူ' သည် အရက်ဖြူ ကိုဆိုခြင်း ဖြစ်သည်။ 'ကော်နီ' သည် ချက်အရက်ကို ဆိုခြင်းဖြစ်သည်။

စကားထွင်သုံးခြင်းဖြင့် သရော်လှောင်ပြောင်သည့် ဟန်ပေါ်လွင်စေပါသည်။

> 'ဘယ်တိုင်းပြည်က လုပ်သည်ဟုတိကျမှန်ကန်စွာ မသိရသော ဘိန်း(ဘီး)များကို ကိုဂျဒီးနားဟုခေါ်ရမည်ဖြစ်သည်။ ကိုရီးယားမှ (ခွေ)ငွေ၊ ဂျပန်မှ လက်ကိုင်ထိုင်ခုံ၊ အင်ဒီးယားမှ ကိုယ်ထည်၊ ချိုင်းနားမှ တာယာ စသည်ဖြင့် ဆင်ထားခြင်းကြောင့် ကိုဂျဒီး နား ဘိန်း(ဘီး)များဟု ခေါ်သည်။'[၄]

> လက်ဆောင်ကတော့ ပုဆိုးတစ်ကွင်းနဲ့လည်း မိုးအလင်း ဟောခဲ့ရပါတယ်လို့ စမ်းစမ်းနွဲ့ (သာယူဝတီ) ပြောသလိုပါပဲ။[၅]

> နို့စားကားဆိုသည့် မောင်းဖြစ်ရုံမျှသာရှိသော ကားတစ်စီးကို နေ့စဉ် ဓာတ်ဆီထည့် ဓာတ်ဆီထုတ်လျက် ဓာတ်ဆီရောင်းစားသော ကားစုတ်တစ်စီးကို ဆိုလိုခြင်းဖြစ်သည်။[၆]

ဟူသောအဖွဲ့တို့တွင် 'ကိုဂျဒီးနား' 'သာယူဝတီ' 'နို့စားကား' ဟူသောအသုံးတို့မှာ ထွင်သုံးသောအသုံးများ ဖြစ်သည်။

---

[၁] သော်က၊ မောင်၊ ၂၀၁၁၊ ၅၃။
[၂] ယင်း ၊ ၁၇၇။
[၃] ယင်း ၊ ၁၇၇။
[၄] သော်က၊ မောင်၊ ၂၀၁၁၊ ၂၁။
[၅] ယင်း ၊ ၁၆၉။
[၆] ယင်း ၊ ၁၃၆။

စကားလိမ်များသုံးခြင်းဖြင့်လည်း ပြုံးရယ်စရာဖြစ်အောင်ရေးဖွဲ့ပါသည်။

> ကျွန်တာ်၏ ယမကာညနေခင်းများမှာ နဂိုအနေအားဖြင့် အိုကေကာ စိုပြည်နေသော်လည်း လွန်ခဲ့သောလများတွင် ခြောက်ကပ်ကပ်နိုင်စပြုလာသည်ကို တွေ့ရသည်။ အဓိကမှာ အရပ်ပျက်၍ အရက်ပြတ်နေခြင်းပေတည်း။[၁]

> သောင်းပြောင်းထွေလာထွက်စက ဆောင်းပါးအတွက် ဘရိန်းသံချေးတက် (ချိန်းဘရီးတော့ မဟုတ်ပါ)၊ နေခိုက်မို့ မည်သို့မျှလည်း အကြံမရသည်နှင့်[၂]
> ဆရာဇဝန၏ ဆောင်းပါးများကို ကျွန်တော်ကြိုဆိုပါသည်။ သုံးခိရှာ သုံးခါရှိ သော ဆောင်းပါးများမှာ ဘယ်သူ့ကိုဆော်၊ ဘယ်ဝါ့ကိုကလော်သော ဆောင်းပါးများ မဟုတ်ပါ။[၃]

ဟူသောအဖွဲ့တို့တွင် 'အရပ်ပျက် အရက်ပြတ်'၊ 'ချိန်းဘရီး ချီးဘရိန်း'၊ 'သုံးခိရှာ သုံးခါရှိ' ဟူသော စကားလိမ်များသုံးကာ ရယ်ရွှင်ဖွယ် ဖြစ်စေပါသည်။ ရေးသည့် အကြောင်းအရာကိုလည်း ထိမိစေပါသည်။

လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကို သရော်ရာတွင် စရိုက်ပေါ်လွင်အောင် သုံးနှုန်းရေးသားပါသည်။ ဆိုဗီယက်ကဗျာဆရာ ယက်ဗ်တူရှင်ကို မြန်မာပြည် လာရောက်စဉ် ဆိုဗီယက်သံရုံး၌ မြန်မာစာရေးဆရာ၊ ကဗျာဆရာတို့နှင့် တွေ့ဆုံပွဲပြုလုပ်ပါသည်။ ထိုအခမ်းအနားအတွေ့အကြုံကို 'ယက်ဗ်တူရှင်ကို ညနေခင်း' ဟူ၍ ဆောင်းပါး ရေးပါသည်။ ထိုဆောင်းပါးတွင် –

> 'မောင်သာနိုးနှင့်မူ သိပ်စကား မပြောလိုက်ရ။ ထိုညက သူအာတိကုလ (Articulate) မဖြစ်။ ဤညှော့ခံပွဲမျိုးကို သိပ်၍မုဒ် (Mood) မလာခြင်းကြောင့် သိမ (Theme) ပျောက်နေဟန်ရှိ၏။'[၄]

ဟုရေးထားရာ မောင်သာနိုး၏ ဝသီဓလေ့စကား[၁] များဖြင့် စရိုက်ပေါ်လွင်အောင် ရေးရေး ပါသည်။

---

[၁] သော်က၊ မောင်၊ ၂၀၁၁၊ ၁၇၇။
[၂] ယင်း ၊ ၁၇။
[၃] သော်က၊ မောင်၊ ၂၀၁၄၊ ၁၉၃။
[၄] ယင်း ၊ ၂၄၄။

မောင်သော်ကသည် ဘာသာပြန်ဆရာတစ်ဦး ဖြစ်ခြင်း၊ သရော်စာအရေး သန်သူ ဖြစ်ခြင်းကြောင့် စကားအသုံးအနှုန်းနှင့် ဝေါဟာရအမြင်ရှင်သန်ပုံ၊ နိုင်နင်း နှံ့စပ်ပုံကိုလည်း သူ၏ အရေးအသားၥ္၌ တွေ့ရသည်။

ပင်စင်စားတစ်ဦးနှင့် အာလူးပူရီ (၁)တွင် –

> 'နပ်စတာဟူသောဝေါဟာရကို မန္တလေးသား ဒို့ဗမာမွတ်စလင် မဟုတ်သူများအတွက် ရှင်းလင်းရပါမူ ဘရိတ်ဖတ်စ် မည်၏။ တစ်ဖန် ဘရိတ်ဖတ်စ်ကို မြန်မာပြန်ရပါသော် ချွတ်တားဟာဇရီ ဖြစ်၏။ ပြင်သစ်ဘာသာ ဒီပလိုမာရလျက် ၅ ကျပ် ၂၅ ပြား နေ့စား စကားပြန် အလုပ်မဝင်ရသေးသည့် ပညာတတ် လူငယ် တစ်ဦး၏အလိုအရ ပြောရပါလျှင် ပတ်တီဒေးရှူးနေး ခေါ်သည်။ အများသုံးဝေါဟာရအရ နားလည်အောင် ပြောရပါမူ နံနက် စောစော အိပ်ရာထတွင် သောက်ပင်းရှိခြင်းဟု အနီးစပ်ဆုံး အဓိပ္ပာယ်ထွက်ပေသည်။'[၂]

ဟုရေးသည်။ 'နပ်စတာ'၊ 'ချွတ်တားဟာဇရီ' ဟူသော အူရဒူစကား၊ ဘရိတ်ဖတ်စ် ဟူသော အင်္ဂလိပ်စကား၊ 'ပက်တီဒေးရှူးနေး' ဟူသော ပြင်သစ်စကားများနှင့် ရယ်ရွှင်ဖွယ်အသုံး 'နံနက်စောစော သောက်ပင်းရှိ' ကို တွဲသုံးကာ ဟာသမြောက်အောင် ဖန်တီးထားပါသည်။

ပင်စင်နာတစ်ဦး၏ အာလူးမှတ်တမ်း (၂) တွင် –

> 'ကျွန်တော့်ခေါင်းစဉ်က အာလူးပဲဆိုကြပါစို့။ အဲဒါလည်း မြန်မာ စကားမှ မဟုတ်ဘဲ ကုလားစကားလုံး ဟိန္ဒူစတန်နီ စစ်စစ် ကြီးပဲ။ မြန်မာက သူ့အတိုင်း 'အာလူး' ပဲ ခေါ်ပါတယ်။ မြန်မာ မပြန်တော့ပါဘူး။ အဲ … အညာသားများက ထူးထူး ခြားခြား အာလူးသီးတဲ့ဗျ။ အာလူးဆိုတဲ့ ဟိန္ဒူစတန်နီ စကားမှာ အသီး ဆိုတဲ့ မြန်မာစကား ထပ်ဖြည့်စွက်လိုက်သေးတယ်။ အညာသား များ အာလူးဟာ မြေမှာ ဥတဲ့ဥလား။ အပင်မှာသီးတဲ့ အသီးလား

[၁] idiolect

[၂] သော်က၊ မောင်၊ ၂၀၁၁၊ ၇။

> တောင် မသိရှာဘူး ထင်ပ့ါ။ အာလူးဥဆိုရင်တော့ မဆိုပါဘူး။
> ကန်စွန်းဥလိုပေ့ါဗျာ'[၁]

ဟူ၍ ရေးသားထားရာ စကားအသုံးအနှုန်းအမြင်ကို တွေ့ရပါသည်။ ဖတ်ရင်းပြုံးစရာ ကောင်းပါသည်။ ထိမိသောစကားလုံးကို အံဝင်အောင် ရွေးချယ်သုံးနှုန်းတတ်သော ကြောင့် စာဟန် အသက်ဝင်ပါသည်။ ဆိုလိုရင်းကို ပေါ်လွင်စေပါသည်။

## ၃၊၂၊၂။ အဆက်အစပ်

မောင်သော်က၏ သရော်စာများတွင် စကားလုံး၊ ဝါကျ၊ စာပိုဒ်၊ စာတစ်ပုဒ် လုံး အစ၊ အလယ်၊ အဆုံး ဦးတည်ချက် ရောက်အောင် ကြောင်းကျိုးဆက်စပ်၍ အဆင့်ဆင့် စည်းရုံးရေးသားနိုင်သည်ကို တွေ့ရပါသည်။ စိတ်ဝင်စားဖွယ် ဖြစ်အောင် စီကာပတ်ကုံး ပြောဆိုရေးသားနိုင်သော စွမ်းရည်လည်း ရှိပါသည်။ 'တာဆာဒေးဟော့ တို့ဗမာ' ဟူသော သရော်စာဖြင့် သာဓကပြပါမည်။

ဆောင်းပါးအစတွင် လူသုံးကုန်ပစ္စည်းများ ရှားပါး၍ ဆပ်ပြာ ဝယ်ရန်ပင် မလွယ်သောကြောင့် ရေချိုးတိုင်း စိတ်ဆိုးနေသော စာဖတ်ပရိတ်သတ်အား တာဆာ ဒေးစိတ်မွေးရန်သာ မောင်သော်က တတ်နိုင်ပါသည်ဟု နိဒါန်းချီသည်။

တာဆာဒေးဟူသည် ဖိလစ်ပိုင်ကျွန်းတစ်ကျွန်းပေါ်မှ ကျောက်ခေတ် လူမျိုးစု ဖြစ်သည်။ ထိုကျွန်းပေါ်တွင် ကမ္ဘာဦးမှစတင်နေထိုင်ကြပြီး နှစ်ဆယ်ရာစု ယဉ်ကျေးမှု သိပ္ပံပညာထွန်းကားသည်ကိုပင် မသိကြ။ သူတို့တွင် ကျောက်ခေတ်လက်နက် ကိရိယာမရှိ၊ အိုးခွက်မရှိ၊ ပန်းကန်မရှိ၊ ဆပ်ပြာမရှိ နေကြသောလူမျိုး ဖြစ်သည်ဟု တိုင်းမဂ္ဂဇင်းသတင်းတစ်ပုဒ်မှ ဖတ်ရကြောင်းဆိုသည်။

ထို့နောက် စာရေးသူက ရေချိုးခန်းဝင် ရေချိုးရင်း ဆပ်ပြာတိုက်ရန် မရှိသော ကြောင့် မီးဖိုခန်းမှ ဇနီးနှင့် အပြန်အလှန်ပြောဆိုဟန်ရေးသည်။ ဇနီးက ပြည်သူ့ ဆိုင်က တစ်လမှ ဆပ်ပြာနှစ်ခဲသုံးခဲ ပေးသောကြောင့် ကလေးများနှင့် မလောက် ကြောင်းပြောသည်။ စာရေးသူက ပြည်သူ့ဆိုင်ခေတ် မဟုတ်တော့ကြောင်း တို့အစု ရှယ်ယာပါတဲ့ ရပ်ကွက်သမဝါယမရှိသားပဲဟုဆိုသည်။ ဇနီးက ဒီလရက် နှစ်ဆယ် ကျော်ပြီ ဆပ်ပြာတစ်တုံး၊ တစ်တောင့်၊ တစ်ခဲမှ မရသေးကြောင်းပြောသည်။

---

[၁] သော်က၊ မောင်၊ ၂၀၁၁၊ ၂၃။

စာရေးသူက ဆပ်ပြာစက်တွေ ကုန်ထုတ်ရည်မှန်းချက်တောင် ကျော်သွားလို့ ဆပ်ပြာတွေ တောင်လိုပုံနေပြီဟု သတင်းစာထဲမှာ ဖတ်ရကြောင်း ပြောသည်။ နောက်ဆုံး အပြန်အလှန်ပြောရင်း ဇနီးက တိုက်ချင်ရင် ဘေးနားက သံပုံးထဲမှာ အိုးတိုက်ဖွဲပြာ ရှိတယ် ယူတိုက်ဟုဆိုသည်။

ထို့နောက် စာရေးသူက 'ဆပ်ပြာကို ကျွန်တော် ဒေါသထွက်နေသည်မှာ အတန်ကြာပြီဖြစ်၏' 'မိန်းမကို မရိုက်ရဲသည့်အတူ ဆပ်ပြာကို ဖိမဲတာပဲတော်မည် ထင်သည် ဘယ့်နှာဗျာ မွှေးဆိုပြီး မွှေးလည်း မမွှေး၊ အမြှုပ်ကလည်း မထွက်။ ချောစိ ချောစိနဲ့။ ကာပေါ်လိပ် ဆိုပြန်လည်း ဘယ်နားသွားလိပ်သည် တော့မသိ။ တစ်ခါ တိုက်ပြီး ပျော့ပြဲသွားခြင်းဖြင့် တိုက်လိုလျှင် တစ်ကော်တစ်လိပ်လက်နှင့် ကောလိပ် ထုတ်ယူရ၏။ ကာကော်လိပ်ဆပ်ပြာဟု အမည်ပြောင်းသင့် မသင့် စဉ်းစားချင့်ချိန် ဖွယ်တည်း'[1] ဟု ရေးပါသည်။

နိဂုံးတွင်မူ – 'ဒီဒွန္ဒယာကြီးတွင် ဆပ်ပြာဘယ်တုန်းကပေါ်သနည်း။ မြေရှင် ပဒေသရာဇ်ခေတ်လောက်မှာ ပေါ်သည်ထင်၏။ လူ့ယဉ်ကျေးမှု တိုးတက်လာမှ ပေါ် သည်မှာ သေချာ၏။ ဆပ်ပြာသည် ချေးညှော်ကို စင်စေ၏။ ညစ်ပတ်ပေရေမှုကို သန့်စေ၏။ လူသားသည် စတင်ညစ်ပတ် လာကာမှ ဆပ်ပြာကို တီထွင်သုံးစွဲ ခြင်းဖြစ်၏။ ဒီလိုဆို ဆပ်ပြာမပေါ်မီ သမိုင်းဦးဘုံမြေခေတ်က လူများသည် သန့်ရှင်း ကြ၏။ ဆပ်ပြာသုံးရန်မလို။ ကိုယ့်အနံ့ကလေးနှင့် ကိုယ်စီရှိကြ၏။ သူ့မိန်းမ ကိုယ့် မိန်းမ အမှောင်ရိပ်မှာပင် အနံ့နှင့် ခွဲခြားသိရှိကြ၏။ ထို့ကြောင့် ကျောက်ခေတ် လူသား 'တာဆာဒေး' များ ဆပ်ပြာမသုံးကြခြင်း ဖြစ်ပေလိမ့်မည်။ ညစ်ပတ်သော သူများသာလျှင် ဆပ်ပြာသုံးစွဲကြလျက် ပို၍ ညစ်ပတ်သူများသည် ပို၍ မွှေးကြိုင် သော ဆပ်ပြာများကို သုံးစွဲကြ၏။

ဤသို့ အတွေးအခေါ်မှန်ကန်လျက် အမြင်မှန်ရလာသည်တွင် ကျွန်တော် သည် ရေချိုးခန်းတွင်းမှ မျက်နှာသုတ်ပဝါ ပွတ်တိုက်ရင်းထွက်လာပြီး – 'အချင်း အိမ်ရှင်မ … နောင်တွင် ငါတို့အိမ်ထောင်စု၌ ဘယ်နံရောအခါမျှ ဆပ်ပြာသုံးစွဲခြင်း အမှုကို မပြုလေလင့်' ဟု ခပ်တည်တည် အမိန့်တော်မြွက် ချမှတ်လိုက်၏။ 'တာဆာ ဒေးမျိုးဟေ့ … တို့ဗမာ'[2] ဟူ၍ အဆုံးသတ်ထားသည်။ ကုန်ပစ္စည်းရှားပါးမှုနှင့် ကြုံ

---

[1] သော်က၊ မောင်၊ ၂၀၁၄၊ ၁၃၁။

[2] ယင်း ၊ ၁၃၂။

ကြိုက်ရသည့် ခေတ်ကာလသရုပ်ကို ပေါ်လွင်စေသည်။ လက်တွေ့ဈေးကွက်နှင့် အသုံးပြုသူတို့အဖို့ ဆပ်ပြာရှားပါးသည်ကို ကြုံရသော်လည်း သတင်းစာထဲ၌ လိမ်ညာကြုံးဝါး ရေးနေကြပုံကို ဆပ်ပြာမသုံးသည့် တာဆာဒေး လူမျိုးစိတ်မွေးကြဖို့ လှောင်ပြောင် သရော်ထားခြင်း ဖြစ်ပါသည်။

## ၃၊၂၊၃။ အဆင်တန်ဆာ

မောင်သော်က၏ သရော်စာများတွင် ပြောလိုသည့် အဓိပ္ပာယ်ထိရောက်အောင် အနက်အဓိပ္ပာယ် ဆန်းကြယ်အောင် တင်စားကာ ခိုင်းနှိုင်းတန်ဆာဆင်ကာ ဖော်ပြတတ်ပါသည်။

> ကုန်သွယ်ရေးမှ စာရေးမ၏ မျက်နှာပေါက်၊ ငါးစိမ်းသည်၏ နှုတ်သီးကောင်း၊ နာမည်ကြီး မုန့်ဟင်းခါးသည်၏ တိုတောင်းမှု မျိုးနှင့်တော့ ဟိုတယ်လုပ်ငန်း ကို မမှန်းဆအပ်ပြီ။[၁]

ဥပမာအလင်္ကာအဖွဲ့များကိုလည်းတွေ့ရပါသည်။

> သုံးဒါဇင်မျှသော မီးခြစ်ဆံတို့၏ ထိပ်ဖူးယမ်းမှာ ဓာတ်မြေဩဇာ နည်းပါး၍ မအောင်မြင်သော သီးနှံပမာကြုံလှီ[၂]

> သူနှင့်မျက်နှာချင်းဆိုင် တွေ့လိုက်ပြန်တော့ ကုန်သွယ်ရေးမှ အရောင်းဈေးသည်နှင့် သွား ဆယ်ချောင်းကိုက်နေသော ဒဿဂီရိ ဘီလူးအကြောင်းပါလျက် မွေးထားသော မယ်ကုဝဏ်ပမာ [၃] မျက်နှာချိုသာလှပါ၏။

> ဗိုလ်မှူး ဖိုးဖြူမှာ တစ်ချိန်က ရေငုပ်တပ်ဖွဲ့အရာရှိတစ်ဦး ဖြစ်သည်။ ယခုသူ့မျက်နှာကို ကြည့်လိုက်သည်တွင် ရေအောက်၌ အောက်ဆီဂျင်ပြတ်၍ တက်လာသော ရေငုပ်သမားသဖွယ် ဖျော့လျော့ ရှုံ့မဲ့ထားသည်။[၄]

---

[၁] ယင်း ၊ ၁၆၆။

[၂] သော်က၊ မောင်၊ ၂၀၁၄၊ ၁၁၈။

[၃] ယင်း ၊ ၁၇၉။

[၄] သော်က၊ မောင်၊ ၂၀၁၁၊ ၇၃။

ရိုးရှင်းသည့် ခိုင်းနှိုင်းမှု အလင်္ကာအဖွဲ့များဖြစ်သော်လည်း နေရာကျအောင် သုံးထား သောကြောင့် ထိရောက်မှုရှိပါသည်။ စာရေးသူ၏ အမြင်အတွေးခံစားမှုကို ဂယက် အနက်ဖြင့် ထင်ဟပ်နိုင်သကဲ့သို့ စာဖတ်သူကိုလည်း နှစ်သက်မှုနှင့် ယှဉ်သော ခံစားမှုများ ပေးနိုင်ပါသည်။

### ၃၊၂၊၄။ လေသံ

စာရေးရာတွင် 'စာဖတ်သူအပေါ်၌လည်းကောင်း၊ မိမိတွေ့မြင်ကြားကြုံသည် တို့အပေါ်၌ လည်းကောင်း၊ စာရေးသူ မည်သို့သဘောထားသည် စေတနာပေါက် သည်ကို သူ၏ လေသံက ဖွင့်ပြောနေသည်'[၁] ဆိုသည်နှင့်အညီ မောင်သော်က၏ သရော်စာများတွင် သူ၏စေတနာလေသံကို အကဲခတ်ကြည့်နိုင် ပါသည်။ အများ အားဖြင့် ထေ့ငေါ့သရော်ရွဲ့ ပြောတတ်သော်လည်း ဦးတည်ချက်မှာ အကောင်း အမှန်သို့ ရောက်အောင် ပြုပြင်ပေးလိုသော စေတနာရှိပါသည်။

> ကျွန်တော်တို့ မြန်မာလူမျိုးများတွင် သန့်သန့်ရှင်းရှင်း ဖြူဖြူ ဖွေးဖွေးမြင်ရလျှင် မနေတတ် မထိုင်တတ် ဖျက်လိုဖျက်ဆီး ပြုလိုသော လက်ကမြင်းချင်သော စိတ်က ဗီဇကပင် ပါလာ သလောဟု တွေးမိသည်[၂]
>
> ဖိုင်ဘာပြားခွာ၊ ပန်ကာဖြုတ်၊ ရေပိုက်ခေါင်းဖြုတ်၊ ဆိုဖာကိုဖြဲရမှ ကျေနပ်အားရကြသည်။[၃]
>
> ဟီးနိုးကားကူရှင်ပင်မခံ။ ဒီလိုသာ ဗီဇရှည်လိုကြပါမူမကြာမီ ယူဘီအေလေယာဉ်ပျံပေါ်တွင် ဖျာကြမ်းခင်းခရီးသွားရမည်ကိုပင် စိုးရိမ်မိသေးတော့သည်။[၄]

ဟူ၍ဖော်ပြထားရာ ပြည်သူအများပိုင် ပစ္စည်းကို တန်ဖိုးထားစေလိုသော ကိုယ်စီစည်းကမ်းလိုက်နာ ခြင်းဖြင့် နိုင်ငံကြီးသားပီသစေလိုသော လေသံကို တွေ့ရပါသည်။

---

[၁] မြင့်ကြည်၊ ဦး၊ ၂၀၁၁၊ ၁၄၅။
[၂] သော်က၊ မောင်၊ ၂၀၁၁၊ ၁၂၆။
[၃] သော်က၊ မောင်၊ ၂၀၁၄၊ ၉၁။
[၄] သော်က၊ မောင်၊ ၂၀၁၄၊ ၉၂။

> တေးဂီတကို မြှင့်တင်ရန် တာဝန်ရှိသူ အချို့ပင်လျှင် အနုမြူခေတ်၊ ဂျက်ခေတ်၏ လျှပ်စစ်ဂီတကို အလုံးစုံ သရုပ်ပျက်ဟု ထင်မှားစွဲလျက် မဝံ့မစားဖြစ်နေခြင်းကို တွေ့ရသည်။ ယင်းသို့လည်း သိမ်းခြုံ၍ သတ္တုချရန်မသင့်ပါ။ ပေါ့ (ပ) မြူးဇစ်ခေါ်ခေတ်ပြေး လျှပ်စစ်တေးတိုင်းလည်း သရုပ်ပျက်မဟုတ်ပါပေ။[1]
>
> လျှပ်စစ်ခေတ်၏တေးတွင်လည်း သူ့နေရာနှင့်သူချစ်စရာကလေးများ ရှိပါသည်။ စပ်ဆို တီးမှုတ်သူ လူငယ်များ၏ ခံယူချက်သာမှန်လျှင် လျှပ်စစ်တေးဂီတသည် လယ်ယာလုပ်သား ကြီးများနှင့် စက်ရုံအလုပ်သမားတို့၏ ခံစားချက်တေးများအဖြစ် အသွင်ထူးစွာ ထွက်ပေါ်လာမည်ဟု ယုံကြည်သည်။ လမ်းဟောင်းခွာ၍ လမ်းသစ်ရှာသူများသည်သာလျှင် စစ်မှန်သော ဂီတတော်လှန်ရေးသမားဖြစ်သည်။[2]

ဟူ၍ ရေးထားရာ အနုပညာ၏ အင်အားစွမ်းပကားဂုဏ်ကို အသစ်အဟောင်း မခွဲခြားဘဲ အသိအမှတ်ပြု လက်ခံသင့်ပုံ၊ အမြဲတီထွင် ကြံဆနည်းလမ်း ရှာကြံသင့်ပုံကို မျှတသောအမြင်ဖြင့် ခိုင်မာပြတ်သားစွာ မိန့်ဆိုသော လေသံကို တွေ့ရပါသည်။

## ၄။ ခြုံငုံသုံးသပ်ချက်

မောင်သော်က၏ သရော်စာများသည် ၁၉၆၉ မှ ၁၉၈၈ အထိ ကာလများတွင် ရေးသားခဲ့သော သရော်စာများဖြစ်သည်။ ထို့ကြောင့် တော်လှန်ရေးကောင်စီခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီခေတ်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စာပေအနုပညာရေး တို့ကို နောက်ခံပြုကာ ရေးသားခဲ့ခြင်း ဖြစ်သည်။ သို့ဖြစ်၍ ခေတ်နောက်ခံ အခြေအနေနှင့် ဆက်စပ်ဆင်ခြင်ကြည့်ပါက သရော်စာ၏ ရသကို ခံစားနားလည် သိမြင်နိုင်ပါသည်။ မောင်သော်ကသည် သူရှင်သန်ရပ်တည်ရာ လူ့အဖွဲ့အစည်းနှင့် ခေတ်သရုပ်ကို ထင်ဟပ်ဖော်ပြနိုင်သည်။ လူ့စရိုက် လူ့သဘာဝအဖြစ်သနစ်များကိုလည်း ပေါ်လွင်အောင် ထေ့ငေါ့ သရော်နိုင်သည်။ ဟာသဉာဏ်၊ ဇဝနဉာဏ်ဖြင့် စကားကို စီကာပတ်ကုံး ပြောတတ်ရေး တတ်သော စွမ်းရည်ကိုလည်း

---

[1] သော်က၊ မောင်၊ ၂၀၁၄၊ ၁၅၉။

[2] ယင်း ၊ ၁၆၀။

တွေ့ရသည်။ အရေးအသား ထိမိ ပြောင်မြောက်သည်။ စကားအသုံးအနှုန်းတွင် အကြောင်းအရာနှင့် လိုက်ဖက်ညီစွာ ရွေးချယ် သုံးနှုန်း ရေးသားပါသည်။ ဤသို့ဖြင့် စာဖတ်သူ ပြည်သူ လူထုအား အမြင်ကျယ်စေသည်။ အတွေးကြွယ်စေသည်။ အသိကြီးစေသည်။ ရယ်မောရရုံ သက်သက် မဖြစ်စေဘဲ ဘဝအသိနှင့် ယှဉ်သော အာနိသင်ရသကို ပေးစွမ်းနိုင်ပါသည်။

ဆရာကြီးမောင်ထင်က ‘စင်စစ်သော်ကား ဟာသဂုဏ်မြောက်အောင်ရေးတတ်သော စာရေးဆရာတို့သည် များသောအားဖြင့် ဘဝ၏ အခိပ္ပာယ်အတိမ်အနက်ကို လက်တွေ့ခံစား ဆင်ခြင်၍ ဖြစ်ပြန် ပျက်ပြန်လောကဓံတရားတို့ကို လောကီဘုံသားတို့ သည်းခံနိုင်အောင် ဆောင်ကြဉ်းပေးသော ပုဂ္ဂိုလ်များ ဖြစ်ကြလေသည်’[၁] ဟု ဆိုခဲ့ပါသည်။

ဆရာမောင်သော်က ကိုယ်တိုင်ကလည်း ‘အခြေအနေအကျဉ်းအကျပ်တစ်ရပ်ကို ရင်ဆိုင်ရတဲ့အခါ ဟာသဓာတ်ခံရှိတာဟာ အကောင်းဆုံးရင်ဆိုင်ရဲတဲ့ သတ္တိကို ပေါက်ပွားစေတယ်။ ပေါက်ကွဲတော့မယ့် ဘွိုင်လာအိုးကြီး တစ်လုံးကို ရေနွေးငွေ့ ထုတ်ပေါက် Safety Valve (ဘား) ဖွင့်ပေးတာနဲ့ အတူတူပဲ လူတွေရဲ့ရင်မှာ မျိုသိပ်ထားရတဲ့ ခံစားချက်တွေကို တစ်ဆို့ပေါက်ကွဲမတတ် ဖြစ်ရာက သက်သက်သာသာနဲ့ ထွက်ပေါက်ပေးလိုက်တာဟာ ‚အေငမန ပါပဲတဲ့ဗျာ’[၂] ဟုဆိုပါသည်။ ထို့ကြောင့် သရော်စာဖတ်ရခြင်းသည် ဘဝအမောဆိုက်မွန်းကျပ်မှုများကို သက်သာရာ ရစေပါသည်။ လောကဓံကိုသည်းခံ နိုင်စွမ်းရစေပါသည်။

မောင်သော်က၏ သရော်စာများတွင် အမှန်တရားကို မြတ်နိုးသော၊ မှန်ကန်မှုဘက် တာဝန်သိမှု ဘက်က ရပ်တည်စေလိုသော၊ မိမိလူ့အဖွဲ့အစည်းကို တိုးတက်စေလိုသော သဘောစိတ်ရင်းရှိကြောင်း ထင်ထင်လင်းလင်း တွေ့မြင်ရပါသည်။

---

[၁] ထင်၊ မောင်၊ ၁၉၇၃၊ ၈။

[၂] ချမ်းငြိမ်း။ ၂၀၁၅၊ ၂၄။

## နိဂုံး

သရော်စာကို 'အဆင့်အတန်းမြင့်သော ပြုံးစရာစာမျိုး'[၁] ဟု ဆရာကြီး ရွှေဥဒေါင်း (၁၈၈၉–၁၉၇၃)ကဆို ဖူးပါသည်။ သရော်စာသည် ဝါးလုံးကွဲရယ်ရသော ဟာသစာမျိုးမဟုတ်ဘဲ ဖတ်ရင်းပြုံးရင်းဖြင့် အတွေးပွားစရာ၊ စဉ်းစားစရာ၊ ဆင်ခြင်စရာ၊ ဆန်းစစ်စရာ အသိအမြင်များ ရစေပါသည်။ ထို့ကြောင့် အဆင့်အတန်းမြင့်သော ပြုံးစရာစာဟု ဆိုခြင်းမှာ လျှော်ကန်သင့်မြတ်လှပါသည်။ စာပြောင်စာရွဲ့ ဖြစ်သော သရော်စာသည် ထေ့ရုံ၊ ငေါ့ရုံ၊ လှောင်ရရုံ မဟုတ်မူဘဲ ပြုပြင်စေလိုသော စေတနာပါတတ်ပါသည်။ အပြုသဘောကို ဟာသစွက်ပြီး ရည်ညွှန်းရေးသားရသော ကြောင့် တန်ဖိုးရှိသည့် အနုပညာလက်ရာ တစ်ရပ်ဖြစ်ပါသည်။ မောင်သော်က၏ သရော်စာများမှာ စေတနာကောင်းကိုအရင်းခံ၍ အာဝဇ္ဇန်းကောင်းနှင့်ရေးသော စာများ ဖြစ်ရာ စာပေလောကတွင် တင်ကျန်ရစ်သည့် သရော်စာများ ဖြစ်ပါသည်။ မောင်သော်ကသည် မြန်မာစာပေ နယ်ပယ်တွင် သရော်စာ အရေးကောင်းသူအဖြစ် ထင်ရှားပါသည်။ ။

---

[၁] ရွှေဥဒေါင်း၊ ၂၀၁၃၊ ၄၉၅

## ကျမ်းကိုးစာရင်း


ခင်မင်၊ **မောင်** (ဓနုဖြူ)။ (၁၉၉၇)။ ရယ်စရာသရော်စရာ။ ***စာပေသမုဒ္ဒရာ၌ လက်ပစ်ကူးခြင်း***။ ရန်ကုန်၊ အားမာန်သစ်စာပေ။ ၈၁–၈၆။

ခင်မျိုးချစ်။ (၁၉၇၃)။အနောက်တိုင်းဟာသစာပေ။ ***ဟာသစာပေ***။ ရန်ကုန်၊ စာပေဗိမာန်။ ၁–၃၀။

ခင်မျိုးချစ်။ (၁၉၉၉)။ သရော်စာ –၂အေငမန ။ ***ကိုင်း....ပြောလိုက်စမ်းမယ်သောင်းပြောင်းထွေလာ***။ ရန်ကုန်၊ ငြိမ်းငြိမ်းချမ်းချမ်းစာအုပ်တိုက်။ ၇၃–၈၀။

ချမ်းငြိမ်း။ (၂၀၁၅ အောက်တိုဘာ ၂၈)။ ယုံကြည်ချက်ကို အသက်နှင့်လဲသူ (သို့မဟုတ်) တိုက်ရေယာဥ် ၁၀၃။ ***၇ ဒေ နေ့စဥ် ဂျာနယ်***။ ၂၄၊ ၄၁။

စိုးညွန့်၊ **ဦး**(ရာပြည့်–)။ (၂၀၁၄)။ ***၂၀ ရာစု မြန်မာစာရေးဆရာ ၁၀၀ (တတိယအုပ်)***။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။ ၁၅၂–၁၅၅။

ညိုမြ၊ **ဦး**၊ (၁၉၇၃)။ ခေတ်အမျိုးမျိုးမှ မြန်မာဟာသစာပေ။ ***ဟာသစာပေ***။ ရန်ကုန်၊ စာပေဗိမာန်။ ၁–၃၀။

ထင်၊ **မောင်**။ (၁၉၇၃)။ အမှာစာ။ ***ဟာသစာပေ***။ ရန်ကုန်၊ စာပေဗိမာန်။

ထင်၊ **မောင်**။ (၁၉၈၁)။ ဘာသာပြန်သူ၏ အမှာ။ ***ဂါလီဗာ၏ ခရီးစဥ်***။ ရန်ကုန်၊ စပယ်ဦးစာပေ။ ၁–၈။

ထင်၊ **မောင်**။ (၁၉၈၇)။ ပြင်သစ်စာပေသမိုင်း။ ***ကမ္ဘာ့စာပေအညွှန်း***။ ရန်ကုန်၊ စာပေဗိမာန်။ ၇၅။

မြင့်ကြည်၊ **ဦး**။ (၂၀၁၁)။ တက္ကသိုလ်မောင်မောင်ကြီး၏ နိုင်ငံတော်မျက်နှာ။ ***စာပေနှင့်ဂီတ ဂီတနှင့်စာပေ***။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။ ၁၃၈–၁၅၀။

***မြန်မာအဘိဓာန်***။ (၁၉၉၁)။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

ရွှေဥဒေါင်း။ (၂၀၁၃)။ ***တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ***။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

သော်က၊ **မောင်**။ (၁၉၈၀)။ နိုင်ငံခြားကလေးလူငယ်သုတစာပေ။ ***သုတစာပေစာတမ်းများ(ဒုတိယတွဲ)***။ ရန်ကုန်၊ စာပေဗိမာန်။ ၂၅၃။

သော်က၊ **မောင်**။ (၂၀၁၁)။ ***မောင်သော်က၏ ညနေခင်းများ***။ ရန်ကုန်၊ လင်းသစ်ရောင်စဥ်။

သော်က၊ **မောင်**။ (၂၀၁၄)။ ***ပို့သခဲ့သောမေတ္တာများ (ဒုတိယအကြိမ်)***။ ရန်ကုန်၊ ပိတောက်ရနံ့ စာအုပ်တိုက်။

Morner, KathLeen & Rausch, Relph. (1998). ***Dictionary of Literary Terms***. NTC. Publishing Group, illinois. U.S.A.

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | |
| ၁။ | မောင်သော်က၏ အတ္ထုပ္ပတ္တိအကျဉ်း | ၂ |
| ၁၊၁။ | စာပေဘဝနှင့် စာပေလက်ရာ | ၂ |
| ၂။ | သရော်စာ၏သဘော | ၃ |

၃။ မောင်သော်က၏ သရော်စာများ
၄
၃၊၁။ သရော်စာအကြောင်းအရာ
၄
၃၊၁၊၁။ နိုင်ငံရေးသရော်စာ ၅
၃၊၁၊၂။ စီးပွားရေးသရော်စာ ၆
၃၊၁၊၃။ လူမှုရေးသရော်စာ ၆
၃၊၁၊၄။ စာပေအနုပညာသရော်စာ
၇
၃၊၂။ သရော်စာအရေးအသား
၈
၃၊၂၊၁။ စကားအသုံးအနှုန်း
၈
၃၊၂၊၂။ အဆက်အစပ်
၁၂
၃၊၂၊၃။ အဆင်တန်ဆာ
၁၃
၃၊၂၊၄။ လေသံ
၁၄
၄။ ခြုံငုံသုံးသပ်ချက်
၁၅
နိဂုံး
ကျမ်းကိုးစာရင်း

# မောင်သော်က၏ သရော်စာများ

# မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့
# ၁၇ နှစ်မြောက် သုတေသနစာတမ်းဖတ်ပွဲ

**သန်းဝင်း**
**B.A. (Honours), M.A., Ph.D**
**ပါမောက္ခ**
**မြန်မာစာဌာန**
**မကွေးတက္ကသိုလ်**

**၂၀၁၇ ခုနှစ်**

*J. Myanmar. Acad. Arts Sci. 2018* **Vol. XVI. No. 6A**

# ပုရေနိသင်ရတုကဗျာ၏ ရသဖြစ်ပေါ်မှုအစဉ်

မော်မော်အောင် *


## စာတမ်းအကျဉ်း

ဤစာတမ်းသည် ရသဖြစ်ပေါ်လာပုံနှင့်ပတ်သက်၍ လေ့လာ တင်ပြထား သော စာတမ်းဖြစ်ပါသည်။ အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရ၏ "ပုရေနိသင်" ပိုဒ်စုံရတုကဗျာ၏ ရသဖြစ်ပေါ်မှုကို ရသ၏သဘော လက္ခဏာ များနှင့် ချိန်ထိုးကာ လေ့လာထားပါသည်။ ထိုသို့ လေ့လာခြင်းဖြင့် မြန်မာ စာပေရှိ ရသနယ်ပယ်ကို အထောက်အကူပြုရန် ရည်ရွယ် ပါသည်။


**သော့ချက်ဝေါဟာရများ** – သိင်္ဂါရရသ၊ ဘာဝ၊ ဝိဘာဝ၊ အနုဘာဝ၊ ရတိ ဌာယီဘာဝ၊ ဗျဘိစာရီဘာဝ၊ သာတွိကာဘာဝ။

## နိဒါန်း

အင်းဝခေတ် စာဆိုရှင်မဟာရဋ္ဌသာရ၏ "ပုရေနိသင်" ပိုဒ်စုံရတုကဗျာသည် ခေတ်အဆက်ဆက် မရိုးနိုင်သော ရတုကဗျာတစ်ပုဒ် ဖြစ်ပါသည်။ စာဆိုသည် နန်းတွင်း၌ ကြီးပြင်းကာ မောင်မောက်ဘဝနှင့် အချစ်အလွမ်း များကို ခံစားခဲ့ရပြီး ချစ်သူ၏ အလှဘွဲ့ကို "ဝဏ္ဏပဘာ" ရတုဖြင့် မှတ်တမ်းတင်ခဲ့ကြောင်း အစဉ်အလာ သဘောအရ ဆိုခဲ့ကြပါသည်။ ထိုချစ်သူကို မိမိရဟန်းဘဝ ရောက်သောအခါ စွန့်လွှတ်ရန် ဆုံးဖြတ်ခဲ့၏။ ဆုံးဖြတ်သည့်အတိုင်း မိမိချစ်သူအား "နှမလက်လျှော့ နေလေတော့" ဟု ပုရေနိသင်ရတုကဗျာတွင် ဆိုခဲ့သည်။ ကဗျာတွင် စာဆို၏ ယတိပြတ်ဆုံးဖြတ်သော စိတ်ဓာတ်နှင့်အတူ ပုထုဇဉ်မျှသာဖြစ်သော စာဆို၏ အချစ်၊ အလွမ်း၊ ခံစားမှုများကို တွေ့နိုင်ပါသည်။ ဤစာတမ်းသည် ပုရေနိသင်ရတုကဗျာ၏ ရသသဘောကို လေ့လာရာတွင် ရသဖန်တီးသူ(စာဆို)၊ အနုပညာပစ္စည်း(ရတု)နှင့် ရသခံစားသူ (စာဖတ်ပရိသတ်)တို့ ပေါင်းစည်းကာ ရသဖြစ်ပေါ်လာပုံတို့ကို ဖော်ထုတ် တင်ပြထားပါသည်။

---

[၁] ဒေါက်တာ၊ ပါမောက္ခ၊ မြန်မာစာဌာန၊ လှိုင်ကော်တက္ကသိုလ်

## ၁။ ရသဟူသည်

ပညာရှင်အသီးသီးတို့သည် ရသသဘောနှင့်ပတ်သက်၍ ခေတ်အဆက်ဆက် စူးစမ်း လေ့လာမှု ပြုခဲ့ကြပါသည်။ ရသသဘောတရားကို BC(၂)ရာစုခန့်က အိန္ဒိယ နိုင်ငံမှ သက္ကတပညာရှင် ဘရတမုနိ၏ အကဆိုင်ရာသဘောများကို ဖော်ပြသည့် နာဋျသျှတ္တရ ကျမ်းမှ စတင်ခဲ့ပါသည်။ ပါဠိစာပေ လောကဉ်မှု AD(၁၁)ရာစုခန့်မှ ရသ အကြောင်း စတင်ဖော်ပြခဲ့သည့်ကျမ်းမှာ အရှင်သံဃရက္ခိတ မထေရ်၏ သုဗောဓာ လင်္ကာရကျမ်း ဖြစ်ပါသည်။ မြန်မာအလင်္ကာကျမ်းတို့၏ လက်ဦး ကျမ်းလည်း ဖြစ်သည်။

သက္ကတကျမ်းတို့၏အလိုအရ ဒိဋ္ဌလောကနှင့် အနုပညာလောကဟူ၍ လောက နှစ်မျိုးရှိပါသည်။ ဒိဋ္ဌလောကကို ထာဝရဘုရားကဖန်တီး၍ အနုပညာလောကကို စာဆိုက ဖန်တီးပါသည်။ ဒိဋ္ဌလောကတွင် ခံစားရမှုသည် သုခ၊ ဒုက္ခ(၂)ပါး ဒွန်တွဲ နေသော်လည်း၊ အနုပညာလောကတွင်မူ ရသဟူသည် ဒုက္ခမရှိ၊ သုခသာရှိသည်။ ချစ်စရာဖြစ်စေ၊ မုန်းစရာဖြစ်စေ နှစ်သက်စရာချည်း သာဖြစ်သည်။ ဤသည်မှာ ရသ၏ ထူးခြားချက်ပင်ဖြစ်ပါသည်။

ကျမ်းတို့၏အလိုအရ ရသသဘောကို စူးစမ်းမှုပြုခြင်းသည် စိတ်ခံစားမှုများကို စူးစမ်း လေ့လာခြင်းလည်းဖြစ်ပါသည်။ စိတ်ခံစားမှုဆိုရာ၌ အနုပညာကြောင့် ဖြစ်ပေါ်လာသော 'သာယာသောခံစားမှု'ကိုညွှန်းဆိုပါသည်။ ရသသည် စိတ်ကိစ္စဖြစ် သည့်အတွက် အလွန်ပင်သိမ်မွေ့ နက်နဲပါသည်။ ရသစာပေလောကတွင် ခံစားရသော နှစ်သက်မှုကို အမျိုးအမည်မဖော်ပြနိုင်သော နှစ်သက်မှုဟုဆိုပါသည်။[၁] ထိုသဘောကို စာပေအနုပညာရှင်အချို့က "ရသမှာစာပေ၏အဘိဓမ္မာ"[၂] ဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ပါ သည်။

ဖော်ပြပါ အဆိုအရ ရသအဘိဓမ္မာကို ပြဋ္ဌာန်းဖန်တီးသူမှာ စာဆိုဖြစ်ကြောင်း သိနိုင် ပါသည်။ စာဆိုသည် သူ၏စာပေလက်ရာကို ဖတ်ရှုသူတို့ ရသခံစားမှုဖြစ်စေ ရန် ဇာတ်ဆောင်နှင့် ပတ်ဝန်းကျင်လောကများကို ပုံဖော်ပါသည်။ စာပေအနုပညာ နယ်ပယ်အတွင်းရှိ ဇာတ်ဆောင်များကို စာဖတ်ပရိသတ်က နှစ်သက်စွာခံစားကြ၏။ ထိုအခါ စာဆိုဖော်ကျူးလိုသော ရသ(အဘိဓမ္မာ)သည် စာဖတ်သူထံသို့ ကူးစက် ရောက်ရှိသွားပါသည်။ ရသကူးစက်မှုအစဉ်အရ ရသဟူသည် စာဆို(စာဆိုကိုယ်တိုင်

---

[၁] ရွှေအောင်၊ ဦး၊ ၁၉၈၀၊ ၄။

[၂] သော်ဇင်၊ ဦး၊ ၁၉၆၈၊ ၂၀၁။

ဇာတ်ဆောင်အဖြစ်ပါဝင်ပါက)၊ ဇာတ်ဆောင်နှင့် စာဖတ်ပရိသတ်တို့ တစ်သားတည်း ဖြစ်သွားစေသော 'နှစ်သက်ဖွယ်ခံစားမှု' ပင်ဖြစ်ပါသည်။

## ၁၊ ၁။ ရသ၏ သဘောလက္ခဏာများ

စာပေအနုပညာအတွက် တစ်စုံတစ်ခုသော ရသခံစားမှုဖြစ်ပေါ်ရန် ဘာဝ၊ ဝိဘာဝ၊ အနုဘာဝ ဟူသော ရသ၏ သဘောလက္ခဏာများဖြင့် ရေးဖွဲ့ရပါသည်။ ယင်း (၃)မျိုး သည် ရသစာပေ၏ ဖိုခနောက်များဖြစ်သည်။

### ၁၊ ၁၊ ၁။ ဘာဝ၊ ဝိဘာဝ၊ အနုဘာဝ

ဘာဝ – ဟူသည် စိတ်ထဲတွင် ထူးထူးခြားခြား ဆန်းဆန်းပြားပြား ပေါ်ပေါက်လာသော ခံစားမှုပင် ဖြစ်ပါသည်။ "ဇာတ်ဆောင်တို့၏ စိတ်ဖြစ်ပုံအထူးသည် ဘာဝမည်၏"[၁] ဟု ဆိုပါ သည်။ ဘာဝ(၃)မျိုးရှိပါသည်။

- ဌာယီဘာဝ (၉)မျိုး
- ဗျဘိစာရီဘာဝ (၃၃)မျိုး
- သာတွိကဘာဝ (၈)မျိုးဟူ၍ ပိုင်းခြားထားသည်။

ဝိဘာဝ – ဟူသည် ဘာဝ(၃)မျိုးကို ဖြစ်ပေါ်စေတတ်၊ တိုးပွားစေတတ်သော အကြောင်းရင်း ဖြစ်ပါသည်။ ရသဖြစ်ပေါ်ရန် စေ့ဆော်သည့်အကြောင်းရင်း (သို့) အကြောင်းထူး ဖြစ်ပါသည်။ တစ်နည်း "ဘာဝ၏ မုချအကြောင်း၊ အခြံအရံအကြောင်း သည် ဝိဘာဝမည်၏"[၂] ဟု ဆိုပါသည်။ ဝိဘာဝ (၂)မျိုးရှိပါသည်။

- အာလမ္ဗဏဝိဘာဝ နှင့်
- ဥဒ္ဒီပနဝိဘာဝ တို့ဖြစ်ပါသည်။

အာလမ္ဗဏဝိဘာဝဟူသည် ဌာယီဘာဝကို နှိုးဆွပေးသော မုချအကြောင်း ဖြစ်ပါသည်။ ဥဒ္ဒီပနဝိဘာဝဟူသည်မှာ ဌာယီဘာဝကို အကူအညီပေးသော အခြံအရံ အကြောင်းဖြစ်ပါသည်။

အနုဘာဝ – ဟူသည် ဌာယီဘာဝ၏အကျိုးဖြစ်သည်။ မီး၏အကျိုးဖြစ်သော မီးခိုးသည် မီးကိုသိရခြင်းအကြောင်း ဖြစ်သကဲ့သို့ ဘာဝသုံးပါးကို သိရခြင်း အကြောင်းသည် 'အနုဘာဝ' ဖြစ်ကြောင်း အလင်္ကာပန်းကုံးဆရာတော်ကဆိုပါသည်။

---

[၁] ကုမာရ၊ အရှင်၊ ၂၀၀၀၊ ၃၅၄။
[၂] –ယင်း– ။

အနုဘာဝသည် ဇာတ်ဆောင်တို့၏ ရင်တွင်းခံစားချက် (ဌာယီဘာဝ)ကို အပြင်ဘက်က သိသာလောက်အောင် ထင်ရှားပြတတ် သည့် ဇာတ်ဆောင်တို့၏ ကိုယ်နှုတ်စသည့် အမူအရာသဘော ဖြစ်သည်။ တစ်နည်း – "ဌာယီဘာဝ၏ အကျိုးတရားသည် အနုဘာဝ ဖြစ်ပါသည်။"[၁]

ဝိဘာဝနှင့် အနုဘာဝတို့သည် ရသကိုဖြစ်ပေါ်စေသော အကြောင်းတရားများ ဖြစ်ပြီး၊ ဘာဝသည် ရသဖြစ်ပေါ်မှု အကျိုးတရားများ ဖြစ်ပါသည်။

## ၁၊ ၁၊ ၂။ ဌာယီဘာဝ၊ ဗျဘိစာရီဘာဝ၊ သာတ္တိကာဘာဝ

ဌာယီဘာဝဟူသည် "မိမိသဘောအတိုင်းတည်ရှိနေသောဘာဝ"[၂] မျိုးဖြစ်သည်။ မျိုးဖြစ်သည်။ ဌာယီ ဘာဝများသည် လူသားတို့၏ နှလုံးအိမ်အတွင်း၌ ထာဝစဉ်ကိန်းအောင်း နေသော သတ္တိများဖြစ်သည်။ မထင်ရှားသည့်သဘောဖြစ်နေသည်။ မထင်ရှားသည့် သဘော သည်၊ သင့်လျော်သော အထောက်အပံ့ကို ရသောအခါ ထင်ရှားသည့်သဘော အနု ဘာဝအဆင့် ရောက်၏။ ထိုမှတစ်ဆင့် ဇာတ်ဆောင်၏ အနုဘာဝကြောင့် ဌာယီ ဘာဝအဆင့် ပီပြင်ကာ ပရိသတ်အား ရသခံစားမှုကို ဖြစ်ပေါ်စေပါသည်။

"ဝိဘာဝ၊ အနုဘာဝ စသည်တို့ဖြင့် သာယာအပ်သောသဘောသို့ ရောက်စေအပ်သည် ဖြစ်၍ ရသဟုဆိုသင့်သော ဘာဝမျိုးသည် ဌာယီဘာဝ"[၃] ပင် ဖြစ်ပါသည်။

ထို့ကြောင့် ရသနှင့်အပြိုင် ဌာယီဘာဝလည်း (၉)မျိုးရှိပါသည်။

| | | | |
|---|---|---|---|
| (၁) | "ချစ်ကြိုက်ခြင်း | – | ရတိဌာယီဘာဝ |
| (၂) | ပြုံးရယ်ခြင်း | – | ဟာသဌာယီဘာဝ |
| (၃) | သနားကြင်နာခြင်း | – | သောကဌာယီဘာဝ |
| (၄) | ကြမ်းကြုတ်ခြင်း | – | ကောဓဌာယီဘာဝ |
| (၅) | ရဲရင့်ခြင်း | – | ဥဿဟ ဌာယီဘာဝ |
| (၆) | ကြောက်ခြင်း | – | ဘယဌာယီဘာဝ |
| (၇) | စက်ဆုပ်ရွံရှာခြင်း | – | ဇိဂုစ္ဆာဌာယီဘာဝ |
| (၈) | အံ့သြခြင်း | – | ဝိမှယဌာယီဘာဝနှင့် |

[၁] ရွှေအောင်၊ ဦး၊ ၁၉၈၀၊ ၁၂၇။
[၂] ကုမာရ၊ အရှင်၊ ၂၀၀၀၊ ၃၅၇။
[၃] –ယင်း– ၃၇၈။

(၉) ငြိမ်သက်တည်ကြည်ခြင်း – သမဌာယီဘာဝ”[၁] တို့ ဖြစ်ပါသည်။

၅၂၈ သွယ်သော မေတ္တာနှင့်ယှဉ်သည့် ဝစ္ဆလျရသကို ထည့်လျှင် ရသ (၁၀)ပါး ဟူ၍ လည်းကောင်း၊ ရသ စစ်စစ်ကား သန္တရသ တစ်ပါးတည်းသာရှိသည် ဟူ၍သာ ဆိုကြပါသည်။

ဦးရွှေအောင်က ရသဖြစ်ပေါ်မှုသဘောကို နို့ခမ်းနှင့်ဖျော်ရည်နည်း တို့ဖြင့် ပြပါသည်။ ဖျော်ရည်နည်းဖြင့် ပြရာတွင် ဖျော်ရည်ရသပေါ်လာစေရန် ပြင်ပဋ္ဌရှိသည့် မန်ကျည်း၊ ထန်းလျက် စသည်တို့ကို ခွက်ထဲ၌ စုပေါင်းသကဲ့သို့၊ ရသဟူသည် ဝိဘာဝ၊ အနုဘာဝ စသည့် သက်ရှိသက်မဲ့ ဝတ္ထုများ၊ အကြောင်းအရာများကို ပရိသတ်၏ နှလုံးအိမ်အတွင်း စုပေါင်းလိုက်ခြင်းဖြစ်ပါသည်။ တစ်ခုစီပါဝင်သော သီးခြားအရသာကို စွန့်၍ ဖျော်ရည်အရသာကဲ့သို့၊ ရသအဆင့်ရောက်ချိန်၌ တစ်ခုတည်းသာရှိအပ်ကြောင်းကို ဆိုပါသည်။

ရသ – ဟူသည် သိစရာအာရုံနှင့် သိစိတ်တို့ပေါင်းစပ်ခြင်းဖြင့် ဖြစ်ပေါ်လာသော ကျေနပ် နှစ်သက်မှုပင်ဖြစ်သည်။ ဖျော်ရည်၏ အရသာကို သောက်သုံးမှ သိသကဲ့သို့ အနုပညာလက်ရာကို လည်း ခံစားမှသာ ‘ရသ’ ဖြစ်သည်။ မခံစားသမျှ ‘ရသ’ မဖြစ်၊ ဌာယီဘာဝအဆင့်တွင်သာ ရှိပါသည်။

‘ဌာယီဘာဝကို တိုးပွားအောင် မွေးမြူပေးတတ်သော ယာယီခံစားမှုများသည် ဗျာဘိစာရီဘာဝ များဖြစ်သည်။ ဗျာဘိစာရီဘာဝသည် တည်မြဲခြင်းမရှိ။ ထင်ရှားလိုက်၊ ကွယ်ပျောက်လိုက်၊ ပေါ်လိုက်၊ ငုပ်လိုက်ဘာဝမျိုးဖြစ်သည်။ “မိမိသဘောအတိုင်း မတည်နိုင်သော ဌာယီဘာဝသည် ဗျာဘိစာရီဘာဝပင်ဖြစ်သည်။”[၂] လောကီကျမ်းတို့၌ ဗျာဘိစာရီဘာဝ (၃၃)မျိုး ရှိကြောင်း အညီအညွတ်ဆိုကြသည်။ ယင်းမှာ–

| | | | |
|---|---|---|---|
| ၁။ | “ငြီးငွေ့ခြင်း(နိဗ္ဗေဒ) | ၁၈။ | ကြောင့်ကြခြင်း(ဥဿုက္က) |
| ၂။ | ပျာယာခတ်ခြင်း(အာဝေဂ) | ၁၉။ | ရူးသွပ်ခြင်း(ဥမ္မာဒ) |
| ၃။ | ညှိုးငယ်ခြင်း(ဒီနတာ) | ၂၀။ | မလုံမလဲဖြစ်ခြင်း(သင်္ကာ) |
| ၄။ | ပင်ပန်းခြင်း(သမ) | ၂၁။ | အောက်မေ့ခြင်း(သတိ) |
| ၅။ | ယစ်မူးခြင်း(မဒ) | ၂၂။ | ဆုံးဖြတ်ခြင်း(မတိ) |

[၁] သော်ဇင်၊ ဦး၊ ၁၉၆၈၊ ၂၁၀။

[၂] သော်ဇင်၊ ဦး၊ ၁၉၆၈၊ ၂၁၃။

| | | | |
|---|---|---|---|
| ၆။ | မှင်တက်မိခြင်း(ဇဠတာ) | ၂၃။ | ဖျားနာခြင်း(ဗျာတိ) |
| ၇။ | ကြမ်းတမ်းခြင်း(ဥဂ္ဂတာ) | ၂၄။ | ကြောက်လန့်ခြင်း(တာသ) |
| ၈။ | တွေဝေခြင်း(မောဟ) | ၂၅။ | ရှက်ခြင်း(လဇ္ဇာ) |
| ၉။ | မျက်စိကျယ်ခြင်း(ဝိဗောဓ) | ၂၆။ | ပျော်ရွှင်ခြင်း(ဟဿ) |
| ၁၀။ | မြင်ယောင်နေခြင်း(သုပိန) | ၂၇။ | ငြူစူခြင်း(အသူယာ) |
| ၁၁။ | စိတ်ဖောက်ပြန်ခြင်း (အပမာရ) | ၂၈။ | အားကိုးရာမဲ့ခြင်း(ဝိသာဒ) |
| ၁၂။ | မာန်တက်ခြင်း(ဂဗ္ဗ) | ၂၉။ | ကျေနပ်ခြင်း(ဓိတိ) |
| ၁၃။ | အသက်စွန့်ခြင်း(မရဏ) | ၃၀။ | မနာလိုခြင်း(စပလတာ) |
| ၁၄။ | လေးလံခြင်း(အာလဿ) | ၃၁။ | ညှိုးချုံးခြင်း(ဂိလာနိ) |
| ၁၅။ | စိတ်မထိန်းနိုင်ခြင်း(အမရိသ) | ၃၂။ | ပူပန်ခြင်း(စိန္တာ) |
| ၁၆။ | ငိုက်မျဉ်းခြင်း(နိဒ္ဒါ) | ၃၃။ | တွေးတောခြင်း(ဝိတက္က)”[၁] |
| ၁၇။ | ချုပ်တည်းခြင်း(အဝဟိတ္ထာ) | | တို့ဖြစ်ပါသည်။ |

သာတွိကဘာဝဟူသည် “စိတ်ကြောင့်ဖြစ်သောအခြင်းအရာ”[၂] ပင်ဖြစ်သည်။ ဌာယီဘာဝ ၏ အကျိုး၊ အနုဘာဝဖြစ်သင့်သော်လည်း၊ စိတ်၏ဖောက်ပြန်ခြင်း အဖြစ်များကြောင့် ဘာဝတစ်ခုအနေဖြင့် တည်နေခြင်းဖြစ်သည်။ စိတ်၏ဖြစ်ခြင်းများ အထင်အရှားဖြစ်ပေါ်လာလျှင်မူ အနုဘာဝဖြစ်သည်။ သာတွိကဘာဝ (၈)မျိုးရှိ၏ ယင်းမှာ–

၁။ “ကိုယ်စိတ်တို့၏ခိုင်ခံ့ခြင်း (ထမ္ဘ)

၂။ မိန်းမောတွေဝေခြင်း (ပလယ)

၃။ ကြက်သီးမွေးညှင်းထခြင်း(ရောမဉ္စ)

၄။ ချွေးထွက်ခြင်း(သေဒ)

၅။ မျက်ရည်ထွက်ခြင်း(အဿု)

---

[၁] ရွှေအောင်၊ ဦး၊ ၁၉၈၀၊ ၂၄၃–၂၄၄။

[၂] ကုမာရ၊ အရှင်၊ ၂၀၀၀၊ ၃၆၅။

၆။ ကိုယ်စိတ်တုန်လှုပ်ခြင်း(ဝေပထု)

၇။ အဆင်းဖောက်ပြန်ခြင်း(ဝေဝဏ္ဏ)

၈။ အသံပျက်ခြင်း(ဝိသရတာ) တို့ဖြစ်သည်။[၁]

သာဓကအားဖြင့် — "မျက်ရည်ထွက်ခြင်း" ဟူရာ၌ သောကဖြစ်ခြင်း၊ ပြုံးရယ်ခြင်း၊ အနာရောဂါအခိုးသင့်ခြင်း စသည်ဖြင့် ရှိနိုင်သည်။ မည်သည့် ဝိဘာဝကြောင့်ဖြစ်သော ခံစားမှုဟူ၍ မသိနိုင်။ ထို့ကြောင့် အဖွဲ့အနွဲ့စာစီအကုံး၌ 'ဝိဘာဝ' 'အနုဘာဝ' တို့နှင့်တကွ 'ဘာဝ' ကိုပြရသည်ဟု မှတ်သားမိပါသည်။

ဌာယီဘာဝသည် ဝိဘာဝ၊ အနုဘာဝ၊ ဗျဘိစာရီဘာဝတို့ဖြင့် ပေါင်းစပ်ကာ ရသ၏ ဖြစ်ပေါ်ခြင်း၊ သိသာခြင်း၊ ကြီးပွားခြင်းများဖြစ်ပေါ်လာစေသည်။ တစ်နည်း– ရသဖြစ်ပေါ်ရန် အတွက် ဌာယီဘာဝသည် ဝိဘာဝ၊ အနုဘာဝ၊ ဗျဘိစာရီဘာဝတို့ဖြင့် ဆက်သွယ်ပြီး သာယာနှစ်သက်စေသောအဖြစ်သို့ အရောက်ပို့ဆောင်ခြင်းဖြစ်သည်။ (တစ်ပါးတည်းသောရသ ဖြစ်သည့် သန္တရသ) 'ရသစစ်စစ်သည် ရသ၏ နယ်ဆုံးဖြစ်သော်လည်း ရသစာပေ၏ပန်းတိုင်မဟုတ်။ ရသစာပေ၏ ပန်းတိုင်မှာ လောကအသိအမြင်ပေးရန်'[၂] ဖြစ်ပါသည်။

## ၂။ ပုရေနိသင်ရတုကဗျာ၏ ရသဖြစ်ပေါ်ပုံလေ့လာချက်

### ၂၊ ၁။ ကဗျာတွင်ပါဝင်သောဖြစ်စဉ်များ

ကဗျာတွင် ပါဝင်သောဖြစ်စဉ်များနှင့်ပတ်သက်၍ ရတု၏ ပထမပိုဒ်တွင်–

- ရှေးရေစက်ဆုတောင်းကြောင့် ငယ်ကျွမ်းချစ်ဖြစ်ရပုံ
- ငယ်ရွယ်သူတို့၏ ချစ်ခြင်းသဘော
- ချစ်ခြင်းကြောင့် စွန့်စားရင်သန်လျက်ရှိသော အပြုအမူများ
- ချစ်ခြင်းတရားနှင့် သာသနာရေးမအပ်စပ်ပုံ
- ဆင်ခြင်မိပုံ ဟူ၍လည်းကောင်း၊

ရတု၏ ဒုတိယပိုဒ်တွင်–

- ချစ်သူထံမှ စာခွေရောက်လာခြင်းနှင့် ဆက်စပ်လျက်ရှိသော စိတ်ခံစားပုံ့လွင့်မှုများ

---

[၁] သော်ဇင်၊ ဦး၊ ၁၉၆၈၊ ၂၁၅–၂၁၆။

[၂] အောင်သောင်း၊ ဦး၊ ၂၀၀၈၊ ၈၈။

- ရဟန်းဘဝ၏ကျင့်ကြံအားထုတ်မှုများ
- ရဟန်းဘဝ၏ ထိန်းချုပ်စောင့်စည်းမှုစိတ်သန္တာန်
- ထပ်လောင်းဆင်ခြင်မိပုံ ဟူ၍လည်းကောင်း၊

ရတု၏ တတိယပိုဒ်တွင်–

- ပုထုဇဉ်ပီပီ ချစ်သူထံရစ်ဝဲလျက်ရှိသော စိတ်ပျံ့လွင့်မှု
- နေရာဒေသနှင့်ချစ်သူနှစ်ဦး၏ အမူအရာများ
- ချစ်သူမိန်းကလေးအပေါ်သနားသည့်စိတ်ခံစားမှု
- အချိန်ကာလနှင့် မိန်းကလေး၏ စိတ်အသွင်
- ရဟန်းဖြစ်သူဇာတ်ဆောင်၏ စိတ်အတွေး ဟူ၍လည်းကောင်း၊

တွေ့ရှိနိုင်ပါသည်။

ဖော်ပြပါဖြစ်စဉ်များကို အခြေခံ၍ ကဗျာတွင်ပါဝင်သော ရသဖြစ်ပေါ်မှုအခြေခံ အစိတ်အပိုင်းများကို လေ့လာ တင်ပြသွားပါမည်။

## ၂.၂။ ကဗျာတွင် ပါဝင်သောရသအစိတ်အပိုင်းများလေ့လာမှု

### ၂.၂.၁။ ရတုပထမပိုဒ်

"ပုရေနိသင်" ရတုကဗျာတွင် ဇာတ်ဆောင်(ရဟန်းပျို)နှင့် ချစ်သူ မိန်းကလေးသည် ရသဖြစ်ပေါ် စေရန်အကြောင်းအရင်း 'အာလမ္ဗဏဝိဘာဝ' များဖြစ်သည်။ စာဖတ်သူသည် စာဆိုဖန်တီးရာ ရတုတွင်းမှ ပုထုဇဉ် ရဟန်းပျိုဇာတ်ဆောင်ကို အာရုံထားပါမည်။ ထိုအခါ ဇာတ်ဆောင် (ရဟန်းပျို) သည် ချစ်သူမိန်းကလေးကို ချစ်ခြင်းအဖြစ်ကြောင့် ရတိဋ္ဌာယီဘာဝဖြစ်စေမည့် အာလမ္ဗဏဝိဘာဝဖြစ်ပြီး၊ မိန်းမပျို သည် ဇာတ်ဆောင် (ရဟန်းပျို)အား 'ရတိ' ဟူသော ချစ်ခြင်းတရားကို တိုးပွားစေရန် အားပေးသော အခြံအရံအကြောင်းဖြစ်၍ ဥဒ္ဒီပနဝိဘာဝ ဖြစ်ပါသည်။

ရှေးရေစက်ဆုတောင်းကြောင့် ချစ်ခဲ့ရသူ ငယ်ကျွမ်းချစ်ကို အိမ်ရှင်မအဖြစ် ရည်မှန်းမိပုံ၊ လက်သင်ဆံထုံး ထုံးစအရွယ်ကတည်းက ချစ်ခဲ့ရပုံ၊ ကံတရားကြောင့်ပင် ချစ်ချစ်၊ ချစ်သင့်သော ဆန္ဒကြောင့်ပင်ချစ်ချစ်၊ သံယောဇဉ်ဖြစ်ခဲ့ ချစ်ခဲ့ရပုံများကို ရတု၏ ပထမပိုဒ်တွင်–

"ပုရေနိသင်၊ ဆက်တိုင်းကြင်၍
အိမ်ရှင်အစစ်၊ ငယ်ကျွမ်းချစ်နှင့်

ထပ်ရစ်လက်သင်၊ ထုံးစတွင်၌

သွေးငင်ကြမ္မာ ဝါသနာကြောင့်"[၁]

ဟူ၍ ဇာတ်ဆောင်၏ စိတ်အတွေးများကို ဖွဲ့ပြထားသည်။ ထို အောက်မေ့ခြင်း စိတ်အတွေး များသည် (သတိ)ဗျဘိစာရီဘာဝများ ဖြစ်ပါသည်။ စိတ်အတွေးများ၏ ရိုက်ခတ်မှုကြောင့် ချစ်သူချင်း တွေ့ဆုံရန် မကြိုးစားခင်

"ဆရာမိဘ၊ ကွပ်ဆုံးမလည်း

ချစ်စထုံးနှောင်၊ ပျော်ရအောင်"[၂]

ဟူသောအသံကို ကြားယောင်မိစေသည်။ ထိုအသံသည် စိတ်၏ဖြစ်ခြင်းများ အထင်အရှား ဖြစ်ပေါ်လာသည့် (နှုတ်အမူအရာ) 'အနုဘာဝ' လည်းဖြစ်သည်။ (နှုတ်အမူအရာ) 'အနုဘာဝ' မှသည် ထပ်ဆင့်၍ ရှင်သန်စေသော (ကိုယ်အမူအရာ) 'အနုဘာဝ' များအဖြစ်–

"သန်းခေါင်မဟူ၊ အတူယှဉ်နွဲ

သန်လွဲမခန့်၊ ကိုယ်သက်စွန့်၍

ဝေးဝွန့်ခရီး၊ ချုံကြီးတောအုံ

ဝါးရုံဝါးထွေး၊ သစ်ကျားဘေးကို

မတွေးဆံဖျား၊ မလေးစားတည့်"[၃]

ဟူ၍ တွေ့နိုင်သည်။ ချစ်ခြင်းကိန်းတည်နေသော၊ ရတိဌာယီဘာဝဖြစ်နေသော ဇာတ်ဆောင်၏ အမူအရာများသည် အသက်ဝင်လျက်ရှိပါသည်။ ချစ်ခြင်းဦးဆောင်နေခြင်းကြောင့် ဇာတ်ဆောင်သည် သန်းခေါင်ကိုလည်း မကြောက်၊ သားရဲတိရစ္ဆာန်ကိုလည်း မမှု၊ ချစ်သူမိန်းကလေးထံ အရောက်သွားခဲ့သည်။ မည်မျှပင် ဝေးကွာသော ခရီးရှည်ကြီးပင်ဖြစ်နေပါသော်လည်း အရောက်သွားပါသည်။ ချုံကြီး တောစုံ ထူထပ်ရှုပ်ထွေးနေပါသော်လည်းပဲ အရောက်သွားပါမည်။ ငယ်ရွယ်သူတို့၏ ချစ်ခြင်းသဘောသည် သဘာဝကျလျက်ရှိနေ၏။

ချစ်သူထံအရောက်သွားရာ လမ်းခရီးသည် ဖြောင့်ဖြူးမှုမရှိ၊ သာယာမှုမရှိ။ သို့သော် ချစ်သူထံသို့အရောက်သွားနေသော ဇာတ်ဆောင်၏ စိတ်အတွေးထဲတွင်မူ

---

[၁] ရဋ္ဌသာရ၊ ရှင်မဟာ၊ ၁၉၉၂၊ ၁၇။

[၂] – ယင်း – ။

[၃] ရဋ္ဌသာရ၊ ရှင်မဟာ၊ ၁၉၉၂၊ ၁၇။

ကြည်နူးသာယာမှုများ ရှိနေသည်။ ပင်ပန်းသော်လည်း ပင်ပန်းသည်မထင်။ ချစ်ခြင်း၏အဖြစ်ကြောင့် "ပင်ပန်းခြင်း" သည် သုခသဘောဖြစ်လျက် ငုပ်လျှိုးနေသည်။ ဇာတ်ဆောင်၏ "ချစ်ခြင်းကြောင့် စွန့်စားရှင်သန်လျက်ရှိသော အပြုအမူများ" သည် ပေါ်လွင်သော ကိုယ်အမူအရာ 'အနုဘာဝ' များ ဖြစ်ပါသည်။ ထို 'ရတိဋ္ဌာယီဘာဝ' ဖြစ်နေသော ဇာတ်ဆောင်ထံတွင် "ပင်ပန်းခြင်း" က ငုပ်လျှိုးနေသော "ဗျဘိစာရီဘာဝ" ဖြစ်ကြောင်း လေ့လာသိရှိနိုင်ပါသည်။

အတွေးဝင်နေသော ဇာတ်ဆောင်သည် မိမိ၏အဖြစ်ကို မိမိသိလိုက်သည်။ မိမိသည် သာမန် ပုထုဇဉ်မဟုတ်။ ရဟန်းဘဝရောက်နေသော ပုထုဇဉ်ဖြစ်သည်။ ထို့ကြောင့် တရားသဘောကို နှလုံးသွင်းမိ၏။ သံသရာဘေးကိုလည်း ထိတ်လန့်ခြင်း ဖြစ်မိသည်။ ရဟန်းဘဝနှင့် မိန်းမပျိုသည် မည်သို့မျှ မအပ်စပ်။ ဘဝချင်းဆက်စပ်မရမှုသည် ကြေးနှင့် ရွှေပမာပင်။ ဗုဒ္ဓဘာသာ မြန်မာယောကျ်ားလေး ဖြစ်၍လည်း သာမဏေဘဝနှင့် စာဝါများလိုက်ခဲ့သည်။ လောကီလောကုတ္တရာဗဟုသုတများကို ရှာမှီးခဲ့၏။ သာသနာ့ဘောင်ကို ပျော်ပိုက်၍ ပဉ္စင်းဘဝကိုပင် ရောက်ခဲ့ရပြီ။ မြတ်စွာဘုရားဟောတော်မူအပ်သော ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)နှင့်လည်း ထိတွေ့ခွင့် ရနေပြီဖြစ်သည်။ ထို့ကြောင့် သမုဒယနှောင်ကြိုးကို ထပ်၍ ခိုင်မြဲအောင် မကြိုးစားလိုတော့ပေ။ ယင်းကို–

"တရားသံဝေ၊ အောက်မေ့ချေသော်
ကြေးရွှေဂဟော၊ မစပ်ချေသို့
စာပေတတ်ပွန်၊ ဓမ္မက္ခန်နှင့်
ကျမ်းဂန်သိမြောက်၊ ပဉ္စင်းရောက်က
ထပ်လျောက်ကြင်ဘွယ်၊ ရှေးသောနှယ်ကို
အဘယ် ကြိုးရှာလေတော့မည်"[၁]

ဟု ဆိုထားခဲ့သည်။ ချစ်ခြင်းကြောင့် ရွှင်လန်းတက်ကြွနေသောစိတ်နှင့် ယိမ်းယိုင်နေမှုကို တရားအသိတရားသတိဖြင့် ထိန်းမတ်နိုင်သောစိတ်တို့သည် ဇာတ်ဆောင်၏ ရင်တွင်းရှိ (မတိ)ဗျဘိစာရီဘာဝများ ဖြစ်ပါသည်။ 'စာပေတတ်ပွန်၊ ဓမ္မက္ခန်နှင့် ကျမ်းဂန်သိမြောက်၊ ပဉ္စင်းရောက်က' ဟူသော အချက်သည် ဇာတ်ဆောင်၏ ပဉ္စင်းဘဝကို ပီပြင်မှုဖြစ်စေရန် ထောက်ပံ့ခြံရံထားသော ဥဒ္ဒီပနဝိဘာဝများအဖြစ် မှတ်ယူနိုင်သည်။

---

[၁] ရဋ္ဌသာရ၊ ရှင်မဟာ၊ ၁၉၉၂၊ ၁၇။

## ၂၊ ၂၊ ၂။ ရတုဒုတိယပိုဒ်

ရတုဒုတိယပိုဒ်ကို–

"လူ့မြေတိတွင်၊ ဖက်မမြင်သား
သန့်စင်ငယ်က၊ လက်တော်လှနှင့်
ချိန်းချစ့်ရေ၊ မှာစာခွေကို
စသေလိပ်ပြီး၊ ခင်းနီးကွက်ကျယ်
ပြောက်မျိုးခြယ်သား၊ ဆင်စွယ်ဝန်းယုက်
မွေးမယ်ရက်သည်၊ အသက်တို့က
ဆက်လှာရသား"[၁] ဟူ၍ စထားခဲ့သည်။

ချစ်သူသည် ပြိုင်ဘက်မရှိအောင်လှသူဖြစ်သည်။ ရုပ်လှသကဲ့သို့ စိတ်လှသူလည်း ဖြစ်သည်။ ချစ်သူမိန်းကလေးထံမှ စာခွေရောက်လာသည်။ စာခွေကို ဆင်စွယ်ဝန်းယုက်နေသည့် အပြောက်အမွမ်းများပါသော အဝတ်စဖြင့် သေသပ် ကျနစွာ ပတ်လိပ်လျက် ပို့လိုက်ခြင်းဖြစ်သည်။ ထိုအဝတ်စလေးသည် ချစ်သူကိုယ်တိုင်လှပသော လက်ကလေးများဖြင့် ရက်လုပ်ထားခြင်းလည်း ဖြစ်သည်။ မိမိထံ စာခွေရောက်လာရန်အတွက် အဆင့်ဆင့်အားထုတ်ကြိုးပမ်းခဲ့သော ချစ်သူ မိန်းကလေးနှင့်ပတ်သက်နေသည့် စိတ်အတွေးဖြစ်ရပ်များသည် (သုပိန)ဗျာဘိစာရီဘာဝများ ဖြစ်ပါသည်။ ထို့ပြင် ဇာတ်ဆောင်(ရဟန်းပျို)၏ 'ရတိဌာယီဘာဝ' ဟူသည့် ချစ်ခြင်းကိုတိုးပွားစေအောင် ခြံရံထားသော ဥဒ္ဒီပနဝိဘာဝအဖွဲ့များအဖြစ်လည်း ယူဆနိုင်ပါသည်။

ဇာတ်ဆောင်သည် မိမိ၏ ပျံ့လွင့်နေသော စိတ်အတွေးများကို စုစည်းရပြန်၏။ ရဟန်း၏ ဝိနည်း၊ သိက္ခာပုဒ်များ၊ ပညတ်ချက်များကို အပ်သွားပမာဏမျှ၊ ဆံချည်မျှင်လေးမျှလောက် အမှားမရှိအောင် စောင့်ထိန်းရသည်။ သို့သော် စာဝါလိုက်ခြင်း၊ စာပေများကျက်မှတ်ခြင်းတို့၌ (မောဟ) ဗျာဘိစာရီဘာဝသတိ လက်လွတ်ဖြစ်ခဲ့ရပြန်သည်။ သတိကင်းကွာခြင်းသည် သံသရာရှည် မည့်အဖြစ်များ ဖြစ်သည်။ သံသရာမှ ကင်းလွတ်ရန်အတွက် လက္ခဏာရေးသုံးပါးကို တစ်ဖန်ပြန်၍ ဆင်ခြင်ရပြန်၏။ ကမ္ဘလွေရင်မှာပိုက်ကာ စာဝါလိုက်နေခြင်းမှ စိတ်ပျံ့လွင့်နေသော ဇာတ်ဆောင်(ရဟန်းပျို)၏ ဖြစ်အင်သည် (စိန္တာ)ဗျာဘိစာရီဘာဝပူပန်ခြင်းနှင့် (ဓိတိ)ဗျာဘိစာရီဘာဝ ငြိမ်း

[၁] ရဌသာရ၊ ရှင်မဟာ၊ ၁၉၉၂၊ ၁၇။

အေးခြင်းတို့ တစ်လှည့်စီပေါ်လိုက်၊ ငုပ်လိုက်ဖြစ်နေကြောင်း သိနိုင်ပါသည်။ 'ဗျာဘိစာရီဘာဝ' ၏ သဘောပင်ဖြစ်သည်။

"စက်လည်ရဟတ်၊ တစ်ပတ်ပတ်လျှင်
အနတ်ဒုက္ခ၊ အနိစ္စဟူ၊
နှလုံးမူစွ၊ ပေးလှူစွန့်ကြ"[၁]

ဟူသော အဖွဲ့သည် ဇာတ်ဆောင်က မိမိနှင့် မိမိချစ်သူအပါအဝင် သံသရာခရီးသည်များအားလုံးသည် သံသရာလည်မည့်အဖြစ်များမှ ရုန်းထွက်စွန့်လွှတ်ကြရန်နှင့် မိမိကိုယ်တိုင်လည်း ရဟန်းအဖြစ် ရပ်တည်ချက်ခိုင်မာစေရန် 'စိတ်အတွေးအင်အား' သဘောယူထားသည့် (မတိ)ဗျာဘိစာရီဘာဝအဖွဲ့များဖြစ်သည်။ ယင်းနောက်မှ ရဟန်းဘဝ၏ ဝိနည်းသိက္ခာများ၊ အသိတရားများဖြင့် စောင့်စည်းရင်း၊ ယတိပြတ်ဆိုလိုက်သော 'ဤဘဝတွင်၊ နှမလက်လျှော့ နေလေတော့' ဟူသော အသံကို စာဖတ်သူသည် ကြားယောင်ယောင် ဖြစ်လာစေသည်။ မိမိ၏စိတ်ကို ပိပိရိရိ လုံခြုံစွာ ထိန်းချုပ်လိုက်ပြီး အဆုံး၌ ပွင့်အန်ထွက်လာသော ထိုအသံသည် ဇာတ်ဆောင်၏ 'အနုဘာဝ' (ဝစီကံအပြုအမူ) သဘောလည်းဖြစ်သည်။

"မူလသိက္ခာ
ဆုံးမစာနှင့်၊ ငါးဖြာဝိနည်း
စောင့်စည်းပညပ်၊ အပ်တိတစ်သွား
တစ်ဆံဖျားမျှ၊ မမှားအာရုံ
ကာမဂုံကို၊ မမြုံရချေ"[၂]

ဟူသောအချက်များသည် ရဟန်းဘဝကို ပေါ်လွင်စေရန် ခြံရံထားသော 'ဥဒ္ဒီပနဝိဘာဝ' များ ဖြစ်ပါသည်။

"ဖြတ်ငယ်သေစွ
ကမ္ဘလွှေရင်ပိုက်
တစ်ကိုက်မချွတ်၊ စာလက်လွတ်၍"[၃]

---

[၁] –ယင်း–။

[၂] ရဋ္ဌသာရ၊ ရှင်မဟာ၊ ၁၉၉၂၊ ၁၈။

[၃] – ယင်း –။

ဟူသော အဖွဲ့သည် သံယောဇဉ် အနှောင်အဖွဲ့ကြောင့် သတိလက်လွတ်ဖြစ်ကာ သာတွိကဘာဝ ဦးဆောင်နေခဲ့ဖြစ်သည်။ တွေဝေငေးငိုင်နေသည့် ဖြစ်အင်ကို ဖော်ကျူးထားသော အနုဘာဝ (ကိုယ်အမူအရာ)လည်း ဖြစ်သည်။

"ချစ်ပေါ့မကြုံ၊ ညှိုးငယ်ပုံမှု
ရှက်ဟုံကျေးကြုပ်၊ ချမင်းတုပ်သို့
စိတ်ချုပ်မဖွင့်၊ ပျံ့လွင့်မေတ္တာ
ကရုဏာနှင့်၊ တဏှာလောဘ
ဒေါသမြွေးထူ၊ ရမ္မက်မြူကို
ဘယ်သူနှိုးရာလေတော့မည်"[၁]

ဟူသောအဖွဲ့သည် သံသရာရှည်မည့်အဖြစ်များကို တရားသဘောနှင့် ဆင်ခြင်မှု ပြုထားခဲ့သည်။ ဇာတ်ဆောင်၏ သတိတရားနှင့် စိတ်ထိန်းချုပ်မှုအခြေအနေကို ထင်ဟပ်ပြထားသော (မတိ) ဗျာဘိစာရီဘာဝ အဖွဲ့များဟု ဆိုနိုင်ပါသည်။

## ၂၊ ၂၊ ၃။ ရတုတတိယပိုဒ်

ဇာတ်ဆောင် (ရဟန်းပျို)သည် ပုထုဇဉ်မှန်သမျှ ငြိတွယ်တတ်သော သံယောဇဉ်တရားတို့ကို မိမိ၏ တရားအသိဖြင့် ထိန်းချုပ်နိုင်ခဲ့ပြီဟု ရတုဒုတိယပိုဒ်အဆုံးတွင် ယုံကြည်ခဲ့၏။ သို့သော် ရတု တတိယပိုဒ်အစတွင်မူ ပုထုဇဉ်မျှသာဖြစ်သော ဇာတ်ဆောင်သည် ချစ်သူမိန်းကလေးထံ ရစ်ဝဲ ပျံ့လွင့်ခဲ့ပြန်သည်။ ငယ်ရွယ်သူတို့ သဘာဝအတိုင်း ချစ်သူနှင့် ပျော်ရွှင်ခဲ့ပုံများသည် မျက်ဝါး ထင်ထင် ဖြစ်ခဲ့ရပြီ။ ထိုသဘောကို

"ဆုဝေဘိချင်၊ ငယ်ကျွမ်းဝင်နှင့်
သို့ပင်တာရှည်၊ ပျော်ရမည်ဟု
ညောင်စည်သားများ၊ မြို့ရှေ့ပါးဝယ်
ထင်ရှားကျော်ဟိုး၊ ရက္ခစိုးဌ
ပုဆိုးကြာညွန့်၊ ပိတ်လျှပ်တွန့်ကို
ဖြန့်၍တစ်ထည် ရစ်ဖွဲ့ချည်မှ
ငယ်မည်မြွက်ဟ၊ နှုတ်သံမြနှင့်

[၁] –ယင်း–။ ၁၇။

ခက်မတစ်ထောင်၊ ပညောင်စောင့်တတ်

ရှင်နတ်မြတ်ကို၊ တိုင်မှတ်သက်သေ

ပြုဖူးပေရှင့်”[၁]

ဟူ၍ ဆိုထားသည်။ ချစ်သူနှင့်ပျော်ရွှင်ခဲ့ရာနေရာသည် အင်းဝမြို့ အရှေ့ဘက်ရှိ ခက်လက်ဝေဖြာလျက်ရှိသော ညောင်ပင်ကြီး၏ ရုက္ခစိုးနတ်မင်း ရှေ့မှောက်တွင် ဖြစ်သည်။ နေရာဒေသနောက်ခံသည် ချစ်ခြင်း ‘ရတိဋ္ဌာယီဘာဝ’ ကို ခြံရံထားသည့် ‘ဥဒ္ဒီပနဝိဘာဝ’ များဖြစ်သည်။

ကြာမျှင်ဖြင့် ရက်လုပ်ထားသော နူးညံ့ပါးလွှာသည့် ပုဝါစဖြင့် ချစ်သူတို့ လက်ချင်းထွေးရစ်ပတ်နှောင်ကာ ဆုတောင်းခဲ့၏။ ပျော်ရွှင်ရခြင်း၏အဖြစ်ကို အရှည်သဖြင့် ခံစားချင်သည်။ နှစ်ဦး ကိုယ်စီငယ်မည်လေးများကို မွှက်ဟရင်း ရှင်နတ်မြတ်ကို တိုင်တည်ခဲ့ရကြောင်း ဇာတ်ဆောင်နှင့် ထပ်တူ (သုပိန)ဗျဘိစာရီဘာဝသဘော အဖြစ် မြင်ယောင် ကြားယောင်လာမိစေသည်။ ရတု ပထမပိုဒ်တွင် ‘သွေးငင် ကြမ္မာဝါသနာကြောင့်’ဟု ဆိုထားသော်လည်း၊ ရတုတတိယပိုဒ်တွင် ‘မကွေသစ္စာဝါသနာကြောင့်’ ဟုဆိုထားရာ သစ္စာတရားဖြင့် ခိုင်မြဲစွာ ချစ်ခဲ့ကြကြောင်း အနုဘာဝ အပြုအမူများဖြင့် ထင်ရှားစေသည်။

အတိတ်က ပုံရိပ်များကို မြင်ယောင်ရင်း ပြတ်သားစွာဆိုခဲ့မိသော မိမိ၏အဖြစ်ကြောင့် ချစ်သူအပေါ် ‘ရုပ်ဝါပျိုရွယ်၊ သနားဖွယ်’ ဟု တွေးထင်မိရပြန်သည်။ ပြတ်သားရခြင်း၊ ပူပန်ရခြင်းတို့ တစ်လှည့်စီဖြစ်နေကြောင်း သိနိုင်သည်။ ချစ်သူမိန်းကလေးကို တမ်းတနေရင်းမှ တရားသတိ ရှိနေပါကြောင်းကို ‘ရှေးနှယ်ကြိုးကုပ်ချမင်းတုပ်နှင့်’ ဟူ၍ (ဝိတက္က)ဗျဘိစာရီဘာဝ သဘော ထင်ဟပ်ပြပြန်သည်။ တရားသတိနှင့်အတူ ပူပန်တွေးတောမှု အလွမ်းကဝင်လာပုံကို–

“ခွက်မြုပ်ခါညီ

နာရီမောင်းချ၊ ဒေသနိမိတ်

သက်ကြီးဆိတ်လည်၊ မမိုတ်မျက်တောင်

သည်းခေါင်ဆူလည်း၊ ရှိလိမ့်မည်ဟု

လွမ်းသည်ထပ်ဆင့်၊ ဖူးချိန်သင့်ကို

[၁] ရဋ္ဌသာရ၊ ရှင်မဟာ၊ ၁၉၉၂၊ ၁၈။

ပျော်လင့်ခိုးရှာလေတော့မည်။"[၁]

ဟု ဆိုထား၏။ အချိန်သည် သက်ကြီးခေါင်းချချိန်ဖြစ်သည်။ 'ချစ်သူမိန်းကလေးသည် မိမိအား တိတ်တခိုးပျော်လင့်နေပေလိမ့်မည်' ဟူသည့် ဇာတ်ဆောင်ရဟန်းပျို၏ အတွေးကို (ဥဿုက္က) ဗျာဘိစာရီဘာဝဖြင့် ရေးဖွဲ့ပြထားသည်။ 'သည်းခေါင်ဆူလည် ရှိလိမ့်မည်' ဟူသော မိန်းကလေး၏ အလွမ်းကို ဇာတ်ဆောင်နှင့်တစ်ပါတည်း စာဖတ်ပရိသတ် ခံစားမိစေသည်။ မိမိကလွမ်းရသည့် အဖြစ်ထက်၊ မိန်းကလေး၏ ရင်တွင်းက မိမိအား လွမ်းနေသည့်အဖြစ်ကို ထင်ဟပ်ပြမှုသည် ပို၍ နက်ရှိုင်းလှသည်။

ချစ်သူ၏အရွယ်၊ ကြည်နူးဖွယ်ဖြစ်ရပ်အမူအရာများနှင့် မြွက်ဟ တိုင်တည်မှုများသည် မြင်ယောင်ကြားယောင်လာစေသော 'အနုဘာဝ'များ ဖြစ်သည်။ မိန်းကလေး၏ ချိန်းဆိုချက်၊ အချိန်နာရီ နေရာဒေသများသည် ချစ်ခြင်း 'ရတိဋ္ဌာယီဘာဝ' ကို တိုးပွားလာစေသော အခြံအရံ 'ဥဒ္ဒီပနဝိဘာဝ' များဖြစ်ပါသည်။

## ခြုံငုံသုံးသပ်ချက်

ဤရတုကဗျာသည် စာဆိုရဟန်းဘဝမရောက်မီ ငယ်ဘဝအတိတ်ဖြစ်ရပ်များ၏ မှတ်တမ်းတစ်ခုအဖြစ် ယူဆနိုင်ပါသည်။ ငယ်ရွယ်သူတို့၏ သဘာဝနှင့် ပုထုဇဉ်တို့၏ စိတ်ဖြစ်စဉ် သဘာဝ များသည် သဘာဝကျသောဖြစ်စဉ်တစ်ခု အဖြစ် သုံးသပ်နိုင်သည်။

ရတု၏ပထမပိုဒ်အစမှာပင် စာဖတ်သူအာရုံထားရာနေရာသည် ဇာတ်ဆောင်(စာဆို)ပင် ဖြစ်ကြောင်းဆိုခဲ့ပါသည်။ ဇာတ်ဆောင် (စာဆို)သည် ချစ်ခြင်းတည်ရာ 'ရတိဋ္ဌာယီဘာဝ' ဖြစ်၍၊ ဇာတ်ဆောင်ဖြစ်ပေါ်နေသော 'ရတိဋ္ဌာယီဘာဝ' ကို ဝိဘာဝ၊ အနုဘာဝ၊ ဗျာဘိစာရီဘာဝတို့ ဖြင့် ခြံရံထောက်ပံ့ဆက်သွယ်မိကာ စာဖတ်သူ၏ စိတ်အစဉ်သည် ဇာတ်ဆောင်နှင့်အတူ လိုက်ပါ ခံစားလျက်ရှိပါသည်။

ဇာတ်ဆောင်၏ ရင်တွင်းခံစားချက်အတွေးများကို သိသာစေရန် အနုဘာဝတို့ဖြင့် ပုံဖော်ပါသည်။ ဇာတ်ဆောင်ဖြစ်ပေါ် နေသော ဌာယီဘာဝကိုတိုးပွားအောင် မုချအကြောင်းဖြစ်သော – အာလမ္ဗဏဝိဘာဝကို အခြံအရံဖြစ်သော ဥဒ္ဒီပနဝိဘာဝများက ပံ့ပိုးထားပါသည်။ ထိုပံ့ပိုးမှုကြောင့် ဇာတ်ဆောင်၏စိတ်သည် အမျိုးမျိုး ဆန်းကြယ်လျက် 'ဗျာဘိစာရီဘာဝ' သဘော ပထမပိုဒ်မှာပင် အစပျိုးခဲ့ပါသည်။

[၁] ရဋ္ဌသာရ၊ ရှင်မဟာ၊ ၁၉၉၂၊ ၁၈။

ရတု၏ဒုတိယပိုဒ်တွင်မူ ဇာတ်ဆောင်၏ 'ဗျာဘိစာရီဘာဝ' သဘောကို အထင်အရှား ဖြစ်အောင် ရေးဖွဲ့ထားပါသည်။ ဤအပိုဒ်တွင် 'ရတိဋ္ဌာယီဘာဝ' ကို ပို၍အားကောင်းအောင် ပံ့ပိုး ခြံရံထားသော ဥဒ္ဒီပနဝိဘာဝ အစုနှစ်စုတွေ့နိုင်ပါသည်။ ပုထုဇဉ်လူသားဘဝ၏ ချစ်ခြင်းကို ဖော်အောင်သော ဥဒ္ဒီပနဝိဘာဝ အခြံအရံနှင့် ရဟန်းဘဝ၏တရားအသိများကို ဖော်ဆောင်သော ဥဒ္ဒီပနဝိဘာဝအခြံအရံဟူ၍ ဖြစ်ပါသည်။ ထိုနှစ်စု၏ အားပြိုင်မှုက ဇာတ်ဆောင်၏ ရင်တွင်းရှိ ပူပန်ခြင်းနှင့် ငြိမ်းအေးခြင်းကို တစ်လှည့်စီဖြစ်ခွင့်ပေးနေပါသည်။ စိတ်အစဉ်နှစ်စုက တစ်လှည့်စီ ပေါ်လိုက်ငုပ်လိုက်ဖြင့် ဗျာဘိစာရီဘာဝ၏ အဖြစ်ကို အထင်အရှားပြုထားခဲ့သည်။ ဇာတ်ဆောင်၏ စိတ်ခံစားမှု၊ ထိန်းချုပ်မှုနှင့်အတူ အနုဘာဝအဖြစ်ပွင့်အန်လာသော 'ဤဘဝတွင် နှမလက်လျှော့ နေလေတော့' ဟု တရားချကာ ဖျောင်းဖျပြောဆိုသော စကားသည်ပင် သံယောဇဉ်စကားတစ်ခု အဖြစ် မှတ်ယူနိုင်ပါသည်။

သံယောဇဉ်၏အားကောင်းမှုကြောင့် အတိတ်ဘဝ၏ဖြစ်ရပ်များက ပုံပေါ်လာပုံ ကို ရတု၏ တတိယပိုဒ်တွင် ဖွဲ့ဆိုထင်ဟပ်ပြခဲ့ပါသည်။ ရတိဋ္ဌာယီဘာဝကို ခြံရံ ထားသော ဥဒ္ဒီပနဝိဘာဝ များ၏ အနုစိတ်မှုကြောင့် ဇာတ်ဆောင်၏ ချစ်ခြင်းသဘော သည် ပို၍ ထင်ရှား ပီပြင်လာခဲ့ရပေသည်။ နောက်ဆုံး ချစ်သူမိန်းကလေး လွမ်းနေ မည့်အဖြစ်ကို ဇာတ်ဆောင်ဖြစ်သူတွေးကာ လွမ်းခဲ့သည်။ ပေါင်းဖက်ခွင့် မရခဲ့ကြပေ။ ဖြူစင်သော သံယောဇဉ်ရှိပြီးမှ ကွေကွင်းခဲ့ရသည်။ စာဖတ်သူသည် စာဆိုဖန်တီးထား သော ဇာတ်ဆောင်နှင့်တစ်သားတည်း ဖြစ်သွားစေသည်။ တစ်နည်း ရတုထဲမှ ဇာတ် ဆောင်သည်ပင် စာဆိုဖြစ်နေသဖြင့် စာဆိုနှင့်မိမိ၊ မိမိနှင့်စာဆို တစ်သားတည်း ဖြစ်လျက်ရှိသည်ဟု ဆိုနိုင်သည်။ ယင်းသည် အနုပညာဖန်တီးမှုကြောင့် ဖြစ်ပေါ် လာသော နှစ်သက်ဖွယ်ခံစားမှုပင် ဖြစ်ပါသည်။

အနုဘာဝဖော်ပြမှုအားကောင်းလျှင် ရသခံစားသည့်နေရာ၌ စူးစူးရှရှ နှစ်နှစ် ကာကာ ရှိနိုင်ပါသည်။ ဤရတုကဗျာသည် ဇာတ်ဆောင်စာဆို၏ နောက်ကြောင်းပြန် အတွေးများဖြင့် ပုံဖော်ထားသောရတုဖြစ်ခြင်းကြောင့် အနုဘာဝထက် ဗျာဘိစာရီဘာဝ အလေးကဲသည်ဟု ဆိုနိုင်သည်။ အနုဘာဝအပြုအမူများကို ဗျာဘိစာရီဘာဝမှတစ်ဆင့် ယှဉ်တွဲသိမြင်ရခြင်းသည်ပင် ရသခံစားမှု၌ ပို၍ ထိရောက်သွားစေသည်။

ခြုံ၍ဆိုရသော် 'ပုရေနိသင်' ရတုကဗျာသည် ဘာဝ၊ ဝိဘာဝ၊ အနုဘာဝ၊ ဗျာဘိစာရိဘာဝ တို့ဖြင့် ဖြစ်ပေါ် တိုးပွားစေအပ်သော ရတိဋ္ဌာယီဘာဝသည်ပင် သိင်္ဂါရ ရသ၊ တစ်နည်း ချစ်သူချင်း ကွေကွင်းရသောအဖြစ်ကြောင့် 'အယောဂ သိင်္ဂါရရသ' ကို ခံစားစေနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ခံစားရခြင်းအဆင့်သည် ဝေဒနာအဆင့် ဖြစ်ပါသည်။ ခံစားပြီးနောက်စိတ်အညစ် အကြေးများကင်းစင်ခြင်း(Catharsis) အဆင့်

ရောက်လျှင်မှု ငြိမ်းအေးခြင်းဟု ခေါ်ပါမည်။ ယင်းသည်သာ ရသစစ်စစ် (သန္တရသ) ဖြစ်ကြောင်း ပညာရှင်တို့၏အဆိုကို မှတ်သားတွေးဆလျက် ရှိပါသည်။

## နိဂုံး

ရှေးပညာရှင်တို့က အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရ၏ စာတို့သည် ထန်းတက်သမား၏ ရင်ပတ်နှင့်တူသည်ဟုဆိုခဲ့ကြပါသည်။ စာဆို၏စာများသည် လောကုတ္တရာနှင့်လောကီ ပူးတုံ၊ ကွာတုံ ဖြစ်ခြင်းကို ရည်ညွှန်းဆိုကြခြင်း ဖြစ်သည်။ စာဆို ရှင်မဟာရဋ္ဌသာရ၏ 'ပုရေနိသင်' ပိုဒ်စုံရတုကဗျာကို နှစ်သက်စွာ ဖတ်ရှုရင်း တရားသဘောကို ထိတွေ့ခွင့်ရသကဲ့သို့၊ ပုထုဇဉ်တို့၏ သဘာဝကိုလည်း နှစ်သက်စွာ ခံစားစေပါသည်။ စာဆို ရှင်မဟာရဋ္ဌသာရ၏ ရတုကို ရသရှုထောင့်မှနေ၍ မိမိအားထုတ်တွေးမြင်မိသမျှ လေ့လာတင်ပြခြင်းဖြင့် မြန်မာစာပေရှိ ရသခံစားမှုနယ်ပယ်အတွက် တစ်စိတ်တစ်ဒေသ အထောက်အပံ့ ပြုနိုင်မည်ဟု ယုံကြည်ပါသည်။ ။

## ကျမ်းကိုးစာရင်း


ကုမာရ၊ အရှင်။ (၂၀၀၀)။ ***အလင်္ကာပန်းကုံး***(သတ္တမအကြိမ်)။ ရန်ကုန်၊ စန်းရောင်ရှိန်စာပေ။

ရဋ္ဌသာရ၊ ရှင်မဟာ။ (၁၉၉၂)။ ပုရေနိသင်အလွမ်းဘွဲ့ပိုဒ်စုံရတု။ ဒေါ်ပို(တည်းဖြစ်သူ)၊ ***မြန်မာစာညွှန့်ပေါင်းကျမ်း***(ပဉ္စမတွဲ)(စာ-၁၇-၁၈)။ ရန်ကုန်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း။

ရွှေအောင်၊ ဦး။ (၁၉၈၀)။ ***ရသစာပေ၏ ရသ***။ ရန်ကုန်၊ နေလင်းပိဋကတ်ပုံနှိပ်တိုက်။

သော်ဇင်၊ ဦး။ (၁၉၆၈)။ ***ကဗျာလမ်းညွှန်***။ ရန်ကုန်၊ ကာလာမောင်ဝင်းပုံနှိပ်တိုက်။

အောင်သောင်း၊ ဦး။ (၂၀၀၈ နိုဝင်ဘာလ)။ သန္တရသဟူသည်၊ ***အနော်မာမဂ္ဂဇင်း***၊ ၈၁-၈၈။

# ရသဖြစ်ပေါ်မှုအစဉ်

မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့
ဆယယခုနစ်ကြိမ်မြောက်စာတမ်းဖတ်ပွဲအတွက်တင်သွင်းသောစာတမ်း

ဒေါက်တာမော်မော်အောင်
ပါမောက္ခ
မြန်မာစာဌာန၊ လှိုင်ကော်တက္ကသိုလ်

၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ( ၂၆ ) ရက်

# ကိုယ်ရေးအကျဉ်း

အမည် – ဒေါက်တာမော်မော်အောင်

မိဘအမည် – ဦးသန်းအောင်+ဒေါ်အေးအေးမာ

မွေးသက္ကရာဇ် – ၂၉–၇–၁၉၆၅

ဇာတိ – ရန်ကုန်

ပညာအရည်အချင်း – ဝိဇ္ဇာဂုဏ်ထူးဘွဲ့(၁၉၉၁)၊
မဟာဝိဇ္ဇာဘွဲ့(၁၉၉၆)၊

ပါရဂူဘွဲ့(၂၀၀၇)၊
အင်္ဂလိပ်စာဒီပလိုမာ(၂၀၀၉)။

စတင်အမှုထမ်းခဲ့သောနေ့ – ၁၉–၁၁–၁၉၉၃

အမှုထမ်းခဲ့သော တက္ကသိုလ်များ –
တိရစ္ဆာန်မွေးမြူရေးနှင့်ဆေးကုသရေးတက္ကသိုလ်
ကြည့်မြင်တိုင်နယ်မြေ
ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်
မြိတ်တက္ကသိုလ်
ရန်ကုန်တက္ကသိုလ်
မော်လမြိုင်တက္ကသိုလ်
လှိုင်ကော်တက္ကသိုလ်

လက်ရှိရာထူးနှင့်တက္ကသိုလ် – ပါမောက္ခ၊ မြန်မာစာဌာန၊
လှိုင်ကော်တက္ကသိုလ်။

# ဘလ္လာတိယပျို့လာ အပြောက်အမွမ်းများ လေ့လာချက်စာတမ်း

**လှလှအောင်*** 

## စာတမ်းအကျဉ်း

တွင်းသင်းမင်းကြီး ဦးထွန်းညိုသည် ဘိုးတော်ဘုရား၏သားတော် အိမ်ရှေ့မင်းသား သတိုးဓမ္မရာဇာနှင့် မိဖုရား သီရိသုလောက မဟာသဒ္ဒါ သုရတနာဒေဝီတို့ မသင့်မတင့် ဖြစ်ရပ်ပေါ် အခြေခံ၍ ဘလ္လာတိယပျို့ကို အိမ်ရှေ့မိဖုရားကြီး၏ တိုက်တွန်းချက်အရ ၁၁၅၄ တွင် ရေးသားခဲ့သည်။ ဘလ္လာတိယပျို့၏အခြေခံသည် ငါးရာ့ငါးဆယ်နိပါတ်၊ ဝိသတိ နိပါတ် ဇာတ်တော်ပုဒ်ရေ ၅၀၄ ကို အခြေခံပါသည်။ ပျို့စာဆိုသည် ဇာတကဇာတ်ကို အခြေခံသဖြင့် မူလဇာတ်ထက် သက်ဝင်လှုပ်ရှားလာစေရန် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံများကို အပြောက်အမွမ်း ခြယ်သတင်ပြထားပုံကို လေ့လာတင်ပြထားသည့် စာတမ်းဖြစ်ပါသည်။

**သော့ချက်ဝေါဟာရ**။ ။ ဇာတက၊ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသ၊ အပြောက်အမွမ်း။

## နိဒါန်း

ဤသုတေသနစာတမ်းသည် စာဆို တွင်းသင်းတိုက်ဝန် မဟာစည်သူက ဝိသတိနိပါတ်ဇာတ်တော် ၅၀၄ ဘလ္လာတိယဇာတ်ကို အခြေခံသော်လည်း မူလဇာတ်ထက် သက်ဝင်လှုပ်ရှားလာစေရန်နှင့် ပျို့သဘာဝဖြစ်သည့် တရားလည်းပါ၊ စကားလည်းသာစေရန် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသကို စိတ်ကူးဉာဏ်ဖြင့် မွမ်းမံတင်ပြထားပါသည်။ စာဆို၏ အကောင်းဆုံးပျို့ဖြစ်သည့်အလျောက် အရေးအဖွဲ့နှင့် တင်ပြပုံ စွမ်းရည်ကို ဖော်ထုတ် တင်ပြလိုသောကြောင့် ဤသုတေသနစာတမ်းကို တင်သွင်းရခြင်းဖြစ်ပါသည်။

## ၁။ ပျို့စာပေလမ်းကြောင်း

မြန်မာစာပေသည် ဗုဒ္ဓသာသနာထွန်းကားခြင်းနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာခဲ့ပါသည်။ ဗုဒ္ဓ၏ ငါးရာ့ငါးဆယ်နိပါတ်များသည် မြန်မာလူမျိုးများနှင့် ရင်းနှီးကျွမ်းဝင် ပြီး ဖြစ်ပါသည်။

---

* ဒေါက်တာ၊ ပါမောက္ခ၊ ဘားအံတက္ကသိုလ်။

မြန်မာစာပေအရေးအသား ပေါ်ထွန်းစ ပုဂံခေတ်ကပင် လေးမျက်နှာဘုရား ကျောက်စာတွင်–

ဇာတ်ငါးရာလည်း အတင့်အတယ်ရေး၏ ဆိုသောစကားကြောင့် ငါးရာ့ ငါးဆယ် ဝတ္ထုများသည် ပုဂံခေတ်ကပင် ပျံ့နှံ့ပြီးဖြစ်ကြောင်း သိနိုင်ပါသည်။

အင်းဝခေတ်တွင် ပျို့စာပေပေါ်လာသောအခါ ပုဂံခေတ်ကတည်းက မြန်မာတို့ အာရုံ ကျက်စားရာဖြစ်သော ငါးရာ့ငါးဆယ်နိပါတ်တော်များကို လင်္ကာရှည်ရေးဖွဲ့လာရာမှ ဇာတကပျို့များ ဖြစ်ထွန်းလာပါသည်။ ရှင်မဟာရဋ္ဌသာရ၏ ဘူရိဒတ်လင်္ကာကြီးသည် စာဆိုပထမဆုံးရေးဖွဲ့သော ပျို့ဖြစ်သည်။ ရှင်မဟာရဋ္ဌသာရ၏ ဘူရိဒတ်လင်္ကာ၊ သံဝရပျို့၊ ကိုးခန်းပျို့၊ ရှင်တေဇောသာရ၏ ရွှေဟင်္သာမင်းပျို့ ရှင်အဂ္ဂသာမိ၏ နေမိဘုံခန်းပျို့၊ ငရဲခန်းပျို့ တို့သည် စာဆို၏ဘဝ၊ ပတ်ဝန်းကျင်၊ စာဆိုတို့ ကျင်လည်သောခေတ်ကို ထင်ဟပ် ရေးဖွဲ့ တင်ပြထားသော ပျို့များဖြစ်ပါသည်။

ရှင်မဟာသီလဝံသ၏ ပါရမီတော်ခန်းပျို့၊ ဆုတောင်းခန်းပျို့၊ ရှင်အုန်းညို၏ ဂါထာ ၆၀ ပျို့ တို့သည် ဗုဒ္ဓဘုရားရှင်၏ဖြစ်တော်စဉ်ကို အခြေခံ၍ ရေးသားထား ပါသည်။

မူလက ဇာတကဝတ္ထုကို အခြေခံ၍ ပျို့အဖြစ်ရေးဖွဲ့ရာမှ ဇာတ်လမ်းကို ကျောရိုးပြု၍ ဆုံးမလမ်းညွှန်မှုပေးခြင်းမှာ လုံလောက်ခြင်း မရှိဟု ယူဆကြဟန် တူပါသည်။ ထို့ကြောင့် နီတိပျို့များ ရေးသားလာကြပါသည်။ ရှင်မဟာရဋ္ဌသာရ၏ ဂမ္ဘီသာရပျို့၊ ကန်တော်မင် ကျောင်းဆရာတော်၏ လောကသာရပျို့များသည် ဆုံးမစာ သက်သက်ရေးသားသော ပျို့များ ဖြစ်ပါသည်။ တောင်ငူခေတ်သည် စစ်မက်ထူပြောသဖြင့် ပျို့စာပေမှေးမှိန်သောခေတ် ဖြစ်သည်။ နဝဒေး၏ မနော်ဟရီပျို့သာ ပေါ်ထွန်းခဲ့သည်။

ညောင်ရမ်းခေတ်တွင် ဝန်ကြီးပဒေသရာဇာရေး ဇင်းမယ်ပဏ္ဏာသကျမ်းလာ ဇာတ်ဝတ္ထုများ ပျို့စာပေတွင် ဝင့်ထည်ခဲ့ပါသည်။

ကုန်းဘောင်ခေတ်တွင် ပျို့အရေအတွက်များစွာ ပေါ်ထွက်ခဲ့သော ခေတ်ဖြစ်သည်။ ရှေးကရေးဖွဲ့ပြီး ဇာတကပျို့များကို အကြိမ်ကြိမ်ရေးဖွဲ့ခဲ့ခြင်းကြောင့် အမည်တူ ပျို့များပေါ်ထွက်ခဲ့ပါသည်။ ဦးနိုး၏ ဇနကပျို့၊ တွင်းသင်းမင်းကြီးဦးထွန်းညို၏ ဇနကပျို့၊ မဟာမင်းလှမင်းခေါင်၏ ဇနကပျို့တို့ဖြစ်ပါသည်။

အင်းဝခေတ်က စတင်ခဲ့သော နီတိပျို့သည် ကုန်းဘောင်ခေတ်ထက် အသေးစိတ် ရေးဖွဲ့လာပါသည်။ ပုတ္တောဝါဒပျို့၊ မာတာပီတသင်္ဂဟပျို့၊ ရာဇနီတိပျို့များကို တွေ့ရသည်။

ကုန်းဘောင်ခေတ်တွင် စစ်ရေးစစ်ရာနှင့် ပတ်သက်၍ နန္ဒိသေနပျို့၊ သေနင်္ဂဗျူဟာပျို့၊ ဗျူဟာစက္ကီပျို့ စသည့်စစ်ပျို့ ၃ စောင်ကိုတွေ့ရသည်။

တွင်းသင်းမင်းကြီး ဦးထွန်းညို၏ ဇာတကကို အခြေခံသော ဝိဓုရပျို့၊ ဘလ္လာတိယပျို့၊ ဇနကပျို့တို့ ပေါ်ထွန်းခဲ့ပါသည်။

ပျို့တို့သည် ဇာတ်လမ်းကိုအခြေခံသဖြင့် မူလရှိပြီးသားဇာတ်ကို စိတ်ကူးဉာဏ်ဖြင့် အပြောက်အမွမ်းခြယ်သသောအခါ စာဖတ်သူတို့နှစ်သက်ဖွယ် ဖြစ်လာပါသည်။ ဇာတ်ဆောင် စရိုက်သည် စာဆိုရေးဖွဲ့မှုကောင်းလျှင် ကောင်းသလောက် သရုပ်ပေါ်လာသဖြင့် ရသသဘော ပါလာပါသည်။

ပျို့စာဆိုတို့ ကျင်လည်ရာခေတ်သည် စာဆိုတို့အားရိုက်ခတ်သဖြင့် မင်းနှင့်တကွ ပြည်သူ အားလုံးကို ဆုံးမလမ်းညွှန်ပေးလိုသဖြင့် ပျို့စာပေတိုင်းတွင် လောက၊ ဓမ္မ၊ ရာဇာရေးဆိုင်ရာ သိမှတ်ဖွယ်များစွာ ပါဝင်ပါသည်။

အင်းဝခေတ်မှစတင်ခဲ့သော ပျို့စာပေသည် ကုန်းဘောင်ခေတ်တွင် ပျို့ဖွဲ့ဆိုရာနယ်ပယ် ဖွံ့ဖြိုးတိုးတက်၍ ပျို့အရေအတွက် များပြားလာပါသည်။ အင်းဝခေတ်သည် ပျို့ခေတ်ဟု ဆိုရလောက်အောင် ပျို့အဆင့်အတန်း မြင့်မားခဲ့ပါသည်။

## ၁၊ ၁။ ပျို့ဝေါဟာရ

လင်္ကာဟူသည် ပါဠိမှဆင်းသက်၍ တန်ဆာဆင်ခြင်းဖြစ်သည်။ တန်ဆာဆင်ရာတွင် အတ္ထာလင်္ကာရ၊ သဒ္ဒါလင်္ကာရဖြင့် တန်ဆာဆင်ခြင်းဖြစ်ပါသည်။

စိုးမင်းကြာသဝက်လင်မယားကျောက်စာ (ဝါ) ကန်စွန်းအိုကျောက်စာတွင်–

> လူ့ရွာနတ်ရွာ၊ သံသရာအရှည် ကျင်လည်ရရာ လူရွာဖြစ်လည်း
> လူထက် အမြတ်၊ မန္ဓတ်မင်း၏ စည်းစိမ်သို့သော စည်းစိမ်ကို
> လျှင် လိုချင်သတည်း

ဟူသောစကားစုမှာ လင်္ကာသဘောဆောင်သည့် ကဗျာတစ်ပုဒ်ဖြစ်ပါသည်။ ပုဂံခေတ်ကတည်းက ပျို့၏အခြေခံသဘောဖြစ်သော လေးလုံးစပ်အဖွဲ့ စတင်ခဲ့သည်ဟု လက်ခံရပေမည်။

ပင်းယခေတ် စတုရင်္ဂဗလ အမတ်သည် ရွှေဘဝါးတော်အောက်ချီရတုဖြင့် ဆူးတွင်းပစ် ဆရာတော်အား မေးလျှောက်သောအခါ–

နှုတ်မင်္ဂလာပျို့ဖြင့် မေးသောကြောင့် မေးသောအလျှောက် နှုတ်မင်္ဂလာပျို့ ဖြင့် ဖြေဦး၍[၁]

ဟု ဆိုရာ ပျို့ဝေါဟာကို ပင်းယခေတ်၌တွေ့ရှိရပြီဟု ဆိုနိုင်ပါသည်။

ပုဂံဝန်ထောက်မင်းဦးတင်က ကဗျာဗန္ဓသာရကျမ်းတွင်–

ပြည့်ဖြိုးခြင်းအနက်၊ ထွန်းပခြင်းအနက်၊ နှစ်သက်ကြည်လင်စေခြင်းအနက်၊ ကြန်အင်ပြည့်စုံ ကောင်းမြတ်ခြင်းအနက်၊ ပျိုငယ်ခြင်းအနက်၊ ပျို့အန်ခြင်းအနက်၊ ဖတ်စာပျို့ကျမ်းဟူသောအနက်များကို ရသည်[၂]

ဟူ၍ ဖော်ပြထားပါသည်။

မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် ပျို့ကို–

ပိုဒ်ရေပေါင်းများစွာဖွဲ့ဆိုသော လေးလုံးစပ်လင်္ကာရှည်[၃]

ဟု ဖွင့်ဆိုထားပါသည်။

ပျို့ဟူသည် ဇာတ်နိပါတ်၊ ဇင်းမယ်ပဏ္ဏာသကျမ်း၊ သိမှတ်သတိပြု ဆင်ခြင်ဖွယ် အကြောင်းအရာများကို စာဆို၏ စိတ်ကူးဉာဏ်ကို အသုံးပြု၍ လေးလုံးစပ်လင်္ကာနှင့် ရေးဖွဲ့ထားသည့် စကားလည်းသာ၊ တရားလည်းပါသည့် နှစ်သက်ဖွယ်ဖြစ်စေသော ကဗျာဖြစ်ပါသည်။

## ၁၊ ၂။ ပျို့စာဆို

သက္ကရာဇ် ၁၀၈၈ ခုနှစ်တွင် တွင်းသင်းတိုက်ဝန် မဟာစည်သူကို ဗဒုံတိုက်နယ်၊ မောင်းထောင်ရွာ၌ဖွားမြင်သည်။ ဘိုးတော်ဘုရား၏ လက်ရုံးသဖွယ်အားကိုးရသောစာဆိုကြီး ဖြစ်သည်။

---

[၁] ကျော်မြင့်၊ ၁၉၆၆၊ ၁၅၅၊ ၃၄၇။
[၂] တင်၊ ဦး၊ ၁၃၃၁၊ ၂၃။
[၃] *မြန်မာဇာတိမာန်အကျဉ်းချုပ်* ၊ ၁၉၉၁၊ ၂၃၀။

တွင်းသင်းမင်းကြီး၏အစ်မ ဒေါ်ပုသည် စိန္တကျော်သူဦးညြ၏ မိခင်ဒေါ်ပု ဖြစ်သည်။

ငယ်စဉ်က ရှင်လင်္ကာရဘွဲ့မည်ဖြင့် စာပေပရိယတ္တိလိုက်စားဆည်းပူးခဲ့သည်။ ပျို့၊ ကဗျာ၊ လင်္ကာ၊ ဓမ္မသက်ကျမ်းများကို စိတ်ဝင်စားပြီး ဓမ္မသတ်၊ လင်္ကာ၊ ပျို့၊ ခွဲတားသတ်ပုံများကို ရေးသားခဲ့သည်။

အလောင်းဘုရား ကုန်းဘောင်ထီးနန်းကိုစိုးစံသောအခါ ရဟန်းဘဝမှထွက်၍ မင်းမှုထမ်းရ သည်။ အလောင်းဘုရားသည် ဦးထွန်းညိုကို သားတော်ဗဒုံမင်းထံတွင် အကြီးတော် အဖြစ် အမှုထမ်းစေသည်။ ဗဒုံမင်းသည် ဘိုးတော်ဘုရားအဖြစ် ကုန်းဘောင်မင်းဆက်ကို ဆက်ခံသောအခါ ဦးထွန်းညိုကို မဟာသမ်ယာဘွဲ့ပေးပြီး ကျီဝန်အဖြစ် ချီးမြှောက်သည်။

ထိုမှတစ်ဆင့် မဟာစည်သူဘွဲ့ဖြင့် ချီးမြှောက်၍ တွင်းသင်းဝန်အဖြစ်ခန့်ထား သည်။ ထိုအခါမှ တွင်းသင်းမင်းကြီး၊ တွင်းသင်းတိုက်ဝန် မဟာစည်သူအဖြစ် ထင်ရှားလာသည်။

တွင်းသင်းတိုက်ဝန်မဟာစည်သူသည်တွင်းသင်းမြန်မာရာဇဝင်သစ်(သက္ကရာဇ် ၁၀၀၀ နောက်ပိုင်း)၊ ပေါရာဏလင်္ကာအဖြေ (သက္ကရာဇ် ၁၁၀၀ နောက်ပိုင်း)၊ မုဒုလက္ခဏာပျို့ (သက္ကရာဇ် ၁၁၁၃)၊ ငါးရံ့မင်းပျို့ (သက္ကရာဇ် ၁၁၁၇)၊ ဇယဒိသပျို့ (သက္ကရာဇ် ၁၁၄၃)၊ ဝိဓုရပျို့ (သက္ကရာဇ် ၁၁၅၂)၊ ဘလ္လာတိယပျို့ (သက္ကရာဇ် ၁၁၅၄)၊ ဝေဿန္တရာပျို့ (သက္ကရာဇ် ၁၁၆၀)၊ ဇနကပျို့ (သက္ကရာဇ် ၁၁၆၈) ပျို့တို့ကို ရေးသားခဲ့သည်။

တွင်းသင်းတိုက်ဝန် မဟာစည်သူသည် ပျို့ ၉ စောင် ရေးသားသီကုံးခဲ့ရာ ဇနက ပျို့၊ ဝိဓုရပျို့၊ ဘလ္လာတိယပျို့၊ ဝေဿန္တရာပျို့များသည် လွန်စွာ ထင်ရှား ကျော်ကြားပါသည်။

## ၁၊ ၃။ ပျို့နောက်ခံ

တွင်းသင်းတိုက်ဝန် မဟာစည်သူသည် ဘိုးတော်ဘုရား လက်ထက် ၁၁၅၄ တွင် ငါးရာငါးဆယ် နိပါတ်၊ ဝိသတိနိပါတ် ဇာတ်တော် ၅၀၄ ဇာတ်တော် ဖြစ်သည့် ဘလ္လာတိယ ဇာတ်ကိုအခြေခံ၍ ဘလ္လာတိယပျို့ကို ရေးဖွဲ့ခဲ့သည်။

ဘလ္လာတိယဇာတ်နောက်ခံ အကြောင်းအရာမှာ မြတ်စွာဘုရားသည် သာဝတ္ထိ ပြည်၊ ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးစဉ် ပသေနဒီကောသလမင်းကြီးနှင့်

မလ္လိကာမိဖုရားခေါင် ကြီးတို့၏ မသင့်မတင့်ဖြစ်သည့်ကိစ္စကို အကြောင်းပြု၍ ဟော တော်မူသည့် ဇာတ်ဖြစ်သည်။

ပျို့နိဂုံးပါ

> သီရိတိလောက မဟာဘဒ္ဒာသုရတနာဒေဝီ၊ ကျော်ညီလွှံပတ်၊
> အိမ်ရှေ့နတ်၏၊ မိန့်လွှတ်ချီပေါ်၊ ရွှေခွန်းတော်ကို၊ ထိပ်ပေါ်
> တင်ရှက်၊ ရှိစုံရွှတ်၍[၁]

ဟူသောအဖွဲ့အရ ဘိုးတော်ဘုရား၏သားတော် ဓမ္မရာဇာ၏မိဖုရား သီရိမဟာတိလော ကရတနာဒေဝီ မင်းသမီး၏ တိုက်တွန်းချက်အရ ရေးသားခြင်းဖြစ်သည်။

ထိုအိမ်ရှေ့မင်းနှင့် မိဖုရားတို့ အခြားအိမ်ထောင်သည်များနည်းတူ လင်နှင့် မယား၊ လျှာနှင့် သွားကဲ့သို့ မသင့်မတင့်ဖြစ်ရာမှ ဘလ္လာတိယပျို့ ပေါ်ထွန်းခဲ့သည်။

ပျို့စာဆိုသည် ပျို့အခြေခံဖြစ်သည့် ဘလ္လာတိယဇာတ်ကိုရွေးချယ်၍ဖွဲ့ဆိုခြင်း က အဖြစ်အပျက်နှင့် တိုက်ဆိုင်ညီညွတ်လှသည်ဟု ဆိုနိုင်ပါသည်။

ပျို့ဖွဲ့ဆိုသည့် ၁၁၅၄ ခုနှစ်တွင် စာဆို၏အသက်အရွယ်သည် ၆၆ နှစ် ရှိပြီ ဖြစ်ရာ စာဆို ဖွဲ့ဆိုသော မေတ္တာဘွဲ့များသည် တည်ကြည်လေးနက်ပြီး တစ်ဖက်မှ လည်း နှစ်သက်ဖွယ် ဖြစ်လှပါသည်။

ပျို့၏ဦးတည်ချက်သည်–

> ဘဝရေးခါ၊ ကိန္နရာကို၊ မေတ္တာသက်မျှ၊ ကျွမ်းသော်ကသည်၊
> ကာလမြင့် ခေါင်၊ သက်ဆုံးအောင်လျှင်၊ မြဲနှောင်မသွေ၊
> ချစ်ရိုသေလျက်၊ နေကြသော လား၊ နှစ်ပါးစုံရန်၊ မျိုးကြင်တန်ကို၊
> ထိုဟန်စိတ်ဖြူ၊ ချစ်နည်းယူလျက်၊ ရန်သူကင်းကွာ နေပေရာ၏[၂]

အဖွဲ့အရ လူပုဂ္ဂိုလ်နှစ်ဦး၏ အချစ်ရေးကိုသာမရည်ရွယ်ဘဲ လူသားအားလုံး၏ အိမ်ထောင်သာယာရေးကိုပါ ဦးတည်ထားကြောင်း တွေ့နိုင်ပါသည်။ တစ်ဦးနှင့် တစ်ဦး မေတ္တာတရားကို တန်ဖိုးထားလေးစားပြီး အမျက်ဒေါသ၊ မာန်မာနတရားကို ထိန်းချုပ်စေရန် ပျို့က ဦးတည်ပါသည်။

---

[၁] ထွန်းညို၊ ၂၀၁၅၊ ဧ။

[၂] ထွန်းညို၊ ၂၀၁၅၊ ဃ။

## ၂။ ဘလ္လာတိယပျို့လာ အပြောက်အမွမ်းများ

ဘလ္လာတိယပျို့သည် ဝိသတီနိပါတ်၊ ငါးရာ့ငါးဆယ်ဇာတ်တော်ပုဒ်ရေ ၅၀၄ ဖြစ်သည့်အလျောက် ပျို့အဖြစ်ပြန်ဖွဲ့သော ဇာတကပျို့ဖြစ်ပါသည်။ ဤသို့ဖွဲ့ရာ စာဆိုတို့သည် မူလဇာတ်မှ ဇာတ် လမ်းဇာတ်ဆောင်၊ နောက်ခံတို့ကို မူလ ဇာတ်ထက် ပို၍ ရုပ်လုံးပေါ်လာအောင် အပြောက်အမွမ်း တန်ဆာများဖြင့် တန်ဆာဆင် လေ့ရှိသည်။ အပြောက်အမွမ်းဟူသည် ဆင်တန်ဆာ၏ အမွမ်းအမံကို ဆင်လိုခြင်း ဖြစ်သည်။[၁] အပြောက်အမွမ်းတို့သည် စာဆို၏စိတ်ကူးဉာဏ်ဖြင့် ဖြည့်စွက်ပုံဖော်ထား ခြင်းသာ ဖြစ်ပါသည်။

ပျို့အဖွဲ့ခံသည် ဇာတက၏ ဇာတ်ဝတ္ထုဖြစ်နေသည့်အလျောက် ဇာတ်လမ်း၊ ထိုဇာတ်လမ်း တွင် ပါဝင်လှုပ်ရှားနေသော ဇာတ်ဆောင်များ၊ ဖြစ်ပျက်လှုပ်ရှားရာ ကာလ ဟူသော ဝတ္ထုအင်္ဂါရပ် ၃ ရပ်တို့ဖွဲ့ယှက်ပါဝင်မည် ဖြစ်ပါသည်။

ပျို့စာဆိုသည် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံတို့ကို စိတ်ကူးဖြင့် ဖြည့်စွက်ပုံဖော် ထားရာတွင် မြန်မာ့ရေမြေသဘာဝပတ်ဝန်းကျင်မြင်ကွင်းများ ထင်ဟပ်နေပါသည်။

## ၂၊ ၁။ ဇာတ်လမ်းအပြောက်အမွမ်း

တွင်းသင်းတိုက်ဝန် မဟာစည်သူသည် ဇာတ်လမ်းကို ပိုမို၍ စိုပြည် ပေါ်လွင် အောင် အပြောက်အမွမ်း ခြယ်သထားပါသည်။

မြတ်စွာဘုရားသည် ဘလ္လာတိယဇာတ်ကို ဇေတဝန်ကျောင်းတော်၌သီတင်းသုံး တော်မူစဉ် မလ္လိကာမိဖုရားကို အကြောင်းပြု၍ ဟောတော်မူခြင်းဖြစ်သည်။

ညောင်ကန်ဆရာတော်က ထိုမလ္လိကာမိဖုရားသည် တစ်နေ့သ၌ ကောသလ မင်းကြီးနှင့် တကွ အိပ်ရာညောင်စောင်းကိုမှီ၍ ငြင်းခုံခြင်းဖြစ်သတတ်[၂] ဟု ရေးသား တင်ပြထားသည်။

တွင်းသင်းတိုက်ဝန်မဟာစည်သူက မလ္လိကာမိဖုရား မာန်တက်ခြင်းငါးပါးမှ တစ်ပါးအပါအဝင်ဖြစ်သော အဆင်းကြောင့်မာန်တက်သည့်အပြင် နှုတ်မှ တဖွာဖွာပြု သဖြင့် ဒေါသအရှိန်ဖြင့် ပြန်စောင်းငဲ့ကွက် မကြည့်သော မင်းကြီး၏အမူအရာကို–

---

[၁] ခင်မင်၊ မောင်(ဓနုဖြူ)။ ၂၀၁၄၊ ။

[၂] ညောင်ကန်ဆရာတော်၊ ခုနစ်မပါ၊ ၄၈၆။

> "နှုတ်ထွက်လဲချေ၊ ငြင်းခုံတွေကြောင့်၊ မခြေပြင်းထန်၊ မင်းမာန်ခြောင်းခြောင်း၊ ထောင်းထောင်းမျက်ငွေ့၊ ထွက်လတ်၍တည့်၊ ထိုနေ့ကသည်၊ ရက်ရှည် လကူး၊ ခါလည်ကျူးအောင်၊ မဖူးမပေါင်း၊ ပြန်စောင်းထွက်လှည့်၊ မကြည့်မမျှော်၊ မဖျော်မဖြား၊ ပစ်စွန့်ထားသော်"[၁]

ဟု အပြောက်အမွမ်းခြယ်သထားပါသည်။ ပသေနဒီကောသလမင်း စိတ်ဆိုးပုံကို "မကြည့်မမျှော်၊ မဖျော်မဖြား" ဟု 'မ' အက္ခရာကို အသံတူအက္ခရာတူ အကြောင်းကွဲ နီးနီးကပ်ကပ် စပ်ဆိုထားသဖြင့် အသံချိုသာပြီး နှစ်သက်ဖွယ်လည်းဖြစ်၊ မင်းကြီး၏ စိတ်အမူအရာကိုလည်း ပေါ်လွင်လာစေပါ သည်။ မင်းကြီး၏ ဒေါသနှင့်တုံ့ပြန်မှုကို သရုပ်ဖော်လိုက်ခြင်းဖြင့် လင်နှင့်မယားတို့ကြားရှိ ပဋိပက္ခသဘောသည် ထင်ရှားလာပါသည်။

မူရင်းဇာတ်တွင် ဘလ္လာတိယမင်းသည် သမင်သားကို စားအံ့ဟုကြံ၍ တိုင်းပြည်ကို မှူးမတ်ထံအပ်နှံသည်ကို ညောင်ကန်ဆရာတော်က–

> "ဘလ္လာတိယမည်သောမင်းသည် မင်းပြုသည်ရှိသော မင်းကျိုးဖြင့်ကင်သော သမင်သားကိုစားအံ့ဟုကြံ၍ တိုင်းပြည်ကို မှူးမတ်တို့အား အပ်နှင်းခဲ့ပြီးလျှင်"[၂]

ဟု တင်ပြထားသည်။

ဘလ္လာတိယပျို့တွင် တွင်းသင်းတိုက်ဝန် မဟာစည်သူသည် အလောင်းဘုရားလက်ထက်မှ ဘိုးတော်ဘုရားလက်ထက်တိုင် အမှုထမ်းခဲ့သော ဝန်ကြီးဖြစ်သည့်အလျောက် မှူးမတ်များကို တိုင်းပြည်အပ်ခန်းတွင် ပိုဒ်ရေ ၉၊ ၁၀၊ ၁၁၊ ၁၂ ထိ နန်းခလေ့ မှတ်သားဖွယ်ရာများကို အပြောက်အမွမ်းခြယ်သ၍ အကျယ် ရေးဖွဲ့ခဲ့ပါသည်။

တိုင်းပြည်၏ နဝရတ်ကိုးပါးဖြစ်သော ပြည့်ဦးကင်း၊ ပြည့်တံခွန်၊ ပြည့်မျက်ဆန်၊ ပြွည်နား၊ ပြည့်စွယ်၊ ပြည့်မျက်စေ့၊ ပြည့်ဝမ်းဗိုက်၊ ပြည့်လက်၊ ပြည့်ခြေ တို့အပေါ် ကျင့်သင့်သော ကျင့်ဖွယ်နှင့် တိုင်းပြည် မပြိုပျက်စေရန်အတွက် ညီညွတ်ကြစေရန် မှာကြားပုံကို–

---

[၁] ထွန်းညို၊ ၂၀၁၅၊ ၂။
[၂] ညောင်ကန်ဆရာတော်၊ ခုနစ်မပါ၊ ၄၈၇။

> "ပြည့်အခြေလည်း၊ မသွေယွင်းကွက်၊ ပြည့်အလက်လည်း၊ ၂ပျက်စေကောင်း၊ ပြည့်ဦးခေါင်းလည်း၊ မစောင့်မပင်း၊ ပြည့်ဦးကင်းလည်း၊ ဖြောင့်စင်းစိုက်စိုက်၊ လမ်းမှန်လိုက်လျက်"[၁]

ဟုလည်းကောင်း

> "ကိစ္စကြီးငယ်၊ ဆောင်ဖွယ်ဖွယ်နှိုက်၊ ဥပါယ်တရို တညီညိုမျှ၊ ဆောင်ရစ် ကြလော့၊ ရှေ့က ငါရှိသောဟန်တည့်"

ဟုလည်းကောင်း အပြောက်အမွမ်းခြယ်သရေးဖွဲ့ထားပါသည်။ ပျို့စာပေတွင် လောက၊ ဓမ္မ၊ ရာဇရေးများ ပါဝင်လေ့ရှိသည့်အလျောက် အိမ်ထောင်မှုဘဝကို ရည်ညွှန်းဖွဲ့ဆိုသောပျို့ဖြစ်သော်လည်း ရာဇရေးပါအောင် နေရာတကျ ထည့်သွင်းရေးဖွဲ့ထားပါသည်။ ဘလ္လာတိယမင်းသည် သမင်သားကိုရရန် ခွေးအပေါင်းခြံရံ၍ ထွက်လာသည်ကို ပျို့တွင် ဘလ္လာတိယမင်း ခေါ်ဆောင်လာသော ခွေးတို့၏ အမူအရာ၊ အရောင်အသွေး၊ ပုံသဏ္ဌာန်တို့ကို သရုပ်ဖော်၍ ခွေး၏ အစွမ်းသတ္တိကိုပါ ထည့်သွင်းကာ

> "ကြော့သွေးဆင်းယောင်၊ ခွေးနက်ကြောင်တုံ၊ ဆင်ပြောင်ဖြစ်ငြား၊ မလောက် လားတည့်၊ ခွေးကျားကမူ၊ လိုက်ကမြူ၍၊ ခွေးဖြူပတ်ဝိုက်၊ ဆီးကာကိုက် လျက်၊ လိုက်တုံအမှီ၊ နံပါးသီသည်၊ ခွေးနီခွေးညို၊ ခွေးထိုထိုနှင့်၊ တစ်ကိုယ်တည်းသာ ခုရောက်လှာရှင်"[၂]

ဟု အပြောက်အမွမ်း ခြယ်သ ရေးဖွဲ့ထားပါသည်။ "ဆင်ပြောင်ဖြစ်ငြား မလောက်လားတည့်" ဥပမာအလင်္ကာအဖွဲ့ဖြင့် ခွေး၏အစွမ်းသတ္တိကို ဖွဲ့ထားသဖြင့် ကြောက်ရွံ့စရာကောင်းသော ခွေးများ ခြံရံနေသော မင်းကြီးသရုပ်သဏ္ဌာန်ကို ပေါ်လွင်စေပါသည်။ မူ၊ မြူ၊ ဝိုက်၊ ကိုက် ၄–၃ ကာရန် သုံး၍ အသံလည်းသာ၊ ဇာတ်လမ်းလည်း အသက်ဝင်အောင် အသေးစိတ် ဖွဲ့ဆိုထားပါသည်။

မူရင်းဇာတ်တွင် ဘလ္လာတိယမင်းသည် ဂန္ဓမာဒနတောင်သို့ ရောက်သော် အချင်းချင်းလည်ယှက်၍ နမ်းရှုတ်ကာ ငိုမြည်တမ်းတနေသည့် ကိန္နရီဖိုမကိုမြင်သည်ဟု ရေးသားသော်လည်း စာဆိုက တိရစ္ဆာန်ဖြစ်သော်လည်း ချစ်ခြင်းမေတ္တာထုကြီးမားနက်ရှိုင်းပုံကို ပေါ်လွင်အောင် အပြောက်အမွမ်း ခြယ်သရေးဖွဲ့ထားသည်။

---

၁ –ယင်း–။

၂ ထွန်းညို၊ ၂၀၁၅၊ ၂၅။

ကိန္နရီမောင်မယ်သည် နွယ်တန်းတွင်ပုခက်ဆင်၍ တစ်ယောက်တစ်လှည့် နွယ်တန်းပုခက် စီးကာ လွဲကာဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ အားမရနိုင်ဘဲ သီချင်းဆိုလျက် ပျော်မြူးနေပုံကို–

"သပြေရိပ်စက်၊ ချမ်းအေးမြက်ဝယ်၊ ပုခက်ဇယင်၊ နွယ်တန်း
ဆင်လျက်၊ ငယ်လင်တစ်လှည့်၊ မယ်တစ်လှည့်လျှင်" [၁]

ဟု အပြောက်အမွမ်းဆင် ရေးဖွဲ့ထားပါသည်။ ကိန္နရာဖိုမ၏ တစ်ဦးနှင့်တစ်ဦး ချစ်တုံ့တင်သည့် အမူအရာဖြင့် ကြည်နူးဖွယ်မြင်ကွင်းအဖြစ် ခြယ်သထားပါသည်။ "ငယ်လင်တစ်လှည့်၊ မယ်တစ်လှည့်" အဖွဲ့က ချစ်သူပျူငှာအမူအရာကို မြင်ယောင်စေပြီး နှစ်သက်ဖွယ်ဖြစ်စေပါသည်။ "လှည့်"ဆိုသည်ကာရန်တူကို သုံးစွဲခြင်းဖြင့် ဆိုရ ရွတ်ရ လွယ်ကူစေပါသည်။ အမူအရာ၏အလှ ပေါ်လွင်အောင် အသံကာရန်ကလည်း ပံ့ပိုးပေးထားပါသည်။

ကိန္နရီဖိုမ မုန်တိုင်းကြောင့် ချောင်းတစ်ဖက်စီခြား၍ ကွဲကွာသည့်အဖြစ် ကြောင့် တစ်ဦးနှင့်တစ်ဦး လွမ်းဆွေးသည့် လွမ်းချင်းတို့သည်လည်း စာဆို၏စိတ်ကူး အပြောက်အမွမ်းများပင်ဖြစ် သည်။ ပိုဒ်ရေ ၂၀၊ ၂၁၊ ၂၂ မှာ မောင်က မယ်ကို လွမ်း သည့် တမ်းချင်းဖြစ်ရာ ၂၄၊ ၂၅၊ ၂၆ မှာ မယ်က မောင့်ကိုလွမ်းသည့် တမ်းချင်း ဖြစ်သည်။

ကိန္နရီမက ပူပင်သောကကြောင့် ဆံပင်ဖားလျားချ၊ ရင်ဘက်စည်တီး၍ တောင်မှမြေပြင်၊ မြေပြင်မှတောင်သို့ ပြေးလွှားသည်။ တစ်ဖန် သဲသောင်ပြင်တွင် နှမလေး သည်မှာရှိသည်ဟု တမ်းတငိုကြွေးဟန်ကို–

"တောင်ပေါ်တက်တုံ၊ မြေသက်တုံနှင့်၊ ခြေစုံရပ်ကာ၊ မျှော်လေရာ
က၊ သည်မှာ ဘွယ်ချည့်၊ မယ်ရှိ၏ဟု၊ ကြင်သည့်စိတ်ဝမ်း၊
ထပ်မွမ်းညှိုးချုံး၊ နှလုံးသည်း ပွတ်၊ ကွဲမတတ်မျှ၊ ရင်ဘတ်ကတီး၊
ဆံကြီးဖားရာ၊ ပြေးလွှားခုန်ပေါက်" [၂]

ဟု သရုပ်ဖော်ထားပါသည်။ ကိန္နရာမ၏ ကြင်ရာအပေါ် လွမ်းဆွေးသည့်တမ်းချင်းကို ကိန္နရာမ၏ အသွင်၊ စိတ်ခံစားချက်ဖြင့် အပြောက်အမွမ်း ခြယ်သထားပါသည်။ မူလဇာတ်၌ မည်သို့လွမ်းသည်ဟု မဖော်ပြသော်လည်း စာဆိုက ဒိဋ္ဌလောကရှိ

---

[၁] – ယင်း–၊ ၃၈။
[၂] ထွန်းညို၊ ၂၀၁၅၊ ၃၃။

လွမ်းလေ့ရှိသော လူတို့၏အမူအရာတွင် စိတ်ကူးနှင့်ဖြည့်စွက်၍ စာဖတ်သူတို့ စိတ်အာရုံတွင် ထင်မြင်လာစေရန်နှင့် စိတ်နားတွင်ကြား လာစေရေန် သရုပ်ဖော်ဖွဲ့ဆိုထားသည်။ ချစ်သူနှင့်ကွဲရ၍ ဆောက်တည်ရာမရ ဖြစ်နေသော ကိန္နရီမလေး၏ လှုပ်ရှားမှုအမူအရာမှတစ်ဆင့် ပြင်းထန်သော စိတ်ခံစားမှုကို ဖွဲ့ပြခဲ့သည်။ စာဖတ်သူ၌ သိင်္ဂါရရသ၊ ကရုဏာရသများ ဖြစ်ပေါ်စေသည့်အဖွဲ့ဖြစ်သည်။ တောင်ပေါ်တစ်ဖုံ၊ မြေသက်တုံ နှင့်၊ ခြေစုံရပ်သားအဖွဲ့တွင် ထွေပြားလှုပ်ရှားနေသော စိတ်အမူအရာကို တက်တုံ၊ သက်တုံဆိုသည့် ဆန့်ကျင်ဘက်အနက်ပြ စကားလုံးများက သရုပ်ပေါ်စေခဲ့သည်။ တုံကို နှစ်ကြိမ်ဆက်၍ ကာရန်ယူခြင်း၊ တက်တုံ၊ သက်တုံဆိုသည့် စကားအတွဲအဖွဲ့က ပုံစံတူအပြိုင်ဖွဲ့သဘောဆောင်ခြင်းတို့ကြောင့် အသံအရလည်း နှစ်သက်ဖွယ်ဖြစ်စေသည်။ အကြောင်းအရာ၊ စကားသုံး၊ အသံ၊ ကာရန်တို့ပေါင်းဖွဲ့၍ ရသမြောက်သရုပ်ဖော်အဖွဲ့များအဖြစ် ဖန်တီးထားသည်။

ကိန္နရာဖိုနှင့်မ တစ်ညတာကွဲကွာ၍ နှစ်ပေါင်း ၇၀၀ ပြည့်အောင် ငိုကြွေးနေပါသည်။ နောက်တစ်ဖန်တွေ့ကြုံရမည်ကို စိုးရိမ်၍ ပြုမူသောအပြုအမူကို–

သွားလည်းလက်တွဲ၊ နွဲလည်းအပြိုင်၊ ထိုင်လည်းစုံပေါင်း၊
လျောင်းလည်း ပိုက်ဖက်၊ ခေါ်စိုက်စက်နှင့် ရင်တက်ထပ်ပြီး[၁]

ဟု အပြောက်အမွမ်းခြယ်သပါသည်။ လှည့်လည်သည်ဖြစ်စေ၊ မိုးပေါ်ပျံသွားသည်ဖြစ်စေ၊ မြေပြင်သို့ သွားကြသည့်အခါဖြစ်စေ လက်ကိုတွဲ၍ လည်းကောင်း၊ နွဲ့၍ ထိုင်သည်အခါလည်းကောင်း၊ လျောင်းစက်သည်အခါလည်းကောင်း တစ်ဦးနှင့်တစ်ဦး ရင်ချင်းထပ်၍နေသည့် အမူအရာအဖွဲ့သည် ကွဲကွာမည်ကိုစိုးရိမ်သည့်ခံစားမှုကို ပီပြင်စေပါသည်။ မောင်နှင့်မယ်သည် ချစ်လွန်းသည့် အလျောက် သွားလာနေထိုင်လှုပ်ရှားမှုတိုင်း၌ မခွဲမခွာအတူရှိနေကြပုံကို အမူအရာအမျိုးမျိုးနှင့် သရုပ်ဖော် ရေးဖွဲ့ရာတွင် ချဲ့ထွင်သည့်သဘောလည်းပါသည်။ ကျစ်လျစ်သည့်သဘောလည်းပါ အောင်ဖွဲ့သည်။ တွဲ၊ နွဲ၊ ပြိုင်၊ ထိုင်၊ ပေါင်း၊ လျောင်းဆိုသည် ဦးတိုက်ကာရန်များက ချစ်သူနှစ်ဦး၏ စားစား၊ သွားသွား၊ နေနေ အတူမခွဲသည့်အမူအရာ လှုပ်ရှားဟန်များကို ပို၍ပေါ်လွင်စေသည်။ စာဖတ်သူ၏စိတ်မျက်စိတွင် အမူအရာများသည် ဖျတ်ကနဲ၊ ဖျတ်ကနဲပြောင်း သွားသည်ထင်ရအောင် ဦးတိုက်ကာရန်က အထောက်အကူပြုထားသည်။ စကားအသုံးအနှုန်း ရှုထောင့်မှကြည့်လျှင် အမူအရာပြကြိယာများကို အပြောင်းအလဲအမျိုးမျိုးဖြင့် သုံးထားပုံမှာ နှစ်သက်ဖွယ်ဖြစ်သည်။

---

[၁] ထွန်းညို (၂၀၁၅၊ ၃၃)။

## **၂၊ ၂။ ဇာတ်ကောင်အပြောက်အမွမ်း**

ဇာတ်လမ်းတွင်ပါဝင်သည့် ဇာတ်ဆောင်တို့၏စရိုက်ကို မူရင်းဇာတ်နှင့်မတူ စိတ်ကူးနှင့် ဖြည့်စွက် အပြောက်အမွမ်း ခြယ်သထားပါသည်။

### **၂၊ ၂၊ ၁။ ကိန္နရီ**

ဇာတ်ကောင်စရိုက်ဟူသည် ကံသုံးပါးအမူအရာအရ ပေါ်လွင်နေသော ဇာတ်ဆောင်တို့၏ ကိုယ်ကျင့်တရားဖြစ်ပါသည်။ ညောင်ကန်ဆရာတော်၏ ငါးရာ့ငါးဆယ်ဇာတ်တွင် ကိန္နရာ၏ ပန်းမွှေ့ရာလုပ်ရန် ပန်းဆွတ်ပုံကို– "တောင်ကသစ်ပန်း၊ ကြောင်ပန်းပွင့်တို့ကို လည်းကောင်း ဩစိနာမိ ငါဆွတ်၏"[၁] ဟု ရေးသားသည်။ တွင်းသင်းမင်းကြီးက ရေးဖွဲ့ရာတွင် ကိန္နရီက ပန်းမွှေ့ရာလုပ်ရန် တောင်ဇလပ်ပန်း၊ ငုရွှေဝါပန်း၊ သခွက်ပန်းတို့ကို ခူးဆွတ်ရွေးချယ်ရာတွင် သည်ပန်းသည်ကောင်း၏၊ သည်ပန်းသည် သင့်လျော်သည်ဟု ပြောဆိုဟန်ကို–

"စိတ်ကြံမှတ်သား၊ ရွေးချယ်ထားလျက်၊ ဖန်များရှုကြည့်၊
သည်ကောင်း၏ဟု၊ ခမည်းမျက်ပွင့်၊ မျိုးကြန်တင့်သည်၊
မသင့်သင့်အောင်၊ လျာလတ်တည်း"[၂]

"ဝက်ရက်မကြွေ၊ ခက်ဝေဝေနှင့် ချပ်ပြေရွှရွှ၊ ပွင့်လှလှကို
မရရအောင် ရှာလည်တည်း"[၃]

ဟု အပြောက်အမွမ်းခြယ်သထားပါသည်။ ခင်ပွန်းအပေါ်ထားရှိသော စေတနာ၊ အလှအပကို ကြိုက်တတ်သည့် မိန်းမသဘာဝကို ထည့်သွင်းအပြောက်အမွမ်း ခြယ်သထားသဖြင့် ကိန္နရာကို ချစ်ခင်လှသည့် ကိန္နရီလေး၏ ခံစားမှုပေါ်လွင်သည်။ စိတ်ခံစားမှုကို အပြုအမူဖြင့် ပြထားသည်။

ကိန္နရီသည် မိမိတို့ချစ်သူနှစ်ဦး ခွဲခွာစေသောမိုးကို အပြစ်တင်သည်။ ထိုအဖွဲ့တွင် မိမိ စိတ်၌ အလိုမကျဖြစ်နေစဉ်တွင် သဘာဝတရားကိုပင် အပြစ်တင်မိတတ်သော လူ့သဘာဝကို

ဆော်လှုံမိုးညို၊ အငြိုးသို၍၊ မလိုတမာ၊ ရွာလိုသော်လည်း၊
ရွှေလှော်ယိုးယား၊ သခင်သားနှင့် နှစ်ပါးစုံမှရွာပါဘိ[၁]

---

[၁] ညောင်ကန်ဆရာတော်၊ ခုနစ်မပါ၊ ၄၉၄။
[၂] ထွန်းညို၊ ၂၀၁၅၊ ၃၂။
[၃] –ယင်း–၊ ၃၁။

ဟူ၍ ဖွဲ့ဆိုထားပါသည်။ ကိန္နရီ၏ မိုးကိုအပြစ်တင်သော အပြောအဆိုတွင် မိုးသည် မလိုတမာ စိတ်ဖြင့် ပို၍စိတ်ဆင်းရဲအောင်ရွာသည်ဟု ဒေါသသံပါအောင် ဖွဲ့ထားပုံ သဘာဝကျသည်။ နှစ်သက်ဖွယ်ဖြစ်သည်။ ညို၊ သို၊ လို၊ လိုဟု အိုသရချင်း နီးကပ်စွာထား၍ အသံအကွက်ဆင်သည် မှာ နှစ်သက်ဖွယ်ဖြစ်လှသည်။ မိုးကိုပင် လူကဲ့သို့ တင်စားရေးဖွဲ့ထားရာ သမာဓိဂုဏ်မြောက်လှ ပါသည်။

ကိန္နရီက ဘလ္လာတိယမင်းကို မူရင်းဇာတ်တွင် ပြောဆိုဆုံးမခြင်းသာရှိသော် လည်း စာဆိုက တိုင်းပြည်ကို မှူးမတ်အားအပ်သော် မှူးမတ်အာဏာယစ်မှူး အကျင့် ဖောက်ပြန်မည့် အခြေအနေ အုပ်ချုပ်သူနှင့် ကင်းကွာမည့်ပြည်သူတို့၏ ခံစားချက်ကို

> "မှူးမတ်သော်လည်း၊ မလျော်အကျင့်၊ ဖောက်ပြန်နှင့်သော်၊ အရှင် အာဏာ၊ ရှိန်ဝါဘုန်းစက်၊ မပျက်လေလော၊ မြေကြောခြားပိုင်း၊ သူရပ်တိုင်းမှာ၊ သူရိုင်း စစ်မက်၊ အမှုထွက်လည်း၊ မခက်ချေ လော၊ ဖြင်ပေါ်မျိုးပြား၊ ပြည်သူများလည်း၊ နွမ်းပါးမျက်နှာ၊ ရှင်နှင့်ကွာသော်၊ လိပ်ပြာမလုံ၊ တအုံနွေးနွေး၊ အောင့်အေး လှည့်ကာ၊ ရှိပေရှာလိမ့်" [၂]

ဟု အပြောက်အမွမ်း ခြယ်သရေးဖွဲ့ထားပါသည်။

## ၂၊ ၂၊ ၂။ ကိန္နရာ

ညောင်ကန်ဆရာတော်၏ ငါးရာ့ငါးဆယ်ဇာတ်တော်တွင် ဘလ္လာတိယမင်း၏ စကားကိုကြား၍ ကိန္နရာဖိုသည် ဆိတ်ဆိတ်နေ၏ဟု ရေးသားထားပါသည်။

တွင်းသင်းတိုက်ဝန်မဟာစည်သူက ဘလ္လာတိယမင်းက ကိန္နရာမောင်နှံကို အဘယ်ကြောင့် ငိုကြွေးသည်ကို စူးစမ်းမေးမြန်းရာတွင် စကားများလျှင်အမှားပါတတ် ၍ စကားပြောရမည်ကို ရှောင်ရှားတတ်ပုံကို-

> "ကိန္နရာဖို မဆိုတတ်စွာ၊ မျက်နှာအောက်ချ၊ ညိုမြမြသား၊ အလှပြာဝင်း၊ သွယ်နွဲ့ရှင်းကား၊ မင်းနှင့်ပြောလို၊ ပြန်လတ်ဆို တည်း" [၃]

မျက်နှာအမူအရာကိုပါ ဖော်ပြ၍ အပြောက်အမွမ်း ခြယ်သပါသည်။

---

[၁] -ယင်း-၊ ၁၃။

[၂] ထွန်းညို၊ ၂၀၁၅၊ ၃၉။

[၃] ယင်း၊ ၂၁။

## ၂၊ ၂၊ ၃။ ဘလ္လာတိယမင်းကြီး

တွင်းသင်းတိုက်ဝန်မဟာစည်သူသည် ဘလ္လာတိယမင်း၏ စရိုက်ကို မင်းဘဝနှင့် မုဆိုးဘဝ နှစ်ဘဝ ခွဲ၍ တင်ပြပါသည်။

> "ညောင်ကန်ဆရာတော်၏ ငါးရာငါးဆယ်ဝတ္ထုတွင် မီးကျီးဖြင့် ကင်သော သမင်သားကို စားအံ့ဟုကြံ၍" [၁]

ဟူ၍သာ ပါရှိသော်လည်း စာဆိုက ဘလ္လာတိယမင်း၏ စရိုက်ကို တိုင်းပြည်အုပ်ချုပ်မင်းလုပ်ရာတွင် မင်းကျင့်တရား ပြည့်စုံ၍ ကိုယ်ကျင့်တရား ကောင်းမွန်ကာ စားတော်ကဲ၏ ချက်ကျွေးသော သမင်သားအရသာကို စွဲလန်းခြင်းကြောင့်သာ စရိုက် ပြောင်းသူအဖြစ်

> "တံခါးဟည်းလည်း၊ စည်းမသားရ၊ တန္တမုတိမ်း၊ ငြိမ်းလက်သော အား၊ အင်္ဂါ ငါးမည်၊ စားတော်သည်လျှင်၊ ဆီကြည် ထောပတ်၊ ဖျန်းဆွတ်ကောင်းဟုတ်၊ ငရုတ်တမြိတ်၊ ကန့်အိတ်၊ ချင်းလွှာ ဇီရာကရဝေး၊ ကြိုင်မွှေးနံ့မွန်၊ ကြက်သွန်ပင်စိမ်း၊ ခတ်ရိမ်း စုံလင်၊ ကောင်းစွာရင်သား၊ ကြောခြင်ငြိမ့်ထွား၊ ဥမင်သားကို၊ စားလတ်တုံမိ၊ ဇောပီတိဖြင့်၊ မချိပြတ်မူး၊ လျှာရည်ရူး၍" [၂]

ဟူ၍ အပြောက်အမွမ်းခြယ်သပါသည်။ ရာဇနီတိကျမ်းလာ စားတော်ချက်အင်္ဂါငါးပါး ပြည့်စုံသော စားတော်ကဲ၏ အစီအမံ သမင်သား၏အရသာကြောင့် အသက်ပြတ်မတတ်၊ လျှာရည် တမြားမြားဖြစ်နေသည့် မင်းကြီး၏ရုပ်သွင်ကို မြင်ယောင်အောင် ဖွဲ့နွဲ့ထားပါသည်။

စာဆိုက ဘလ္လာတိယမင်း၏ မုဆိုးဘဝစရိုက်ကို ကိန္နရီ၏အပြောဖြင့် သရုပ်ဖော်ထားပါ သည်။ မမက်မောသင့်သည်ကို မက်မော၍ တောင်ပေါ်၊ ကမ်းပေါ်၊ ချိုင့်ကျင်းထဲ ဝင်ချည် ထွက်ချည်အမဲလိုက်ခြင်းကို ကောက်လှိုင်းဆင်ပြောင်ခိုးသည့် ဥပမာဖြင့်

> "တောင်ကမ်းတက်တုံ၊ ကျင်းသက်တုံနှင့်၊ တင်ုံတုံ့တုံ့၊ တချို လျှိုးလျှိုး၊ တတောတိုး၍၊ မုဆိုးကိုယ်ဝတ်၊ စုတ်ပြတ်တိမ်းပါး၊ ဖဝါးဖနောင့်၊ ဆူးငြောင့်စူးရှ၊ မလှရုပ်ပြင်၊ ဆံမျှင်တွန့်ရှုပ်၊

---

[၁] ညောင်ကန်ဆရာတော်၊ ခုနစ်မပါ၊ ၄၈၇။

[၂] ထွန်းညို၊ ၂၀၁၅၊ ၈၂။

ဦးထုပ်သင်တိုင်း၊ နီရောင်မှိုင်း နှင့် ကောက်လှိုင်း ဆင်ပြောင်၊
ခိုးသောယောင်သို့" [၁]

ဟု အပြောက်အမွမ်း ခြယ်သသည်။

"မမက်စကောင်း၊ မက်စကောင်း

အကြောင်းမလျော်၊ အကြောင်းတော်

တငုံ့တုံ့တုံ့၊ တချုံ့လျှိုးလျှိုး၊ တတောတိုး၍"

အဖွဲ့တို့သည် အသံသာ၍ သမင်သားကိုရရန် ရှာဖွေနေသော အာသာရမက်ကြောင့် မောပန်းနေ သည့် မင်းကြီး၏ ပင်ပန်းဆင်းရဲသောအဖြစ်ကို ပေါ်လွင်စေပါသည်။ ကောက်လှိုင်းဆင်ပြောင် ခိုးသော ယောင်သို့ ဥပမာအလင်္ကာဖြင့် မိမိအရာမဟုတ်သော မုဆိုးအလေ့အထဝင်စားသည့် မင်းကြီးစရိုက်ကို ဖော်ကျူးပါသည်။ မုဆိုးဘဝ၏ ခက်ခဲပင်ပန်းစွာလှုပ်ရှားရပုံကို သရုပ်ဖော်ရာ၌ အနုစိတ်တင်ပြနိုင်သည်။ တတ်တုံ၊ သက်တုံဆိုသော ကာရန်တူနှစ်ကြိမ်ဆက်သုံးခြင်း၊ တုံ့တုံ့၊ လျှိုးလျှိုးဆိုသည့် ဝိစ္ဆာ စကားလုံးအသုံးများက မြင်ကွင်းကို ပို၍သရုပ်ပေါ်စေသည်။ အဝတ်အစား စုတ်ပြတ်ပုံ၊ ဆံပင်ရှုပ်ထွေးပုံဆိုသည့် မလှပသည့် အကြောင်းအရာများကို ဖွဲ့ရာတွင် ဝတ်၊ ပြတ်၊ ရှုပ်၊ ထုပ်စသည့် မသာယာသော အသတ်သံများကိုသုံးထားသည့်အတွက် အကြောင်းအရာကို အသံကပါ ပံ့ပိုးထားသည်။ နှစ်ချက်ညီ (၄-၂) ကာရန်များက လည်း ဆင်းရဲစုတ်ပြတ်နေသော သွင်ပြင်တစ်ခုပြီးတစ်ခုကို လျင်မြန်စွာ ဖြစ်လာ စေသည်။

ကိန္နရီ၏ ကျိုးကြောင်းဆင်ခြင်ပြောဆိုသောစကားကို နှစ်လိုစွာလက်ခံသော မင်းကြီး၏ အသွင်ကို-

ငြူစူရန်စစ်၊ မာန်မုန်ယစ်ကို၊ မဖြစ်ရာမြို့၊ နှစ်လိုသဖြင့်

အဖွဲ့ဖြင့် သဒ္ဒါလင်္ကာရမြောက်အောင် ခြယ်သပါသည်။ ကိန္နရီ၏အပြောကို ဒေါသ၊ မာန်မာန မဖြစ်ဘဲ ကျေနပ်စွာလက်ခံလိုက်သော မင်းကြီး၏ ခံစားချက်ပြတ်သားမှုကို သံပြတ်သရဖြင့် အပြောက်အမွမ်းခြယ်သထားပါသည်။

---

[၁] ထွန်းညို (၂၀၁၅၊ ၄၄)

## ၂၊ ၃။ ကာလဒေသအပြောက်အမွမ်း

ဘလ္လာတိယပျို့တွင် ကိန္နရာဖိုမ ချစ်မေတ္တာကြီးမားမှုသရုပ် ပေါ်လွင် ထင်ရှားအောင် မိုး၏သရုပ်ကို ချောင်းရေကြီးမှု၊ မိုးရွာမှု၊ ရေရှူးထမှုတို့ကြောင့် တစ်ကွဲစီဖြစ်ပုံကို ဇာတ်နောက်ခံအဖြစ် အသေးစိတ် အပြောက်အမွမ်း ခြယ်သပါသည်။

မူလက မိုးမရွာ၊ ရေမကြီးခင် တောတောင်ကျက်စားသော ငှက်မောင်နှံ တစ်ကောင်နှင့် တစ်ကောင် ပျော်မြူးပုံ၊ တစ်ကောင်က တစ်ကောင်ကိုခွံ့ပုံဖြင့်

"နှုတ်သီးစက်ဖြင့်၊ နှစ်သက်မြူးစယ်၊ လူသူနှယ်လျှင်၊ ယူသယ်
ရေစာ၊ ရှာကာ နှစ်လို၊ တို့ကာခွံ့လျက်"[၁]

ဟု နှစ်သက်ကြည်နူးဖွယ် အပြောက်အမွမ်း ခြယ်သထားသည်။

မိုးရေကြီးသော အသံ"တတုတ်တုတ်၊ တခြုတ်ခြုတ်" ထည့်သွင်း၍ ထိုရေမှ ဝဲဖြစ်ပေါ်ပုံ၊ အနောဝတတ်အိုင်မှ ရေလွှတ်ပုံနှင့် ဥပမာပေးရာ

ဝဲပြန်မှုတ်လျက်၊ ခြုတ်ခြုတ်ထိုးနင်း၊ မိုးရည်သွင်းသော်၊ အိုင်မင်း
နောတက်၊ ပြွန်ကလွှတ်သို့၊ ပြွတ်ပြွတ်ပြင်းထန်၊ စီးထွက်မာန်ကို[၂]

ဟူ၍ ကြောက်မက်ဖွယ်သရုပ်ပေါ်အောင် ဥပမာအလင်္ကာဖြင့် ခိုင်းနှိုင်းပြထားသည်။ မှုတ်၊ ခြုတ်၊ တက်၊ လွှတ်၊ ပြွတ်စသည့် အသတ်သံများကလည်း ပတ်ဝန်းကျင် အခြေအနေ မသာယာဘဲ ဆိုးဝါးမှုကို ပို၍ပေါ်လွင်စေသည်။

မိုးသည်းထန်စွာရွာ၍ မြစ်ရေလျှံကာ ချောင်းတစ်ဖက်စီခြားပြီး လျှပ်စီးပြက်၍ မြင်ရသောအခါ တစ်ဦးနှင့်တစ်ဦး ကြည်လင်ရွှင်ပျစွာ နှုတ်ဆက်ခြင်း၊ လျှပ်စီး မလက်သည့်အခါ အသက်စင်ထွက်မကတ် ခံစားပူလောင်ရသည့်အဖြစ်ကို–

"လျှပ်ခြည်အရောင်၊ ပြောင်ပြောင်လင်းဝါ၊ ပြက်သောခါနိုက်၊
မျက်နှာတည့်တင်၊ ကြည့်ကြမြင်၍၊ သာရွှင်ရယ်ဘက်၊ မေးနှုတ်
ဆက်၏၊ လျှပ်စက်မညိတ်၊ ရောင်ခြည်ပိတ်က၊ ကြောက်ထိတ်
လန့်လျက်၊ ငိုသံနက်၏၊ စဉ်ထွက်လိပ်ပြာ၊ ကိုယ်နှင့်ကွာ၍"

ဟူ၍ အပြောက်အမွမ်း ခြယ်သသည်။ ကာလနောက်ခံ လျှပ်စီးအလင်း အမှောင် ဖြစ်ပေါ်မှုကို "လျှပ်စက်မညိတ်၊ ရောင်ခြည်ပိတ်က၊ ကြောက်ထိတ်လန့်လျက်"ဟူ၍

[၁] ထွန်းညို၊ ၂၀၁၅၊ ၁၁။
[၂] ထွန်းညို၊ ၂၀၁၅၊ ၂၉။

၄–၃–၂ သုံးချက်ညီကာရန် အသုံးပြုကာ ဇာတ်ဆောင်၏ခံစားမှု၊ ချစ်ခြင်းမေတ္တာစရိုက်အဖွဲ့ကို ပီပြင်အောင် ဖော်ကျူးတင်ပြ ထားပါသည်။

ကိန္နရီမောင်နှံတို့ တွေ့ဆုံချိန်ကို ပုရစ်ဖူးဝေသော နွေဦးတန်ခူးကာလကို ရွေးထုတ်၍

"အခါအခါ၊ အကာတန်ခူး၊ သင်္ကြန်ဦးဝယ်၊ ပင်လူးသစ်သစ်၊
ပုရစ်ဝေဝေ၊ ချပ်ပြေထွန့်ထွန့်၊ ရွက်ညွန့်ရှင်ရှင်၊ အင်ပင်အင်တိုင်း၊
ခက်ကျိုင်းသိုးသွန်း၊ ရှိုးရှိုးရွှန်းတိ" [၁]

ဟူ၍ နွေဦးသရုပ်ကို ဖော်ကျူးဖွဲ့နွဲ့သည်။ သင်္ကြန်အချိန်ကာလ နောက်ခံတွင်လည်ယှက်နေသော ကျေးငှက်တို့ ပျော်မြူးကြသည်ကိုလည်း ဖော်ကျူးတင်ပြထားပါသည်။

နွေဦးတန်ခူးလအလှကို ဖော်ကျူးရာ၌ သစ်သစ်၊ ဝေဝေ၊ ထွန့်ထွန့်၊ ရှင်ရှင်၊ ရှိုးရှိုးစသည့် ဗျည်းတူ၊ သရတူနှစ်ကြိမ်ထပ်စကားလုံးများနှင့် တန်ဆာဆင်ထားရာ အကြောင်းအရာကို အသံ ပံ့ပိုးထားသည်။ နွေအလှသည် အကြောင်းအရာနှင့် လိုက်ဖက်သည့် စကားလုံးရွေးချယ်မှုကြောင့် သရုပ်ပေါ်နေသည်။ ဝိဇ္ဇာစကားလုံးများကြောင့် ပို၍ နှစ်သက်ဖွယ်ဖြစ်လာရပါသည်။

## ခြုံငုံသုံးသပ်ချက်

တွင်းသင်းတိုက်ဝန် မဟာစည်သူသည် သလ္လာတိယပျို့၌ မူရင်း အဋ္ဌကထာတွင် မပါဝင်သည်များကို စာရေးသူက စိတ်ကူးဆန်းကြယ်စွာ အပြောက်အမွမ်း ခြယ်သနိုင်မှု ကြောင့် ရသမြောက်သည့်ပျို့ကောင်းတစ်စောင် ဖြစ်လာခဲ့ပါသည်။

နန်းတွင်းတွင် အမှုထမ်းခဲ့သည့် ဝန်ကြီးဖြစ်သည့် အလျောက်ဆီလျော်သော ဇာတ်ကွက်များ၌ နန်းဓလေ့များ၊ ရာဇရေးများကိုထည့်သွင်းဖွဲ့ဆိုထားသည်။ မင်းကြီးက မှူးမတ်များကို နန်းအပ်ခန်းတွင် တိုင်းပြည်ကိုမည်သို့ အုပ်ချုပ်သင့်ကြောင်း ဆုံးမစကားနှင့် မှတ်သားဖွယ်အဖုံဖုံကို ထည့်သွင်း ရေးဖွဲ့ခဲ့သည်။

ဇာတ်ကောင်အပြောက်အမွမ်း ခြယ်သရာတွင် အချစ်အလွမ်းကို အသားပေးလို၍ ကိန္နရီကို အသားပေးဖွဲ့ဆိုပါသည်။ ကိန္နရီက မင်းကြီးကို ဆိုဆုံးမရာတွင် တူညီသော အကြောင်းအရာကို စကားလုံးပရိယာယ်ကြွယ်ဝစွာဖြင့် မရိုးမထပ်ရအောင်

---

[၁] ထွန်းညို (၂၀၁၅၊ ၂၉)

အပြောက်အမွမ်း ခြယ်သနိုင်ပါသည်။ သလ္လာတိယမင်းကြီးစရိုက်ကို အပြောက်အမွမ်း ခြယ်သရာတွင် မင်းဖြစ်ပါလျက် ဝါသနာနောက်သို့လိုက်ကာ ထီးနန်းကို ပစ်ထားခဲ့သည့်စရိုက်ကို အနုစိတ် ရေးဖွဲ့သည်။

ကာလဒေသနောက်ခံ အဖွဲ့များကလည်း ဇာတ်လမ်း၊ ဇာတ်ဆောင် စရိုက်ကို ပေါ်လွင်လာအောင် အထောက်အကူပြုထားသည်။ လောကသဘာဝ၊ လူ့ သဘာဝ အဖွဲ့များဖြင့် မွမ်းမံ၍ မူရင်းဇာတ်ထက် ပြည့်စုံ ပေါ်လွင်အောင် အပြောက် အမွမ်း ခြယ်သတင်ပြထားပါသည်။

စာဆိုသည် သလ္လာတိယပျို့တွင် ကိန္နရီမောင်နှံ၏ ချစ်မေတ္တာ သံယောဇဉ်ကြီးမားပုံကို အလေးပေးခြယ်သမှုန်း၍ ဖွဲ့ဆိုထားသည့်ကိန္နရီမောင်နှံ၏ ချစ်ခြင်းမေတ္တာကို ပေါ်လွင်အောင် သရုပ်ဖော်ရာ၌ လှုပ်ရှားမှုအမူရာလေးများ၊ ပြောသံဆိုသံလေးများကို မြင်ယောင်ကြားယောင် လာအောင် ဖြည့်စွက် ဖန်တီးရေးဖွဲ့ထားသည်။ အရိုးခံဇာတ်လမ်းကို ရသမြောက်ပျို့တစ်စောင်အဖြစ် ဖန်တီးရေးဖွဲ့ရာတွင် စိတ်ကူးကောင်းမွန်ရုံသာမက အသံ၊ ကာရန်၊ အကွက်အဆင်ပါ ကောင်းမွန်သည့်အတွက် ကုန်းဘောင်ခေတ်၏လက်ရာကောင်းပျို့တစ်ပုဒ်အဖြစ် ထင်ရှားခဲ့ခြင်း ဖြစ်ပါသည်။

## နိဂုံး

ဘလ္လာတိယပျို့သည် စာဆို၏ အပြောက်အမွမ်း၊ အခြယ်အသ၊ အရေးအဖွဲ့ကောင်း မွန်မှုကြောင့် ဦးတည်ချက်ပေါ်လွင်ပြီး နှစ်သက်ဖွယ်ဖြစ်ပါသည်။ အင်းဝခေတ်မှစ၍ ကုန်းဘောင်ခေတ်အထိ ပျို့စာဆိုတို့သည် မူလအဋ္ဌကထာလာ ဘုရားဟောဇာတ်တော်များကို မှီ၍ စာဆိုတို့၏ စိတ်ကူးအပြောက်အမွမ်း၊ အရေးအဖွဲ့ အပြောက်အမွမ်း များဖြင့် ဖြည့်စွက်ခြယ်မှုန်း ရေးဖွဲ့ခဲ့ကြပါသည်။ စာဆိုတို့၏ စိတ်ကူးကြောင့် မူရင်းဇာတ်များသည် တရားလည်းပါ၊ စကားလည်းသာပြီးလျှင် ပရိသတ်အား ခံစားမှုရသအမျိုးမျိုးကို ပေးနိုင်ပြီး နှစ်သက်ခြင်းရသကိုပါ ပေးစွမ်းနိုင်သည့် ပျို့စာပေများ ထွန်းကားခဲ့ခြင်း ဖြစ်ပါသည်။

## ကျမ်းကိုးစာရင်း


ခင်မမ၊ **ဒေါက်တာ**။ (၂၀၁၀)။ ***မင်းပွဲဝင်ပျို့ကဗျာ*** ။ ရန်ကုန်၊ ရွှေကံ့ကော်စာပေ။

ခင်မင်၊ **မောင်** (ဓနုဖြူ)။ (၂၀၁၄)။ ***ဘာသာအမြင်*** ။ ရန်ကုန်၊ စိတ်ကူးချိုချို။

ညောင်ကန်ဆရာတော်။ (ခုနစ်မပါ)။ ***ငါးရာငါးဆယ်*** ။ ရန်ကုန်၊ ခင်ချိုထွန်းစာပေ။

တင်၊ ဦး၊ ပုဂံဝန်ထောက် (၁၃၃၁)၊ ကဗျာဗန္ဓသာရကျမ်း၊ ရန်ကုန်၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်။

ထွန်းညို၊ **ဦး**။ (၂၀၁၅)။ ***ဘဒ္ဒာတိယပျို့*** ။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

ဖေမောင်တင်၊ **ဦး**။ (၁၉၇၇)။ ***မြန်မာစာပေသမိုင်း*** **။** ရန်ကုန်၊ ခေတ္တရာပုံနှိပ်တိုက်။

မလိခ။ (၂၀၁၅)။ ***ပျို့အညွန်း*** ။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေစ။

# သိန်းဖေမြင့်၏အညာပြန် (ခရီးသွားဆောင်းပါး) မှ စီစဉ်တင်ပြပုံ

တင်မိမိနိုင်*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် စာရေးသူ သိန်းဖေမြင့် မုံရွာခရိုင်၊ ဘုတလင်ဒေသသို့ မတူညီသည့် အချိန်ကာလများတွင် အကြိမ်ကြိမ်သွားရောက်ခဲ့ပြီး ထိုခရီးတွင် တွေ့ကြုံခဲ့ရသောအတွေ့အကြုံများ၊ခေတ်နောက်ခံပုံရိပ်တို့၏ ရောင်ပြန်ဟပ်မှုများ၊ မတူညီမှုတို့ကို စာရေးဆရာ၊ နိုင်ငံရေးသမား၊ သတင်းစာဆရာ ပီပီ ဖော်ပြထားသည်ကို သိစေလိုသော ရည်ရွယ်ချက် ဖြစ်ပါသည်။ အညာပြန်ခရီးသွားဆောင်းပါးများကို ထိုခေတ် စကားပြေနယ်ပယ်အဖြစ် သတ်မှတ်ပြီး ခရီးသွားစာပေအတတ်ပညာဖြင့် ချိန်ထိုးလေ့လာသွားမည် ဖြစ်ပါသည်။ ထိုသို့လေ့လာခြင်းဖြင့် သိန်းဖေမြင့်၏ ခရီးသွားဆောင်းပါးများတွင် သုတ၊ ရသများ ပါဝင်ပေါင်းစပ် နေရုံမျှမက ခရီးသွားဆောင်းပါး၏ အနှစ်အသားဖြစ်သော ခေတ်၏နောက်ခံပုံရိပ်များ ပါဝင်နေကြောင်း သိရှိနိုင်ပါသည်။

**သော့ချက်ဝေါဟာရ** – သိန်းဖေမြင့်၊ ခရီးသွားစာပေ၊ အညာဓလေ့

## နိဒါန်း

ခရီးသွားစာပေတွင် ရောက်ရှိရာဒေသ၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုဓလေ့ ထုံးစံများနှင့်သဘာဝပတ်ဝန်းကျင်အဖွဲ့များပါဝင်နေတတ်ပါသည်။ ထို့အပြင် ခရီးစဉ်တစ် လျှောက်အတွေ့အကြုံများကို မှန်မှန်ကန်ကန်တင်ပြပြီး ဒေသခံလူထု၏ လက်တွေ့ဘဝကိုလည်း မှတ်တမ်းတင်ထား တတ်ကြပါသည်။ ထိုခရီးသွားစာပေတို့မှ ဆက်စပ်ပေးထားသော လူနှင့်လူ့ပတ်ဝန်းကျင် အကြောင်းအရာများ၊ စူးစမ်းလေ့လာချက်များ ခံစားတင်ပြချက်များကို ရသမြောက်အောင် တင်ပြထားနိုင်လျှင် စူးရှသော ခရီးသွားစာပေဟု ဆိုနိုင်ပါသည်။ ခရီးသွားစာပေကို ဆောင်းပါး၊ ဝတ္ထု၊ ကဗျာပုံစံအမျိုးမျိုးဖြင့် ရေးသားတတ်ကြပါသည်။ သိန်းဖေမြင့်သည် "အညာပြန်ခရီးသွားစာပေ" သည် ဆောင်းပါးပုံစံဖြင့်ရေးသားထားပါသည်။ စာရေးသူသည် (၁၉၅၅) ခုနှစ်တွင် ဖခင် နေမကောင်း၍ ဇာတိမြေအညာသို့ သွားရောက် ခဲ့ပုံကို "ဘုတလင်အပြန်" (၁၉၆၄) ခုနှစ်တွင် တရားဟော စည်းရုံးရန် သွားရောက်ခဲ့ပုံကို "အရှုံးထဲကအပြုံး"၊ (၁၉၇၀)ခုနှစ်တွင် အနာဂတ်မျှော်မှန်းချက်အတွက် ပြန်ခဲ့ပုံကို "သည်တစ် ခေါက်အညာပြန်"၊ (၁၉၆၆)ခုနှစ်တွင် မီးရထားဖြင့်ဘုတလင်သို့ပြန်ခဲ့ပုံကို "ဘုတလင်ဘူတာနှင့်တမာပင်"၊ (၁၉၇၄) ခုနှစ်တွင် စာရေးသူအသက် (၆၀)ပြည့်

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ကျိုင်းတုံတက္ကသိုလ်

မွေးနေ့ကျင်းပရန် ပြန်ခဲ့သည်ကို "ဘုတလင်ပြန်" စသည့် ဆောင်းပါးများ ရေးသားခဲ့ပါသည်။ နေရာဒေသတစ်ခုတည်းကို စာရေးသူတစ်ဦးတည်းက အကြိမ်ကြိမ် သွားရောက်ခဲ့သော်လည်း အချိန်ကာလ မတူညီသည့်အတွက် ခေတ်၏ နောက်ခံပုံရိပ် မတူညီမှု များကို တွေ့မြင်ရပါသည်။

## ၁။ သိန်းဖေမြင့်၏အတ္ထုပ္ပတ္တိအကျဉ်း

စာရေးသူကို ဖခင် မြေတိုင်းစာရေး ဦးဘ၊ အမိ ဒေါ်မြင့်တို့မှ ၁၉၁၄ခုနှစ်၊ ဇူလိုင်လ(၁၀)ရက် သောကြာနေ့တွင် စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ဘုတလင်မြို့တွင် မွေးဖွားခဲ့ပါသည်။ ဘုတလင်ကျောင်းတွင် မောင်မြမောင်ဟုအမည်တွင်ပြီး အင်္ဂလိပ် မြန်မာကျောင်းတွင် သိန်းဖေမြင့်ဟု အမည်တွင်ပါသည်။ ၁၉၃၂ခုနှစ်တွင် မုံရွာ ဗုဒ္ဓဘာသာကျောင်းတွင် အထက်တန်းပညာသင်ယူခဲ့ပြီး ဒသမတန်းကို မြန်မာစာ၊ သင်္ချာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ပါသည်။ (၁၉၃၂-၃၃)ခုနှစ်တွင် မန္တလေးဥပစာကောလိပ် (၁၉၃၃-၃၅)ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ပညာသင်ကြားပြီး ဝိဇ္ဇာဘွဲ့ရရှိခဲ့ပါသည်။ (၁၉၃၈)ခုနှစ်တွင် ကာလကတ္တားတက္ကသိုလ်၌ ဥပဒေပညာနှင့် မဟာဝိဇ္ဇာပါဠိပညာကို ဆည်းပူးခဲ့ပါသည်။ ၁၉၄၆ခုနှစ်တွင် ဒေါ်ခင်ကြည်ကြည် နှင့်လက်ထပ်ခဲ့သည်။ (၁၉၃၃-၃၄)ခုနှစ်တွင် တက္ကသိုလ်နေ့ ကျောင်းသားများ ကိုယ်စားလှယ်၊ (၁၉၃၃-၃၅) ခုနှစ်တွင် တို့ဗမာအစည်းအရုံး တွဲဖက်အတွင်းရေးမှူး၊ ၁၉၃၇ခုနှစ်တွင် နဂါးနီ စာအုပ်အသင်းပညာရေးအဖွဲ့ငယ်အမှုဆောင်၊ (၁၉၄၁-၄၂) ခုနှစ်တွင် ဖက်ဆစ်ဆန့်ကျင်ရေး အင်အားစုများ၏ စည်းရုံးရေးမှူး၊ (၁၉၄၆) ခုနှစ်တွင် ဖဆပလအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး၊ (၁၉၄၆ခုနှစ်တွင် ဗိုလ်ချုပ်ခေါင်းဆောင်သော ကြားဖြတ်အစိုးရအဖွဲ့တွင် ခေတ္တတာဝန်၊ ၁၉၅၂ တွင် ပြည်သူ့ညီညွတ်ရေးပါတီ အထွေထွေအတွင်းရေးမှူး (၁၉၅၆) ခုနှစ်တွင် ဘုတလင်မဲဆန္ဒနယ်၏ ပြည်သူညီညွတ်ရေးအမျိုးသားတပ်ပေါင်းစု (ပမညတ) အမတ် (၁၉၅၆ မှ ၁၉၆၀) ခုနှစ်ထိ၊ (၁၉၅၆-၆၃)ခုနှစ်တွင် မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ၊ (၁၉၅၈) ခုနှစ်တွင် ဗိုလ်တထောင်သတင်းစာ အယ်ဒီတာချုပ်နှင့် အုပ်ချုပ်မှုဒါရိုက်တာ၊ ၁၉၃၆၊ ၄၂၊ ၅၂၊ ၅၆၊ ၁၉၉၂) ခုနှစ်များတွင် စာရေးဆရာ၊ နိုင်ငံရေးသမား၊ သတင်းစာဆရာအဖြစ် အိန္ဒိယ၊ တရုတ် နိုင်ငံများသို့ သွားရောက်ခဲ့ရသည်။ ၁၉၃၃ခုနှစ် သူရိယသတင်းစာတွင် ပါဝင်ခဲ့သော မန္တလေး အင်တာမီဒီယိတ်ခေါ်ဥပစာကျောင်းတွင် "အပိုမြန်မာစာသင်ပြပို့ချသင့်ခြင်း" ဆောင်းပါးရေးသားခဲ့သည်။ ထိုဆောင်းပါးမှာ ပထမဆုံး ပုံနှိပ်စာမူဖြစ်သည်။ (ဝတ္ထုတို၊ ရှည်၊ ဆောင်းပါး ခရီးသွားစာပေ၊ အတ္ထုပ္ပတ္တိစာပေ၊ နိုင်ငံရေးစာပေမျိုးစုံ ရေးသားခဲ့ပါသည်။) (၁၉၅၆)တွင် "အရှေ့ကနေဝန်းထွက်သည့်ပမာ" စာပေဗိမာန်ဝတ္ထုရှည်ဆု၊

(၁၉၅၈)တွင် "ဝိသေသတိုင်းသမိုင်းအစ" စာအုပ်ဖြင့် အမျိုးသားစာပေ စာပဒေသာ ပထမဆု၊ ၁၉၆၈ ခုနှစ်တွင် "သီတာပြုံး" စာအုပ်ဖြင့် အမျိုးသားစာပေ ဝတ္ထုရှည် စတုတ္ထဆုကို ရရှိခဲ့ပါသည်။ စာရေးသူသည် ဝနေ-ငဖေ ဘုတလင်၊ သိန်းနေနွယ်၊ တက္ကသိုလ် အကျော့၊ တစ်ကောင်ကြွက်၊ ဦးကျောက်လုံး၊ သိန်းဖေ၊ တက်ဘုန်းကြီး၊ မောင်တူ၊ သိန်းဖေမြင့် ကလောင်အမည်များဖြင့် ရေးသားခဲ့ပါသည်။ ၁၉၄၆ခုနှစ် "လမ်းစပေါ်ပြီ" ဝတ္ထုမှစ၍ မိခင်အမည်နှင့်တွဲဖက်၍ သိန်းဖေမြင့်အမည်ကို ပြောင်းလဲ သုံးစွဲခဲ့ပါသည်။ စာရေးသူသည် စစ်ကြိုခေတ်တွင် ပထမဦးဆုံး ခင်မျိုးချစ်ဝတ္ထုတို ဖြင့်စာပေလောကကို စတင်အခြေချခဲ့ပြီး စစ်ပြီးခေတ်နှင့် လွတ်လပ်ရေးခေတ် တစ် လျှောက်လုံး စာရေးဆရာ၊ သတင်းစာဆရာ၊ အယ်ဒီတာဘဝများတွင် စဉ်ဆက်မပြတ် စာပေလက်ရာများ ရေးသားခဲ့၍ စာပေဟောပြောပွဲများ၊ ရုပ်ရှင်ဇာတ်ညွှန်း ရေးသား ခြင်းများကို ဆောင်ရွက်ခဲ့ပါ သည်။

၁၉၇၈ ခုနှစ် ဇန်နဝါရီလ (၂၈)ရက်နေ့တွင် ကွယ်လွန်ပြီး ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ခင်ကြည်ကြည်နှင့် သားသမီး (၄)ဦးကျန်ရစ်ခဲ့ပါသည်။

## ၂။ သိန်းဖေမြင့်၏အညာပြန် (ခရီးသွားဆောင်းပါးများ) စီစဉ်တင်ပြပုံ

စာရေးသူသည် စာရေးဆရာ၊ နိုင်ငံရေးသမား၊ သတင်းစာဆရာတစ်ဦး ဖြစ်သည့် အလျောက် စာရေးရာတွင်ဖြစ်စေ၊ ဟောပြောရာတွင်ဖြစ်စေ အစီအစဉ်ကျနအောင် ပြုပြင် ရေးသားပြောဆို လေ့ရှိသည်ဟုဆိုပါသည်။ ထို့အပြင် စာရေးသားရာ၌ အကြောင်းအရာ၊ အတွေးစိတ်ကူး၊ စကားလုံး၊ ဝါကျ၊ စာပိုဒ်တို့ကို တစ်ခုပြီးတစ်ခု စီကာစဉ်ကာရေးသားခြင်း၊ စဉ်ဆက်စီးဆင်း ခြင်း (Flow)မျိုး ရေးသားသင့်ကြောင်း ကိုလည်း လမ်းညွှန်ခဲ့ပါသည်။

အညာပြန်ခရီးသွား ဆောင်းပါးများတွင် စာရေးသူ လမ်းညွှန်ထားသကဲ့သို့ ကိုယ်တိုင်လည်း စဉ်ဆက်စီးဆင်းခြင်းဖြင့် ရေးသားထားသည်ကို တွေ့ရပါသည်။ ဆောင်းပါးတွင် ခရီးသွားလာသည့် အကြောင်းရင်း၊ သွားလာသည့်ချိန်၊ ခရီးသွားလာ ပုံ၊ တွေ့မြင်ရသော ရှုခင်းမြင်ကွင်း၊ တွေ့ဆုံရသည့် ပုဂ္ဂိုလ်များတို့နှင့်အတူ စာရေးသူ ၏ ခံစားချက်၊ သုံးသပ်ချက်၊ ထင်မြင်ချက်၊ နှိုင်းယှဉ်ချက်တို့ကို အချိတ်အဆက်မိမိ စီစဉ်ထားသည်ကို တွေ့ရပါသည်။

### ၂.၁။ အညာဒေသရှုခင်းမြင်ကွင်း

ခရီးသွားစာပေတွင် ရောက်ရှိရာအရပ်ဒေသ၏ သဘာဝ ရှုခင်းများမြင်ကွင်း များကို ထည့်သွင်း ရေးသားတတ်ကြပါသည်။ ထိုသို့ရေးသားခြင်းသည် ခရီးသွား

စာပေ၏ သန္ဓေပါလက္ခဏာတစ် ရပ်ဟုဆိုနိုင်ပါသည်။ သိန်းဖေမြင့်၏ အညာပြန် ခရီးသွားဆောင်းပါးများတွင်လည်း သဘာဝ ရှုခင်းမြင်ကွင်းများကို ထည့်သွင်း ရေးသားထားပါသည်။

စာရေးသူသည် ရန်ကုန်မှအညာဒေသ ဘုတလင်သို့ လေယာဉ်ဖြင့်သွားရောက် ခဲ့ရာ လေယာဉ်ကွင်းရှိရာ ခဝဲခြံမှဘုတလင်သို့ ကားဖြင့်ခရီးဆက်ခဲ့ရပါသည်။ ထိုသို့ ခရီးဆက်စဉ်မြင်တွေ့ရသော သဘာဝရှုခင်းများကို “**အညာပြန်ဆောင်းပါး**”တွင်

> “ခဝဲခြံလေယာဉ်ကွင်းမှထွက်၍ ပေတစ်ရာလမ်းမကြီးပေါ်သို့ တက်လာသောအခါ တမာပွင့်နံ့သင်းသင်းလေးကို ရှူရှိုက်လိုက်ရလေသည်။ ထိုအချိန်မှစ၍ မုံရွာဘုတလင်မှ ပြန်သည်အထိ တမာပွင့်နံ့သင်းသင်းလေးသည် နှာခေါင်းထဲမှ မထွက်တော့ချေ။ နေရာတကာ တမာပင်တွေ ရှိနေသည်။ တမာရွက်နုများက စိမ်းဖန့်ဖန့်နှင့် စည်ကားလှသည်။ တမာပွင့်နံ့ သင်းသင်းကလေးကို ငယ်စဉ်တောင် ကျေးကလေးဘဝတုန်းက ခုလိုအချိန် မှာ တမာပင်ပေါ်တက်၊ တမာကိုင်းတွေကိုချိုး၊ သင်္ကြန်အတာအိုးတွင် ထိုးကြသည်ကို သတိရနေလေသည် ”[၁]

ဟု ရေးသားထားပါသည်။ စိမ်းစိုစို တမာပင်များ အစီအရီ ပေါက်ရောက်နေသော အညာဒေသသို့ ရောက်ရှိချိန်မှစ၍ တမာပွင့်ရနံ့များ သင်းပျံ့နေသော ကြည်နူးဖွယ် အညာ ဒေသရှုခင်းကို သရုပ်ဖော်ထားပါသည်။ ထို့အပြင် တမာပန်းနှင့်ပတ်သက်၍ စာရေးသူ ငယ်စဉ်ကပြုမူခဲ့သော အပြုအမူများကို “တက်”၊ “ချိုး”၊ “ထိုး” ဟူသော အမူအရာပြ ကြိယာများနှင့် ဖော်ပြထားသောကြောင့် စာဟန် သွက်လက်လာ စေပါသည်။ သိလွယ် နားလည်လွယ်သော စကားသုံးများဖြင့် စည်းရုံးကာ ချောမောပြေပြစ် ကျစ်လစ်သော ဝါကျများဖြစ်အောင် တည်ဆောက်ထား သောအညာဒေသရှုခင်းနှင့် စာရေးသူ၏ ခံစားချက်ကိုပါ ထင်းကနဲမြင်သွားအောင်ပံ့ပိုးနေသည်ဟု ဆိုနိုင်ပါသည်။

ဘုတလင်မြို့တွင်ရှိသော ရန်အောင်မြင် စေတီတော်မြင်ကွင်းကို “အညာပြန် ဆောင်းပါး”တွင်–

> “ရန်အောင်မြင်ဘုရားကြီး။ ငယ်ငယ်ကဘုရားကြီးကို မော့မော့ဖူးရစဉ် ကမ္ဘာမှာ အကြီးဆုံးစေတီကြီးဟု ထင်ခဲ့သည်။ ထီးတော်မှာ မိုးထိနေသည်ဟု အောက်မေ့ခဲ့သည်။ သင်္ကြန်ကျသောအခါ သိကြားမင်းကြီးသည် ရန်အောင်မြင်ဘုရားသို့ အဖူးရောက်သည်ဟု ယုံကြည်ခဲ့လေသည်။ ခုတော့ လူကလည်းကြီးပြီ၊ မျက်စိ

[၁] သိန်းဖေမြင့် ၊ ၁၉၅၅ ၊ ၆ ။

> ကလည်းကြီးပြီ၊ နေ့စဉ်လိုလို ရွှေတိဂုံစေတီကိုလည်း မြင်နေရသည်။ ကျွန်တော်စိတ်ထဲမှာ ရန်အောင်မြင်စေတီသည် သေးငယ်နေပေပြီ။ သိကြားမင်း ရန်အောင်မြင်ဘုရားသို့ အဖူးရောက်လာသည်ဟု ယုံကြည်ခဲ့သော ကိုယ့်ကလေးဘဝကို ပြုံးနေမိသည်"[၁]

ဟု ဘုတလင်ဒေသတွင်တည်ရှိသော ရန်အောင်မြင်ဘုရားရှုခင်းနှင့် ဘုရားသမိုင်းကြောင်းကို ဖော်ပြထားပါသည်။ ထို့အပြင် ရန်အောင်မြင်ဘုရားနှင့် ရွှေတိဂုံဘုရားကို နှိုင်းယှဉ်ပြအဖွဲ့ဖြင့်ဖော်ပြရင်း စာရေးသူငယ်ဘဝက သိရှိယုံကြည်ခဲ့သော အဖြစ်အပျက်ကိုပါ တင်ပြထားသဖြင့် စာဖတ်သူအတွက် နှစ်သက်ဖွယ် ဖြစ်ပေါ်စေပါသည်။

စာရေးသူသည် မဲရရှိရန်အတွက် မိမိဇာတိမြေသို့ စည်းရုံးရေးတရားဟောသွားရောက်ခဲ့ပါသည်။ ထိုသို့ တစ်ရွာဝင်တစ်ရွာထွက် သွားရောက်ခဲ့ရင်း အညာဒေသရှုခင်းမြင်ကွင်းတို့ကို **"အရှုံးထဲကအပြုံး"** ဆောင်းပါးတွင်–

> "ထန်းပင်များအောက်၊ ဆီးပင်များဘေး၊ ဝါးပင်၊ ပဲစင်းငုံပင်နှင့် နမ်းပင် ရိုးပြတ်များကြား ချီတက်လာကြသည်။ သဲပြင်ချောင်းများတွင် ရန်းကြရသည်။ ဆူးလေတောနှင့်ကျောက်စရစ်ကုန်းများကို ကျော်ရသည်။ လျှိုကြား ချုံကြား တိုးကြရသည်"[၂]

ဟုအညာဒေသတွင် တွေ့မြင်ရသော လမ်းခရီးရှုခင်းမြင်ကွင်းများကို ရေးသားထားပါသည်။ ထိုသို့ဖော်ပြရာတွင် သွားလာနေရသော လမ်းခရီးအခြေအနေကို "ချီ"၊ "ရန်း"၊ "ကျော်"၊ "တိုး"၊ ဟူသော အမူအရာပြကြိယာများ အသုံးပြု ရေးသားထားသဖြင့် အညာဒေသမြင်ကွင်းရှုခင်းများကိုသာမက စာရေးသူနှင့်အတူ ခရီးနှင်နေရသကဲ့သို့ ခံစားလာစေပါသည်။

စာရေးသူသည် ပြည်သူ့ဘဝလက်တွေ့လေ့လာရန် အညာဒေသသို့သွားရောက်ခဲ့ပါသည်။ ထိုသို့သွားရောက်ရင်း လမ်းခရီး၌တွေ့မြင်ခဲ့ရသော အညာပျော်ငှက်မျိုးစုံတို့ကို **"ဘုတလင်ကို ဤသို့တွေ့ရသည်"** ဆောင်းပါးတွင်–

> "ငှက်မျိုးစုံ သီချင်းဆိုသံကိုကြားရ၏။ ချိုးကူသံကို ဘယ်တုန်းကမှ မမေ့ခဲ့ဖူးပါ။ နောင်လည်းမေ့မည်မထင်။ ခါတွန်သည်ကို မေ့တေ့တေ့ဖြစ်နေခဲ့ရာ ခုတော့မှသတိရပေတော့သည်။ အလွန်သာယာသော ငှက်သံတစ်မျိုးကို ကြားရာ ဘာသံလဲဟုမေးယူရ

---

[၁] သိန်းဖေမြင့် ၊ ၁၉၅၅ ၊ ၂၇ ။
[၂] သိန်းဖေမြင့် ၊ ၁၉၆၄ ၊ ၁၀၅။

> သည်။ လင်းမြီးဆွဲလေချွန်သံဟု သိရသည်။ သပိတ်လွယ်ငှက်လေးတွေ မြည်သံနှင့် စာကလေးတွေမြည်သံ ဘယ်လို ခြားနားပါလိမ့်ဟုသိချင်သဖြင့် အတော်ပင်နားကို ကျက်ယူရသည်”[၁]

ဟု ကျေးငှက်ပေါင်းစုံတို့၏ အသံနှင့်သာယာနေသော ကြည်နူးဖွယ်အညာဒေသမြင်ကွင်းကို မြင်ယောင်ကြားယောင်လာအောင် သရုပ်ဖော်ထားပါသည်။ အညာဒေသတွင် ပျော်ပါးကျက်စားလေ့ရှိသော ကျေးငှက်တို့၏ သဘာဝကိုသာမက သာယာသောကျေးငှက်တို့၏အသံတွင် စီးမျောနေသော စာရေးသူ၏ခံစားချက်ပါ ပေါ်လွင်လာပါသည်။

ဘုတလင်မြို့တွင်တည်ရှိသော ဘူတာရုံသည် ဒုတိယကမ္ဘာစစ်ဒဏ်ကြောင့် ပျက်စီးခဲ့ရသည်။ ထိုပျက်စီးသွားသည့်ဘူတာရုံမြင်ကွင်းကို တွေ့မြင်ရသော စာရေးသူအနေဖြင့် သွေးရင်းသားရင်းတစ်ဦး ပျက်စီးဆုံးရှုံးသွားသကဲ့သို့ ခံစားခဲ့ရသည်။ စာရေးသူကို ဘူတာရုံနှင့်ပတ်သက်၍ ကဗျာစပ်ဆိုရန် ဘုတလင်သားကဗျာဆရာ ဘုတလင်ချစ်လေးကို တိုက်တွန်းခဲ့ဖူးသည်။ စာရေးသူရေးသားခဲ့သောဝတ္ထုတစ်ပုဒ်မှ ဘုတလင်ဘူတာရုံအဖွဲ့ကိုနှစ်သက်၍ လူရွှင်တော်ကိုသန်းနွဲ့က နောက်ထပ်ရေးသားရန်တိုက်တွန်းခဲ့သည်။ ဘုတလင်ဘူတာလေးသည် စာရေးသူအတွက် တန်ဖိုးထားမြတ်နိုးရသောညီအရင်းဖြစ်သကဲ့သို့ ဘုတလင်ဒေသအတွက် အရေးပါအရာရောက်ခဲ့ပုံကို “အညာပြန်ဆောင်းပါး”တွင်–

> “မြေပဲ၊ ပဲဖြူကလေးတို့နှင့်အတူ ကြီးပွား စည်ကားခဲ့သော ဘုတလင်ဘူတာကလေး၊ နွားတောင် စားမကုန်သော ဆီးသီးကိုပင် တန်ဖိုးရှိအောင် လုပ်ပေးခဲ့သော ဘူတာကလေး။ ရန်ကုန်နှင့် ဘုတလင်ကို ခဏချင်း ကြေးနန်း ဆက်ပေးနိုင်သော ဘူတာကလေး။ ထိုဘူတာကလေးကား စစ်ကြီးအတွင်းမှာ ငုံးတိတိဖြစ်အောင် ပျက်စီးပြိုလဲခဲ့သည်။ စစ်ပြီးတော့ ပြန်မထူထောင်နိုင်။ ပြည်တွင်းစစ်ကျပြန်တော့လည်း ပြန်လည် ထူထောင်ရေး ပိုဝေးခဲ့လေ သည်”[၂]

ဟုပျက်စီးသွားသော ဘူတာရုံမြင်ကွင်းနှင့် စာရေးသူ၏ ခံစားချက်ကို ဖော်ပြထားပါသည်။ “ဘူတာရုံကလေး” ဟူသောအသုံးကို ထပ်ကာထပ်ကာ အသုံးပြုပြီး ဝါကျချင်းဟန်ချက်ညီအောင် ရေးသားထားသဖြင့် ဘူတာရုံကလေး၏ဂုဏ်ရည်ကို စာဖတ်သူ

---

[၁] ယင်း ၊ ၁၂၅။

[၂] သိန်းဖေမြင့် ၊ ၁၉၅၅ ၊ ၄၉ ။

သတိထားလာမိစေပြီး စာရေးသူ၏ခံစားချက်များလည်း ထင်ရှားလာပါသည်။ ထို့အပြင် ဘူတာရုံလေး ပြန်လည်မတည်ဆောက်နိုင်သည့်အတွက် စိတ်ပျက်အားလျော့နေသည့်လေသံလည်း ထင်ရှားနေပါသည်။

ခရီးသွားစာပေသည် သုတမုတစာ၊ အကြားအမြင်စာဖြစ်သည့် အလျောက် ရေးသားသည့် အကြောင်းအရာသည် သုတမုတ ပါဝင်တတ်ပါသည်။ ခရီးသွားစာပေကောင်းတွင် စာဖတ်သူ အတွက် ရောက်ရှိရာဒေသမှ သုတကိုပေးစွမ်းနိုင်ရမည်။ စာရေးသူသည် "အညာပြန်ဆောင်းပါး" တွင်–

> "ကျွန်တော်တို့ဒေသတစ်ဝိုက်မှ မြန်မာပညာရှိ စာရေးဆရာများ ထွက်ခဲ့သည်။ မောင်းထောင်ဆရာတော်၊ ညောင်ကန်ဆရာတော်နှင့် လယ်တီဆရာတော်တို့ ပေါ်ထွန်းခဲ့သည်။ တွင်းသင်တိုက်ဝန်ဦးမြနှင့် သံချို ဦးကျော်လှတို့မှာ မောင်းထောင်သားများ ဖြစ်ပြီး ကျွန်တော်တို့ရဲ့ ဘိုးဘေးများ ဖြစ်သည်။ သခင်ကိုယ်တော်မှိုင်းနှင့် လယ်တီပဏ္ဍိတ ဦးမောင်ကြီးတို့ကလည်း ဤဒေသ ဘိုးဘွားတို့မှ ပေါက်ဖွားခဲ့ကြသည်။ ကျွန်တော်တို့မှာ ထိုပညာရှိကြီးများ၏အရိပ်အာဝါသမှ ကြီးပြင်းကြရသည်။ သူတို့အား အားကျရသည်။ နမူနာ တင်ကြရသည်"[၁]

ဟု ရေးသားထားပါသည်။ ထိုစာပိုဒ်တွင် ကျွန်တော်တို့ဒေသတစ်ဝိုက်မှ "ကျွန်တော်တို့....", "ကျွန်တော်တို့ မှာ...." ဟု "ကျွန်တော်" ဟူသော နာမ်စားကိုအသုံးပြုပြီး စာရေးသူကိုယ်တိုင် ဝင်ရောက်ပြောထားသဖြင့် စာဖတ်သူနှင့် တရင်းတနှီး ဖြစ်လာစေပါသည်။ မိမိဇာတိမြေနှင့်ပတ်သက်၍ ဂုဏ်ယူကျေနပ်နေသောလေသံ ပေါ်လွင်နေပါသည်။

အညာဒေသ ရွှေဘိုမြို့အထွက်တွင် မဟာနန္ဒာကန်ရှိပါသည်။ ထိုကန်သည် အလောင်းဘုရားမတိုင်မီမင်းများလက်ထက်ကတူးဖော်ခဲ့ပြီး မူးမြစ်သဖန်းဆိပ်မှ ရွှေဘိုသို့တူးမြောင်းဖောက်ခဲ့သည်။ ထိုကန်ရေသည် ဘုတလင်ဒေသ စိုက်ပျိုးရေးအတွက် အားထားခဲ့ရသည်။ အင်္ဂလိပ်အစိုးရလက်ထက်တွင် ကာဘိုးသို့ရွှေ့ကာ ရေလွှဲခဲ့ကြသည်။ ထို့ကြောင့် မဟာနန္ဒာကန်တိမ်ကောနေပုံကို စာရေးသူတွေ့မြင်ခဲ့ရပြီး မဟာနန္ဒာကန်၏မြင်ကွင်းနှင့် ပတ်သက်၍ "သည်တစ် ခါအညာပြန်ဆောင်းပါး" တွင်

[၁] သိန်းဖေမြင့် ၊ ၁၉၆၄ ၊ ၆၇ ။

> "ယခုမဟာနန္ဒာကန်တော်ကြီးမှာ များစွာကောနေပြီ။ ဟိုတစ်ကွက် သည်တစ်ကွက် ရေအနည်းငယ်သာ တွေ့ရ၏။ ကန်တွင်းနေရာ အနှံ့အပြားတွင် သီးနှံစိုက်ခင်းများ ရောက်နေ၏။ အချို့နေရာ များတွင် သစ်ပင်ကြီးများပင် ပေါက်နေ၏။ မဟာနန္ဒာကန်ကြီး တွင် အမည်နှင့်လိုက်ဖက်အောင် ခံ့ညားစွာ ကျန်ရစ်သည်ကား ကန်ပေါင်ရိုးကြီးသာ ဖြစ်သည်"[၁]

ဟု စာရေးသူလက်ရှိတွေ့မြင်နေရသော မဟာနန္ဒာကန်၏ အခြေအနေကို သရုပ်ဖော် ထားပါသည်။ သမိုင်းတန်ဖိုးကြီးမားခဲ့သော မဟာနန္ဒာကန်ကြီးကို ပစ်ပယ်ထားခြင်း နှင့် ပတ်သက်၍ တင်ပြထားသည်မှာ သရော်သည့်လေသံ ပေါ်လွင်ထင်ရှားနေသည် ကို တွေ့ရှိရပါသည်။

## ၂၊၂။ အညာဒေသဓလေ့စရိုက်

ခရီးသွားစာပေတွင် ရောက်ရှိရာအရပ်ဒေသမှ လူတို့၏အယူဝါဒ၊ အစား အသောက်၊ အလုပ်အကိုင်၊ ဓလေ့ထုံးစံတို့ကို ဖော်ပြတတ်ပါသည်။ ထိုအဖွဲ့များ ပါဝင်ခြင်းဖြင့် ခရီးသွားစာပေသည် စိုစိုပြေပြေနှင့်အသက်ဝင်လာပြီး ဖတ်ချင်စဖွယ် ဖြစ်ပေါ်လာစေပါသည်။ ခရီးသွားရင်းပြည်သူ့ ဘဝ၊ လူထုဘဝကို ဘက်စုံလေ့လာ တင်ပြထားသဖြင့် စာဖတ်သူအာရုံကို လွယ်လွယ်ကူကူ လိုက်ပါစေပါသည်။ စာရေးသူ ကိုယ်တိုင် အညာဒေသတွင်စားသောက်ခဲ့ရသော ထမင်းဝိုင်းကို "အညာပြန်ဆောင်း ပါး" တွင်–

> "ခရမ်းသီးခြောက်၊ ငရုတ်သီးချက်၊ ပဲကျားပြုတ်ကြော်၊ မန်ကျည်း ရွက်သုပ် မြိန်လိုက်သည့်ဖြစ်ခြင်း၊ ကြက်သားဟင်းကိုပင် မတို့မိ။ မြူစွမ်ဟင်းချိုကို ရင်ချောင်ကျသွားရုံသာ သောက်ချလေသည်"[၂]

ဟု အချို၊ အချဉ်၊ အငန်၊ အစပ်တို့ဖြင့် ဖွယ်ဖွယ်ရာရာရှိလှသော အညာထမင်းဝိုင်းတွင် မြိန် မြိန်ယှက်ယှက် စားသောက်နေသောပုံကို မြင်ယောင်လာစေပါသည်။ စာဖတ်သူ များပင် အညာထမင်းဟင်းများ ဝင်ရောက်စားသောက်ချင်စိတ်များ ဖြစ်ပေါ်လာအောင် ဆွဲဆောင်ရေးသားထား သည်ကိုတွေ့ရပါသည်။

ဘုတလင်ဒေသတွင် နေထိုင်ကြသူတို့သည် အိမ်အသုံးအဆောင်၊ လူအသုံး အဆောင်အဖြစ် သံဖြူနှင့်ပြုလုပ်သောပစ္စည်းများကိုသာ သုံးစွဲကြရသည်။ မိမိတို့ဒေသ

---

[၁] သိန်းဖေမြင့် ၊ ၁၉၇၀ ၊ ၁၇၁ ။

[၂] သိန်းဖေမြင့် ၊ ၁၉၅၅ ၊ ၂၁ ။

တွင် သံဖြူထည်ပြုလုပ်တတ်သူများက ဒေသတွင်းသုံးနိုင်ရန် အသုံးအဆောင်များကို ပြုလုပ် ရောင်းချကြပုံကို "အညာပြန် ဆောင်းပါး" တွင်–

> "သံဖြူမီးခွက်၊ သံဖြူရေဖလား၊ သံဖြူအုပ်ဆောင်း စသည်များကို လုပ် ရောင်းလေ့ရှိသည်။ ယခုလို သင်္ကြန်ချိန် နီးပြီဆိုလျှင် ပြွတ် များလုပ်လေ့ ရှိ၏"[၁]

ဟု အညာဒေသသုံး သံဖြူပစ္စည်းများကိုဖော်ပြထားပါသည်။ "သံဖြူ" ဟူသောစကား ကိုထပ်ကာထပ်ကာ ရေးသားထားသဖြင့် အသံချိုသာပြေပြစ်နေသကဲ့သို့ အညာဒေသ အသုံးအဆောင်များကိုလည်း သတိပြုမှတ်မိလာစေပါသည်။ ထို့အပြင် အညာဒေသ၌ လက်မှုလုပ်ငန်းကိုသာ အားထားနေရပြီး စက်မှုလုပ်ငန်း မထွန်းကားသည့်အတွက် အားမလိုအားမရဖြစ်နေသော လေသံကို တွေ့ရပါသည်။ အညာဒေသတွင် နေထိုင် ကြသောပြည်သူလူထုတို့သည် သမုဒ္ဒရာဝမ်းတစ်ထွာအတွက် ပင်ပင်ပန်းပန်း ရုန်းကန် နေကြရပါသည်။ ရာသီအလိုက် လုပ်ငန်းများကို ကလေးလူကြီးမကျန်လုပ်ဆောင်ပြီး ဝမ်းရေးကို ဖြေရှင်းနေကြရပါသည်။ ဘုတလင်ဒေသတွင် မြေပဲပေါ်ချိန်တွင် မြေပဲ ကောက်ကြပုံကို "ဘုတလင်ကိုဤသို့တွေ့ခဲ့ရ၏" ဆောင်းပါးတွင်–

> "အချို့ ၁၀နှစ်မျှ မပြည့်သေးသော မိန်းကလေးများဖြစ်ပြီး တစ်နေ့လုံး လူကြီးများလိုပင် တကုန်းကုန်း မြေပဲကောက်ကြ၏။ အချို့သားသည် အမေများ နို့စို့ကလေးတွဲလောင်းဖြင့် လုပ်ကြရ သည်။ မြေကြီးပေါ် ဖင်ချထိုင်ပြီး ကလေးကို ပေါင်နှစ်လုံးကြား ထည့်လျက်ပင် တရွတ်ဆွဲ မြေပဲကောက်သောမိခင်၊ ကလေးနို့ တိုက်ရင်း မြေပဲဆွတ်နေသောမိခင်၊ လှည်းဝင်ရိုး ပုခက်စွဲကာ ကလေးသိပ်ထားပြီး မြေကြီးကိုယက်ကာ မြေပဲတောင့် ရှာနေ သော သွေးနုသားနုမိခင်..."[၂]

ဟု အညာဒေသတွင် အသက်အရွယ်အစုံစုံတို့ မြေပဲကောက်နေကြပုံကို မြင်ယောင်လာ အောင် ရေးသားထားပါသည်။ ကျေးလက်နေ ဆင်းရဲသား တောင်သူလယ်သမားများ ဝမ်းရေးအတွက် အငြိမ်းအအေးမနေနိုင်ကြပဲ ရုန်းကန်နေကြပုံကို စာနာသနားပြီး ကရုဏာသက်လာစေပါသည်။

---

[၁] ယင်း ၊ ၄၄ ။

[၂] သိန်းဖေမြင့် ၊ ၁၉၆၃ ၊ ၁၃၀။

စာရေးသူသည် ပြည်သူလူထုဘဝခံယူရေးအတွက် ဘုတလင်သို့ သွားရောက်ခဲ့ပါသည်။ ထိုသို့သွားရောက်ရင်း အညာဒေသရှိ ပြည်သူများနေထိုင်ရန် ဆောက်လုပ်ထားသောအိမ်နှင့်ပတ်သက်၍ "အရှုံးထဲကအပြုံး"ဆောင်းပါးတွင်–

> "ထင်းတုံးကိုတိုင်ထူ၊ သစ်ကိုင်းအခြင်ပစ်၊ အရွက်ကောင်းသော သစ်ခက် များ အမိုးအကာလုပ်ထားသောတဲများမှာ လေမပြောနှင့် ဆီးနှင်းပင် မလုံ လှချေ။ ကြာတော့ အရွက်တွေခြောက်လေသော် အမိုးအကာကျဲသဖြင့် မြေပဲပင် နှမ်းပင်ရိုးများ ထပ်အုပ်ကြရသည်"[၁]

ဟု အညာဒေသရှိကျေးလက်နေ ပြည်သူများအနေဆင်းရဲပုံကို ဖော်ပြထားပါသည်။ ထိုသို့ လေမလုံမိုးမလုံတွင် နေထိုင်ရသောပြည်သူတို့၏ဘဝကို သိမြင်လာကာ စာနာသနားမိလာစေပါသည်။

စာရေးသူသည် အသက် (၆၀)ပြည့်မွေးနေ့ပွဲပြုလုပ်ရန်အတွက် ဘုတလင်သို့ သွားရောက်ခဲ့ပါသည်။ ထိုသို့သွားရောက်ရင်း ပေါင်းဝရွာရွှေစည်းခုံဘုရားပွဲသို့ ရောက်ရှိခဲ့ပါသည်။ ဘုရားပွဲသို့ လာရောက်ကြသော အညာသူအညာသားတို့၏သွင်ပြင်ကို "သည်တစ်ခါအညာပြန်" ဆောင်း ပါးတွင်–

> "ပွဲလမ်းသဘင်မို့သာ၊ အဝတ်အစားစုံလင်စွာ ဝတ်ဆင်ထားဟန်တူပါသည် သူတို့ရွာမှာဆိုလျှင် အင်္ကျီမပါ၊ ကျောကုန်းပြောင်ပြောင်နှင့် လည်းကောင်း၊ ထဘီရင်ရှားနှင့် လည်းကောင်း နေကြပါလိမ့်မည်။ မိန်းမချော မိန်းမလှကိုမူ မတွေ့ရပါ။ အသားဖြူသော တောသူကိုလည်း မတွေ့ရပါ။ အားလုံး အသားမည်းမည်းတူတူချည်းသာ။ တစ်ယောက်သော မိန်းကလေးမှာ နီဂရိုးနှင့်တူနေသဖြင့် အံ့ဩရ၏။ ဆိုးဝါးသော ရာသီဥတုဒဏ်နှင့် ကြမ်းတမ်းသော လုပ်ငန်းခွင်၏ ဒဏ်တို့ကြောင့် နီဂရိုးနှင့် တူသွားလေသလော စစ်အတွင်း နီဂရိုးသွေးများ ကျန်ရစ်ခဲ့လေသလော စဉ်းစားမရ"[၂]

---

[၁] သိန်းဖေမြင့် ၊ ၁၉၆၄ ၊ ၁၃၃။

[၂] သိန်းဖေမြင့် ၊ ၁၉၇၀ ၊ ၂၀၁ ။

ဟု စာရေးသူ ဘုရားပွဲတွင် တွေ့မြင်ရသော အညာသူအညာသားတို့၏ သွင်ပြင်ကို ဖော်ပြထားပါသည်။ အသားမည်းလွန်း၍ နီဂရိုးနှင့်တူသူ မိန်းကလေးနှင့် ပတ်သက်၍ စာရေးသူစဉ်းစားခဲ့ပုံသည် စာဖတ်သူအား ပြုံးမိလာစေပါသည်။

မြန်မာနိုင်ငံရှိ ကလေးသူငယ်များ ပညာသင်ယူရာသည် ဘုန်းတော်ကြီး ကျောင်းများဖြစ်သကဲ့သို့ အညာကျေးလက်ရှိ ကလေးများသည်လည်း ဘုန်းတော်ကြီး ကျောင်းများတွင်သာ ပညာသင်ယူကြရပါသည်။ စာရေးသူ ဘုတလင်ကိုရောက်ခဲ့စဉ် ငယ်စဉ်ကဘုန်းကြီးကျောင်းတွင် ပညာသင်ယူခဲ့ရသောအခြေအနေနှင့် ပတ်သက်၍ "ဘုတလင်ပြန်"ဆောင်းပါးတွင်–

> "ကျောင်းသားတွေက ကြမ်းပြင်မှာထိုင်၍ ကုန်းစာအံနေကြသည်။ ဆရာတော် ဦးဗိုလ်က ခါးပန်းကို ခေါင်းအုံးကလဲလျောင်း နားထောင်နေသည်။ စာမှားအံလျှင်သော်လည်းကောင်း၊ စာမအံလျှင် သော်လည်းကောင်း၊ ဆရာတော်က ကြမ်းပြင်ကို တံဖျာဖြင့် ဖြန်းခနဲရိုက်ပြီး သတိပေးသည်"[၁]

ဟု ရေးထားရာ ဘုန်းကြီးကျောင်းပညာရေးစနစ်ကို သိရှိလာရပါသည်။ ဆရာတော်က စာမအံသူများ စာမှားအံသူများကို ကြမ်းပြင်ကိုတံဖျာနှင့်ရိုက်၍ သတိပေးလိုက်သည့် အသံသည် စာဖတ်သူကိုပါ တစ်ပါတည်း သတိပေးလိုက်သလိုပင် ခံစားလာစေပါ သည်။

## ၂၊ ၃။ ခေတ်နောက်ခံပုံရိပ်များ

စာရေးသူသည် အညာဒေသသို့ အကြိမ်ကြိမ် သွားရောက်ခဲ့ပါသည်။ ထိုသို့ သွားရောက်ရာတွင် အချိန်ကာလမတူညီသည့်အတွက် ခေတ်နောက်ခံ ပုံရိပ်များလည်း ကွဲပြားနေပါသည်။ ထိုကွဲပြားမည့် ခေတ်နောက်ခံ ပုံရိပ်များကိုလည်း အညာပြန် ဆောင်းပါးများတွင် ထည့်သွင်းရေးသားထားသည်ကို တွေ့ရပါသည်။

၁၉၅၅ ခုနှစ်တွင် စာရေးသူသည် ဘုတလင်အညာဒေသသို့ ရောက်ရှိခဲ့ပါ သည်။ ထိုကာလတွင် ဖဆပလ (ဖက်ဆစ်ဆန့်ကျင်ရေးနှင့် ပြည်သူ့လွတ်မြောက်ရေး) အစိုးရ အုပ်ချုပ်နေသည့်အချိန်ဖြစ်ပါသည်။ အစိုးရအနေဖြင့် ဘုတလင်ဒေသကို အေး ချမ်းသောနယ်မြေအဖြစ် သတ်မှတ်ကာ အခွန်များထမ်းဆောင်ရမည့်နယ်ဟု သတ်မှတ် ခဲ့ပါသည်။ ထိုကာလတွင် ပြည်တွင်းစစ် သောင်းကျန်းသူများရှိနေသဖြင့် ကျေးရွာနေ ပြည်သူများ အနေအစားခက်ခဲ၍ ဒုက္ခအဖုံဖုံ ကြုံဆုံနေကြရပါသည်။ စာရေးသူက

---

[၁] သိန်းဖေမြင့် ၊ ၁၉၇၄ ၊ ၂၅၁ ။

ဘုတလင်ရွာသားတစ်ဦးအား အခြေအနေမေးမြန်းပုံခဲ့ကို "အညာပြန် ဆောင်းပါး" တွင်–

> "သူပုန်တွေခုထိရွာမှာ ထမင်းထုပ်ကောက်ပြီး စားတုန်းလား၊ ထမင်းထုပ် မဟုတ်ဘူးမောင်ရေ့၊ ထမင်းထုပ်ဆိုတာ ထည့်ချင်တဲ့ ဟင်း ထည့်ပြီး ထုပ်နိုင်တယ်။ ခုထမင်းအုပ် ပို့ရတယ်"[၁]

ဟုလည်းကောင်း ရွာကျောင်းတွင်တာဝန်ထမ်းနေသောဆရာက–

> "ကျွန်တော်တို့ရွာက နေ့အစိုးရ၊ ည သူပုန်နှစ်ဖက် ဆက်ဆံရ တယ်။ ဆူး ကြားထဲကဖက်လို အနေခက်တယ်"[၂]

ဟု ဘုတလင်ဒေသနေထိုင်သူများ ပြည်တွင်းငြိမ်းချမ်းမှုမရှိသဖြင့် အနေအထိုင် ဆင်းရဲ ဒုက္ခရောက်ရှိနေပုံ၊ အစိုးရက အခွန်မပေးလျှင် ဒဏ်ခတ်မည်။ သူပုန်များက အစိုးရကို အခွန်မဆောင်ရဟုဆိုသဖြင့် အနေရကျပ်နေပုံကို ဆူးကြားကဖက်နှင့် ဥပမာပေး ရေး သားထားသောကြောင့် စာရေးသူတင်ပြလိုသည့် ခေတ်နောက်ခံပုံရိပ် ပေါ်လွင် လာပါ သည်။

စာရေးသူသည် ဘုတလင်မှတစ်ဆင့် မုံရွာသို့ ခရီးဆက်ခဲ့ရာ မုံရွာမြို့သည် ယခင်ကနှင့်မတူ စည်ကားနေပါသည်။ ထိုသို့ဖြစ်နေခြင်းနှင့် ပတ်သက်၍ "အညာပြန် ဆောင်းပါး" တွင်

> "ပြည်တွင်းစစ်ဘေးအန္တရာယ်မှ ကင်းလွတ်ရန် မုံရွာသို့ ခိုလှုံလာ ကြသည်။ သူပုန်များ၏ မြေရှင်၊ ဓနရှင်၊ အပြုတ်တိုက်ရေး လမ်းစဉ်က အချို့ကို မောင်းထုတ်၏။ သူပုန် အချင်းချင်း တိုက် ခိုက်ခြင်းက မောင်းထုတ်ခဲ့သည်လည်း ရှိ၏။ ဓားပြများကား ကျောင်းဆရာ၊ ဗေဒင်ဆရာတောင် မနေရဲအောင် မောင်းထုတ်ခဲ့ သည်"[၃]

ဟု ရေးသားထားပါသည်။ ထိုအဖွဲ့တွင် "မောင်းထုတ်" ဟူသောအမူအရာပြကြိယာဖြင့် ဝါကျ အချင်းချင်းဟန်ချက်ညီအောင်ရေးသားထားသဖြင့် ပြည်တွင်းမငြိမ်းချမ်း၍ တောကြောင်များ လက်ခမောင်းခတ်ကာ ပြည်သူများအေးချမ်းရာသို့ ရှောင်ပြေး နေ ထိုင်ကြပုံ ထင်ရှားလာပါသည်။

---

[၁] သိန်းဖေမြင့် ၊ ၁၉၅၅ ၊ ၅၂ ။

[၂] ယင်း ၊ ၅၄ ။

[၃] ယင်း ၊ ၁၀ ။

စာရေးသူသည် (၁၉၅၆ ခုနှစ်မှ ၁၉၆၀ထိ) ပမညတ (ပြည်သူ့မြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု)တွင် အမတ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ (၁၉၆၀) ခုနှစ် ရွေးကောက်ပွဲအတွက် ဘုတလင်ဒေသမှ အမတ်နေရာ ရရှိရေးအတွက် တရားဟောရန် ဘုတလင်သို့သွားရောက်ခဲ့ပါသည်။ ထိုရွေးကောက်ပွဲသည် ဒီမိုကရေစီခေတ်၏ နောက်ဆုံး ရွေးကောက်ပွဲဖြစ်ပါသည်။ စာရေးသူအနေဖြင့် ဇာတိမြေမှ အမတ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပါသည်။ ဇာတိမြေမှ ပြည်သူလူထု၏ အားကိုးယုံကြည်မှုကို ရရှိခဲ့၍ ရွေးကောက်ပွဲတွင် စာရေးသူ အနိုင်ရရှိလိမ့်မည်ဟု ယုံကြည်ခဲ့ပါသည်။ သို့သော် မိမိဇာတိမြေလည်းဖြစ် မဲဆန္ဒရှင်များမှာ ဆွေမျိုး၊ မိတ်ဆွေ၊ အပေါင်းအသင်းများ ဖြစ်နေသော်လည်း ရွေးကောက်ပွဲတွင် စာရေးသူ ရှုံးနိမ့်ခဲ့ရပါသည်။ ပထစ (ပြည်ထောင်စုပါတီ) ဦးနုပါတီမှ သခင်ကျော်ဇေယျနှင့် တည်မြဲပါတီမှ ပထမအနိုင်ရသွားပြီး ဦးကျော်ငြိမ်း၏ပါတီမှ ဦးဘမောင်က ဒုတိယဖြင့် အနိုင်ရသွားပြီး စာရေးသူကမဲအနည်းဆုံးနှင့် တတိယနေရာမှရှုံးနိမ့်ခဲ့ရပါသည်။ မိမိရှုံးနိမ့်ခဲ့ရသည့်အခြေအနေနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်မိပုံကို "အရှုံးထဲက အပြုံး" ဆောင်းပါးတွင်–

> "ကျွန်တော်သည် အသက်အရွယ်အရရော နိုင်ငံရေးဝါအနေနှင့်ပါ လူလတ်ပိုင်းသို့ ရောက်ခဲ့ပြီ ဖြစ်၍ ရည်းစားသည်ဖြစ်သော မဲဆန္ဒရှင်လူထုက ငြင်းပယ်လိုက်ခြင်း အတွက် ယူကျုံးမရ ဝမ်းနည်းတသခြင်းလည်း မဖြစ်၊ ကြိတ်မနိုင်ခဲမရ ဒေါသထွက်ခြင်းလည်း မရှိချေ။ ကိုယ့်ဘက်က သေချာပေါက်ထားပြီး ပိုးခဲ့ပန်းခဲ့လေပြီ။ သူ့ဘက်က အမျိုးမျိုးအဖုံဖုံ တုံ့ပြန်မှုများကြောင့်လည်း အားတက်မိသည်။ တွေ့တွေ့ဆိုင်ဆိုင် ပြောခါမှ အဘယ်ကြောင့်ငြင်းပယ်လိုက်လေသနည်း"[၁]

ဟု ရေးသားထားပါသည်။ ပြည်သူများ မိမိအပေါ် တုံ့ပြန်မှုကြောင့် အနိုင်ရမည်ဟု ယုံကြည်ခဲ့ပြီး လက်တွေ့တွင်ရှုံးနိမ့်ခဲ့ရသော အခြေအနေကို ပေါ်လွင်အောင် မျှော်လင့်ချက်ပေးပြီး၊ ငြင်းပယ်လိုက်သော သမီးရည်းစားနှင့်ဥပမာပေး ရေးသားထားသည်မှာ နှစ်သက်ဖွယ် ကောင်းလှပါသည်။ တော်လှန်ရေးကောင်စီအစိုးရ တက်ပြီးချိန်တွင် စာရေးသူသည် ဘုတလင်အညာဒေသသို့ သွားရောက်ခဲ့ပါသည်။ ထိုအချိန်တွင် တွေ့မြင်ရသော ဘုတလင်ဒေသအခြေအနေကို "အရှုံးထဲကအပြုံး" ဆောင်းပါးတွင်–

---

[၁] သိန်းဖေမြင့်၊ ၁၉၆၄ ၊ ၈၃၊၈၄။

> "သူပုန်ဟူ၍ လုံးဝမရှိတော့ပြီ။ ဓားပြ အတိုက်အခိုက်လည်းမရှိ။ ယာခင်းထဲမှာပင် တဲများထိုး၍ ညအိပ်နိုင်ခြင်းကပင် လုံးဝ ပြောင်းလဲလာသော အခြေအနေကို ဖော်ပြ၏"[၁]

ဟု လည်းကောင်း၊ ဘုတလင်ဒေသအေးချမ်းနေပုံကို "ဘုတလင်ကိုဤသို့တွေ့ရသည်" ဆောင်းပါးတွင်–

> "တောရွာများတွင် သူပုန်မင်း၊ အစိုးရမင်းများအား ထမင်းအုပ် ပို့ရခြင်း၊ ထမင်းထုပ် ပေးရခြင်း၊ ကျွေးမွေးရခြင်း သက်သာ သွားလေရာ ဝမ်းမြောက်နေကြသည်"[၂]

ဟု စာရေးသူတွေ့မြင်ရသောအခြေအနေကို ဒိုးကနဲဒေါက်ကနဲ အရှင်းလင်းဆုံးဖြစ် အောင် ဖော်ပြထားပါသည်။ အကြောင်းအရာနှင့်လိုက်ဖက်သော အရေးအသားဟု ဆိုရ ပါမည်။ တော်လှန်ရေးကောင်စီအစိုးရလက်ထက်တွင် အစိုးရက တောင်သူလယ်သမား များအား အမတော်ကြေးထုတ်ပေးခဲ့သည်။ ထို့ကြောင့် တော်လှန်ရေးကောင်စီအစိုးရကို ဘုတလင်ဒေသရှိ လယ်သမားများ ထောက်ခံအားပေးပုံနှင့်ပတ်သက်၍ "ဘုတလင် ဘူတာရုံနှင့်တမာပင်"ဆောင်းပါးတွင်–

> "လွတ်လပ်ရေးရပြီး တက်သမျှ အစိုးရတွေ၊ သူပုန်တွေရော၊ ဖဆပလ ခေတ်ရော၊ ပထစရော၊ ကိုသိန်းဖေတို့ ပမညတ အမတ်ဖြစ်တုန်းကရော၊ ဘယ်သူမှ အခုအစိုးရလောက် တောင်သူ လယ်သမားဘက် မျက်နှာမူသူ မရှိဘူး"[၃]

ဟု လယ်သမားတစ်ဦး၏ တိုက်ရိုက်ပြောစကားဖြင့် ဖော်ပြထားပါသည်။ လယ်သမား များအပေါ် လက်ရှိအစိုးရက စာနာထောက်ထား ကြည့်ရှုသည့်သဘောပေါ်လွင်အောင် "မျက်နှာမူ" ဟူသော ဥပစာစကားကိုရွေးချယ်အသုံးပြုထားသဖြင့် ခေတ်နောက်ခံ ပုံရိပ် ပိုမိုထင်ရှားလာပါသည်။

သို့သော် စာရေးသူမုံရွာမြို့ပေါ်သို့ စာရေးသူရောက်သောအခါ လက်ရှိအစိုးရ အပေါ်ထားရှိသော ပြည်သူတို့၏သဘောထားကို "ဘုတလင်ကိုဤသို့တွေ့ရသည်" ဆောင်းပါးတွင်–

---

[၁] ယင်း ၊ ၁၃၃ ။
[၂] ယင်း ၊ ၁၉၆၂၊ ၁၃၆ ။
[၃] သိန်းဖေမြင့်၊ ၁၉၆၂ ၊ ၁၅၂။

> “မြို့ပေါ်မှ ဖျပ်ထိုးခေါင်းရွက်ဈေးသည် အပါအဝင် ဈေးသည်ကုန်သည် ကြီးငယ် အားလုံး ညည်းညူနေကြ၏။ တော်လှန်ရေးအစိုးရကို မကြိုက် ကြ”[၁]

ဟု ကျေးလက်နေပြည်သူလူထု၏ သဘောထားနှင့် မြို့ပြနေပြည်သူ၏ သဘောထား ကွဲပြားနေပုံကို စာရေးသူကိုယ်တိုင် ပြောစကားဖြင့် ရေးသားထားသဖြင့် ခေတ် နောက်ခံပုံရိပ်ကို ပိုမိုသက်ဝင်လာစေပါသည်။ တော်လှန်ရေးကောင်စီအစိုးရ၏ “မြေ တစ်လက်မ မကျန် စိုက်ပျိုးကြ” ဟူသော ဆောင်ပုဒ်နှင့်အညီ တစ်နယ်လုံးလယ်သမားများ စိုက်နေပျိုး နေကြပါသည်။ သို့သော် ဘုတလင်သည် ယခင်တစ်ခေါက်နှင့်မတူညီသော အခြေ အနေကို “ဘုတလင်ဘူတာရုံနှင့်တမာပင်” ဆောင်းပါးတွင်–

> “စိတ်ပျက်စရာတွေ အများကြီးကြားခဲ့ရသည်။ အများကြီး တွေ့ခဲ့ရသည်။ ငါးခြောက်ပုပ်သည့်ကိစ္စ၊ မြေပဲနှမ်း အများကြီး စိုက်ပျိုးသောနေရာတွင် ဆီဝအောင် မစားရသောကိစ္စ၊ ကုန်ကြမ်း ပေးကုန်ချောယူစနစ်ဖြင့် အထည် အများအပြား ရက်လုပ်နေရာတွင် ၂နှစ် အတွင်း ယောကျ်ားဝတ် ချည်လုံချည် တစ်ထည်စီသာ ဖြန့်ဝေသည့်ကိစ္စ၊ အပ်ချုပ်ဆိုင်သွားအပ်သော ဖျင်ကြမ်း လုံချည် အင်္ကျီစများကို သိမ်းထားသည့်ကိစ္စ၊ နည်းအမျိုးမျိုးဖြင့် မှောင်ခိုသည့် ကိစ္စ၊ ရ.လ.က နှင့် မြေယာကော်မတီ ရန်ဖြစ်သည့်ကိစ္စ”[၂]

ဟု ပြည်သူလူထုများ လက်ရှိ ခံစားတွေ့ကြုံနေရသော အခြေအနေများ ပေါ်လွင်လာအောင် “ကိစ္စ” ဟူသော ဓလေ့သုံးစကားကို အကြိမ်ကြိမ်အထပ်ထပ် ရေးသားထားပါသည်။ ထို “ကိစ္စ” ဟူသော ဓလေ့သုံးစကားဖြင့် ဝါကျချင်းဟန်ချက်ညီအောင်ပြိုင်၍ ရေးသားထားသဖြင့် စာရေးသူအလေးပေး ဖော်ပြလိုသော ခေတ်နောက်ခံပုံရိပ် ပိုမိုထင်ရှားလာပါသည်။

၁၉၇၄ ခုနှစ် ဆိုရှယ်လစ်ခေတ် လက်ထက်တွင် စာရေးသူဘုတလင်ဒေသသို့ သွားရောက်ခဲ့ပါသည်။ ထိုသို့သွားရောက်ရင်း ခေတ်နောက်ခံပုံရိပ်များကိုလည်း တင်ပြထားပါသည်။ လက်ရှိအစိုးရသည် ပုပ္ပါးတောင်ကိုဗဟိုပြု၍ မိုးခေါင်ရေရှားဒေသ စိမ်းလန်းစိုပြေရေး ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ခဲ့သောအခြေအနေကို **“ဘုတလင်ပြန်ဆောင်းပါး”** တွင်–

---

[၁] ယင်း ၊ ၁၃၈ ။

[၂] ယင်း ၊ ၁၉၆၆ ၊ ၁၆၀ ။

> "ပုပ္ပါးသို့ရောက်သောအခါ ပို၍ဝမ်းသာရသည်။ ပုပ္ပါးတောင် တစ်ဝိုက် သစ်တောများ ပြန်ဖြစ်လာလေပြီ။ အပွင့်တွေဝေဆာ နေသော ကျွန်းပင်ပျိုများကို တွေ့မြင်နေရ၏။ ပုပ္ပါး၏ နာမည် ကြီး စကားဝါပင်ကြီးများလည်း စည်ကားသထက် စည်ကားနေ လေပြီ"[၁]

ဟု စိမ်းစိုနေသော ပုပ္ပါးဒေသတခွင်၏ဂုဏ်ရည်တစ်ခုစီကို ကန့်ကာကန့်ကာ ဝါကျတို များဖြင့် ဆင့်၍ဆင့်၍ ဖော်ပြထားပါသည်။ မိုးခေါင်ရေရှားဒေသ စိမ်းလန်းစိုပြေနေ သော ပုံရိပ်အပေါ် ကျေနပ်အားရနေသည့်လေသံကို တွေ့ရပါသည်။ လက်ရှိအစိုးရ သည် နိုင်ငံနှင့်အဝှမ်း စာမတတ်သူပပျောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက် များကို တွေ့မြင်ရသည်။ စာရေးသူသည် ဆက်လက်၍ ကျောက်ဆည်ဘက်သို့ ခရီးဆက်ခဲ့ရာ စာမတတ်သူ ပပျောက်ရေးအတွက် 'အ' သုံးလုံးကျေ လူထုလှုပ်ရှားမှု အခြေအနေကိုလည်း တွေ့မြင်ခဲ့ရသည်။ ရွာသူရွာသားများ စာသင်ချင်လာအောင် စည်းရုံးရပုံကို "ဘုတလင်ပြန်" ဆောင်းပါးတွင်–

> "အသုံးလုံးကျေ လူထုလှုပ်ရှားမှုကို စတင် စည်းရုံးရသည်မှာ မလွယ်ကူချေ။ စာတတ်ချင်စိတ်ပေါက်အောင် ဟောရပြောရ သည်မှာ ပထမဆုံး အခက်အခဲဖြစ်သည်။ စာမတတ်သူတို့သည် စုစုစည်းစည်း လုပ်ကိုင် နေထိုင်ကြသည်မဟုတ်။ ထို့ကြောင့် လူစု၍ ဟောပြောခြင်းထက် တစ်အိမ်တက်ဆင်း ဟောပြောရ သည်။ အောက်ကျ နောက်ကျနိုင်လာသော အချို့ပုဂ္ဂိုလ်များသည် ဟောပြောသည်ကို နားမထောင်ဘဲ ကျောပေး၍ထိုင် နေတတ်ကြ သည်။ စာသင်ချင်စိတ်ပေါက်လာပြန်တော့ တကယ်သင်တန်း တက်လာအောင် ဆွဲဆောင်ရသည်မှာ ခက်ပြန်သည်။ သင်တန်း တက်ရမှာ ရှက်နေသူကရှက်၏။ အလုပ်မအားဟု ဆင်ခြေပေး သူက ပေးနေ၏"[၂]

ဟု လူထုပါဝင်သည့်လှုပ်ရှားမှုအတွက် နိုင်ငံတော်က ကြိုးပမ်း စီစဉ်ဆောင်ရွက်ပေးခဲ့ သော ပုံရိပ်များ တိတိကျကျကို ဖော်ပြထားပါသည်။ စာရေးသူသည် သတင်းစာဆရာ ပီပီ လက်ရှိမိမိတွေ့မြင်ရသောအဖြစ်အပျက် အခြေအနေများ ပြည်သူများ၏ခံစားချက် ကို အမိအရ မှတ်တမ်းတင်ထားသည်များကို တွေ့ရပါသည်။ ထိုသို့တင်ပြထားသည့်

---

[၁] သိန်းဖေမြင့် ၊ ၁၉၇၄ ၊ ၂၂၆ ။

[၂] ယင်း ၊၂၀၈ ။

အတွက် သမိုင်းအတွက် တန်ဖိုးရှိသည်ဟုဆိုရပါမည်။ စာရေးသူသည် အညာပြန် ခရီးသွားဆောင်းပါးကို ပြုစုရေးသားရာတွင် မိမိအတွေ့အကြုံ ကိုအခြေခံ၍ ခေတ်စနစ်နှင့်လည်း မကင်းကွာ၊ အပိုချဲ့ထွင်ခြင်းမျိုးလည်း မရှိ၊ လိုအပ်သလောက်သာ ပြည့်စုံအောင် ရေးသားထားနိုင်သည့်အတွက် ပိုမိုအသက်ဝင် လှုပ်ရှားနေသည်ဟု ဆိုချင်ပါသည်။

## ခြုံငုံသုံးသပ်ချက်

အညာပြန်ခရီးသွားဆောင်းပါးများသည် ခရီးသွားစာပေအသွင်ထက် စာရေးသူ၏ ခံစားချက်၊ ထင်မြင်ချက်၊ ဆင်ခြင်သုံးသပ်ချက်၊ ဝေဖန်ချက်များ အပြည့်အဝ ပါဝင်နေသဖြင့် ရသစာပေပုံသဏ္ဌာန်အဖြစ် တွေ့မြင်ရပါသည်။

စာရေးသူသည် သတင်းစာဆရာဖြစ်သည့်အတွက် မျက်မှောက်ရေးရာ အဖြစ်အပျက်များကို ဖော်ပြ၍ ပြည်သူလူထု၏ ခံစားပုံအခြေအနေကို တိတိကျကျ မှန်မှန်ကန်ကန် တင်ပြထားပါသည်။ သတင်းစာဆရာတစ်ဦး ပြုစုရေးသားသည့် ခရီးသွားစာပေဖြစ်၍ သမိုင်းမှတ်တိုင် အဖြစ်ယူဆနိုင်ပါသည်။ နိုင်ငံရေးသမားတစ်ဦး ဖြစ်သည့်အလျောက် နိုင်ငံရေးနောက်ခံများကို ပီပီပြင်ပြင် ထည့်သွင်းထားပါသည်။ ထို့အပြင် စာရေးဆရာတစ်ဦးပီပီ မိမိတင်ပြလိုသောအကြောင်းအရာ အဖြစ်အပျက်များကို ရသမြောက်အောင်၊ နှစ်သက်ဖွယ်ကောင်းအောင် ဖန်တီး ရေးသားထားသည်ကို တွေ့ရပါသည်။

အညာပြန်ခရီးသွားဆောင်းပါးများကို သရုပ်ဖော်ရာတွင် ရှုခင်းမြင်ကွင်း ဓလေ့စရိုက်များကို အပြောနည်းနှင့်သာမက အပြနည်းကိုပါ အသုံးပြုရေးသားထားသဖြင့် စာဟန် ပိုသွက်လက်နေပါသည်။ ခေတ်နောက်ခံ ပုံရိပ်ကိုဖော်ပြရာတွင် မတူညီသည့် ခေတ်ပုံရိပ်များကို ပီပီပြင်ပြင် မီးမောင်းထိုးပြသနိုင်ခဲ့ပါသည်။

စာရေးသူ၏ဇာတိမြေနှင့် ရေးဟောင်းဘိုးဘွားအမွေအနှစ်များ၊ ဓလေ့ထုံးစံများ အပေါ် မြတ်နိုးတန်ဖိုးထားရှိပုံကို စာဖတ်သူ စိတ်ဝင်စားလာအောင် အပြောစကားမှ အရပ်သုံးစကား၊ မျက်မြင်အလင်္ကာတို့ကိုသာ ရွေးချယ်သုံးစွဲထားသဖြင့် စာဖတ်သူအတွက် နှစ်သက်မှုကိုဖြစ်ပေါ်စေပြီး စာရေးသူ၏ အရေးအသားစွမ်းရည်ကိုပါ သိမြင်လာရပါသည်။

## နိဂုံး

စာတမ်းရှင်အနေဖြင့် သတင်းစာဆရာ၊ နိုင်ငံရေးသမား၊ စာရေးဆရာတစ်ဦး ဖြစ်သော သိန်းဖေမြင့်ကို စိတ်ဝင်စားခဲ့၍ အညာပြန်ခရီးသွား ဆောင်းပါးများကို လေ့လာခဲ့ပါသည်။ အညာပြန် ဆောင်းပါးများတွင် နေရာဒေသ တစ်ခုတည်းကို စာရေးသူတစ်ဦးတည်း အကြိမ်ကြိမ်သွားရောက်ခဲ့ပြီး မတူညီသည့်ခေတ်နောက်ခံ ပုံရိပ်များကို သတင်းစာဆရာပီပီ သရုပ်ဖော်ခဲ့သော စူးရှထက်မြက်သည့် ခရီးသွား စာပေများပင် ဖြစ်ပါသည်။

## ကျမ်းကိုးစာရင်း


ကျော်ဝင်း၊ ဦး၊ နှင့်အများ။ (၂၀၀၂)။ ၂၀ရာစုမြန်မာနိုင်ငံ။ရန်ကုန်၊တက္ကသိုလ်များပုံနှိပ်တိုက်။

ခင်အေး၊ ဦး၊ ထင်၊မောင်။ (၁၉၈၃)။ မြန်မာစကားပြေစာတမ်း(ပထမတွဲ)။ ရန်ကုန်၊ စာပေဗိမာန်။

ခင်မင်၊ မောင်၊ ဓနုဖြူ။ (၂၀၀၇)။ စကားပြေသဘောတရားစကားပြေအတတ်ပညာ။ ရန်ကုန်၊ မန်းရွှေပြည်စာပေ။

ဇေယျာ၊ မောင်။ (၂၀၀၂)။ စာပေသမိုင်း ပုဂ္ဂိုလ်ရေးအတွေးအမြင်များ၊ ဒုတိယအကြိမ်။ ရန်ကုန်၊ စိတ်ကူးချိုချို။

ထင်၊ မောင်နှင့်အများ။ (၁၉၈၁)။ ခရီးသွားစာပေစာတမ်းများ၊ (ပထမတွဲ)။ ရန်ကုန်၊ စာပေဗိမာန်။

မိုးမြေ၊ မ။ (၂၀၁၇)။ စာဖတ်ချင်အောင်ဘယ်လိုရေးခဲ့ကြသလဲ။ ရန်ကုန်၊ ဂျူးဂျူးပုံနှိပ်တိုက်။

မြဇင်၊ တက်တိုး။ (၁၉၈၆)။ ဝေဖန်ရေးစာပေစာတမ်းများ၊ (ပထမတွဲ)။ ရန်ကုန်၊ စာပေဗိမာန်။

မြင့်ကြည်၊ ဒေါက်တာနှင့်အများ။ (၁၉၉၁)။ ၁၉၅၈–၁၉၆၂ မြန်မာနိုင်ငံသမိုင်း။ (ဒုတိယတွဲ)၊ ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်။

မြတ်ဆွေ။ (၂၀၀၁)။ စာရေးဆရာတို့၏အနီးအဝေးပုံရိပ်။ ရန်ကုန်၊ ရာပြည့်အော့ဖ်ဆက်။

မြန်မာစာအဖွဲ့။ (၁၉၇၈)။ မြန်မာအဘိဓာန်။ ရန်ကုန်၊ စာပေဗိမာန်။

ဝင်းတင်၊ ဦး။ (၂၀၁၁)။ ခရီးသွားစာပေ။ ရန်ကုန်၊ စွယ်တော်ပုံနှိပ်တိုက်။

သိန်းဖေမြင့်။ (၁၉၅၆)။ အရှေ့ကနေဝန်းထွက်သည့်ပမာ။ ရန်ကုန်၊ စာပေလောက။

သိန်းဖေမြင့်။ (၂၀၀၂)။ အညာပြန်ခရီးသွားဆောင်းပါးများ။ ရန်ကုန်၊ စာပေလောကပုံနှိပ်တိုက်။

သိန်းဖေမြင့်။ (၂၀၀၈)။ စာပေဘဝဇာတ်လမ်းစုံ၊ (ဒုတိယအကြိမ်)၊ ရန်ကုန်၊ သူရိယစာပေ။

သိန်းဖေမြင့်။ (၂၀၀၉)။ သိန်းဖေမြင့်၏စာပေရှုခင်း။ ရန်ကုန်၊ သူရိယစာပေ။

သိန်းဖေမြင့်။ (၂၀၁၁)။ စာပေဆွေးနွေးပွဲ။ ရန်ကုန်၊ ပုဂံစာအုပ်တိုက်။

# သိန်းဖေမြင့်၏ အညာပြန် (ခရီးသွားဆောင်းပါးများ) မှ စီစဉ်တင်ပြပုံ

မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဆယ့်ခုနှစ်နှစ်မြောက်

စာတမ်းဖတ်ပွဲအတွက် တင်သွင်းသောစာတမ်း

•

တင်မိမိနိုင်

ဗြ့ယ ဗြ့ယ ဏ့ိ

တွဲဖက်ပါမောက္ခ

မြန်မာစာဌာန

ကျိုင်းတုံတက္ကသိုလ်

အောက်တိုဘာ၊ ၂၀၁၇

# မဟာရာမဝတ္ထုတွင်တွေ့ရသော ရာမ၊ သီတာ၊ ဒသဂီရိတို့၏ ဇာတ်ဆောင်စရိုက်အဖွဲ့များလေ့လာချက်

ခင်ညိုအောင် *

## စာတမ်းအကျဉ်း

မြန်မာရာမစာပေသည် ရှေးခေတ်အိန္ဒိယရာမာယဏကို မှီး၍ မြန်မာ့ အတွေးအမြင်၊ မြန်မာ့ ဓလေ့စရိုက်များဖြင့် ရေးသားထားသော မြန်မာစာဆို တို့၏ ရာမစာပေများ ဖြစ်ပေသည်။ ယင်းစာပေများအနက် ကုန်းဘောင် ခေတ်တွင် အမည်မသိ စာဆိုရေးသားသော မဟာရာမ ဝတ္ထုတွင်တွေ့ရသည့် ရာမ၊ သီတာ၊ ဒသဂီရိသုံးဦး၏ ဇာတ်ဆောင်စရိုက်အဖွဲ့ တင်ပြပုံများကို လေ့လာ စိစစ်ထားပါသည်။ အဆိုပါ ဇာတ်ဆောင်သုံးဦး၏ အတုယူဖွယ်ရာ စရိုက်၊ ရှောင်ကြဉ်ဖွယ်ရာ စရိုက်၊ လေးစား ကြည်ညိုဖွယ်ရာ စရိုက်များကို မြန်မာ စာဆို၏ စိတ်ကူး၊ အပြောက်အမွမ်းနှင့် ခြယ်သထားပုံတို့ကို ဖော်ထုတ် တင်ပြမည် ဖြစ်ပါသည်။

**သော့ချက်ဝေါဟာရများ** – လက်ာဒီပ၊ အယုဒ္ဓယ၊ မိထိလာ၊ သော်ကဉယျာဉ်၊ ရှန်းချဉ်းညဏ်၊ နဂါးပတ်ကြော့ကွင်း၊ ရေစည်းသားခြင်း၊ ဓမ္မဝါဒီ၊ အဓမ္မဝါဒီ။

## နိဒါန်း

ဤစာတမ်းတွင် မြန်မာရာမစာပေများ၌ တစ်ပုဒ်အပါအဝင်ဖြစ်သော မဟာရာမ ဝတ္ထုရှိ ရာမ၊ သီတာ၊ ဒသဂီရိတို့၏ ဇာတ်ဆောင်စရိုက်အဖွဲ့များကို လေ့လာ တင်ပြမည် ဖြစ်သည်။ ရာမ ဇာတ်တော်ကြီးတွင် အဓိကဇာတ်ဆောင်သုံးဦး ပါဝင်သည်။ မူလ ဇာတ်လမ်း၏ ရည်ရွယ်ချက်မှာ ဓမ္မနှင့် အဓမ္မ အားပြိုင်မှုတွင် ဓမ္မကသာ အနိုင် ရသင့်သည်ဆိုသောအချက်ကို တင်ပြလိုရင်းဖြစ်သည်။ ရာမာယဏစာပေ ရေးသားခဲ့သော စာဆိုအသီးသီးတို့သည် ဓမ္မနှင့် အဓမ္မအားပြိုင်မှုသဘောကိုသာ အလေးထား တင်ပြလိုခြင်းဖြစ်သည်။ အဆိုပါရည်ရွယ်ချက်အရ ဓမ္မကို လက်ခံကျင့်သုံးသူနှင့် အဓမ္မကို လက်ခံကျင့်သုံးသူတို့၏ အနိုင်အရှုံး အားပြိုင်မှု ဇာတ်ကွက်များကို ဇာတ်လမ်းဆင်တင် ပြထားပါသည်။ မူရင်းမြန်မာပြန် ရာမာယဏစာပေနှင့် လူမျိုးအသီးသီး၏ ယဉ်ကျေးမှုအလိုက် ပြုပြင်မွမ်းမံထားသော ရာမစာပေတို့တွင်လည်း ထိုသဘောအတိုင်း ဇာတ်လမ်းဆင်ယူကြပါသည်။ ဇာတ်ဆောင်ဖန်တီးရာ၌ ရာမစာပေ

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်

ရေးဖွဲ့သူတို့သည် ရည်ရွယ်ချက်ပေါ်လွင် စေရန်အတွက်၊ ဓမ္မဝါဒီသမား ဇာတ်ဆောင် ရာမနှင့် အဓမ္မဝါဒီသမားဇာတ်ဆောင် ဒသဂီရိတို့ကို အားပြိုင်မှု ဖြစ်ပေါ် စေရန် ဖန်တီးယူရပါသည်။ ထိုသူတို့အားပြိုင်နိုင်ရန်ဗဟိုချက်အဖြစ် သီတာဒေဝီ မင်းသမီးကို ဖန်တီးထားပါသည်။ အဆိုပါဇာတ်ဆောင် သုံးဦးကို ဗဟိုချက်ပြု၍ ဓမ္မဝါဒီသမား အရံဇာတ်ဆောင်များနှင့် အဓမ္မဝါဒီသမား အရံဇာတ်ဆောင်များကို ပွားများ ဖန်တီး ယူပြီးလျှင် အုပ်စုလိုက် အားပြိုင်မှုများကိုလည်း သိုင်းဝိုင်းခြံရံ ဖန်တီး ထားသည်။ မည်သည့် ရာမစာပေတွင်မဆို ရာမမင်းသားသည် ဓမ္မဝါဒီသမား၊ ဒသဂီရိသည် အဓမ္မဝါဒီသမားဇာတ်ဆောင်အဖြစ် ပါဝင်ပါသည်။ သီတာဒေဝီသည် ဓမ္မဝါဒီသမား ရာမကို သစ္စာရှိရှိချစ်ခင်ပြီး အဓမ္မဝါဒီသမား ဒသဂီရိ၏ မေတ္တာကို ဆန့်ကျင်သူအဖြစ် ဖန်တီးလေ့ရှိပါသည်။ ထိုသို့သော အဓိကဇာတ်ဆောင်တို့၏ အခြေခံစရိုက်များ အပေါ် မှီး၍ မြန်မာရာမစာပေရေးဖွဲ့သူများကလည်း မိမိတို့၏ စိတ်ကူးအရ လည်းကောင်း၊ ယဉ်ကျေးမှုဓလေ့ထုံးစံအရလည်းကောင်း၊ ရာမ၊ သီတာ၊ ဒသဂီရိ ဇာတ်ဆောင်သုံးဦးကို ခံစားမှုအမြင် အမျိုးမျိုးဖြင့် မွမ်းမံ ခြယ်သခဲ့ကြပါသည်။ ရည်ရွယ်ချက်သဘော၊ ဇာတ်လမ်းသဘောအရ၊ ဘောင်ကန့်သတ်ထားပြီးဖြစ်သော ဓမ္မနှင့်အဓမ္မ ဇာတ်ဆောင်များကို မဟာရာမဝတ္ထုရေး ဆရာက စိတ်ကူးဖြင့် မည်ကဲ့သို့ နှစ်သက်ဖွယ် ကြောက်ရွံ့ဖွယ်ဖြစ်အောင် ဖန်တီးရေးဖွဲ့ထားသည်ကို လေ့လာတင်ပြ သွားမည် ဖြစ်ပါသည်။

## ၁။ မြန်မာရာမစာပေမြစ်ဖျားခံရာ

ရာမစာပေနှင့် ပတ်သက်၍ စာဆိုအသီးသီးက အမျိုးမျိုးတင်ပြခဲ့ကြသည်။ မြန်မာ နိုင်ငံသို့ရောက် ရှိလာသော ရာမာယဏစာပေသည် အိန္ဒိယစာဆိုပညာရှင် ဝါလမိကီ ၏ ရာမာယဏဖြစ်သည်ဟု စာဆိုအသီးသီးကဆိုသည်။ ဆရာဇော်ဂျီက "မြန်မာရာမ ဟုဆိုရာတွင် ရှေးခေတ် အိန္ဒိယရာမာယဏ ကဗျာကို မှီးလျက်၊ မြန်မာတို့၏ ဉာဏ်ဖြင့်လည်းကောင်း၊ မြန်မာတို့၏ စာရိတ္တအမြင်ဖြင့်လည်းကောင်း၊ မြန်မာ့မြေ၌ မြန်မာပညာရှင်တို့ ရေးခဲ့ကြသော ရာမကဗျာ၊ ရာမစကားပြေ၊ ရာမပြဇာတ် တို့ကို ဆိုလိုရင်းဖြစ်ပါသည်။ "[၁] ဟုဆိုသည်။

မောင်ခင်မင်(ဓနုဖြူ)က "ဝါလမိကီပေါ်ထွန်းပြီးနောက် အိန္ဒိယနိုင်ငံတွင် ရာမာယဏမှု အမျိုးမျိုးရှိလာကြောင်းဆိုသည်။ တမီလ် စာဆိုကန်ဗန်၏ ရာမာယမဏ ပေါ်ပေါက်သော ၁၂ ရာစုတွင် ရာမကို ဗိဿနိုးဝင်စားသူအဖြစ် အများလက်ခံနေပြီ ဖြစ်သည်။ ၁၅ ရာစုတွင် ဘင်္ဂါလီစာဆို ကရိတ္တိဝါသ ၏ ရာမယဏတွင် ဘင်္ဂါလီမှု

[၁] ဇော်ဂျီ၊ ၁၉၉၃၊ ၉၈။

များတွင် အစောဆုံးဖြစ်သည်။ ၁၆ ရာစုတွင် ပေါ်ပေါက်သော ဟိန္ဒီစာဆို တုလသီဒါသ၏ ရာမဆရိတမနသခေါ် ဟိန္ဒီရာမာယဏကထာသည်လည်း ထင်ရှားသော ရာမာယဏမူတစ်ခုဖြစ်ပါသည်။”[၁] ဟု မောင်ခင်မင် က ဆိုသည်။

“ခရစ်နှစ်ဦးပိုင်းကစ၍ အိန္ဒိယနိုင်ငံသားများသည် သင်္ဘောများဖြင့် အရှေ့တောင် အာရှနိုင်ငံများသို့ ခရီးနှင်လာခဲ့ကြသည်။ ဟိန္ဒူ၊ ဗုဒ္ဓဘာသာတို့နှင့်အတူ သက္ကတ၊ ပါဠိစာပေတို့လည်း တစ်ပါတည်းပါလာသည်။ ထိုစာပေများတွင် ရာမာယဏ မဟာကဗျာလည်း အပါအဝင်ဖြစ်သည့်အလျောက် အရှေ့တောင်အာရှနိုင်ငံများတွင် ထိုကာလမှစ၍ ရာမာယဏသည် ဝင်ရောက်နေရာယူ လာပါတော့သည်။”[၂] ဟုလည်း မောင်ခင်မင်က ဆိုထားပြန်သည်။

**သို့ဖြစ်၍ ဘီစီ–၂ရာစုတွင် ဝါလမိကီရသေ့ကြီးရေးသားသည့် သက္ကတရာမာယဏ မူရင်းစာပေသည် နည်းအမျိုးမျိုးနှင့် အရှေ့တောင်အာရှတစ်ခွင်သို့ ပျံ့နှံ့ရောက်ရခဲ့သည်ဟု ဆိုရမည်။ မလေးရှား၊ အင်ဒိုနီးရှား၊ ဂျပန်၊ ထိုင်း၊ မြန်မာ စသည်တို့တွင် ရာမာယဏကျမ်းကို အသွင်သစ်ဖြင့် ဖန်တီး ရေးဖွဲ့လာကြသည်။ မြန်မာစာပေတွင် ရာမာယဏ စာပေသည် ဝတ္ထု၊ သာချင်း၊ ရကန်၊ ပြဇာတ် စသည့် ပုံစံအမျိုးမျိုးဖြင့် ရှင်သန်ခဲ့သည်။**

ရာမဇာတ်သည် ဓမ္မနှင့် အဓမ္မတွင် ဓမ္မကသာ အနိုင်ရသင့်သည်ကို ပြလိုသော ရည်ရွယ်ချက်၊ သစ္စာတရားနှင့် မုသား၏ ခြားနားချက်ကို ဖော်ထုတ်လိုသော ရည်ရွယ်ချက်များကို ပုံဖော်ရေးဖွဲ့ထားနိုင်မှုတို့ကြောင့် ယနေ့တိုင် ရပ်တည်ရှင်သန်ခဲ့ခြင်း ဖြစ်သည်။ ဝါလမိကီ၏ ရာမာယဏ မူရင်းဇာတ်ကို မြန်မာပြန်အနေနှင့် လေ့လာခဲ့ရသည်။ ဗာလကဏ္ဍ၊ အယုဒ္ဓယကဏ္ဍ၊ အရညကဏ္ဍ၊ ကိသကိန္ဓာကဏ္ဍ၊ သုန္ဒရကဏ္ဍ၊ ယုဒ္ဓကဏ္ဍ၊ ဥတ္တရကဏ္ဍ အထိအပိုင်း (၇)ပိုင်း ရှိသော်လည်း မြန်မာပြန်အနေနှင့်မူ ဗာလပိုင်းမှ ယုဒ္ဓပိုင်းအထိ အပိုင်း (၆)ပိုင်းသာ တွေ့ရသည်။ ဆရာဇော်ဂျီက “ဗာလပိုင်းတွင် အယုဒ္ဓပြည့်ရှင် ဒသရဋ္ဌမင်းသည် သားဆုရလိုသောကြောင့် ယဇ်ပူဇော်ပုံ”[၃] စသည်ဖြင့် ဗာလပိုင်းကို တင်ပြသည်။ ဓနုဖြူမောင်ခင်မင်က “ဗာလကဏ္ဍသည် ရာမမင်း၏ ငယ်ဘဝကိုပြသော ကဏ္ဍဖြစ်သည်။ အယုဒ္ဓယကဏ္ဍသည် အယုဒ္ဓယပြည် နန်းတွင်း၌ ပေါ်ပေါက်သော ဖြစ်ရပ်များကို ပြသော ကဏ္ဍဖြစ်သည်။”[၄]

[၁] ခင်မင်၊ ၂၀၀၆၊ ၁၀၀–၁၀၄။

[၂] ခင်မင် ၊ ၂၀၀၆၊ ၁၀၇။

[၃] ဇော်ဂျီ၊ ၁၉၉၃၊ ၉၉။

[၄] ခင်မင်၊ ၂၀၀၀၊ ၄၆–၄၇။

စသည်ဖြင့် အပိုင်း (၇)ပိုင်းကို ရှင်းလင်းတင်ပြသည်။ မူရင်းဇာတ်ကို အကျဉ်းမျှ တင်ပြလျှင်ပင် စာတမ်းရှည်သွားမည်စိုးသဖြင့် မတင်ပြတော့ပါ။

မူလရာမဇာတ်ကို နှုတ်ပြောအဖြစ် မြန်မာတို့ ခေတ်အဆက်ဆက်ထိန်းသိမ်းလာခဲ့ကြသည်။ ၁၇ ရာစုခန့်က ရာမဝတ္ထု၊ ၁၇၇၅ ခုနှစ်တွင် ဦးအောင်ဖြိုး၏ ရာမသာချင်း၊ ဦးတိုး၏ ရာမရကန်၊ အမည်မသိစာဆို ရေးသောမဟာရာမဝတ္ထု၊ ပြဇာတ်ပုံစံဖြင့် ရေးသားထားသော နေမျိုးနာဋ္ဌကကျော်ခေါင်၏ ရာမပြဇာတ်တော်ကြီး၊ ဦးဖိုးစိန်၏ ရာမသုံးမျိုးဝတ္ထု၊ ဓားပိန် ဦးမောင်ကြီး၏ ပုံတော်ရာမလက္ခဏာ၊ ချစ်ဦးညို၏ လင်္ကာဒီပချစ်သူ စသည်ဖြင့် ရာမစာပေ အသီးသီးကို မြန်မာရာမ စာဆိုတို့က ပြုစုခဲ့ကြသည်။ မြန်မာ့ အတွေးအမြင်၊ မြန်မာ့ စရိုက်များဖြင့် မြန်မာရာမစာပေကို ဖန်တီးခဲ့ကြသည်။ ယင်းသို့ ဖန်တီးခဲ့သော မြန်မာရာမစာပေတို့အနက် မဟာရာမဝတ္ထုတွင် တွေ့ရှိရသော ရာမ၊ သီတာ၊ ဒသဂီရိဇာတ်ဆောင်သုံးဦး၏ စရိုက်အဖွဲ့များကို ရှုမြင်သုံးသပ် တင်ပြမည်ဖြစ်သည်။

## မဟာရာမဝတ္ထုတွင် တွေ့ရသော ရာမ၊ သီတာ၊ ဒသဂီရိတို့၏ ဇာတ်ဆောင် စရိုက်အဖွဲ့

ရာမစာပေသည် ပုဂံခေတ်ကတည်းက မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည်။ "ပုဂံခေတ် နတ်လှောင်ကျောင်းကျောက်စာ၊ ကျန်စစ်သားမင်းကြီး၏ ဘဝ အကြောင်းပါဝင်သည့် နန်းတည် မွန်ကျောက်စာ၊ ပုဂံဖက်လိပ် စေတီ အထောက်အထားများ"[၁] အရ သိနိုင်ကြောင်း တက္ကသိုလ်မောင်မောင်ကြီးက မြန်မာပြဇာတ်ရေစီးကြောင်း၌ ဆိုထားသည်။ ကုန်းဘောင်ခေတ်တွင်မူ ရာမဇာတ်ကို ဝတ္ထုအသွင်ဖြင့် အမည်မသိ စာဆိုတစ်ဦးက ရေးသားခဲ့သည်။ မဟာရာမဝတ္ထုတွင် တွေ့ရသော ရာမ၊ သီတာ၊ ဒသဂီရိဇာတ်ဆောင်စရိုက်တို့ကို စာရေးသူ၏ စိတ်ကူးနှင့် အရေးအဖွဲ့ စွမ်းရည်တို့အပေါ် မူတည်၍ လေ့လာတင်ပြပါမည်။

## ရာမမင်းသားစရိုက်

မဟာရာမဝတ္ထုတွင် ဒသရဋ္ဌမင်းထံ ရသေ့များက ကာကဝဏ္ဏာကျီးရန် နှိမ်နင်းပေးရန် တောင်းဆိုလာသည်။ ထိုအခန်းတွင် မင်းကြီးက ရာမမင်းသားအားကျီးရန် နှိမ်နင်း ပေးရန် တောင်းဆိုသောအခါ ရာမမင်းသားက မိမိ ဆောင်ရွက်ပါမည့်အကြောင်း လျှောက်ထားသည်။ ရာမမင်းသား၏ ပြောစကားဖြင့်–

---

[၁] မောင်မောင်ကြီး၊ ၁၉၆၉ ၊ ၂၀၈–၂၂၆ ။

> "မြင်းမိုရ်တောင်မင်းမျှ မက ကြီးလှသော ကျေးဇူးရှင်ဖြစ်သော ခမည်းတော် မင်းမြတ်၊ မိဘတို့၏ သဘောသည် သားတို့၌ အနှစ်တစ်ရာပင် ရှိသော်လည်း၊ ငယ်သည်ဟူ၍သာ ထင်မြဲဖြစ်ပါသည်။ ကာကဝဏ္ဏ ကျိုးရန်ကိုမဆိုထားဘိဦး။ သိကြားမင်းကိုသော်လည်း စိုးရွံ့ ခန့်ညားခြင်း မရှိပါ။"[၁]

ဟု ဖော်ပြထားသည်။ ထိုအချက် အရ ရာမမင်းသားသည် ဖခင်အတွက် စွန့်စားဝံ့သူ၊ သားလိမ္မာ၊ သားကောင်းတစ်ဦး ဖြစ်ပြီး ရဲစွမ်း သတ္တိနှင့် ပြည့်စုံသူတစ်ဦးလည်း ဖြစ်ကြောင်း ပုံဖော်ထားသည်။ ရာမ၏ အပြောအဆိုကို မြန်မာ့ ယဉ်ကျေးမှု အစဉ်အလာနှင့်အညီ ဖွဲ့ဆိုထားသည်။ မိဘကျေးဇူးကို အလေးထားသူ တစ်ဦးအဖြစ် ပုံဖော်ထားပါသည်။

မူရင်းမြန်မာပြန် ရာမာယဏတွင် "ဗိသွာမိတြရသေ့သည် ဒသရဋ္ဌမင်းထံ ဘီလူး ရန်နှိမ်နင်းပေးရန် ရာမမင်းသားအား လာ၍ တောင်းခံသည်။"[၂] မဟာရာမဝတ္ထုရေးဆရာက ဘီလူးရန်နေရာတွင် ကာကဝဏ္ဏကျိုးရန်ကို ဖြည့်စွက်၍ ဖန်တီးထားသည်။ မြန်မာရာမစာဆို၏ စိတ်ကူးဖြင့် မွမ်းမံချက်ဟု ဆိုရပေမည်။ ကာကဝဏ္ဏကျိုးအား ရာမမင်းသား နှိမ်နင်းပြီးနောက် သူ့အသက်ကို သတ်နိုင်သော်လည်း ချမ်းသာခွင့်ပေးခဲ့သည်။ မျက်စိတစ်လုံးကိုသာ မြားမှန် စေခဲ့သည်။ ထိုအခန်းတွင် ရာမမင်းသားက–

> "အသင်ကာကဝဏ္ဏကျိုး၊ သင်သည်ကား ယမမင်းဆိုသော အသံကို ကြားသောကာလမှ စ၍ အားခွန်ဗလတိုးသဖြင့် ၊တစ်စုံတစ်ယောက်သောသူကိုမျှ မကြောက်မရွံ့သည်ဖြစ်၍ သူတော်သူမြတ်တို့၏ ကျောင်းသင်္ခမ်းကို ဖျက်ဆီးသည်။ အလွန်တရာယုတ်မာလှ၏။ အသက်ကိုသော်ကား ချမ်းသာပေးရတော့မည်။ တစ်လုံးသော မျက်စိကိုကား မြားဖြင့် မှန်စေရမည်။"[၃]

ဟု ရေးဖွဲ့တင်ပြထားသည်။ ထို အဖွဲ့ဖြင့် သူတော်ကောင်းရသေ့ရဟန်းများကို ဒုက္ခပေးသူ၊ တစ်ပါးသူကို အနိုင်ကျင့်ဖျက်ဆီး သူ၊ အဓမ္မအမှုပြုကျင့်သူအား ပြတ်ပြတ်သားသား အပြစ်ပေးတတ်သည့် စရိုက်ကို ဖော်ပြထားသည်။ သို့ရာတွင် ရာမမင်းသားသည် အမှန်တရားကို လိုလားပြီး သူတစ်ပါးကို ကြင်နာတတ်သော

---

[၁] မဟာရာမဝတ္ထု၊ ၁၉၇၁ ၊ ၃၈။

[၂] ကိတ္တိမ၊ ၁၉၆၈၊ တွဲ– ၁၊ ၂၈၇ – ၂၉၀ ။

[၃] မဟာရာမဝတ္ထု ၊ ၁၉၇၁ ၊ ၃၉ ။

ဓမ္မဝါဒီသမားပီပီ မိမိအသာစီးရသောအခါ နိုင့်ထက်စီးနင်းမပြုဘဲ အသက်ကို ချမ်းသာပေးခဲ့သည်။ ထိုသို့သော ဓမ္မဝါဒီသမား ယောကျ်ားကောင်းတို့ သဘော ပေါ်လွင်အောင် ရာမ၏ခန့်ညားပြတ်သားသောစကားဖြင့် စရိုက်ဖော်ရေးဖွဲ့ထားသည်။

ရာမမင်းသားသည် လေးတင်ပွဲသို့ရောက်ရှိလာပြီး လေးတင်ပွဲကို ပါဝင် ဆင်နွှဲခဲ့ခြင်းမှာ သီတာဒေဝီကို လိုချင်တပ်မက်၍ မဟုတ်ပေ။ မိမိ၏ လက်ရုံး စွမ်းရည်ကို အားကိုးပြုကာ၊ သီတာဒေဝီကို အဓမ္မသိမ်းယူလိုသော ဒသဂီရိ၏ အမူအရာနှင့် အပြောအဆိုများကို မနှစ်သက်၍ ပါဝင်ရခြင်းဖြစ်သည်။ ရာမမင်းသားကို ဆရာတော်ဂေါ်ခံရသေ့ကြီးက "လေးညှို့ကိုတင်ရန် စွမ်းနိုင်ပါမည်လော" [၁] ဟု မေးမြန်းသည်။ ထိုအခါ ရာမမင်းသားက–

> "အရှင်ဘုရား၊ အကျွန်ုပ်သည်တင်နိုင်သည်ဖြစ်စေ၊ မတင်နိုင်သည်ဖြစ်စေ၊ မင်းမျိုးမင်းနွယ်၏ အသရေကို ပျက်အံ့စိုးပါသည်။ ဤလေးညှို့မျှလောက်ကို အကျွန်ုပ်သည် မမှုပါ၊ တင်ရအံ့သော အကြောင်းကိုသာ အခွင့်လွှတ်တော်မူပါလော့" [၂]

ဟုလျှောက်ထားသည်။ မဟာရာမဝတ္ထုကို ရေးဖွဲ့သူသည် မူလဇာတ်လမ်းအရ ရှိပြီးဖြစ်သော ရာမမင်းသား၏ ဇာတ်ဆောင်စရိုက်ကို ဖန်တီးရာ၌ ရှေ့ဆက်မည့် ဇာတ်လမ်းတွင်ပါဝင်မည့် ရာမမင်းသား၏ ဘုန်းတန်ခိုးစွမ်းအင်၊ စိတ်ဓါတ် အရည်အသွေးတို့နှင့် လိုက်ဖက်ညီညွတ်အောင် ဇာတ်ဆောင်စရိုက် ခိုင်မာအောင် ရာမမင်းသား၏စရိုက်ကို စိတ်ကူးဖြင့် ဖန်တီးတင်ပြထားသည်။ ရာမ မင်းသားကို မင်းမျိုးမင်းနွယ်၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းသူ၊ မိမိကိုယ်ကို ယုံကြည် စိတ်ချမှု အပြည့်ရှိသူအဖြစ် ပုံဖော် ရေးဖွဲ့ထားပါသည်။

လေးတင်ခန်းသို့ဝင်လာသော ရာမနှင့်လက္ခဏတို့ကို တစ်ရာသော ထီးဆောင်းမင်းတို့က လှောင်ပြောင်ကြရာ ရာမမင်းသားက ပြန်လည်ပြောဆိုဟန်ကို

> "နောင်တော်မင်းများတို့သာလျှင် ဘုန်းတန်ခိုးအာဏာမရှိ၊ သတ္တိနည်းပါး၍ လေးညှို့အနား မချဉ်းဝံ့။ ကြောက်ရွံ့ကြကုန်သည်။ ငါသော်တမူကား၊ နုနယ် ပျိုမျစ်သော်လည်း ဤမျှလောက်

---

[၁] မဟာရာမဝတ္ထု ၊ ၁၉၇၁ ၊ ၄၅ ။

[၂] မဟာရာမ ဝတ္ထု ၊ ၁၉၇၁ ၊ ၄၅ ။

လေးကို ပမာဏမထင်၊ မျက်စိတမှိတ်၊ လျှပ်တပြက်ခန့်ဝယ် တင်၍ပြအံ့" [၁]

ဟု တုံ့ပြန်ပြောဆိုခဲ့သည်။ ဤစကားတွင် ရာမ မင်းသား၏ တည်ငြိမ်လေးနက်သော လေသံပါသည်။ မိမိ၏ စွမ်းအားအပေါ်တွင် ယုံကြည်မှု လေသံပါသည်။ ရာမ၏ တည်ကြည်ခန့်ညားသော တုံ့ပြန်ပြောစကားများက ပရိသတ်၏အာရုံကို ဇာတ်ဆောင် အပေါ်၌ စူးစိုက်လာစေသည်။

မူရင်းမြန်မာပြန် ရာမာယဏတွင်

"ပြဿုရာမသည် လမ်းခုလတ်၌ စောင့်နေပြီး ရာမမင်းအား ရန်စ တိုက်ခိုက်သည်။ ရာမမင်းက ဗိဿုဏုမြားဖြင့် ပစ်၍ ပြဿုရာမ မဟိန္ဒြတောင်သို့ ပြန်ပြေးရသည်။ ရာမမင်းနှင့် မိတ်ဆွေဖွဲ့ခန်း မပါ။" [၂]

မဟာရာမဝတ္ထုတွင် လေးတင်ပွဲအပြီး ပြဿုရာမနှင့် စစ်တိုက်ခန်း၌ ရာမမင်း သားက ပြဿုရာမ၏ ဝရဇိန်လက်နက်လို အောင်နိုင်ရန် မိဌာန်ပုံကို

"ငါသည် ကုဋေတစ်သိန်းကာလပတ်လုံး ပါရမီဖြည့်ကျင့်ပါ၏။ ဤငါဆိုသောသစ္စာစကားအတိုင်း မှန်ပါလျှင်၊ လောင်မီးကဲ့သို့ လာသော ဝရဇိန်လက်နက်သည် မွှေးပြီးသော ငှက်ပျောသီးကဲ့ သို့ဖြစ်၍ ငါ၏ခံတွင်းသို့ ကျလာစေသတည်း"[၃]

ဟုရေးဖွဲ့ထားသည်။ ဝရဇိန်လက်နက်သည် ရာမမင်း၏ ခံတွင်းသို့ကျပြီး ပျောက်သွား သော အခန်းသည် မူရင်းမြန်မာပြန်ရာမာယဏတွင် မပါဝင်ပါ။ ပြဿုရာမသည် ရာမမင်းနှင့် မိတ်ဆွေဖွဲ့၍ သူ၏တိုင်းပြည်သို့ ပြန်သွားပုံကို မဟာရာမဝတ္ထုရေး ဆရာက ဖန်တီးထားသည်။ ဤသို့ မဟာရာမဝတ္ထုရေးဆရာသည် ရာမမင်းသား၏ စရိုက်ကို စာဖတ်သူတို့ အံ့ဩနှစ်သက်ကြစေရန် ထူးခြားသောစွန့်စားခန်းဖြင့် ယှဉ်၍ ဘုန်းတန်ခိုးကြီးမားသော စရိုက်အဖြစ် ပြဆိုသည်။ စာရေးသူ၏ ဆန်းပြားသော တင်ပြချက်ကြောင့် ရာမမင်းသား၏ ဇာတ်ရုပ်သည် ကြွတက်လာသည်။ ပရိသတ်၏ အာရုံကို ဖမ်းစားနိုင်စွမ်းရှိလာသည်။

---

[၁] မဟာရာမ ဝတ္ထု ၊ ၁၉၇၁ ၊ ၄၆ ။

[၂] ကိတ္တိမ၊ ၁၉၆၈ ၊ တွဲ – ၁ ၊ ၃၂၀ ၃၃၁ ။

[၃] မဟာရာမဝတ္ထု ၊ ၁၉၇၁ ၊ ၅၄ ။

ဒသရဋ္ဌမင်းကြီးသည် ကေကေမိဖုရားအား ကတိစကားအတိုင်း ဘဒ္ဒရမင်းသားကို ထီးနန်းပေးရမည့်အခန်းတွင် ခမည်းတော်မင်းကြီးအနေနှင့် နှလုံးမသာမယာ ခံစားနေရသော်လည်း ရာမမင်းသားက တည်ငြိမ်အေးချမ်းစွာ ခံစားတုံ့ပြန်သည်။

> "ခမည်းတော်မင်းမြတ်သည် သစ္စာစကားကိုမတည်သော် ဇမ္ဗူဒိပ်ကျွန်းအပြင်၌နေသော ထီးဆောင်းမင်းတို့ ကဲ့ရဲ့ပြစ်တင်ဖွယ်ရာသော အကြောင်းရှိပါသည်။ ကေကေမိဖုရားအား သစ္စာကတိရှိသောအတိုင်း ပေးတော်မူလော့" [၁]

ဟု ရေးဖွဲ့ထားပါသည်။ ထိုပြောစကားဖြင့် ရာမမင်းသား၏ ထီးနန်းစည်စိမ်ကို မမက်၊ ဖခင်၏ စိတ်ချမ်းသာမှုကို အဓိကထားပြီး သစ္စာစကားကိုအလေးထားသည့်သဘော၊ ခမည်းတော်ကို ကဲ့ရဲ့ပြစ်တင်သည့် ဘေးမှ ကာကွယ်လိုသော စိတ်သဘောထားများကို ဖန်တီး တင်ပြထားသည်။

ရာမမင်းသားသည် ဓမ္မဝါဒီသမားအဖြစ် ဇာတ်လမ်းတစ်ခုလုံးတွင် ပါဝင်လှုပ်ရှားထားပေသည်။ သစ္စာတရားလို အလေးထားသူသဘော၊ မိဘအတွက် ပေးဆပ်အနစ်နာခံလိုသောသဘော ထင်ရှားစေသည်။ အပြောစကားပြေဖြင့် တင်ပြထားသည်။ အပြောစကားပြေသည် တည်ငြိမ်သည့်အလျောက် ဇာတ်ဆောင်အပေါ် နှစ်သက်စိတ် ဖြစ်ပေါ်လာစေပါသည်။

## သီတာမင်းသမီးစရိုက်

သီတာမင်းသမီးသည် ရာမဇာတ်လမ်းတွင် ဓမ္မဝါဒီဇာတ်ဆောင်ရာမမင်းသားနှင့် အဓမ္မဝါဒီ ဇာတ်ဆောင် ဒသဂီရိ နှစ်ဦး၏ကြား၌ မရှိမဖြစ် ပါဝင်ရသော ဇာတ်ဆောင်ဖြစ်ပေသည်။ သီတာမင်းသမီးသည် ဓမ္မဝါဒီကို လိုလားပြီး အဓမ္မဝါဒီကို ဆန့်ကျင်သော ဇာတ်ရုပ်ကို ပီပြင်စွာ စွမ်းဆောင်ရသော ဇာတ်ဆောင်လည်း ဖြစ်သည်။

မဟာရာမဝတ္ထုလေးတင်ပွဲတွင် ဒသဂီရိသည် လေးကိုကြွချီနိုင်ပြီး တင်၍ မရပေ၊ တစ်ရာသော ထီးဆောင်းမင်းတို့သည် လေးကိုကြွချီရုံမျှပင် မရကြပေ။ ထိုအခါ ဒသဂီရိက မိမိ၏သတ္တိကိုကြုံးဝါး၍ "သီတာမင်းသမီးကို ငါရထိုက်ပြီ၊ ငါ့အားပေးကြလော့" [၂] ဟုဆိုနေသည်။ ထို အဖြစ်အပျက်ကို မြင်သော သီတာမင်းသမီးက–

---

[၁] မဟာရာမ ဝတ္ထု ၊ ၁၉၇၁ ၊ ၆၉ ။

[၂] မဟာရာမဝတ္ထု ၊ ၁၉၇၁ ၊ ၄၃။

> "ဤဒသဂီရိမင်းယုတ်သည် အဘယ်ကြောင့် ဤသဘင်မဂ်လာသို့ အရာမဟုတ်ပါဘဲနှင့် အဘယ်ကြောင့် ဝင်လာပါလိမ့်မည်နည်း၊ ခမည်းတော်မင်းကြီးသည် ဤမင်းယုတ်အား အဘယ်ကြောင့် ဆွဲငင်၍ သဘင်၏ အလယ်မှ ထုတ်တော်မမူဘိသနည်း"[၁]

ဟု ပြောဆိုလေသည်။

ထိုအချက်အရ သီတာမင်းသမီးသည် ဒသဂီရိ၏ ကြမ်းတမ်းရိုင်းပျမှုကို မနှစ်သက်သူ အဖြစ် လည်းကောင်း၊ ဒသဂီရိအပေါ်မနှစ်မြို့၊ မလိုလားသောစရိုက် သွင်ပြင် ကိုလည်းကောင်း ဝတ္ထုရေး ဆရာက ပုံဖော်ထားသည်။

သီတာကို ရံရွေတော်တို့က ဒသဂီရိနှင့်ပတ်သက်၍ ပြောပြသောအခါ သီတာ က–

> "ဒသဂီရိအား ချစ်ခင်စုံမက်ခြင်းသည် ဆံခြည်တစ်ခြမ်း နှမ်း တစ်လုံးခန့်မျှ မရှိ"[၂]

ကြောင်းပြောဆိုသည်။ ထိုအချက်အရ သီတာမင်းသမီးသည် ဒသဂီရိအပေါ် မည်သို့မျှ စုံမက်ခြင်း မရှိသူအဖြစ် ပုံဖော်သည်။ မိန်းကလေးတစ်ဦးအဖို့ မိမိ မချစ်မနှစ်သက်သူ အပေါ် မည်သို့မျှ မေတ္တာထား၍မရသော ချစ်ခြင်းမေတ္တာနှင့် ပတ်သက်၍ ပြတ်သား သော အယူအဆကို ဖန်တီးတင်ပြထားသည်ဟု ဆိုရပေမည်။

သီတာမင်းသမီးသည် လေးတင်ပွဲတွင် ရာမမင်းသား လေးတင်မည်ကို မြင်သောအခါ ပူပန်သောစိတ်ဖြင့် တွေးတောပုံကို–

> "ဤမင်းသားမြတ်ကို အဘယ်ကြောင့် ဤလေးကို တင်နိုင်သော် တင်လော့ဟု ခိုင်းပါလိမ့်မည်နည်း။ ငါ့အား လက်ဆွဲ၍ ဤ မင်းသားမြတ်နှင့် ဆောက်နှင်းပါဘိလော့။ ဤလေးကို မတင်နိုင် ချေသော် တပင်တိုင်မြနန်းမှ ဆင်းသက်၍ ဤမင်းသားနောက်သို့ အလုပ်အကျွေး လိုက်တော့အံ့ "[၃]

စသည်ဖြင့် ဖော်ကျူးထား သည်။ သီတာ၏ အတွေးတွင် ရာမမင်းသားကို မြင်ရုံနှင့် ချစ်ခင်စုံမက်သော စိတ်၊ ရာမမင်းသား လေးမတင်နိုင်ပါကလည်း ရာမမင်းသား

---

[၁] မဟာရာမဝတ္ထု ၊ ၁၉၇၁ ၊ ၄၃။

[၂] မဟာရာမဝတ္ထု ၊ ၁၉၇၁ ၊ ၄၄။

[၃] မဟာရာမဝတ္ထု ၊ ၁၉၇၁ ၊ ၄၈။

နောက်သို့သာ လိုက်ပါလိုသောစိတ်ကို ပေါ်လွင်အောင် တင်ပြထားသည်။ သီတာက ရာမအပေါ် ချစ်ခင်တွယ်တာစိတ် ရှိသူအဖြစ် ပုံဖော်သည်။ လေးတင်ပွဲအပြီး၌ ဆုံတွေ့ရတော့မည့် ရာမနှင့် သီတာ၏ အချစ်ဇာတ်လမ်းကို စာဖတ်သူတို့ စိတ်ဝင်စားလာအောင် ဆွဲဆောင်ထားနိုင်သော ဇာတ်ဆောင်စရိုက်ဟု ဆိုချင်သည်။

မူရင်းမြန်မာပြန် ရာမာယဏ၌ သီတာမိဖုရားသည် တောသို့ မလိုက်ရလျှင် မဖြစ်ကြောင်း ရာမမင်းသားထံ တောင်းဆိုငိုကြွေးရာ၌ " အရှင်နှင့်နေရလျှင် ဆူးနှင့် တွေ့ခြင်းသည် ဝါဂွမ်းနှင့် သမင်ရေထိတွေ့ဘိသကဲ့သို့ အရှင်နှင့်ကင်းရလျှင် ငရဲသဖွယ် ဖြစ်ကြောင်း”[1] တင်ပြ ထားသည်။ မဟာရာမဝတ္ထု၌ ရာမမင်းသားက သီတာအား တောသို့ မလိုက်ရန် ပြောသောအခါ သီတာက–

"မင်းမရှိသော တိုင်းပြည်၊ အခိုးမရှိသော မီး၊ ထီးမရှိသောဘုရား တံခွန်မရှိသောရထား၊ လင်မရှိသောမိန်းမတို့သည် မလျောက်ပတ် မတင့်တယ်ဖွယ်ရာခြင်း မရှိပါ”[2]

ဟု အမျိုးမျိုး ပြောဆိုကာ၊ တောသို့ လိုက်ပါ လိုကြောင်းလျှောက်၏။ စာရေးသူသည် တောသို့ လိုက်ပါလိုကြောင်း ပြောခြင်း၌ပင် သိလွယ်သော ဥပမာများပေးကာ မြန်မာဆန်ဆန်တင်ပြထားသည်။ ဤစကားများအရ သီတာဒေဝီသည် ခင်ပွန်းနှင့် မခွဲခွာလိုသူ၊ သစ္စာစောင့်သိသူ၊ လင်ယောကျ်ားနှင့် ကွေကွင်းရခြင်း ဆင်းရဲကို မလိုလားသူ၊ မိန်းမကောင်းမိန်းမမြတ်၊ ဇနီးကောင်းတစ်ဦး ပီသပုံကို စာရေးသူက ပုံဖော်ထား နိုင်သည်။ ထို့ပြင် မဟာရာမ ဝတ္ထု၌ တင်ပြထားသော သီတာက တောသို့ လိုက်ပါ လိုကြောင်း ပြောသော စကားများသည် ဝေဿန္တရာဇာတ်တော်လာ မဒ္ဒီဒေဝီက ဝေဿန္တရာ မင်းအား လျှောက်တင်သော စကားများနှင့် တူညီသည်ကို တွေ့ရသည်။

မှော်ရုံတောသို့ဝင်သော အခန်းတွင် သီတာမင်းသမီးသည် ရာမအား လျှောက်ထား ပြောဆိုပုံကို

"နုထွားသော ကျွန်ုပ်၏ ခြေဖဝါးတွင် နာကျင်လှသဖြင့် မသွားနိုင်အောင် ရှိပါသည်။ ယင်းသို့ဖြစ်၍ ကျွန်ုပ်အား သနားသဖြင့် ဆိုင်းလင့်ရပ်တန့်၍ ငံ့တော်မူပါဦး”[3]

---

[1] ကိတ္တိမ ၊ ၁၉၆၈ ၊ တွဲ – ၂ ၊ ၂၀၀– ၂၀၂။

[2] မဟာရာမဝတ္ထု ၊ ၁၉၇၁ ၊ ၇၁ ။

[3] မဟာရာမဝတ္ထု ၊ ၁၉၇၁ ၊ ၈၆–၈၇။

ဟူ၍ ဖော်ပြထားသည်။ ဤအချက်သည် မူရင်းမြန်မာပြန် ရာမာယဏတွင် မပါဝင်သော မြန်မာစာဆို၏ စိတ်ကူးဖြင့် ဖန်တီးထားမှု ဖြစ်သည်။ သီတာမင်းသမီးသည် ထီးရိပ်နန်းဖွား မင်းသမီးပီပီ အလွန်နုနယ်ပုံ၊ ကြမ်းတမ်းသော ခရီးမသွားဖူးပုံ၊ သာယာချိုသာစွာ ပြောဆို တတ်သော၊ ယဉ်ကျေးသိမ်မွေ့သောသူဖြစ်ပုံ၊ ခင်ပွန်းအပေါ် ရှိသေလေးမြတ်စွာဆက်ဆံ တတ်သူအဖြစ် စာရေးသူက ပုံဖော်ထားနိုင်သည်။

မူရင်းမြန်မာပြန် ရာမာယဏ၌ သီတာက လက္ခဏအား နောင်တော် ရာမမင်းသားထံ လိုက်ခိုင်းသောအခါ၌ "သင်သည်ငါ့အား အပိုင်စီးရန်အတွက် ဤအချိန်တွင် ရာမပျက်စီးခြင်းကို လိုလားပေသည်။" [၁] ဟု စိတ်ထိခိုက်စေသောစကားကိုပြောသည်။

မဟာရာမဝတ္ထုတွင် ဒုသ၊ ခရသေ၍ တြိဂမ္ဘိကရွှေသမင်ယောင်ဆောင်၍ လာသောအခါ၊ သီတာက ရာမအား ရွှေသမင် ပူဆာပုံ၊ ရာမမင်းသားက နာနာရုပ်ဖြင့် ဖန်ဆင်းထားသော ရွှေသမင်ဖြစ်ကြောင်း ပြောသော်လည်း နားမဝင်၊ ရာမက ရွှေသမင် လိုက်ဖမ်းစဉ် "ညီချစ် ကယ်ပါ" ဟူသောအသံကို ကြား၍ သီတာက လက္ခဏအား ရာမနောက်လိုက်လိုက်ခိုင်းပုံ၊ "အမောင် မလိုက်လိုလျှင် နေစေတော့၊ ကျွန်ုပ် ပင် လိုက်ရချေတော့မည်" [၂] ဟု ပြောဆိုပုံကို ဖော်ပြထားသည်။ မဟာရာမဝတ္ထုသည် မူရင်းကဲ့သို့ စိတ်ထိခိုက်ဖွယ် စကားများမပါဝင်ဘဲ နှစ်သက်စဖွယ်ဖြစ်အောင် တင်ပြထားသည်။ ဤသို့ တင်ပြချက်အရ သီတာဒေဝီသည် လိုချင်လျှင် မရမကပူဆာတတ်သောစရိုက်၊ လင်ယောကျ်ား ဒုက္ခရောက်ပြီထင်၍ သူကိုယ်တိုင် လိုက်မည်ဟု ပြောသော ခင်ပွန်းကို ကြင်နာချစ်ခင်တတ်သောစရိုက်၊ ခင်ပွန်းမှလွဲ၍ မည်သူ့ကိုမျှ မှီခိုအားကိုးလိုခြင်း မရှိသော ဇနီးကောင်းတို့၏ စိတ်နေစရိုက်တို့ကို မဟာရာမဝတ္ထုရေးဆရာက ပုံဖော်ထားသည်။

ဒသဂီရိက ရသေ့ယောင်ဆောင်၍ ဆွမ်းခံစဉ်တွင် သီတာက- "စည်းအတွင်း ကြွတော်မူ၍၊ ဆွမ်းခံတော်မူပါလော့" [၃] ဟု ဆိုသော်လည်း ဒသဂီရိက ရဟန်းသည် သူတစ်ပါး စည်းအတွင်း ဝင်မရကြောင်းပြောသည်။ ထိုအခါ သီတာက အမှန်တကယ် သူတော်စင်ရဟန်းထင်ပြီး လက္ခဏမင်းသားတားခဲ့သော ရေစည်းကိုကျော်၍ ဆွမ်းလောင်းသည်။ ဒသဂီရိ၏ ဖမ်းဆီးခေါ်ဆောင်ခြင်း ခံလိုက်ရသည်။ ထိုအချက်အရ သီတာဒေဝီသည် အန္တရာယ်ကို မမြင်ဘဲ ယုံလွယ်သူမိန်းကလေး တစ်ဦး၏ စိတ်ထားကို စာရေးသူက ဖော်ပြထားနိုင်သည်။

---

[၁] ကိတ္တိမ ၊ ၁၉၆၉ ၊ တွဲ-၃ ၊ ၂၆၂ - ၂၈၅

[၂] မဟာရာမဝတ္ထု ၊ ၁၉၇၁ ၊ ၈၇ ။

[၃] မဟာရာမဝတ္ထု ၊ ၁၉၇၁၊ ၁၁၁ ။

သီတာဒေဝီ၏ စရိုက်ကို အခြားဇာတ်ဆောင်ပြောစကားဖြင့်လည်း ဖော်ပြထားသည်။ သိဃ်ိုင်ဇ္ဇမြို့ မီးရှို့ခန်းတွင် ရာမမင်းသားက သုချိပ် မျှောက်မင်းကို–

> "ငါ၏ မြောက်သားတော် သီတာဒေဝီ မင်းသမီးသည် ငါ့အား အလွန်တရာ စုံမက်မြတ်နိုး၏။ ဟီရိဩတပ္ပတရားနှင့်လည်း ပြည့်စုံ၏။ ငါမှတပါး အခြားသောသူတို့ကိုလည်း ခင်ပွန်းမပြုဟု သစ္စာဓိဌာန် ချက်လည်း ရှိ၏။"[၁]

ဟူ၍ ပြောဆိုသည်။ ထိုအချက်အရ သီတာသည် ရာမမင်းအပေါ် စုံမက်မြတ်နိုးသူ၊ ဟီရိဩတပ္ပတရားနှင့် ပြည့်စုံသူ၊ ရာမမင်းမှတပါး အခြားသူကို ခင်ပွန်းအဖြစ် မပြုလိုသောသူ အဖြစ် ပုံဖော်ထားသည်။

ထို့ပြင် သီတာထံ ဟနုမာန်လာရောက်တွေ့ဆုံသောအခါ ပြောသောစကား၌လည်း –

> "ငါ၏ မောင်တော် ရာမမင်းမှတပါး အခြားသောသူ တို့သည် ငါ၏လက်ကို မကိုင်ရပြီဟု ဓိဌာန်သော သစ္စာစကားရှိသည်။ ဒသဂီရိဘီးလူးသည် ငါ့အား အနိုင့်အထက်ဆွဲငင်၍ ကိုင်သော ကြောင့်သာ ကိုင်ရချေသည်။ ငါအလိုတူ၍ ကိုင်ရသည်မဟုတ်"[၂]

ဟု ပြောဆိုကြောင်း ဖော်ပြထားသည်။ သီတာဒေဝီ၏ ရာမမင်းအပေါ် ကတိသစ္စာ တည်ကြည်သော စိတ်နေ သဘောထားကို စာမရီငှက်၏ ကတိသစ္စာရှိပုံနှင့် နှိုင်းယှဉ် ဖော်ပြထားသည်။ သီတာဒေဝီ၏ ခင်ပွန်းအပေါ် သစ္စာရှိသော၊ တည်ကြည်သော၊ သမာဓိရှိသော ဇနီးကောင်းတစ်ဦး၏ စိတ်ဓါတ် ကို နှစ်လိုဖွယ်ရာ သိမြင်ခံစားရသည်။

ရာမမင်းသည် လင်္ကာဒီပ တိုက်ပွဲအပြီး၌ သီတာဒေဝီအား သော်ကဥယျာဉ်မှ ဆောင်ကြဉ်းစေပြီးမှ

> "အသင်၏ တော်ဖြောင့်ရိုးသားသော သီလ၊ သမာဓိတရားကို သိတော်မူ၏။ ထိုသို့ သိငြားသော်လည်း မြောက်သားတော် သီတာ ဒေဝီ မိဖုရားသည် ရန်သူဖြစ်သော ဒသဂီရိလက်မှရောက်လာ

[၁] မဟာရာမဝတ္ထု ၊ ၁၉၇၁ ၊ ၁၂၃ ။

[၂] မဟာရာမဝတ္ထု ၊ ၁၉၇၁ ၊ ၁၃၆ ။

> လျှင်ပင်၊ မမေးမြန်း မစိစစ်ဘဲ အဆောတလျင်ပင် မိဖုရား မြှောက်တော်မူလေသည်”[၁]

ဟုကဲ့ရဲ့မည်စိုး၍ သီတာ၏သစ္စာရှိပုံကို သက်သေပြခိုင်းကြောင်း ဖော်ပြထားသည်။ သီတာကလည်း မီးပုံပြုစေ၍ မိမိသည် ဒသဂီရိဘီလူးနှင့် မည်သို့မျှ မဖောက်ပြန်ကြောင်း သစ္စာဆိုကာ မီးပုံတွင်းဆင်းပြသည်။ မီးပုံငြိမ်း၍ မီးပုံအလယ် ပဒုမ္မာကြာပေါက်ကာ ကြာပွင့်အထက်၌ သီတာဒေဝီသည် ပကတိအတိုင်း ရှိနေကြောင်း စာရေးသူက ဖန်တီးတင်ပြထားသည်။ သီတာဒေဝီ၏ သစ္စာရှိမှု၊ ရိုးသားဖြောင့်မတ်မှု၊ သမာဓိရှိမှု၊ သီလတရား မြဲမြံ စင်ကြယ်မှု ဟူသော ကိုယ်ကျင့်သိက္ခာနှင့် ပြည့်ဝသည့် မိန်းကလေးတစ်ဦး၏ သဘော၊ စံပြဇနီးကောင်းတစ်ဦး၏ သွင်ပြင်များကို စာရေးသူက ပုံဖော်ထားသည်ဟု ဆိုရပေမည်။

သီတာဒေဝီ၏ ဓမ္မဝါဒီကို ထောက်ခံသောသူတစ်ဦး၏ စရိုက်ကို ပီပီပြင်ပြင် ဖော်ပြထား နိုင်သည်။ သစ္စာကတိ အလေးထားသူ၊ ခင်ပွန်းကို ချစ်မြတ်နိုးသူ၊ မိန်းမကောင်း၊ မိန့်မမြတ်တစ်ဦးပီသသူ၊ ယဉ်ကျေးသိမ်မွေ့သူ၊ စံပြဇနီးကောင်းတစ်ဦး ဖြစ်သူ စသည်ဖြင့် သီတာ၏စရိုက်များကို စာရေးသူသည် ဇာတ်ဆောင်တို့၏ ပြောဟန်ဖြင့် ပေါ်လွင်စွာ တင်ပြထားနိုင်ပေသည်။

## ဒသဂီရိစရိုက်

ဒသဂီရိသည် ရာမဇာတ်လမ်းတွင် စရိုက်ဆိုးမှ ပါဝင် သရုပ်ဆောင်ရသူ ဖြစ်သည်။ မဟာရာမဝတ္ထု တွင်လည်း အဓမ္မဝါဒီသမား ဇာတ်ရုပ်ကို ပေါ်လွင်အောင် ဖော်ပြထားသည်ကို တွေ့နိုင်သည်။ မဟာရာမဝတ္ထုအစ၌ပင်–

> “ဒသဂီရိသည် မင်းကျင့်တရားပျက်ယွင်းလျက် သေရည်သေရက်ကို သောက်ခြင်း၊ သူတစ်ပါး စည်းစိမ်ချမ်းသာကို ဖျက်ဆီး၍ အနိုင့်အထက် ယူခြင်း၊ သူ၏အသက်ကို သတ်ခြင်း အစရှိသော မတရားသောအမှုကို ပြု၏။”[၂]

ဟု ဖော်ပြထားသည်။

---

[၁] မဟာရာမဝတ္ထု ၊ ၁၉၇၁ ၊ ၂၀၅။

[၂] မဟာရာမဝတ္ထု ၊ ၁၉၇၁ ၊ ၁၅။

ဒသဂီရိ၏ မကောင်းသော အလုပ်ကို မွေ့လျော်သော စရိုက်၊ မကောင်းသော အကျင့်ဖြင့် အနိုင်ယူတတ်သော စိတ်ထားတို့သည် အဓမ္မသမား တစ်ဦး၏ ပုံရိပ်ကို ထင်ရှားစေသည်ဟု ဆိုရမည်။

လေးတင်ခန်းတွင် ဒသဂီရိက ဇနက္ကမင်းအား

> "ဤတစ်ရာ့တစ်ပါးသော မင်းတို့တွင် ငါမှတပါး တစ်ယောက်သောသူမျှ ဤဗိုလ်တစ်ထောင်တင်သော လေးကို ချီကြွခြင်းငှာ မတတ်နိုင်ကြကုန်၊ သီတာမင်းသမီးကို ငါရထိုက်ပြီ၊ ငါ့အား လက်ထပ်မင်္ဂလာပြု၍ ဆောက်နှင်းလော့၊ မဆောက်နှင်းသည်ရှိသော် ငါ၏အစွမ်းဖြင့် ဆောင်ကြဉ်းမည်"[၁]

ဟု ပြောဆိုပုံအရ ဒသဂီရိ၏ ရမ်းကားသော သဘောထား၊ ရိုင်းပျသော စိတ်ထား၊ သူကိုယ်သူ အထင်ကြီးသော စရိုက်၊ လူမိုက်ဆန်ဆန် ပြောဆိုတတ်သော စိတ်ထားရှိသူအဖြစ် စာရေးသူက ဖန်တီးထားသည်။

မူရင်းမြန်မာပြန်ရာမာယဏ၌ ရာမမင်းသားလေးတင်ပုံကို စိတ်လှုပ်ရှားဖွယ်ဖြစ်အောင် "မိုးကြိုးသံ ဖြစ်ပေါ်လာပုံ၊ မြေငလျင်လှုပ်ပုံ၊ လေးကျိုးသံကြောင့် မင်းများ မူးလဲကြပုံ"[၂] များဖြင့် ရေးဖွဲ့ထားသည်။ မဟာရာမဝတ္ထု၌ ရာမမင်းလေးတင်သောအခါ မိုးကြိုးသံ၊ ငလျင်သံများ ဖြစ်ပေါ်လာပြီး လေးနှစ်ပိုင်းကျိုးသည်။ ထိုသို့သော အသံများကြောင့် ဒသဂီရိသည်–

> "အလွန်တရာ ကြောက်ထိတ်လန့်၍ ဤသို့သော ဂါထာကို ရွတ်၏။ သီတာဒေဝီကို ငါသည်သိ၏။ ရာမမင်းကိုလည်း ဘုရားလောင်းဟု သိ၏။ ရာမမင်း၏ လက်နက်တွင် သေအံ့သောဘေးကို သိ၏။ ထို့ကြောင့် သီတာဒေဝီကို မဆောင်ဝံ့ပါပြီ"[၃]

ဟုဆိုကာ လင်္ကာဒီပသို့ ပြန်ပြေးသည်ကို စာရေးသူက ဖွဲ့ဆိုထားသည်။ ထိုအချက်အရ ဒသဂီရိသည် သတ္တိရှိသယောင် ထင်ရသော်လည်း ရာမမင်း၏ ဘုန်းတန်ခိုးနှင့် ရဲစွမ်းသတ္တိကိုမြင်သောအခါ ကြောက်ရွံ့၍ထွက်ပြေးရသည်။ ဒသဂီရိသည် လက်တွေ့တွင် သူရဲဘောကြောင်ပြီး သတ္တိနည်းပါး သူတစ်ဦး အသွင်ပုံပေါ်လာစေသည်။ မူရင်းမြန်မာပြန် ရာမာယဏ၌ ဒသဂီရိကြောက်ရွံ့၍ ထွက်ပြေးသော်လည်း ဤသို့သောရာမ

---

[၁] မဟာရာမဝတ္ထု ၊ ၁၉၇၁ ၊ ၄၄။

[၂] ကိတ္တိမ၊ ၁၉၆၈ ၊ တွဲ–၁ ၊ ၂၉၁–၂၉၄။

[၃] မဟာရာမဝတ္ထု ၊ ၁၉၇၁ ၊ ၄၉။

၏ ဘုန်းတန်ခိုးအစွမ်းကို ကြောက်ပြီးပြောသောစကားများ မပါဝင်ပေ။ ထိုသို့သော ဒသဂီရိ ပြောစကားများကြောင့် မူရင်းထက်ပို၍ ဇာတ်ဆောင်သရုပ် ဆွဲဆောင်မှု ရှိလာစေခြင်းပင် ဖြစ်သည်။

မူရင်းမြန်မာပြန် ရာမာယဏ၌

"ဒုသ၊ ခရသေဆုံးမှုကို နမဖြစ်သူ သုပဏ္ဏခါက ဒသဂီရိအား လာ၍ပြောသောအခါ၊ ဒသဂီရိသည် ဦးရီးတော်မာရီစအား ခေါ်၍တိုင်ပင်ပြီး ရွှေသမင်ယောင်ဆောင်စေခြင်း၊ ဘီလူးတစ်သောင်း လွှတ်ကာ နှိမ်နင်းခြင်း"[၁]

တို့ဖြင့် တင်ဆက်ထားသည်။

မဟာရာမဝတ္ထုတွင်ဒုသခရသေဆုံးမှုကိုနမတြိဂမ္ဘီကဒသဂီရိအား လျှောက်ထားရာ၊ ဒသဂီရိကရာမနှင့် လက္ခဏ ဘုန်းတန်ခိုးကြီး၍ မယှဉ်ဝံ့ကြောင်း ပြောသည်။ တြိဂမ္ဘီက ရွှေသမင်ယောင်ဆောင်ပြီး ရာမနှင့်လက္ခဏကို ဝေးရာသို့ ခေါ်ထုတ်ပေးမည်။ ထို့နောက်မှ ဒသဂီရိက–

"ရသေ့အသွင် ဖန်ဆင်းပြီးသော် သစ်သီးဆွမ်းခံတော်မူပါလော့ သီတာဒေဝီကို လေယာဉ်ရထားဖြင့် ဆောင်ကြဉ်းတော်မူပါလော့"[၂]

ဟု ပြောဆို နားချသည်။ ထိုအခါမှ နမပြောသည့်အတိုင်းလုပ်ကာ သီတာအားခိုးသည်။ သီတာခိုးခန်းတွင်ပင် မူရင်း၌ ဦးရီးတော်အား သမင်ယောင်ဆောင်ခိုင်းခြင်းနှင့် မဟာရာမဝတ္ထု၌ တြိဂမ္ဘီက သမင်ယောင်ဆောင်ပေးမည်ဟု ပြောခြင်းသာ ကွာခြားသည်။ သူတစ်ပါးမယားခိုးသော ဒသဂီရိ၏ အဓမ္မလုပ်ရပ်သည်မှု အတူတူပင်ဖြစ်သည်။ ထိုအချက်အရ ဒသဂီရိသည် သူတစ်ပါးမယားကို ပြစ်မှားဝံ့သော အဓမ္မဝါဒီစရိုက်ကို ပေါ်လွင်စေသည်။

သီတာဒေဝီအား မိမိဘက်ပါအောင် ပြောဆိုရာ၌ –

"အကျွန်ုပ်သည် အလွန်တရာ ချစ်ခင်စုံမက်လှသောကြောင့် စားသောက်မမြိန်၊ အိပ်စက်မပျော်ရှိပါသည်။"[၃]

---

[၁] ကိတ္တိမ၊ ၁၉၆၉ ၊ တွဲ–၃၊ ၈၇–၂၂၅။

[၂] မဟာရာမဝတ္ထု ၊ ၁၉၇၁ ၊ ၁၀၆–၁၀၇။

[၃] မဟာရာမဝတ္ထု ၊၁၉၇၁၊ ၁၃၁ ။

စသည်ဖြင့် ချော့မော့ပြောဆိုကာ မိမိဘက်ပါအောင်သိမ်းသွင်းသည်ကို စာရေးသူက ဖော်ပြထားသည်။ ထိုအချက်များအရ ဒသဂီရိ သည် အစဓမ္မအမှု ပြုကျင့်ရာ၌ မိမိဘက်သို့ပါအောင် အနုနည်းနှင့်လည်း ဆွဲဆောင်တတ်သော စရိုက်ရှိသူအဖြစ် ပေါ်လွင်စေသည်။ သီတာဒေဝီက ငြင်းဆန်သောအခါ–

> "ဟယ် ဘီလူးမအပေါင်းတို့ သင်တို့သည် အဘယ်ကြောင့် သီတာဒေဝီကို အရှင်ထားဘိကြသနည်း။ အိုးကင်းပူဝယ်ကြော်၍ စားဘိကြလော့၊ ခြေလက်ကို အပိုင်းပိုင်းဖြတ်၍ တံစို့ဖြင့် ထိုး၍ မီးဝယ်ကင်လျက် စားကြလော့"[၁]

စသည်ဖြင့် ဒေါသပေါက်ကွဲ ပြောဆိုဟန်ကို စာရေးသူက တင်ဆက်သည်။ ဒသဂီရိ သည် မူလက စရိုက်ကြမ်းသူပီပီ၊ သူလိုလား သလိုဖြစ်မလာသောအခါ ရိုင်းစိုင်း ကြမ်းတမ်းသော အပြောအဆို၊ ရက်စက်ကြမ်းကြုတ်သော အပြုအမူတို့ကို လုပ်ဆောင် တတ်သော သဘောရှိကြောင်း ဒသဂီရိ၏ ကြောက်စရာကောင်းသော စရိုက်သွင်ပြင်ကို ပုံဖော်ထားပေသည်။ လင်္ကာဒီပချစ်သူတွင်မူ စာဆို ချစ်ဦးညိုသည် ဒသဂီရိကို ပုံဖော် ရာတွင်

> "မိထိလာလေးတင်ပွဲကို လာခဲ့စဉ်ကတည်းက မင်းကို ချစ်မြတ် နိုးလို့"[၂]

> "ချစ်မြတ်နိုးမှုနဲ့မင်းကိုချည်နှောင်လို့မရတော့ဘူး၊ အကျဉ်းထောင် နဲ့သာလျှင် မင်းကိုချည်နှောင်ရတော့ မယ်"[၃]

စသည်ဖြင့် သီတာဒေဝီအပေါ်ထားရှိသည့်အချစ်ကို ပုံဖော်သည်။ ဒသဂီရိသည် သီတာ ၏ အချစ်ကိုရရန်နှင့် သီတာဒေဝီက သူ့အချစ်ကိုလက်ခံလာစေရန် နည်းအမျိုးမျိုးဖြင့် ကြိုးစားသည်။ သီတာဒေဝီအား ကြမ်းတမ်းစွာမပြောဘဲ ချုပ်နှောင်ခြင်းသာ ပြုသည်။ ဒသဂီရိ၏ အချစ်လွန်ကဲသူ၊ ချစ်ခြင်းမေတ္တာ ကြီးမားသူ တစ်ဦး၏ စရိုက်သွင်ပြင်ကို ပုံဖော်ထားသည်။ မဟာရာမ ဝတ္ထုက ဒသဂီရိ၏ အချစ်အတွက် စွန့်စားရာတွင် ကြောက်စရာစရိုက်သွင်ပြင်ကို ပုံဖော်သည်။ ချစ်ဦးညိုကလင်္ကာဒီပချစ်သူတွင် ဒသဂီရိ ၏ အချစ်အတွက်ကြိုးပမ်းမှုကို ချစ်ခြင်းမေတ္တာ ကြီးမားသူတစ်ဦးအသွင် ပုံဖော်သည် ဟု ဆိုချင်သည်။

---

[၁] ယင်း ၊ ယင်း၊ ၁၃၃ ။

[၂] ချစ်ဦးညို၊ ၂၀၀၂ ၊ ၂၀၉ ။

[၃] ချစ်ဦးညို ၊ ၂၀၀၂ ၊ ၂၁၁ ။

မူရင်းမြန်မာပြန် ရာမာယဏကျမ်းတွင်

> "ဒသဂီရိ ညီလာခံ၌ ရာမမင်းထံ သီတာအား ပြန်ပေးရန် ဘီဘီသန ပြောသဖြင့် ဒသဂီရိက ဘီဘီသနကို နှင်သည်။ ဘီဘီသနသည် ရာမမင်းထံ ဝင်ရောက်ခိုလှုံသည်။"[၁]

ဟု ပါရှိသည်။ မဟာရာမဝတ္ထုတွင်မူ ဒသဂီရိအား ဘီဘီသနက သီတာဒေဝီကို ရာမမင်းထံ ပြန်ဆက်ရန် ပြောသဖြင့်

> "မျိုးမတ်ပရိသတ်အလယ်၌ စီးသောခြေနင်းဖြင့် မျက်နှာကို ရိုက်ပြီးလျှင် ခြေဖြင့် ကန်ကျောက်သောကြောင့်"[၂]

ဟု ပြဆိုပြီး ဘီဘီသန အလွန်တရာရှက်၍ ရာမမင်းထံခိုဝင်မှုကို ဖော်ပြသည်။ ဤသို့ ဖော်ပြချက်အရ မဟာရာမဝတ္ထုတွင် ဒသဂီရိ၏ ရိုင်းစိုင်း ကြမ်းတမ်းမှု ပို၍ ပေါ်လွင်လာပြီး၊ မူရင်းထက်ပို၍ ဇာတ်ဆောင်၏အပြုအမူကို စက်ဆုပ် လာစေသည့် ဖန်တီး တင်ပြမှုဖြစ်သည်။

မူရင်းမြန်မာပြန် ရာမာယဏကျမ်း၌

> "ဒသဂီရိဘီလူးမင်း ကျဆုံးခန်းတွင် ရာမမင်း၏ ဒသဂီရိ သေဆုံးရသည့်အချက်သာ ဖော်ပြထားသည်။ ရာမမင်းအား ဒသဂီရိ ရှိခိုး တောင်းပန်ခန်း မပါ။ တိုက်ပွဲပြီး၍ ကျဆုံးသွားသည်အထိ မာန်မလျှော့ဘဲ တိုက်ခဲ့သည်။"[၃]

ဟုသာ ဖော်ပြပါရှိ သည်။ မဟာရာမဝတ္ထုတွင်မူ ရာမမင်းက အမုစန္ဒာလက်နက်ဖြင့် ဒသဂီရိကိုခွင်းရန် မြင်သောအခါ သေအံ့သောဘေးကို ကြောက်၍ ဒသဂီရိပြောဆိုပုံမှာ

> "အလောင်းဖြစ်သော ရာမမင်းမြတ်ကို တစ်ထောင်မျှလောက်သော အပြစ်ကို အကျွန်ုပ်ပြစ်မှားမိသည်ကို သည်းခံတော်မူပါလော့"[၄]

ဟု တောင်းပန်ရှိခိုးကာ၊ သူ့အား နိဗ္ဗာန်သို့ ဆောင်ယူရန် မှာကြားပုံ၊ ထို့နောက်မှ ရာမမင်း၏ လက်နက်ဖြင့် တိုက်ပွဲ၌ ကျဆုံးရပုံကို စာရေးသူက ရေးဖွဲ့ ထားသည်။

---

[၁] ကိတ္တိမ၊ ၁၉၇၂၊ တွဲ -၆ ၊ ၉၄-၁၀၄ ။

[၂] မဟာရာမဝတ္ထု ၊ ၁၉၇၁ ၊ ၁၅၃။

[၃] ကိတ္တိမ၊ ၁၉၇၂ ၊ တွဲ-၆ ၊ ၆၂၈ ၆၈၀ ။

[၄] မဟာရာမဝတ္ထု ၊ ၁၉၇၁ ၊ ၁၉၇ ။

ဒသဂီရိဘီလူး၏ အမှားကိုမြင်ပြီးနောင်တရပုံ၊ တောင်းပန်ပုံတို့ကို မူရင်းနှင့် မတူအောင် စာဆိုက တင်ပြထားနိုင်သည်။ လူဆိုးဇာတ်ဆောင်စရိုက်မှ လူကောင်းစရိုက်အသွင် သို့ ကူးပြောင်းမှုဟု ဆိုနိုင်သည်။ ဒသဂီရိသည် အဓမ္မဝါဒီသမားအဖြစ် ဇာတ်လမ်းတလျောက်လုံး တွင်သရုပ်ဆောင်ခဲ့ပြီးမှ ဓမ္မဝါဒီသမားရာမကို အရှုံးပေးတောင်းပန်ပုံသည် ဓမ္မသည် အဓမ္မကို အောင်မြင်နိုင်မှုကို ပုံဖော်ထားနိုင်သည်ဟု ဆိုရမည်။ အဓမ္မဝါဒီသမား ဒသဂီရိတို့၏ စရိုက်ဆိုး နိဂုံးကို စာရေးသူက အမှားကိုမြင်က ဝန်ချတောင်းပန်ခြင်းဖြင့် အပြစ်ကို ဆေးကြောရမည်ဟူသော မြင့်မြတ်သည့် မြန်မာ့စိတ်ဓါတ်ပေါ် အခြေခံ၍ မြန်မာဆန်ဆန် တင်ဆက်ထားသည်မှာ စာဖတ်သူ တို့၏ စိတ်ဘဝင်ကျစေသော စရိုက် ဖန်တီးချက်ဟု ဆိုရပေမည်။

ဤသို့လျှင် ဒသဂီရိဘီလူး၏ မကောင်းသော စရိုက်၊ အကျင့်အကြံ၊ အပြော အဆို များကို စက်ဆုပ်ဖွယ်၊ မနှစ်မြို့ဖွယ် တင်ပြထားနိုင်သည်ဟု ဆိုရပေမည်။

## ခြုံငုံသုံးသပ်ချက်

မဟာရာမဝတ္ထုသည် မြန်မာပရိသတ်များ စွဲမက်နှစ်သက်စေရအောင် အနုအကြမ်းစုံလင်စွာ ဖန်တီး တင်ပြထားသည်။ ဆွဲဆောင်မှု အားကောင်းပြီး၊ စိတ်ဝင်စားမှုပို၍ရှိလာစေရအောင် ဇာတ်ဆောင်စရိုက်အဖွဲ့ကို ပီပြင်စွာဖွဲ့ဆိုသည်။ ဇာတ်လမ်းဇာတ်အိမ်သည် မူရင်းမြန်မာပြန် ရာမာယဏကို အမှီပြုနိုင်သဖြင့် ပို၍ခိုင်မာလာပြီး ဇာတ်ဆောင်သရုပ် ပီပြင်လာစေသည်။ ရာမ ဇာတ်လမ်းတွင် ရာမမင်းသားကို ဓမ္မကိုယ်စားပြု ဇာတ်ဆောင်၊ စံပြုထိုက်သော သားလိမ္မာ၊ စံပြ ခင်ပွန်းကောင်းတစ်ဦး၊ စံပြနိုင်ငံခေါင်းဆောင်တစ်ဦး၊ သစ္စာရှိ၊ ကတိတည်ကြည်သော စရိုက်များဖြင့် ပုံဖော်ထားသည်။ ဒသဂီရိကို အဓမ္မကိုယ်စားပြုဇာတ်ဆောင်၊ သူတစ်ပါး သားမယားခိုးယူဝံ့သော ဗီလိန်တစ်ဦး၊ အရာရာကို အနိုင်ကျင့် ပြုမူတတ်သူတစ်ဦးအသွင် ပုံဖော်ထားသည်။ သီတာဒေဝီသည် ရာမနှင့် ဒသဂီရိတို့ ဇာတ်ဆောင်နှစ်ဦး ဖြစ်ပေါ်မှုအတွက် မရှိမဖြစ် ပါဝင်နေသော အဓိကဇာတ်ဆောင်၊ စံပြဇနီးကောင်း၊ သစ္စာကတိခိုင်မြဲသူ၊ ဓမ္မကို အားပေး၍ အဓမ္မကို ဆန့်ကျင်သူ၊ ယဉ်ကျေးသိမ်မွေ့သူ အဖြစ် ပါဝင်ရသူဖြစ်သည်။ မဟာရာမ ဝတ္ထုဆရာက ဤဇာတ်ဆောင် သုံးဦး ဖန်တီးထားချက်များကို လေ့လာရသောအခါ စာဖတ်ပရိသတ်အတွက် ဘဝအသိ၊ လောက အသိ တရားများ ရစေပြီး အားမာန်ဖြစ်စေသည်။ ထို့ကြောင့်လည်း မဟာရာမဝတ္ထုသည် ဇာတ်ဆောင်စရိုက် အဖွဲ့များကြောင့် ထင်ရှား ပေါ်လွင်ရခြင်းဖြစ်သည်။ မဟာရာမ ဝတ္ထုတွင် ရာမနှင့် သီတာတို့၏စရိုက်ကို အလေးပေး ရေးဖွဲ့ထားသည်။ ချစ်ဦးညို၏ လက်ာဒီပ

ချစ်သူတွင်မူ ဒသဂီရိ၏စရိုက်ကို အလေးပေးရေးဖွဲ့ပြီး ဒသဂီရိကို အချစ်သူရဲကောင်း အဖြစ် အမြင်သစ်ဖြင့် ရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။

## နိဂုံး

မဟာရာမဝတ္ထုလာ ဇာတ်လမ်းသဘောသည် မူရင်းမြန်မာပြန် ရာမာယဏကို အခြေခံ၍ ရေးသား ထားသည်။ သို့သော်လည်း မလိုအပ်သည့် ဇာတ်ကွက်များကို ဖြုတ်ချန်ခြင်း၊ အချို့နေရာများတွင် ဇာတ်ဆောင်၏ လှုပ်ရှားပြုမူ ပြောဆိုပုံများကို အဆာထည့်ခြင်း၊ အသစ်မွမ်းမံ ဖြည့်စွက်ခြင်း များဖြင့် မူရင်းဇာတ်၏ ကျောရိုးကို မထိခိုက်စေဘဲ ပုံဖော်သွားနိုင်သည်။ မြန်မာဆန်သည့် စိတ်ကူးဖြင့် ဖန်တီးချက် များသည် ရာမစာပေနှင့် မြန်မာစာပေ တိုးတက်ရေးအတွက် အကျိုးပြုနေပေသည်။ ထို့ပြင် မြန်မာ့အတွေး၊ မြန်မာ့ဟန်၊ မြန်မာ့ဉာဏ်ဖြင့် ရာမစာပေကို ဖော်ဆောင်ပေး သည်။ မြန်မာစာဖတ် ပရိသတ်အကြိုက် စာပေဖြစ်အောင်လည်း ပုံဖော်ထားနိုင် သည်။ မူရင်းမြန်မာပြန် ရာမာယဏကို အချိန်ယူ မဖတ်နိုင်သော စာဖတ်ပရိသတ်အတွက် တိုတိုနှင့်လိုရင်းဖြစ်သော ရာမစာပေ တစ်ပုဒ်အဖြစ် ဖန်တီးထားနိုင်သည်။ မြန်မာ့ ယဉ်ကျေးမှုနှင့်လည်း ညီညွတ်သော ရေးဖွဲ့တင်ပြမှုများလည်း ဖြစ်သည်။ မူရင်းစာဆို ၏ အာဘော်ကို မပျက်ယွင်းစေဘဲ ဓမ္မသည် အဓမ္မကို အနိုင်ယူနိုင်မှု၊ စစ်မှန်သော မေတ္တာတရား၏ ပေါင်းစည်းနိုင်မှု၊ သစ္စာကတိတည်ကြည်မှု၊ ကျေးဇူးသစ္စာစောင့်သိ တတ်မှုတို့ကို မြန်မာ့မှု၊ မြန်မာ့ဟန်ဖြင့် ရေးသားဖွဲ့ဆိုထားနိုင်သည်။ ရာမ၊ သီတာ ဇာတ်ဆောင်တို့၏ ယဉ်ကျေးသော အပြုအမူ၊ အပြောအဆို၊ ဥစ္စာကတိ တည်ကြည် သောလုပ်ရပ် တို့ကို အတုယူစေလိုသည်။ ဒသဂီရိကို ရာမ၊ သီတာတို့နှင့် အားပြိုင်ရ သော ဇာတ်ဆောင်အဖြစ် ဖန်တီးသည်။ ထိုသို့ မူရင်းမြန်မာပြန် ရာမာယဏ ဇာတ်လမ်းပါ ဇာတ်ဆောင်တို့ကိုပင် မဟာရာမ ဝတ္ထုက မြန်မာ့စရိုက်သွင်ပြင်များ ဖွဲ့ယှက်၍ မူရင်းနှင့်မတူသော ဖန်တီးချက်တို့ဖြင့် တင်ဆက်ထားနိုင်သော မြန်မာ ရာမဝတ္ထု တစ်စောင်ဖြစ်သည်ဟု ဆိုချင်ပါသည်။

# ကျမ်းကိုးစာရင်း


ကိတ္တိမ၊ အရှင်။ (၁၉၆၈)။ *ရာမာယဏကျမ်း။* ဗာလကဏ္ဍ။ ပထမအကြိမ်။ ရန်ကုန်။ ပြဟ္မာစာပုံနှိပ်တိုက်။

ကိတ္တိမ၊ အရှင်။ (၁၉၆၉)။ *ရာမာယဏကျမ်း။* အယောဓယာကဏ္ဍ။ ပထမအကြိမ်။ရန်ကုန်။ ပြဟ္မာစာပုံနှိပ်တိုက်။

ကိတ္တိမ၊ အရှင်။ (၁၉၇၀)။ *ရာမာယဏကျမ်း။* အရညကဏ္ဍ။ ပထမအကြိမ်။ရန်ကုန်။ ပြဟ္မာစာပုံနှိပ်တိုက်။

ကိတ္တိမ၊ အရှင်။ (၁၉၇၂)။ *ရာမာယဏကျမ်း။* ယုဒ္ဓကဏ္ဍ။ ပထမအကြိမ်။ရန်ကုန်။ ပြဟ္မာစာပုံနှိပ်တိုက်။

ခင်မင်၊ မောင်၊ဓနုဖြူ ။ (၂၀၀၀)။ “ရာမာယဏကို ခြေရာခံခြင်း”။ ကလျာမဂ္ဂဇင်း။ အမှတ် ၁၈၅။ ဇူလိုင်။

ခင်မင်၊ မောင်၊ဓနုဖြူ ။ (၂၀၀၆)။ ဇာတကပင်လယ်နှင့် ရာမာယဏကို ခြေရာခံခြင်း။ ရန်ကုန်။ ကံ့ကော်ဝတ်ရည်စာပေ။

ချစ်ဦးညို။ (၂၀၀၂)။ *လက်ဘဒီပချစ်သူ။*သတ္တမအကြိမ်။ရန်ကုန်။ သီဟရတနာစာပေ။

ဇော်ဂျီ။(၁၉၉၃)။ *စာပေါင်းချုပ်။* ပထမတွဲ။ ရန်ကုန်။ တင်ရွှေပုံနှိပ်တိုက်။

ဇော်ဂျီ။(၂၀၀၅)။ *ရာမဆောင်းပါးပေါင်းချုပ်။* ပထမအကြိမ်။ ရန်ကုန်။ ပုဂံပုံနှိပ်တိုက်။

မောင်မောင်ကြီး။(၁၉၆၉)။ “မြန်မာပြဇာတ်ရေစီးကြောင်း”။ တက္ကသိုလ်ပညာပဒေသာ စာစောင်။ အတွဲ– ၄။ အပိုင်း–၁။

မြန်မာအဘိဓါန်။ (၁၉၉၁)။ ပထမအကြိမ်။ ရန်ကုန်။ ပညာရေးဝန်ကြီးဌာန။

# မဟာရာမဝတ္ထုတွင်တွေ့ရသော ရာမ၊ သီတာ၊ ဒသဂီရိတို့၏ ဓာတ်ဆောင်စရိုက်အဖွဲ့များလေ့လာချက်

မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့

တစ်ဆယ့်ခုနစ်ကြိမ်မြောက်စာတမ်းဖတ်ပွဲအတွက် တင်သွင်းသည့်စာတမ်း

ဒေါက်တာ ခင်ညိုအောင်၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊
မိတ္ထီလာစီးပွားရေးတက္ကသိုလ်

**Ph.D (Myanmar) Yu**

# တွဲဖက်ပါမောက္ခ

## မြန်မာစာဌာန

## မိတ္ထီလာစီးပွားရေးတက္ကသိုလ်

၂၀၁၇ ခုနှစ် ၊ အောက်တိုဘာလ ( ၂၆ ) ရက်

*J. Myanmar. Acad. Arts Sci. 2018* **Vol. XVI. No. 6A**

# စာပေလောကဆောင်းပါးများမှ ဇော်ဂျီ၏စာပေအမြင်

သစ်သစ်လွင် *


## စာတမ်းအကျဉ်း

ဤစာတမ်းသည် စာပေလောကဆောင်းပါးစာအုပ်မှ ဇော်ဂျီ၏ စာပေအမြင်ကို ဖော်ထုတ်လိုသော ရည်ရွယ်ချက်ဖြင့် လေ့လာစိစစ် တင်ပြထားသည့် စာတမ်းဖြစ်ပါသည်။ လေ့လာ ရာတွင် ဆရာဇော်ဂျီသည် သူတွေးမြင်သုံးသပ်မိသည့် စာပေအမြင်တို့ကို စာဖတ်သူ တို့လည်း စာတစ်ပုဒ်ကို ဝေဖန်သုံးသပ်တတ်လာနိုင်စေရန် ဘာသာစာပေ ရှုထောင့်မှ ရှုမြင် တင်ပြထားပုံတို့ကို လေ့လာစိစစ်ပြထားပါသည်။


**သော့ချက်ဝေါဟာရများ** – စာပေအမြင်၊ စိတ်ကူး၊ ဆောင်းပါး၊ ဝေဖန်၊ သဘောတရား

## နိဒါန်း

ဤသုတေသနစာတမ်းသည် ဆရာဇော်ဂျီ၏ စာပေအမြင်ကို လေ့လာစိစစ်တင်ပြထားသော သုတေသနစာတမ်းဖြစ်သည်။ ရှေးမြန်မာစာဆိုတို့၏ စေတနာနှင့် ခေတ်အခြေအနေတို့ကို ဆက်စပ် တွေးမြင် သုံးသပ်ထားသည့် ဆရာဇော်ဂျီ၏ စာပေအမြင်တို့ကို သုံးသပ် တင်ပြထား ပါသည်။

## ၁။ စာရေးသူ၏ဘဝနှင့်စာပေအကျဉ်း[၁]

ဇော်ဂျီ၏ ဇာတိမှာ ဖျာပုံမြို့ ဖြစ်သည်။ ၁၉၀၇ခုနှစ် ဧပြီလ ၁၂ ရက် သောကြာနေ့တွင် ဦးယောနှင့် ဒေါ်စိန်ညွှန့်တို့မှ ဖွားမြင်သည်။ အမည်ရင်းမှာ ဦးသိန်းဟန် ဖြစ်သည်။ ဖျာပုံမြို့၌ ဘုန်းတော်ကြီးကျောင်း၊ မြန်မာကျောင်း၊ အင်္ဂလိပ်–မြန်မာ အစိုးရ အထက်တန်းကျောင်း၊ အမျိုးသား အထက်တန်းကျောင်းတို့တွင် ပညာဆည်းပူးပြီးနောက် ရန်ကုန်မြို့ မြို့မအမျိုးသားအထက်တန်းကျောင်းတွင် ၁၉၂၄ခုနှစ်၌ ဆယ်တန်းအောင်မြင်သည်။

၁၉၂၄–၂၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ စတင်ပညာသင်ယူသည်။ ၁၉၂၉ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရသည်။ ၁၉၃၆ ခုနှစ်တွင် အင်္ဂလိပ်စာနှင့် မြန်မာစာဘာသာရပ် နှစ်ခု

---

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ ရန်ကုန်အဝေးသင်တက္ကသိုလ်

[၁] ဇော်ဂျီ၊ ၂၀၀၂၊ ၃၉၅–၃၉၇။

လုံးတွင် မဟာဝိဇ္ဇာဘွဲ့ရသည်။ ၁၉၃၈ခုနှစ်တွင် အင်္ဂလန်နိုင်ငံ လန်ဒန်တက္ကသိုလ်နှင့် ဒဗ္ဗလင်တက္ကသိုလ်၌ စာကြည့်တိုက်ပညာကို ဒီပလိုမာဘွဲ့ရသည်။

မြို့မအမျိုးသား အထက်တန်းကျောင်းတွင် အထက်တန်းပြဆရာ၊ ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးဥပစာကောလိပ် တို့၌ မြန်မာစာ နည်းပြဆရာ၊ ရန်ကုန်တက္ကသိုလ်ကျောင်းစာကြည့်တိုက်၌ ပိဋကတ်တိုက်မှူး၊ ဂျပန်ခေတ်၌ ပညာရေးဌာနတွင် စာပေနှင့်စာကြည့်တိုက်ဌာနခွဲ ဒုတိယ ညွှန်ကြားရေးဝန်၊ တိုင်းပြုပြည်ပြုလွှတ်တော်ရုံးနှင့် ရွေးကောက်ပွဲကော်မရှင်ရုံးတို့တွင် အထူး အရာရှိ၊ စစ်ပြီးချိန်တွင် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှူး၊ ကျောင်းသုံးစာအုပ် ထုတ်လုပ်ရေး ညွှန်ကြားရေးဝန်၊ ဥပဒေဘာသာပြန်ကော်မတီ၊ အမျိုးသားစာကြည့်တိုက်နှင့် ပြတိုက်ကော်မတီ၊ မြန်မာနိုင်ငံသုတေသနအသင်း၊ စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့တို့တွင် အဖွဲ့ဝင်လူကြီး၊ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် ဂုဏ်ထူးဆောင်ပါမောက္ခအဖြစ် ဆောင်ရွက်ခဲ့သည်။

ဆရာဇော်ဂျီအား နိုင်ငံတော်က ဝဏ္ဏကျော်ထင်ဘွဲ့နှင့် သီရိပျံချီဘွဲ့များကို ချီးမြှင့်ခဲ့သည်။ အငြိမ်းစားယူပြီးနောက် ပညာရေးအရာရှိ(၁)၊ မြန်မာနိုင်ငံ သမိုင်းကော်မရှင်ဥက္ကဋ္ဌ၊ အကြံပေးပုဂ္ဂိုလ်၊ မြန်မာစာပေပြုစုရေးနှင့် ဘာသာပြန်အဖွဲ့တွင် သဘာပတိအဖြစ်လည်း တာဝန် ယူသည်။ ရန်ကုန်တက္ကသိုလ်တွင် စာကြည့်တိုက် ဒီပလိုမာသင်တန်း ဖွင့်လှစ်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့သည်။ အမျိုးသားစာပေဆု ရွေးချယ်ရေး အဖွဲ့ဝင်အဖြစ်လည်း ဆောင်ရွက်သည်။

၁၉၂၄ ခုနှစ်တွင် မြို့မအမျိုးသား အထက်တန်းကျောင်း၌ ပညာသင်နေစဉ် ဆာဂျေအေမောင်ကြီး၏ သစ္စာဝါဒီသတင်းစာက ကြီးမှူးကျင်းပသော ကဗျာ ဘာသာပြန်ပြိုင်ပွဲ၌ Henry Wotten\The Character of Life ကဗျာကို 'စိတ္တသုခလင်္ကာ' ခေါင်းစဉ်ဖြင့် မြန်မာပြန်ဆို ယှဉ်ပြိုင်ရာ ပထမဆုအဖြစ် ရွှေဒင်္ဂါးငါးပြား ဆုရခဲ့သည်။ ၁၉၂၈ခုနှစ်တွင် ဟံသာကြေးမုံ လက်ရေးစာစောင်တွင် ပထမဆုံးကဗျာ 'ပိတောက်ပန်း'ကို ရေးဖွဲ့သည်။ ကာလပေါ်ဝတ္ထု (နော်ဗယ်) သဘောတရားများကိုလည်း ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် ပို့ချသည်။ ပညာလောက စာစောင်တွင် ရသစာပေသဘော၊ စာပေဝေဖန်ရေး၊ ပန်းချီပညာ၊ သဘင်ပညာ ဆိုင်ရာ ဆောင်းပါးများ၊ သုတေသနစာတမ်းများ ရေးသားခဲ့သည်။ ဘာသာပြန်ပြဇာတ်၊ ဘာသာပြန်ဝတ္ထု၊ ပုံပြင်များ၊ ကဗျာများကိုရေးခဲ့သည်။

ဆရာဇော်ဂျီသည် ၁၉၅၅ ခုနှစ်တွင် 'သခင်ကိုယ်တော်မှိုင်းဋီကာ' ဖြင့် စာပေဗိမာန်ဆု (စာပဒေသာဆု)၊ ၁၉၇၉ခုနှစ်တွင် 'နင်လားဟဲ့ချစ်ဒုက္ခနှင့် အခြားဝတ္ထုတို

များဖြင့် အမျိုးသား စာပေဆု(ဘာသာပြန်ရသစာပေဆု)၊ ၁၉၈၇ခုနှစ်တွင် 'ရှေးခေတ်ပုဂံကဗျာများနှင့်အခြားကဗျာများ' စာအုပ်ဖြင့် အမျိုးသားစာပေဆု (ကဗျာပေါင်းချုပ်) တို့ကို ရရှိခဲ့သည်။

ဆရာဇော်ဂျီသည် ၁၉၉၀ပြည့်နှစ် စက်တင်ဘာလ ၂၆ရက် တွင် ကွယ်လွန် အနိစ္စရောက် သည်။

## ၂။ စာပေသမိုင်း၊ စာပေသဘောတရား၊ စာပေဝေဖန်ရေး

စာပေပညာရှင်တို့သည် အနုပညာလက်ရာများကို အကဲဖြတ်ရာတွင် နှုန်းစံများနှင့် အကဲဖြတ်လေ့ရှိသည်။ အမှား၊ အမှန်၊ အကောင်း၊ အဆိုးတို့ကို အထောက်အထားခိုင်လုံစွာဖြင့် အကျိုးသင့် အကြောင်းသင့် ထောက်ပြသည်။ စာရေးသူတို့သည် မိမိဖတ်ရှု လေ့လာသည့် စာတစ်ပုဒ်(သို့မဟုတ်) အကြောင်းအချက်အလက်တို့မှ တွေးမြင်သုံးသပ်မိသည့် ခေတ်အခြေအနေ၊ စာရေးသူ၏ စိတ်သဘောထားနှင့် တင်ပြပုံတို့ကို အကဲဖြတ်လေ့ရှိကြသည်။

**စာပေသမိုင်း**ဟူသည် စာပေအနုပညာလက်ရာများ ဖြစ်ပေါ်တိုးတက်မှုအစဉ်ကို ဆိုခြင်း ဖြစ်ပြီး **စာပေသဘောတရား**ဟူသည် စာပေစည်းမျဉ်းများ၊ ဝိဘာဂများ၊ နှုန်းစံများစသည်တို့ကို ဖော်ဆောင်ခြင်းဖြစ်သည်။ **စာပေဝေဖန်ရေး**ဟူသည် စာပေအစီအကုံး၊ အဖွဲ့အနွဲ့တစ်ခုကို ကောင်းမကောင်း၊ အနှစ်သာရရှိမရှိ၊ စိတ်နှလုံး ထိခိုက်မှုရှိမရှိ၊ ချီးမွမ်းထောမနာ ပြုသင့် မပြုသင့်စသည်တို့ကို ယေဘုယျပြုထားသော စည်းမျဉ်းဥပဒေများချ၍ အကဲဖြတ်ခြင်းဖြစ်သည်။[၁]

စာပေသဘောတရား၊ စာပေဝေဖန်ရေးနှင့်ပတ်သက်၍ ပညာရှင်အသီးသီးတို့က အမျိုးမျိုး ဖွင့်ဆိုခဲ့ကြသည်။

စာပေဝေဖန်ရေးနှင့်ပတ်သက်၍ ဒဂုန်တာရာက

> "စာပေ၊ အနုပညာတစ်ခုခုကို ဝေဖန်မည်ရှိသောအခါ ပထမဆုံး မိမိနှစ်သက်ရာကို ရွေးချယ်လိုက်သည်။ ခံစားမှုကို အခြေခံလိုက်ခြင်း ဖြစ်သည်ဟု ဆိုရပေမည်။ စာပေ၊ အနုပညာဆိုသည်မှာ ခံစားမှု ပညာရပ် ဖြစ်ပေရာ ခံစားမှုကို အခြေမခံ၍ မဖြစ်ပေ။"[၂]

---

[၁] တင်ရွှေ၊ ဦး(ပါမောက္ခ-)၊ ၂၀၀၂၊ ၁၀၃-၁၀၄။

[၂] ဒဂုန်တာရာ၊ ၁၉၈၆၊ ၆၀။

ဟူ၍ စာပေအနုပညာ ဝေဖန်ရာ၌ ခံစားမှု၏ အရေးပါပုံကို ဖော်ပြထားခြင်းဖြစ်သည်။

တက္ကသိုလ်ဘုန်းနိုင်က

> "ပလေတိုးကြီး၏ သဘောတရားတွေကို စေ့စေ့စပ်စပ် သေသေချာချာ ဖတ်မိ သောအခါကျမှ စာပေသည် လောကကို တူအောင် တုထား သည်ဆိုသည့် အဓိပ္ပာယ်အောက်ပင် နှိမ့်ချ၍ ပလေတိုးကြီးက ပြောနေ မှန်း သိလာသည်"[၁]

ဟူ၍ စာပေအကြောင်းအရာတို့၏ သဘောတရားတို့ကို စိစစ်ပါက ဒိဋ္ဌဓမ္မလူ့လောကရှိ အကြောင်းတို့ကိုပင် ဖန်တီးတင်ပြထားသည်ဟု ဖော်ပြထားခြင်းဖြစ်သည်။

ထီလာစစ်သူက

> "မြန်မာကဗျာတွင် မြန်မာအလှ၊ မြန်မာဘာဝအမြင်၊ မြန်မာအတွေး အခေါ်တို့ ရှိပြီးဖြစ်ပါသည်။ ဖော်ထုတ်ရန်သာ လိုပါသည်။ ဖော်ထုတ် ပေးသူကား အခြားပုဂ္ဂိုလ် မဟုတ်ပါ။ စာပေဝေဖန် အကဲဖြတ်သူများ ပင် ဖြစ်သည်။ ဝေဖန် အကဲဖြတ် သူက စာကောင်းပေကောင်းများနှင့် စာညံ့ပေညံ့များကို ခွဲထုတ်နိုင်စွမ်း ရှိပါသည်။"[၂]

ဟူ၍ စာပေဝေဖန်ရေးဆရာတို့၏ ဝေဖန်အကဲဖြတ်မှုကို ဖော်ပြခြင်းဖြစ်သည်။

ဇော်ဇော်အောင်က

> "တန်ဖိုးဖြတ်သူသည် အနုပညာပစ္စည်းတစ်ခု ဆောင်ရွက်မှုတစ်ခု နှင့် တွေ့ကြုံသောအခါ ခံစားရုံမျှမက ထိုအကြောင်းကို ပြောဆိုလာသည်။ အကြောင်းအကျိုး ဆက်စပ်၍ အကောင်း အဆိုး/အညံ့ ခွဲခြားပြလာသည်။ သူဘာ့ကြောင့် ကြိုက်သည်။ နှစ်သက်ကြည်နူးမှုရသည်။ မည်သို့မည်ပုံ ရသည်တို့ကိုပါ ပြောဆိုလာသည်။ ထိုသို့ ပြောသော တာဝန်ကို သူ့လုပ်ငန်း သဘာဝအရ သူယူရသည်။ သူ့လုပ်ငန်း သဘာဝအရ နှစ်သက်ကြည်နူးမှု ရရုံနှင့်စခန်းမဆုံး။ နှစ်သက် ကြည်နူးခြင်းတည်းဟူသော အနုပညာ တန်ဖိုးပါဖြစ်၍ ပေးသည်။ အဘယ့်ကြောင့်ဆိုသော်

[၁] ဘုန်းနိုင်၊ ၁၉၉၄၊ ၁၉၅။
[၂] ထီလာစစ်သူ၊ ၁၉၈၆၊ ၂၈၉။

> သူသည် ခံစားရုံ သက်သက်မျှမက တန်ဖိုးဖြတ်သော အလုပ်ကိုပါ လုပ်သည်။ တန်ဖိုးဖြတ်သူ ဖြစ်သောကြောင့်ပင်။ တန်ဖိုးဖြတ်သူများသည် ပညာရှင်များ၊ ဒဿန ဆရာများ၊ ဝေဖန်ရေး ဆရာများ ဖြစ်ပါသည်။"[၁]

ဟူ၍ စာပေဝေဖန်ရေးဆရာတို့သည် အနုပညာတန်ဖိုးဖြတ် ပေးသူများဖြစ်ကြောင်း ဖော်ပြထား သည်။

ထို့ပြင်

> "သဘောတရားကို တရားကိုယ်သဘောဟုလည်း သုံးနိုင်သည်။ စာပေအနုပညာ ပစ္စည်း၏ အကြောင်းခြင်းရာ လက္ခဏာများကို လေ့လာသုံးသပ်၍ ယေဘုယျ လွှမ်းခြုံနိုင်သော သဘောတစ်ခု၊ တရားတစ်ခု၊ အဆိုတစ်ခုကို သတ်မှတ် ဖော်ထုတ်ခြင်း၊ မှန်ကန်သည်ဟု ယူဆနိုင်သော ဥပဒေတစ်ခုကို သတ်မှတ်ဖော်ထုတ်ခြင်းဟု ဆိုနိုင်သည်"[၂]

ဟူ၍ စာပေသဘောတရား ပညာရှင်တို့၏ စာပေအနုပညာပစ္စည်း၏ အကြောင်းခြင်းရာတို့ကို လေ့လာ သုံးသပ်၍ အဆိုတစ်ခုကို ဖော်ထုတ် တင်ပြ ပေးထားခြင်း ဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့ပြင်

> "သဘောတရားတို့သည် ကဗျာ၊ ဝတ္ထုစသော အနုပညာပစ္စည်း၏ အတွင်း/ စာသားမှ ရသော သဘောတရားများ ဖြစ်ပါသည်။ INTERNAL TEXTUAL သဘောတရားများဟု ခေါ်သင့်ပါသည်။ အနုပညာပစ္စည်းအတွင်းမှ မဟုတ်၊ စာသားမှ မဟုတ်သော သဘောတရားများ ရှိနိုင်သည်။ သဘောတရားဟု ခေါ်သင့်သည်။ --- စာပေသဘော တရား၏ အချုပ်ကို INTERNAL TEXTUAL အတွင်းမှလာသော သဘောတရားနှင့် အပြင်မှလာသော (ဝါ) အပြင်မှာရှိသော CONTEXTUAL သဘောတရားဟူ၍ နှစ်မျိုးပြခဲ့သည်။"[၃]

---

[၁] ဇော်ဇော်အောင်၊ ၂၀၀၆၊ ၁၅။
[၂] ဇော်ဇော်အောင်၊ ၂၀၀၆၊ ၃၀ ။
[၃] -ယင်း-။

ဟူ၍ ကဗျာ၊ ဝတ္ထုစသော အနုပညာပစ္စည်း၏ အတွင်းစာသားကို လေ့လာသော အတွင်းမှလာသော သဘောတရားနှင့် စာရေးသူနှင့် သူ၏စာပေတို့ကို ဆက်စပ် လေ့လာခြင်းဖြစ်သည့် အပြင်မှလာသော သဘောတရားတို့ကို ဖော်ပြထားခြင်း ဖြစ်သည်။

မောင်ခင်မင်(ဓနုဖြူ)က

> "...စကားပြေအဖွဲ့တစ်ခုဟူ၍ ပုံပေါ်လာခြင်းသည် စကားပြေ ဆရာ၏ စေတနာ၊ စကားပြေဆရာ၏ ရည်ရွယ်ချက်တို့ကို ပံ့ကိုင်ပေးသည့် အတိုင်း ပေါ်လာရခြင်း ဖြစ်ပါသည်။ ထိုသို့ ပုံပေါ်လာအောင် အားထုတ်ရေးသားစဉ် သူတတ်ကျွမ်းပြီးသော အတတ်ပညာ နည်းနာများက သူ့စာထဲတွင် တပါတည်း အံဝင် လာခြင်း ဖြစ်သည်ဟု ခံယူပါသည်။ စကားပြေဆရာကျွမ်းကျင်မှု ရှိလေလေ၊ အတတ်ပညာ နည်းနာများ အံကျဝင်လေလေ ဖြစ်သည်ဟု သဘောရပါသည်။"[၁]

ထို့ပြင်

> "စကားပြေသဘောနှင့် အတတ်ပညာနည်းနာများကို ကြိုတင် ဂရုပြုမိ ထားလျှင် စကားပြေလေ့လာရာ၌ လည်းကောင်း၊ စကားပြေ ရေးသား ရာ၌ လည်းကောင်း များစွာ အထောက်အကူ ဖြစ်နိုင်ပါသည်။ စကားပြေအဖွဲ့တစ်ခု၏ အရည်အသွေးကို အကဲ ဖြတ်ရာတွင် စကားပြေ သဘော၊ စကားပြေအတတ်ပညာ နည်းနာတို့ဖြင့် ချိန်ထိုးပြီး အကဲဖြတ်ရပါလိမ့်မည်။ စကားပြေ ရေးသားရာတွင်လည်း ယင်းတို့ ကို ဂရုပြုမိထားခြင်းဖြင့် စကားပြေကောင်း ဖြစ်အောင် အားပြု ထောက်ကူ ပေးနိုင်ပါ လိမ့်မည်။"[၂]

ဟူ၍ စကားပြေသဘောနှင့် စကားပြေကောင်း၏ အခြေခံလက္ခဏာများကို မည်သို့ အကဲဖြတ် ရမည်ကို ဖော်ပြထားသည်။

---

[၁] ခင်မင်၊ **မောင်**(ဓနုဖြူ)၊ ၂၀၀၉၊ ၂၈၆ ။

[၂]ခင်မင်၊ **မောင်**(ဓနုဖြူ)၊ ၂၀၀၉၊ ၂၈၆ ။

စာပေလေ့လာမှုအစဉ်တွင် စာပေသမိုင်း၊ စာပေသဘောတရားနှင့် စာပေဝေဖန်ရေးဟူသည့် ကဏ္ဍ ၃ရပ် ရှိသည်။ ထိုကဏ္ဍ၃ရပ်သည် တစ်ခုနှင့်တစ်ခု ဆက်နွှယ်နေပေသည်။

## ၃။ စာပေလောကဆောင်းပါးများမှ ဇော်ဂျီ၏စာပေသဘောတရားအမြင်

စာပေလောကဆောင်းပါးများစာအုပ်တွင် ဆရာဇော်ဂျီနှင့် ဆရာမင်းသုဝဏ်တို့ ရေးသားထားသည့် ရှေးခေတ်မြန်မာစာဆိုတို့၏ စာပေများမှ ခေတ်စနစ်အခြေအနေ၊ စာဆို့စေတနာ၊ စာဆို့ဉာဏ်နှင့် စာဆို့ခံစားမှုတို့ကို သုံးသပ် တင်ပြထားသည့် ဆောင်းပါး (၂၁)ပုဒ် ပါရှိသည်။ ထိုဆောင်းပါးများ ထဲမှ ဆရာဇော်ဂျီ၏ ဆောင်းပါး (၁၀)ပုဒ် ဖြစ်သည့် မြစေတီကျောက်စာ၊ တောရကျောင်းပျော် ရှင်ဥတ္တမကျော်၊ ရခိုင်စာဆိုတော်ဦးကာဗျာန်၊ မွန်ဝန်ကြီးနှင့် မြန်မာစကားပြေ၊ နတ်ရှင်နောင်နှင့် ကူလီသဘင်၊ အရေးတော်ပုံစာဆို၊ မန္တလေးခေတ်တေးကဗျာများ၊ ဦးလတ်နှင့်ရွှေပြည်စိုး ဝတ္ထု၊ ဇာတိမာန်စာဆို ဦးလွန်း၊ ထားဝယ်တေးဟောင်းများအပေါ် ဆရာဇော်ဂျီ၏ စာပေအမြင်တို့ကို သုံးသပ် တင်ပြပါမည်။

ဆရာဇော်ဂျီသည် စာပေဝေဖန်ရေးပညာရှင်၊ သဘောတရားဆိုင်ရာပညာရှင်ဟု သတ်မှတ် ခံရသည့်အပြင် မြန်မာ့ရသအမြင်ကို ဖော်ထုတ်ခဲ့သည့် စာပေအနုပညာရှင်လည်း ဖြစ်သည်။ စာပေလောကဆောင်းပါးများတွင် ဆရာဇော်ဂျီ၏ စာပေသဘောတရားယူဆချက်နှင့် တင်ပြဟန် တို့ကို တွေ့ရှိရသည်။

### ၃၊ ၁။ မြစေတီကျောက်စာ

ဆရာဇော်ဂျီသည် ပုဂံခေတ်ကျောက်စာတစ်ချပ်ဖြစ်သည့် မြစေတီကျောက်စာကို သုံးသပ်ပြရာတွင် ရှေးဦးစွာ ပုဂံပြည်၏ ကြီးကျယ်ခမ်းနားမှုကို ရှေးစကား အစဉ်အလာဖြင့် လည်းကောင်း၊ မျက်မြင် ကိုယ်တွေ့ဖြင့်လည်းကောင်း ဖော်ပြသည်။ ပုဂံပြည်၏ ကြီးကျယ်မှုကို သက်သေခံနေသည့် မြန်မာမှုအနုပညာ လက်ရာတို့ဖြင့် မွမ်းထုံနေသည့် စေတီဂူဘုရားများကို တင်ပြသည်။ ထိုမှတစ်ဆင့် ထိုစေတီဂူဘုရားများတွင် ရေးထိုး မှတ်တမ်းတင်ထားသည့် ကျောက်စာများ၊ ထို ကျောက်စာများထဲမှ မြစေတီကျောက်စာအကြောင်းကို ဖော်ပြသည်။ ဖော်ပြရာ၌ ရာဇကုမာရ် မိသားစုတို့၏ နောက်ခံသမိုင်းကြောင်းနှင့် အလှူမှတ်တမ်း ကျောက်စာရေးထိုးပုံတို့ကို စာဖတ်သူ စိတ်ဝင်စားဖွယ်ဖြစ်အောင် ဖော်ပြသည်။ ကျောက်စာ အကိုးအကားဖြင့် ဖော်ပြရာ၌ စာရေးသူက ကျန်စစ်သားမင်းကြီးနှင့် သားတော်ရာဇကုမာရ်တို့၏ အဖြစ်အပျက်နှင့် ခံစားမှုများကို မြင်ယောင် ခံစားပြသည်။ မေးခွန်းထုတ်ပြသည့်ဟန်ဖြင့် စာဖတ်သူကို

ဆွဲဆောင်သည်။ မြစေတီ ကျောက်စာ တွင် တွေ့ရသည့် ပုဂံခေတ် စကားအသုံးအနှုန်းတို့၏ အနက်သဘော၊ ပုဂံခေတ်သုံးနှင့် နှောင်းခေတ်သုံး၊ စကားခွန်းတို့ကို ချုံ့ထားသည့်သဘောနှင့် 'မ' အစား 'အ'ကို သုံးသည့် ထိုခေတ်ရေးနည်းသဘောတို့ကိုလည်း မြင်ပြ၊ တွေးပြ၊ သုံးသပ်ပြထားသည်။ စာပေရှုထောင့်မှ သာမက ဘာသာရှုထောင့်ကပါ သုံးသပ်ပြသည်။

စာရေးသူသည် မြစေတီကျောက်စာအပေါ် ဘာသာအမြင် စာပေအမြင်မှ အကဲဖြတ်ထား သည်။ စာပေရှုထောင့်ကို တင်ပြရာ၌ အတွင်းဝေဖန်ရေးသဘောထက် အဆက်အစပ် ဝေဖန်ရေးကို အလေးပေး သုံးသပ်ထားသည်။ ဘာသာရှုထောင့်မှ တင်ပြရာတွင် ပုဂံခေတ်သုံးဝေါဟာရများ အပေါ် စိတ်ဝင်စားလာစေရန်နှင့် ဗဟုသုတ သိမှတ်ဖွယ်အဖြစ် ရှင်းလင်းတင်ပြထားသည်။

စာရေးသူသည် အချက်အလက်များကို ရှင်းလင်းတင်ပြရာ၌ တိကျမှု၊ ခိုင်မာမှု ရှိစေရန် စာတွေ့ကိုယ်တွေ့ အကိုးကားများနှင့် ဖော်ပြသည်။ ကျောက်စာရေးထိုးသူ ရာဇကုမာရ်ရှုထောင့် ဘက်မှ ခံစားမှု၊ ကျန်စစ်သားမင်း၏ ကြည်နူးပီတိဖြစ်မှုနှင့် မြစေတီကျောက်စာ၏တန်ဖိုးတို့ကို လေ့လာတင်ပြထားသည်။ အရေးအသားပိုင်းထက် အကြောင်းအရာပိုင်းကို အလေးပေး သုံးသပ် ထားသည်။ ပုဂံခေတ်၏ ဘာသာစာပေ ယဉ်ကျေးမှုလက်ရာများနှင့် ဆက်စပ်သိုင်းဝိုင်း၍ စာရေးသူ၏အမြင်ကို ဆွေးနွေး တင်ပြထားသည်။ သုံးသပ်သည့်သဘောထက် အတိတ်ခေတ် ပုဂံပြည်၏ ကြီးကျယ် ခမ်းနားမှု၊ ဘာသာစာပေယဉ်ကျေးမှုတို့ ထွန်းကားမှု၊ ပုဂံသားးတို့၏ မေတ္တာစိတ်၊ သဒ္ဓါစိတ်များကို သိစေလိုသည့် စေတနာအလေးကဲသည့် တင်ပြဟန်ဖြစ်သည်။ စာရေးသူ၏ ခံစားမှုနှင့် အမြင်ဘက်သို့ အလေးကဲသော တင်ပြဟန်ဟု ထင်မြင်မိပါသည်။

## ၃၊၂။ တောရကျောင်းပျော်ရှင်ဥတ္တမကျော်

တောရကျောင်းပျော် ရှင်ဥတ္တမကျော် ဆောင်းပါးတွင် အင်းဝရွှေပြည်ကို နောက်ခံပြု၍ ရွှေနန်းကြော့ရှင်ဘုရင်နှင့် ဆရာတော်ရှင်ဥတ္တမကျော်တို့ အပြန်အလှန် ပြောစကားဖြင့် ဆောင်းပါးကို စထားသည်။ ရေ၊ မြေ၊ ကောင်းကင်၊ တောတောင်၊ အရောင်အဆင်း စသည်တို့ကို အာရုံဝင်စားသည့်၊ ချစ်ခင်နှစ်သက်သည့်၊ တောဝန်းကျင်တွင် ပျော်သည့်၊ တောအသံကိုခံစားသည့် ရှင်ဥတ္တမကျော်၏ အကြောင်းကို ဆရာတော်၏ ကဗျာကိုးစာကိုးတို့ဖြင့် ထင်ဟပ်ပြကာ သုံးသပ် တင်ပြထားပါသည်။

ရှင်ဥတ္တမကျော်သည် တောရကျောင်းတွင် သီတင်းသုံး၍ တရားအားထုတ်ခြင်း၊ ကျမ်းစီရင် ခြင်း၊ ကဗျာဆိုခြင်းအမှုတို့ဖြင့် တောမှာပျော်သည့်စာဆိုဖြစ်ကြောင်း

စာဆို၏စာပေများကို ကိုးကား၍ တွေးပြသည်။ စာဆို့စာပေမှ တွေ့ရှိရသည့် စာဆို့စိတ်၊ စာဆို့ခံစားမှုတို့ကို မှန်းဆ မြင်ယောင်လာပြီး စာဖတ်သူ၌ ရသခံစားမှု ဖြစ်ပေါ်လာအောင် ဆွေးနွေးတင်ပြထားသည်။ "ဆရာတော်သည် တစ်ခါတစ်ရံ ပေါင်းလောင်းမြစ်ကမ်းသို့လည်းကောင်း၊ ကမ်းခြေနှင့် ရေတို့ကို လည်းကောင်း၊ မြူခိုးဝေသော တောခြေကိုလည်းကောင်း၊ လှမ်းမျှော်မိရာသည်။ သဲသောင်စပ်တွင် အစာရှာရင်း တွန်မြည်တတ်သော ရေကျေးရေငှက်တို့၏ အသံကိုလည်း ကြားမိရာသည်။ ဆရာတော်သည် စိတ်မဆည်နိုင်အောင် ဖြစ်မိသောကြောင့်လေလားမသိ – သဲခင်းသာဝယ်၊ သီတာ ကြည်လဲ့၊ ငှက်သံနွဲ့နှင့်၊ လွမ်းဘွဲ့မြိုင်ခြေ၊ မြူခိုးဝေခဲ့"[၁] ဟူ၍ ရေးဖွဲ့ခဲ့ကြောင်း တင်ပြထားသည်။ စာဆို၊ စာဆို့ဝန်းကျင်နှင့် စာပေအနုပညာ ဖြစ်ထွန်းလာပုံကို ဆက်စပ် တင်ပြထားသည်။

တောတောင်ရေမြေပတ်ဝန်းကျင်ကို အာရုံဝင်စားသည့် သဘာဝစာဆိုကြီး၏ ခံစားမှုမှ တစ်ဆင့် ခံစားမှုထင်ဟပ်သော စာပေများ ဖွဲ့ဆိုပုံ ဖြစ်စဉ်ကို ဆက်စပ် တင်ပြထားသည်။ "မင်းဆရာတစ်ဆူ **မလုပ်လို**။ ကျောင်းတိုက် အခြံအရံဖြင့် သီတင်း **မသုံးလို**။ စည်သံ၊ ခေါင်းလောင်းသံ၊ အဲသီချင်းသံတို့ကို **မကြားလို**။ ထိုအရံ၊ ထိုအသံတို့မှ လွတ်ရာကျွတ်ရာဖြစ်သော တောအရပ်တွင် အထီးကျန်တရား အားထုတ်လိုသော တောရကျောင်းပျော်ပုဂ္ဂိုလ် ဖြစ်သည်"[၂] ဟု ဖော်ပြကာ စာဆို၏စိတ်နှင့် စာဆို၏စာကို တွေးမြင်သုံးသပ်ထားသည်။ စာရေးသူသည် စာဆို၏ တောလားကဗျာကို ဖတ်ရှုရင်း စာဆို၏ ခံစားမှုများကို မှန်းဆ၍ တွေးပြသည်။ ပုံစံတူဟန်ချက်ညီ ဝါကျတိုများဖြင့် စာဆိုအရှင်၏ စိတ်ကိုပေါ်အောင် တင်ပြသည်။

စာပေအပါအဝင် အနုပညာပစ္စည်းတို့တွင် အနုပညာဖန်တီးရှင်၏ စိတ်အရိပ်တို့ ထင်ဟပ်နေမြဲဖြစ်သည်ဆိုသော စာပေအမြင်ဆီသို့ ရောက်အောင် တင်ပြထားသည်။ စာဆိုနှင့် စာပေဆက်စပ်မှုကို ထင်ရှားစေရန် စာဆို၏ စာပေအဖွဲ့များနှင့် ကိုးကားပြထားသည်။ စာပေ ဝေဖန်ရေးတွင် အဆက်အစပ် ဝေဖန်ရေးသာမက အတွင်းဝေဖန်ရေး (သို့မဟုတ်) ဝေဖန်ရေးသစ် ကိုလည်း သုံးထားသည်။ သစ်ရွက်တို့၏ အရောင်အသွေး၊ အမူအရာ၊ တိမ်တို့၏အရောင်အသွေး အမျိုးမျိုး၊ အသွင်သဏ္ဌာန်အမျိုးမျိုးကို အရောင်ပြစကားလုံး၊ အမူအရာပြစကားလုံး၊ အကောင်အထည်ပြ စကားလုံးများဖြင့် သရုပ်ဖော်ရေးဖွဲ့ထားပုံကိုလည်း သုံးသပ် ပြထားသည်။

---

[၁] ဇော်ဂျီနှင့် မင်းသုဝဏ်၊ ၂၉။
[၂] ဇော်ဂျီနှင့် မင်းသုဝဏ်၊ ၂၉။

ဆရာဇော်ဂျီ၏ စာပေအမြင်သည် စာတစ်ပုဒ်ကို ခံစားရာ၌ ထိုစာ(ဝါ) ထို အနုပညာပစ္စည်း၏ ဖြစ်စဉ်ကို တွေးပြသည်။ ခံစားမှုကို အရင်းခံ၍ အနုပညာ ပစ္စည်းကို ဖန်တီးယူရာ၌ စိတ်ကူး၊ စကားအသုံးအနှုန်း၊ အရေးအဖွဲ့ ကျွမ်းကျင်ရန် လိုအပ်ပုံကိုလည်း စာပေလေ့လာသူတို့ နားလည်လာအောင် မြင်ပြ တွေးပြ ထားသည်။

## ၃၊၃။ရခိုင်စာဆိုတော်ဦးကာဗျာန်

ရခိုင်စာဆို ဦးကာဗျာန်ဆောင်းပါးတွင် ဟံသာဝတီရောက် စာဆို၏ခံစားမှု၊ ဇာတိမြေကို ချစ်ခင်မှု၊ ရခိုင်လူမျိုးတို့၏ ရိုးရာဓလေ့များနှင့် စာဆို၏ စိတ်နေ သဘောထားတို့ကို ဝေဖန် သုံးသပ် ပြထားသည်။

စာရေးသူသည် ရခိုင်စာဆိုဦးကာဗျာန်ဆိုသည့် ခေါင်းစဉ်နှင့်လိုက်ဖက်စွာ စာဆို၏ ဇာတိမြေကို ချစ်ခင်စိတ်၊ သတိရစိတ်၊ မိမိလူမျိုးအပေါ် ကြင်နာစိတ်တို့ကို စာဖတ်သူ ခံစားနိုင်အောင် သုံးသပ်ပြနိုင်သည်။ စာရေးသူသည် မိမိမြင်တွေ့ကြုံဆုံ ဖူးသည့် ရခိုင်သူရခိုင်သား တို့၏ စိတ်၊ ရခိုင့်ရိုးရာဓလေ့၊ ရခိုင်မြေ၏ အလှတို့နှင့် ပေါင်းစပ်ကာ ရခိုင်စာဆို ဦးကာဗျာန်၏ စာပေလက်ရာများတွင် တွေ့ရှိရသည့် စာဆို့ဘဝ၊ စာဆို့စိတ်တို့ကို ဝေဖန်သုံးသပ်ထားသည်။

ထိုသို့ သုံးသပ်တင်ပြရာတွင် စာဆိုသည် ဟံသာဝတီနေပြည်တော်၏ ဆန်းကြယ်မှုကို မြင်မိရာမှ ဇာတိမြေ မြောက်ဦးမြို့၏ လှပဆန်းကြယ်မှုကို မြင်ယောင် လာမိသည်။ ဇာတိမြေကို ချစ်စိတ်၊ လွမ်းစိတ်တို့ကြောင့် နေရပ်သို့ ပြန်လိုသည်။ ဤသည်ကို ကဗျာ့ပရိယာယ်သုံးကာ ရခိုင်အိမ်ရှေ့စံ မင်းခမောင်းထံသို့ တစ်ဆယ် နှစ်ရာသီရတုကို ရေးသား ဆက်သခဲ့သည်။ ထိုရတုအပေါ် စာရေးသူက "နေပြည် တော်မြောက်ဦး၌ ကျန်ခဲ့သော ချစ်သူခင်သူ မင်းသမီးတစ်ပါးက ဖွဲ့နွဲ့စပ်ဆိုလေဟန် ကဗျာ့ပရိယာယ်ဖြင့် ဦးကာဗျာန်သည် မိမိရခိုင်ပြည်ကို လွမ်းသမျှ သတိရ သမျှတို့ကို ဖွဲ့ဆိုခဲ့လေရာ ထိုအဖွဲ့တို့သည် နှစ်သက်အားရ ဖွယ်လည်းဖြစ်၍ ရေးဟောင်း အောက်မေ့ဖွယ်လည်း ဖြစ်သည်"[၁] ဟု သုံးသပ်ပြထားသည်။ ဆရာဇော်ဂျီသည် စာဆို ဦးကာဗျာန်၏ဘဝနှင့် ခံစားမှုကို အနုပညာလက်ရာနှင့် ဆက်စပ်သုံးသပ်သည်။ အဆက်အစပ် ဝေဖန်ရေးကို သုံးသကဲ့သို့ ကဗျာ့ပရိယာယ်ကိုလည်း သုံးသပ်ပြထား သည့်အတွက် အတွင်း ဝေဖန်ရေးသဘောလည်း ပါသည်။

---

[၁] ဇော်ဂျီနှင့် မင်းသုဝဏ်၊ ၂၀၁၅၊ ၄၃။

ရခိုင်စာဆို ဦးကာဗျာန်ဆောင်းပါးတွင် စာရေးသူ၏ စာပေရှုထောင့်၊ ခေတ်အခြေအနေ ရှုထောင့်မှ အမြင်များကို တွေ့ရသည်။ စာရေးသူသည် အချက်အလက်များကို ရှင်းလင်း တင်ပြရာ၌ ဦးကာဗျာန်၏ စာများအပေါ် မူတည်၍ တင်ပြထားသည်။ ခေတ်အခြေအနေကြောင့် မိမိဇာတိမြေနှင့် ဝေးကွာရာမှ ဖြစ်ပေါ်လာသည့် စာဆို့ခံစားချက်၊ စာဆို့စေတနာ၊ စာဆို့ရိုးဂုဏ်၊ ဇာတိမြေချစ်စိတ်၊ မြန်မာ့လယ်ယာနှင့် လယ်သမားတို့ကို ချစ်ခင်မြတ်နိုးစိတ် စသည်တို့ကို သုံးသပ်ထားသည်။ ရသစာပေသည် စာရေးသူ၏ ခံစားမှုမှ ပေါက်ဖွားလာသည်။ ရသစာပေသုံး ရေးဟန်မှာလည်း စာရေးသူ၏ စိတ်နေသဘာဝ ထင်ဟပ်နေသည်ဆိုသော သဘောနှင့် ဆက်စပ် သုံးသပ်ပြထားသည်။ အပြင်ဝေဖန်ရေးဘက်သို့ အလေးကဲသည်။ ရတုကဗျာစာပေ၏ အကြောင်းအရာပိုင်းနှင့် အရေးအသားပိုင်းသာမက ရခိုင်သူရခိုင်သားတို့၏ ဓလေ့တို့ကိုပါ သုံးသပ် ပြထားသည်။

## ၃၊ ၄။ မွန်ဝန်ကြီးနှင့်မြန်မာစကားပြေ

မွန်ဝန်ကြီးနှင့်မြန်မာစကားပြေဆောင်းပါးတွင် စာရေးသူသည် တောင်ငူခေတ်တွင် ရေးသားထားသည့် မွန်ဝန်ကြီး၏ ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းကို အကြောင်းအရာပိုင်း၊ အရေးအသားပိုင်း ရှုထောင့်မှ သုံးသပ်ပြထားသည်။

စာရေးသူသည် မွန်ဝန်ကြီးနှင့် မြန်မာစကားပြေ ဟူသောခေါင်းစဉ်နှင့် လိုက်ဖက် ဆီလျော်အောင် မွန်ဝန်ကြီးဗညားဒလ၏အကြောင်းနှင့် မွန်ဝန်ကြီး၏ ထင်ရှားသည့် ရာဇာဓိရာဇ် အရေးတော်ပုံကျမ်းတို့ကို အသေးစိတ် လေ့လာသုံးသပ်ပြထားသည်။ မွန်ဝန်ကြီးသည် ရာဇာဓိရာဇ်၏ စိတ်နေသဘောထားကို သူ့ကျမ်းတွင် ဖော်ပြနိုင်ပုံကို "ငါလည်း အသက်အရွယ် ကြီးပြီ။ ပခုံးတစ်ဖက်နှင့်ထမ်း၍ ညဲတို့ကို မွေးမည်။ ပခုံးတစ်ဖက်ဖြင့်ကား သံသရာ အကျိုးစီးပွား များအောင် ကုသိုလ်ကောင်းမှုကို ပြုမည်ဟူ၍သာ ငါကြံတော်သည်ဟု မိဖုရားများကို မိန့်တော်မူ၏"[၁] ဟူ၍ ဘုရင်ရာဇာဓိရာဇ်သည် သူနှင့်စစ်ပြိုင်ဘက် ဘုရင်မင်းခေါင် နတ်ရွာစံသောအခါ အနိစ္စတရားကို နားလည်လက်ခံလာစိတ် ဖြစ်ပေါ်လာပုံကို ဖော်ပြထားသည်။ မွန်ဝန်ကြီးသည် တိုက်ပွဲတိုင်းကို ကိုယ်တိုင်ဦးစီးတိုက်ခိုက်ခဲ့သူဖြစ်၍ ဗညားနွဲ့နှင့် ဗျည်းနွဲ့တို့၏ စီးချင်း တိုက်ကြပုံတို့ကို စိတ်တက်ကြွဖွယ်၊ အံ့ဩဖွယ် ရသမြောက်အောင် ရေးသားနိုင်သူဖြစ်ကြောင်း သုံးသပ်ထားသည်။

---

၁ –ယင်း၊ ၅၄။

မွန်ဝန်ကြီးနှင့် မြန်မာစကားပြေဆောင်းပါးတွင် စာရေးသူသည် စာပေ ရှုထောင့်၊ ခေတ်အခြေအနေရှုထောင့်၊ စစ်ရေးရှုထောင့်အမြင်များမှ တင်ပြထားသည်။ စာရေးသူသည် အချက်အလက်များကို ရှင်းလင်းတင်ပြရာ၌ စာဆို၏ ရာဇာဓိရာဇ် အရေးတော်ပုံကျမ်းမှ စာကိုးများကို ဖော်ပြ၍ ဝေဖန်သုံးသပ် ပြထားသည်။ လူ့သဘော၊ လောကသဘော၊ သူရဲကောင်းတို့၏သဘော၊ စစ်သဘော၊ ခေတ်သဘော တို့ကို ပေါ်လွင်အောင် ရေးသားနိုင်သည့် မွန်ဝန်ကြီး၏ ကြည်လင်ပြတ်သားသည့် စကားပြေအရေးအသားနှင့် မွန်ဝန်ကြီး၏ စွမ်းဆောင်နိုင်မှု ဂုဏ်ရည်၊ လေးစားဖွယ် စိတ်ဓာတ်တို့ကို အဆင့်ဆင့် သုံးသပ်ပြထားသည်။

ဗညားဒလသည် ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းကို ရှုထောင့်စုံမှ ရေးပြနိုင် သကဲ့သို့ ဆရာဇော်ဂျီကလည်း ထိုကျမ်း၏ အနှစ်သာရကို စာပေလေ့လာသူတို့ ရှုထောင့်စုံမှ ခံစား သိမြင်နိုင်အောင် ဖော်ထုတ် တင်ပြထားပါသည်။

## ၃၊ ၅။ နတ်ရှင်နောင်နှင့်ကူလီသဘင်

နတ်ရှင်နောင်နှင့် ကူလီသဘင်ဆောင်းပါးတွင် စာရေးသူသည် ဆောင်းပါးအစ၌ နတ်ရှင်နောင်၏ ဘွဲ့အမည် ထီးနန်းတက်သည့်နှစ်နှင့် နတ်ရှင်နောင်၏ အမည်ကို အဓိပ္ပာယ်ဖွင့်ပြထားသည်။ ထို့နောက် နတ်ရှင်နောင်သည် စာပေအနုပညာဖွဲ့ဆိုနိုင်သူ၊ ဆင်ရေးမြင်းရေးသာမက ကူလီ ကစားခြင်းကိုလည်း ကျွမ်းကျင်သူဖြစ်ကြောင်း ဖော်ပြသည်။ ကူလီကစားခြင်းနှင့် ပတ်သက်၍ နတ်ရှင်နောင်ရေးဖွဲ့ထားသော 'ဝေဇယန္တာ တွင်' ချီရတု၊ 'ခုနစ်တောင်စွန်' ချီ ရတုနှစ်ပုဒ်ကို အကိုး အထောက်ပြထားသည်။

စာရေးသူက နတ်ရှင်နောင်၏ ကူလီကစားကျွမ်းကျင်ပုံကို ဘထွေးတော်၊ ညီတော်တို့နှင့် ပျော်ပျော်ရွှင်ရွှင် ကူလီကစားပုံ၊ ဘထွေးတော်ညီတော်တို့ကို ကျီစယ် ကာ ရတုအဖြစ်စပ်ဆိုခဲ့ပုံကို "သတိုးခမ္ဘ၊ ရဲနေကြလည်း၊ လက်ချမှိုင်တွေ၊ ရှုံးလှချေ သည်၊ ပွဲရေ များဖြင်ပည်းမျှပင်"[၁] ဟူသော အကိုးအကားဖြင့် ဝေဖန်သုံးသပ်ပြသည်။

စာရေးသူက လက်မြန်သည်ဟု ကျော်စောသော ဘထွေးတော်နှင့် ဒေါ်မာန်ပါ လှသည်ဟု ကျော်စောသော ညီတော်ဥပရာဇာတို့ကို 'ခုနစ်တောင်စွန်'ချီ ရတုဖြင့် စပ်ဆိုခဲ့သည်။ ထိုရတုကို ဖတ်ပြီး တစ်နန်းတော်လုံးသာမက အကျီစယ်ခံရသူ ဘထွေးတော်နှင့် မင်းရဲကျော်စွာတို့ပင်လျှင် အလွန်ပျော်ရွှင် နှစ်သက်ကြမည်ဟု တွေးတောပုံဖြင့် ဆောင်းပါးကို အဆုံးသတ်ထားသည်။

---

[၁] ဇော်ဂျီနှင့် မင်းသုဝဏ်၊ ၂၀၁၅၊ ၆၁။

ဆရာဇော်ဂျီက နတ်ရှင်နောင်သည် ရတုစာပေရေးဖွဲ့ရာ၌ သိမ်မွေ့သူ၊ အနုပညာ မြတ်နိုးသူ၊ ဆင်ရေးမြင်းရေး ဝါသနာပါသူ ဖြစ်သည်။ ထို့ပြင် ကူလီကစား ကျွမ်းကျင်၍ ပျော်ပျော်ရွှင်ရွှင် ပေါ့ပေါ့ပါးပါး နေတတ်သူဖြစ်ကြောင်း စသည်ဖြင့် သုံးသပ် ဖော်ပြထားသည်။ အဆက်အစပ် ဝေဖန်ရေးဘက်သို့ အလေးကဲသည့် စာရေးသူအမြင်ကို တွေ့ရသည်။ နတ်ရှင်နောင်၏ စာကို သုံးသပ်ပြသည့် အတွင်း ဝေဖန်ရေး (ဝါ) ဝေဖန်ရေးသစ်သဘောလည်း ပါသည်ကို လှေ့လာ တွေ့ရှိရသည်။ ရတုရေးသူ၏ စိတ်ခံစားမှု၊ ရတုတွင်ပါဝင်သူတို့၏ စရိုက်သဘာဝများကို နှိုက်နှိုက်ချွတ်ချွတ် ထဲထဲဝင်ဝင် တွေးမြင်ပြခြင်းဖြင့် ရတုကဗျာ၏ အနှစ်သာရကို စာဖတ်သူတို့ ပိုမို ခံစား သိမြင်လာနိုင်အောင် လမ်းပြထားသည့် သဘောပါသည်။ ကူလီသဘင် မြင်ကွင်း သရုပ်ဖော်ရတုကို သဘာဝကျကျနှင့် သက်ဝင်လှုပ်ရှားအောင် ရေးဖွဲ့နိုင်မှုအပေါ် ချီးကျူးလိုသည့် သဘောထားအမြင် ပါဝင်သည်။

## ၃၊ ၆။ အရေးတော်ပုံစာဆို

အရေးတော်ပုံစာဆို ဆောင်းပါးတွင် စာရေးသူသည် အရေးတော်ပုံစာဆို စိန္တကျော်သူဦးဩ၏အကြောင်းကို အစပျိုးထားသည်။ ထို့နောက် စာဆိုဖြတ်သန်းခဲ့သည့် ခေတ်အခြေအနေနှင့် စာဆို၏ ဘဝနှင့်စာပေတို့ကို ဖော်ပြသည်။ စစ်ခေတ်သို့ ရောက်သောအခါ အရေးတော်ပုံတို့ကို အောင်မြင်ရန် ပါဝင်တိုက်ပွဲဝင်ခဲ့သူ ဖြစ်ကြောင်း၊ ဗိုလ်မှူး တပ်မှူးနှင့် စစ်သည်တို့ကလည်း တိုင်းပြည်ချစ်စိတ်ရှိသူများ ဖြစ်ကြောင်းတို့ကို စာရေးသူက ဦးဩ၏ ရတုအကိုးအကားတို့ဖြင့် သုံးသပ်ထားသည်။

စာရေးသူက ဦးဩသည် ရှေးရတုစာဆိုများကဲ့သို့ မဟုတ်ဘဲ စစ်ပွဲများတွင် လိုက်ပါသည့် တပ်မတော်သားများကို ချီးကျူးလိုစိတ်၊ ထိုတပ်မတော်သားတို့သည် မိမိတို့၏ လယ်ယာတို့ကိုပစ်၍ အရေးတော်ပုံစိတ်ဓာတ်ဖြင့် တပ်မတော်သို့ ဝင်ရောက်ကြသူများ ဖြစ်ကြမည်ဟု သုံးသပ် ပြသည်။ ထိုသူတို့သည် ငြိမ်းချမ်းသောကာလတွင် အညတရအခြေ၌နေကြ၍ စစ်မီးကဲ့သို့သော အရေးမျိုးပေါ်လာချိန်တွင် တိုင်းပြည်အတွက် အားကိုးရသူများဖြစ်ပုံကို စာဆိုက ခံစားတွေးမြင် ပြထားသည်။

'ခနေဖြူ' ချီ ရတုတွင် လှိုင်းလေကြား၌ ခက်ခက်ခဲခဲ ကမ်းကပ်ရသည့်အတွက် စစ်သည်များ ဆင်းရဲဒုက္ခရောက်ကြရပုံကို စာဆိုဦးဩသည် မှတ်တမ်းတင်ခဲ့သည်။ တပ်မတော်သားတို့၏ တိုင်းပြည်ချစ်စိတ်၊ အချင်းချင်း စည်းလုံးညီညွတ်မှုရှိသည့်စိတ်တို့ကို ချီးမွမ်းဖွယ်၊ အားရ တက်ကြွဖွယ်ဖြစ်အောင် ဖွဲ့ဆိုနိုင်သော စာဆိုဖြစ်ကြောင်း စာရေးသူက သုံးသပ်ထားသည်။ ထိုခေတ်က ရတုကဗျာများတွင် ဖွဲ့လေ့မရှိသော အကြောင်းအရာကို ဘဝသရုပ်ဖော်၊ စစ်သရုပ်ဖော် ကဗျာအဖြစ် ဦးဩက ထူးထူး

ခြားခြားနှင့် ပေါ်ပေါ်လွင်လွင် ရေးဖွဲ့နိုင်သော ဂုဏ်ရည် ထင်ရှားလာအောင် ဆရာဇော်ဂျီ က စာ၏အနှစ်သာရကို ဖော်ထုတ်ပြခဲ့သည်။

အရေးတော်ပုံစာဆိုဆောင်းပါးတွင် စာရေးသူသည် အချက်အလက်များကို ရှင်းလင်း တင်ပြရာ၌ စာဆို၏ ရတုနှစ်ပုဒ်မှ စာကိုးများကို ဖော်ပြ၍ ဝေဖန် သုံးသပ်ပြထား သည်။ ခေတ်အခြေအနေကို မှန်းဆ၍ရတုနှင့် ဆက်စပ်ယူကာ သူ့အမြင်နှင့် တင်ပြထားသည်။ စာဆိုဦးညို၏ စိတ်စေတနာတို့ကို ကျစ်လျစ်သည့် စကားအသုံးအနှုန်းကောင်းများနှင့် ဝါကျတိုတစ်လှည့် ဝါကျရှည်တစ်လှည့်သုံး၍ ရေးသားတင်ပြထားသည်။ စာဆိုဦးညိုသည် တိုင်းချစ် ပြည်ချစ်စိတ်၊ တိုင်းပြည်အတွက် ကာကွယ်ပေးသည့် တပ်မတော်သားများကို မြတ်နိုးချီးကျူးစိတ် စသည်တို့ကို ဖော်ပြနိုင်သည့် ချီးမွမ်းဖွယ် စာဆိုတစ်ဦးဖြစ်ကြောင်း ကောက်ချက်ချပြထားသည်။

ဆရာဇော်ဂျီသည် ဦးညို၏ ရတုလက်ရာအရေးအဖွဲ့ကို အတွင်းဝေဖန်ရေး သက်သက် သာမက စာဆို၏စိတ်ထားကို ရတုထဲမှ မှန်းဆရှာဖွေကြည့်သည်။ စာဆို၏ စေတနာကို ရှာဖွေ တင်ပြသည်။ စာဆိုအား စစ်သည်ဘဝသရုပ်ဖော်အဖွဲ့ကို ရေးဖွဲ့ရန် လှုံ့ဆော်ပေးသည့် ခေတ် အခြေအနေကို စာရေးသူက မှန်းဆပြသည်။ အနုပညာလက်ရာကို လေ့လာပြီးမှ ထိုခေတ် မြန်မာစစ်သည်တို့၏ဘဝ၊ ခေတ်၏ စစ်ရေးအခြေအနေ၊ ပြည်သူတို့၏ သဘောထားကို သုံးသပ် တင်ပြသည်။ အတွင်းဝေဖန်ရေးမှသည် အပြင်ဝေဖန်ရေးနှင့် ဆက်စပ်တင်ပြသည် ဝေဖန်ရေးကို တွေ့ရသည်။

## ၃၊ ၇။ မန္တလေးခေတ် တေးကဗျာများ

မန္တလေးခေတ်တေးကဗျာများ ဆောင်းပါးတွင် စာရေးသူသည် မန္တလေးခေတ် ၁၂၃၁ခုနှစ် မင်းတုန်းမင်းတရားကြီးလက်ထက်၌ လက်တန်းဉာဏ်ဖြင့် သံချိုအဆိုကောင်းများဖြစ်သည့် သံချိုဆရာ လေးဦး၏ သံချိုအပြိုင် စပ်ဆိုပုံကို သုံးသပ်တင်ပြထားသည်။ မန္တလေးခေတ်တွင် ကျော်စောသည့် တေးကဗျာစာဆိုများ၏ အချစ်ပြိုင် အကြိုက်ပြိုင် အမြှောက်ပြိုင် အလွမ်းအဆွေးပြိုင် အမူပြိုင် အမုန်းပြိုင် ကြပုံများကို သာဓကများဖြင့် တွေးပြ၊ သုံးသပ်ပြထားသည်။

စာရေးသူက မန္တလေးခေတ်တွင် တေးကဗျာတို့ အပြိုင်အဆိုင်စပ်ဆိုကြပုံကို မြို့တော်ဝန် ဦးသာအိုးအိမ်၌ ရုပ်စုံစင်တော်ညွှန့်ပေါင်း ကပြရာတွင် ဦးကျော်လှက "ရွှာမောင်းထောင် ဂါမော် က ဆရာကျော် လူလွန်နှင့် မင်းစာဝန် တသွယ်ပါ

ယင်းပျော်ဘွယ် ဉာဏ်ကျယ်တွဲပါလို့ တစ်နဲစီ သံချိုလျှောက်ပါရ"[၁] ဟု အစချီပြီး မြို့ဝန်မင်းကို အနော်ရထာ၊ ဉာဏ်ကျယ်ကို ငထွေရှူး၊ မင်းစာဝန်ကို ငလုံးလက်ဖယ်၊ ပျော်ဘွယ်ကို ညောင်ဦးဖီး၊ မိမိမှာ ကျန်စစ်သားနှင့်တူကြောင်း စကားနိုင်လု စောင်းချိတ် ဖွဲ့ဆိုသည်။ ထို့ပြင် ကျန်စစ်သားသည် နတ်မြင်းကို အမိဖမ်းနိုင် သကဲ့သို့ မိမိသည် သံချိုကို လက်တန်းစပ်ဆိုနိုင်သည့် ဉာဏ်ရှိသည်။ ဥဿာမင်းသည် သမီးတော် မဏိစန္ဒာကို မဆက်မနေဝံ့အောင် ကျန်စစ်သားက သတ္တိပြနိုင်သကဲ့သို့ မြို့ဝန်မင်းကို သူတကာ နောက်တွန့် ကြောက်ရွံ့လောက်အောင် မိမိကလည်း လက်တန်းဉာဏ် ပြနိုင်သူ ဖြစ်သည်။ မိမိသာလျှင် ရှေ့တန်းစာဆိုကိုင်ဖြစ်ပြီး ကျန်လူများမှာ နောက်တန်း စာဆိုကိုင် ဖြစ်ကြောင်း ဦးကျော်လှ၏ သံချိုကဗျာ စာသား အကိုးအကားဖြင့်ပြကာ တင်ပြထားသည်။ စာရေးသူက "ထိုသို့ အပြိုင်ဆို ကြရာတွင် ပွဲကြည့်ပရိသတ်က မောင်းထောင်က ဘယ်သို့၊ ဉာဏ်ကျယ်က ဘယ်ပုံ၊ မင်းစာဝန်က ဘယ်နည်း၊ ပျော်ဘွယ်က ဘယ်လိုစသည်ဖြင့် မိမိတို့သန်ရာ ပြောကြ၊ ဆိုကြ၊ ငြင်းကြ၊ ခုံကြ၊ ဆွေးနွေးကြမည်မှာ မုချဖြစ်သည်။ ပွဲခင်းမှတစ်ဆင့် မန္တလေးမြို့ လေးပြင်လေးရပ် သာမှုနာမှု မဏ္ဍပ်ကနားများ၌ ကဗျာဝိုင်း စာဝိုင်း ဖွဲ့ကြဦးမည်မှာလည်း မုချပင်ဖြစ်သည်" ဟု ဦးကျော်လှတို့ သံချိုဖွဲ့သည့် ခေတ် အခြေအနေ၊ ပရိသတ်အခြေအနေကိုပါ မှန်းဆ တင်ပြထားသည်။

ပြိုင်မှုဆိုင်မှုတို့သည် ရပ်စုံစင်တော်လောက၌သာ ခေတ်စားသည်မဟုတ် ဘောလယ်၊ တေးထပ်၊ သဖြန်စသော တေးကဗျာအဖွဲ့များတွင်လည်း အပြိုင်အဆိုင် စပ်ဆိုတတ်ကြောင်း ဖော်ပြထားသည်။ တေးကဗျာစာဆိုများဖြစ်သည့် လှိုင်ထိပ် ခေါင်တင်၊ ဦးပုည၊ အချုပ်တန်း ဆရာဖေတို့သည် မန္တလေးခေတ်၌ ကျော်စောကြ သည်။ ထိုစာဆိုတို့သည် ချစ်မှုကြိုက်မှုစသော အကြောင်းအရာတို့ကို အပြိုင်အဆိုင် ဖွဲ့ဆိုခဲ့ကြကြောင်း ဖော်ပြသည်။

မန္တလေးခေတ်၌ ကဗျာလည်းမက၊ တေးလည်းမကျဖြစ်သော ဘောလယ် တေးထပ် စသည်တို့ အသုံးများလာသည်။ ဆရာဇော်ဂျီက မန္တလေးခေတ် ရပ်စုံစင် တော် လောက၌သာမက တေးကဗျာ လောက၌အချစ်ပြိုင်၊ အကြိုက်ပြိုင်၊ အမြွောက် ပြိုင်၊ အလွမ်းအဆွေးပြိုင်၊ အမူပြိုင် အမုန်းပြိုင်မှုများ ခေတ်စားသည်။ စာဆိုတို့လည်း စာချင်း၊ အတီးအမှုတ်တတ်သူတို့လည်း အတီးအမှုတ်ချင်း၊ အဆိုတတ်သူ တို့လည်း အဆိုချင်း ပြိုင်ခွင့်ဆိုင်ခွင့် ရကြမည်ဟု သုံးသပ် ပြသည်။

[၁] ဇော်ဂျီနှင့် မင်းသုဝဏ်၊ ၂၀၁၅၊ ၁၀၇။

မန္တလေးခေတ်တေးကဗျာများနှင့် ပတ်သက်၍ ဆရာဇော်ဂျီက “တေးကဗျာ အပြိုင်အဆိုင် ဖွဲ့သည်ဆိုသည်ဟူရာ၌ လောကကို ကြားမြင်တွေ့သိခြင်း ရှိ၍ ထိုသို့ရှိခြင်းမှ အလိုအလျောက် ပေါ်ပေါက်ပွင့်လင်းလာသော စေတနာစိတ်ကူးကို ဖွဲ့နွဲ့ရသည်ထက် ဉာဏ်စွမ်း ပညာစွမ်းထုတ်ကာ ကြံရဖန်ရသော စိတ်ကူးကို ဖွဲ့နွဲ့ ရသည်က ပိုမြဲကဲမြဲ ဖြစ်သည်ဟု ယူဆမိသည်။ စေတနာထက် ဉာဏ်စွမ်း ပညာစွမ်းကို ပို၍သုံးရခြင်း ဖြစ်သည်။ သူ့ထက်ငါသာ စကားနိုင်လု၍ အဆန်း တကြယ် ပြောတတ်သော သဘောကပိုသည်ဟု ဆိုလိုသည်။”[၁] ဟု ခြုံငုံသုံးသပ် ပြခဲ့သည်။ စာပေလောကဆောင်းပါးများ၌ ဆရာဇော်ဂျီသည် စာပေလက်ရာများအပေါ် ဝေဖန်ခြင်းထက် စာပေလေ့လာ လိုက်စားသူတို့အား စာပေများအပေါ် ခံစားရှုမြင် တတ်အောင် နည်းလမ်း ညွှန်ပြသည့် သဘောဘက်သို့ အလေးကဲသည်ဟု ထင်မြင်မိ ပါသည်။

“စကားလက်ရိုးဆန့်တန်[၂]၊ ရုပ်စုံစင်တော်လောက[၃]၊ တေးကဗျာလောက[၄]၊ စကားစွန်း[၅]”စသည့် လှပကျစ်လျစ်သည့် စကားလုံးသစ်များ၊ “မုချဖြစ်သည်[၆]၊ အထင်အရှား ဖြစ်သည်[၇]၊ ဆိုသင့်သည်[၈]၊ အသက်ဖြစ်သည်[၉]၊ မှတ်ယူသင့်သည်[၁၀]၊ ယူသော်ရကောင်းအံ့သို့ ရှိလေသည်[၁၁]”စသည့် ဝါကျအဆုံးသတ်များဖြင့် မန္တလေး ခေတ်တေးကဗျာများအပေါ် တွေးမြင် သုံးသပ်ယူဆပြထားသည်။ ဆရာဇော်ဂျီသည် သူ၏စာပေအမြင်ကို တင်ပြရာ၌ မိမိအယူအဆသာ မှန်ရမည်ဟု တယူသန် ဆိုလေ့ မရှိပေ။ ဆိုသင့်သည်။ ဆိုနိုင်သည်။ မှတ်ယူသင့်သည်ဟု မယုတ် မလွန် အဆိုပြု သည့် သဘောသာ ပြောသည်။ ထိုစိတ်ဓာတ်ကို ‘သင့်’ဆိုသည့် ကြိယာပစ္စည်းကို ထပ်ကာထပ်ကာ သုံး၍ ဖော်ပြခဲ့သည်။

---

[၁]ဇော်ဂျီနှင့် မင်းသုဝဏ်၊ ၂၀၁၅၊ ၁၀၇။
[၂]–ယင်း၊ ၁၀၈။
[၃]–ယင်း–။
[၄] –ယင်း၊ ၁၀၉။
[၅] –ယင်း၊ ၁၂၀။
[၆] –ယင်း၊ ၁၀၈။
[၇] –ယင်း၊ ၁၁၀။
[၈] –ယင်း၊ ၁၁၃။
[၉] –ယင်း၊ ၁၁၄။
[၁၀] –ယင်း၊ ၁၁၉။
[၁၁] –ယင်း၊ ၁၂၀။

လှိုင်မိဖုရားနှင့် မောင်မောင်ဘတို့၏ ဘောလယ်နှစ်ပုဒ်တွင် အိမ်ရှေ့မင်းနှင့် လှိုင်မိဖုရား တို့ အပြိုင်အဆိုင် စကားနိုင်လုခြင်း၊ ချေပခြင်းတို့ကိုအထင်အရှား တွေ့ရကြောင်းကိုလည်း သုံးသပ်ပြထားသည်။

မန္တလေးခေတ် တေးကဗျာများအပေါ် ဆရာဇော်ဂျီက "ထို့ကြောင့်လည်း ထိုတေးကဗျာ များကို မြှောက်ပင့်ဘွဲ့၊ သစ္စာတိုင်ဘွဲ့၊ မယ်ဘွဲ့၊ မောင်ဘွဲ့၊ အလွမ်းဘွဲ့၊ နိဗ္ဗိန္ဒဘွဲ့၊သစ္စာပျက်ဘွဲ့ဟု ဘွဲ့အမျိုးအစား ခွဲခြား၍ ထားခဲ့ဟန်တူသည်။ အလွန်အကြူး အထူးဆိုတတ်သောအချက်၊ ထက်မြက်သော ဥပမာ၊ ဥပစာ သုံးတတ်သောအချက်၊ စကားပရိယာယ် ကြွယ်ကြွယ်ဝဝ ဖန်တီး တတ်သောအချက်၊ သုတိသာယာသောအချက်တို့သည် ထိုတေးကဗျာများ၏ အသက် ဖြစ်သည်။"[၁] ဟု သုံးသပ်တင်ပြထားသည်။

ဆရာဇော်ဂျီသည် ဥာဏ်စွမ်းကိုသုံး၍ အပြိုင်ဖွဲ့သော တေးကဗျာများကို အကောင်းမြင် ရှုထောင့်မှ သုံးသပ်တင်ပြဟန်ကို "ထိုတေးကဗျာများသည် စကား တန်ဆာ၊ နားတန်ဆာများ ပေတည်း။ ထိုတေးကဗျာမျိုးသည် နန်းတော်၊ အိမ်တော်၊ မြို့တော်၌ ပျော်ပျော်ရွှင်ရွှင်၊ ယဉ်ယဉ်ကျေးကျေး၊ အေးအေးလူလူ နေထိုင်ကြသော ပျို့ရွယ်သူတို့၏ စိတ်ကြိုက်အတိုင်း ဖြစ်ပေါ်လာရသည့် တေးကဗျာမျိုးပေတည်း"[၂]ဟု သုံးသပ်ပြခဲ့သည်။

## ၃၊ ၈။ ဦးလတ်နှင့်ရှေပြည်စိုးဝတ္ထု

ဦးလတ်နှင့်ရွှေပြည်စိုးဝတ္ထုဆောင်းပါးတွင် စာရေးသူက ခေတ်နှင့် စာပေ ဆက်စပ်မှုကို တင်ပြထားသည်။ ဦးလတ်သည် မင်းပြောင်းမင်းလဲကို သိမြင်ခဲ့သူ၊ စီးပွားရေး ပြောင်းလဲခြင်း ယဉ်ကျေးမှု ပြောင်းလဲခြင်း တို့ကိုလည်း သိမြင်ခဲ့သူ ဖြစ်သည်။ ကျွန်းသစ်၊ ဆန်စပါး၊ ပဲဖြူကလေး၊ ရေနံတို့သည် ပြည်ပတွင် ဈေး ကောင်းရ၍ စီးပွားရေးကောင်းပြီး ယဉ်ကျေးမှုလည်း တိုးတက်သည့်ခေတ် ဖြစ်သည်။ ပုံနှိပ်စက်များပေါ်ပေါက်၍ မြန်မာစာပေပြန့်ပွားလာသည်။ သတင်းစာများဖြန့်ချိ လာ ပြီး အမြင်ကျယ်လာကြသည်။ အဟောင်းနှင့်အသစ် ရောနှောနေသည့် ခေတ်ကို ဖြတ်သန်းသူပီပီ ဦးလတ်သည် ဖြတ်သန်းခဲ့သည့် ခေတ်၏ အခြေအနေများကို ရွှေပြည်စိုးဝတ္ထုတွင် ထင်ဟပ် ဖော်ပြထားသည်။

---

[၁] ဇော်ဂျီနှင့် မင်းသုဝဏ်၊ ၂၀၁၅၊ ၁၁၄။

[၂] -ယင်း-။

ဦးလတ်သည် ရွှေပြည်စိုးဝတ္ထုကို အခန်း၁၇ခန်းဖြင့် ရေးသားထားသည်။ ပင်မဇာတ်လမ်း တွင်ဦးလတ်သည် မန္တလေးခေတ်ကိုမီလိုက်သူပီပီ သိမြင်ခံစားရသည့် မန္တလေးမြို့ရှိ အမူအရာ တို့ကို ထည့်သွင်းဇာတ်အိမ်ဖွဲ့ထားသည်။ ဇာတ်လက်တက်တွင် ရန်ကုန်မြို့ရှိ အမူအရာတို့ကို ထည့်သွင်း ရေးသားသည်။ မြန်မာ့ယဉ်ကျေးမှုနှင့်အညီ နေထိုင်သော မန္တလေးအမူအရာနှင့် အနောက်တိုင်းယဉ်ကျေးမှု ထိုးဖောက်ဝင်ရောက်လာသော ရန်ကုန်အမူအရာတို့ကို နှိုင်းယှဉ်၍ ပြခြင်းဖြင့် အနောက်တိုင်းယဉ်ကျေးမှုအန္တရာယ်ကို မီးမောင်းထိုးပြခဲ့သည်။ ဆရာဇော်ဂျီက နှစ်ဆယ်ရာစုခေတ်ဦးပိုင်းတွင် ပေါ်ထွက်လာသည့် ဦးလတ်၏ ရွှေပြည်စိုးဝတ္ထုကို ဝတ္ထုရှည်သဘောတရားဖန်တီးမှုအတတ်ပညာများနှင့်ယှဉ်၍ ဆန်းစစ်ပြထားသည်။ ဦးလတ်သည် သူ၏ခေတ်အတွေ့အကြုံ၊ အကြားအမြင်များကို ကောင်းစွာအသုံးချ၍ ဇာတ်လမ်းဇာတ်အိမ်ကောင်းမွန်ပြီး စာဖတ်သူ၏စိတ်ကို အစမှအဆုံးတိုင် စည်းရုံးဆွဲဆောင်နိုင်စွမ်းရှိအောင် ဇာတ်လမ်းဖန်တီးနိုင်မှုကို ထောက်ပြခဲ့သည်။ ထို့အပြင် ဝတ္ထုရှည်တွင် အရေးပါသည့် လူ့သဘာဝ အဖွဲ့ကောင်းများပါဝင်အောင် ရေးသားနိုင်မှုကိုလည်း ချီးကျူးခဲ့သည်။ ရသစာပေ ပီသမှု ရှိမရှိ ဆိုသည့် ပေတံဖြင့်လည်း တိုင်းတာသည်။ အသင့်ယုတ္တိ ရှိမရှိဆိုသည့် ရှုထောင့်မှလည်း သုံးသပ် ပြထားသည်။ ထိုသဘောကို ဆရာဇော်ဂျီက "မောင်မောင်စိုးနှင့် ခင်ခင်ထားတို့၏ ဇာတ်လမ်း သည် ပျော်စရာ၊ လွမ်းစရာ၊ သနားစရာ၊ အံ့ဩစရာဖြစ်သည်။ ဦးလတ်၏ စိတ်ကူးယဉ် ပါပေသည်ဟု ဆိုနိုင်သော်လည်း အသင့်ယုတ္တိ ရှိသည်ဟု ဆိုသင့်သည်။"[၁]ဟု သုံးသပ်ပြ ထားသည်။

ဆရာဇော်ဂျီသည် အနောက်တိုင်းတွင် ထွန်းကားနေသော နော်ဗယ်(လ်) ခေါ် ဝတ္ထုရှည် သဘောနှင့် မြန်မာဝတ္ထုရေးဆရာတို့၏ အလေ့အလာဖြစ်သည့် ဆုံးမစာများ၊ ကဗျာလင်္ကာများ ထည့်သွင်းခြင်း နှစ်မျိုးလုံးကို ပေါင်းစပ်၍ နှစ်ဆယ်ရာစုခေတ်ဦး ဝတ္ထုရှည်ကို ဖန်တီးထားသည့် ဦးလတ်၏ အနုပညာစွမ်းရည်ကို ချီးကျူးလိုသည်။ နှစ်ဆယ်ရာစုခေတ်ဦး မြန်မာကာလပေါ် ဝတ္ထုရှည်၏ အနေအထားကို ဆန်းစစ်ပြထားသည်။ ကာလပေါ်ဝတ္ထုရှည်ဖန်တီးမှု အတတ်ပညာနှင့် တန်ဖိုးထား ဆုံးဖြတ်အပ်သည့် သဘောလက္ခဏာများကို အသိပေးလိုဟန်ရှိသည်။

ဆရာဇော်ဂျီသည် သူ၏စာပေအမြင်ကို တင်ပြရာ၌ရှုထောင့်စုံမှ လေ့လာ၍ စာဖတ်သူ အား ဗဟုသုတပေးလေ့ရှိသည်။ စာဖတ်သူတို့ စာတစ်ပုဒ်၏ ဖြစ်စဉ်နှင့် တန်ဖိုးကို လေ့လာ အကဲဖြတ် တတ်လာအောင် လမ်းညွှန်လေ့ရှိသည်။ သူ့ခေတ်ကို ဒိဋ္ဌဓမ္မလောကအဖြစ် သဘောထားပြီးလျှင် စိတ်ကူးဖြင့် ဖြည့်စွက် ဖန်တီးကာ

[၁] ဇော်ဂျီနှင့် မင်းသုဝဏ်၊ ၂၀၁၅၊ ၁၂၇။

သဘာဝလည်းကျ ဖတ်ချင်စဖွယ်လည်း ဖြစ်အောင်လည်း ဖန်တီးယူတတ်သည့် ဦးလတ်၏ ဘဝသတိရှိမှုနှင့် ခေတ်မီမှုတို့ကို နှစ်သက် သည့် အမြင်ကို တွေ့ရသည်။

## ၃၊ ၉။ ဇာတိမာန်စာဆိုဦးလွန်း

ဇာတိမာန်စာဆိုဦးလွန်းဆောင်းပါးတွင် စာရေးသူသည် ဦးလွန်း၏ဘဝနှင့် သူ၏စာပေတို့ကို ဝေဖန်သုံးသပ်ထားသည်။ ဆရာကြီးသည် ကလောင်ထမ်းကာ လွတ်လပ်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်ခဲ့ပုံ၊ တိုင်းသူပြည်သားတို့ကိုလည်း လွတ်လပ်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းလိုစိတ်၊ တိုင်းပြည်ချစ်စိတ်၊ ဇာတိမာန်စိတ်ဖြစ်လာအောင် မည်သို့ဆောင်ရွက်ခဲ့ပုံကို ဆရာလွန်း၏ စာပေများ သာဓကဖော်ပြကာ စာရေးသူက သူ့အမြင်ကို တင်ပြထားသည်။

ဆရာလွန်းသည် ပုဂံကိုလွမ်းမိပုံ၊ အင်းဝ၏ခမ်းနားမှုတို့ကို သတိရမိ၊ အားတက်မိ ခဲ့ပုံတို့ကို လေးချိုးများဖြင့် ခံစားဖွဲ့ဆိုခဲ့သည်။ မန္တလေးပျက်သည်မှစ၍ ကိုယ်ပိုင် အခွင့်ရေး အားလုံးကို ဆုံးရှုံးခဲ့ရသည်။ ပထမကမ္ဘာစစ်ကြီးဖြစ်ပွားချိန်မှသာ ဗြိတိသျှတို့က တစ်ရာကျော် လောက်ရှိသော မြန်မာစစ်တပ်ကို ဖွဲ့စည်းခွင့်ပေးခဲ့သည်။ စစ်တပ်ဖွဲ့စည်းပေးခဲ့သော ဝိုင်–အမ်–ဘီ–အေအသင်းချုပ်ရှိသည်။ ထိုအကြောင်းတို့ကြောင့် ဆရာကြီးအပါအဝင် မြန်မာတို့ အားတက် ခဲ့ရသည်။ မြန်မာစစ်တပ်ကို အကြောင်းပြု၍ ဟုမ္မရူးရရန် အခြေဆိုက်လာခဲ့သည်။ မြန်မာများ ကောင်းစားတော့မည်။ မြန်မာကို ကမ္ဘာကသိကြတော့မည်ဟု ဝမ်းမြောက် အားတက်မိသည်။ ထိုခံစားမှုများကို မြန်မာစစ်ချီဘွဲ့တွင် "ကမ္ဘာရေမြေ ခေတ်အပြည်ပြည် ဖျက်ပေမယ့်၊ မြန်မာတွေ စစ်ချီလို့ ထွက်ပြီမို့၊ ဖြစ်မည်အတွက်ကိုတဲ့ အပြုံးသား ဆရာမြင်၊ ကြုံးဝါးဘာမထင်ပါတဲ့ အရင်သမ္ဘာအစွမ်း၊ အလုံးအပြား ကမ္ဘာတစ်ခွင်မှာဖြင့် အကြင်မြန်မာတဝန်း"[၁] ဟူ၍ ဆရာလွန်းက ဆိုခဲ့သည်။ ဆရာဇော်ဂျီက ဆရာလွန်းဖြတ်သန်းခဲ့သည့် ခေတ်အခြေအနေကို ဆင်ခြင်မိပုံဖြင့် သုံးသပ် တင်ပြထားသည်။ ထို့အတူ ဖေ၊ ပု၊ ရှိန်တို့ကို နိုင်ငံကိုယ်စားလှယ်အဖြစ်ဖြင့် ဘိလပ်သို့ စေလွှတ်၍ ဟုမ္မရူးကို တောင်းဆိုရန်သွားရာ၌အရေးတော်အောင်မြင်စေကြောင်း၊ ရန်အန္တရာယ် ကင်းစေရန်အကြောင်း ဆုတောင်းခဲ့သည်။ စာရေးသူက ထိုအချိန်တွင် ဆရာကြီးသည် စိတ်နှလုံး ကြည်လင်အေးချမ်း၍ စိတ်အားတက်ခဲ့ပုံရသည်ဟု ကဗျာမှသည် စာဆို၏စိတ်ကို မှန်းဆ တင်ပြသည်။ ထိုသို့ အားတက်နေချိန်တွင် ဒိုင်အာခီအရေးကြောင့် ဂျီစီဘီအေအသင်းနှင့် ၂၁ဦးအသင်း နှစ်ခြမ်းကွဲကြသည့်အတွက် ဒေါမနဿ၊ သောက စိတ်ပျက်ဖြစ်ခဲ့ပြန်သည်။ မြန်မာပြည်အတွက် ကိုယ်ကျိုးစွန့်ဆောင်ရွက်ခဲ့သည့် ခေါင်းဆောင်များဖြစ်

[၁] –ယင်း၊ ၁၃၄။

သည့် ဦးထွန်းရှိန်၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အပေါင်းပါဝန်ကြီးတို့ ကွယ်လွန်သောအခါ အထူးနှမြောတသ ဝမ်းနည်းရပြန်သည်။ ခေတ်အပေါ် ခံစားမှုများကို လေးချိုးများဖြင့် တင်ပြခဲ့သည်။ အာဇာနည်ဗိမာန်လေးချိုးတွင် "ဩော် တောင်နန်းမြောက်နန်း အဆောင်ဆောင် ကြငှန်းနဲ့ အခေါင်မမြန်းရခင်က အောင်ပန်း ညို့ရရှာတဲ့၊ အောင်ဆန်းတို့ သေပုံနှမြော"[၁]ဟု ယူကျုံးမရ ခံစားမှုကို ကြေကွဲဖွယ် ရေးဖွဲ့ပြထားသည်။

စာရေးသူသည် ဆရာလွန်း၏ ဇာတိမာန်စာပေတို့ကို ဖော်ပြရာတွင် နောက်ခံသမိုင်းကြောင်းများနှင့် တင်ပြသည်။ ဆရာလွန်း၏ လေးချိုးတို့သည် နိဗ္ဗိန္ဒသဘောမျိုး ဖြစ်ကြောင်း၊ ဆရာလွန်း၏စာများတွင် မြန်မာပြည်ကိုချစ်စိတ်၊ မြန်မာပြည်လွတ်မြောက်စေလိုသည့်စေတနာ၊ ကမ္ဘာအလယ်တွင်တင့်တယ်စေလိုသည့် စေတနာများ ပါဝင်ကြောင်း သုံးသပ်ပြသည်။

ဆရာဇော်ဂျီသည် ဝေဖန်ရေးဆောင်းပါးအများစု၌ ပြတ်သားသော လေသံထက် စာဖတ်သူတို့ တွေးကြည့်နိုင်ရန် ဆွေးနွေး တင်ပြသည့် လေသံကိုသာ သုံးလေ့ရှိသည်။ မိမိ အမြင်သာ မှန်ရမည်ဟု တယူသန်ဆိုလေ့မရှိပေ။ ဇာတိမာန်စာဆို ဆရာလွန်း၏ စာများကို သုံးသပ်ရာ၌မူ ပြတ်သားသောလေသံကို သုံးသည်။ ထိုအမြင်ကို "ထိုစာများသည် မြန်မာတိုင်းသူ ပြည်သားတို့၏ လွတ်လပ်ရေး ကြိုးပမ်းမှု စိတ်ဓာတ်ကို မြှင့်တင်ပေးရာတွင် ခရီးရောက်ခဲ့သော စာများဖြစ်သည်ဟု မုချဆိုနိုင်သည်။"[၂] ဟူသော သုံးသပ်ချက်တွင်တွေ့နိုင်သည်။ ဆရာကြီး၏ စာပေဂုဏ်ရည်နှင့် စေတနာကို တန်ဖိုးဖြတ်ရာ၌လည်း "ထို့ကြောင့် ဆရာကြီးအား ဇာတိမာန်စာဆို ဟူ၍လည်းကောင်း၊ ဆရာကြီး၏ စာများသည် မြန်မာစာပေသမိုင်း၊ ကဗျာပိုင်းတွင် တစ်မျိုးတစ်ဖုံ ထူးခြားသည်ဟူ၍လည်းကောင်း ဆိုခဲ့ခြင်းဖြစ်ပါသည်"[၃] ဟု ပြတ်ပြတ်သားသား တင်ပြခဲ့သည်။

ဆရာကြီး၏ လေးချိုးကြီးများသည် ဇာတိမာန်ကို လှုံ့ဆော်ပေးနိုင်စွမ်း ရှိသည်။ ဆရာကြီးသည် မျိုးချစ်စိတ်ကို အခြေခံ၍ ခေတ်ကိုဖြတ်သန်းရင်း ခံစားမှုအမျိုးမျိုး ဖြစ်ပေါ်လာရာမှ ပေါက်ဖွားခဲ့ခြင်းဖြစ်သည်။ ထိုခံစားမှုတို့ကြောင့် ရသမြောက်စာပေများ ဖြစ်နေပြီးလျှင် စာဖတ်သူ တို့အားလည်း ရသခံစားမှု အမျိုးမျိုးကို ပေးနိုင်ခြင်းဖြစ်ကြောင်း သုံးသပ်ထားသည်။ ထိုအမြင်ကို "တဖန် ဆရာကြီးသည်

---

[၁] ဇော်ဂျီနှင့် မင်းသုဝဏ်၊ ၂၀၁၅၊ ၁၃၉။

[၂] –ယင်း၊ ၁၃၁။

[၃] –ယင်း–။

ပုထုဇဉ်တို့၏ သဘာဝအတိုင်း အားတက်လျှင် အားတက်သည့် အလျောက်၊ စိတ်ပျက်လျှင် စိတ်ပျက်သည့်အလျောက်၊ ကြေကွဲလျှင် ကြေကွဲသည့်အလျောက်၊ စိတ်နောက်ကိုယ်ပါ စာဖွဲ့တတ်သည်ဖြစ်ရာ ထိုစာများသည် တိုင်းပြည်၏ မျက်စိကို ဖွင့်ပေးခဲ့သည်ဟု ယူဆသည်။”[၁]ဟု ဖော်ပြခဲ့သည်။ ဆရာဇော်ဂျီသည် ဆရာကြီးအား တိုင်းကျိုးပြည်ပြု ကဗျာများကို ရေးဖွဲ့စေသည့်ခေတ်နှင့် ခံစားမှုများကို ဆက်စပ်တင်ပြထားရာ အပြင်ဝေဖန်ရေး ဘက်သို့ အလေးကဲသည်ဟု ဆိုရပါမည်။

## ၃၊ ၁၀။ ထားဝယ်တေးဟောင်းများ

ထားဝယ်တေးဟောင်းများ ဆောင်းပါးတွင် ထားဝယ်ဒိန်းသံ သီချင်းများ၏ သဘောသဘာဝကို သုံးသပ်ပြထားသည်။ ဒိန်းသံသီချင်းများသည် မြန်မာလူထုသာမက ထိုင်းလူထု၊ ပသျှူးလူထု၊ အင်ဒိချိုင်းနားလူထု၊ စူမတြား၊ ဂျာဝါးစသော အင်ဒိုနီးရှားလူထုတို့ကလည်း အလွယ်တကူ နားလည် နှစ်သက်ကြပုံတို့ကို ယူဆပြထားသည်။

ထားဝယ်ဘက်၌ ယခုထက်တိုင်ပြောဆိုသော မြန်မာစကားသံအချို့သည် ရှေးခေတ် ပုဂံကောင်းစားစဉ်က ရေးသားခဲ့သော မြန်မာစကားအချို့နှင့်တူကြောင်း အနည်းငယ် ဖော်ပြထားသည်။ ထူးဆန်းသော အချက်တစ်ခုဖြစ်သည့် မြန်မာတို့ ပြောဆိုအသံထွက်သော ပင့်သံရစ်သံအစား ယခုအခါ ထားဝယ်စကား အချို့၌လည်းကောင်း၊ ရှေးခေတ် ပုဂံကျောက်စာ အချို့၌ လည်းကောင်း၊ ‘လ’သံကို ထည့်ထားခြင်းဖြစ်ကြောင်း၊ပင့်သံဖြစ်သော ‘ကျောင်း’ကို ‘ကလောင်း’ ဟူ၍လည်းကောင်း၊ ရစ်သံဖြစ်သော ‘မြေ’ ကို ‘မလေ’ ဟူ၍လည်းကောင်း ထားဝယ်ဘက်၌ ရွတ်ဆို အသံထွက်ကြောင်းကို ပုဂံကျောက်စာ အကိုးအကားများဖြင့် သုံးသပ်ထားသည်။

စာရေးသူသည် ထားဝယ်ဘက် မြိတ်ဘက်ရှိ အချို့သော ဒေသများတွင် ယခုတိုင်အောင် ဒိန်းကြသေးသည်ဟုဆိုသော ရှေးဟောင်းတေးကဗျာသီချင်းများကို သုံးသပ်ပြရုံသာမက ရှေးမြန်မာတို့၏ စိတ်အခြေအနေကို တွေးဆပြထားသည်။ ရှေးဟောင်းဒိန်းသံ တေးကဗျာတို့ကို ရှာဖွေစုဆောင်းသင့်ကြကြောင်း၊ ထိုတေးကဗျာများကို ဖတ်ရှု သီဆိုရခြင်းသည်လည်း မိမိတို့ အမျိုးသား၏ ရှေးကာလခေတ်ဟောင်းက ယူပုံ ဆပုံ၊ တမ်းတပုံ ပျော်ရွှင်ပုံ စသည်တို့ကို သတိရကာ စိတ်ကြည်လင်ရွှင်လန်းခြင်း ဖြစ်နိုင်ကြောင်း အကျိုးသင့် အကြောင်းသင့် ဖော်ပြကာ အကြံဉာဏ်ပေးထားသည်။

---

[၁]–ယင်း၊ ၁၃၃။

ထားဝယ်တေးဟောင်းများဆောင်းပါးတွင် ဇော်ဂျီသည် မြန်မာတေးဂီတတွင် ထင်ရှားသည့် ထားဝယ်ဒိန်းသံသီချင်း၏ သဘောသဘာဝတို့အပေါ် ခံစားတွေးမြင်မိသည့် သူ့စာပေအမြင်ကို သုံးသပ်တင်ပြထားသည်။ မြန်မာ၊ ယိုးဒယား၊ အင်ဒိုနီးရှားပြည်သူ စသည်တို့လည်း နားလည်နှစ်သက်နိုင်သည့် မိုးခေါ်ဒိန်းသံတို့၏ အရသာအမျိုးမျိုး၊ ကျွဲကျောင်းရင်းသီဆိုသည့် အလွမ်းတေး၊ ဘုရားပွဲများတွင် အပျို၊ လူပျိုတို့ ချိတ်ကာ စောင်းကာ ဖိုမသံပစ်ကြသည့် အလွမ်းတေးများကိုလည်း ကဏ္ဍခွဲပြထားသည်။ ထားဝယ်မြိတ်ဘက်တွင် သီဆိုလေ့ရှိသည့် ရှေးဟောင်းဒိန်းသံ တေးကဗျာများကို မပျောက်ပျက် မတိမ်ကောစေလိုသော စေတနာ ရည်ရွယ်ချက်ဖြင့်လည်း ဒိန်းသံသီချင်းအကိုးအကားများဖြင့် နှိုင်းယှဉ်ဆန်းစစ်ပြ၊ အဓိပ္ပာယ် ပြန်ဆိုပြကာ စာဖတ်သူတို့ စိတ်ဝင်စားလာအောင် သုံးသပ်ပြထားသည့် ယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါးတစ်ပုဒ်ဖြစ်သည်။

## ခြုံငုံသုံးသပ်ချက်

စာပေလောကစာအုပ်ပါ ဆောင်းပါးများတွင် ဆရာဇော်ဂျီသည် ရှေးဟောင်းကျောက်စာ၊ တောလား ကဗျာ၊ ရတု၊ အရေးတော်ပုံစကားပြေ၊ ဝတ္ထု၊ တေးသီချင်း စသည့် စာပေအဖွဲ့ပုံစံ အမျိုးမျိုးကို လေ့လာ တင်ပြထားပါသည်။ ထိုစာပေအမြင်ဆိုင်ရာ ဆောင်းပါးများတွင် စာပေလေ့လာမှုနှင့် ပတ်သက်သည့် စာရေးသူ၏ အမြင်များကို တွေ့ရသည်။

စာပေလောကဆောင်းပါးများ စာအုပ်တွင် ဆရာမင်းသုဝဏ်သည်လည်း ကာချင်း၊ ပျို့၊ ရတု၊ တျာချင်း၊ ရကန်နှင့် ရှေးသူဟောင်းတို့၏ဖြစ်စဉ် စသည်တို့ကို လေ့လာ သုံးသပ်ထား ပါသည်။

ဆရာဇော်ဂျီနည်းတူ ဆရာမင်းသုဝဏ်၏ စာပေအမြင်တို့ကို နှိုင်းယှဉ်လေ့လာရာတွင် ဆရာမင်းသုဝဏ်သည် ဆောင်းပါးများကို ဝေဖန်သုံးသပ်ရာတွင် စာဆို၊ စာနှင့် ခေတ် အခြေအနေတို့ကို အတွင်းဝေဖန်ရေးသာမက အပြင်ဝေဖန်ရေးအမြင်ဖြင့်လည်း သုံးသပ်သည်။ သို့သော် အတွင်းဝေဖန်ရေးအမြင် အလေးကဲသည်ဟု ယူဆပါသည်။ ဆရာမင်းသုဝဏ်သည် ဆောင်းပါး (၁၁)ပုဒ်ကို တင်ပြရာ၌ စာဖတ်သူနားဝင်လက်ခံလာအောင် ခံစားသက်ဝင်သည့်၊ ဆွေးနွေး ည□ိနှိုင်းသည့်လေသံဖြင့် သုံးသပ်ပြသည်။ နူးညံ့လှပသည့် စကားအသုံးအနှုန်း၊ ရိုးရှင်းပြေပြစ်သည့် ဝါကျတို့ဖြင့် တင်ပြသည်။ ရာဇဝင်ကြောင်း၊ ရှေးစာဆိုကြီးများအကြောင်း၊ စာပေအကြောင်းတို့ကို တင်ပြရာ၌ ခြေခြေမြစ်မြစ် ရှင်းလင်းတင်ပြဟန်၊ အသေးစိတ်

ဆွေးနွေးတင်ပြပြဟန်တို့ကို တွေ့ရ သည်။ ရှေးစာဆိုကြီးများ၏ စာစပ်ပုံ၊ ပညာဉာဏ်ကြီးပုံနှင့် လောကအမြင်ကို မြင်တတ်၊ ကြားတတ်၊ ခံစားတတ်၊ တင်ပြတတ်ပုံတို့ကို စာဖတ်သူ နားလည်လာအောင် ဝေဖန်ရေးအမြင်သာမက ဗဟုသုတပါ ရရှိအောင် တင်ပြနိုင်သည်။ အထူးသဖြင့် မြန်မာ့လယ်ယာမြေ၊ မြန်မာ့စပါး၊ ကျွဲ၊ နွား စသည်တို့ကို နှစ်သက်မြတ်နိုးစိတ် ချစ်ခင်စိတ်နှင့် တောင်သူလယ်သမား၊ လှေသမား၊ ကောက်စိုက်သမလေးများ စသည်တို့ကို စာနာစိတ် လေးစားစိတ်တို့ကို တွေ့ရှိရသည်။

ဆရာဇော်ဂျီသည် သူနှစ်သက်ရာ စာဆိုတို့၏ စာပေများကို တင်ပြရာ၌ စာအပေါ်၌ ဝေဖန်ဆန်းစစ်သည့် သဘောသက်သက်သာမက စာပေပေါက်ဖွားလာရသည့် ခေတ်စနစ်၊ ပတ်ဝန်းကျင်၊ ရေမြေတောတောင်သဘာဝ အခြေအနေ၊ ထိုအခြေအနေတို့အပေါ် စာဆို၏ခံစားမှု၊ တုံ့ပြန်မှု၊ ဖန်တီးမှုတို့ကို ခြေခြေမြစ်မြစ် တွေးတောကြံဆပြသည်။ စာဆိုနှင့် ပတ်ဝန်းကျင်ကို ဆက်စပ်ပြသည့် အပြင်ဝေဖန်ရေး(ဝါ) အဆက်အစပ် ဝေဖန်ရေးကို သုံးထားသည်ကို တွေ့ရ သည်။ ခံစားမှု အလေးပေးသည့်၊ ဝေဖန်ရေးလည်းပါသည့် စာပေလေ့လာသူတို့အား စာပေအမြင် ရလာအောင် ဆက်စပ်တွေးတောပုံ၊ ခံစားပုံ၊ တန်ဖိုးဖြတ်ပုံတို့ကို အသိပေးလမ်းညွှန် တင်ပြသည့် သဘောများ ပါဝင်သည်ကို တွေ့ရသည်။ စာတစ်ပုဒ်ကို လေ့လာရာတွင် အတွင်းဝေဖန်ရေးအမြင် အရေးပါသကဲ့သို့ အပြင်ဝေဖန်ရေးနှင့် ဆက်စပ်လေ့လာမှုကလည်း အရေးပါသည်ဟူသော အတွေးကို ပေးထားသည်။ ဆရာဇော်ဂျီ၏ စာပေသဘောတရားအမြင်များတွင် စာဆို့ခံစားချက်၊ ခံစားချက်ကို ဖြစ်ပေါ်စေသော ပတ်ဝန်းကျင်၊ ဖန်တီးမှု အတတ်ပညာ၊ အသင့်ယုတ္တိရှိမှု၊ စာဖတ်သူအား ရသခံစားမှု ပေးစွမ်းနိုင်အောင် ရေးသားနိုင်မှုဆိုသည့် ရှုထောင့်အမျိုးမျိုးကို ပေါင်းစပ်လေ့လာနည်းကို လမ်းပြထားပါသည်။ စာ၏အနှစ်အရသာကို ထဲထဲဝင်ဝင် ခံစား နိုင်စေသည့် စာပေအမြင်လမ်းညွှန်ဆောင်းပါးများဟု ထင်မြင်မိပါသည်။

## နိဂုံး

ဆရာဇော်ဂျီသည် စာပေလောကတွင် စာပေအဖွဲ့ ပုံစံအမျိုးမျိုးကို ရေးဖွဲ့ခဲ့သည့် မျိုးချစ်စာဆိုတစ်ဦးဖြစ်သည်။ စာဆိုသည် မိမိ၏စာပေအမြင်များကို သုံးသပ်တင်ပြရာ၌ မိမိ ကဲ့သို့ပင် မျိုးချစ်စိတ် ထက်သန်သော စာဆိုများကို ဦးစားပေးရွေးချယ်၍ တန်ဖိုးဖြတ် ထားသည်ကို တွေ့ရသည်။ ဆရာဇော်ဂျီ လေ့လာတင်ပြသော စာပေသဘောတရားတင်ပြဟန်မှာ သိမ်မွေ့နက်ရှိုင်းသည်။ ထိုသို့သော

စာပေသဘောတရားအမြင်ပါသည့် ဆောင်းပါးများကို လေ့လာခြင်းဖြင့် စာပေ၏ အနှစ်သာရကို ပိုမိုခံစားနိုင်လိမ်မည်ဟု ထင်မြင်မိသည်။

## ကျမ်းကိုးစာရင်း


ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၀၉)။ ***စကားပြေသဘောတရား စကားပြေအတတ်ပညာ***။***ပဋ္ဌမအကြိမ်***၊ ရန်ကုန်၊ မြနန္ဒာစာအုပ်တိုက်။

ဇော်ဂျီနှင့် မင်းသုဝဏ်။ (၂၀၁၅)။ ***စာပေလောက***။ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

ဇော်ဇော်အောင်။ (၂၀၁၅)။***စာပေသဘောတရားနှင့်ဝေဖန်ရေးအခြေခံကျမ်း***။ရန်ကုန်၊ စိတ်ကူးချိုချိုစာအုပ်။

တင်ရွှေ၊ ဦး၊ပါမောက္ခ။ (၂၀၀၂)။ ***စာပေနှင့်စာပေသဘောတရားအဖွင့်***။ရန်ကုန်၊ ရွှေဝံစာအုပ်တိုက်။

ဒဂုန်တာရာနှင့် အခြား။(၁၉၈၆)။ ***ဝေဖန်ရေးစာပေစာတမ်းများ၊ ပတွဲ***၊ ရန်ကုန်၊စာပေဗိမာန်ပုံနှိပ်တိုက်။

ထီလာစစ်သူနှင့် အခြား။ (၁၉၈၆)။ ***ဝေဖန်ရေးစာပေစာတမ်းများ၊ ဒုတွဲ***၊ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

ဘသောင်း၊ ဗိုလ်မှူး။ (၂၀၀၂)။ ***စာဆိုတော်များအတ္ထုပ္ပတ္တိ***။***ပဋ္ဌမအကြိမ်*** ၊ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

ဘုန်းနိုင်၊တက္ကသိုလ်။ (၁၉၉၄)။ ***ခပ်သိမ်းကလျာရှုဖွယ်သာတည်း၊ပတွဲ***၊ ရန်ကုန်၊ရာကျော်ပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၀၈)။ ***မြန်မာအဘိဓာန်။*** ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

# pmayavmuaqmif;yg;rsm;rS aZmf*sD\pmaytjrif

## jrefrmekdifiH0dZÆmESifh odyÜHynm&SiftzGJU
## wpfq,fhckepfBudrfajrmuf
## okawoepmwrf;zwfyGJokdY wifoGif;onfhpmwrf;

**opfopfvGif**

**BA(Hons;), MA, PhD**

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စာတမ်းအကျဉ်း | |
| | နိဒါန်း | |
| ၁။ | စာရေးသူ၏အတ္ထုပ္ပတ္တိအကျဉ်း | ၁ |
| ၂။ | စာပေသမိုင်း၊စာပေသဘောတရား၊ စာပေဝေဖန်ရေး | ၂ |
| ၃။ | စာပေလောကဆောင်းပါးမှ ဇော်ဂျီ၏စာပေအမြင် | ၅ |
| ၃၊ ၁။ | မြစေတီကျောက်စာ | ၅ |
| ၃၊ ၂။ | တောရကျောင်းပျော်ရှင်ဥတ္တမကျော် | ၆ |
| ၃၊ ၃။ | ရခိုင်စာဆိုတော်ဦးကာဗျာန် | ၇ |
| ၃၊ ၄။ | မွန်ဝန်ကြီးနှင့်မြန်မာစကားပြေ | ၈ |
| ၃၊ ၅။ | နတ်ရှင်နောင်နှင့်ကုလီသဘင် | ၉ |
| ၃၊ ၆။ | အရေးတော်ပုံစာဆို | ၁၀ |
| ၃၊ ၇။ | မန္တလေးခေတ်တေးကဗျာများ | ၁၁ |
| ၃၊ ၈။ | ဦးလတ်နှင့် ရွှေပြည်စိုးဝတ္ထု | ၁၃ |
| ၃၊ ၉။ | ဇာတိမာန်စာဆိုဦးလွန်း | ၁၄ |
| ၃၊ ၁၀။ | ထားဝယ်တေးဟောင်းများ | ၁၅ |
| | ခြုံငုံသုံးသပ်ချက် | |
| | နိဂုံး | |

# ဆင်ဖြူရှင်မင်းတရားကြီးဘုရားအရေးတော်ပုံသမိုင်းတော်တင်ပြပုံ

နွယ်နွယ်လတ် *

**စာတမ်းအကျဉ်း**

ဤစာတမ်းကို ကုန်းဘောင်ခေတ် အရေးတော်ပုံကျမ်း ရေးသား တင်ပြဟန်ကို ဖော်ထုတ်လိုသော ရည်ရွယ်ချက်ဖြင့် လေ့လာ တင်ပြထားပါသည်။ စကားပြေ ရေးဟန်ရှုထောင့်မှ လေ့လာ တင်ပြ ထားပါသည်။ ကုန်းဘောင်ခေတ်စာဆို လက်ဝဲနော်ရထာရေးသားသော "ဆင်ဖြူရှင်မင်းတရားကြီးဘုရား အရေးတော်ပုံသမိုင်းတော်" ကျမ်းကို အကြောင်းအရာ တင်ပြပုံနှင့် ရေးဖွဲ့တင်ပြပုံတို့ကို ခွဲခြား၍ လေ့လာတင်ပြထားသည်။ ရှေးဦးစွာ အရေးတော်ပုံသဘောကို အကျဉ်းမျှဖော်ပြပြီး လက်ဝဲနော်ရထာ၏ အတ္ထုပ္ပတ္တိကို အကျဉ်းဆုံး ဖော်ပြထားသည်။ ထို့နောက် အကြောင်းအရာ တင်ပြပုံကို စကားပြေ ဖွဲ့စည်းပုံသဘောအရ တင်ပြထားပါသည်။ ရေးဖွဲ့တင်ပြပုံကို ဝါကျဖွဲ့ပုံ၊ စကားလုံးသုံးနှုန်းပုံတို့ဖြင့် ခွဲခြမ်း စိတ်ဖြာလေ့လာ တင်ပြထားပါသည်။ ခေတ်ပြိုင်စာဆို၏ အရေးအသားကို လေ့လာခြင်းဖြင့် ကုန်းဘောင်ခေတ် စကားပြေရေးဟန်ကို အနီးကပ်ဆုံး တွေ့နိုင်မည်ဟု ယူဆပါသည်။

**သော့ချက်စကားလုံး**။ ။ အရေးတော်ပုံ၊ မင်းခမ်းတော်၊ ရေးဟန်၊ မှတ်တမ်း၊ ပုံစံတူဝါကျ။

## နိဒါန်း

မြန်မာမင်းများလက်ထက်က မင်းတစ်ပါး၏ထီးနန်းအာဏာရရှိရေးကြိုးပမ်းချက်၊ တိုင်းပြည် ထူထောင်ပုံ၊ အာဏာတည်မြဲဖြန့်ကျက်နိုင်ရေး ကြိုးပမ်းချက်၊ သာသနာရေး ဆောင်ရွက်ချက်များကို မှတ်တမ်းတင်ထားသည်မှာ အရေးတော်ပုံကျမ်းများပင်ဖြစ်သည်။ ဆင်ဖြူရှင်မင်းတရားကြီးဘုရား အရေးတော်ပုံသမိုင်းတော်ကျမ်းသည် ပညာရှင်များ သတ်မှတ်ထားသည့် မြန်မာမင်းများ၏ အရေးတော်ပုံကျမ်း ၆ စောင်တွင် မပါဝင်ပေ။ ဤစာတမ်းတွင် ဆင်ဖြူရှင်မင်းတရားကြီးဘုရား၏ အရေးတော်ပုံသမိုင်းတော်ကျမ်းတင်ပြပုံကို လေ့လာရာတွင် အကြောင်းအရာတင်ပြပုံနှင့် ရေးဖွဲ့ တင်ပြပုံတို့ဖြင့် စိစစ်တင်ပြသွားပါမည်။

---

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ဘားအံတက္ကသိုလ်။

## ၁။ အရေးတော်ပုံသဘော

အရေးတော်ပုံဟူသော ဝေါဟာရကို မြန်မာအဘိဓာန်တွင်–

> "၁။ နိုင်ငံမင်းတို့နှင့် ပတ်သက်သော စစ်ရေးသမိုင်း၊
>
> ၂။ တစ်နိုင်ငံလုံးနှင့်ဆိုင်သော။ တစ်မျိုးသားလုံးနှင့်ဆိုင်သော အရေးအခင်း"[၁]

ဟု ဖွင့်ဆိုထားပါသည်။

ပါမောက္ခဦးမောင်မောင်ကြီးက မြန်မာစကားပြေသမိုင်းတွင်–

> "အရေးတော်ပုံဆိုသည်မှာ မင်းတစ်ပါးနှင့်သာဆိုင်သော မင်းရေးကိစ္စ၊ မင်းအဖြစ်ကိုရအောင် ကြိုးပမ်းသောကိစ္စ၊ ရာဇပလ္လင်ပေါ် စံစားရေး တည်မြဲအောင် ကြိုးပမ်းသောကိစ္စ၊ လက်ရုံးရည်စွမ်းပြသောကိစ္စ၊ သူရဲကောင်းတို့ စွမ်းရည်ကိုဖော်ပြသော ရာဇဝင် အရေးအသားပင်ဖြစ်သည်။"[၂]

ဟူ၍ ဖွင့်ဆိုရှင်းပြခဲ့သည်။

ဆရာဇော်ဂျီက ရသစာပေအဖွင့်နှင့် နိဒါန်းတွင်–

> "အရေးတော်ပုံ ရာဇဝင်တို့၏သဘောသည် ဤသို့ဖြစ်သည်။ ထိုစာတို့သည် မြန်မာတိုင်းရင်းသားတို့၏ အတိတ်အဖြစ်အပျက်ကို ရေးခဲ့သောစာများဖြစ် သည်။ အထူးသဖြင့် မင်း၊ မိဖုရား၊ မင်းညီမင်းသား၊ အမှူးအမတ်တို့ အကြောင်းဖြစ်သည်။ ထိုပုဂ္ဂိုလ်တို့ လုံ့လပရောဂကြောင့် တိုင်းပြည်၌ မည်သို့ မည်ပုံဖြစ်ခဲ့သည် ဟူသော အကြောင်းဖြစ်သည်။"[၃]

ဟူ၍ ဖွင့်ဆိုရှင်းပြထားသည်။

ထို့ကြောင့် အရေးတော်ပုံကျမ်းသည် မြန်မာမင်းတို့၏ ထီးနန်းအာဏာ ရရှိရေးအတွက် ကြိုးပမ်းမှုများ၊ အာဏာတည်မြဲ ဖြန့်ကျက်နိုင်ရေးအတွက် ကြိုးပမ်းချက်များကို မှတ်တမ်းတင် ရေးဖွဲ့ထားသော စာပေဖြစ်သည်ဟု ဆိုနိုင်သည်။

---

[၁] *မြန်မာအဘိဓာန်* ၊ ၁၉၉၁၊ ၄၁၈။
[၂] မောင်မောင်ကြီး၊ ၁၉၈၃၊ ၁၄၇။
[၃] ဇော်ဂျီ၊ ၂၀၀၄၊ ၁၁၈။

အရေးတော်ပုံကျမ်းများသည် တစ်စောင်နှင့်တစ်စောင် ပုံသဏ္ဍာန်၊ ပါဝင်သည့် အကြောင်းအရာ အမျိုးအစားများ မတူကြပေ။ မင်းတစ်ပါးတည်း၏ အရေးတော်များကို ဖော်ပြသည့် ကျမ်းများရှိသကဲ့သို့ မင်းရိုးစဉ်ဆက် အရေးတော်ပုံများကိုဖော်ပြသည့် ကျမ်းများလည်းရှိသည်။ ဘုရင့်အရေး၊ နိုင်ငံအရေးအတွက် ဆောင်ရွက်ခဲ့ကြသော တိုက်ပွဲများအကြောင်းကို ဖော်ပြသည့် လက္ခဏာရပ်မှာ အထင်ရှားဆုံး ဖြစ်သည်။ အခြားအခြံအရံ အကြောင်းအရာများမှာ ကျမ်းပြုပုဂ္ဂိုလ်၏ စေတနာအလျောက် ပါဝင်တတ်သည်။

အရေးတော်ပုံကျမ်းများတွင် မင်းတို့၏ ထီးနန်းအာဏာ ရရှိရေးအတွက် ကြိုးပမ်းခဲ့ခြင်း၊ ထီးနန်းရရှိပြီးနောက် တော်လှန် ပုန်ကန်မှုများကို နှိမ်နင်းခြင်း၊ နိုင်ငံစည်းရုံး တည်ထောင်ခြင်းဆိုင်ရာ စစ်ရေးကိစ္စရပ်များကို မှတ်တမ်းတင်လေ့ ရှိသည်။ မဇ္ဈိမဒေသ အရေးတော်ပုံကျမ်း တည်းဖြတ်သူ ဦးလှထွန်းဖြူက—

> "အရေးတော်ပုံစစ်စစ်ကျမ်းများပါ အရေးတော်ပုံ၏ အခြေခံသဘော ဖြစ်သော
>
> (၁) ထီးနန်းအာဏာရရှိအောင် ဆောင်ရွက်ခြင်း။
> (၂) ရရှိထားပြီးသော ထီးနန်းအာဏာများကို မပျောက်မပျက် အောင် ထိန်း သိမ်းခြင်း
> (၃) ထီးနန်းအာဏာရရှိပြီးသူများကို ပုန်ကန်ကြခြင်း၊ ပုန်ကန်မှုကို နှိမ်နင်း ခြင်း
> (၄) ပိုင်နက်နယ်မြေ ကျယ်ဝန်းရေးအတွက် စစ်ပွဲများဆင်နွှဲခြင်း"[၁]

ဟူ၍ အရေးတော်ပုံကျမ်း၏ သဘောသဘာဝကို စိစစ်ဖော်ထုတ်ပြခဲ့သည်။

ထိုအချက်များသာမက ကျမ်းပြုပုဂ္ဂိုလ်၏စေတနာအလျောက် အခြားအကြောင်းအရာများလည်း ပါဝင်တတ်သည်။ သာဓကဆိုရသော်–ဧည့်ဝတီအရေးတော်ပုံတွင်–

> "အမျိုးကို စောင့်ထိန်းတော်မူသော မင်းနှင့်အမတ်တို့ ထုံးဥပဒေများကို ပညာရှိစကား မတိမ်စေရာ၊ ရှေးဘုရားအလောင်းသူတော်ကောင်းတို့ မှာလည်း ကောင်းသော မင်္ဂလာစကားကို အရှည် တည်စေရာသည်။ ကျမ်းဂန်မှာ ရှိသည့်အတိုင်း မင်းကောင်း အမတ်ကောင်းတို့ ထုံးကို အက္ခရာ ပီပြင်စွာဖြင့်

---

[၁] လှထွန်းဖြူ၊ ၁၉၉၈၊ စေ။

ရေးသားကောက်နုတ်၍ ကမ္ဘာတည်သမျှ မင်းကောင်း၊ အမတ်ကောင်း၊ သူတော်ကောင်းတို့ မှတ်သားဖွယ်ထားပေအံ့"[၁]

ဟူ၍ ဖော်ပြထားသည့် ရည်ရွယ်ချက်အတိုင်း အမတ်မဟာပညာကျော်၏ လျှောက်ထုံး ဖြတ်ထုံး များကို အခြားအရေးတော်ပုံကျမ်းများနှင့် ခြားနားစွာ ထည့်သွင်း ဖော်ပြထား သည်။

မဇ္ဈိမဒေသ အရေးတော်ပုံကျမ်း နိဒါန်းတွင်လည်း–

"အနောက်ကုလားပြည်၊ ဘင်္ဂလား၊ ကာလကတ္တား၊ ဂုမ္ပဏီစစ်သူကြီးတို့နှင့် အရေးရှိသမျှ အကြောင်းတို့ကိုလည်းကောင်း၊ မဇ္ဈိမတိုင်းပြည်သို့ အရည် ပညာရှိသသော မှူးတော်မတ်တော်တို့ကို စေလွှတ်တော်မူ၍ အနောက်ပြည် မင်းတို့နှင့် စကားအရေးကြောင်း သင့်တင့်လျှောက်ပတ်စွာ မနိမ့်မမြင့်စေရ ပြောဆိုပြီးမှ ပိဋကတ်ကျမ်းဂန်စာပေ၊ ကျောက်သံပတ္တမြား၊ စိန်ကောင်း မြကောင်း၊ သေနတ်ထည်မျိုး၊ အုပ်မျိုးကောင်းမွန်စွာများနှင့် မဇ္ဈိမဒေသတိုင်း ဗာရာဏသီပြည့်ရှင် ခတ္တိယသေနမင်း အမျိုးတော်ဖြစ်သော မင်းသမီးကို ရွှေဖဝါးတော်အောက် ဆောင်ယူပို့ဆက်ရသော အကြောင်းအရာများကို ထင်ရှားစွာ ထုံးရာဇဝင် စာတမ်းထားသည်တည်း"[၂]

ဟူ၍ ဖော်ပြထားသည်။ ပညာရှိမှူးမတ်တို့၏ ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများကို ရာဇဝင်တွင်ရစ်အောင် ထားခဲ့လို၍ ရေးသားခြင်းဖြစ်ကြောင်း ရည်ရွယ်ချက်ကို ဖော်ပြထားသည်။ ထိုရည်ရွယ်ချက်အတိုင်းပင် ကျမ်းပြုပုဂ္ဂိုလ်ကိုယ်တိုင် ပါဝင် ဆောင်ရွက်ခဲ့သော ဘင်္ဂလား၊ ကာလကတ္တား၊ ဂုမ္ပဏီ စစ်သူကြီးတို့နှင့် စကားဆို၍ အောင်မြင်ခဲ့သော အရေးကိစ္စများကို မှတ်တမ်းတင်ရာတွင် ကျမ်းစာရေးကူးခြင်း အကြောင်းလည်း ပါဝင်လာခဲ့သည်။

ထို့ကြောင့် အရေးတော်ပုံကျမ်းများတွင် မင်းနှင့်သက်ဆိုင်သော နိုင်ငံနှင့် သက်ဆိုင်သော စစ်ရေးစစ်ရာများ ပါဝင်သလို ကျမ်းပြုသူ၏စေတနာအလျောက် အခြားအကြောင်းအရာများ ပါဝင်လာတတ်သည်ဟု ဆိုရပေသည်။

---

[၁] ရခိုင်ဆရာတော်၊ ၁၉၆၇၊ ၁၀။

[၂] ဇေယျကျော်ထင်၊ ၁၉၉၈၊ ၆၄။

## ၂။ လက်ဝဲနော်ရထာ

'ဆင်ဖြူရှင်မင်းတရားကြီး အရေးတော်ပုံသမိုင်းတော်' ကို ရေးသားသော အတွင်းသေနာပတိ အမတ်မင်း လက်ဝဲနော်ရထာသည် တနင်္ဂနွေမင်းတရားကြီး လက်ထက်တွင် မုံရွာမြို့နယ်အပါအဝင် မုံရွာမြို့၏ အရှေ့တောင်ယွန်း မုံရွေးရွာ၌ သက္ကရာဇ် ၁၀၈၅ ခုနှစ် ဝါဆိုလတွင် ဖွားမြင်သည်။ အမည်ရင်းမှာ ဦးမြတ်သာနေ ဖြစ်သော်လည်း မုံရွေးမှပုဂ္ဂိုလ်များက အဖျားဆွတ်၍ ဦးနေဟူ၍ လည်းကောင်း၊ ဦးမြတ်သာ ဟူ၍လည်းကောင်း ခေါ်ကြသည်။ ဦးမြတ်သာနေသည် မင်းအဆက်ဆက်တွင် ဘွဲ့(၁၁)ဘွဲ့ဖြင့် ချီးမြှင့်သူကောင်းပြုခြင်းခံရသော ပညာရှိအမတ်ကြီး ဖြစ်သည်။

မင်းဆက် (၆)ဆက်တိုင်တိုင် ဘွဲ့ထူးအမျိုးမျိုးဖြင့် ချီးမြှင့်ခံခဲ့ရသော ပညာရှိအမတ်ကြီး ဦးမြတ်သာနေသည် သက္ကရာဇ် ၁၁၅၃ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။[၁]

## ၃။ ဆင်ဖြူရှင်မင်းတရားကြီးဘုရားအရေးတော်ပုံသမိုင်းတော်

ဆင်ဖြူရှင်မင်းတရားကြီး အရေးတော်ပုံသမိုင်းတော်ကို လက်ဝဲနော်ရထာဘွဲ့ခံ ဦးနေက စီရင် ရေးသားခဲ့သည်။ ပေမူမှတစ်ဆင့် ကူးရေးထားသော လက်ရေးမူကို ဦးကျော်ဆွေဦးက တည်းဖြတ် ပြုစုထားခြင်းဖြစ်သည်။ ထွန်းဖောင်ဒေးရှင်း စာမူဆု (ရှေးဟောင်းကျမ်းဘာသာရပ်) ရရှိခဲ့သော ကျမ်းဖြစ်သည်။ ထွန်းဖောင်ဒေးရှင်းဘဏ် စာပေကော်မတီက ၂၀၁၂ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။ တည်းဖြတ်သူ ဦးကျော်ဆွေဦးသည် AN ASSESSMENT OF LETWE NAWRAHTA U NE'S MINGAN SARDANDAWGYI (ROYAL CEREMONIES AND ETIQUETTE) ကျမ်းဖြင့် ပါရဂူဘွဲ့ကို ၂၀၁၃ ခုနှစ်တွင်ရခဲ့သည်။ ယခုအခါ ရေနံချောင်းဒီကရီကောလိပ်သမိုင်း ဌာနတွင် တွဲဖက်ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

ကုန်းဘောင်ခေတ်ဦး ဗဒုံမင်းလက်ထက် အစောပိုင်းကာလ (၁၇၈၂—၁၇၈၆) တွင် မင်း၏ နိုင်ငံပြုရေး လှုပ်ရှားရုန်းကန်ရမှုများ၊ မင်းခမ်းမင်းနား ကျင်းပမှုများကို အသေးစိတ်မှတ်တမ်း တင်ထားသောကျမ်းဖြစ်သည်။ ကုန်းဘောင်ခေတ်ဦး စာပေနယ်တွင် လက်ဝဲနော်ရထာ ဦးနေကို ခေတ်ပြိုင်စာဆိုတစ်ဦးအသွင်ဖြင့်ထင်ရှား ပေါ်လွင်လာစေရန် ဆင်ဖြူရှင်မင်းတရားကြီးဘုရား အရေးတော်ပုံသမိုင်းတော်ကျမ်းကို သတိထားမိကြပြီး ဗဒုံမင်းလက်ထက် သမိုင်းဖြစ်စဉ်လေ့လာရာတွင် အားကိုးရသော အရေးတော်ပုံကျမ်းတစ်ကျမ်းအဖြစ် လက်ခံလာကြစေရန် ရည်ရွယ်ကြောင်း တည်းဖြတ်သူက ဆိုပါသည်။

---

[၁] ခင်မင်၊ **မောင်** (ဓနုဖြူ)၊ ၂၀၀၂၊ ၁၃၈–၁၄၁။

သမိုင်းဖြစ်စဉ်အနေဖြင့် မရှင်းလင်းသည်များ ကွဲလွဲနေသည်များကို အောက်ခြေမှတ်စု၊ နောက်ဆက်တွဲတို့ဖြင့် ရှင်းလင်းပြင်ဆင်ချဲ့ထွင် နှိုင်းယှဉ်တင်ပြထားသည်ကိုလည်း တွေ့ရသည်။

လက်ဝဲနော်ရထာ၏ ကျမ်းဦးနိဒါန်းတွင်–

> "ဆင်ဖြူရှင် မင်းတရားကြီးဘုရား အရေးတော်ပုံ သမိုင်းတော်ကို သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်အညွန့် အဓွန့်ရှည်စွာ ဥဒါန်းမော်ကွန်း ထွန်းစေကြောင်းနှင့် စီရင်ပေအံ့"

ဟု ဖော်ပြထားရာစာဆိုက 'ဆင်ဖြူရှင်မင်းတရားကြီးဘုရား အရေးတော်ပုံသမိုင်းတော်' ဟု အမည်ပေးခဲ့သည်။

ကျမ်းပြီးနိဂုံးတွင်—

> "အမရပူရ ပထမမြို့တည် နန်းတည် မင်းတရားကြီး ၁၁၄၃ ခုနှစ် ရွှေထီးရွှေနန်း တက်သိမ်း စံပယ်တော်မူသည်က ၁၁၄၈ ခုနှစ်တိုင် အတ္ထုပ္ပတ္တိကိုဆိုရာ ဖြစ်သော မင်းခမ်းစာတမ်းတော်ကြီး"

ဟူ၍ ရေးသားထားသည်။ 'မင်းခမ်းစာတမ်းတော်ကြီး' ဟု ပေမူကူးသူက ခေါင်းစီးတပ်ခဲ့သည်ဟု ယူဆဖွယ်ရှိသည်။ မုဒ္ဒာဘိသေကအခမ်းအနား၊ ရာဇာဘိသေက မင်းခမ်းမင်းနား ကျင်းပပုံများကို လုပ်ထုံး လုပ်နည်းများနှင့် လုပ်ငန်း အဆင့်ဆင့်ကို အသေးစိတ်ရေးသားထား၍ 'မင်းခမ်းစာတမ်းတော်ကြီး' ဟု ဆိုခြင်းဖြစ်ပေမည်။

## ၄။ ဆင်ဖြူရှင်မင်းတရားကြီးဘုရားအရေးတော်ပုံသမိုင်းတော်ကျမ်းတင်ပြပုံ အကြောင်းအရာတင်ပြပုံ

ဤအရေးတော်ပုံကျမ်းတွင် ဗဒုံမင်းသား ထီးနန်းသိမ်းပိုက်သည့် သက္ကရာဇ် ၁၁၄၃ ခုနှစ်မှ သက္ကရာဇ် ၁၁၄၈ ခုနှစ်အတွင်း အဖြစ်အပျက်များကို မှတ်တမ်းတင်ထားသည်။

ဗဒုံမင်း၏ နန်းတက်တော်မူပြီး ပုန်ကန်မှုများ နှိမ်နင်းခြင်းအကြောင်း၊ သာသနာရေး ဆောင်ရွက်ချက်များ၊ မြို့သစ်တည်ခြင်း၊ ရာဇာဘိသေကခံခြင်း၊ နန်းတော်သစ်တက်သိမ်းခြင်း၊ ထီးဆောင်းမင်္ဂလာ ဥကင်တော်ဖွင့်ခြင်း၊ ရွှေလွှတ်တော်သိမ်းခြင်း၊ ဗြဲတိုက်သိမ်း၊ မြို့သိမ်း ထွက်တော်မူခြင်း၊ အိမ်ရှေ့နှင်းခြင်းတို့ကို အသေးစိတ်မှတ်တမ်းတင်ထားသည်။ ထို့နောက် သက္ကရာဇ် ၁၁၄၅ မှ သက္ကရာဇ် ၁၁၄၆ ထိ ဆောင်ရွက်ချက်များ၊ အဖြစ်အပျက်များ ကိုလည်း ပြည့်စုံစွာ ဖော်ပြထားသည်။

ဆင်ဖြူတော်သိမ်းခြင်း၊ မဟာမုနိဘုရားရှင်တည်ခြင်း၊ ဇရပ်နှင့် ကျောင်းများ ပြုလုပ်လှူဒါန်းခြင်း၊ ကောင်းမှုတော်ပြုခြင်းများကိုပါ တိကျခိုင်မာစွာ ဖော်ပြထားသည်။

ကျမ်းပြုစာဆို လက်ဝဲနော်ရထာသည် ''အခွန့်ရှည်စွာ ဥဒါန်းမော်ကွန်းထွန်းစေလိုသည့် ရည်ရွယ်ချက်ဖြင့် နောင်လာနောက်သားတို့ သိစိမ့်သောငှာ၊ မှတ်သားစိမ့်သောငှာ မှတ်တမ်းတင် ရေးသားကြောင်းတွေ့ရသည်။ စစ်ရေးမက်ရေးထက် မင်းခမ်းတော်များအကြောင်း အလေးကဲနေသည်ကို တွေ့ရသည်။ ဆင်ဖြူရှင်မင်းတရား၏ ထီးနန်းသိမ်းပိုက်ခြင်းနှင့် ပုန်ကန်မှုများ နှိပ်ကွပ်ခြင်း၊ ဓညဝတီကို သိမ်းယူခြင်းတို့တွင်သာ စစ်မက်ရေးကိုတွေ့ရသည်။ အကျဉ်းမျှသာ တွေ့ရခြင်းဖြစ်သည်။ တိုက်ပွဲများအကြောင်းပါသည် ဆိုရုံမျှဖြစ်သည်။

ဆင်ဖြူရှင်သမီးတော် ကန်နီမင်းသမီး၊ ဟသ်ာတမင်းသမီး၊ မြေဒူးမင်းသမီးတို့ နားထွင်း ဆံတော်ထုံးမင်္ဂလာ၊ သားတော်စကုမင်းသားနှင့် ကာမမင်းသားတို့ နားထွင်း သျှောင်ထုံး၊ ဗောင်းဆင်ခြင်း၊ သကြ်န်တော်ခေါ်ခြင်းတို့ကို ခုနှစ်လရက် အချိန်နာရီ သာမက စန်းယှဉ်နက္ခတ်များနှင့်တကွ အတိအကျဖော်ပြသည်။ အဆင့်ဆင့်ပြုလုပ်ပုံ၊ လက်ဖွဲ့ပစ္စည်းစာရင်းကိုပါ တိတိကျကျ မှတ်တမ်းတင်ထားသည်။ အခမ်းအနား အခင်းအကျင်းအစီအရင်များကိုမူ မဖော်ပြဘဲ "အခင်းအကျင်း ပွဲသဘင်အစီအရင် အလုံးစုံမှာ စာတမ်းရှိပြီး" ဟူ၍သာ ဖော်ပြသည်။ ဆင်ဖြူရှင်မင်းတရားကြီး၏ သမီးတော်အငယ်မင်းမြေဒူး နားထွင်းဆံထုံးမင်္ဂလာပြုပုံကိုမူ အပြည့်အစုံ ဖော်ပြသည်။ မြို့သစ်တည်ခြင်း၊ ရာဇဘိသေကခံခြင်း၊ နန်းတော်သစ်တက်ခြင်း၊ ဥကင်တော်ဖွင့်ခြင်း စသည့် မင်းခမ်းတော်များကိုလည်း အဆင့်ဆင့်အသေးစိတ် မှတ်တမ်းတင်ထားသည်။

အမရပူရမြို့သစ်တည်ခြင်းအကြောင်းကို ရဟန်း၊ ပုဏ္ဏား၊ လူပညာရှိတို့နှင့် တိုင်ပင်ပုံ၊ သိုက်၊ တဘောင်၊ နိမိတ်များအရ မြို့ရာနန်းရာမြေကို ရှာဖွေကြည့်ရှုပုံမှစ၍ မြေပုံနှင့်အခါတော်ဆက်စေခြင်း၊ ပန္နက်ရိုက်ခြင်း၊ ပူဇော်မှုများ၊ ကြိုတင်ပြင်ဆင်ရမှုများ၊ မြို့တော်တည်ခြင်း၊ သံဃာတော်၊ ပုဏ္ဏား၊ ပုရောဟိတ်၊ ဆင်တော် မြင်းတော်တို့ကို တံဆိပ်ဘွဲ့ပေးခြင်း၊ နိုင်ငံတွင်းရှိ စေတီပုထိုးများကို ထီးတင်ခြင်းစသည့် မြို့တည်နန်းတည်ရာတွင် တစ်ပါတည်း ဆောင်ရွက်ချက်များကိုပါ မကျန်ရအောင် ဖော်ပြထားသည်။

မြို့တော်၏အကျယ်အဝန်း၊ တံခါး ၁၂ ပေါက် အမည်များ၊ တည်ရှိပုံ၊ အကျွာအဝေး၊ ကျုံးမြောင်းတည်ပုံ၊ နန်းတော် တည်ဆောက်ပုံတို့ကို အသေးစိတ် ဖော်ပြသည်။ မြို့တော်သိမ်းထွက်တော်မူခြင်း၊ မဟာသကြ်န်တော်ခေါ်ခြင်း ရာဇဘိသေကခံခြင်း အဆင့်ဆင့်ကိုလည်း အတိအကျ ဖော်ပြထားသည်။ မင်းခမ်း မင်းနားများ

အဆောင်အရွက်များကို နောင်းလူတို့အတွက် မှတ်သားဖွယ် ဖော်ပြထားသည်။ အိန္ဒိယမှ လောကီကျမ်းများကူးခြင်းအတွက် အမိန့်တော်စာများစီရင်ပုံ၊ သွားရောက်ဆောင်ရွက်ပုံ အဆင့်ဆင့်ကိုလည်း တင်ပြထားသည်။ ဓညဝတီပြည်မှ မဟာမုနိ ဘုရားရှင်ပင့်ဆောင်တော်မူသည့်အကြောင်းကို ခုနှစ် လ ရက် အတိအကျနှင့် ရေကြောင်းကြည်းကြောင်း စခန်းစဉ်များကို နောင်အမျိုးလေးပါးတို့ မှတ်သားစိမ့်သောငှာ အတိအကျမှတ်တမ်းတင် ဖော်ပြထားသည်။

ဆင်ဖြူရှင်မင်းသည် ပုန်ကန်မှုများကို နှိမ်နင်းရသလို တစ်ဖက်တွင်လည်း သာသနာရေး ဆောင်ရွက်လေ့ရှိပုံကိုလည်း သိနိုင်ပါသည်။ စစ်ကိုင်းမြို့ အိမ်တော်ရာတွင် စေတီ တည်တော်မူသည်။ ထိုစေတီကို တည်ရာတွင် စင်ကြယ်သောငွေနှင့် တည်သည်။ ဆင်းရဲသားတို့၏ ငွေကြေး မထည့်ဝင်စေရဟု မိန့်တော်မူကြောင်း ဖော်ပြထားရာ ပြည်သူပြည်သားအပေါ် ထားရှိသော မင်းတရားကြီး၏မေတ္တာကို ပေါ်လွင်စေသည်။

အရေးတော်ပုံကျမ်း၏ အဓိကလက္ခဏာတစ်ရပ် ဖြစ်သော အာဏာဖြန့်ကျက်ရေးအတွက် ဆောင်ရွက်သော စစ်ပွဲနှင့်ပတ်သက်၍ ဓညဝတီမြို့ကို သိမ်းယူခြင်းတစ်ခုကိုသာ တွေ့ရသည်။ ပုန်ကန်သူတို့အား နှိမ်နင်းရာတွင် ငစဉ့်ကူးစားလူစု၊ ငသာ၊ ငထွန်းလူစု၊ ငဘုန်းလူစုတို့ကို နှိမ်နင်းပုံ အကျဉ်းမျှသာ တွေ့ရသည်။ ထိုသို့ ပုန်ကန်သူတို့ကို နှိမ်နင်းရခြင်းကို—

> "သူတစ်ယောက်သည် ကောင်းဖို့ရောက်မူ၊ သူတစ်ယောက်ကား ပျောက်လင့်ကာသာ ဓမ္မတာတည်း"ဟူသော ရှေးစကားထုံးဟောင်းအတိုင်း ရန်သူတော်တို့သည် မိမိတို့ကံအားလျော်စွာ အသီးသီးပျောက်ပျက်ကြလေသည်။ ရှေး ဘုရားလောင်းစသော ဘုန်းပါရမီတန်ခိုးကြီးမြတ်တော်မူသောမင်းဇာကရာဇ်တို့သည် အထွတ်အမြတ်ရောက်တော်မူစကာလတွင် ရန်သူပေါ်၍ ရန်သူတော် တို့ကို နှိပ်ကွပ်အောင်မြင် သုတ်သင်ရှင်းလင်းရသည်ဖြစ်မှ ပြည်ထောင်ချင်းမင်းစသော တိုင်းနိုင်ငံသူအားလုံးတို့သည် ဘုန်းတော်တန်ခိုးတော်ကို သိမြင် ယုံကြည်ကြကုန်သည်ဖြစ်၍ ပစ္စုပ္ပန်နောက်နောင် မဖောက်မပြန် ပုန်ကန်မဝံ့ကြကုန်သဖြင့် သာသနာတော်မြတ်စီးပွား စသော စရိယတရားစီးပွားမြတ်အပေါင်းတို့ကို ရွှေနန်းတော်

> ထက် ငြိမ်ဝပ်စွာ ဆောင်ရွက်တော်မူရအံ့သော အကြောင်းဖြစ်သည်တည်း"[၁]

ဟူ၍ အကျိုးသင့်အကြောင်းသင့် တင်ပြထားသည်။

ဧည၀တီမြို့ကို သိမ်းယူပုံကို မှူးမတ်များနှင့်တိုင်ပင်ပုံမှ စ၍ စစ်ချီခြင်း၊ တိုက်ပွဲများ ဖြစ်ပွားခြင်း၊ ရခိုင်ဘုရင်ကို ဖမ်းမိခြင်း အသေးစိတ် ဖြစ်စဉ်များကို အတိအကျ မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။

ထို့နောက် သာသနာရေးဆောင်ရွက်ချက်များ၊ ကောင်းမှုတော်များကို ဖော်ပြလျက် သက္ကရာဇ် ၁၁၄၈ ပြာသိုလဆန်း ၁၃ ရက်နေ့တွင် ဝေါတော်ကြီးကို သိမ်းယူတော်မူပုံနှင့် ကျမ်းကို အဆုံးသတ်ထားသည်။

အကြောင်းအရာတင်ပြပုံမှာ သက္ကရာဇ် ၁၁၄၃ ခုနှစ်မှ ၁၁၄၈ ခုနှစ်အတွင်း ဆောင်ရွက်ချက်များကို ကျစ်ကျစ်လျစ်လျစ်နှင့် တိတိကျကျ မှတ်တမ်းတင်ထားပုံကို တွေ့ရသည်။ သားတော် အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်အညွန့် အစွန့်ရှည်စွာ ဥဒါန်းမော်ကွန်း ထွန်းစေလိုသော ရည်ရွယ်ချက်နှင့် အကြောင်းအရာ တင်ပြပုံမှာ တစ်သားတည်းဖြစ်ကြောင်း တွေ့နိုင်ပါသည်။

## ရေးဖွဲ့တင်ပြပုံ

ဆင်ဖြူရှင် မင်းတရားကြီး၏ ဆောင်ရွက်ချက်များကို မှတ်တမ်းတင် ဖော်ပြရာတွင် ထီးနန်းတက်သည့်အကြောင်းမှ စတင်သည်။

> "ရတနာပူရရွှေဝပြည်ကြီး၌ အထွတ်အမြတ် ရောက်တော်မူသော အကြောင်းကား"[၂]

ဟူ၍ ရှင်းပြဟန်ဖြင့် တင်ပြထားသည်။ ထီးနန်းသိမ်းပြီးနောက် ပုန်ကန်မှုများကို နှိမ်နင်းရပုံကို ဘုရားရှင်သည် ဘုရားအဖြစ် မရောက်မီ မာရ်နတ်သားစစ်သည်တို့အား ပါရမီဆယ်ပါး တန်ခိုးအားဖြင့် အောင်တော်မူပုံနှင့်လည်းကောင်း၊ သီရိဓမ္မာ သောကမင်းကြီး ရာဇဘိသေက ခံတော်မမူမီ လေးနှစ်လုံးလုံး ရန်အပေါင်းကို သုတ်သင်ရှင်းလင်းရပုံနှင့်လည်းကောင်း၊ ဒုဋ္ဌာကာမဏိမင်းသည် ကျည်းမိဠ္ဍာတို့ကို သုတ်သင်ရှင်းလင်းရပုံနှင့်လည်းကောင်း၊ ဟံသာဝတီ ဆင်ဖြူရှင်မင်းတရားက သမိန်ထောစသော ရန်သူတို့ကို သုတ်သင်ရှင်းလင်းရပုံနှင့် လည်းကောင်း၊ သာလွန်မင်းတရား

---

[၁] ကျော်ဆွေဦး၊ ၂၀၁၂၊ ၂၁–၂၂။

[၂] ကျော်ဆွေဦး၊ ၂၀၁၂၊ ၃။

သည် မင်းရဲဒိဗ္ဗစသော ရန်သူတို့ကို သုတ်သင် ရှင်းလင်းရပုံနှင့်လည်းကောင်း၊ ခမည်းတော်မင်းကြီး နန်းတက်စက ရန်သူအပေါင်းကို သုတ်သင်ရှင်းလင်းရပုံနှင့် လည်းကောင်း၊ သာဓကဆောင် ခိုင်းနှိုင်းတင်ပြထားသည်။ နန်းတက်စတွင် ရန် အပေါင်းကို နှိမ်နင်းရသည်မှာ အစဉ်အလာပင်ဖြစ်ကြောင်း ထင်ရှားစေရုံသာမက လက်ရုံးစွမ်းအား ထက်မြက်ပုံကိုပါ ပေါ်လွင်အောင် တင်ပြ နိုင်ပေသည်။

သာဓက(၆)ခု ပြပြီးမှ ဆင်ဖြူရှင်မင်းတရားကြီး အထွတ်အမြတ်ရောက်စတွင် ဘောင်းကားစား စသော ရန်သူအပေါင်းကို သုတ်သင်ရှင်းလင်းရကြောင်း ဖော်ပြထား သည်။

ထို့နောက် 'ဘောင်းကားစားကို နှိပ်ကွပ်တော်မူရသည့် အကြောင်းကား' ဟု အစချီကာ ငစဉ့်ကူးစား၏ နန်းတော်ပြင်ပ၌ အချိန်ကုန်တတ်သည်ကို အခွင့်ကောင်း ယူကာ ဘောင်းကားစား နန်းတက်သွားခြင်းဖြစ်ကြောင်း ရှင်းပြသည်။ ဆက်လက်၍ 'ဘောင်းကားစား အကြောင်းကား' ဟု အစချီကာ ဘောင်းကားစားနှင့် ရည်ငံနေသော မိပိုင်းတုတ်၊ ငထွန်းတို့ ပူးပေါင်းကြံစည်၍ ငစဉ့်ကူးစား သီဟတောဘုရားသို့ အဖူး အမြင်ထွက်စဉ် အင်းဝနန်းကိုသိမ်းပိုက်ပုံ၊ ဘောင်းကားစား နန်းတက်လျှင် မြို့ရွာ မငြိမ်မသက်ဖြစ်ကာ ခိုးဆိုးလုယက် သတ်ဖြတ်မှုများကြောင့် ပြည်သူတို့ တုန်လှုပ် ချောက်ချား ဖြစ်ရပုံ၊ သို့ဖြစ်၍ မိထွေးတော်၊ သမီးတော်၊ သားတော်၊ ညီတော်၊ မှူးတော် မတ်တော်၊ ရဲဘော်၊ ကျွန်ရင်းတစ်စုက ဗဒုံမင်းအား တိုက်တွန်းလျှောက်ထားသော ကြောင့် ထီးနန်း သိမ်းပိုက်ခဲ့ရပုံကို ကျိုးကြောင်းဆီလျော်စွာ တင်ပြထားပါသည်။

'ဘောင်းကားစားကို နှိပ်ကွပ်တော်မူရသည့်အကြောင်း' ကို ဖော်ပြရာတွင် ဦးစွာ ဘောင်းကားစားက ထီးနန်းကို မတရားသိမ်းပိုက်ပုံကိုပြသည်။ ပြီးမှ 'ဘောင်းကားစား အကြောင်းကား' ဟု အစချီကာ ထီးနန်းသိမ်းပိုက်ရန် ကြံစည်ဆောင်ရွက်ရာမှ သိမ်းပိုက်ပြီး အခြေအနေတို့ကို ဖော်ပြသည်။ 'အကြောင်းကား'ဟု ဆိုလျက် အတိတ် အဖြစ်အပျက်ကို စဉ်ဆက်မပြတ် ရှင်းပြရင်း ပစ္စုပ္ပန်အဖြစ်အပျက်နှင့် အချိတ်အဆက် မိအောင် တင်ပြထားပုံကို တွေ့ရသည်။

ပုန်ကန်သူငဘုန်းလူစုကို နှိပ်ကွပ်ခြင်း၊ ငစပ်နှင့်ငကွယ်တို့ကို နှိပ်ကွပ်ခြင်း အကြောင်းကို ထိုနည်းအတိုင်း အချိတ်အဆက်မိအောင် တင်ပြထားသည်ကို တွေ့ရ သည်။

ဆင်ဖြူရှင်နန်းမတက်မီ နိမိတ်၊ တဘောင်၊ သိုက်၊ ဓာတ်၊ စနည်း အရပ်ရပ် ပေါ်ထွန်းခဲ့ကြောင်း ထိုနိမိတ်တဘောင်တို့အရ ခမည်းတော်၊ နောင်တော်ဘုရားတို့၏

အရိုက်အရာဖြစ်သော ရတနာပူရ ရွှေဝထီးနန်းကို သိမ်းမြန်းစံပယ်တော်မူကြောင်း အရေးတော်ပုံကျမ်းတို့၏ ရေးဟန် အတိုင်း မှတ်တမ်းတင်ထားသည်။

ရွှေနန်းတော် တက်သိမ်းတော်မူသည့်အခါ ရဲဘော်ရ ကျွန်တော်ရင်း (၁၂)ယောက်ကို ခေါင်းတည်၍ သိမ်းတော်မူကြောင်းဖော်ပြရာတွင် ကျွန်တော် (၁၂)ဦး၏ အမည်များကိုပါ ထည့်သွင်း ဖော်ပြထားသည်။ တိကျခိုင်မာသော မှတ်တမ်းတင်ရေးဟန်ပင် ဖြစ်သည်။

ဆင်ဖြူရှင်မင်းတရားကြီးဘုရား အရေးတော်ပုံတွင် ဝါကျရှည် အသုံးများသည်ကို တွေ့ရသည်။ စဥ့်ကူးစားမင်း ပြန်လည်ပုန်ကန်ခြင်းကို နှိမ်နင်းရပြန်သည့် အကြောင်းတွင် ပုန်ကန်သူ၊ ပုန်ကန်ရန်ကြံစည်သူတို့ကို စစ်ဆေးမေးမြန်းရာ မှန်သောကြောင့် ကွပ်မျက်လိုက်ကြောင်း–

> "သား၊ သာဝထွန်းတို့တစ်စုသည် မကြံမရာသောအကြံအစည်ကို ကြံစည် သည်ကြားတော်မူ၍ စစ်ကြောလျှင် မှန်သောကြောင့် ကွပ်သည်"[၁]

ဟူ၍ဖော်ပြထားသည်။ ဤဝါကျတွင် အဖြစ်အပျက်၊ ဆောင်ရွက်ချက်များကို တိုတိုရှင်းရှင်း ရေးသားထားကြောင်း တွေ့ရသည်။ ဝါကျရောများဖြင့် တည်ဆောက်ထားသော်လည်း တစ်ခုပြီး တစ်ခု ဆောင်ရွက်ပုံ ထင်ရှားသည်။ ဝါကျဖွဲ့ပုံ ကျစ်လျစ်၍ စာဟန်ကိုသွက်စေသည်။ အကြောင်းအရာနှင့်လိုက်ဖက်သော ရေးဟန်ဟု ဆိုနိုင်ပါသည်။

ပုန်ကန်သူဘုန်းတို့လူစုကို နှိမ်နင်းသည့်အကြောင်းတွင်–

> "တောင်ကဝင်သော သူပုန်တို့လည်း တင်းကုပ်တော်မှဆင်ကို ယူစီး၍ လက်ယာက မာရဘင်တံခါးကို ဆင်နှင့်တိုက်၍ဝင်လာသည်ကို ကျွန်တော်ရင်းဖြစ်သော ဗန္ဓုသည် ရွှေတိုက်ထက်က သေနတ်နှင့်ပစ်၍ စီးသူဆင်ထက်က ကျလျှင် ဆင်တော်ကို ဝန်းကျင်အမှုထမ်းတို့ နန်းမြို့တော်အတွင်း သိမ်းထားသည်"[၂]

ဟူ၍ သရုပ်ဖော်ရေးသားထားသည်။ တစ်ပြိုင်နက်တည်းဖြစ်ပျက်နေသကဲ့သို့ အဖြစ်အပျက်များ၏ လှုပ်ရှားမှုများမြန်ဆန်ပုံကို မြင်ယောင်လာအောင် သရုပ်ဖော်နိုင်

---

[၁] ကျော်ဆွေဦး၊ ၂၀၁၂၊ ၁၂။
[၂] ကျော်ဆွေဦး၊ ၂၀၁၂၊ ၁၉။

သော ဝါကျရှည်ဟုဆိုနိုင်ပါသည်။ တစ်ဆက်တည်းဖြစ်ပျက်နေသော အကြောင်းအရာနှင့် လိုက်ဖက်သည့် ဝါကျဖွဲ့ဟန်ပင်ဖြစ်သည်။

တိုက်ပွဲများသရုပ်ဖော်ရာ၌ ထိုသို့သောဝါကျဖွဲ့ပုံမျိုးကို တွေ့နိုင်သည်။ ဝါကျရှည်သော်လည်း အနက်မထွေပြား၊ ဆိုလိုချက်ကို ရှင်းလင်းတိကျစွာ သိမြင်နိုင်အောင် ရေးဖွဲ့နိုင်သည့် ကျမ်းပြုစာဆို၏ စကားပြေအရေးအသား နိုင်နင်း ကျွမ်းကျင်ပုံကို တွေ့ရသည်။

တိုက်ပွဲများကို မှတ်တမ်းတင်ရာတွင် ပုံစံတူဝါကျများဖြင့် ရေးလေ့ရှိကြောင်းလည်း တွေ့ရသည်။ ဓညဝတီမြို့ကိုသိမ်းရာတွင် စစ်ကြောင်းများခွဲလျက် စစ်ချီစစ်တက် တိုက်ခိုက်ကြသည်။ ရမ်းဗြဲဟုန်းချောင်း ရေကြောင်းတိုက်ပွဲများတွင် သတိုးဖြူဦးဆောင်သော ရန်သူတပ်ကို နှိမ်နင်းပုံကို–

> "နေမျိုးကျော်ထင်တရဖျား စသော ရေကြောင်းဗိုလ်မှူးစစ်ကဲ တို့လည်း ရခိုင်တို့ လှေစုကို ချဉ်းနင်း၍ မရပ်မဆိုင်း ချွံချွံရက်ရက် တိုက်လျှင် ရခိုင်သတိုးဖြူနှင့် ရခိုင်တပ်မှူး လှေစီး လှေ ၅၀၀ ကျော် အဆီးအတားမရှိ ပျက်လေသည်။ ရခိုင်တို့ လှေတက် လက်နက်ကိရိယာအများနှင့် သုံ့လူ ၁၀၀၀ ကျော်ရသည်"[၁]

ဟူ၍လည်းကောင်း၊ ဟုန်းချောင်းတွင်ပင် ငကျော်ထွေးက လှေတပ်အများနှင့်တိုက်ခိုက်၍ နှိမ်နင်းပုံကို–

> "...... ရေကြောင်းဗိုလ်မှူးတပ်မှူးတို့ ချွံချွံရက်ရက်တိုက်လျှင် ငကျော်ထွေး ထွက်ပြေး၍ ငကျော်ထွေးတပ် အဆီးအတားမရှိ ပျက်ပြန်လေသည်။ ရခိုင်တို့ လှေတက်လက်နက် အများနှင့် သုံ့ပန်းလူ ၂၀၀၀ ကျော်ရ၏"[၂]

ဟူ၍လည်းကောင်း ဖော်ပြထားသည်။ အကြောင်းအရာတူရေကြောင်းတိုက်ပွဲ နှစ်ခုကို ပုံစံတူ ဝါကျများနှင့် ရေးသားထားသည်။ စာဖတ်သူစိတ်အာရုံတွင် စွဲစွဲထင်ထင်ဖြစ်စေသည့် ဝါကျဖွဲ့ဟန်ဟု ဆိုနိုင်ပါသည်။

ကာမမင်းတပ်နှင့် ရခိုင်အိမ်ရှေ့မင်း၊ ဓားပိုင်ကြီးတို့တပ်များ ကြည်းကြောင်းတိုက်ပွဲကို–

[၁] –ယင်း–၊ ၂၂၄။
[၂] ကျော်ဆွေဦး၊ ၂၀၁၂၊ ၂၂၄။

> "……… ဗိုလ်မှူး(၇)တပ်သားတို့ စစ်မျက်နှာဖြန့်၍ တစ်ညီတစ်ညွတ် တည်းတိုက်လျှင် ရခိုင်တပ်တို့ အဆီးအတားမရှိ ပျက်၍ လူသူ သုံ့လှေတကက်လက်နက် ကိရိယာအများရ၏။ သေလေသည် များ ၏။"[၁]

ဟူ၍လည်းကောင်း၊ လေးမြို့မြစ်အနီးတွင် ရခိုင်မင်းနှင့်စစ်သည်တို့ ကြည်းကြောင်းမှ ဆီးကြို တိုက်ခိုက်လာသည့် တိုက်ပွဲကို–

> "နေမျိုးဇေယျာသူနှင့် ယခင်(၉)တပ်သားတို့တိုက်၍ ရခိုင်တို့တပ် အဆီး အတားမရှိ သေကြေပျက်စီးသည်။ လှေတက်၊ လက်နက် ကိရိယာ၊ သုံ့ပန်းလူ ၃၀၀၀ ကျော်ရ၏။ သေလေသည်လည်း များ၏။"[၂]

ဟူ၍လည်းကောင်း ဖော်ပြထားသည်။ ဦးဆောင်တိုက်သူတစ်ဦးတည်း၏ တိုက်ပွဲ နှစ်ကြိမ်ဖြစ်ပုံကို ပုံစံတူဝါကျများဖြင့် ရေးသားထားရာ စာဖတ်သူ၏အာရုံတွင် စွဲစွဲ ထင်ထင် ဖြစ်စေသည်။ အဖြစ်အပျက်အခြေအနေနှင့် လိုက်ဖက်သော ဝါကျဖွဲ့ဟန်ဟု ဆိုနိုင်ပါသည်။

သက္ကရာဇ် ၁၁၄၄ ခုနှစ် ကဆုန်လမှ သီတင်းကျွတ်လအတွင်း ပုန်ကန်မှုများ ကို နှိမ်နင်းရသည့် ဖြစ်စဉ်များကို တင်ပြရာတွင် မှတ်တမ်းစကားပြေရေးဟန်ကို တွေ့ရသည်။

> "တော်သလင်းလဆန်း (၃)ရက်၊ စနေနေ့၊ ဗဟိုရ်စည်တော် စ၍လုပ်သည်။ ထို လပြည့်ကျော် (၇)ရက် ၅ နေ့ ကြတ္တိကာ တည်သည်။ ထိုလပြည့်ကျော် (၉)ရက် စနေနေ့ ရေသဘင်ထွက် စံတော်မူသည်။"[၃]

စသည်ဖြင့် ပုံစံတူဝါကျများဖြင့် မှတ်တမ်းတင်ထားသည်။ ဆောင်ရွက်ချက်၊ အဖြစ် အပျက်များကို လ၊ ရက်၊ နေ့နှင့်တကွ အသေးစိတ် ဖော်ပြထားသည်။ ဝါကျတို များဖြင့် ခပ်သွက်သွက်ရေးဟန်ကို တွေ့ရသည်။

စကားအသုံးအနှုန်းပိုင်းတွင် ကြိယာတွဲလုံးများကို ကျွမ်းကျင်ပိုင်နိုင်စွာ တွဲစပ် ထားပုံကို တွေ့ရသည်။

---

[၁] –ယင်း–၊ ၂၂၅။
[၂] –ယင်း–၊ ၂၂၆။
[၃] –ယင်း–၊ ၁၆–၁၇။

"တိုက်လံလုပ်ကြံ ဖမ်းဆီးသတ်ညှစ်"[၁]

"ဖမ်းဆီးတိုက်လံသတ်ညှစ်သုတ်သင်ရှင်းလင်း"[၂]

ဟူ၍ ဆောင်ရွက်ပုံတစ်ခုချင်းကို တွဲ၍သုံးထားသည်။ ရန်သူကို တိုက်ခိုက်နှိမ်နင်းပုံကို လှုပ်ရှားမှုပြစကားသုံးများဖြင့် အသက်ဝင်ပီပြင်လာအောင် သရုပ်ဖော်နိုင်သည်။ လှုပ်ရှားမှုအစဉ် ကိုဖော်ပြသည့် ကြိယာတွဲလုံးများနှင့် အနက်တူကြိယာတွဲလုံးများကို လိုသလိုတွဲစပ်ကာ သရုပ်ဖော်နိုင်သည့် စာဆို၏ စကားသုံးကျွမ်းကျင်ပိုင်နိုင်ပုံကို တွေ့နိုင်သကဲ့သို့ ထိုခေတ်က မြန်မာစကားပြေအဆင့်အတန်းကိုလည်း သိမြင်နိုင်ပါသည်။

ပါဠိစကားလုံးများကို ဝါကျအတွင်းအံဝင်ခွင်ကျ ထည့်သွင်း ရေးသားပုံကိုလည်း တွေ့ရသည်။ ဘုန်းလူစုကို နှိမ်နင်းသည့်အကြောင်းတွင် စီရင်တော်မူပုံကို–

"မင်းဧကရာဇ်လည်း ရဲခြင်းနှင့်ပြည့်စုံသော ပုရိသသီဟ၊ ပုရိသဇာနေယျ ဖြစ်တော်မူ၍ အမှုထမ်းတို့ကို နှိုးဆော်စီရင်တော်မူသည်"[၃]

ဟူ၍ ရေးသားထားသည်။ အနက်လည်းပေါ် ဝါကျလည်းချောသည်။ မင်းဧကရာဇ်ကို အထူးပြု သောပုဒ်ဖြစ်၍ ခံ့ညားလေးနက်သော စကားသုံးမှာ လိုက်ဖက်လှသည်။

လေးနက်ခံ့ညားသော စကားသုံးများသာမက အပြောစကားဆန်သော အသုံးကိုလည်း တွေ့ရသည်။ မိဖုရား၊ ကိုယ်လုပ်တော်တို့ကို ထိုက်သင့်သလို ငွေများချီးမြှင့်ပုံကို–

" 'ငွေအင်တန်အင်လျောက်' သနားတော်မူသည်"[၄]

ဟူ၍ ရေးသားထားသည်။ စာဟန်ကို ပေါ့ပါးသွက်လက်စေသည်။

ဤအရေးတော်ပုံကျမ်းတွင် အလင်္ကာအသုံး နည်းသည်ကို တွေ့ရသည်။ ဆင်ဖြူရှင် မင်းတရားနှင့် မိဖုရားတို့ ဇေယျာပူရမြို့သို့ ရွှေဖောင်တော်ဖြင့် ကူးရာတွင် တူရိယာငါးပါး တီးမှုတ် သံတို့ဖြင့် ကျယ်ကျယ်လောင်လောင် ကြားနေရပုံကို– "မဟာသမုဒ္ဒရာတံပိုးသံကဲ့သို့ အရပ်ဆယ်မျက်နှာပဲ့တင်ထပ်" ဟူ၍ မဟာသမုဒ္ဒရာလှိုင်းတံပိုးများ ရိုက်ခတ်သံနှင့် ခိုင်းနှိုင်းထားသည်။

---

[၁] ကျော်ဆွေဦး၊ ၂၀၁၂၊ ၂၃၇။

[၂] –ယင်း–၊ ၂၂၂။

[၃] –ယင်း–၊ ၁၈။

[၄] –ယင်း–၊ ၂၀၄။

ဧယျာပုရမြို့တော်ရှိ အောင်မြေလောကစေတီအနီးရှိ တဲနန်းသို့ ဖောင်တော်ဆိုက်၍ နောက်လိုက်နောက်ပါများစွာနှင့် ထွက်တော်မူပုံကို–

> "၃၂ ယောက်သော သိကြားငယ်တို့နှင့်တကွ နတ်ပြည် ၂ ထပ် နတ်အပေါင်း တို့ကို အစိုးရသော၊ များသောအဘိဓာန် ပရိယာယ်အမည်ရှိသော သိကြားမင်းသည် စူဠာမဏိစေတီတော်ကို ရှိခိုးပူဇော်တော်မူအံ့သောငှာ သုံးကုဋေ ခြောက်သန်းသော နတ်အပေါင်းခြံရံလျက် မဏ္ဍာဂိနီအမည်ရှိသော နတ်မြစ်မှ များစွာသော နတ်လှေနတ်စစ်သည်အပေါင်းတို့နှင့် နတ်တူရိယာအပေါင်း ခြောက်သောင်းတို့ကို တစ်ပြိုက်နက်တီးမှုတ်၍ ရေကြောင်းသဘင် ထွက် တော်မူသကဲ့သို့ "[၁]

ဟူ၍ သိကြားမင်း စူဠာမဏိစေတီတော်ကို အပူဇော်ထွက်ပုံနှင့် ခိုင်းနှိုင်းထားသည်။ အရှင့် ဘုန်းတော်ကို ထင်ရှားစေလိုသောစေတနာကို တွေ့ရသကဲ့သို့ ကျမ်းဂန်နံ့စပ်သော စာဆို၏ ဂုဏ်ရည်ကိုလည်း တွေ့နိုင်ပါသည်။

## ခြုံငုံသုံးသပ်ချက်

"ဆင်ဖြူရှင်မင်းတရားကြီးဘုရား အရေးတော်ပုံသမိုင်းတော်"ကျမ်းသည် ဗဒုံမင်းခေါ် ဆင်ဖြူရှင် မင်းတရားကြီးနန်းတက်သည့် သက္ကရာဇ် ၁၁၄၃ ခုနှစ်မှ ၁၁၄၈ ခုနှစ်အတွင်း နိုင်ငံရေး၊ စစ်ရေး၊ သာသနာရေး၊ တိုင်းပြည်ထူထောင်ရေး ဆောင်ရွက်ချက်များကို မှတ်တမ်းတင်ထားသောကျမ်း ဖြစ်သည်။ မှတ်တမ်းတင်ရာတွင် ကဏ္ဍအလိုက် အသေးစိတ်မှတ်တမ်းတင်ထားကြောင်း တွေ့ရ သည်။

အကြောင်းအရာပိုင်းတွင် စစ်ရေးထက် မင်းခမ်းမင်းနားများက အလေးကဲနေသည်။ မင်္ဂလာအခမ်းအနားများကျင်းပပုံ၊ မဟာသင်္ကြန်တော်ခေါ်ပုံ၊ ရာဇဘိသေကခံသော အခမ်းအနားများကျင်းပပုံ၊ မြို့တည်ခြင်းအခမ်းအနားတွင် အဆင့်ဆင့်စီရင်ဆောင်ရွက်ပုံ၊ ကြိုတင်ပြင်ဆင်ပုံ များကို စေ့စေ့စပ်စပ် ရေးသားဖော်ပြထားသည်ကိုတွေ့ရသည်။ "မင်းခမ်းတော်ကြီး" ဟူသောအဆိုနှင့်ကိုက်ညီလှပေသည်။ ကိုယ်တိုင်ဆောင်ရွက် မြင်တွေ့ကြုံကြိုက်ခဲ့ရသော ခေတ်ပြိုင်စာဆိုတစ်ဦး၏ မှတ်တမ်းတစ်ခုဖြစ်၍ တိကျခိုင်မာလှသည်။ ရှေးမြန်မာတို့၏ နန်းဓလေ့များ၊ အစဉ် အလာများကို ခေတ်အဆက်ဆက် လက်ဆင့်ကမ်းပေးနိုင်သော ကျမ်းတစ်စောင်ဖြစ်ပါသည်။

---

[၁] ကျော်ဆွေဦး၊ ၂၀၁၂၊ ၂၄၈။

ပုန်ကန်သူတို့အား နှိမ်နင်းပုံကို တင်ပြရာ၌ ပစ္စုပ္ပန်အဖြစ်အပျက်မှ အတိတ်၊ အတိတ်မှ ပစ္စုပ္ပန်အကြောင်းအရာတို့ကို အချိတ်အဆက်မိမိ တင်ပြထားသည်။ အကြောင်းအရာအမျိုးအစားတူကို ပုံစံတူရေးဟန်ဖြင့် တင်ပြထားရာ စည်းလုံးညီညွတ်မှုရှိသောရေးဟန်ဟု ဆိုနိုင်ပါသည်။

ဝါကျတိုအသုံးနည်း၍ ဝါကျရှည်အသုံးများသည်ကိုတွေ့ရသည်။ ဝါကျရှည်များသည် အနက်မရှုပ်ထွေး၊ ဆိုလိုသည်ကို ရှင်းရှင်းလင်းလင်း ဖော်ပြနိုင်သည်။ အဖြစ်အပျက် အကြောင်းအရာတို့ကို အစဉ်မပြတ် ဖော်ပြနိုင်၍ အကြောင်းအရာနှင့် လိုက်ဖက်သော ဝါကျဖွဲ့ဟန်ကြောင့် စာဖတ်သူ၏ စိတ်အာရုံကို တစိုက်မတ်မတ် ဆွဲဆောင်သွားနိုင်သည်ဟု ဆိုရပေမည်။

ရေကြောင်းကြည်းကြောင်းတိုက်ပွဲများကို တင်ပြရာတွင် ဦးဆောင် တိုက်ခိုက်သူ တစ်ဦးတည်း၏ တိုက်ပွဲများကို ပုံစံတူဝါကျများဖြင့် အဆုံးသတ်ဖော်ပြပုံမှာလည်း စာပိုဒ်ချင်းဟန်ချက်ညီ၍ စည်းလုံးညီညွတ်မှုရှိသော ပြေပြစ်သော စကားပြေ ရေးဟန်ကို တွေ့ရသည်။

စကားလုံးအသုံးအနှုန်းပိုင်းတွင် ကြိယာစကားလုံးများကို လိုသလို တွဲစပ်၍ သုံးသော စာဆို၏ ဝေါဟာရကျွမ်းကျင် ပိုင်နိုင်ပုံကို တွေ့ရသကဲ့သို့ ထိုခေတ် မြန်မာစာပေ အရေးအသား အဆင့်အတန်းကိုလည်း ခန့်မှန်းသိမြင်နိုင်သည်။

## နိဂုံး

အရေးတော်ပုံကျမ်းများသည် ရာဇဝင်တွင် အမှန်တကယ် ဖြစ်ပျက်ခဲ့သည်များကို စာဆိုများက မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။ ထို့ကြောင့် ရာဇဝင်ဆရာတို့ အားထားရသော စာအမျိုးအစားတစ်ခု ဖြစ်ပေသည်။ ခေတ်ပြိုင်စာဆို၏ အရေးတော်ပုံကျမ်းများ၏ တင်ပြပုံကို လေ့လာခြင်းဖြင့် ထိုခေတ် မြန်မာစာပေရေးဟန်၊ စာပေအဆင့်အတန်းကို ဖော်ထုတ်နိုင်သည်ဟု ဆိုရပေမည်။

## ကျမ်းကိုးစာရင်း

ကျော်ဆွေဦး၊ (တည်းဖြတ်သူ)။ (၂၀၁၂)။ ***လက်ဝဲနော်ရထာဦးနေ၏ ဆင်ဖြူရှင်မင်းတရားကြီး ဘုရား အရေးတော်ပုံသမိုင်းတော်***။ ရန်ကုန်၊ ထွန်းဖောင်ဒေးရှင်း ကော်မတီ။

ခင်မင်၊ မောင်(ဓနုဖြူ)။ (တည်းဖြတ်သူ)။ (၂၀၀၂)။ ***စာဆိုတော်များအတ္ထုပ္ပတ္တိ***။ ရန်ကုန်၊ ရာပြည့်။

ဇေယျကျော်ထင်၊ (အခွန်ဝန်–)။ (၁၉၉၈)။ ***မဏိမဒေသအရေးတော်ပုံ*** ။ ရန်ကုန်၊ ရခိုင်သားကြီး စာပေ။

ဇော်ဂျီ၊ (၂၀၀၄)။ ***ရသစာပေ အဖွင့်နှင့်နိဒါန်း***၊ (ဒု ကြိမ်)။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

မောင်မောင်ကြီး၊ **ဦး**(ပါမောက္ခ–)။ (၁၉၈၃)။ "အဟောင်းဆုံး အရေးတော်ပုံအရေးအသား"၊ ***မြန်မာစကားပြေသမိုင်း*** ။ ရန်ကုန်၊ သိဒ္ဓိမြိုင်ပုံနှိပ်တိုက်၊ ၁၄၇–၁၅၃။

***မြန်မာအဘိဓာန်***။ (၁၉၉၁)။ ရန်ကုန်၊ မြန်မာစာအဖွဲ့ ဦးစီးဌာန။

ရခိုင်ဆရာတော်။ (၁၉၆၇)။ "ဓညဝတီအရေးတော်ပုံ"၊ ***မြန်မာမင်းများအရေးတော်ပုံ*** ။ ရန်ကုန်၊ နံ့သာတိုက်။

လှထွန်းဖြူ၊ **ဦး** (တည်းဖြတ်သူ)။ (၁၉၉၈)၊ ***မဏိမဒေသအရေးတော်ပုံ*** ။ ရန်ကုန်၊ ရခိုင်သားကြီး စာပေ။

*J. Myanmar. Acad. Arts Sci. 2018* **Vol. XVI. No. 6A**

# သုခ၏ အကျော်ဒေးယျ ဗုဒ္ဓသမီးတော်များ ဝတ္ထုတိုများမှ သရုပ်ဖော်အဖွဲ့များ

ခင်စန်းဝင့်*

## စာတမ်းအကျဉ်း

ဤစာတမ်းတွင် သုခ၏ "အကျော်ဒေးယျ ဗုဒ္ဓသမီးတော်များ ဝတ္ထုတိုများမှ "မသိ၍ လိုချင်သည်" "သပေါက်မကလေး"၊ "လှဧကရီ" ဝတ္ထုတို(၃)ပုဒ်ကို ရွေးချယ်လေ့လာ တင်ပြထားပါသည်။ ထိုသို့ တင်ပြရာတွင် ဝတ္ထုတွင် ပါဝင်သော ဇာတ်ဆောင်၏ သွင်ပြင်ပုံပန်းအမူအရာ သရုပ်ဖော် အဖွဲ့များ၊ ဇာတ်ဆောင် စရိုက်သရုပ်ဖော်အဖွဲ့များ၊ ကာလဒေသနောက်ခံ သရုပ်ဖော်အဖွဲ့များကို ကောက်နုတ်တင်ပြထားပါသည်။ ဆရာကြီးဦးသုခ၏ သရုပ်ဖော်အဖွဲ့ စွမ်းရည် ထက်မြက်မှုကို သိရှိစေလို၍ ဖြစ်ပါသည်။

**သော့ချက်ဝေါဟာရများ** – ဝတ္ထုတို၊ ဇာတ်ဆောင်၊ ဇာတ်ဆောင်စရိုက်၊ ကာလဒေသ နောက်ခံ၊ သရုပ်ဖော်အဖွဲ့၊

## နိဒါန်း

သုခ၏ "အကျော်ဒေးယျ ဗုဒ္ဓသမီးတော်များ" ဝတ္ထုတွင် ပါဝင်သော ဝတ္ထုတို (၈)ပုဒ်မှ 'မသိ၍လိုချင်သည်' 'သပေါက်မကလေး'၊ 'လှဧကရီ' ဝတ္ထု (၃)ပုဒ်မှ ဇာတ်ဆောင်၏ သွင်ပြင်ပုံပန်းအမူအရာ သရုပ်ဖော်အဖွဲ့များ၊ ဇာတ်ဆောင်စရိုက် သရုပ်ဖော်အဖွဲ့များ၊ ကာလဒေသ နောက်ခံသရုပ်ဖော်အဖွဲ့များကို တင်ပြထားပါသည်။ ဆရာကြီးဦးသုခ၏ ဇာတ်ဆောင်စရိုက် သရုပ်ဖော်ပီပြင်မှု၊ ကာလဒေသ နောက်ခံ အဖွဲ့များ ရေးဖွဲ့ရာတွင် ပေါ်လွင်အောင် သရုပ်ဖော်နိုင်မှု စွမ်းရည်တို့ကို လေ့လာ တင်ပြထားပါသည်။ ဤစာတမ်းတွင် ဆရာကြီး ဦးသုခ ပေးထားသော စာအုပ် အမည်အတိုင်း "အကျော်ဒေးယျ ဗုဒ္ဓသမီးတော်များ" ဟုသာ သုံးနှုန်း ဖော်ပြ ထားပါသည်။

## ၁။ စာဆို၏အတ္ထုပ္ပတ္တိနှင့် စာပေ

ဆရာကြီး ဦးသုခကို ၁၄.၁.၁၉၁၀ သောကြာနေ့တွင် ကျိုက်လတ်မြို့ စာဖြူစု ရွာတွင် အဖ ဦးစံခိုင်၊ အမိ ဒေါ်မျှင်တို့မှ မွေးဖွားခဲ့သည်။ ၁၉၂၉ ခုနှစ်တွင် စိန်သိန်းတန်အမည်ဖြင့် စံပယ်ပွင့် ဝတ္ထုကို ရေးသားခဲ့ပြီး စာပေနယ်သို့ စတင်

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ဘားအံတက္ကသိုလ်

ဝင်ရောက်ခဲ့သည်။ ၁၉၃၄ ခုနှစ်တွင် ရွှင်ပျော်ပျော် စာပေတိုက်နှင့် လိုက်ဖက်ညီစေရန် "သုခ" ကလောင်အမည်ကို မြတ်နိုးစွာခံယူပြီး တစ်သက်လုံး ထိုအမည်ကို သုံးခဲ့သည်။ စာရေးဆရာဘဝ၊ ထိုမှတစ်ဆင့် ပြဇာတ် ဒါရိုက်တာဘဝကို ဖြတ်သန်းခဲ့ပြီး ဒါရိုက်တာ အေဝမ်း ဦးတင်မောင်နှင့် ဆက်စပ်ပြီး ရုပ်ရှင်လောကသို့ ရောက်ရှိခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် နာရေးကူညီမှုအသင်း ကို မျိုးစေ့ချတည်ထောင် ခဲ့သည်။ အနုပညာကို အခြေခံ၍ ဘာသာရေး၊ လူမှုရေးလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည်။ ဝတ္ထု ၄၇အုပ်၊ ဝတ္ထုတို ၁၅၂ပုဒ်၊ ဆောင်းပါး ၁၉၇ပုဒ်ကို ရေးသားခဲ့သည်။ အကောင်းဆုံး ဒါရိုက်တာဆု ခြောက်ဆု၊ အလင်္ကာကျော်စွာဘွဲ့၊ ဂုဏ်ထူးဆောင် စာပေပါရဂူ (Doctor of Literature Honeris Causa)၊ ဝိဇ္ဇာပညာ ထူးချွန်ဆု၊ အာဆီယံပြန်ကြားရေးနှင့် ယဉ်ကျေးမှုဆု၊ ပခုက္ကူ ဦးအုန်းဖေတစ်သက်တာ စာပေဆု၊ စာပေဗိမာန် တစ်သက်တာ စာပေဆု၊ နတ်ရေကန် ရွှေစောင်းဆု၊ လူမှုထူးချွန် ပထမအဆင့်နှင့် မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့များ ရရှိခဲ့ပါသည်။ အသက် ၉၆ နှစ်၊ ၇.၁.၂၀၁၅တွင် ကွယ်လွန်ခဲ့သည်။

## ၂။ ဝတ္ထုတို၏ သဘောသဘာဝ

ဝတ္ထုတိုနှင့်ပတ်သက်၍ ပညာရှင်အသီးသီးတို့၏ ဖွင့်ဆိုချက်များကိုကြည့်လျှင် "ဝတ္ထုတိုဟူသည် "တိုတိုတုတ်တုတ်ဖြစ်ရမည်" "လိုရင်းရောက်အောင်ပြောနိုင်ရမည်" "အချိန်တိုတိုနှင့် ဖတ်နိုင်ရမည်" "ဇာတ်လမ်း၊ ဇာတ်ဆောင်ထက် ဦးတည်ချက်ကို ထင်းကနဲ၊ လင်းကနဲပေါ်ရမည်" "အာရုံခံစားမှု တစ်ခုတည်း ရှိရမည်" စသောအချက်အလက်တို့ကို ဗဟိုပြုကာ ဖွင့်ဆိုသည်ကို တွေ့ရသည်။ ထိုဖွင့်ဆို ချက်များကို အခြေခံပြီး ဆရာမင်းကျော်က

> "အတိုတောင်းဆုံး အချိန်ပိုင်းအတွင်း အနည်းဆုံးဇာတ်ဆောင်တို့၏လှုပ်ရှားမှု သို့မဟုတ် အဖြစ်အပျက် သို့မဟုတ် အာရုံခံစားမှုကို စာလုံးအရေအတွက် အနည်းနိုင်ဆုံးဖြင့် ကျစ်ကျစ်လျစ်လျစ်ရေးဖွဲ့ တင်ပြထားသော လူ့အကြောင်း စာတို့ကို ဝတ္ထုဟုဆိုလျှင် မှားလိမ့် မည်မထင်ပါ"[၁]

ဟူ၍လည်းကောင်း၊

---

[၁] မင်းကျော်၊ ၁၉၇၉၊ ၁၁၇။

"အဖြစ်အပျက်များကို ဖျပ်ခနဲ၊ ဖျပ်ခနဲပြသွားပုံ၊ စာဖတ်သူ၏ အာရုံကို ဝတ္ထုတွင်

> "အဖြစ်အပျက်များကို ဖျပ်ခနဲ၊ ဖျပ်ခနဲပြသွားပုံ၊ စာဖတ်သူ၏ အာရုံကို ဝတ္ထုတွင် စွဲနစ်အောင် ဖန်တီးထားပုံတို့မှာ ခေတ်သစ် ဝတ္ထုအတတ်ပညာ သဘော ပင်ဖြစ်သည်။"[၁]

ဟူ၍လည်းကောင်း ဝတ္ထုတိုသဘောကို ခြုံငုံမိအောင် ဖွင့်ဆိုထားသည်ကို တွေ့ရသည်။

ဝတ္ထုတိုစာတမ်းတွင် မောင်ထင်က ဝတ္ထုတိုနှင့် ပတ်သက်၍

> "ယေဘုယျအားဖြင့် အကြောင်းအရာတစ်ခု၊ ဖြစ်ရပ်တစ်ခု၊ လုပ်ရပ် တစ်ခု၊ စိတ်ကူးတစ်ခု ဆင်ခြင်ပုံ တစ်ခု၊ အတွေးအခေါ် တစ်ခု စသည်ဖြင့် တစ်ခုသောအချက်ကို ဗဟို မဏ္ဍိုင် ပြု၍ ဖွဲ့ဆိုသော အဖွဲ့ဖြစ်ပါသည်။"[၂]

ဟူ၍ ဖွင့်ဆိုခဲ့သည်။

ဝတ္ထုတိုသည် နောက်ပိုင်းတွင် ဇာတ်လမ်း၊ ဇာတ်ကွက်ထက် တစ်ခုတည်းသော ဇာတ်ဆောင် သို့မဟုတ် အဖြစ်အပျက် သို့မဟုတ် စိတ်လှုပ်ရှားမှုတစ်မျိုးကို အာရုံကျက်စားစေကာ ဝတ္ထုဆုံးလိုက် သည်နှင့် စာရှုသူကို အတွေးအမျှင်တန်းစေသော ဝတ္ထုများအထိ ဝတ္ထုတို၏ သဘောသည် ကျယ်ပြန့် လာသည်ကို တွေ့ရသည်။

## ၃။ သုခ၏ "အကျော်ဒေးယျဗုဒ္ဓသမီးတော်များ" ဝတ္ထုတိုများမှ သရုပ်ဖော်အဖွဲ့များ

### ၃၊ ၁။ မသိ၍လိုချင်သည်

'မသိ၍လိုချင်သည်' ဝတ္ထုတိုသည် ထေရီအပဒါန်ပါဠိတော်မြန်မာပြန် ဥပ္ပလဝဏ္ဏာ ထေရီအပဒါန်ကို ဝတ္ထုတိုအဖြစ် ဆရာကြီးဦးသုခက ရေးဖွဲ့ထားခြင်းဖြစ်သည်။ သား အမိချင်း၊ မောင်နှမချင်းမှန်းမသိ တစ်ဦးနှင့်တစ်ဦး သံယောဇဉ် တွယ်၍ လင်မယားအဖြစ် ပေါင်းသင်းမိပြီး အဖြစ်မှန်ကို သိကြသောအခါ အဝိဇ္ဇာအမှောင်ထု အောက်မှ လွတ်မြောက်အောင် သားအမိသုံးယောက် ရှန်းကန်၍ ရဟန်းပြုသွားပြီး မကြာမီ ရဟန္တာများ ဖြစ်ကြကုန်သည့်အကြောင်း ဖြစ်သည်။ သားရဟန်းမှာ ဂင်္ဂါမြစ်ကမ်း၌နေသည်ကို အကြောင်းပြု၍ 'ဂင်္ဂါတိရိယမထေရ်' ဟု တွင်သည်။ မိခင်မှာ သား၏အမည်ကို အစွဲပြု၍ 'ဂင်္ဂါတိရိယ မာတာ' ဟုတွင်သည်။ မသိ၍လိုချင်သည်။

---

[၁] မင်းကျော်၊ ၁၉၇၉၊ ၁၃၈။

[၂] ထင်၊ မောင်၊ ၁၉၇၉၊ ၂၁၇။

လိုချင်၍ လိုဘ ပြည့်အောင်ဖြည့်တင်းသည်။ လိုဘမပြည့်မချင်း အားသွန်ခွန်စိုက် ကြိုးစားသည်။ မနေမနားအားထုတ်ခြင်း ပြုသည်။ ဤသို့လိုချင်ရမ္မက်ကြောင့် ကျော်မကောင်း ကြားမကောင်းဖြစ်ကြရသည်။ မိသားစုသုံးဦး၏ ရင်နင့်ဖွယ်ရာ အဖြစ်အပျက်ကို ရသမြောက်စွာရေးဖွဲ့ထားသည်။

ထိုဝတ္ထုတွင် ဇာတ်ဆောင်သုံးဦးပါဝင်ပြီး ဇာတ်ဆောင်တို့၏ အမည်များကို အတိအကျဖော်ပြ ထားခြင်းမရှိပေ။ ခင်ပွန်းဖြစ်သူသည် ကုန်သည်တစ်ဦးဖြစ်ပြီး၊ ယောက္ခမဖြစ်သူ၏ ငြူစူစောင်းမြောင်းခြင်းကို အမြဲခံနေရသော ချွေးမ၊ ယောက္ခမ ဖြစ်သူက သားဖြစ်သူခရီးသွားနေစဉ် သားဖြစ်သူနှင့်ရသည့် ကိုယ်ဝန်ကို မဟုတ် ကြောင်းပြော၍ အိမ်မှဆင်းလာစဉ် လမ်းခုလတ်ဇရပ်ပျက်၌ သားတစ်ဦး မွေးဖွား ခဲ့ကြောင်း၊ ရေရှာစဉ်သားပျောက်သွားခဲ့ပြီး ထိုသားကို လှည်းကုန်သည်တစ်ဦးက မွေးစားခဲ့ကြောင်း၊ လူဆိုးကြီးတစ်ဦး၏ အဓမ္မသိမ်းပိုက်ခြင်းခံရပြီး သမီးတစ်ဦးရခဲ့ ကြောင်း ရေးဖွဲ့ထားသည်။ ထိုသားအမိ သုံးဦး ဆုံတွေ့ရပုံမှာ ရင်နင့်စရာ အဖြစ်ဆိုး နှင့် ဆုံတွေ့ခဲ့ရသည်။

ဝတ္ထုတွင် ကိုယ်တိုင်ပြောရှုထောင့်ဖြင့် ရေးဖွဲ့တင်ပြထားပါသည်။ ယောက္ခမ ၏ နှိပ်စက်မှုကို မခံနိုင်၍ ကိုယ်ဝန်နေ့စေ့လစေ့နှင့် ယောက္ခမအိမ်မှ ဆင်းလာသော မိန်းကလေးသည် ခရီးလမ်းကြမ်းကို ဖြတ်သန်းခဲ့ရသည်။ မွေးဖွားခါနီး အချိန်ဖြစ် သည့်အတွက် ခံစားနေရသည့်အဖြစ်ကို ဖော်ပြရာတွင်

> "မြွေပူရာကင်းမှောင့်၊ ခါးထဲကမခံသာ အောင့်အောင့်တောင့်တောင့် မစောင့်နိုင်တဲ့ဣန္ဒြေဟု စာဖွဲ့ရသော ကမ္ဘဇလေအလျဉ်သည် ကျွန်မ ရဲ့ ရင်တစ်ပိုင်းကို လေမုန်တိုင်းဆင်ပါလေပြီ။ လူတစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်လာခဲ့၏။ ခြေဖျားလက်ဖျားများ အေးလာ ခဲ့၏။ ချွေးသီး ချွေးပေါက်များ ထမင်းနှပ်ထားသကဲ့သို့။"[၁]

ဟူ၍ ကိုယ်ဝန်ဆောင်သည်တစ်ဦး၏ ခံစားရသော ဒုက္ခကို အသေးစိတ် သရုပ်ဖော် ရေးဖွဲ့ထားသည်။ ကမ္ဘဇလေတိုးသည် ကိုလည်း"ရင်တစ်ပိုင်းကို လေမုန်တိုင်းဆင်" ဟူ၍ တင်စားရေးဖွဲ့ထားသည်။ တစ်ကိုယ်လုံးလည်း နာကျင်မှုကြောင့် တုန်တုန် ယင်ယင်ဖြစ်နေပြီး ခြေဖျားလက်ဖျားများ အေးလာကာ ချွေးများလည်း တဒီးဒီး ကျဆင်းပုံကို ထမင်းအိုးနှပ်ထားစဉ် စလောင်းဖုံး၌ ချွေးများသီးနေပုံနှင့် ခိုင်းနှိုင်း၍ ရေးဖွဲ့ထားသည်။ ထိုသို့ အလင်္ကာအဖွဲ့များဖြင့် ပေါ်လွင်အောင် ရေးဖွဲ့သရုပ်ဖော်ထား

---

[၁] သုခ၊ ၁၉၉၈၊ ၃၃။

သောကြောင့် ကိုယ်ဝန်ဆောင်တစ်ဦး၏ခံစားနေရသည့် နာကျင်မှုဝေဒနာ အာဝေဏိက ဒုက္ခကို ပေါ်လွင်စေပါသည်။

ထိုသို့ မွေးဖွားခါနီးအချိန်တွင် မိမိ၏ခင်ပွန်းသည်ကို အားကိုးလိုစိတ်ရှိပုံ၊ သို့သော်လည်း ထိုမိန်း ကလေးသည် အနီးအနားတွင် ပြုစုယုယမည့် အားပေး စကား ပြောကြားမည့် ခင်ပွန်းသည်လည်း မရှိ၊ မီးနေသည်တို့ သုံးရမည့် အသုံးအဆောင်၊ အစားအသောက် စသည်တို့မရှိ၊ တစ်ယောက်တည်း မီးနေရမည့် အဖြစ်ကို သရုပ် ဖော်ရာတွင်

> "လင်လုပ်သူရဲ့ ပြုံးပြသော မျက်နှာကို ကြည့်လျက် အားပေးသောလင့် စကားကို နားထောင်ရင်း သူ့လက်တစ်ဖက်ကို အားကုန်ညှစ် လိုက်ချင်တဲ့ အချိန်ကြီးပေါ့။ အခုတော့ ကျွန်မ မှာ အထီးကျန်တိရစ္ဆာန် တမျှ ဓမ္မတာသဘာဝကိုပဲ အားကိုး ပြုရတော့မှာပါကလား။ ရွှေနှမ်းထုပ်နဲ့၊ အုတ်ပူဟင်းခါး၊ နနွင်းသားနဲ့၊ ရင်းပြား ရေနွေး၊ မသက်သာခင်၊ မျက်နှာမြင် တုန်း၊ သုံးဖို့မှ မရှိ၊ ကျွန်မတစ်ယောက်ထဲ ငုံးတိတိ"[၁]

ဟူ၍ တစ်ယောက်တည်းအားငယ်ညည်းညူနေပုံဖြင့်ရေးဖွဲ့ထားသည်။ အဖော်မဲ့ပြီး အားကိုးစရာ လင်သားမရှိ၊ လူသူမရှိသော နေရာတွင် မီးဖွားရမည့် မိန်းကလေးတစ်ဦး၏အားငယ်စိတ်ကို အထင်းသား ပေါ်လွင်နေသောအဖွဲ့ဖြစ်သည်။ ကရုဏာရသ မြောက်သောအဖွဲ့ဖြစ်သည်။

ထို့နောက် သားကလေးကို ခက်ခက်ခဲခဲမွေးဖွားပြီးသောအခါသားကလေးကို ရင်ခွင်မှာပွေ့ပိုက်ပြီး တစိမ့်စိမ့်ယိုဆင်းလာသော သွေးမှဖြစ်သည့် နို့ရည်ကို တိုက်သည်။ ထိုအချိန်တွင်မှ မိခင်၏ မေတ္တာစေတနာတို့ကို နားလည်သဘောပေါက်ပြီး ငိုလေသည်။ သားကလေးမှာလည်း နို့ဝ၍ အိပ်ပျော်သွားသည်။ ထိုအခါမှ ပင်ပန်း နွမ်းနယ်မှုခံစားရပုံကိုသရုပ်ဖော် ရေးဖွဲ့ရာတွင်

> "သေလာပဗ္ဗတ တောင်ကြီးတစ်တောင်၏ ထိပ်ကို ရောက်အောင် တက်ခဲ့ရသလို၊ အပြောကျယ်စွာ သဲအတိပြီးသော ဝေဠုကန္တာရ ခရီးကြမ်းကြီးကို ဖြတ်သန်းလာခဲ့ရသလို ပင်ပန်းခဲ့

---

[၁] သုခ ၊ ၁၉၉၈ ၊ ၃၄။

> ရသည့် ဝေဒနာက ရေကြည်တစ်ပေါက် လောက်ကို အပူတပြင်း
> တောင့်တခဲ့လေပြီ။"[၁]

ဟူ၍ ရေးဖွဲ့ထားသည်။ မီးဖွားရခြင်း၏ ပင်ပန်းဆင်းရဲမှုဝေဒနာကို ပေါ်လွင်အောင် ထင်ရှားသော ဥပမာများဖြင့် သရုပ်ဖော်ခိုင်းနှိုင်းပြသွားသည်။ ထို့ကြောင့်မီးဖွားပြီးစ သားသည် မိခင်တစ်ဦး၏အသွင်သည် ပေါ်လွင်လာပါသည်။

မွေးကင်းစသားငယ်ကို ဇရပ်တွင်ထားပြီး ရေရှာထွက်ရာ သားငယ်ပျောက် သွားခဲ့ရသည်။ ထို့နောက် လူဆိုးကြီးတစ်ဦး၏ အဓမ္မသိမ်းပိုက်ခြင်းကိုခံရပြီး သမီး ကလေးတစ်ယောက် ထပ်ရပြန်သည်။ ထိုလူဆိုးကြီး၏ နှိပ်စက်မှုကို မခံနိုင်၍ ထွက် ပြေးရာမှ ရာဇဂြိုလ်ပြည် ဘိက္ခုနီတို့၏ ဝိဟာရသို့ ရောက်ပြန်သည်။ ဥပ္ပလဝဏ် ထေရီကြီးက နေ့စဉ်တရားဟောပြောသော်လည်း သာသနာတော်သို့ ဝင်ရောက် ခိုလှုံ ရန် အကြံမမြောက်နိုင်၊ ကာမဘုံမှာ ရာဂအဟုန်က လှိုင်းရိုက်ခြင်းခံနေရပုံကို –

> "တဏှာပေမကြောင့်၊ ငိုယိုရပူရပင်ရ ဆင်းရဲရခဲ့သမျှတို့မှာ အမူး
> ပြေသည်နှင့်တစ်ပြိုင်နက် ထန်းနို့ကို မော့ကြည့်သော ထန်းရည်
> သမားကဲ့သို့ ဖြစ်နေပါသည်။"[၂]

ဟူ၍ သရုပ်ဖော်ရေးဖွဲ့ပြသည်။ တဏှာသည်လူတို့ကို ပူပန်ခြင်း၊ ဆင်းရဲခြင်းကို ဖြစ်စေသော်လည်း တပ်မက်မြဲတပ်မက်တတ်သော သဘောကို ထန်းရည်သမား အမူးပြေသောအခါ ထန်းရည်ထပ်သောက်ချင်၍ ထန်းပင်ပေါ်သို့ မော့ကြည့်ပုံနှင့် ခိုင်းနှိုင်း ဖော်ပြထားသည်။ ဆရာကြီး ဦးသုခသည် ဇာတ်ဆောင်၏ စရိုက်ကို သရုပ် ဖော်ရာတွင် ဥပမာအလင်္ကာတို့ဖြင့် ခိုင်းနှိုင်း၍ ပေါ်လွင်အောင် သရုပ်ဖော်သည်ကို တွေ့ရပါသည်။

ထို့နောက် လှည်းကုန်သည်ခေါင်းဆောင်ကြီး၏ မွေးစားသားသည် မိခင်ဖြစ် သူမှန်း မသိဘဲ မြင်မြင်ချင်း ချစ်ကြိုက်မိသည်။ အသက်အရွယ်ကွာခြားကြောင်း ပြောသော်လည်း လူငယ်က ဖွဲ့မလျှော့ဘဲ ပြောပုံကို သရုပ်ဖော်ရေးဖွဲ့ရာတွင်–

> "အသက်ချင်းကွာတာနဲ့ မေတ္တာမှာ လျော့ရတော့မတဲ့လား၊ အစ်မ
> ကြီး၊ ရာဂဆိုတာ မီးလိုပဲ၊ မီးပုံဟာ သေးတယ် ကြီးတယ်
> ရယ်လို့ အရွယ်ခွဲခြားပြီး အထင်သေးလို့ မရပါဘူး၊ သူ့ကိုထိရင်
> သူစွဲမိရင် ပြာသာဒ်ဖျားအထိ လောင်နိုင်တာပါပဲ၊ မြွေဆိုးကလေး
> လက်ညှိုးလောက်ဟာလည်း လှည်းဝင်ရိုးလောက်ရှိတဲ့ မြွေဆိုး

---

[၁] ယင်း၊ ၃၅။

[၂] ယင်း၊ ၄၃။

> တစ်ကောင်ရဲ့ အဆိပ်ကို တန်းတူ လိုက်နိုင်တာပဲ မဟုတ်လား။
> ကျွန်တော်ရင်ထဲမှာ မီးလို ပူလို့ အဆိပ်လို တက်နေတာ အစ်မ
> ကြီး မသနားဘူးလား"[၁]

ဟူ၍ လူငယ်တစ်ဦး၏ ရူးရူးမိုက်မိုက် တဇွတ်ထိုး လုပ်တတ်သော လူငယ်သဘာဝကို ရေးဖွဲ့ သရုပ်ဖော်ထားပါသည်။ ရာဂသည်မီးကဲ့သို့ လည်းကောင်း၊ မြွေကဲ့သို့ လည်းကောင်း၊ သေးပင်သေး သော်လည်း အထင်သေး၍မရကြောင်း၊ သူ၏ရင်တွင်း၌ ရာဂမီးတောက်လောင်နေကြောင်း လူငယ်တစ်ဦး၏ လိုချင်သည်ကို မရရအောင်ယူ တတ်သော စရိုက်ကို ပေါ်လွင်အောင် ရေးသားထားသည်။

ဒေသနောက်ခံကို သရုပ်ဖော်ရာတွင်လည်း စိတ်မျက်စိတွင် မြင်ယောင်လာအောင် ရေးဖွဲ့နိုင်စွမ်းကို တွေ့ရပါသည်။ သားသည် မိခင်သည်ရေရှာထွက်လာရာ စမ်းချောင်းလေးနားအရောက်ဩကာသလောက ၏ အလှကို–

> "ခင်တန်းကလေးတစ်ခုကို ဖြတ်ကျော်လိုက်သောအခါမှ စမ်းရေ
> ကျသံကလေးကို ကြားရသည်။ သာယာသော ကျေးငှက် တို့၏
> ပျူပျူငှာငှာ ရင့်ကျူးသံတို့သည် တော၏ဂီတများ ဖြစ်နေကြ
> သည်။ ခင်တန်းကလေး၏ နောက်ကွယ် အနိမ့်ပိုင်း ကလေးတွင်
> ကျောက်တုံး ကျောက်ခဲကလေးများကို ဝေ့ဝိုက် စီးဆင်းလာသော
> စမ်းချောင်းတစ်ခုကိုတွေ့ရသည်။ တွေတွေစီးနေသော ရေအလျဉ်
> သည် ကြည်လင်ရုံမက အတွေ့ကလည်း အေးမြလှပါဘိသည်။
> သဖန်းပင် တစ်ပင်သည် စမ်းချောင်းအား ထီးမိုးထားဘိသကဲ့သို့
> အုပ်ဆိုင်းလျက် ရှိသည်။"[၂]

ဟူ၍ သရုပ်ဖော်ရေးဖွဲ့ပြထားသည်။ စမ်းချောင်းလေးမှရေစီးသံ၊ ကျေးငှက်တို့၏ ရင့်ကျူးသံ၊ ကြည်လင် အေးမြပြီးဝေ့ကာဝိုက်ကာ စီးဆင်းနေသော စမ်းချောင်း၊ စမ်းချောင်းနံဘေးမှ သဖန်းပင်ကြီးကလည်း အုပ်ဆိုင်းနေပုံတို့ကို ရေးဖွဲ့ သရုပ်ဖော်ထားရာ ဩကာသလောက အလှကို မြင်ယောင်ကြားယောင် လာစေသော နောက်ခံဝန်းကျင်အဖွဲ့ ဖြစ်သည်။

ဆရာကြီး ဦးသုခသည် "မသိ၍လိုချင်သည်၊ လိုချင်၍စွဲလမ်းသည်၊ စွဲလမ်းတော့ ပြုလုပ်သည်၊ ပြုလုပ်တော့ ရသည်၊ ရသည့်အရာကား ချမ်းသာခြင်းမဟုတ်၊

---

[၁] သုခ ၊ ၁၉၉၈၊ ၄၅။
[၂] သုခ ၊ ၁၉၉၈၊ ၃၆။

ပကတိဆင်းရဲခြင်း၊ ဆင်းရဲခြင်း”[၁] ဟူ၍ ဇာတ်ဆောင်၏ပြောစကားဖြင့်ဇာတ်လမ်း၏ အဓိကရည်ရွယ်ချက်ကို ဖော်ပြထားပြီး ဝတ္ထု၏ အမည်ကိုလည်း ရည်ရွယ်ချက်နှင့် ကိုက်ညီစွာ “မသိ၍လိုချင်သည်” ဟုအမည်ပေးထားသည် ကိုတွေ့ရပါသည်။

### ၃၊၂။ သပေါက်မလေး

'သပေါက်မလေး' ဝတ္ထုတိုသည် ပုဏ္ဏိကာထေရီအပဒါန်ကို ဇာတ်အိမ်ယူ၍ ရေးဖွဲ့ထားသော ဝတ္ထု တစ်ပုဒ်ဖြစ်သည်။ သာဝတ္ထိပြည် အနာထပိဏ်သူဌေးကြီးအိမ်၌ အစေခံ ကျွန် ရာနှင့်ချီရှိ၏။ ကျွန်မိန်းမနှင့် ကျွန်ယောကျ်ားမှ ပေါက်ဖွားလာသော သပေါက် အရေအတွက် တစ်ရာတွင် နောက်ဆုံးမွေးသော သပေါက်မကလေးမှာ ပုဏ္ဏိကာ ဖြစ်သည်။ ပုဏ္ဏိကာဟူသည် ပြည့်စုံခြင်းဟု အဓိပ္ပါယ်ရသည်။ အနာထပိဏ်သူဌေး ကြီးက ဇေတမင်းသားတို့ပျော်ပါးရာ ဥယျာဉ်ကြီးတစ်ခုလုံးကို ငွေပြားအပြည့်ခင်း၍ ဝယ်လိုက်သည်။ ထိုနေရာဇေတဝန်ကို ဗုဒ္ဓအတွက်ကျောင်းဆောက်သည်။ ကျောင်း လှူဒါန်းသည့်အခါ ပုဏ္ဏိကာလည်း ကျွန်အမှုနှင့်ပါသွားပြီး ဘုရားရှင်ကို အဝေးမှ ဖူးမြော်ခွင့်ရခဲ့သည်။ ဘုရားရှင်က သူဌေးကြီးအိမ်သို့ ဆွမ်းစားကြွ၍ တရားအနု မောဒနာပြုလျှင်လည်း ပုဏ္ဏိကာသည် မထင်မရှား နောက်ပါးကျကျ နေရာကနေ၍ တရားများကို နာကြားလေသည်။ တစ်နေ့၌သူ၏အလုပ်ဖြစ်သော အိုးခွက်တို့ကို မြစ်ဆိပ်၌ ဆေးနေစဉ် မြစ်၌ရေစိမ်ရန်လာသော ဗြဟ္မဏဆရာကြီး သောတ္ထိယနှင့် တွေ့ဆုံကာ ဗြဟ္မဏကြီးအား လမ်းမှန်ကိုပြသပေးခဲ့သည်။ ထို့နောက် ဗြဟ္မဏကြီး သည် သာသနာ ဘောင်ဝင်ပြီး ရဟန္တာဖြစ်လေသည်။ ပုဏ္ဏိကာကိုလည်း သူဌေးကြီးက ကျွန်အဖြစ် လွတ်စေရုံသာမက သမီးအဖြစ် မွေးစားလေသည်။ ပုဏ္ဏိကာကသူဌေး ကြီးအား တောင်းပန်၍ ဘိက္ခုနီပြုခွင့်တောင်းလေသည်။ ထို့နောက်တွင်ကား ပုဏ္ဏိကာ ထေရီဟူ၍ဖြစ်လာသည်။ ထိုဝတ္ထုတွင် ပုဏ္ဏိကာသပေါက်မလေးနှင့် ဗြဟ္မဏ ဆရာကြီး တို့၏ အပြောစကားများသည် ဇာတ်ဆောင်စရိုက်ကို ပေါ်လွင်စေရုံသာမက ဓမ္မဗဟုသုတ တိုးပွားစေပါသည်။

ပုဏ္ဏိကာအကြောင်းကို ပုဏ္ဏိကာထေရီအပဒါန်တွင်

> “ယခုနောက်ဆုံးဖြစ်သော ဘဝ၌လည်း ငါသည် သာဝတ္ထိမြို့
> တော်တွင် အနာထပိဏ်သူဌေး၏ အိမ်၌ ရေခပ်ကျွန်မ၏ (သမီး)
> ဖြစ်ခဲ့၏”[၂]

ဟူ၍ ဖော်ပြထားသည်။

---

[၁] ယင်း၊ ၅၆။

[၂] ထေရီအပဒါန်၊ ၂၀၀၉၊ ၂၈၇။

ဆရာကြီး ဦးသုခက ဇာတ်လမ်းတွင် ပါဝင်သော ပုဏ္ဏိကာ၏ အသွင်ကို သရုပ်ဖော်ရာတွင်

> “မိန်းကလေး တစ်ယောက်သည် တောင်းကြီး တစ်တောင်းကို ခေါင်းပေါ် ရွက်၍ နှင်းမှုန်တိုင်းကြားဝယ် မြစ်ကမ်းပါးဆီသို့ ခပ်သုတ်သုတ် လှမ်းလာနေသည်။ သူ၏ ပါးလွှာသော အပေါ်ရုံ ဝတ် အဝတ်ပိုင်းကလေးမှာ လေကစား၍ တံခွန်တိုင်က ကုက္ကား လိုဖြစ်နေသည်။ ခေါင်းပေါ်က တောင်းနှုတ်ခမ်းကို တစ်ဖက်က ထိန်းရင်း လက်တစ်ဖက်က ကိုယ်လေး ကလေးမှခွာ၍ ပြေတော့ မတတ်ရှိသော ထိုအဝတ်ကို ပြန်၍ ပြန်၍ ပတ်နေရသည်ကို ကိစ္စတစ်ခုဖြစ်နေ လေသည်။
>
> ခေါင်းပေါ်ကတောင်းက ခြေလှမ်းတိုင်း တချောင်ချောင် တဂျင်ဂျင် အသံမြည်နေသည်။ အဘယ်ကြောင့်ဆိုသော် တောင်းကြီးထဲတွင် ကြေးအိုး၊ ကြေးခွက်၊ ဇွန်း၊ ပန်းကန်၊ ယောက်မတို့ အပြည့် နှင်နှင် ပါလာသောကြောင့် ဖြစ်၏။ ထိုပစ္စည်းများက ကလေးမ၏ ခြေလှမ်းအလိုက် စည်းနှင့်ဝါး အချက်ကျကျ မြည်ပုံမှာ ဂီတသံတစ်မျိုးလိုလို ကြားနိုင်ပြန်၏”[၁]

ဟူ၍ သရုပ်ဖော် ရေးဖွဲ့ထားသည်။ ပုဏ္ဏိကာ၏အသွင်ကို မျက်စိထဲတွင် မြင်ရုံသာမက အသံကိုပါ ကြားယောင်စေသော အဖွဲ့ဖြစ်သည်။

ပုဏ္ဏိကာ၏စရိုက်ကို သရုပ်ဖော်ရာတွင် ငယ်ရွယ်သူဖြစ်သော်လည်း ပကာသန မကြိုက်၊ ရိုးရှင်းသော ဘဝကိုနှစ်သက်သူ၊ ဝေဖန်ပိုင်းခြားတတ်သူ၊ မြတ်စွာဘုရားကို ကြည်ညိုရုံမက မြတ်စွာဘုရား၏ တရားတော်များကို မအားမလပ်သည့် ကြားမှ ကြားနာသူ၊ အမှန်တရားကို ရဲရဲဝံ့ဝံ့ရင်ဆိုင် ဖြေရှင်းတတ်သူတစ်ဦးအဖြစ် သရုပ်ဖော် ထားသည်။

ပုဏ္ဏိကာသည် ပကာသနမမက်၊ ရိုးရှင်းသော ဘဝကို နှစ်သက်ကြောင်းကို အိုးခွက်များဆေးရင်း သူ၏ ပြောစကားအရ သိနိုင်သည်။ ပကာသနမမက်သူ ဖြစ် ကြောင်းကို

---

[၁] သုခ၊ ၁၉၉၈၊ ၆၀။

"ဟောသည့်ကြေးနီခွက်များဟာ အေးစရာရှိလည်း အလွန်အေး၊ ပူစရာရှိလည်း တကယ်ပူတဲ့ သတ္တုမျိုးပဲ၊ ဒါများ အဖိုးတန်လုပ်လို့၊ ငါသာဆို ငှက်ပျောဖက်နဲ့စားမယ်"[၁]

ဟူသော ပြောစကားဖြင့် သရုပ်ဖော်ပြသည်။ ပုဏ္ဏိကာသည် မြတ်စွာဘုရား၏ အဘိဓမ္မာတရားများကို ဆင်ခြင်တတ်ပုံကို –

"အင်း အငွေ့ဆိုတဲ့ အငွေ့များဟာ အပူကြောင့်သာ ထွက်တတ်တာ မဟုတ်ဘူး။ အအေးလွန်တော့ လည်း ထွက်တတ်တာပဲကိုး၊ သြော်–နေအုံး၊ အငွေ့ဆိုတာ တေဇောတဲ့၊ ဟုတ်ပေသားပဲ၊ ဥဏှတေဇော၊ သီတတေဇော၊ အပူငွေ့၊ အအေးငွေ့၊ ဒါပဲပေါ့၊ မြတ်ဗုဒ္ဓ၏ အဘိဓမ္မာ၊ ငါကြားဖူးတာမှန် နေပါပကော"[၂]

ဟူ၍ ပြောစကားဖြင့် သရုပ်ဖော်ရေးဖွဲ့ထားသည်။ ကြားဖူးသည်ကို မှန်မမှန် ပြန်လည်ဆန်းစစ်သော ပုဏ္ဏိကာ၏ စရိုက်ကို တွေ့ရသည်။

ပုဏ္ဏိကာနှင့် ပုဏ္ဏားကြီးတို့အကြောင်းကို ထေရီအပဒါန်တွင်

"ငါသည် ရေမှတက်သော ပုဏ္ဏားအား တရားသဘောနှင့် စပ်ယှဉ်သောစကားကို ပြောကြားခဲ့၏။ ထိုပုဏ္ဏားသည် ထိုစကားကို ကြားလတ်သော် ထိတ်လန့် တုန်လှုပ်သည် ဖြစ်၍ ရဟန်းပြုကာ ရဟန္တာဖြစ်လေ၏။

ထို့နောက် ငါသည် သူဌေးကိုခွင့်ပြုစေ၍ ရဟန်းဘောင်သို့ ဝင်ရောက် ရဟန်းပြုပြီးကာလ မကြာမီပင် အရဟတ္တဖိုလ်သို့ ရောက်ခဲ့ပေ၏"[၃]

ဟူ၍ ဖော်ပြထားသည်။

ဆရာကြီး ဦးသုခ၏ "သပေါက်မလေး" ဝတ္ထုတွင် ပုဏ္ဏားကြီးက ဗြဟ္မဏများသည် မကောင်းမှုကံများ ကင်းကွာသန့်စင်အောင် ရေချိုးရေစိမ် ပြီးသန့်စင်ရကြောင်း၊ မကောင်းသော အပြစ်လုပ်သမျှ ရေနှင့်ဆေးကြောလျှင် ကင်းကွာ ကြောင်းပြောသော အခါ ပုဏ္ဏိကာက ပြန်လည်ရှင်းပြပုံကို –

---

[၁] သုခ ၊ ၁၉၉၈၊ ၆၂။

[၂] ယင်း၊ ၆၃။

[၃] ထေရီအပဒါန်၊ ၂၀၀၉၊ ၂၈၈။

> "မကောင်းမှုတွေကို ရေနဲ့ဆေးလို့သာ အပြစ်ကင်းမယ်ဆိုရင် မွေးကတည်း က ရေထဲအမြဲစိမ်နေ ကြတဲ့ ဖားတို့၊ လိပ်တို့၊ နဂါးတို့၊ မိကျောင်းတို့ဆိုတာ သူတော်ကောင်းကြီးတွေ ဖြစ်ကုန် မှာပေါ့နော်၊ နောက်ပြီး သားသတ်သမားတွေ တံငါတို့ သူခိုး ဓားပြ လူသတ်ယောကျ်ားဆိုတာ တွေလည်း သူတို့ လုပ်ချင်သမျှ လုပ်ခဲ့ပြီး ရေထဲ တဝုန်းဝုန်းခုန်ချ ချိုးကြစိမ်ကြရင် နတ်ပြည် သွားရမယ့် နတ်သား၊ နတ်သမီး အလောင်းအလျာတွေ ဖြစ်ကုန် ကြရောလား"[၁]

ဟူ၍ ရေးဖွဲ့ထားသည်။ ပုဏ္ဏိကာ၏ ငယ်ရွယ်သော်လည်း ချက်ကျလက်ကျ ပြန်ပြော တတ်သော စရိုက်ကိုပေါ်လွင်စေသောအဖွဲ့ဖြစ်သည်။

ထို့နောက်ပုဏ္ဏိကာက ဗြဟ္မဏကြီးကို ဆက်လက်ပြောကြားရာတွင် –

> "တတွေတွေစီးဆင်းနေသော ရေအလျဉ်ထဲမှာ စိမ်လို့ မကောင်းမှု ကံတွေဟာ မျောပါသွားမယ်ဆိုရင် ဆရာကြီး တစ်သက်တာမှာ လုပ်ခဲ့သမျှ ကောင်းမှုကံတွေပါ ရောပြီး မျောပါသွားရတော့ မှာပေါ့။ တကယ်ဆိုတော့ ဘာမှမသိ တတ်တဲ့ရေဟာ ဆရာကြီး ရဲ့ အပြစ်တွေကိုသာ ရွေးချယ်ပြီး ဆေးကြောသွားနိုင်တဲ့ အစွမ်း အာနိသင်ရှိတာ မဟုတ်ပါဘူး။ ရေဟာရေပါပဲ။ ဥပမာ ကျွန်မ ဆေးတဲ့ အိုးခွက်တွေကိုပဲ ကြည့်ပါအုံး၊ သူတို့မှာ တွယ်ကပ် နေတဲ့ စားကြွင်း သောက်ကြွင်း ချေးညှော်ဆီများ အညစ်အကြေး တွေကို ကျွန်မလက်နဲ့ ပွတ်တိုက် ဆေးကြောလိုက်တဲ့အခါမှာ ဒါတွေသာ ကွက်ပါသွားတာ မဟုတ်ဘူး။ အင်မတန် မွေးကြိုင် နေတဲ့ ကျွန်မလက်ဖျားက သနပ်ခါးလေးတွေလည်း ပါသွားရ တာပါပဲ"[၂]

ဟူ၍ ရေစိမ်ရုံဖြင့် မကောင်းမှုကံများ ပါသွားမည်မဟုတ်ကြောင်း အကျိုးသင့် အကြောင်းသင့် ရှင်းလင်းပြောကြားသွားသည်။ သပေါက်မလေးပင် ဖြစ်သော်လည်း ဘုရားရှင်၏ တရားအဆီအနှစ်များကို နာကြားရုံသာမက လက်တွေ့သုံးသပ်ဆင်ခြင်

---

[၁] သုခ၊ ၁၉၉၈၊ ၆၈။
[၂] ယင်း။

ညဏ်ရှိသောသူတစ်ဦးအဖြစ် ဇာတ်ဆောင်၏ ပြောစကားဖြင့် သရုပ်ဖော်သွားသည်ကို တွေ့ရသည်။

ဆရာကြီးဦးသုခသည် ကာလဒေသနောက်ခံကို သရုပ်ဖော်ရာတွင်

> "ဌာနကားသာဝတ္ထိ၊ ကာလကား မိုးသောက်အရုဏ်၊ ရာသီကား ဟေမန္တ၊ မြစ်ရေသည်ခဲတော့မတတ် ထင်ရသည်။ အအေးလွန်သဖြင့် စေးထန်းထန်း ပျစ်ချွဲချွဲရှိသယောင် ဖြစ်နေသည်။
>
> ဆီးနှင်းရေခဲတို့ကို သရုဖူဆောင်း၍ သီတ၏ ဘုရင်တစ်ဆူမင်းမူသော တောင်မင်းဟိမဝန္တာက သူ၏ တန်ခိုးရှိန်စော်များကို မြောက်ပြန်လေနှင့်အတူ အရပ်ရှစ်မျက်နှာသို့ အာဏာစက် ပျံ့နှံ့စေသည်။ သစ်ပင်ကြီးငယ်တို့သည် ထိပ်ဖျားမှန်သမျှ၌ ဆီးနှင်းခဲများကို ခေါင်းစွပ်တန်ဆာပြု၍ ဆင်ထားကြသည်။ တဟူးဟူး တိုက်ခတ်နေသော ရေခဲလေကြောင့် ယိမ်းယိုင်နေသော သစ်ပင်တို့မှာ နတ်ဝင်သည် ကသကဲ့သို့ထင်ရသည်။"[၁]

ဟူ၍ ရေးဖွဲ့ထားသည်။ ဆောင်းရာသီကာလ မြစ်ရေများ အေးခဲမတတ်ဖြစ်ပုံ၊ ဟိမဝန္တာတောင်တွင် ဆီးနှင်းများ ဖုံးလွှမ်းနေပုံ၊ မြောက်ပြန်လေ တိုက်ခတ်နေပုံ၊ သစ်ပင်ထိပ်ဖျားတွင်လည်း ဆီးနှင်းများ ဖုံးလွှမ်းနေပုံ၊ လေတိုက်သဖြင့် သစ်ပင်များ ယိမ်းနွဲ့နေပုံတို့ကို မြင်ယောင်လာစေပြီး ဩကာသလောက အလှကို ပေါ်လွင်စေသောအဖွဲ့ဖြစ်သည်။

## ၃.၃။ လှဇကေရီ

ဆရာကြီး ဦးသုခ၏ "လှဇကေရီ" ဝတ္ထုတိုသည် ခေမာထေရီ အပဒါန်ကို ဇာတ်အိမ်ယူ၍ ရေးဖွဲ့ထားသော ဝတ္ထုတစ်ပုဒ်ဖြစ်သည်။ ဗိမ္ဗိသာရမင်း၏ မိဖုရားခေါင်ကြီး ဖြစ်သော အလွန်တစ်ရာ ချောမောလှပပြီး အလှမာန်တက်နေသော ခေမာမိဖုရားအကြောင်းကို ရေးဖွဲ့ထားသည်။ ရေးဖွဲ့ရာတွင် ခေမာထေရီက ပုထုဇဉ် ရဟန်းမိန်းမများကို မိမိအကြောင်းကို ပြန်လည်ဟောပြောပုံဖြင့် ရေးဖွဲ့ထားသည်။

ဇာတ်လမ်းတွင် ပါဝင်သော ခေမာထေရီ၏ ရုပ်အသွင်ကို ဖော်ပြရာတွင်

---

[၁] သုခ ၊ ၁၉၉၈၊ ၄၅။

> "စိမ်းနေသော ဦးပြည်းနှင့် သစ်ခေါက်ဆိုး သင်္ကန်းရောင်တို့က ခေမာထေရီ ၏ ဝင်းဖန့်ဖန့် အသားအရေကို ပိုမို၍ ထင်ပေါ်စေသည်။ မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်းမှစ၍ ကြော့ကြော့ရှင်း လည်တိုင်ကလေးအထိ အပြစ်ဆိုစရာ မရှိအောင် ချောမွေ့လှပါဘိသည်" [၁]

ဟူ၍ ရေးဖွဲ့ထားသည်။ ကတုံးတုံးကာ သစ်ခေါက်ဆိုးသင်္ကန်းကို ဝတ်ဆင်ထားသော်လည်း ပင်ကိုလှသူတစ်ယောက်၏ အလှတရားက အထင်သားပေါ်လွင်နေသည်။ ဝါဝင်းသော အသားအရေ၊ မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်း၊ လည်တိုင်အလှ ခြောက်ပြစ်ကင်းသော အလှတရားတို့ဖြင့် ပြည့်စုံနေသော ခေမာထေရီ၏ အလှကို ပေါ်လွင်အောင်ရေးဖွဲ့ထားသည်။

ထို့နောက် ခေမာမိဖုရားဖြစ်စဉ်၌ လှပသော ခန္ဓာကိုယ်ကို အမြဲတမ်း ပြုပြင်ပြင်ဆင် ခြယ်သနေပုံကို

> "နို့ရည်စစ်ဖြင့် ရေချိုးခြင်း၊ ရွှေမှုန့်နှောသော နံ့သာပျောင်းတို့ဖြင့် လိမ်းကျံခြင်း၊ ပန်းပေါင် ထုံသော အမွှေးနံ့သာဆီများဖြင့် ဆံပင်ကို ပြုပြင်ခြင်း၊ အနုဆုံး၊ အယဉ်ဆုံး၊ အလှဆုံးဆိုသော အဝတ်တန်ဆာ ရတနာ ကျောက်သံပတ္တမြား တို့ကို ဆင်ယင်ကာ ကိုယ်လုံးပေါ်ကြေးမုံရှေ့ဝယ် အချိန်ဖြုန်းခြင်းသာ အဓိကဝါသနာ ဖြစ်ခဲ့ရပါသည် အရှင်မတို့ဘုရား" [၂]

ဟူ၍ ခေမာထေရီက ပုထုဇဉ် ရဟန်းမများကို ဟောကြားပုံဖြင့် ဖော်ပြခဲ့သည်။ မူရင်းပါဠိတော်တွင် မပါသော်လည်း ဆရာကြီး၏ အနုစိတ်ခြယ်မှုန်း သရုပ်ဖော်မှုကြောင့် ခေမာမိဖုရား၏ အဆင်းကို တပ်မက် တွယ်တာမှုကို ပေါ်လွင်စေပါသည်။

ထေရီအပဒါန် ပါဠိတော်မြန်မာပြန်တွင် ခေမာမိဖုရားကို

> "ရုပ်အဆင်းကို မြတ်နိုးခြင်း၌ ပျော်မွေ့ခဲ့၏။ ရုပ်အဆင်းတို့၏ အပြစ်ကို ပြောဟောလေ့ရှိ၏ ဟူ၍ နှလုံးသွင်းလျက် မဟာကရုဏာရှင် ဖြစ်သော မြတ်စွာဘုရားထံသို့ မချဉ်းကပ်ခဲ့ချေ။" [၃]

ဟူ၍ ဖော်ပြထားသည်။

---

[၁] ယင်း၊ ၁၀၉။

[၂] သုခ၊ ၁၉၉၈၊ ၁၁၀။

[၃] ထေရီအပဒါန်၊ ၂၀၀၉၊ ၂၁၆။

ဆရာကြီးဦးသုခက ခေမာမိဖုရား၏ စရိုက်ကို ဖော်ပြရာတွင်

> "တကယ်ဆိုတော့ ဗုဒ္ဓရဲ့ အဘိဓမ္မာတွေဟာ စိတ်ပျက်စရာ စကားတွေပါကွယ်၊ ရူပါရုံနဲ့ တင့်တယ်တာတွေလည်း ခဏပဲတဲ့၊ ဩဇာအာဏာနဲ့ ခြယ်လှယ်တာတွေလည်း ခဏပဲတဲ့၊ အားလုံး ပျက်စီးဆိတ်သုဉ်းကုန်မည့် သဘောတရားချည်းပဲတဲ့၊ ဘယ်နားချမ်းသာစရာ ရှိတော့လို့လဲ၊ လူဆိုတာ လှတုန်း ပျော်ချင်တယ်၊ ချမ်းသာတုန်း ရွှင်ချင်တယ်၊ အာဏာရှိတုန်း ကျေနပ်နှစ်သက်ချင်တယ်၊ မဖုရားတော့ ဝေဠုဝန်ကျောင်းတော်ကို ရှောင်နိုင်သမျှ ရှောင်နေမှာပဲ"[၁]

ဟူ၍ ခေမာမိဖုရား၏ ပြောစကားဖြင့် သရုပ်ဖော်ထားသည်။ လူ့စရိုက်၊ လူ့သဘာဝ ပေါ်လွင်စေသော အဖွဲ့ဖြစ်သည်။

မြတ်စွာဘုရား သီတင်းသုံးရာ ဝေဠုဝန်ကျောင်းတော်သို့ ရောက်ရှိပြီး မြတ်စွာဘုရား ထံပါးတွင် ယပ်ခပ်ပေးနေသော မိန်းမပျို၏အသွင်ကို ထေရီအပဒါန်တွင်–

ယပ်ခပ်ပေးနေသော မိန်းမပျို၏အသွင်ကို ထေရီအပဒါန်တွင်–

> "ရွှေကဲ့သို့ အရောင်အဆင်းရှိပေ၏။ ပဒုမ္မာကြာကဲ့သို့ မျက်နှာ၊ မျက်လုံးရှိပေ၏။ ကျီးအာသီးကဲ့သို့ (နီမြန်းသော) နှုတ်ခမ်းရှိ၏။ သင်းခွေပန်းကဲ့သို့ (ဖြူဖွေးသော) သွားရှိပေ၏။ စိတ်နှင့်မျက်စိတို့၏ အရသာကို ဖြစ်စေပေ၏။ ရွှေအေးယာဉ်နှင့်တူသော နားရှိပေ၏။ တည်သီးရင့်သဖွယ် သားမြတ် နှစ်သွယ် ရှိပေ၏။ ပွတ်တိုင်အလယ်ကဲ့သို့ သွေးသွယ်သောခါးရှိပေ၏။ ငှက်ပျောတုံးသဖွယ် တင့်တယ်စွာ တန်ဆာဆင်ထားသော ပေါင်လည်း ရှိပေ၏"[၂]

ဟူ၍ ဖော်ပြထားသည်။ ဆရာကြီး ဦးသုခက ထိုမိန်းမပျို၏အသွင်ကို သရုပ်ဖော်ရာတွင် –

> "မိန်းကလေးသည် ရွှေအဆင်းကဲ့သို့ ဝင်းဝင်းဝါဝါ ချောမောလှစွာ၏။ ပဒုမ္မာကြာပန်းကဲ့သို့ တင့်တယ်လှပစွာသော မျက်နှာ၊ မျက်ခုံး၊ မျက်လုံး၊ မျက်စေ့ရှိ၏။ နီဖလံရွှေဆင်းကဲ့သို့ ခြင်းခြင်း

---

[၁] သုခ၊ ၁၉၉၈၊ ၁၁၂။

[၂] ထေရီအပဒါန်၊ ၂၀၀၉၊ ၂၁၈။

> နီသော နှုတ်ခမ်းကလေး၊ သင်းခွေပန်းငုံ စံပယ်ငုံအထွေးကဲ့သို့ ဖြူဖွေးသန့်စင် ရှုချင်ဖွယ်ရှိသော သွားကလေး၊ ယဉ်ကျေးသပ်ရပ် လျှောက်ပတ်တင့်တယ်သော နားရွက်ကလေး၊ ငွေမှုရိုးစည်ပမာ ကဲ့သို့ ညီညာလုံးပြေလှနေအထား နုထွား ဖြောင့်စင်းသော လည်ပင်းလည်တိုင်ကလေး၊ သီးနှသီးကင်းသဖွယ် တင့်တယ်လှ စွာသော ရင်သားကလေး၊ ရွှေပွတ်လုံး အလယ်ကဲ့သို့ သွေးသွယ် နွဲ့နှောင်း ညွတ်ပျောင်းသော ခါးကလေး၊ ရွှေငှက်ပျောပင်လုံး ကဲ့သို့ ချောမောပြေပြစ်လှစွာသော ပေါင်ကလေး"[၁]

ဟူ၍ ဥပမာအလင်္ကာများစွာသုံးကာ မိန်းကလေး၏ ပင်ကိုအလှကို ပေါ်လွင်အောင် ရေးဖွဲ့သရုပ်ဖော် ခြယ်မှုန်းသွားသည်ကို တွေ့ရသည်။ အဋ္ဌကထာထက် ပို၍ အသေးစိတ် သရုပ်ဖော်နိုင်စွမ်းကို တွေ့ရသည်။

ထို့နောက် ခေမာမိဖုရား ကြည့်ရှုနေစဉ်အခိုက် မိန်းကလေး၏ ရုပ်ဖောက်ပြန် သွားပုံကို သရုပ်ဖော်ရာတွင် –

> "အရိုးအကြောငေါငေါပေါ်ထွက် ရုပ်ရည်ပျက်၍ မျက်စိ၊ နား၊ နှာ၊ ရုပ်ဝါ ချွတ်ယွင်း အိုမင်းခြင်းသို့ရောက်သဖြင့် ဟောက် တောက်ခွက် တက်နက်သော မျက်တွင်းများ ကျိုးသောသွားနှင့် ပါးရေတွန့်လိမ် ဖြူသော ဆံပင်ရှုချင် စဖွယ်မရှိ"[၂]

ဟူ၍ ရေးဖွဲ့ပြသည်။ အဖွဲ့တရသမြောက်သော အဖွဲ့ဖြစ်သည်။ ထိုသို့ အဆင်း၏ မတည်မြဲသော သဘောကို ပြ၍ မြတ်စွာဘုရားက တရားပြပုံကို ဖော်ပြရာတွင် –

> "ပင့်ကူမျှင်ကို ပြုလုပ်သော ပင့်ကူကောင်သည် မိမိပြုလုပ်သော ပင့်ကူမျှင်ကို အစဉ်လိုက်၍ လျှောက်သွားသကဲ့သို့ မိမိကိုယ်ကို ဖြီးလိမ်း ဝတ်ဆင်တပြင်ပြင်နေသော အဆင်းရုပ်ဝါ တဏှာအမှု ကို အစဉ်လိုက်၍ နေကြကုန်၏။ တဏှာမဖက် ငဲ့ကွက်ခြင်းကင်း သော ပညာရှိတို့သည် ကာမချမ်းသာကို စွန့်၍ ရဟန်းပြုကြ ကုန်၏"[၃]

---

[၁] သုခ၊ ၁၉၉၈၊ ၁၁၉။

[၂] ယင်း။

[၃] သုခ၊ ၁၉၉၈၊ ၁၂၂။

ဟူ၍ တဏှာ၏ နောက်ကို အစဉ်လိုက်နေခြင်းကို ပင့်ကူမျှင်နှင့် ပင့်ကူဥပမာပေးကာ ကာမချမ်းသာကို စွန့်၍ အေးငြိမ်းချမ်းသာသော နိဗ္ဗာန်ကို ရရန်ရဟန်းပြုပုံကို ရေးဖွဲ့ထားသည်။ ထင်ရှားပေါ်လွင်သော ဥပမာကြောင့် တဏှာနောက်သို့ လိုက်နေသော လူတို့၏ အသွင်သည် ပို၍ ပေါ်လွင်လာပါသည်။

ဝေဠုဝန်ဥယျာဉ်၏ သာယာပုံကို ထေရီအပဒါန်မြန်မာပြန်တွင် –

"ထိုဥယျာဉ်သည် တတောလုံးပွင့်လျက်ရှိ၏။ ပျားပိတုန်း အမျိုးမျိုးတို့ တဝီဝီ မြည်လျက်ရှိ၏။ ဥဩတို့၏ သီချင်းသံနှင့်တကွ ဖြစ်၏။ ဥဒေါင်းအပေါင်းတို့ ကခုန်လျက်ရှိ၏" [၁]

ဟူ၍ ဖော်ပြထားသည်။

ဆရာကြီး ဦးသုခသည် ဝေဠုဝန်ဥယျာဉ်၏ သာယာပုံကို ဖွဲ့ရာတွင်

"ဆန်းကြယ်စွာပွင့်၍နေသော ပန်းအမျိုးမျိုးတို့ကိုလည်းကောင်း၊ ပန်းပွင့်တို့အလယ်၌ ပျံဝဲကာ ပန်းရည်စုပ်သုံးကြသော ပျားပိတုန်းတို့၏ တောင်ဟုန်သံဖြင့် လည်းကောင်း၊ အသံသာစွာ မြည်တတ်ကုန်သော ဥဩငှက်တို့၏ သီချင်းသံတို့ဖြင့် လည်းကောင်း၊ တပည့်တော်မ၌ နားမျက်စိအရသာ ခံစားရပါပေသည်။ ဥဒေါင်းငှက်အပေါင်းတို့၏ ကမြူးလျက်နေသည်ကိုလည်း ချစ်စဖွယ် မြင်နေ၏" [၂]

ဟူ၍ ရေးဖွဲ့ခြယ်မှုန်းထားသည်။ ဆရာကြီး၏ သရုပ်ဖော်စွမ်းရည်ကြောင့် ပန်းရောင်စုံ ဖူးပွင့်နေပုံ၊ ဝတ်ရည် သောက်သုံးဝဲပျံနေသော ပျားပိတုန်းတို့၏ တောင်ပံရိုက်သံ၊ ဥဩငှက်တို့၏ မြည်ကြွေးသံ၊ ဥဒေါင်းငှက် တို့၏ ကခုန်မြူးထူးဟန်တို့ဖြင့် သာယာကြည်နူးဖွယ်ကောင်းသော ဝေဠုဝန်ဥယျာဉ်ကြီးကို မျက်စိတွင် မြင်ယောင်ကြားယောင် လာစေပါသည်။

ဆရာကြီး ဦးသုခသည် ခေမာထေရီအပဒါန်မှ ခေမာမိဖုရားအကြောင်းကို ရေးဖွဲ့ရာတွင် ဇာတ်ကြောင်းပြန်ပြောပုံဖြင့် ရေးဖွဲ့ထားသည်။ ဝတ္ထု၏ အမည်ကို "လှဇကရီ" ဟု အမည်ပေးထားသည်။ ခေမာမိဖုရားဘဝတွင် အဆင်းကို တပ်မက်

---

[၁] ထေရီအပဒါန်၊ ၂၀၀၉၊ ၂၁၇။

[၂] သုခ၊ ၁၉၉၈၊ ၁၁၇။

သော၊ ယစ်မူးသော မိဖုရား၊ အဆင်း၏အပြစ်ကို ဟောကြားသော မြတ်စွာဘုရားရှိရာ ဝေဠုဝန်ကျောင်းတော်ကို ရှောင်နေသော ဗိမ္ဗိသာရမင်းကြီး၏ မိဖုရားခေါင်အဖြစ် သရုပ်ဖော်ထားပြီး ခေမာထေရီဘဝတွင် တည်ငြိမ်အေးချမ်းသော ရဟန္တာမအသွင်ဖြင့် ပုထုဇဉ်ရဟန်းမ တို့ကို တရားဟောကြားနေပုံကို သရုပ်ဖော်ခြယ်မှုန်းပြထားပါသည်။ ဆရာကြီး၏ သရုပ်ဖော်အရေး အဖွဲ့စွမ်းရည်ပြောင်မြောက်မှုကို တွေ့ရပါသည်။

## ခြုံငုံသုံးသပ်ချက်

ဆရာ ဦးသုခသည် ဘာသာရေး၊ စာပေ၊ ယဉ်ကျေးမှု၊ ဂီတ၊ အဟောအပြော စွယ်စုံရသူတစ်ဦး ဖြစ်သည်။ လောကအကြောင်း၊ ဓမ္မအကြောင်း၊ ကျေညက်လှသူ တစ်ဦးဖြစ်သည်။ ငါးရာငါးဆယ် ဇာတ်ဝတ္ထု၊ ဓမ္မပဒဝတ္ထုတို့ကိုလည်း ကျေညက်သူ တစ်ဦးဖြစ်သည်။ အကျော်ဒေးယျ ဗုဒ္ဓသမီးတော်များ ဝတ္ထုတိုတို့တွင်လည်း ထေရီ အပဒါန်မှ ကြည်ညိုဖွယ်ရာ ထေရီတို့၏အကြောင်းကို စိတ်ဝင်စားဖွယ် ဇာတ်အိမ်ဖွဲ့၍ ရေးဖွဲ့ထားသည်။ "မသိ၍လိုချင်သည်" ဝတ္ထုတိုတွင်လည်း အဝိဇ္ဇာအမှောင်တိုက် အောက်မှလွတ်မြောက်၍ ရဟန္တာဖြစ်သွားသော သားအမိသုံးဦး၏အကြောင်းကို စိတ်ဝင်စားဖွယ် ရေးဖွဲ့ထားသည်။ ထိုဝတ္ထုတွင် ပါဝင်သော ဇာတ်ဆောင်တို့၏ အမူအရာ၊ ဇာတ်ဆောင်တို့၏ စရိုက်ကိုလည်း ပေါ်လွင်အောင် သရုပ်ဖော်ရေးဖွဲ့သကဲ့သို့ ဇာတ် လမ်း၏ ကာလဒေသနောက်ခံကိုလည်း ပေါ်လွင်အောင် သရုပ်ဖော်နိုင်သည်။ "သပေါက်မ ကလေး" ဝတ္ထုတိုတွင်လည်း ပုဏ္ဏိကာသပေါက်မကလေးနှင့် ဗြဟ္မဏ ပုဏ္ဏားကြီးတို့ အပြန်အလှန် စကားပြောသောအခန်းတွင် ဇာတ်ဆောင်တို့၏ စရိုက်ကို ပေါ်လွင်စေရုံသာမက တရားသဘောများ ကိုလည်း ရှင်းရှင်းလင်းလင်း တင်ပြသွား သည်။ ဓမ္မရသ ပေးစွမ်းသော ဝတ္ထုတစ်ပုဒ်ဖြစ်သည်။ ဗြဟ္မဏတို့၏ အယူဝါဒကို ဥပမာတို့ဖြင့် လက်တွေ့ သုံးသပ်ပြသွားသည်။ "လှဧကရီ" ဝတ္ထုတွင် ခေမာထေရီ အပဒါန်မှ ခေမာမိဖုရားအကြောင်းကို ဇာတ်ကြောင်းပြန်နည်းကို သုံး၍ ရေးဖွဲ့သွား သည်။ ခေမာမိဖုရား၏အလှကို သရုပ်ဖော်ရာတွင် ပင်ကိုအလှတွင် အဆင်တန်ဆာ အလှများဖြင့် လှချင်တိုင်း လှနေသော အသွင်ကို ခြယ်မှုန်းပြသွားသည်။ အလှကို ကိုးကွယ်သော မိဖုရားတစ်ဦး၏ အသွင်ကို ပေါ်လွင်အောင် ဇာတ်ဆောင်၏ ပြော စကားများဖြင့် သရုပ်ဖော်ထားသည်။ ထိုသို့ သရုပ်ဖော်မှုကြောင့် အလှမာန်တက်နေ သော မိဖုရားကြီး၏ အသွင်သည် ပို၍ ရုပ်လုံးကြွလာပါသည်။ ထို့နောက် ဝေဠုဝန် ကျောင်းတော်ရှိ မြတ်စွာဘုရားအပါး ယပ်တော်ခပ်ပေးနေသော မိန်းမပျို၏ အသွင်ကို

သရုပ်ဖော်ရာတွင်လည်း ပီပြင်အောင် သရုပ်ဖော်နိုင်စွမ်းကို တွေ့ရသည်။ ဆရာကြီး ဦးသုခသည် စာပေကျမ်းဂန် နှံ့စပ်သူဖြစ်ကြောင်း စာများက သက်သေခံလျက် ရှိသည်။ ထို့ကြောင့် ထိုဝတ္ထု (၃)ပုဒ်သည် ဆရာကြီး ဦးသုခ၏ အရေးအဖွဲ့သရုပ်ဖော် စွမ်းရည်ကောင်းမွန်မှုကြောင့် ရုပ်ရှင်တစ်ကားကို ပိတ်ကားပေါ်၌ ကြည့်ရသကဲ့သို့ အသက်ဝင်နေပါသည်။ ထို့အပြင် ဆရာကြီး ဦးသုခ၏ အရေးအဖွဲ့ ကောင်းမွန်မှု ကြောင့် ယနေ့တိုင် ထင်ရှားဆဲဖြစ်ပါသည်။

## နိဂုံး

ဆရာဦးသုခ၏ "အကျော်ဒေးယျ ဗုဒ္ဓသမီးတော်များ" ဝတ္ထုတိုများသည် ထေရီအပဒါန်ကို မှီး၍ ရေးဖွဲ့ထားသော ဝတ္ထုများဖြစ်ပါသည်။ ဤစာတမ်းမှ ဝတ္ထု (၃)ပုဒ်သည် ထေရီအပဒါန်မှ ဥပ္ပလဝဏ်ထေရီ အပဒါန်၊ ပုဏ္ဏိကာထေရီအပဒါန်၊ ခေမာထေရီအပဒါန်တို့ကို မှီး၍ ရေးဖွဲ့ထားသည်။ ဆရာကြီးသည် စာပေကျမ်းဂန် နှံ့စပ်ရုံသာမက အနုပညာနှင့်ပတ်သက်၍လည်းကောင်း၊ ဓမ္မတရားနှင့် ပတ်သက်၍ လည်းကောင်း၊ အဖက်ဖက်မှ ပြည့်စုံသူတစ်ဦးဖြစ်ပြီး ဆရာကြီး၏ စာပေလက်ရာ များက ယနေ့တိုင် ထင်ရှားကျော်ကြားဆဲ ဖြစ်ပါသည်။

## ကျမ်းကိုးစာရင်း

သုခ ။ (၁၉၉၈) ။ ***အကျော်ဒေးယျဗုဒ္ဓသမီးတော်များ၊*** ရန်ကုန်မြို့၊ ပါရမီစာပေ။

တာရာ၊ ဒဂုန်။ (၁၉၆၉)၊ ***စာပေသဘောတရား၊ စာပေဝေဖန်ရေး စာပေလှုပ်ရှားမှု*** (ဒု–ကြိမ်)၊ ရန်ကုန်မြို့၊ နံ့သာစာအုပ်တိုက်။

***ထေရာ ထေရီအပဒါန်***၊ (၂၀၀၉)။ ရန်ကုန်၊ က မ္ဘာအေးစာပုံနှိပ်တိုက်။

မိုးမြေ၊ မ။ (၂၀၀၉) ၊ ***ဝတ္ထုရှည်သဘောတရား ဝတ္ထုရှည်အတတ်ပညာ၊*** ရန်ကုန်မြို့၊ ရွှေကံ့ကော်စာပေ။

***ဝတ္ထုတို စာတမ်းများ***၊ ပထမတွဲ၊ (၁၉၇၉)။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

***ဝတ္ထုတိုစာတမ်းများ၊*** ဒုတိယတွဲ (၁၉၇၉)။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့ ။ (၂၀၀၈)၊ ***မြန်မာအဘိဓာန်၊*** ဒုတိယအကြိမ်။ ရန်ကုန်မြို့။

သူရိယကန္တိ။ (၁၉၇၉)၊ ***ဝတ္ထုရေးလိုသော်***၊ ဒုတိယအကြိမ်၊ ရန်ကုန်၊ လင်းယုန်စာပေ။

# ဒဂုန်တာရာ၏ "အလှဗေဒ" မှစာပေဝေဖန်ရေးအမြင်

သူဇာအေး*


## စာတမ်းအကျဉ်း

ဤစာတမ်းသည် ဒဂုန်တာရာ၏ "အလှဗေဒ"မှ စာပေဝေဖန်ရေး အမြင်များကို လေ့လာ တင်ပြထားသောစာတမ်းဖြစ်ပါသည်။ ထိုသို့ လေ့လာရာတွင် အလှဗေဒမှ စာပေဝေဖန်ရေး ခေါင်းစဉ်အောက်တွင်ပါဝင်သော သဘောတရား ရေးရာ စာများကို အလေ့လာခံအဖြစ် သတ်မှတ်ပါသည်။ ဤစာတမ်းတွင် ဒဂုန်တာရာ၏ ဖြတ်သန်းခဲ့သော သမိုင်းတစ်လျှောက် အတွေ့အကြုံများက အလှဗေဒသဘောတရားများကို ဖွဲ့စည်းရာတွင် ဩဇာသက်ရောက် မှုရှိခဲ့ပုံ၊ စာပေဝေဖန်ရေးပညာရပ်တွင် အနုပညာခံစားမှု၊ စစ်ဆေးခွဲခြမ်း စိတ်ဖြာခြင်း သိပ္ပံသဘောနှင့် အတွေးအခေါ် အဘိဓမ္မာသဘောများ ပါဝင်ဖွဲ့စည်းထားပုံ တို့ကို လေ့လာတင်ပြ ထားပါသည်။ စာပေဝေဖန်ရေးကို စိတ်ဝင်စားသူများ သည် "အလှဗေဒ"ကို လေ့လာခြင်းဖြင့် ဝေဖန်ရေးဆိုင်ရာ အကြောင်းအရာ များကို ကောင်းစွာသိရှိစေရန် ရည်ရွယ်ပါသည်။


**သော့ချက်ဝေါဟာရများ –** စာပေ၊ အနုပညာ၊ ဝေဖန်ရေး၊ စံ၊ အကောင်း အညွှ့၊ အကဲဖြတ်၊ ခေတ်ပြိုင်၊ တန်ဖိုးဖြတ်ချက်

## နိဒါန်း

စာပေဝေဖန်ရေးသည် စာပေအနုပညာ ပစ္စည်းတစ်ရပ်ကို လေ့လာသုံးသပ်၍ တွေ့ရှိရသော အကြောင်းခြင်းရာ၊ အချက်အလက်များ၊ သဘောများကို ဖော်ထုတ်တင်ပြခြင်း ဖြစ်ပါသည်။ စာပေဝေဖန်ရေးလုပ်ငန်းသည် အလွန်သိမ်မွေ့နက်နဲပြီး စာပေအကြောင်း ရပ်တိုင်းတွင်ရှိသော သီးခြားနောက်ခံသမိုင်းကြောင်း၊ သီးခြားအတတ်ပညာနှင့် သီးခြားလက္ခဏာရပ်များကို လေ့လာ ထည့်သွင်းဝေဖန်ရသော ပညာရပ်တစ်ခု ဖြစ်ပါသည်။ အလှဗေဒမှ ဆရာကြီးဒဂုန်တာရာ၏ ဝေဖန်ရေးအမြင်ကို လေ့လာ တင်ပြရာတွင် ဆရာကြီး၏ စာပေအတွေ့အကြုံ၊ လူထုအဖွဲ့အစည်း များတွင် ပါဝင်ခဲ့သော အတွေ့အကြုံ၊ သမိုင်းခေတ်လှုပ်ရှားမှု အတွေ့အကြုံများက စာပေဝေဖန်ရေးအမြင်များပေါ်တွင် ဩဇာသက်ရောက်လျက် ရှိကြောင်းကို လေ့လာတင်ပြထားပါသည်။ ဤစာတမ်းသည် ပြည်သူ့အကျိုးပြုစာပေများ၊ အမျိုးသားစာပေများ ထွန်းကားရေးတို့ အတွက် တစ်ဘက်တစ်လမ်းမှ အထောက်အကူပြုနိုင်ပြီး မြန်မာ

---

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ပြည်တက္ကသိုလ်

စာပေ လေ့လာသူ များအတွက် လည်း ဆရာကြီးဒဂုန်တာရာ၏ စာပေဝေဖန်ရေးနှင့် ပတ်သက်သော အသိအမြင်များ ကို မှတ်သားသိရှိနိုင်မည်ဟု မျှော်မှန်းပါသည်။

## ၁။ စာပေဝေဖန်ရေးဟူသည်

ဝေဖန်ရေးဟူသည် အကောင်းနှင့်အညံ့ကိုခွဲပြသော အမှန်နှင့်အမှား သစ္စာနှင့်မုသား၊ တရားနှင့် မတရား၊ ဓမ္မနှင့်အဓမ္မတို့ကို ခွဲခြားပြသော လုပ်ငန်းဖြစ်သည်။ ဝေဖန်၏ အဓိပ္ပာယ်ကို မြန်မာစာအဖွဲ့ကထုတ်ဝေသော မြန်မာအဘိဓာန်၌ "(၁) အကောင်းအဆိုး ကို သုံးသပ်စိစစ်သည်၊ အကောင်း အဆိုးကို ခွဲခြားညွှန်ပြပြောဆိုသည်။ (၂) စိတ်ဖြာ ခွဲဝေသည်။ ဝေဖန်ချက်၊ ဝေဖန်သုံးသပ် တင်ပြချက်"[၁] ဟု ဖွင့်ဆိုပြထားသည်။ ထို့ကြောင့် စာပေဝေဖန်ရေးဟူသည် "စာပေတစ်ရပ်၏ အကောင်းအညံ့ကို ကြောင်းကျိုး ယုတ္တိသာဓကတို့ဖြင့် ခိုင်လုံစွာ ခွဲခြားပြသခြင်း"[၂] ပင်ဖြစ်သည်။

စာပေဝေဖန်ရေးတွင် ဂန္ထဝင်မြောက်ခြင်း၊ အရေးအဖွဲ့ရှင်းလင်းခြင်း၊ ရသ မြောက်ခြင်း၊ ဘဝသရုပ်ဖော်ဖြစ်ခြင်း စသောစံတစ်ခုခုဖြင့် တန်ဖိုးဖြတ်ရသည်။ တန်ဖိုး ဖြတ်ခြင်းသည် ဝေဖန်သူ၏ လုပ်ငန်းဖြစ်သည်။ စာပေအနုပညာတစ်ရပ်ကို ဝေဖန်ရာ တွင်–

> "စာပေ၌ အမှန်တကယ်စိတ်ဝင်စားပြီး စာပေအဆင့်ကို မိမိတို့ ကိုယ်တိုင် အထိုက်အလျောက် သတ်မှတ်နိုင်သော ပညာအရည် အချင်း ရှိသော စာဖတ်သူတို့သည် ပညာအခြေခံကြီးမားသော စာပေပညာရှင်တို့၏ စာပေဝေဖန် အကဲဖြတ်ချက်များ၊ စာပေ သဘောတရားရေးရာ၏ ပြချက်များကို ဂရုပြု ဖတ်ရှုကြပါ သည်။"[၃]

ထို့ကြောင့် စာပေဝေဖန်ရေးဆရာသည် မိမိသိသမျှ၊ မြင်သမျှဖြင့် ဝေဖန်လျှင် တစ်ဖက်သတ်ကျပြီး မျှတမှု မရှိနိုင်သောကြောင့် သူ့ဘက်ကိုယ့်ဘက် နှစ်ဘက် မြင်နည်းကို အသုံးပြုကျင့်ရှိရန် လိုပါ သည်။

ဆရာမြသန်းတင့်က ကျွန်တော်ဆက်၍ရေးချင်သောဝတ္ထုများ စာအုပ်နိဒါန်း၊ "စာရေးသူမှ စာဖတ်သူသို့"တွင် စာပေဝေဖန်ရေးနှင့်ပတ်သက်ပြီး သူ၏သဘောထား အမြင်ကို ထည့်သွင်းဖော်ပြ ခဲ့သည်။

---

[၁] မြန်မာအဘိဓာန်၊ ၁၉၉၁၊ ၅၂။
[၂] ဇော်ဇော်အောင်၊ ၂၀၀၀၊ ၁၅၁။
[၃] တက်တိုး၊ မြဇင်၊ ၁၉၈၆၊ ၁၀၀။

"အိမ်ခန်းသည် တံမြက်စည်းမလှည်းလျှင် ဖုန်တက်လိမ့်မည်။ မျက်နှာ မသစ်လျှင် ညစ်ပတ်လိမ့်မည်။ ပိတ်နေသောမြောင်းကို မဆယ်လျှင် ပုပ်လိမ့်မည်။ စာရေးဆရာတစ်ယောက်သည် ကိုယ့်ကိုယ်ကို ဝေဖန်ရေးလုပ်ရမည်။ စာဖတ်ပရိသတ်၏ ဝေဖန်ရေးကိုလည်း ကြိုဆိုရပါမည်။ စာရေးသူ တစ်ယောက်သည် ဝေဖန်ရေးကို မခံနိုင်လျှင် ဖုန်တက်နေလိမ့်မည်၊ ပုပ်စော် နံနေလိမ့်မည်၊ ဝေဖန်ရေးမှန်သမျှကို ကြိုဆိုရလိမ့်မည်။"[၁]

ဟု ဖော်ပြထားသည်။

ဆရာဇော်ဇော်အောင်က သူ၏ စာပေသဘောတရားနှင့် စာပေဝေဖန်ရေး အခြေခံကျမ်း စာအုပ်တွင် စာပေဝေဖန်ရေးကို အခြားသော အနုပညာဝေဖန်ရေးများနှင့် မရောနှောအောင်–

"စာပေ ဝေဖန်ရေး/ LITERARY CRITICISM ဟု သုံးလေ့ရှိသော်လည်း ဝေဖန်ရေး/ CRITICISM တစ်လုံးတည်းသုံး၍လည်း ရပါသည်။"[၂]

ဟူ၍ဖော်ပြထားပါသည်။

"CRITICISM ဟူသောဝေါဟာရကို ပုံနှိပ်စာလုံးအဖြစ် စတင်သုံးစွဲသူမှာ အင်္ဂလိပ်၊ ကဗျာဆရာ၊ ပြဇာတ်ဆရာနှင့် စာပေဝေဖန်ရေးဆရာ ဒရိုင်ဒင်/ JOHNDRYDEN (1631-1700) ဖြစ်ကြောင်း အမှတ်အသားရှိသည့် (1677)တွင် ထုတ်ဝေသော စာအုပ်တစ်အုပ်၏ နိဒါန်းတွင် သုံးခဲ့သည်ဟု သိရသည်။ ဝေဖန်ရေးဆရာ CRITIC ဟူသော ဝေါဟာရက တော်တော်စော၍ပေါ် ပေါက်ခဲ့ကြောင်းသိရ၏။ CRITIC ကို စတင်သုံးသူမှာ ဘေကွန် FRANCIS BACON (1561-1662) ဆိုသော အင်္ဂလိပ်ဒဿနဆရာနှင့် စာတမ်းဆရာကြီး ဖြစ်၏။ (1605)ခုနှစ်တွင် စတင်ပေါ်ပေါက် သုံးစွဲသည်ဟု သိရ၏။"[၃]

ဝေဖန်ဟူသောစကား၏ မူလအဓိပ္ပာယ်မှာ အကောင်းအဆိုး ခွဲခြားပြခြင်းကိုစွဲ ဟု ပြောနိုင်သည်။ "အကောင်းအဆိုး(ဝါ)အညံ့ ခွဲခြားပြရာတွင် အကြောင်းအကျိုး

---

၁ တက်တိုး၊ မြဇင်၊ ၁၉၈၆၊ ၁၀၉။

၂ ဇော်ဇော်အောင်၊ ၂၀၀၀၊ ၃၆။

၃ –ယင်း–၊ ၁၃၄။

ပါဝင်ရသည်။ ယုတ္တိ သာဓက၊ အထောက်အထား လုံလောက်စွာပေးရသည်။ အကဲဖြတ်ခြင်းဟုလည်း ဆိုနိုင်သည်။ ထိုသို့ "ကောင်း ညံ့ တန်ဖိုးဖြတ်ခြင်းပါမှ "ဝေဖန်ရေးအရာမြောက်သည်"[၁] ဟု နားလည်အပ်ပါသည်။ ထို့ကြောင့် စာပေတစ်ရပ်၏ အကောင်းအညံ့ကို ကြောင်းကျိုးယုတ္တိ သာဓကတို့ဖြင့် ခိုင်လုံစွာခွဲခြား ပြသခြင်းသည် စာပေဝေဖန်ရေးဖြစ်သည်။ မည်သည့်ဝေဖန်ရေးမျိုးတွင်မဆို၊ မည်သည့်ခေတ်ကာလတွင်မဆို၊ ဝေဖန်ရေးလုပ်ငန်း လုပ်ဆောင်ရာတွင် အခြေခံသောသီဝရီများ၊ အသုံးပြုသော စနစ်များကို လိုက်၍ "ဝေဖန်ရေးအမျိုးအစား" များ ကွဲပြားခဲ့ပြီး "ဝေဖန်ရေးသီဝရီ" ဟူ၍လည်း အမျိုးမျိုးကွဲပြား တည်ရှိလာပါသည်။ ယင်းသည် စာပေလေ့လာမှု၏ ကဏ္ဍကြီး တစ်ရပ်အဖြစ် ရှိခဲ့ပါသည်။

စာပေဝေဖန်ရေးတွင် လုပ်ငန်းတာဝန်နှစ်ရပ်ရှိသည်။ ပထမလုပ်ငန်းမှာ ဖွင့်ဆိုရှင်းလင်းခြင်း၊ (Interpretative Function) လုပ်ငန်းတာဝန်ဖြစ်ပြီး ဒုတိယလုပ်ငန်းတာဝန်မှာ တန်ဖိုးဖြတ်ခြင်း (Evaluative Function) လုပ်ငန်းတာဝန်ဖြစ်သည်။ "ပညာရပ်တို့၏သဘာဝအရ ထိုနှစ်ခုသည် ဆက်စပ်နေသည်။ သီးခြားဆောင်ရွက်ကြသည်ဟု ဆိုနိုင်သော်လည်း ရောနှောပေါင်းစပ် နေသည်ကို သတိပြုရပါမည်။ ဝတ္ထုတစ်ပုဒ်ကို ရှင်းလင်းဖွင့်ဆိုရင်းနှင့်ပင် ထိုဝတ္ထု၏ ကောင်းသော အချက်အလက်များ ပေါ်ထွက်လာသည်။ ကောင်းသောအခြင်းအရာ အချက်အလက်များ ပေါ်ထွက်လာခြင်းသည် တန်ဖိုးများထွက်ပေါ်လာခြင်းဖြစ်သည်။ ထိုတန်ဖိုးတို့ကိုစိစစ်၍ တန်ဖိုးဖြတ်ခြင်းသည် ဆက်စပ်နေသောသဘော တစ်ပြိုင်နက်တည်းဖြစ်ပေါ်သော သဘောပင် ဖြစ်ပါသည်။"[၂]

ထိုသို့ဝေဖန်ပြီး တန်ဖိုးဖြတ်ခြင်းသည် ဝေဖန်ရေး၏လုပ်ငန်းဖြစ်သည်။ ဝေဖန်ခြင်း (Criticism)နှင့် တန်ဖိုးထားခံစားခြင်း(appreciation) တို့သည် ကွဲပြားခြားနားပါသည်။ တန်ဖိုးထားခံစားခြင်းသည် မည်သို့ရသမြောက်ကြောင်း၊ နှစ်သက်ဖွယ်ဖြစ်ကြောင်း၊ စာ၏ကောင်းကွက် များကိုသာ ဖော်ထုတ်ခြင်းဖြစ်သည်။ ဝေဖန်ခြင်းမှာမူ အကောင်းအဆိုးကို ခွဲခြားပြခြင်းဖြစ်သောကြောင့် ပညာရပ်ဆန်သည်ဟု ဆိုနိုင်ပါသည်။

## ၂။ စာပေဝေဖန်ရေးအစဉ်

စာပေတစ်ရပ်၏ အကောင်းအညံ့ကို ကြောင်းကျိုးယုတ္တိသာဓကတို့ဖြင့် ခိုင်လုံစွာခွဲခြား ပြသခြင်းသည် စာပေဝေဖန်ရေးဖြစ်သည်။ မည်သည့်ဝေဖန်ရေးမျိုးတွင်မဆို၊ မည်သည့်

---

၁ –ယင်း–။

၂ ဇော်ဇော်အောင်၊ ၂၀၀၀၊ ၁၆၇။

ခေတ်ကာလတွင်မဆို ဝေဖန်ရေးလုပ်ငန်း လုပ်ဆောင်ရာ၌ သတ်မှတ်ထားသော အစဉ် အတိုင်း လုပ်ဆောင်ရသည်။ DIV, AIE, VRN စသည့်ဝေဖန်ရေးအစဉ်(သို့) စာပေ လေ့လာမှုအစဉ်များသည် ဝေဖန်ရေးပင် ဖြစ်သည်။

DIV အစဉ် ဆိုသည်မှာ "D = DESCRIPTION ဖော်ပြခြင်း၊ I = INTERPRETATION ဖွင့်ဆိုခြင်း၊ V = VERDICT တန်ဖိုးဖြတ ခြင်း တို့ဖြစ်သည်။

စာတစ်ပုဒ်(ကဗျာတစ်ပုဒ်၊ဝတ္ထုတစ်ပုဒ်)ကိုဝေဖန်ရာတွင် ပထမဆုံးအဆင့်မှာ စေ့စေ့စပ်စပ် အသေအချာဝင်စား၍ဖတ်ရှုခြင်းဖြစ်ပါသည်။ ဖတ်ရှု၍စာပါ အချက်အလက် အခြင်းအရာများကို သေချာစွာ မှတ်သား၍ ဖော်ပြခြင်းကို D/ DESCRIPTION ဟုနားလည်အပ်ပါသည်။ ဝတ္ထုဆိုလျှင် ဇာတ်လမ်း၊ ဇာတ်ကွက်၊ ယင်းတို့၏အစီအစဉ်၊ ဇာတ်ဆောင် သရုပ်ဖော်မှု၊ အချိန်ကာလ၊ ဝန်းကျင်နောက်ခံ၊ ပြောစကားများ၊ ရှုထောင့်၊ ဘာသာစကား၊ အသုံးအနှုန်း၊ အလင်္ကာတင်စားချက်များ၊ ဝါကျတည်ဆောက်ပုံ(အတိုအရှည်အစသည်) စကားလုံး၊ စကားလုံးဖွဲ့ပုံ အစရှိသော အချက်အလက် အခြင်းအရာ အားလုံးကို ဖော်ပြရပါသည်။"[၁]

ဒုတိယအဆင့်မှာ ထိုတွေ့ရှိမှတ်သားထားသမျှ အချက်အလက် အခြင်းအရာ များကို ရှင်းလင်းဖွင့်ဆိုခြင်းသည် အဓိကလုပ်ငန်းဖြစ်၏။ စာပေအနုပညာ ပစ္စည်း အနေနှင့်ပြောရလျှင် အဓိပ္ပာယ်များကို ဖော်ထုတ်ဖို့လိုအပ်သည့်အခါတွင် ဖော်ထုတ်ရ ပါမည်။ ဖော်ထုတ်ခြင်းဟူသည် ရှင်းလင်းခြင်း ဖွင့်ဆိုခြင်းပင်ဖြစ်၏။ ရှေးဟောင်း ပို့ကြီး၊ ကဗျာကြီးများဖြစ်လျှင် အဓိပ္ပာယ် ငုပ်သော ဝေါဟာရများ၊ ပေါရာဏများ၊ ပါဠိသက္ကတ စကားလုံးများကို အဓိပ္ပာယ်ပြန်ခြင်း၊ အဓိပ္ပာယ်ပေးခြင်း လိုအပ်ပါသည်။

တတိယအဆင့်တွင် တန်ဖိုးဖြတ်ရပါသည်။ "တန်ဖိုးဖြတ်ချက်(ဝါ) ဆုံးဖြတ် ချက် VERDICT ပေးရပါသည်။ အထက်အဆင့်(၂)ဆင့်မှာ လုပ်ကိုင်ဆောင်ရွက် ခဲ့သော လုပ်ငန်းများ မှာ ရရှိခဲ့သည့် အချက်အလက်အခြင်းအရာများနှင့် ယင်းတို့၏ အဓိပ္ပာယ် အနက်သဘောများကို စေ့စပ်စွာလေ့လာသုံးသပ်၍ ဤကဗျာကောင်းသည်၊ ဤဝတ္ထုကောင်းသည် စသည်ဆုံးဖြတ်ချက် (ဝါ)တန်ဖိုးဖြတ်သည်။ ထိုသို့ တန်ဖိုး ဖြတ်နိုင်ဖို့အတွက် အထောက်အထားများ ခိုင်မာစွာလိုအပ် သည်။"[၂]

---

[၁] ဇော်ဇော်အောင်၊ ၂၀၀၀၊ ၁၅၃။

[၂] -ယင်း-။

AIE အစဉ်ဆိုသည်မှာ A = Analysis စိစစ်ခြင်း၊ I = Interpretation ဖွင့်ဆိုရှင်းလင်း ခြင်း၊ E = Evaluation တန်ဖိုးဖြတ်ခြင်းတို့ဖြစ်သည်။ ဤအစဉ်သည် DIV အစဉ်နှင့် သဘော ခြင်းတူပါသည်။

VRN အစဉ်ဆိုသည်မှာ "V = VERDICT တန်ဖိုးဖြတ်ခြင်း၊ R = REASON အကြောင်း ပြခြင်း၊ N = NORM စံသတ်မှတ်ခြင်းတို့ဖြစ်သည်။

ဤအစဉ်သည်လည်း အမြင်ဆန်းသော်လည်း အခြေခံအားဖြင့် မကွဲပြားပါ။ ကောင်းသည်၊ ညံ့သည်ကို ရှေးဦးစွာဆုံးဖြတ်လိုက်သည်။ ထိုသို့ဆုံးဖြတ်နိုင်ဖို့အတွက် စာတစ်ပုဒ် (ကဗျာ/ ဝတ္ထု)စသည်တို့ကို ကောင်းစွာဖတ်ပြီးဖြစ်သည်ဟု ယူဆထားရပါမည်။ ကောင်းစွာဆိုသည်မှာ အလေးအနက်စေ့စေ့စပ်စပ် အာရုံဝင်စား၍ ဖတ်သည်ဟုဆိုလိုသည်။ ဖတ်ပြီး၍အကြောင်းခြင်းရာများ အချက်အလက်များကို သိရှိပြီးဟုလည်း နားလည်ထားပါသည်။ VERDICT ပေးပြီးသည့် နောက် ဒုတိယအဆင့်တွင် REASON အကြောင်းပြချက် ပေးရပါသည်။ ဤအချက်အလက်များ၊ ဤအခြင်းအရာများကြောင့် ကောင်းသည်ဟုဆိုနိုင်သည်။ ဤအချက်အလက်များ၊ ဤအခြင်းအရာများကြောင့် ညံ့သည်ဟုဆိုနိုင်သည် စသည်ဖြင့်အကြောင်းပြရပါမည်။ အကြောင်းပြချက် မပါဘဲ တန်ဖိုးဖြတ်ခြင်း မလုပ်သင့်ဟုပင်ဆိုရပါသည်။'[၁] နောက်တစ်ဆင့်မှာ "(ကောင်းသည်၊ ဘာ့ကြောင့် ကောင်းသည်ဟုပြောပြီးနောက်) စံ NORM သတ်မှတ်ပေးပါသည်။ ဤသို့သော အချက်အလက် အခြင်းအရာများနှင့် ဤသို့သော အဓိပ္ပာယ်များ၊ အနက်သဘောများရှိသည် "ကောင်းခြင်း၏စံ" များဖြစ်သည်။ ဤသို့သော အချက်အလက်အခြင်းအရာများ၊ ဤသို့သော အဓိပ္ပာယ်များ၊ အနက် သဘောများ ကင်းမဲ့ခြင်းသည် "မကောင်းခြင်း၏ စံ" များ ဖြစ်သည်ဟု ယေဘုယျ ဥပဒေသဘောကို သတ်မှတ် ပေးလိုက်ပါသည်။"[၂]

အနုပညာပစ္စည်းတစ်ခုကို တန်ဖိုးဖြတ်ရန်အတွက် တွေ့ရှိသော အချက်အလက် အခြင်းအရာများကြောင့် မိမိတွင် ဤသို့ခံစားရသည်ဟု ပြောဆိုရုံသက်သက်သည် တန်ဖိုးဖြတ်ခြင်းမဟုတ်။ မိမိခံစားမှုကို ပြောပြနေခြင်းသာဖြစ်သည်။ တန်ဖိုးဖြတ်စံများမပါ။ ဤဝတ္ထုကောင်း သည်၊ ဤကဗျာညံ့သည် စသည်ဖြင့်ပြောခဲ့လျှင် ခိုင်လုံသောအကြောင်းပြချက်၊ ခြေမြစ်သော အထောက်အထား၊ ယုတ္တိသာဓကတို့ ပါရှိရမည်။"

---

၁ ဇော်ဇော်အောင်၊ ၂၀၀၀၊ ၁၅၇။

၂ –ယင်း–၊ ၁၅၈။

ထို့ကြောင့် ဝေဖန်ရေးအစဉ်အရ မည်သည့်ဝေဖန်ရေးအမျိုးအစားကိုမဆို သဘောထား သီဝရီမပါဘဲ ဝေဖန်၍မရနိုင်ကြောင်း၊ ထိုဝေဖန်ရေးအစဉ်တို့သည်လည်း ယန္တရားဆန်သော ပုံသေနည်း၊ ဖော်မြူလာနည်း မဟုတ်ကြောင်းကိုလည်း မှတ်သား ရပါသည်။

## ၃။ ဒဂုန်တာရာ၏အလှဗေဒမှစာပေဝေဖန်ရေးအမြင်

ဆရာကြီးဒဂုန်တာရာသည် သူ၏စာပေဘဝတွင် ဂန္ထဝင်ဟန်ကဗျာကိုဖွဲ့ဆိုခဲ့ပြီး ရသဟန်ခရီးသွား မှတ်တမ်း၊ ရသဟန်သမိုင်း၊ အမှတ်တရမှတ်တမ်း ရသဟန် ရုပ်ပုံလွှာ အဖွဲ့အနွဲ့များကို ရေးသား ခဲ့သည်။ အသက် (၂၀)အရွယ်တွင် အိုးဝေမဂ္ဂဇင်း အယ်ဒီတာအဖြစ်ဆောင်ရွက်ခဲ့ပြီး၊ စစ်ပြီးစ ၁၉၄၆ ခုနှစ် အသက် (၂၇)နှစ်အရွယ်တွင် တာရာမဂ္ဂဇင်းကို စတင်ထုတ်ဝေခဲ့သည်။ စာပေသစ် အယူအဆကို စတင်ဖော်ထုတ် ခဲ့ပါသည်။ ထို့နောက် စာပေလှုပ်ရှားမှု၊ သမိုင်းခေတ်လှုပ်ရှားမှု များကို ဖြတ်သန်းရင်း စာပေဝေဖန်ရေး၊ စာပေအကဲဖြတ်ရေး၊ စာပေသဘောတရားတို့ကို ရေးသား ခဲ့ပါသည်။

"စာပေဝေဖန်ရေးနှင့် စာပေလှုပ်ရှားမှုတို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက် ရှိပြီး စာပေလှုပ်ရှားမှုသည် နိုင်ငံရေးလှုပ်ရှားမှု၏ ထင်ဟပ်ချက်ဖြစ်လာပေသည်။ တစ်နည်းဆိုရလျှင် စာပေလှုပ်ရှားမှုသည် နိုင်ငံရေးလှုပ်ရှားမှု၏ လက်အောက်ခံဖြစ်ပေ သည်။ ထို့ကြောင့် စာပေလှုပ်ရှားမှုတွင် နိုင်ငံရေးစံ၊ ဝါဒစံတို့ဖြင့် ဦးစားပေး ဆွေးနွေး လာကြသည်။"[၁]

ဆွေးနွေးသည့် အကြောင်းအရာများမှာ စာပေ၏အဆင့်အတန်း၊ စာရေးသူများ ၏ အခြေ အနေ၊ စာဖတ်သူများ၏ အခြေအနေနှင့် နိုင်ငံ၏ အခြေအနေစသည်တို့ကို သုံးသပ်ကာ စာပေ ဝေဖန်ရေးနှင့် ပတ်သက်သော မိမိတို့၏အမြင်များကို ဖော်ထုတ် တင်ပြခဲ့ကြသည်။

အလှဗေဒစာအုပ်တွင် ဖော်ပြထားသော ဆရာကြီးဒဂုန်တာရာ၏ စာပေ ဝေဖန်ရေးအမြင်များကို လေ့လာကြည့်သောအခါ ဆရာကြီးသည် သုဗောဓာလင်္ကာရ ကျမ်း၊ ဆန်း အလင်္ကာ နိဿယအနက် စသော အိန္ဒိယအလင်္ကာကျမ်းများ၊ ပလေတို၊ အရစ္စတိုတယ်တို့၏ ဒဿနရေးရာ ကျမ်းများ၊ ဥရောပ၊ ဂျာမန်ဒဿနဆရာတို့၏ ရသဗေဒရေးရာဆိုင်ရာကျမ်းများ၊ ရုရှမှ ပလက်ကနော၊ ဘလီစကီ စသူတို့၏ ကျမ်းများ၊ မတ်၊ မော်၊ လီနင်တို့၏ ရသသဘောတရား စာများကို ဖတ်ခဲ့ကြောင်း၊ သို့သော် အလှဗေဒတွင်ပါသော အယူအဆဖော်ပြချက်များသည် ထိုစာအုပ်များမှ

---

၁ တက်တိုး၊ မြဇင်၊ ၁၉၈၆၊ ၆၄။

ယူခြင်းမဟုတ်ဘဲ သူ၏အနှစ်(၆၀) စာပေအတွေ့အကြုံ၊ အနုပညာအတွေ့အကြုံ တို့ အခြေခံယူ၍ ဖော်ပြထားခြင်းဖြစ်ကြောင်း၊ အလှဗေဒဆိုရာ၌–

> "အလှဆိုသည်မှာ မျက်စိဖြင့်မြင်ရသော အလှသာမက နားဖြင့် ခံစားရသော အသံအလှ၊ စာပေခံစားမှုအလှတို့ကိုပါ ထည့်သွင်း ထားလိုက်သည်။ အလှဆို သည်မှာ အခြားမဟုတ်၊ အာရုံခံစားမှု၏ နှစ်သက်ရာကို ကိုယ်စားပြုသော စကားလုံး ဖြစ်သည်။"[၁]

ဟု အလှဗေဒစာအုပ်အမှာစာတွင် ဖော်ပြထားပါသည်။

ဆရာကြီးဒဂုန်တာရာက "ကျွန်တော်၏ ခေတ်ပြိုင်စာရေးဆရာများနှင့် စာပေ ဝေဖန်ရေး" ဟူသောဆောင်းပါးတွင် "စာပေအနုပညာတစ်ခုခုကို ဝေဖန်မည် ရှိသော အခါ၊ ပထမဆုံး မိမိ နှစ်သက်ရာကို ရွေးချယ်လိုက်သည် ခံစားမှုကို အခြေခံ လိုက်ခြင်းဖြစ်သည်ဟု ဆိုရပေမည်။ စာပေအနုပညာဆိုသည်မှာ ခံစားမှုပညာရပ် ဖြစ်လေရာ ခံစားမှုကို အခြေမခံ၍မဖြစ်ပေ၊ ထို့နောက် ဘာကြောင့် ခံစားရသည်ကို ပြန်လည်တွေးတောကာ အကြောင်းအကျိုး ရှာဖွေစူးစမ်းရသည်၊ စစ်ဆေးရသည်၊ ယင်းတို့ကား သိပ္ပံအလုပ်ဖြစ်လာတော့သည်။ ထို့ကြောင့်ပင် စာပေလေ့လာရေး စာပေဝေဖန်ရေးတို့ကို စာပေသိပ္ပံဟု ခေါ်ကြခြင်းဖြစ်သည်။ သိပ္ပံပါလာသောအခါ ပညာရပ်ကို နှိုက်နှိုက်ချွတ်ချွတ် အတိအကျသိရှိရန် လိုအပ်လာပါသည်။"[၂]

ထို့ကြောင့် ဝေဖန်သူတစ်ဦးသည် ပညာရပ်တစ်ခုကို တတ်ကျွမ်းနားလည်ရန် မလွယ်ကူ၊ အတွေ့အကြုံ တစ်ခုရှိရုံနှင့်မလုံလောက်၊ သဘောတရားစာအုပ်များ ဖတ်ရှုထားရန် လိုအပ်ကြောင်း စာပေဝေဖန်ရေး ပညာရပ်တွင် အနုပညာခံစားမှု၊ စစ်ဆေးခွဲခြားစိတ်ဖြာခြင်း သိပ္ပံသဘောနှင့် အတွေးအခေါ် အဘိဓမ္မာသဘောများ ပါဝင်ဖွဲ့စည်းထားကြောင်း သူ၏အတွေ့အကြုံအရ သိရှိလာရသော စာပေဝေဖန်ရေး အမြင်တစ်ခုကို ဖော်ပြထားပါသည်။

"စာပေဝေဖန်ရေးနှင့် လူ့သဘာဝ" ဆောင်းပါးတွင် စာပေဝေဖန်ရေးသည် စာပေရေးရာ ကိစ္စဖြစ်၍ လူ့သဘာဝသည် လူမှုရေးရာဖြစ်၍ မဆိုင်သော်လည်း၊ စာပေဝေဖန်ရေးဆရာသည် လူပုဂ္ဂိုလ်ဖြစ်သောကြောင့် လူ့သဘာဝသည် သက်ဆိုင် လာသည်ဟု တင်ပြ ထားပါသည်။ စာပေတစ်ရပ်ကို စာပေဝေဖန်ရေးဆရာ တစ်ယောက်က ဖော်ပြလိုက်သောအခါ–

---

၁ တာရာ၊ ဒဂုန်၊ (အမှာစာ)၊ ၁၉၉၉။

၂ တာရာ၊ ဒဂုန်၊ ၁၉၉၉၊ ၁၆၀။

> "သူ၏စိတ်အတွင်း၌ ဘာရှိသလဲဆိုသည်ကို တွေးရကြောင်း၊ ထိုသို့တွေးရာ တွင် စကားလုံးသက်သက်ကို တွေးမရဘဲ စာပေဝေဖန်ရေးဆရာ၏ လူ့သဘာဝသဘောကို စဉ်းစားလာရ သောကြောင့် လူ့သဘာဝသည် စာပေဝေဖန်ရေးနှင့် ဆက်စပ် ပတ်သက်နေကြောင်း"[၁]

သူ၏ကိုယ်တွေ့ အတွေ့အကြုံဖြင့် သာဓကပြရေးဖွဲ့ထားသည်။

သူ၏စာပေဝေဖန်ရေး အတွေ့အကြုံကိုအခြေခံကာ သူ၏အယူအဆကို ဖော်ပြ ရာ၌ –

> "ကျွန်တော်သည် ကျွန်တော့်ကိုဝေဖန်လျှင် ဝေဖန်သည့်အချက် နှင့်ပတ်သက် ပြီး အကျိုးအကြောင်း ညီမညီစစ်ဆေးသည်.... နိုင်ငံရေးနှင့်ပတ်သက်သော အစွဲအလမ်းတစ်ခုရှိသည်ဟု မှတ်ယူ ထားသည်.... စာပေရေးရာ သဘောထား နှင့်ပတ်သက်ပြီး ဖော်ပြရာတွင် ခိုင်ခိုင်လုံလုံမရှိဟု နားလည် လိုက်သည်.... ကျွန်တော့်စာကို မနှစ်သက်သောသူအဖြစ် ခပ်ဝါးဝါးတွေ့ရ သည်.... သူက နိုင်ငံရေးအဖွဲ့အစည်းတစ်ခုနှင့်ပတ်သက်၍ အစွဲ အလမ်းရှိသူ တစ်ဦးဖြစ်လျှင် ကျွန်တော်သည် သူ့အစွဲအလမ်းနှင့် ဆန့်ကျင်ဘက်ဖြစ်၍ မနှစ်သက်ခြင်း လော.... သူသည် တစ်ခါ က တာရာမဂ္ဂဇင်းသို့ ဘာသာပြန်ဝတ္ထုတစ်ပုဒ်ကို ပို့ဖူးသည်။ ကျွန်တော် မထည့်ခဲ့၊ ယင်းကို သူ အမျက်ရှသွားနိုင်သည်။"[၂] ထို့ကြောင့် သူ၏ဝေဖန်စာကို ပြန်လည်ချေပစရာမလိုဟု ယူဆခဲ့ ကြောင်း ဖော်ပြကာ စာပေဝေဖန်ရေးအမြင်ကို လူ့သဘာဝနှင့် ဆက်စပ်ပြခဲ့သည်။

ထို့ပြင် မိမိဝေဖန်ခဲ့ဖူးသူနှစ်ဦးကို သာဓကဆောင်ကာ လူ့သဘောသဘာဝတွင် သဘော ထားကြီးသူ၊ သဘောထားသေးသူ၊ စိတ်ခွန်အားကြီးသူ၊ စိတ်ခွန်အား နည်းသူစသည်ဖြင့် အမျိုးမျိုး ရှိနိုင်ကြောင်း အချို့သောဝေဖန်သူတို့သည် သူတစ်ပါး အား ပက်ပက်စက်စက် ဝေဖန်တတ်ပြီး ကိုယ့်အားဝေဖန်လျှင် နည်းနည်းမှအထိမခံ၊ အချို့ကလည်း သူတစ်ပါးကိုဝေဖန်သည်။ မိမိကို ဝေဖန်လျှင်လည်း ခံနိုင်ရည်ရှိသည်။ "ထို့ကြောင့် စာပေဝေဖန်ရေးသည် စာပေတိုးတက်ရေး အသစ်ပွင့်ဖူးရေးအတွက်

---

၁ –ယင်း–၊ ၁၆၅။

၂ တာရာ၊ ဒဂုန်၊ ၁၉၉၉၊ ၁၆၆။

ဝေဖန်သည်ဖြစ်ရာ ကောင်းမြတ်သော စာပေဓမ္မတရားဖြစ်ပေသည်"[၁] ဟူ၍ သူ၏ ယုံကြည်ချက်ကို ဖော်ပြထားသည်။

စစ်ပြီးခေတ် လွတ်လပ်ရေးတိုက်ပွဲကာလတွင် နိုင်ငံရေးလှုပ်ရှားမှုများ လှိုင်းတံပိုးရိုက်နေပြီး လက်ဝဲနိုင်ငံရေးပါတီများ ပေါ်ပေါက်လာကြသည်။ အထူးသဖြင့် မတ်ဝါဒကို အခြေခံသော ပါတီတို့သည် မိမိကိုယ်ကို ဝေဖန်ရေးဟူသောအရာကို လက်ကိုင်ထားခဲ့ကြသည်။ ထိုနိုင်ငံရေး လှုပ်ရှားမှုတွင် ရှင်သန်လာသောဝေဖန်ရေး တရားသည် စာပေသို့ကူးခတ်လာခဲ့သည်။ ထို့ကြောင့် စာပေသည် နိုင်ငံရေး ထင်ဟပ်ချက်ဖြစ်လာသည်။

ဆရာကြီးသည် စာပေဝေဖန်ရေးနှင့်ပတ်သက်၍ ဒုတိယကမ္ဘာစစ်ပြီးစအချိန်က ဖြတ်သန်း ခဲ့ရသော နိုင်ငံရေးအတွေ့အကြုံ၊ စာပေအတွေ့အကြုံနှင့် သူ၏ခံစားမှုတို့ကို နောက်ခံထားကာ "စာပေဝေဖန်ရေးခေတ်ဦး"ဆောင်းပါး၌ သူ၏ စာပေဝေဖန်ရေးအမြင်ကို ဖော်ပြထားသည်။ ခေတ်ဦးဆိုသည်မှာ စစ်ပြီးစခေတ်ကာလကို ခေါ်ခြင်းဖြစ်သည်။

> "ဒုတိယကမ္ဘာစစ်အပြီး ကမ္ဘာအရပ်ရပ်တွင် စစ်၏ခါးသည်းသော စစ်အတွင်း အတွေ့အကြုံများကို သိရှိလာကြပေသည်။ ငြိမ်းချမ်းရေး လှုပ်ရှားမှုကြီး ပေါ်ထွန်းလာသည်ကို ကျွန်တော် စိတ်ဝင်စားမိသည်။ ငြိမ်းချမ်းရေးလှုပ်ရှားမှု ကြီးတွင် စစ်ကိုဖန်တီးပေးသော အရင်းရှင်စနစ်က မွေးဖွားလာသော ဖက်ဆစ်စနစ် စသည်တို့ကို ကျွန်တော် လေ့လာခဲ့ရသည်။ ယင်းလှုပ်ရှားမှု ကြီးတွင် စစ်ဖြစ်ရသောအကြောင်းများကို ဝေဖန် ရေးသားကြသည်ကို ကျွန်တော် စိတ်ဝင်စားမိသည်။ ဝေဖန်ရေး သည်လည်း လူထုလှုပ်ရှားမှုကြီးကို အားဖြည့်ပေးသော ဆောင်ရွက်မှုဟု သိလာရသည်။"[၂]

ဟူ၍ ၁၉၄၆ ခုနှစ်၊ တာရာမဂ္ဂဇင်းကိုထုတ်ဝေခဲ့စဉ်က သူ၏ခံစားမှု၊ ဖြတ်သန်းခဲ့သော နိုင်ငံရေး အခြေအနေများဖြင့် စာပေရေးရာကို ဖော်ပြခဲ့သည်။ နိုင်ငံရေးအတွေ့အကြုံ၊ စာပေအနုပညာ အတွေ့အကြုံတို့ရှိစ၊ နုပျိုသောအရွယ်တွင် စစ်၏ ခါးသည်းသော အတွေ့ကြုံကို ရရှိလိုက်သဖြင့် စစ်ကိုဆန့်ကျင်ကာ ငြိမ်းချမ်းရေးဘက်သို့ မျက်နှာမူလိုက်သည်။

---

၁ –ယင်း–။

၂ တာရာ၊ ဒဂုန်၊ ၁၉၉၉၊ ၁၈၁။

"စာပေယဉ်ကျေးမှုတို့သည် ငြိမ်းချမ်းရေး အခြေအနေကောင်းမှသာ လွတ်လပ်စွာ၊ အားကောင်းစွာဖြင့် ပွင့်ဖူးရမည်ဟု ယုံကြည်မိပေသည်။ ဖွံ့ဖြိုးတိုးတက်မှုအရင်းခံ အကြောင်းအရာ

သည် ငြိမ်းချမ်းရေးဖြစ်သည်"[၁] ဟူသော သူ၏ယုံကြည်ချက်ကို ဖော်ပြခဲ့သည်။

"စာပေသမိုင်းနှင့် စာပေဝေဖန်ရေး"ဆောင်းပါးတွင် စာပေဝေဖန်ရေးသည် စာပေသမိုင်းနှင့် ဆက်စပ်နေကြောင်း ဖော်ပြထားသည်။ စစ်ပြီးစအချိန် စစ်အတွင်းက ဗုံးကျသဖြင့် ပျက်စီးပြိုကျ နေသော ရန်ကုန်မြို့ သိမ်ကြီးဈေးအမိုးအောက်တွင် တွေ့ရသော စာအုပ်ဆိုင်တို့ကို မြင်တွေ့ရသော အခါ–

> "စစ်အတွင်းဗုံးကျသဖြင့် ပျက်စီးပြိုကျနေသော ဈေးအောက် ယက်မအကွေး အကောက်တွင် စာအုပ်ဆိုင်ထွက်လျက်ရှိသည်။ စက္ကူရှားသဖြင့် ရရာစက္ကူ ဖြင့် ထုတ်ကြသည်။ လူတွေမှာ စာငတ်နေသဖြင့် ဝယ်ကြသည်။"[၂]

ဟူ၍ မြင်တွေ့ရသောမြင်ကွင်းနှင့် ဖြစ်ပေါ်လာသော ကိုယ်တွေ့ခံစားမှုတို့ဖြင့် စာပေလောကကို ပုံဖော်ဖွဲ့ဆိုခဲ့သည်။ ထို့နောက်–

> "ယဉ်ကျေးမှုဆိတ်သုဉ်းသော ဂျပန်ခေတ်ကာလပတ်လုံး စာပေသည် သီးပွင့် ခြင်းမရှိဘဲ မြုံ၍နေခဲ့ရသော အမှောင်တိုက်မှ လွတ်မြောက်သောအခါ စာပေသည် အရဏ်ကျင်း၍လာပေသည်။"[၃]

ဟူ၍ သူကိုယ်တိုင်ကြုံတွေ့ခဲ့ရသော ခေတ်ပြိုင်ကာလကိုပါ ထည့်သွင်းရေးဖွဲ့ခဲ့သည်။ ထို့အပြင်

> "လွန်ခဲ့သော ဆယ်နှစ်ခန့်ကလည်း စာပေဘဝသည် တက်ကြွလှုပ်ရှားခြင်းကို တွေ့ခဲ့ရဖူးသည်။ ထိုခေတ်က တက္ကသိုလ် နယ်နိမိတ်အတွင်းမှ ထွက်ပေါ်၍ လာသော ခေတ်စမ်းစာပေ ခေတ်နှင့် ရွှင်ပျော်ပျော်၊ ပေါ်ပင် စသောစာအုပ်တိုက် များ၏ တစ်မူးတန် စာပေခေတ်ဖြစ်၏။"[၄]

---

၁ –ယင်း–။

၂ –ယင်း–၊ ၂၀၆။

၃ တာရာ၊ ဒဂုန်၊ ၁၉၉၉၊ ၂၀၆။

၄ –ယင်း–။

ဟူ၍လည်း သူတွေ့ကြုံဖြတ်သန်းခဲ့ရသော အတိတ်စာပေသမိုင်းကြောင်းကို ပြန်လည် ဖော်ပြခဲ့ သည်။

ဆရာကြီးသည် သိပ်မဝေးသော အတိတ်မှစာပေကိုဖော်ပြပြီး စစ်ပြီးစ သိမ်ကြီး ဈေးအမိုး အောက်ရှိ စာအုပ်ဆိုင်ကို မျက်မှောက်ခေတ်မြင်ကွင်းအဖြစ် ဖော်ပြခဲ့ပြီး ယင်းတို့သည် စာပေ သမိုင်းသဘောဖြစ်သည်ဟု ဆိုခဲ့ပါသည်။

စာပေသမိုင်းနှင့် စာပေဝေဖန်ရေးတို့ ဆက်စပ်ပုံကို ဖော်ပြရာတွင်–

"လူတို့၏အတ္တုပ္ပတ္တိ၊ လူတို့၏ဖြစ်စဉ်သည် သမိုင်းဖြစ်သည်။ လူတို့၏ဖြစ်စဉ် သည် ပြောင်းလဲနေသည်။ ဖွံ့ဖြိုးတိုးတက်လျက် ရှိသည်ဟူသော သမိုင်းဗေဒ တရားရှိသည်။ လူတို့၏ ဘဝဖြစ်စဉ် ကဲ့သို့ စာပေ၏ဘဝဖြစ်စဉ် ရှိသည်သာ။ စာပေသည် ရပ်တန့် နေသည်မဟုတ်၊ တိုးတက်ပြောင်းလဲလျက်ရှိသည်။ စာပေဝေဖန် ရေးသည် ယင်းသို့ တိုးတက်ပြောင်းလဲလျက်ရှိသော စာပေဖြစ်စဉ် ကို လေ့လာခြင်းမည်သည်။"[၁]

ဟူ၍ စာပေဝေဖန်ရေးတွင် ရည်မှန်းချက်၊ ယုံကြည်ချက်တို့ ရှိသည်ဖြစ်စေ၊ မရှိသည် ဖြစ်စေ သမိုင်းဗေဒအမြင် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ စာပေဝေဖန်ရေးသည်ကား စာပေသမိုင်းနှင့် ဆက်စပ်နေသည်ဟူသော သူ၏ဝေဖန်ရေးအမြင်ကို ဖော်ပြထား ပါသည်။

"စာပေဝေဖန်ရေးအယူအဆများ အပြိုင်အဆိုင်"တွင် စာပေဝေဖန်ရေး၌ စာပေ ဝေဖန်ရေး သဘောတရားရှိကြောင်း ဖော်ပြထားပါသည်။ စာပေဝေဖန်သူတို့သည် ၎င်းတို့၏ဘဝပတ်ဝန်းကျင်၊ လူ့အဖွဲ့အစည်းနေရာ၊ စာပေအနုပညာအတွေ့အကြုံ၊ သမိုင်းအတွေ့အကြုံ စသည်တို့ မတူညီသောကြောင့် စာပေဝေဖန်ရေးအမြင်များ အမျိုးမျိုးကွဲပြားခြားနားလာသည်ကို တွေ့ရကြောင်း၊ ထိုစာပေဝေဖန်ရေးအမြင် ကွဲလွဲ ချက်များကိုလေ့လာရင်း စာပေဝေဖန်ရေးတွင်လည်း သဘောတရားရှိသည်ကို တွေ့ရ ကြောင်း ဖော်ပြထားပါသည်။

"အစောပိုင်းအနုပညာ ဝေဖန်ရေးအတွေ့အကြုံ"ဆောင်းပါးတွင် တာရာမဂ္ဂဇင်း ၌ "စာပေသစ်"ဟူသောခေါင်းစဉ်ဖြင့် ကလောင်သစ်များ ဖိတ်ခေါ်ရာတွင် "စာရေးသူ ၏ အသက်၊ မွေးနှစ်၊ မိဘလူတန်းစား၊ ပညာရေး၊ ကျောင်းနေလျှင် ကျောင်းနေ ရာဇဝင်နှင့် လူမှုဆက်ဆံရေး၊ ဘယ်အသင်းအဖွဲ့တွင်ပါဝင်သည် စသော အတ္တုပ္ပတ္တိ

---

၁ –ယင်း–၊ ၂၀၇။

တို့ကို ပေးပို့စေလိုသည်”[၁] ဟူ၍ ဖော်ပြထား သည်။ ထိုသို့တောင်းရခြင်းမှာ ဝေဖန် အကဲဖြတ်ရာ၌ ရေးသူ၏ဘဝနှင့်စာကို ယှဉ်တွဲ၍လေ့လာ ရန်ဖြစ်သည်။ ထိုအချက် သည် “စာရေးဆရာ၏စာပေနှင့် သူ၏ဘဝ ဆက်နွယ်နေသည်”ဟူသော စာပေဝေဖန် ရေးသဘောတရားကို တစ်နည်းအားဖြင့် ဖော်ထုတ်ပြခြင်းဖြစ်ပါသည်။

ပညာရပ်တိုင်းတွင် သဘောတရားရှိပြီး စာပေသည် ကျယ်ဝန်းသော အနုပညာ ရပ်ဖြစ်သောကြောင့် စာပေလေ့လာရာတွင် စာပေသဘောတရား ရှိရန်လိုအပ်ကြောင်း၊ အထူးသဖြင့် “စာပေဝေဖန်ရေး၊ စာပေအကဲဖြတ်ရေးစသော စာပေလေ့လာရေးလုပ်ငန်း များတွင် စာပေ၏ဖွဲ့စည်း ပုံသဘာဝ၊ စာပေခန္ဓာဗေဒကို သိရှိရန်လိုအပ်ကြောင်း၊ စာပေဖွဲ့စည်းခြင်းသည် အနုပညာအလုပ် ဖြစ်၍ ဖန်တီးရသော အလုပ်ဖြစ်ကြောင်း၊ စာပေလေ့လာရေး(ဝါ) စာပေဝေဖန်ရေးအလုပ်သည် ကား သိပ္ပံသဘောဆန်ကြောင်း စာပေလေ့လာရေးကို စာပေဗေဒဟုခေါ်နိုင်ကြောင်း ဖော်ပြထားသည်။ စာပေဝေဖန်ရေး နှင့်ပတ်သက်ပြီး ကျွန်တော်၏ စာပေဝေဖန်ရေးကာလအစကပင် ဝေဖန် အကဲဖြတ် သောအခါ ရေးသူ၏ဘဝနှင့်စာကို ယှဉ်တွဲလေ့လာရန်ဖြစ်သည်”[၂] ဟူသော သူ၏ စာပေ ဝေဖန်ရေးမူကို အတိအလင်းဖော်ပြထားပါသည်။

## ခြုံငုံသုံးသပ်ချက်

‘အလှဗေဒ’တွင် ဆရာကြီးဒဂုန်တာရာက အလှဗေဒဟူသည် “အလှတရားကို ရှာဖွေ ခြင်း”ဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါသည်။ အလှကိုရှာဖွေရာတွင် အခြားသောနယ်ပယ်များမှ ရှာဖွေခြင်းမဟုတ်ဘဲ စာပေနယ်တွင်ရှိသောအလှကို ရှာဖွေခြင်းပင် ဖြစ်သည်။ ဆရာကြီးသည် စာပေနယ်အတွင်းမှ စာပေ ဝေဖန်ရေးနှင့်ပတ်သက်သော သူ၏အမြင် ကို ဖော်ပြရာတွင် မိမိကိုယ်တိုင် တွေ့ကြုံဖြတ်သန်း ခဲ့ရသော ဘဝအတွေ့အကြုံနှင့် အသိအမြင်တို့ပေါ်တွင်သာ အခြေခံပြီး ဖော်ပြခဲ့ပါသည်။ ဤစာတမ်းတွင်ပါဝင်သော စာပေဝေဖန်ရေးဆောင်းပါးများကို လေ့လာကြည့်သောအခါ “ကျွန်တော်၏ ခေတ်ပြိုင် စာရေးဆရာများနှင့် စာပေဝေဖန်ရေး”ဆောင်းပါးတွင် စာပေအနုပညာသည် ခံစားမှု ပညာရပ်ဖြစ်သောကြောင့် ပထမဆုံးခံစားမှုကို အခြေခံသင့်ကြောင်း၊ ထို့နောက်တွင်မှ ဘာကြောင့် ခံစားရသည်ကို အကျိုးအကြောင်း ရှာဖွေစူးစမ်းရကြောင်း၊ ထိုသို့ စူးစမ်း ခြင်းသည် သိပ္ပံသဘော ဆောင်ကြောင်း၊ စာပေဝေဖန်သူတစ်ဦးသည် အတွေ့အကြုံ တစ်ခုမျှလောက်ရှိရုံနှင့် မလုံလောက်ဘဲ သဘောတရားများကို နားလည်ရန်လိုအပ် ကြောင်း၊ ဝေဖန်ရေးပညာရပ်တွင် သိပ္ပံသဘောနှင့် အတွေးအခေါ် အဘိဓမ္မာသဘော

---

၁ တာရာ၊ ဒဂုန်၊ ၁၉၉၉၊ ၁၈၉။

၂ -ယင်း-၊ ၁၉၀။

များ ပါဝင်ဖွဲ့စည်းထားကြောင်းကို သူ၏ အတွေ့အကြုံများမှ တစ်ဆင့် သိလာသော သူ၏အမြင်ကို ဖော်ပြထားသည်။

"စာပေဝေဖန်ရေးနှင့် လူ့သဘာဝ"တွင်မူ စာပေတစ်ရပ်ကို လေ့လာရာ၌ စကားလုံး သက်သက်ကိုသာ လေ့လာခြင်းမျိုးမလုပ်ဘဲ လူ့သဘော၊ လူ့သဘာဝကိုပါ ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း၊ လူ့သဘာဝသည် စာပေဝေဖန်ရေးနှင့် ဆက်စပ်ပတ်သက်နေကြောင်း စသည် တို့ကို ကိုယ်တွေ့အဖြစ်အပျက် သာဓကနှင့်ယှဉ်ပြီး ဖော်ပြထားသည်။

ထို့အပြင် စာပေဝေဖန်ရေးသည် စာပေတိုးတက်ရေးအတွက် လိုအပ်သော ကောင်းမြတ် သည့် စာပေဓမ္မတရားဖြစ်ကြောင်းကို သူ၏ ယုံကြည်ချက်နှင့် ယှဉ်တွဲဖော်ပြထားသည်။

"စာပေဝေဖန်ရေးခေတ်ဦး"တွင် စာပေယဉ်ကျေးမှုတို့၏ ဖွံ့ဖြိုးတိုးတက်ခြင်း အရင်းခံ အကြောင်းတရားမှာ ငြိမ်းချမ်းရေးဖြစ်သည်ဟူသော သူ၏ခံယူချက်တို့ ဖော်ပြထားခဲ့သည်။

စာပေသမိုင်းနှင့် စာပေဝေဖန်ရေးဆောင်းပါး၌လည်း လူတို့၏ ဖြစ်စဉ်သည် ပြောင်းလဲနေသကဲ့သို့ စာပေသည်လည်း တိုးတက်ပြောင်းလဲလျက်ရှိကြောင်း စာပေဝေဖန်ရေးသည် တိုးတက်ပြောင်းလဲလျက်ရှိသော စာပေဖြစ်စဉ်ကို လေ့လာခြင်းဖြစ်၍ စာပေသမိုင်းနှင့် ဆက်စပ် လျက်ရှိကြောင်း ဖော်ပြထားပါသည်။

"စာပေဝေဖန်ရေးအယူအဆများ အပြိုင်အဆိုင်"တွင် စာပေဝေဖန်သူတို့၏ ဘဝပတ်ဝန်း ကျင်နှင့် အတွေ့အကြုံတို့အပေါ်မူတည်၍ ကွဲပြားလာသော အချက်အလက်များကို လေ့လာရင်း စာပေဝေဖန်ရေးတွင် သဘောတရားရှိကြောင်း ဖော်ပြထားပါသည်။

"အစောပိုင်းအနုပညာ ဝေဖန်ရေးအတွေ့အကြုံ"တွင် စာရေးဆရာ၏ စာပေနှင့် သူ၏ဘဝ ဆက်နွယ်နေသည်ဟူသော စာပေဝေဖန်ရေးသဘောတရားကို ဖော်ပြပြီး စာပေတစ်ရပ်ကို အကဲဖြတ်ရာ၌ ရေးသူ၏ဘဝနှင့် စာကိုယှဉ်တွဲလေ့လာရန်ဟူသော စာပေဝေဖန်ရေးမှုကို ဖော်ပြ ထားပါသည်။

ထို့ကြောင့် ဤစာပေဝေဖန်ရေးအမြင်များသည် ဆရာကြီး၏ စာပေအဖွဲ့အစည်း၊ ငြိမ်းချမ်း ရေးအဖွဲ့အစည်းစသော လူထုအဖွဲ့အစည်းများမှ အတွေ့အကြုံများနှင့် သမိုင်းခေတ်လှုပ်ရှားမှု အတွေ့အကြုံများ၏ ဩဇာသက်ရောက်လျက်ရှိနေသည်ဟု ဆိုနိုင်ပါသည်။

## နိဂုံး

စာပေသည် နိုင်ငံရေး၏ ထင်ဟပ်ချက်ဖြစ်သည်။ သို့ဖြစ်ရာ စာပေသည် နိုင်ငံအကျိုးကို သယ်ပိုးသော အလုပ်ကိုလည်း လုပ်သည်။ အမျိုးသားနိုင်ငံတော်သစ်၏ လိုအပ်ချက် များကို တစ်ဖက် တစ်လမ်းမှ ထမ်းရွက်ပေးသည်။ ထို့ကြောင့် ထိုနိုင်ငံ၏ စာပေတိုးတက်ရေးဟူသည် ရသစာပေ ပီသရေး၊ နိုင်ငံ၏ လိုအပ်ချက်များကို ဖြည့်တင်းပေးရေးတို့ အကျုံးဝင်ပါသည်။ မြန်မာစာပေ တိုးတက်ဖွံ့ဖြိုးစေရန်အတွက် စာပေဝေဖန်ရေးသည်လည်း အရေးပါသော ကဏ္ဍတစ်ရပ်အဖြစ် ရှိနေပါသည်။

## ကျမ်းကိုးစာရင်း


ဇော်ဇော်အောင်။ (၂၀၀၀)။ ***စာပေသဘောတရားနှင့် စာပေဝေဖန်ရေးအခြေခံကျမ်း*** (ဒုကြိမ်)။ ရန်ကုန်၊ မုံရွေးစာပေတိုက်။

တာရာ၊ ဒဂုန်။ (၁၉၆၇)။ ***စာပေသဘောတရား၊ စာပေဝေဖန်ရေး၊ စာပေလှုပ်ရှားမှု***။ ရန်ကုန်၊ နံ့သာတိုက်။

တာရာ၊ ဒဂုန်။ (၁၉၉၉)။ ***အလှဗေဒ***။ ရန်ကုန်၊ ပတ္တမြားငမောက်စာပေ။

တက်တိုး၊ မြဇင်။ (၁၉၈၆)။ ***ဝေဖန်ရေးစာပေစာတမ်းများ (ပ)တွဲ***။ (၁၉၈၆)။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

ဖေမောင်တင်၊ ဦး။ (၁၉၅၆)။ ***မြန်မာစာပေသမိုင်း***။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

***မြန်မာအဘိဓာန်***။ (၁၉၉၁)။ မြန်မာစာအဖွဲ့ဦးစီးဌာန။

*J. Myanmar. Acad. Arts Sci. 2018* **Vol. XVI. No. 6A**

# ခေတ်ပုံရိပ်နှင့် ဦးပုည၏တေးထပ်ဟန်

မြင့်မြင့်ခိုင် *

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ခေတ်ပုံရိပ်နှင့် ဦးပုည၏တေးထပ်ဟန်ကို လေ့လာထားသော စာတမ်းဖြစ်ပါသည်။ ဤစာတမ်းကို ကုန်းဘောင်ခေတ်နှောင်းပိုင်း (မန္တလေး ခေတ်) အခြေအနေ ပေါ်လွင်အောင် တင်ပြထားသော စာဆိုဦးပုည၏ ရေးဟန်ကို ဖော်ထုတ်လေ့လာလိုသော ရည်ရွယ်ချက်ဖြင့် ရေးသားခြင်း ဖြစ်ပါသည်။ ဤစာတမ်းတွင် ဦးပုည၏တေးထပ်တို့ကို အလေ့လာခံနယ်ပယ် အဖြစ် သတ်မှတ်၍ ရေးဟန်ပညာလေ့လာနည်းဖြင့် လေ့လာသွားမည်ဖြစ်ပါသည်။ ဤစာတမ်းတွင် စကားသံဖွဲ့ဟန်၊ စကားသုံးဖွဲ့ဟန်၊ အလင်္ကာသုံးဟန်၊ ဝါကျဖွဲ့ဟန်၊ အဆက် အစပ်သုံးဟန်တို့ဖြင့် တင်ပြထားပါသည်။ ဤစာတမ်းသည် ရှေးစာပေတို့တွင် ရေးဟန် သွက်သွက်ရှိတတ်သော တေးထပ်တို့၏ သဘောကို လေ့လာလိုသူတို့အတွက် အထောက်အကူ ပြုနိုင်ပါသည်။

**သော့ချက်စကားလုံး**– ရေးဟန်၊ စကားသံ၊ စကားသုံး၊ အလင်္ကာ၊ ဝါကျ၊ အဆက်အစပ်

## နိဒါန်း

စာပေသည် ခေတ်၏ကြေးမုံဆိုသကဲ့သို့ ခေတ်အဆက်ဆက်က ပေါ်ပေါက်ခဲ့သော စာပေအမျိုးမျိုး တို့သည် ထိုစာပေတို့ပေါ်ပေါက်ရာ ခေတ်အသီးသီး၏ ကြေးမုံများ သဖွယ်ပင် ဖြစ်ပေသည်။ ထိုစာပေတို့မှ စာပေပေါ်ပေါက်ထွန်းကားရာ ခေတ်၏ နိုင်ငံရေး၊ သာသနာရေး၊ စီးပွားရေးနှင့် လူမှုရေးဟူသော စသည့် အရေးများကို လေ့လာခွင့်ရခဲ့ပါသည်။ ထိုနည်းတူပင် စာဆိုဦးပုည၏ စာပေများကို လေ့လာခြင်းဖြင့် စာဆိုကျင်လည်ခဲ့သော ကုန်းဘောင်ခေတ် နှောင်းပိုင်းမှ မင်း(၃) ဆက် လက်ထက် အခြေအနေများကို တစေ့တစောင်း လေ့လာခွင့်ရပေသည်။

---

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ မြစ်ကြီးနားတက္ကသိုလ်

စာဆိုဦးပုညသည် စာပေလက်ရာအမျိုးမျိုးရေးသားခဲ့ရာ အချို့စာပေများတွင် ခေတ်ကြေးမုံ များ ထင်ဟပ်နေပေသည်။ ယင်းတို့မှာ မော်ကွန်းများ၊ ပြဇာတ်များ၊ တေးထပ်များ၊ မေတ္တာစာများ၊ ဒုံးချင်းများ၊ ဟောစာဝတ္ထု စသည်တို့ပင်ဖြစ်သည်။ ပြဇာတ်တို့သည် မင်းတုန်းမင်းလက်ထက် ရောက်မှရေး၍ မင်းတုန်းမင်းလက်ထက် အခြေအနေကို ခန့်မှန်းနိုင်သကဲ့သို့ မေတ္တာစာအများစုသည် သာယာဝတီမင်းနှင့် ပုဂံမင်းလက်ထက်တွင် ရေးဖွဲ့ခဲ့၍ ထိုခေတ်အခြေအနေကို ခန့်မှန်းနိုင်သည်။ စာဆို၏ တေးထပ်ပေါင်းမှာ ၁၅၇ပုဒ် ရှိပေသည်။ ယခုစာတမ်းတွင် လေ့လာပြသော တေးထပ် များသည် မည်သည့်လက်ထက်တွင် ရေးခဲ့သည်ဟု အထင်အရှား မတွေ့ရသော်လည်း သေချာစွာ လေ့လာလျှင် မင်း(၃)ဆက်လက်ထက် အခြေအနေကို တွေ့နိုင်ပေသည်။ တေးထပ်များကို အစုခွဲ၍ လေ့လာမည်ဆိုလျှင် မေတ္တာအကြောင်းများကိုသာ ဖွဲ့ဆို သော တေးထပ်များ၊ ခေတ်အခြေအနေကို ထင်ဟပ်ပြနေသော တေးထပ်များ၊ စာဆို၏ ဘဝကို ထင်ဟပ်နေသောတေးထပ်များ၊ အခြေအနေ အမျိုးမျိုးကြောင့် တောထွက်လို သော တရားသံဝေဂ ရသောတေးထပ်များ စသည်ဖြင့် ခွဲခြား လေ့လာနိုင်ပေသည်။ ထိုသို့သော တေးထပ်များထဲမှ ခေတ်အခြေအနေကို ထင်ဟပ်ပြသော တေးထပ် များကိုသာ ရွေးချယ်၍ လေ့လာတင်ပြပါမည်။

စာဆို ဦးပုညသည် မြန်မာစာပေသမိုင်းတွင် ထင်ရှားကျော်စောလှသောစာဆို ပုဂ္ဂိုလ်ကြီး ဖြစ်ပါသည်။ စာဆိုသည် ဇဝနဉာဏ်ထက်သန်သူဖြစ်သည့် အလျောက်သူ ၏ စာပေများသည် ထိမိ ရှင်းလင်းသည်၊ စာဖတ်သူကိုလွမ်းစေသလို ရယ်မောစေ နိုင်သည်၊ အသော အလွမ်းအပြောင် အကြမ်းတို့သာ ရသည်မဟုတ် အတည် အခန့် ဘက်ကလည်း ရသည်။ ထိုသို့စွယ်စုံရ စာဆိုဦးပုည၏ တေးထပ်များတွင်လည်း ကာရန်အသံပြေပြစ်ခြင်း၊ စကားသုံးဖွဲ့ဟန် ပြောင်မြောက်ခြင်း၊ ဂုဏ် အလင်္ကာတို့ဖြင့် တန်ဆာ ဆင်ခြင်း၊ ကဗျာ ဝါကျဖွဲ့ဟန်ပြေပြစ်ခြင်း၊ ထိထိမိမိ ဆက်စပ်တင်ပြတတ် ခြင်း ရှိပုံများကို တေးထပ် ၉ပုဒ်ဖြင့် လေ့လာတင်ပြမည်ဖြစ်ပါသည်။

## ၁။ စာဆို၏အတ္ထုပ္ပတ္တိအကျဉ်း*

စာဆိုဦးပုညသည် ကုန်းဘောင်ခေတ်နှောင်းပိုင်း သာယာဝတီမင်း ပုဂံမင်းနှင့် မင်းတုန်းမင်းဟူသော မင်း(၃)ဆက် လက်ထက်တွင် ထင်ရှားခဲ့သည်။ မင်းတုန်းမင်း လက်တွင် ထင်ရှားကျော်စော ခဲ့ပေသည်။

* ဦးပုည၏စာပန်းကုံး ဒုတိယတွဲနှင့် စာဆိုတော်များ အတ္ထုပ္ပတ္တိကို မှီငြမ်းပါသည်။

ထို့သို့ ထင်ရှားသော စာဆိုဦးပုညသည် (၁၁၇၄)-ခု ကဆုန်လဆန်း ၁၃ရက် ကြာသပတေးနေ့တွင် ဖွားမြင်လေသည်။ ဦးပုည၏ အဖမှာ ပုညသမန်းမျိုး (မြို့စားရွာစားရိုး) ဖြစ်သည့် ဦးမြတ်စံ ဖြစ်ပြီး အမိမှာ စလေပုခန်းငယ်မြို့သူကြီး၏ သမီး ဒေါ်လှရင်ဖြစ်သည်။ ဖခင်သည် သာယာဝတီမင်း၏ အကြီးတော်အဖြစ် အမှုထမ်းရပြီး သားဖြစ်သူ (၂)နှစ်သားအရွယ်တွင် သာယာဝတီမင်းထံ ခစား ရာ၌ ခေါ်ထားရာ ကလေးသဘာဝ စည်တော်ရုံမှစည်တော်ကြီးများကို ပုတ်ခတ်ကစားရာမှ သာယာ- ဝတီမင်းက မောင်ပုတ်စည်ဟုအမည်ပေးခဲ့သည်။

(၁၁၉၄)ခုတွင် ဗန်းမော်တိုက်၌ပဉ္စင်းခံသည်။ ထိုကျောင်းမှာနေစဉ်သာယာဝတီ မင်းသားဘဝ၌ မင်းဇကရာဇ်ဖြစ်မည့်အကြောင်း ဟောခဲ့ဖူးသေးသည်။[၁] ရဟန်း ငါးဝါ အရတွင် စလေသို့ဆင်း၍ ကျောင်းထိုင်သည်။ ထိုအချိန်တွင် ဗေဒင်မေးသူ၊ ဆေးဝါး တောင်းသူ၊ မေတ္တာစာရေးခိုင်းသူတို့ဖြင့် ကျောင်းတွင် လူစည်ကားနေသည်။ ထိုအချိန် မှ စ၍ စာပေရေးသားခြင်း၌ ထင်ရှားခဲ့သည်။ ထို့နောက် လူထွက်၍ (၁၂၀၃)-ခုနှစ် သာယာဝတီမင်း ရန်ကုန်သို့ စုန်တော်မူရာတွင် လိုက်ပါခဲ့၍ ဗဟန်း တောလားဘွဲ့ များကို ရေးခဲ့သည်။

(၁၂၀၈)ခုနှစ် ရွှေဘိုမင်းနတ်ရွာစံချိန်တွင် စာဆို၏ဦးရီးတော်ဦးပွား ကောင်းစား တော့သည်။ ဦးရီးတော်နှင့် ဆရာဖြစ်သူ ဗန်းမော်ဆရာတော်တို့ ဘုန်းတန်ခိုး ထချိန် တွင် ပုဂံမင်းထံ အမှုတော်ထမ်းရင်း မြို့သူကြီးရိုးကို ပြန်ဆက်နိုင်အောင် အားထုတ် သည်။ (၁၂၁၄)ခုတွင် မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့ နောင် တော် ပုဂံမင်းကိုပုန်ကန်ရာ ပုဂံမင်းနန်းကျသည်။ ပုဂံမင်း၏သစ္စာခံ ကျွန်ယုံဟူသရွေ့ ကနောင်မင်းက သုတ်သင်ရာ မင်းကြီးဦးပွားပါသွား၍ ဗန်းမော်ဆရာတော်ထံတွင် ရှောင်တိမ်းနေရသည်။

၁၂၁၈ ခုတွင် ဗန်းမော်ဆရာတော်ကြောင့် ဦးပုည နန်းတွင်းသို့ ရောက်ခဲ့ရပြန် သည်။ ပုခန်းမြို့စားဝန်ကြီး၏ မစမှုကြောင့် မင်းလှသင်္ချာဘွဲ့ရရှိကာ လက်ဖက်ရည် တော်တွင် ထမ်းရွက်ရပြီး ရွာစည်ရွာကိုစားသည်။ ၁၂၁၉ ခုတွင် မော်ကွန်းများ ပြဇာတ်များ စတင်ရေးခဲ့သည်။ ယိုးဒယားနိုင် မော်ကွန်း၊ ရတနာနဒီမော်ကွန်းတို့ ကြောင့် မင်းတုန်းမင်း၏ နန်းတော်တွင် ထင်ရှားခဲ့ပေသည်။ မင်းတုန်းမင်းလက်ထက်

---

[၁] ညိုမြ၊၂၀၁၃၊ ၂၄၁။

တွင် နန်းတွင်းရေး အရှုပ်အရှင်းကြောင့် ပြဇာတ်(၅)ပုဒ် ရေးခဲ့သည်။ ၁၂၂၈ ခုနှစ်တွင် မြင်ကွန်း မြင်းခုန်တိုင်မင်းသားတို့ ပုန်ကန်ထကြွမှုတွင် အခါပေးသည်ဟုဆိုကာ မြို့ဝန် ဦးသာအိုးထံတွင် အကျယ်ချုပ်ဖြင့်ထားခဲ့သည်။ ၁၂၂၉ ခုနှစ် နယုန်လတွင် ဦးသာအိုးက အဆုံး စီရင်လိုက်သည်။ နောက်မှ မင်းတရာကြီး သိသောအခါ "လူကိုခွေးသတ်လေရဲ့"ဟု မိန့်တော်မူသည်ဟု အဆိုရှိခဲ့သည်။ စာဆိုဦးပုညသည် မော်ကွန်း၊ ပြဇာတ်၊ ဟောစာ၊ ရကန်၊ ဝိုချင်း၊ ဒုံးချင်း၊ တေးထပ် စသည်ဖြင့် ကဗျာမျိုးစုံ ရေးသားပြုစုခဲ့ပါသည်။

## ၂။ ကုန်းဘောင်ခေတ်နှောင်းပိုင်းကာလ နောက်ခံဝန်းကျင်အကျဉ်း

ကုန်းဘောင်မင်းဆက်သည် "ဥသြအော်မည် ကုန်းဘောင်တည်" ဆိုသည့် ဆိုရိုးအတိုင်း ၁၁၁၅–ခုနှစ်တွင် အလောင်းမင်းတရားက စတင်ခဲ့ပြီး သီပေါမင်း လက်ထက် အထိ မင်း(၁၁)ဆက် အုပ်စိုးခဲ့ပါသည်။ ထိုမင်းဆက်များမှ ယခု လေ့လာမည့်စာတမ်းနှင့် အကျုံးဝင်သော သာယာဝတီမင်း၊ ပုဂံမင်း၊ မင်းတုန်းမင်း လက်ထက် အခြေအနေများကို အကျဉ်းမျှ ဖော်ပြပါမည်။

ဘကြီးတော် (စစ်ကိုင်းမင်း) လက်ထက်တွင် မင်းကြီးမကျန်းမာစဉ် မိဖုရားခေါင်ကြီး နန်းမတော်မယ်နုနှင့် သူ၏မောင် စလင်းမင်းသားမောင်အိုတို့၏ ချယ်လှယ်မှုကြောင့် ညီတော် သာယာဝတီမင်းသားက ရွှေဘိုသို့တိမ်းရှောင်၍ နောင်တော် ကို ပုန်ကန်ပြီး (၁၁၉၉)တွင် နန်းတက်ခဲ့သည်။[၁] ဘကြီးတော် လက်ထက်တွင် အင်္ဂလိပ် မြန်မာ ပထမစစ်ဖြစ်ခဲ့၍ ထိုအရေးကိစ္စသည်လည်း သာယာဝတီမင်း လက်ထက်အထိ နိုင်ငံတော်၌ ပွဲတင်ရိုက်ခက် နေဆဲဖြစ်သည်။ သူ၏ လက်ထက်တွင် ရန္တပိုစာချုပ် အတိုင်း မလိုက်နာနိုင်ဟု ရဲ့ရင့် ပြတ်သားစွာ ငြင်းဆိုခဲ့သည်။

သာယာသတီမင်းထက်တွင် အိမ်ရှေ့အရာပေးရမည်ဖြစ်သော တူတော်စကြာ မင်းကို ပုန်ကန်သည်ဟုဆိုပြီး ကွပ်မျက်ခဲ့သည်။ သားတော် (၆)ပါးရှိသည့်အနက် သားတော်ကြီး ပြည်မင်းသားနှင့် ပုခန်းမင်းသားကို အားကိုး ယုံကြည်ခဲ့သည်။ သာယာဝတီမင်း ရန်ကုန်သို့သွားစဉ်လမ်း၌ ပြည်မင်းသား ရွှေစက်တော်ဝင်ဖူးသည့် ကိစ္စနှင့်ပတ်သက်၍ အချုပ်ခံရသည်။ ထိုအချိန် ညီတော် ပုခန်းမင်းသား ရုတ်တရက် သေဆုံးခဲ့သည်။ ထိုသို့ မင်းသားများကို မယုံကြည်အောင် လုပ်ကြံဇာတ်ခင်းသူမှာ

[၁] ညီမြ ၊ ၂၀၀၃၊ ၁၆၃။

မိဖုရားခေါင် (ကျပင်းမင်းသမီး)ကြီးပင်ဖြစ်သည်။ သူ၏သားတော် ပုဂံမင်းသား နန်းရရေးအတွက် နည်းမျိုးစုံဖြင့် ကြံစည်ခဲ့သည်။[၂] ပုဂံမင်းသားသည် ငယ်ရွယ်စဉ်ကတည်းက ကြက်ငှက်တိုက်ပွဲများကိုသာ စိတ်ဝင်စားနေ၍ ထီးနန်းနှင့်မထိုက်တန်ဟု ယူဆခြင်းခံရသူဖြစ်သည်။

သာယာဝတီမင်းသည် နောက်ပိုင်းတွင် စိတ်ဖောက်ပြန်ကာ မန္တလေးမြို့မင်းတဲ အီကင်းအရပ်တွင် အိမ်တော်တည်၍ ဆေးကုသခံခဲ့သည်။ ထိုအချိန်တွင် ပြည်မင်း ပုန်ကန်သည်ဟုဆိုကာ ပြည်မင်းသားနှင့် သားတော် (၄)ဦး၊ အပေါင်းအပါဟု အစွပ်စွဲခံရသူ မမြလေးတို့သားအမိနှင့် ပြည်စည် မင်းသားကြီး စသည်တို့ကို စိတ်ဝေဒနာခံစားနေရသည့် ဘုရင့်အမိန့်ဟုဆိုကာ ပုဂံမင်း အမိန့်ဖြင့် ကွပ်မျက်ခဲ့သည်။[၁] ထိုသို့သောအချိန်တွင် မိဖုရားခေါင်ကြီးတစ်ပါးသာ ပြုစုခွင့်ရခဲ့၍ လုပ်ကြံပြောဆိုဖို့လည်း အခွင့်အရေးရခဲ့သည်။ ပုဂံမင်းသားသည် ဖခင်ကို ပြုစုရန်ဆိုလျှင် ရှောင်ရှား နေခဲ့သည်။ အစ်ကို (၂)ပါးရှိစဉ်က ဖခင်ကို ထိန်းသိမ်းခဲ့သော်လည်း မရှိသောအခါ တရုတ်မော်မင်းသားက ထိန်းသိမ်းပြုစုခဲ့သည်။ သို့သော် ထိုမင်းသားသည်လည်း နောင်တော် ပုဂံမင်း လက်ထက်တွင် ကွပ်မျက်ခြင်း ခံခဲ့ရသည်။

(၁၂၀၇)ခုနှစ်တွင် သာယာဝတီမင်း ရောဂါဖြင့် နတ်ရွာစံပြီး ပုဂံမင်း(၁၂၀၈)တွင် နန်းတက်ခဲ့သည်။ [၂] ထိုမင်းလက်ထက်တွင် တိုင်းရေးပြည်မှုကို မင်းညီမင်းသားနှင့် လွှဲထားပြီး အပျော်အပါးနှင့် တိရစ္ဆာန်ချင်း တိုက်ခိုက်သည့်ပွဲများ၌သာ အချိန်ကုန်သည်။ တိုင်းပြည်ရေးကိစ္စများတွင် ယောက်ဖတော်မင်းသားကြီးကို ကျောက်လုံးနှင့် အတွင်းဝန်ဦးပွားတို့ကို နေရာပေးလွန်းသဖြင့် ဘုရင့်ကွယ်ရာတွင် ထင်ရာစိုင်းနေကြသည်။ ပုဂံမင်းသည် ကြက်ငှက်မွေးကျွမ်းကျင်သူ ဘိုင်ဆပ် ဆိုသော ကုလားကို မြို့တော်ဝန်ရာထူးပေးခဲ့၍ သြဇာကြီးလာသည်။ ဘိုင်ဆပ်၊ မောင်ပိန်တို့ လူစုသည် ပြည်သူတို့ကို ထောင်ချောက်ဆင်ဖမ်း၍ ငွေညှစ်သည်။ အမျိုးသမီးများကို ဖျက်ဆီးကြသည်။[၃]

(၁၂၁၄)တွင် အင်္ဂလိပ်တို့ကျူးကျော်ရန်စပြီး ဒုတိယအကြိမ်ဖြစ်ခဲ့သည်။ ထိုနှစ်၌ပင် ပုဂံမင်း အိမ်တော်ထိန်းမိရွဲက ကုန်းချောပြောဆိုသည့်အတွက် မင်းတုန်း၊ ကနောင် ညီနောင် (၂)ပါး ရွှေဘိုသို့ ထွက်ပြေးရပြန်သည်။[၄] ထိုနှစ် ပြာသိုလတွင်

---

[၂] – ယင်း ၊၂၃၄၊ ၂၅၃။

[၁] ညီမြ ၊ ၂၀၀၃၊ ၂၃၇။

[၂] မောင်မောင်တင်၊ ၂၀၀၄၊၅၆။

[၃] ညီမြ ၊ ၂၀၀၃၊ ၂၃၆။

[၄] မောင်မောင်တင်၊ ၂၀၀၄၊၉၁။

အင်္ဂလိပ်တို့ ပြည်ကိုသိမ်း၍ တပေါင်းလတွင် ညီနောင် (၂)ပါးက အမရပူရ နေပြည်တော်ကို သိမ်းယူခဲ့သည်။ မင်းတုန်းမင်းသည် (၁၂၁၄)တွင် ရွှေဘိုမြို့ ဌာပင် နန်းတက်ခဲ့၍ (၂)နှစ်ကြာ စိုးစံခဲ့သည်။ အမရပူရသို့ရောက်ပြီး မကြာခင် မန္တလေးသို့ မြို့တော်ရွှေ့ပြောင်းရေးကို စီစဉ်ခဲ့သည်။ ဆရာတော်များနှင့် ပြည်သူအများ ကန့်ကွက် တားဆီး သည့်ကြားမှ (၁၂၂၁)ရတနာပုံ နေပြည်တော်ကို စတင် တည်ဆောက်ပြီး ပြောင်းရွှေ့စံစားခဲ့သည်။ [၁] (၁၂၃၀)တွင် ပိဋကတ်(၃)ပုံကို ကျောက်ထက်အက္ခရာတင် ခဲ့ပြီး [၂] (၁၂၃၃)တွင် သာသနာအရှည် တည်တံ့ရန် ပဥ္စမသင်္ဂါယနာတင်ခဲ့သည်။ [၃] (၁၂၁၇)တွင် သံဃာတော်များ ညီညွတ်ရန် ဓမ္မဝိနယ ကို ထုတ်ပြန်ခဲ့သည်။[၄]

အထက်ပါ အခြေအနေများသည် ကုန်းဘောင်ခေတ်နှောင်းပိုင်း မင်း(၃)ဆက် လက်ထက် အခြေအနေများပင် ဖြစ်သည်။ ဘကြီးတော်မှ သာယာဝတီမင်းသို့ ကူးပြောင်းချိန်တွင် အင်္ဂလိပ် မြန်မာ ပထမစစ်ဒဏ် ခံပြီးရသည့်အချိန် ဖြစ်သည်သာ မက မယ်နုတို့မောင်နှမကြီးစိုး၍ ပြည်တွင်းရေး အခြေအနေ ရှုပ်ထွေးရသည့်အချိန် ဖြစ်သည်။ သာယာဝတီမင်းသည် တိုင်းပြည်ကို ငြိမ်သက်အောင် ကြိုးစား လုပ်ဆောင် ချိန် မိဖုရားခေါင်နှင့် ပုဂံမင်းသားတို့၏ နှောင့်ယှက်၍ နန်းတွင်းရေး အရှုပ်တော်ပုံ ကြောင့် စိတ်နောက်ကာ နတ်ရွာစံခဲ့ရသည်။

ပုဂံမင်းသည် ငယ်ရွယ်စဉ်ကတည်းက တိုင်းပြည်ရေးကို စိတ်မဝင်စား တိရစ္ဆာန်ကိုသာ စိတ်ဝင်စားခဲ့သည်။ ထီးနန်းရချိန်တွင်လည်း ကြက်ငှက်တိုက်ဖို့သာ စိတ်ဝင်စား၍ တိုင်းပြည်အရေး ကို မှူးမတ်တို့နှင့်သာ မျက်နှာလွှဲထားသည့်အတွက် မှူးမတ်တို့၏ဒဏ်ကို ပြည်သူအများခံခဲ့ရ သည်။ ထိုအချိန်တွင် အင်္ဂလိပ်တို့က ဒုတိယအကြိမ် ကျူးကျော် ရန်စခဲ့၍ စစ်ဖြစ်ခဲ့ရပြန်သည်။ တစ်နှစ်တည်းမှာပင် ညီတော် ၂ပါးက ပုန်ကန်ခဲ့ပြန်သည်။

မင်းတုန်းမင်း နန်းတက်သည့်အချိန်တွင် မြို့ရွှေ့ပြောင်းရန် ကြိုးစားခဲ့သည်။ ထို အချိန်က ပြည်သူအများစုမှာ အင်္ဂလိပ်နှင့် စစ်ဖြစ်သည့်ဒဏ် ညီနောင်တို့ ပုန်ကန် ၍ မြို့ပေါက်သည့်ဒဏ် အလူးအလဲ ခံစားနေရသည့်အချိန်ဖြစ်သည်။ ထိုအကြောင်းကို ဦးပုည၏ လေ့ခအလှူခံမေတ္တာစာတွင်–

---

[၁] နတ်သျှင်၊ ဒဂုန်၊ ၁၉၇၆၊ ၃၁။
[၂] – ယင်း– ၊ ၄၈။
[၃] – ယင်း– ၊ ၄၉။
[၄] – ယင်း– ၊ ၅၇။

"သဒ္ဒါမချို့၊ ထိုသူတို့မှာလည်း၊ မြို့ပေါက်မှာမျောကြ၍၊ ဖွတ်ကျောပြာစ ခရုဆံကျွတ်၊ ခါးဝတ်လွှာချင်း"[၁]

ဟု ထည့်သွင်းဖော်ပြခြင်း ခံခဲ့ရသေးသည်။ သို့သော် မင်းတုန်းမင်းသည် တိုင်းပြည် ငြိမ်သက်စေရန်၊ သာသနာရေးထွန်းကားစေရန်၊ အင်္ဂလိပ်နှင့်လည်း ပြေလည်စေရန် ကြိုးစားခဲ့သူဖြစ်ကြောင်း သမိုင်းအထောက်အထားများတွင် တွေ့ရပါသည်။

## ၃။ တေးတပ်၊ ရေးဟန်တို့၏ အဓိပ္ပာယ်နှင့်သဘောသဘာဝ

### ၃၊ ၁။တေးတပ်၏အဓိပ္ပာယ်

တေးတပ်၏အဓိပ္ပာယ်ကို ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ကဗျာသာရတ္ထသင်္ဂြိုလ် တွင်

> တေးတပ်ဆိုသည်ကား အသံကာရန်များသော တေးမျိုးကို ဆိုလိုသည်။ ၎င်း တေးထပ်ကို ရေးစပ်သီကုံးရာ၌ အစက လေးပိုဒ်ခံ၍ နောက်နှစ်ပိုဒ် အုပ်ရမည်။ တစ်ဘန် နှစ်ပိုဒ်တက်၍ နောက်နှစ်ပိုဒ်အုပ်ရမည်။ နောက် ရေးကဲ့သို့ပင် လေးပိုဒ်ခံ၍ နှစ်ပိုဒ်အုပ်သောအားဖြင့် ဆယ့်ရှစ်ပိုဒ်ပြည့်၍ တေးတပ် ဖြစ်သည်ဟု မှတ်ရမည်။[၂]

ဟူ၍ ဖွင့်ဆိုထားပါသည်။ ကဗျာဗန္ဓသာရကျမ်းတွင်

> တေးထပ်ဟူသည်ကား တေးရိုးတွင် ထပ်၍စပ်သောကြောင့် တေးထပ်ဟု ခေါ်သည်။ တေးထပ်တွင် အချိုးကြီး –၇၊ ကွပ်သိမ်း ချက်– ၂၊ ၂ရပ် ၉ချက် ပါမြဲ၊ ပဒငယ် (၁၈) ရှိအောင် စပ်မြဲကို တေးထပ်ဟု ပညပ်ခေါ် သည်။[၃]

ဟူ၍ ဖွင့်ဆိုထားပါသည်။ ထို့ကြောင့် တေးထပ်ဟူသည် တေးရိုးတွင် ထပ်၍ စပ်သောကြောင့် တေးထပ်ဟု ခေါ်ခြင်းဖြစ်ပြီး အပိုဒ်ရေ ၁၈ပိုဒ်၊ (၁၈–ပဒ)ဖြင့် ဖွဲ့စပ်လေ့ရှိကြောင်း တွေ့ရှိရပေသည်။

---

[၁] ပုည၊ ဦး၊ ၁၉၉၂၊ ၈။

[၂] မှိုင်း၊ ကိုယ်တော်၊ သခင်၊ ၊ ၃၇၆။

[၃] တင်၊ ဦး၊ ၁၉၆၉၊ ၅၅၀။

## **၃၊ ၂။ရေးဟန်၏အဓိပ္ပာယ်**

ရေးဟန်၏အဓိပ္ပာယ်နှင့်ပတ်သက်၍ စာရေးခြင်းအတတ်ပညာတွင် စာတစ်ပုဒ်၏ ရေးဟန်လည်း ပါဝင်ပေသည်။ ဆရာပီမိုးနင်းက စာရေးခြင်းအတတ်ပညာကို

စာကို ရေးသောအတတ်မဟုတ်၊ စိတ်ကိုရေးသောအတတ် ဖြစ်လေသည်။[၁]

ဟူ၍ စာရေးခြင်းသည် စိတ်ကိုရေးခြင်းဖြစ်ကြောင်း ဖွင့်ဆို ထားပါသည်။ ဆရာဇေယျက

> ကိုယ်ပိုင်ဉာဏ်ဖြင့် တီထွင်ရေးသားသော စာဖြစ်စေ၊ ကိုယ်ပိုင်ဉာဏ်ဖြင့် တီထွင်ထားခြင်း မဟုတ်ဘဲ ဘာသာပြန်မှုလောက်ပင်ဖြစ်စေ၊ လူပြုသောကြောင့် လူ၏ဩဇာအရသာသည် စာပေပေါ်၌ ထင်ဟပ်လျက် ရှိလေသည်။[၂]

ဟူ၍ စာရေးသူ၏ အတွေးစိတ်ကူးသည် သူ၏စာတွင် ထင်ဟပ်နေကြောင်း ဖွင့်ဆို ထားပါသည်။ ဆရာဒဂုန်တာရာက ရေးဟန်နှင့် ပတ်သက်၍

> ဟန်သည် ဘယ်ကဆင်းသက်သလဲ ခံစားမှုက ဆင်းသက်လာသည်ဟု ပြောရမည်။ ခံစားမှုကိုကျွန်တော် စိတ်ဝင်စားသည်။ ခံစားမှုဘယ်ကရလာ သလဲဟု တစ်ဆင့်တက် စိတ်ဝင်စားလာသည်။ ခံစားမှုသည် လူ၏ ပတ်ဝန်းကျင်၊ လူ့အဖွဲ့အစည်း၏ ထင်ဟပ်ချက်ဖြစ်သည်။[၁]

ဟူ၍ စာရေးသူ၏ခံစားမှုနှင့် သူ၏စာ ဆက်စပ်နေကြောင်း ဖွင့်ဆိုထားပါသည်။ ဆရာမြသန်းတင့် က

> ဟန်ဆိုတာ စိတ်နေစိတ်ထားကို ဖော်ပြတဲ့ အမှတ်အသားတစ်ခု ဖြစ်တယ်[၂]

ဟူ၍ စာရေးသူ၏ ခံစားမှုနှင့် သက်ဆိုင်နေကြောင်း ဖွင့်ဆိုထားပါသည်။ ဆရာမောင် ခင်မင် (ဓနုဖြူ)က ရေးဟန်၏အဓိပ္ပာယ်ကို

၁၊ ရေးဟန်ဟူသည် အတွေး၏ဝတ်စားတန်ဆာ၊

---

[၁] ခင်မင်၊ မောင်၊ ၂၀၁၁၊ ၈။

[၂] – ယင်း–    ။

[၁] ဒဂုဏ်တာရာ၊ ၂၀၀၄၊ ၁၀၆။

[၂] မြသန်းတင့်၊ ၂၀၀၁၊ ၂၂။

၂၊ ရေးဟန်ဟူသည် စာရေးသူ၏ ကိုယ်ရည်ကိုယ်သွေး ထင်ဟပ်ချက်
၃၊ ရေးဟန်ဟူသည် နေရာတကျသုံးထားသော အသုံးအနှုန်း
၄၊ ရေးဟန်ဟူသည် အကြောင်းအရာနှင့်ပုံသဏ္ဌာန် တစ်သားတည်းပေါင်းဖွဲ့မှု
၅၊ ရေးဟန်ဟူသည် စံသွေမှု
၆၊ ရေးဟန်ဟူသည် ရွေးချယ်မှု[၃]

ဟူ၍ ဖွင့်ဆိုချက် (၆)ခုဖြင့် ဖွင့်ဆိုထားပါသည်။ ထိုသို့ ဖွင့်ဆိုထားသော်လည်း

> ရေးဖွဲ့လိုသောအကြောင်းအရာ လိုက်ဖက်သော စကားတို့၏ သုံးနှုန်းပုံ စသည်တို့ ဖြစ်ပေါ် လာစေရန် ရွေးချယ်ရမည်ပင် ဖြစ်သည့်အတွက် ရေးဟန်ဟူသည် ရွေးချယ်မှုဟူသော ဖွင့်ဆိုချက်သည် ကျန်သည့်ဖွင့်ဆိုချက်များကို လွှမ်းခြုံထားနိုင်သည်ကို တွေ့နိုင်သည်။[၄]

ဟူ၍ ဆရာကြီးကပင် ဆက်လက်၍ သုံးသပ်တင်ပြထားပါသည်။

## ၃၊ ၂။ရေးဟန်၏သဘောသဘာဝ

ရေးဟန်ဟူသည် ဘာသာစကားအသုံးကွဲပြားပုံကို လေ့လာသော ပညာရပ်ဖြစ်သည်နှင့်အညီ ကွဲပြားရသော အကြောင်းအရင်းများရှိပေသည်။

ရေးဟန်၏ ကွဲပြားသောအကြောင်းအရင်းများမှာ ရေးဖွဲ့သည့် အကြောင်းခံအခြေအနေများ၊ စာရေးသူ၏ ပင်ကိုလက္ခဏာများ၊ အချိန်ကာလ၊ နေရာဒေသ၊ လူမှုအခြေအနေ၊ ဘာသာစာပေ ပုံသဏ္ဌာန်၊ စာရေးသူနှင့် စာဖတ်သူ၏ ဆက်သွယ်မှု၊ ရည်ရွယ်ချက်၊ စာရေးသူ၏ထူးခြားသော အခြေအနေတို့ဖြစ်ကြောင်း တွေ့ရှိရသည်။

ရေးဟန်၏သဘာဝတွင် စာရေးသည့် အချိန်ကာလနှင့် စာရေးသူ၏ ထူးခြားသော အခြေအနေတို့ ပါရှိသည့်အတွက် ယခုစာတမ်းတွင် ခေတ်အခြေအနေကို ထင်ဟပ်နေသော စာဆို၏ တေးထပ်ရေးဖွဲ့ဟန်ကို တင်ပြထားမည်ဖြစ်ပါသည်။

[၃] ခင်မင်၊ မောင်၊ ၂၀၁၁၊ ၈။
[၄] – ယင်း– ။

## **၄။ ခေတ်ပုံရိပ်နှင့်စာဆိုဦးပုည၏ တေးထပ်ဟန်လေ့လာချက်**

စာဆိုဦးပုညသည် ကုန်းဘောင်ခေတ်နှောင်းပိုင်း မန္တလေးခေတ်တွင် ထင်ရှားခဲ့သော စာဆိုတစ်ဦးဖြစ်ပြီး စာဆို၏ ပင်ကိုယ်ရေးဟန်သည် ပေါ့ပါးသွက်လက်သော အမျှား နားလည်လွယ်သော ထွေလုံး ငေါ့လုံးများဖြင့် ရေးဖွဲ့တတ်သောသူတစ်ဦးလည်း ဖြစ်သည်။ သူသည် တေးထပ်များတွင် စကားသံဖွဲ့ဟန်၊ စကားသုံးဖွဲ့ဟန်၊ ဂုဏ် အလင်္ကာတို့ဖြင့် တန်ဆာဆင်ဟန်၊ ဝါကျဖွဲ့ဟန်၊ ဆက်စပ်တင်ပြဟန်၊ သင်္ကေတ၊ နိမိတ်ပုံသုံးဟန်တို့ဖြင့် ခေတ်ပုံရိပ် အခြေအနေများကို ထင်ရှားအောင် ဖွဲ့ဆိုထားပါသည်။

## **၄၊ ၁။စကားသံဖွဲ့စပ်ဟန်**

ဦးပုည၏တေးထပ်တို့တွင် ဖွဲ့ဆိုသည့် အကြောင်းအရာနှင့်လိုက်ဖက်သော စကားသံ ဖွဲ့စပ်ဟန်ကို တွေ့ရှိရသည်။ တေးထပ်အဖွဲ့ပုံစံတွင် ၄လုံးတစ်ပဒဖြင့် ဖွဲ့ခြင်းမျိုး မဟုတ် ၆လုံးတစ်ပဒ၊ ၇လုံး တစ်ပဒတို့ဖြင့် ဖွဲ့ဆိုထားပြီး ထိုပဒအတွင်း ကာရန်ချိတ်ယူကာဖြင့် ဖွဲ့ဆိုထားသည်။ စာဆိုသည် သူကျင်လည်ခဲ့သော မန္တလေးခေတ် မင်းတုန်းမင်းလက်ထက် နယုန်လ စာပြန်ပွဲကျင်းပပုံကို

"သည်မေထုန် နယုန်ရက်မှာ၊ ကုန်ရခက်သာကီ၊ ဘုံကနက်<br>ဌာနီမှာ ခါအရှည်စံတုန်း၊ သလာယ နမဟာမှာ၊ သုဓမ္မာပွဲ<br>ပလို့နှုန်း ပိဋကတ် မြတ်ဓမ္မာကို ပြဿနာပြုတုန်း"[၁]

ဟူ၍ဖွဲ့ဆိုထားသည်။ အဖွဲ့ခံအကြောင်းအရာသည် သာသနာရေးပွဲဖြစ်သည်နှင့်အညီ အသံတည်ငြိမ် မှုရှိပေသည်။ ကာရန်ချိတ်ရာတွင် သရသံတူ ဗျည်းကွဲ (နဘေထပ်ကာရန်)ဖြင့် ချိတ်ဆက် ဖွဲ့ဆိုထား သည်။'နယုန်ရက်' 'ကုန်ခက်' 'ဘုံကနက်' 'ဌာနီ' 'ခါအရှည်' 'နမဟာ' 'သုဓမ္မာ'ဟူ၍ နဘေထပ်ကာရန်ဖြင့် ချိတ်ကာဖွဲ့ဆိုထား၍ ရွတ်ဆိုရလွယ်ကူစေသည်။ "တုန်း' 'နှုန်း" "တုန်း" ဟူသော သံလေးများဖြင့် သုံးထား၍ တည်ငြိမ်သောဟန်ကိုလည်း ပေါ်လွင်နေပေသည်။ ဘုရားကိုဝါသူ တေးထပ်တွင်

"စည်းစိမ်တော်ယစ်မူးလို့၊ မဖြစ်ဖူးဣန္ဒာ၊ ကသစ်ဦးသိင်္ဂါမှာ၊ အလိမ္မာ<br>လွန်အား၊ ရွှေငါးသန်းနှစ်ကုဋေမှာ ၊ အပျော်လေ ကျူးခိုက်မို့လား"[၂]

---

[၁] ပုည၊ ဦး၊ ၁၉၉၂၊ ၁၁၂။

[၂] – ယင်း– ၊ ၉၇။

ဟူ၍ဖွဲ့ဆိုထားသည်။ ထိုအဖွဲ့တွင် သိကြားမင်းကိုမေးသည့် စကားပြော အမေးဟန် ဖြင့် ဖွဲ့ဆိုထားသည်။ "ယစ်မူး" "မဖြစ်ဖူး" "ကသစ်ဦး" ဟူသော နဘေကာရန်ဖြင့် စကားသံ ဖွဲ့စပ်ထားသကဲ့သို့ အမေးစကားတွင် "အပျော်လေ" ဟူ၍ သံပြေဖြင့် အသံ ကို ဖြတ်ထားပြီ "ကျူးခိုက်မို့လား" ဟူသော သက်သံ၊ သံလေးတို့ဆက်၍ သုံးကာ မေးဟန်ကိုပေါ်လွင်အောင် ဖွဲ့ဆိုထားပြီး ကြားယောင်ယောင် ဖြစ်လာစေသည်။

ကာလဆိုးတေးထပ်တွင်

> ကာလနယ်ဆိုးပါတိ၊ သူခိုးကလူလူ၊ တောလေ့ပေါက်နန်းမူ၊ အိမ်သူကို
> ဧည့်စောင်း၊ ကောင်းသူကို အပြစ်တင်၊ တောင်ယာရှင် မျောက်လိုက်လို့
> မောင်း[၁]

ဟူ၍ ဖွဲ့ဆိုထားရာ ထိုခေတ်ကာလ၏ အခြေအနေဆိုးဟန်ကို ပေါ်လွင်စေသော အသံကာရန်ဖြင့် ဖွဲ့စပ်ထားသည်။ ထိုအဖွဲ့တွင် အကြောင်းအရာ တစ်ခုနှင့်တစ်ခုကို "ဆိုးနှင့်ခိုး" "လူနှင့်မူ" "မူနှင့်သူ" ဟူ၍ ကာရန်တစ်ခုဖြင့် ချိတ်ဆက်ဖော်ပြသွားသည်။ အခြေအနေဆိုးကို ပေါ်လွင်စေရန် ကဗျာအစ တွင်ပင် "ကာလနယ်" ဟူသောကတ္တားကို သံပြေဖြင့် ဖြတ်ထားပြီးမှ "ဆိုးပါဘိ" ဟုသော ကြိယာကို သက်သံဖြင့် အဆုံးသတ် ထား၍ မည်သို့ကာလဆိုးသည်ကို သိရှိလိုစိတ် ဖြစ်ပေါ်လာစေသည်။

"နိပါတ်ရုပ်" အစချီတိုင်းပြည်ရေးဖွဲ့ တေးထပ်တွင်

> နှစ်ပြည်ထောင်တယ်ကြ၊ အလယ်က ကျောင်းဆောင်၊ အနောက်က ရွှေဂူချောင်၊
>
> ဝေဘူတောင်အရှေ့၊ မင်းကြီးနှင့်ကိန္နရာ၊ ဣန္ဒပါထွက်တဲ့ရသေ့၊ သုပဏ္ဏရာဇာ၊
>
> နာဂါကိုအတွေ့၊ ထောင်ကုမ္ဘဏ် ရံကြွေ့လို့၊ စံမွေ့သည် ကြာပျော်၊ ဇော်ဖေဂီ တပသီ
>
> ဝိဇ်ကယ်တို့၊ တညီစိတ်မြန်းကြဟေမော်[၂]

ဟူ၍ဖွဲ့ဆိုထားရာ တစ်ပဒနှင့် တစ်ပဒကို "ကြ၊ က၊ က" "ဆောင်၊ ချောင်၊ တောင်" အသံကာရန် တစ်ခုစီဖြင့် ချိတ်ဆက်ဖွဲ့ဆိုထားသည်။ အသံကာရန် "ဇာ"နှင့် "ဂါ"ကို ယူထားသည့်အတွက် နဂါး အသုံးတွင် သတ်ပုံစံသွေ၍ ဖွဲ့ဆိုထားမှုကို တွေ့ရသည်။ ထိုမျှမက "ထောင်ကုမ္ဘဏ်" "ဇော်ဖေဂီ" "ဝိဇ်" "တညီစိတ် မြန်းကြဟေမော်" အဖွဲ့တို့တွင် ရွတ်ဆိုရလွယ်ကူသည့် အသံကာရန်အတွက် စံသွေသည့် စကားသုံး၊ ဝါကျတို့ဖြင့် ဆက်တိုက်ဖွဲ့စပ်ထားသည်ကို တွေ့နိုင်သည်။ အကြောင်းအရာချင်း ဆက်စပ်၍ မရ သော တိုင်းပြည် ဇာတ်လိုက်တို့ ရုပ်နေပုံကို ရေးဖွဲ့သည့်အတွက် ကာရန်ချိတ်ရံသာ

[၁] – ယင်း– ၊ ၉၁။

[၂] ပုည၊ ဦး၊ ၁၉၉၂၊ ၁၀၀။

ယူထားခြင်းဖြစ်ဟန်တူသည်။ အသံကို သံလေး သက်သံတို့ကို တစ်လှည့်စီ ဖွဲ့ဆိုထား၍ ရွတ်ဆိုရ လွယ်ကူပြီး စိတ်မျက်စိ၌လည်း မြင်ယောင်လာစေသည်။

စာဆိုဦးပုည၏ တေးထပ်တို့တွင် စကားသံဖွဲ့စပ်ဟန်တွင် ရေးဖွဲ့သည့် အကြောင်းအရာကို လိုက်၍ အသံကာရန်ကို ယူထားသည်ကို တွေ့နိုင်သည်။ လေးနက်အောင် ပြောလိုသည့်အခါတွင် ကတ္တားကို သံပြေနှင့်သုံး၍ ကြိယာကို သံလေး၊ သက်သံတို့ဖြင့် ဖွဲ့စပ်ထားပေသည်။ ရေးဖွဲ့သည့် အကြောင်းအရာနှင့်လိုက်ဖက်သော စကားသံကို သုံးနှုန်းထားသည်ကိုတွေ့နိုင်သည်။

## ၄၊ ၂။ စကားသုံးဖွဲ့စပ်ဟန်

စာဆိုဦးပုည၏ ပင်ကိုယ်ရေးဟန်ကို လေ့လာကြည့်လျှင် များသောအားဖြင့် ပေါ့ပါးသွက်လက်သော စကားလုံးများ၊ ခေတ်ကိုသရော်သော ထေ့လုံးငေါ့လုံးများဖြင့် ဖွဲ့စပ်လေ့ရှိပေသည်။ သို့သော် ဘာသာရေးပွဲ၏ စည်ကားပုံကို ဖော်ပြရာတွင် မြင်သာထင်သာသော တည်တည်တံ့တံ့စကားလုံးကို သုံးနှုန်းရေးဖွဲ့ထားသည်။

သုဓမ္မာပွဲ တေးထပ်တွင် စာပြန်ပွဲကျင်းပပုံကို

> ပိဋကတ် မြတ်ဓမ္မာကို ပြဿနာပြုတုန်း၊ နတ်ရွာလို ရှုမဆုံးသာပ၊ ခြိမ်းအုန်း၍ ကြေညာ၊ ပြည်တော်သူ ဘူမြေနန်းတွင်မှ လှုုရွှေ ဆွမ်းသသည့် ချိန်ခါ၊ အမတပြည် ခေမာကို၊ ရည်ဝေကာ ကြည်ဖောနှင့်[၁]

ဟူ၍ ဖွဲ့ဆိုထားသည်။ စာပြန်ပွဲ၏ ကြည်ညိုဖွယ်ကောင်းပုံကို "ရှုမဆုံး"၊ စာပြန်ပွဲ စည်ကားပုံကို "ခြိမ့်အုန်း"၊ ဆွမ်းဆက်ကပ်ကြပုံကို "လှုုရွှေဆွမ်း"၊ နိဗ္ဗာန် ရည်မှန်း၍ စိတ်ကြည်လင်စွာ အလှုုပြုပုံကို "အမတပြည်ခေမာကို ရည်ဝေကာကြည်ဖော" ဟူ၍ ထေ့သံ သရော်သံမပါ တည်တည်တံ့တံ့ အသုံးတို့ဖြင့် ကြည်ညိုဖွယ်ဖြစ်အောင် သရုပ်ဖော် ရေးဖွဲ့ထားသည်။ ကာရန်ကိုလိုက်၍ "ဘူမြေနန်း"၊ "လှုုရွှေဆွမ်း" ဟူ၍ စကားလုံးဖွဲ့စပ်ပုံ စံသွေပြီး ဖွဲ့ဆိုထားသည်။ ပုဒ်ဖွဲ့ပုံ စံသွေသော်လည်း ဆိုလိုရင်း အဓိပ္ပာယ် ပေါ်လွင်စေသည်။

ထိုသော် ကာလ၏ ဖြစ်ပျက်ဆိုးရွားနေပုံကို ဖော်ပြသော ကာလဆိုး ကလိယုဂ် ဖွဲ့တွင်

---

[၁] – ယင်း– ၊ ၁၁၂။

> "လေးတရာဆီမှန်လျှင်၊ ရေနံလောက်မကောင်း၊ စိတ်အနေ ရုပ်ပြောင်းလို့၊ ချောင်းကိုပါ မြစ်ထင်၊ တူရိယာ နတ်စောင်း၊ သူဖုန်းတောင်း ချင်းကတဲ့ သွင်၊ ဝါးလုံးခေါင်း လသာချင်တယ်၊ အိမ်ထဲတွင် ကင်းဝပ်လို့"[1]

ဟူ၍ အဓိပ္ပာယ်တူရှိသော သာဓကတို့ကို ဆက်တိုက်သုံး၍ ဖွဲ့ဆိုထားသည်။ အကြောင်းအရာ တစ်ခုချင်းကြည့်လျှင် အဓိပ္ပာယ်မဆက်စပ်ဟု ထင်ရသော်လည်း လိမ်ညာပြောနေကြသော၊ ကိုယ့်ကို ကိုယ် အထင်ကြီးနေကြသောခေတ် ဖြစ်ကြောင်းကို ထိုအဖွဲ့တို့၏ နောက်တွင်ရှိသော ဂယက်အနက်က မီးမောင်းထိုးပြနေသကဲ့သို့ ရှိပေသည်။ ထိုအသုံးတို့ကြောင့် ခေတ်ဆိုးအခြေအနေ ပေါ်လွင်လာပေသည်။ ထိုမျှမက ထိုခေတ်တွင် အသုံးပြုကြသော 'လေးတရာ့ဆီ' ကိုထည့်သွင်း ရေးဖွဲ့ထား၍ ခေတ်သုံး ပစ္စည်းကိုပါ သိရှိရသည်။

ထိုခေတ်ကာလ၏ နန်းတွင်းရေးရှုပ်ထွေးပုံကို ထင်ဟပ်စေသော နိပါတ်ရှုပ် တေးထပ်တွင်

> 'လင်းကြက်ဖြင့် အတန်ဆော်ပေ၊ ဘယ်ဇာတ်တော်လေမှန်း မသိ၊ အခန်းခန်း အထွေအထွေများမှုနိုင်ပေ၊ နိပါတ်နှယ်ရှုပ်လေသည် အရှုပ်တွေ ပြည့်ဖုံးနှင့်လေး'[2]

ဟု ဖော်ပြထား သည်။ ထိုအဖွဲ့တွင် 'လင်းကြက်ဆော်' ဟူသော အသုံးကြားတွင် 'ဖြင့်၊ အတန်၊' 'ဘယ်ဇာတ်တော်' 'မှန်းမသိ' ဟူသောအသုံးကြားတွင် 'လေ' ဟူသော ပုဒ်ဖြည့် အသုံးတို့ကြောင့် အသံ ချိုသာ၍ အဓိပ္ပာယ်ပြည့်စုံမှု ရှိနေပေသည်။ ဇာတ်နိပါတ် အမျိုးမျိုး ရှုပ်နေပုံကို "နိပါတ်နှယ်ရှုပ်"၊ ခေတ်ကာလအခြေအနေ ရှုပ်နေပုံကို "အရှုပ် တွေပြည့်ဖုံး" ဟူ၍ အခြေအနေတစ်ခုစီကို "ရှုပ်" အသုံးဖြင့် ဆက်စပ်ပြထားသည်။ ထိုခေတ်ကာလ၏ နောက်ခံကို လေ့လာကြည့်မည် ဆိုလျှင် သာယာဝတီမင်း လက်ထက် အခြေအနေနှင့် ထင်ဟပ်နေသည်။ သာယာဝတီမင်း လက်ထက်တွင် မင်းကြီးက သားတော်ကြီး ပြည်မင်းသားနှင့် ပုခန်းမင်းသားကို အားကိုးသည်။ ပြည်မင်းသားအား အိမ်ရှေ့အရာ အပ်ခါနီးတွင် မိဖုရား ခေါင်၏ ကုန်းချောမှုကြောင့် မရရှိခဲ့ပေ။ ထိုသို့အရေးကြီးချိန် တွင် ပုခန်းမင်းသားကလည်း သေဆုံးပြန်သည်။ သာယာဝတီမင်း စိတ်နောက်သွားချိန်တွင် မိဖုရားခေါင်က

[1] ပုည၊ ဦး၊ ၁၉၆၂၊ ၆၁။
[2] – ယင်း– ၊ ၁၀၀။

သူ့သားထီးနန်းရရေး ကြိုးပမ်းပြန်သည်။[၁] ထိုအခြေ အနေကို လေ့လာကြည့် လျှင် သာယာဝတီမင်း နန်းတက်ပြီးချိန်တွင် နန်းတွင်းရေး မည်သို့ ဖြစ်မည် မှန်းမသိ ရှုပ်ထွေးပုံကို 'အခန်းခန်းအထွေထွေများနိုင်မှုပေ' ဝိစ္ဆာအသုံးတို့ဖြင့် ထင်ဟပ်ပြထား၍ ထိုခေတ်နိုင်ငံရေး၊ ထီးနန်းရေး အခြေအနေတို့ပေါ်လွင်လာရပေသည်။

ခေတ်ဆိုးအခြေအနေကို ထင်ဟပ်ပြရန် သိကြားမင်းကို သင်္ကေတပြု၍ ဖွဲ့ဆို ထားပါသည်။ ကျမ်းဂန်အလိုအရ ဘုရားသာသနာပြီးလျှင် သိကြားသာသနာ ဆက် မည်ဖြစ်သည်။ ဘုရားရှင်ကလည်း သိကြားမင်းအား လူ့ပြည်ကိုစောင့်ရှောက်ရန် မှာကြားခဲ့ကြောင်း ကျမ်းဂန်များတွင် ပါရှိခဲ့သည်။ ထို့ကြောင့် "သိကြားမင်း" ဟူသော သင်္ကေတနောက်ကွယ်တွင် ကာလဆိုးအခြေအနေမှ လူကောင်းကိုကယ်ရန် ဟူသော ဂယက်အနက် ထင်ဟပ်နေသည်။ သိကြားမင်း လူ့ပြည်ကို ဂရုမစိုက်ဟန်ကို "ယစ်မူး" "မဖြစ်ဖူး" "အလိမ္မာလွန်" "အပျော်လေကျူးခိုက်" "လမ်းဖြတ်" "ကမ်းသတ်လို့နှိမ်" "ခုအခါလစ်" "ညစ်တဲ့မာယိန်" ဟူသော သရော်ဟန် အသုံးများဖြင့် ဖွဲ့ဆိုထားသည်။ သိကြားမင်း မျက်စိအားမကောင်း၍ မကြည့်ရှုလျှင်" ထောင်မျက်စိ မှိန်ပြန်လျှင် စိန်မျက်မှန် ဆက်မယ်ပလေး"[၂] ဟူ၍ လည်းကောင်း၊ ကောင်းသောသူတို့ကို အပြစ် မပေးဘဲ ပစ်ထားပုံကို "ပစ်ရှာမယ့် ဝရဇိန်ငယ်၊ ပန်ထိမ်မှာ ပြင်တုန်းထင့်လေး"[၃] ဟူ၍ လည်းကောင်း ထေ့လုံး လှောင်လုံးများဖြင့် သရော်ချက်ပိုင်ပိုင်ဖြင့် ဖွဲ့ဆိုထား သည်။ ထိုအဖွဲ့တို့သည်လည်း ခေတ်အခြေ အနေကို မီးမောင်းထိုးပြထားမှု ပင်ဖြစ်သည်။

စာဆို၏ ဖွဲ့ဆိုထားသော စကားလုံးတို့၏ နောက်တွင် ဂယက်အနက် ပါရှိတတ်သည်။ ထိုသို့ဖွဲ့ဆိုထားပုံကို ငွေစကားနှင့်မြူသူတေးထပ်တွင်

> "ကြောင်းမတန် ဒေါင်းသုံရိပ်လေတော့၊ ပေါင်းရန်စိတ်ပျက်တယ်၊
> ဆင်ကုံးမဲ့ ခင်ဘုန်း ကြွယ်မှာ၊ မြင်တုန်းဝယ်မကောင်း၊ ဖူးစာသ
> နတ်သားရှင်ငယ်၊ ကျပ်ပြားတွင် ရေးတဲ့ အကြောင်း"[၄]

ဟူ၍ တွေ့နိုင်သည်။ ငွေစကားပြောသူကို ဒေါင်းသံရိပ်၊ ငွေကြေးမက်မောသူ မိန်းကလေးနှင့်ဆုံတွေ့ ပုံကို "ဖူးစာသ နတ်သားရှင်ငယ်၊ ကျပ်ပြားတွင် ရေးတဲ့အကြောင်း" ဟူ၍ ထေ့လုံးလှောင်လုံးဖြင့် ဖွဲ့စပ် ထားသည်ကို တွေ့နိုင်သည်။

---

[၁] ညိုမြ၊ ၊၂၀၀၃၊ ၃၆။
[၂] ပုည၊ ဦး၊ ၁၉၉၂၊ ၉၇။
[၃] – ယင်း– ၊ ၉၉။
[၄] ပုည၊ ဦး၊ ၁၉၉၂၊ ၁၀၉။

စာဆိုသည်သူ၏ကဗျာတွင် သင်္ကေတနိမိတ်ပုံများဖြင့် ရေးဖွဲ့ဟန်ကို အများအပြား သုံးတတ်ကြောင်း တွေ့ရသည်။ စာဆိုတို့ခေတ်မှ အဝတ်အစားဆင်းရဲကြပုံကို "ဖွတ်" "မွဲ" ဟူသော အသုံးဖြင့် တင်စားရေးဖွဲ့ဟန် မကြာခဏတွေ့ရှိရတတ်သည်။ လှေခအလှူခံမေတ္တာစာတွင် "ဖွတ်ကျောပြာစု"[၁] ရေးသည်ပြဇာတ်တွင် "မွဲတကာ့ထွတ်ခေါင် ဖွတ်မင်းနောင်"[၂] မဆင်လိုပြီ တေးထပ်တွင် "ဖွတ်မွဲကာပြာခြုံ"[၃] ဟူ၍ ဖွတ်တိရိစ္ဆာန်မွဲပုံနှင့် တင်စားရေးဖွဲ့ထားရာ ထိုခေတ်အနေအစား ဆင်းရဲသား တို့၏ ဘဝပေါ်လွင်လာစေပါသည်။

## ၄၊ ၃။ အလင်္ကာဖွဲ့စပ်ဟန်

စာဆို၏ တေးထပ်ဖွဲ့စပ်ဟန်တွင် အလင်္ကာတို့ဖြင့် တန်ဆာဆင်ရေးဖွဲ့ဟန်ကို တွေ့ရပါသည်။ ထိုခေတ်က နယုန်လတွင် ရဟန်းတော်စာပြန်ပွဲ ကျင်းပပုံကို "ပိဋကတ် မြတ်ဓမ္မာကို ပြဿနာပြုတုန်း"[၄]၊ မယ်လေး၏မိခင် ဂုဏ်မက်ကြီးကျယ်ပုံကို "အဆာကျယ်"[၅]၊ မိသားစုအတွင်းသို့ အခြေအနေ မပေးသောကြောင့် ဝင်ရောက်၍ မရနိုင်ပုံကို "ဝင်ပေါက်ကရား"[၆]၊ လူဆိုး လူမိုက်များ ကြီးစိုးနေသည့် ခေတ်အခြေအနေကို "လူဗာလ ထင်ပေါ်"[၇]စသည်ဖြင့် တိုက်ရိုက်မပြော သွယ်ဝိုက်ပြောသည့် သွယ်ဝိုက်ပြောသည့် ဝင်္ကဝုတ္တိ အလင်္ကာ တို့ဖြင့် ရေးဖွဲ့ထားသည်။ အဝတ်အစားဆင်းရဲ၍ လဲစရာမရှိပုံကို "ချစ်လွန်းလို့၊ သိမ်း ကာခြုံတယ်၊ အိမ်ထောင်စုသန်းတွေကခဲ"[၈] ဝမ်းရေးအတွက် ခက်ခဲပုံကို "ဆန်ရေးကြောင့် စံဝေးကွာတယ်"[၉] ဟူ၍ ခွဲထားသတ်ပုံလည်းဖြစ် ဝင်္ကဝုတ္တိအလင်္ကာလည်းမြောက် အဖွဲ့အဖွဲ့ များဖြင့်လည်း ဖွဲ့ဆိုထားသည်။

ထိုခေတ်ကာလသည် အခြေအနေမကောင်းသည်မှာ ကံကြောင့်သာဟု ဖွဲ့ဆိုမှုပြုရင်း မမြင်ရသောကံတရားကို "ကံမှေး" "ကံဈေးကျ"[၁၀] "ခြေထောက်လို့

---

[၁] – ယင်း– ၊ ၈။
[၂] – ယင်း– ၊ ၁၁၂။
[၃] – ယင်း– ၊ ၉၄။
[၄] – ယင်း– ၊ ၁၁၂။
[၅] – ယင်း– ၊ ၁၀၉။
[၆] – ယင်း– – ။
[၇] – ယင်း– – ။
[၈] – ယင်း– ၊ ၉၄။
[၉] – ယင်း– ၊ ။
[၁၀] – ယင်း– ၊ ၉၁။

ရိုင်းတဲ့ကံ” [၁] ဟူ၍ မြင်သာအောင် ဒြပ်မဲ့ကိုဒြပ်ရှိမှာ တင်စားရေးဖွဲ့ထား ၍ သမာဓိဂုဏ်မြောက်နေပေ သည်။

ထိုခေတ်တစ်ခါ စာပြန်ပွဲကျင်းပုံနှင့် နတ်ပြည်ပွဲပုံသဏ္ဍာန်နှိုင်းကား “သုဓမ္မာပွဲ ပလို့နှုန်း၊” [၂] ကြွားဝါပြီး သူတစ်ပါးထံမှ ငွေညစ်မယူလိုပုံကို “ကိုကျောက်လုံးအနှိပ် သယ်လို”[၃]၊ အစားဆင်းရဲရုံမက အဝတ်ပါဆင်းရဲနေကြပုံကို “ဘူးပေါ်ဆင့် ရွှေဖရုံလို”[၄] ရွှေဖရုံလို” [၄] စသည် ဖြင့် ဥပမာအလင်္ကာအသုံးတို့ဖြင့်လည်း တန်ဆာဆင် ရေးဖွဲ့ထားပါသည်။

စာဆို၏ တေးထပ်ဖွဲ့စပ်ဟန်တွင် အလင်္ကာတို့ဖြင့် တန်ဆာဆင်ရေးဖွဲ့ထား သည့်အတွက် ခေတ်အခြေအနေ ပိုထင်ရှားလာစေပါသည်။

## ၄၊ ၄။ ဝါကျဖွဲ့ဟန်

စာဆို၏ တေးထပ်ဖွဲ့စပ်ဟန်တွင် အချို့တေးထပ်တို့ကို တစ်ပုဒ်လုံးတွင်မှ ဝါကျ တစ်ကြောင်းတည်းဖြင့် ရေးဖွဲ့ထားသည်။ နိပါတ်ရုပ်၊ ကာလဆိုး၊ သုဓမ္မာပွဲ တေးထပ် တို့တွင် ဝါကျ တစ်ကြောင်းတည်းဖြင့် ရေးဖွဲ့ထားသည်။ အချို့သော တေးထပ်တို့တွင် အမေးဝါကျများ ထည့်သွင်း ရေးဖွဲ့ထားသည်။ “ဘုရားကိုဝါသူ” တေးထပ်တွင် “အပျော်လေ့ကျူးခိုက်မို့လား”၊ “ဘုရားကိုနှစ်ရစ်လိမ်” တေးထပ်တွင် “ခုအခါလစ်ကြသလား ဟူ၍ မေးဟန်တို့ထည့်သွင်း ဖွဲ့ဆိုထားသည်။ မေးဟန်တို့ ကြောင့် သိကြားမင်းက လူ့ပြည်ကို မကြည့်ရှုဘဲ ပစ်ထားပုံမှာ ပေါ်လွင်လာရပေသည်။

ဖွဲ့ဆိုထားသောဝါကျဟန်မှာ ကဗျာဖြစ်နေ၍ သဒ္ဒါစံသွေမှုရှိနေသည်ကို တွေ့ရသည်။ နိပါတ်ရုပ်တေးထပ်တွင် “ဖေဇော်ဂီ တပသီ ဝိဇ်ကယ်တို့၊ တညီစိတ် မြန်းကြ ဟောမော်” ဟူ၍ ဖွဲ့ဆိုထားရာ ကတ္တားနောက်တွင် ကြိယာဝိသေသန ကြိယာ တို့ကို ကပ်ရေးထားပြီး ဆိုက်ရောက်ရာ ပြပုဒကို နောက်ဆုံး၌ထား၍ ဝါကျစံသွေ၍ “တညီစိတ်” အသုံးကြောင့် ပုဒ်ဖွဲ့ပုံမှာလည်း စံသွေနေပေသည်။ ကဗျာကိုဖွဲ့ရာတွင် ကာရန်ကိုင်၍ ရေးဖွဲ့ထားသော စကားသုံးဝါကျဖွဲ့ဟန်တို့သည် စံသွေမှု ရှိနေမည်ပင် ဖြစ်သည်။

---

[၁] – ယင်း– ၊ ၁၀၉။

[၂] – ယင်း– ၊ ၁၁၂။

[၃] – ယင်း– ၊ ၉၃။

[၄] ပုည၊ ဦး၊ ၁၉၉၂၊ ၉၄။

## ၄၊ ၅။ အဆက်အစပ်ဟန်

စာဆို၏ တေးထပ်တို့၌ တင်ပြပုံ လေ့လာလျှင် အကြောင်းအရာတစ်ခုနှင့် တစ်ခု ဆက်တိုက် ဆက်စပ်ရေးဖွဲ့ထားသလို "ဦးဆောင်ဝါကျကို ဖော်ပြမှုနောက်တွင် အကြောင်း ဆက်စပ် တစ်ချက်ချင်း တင်ပြရေးဖွဲ့ထားခြင်းလည်း ရှိပေသည်။" သုခမ္မာ ပွဲ တေးထပ် တွင်–

> 'သည်မေထုန် နယုန်ရက်မှာ၊ ကုန်ခက်ရသာကီ၊ ဘုံကနက်
> ဌာနီမှာ၊ ခါအရှည်စံတုန်း[၁]

ဟူသော ပထမဝါကျ၌ နယုန်လအချိန်တွင် မင်းတုန်းမင်း သည် နန်းတော်၌ စံမြန်နေချိန်ဖြစ်သည် ဟု ဖော်ပြထားခြင်းဖြစ်၍

> သလာယ နုမဟာမှာ၊ သုခမ္မာပွဲပလိုန္နန်း၊ ပိဋကတ်မြတ်ဓမ္မာကို
> ပြဿနာ ပြုတုန်း[၂]

ဟူ၍ ဒုတိယဝါကျတွင် စာပြန်ပွဲ ကျင်းပနေသည်ကို ဖော်ပြထားခြင်းဖြစ်သည်။ ထိုတေးထပ်တွင် အလှူရှင်၊ အလှူပြုသည့်အချိန်၊ စာပြန်ပွဲကျင်းပပုံ၊ ပြည်သူတို့ လှူဒါန်းကြပုံ၊ နိဗ္ဗာန်ရည်စူး၍ အလှူပြုကြပုံ စသည်ဖြင့် အဆက်အစပ်ရှိရှိ တင်ပြထားသည်။ ထိုသို့ တင်ပြထား၍ စာပြန်ပွဲ၏ ကြည်ညိုဖွယ်ကောင်းပုံမှာ ပေါ်လွင်လာရပေသည်။

ကာလဆိုးတေးထပ်တွင်

> ကာလနှယ်ဆိုးပါဘိ၊ သူခိုးကလူလူ၊ တောလေ့ပေါက်နန်းမူ၊
> အိမ်သူကို ဧည့်စောင်း၊ သူကောင်းကို အပြစ်တင်၊ တောင်ယာရှင်
> က မျောက်လိုက်လို့မောင်း'[၃]

ဟူ၍ ရေးဖွဲ့ထားပုံကိုကြည့်လျှင် ပထမဦးစွာ ခေတ်ကာလဆိုးဟူသော အကျိုးကို ဖော်ပြပြီးနောက် ကာလဆိုးရခြင်းကို တစ်ချက်ချင်း ဖော်ပြရေးဖွဲ့ထားသည် ဦးဆောင်ဝါကျ၌ အကျိုးကိုဖော်ပြ၍ အကြောင်းတရားများကို တစ်ချက်ချင်း ဖော်ပြထားသည်။

---

[၁] – ယင်း– ၊ ၁၁၂။
[၂] – ယင်း– ၊ ၁၁၂။
[၃] – ယင်း– ၊ ၉၁။

နောက်ဆုံး၌ "ခုများဖြင့် မုသားညီတယ် အပလီဗိုမင်းပလေး"[၁] ဟူ၍ ပထမဝါကျ အဖွင့်အတိုင်း ထိုခေတ် အကျင့်ပျက်ပုံကိုသာ အဆုံးသတ် ရေးဖွဲ့ထားသည်။ အဖွင့် အပိတ် ညီညွတ်မှုရှိ၍ ခေတ်ကာလဆိုး အခြေအနေလည်း ပေါ်လွင်လာရပေသည်။

နိပါတ်ရှုပ်တေးထပ်တွင် ဦးစွာအကြောင်းတရားကို တစ်ချက်ချင်းဖော် အကျိုး ကို နောက်ဆုံး၌ ဖော်ပြရင်း ဆက်စပ် တင်ပြထားသည်။

နှစ်ပြည်ထောင်တယ်ကြ၊ အလယ်ကကျောင်းဆောင်၊[၂] ဟု အစချီကာ ဇာတ်အိမ်မျိုးစုံ တည်လာပုံကို တစ်ချက်ချင်းဖော်ပြထားပြီးနောက် အဆုံးပိုင်းတွင်

> ဘယ်ဇာတ်တော်လေမှန်းမသိ၊ အခန်းခန်းအထွေထွေ၊ များနိုင်မျှ
> ပေ နိပါတ်နှယ်ရှုပ်လေသည် အရှုပ်တွေ ပြည်ဖုံးနှင့်လေး[၃]

ဟူ၍ တစ်ဇာတ်နှင့်တစ်ဇာတ် အဆက်အစပ်မရှိ ဇာတ်အိမ်အမျိုးမျိုး ရှုပ်ယှက်ခတ် နေပုံကို ရေးဖွဲ့ရင်း နိပါတ်ရှုပ်ဟူ၍ အဖြေဆက်စပ်ဖော်ပြကာ အဆုံးသတ် ရေးဖွဲ့ထား သည်။ ထို့ကြောင့် ထိုခေတ် နန်းတွင်းရေး အရှုပ်တော်ပုံကို သိသာထင်မြင်လာ စေပါသည်။

စာဆိုဦးပုညသည် တေးထပ်တို့တွင် အကြောင်းအရာ ဆက်စပ်တင်ပြပုံမှု ကွာခြားပုံကို တွေ့ရှိနိုင်သည်။ ယေဘုယျသဘောအားဖြင့် သုံးသပ်ကြည့်မည်ဆိုလျှင် တစ်ချက်ချင်း ဆက်စပ် တင်ပြခြင်း၊ ဦးစွာဖော်ပြထားသော အကျိုးနောက် အကြောင်း တရား တစ်ချက်ချင်း ဖော်ပြခြင်း၊ အကြောင်းတရားတစ်ချက်ချင်း ဖော်ပြပြီးနောက် အဆုံး၌ အကျိုးတရားနှင့် ဆက်စပ်တင်ပြခြင်း ဟူ၍ အချက် ၃ချက်ဖြင့် တင်ပြထား ပုံကို တွေ့ရှိနိုင်သည်။ မည်သို့ပင်ဆိုစေ စာဆို၏တင်ပြပုံသည် ခေတ်အခြေအနေကို မီးမောင်း ထိုးပြထားသကဲ့သို့ပင်ဖြစ်သည်။

## ခြုံငုံသုံးသပ်ချက်

ဤစာတမ်းတွင် ခေတ်ပုံရိပ်နှင့် ဦးပုညတေးထပ်ဟန်ကို လေ့လာထားသော စာတမ်းဖြစ်သည်နှင့်အညီ ဦးပုညရေးဖွဲ့ခဲ့သော မန္တလေးခေတ်ကာလ အခြေအနေကို ရှုမြင်ခဲ့ရသကဲ့သို့ စာဆိုဦးပုည၏ ရေးဖွဲ့ဟန်ကိုလည်း တွေ့ရှိခဲ့ရပေသည်။

---

[၁] ပုည၊ ဦး၊ ၁၉၉၂၊ ၉၁။
[၂] – ယင်း–  ၊  ၁၀၀။
[၃] – ယင်း–  ၊  ။

စာဆိုကျင်လည်ခဲ့သော မင်း ၃ဆက် လက်ထက် နန်းတွင်းရေးနှင့် ခေတ်အခြေအနေသည် ရှုပ်ထွေးနေသည်။ နိုင်ငံ၏ခေါင်းဆောင်ပိုင်း အခြေအနေရှုပ်ထွေးနေသလို စီးပွားရေးအခြေအနေ ကလည်း ကောင်းမွန်မှု ရှိသည်က နည်းပါးသည်။ စီးပွားရေးမကောင်း၍ ထိုခေတ်မင်းမှုထမ်း အချို့နှင့် ပြည်သူအချို့တို့၏ အကျင့်စရိုက်ကလည်း ဖောက်ပြန်နေကြသည်။ ဘာသာရေးကို သက်ဝင်ယုံကြည်မှုလည်း အားနည်းသည်။ သို့သော် အုပ်ချုပ်သော မင်းတို့သည် ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားရေးအတွက် အခါရာသီအလိုက် ဘာသာရေးပွဲများကို ကျင်းပပေးကြသည်။ ထိုကဲ့သို့ ခေတ်ကာလ အဖြစ်အပျက် အခြေအနေ အဆိုးအကောင်းကို စာဆိုဦးပုညက တေးထပ်ကဗျာတို့ဖြင့် ထင်ဟပ်ပြထားသည်။

တေးထပ်ကဗျာသည် ကဗျာတို အမျိုးအစားဖြစ်၍ တေးထပ်အဖွဲ့ပုံစံတွင် ၄လုံးတစ်ပဒဖြင့် ဖွဲ့ခြင်းမျိုးမဟုတ် ၆လုံးတစ်ပဒ၊ ၇လုံး တစ်ပဒတို့ဖြင့် ဖွဲ့ဆိုထားပြီး ထိုပဒအတွင်း ကာရန်ချိတ် ယူကာဖြင့် ဖွဲ့ဆိုထားသည်။ စာဆိုဦးပုည၏ တေးထပ်မှ စကားသံဖွဲ့ဟန်မှာ သရတူဗျည်းသံကွဲ နဘေထပ်ကာရန်များဖြင့် အများဆုံး ရေးဖွဲ့ထားသည်။ နဘေထပ် ကာရန်တို့ကြောင့် ရွတ်ဆိုရ သာယာပြေပြစ်ပြီး အဓိပ္ပာယ်လည်း လေးနက်လာစေသည်။

စာဆို၏စကားသံဖွဲ့စပ်ဟန်မှာ အကြောင်းအရာပေါ် မူတည်၍ အသံကာရန်ပြောင်းရေးဖွဲ့ တတ်သည်ကို တွေ့နိုင်သည်။ လေးနက်အောင် ပြောလိုသည့်အခါ ကတ္တားကို သံပြေ (တိုင်သံ)နှင့် ဖွဲ့စပ်ပြီး ကြိယာကို သံလေး၊ သက်သံ တို့ဖြင့် အဆုံးသတ်ထားတတ်သည်။

စကားသုံးစပ်ဟန်ကို လေ့လာကြည့်လျှင် ဘာသာရေးပွဲကျင်းပပုံကိုဖွဲ့လျှင် အတည်အခန့် စကားလုံးသုံး၍ ခေတ်ဆိုအခြေအနေ အကျင့်အပျက်သူတို့ အခြေအနေကိုဖွဲ့လျှင် ထေ့လုံးလှောင်လုံးများဖြင့် သရော်၍ ရေးဖွဲ့ထားလေ့ရှိသည်။ ကဗျာအဖွဲ့တွင် ကာရန်မိအောင် ရေးဖွဲ့ရသည့်အတွက် စကားလုံး၊ ပုဒ်၊ ဝါကျဖွဲ့တို့တွင် စံသွေမှု ရှိသည်ကိုတွေ့ရသည်။ စံသွေမှုရှိသော်လည်း အဓိပ္ပာယ် ပျောက်ပျက်မှုမရှိ ဆိုလိုရင်းမှာ ပေါ်လွင်ထင်ရှားသည်မှာ စာဆို၏အရေးအဖွဲ့ ပြောင်မြောက်မှု ပင်ဖြစ်သည်။

စာဆို၏ အရေးအဖွဲ့တွင် သင်္ကေတ နိမိတ်ပုံများ၊ တင်စားမှု ဥပစာအသုံးများ၊ သမာဓိဂုဏ် မြောက် အသုံးများတို့ဖြင့် ရေးဖွဲ့ထားသကဲ့သို့ အလင်္ကာများဖြင့်လည်း တန်ဆာဆင် ရေးဖွဲ့ထား ပေသည်။

တေးထပ်မှ ဝါကျဟန်မှာ ကဗျာဝါကျဖြစ်၍ ကာရန်မိအောင် ဖွဲ့စပ်ရသည့် အတွက် စံသွေသော ဝါကျဟန်ကို အများဆုံးတွေ့ရပါသည်။

တေးထပ်တို့၏ ဆက်စပ်တင်ပြပုံမှာ အကြောင်းအရာတစ်ခုချင်း စီကာစဉ်ကာ ဆက်စပ် တင်ပြထားခြင်း၊ ဦးဆောင်အကျိုးတရား နောက်တွင် အဓိပ္ပာယ်တူအချက် များကို တစ်ချက်ခြင်း ဖော်ပြခြင်း၊ အကြောင်းအရာ တစ်ချက်ခြင်း ဖော်ပြပြီးမှ နောက်ဆုံး၌ တင်ပြလိုသော ဆိုလိုချက်ဖြင့် အဆုံးသတ်ဖော်ပြခြင်းဟူသော ဆက်စပ် တင်ပြပုံတို့ကို တွေ့ရှိနိုင်သည်။ မည်သို့ပင်ဆိုစေ စာဆို၏ အရေးအဖွဲ့ကြောင့် တင်ပြပုံမှာ ဆက်စပ်မှု လည်းကောင်း ပေါ်လွင်ထင်ရှားမှုလည်း ရှိပေသည်။

မည်သို့ပင်ဆိုစေ စာဆို၏ တေးထပ်ရေးဟန် အဖွဲ့အနွဲ့ ပြောင်မြောက်မှု ကြောင့် ထိုခေတ်ကာလ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့ကို အစိတ်အပိုင်း သိမြင်ခွင့် ရရှိပေသည်။ ထိုသို့ သိမြင်ခွင့်ရအောင် တင်ပြရေးဖွဲ့စာဆိုကို ပြည်သူ စာဆိုဟု မှတ်တမ်းတင်ထိုက်သကဲ့သို့ စာဆို၏ ရေးဖွဲ့ဟန်သည်လည်း စာပေ လိုက်စားသူ ကဗျာလိုက်စားသူတို့ နည်းယူထိုက်သော စာပေများပင် ဖြစ်သည်။

**နိဂုံး**

ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့သော စာပေများက ထိုခေတ်၏အခြေအနေ တို့ကို ပုံရိပ်သဖွယ် ထင်ဟပ် ပြကြမြဲဖြစ်ပေသည်။ ထိုအခြေအနေတို့ သိသာ ထင်ရှားလာသည်မှာ ထိုခေတ်တွင် ပေါ်ထွက်ခဲ့သော စာရေးသူတို့၏ စာပေလက်ရာ ဟန်များကြောင့်သာဖြစ်ပါသည်။ ဦးပုညသည် ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် ထင် ရှားသော စာဆိုတစ်ဦးဖြစ်ပြီး သူ၏ စာပေလက်ရာဟန်များကလည်း ပြောင်မြောက် ထင်ရှား၍ သီးခြားဟန်လည်း ရှိပေသည်။ ဤစာတမ်းတွင် ခေတ်ပုံရိပ်နှင့် ဦးပုည တေးထပ်ဟန်ကို တေးထပ် ၁၀ပုဒ်ဖြင့် လေ့လာထားပါသည်။ သီးခြားဟန်ရှိသော ဦးပုည၏ စာပေ လက်ရာဟန်များကို ဆက်လက်လေ့လာ ဖော်ထုတ်ရန် စာပေမျိုးစုံ ကျန်ရှိ နေပါသေးသည်။ ရှိတ်စပီးယားနှင့် အနှိုင်းခံရသောဦးပုည၏ စာပေလက်ရာ ဟန်များကို ဆက်လက် လေ့လာ ဖော်ထုတ်သင့်ကြောင်း ထင်မြင် ယူဆမိပါသည်။

## ကျမ်းကိုးစာရင်း

ခင်မင်၊ မောင်၊ ဓနုဖြူ၊ ၂၀၁၁။ *ရေးဟန်ပညာနိဒါန်း*။ ရန်ကုန်၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်။

ညိုမြ ၊၂၀၀၃၊ *ကုန်းဘောင်ရှာပုံတော်*၊ ရန်ကုန်၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်။

တင်၊ ဦး၊ K S M, A T M? ၁၉၆၉။ *ကဗျာဗန္ဓသာရကျမ်း*၊ ရန်ကုန်၊ လယ်တီမဏ္ဍိုင် ပုံနှိပ်တိုက်။

ဒဂုန်တာရာ၊ ၂၀၀၄၊ *အလှဗေဒ(၂)*၊ ရန်ကုန်၊ ဆုစာအုပ်တိုက်။

ဒဂုန်နတ်သျှင်။ ၁၉၇၆၊ *စာပေဝတ်ဆံ*၊ ရန်ကုန်၊

ပုည၊ ဦး၊ ၁၉၉၂။ *ဦးပုညစာပန်းကုံးများ(ဒုတိယတွဲ)*၊ ပြန်ကြားရေးဝန်ကြီးဌာန။

မောင်မောင်တင်၊ ဦး။ ၂၀၀၄။ *ကုန်းဘောင်ဆက်ရာဇဝင်တော်ကြီး(တတိယတွဲ)*၊ ရန်ကုန်၊

မြသန်းတင့်၊ ၂၀၀၁၊ *စာရေးခြင်းအတတ်ပညာ*၊ ရန်ကုန်၊ စစ်သည်တော်စာပေ။

မှိုင်း၊ ကိုယ်တော်၊ သခင်၊ ၊ *ကဗျာသာရတ္ထသင်္ဂြိုလ်*၊ ရန်ကုန်၊ ကျော်လင်း စာ –နယ် –ဇင်း။ ဖြန့်ချီရေးဌာန။

## နောက်ဆက်တွဲ

### ကာလဆိုး

ကာလနှယ်ဆိုးပါဘိ၊ သူခိုးကလူလူ၊ တောလေ့လာပေါက်နန်းမူ၊ အိမ်သူကို ဧည့်စောင်း၊ သူကောင်းကို အပြစ်တင်၊ တောင်ယာရှင် မျောက်လိုက်လို့မောင်း၊ လေးတရာ့ ဆီမှန်လျှင်၊ ရေနံလောက် မကောင်း။ စိတ်အနေ ရုပ်ပြောင်းလို့၊ ချောင်းကို ပါ မြစ်ထင်။ တူရိယာနတ်စည်စောင်း။ သူဖုန်းတောင်း ချင်းကတဲ့သွင်။ ဝါးလုံးခေါင်း လသာချင်တယ်၊ အိမ်ထဲတွင် ကင်းဝပ်လို့။ မုန်းဇာတ် ကြံကြံပြီ၊ ဘုန်းရှိ့ဝသီ။ ခုများဖြင့် မုသားညီတယ်၊ အပလီဗိုလ်မင်းပလေး။ (ကလိယုဂ်ဖွဲ့)

### ငွေစကားနှင့်မြူသူ

ကြောင်းမတန် ဒေါင်းသံရိပ်လေတော့၊ ပေါင်းရန်စိတ်ပျက်တယ်၊ ဆင်ကုံးမဲ့ ခင်ဘုန်းကြွယ်မှာ၊ မြင်တုန်းဝယ်မကောင်း၊ ဖူးစာသ နတ်သားရှင်ငယ်၊ ကျပ်ပြားတွင် ရေးတဲ့အကြောင်း၊ အရပ်က နှစ်ထပ်မြင်အောင်၊ မကပ်ချင်စတောင်း၊ မျက်နှာထွက်ကာ ရောင်းသော်လည်း၊ ရက်ကြာညောင်းနေ့ကြွယ်၊ ချစ်လေဟန် မြိုက်ဥာဏ်သစ်လို့၊ ပိုက်ဆံညှစ် စောပါလှတယ်၊ ကိုကျောက်လုံး အနိုပ်သယ်လို၊ စိတ်ကြွယ်အောင် ဒိုင်မပြနိုင်ဘူး၊ နိုင်ရခ ယူတော်မူ၊ မွဲနိုင်မှုလူ၊ ငွေစကားနှင့် မေထားမြူရှင်၊ ရွှေနား ပူ(တယ်) လာဖူးမှတ်လေး။ (သစ္စာပျက်ဖွဲ့)

## မဆင်လိုပြီ

ခဝါငိုဝတ်လဲနှင့်၊ ဖွတ်မွဲကာပြာခြုံ၊ ဘူးပေါ်ဆင့်ရွှေဖရုံလို၊ မသေရုံကြံဆဲ၊ ချစ်လွန်းလို့ သိမ်းကာ ခြုံတယ်၊ အိမ်ထောင်စုံသန်းတွေကခဲ၊ ဆန်ရေးကြောင့် စံဝေးကွာတယ်၊ ကံပေးတာ တည့်လွဲ။ ကြံရဟန် ငကဲကြောင့်၊ ငနဲတို့ဖြစ်ပုံ။ မဖြူရင် မမျိုသိပ်နိုင်ဘူး၊ မရွံ့စိတ် ရေးကထက်ကုန်။ ပန်ချင်လျက် ပန်းတင်ကို၊ စိတ်အာရုံ ဓာတ်ကူးလို့၊ ကပ်ဦးသူ့ စန်းငွေရည်၊ မှန်းရတော့သည်။ ပန်းသက နတ်နှင်းဆီကို၊ မဆင်လိုပြီဘူး ကွဲ့လေး။ (အမူဖွဲ့)

## ဘုရားကိုဝါသူ

စည်းစိမ်တော်ယစ်မူးလို့၊ မဖြစ်ဖူးဣန္ဒာ၊ ကသစ်ဦးသိင်္ဂါမှာ။ အလိမ္မာ လွန်အား၊ ရွှေငါးသန်း နှစ်ကုဋေမှာ၊ အပျော်လေ ကျူးခိုက်မို့လား၊ ဘယ်သူ့မှ မမူလာသည်၊ ကရုဏာတရား၊ လူ့ရွာကို ရှုပါငြားမတဲ့၊ ဘုရားကိုသူဝါ၊ အင်ကြင်းမြိုင်ကု သိန်နန်း၊ ရွှေစာတန်းထိုးလျက်ရှိပါ၊ ကောဝိဠသ မီပါမှာ၊ အိုဣန္ဒာဘုရားငဲ့၊ သိကြားလို့ခိုကိုးရန်၊ ဆင်းခဲ့မြန်မြန်၊ ထောင်စက္ခုမှိုန်ပြန်လျှင်၊ စိန်မျက်မှန်ဆက်မယ်ပ လေး။ (သိကြားဖွဲ့)

## ဘုရားကို နှစ်ရစ်လိမ်

နန်းမေရုပြာသာဒ်၊ လမ်းဖြတ်တဲ့ ဣန္ဒာ၊ ကမ်းသတ်လို့ နိမ်ရှာတယ်၊ အလိမ္မာ လွန်သား၊ ထောက်လှမ်းချက် သုဓမ္မာဝယ်၊ ခုအခါ လစ်ကြသလား၊ ဘုရားက သိကြား ကိုမှာတယ်၊ ဋ္ဌကထာ ရှိသား၊ သာသနား ငါထားငဲ့၊ မမှားအောင် စေ့ဆော်၊ မကောင်းသူ့ ကောင်းသူတို့ကို၊ ကြောင်းယူလို့ ဆန်းစစ်ကာမျှော်၊ ဝိမလနန်းသစ်ပေါ်၊ သန်းရှစ်ဖော် ရွှေများနှင့်၊ ဘုရားကို နှစ်ရစ်လိမ်၊ ညစ်တဲ့မာဃိန်း။ ပစ်ရှာမယ့် ဝရဇိန်ငယ်၊ ပန်းထိမ်မှာပြင်တုန်းထင့်လေး။ (သိကြားလိမ်ဖွဲ့)

## နိပါတ်ရှုပ်

နှစ်ပြည်ထောင် တယ်ကြ၊ အလယ်က ကျောင်းဆောင်၊ အနောက်က ရွှေဂူချောင်၊ ဝေဘူတောင် အရှေ့က၊ မင်းကြီးနှင့်ကိန္နရာ၊ ဣန္ဒာပါထွက်တဲ့ရသေ့၊ သုပဏ္ဏရာဇာ၊ နာဂါကိုအတွေ့၊ ထောင်ကုမ္ဘဏ်ရံကြွေ့လို့၊ စံမွေ့သည့်ကြာပျော်၊ ဇော်ဖေဂီ တပသီဝိဇ္ဇ ကယ်တို့၊ တညီစိတ်မြန်းကြဟေမော်၊ လင်းကြက်ဖြင့် အတန်ဆော်ပြီ၊ ဘယ်ဇာတ်တော် လေမှန်းသိ၊ အခန်းခန်းအထွေထွေ၊ များနိုင်မျှပေ။ နိပါတ်နှယ် ရှုပ်လေသည်၊ အရှုပ် တွေ ပြည့်ဖုံးနှင့်လေး။ (တိုင်းပြည်ရေးဖွဲ့)

**သုခမ္မာဖွဲ့**

သည်မေထုန် နယုန်ရက်မှာ၊ ကုန်ခက်ရ သာကီ၊ ဘုံကနက် ဌာနီမှာ၊ ခါအရှည်စံတုန်း၊ သာလာယ နမဟာမှာ၊ သုခမ္မပွဲပလို့နှုန်း၊ ပိဋကတ်မြတ်ခမ္မာကို၊ ပြဿနာပြုတုန်း၊ နတ်ရွာလို ရှုမဆုံးသာပ၊ ခြိမ့်အုန်း၍ ကြေညာ၊ ပြည်တော်သူ ဘူမြေမန်းတွင်မှ၊ လှူရွှေဆွမ်း သသည့်ခါ၊ အမတ ပြည်ခေမာကို၊ ရည်ဝေကာ ကြည်ဖောနှင့်၊ မြတ် ဘောဇဉ် အတည်တည်၊ သွင်းဆက်ခဲ့သည်၊ တွေးမိတိုင်း ဖိုဟိုက်ကြည်တယ်၊ ငိုလိုက်မည်ကြံဆဲပလေး။ (စာပြန်ပွဲဖွဲ့)

**ဒွေးမှကြွင်မယ်**

လောကခံ ချောက်ချားလို့၊ ကြောက်ပါးလိလူ့ပြေ၊ နောက်ပွားမည့် ဥပဒေ၊ မှုအနေမကျ၊ လူ့ဗာလထင်ပေါ်၊ မြင်မြော်သူနည်းတဲ့ကာလ၊ တက်ကပ်မှာပညာ၊ ဆုတ်ကပ်မှာနေ၊ ခေတ်အလာ ဝိသမ၊ ဗြဟ္မစိုရ်က ပျောက်ကွယ်၊ ပညာရှင်မှန်ကတဲ၊ မွဲရင်ဖြင့် မိုက်ရ တော့မယ်၊ ငွေရှိမှ တင့်တယ်သည်၊ လူမမယ်ဒွိဟိတ်မို့၊ ဒေါင်းနှိပ်မှ ခုခါတွင်၊ ဗလာက မျက်မြင်၊ ဒင်္ဂါးဒွေးမှ ခင်လေးကြွင်မယ်၊ ကချင်–ကရင်အို……. ဖြစ်စေတော့လေး။ (ကလိယုဂ်ဖွဲ့)

**ရသေ့ယောင်ဆောင်မည်**

လုံ့ပြည်မှာခုနေရ၊ မှုပွေလှုပါတယ်၊ သူ့အမေက အဆာကျယ်၊ သူ့မောင်ဝယ်တခြား၊ အစ်မတော် ကြိုးကိုင်သည်၊ မတိုးနိုင် ဝင်ပေါက်ကရှား၊ ဝေပုလ္လတောင်ယံမှာ၊ ရောင်အလျှံ ပတ္တမြား၊ ထောင်ကုမ္ဘဏ်၊ ဟန့်ထားလို့၊ တန့်စားငယ်မထိ၊ ဆယ်လှော်ရွှေ ကေသွယ်ကျော့ကို၊ ဘယ်တော့မှ နီးနိုင်ပါ့မည်၊ မယ်သီတာ ပတ်လည်မှာ၊ မတ် ဇာနည်ကာဆီးလို့၊ တစ်ကြံတည်း ဝင်နိုင်ပေါင်၊ မင်းဒသမောင်၊ ချင်းခဏတွေ့ရ အောင်၊ ရသေ့ယောင်ဆောင် ဦးမှလေး။ (မှာတမ်းဖွဲ့)

*J. Myanmar. Acad. Arts Sci. 2018* **Vol. XVI. No. 6A**

# လေးလုံးစပ်ကဗျာများ၏ သဒ္ဒါဖွဲ့စည်းပုံကို ရေးဟန်ရှုထောင့်မှ လေ့လာဆန်းစစ်ခြင်း

မာလာဦး*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် လေးလုံးစပ်ကဗျာများ၏ သဒ္ဒါဖွဲ့စည်းပုံကို သိရှိစေရန် ရည်ရွယ်၍ လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ ထိုသို့လေ့လာရာတွင် ရေးကဗျာများကို အလေ့လာခံအဖြစ် သတ်မှတ်၍ ရေးဟန်ရှုထောင့်မှ လေ့လာတင်ပြထားပါသည်။ ဤစာတမ်းပါ တင်ပြချက်များသည် ရေးကဗျာကို ရေးဟန်ပညာဖြင့် လေ့လာသူတို့အတွက် အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

**သော့ချက်ဝေါဟာရများ –** လေးလုံးစပ်၊ ကာရန်၊ စကားလုံး၊ ဝါကျ။

## နိဒါန်း

လေးလုံးစပ်ကဗျာကို ရေးဖွဲ့ရာ၌ ကာရန်ကို ငဲ့ရခြင်း၊ စကားလုံးကို ခြံ့ခြင်း၊ ရှေ့နောက် စကားစဉ်ပြောင်းခြင်း၊ စကားလုံးသစ်များ တွဲစပ်ဖန်တီးရခြင်းဖြင့် လေးလုံးတစ်ပဒရေးဖွဲ့သည်။ ဤစာတမ်းတွင် လေးလုံးစပ်ကဗျာများ၏ သဒ္ဒါဖွဲ့စည်းပုံကို သိရှိစေရန် ရည်ရွယ်၍ လေ့လာတင်ပြထားပါသည်။ ထိုသို့လေ့လာရာတွင် လောကသာရပျို့၊ မုဒုလက္ခဏာပျို့၊ မဟာဇနကပျို့၊ ဘူရိဒတ်ဇာတ်ပေါင်းပျို့၊ စတုဓမ္မ သာရပျို့၊ ဥမ္မာဒန္တီပျို့၊ ပြည်စုန်မော်ကွန်း၊ နတ်ရှင်နောင်၏ရတုများနှင့် ရှင်ဥတ္တမကျော် တောလားတို့ကိုသာ အလေ့လာခံအဖြစ်သတ်မှတ် ပါသည်။ ရေးဟန်ရှုထောင့်မှ စကားအသုံးအနှုန်း၊ ဝါကျဖွဲ့ပုံတို့ကို လေ့လာတင်ပြထားပါသည်။

## ၁။ လေးလုံးစပ်ဟူသည်

မြန်မာကဗျာတွင် လေးလုံးစပ်နည်းမှာ အခြေခံနည်းဖြစ်သည်။ ပုဂံခေတ်မှ စတင်ပေါ်ပေါက်ခဲ့ပြီး အသုံးအများဆုံးနှင့် သက်တမ်းအရှည်ဆုံးလည်း ဖြစ်သည်။ လေးလုံးစပ်ဆိုသည်မှာ လေးလုံးလျှင် တစ်ပဒ စပ်ဆိုရသော ကဗျာအဖွဲ့ ဖြစ်သည်။

---

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ မုံရွာစီးပွားရေးတက္ကသိုလ်။

ပုဂံခေတ်တွင် အလှူရှင်တို့သည် မိမိတို့၏ ကောင်းမှုတို့ကို နောင်အရှည် တည်တံ့စေရန် စကားပြေဖြင့် ကျောက်ထက်အက္ခရာ တင်ခဲ့သည်။ လှည်းထောက်ဘုရား ကျောက်စာတွင်

"မင်းမျိုးအဆက်၊ မပျက်တည်ကြည်

စည်းစိမ်ရှင်သည်၊ ဖြစ်စေသော်

အပြစ်ရှစ်ပါး၊ ဒဏ်ဆယ်ပါးလျှင်

ထင်ရှားမျက်မှောက်၊ ရောက်စေသော"[၁]

စသည်ဖြင့် ရေးဖွဲ့ထားသည်။ ထိုအဖွဲ့တို့တွင် လေးလုံးစပ်လင်္ကာအရေးအဖွဲ့သဘော သက်ဝင်နေသည်ကို တွေ့ရသည်။ အင်းဝခေတ်သို့ ရောက်သောအခါ ပျို့ဟူသော အမည်ဖြင့် ထင်ရှားခဲ့သည်။ တောင်ငူခေတ်တွင် အနည်းအကျဉ်းသာ ဖွဲ့ခဲ့သည်။ ထိုမှတစ်ဆင့် တိုတိုကျဉ်းကျဉ်းဖွဲ့ဆိုရသည့် ပုံသဏ္ဌာန်အဖြစ် ပြောင်းသွားပြီး ရတု ကဗျာ ထွန်းကားလာသည်။ ထို့ပြင် လေးလုံးစပ်ဖြင့် ဧချင်း၊ မော်ကွန်း၊ အန်ချင်း စသည့် ပုံသဏ္ဌာန်အမျိုးမျိုးနှင့် ဂန္ထဝင်ကဗျာများအဖြစ် နေရာယူခဲ့သည်။

လေးလုံးစပ်တွင် ပဒဟူ၍ ရှိသည်။ သို့သော် အနက်အဓိပ္ပာယ်တစ်ခုစီအတွက် အကန့် အကန့်ထားသောစာကြောင်းဟူ၍ မရှိပေ။ လေးလုံးပဒများ တစ်ပဒပြီးတစ်ပဒ ကဗျာပိုဒ်ဆုံးသည် အထိ သို့မဟုတ် ကဗျာပိုဒ်ချသည်အထိ ဆက်တိုက်သွားလေသည်။ အနက်အဓိပ္ပာယ် ကန့်ထားလိုလျှင် ကဗျာစာဆိုသည် လေးလုံးပဒများကို ကိုယ်ကြိုက်ရာနေရာ၌ အစုစုနိုင်သည်။ ဝါကျဖွဲ့ထုံးအရ သဒ္ဒါစုများကို ဖော်ပြသည့် စကားစပ်ပစ္စည်းများကို လိုသလောက် အသုံးပြုလေ့ မရှိရာ ဝါကျတည်ဆောက်ပုံ သဘောအရ မည်ကဲ့သို့ ခွဲခြမ်း ဖြတ်တောက် ဖတ်ရှု အနက်ဖော်သင့်ကြောင်း အသိ ခက်လှသည်။

ဆရာမြဇင်က လေးလုံးစပ်နှင့်ပတ်သက်၍

"လေးလုံးစပ်ကို ပျို့၊ မော်ကွန်း၊ ဧချင်း၊ လင်္ကာ၊ ရတု စသည့် ပုံစံများတွင် သုံးသည်။ လေးလုံးစပ်တွင် ကဗျာပိုဒ်ဟူ၍ရှိပြီး လေးလုံးစပ်တစ်ပဒ၌ ကာရန် စနစ် ၇ မျိုးရှိသည်"[၂]

ဟု ဆိုထားသည်။

[၁] လွန်း၊ **ဆရာ**၊ ၁၉၂၃၊ ၁၃၂။
[၂] မြဇင်၊ ၁၉၈၃၊ ၂၅၆။

၄-၃-၂၊ ၄-၃-၁။ ၄-၁၊ ၄-၂၊ ၄-၃။ ၃-၁၊ ၃-၂ တို့ ဖြစ်သည်။ ၄-၃-၃ ကာရန်ယူပုံမျိုးကိုလည်း ရှားရှားပါးပါး တွေ့ရသည်။ ထို့ပြင် လေးလုံးစပ်ကဗျာ တွင် ကာရန်စည်းကမ်းမှာ ကျယ်ပြန့်လှသည်။ ၄-၃-၂ ဟူသော သုံးချက်ညီ စည်းကမ်း သည် အတင်းကျပ်ဆုံး ဖြစ်သည်။ အခြားသော နှစ်ချက်ညီကား များစွာ လွတ်လပ် ပေသည်။ တစ်ပိုဒ်နှင့် တစ်ပိုဒ် ချိတ်ရုံဖြင့် ရလေသည်။

ထို့ပြင် ဒဂုန်တာရာကလည်း

> "မိမိအတွေးကို အပေါ်လွင်ဆုံး၊ အပြည့်စုံဆုံး ဖော်ပြနိုင်သော ကဗျာ ပုံသဏ္ဍာန်ကား 'လေးလုံးစပ်' ဟူ၍ ရေးလာရင်း ရေးလာ ရင်း ယုံကြည်လာမိသည်။ လေးလုံးစပ်နည်း၌လည်း စပ်နည်းများ စွာရှိရာ 'သက်စေ့နှက်သုံးချက်ညီ' နည်းသည် ကာရန်အသံထွက် အားဖြင့် အသာဆုံးဖြစ်သည်။ သို့သော် အတင်းကျပ်ဆုံး ဖြစ် သည်"[၁]

ဟု ဆိုထားပါသည်။

> "ခေတ်၏အကြောင်းအရာသစ်များ၊ ရင်တွင်းခံစားမှုများကို ရေးဖွဲ့ ရာ၌ လေးလုံးစပ် လင်္ကာများသည် အပျော့ပျောင်းဆုံးသော စပ်နည်းဖြစ်သည်ကို တွေ့လာရ ပေသည်"[၂] ဟူ၍လည်းကောင်း၊

> "လေးကိုင်းတစ်ခုသည် ပျော့ပျောင်းမှုရှိသလောက် ပစ်လွှတ်အား သန်လေသည်။ ထို့အတူ လေးလုံးစပ်လင်္ကာသည် ပျော့ပျောင်းမှု ရှိသဖြင့် ယနေ့တိုင် သန်စွမ်းလျက် ရှိနေခြင်း ဖြစ်သည်ဟု ထင်ပေသည်"[၃]

ဟုလည်းကောင်း မိန့်ဆိုထားပါသည်။

တက္ကသိုလ်ဘုန်းနိုင်ကလည်း

"ကဗျာဟူသည် သီးခြားမတွေ့ရသေးသော ပုဂံခေတ်ဦးကျောက်စာ စကားပြေ ခေတ်ကတည်းက ပရိမ္မထီးလှိုင်ရှင်ကျောက်စာ၊ လှည်း ထောက်ဘုရားကျောက်စာ တို့တွင် စကားပြေများကြား၌ လေးလုံး တစ်ပဒဖြင့် ကာရန်နေရာချစပ်ထားသော လင်္ကာဟန်များကို

---

[၁] တာရာ (ဒဂုန်-)၊ ၁၉၇၀၊ ၄၆၂။

[၂] -ယင်း-။

[၃] -ယင်း-။

တွေ့ရသည်။ ဘာကြောင့် ငါးလုံးတစ်ပဒ၊ ခြောက်လုံးတစ်ပဒ မဖြစ်ရသနည်း။ အရှိကိုအရှိအတိုင်း ကြည့်ပြောရလျှင် လေးလုံးတစ်ပဒသည် မြန်မာစကားသဘာဝ၏ ကြိုးကိုင်မှုကြောင့် အကြောင်းအားလျော်စွာ တွင်ကျယ် လွှမ်းမိုး ကြီးစိုးလာသည်။ ကျောရိုးမဏ္ဍိုင်ဖွဲ့စပ်နည်း ဖြစ်လာခဲ့သည်။ ကျောရိုး မဏ္ဍိုင် ဟုတ်၊ မဟုတ် လေးလုံးတစ်ပဒ စနစ်သည် ယနေ့မျက်မှောက်ခေတ် တိုင်အောင် ခိုင်ခိုင်မတ်မတ် ရပ်တည်နေသည်ကို ကြည့်ပါ။ ရှေ့လာမည့် အနာဂတ်များတွင်လည်း ဆက်ရှိနေဦးမည်"[၁] ဟု ဆိုထားပါသည်။

## ၂။ စကားအသုံးအနှုန်း

လေးလုံးစပ်ကဗျာများတွင် ဆိုလိုသည့်အနက်အဓိပ္ပာယ်ကို ပေါ်လွင်စေရန် စကားလုံးရွေးချယ်ရာ တွင် အနက်ပြစကားလုံးများကို အသုံးပြစကားလုံးများဖြင့် နေရာတကျ တွဲစပ်ပေးနိုင်ခြင်းကြောင့် သဒ္ဒါစနစ် မှန်ကန်စေသည်သာမက ဆိုလိုရင်းအနက်ကို ယေဘုယျအနက်မှ ဝိသေသ အနက်သို့ ပြောင်းလဲ၍ အနက်ကျယ်ဝန်းလာစေသည်။ အနက်ပြစကားလုံးများ၏အနက်ကို ကျယ်ဝန်းလာ စေရန်၊ ဖြန့်ကျက်တွေးယူလာနိုင်စေရန် ဆန်းသစ်လှပသော စကားလုံးများကိုလည်း ဖန်တီးသုံးစွဲ တတ်ပေသည်။

"ကဗျာဟူသည် စကားလုံးတို့ကို သင့်လျော်အောင် ဖက်စပ်ဖန်ဆင်းဖွဲ့ဆိုသီကုံးထားသည့် စကားလုံးအရုပ်လေးတွေဖြစ်ပါသည်။"[၂]

မောင်ခင်မင်(ဓနုဖြူ)က

"အနက်ပြ စကားလုံးများကို အသုံးပြစကားလုံးများနှင့် တွဲစပ်ပေးခြင်း ဖြင့် ဝါကျ ဖြစ်လာရသည်"[၃]

ဟူ၍ ဆိုထားပါသည်။

"ဤစာကိုးခန်း၊ ပုလဲပန်းဖြင့်၊ စိတ်ကျန်းမာန်လျှော့၊ ငါကန်တော့၏"[၄]

ဟူသောအဖွဲ့တွင် 'ဤ၊ ဖြင့်၊ ၏' တို့သည် အသုံးပြုစကားလုံးများ ဖြစ်ကြသည်။ 'စာကိုးခန်း၊ ပုလဲပန်း၊ စိတ်ကျန်း၊ မာန်လျှော့၊ ငါ၊ ကန်တော့' တို့သည် အနက်ပြစကားလုံးများ ဖြစ်ကြသည်။ ထိုအနက်ပြစကားလုံးများနှင့် အသုံးပြစကားလုံးများကို

---

[၁] ဘုန်းနိုင် (တက္ကသိုလ်–)၊ ၂၀၁၂၊ ၅၉၈။
[၂] မင်းသုဝဏ်၊ ၁၉၆၈၊ ၅၈။
[၃] ခင်မင်၊ **မောင်** (ဓနုဖြူ)၊ ၁၉၈၇၊ ၇၉။
[၄] ခင်စော၊ ဒေါ် (တည်းဖြတ်သူ)၊ ၁၉၈၅၊ နိဂုံးပိုင်း။

တွဲစပ်ခြင်းဖြင့် ဝါကျ ဖြစ်ပေါ်လာသည်။ ထိုဝါကျတွင် 'ငါ' သည် ကတ္တား၊ 'ကန်တော့' သည် ကြိယာ၊ 'စိတ်ကျန်းမာန်လျှော့' သည် ကြိယာဝိသေသန၊ 'ဤစာကိုးခန်းပုလဲပန်းဖြင့်' သည် အသုံးခံပုဒ်တို့ ဖြစ်သည်။

ထို့အပြင် ၄-၃-၂ ကာရန်စနစ်တွင် ဒုတိယပဒ၏ တတိယအက္ခရာသည် ကာရန်မိအောင် ယူထားသည်သာမက အဓိပ္ပာယ်ကိုပါ ဖော်ဆောင် ထားသည့် **အနက်ပြစကားလုံး (ဝေါဟာရစကားလုံး)** [၁] ဖြစ်သည်။ စတုတ္ထအက္ခရာသည် **သဒ္ဒါစကားလုံး** [၂] ဖြစ်သည်။ ဥပမာ 'မဲဇာတောင်ခြေ' ရတုတွင် "မဲဇာတောင်ခြေ၊ စီးတွေတွေတည့်၊ မြစ်ရေဝန်းလည်၊ မြိုင်တောဆီက" ၌ 'တွေ' သည် ကာရန်လည်းဆောင်၍ အဓိပ္ပာယ်လည်း ဆောင်သည်။ 'တည့်' သည် သဒ္ဒါ စကားလုံးမျှသာ ဖြစ်သည်။ 'ကိုးခန်းပျို့' တွင် "မေတ္တာရှေးရှေး၊ နတ်ရှင်ပေးသည်၊ ရင်သွေး ညီနောင်" ဟူသော အဖွဲ့၌ 'ဝေး' သည် ကာရန်လည်းဆောင်သည်၍ အဓိပ္ပာယ်လည်းဆောင်သည်။ 'သည်' သည် သဒ္ဒါစကားလုံးမျှသာ ဖြစ်သည်။

လောကသာရပျို့၌

> "ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍၊ ကောင်းကျိုးကိုယ်၌ တည်စေမင်း"

ဟူသောအပိုဒ်၌ "ကြိုး" သည် ကာရန်လည်းဆောင်သည်။ အဓိပ္ပါယ်လည်း ဆောင်သည်။ "၍" သည် သဒ္ဒါစကားလုံးမျှသာ ဖြစ်သည်။

မောင်ခင်မင်(ဓနုဖြူ)က

> "နာမ်စကားလုံးများမှာမူ သက်ရှိ၊ သက်မဲ့ အရာဝတ္ထုများ၊ ဒြပ်မဲ့ သဘောများကို ဖော်ပြသော စကားလုံးများ ဖြစ်သည့်အတွက် ကြိယာစကားလုံးလို လှုပ်ရှားမှု မပါပါ။ နာမ်များလှုပ်ရှားအောင် ကြိယာများက လုပ်ပေးရမြဲ ဖြစ်သည်။ 'အဘယ် ဝါကျကိုမဆို အသက်သွင်းပေးသည်မှာ ကြိယာပင် ဖြစ်သည်။ ကြိယာက ဝါကျ ကို လှုပ်ရှားအောင် အမှန်တကယ် လုပ်ပေးသည်' ဟု စာရေးခြင်းအတတ်ကို သုတေသနပြုသော ပညာရှင် ဖလက်က

---

[၁] contant word (or) lexical word

[၂] grammatical word

> မိန့်ဆိုပြီး ကြိယာများကို အသက်ဝင်နေသော စကားလုံးများဟု ညွှန်းဆိုထားပါသည်”[၁]

ဟု ဖလက်[၂]၏အဆိုကို ကိုးကားဆိုထားပါသည်။

တွင်းသင်းမင်းကြီး၏ မဟာဇနကပျို့တွင်

> “မာလိမ်မူးဝေ၊ ပင်လယ်ဗွေဝယ်၊ လေလည်းလေရူး၊ ရေးထက်ထူး၍၊ ဘယ်လူးညာယှက်၊ တိမ်ညိုခက်နှင့်၊ မိုးသက်ကဆင်၊ မင်းလွင်ကမှိုင်း၊ မှန်တိုင်းကဟုပ်၊ ဝဲကစုပ်သော်၊ မျှော့ကုပ်သံပတ်၊ ပြတ်ခဲ့လတ်မိုး၊ ကျိုးခဲ့တံကူ၊ ချက်တူသံလျောင်း၊ ချောင်ခဲ့မယ်န၊ ကြွခဲ့ဇရာ၊ ကွာခဲ့နံယပ်၊ ထိုထိုရပ်မျှ၊ ပျဉ်ထပ်ချွန်းဆက်၊ ကွဲအက်လျော့ရွေ့၊ တဖျင်ဝေ့သား၊ ရေအတိလျှင်၊ ပြွမ်းပြွမ်းဝင်လျက်၊ ပဲ့စင်ပေါ်လော၊ နစ်ဆောဆောဝယ်”[၃]

ဟူ၍ ဇနကမင်းသား စီးနင်းလိုက်ပါလာသော သင်္ဘောကြီး ပင်လယ်ထဲတွင် မုန်တိုင်းမိပြီး နစ်မြုပ်တော့မည့်ဆဲဆဲ အခြေအနေကို ရေးဖွဲ့ထားသည်။ ပင်လယ်ပြင်တွင် မုန်တိုင်းနှင့် ကြုံရသည့်အတွက် သင်္ဘောမာလိမ်မှူး မူးဝေသည်မှအစ သင်္ဘောကြီး တစ်စစီ ပြိုကျပျက်စီးပုံ မြင်ကွင်းကို အသေးစိတ်သရုပ်ဖော်ရာတွင် ‘ဘယ်လူးညာယှက်’ ဆိုသည့် စကားလုံး၊ မုန်တိုင်း တိုက်ပုံ၊ ရေဝဲစုပ်ပုံ ရေဝင်ပုံတို့ကို ‘မုန်တိုင်းကဟုပ်၊ ဝဲကစုပ်’၊ ‘တဖျင်ဝေ့ဝေ့’၊ ‘ပြွမ်းပြွမ်းဝင်’ ဆိုသည့် စကားလုံးများသာ လှုပ်ရှားမှုပြစကားလုံးများဖြစ်ပြီး ကျန်စကားလုံးများမှာ မိုးသက်မုန်တိုင်း ဆင်လာသည့် အခြေအနေနှင့် မုန်းတိုင်းဒဏ်ခံရသည့် အခြေအနေတို့ကို ပြသော ကြိယာစကားလုံးများချည်းဖြစ်ကြောင်း တွေ့ရသည်။ သင်္ဘောအစိတ်အပိုင်းများ တစ်စစီ ပြိုကျ ပျက်စီးပုံကို အချိန်တိုအတွင်း ဖြစ်ပျက်ပုံနှင့် လိုက်ဖက်အောင် ၄–၁ ကာရန်ဖြင့် ‘ပြတ်၊ ကျိုး၊ ချောင်၊ ကြွ၊ ကွာ၊ ကွဲအက်၊ နစ်’ဆိုသော ဖြစ်ရပ်အခြေအနေပြ လုံးချင်းကြိယာစကားလုံးကို ဆက်ကာသုံးသွားပုံမှာ အကြောင်းအရာနှင့် လိုက်ဖက်လှပါသည်။ ၄–၁ ကာရန်ကြောင့် သင်္ဘော၏ အစိတ်အပိုင်းများ တစ်ခုပြီးလျှင် လျှင်လျှင်မြန်မြန်ပျက်သွားပုံ၊ ပျက်စီးသွားပုံတို့ကို ထင်မြင်လာစေသည်။ လေးလုံးစပ် ကဗျာအဖွဲ့တွင် ကာရန်ယူပုံစနစ်ကလည်း အကြောင်းအရာ၏သရုပ်ကို ပေါ်လွင်လာအောင် အထောက်

---

[၁] ခင်မင်၊ **မောင်** (ဓနုဖြူ)၊ ၂၀၁၁၊ ၇၅။

[၂] Flesh, RuddF

[၃] ထွန်းညို၊ **ဦး** (တွင်းသင်းမင်းကြီး–)၊ ၁၉၄၁၊ ပိုဒ်–၄၇။

အပုံပြုပေးနိုင်သည်။ ထိုသို့ပြုပေးခြင်းဖြင့် ကဗျာဖတ်သူ၌ ရသခံစားမှုဖြစ်ပေါ်လာ စေသည်။

ထို့ပြင် အသုံးပြုစကားလုံး တစ်လုံးကို ဆင့်ကာဆင့်ကာ သုံးထားခြင်းဖြင့် ဆိုလိုသည့် အနက်ကို ထင်ရှားအောင်ဖန်တီးနိုင်သည်။ မဲဇာတောင်ခြေရတုတွင်

> “အာရုံမျက်မြင်၊ ဖူးမျှော်ချင်၍၊ သည်တွင်ရွှေမြို့၊ သည်သို့စေတီ၊
> သည်ဆီရွှေနန်း၊ ဖြောင့်တန်းတော့မည်၊ စိတ်ကရည်သည်၊ ရွှေပြည်
> ဌာန ဝေးသောကြောင့်”[၁]

ဟူ၍ရေးဖွဲ့ထားရာ အာရုံကျက်စားရာနေရာများကို “သည်” ဟူသည့် အသုံးပြုစကားများကို ပဒ၏ ပထမအက္ခရာ၌ (၃)ကြိမ်၊ ဆက်တိုက်ရေးဖွဲ့သည်။ အသံတူများ ဆက်တိုက်ဖွဲ့သည့်အတွက် ချိုသာပြေပြစ်ပြီး စာဆို၏အာရုံခံစားမှု ပို၍ပေါ်လွင်လာ စေသည်။ ထို့အပြင် “သည်တွင်”၊ “သည်သို့”၊ “သည်ဆီ” ဟူ၍ အသုံးပြု စကားလုံး များကို နှစ်လုံးတွဲဆင့်ကာဆင့်ကာသုံးထားသည့် အတွက်စာဆို၏လေသံမှာ ပြန်လည် တွေးတောပြီး မျက်မြင်ဖူးမျှော်လိုသည့် သဘောထက် ရွှေမြို့၊ ရွှေစေတီ၊ ရွှေနန်းတို့ကို စွဲထင်တမ်းတနေသည့် စိတ်ခံစားမှုပို၍ ပေါ်လွင်စေသည်။ ထိုသို့ အာရုံထဲ၌မြင်ရသော အချင်းအရာများကို အသုံးပြုစကားလုံးများဖြင့် ဆင့်ကာဆင့်ကာ သုံးထားသည်မှာ အသံချိုသာပြေပြစ်ပြီး အနက်အဓိပ္ပါယ်ကို ပေါ်လွင်စေပါသည်။ ‘သည်’ ဆိုသည့် အသံကိုထပ်ကာ ထပ်ကာကြားလာရပြီး စာဆို၏ ရွှေမြို့တော်ကို အထပ်ထပ်အခါခါ မှန်းဆလွမ်းတနေရသော စိတ်အစဉ်သည် စာဖတ်သူအာရုံသို့ ကူးစက်ရောက်ရှိလာ စေနိုင်သည်။ ‘သည်’ ဆိုသော စကားလုံး၏အနက်ဖွင့် ၄-၁ကာရန်(ဝါ) ဦးတိုက် ကာရန်၏ အကျိုးပြုမှုတို့ ပေါင်းစပ်ပေးခြင်းဖြင့် ရသမြောက်အဖွဲ့ ဖြစ်လာစေပါသည်။

သမ္ဗန္ဓနှင့်ဝိဘတ်ပစ္စည်း စကားလုံးများ၏ အနက်သဘောကို လေ့လာရာတွင်

**သော်လည်း**

‘သော်လည်း’ အနက်မျိုး ရရှိသော စကားလုံးများမှာ ‘ရာလဲ၊ ပေမင့်၊ သော်လဲ၊ ပေမဲ့၊ ပေလဲ၊ စေငဲ့၊ စေတော့၊ သော်လည်း၊ တောင်မှ’။

---

၁ ချမ်းမြ၊ ဦး၊ ၁၉၆၁၊ ၇၅။

**နှင့်၊ ၎င်းပြင်**

'နှင့်၊ ၎င်းပြင်' အနက်မျိုးရှိသော ပုဒ်ဆက်၊ စကားဆက် စကားလုံးများမှာ 'ကာပ၊ ငဲ့ပြင်၊ ပါဘိ၊ ပေပ၊ လေငဲ့၊ လေရဲ့၊ လေရော့၊ တဲ့ပြင်၊ ပေရော့၊ ပါရော့၊ ပါရဲ့၊ ပါလို့'။

**ခဲ့လျှင်**

'လျှင်၊ ခဲ့လျှင်' အနက်မျိုးရှိသော စကားလုံးများမှာ 'လျှင်လဲ၊ လျှင်လ၊ လျှင်တော့၊ တောက၊ ယင်လ၊ ယင်ဖြင့်၊ မှာဖြင့်'။

**ကဲ့သို့**

'ကဲ့သို့' အနက်ရှိသော စကားလုံးများမှာ 'သည့်သို့၊ သည့်နှယ်၊ သကဲ့၊ လေသို့၊ ပုံနှင့်၊ နှယ်သို့၊ ပုံနှယ်'။

**သောကြောင့်**

'သောကြောင့်' အနက်ရှိသော စကားလုံးများမှာ 'သော်ကြောင့်၊ တာကြောင့်၊ တာမို့၊ ပါမို့၊ ပေမို့၊ ပါလို့၊ ပါ၍၊ ပြီကော၊ ပြီမို့'။

**တိုင်အောင်**

'တိုင်အောင်' အနက်ရှိသော စကားလုံးများမှာ 'သော်၊ မှ၊ စေတော့၊ သည့်ထိ၊ ကာမှ၊ တောင်မှ၊ တော့မှ၊ ပါမှ၊ ပါအောင်၊ လေအောင်'။

ထိုသမ္ဗန္ဓစကားလုံးများအပြင် ကဗျာလင်္ကာများတွင် အာဘော်ကို ဖော်ပြသော ပစ္စည်း စကားများကို ကြည့်၍ မည်သို့သော အာဘော်ကို ဖော်ပြရန် ရည်ညွှန်းကြောင်း သိရှိနိုင်လေသည်။

**တိုက်တွန်းချက်**

တိုက်တွန်းချက်၊ လိုလားချက်ကို ဖော်ပြသော ပစ္စည်းစကားလုံးများမှာ 'ပါလော၊ ပါစမ်း၊ ပါသေး၊ ပါတော့၊ ပါတုံး၊ ပါမင်း'။

**ဆန္ဒ**

ဆန္ဒနှင့်အာသီသကို ဖော်ပြသော ပစ္စည်းစကားလုံးများမှာ 'စေချင့်၊ ပါလှည့်၊ ပါရှင့်၊ ပါစေ့၊ ပါစိမ့်၊ ပါငဲ့၊ ချင်ရဲ့၊ ချင်တော့၊ ချင်လှ'။

## ငြင်းပယ်ခြင်း

ငြင်းပယ်ခြင်းကို ဖော်ပြသော စကားလုံးများမှာ 'ချင်ဘု၊ နိုင်ဘု၊ ပေဘု၊ ပါဘု၊ သာဘု၊ လွယ်ဘု၊ ရက်ဘု၊ ပါနဲ့၊ လေနဲ့၊ ချင်နဲ့'။

## အချိန်ကာလ

အချိန်ကာလကို ဖော်ပြသော ဝိဘတ်စကားလုံးများမှာ 'ရာတွင်၊ ရာ၌၊ ရာဝယ်၊ ရာမှာ၊ သောခါ၊ ပေသော်၊ သည်မှ၊ လေရာ' တို့ ဖြစ်သည်။[၁]

အနက်တူစကားများကို အလဲအလှယ်သုံးသည့်အတွက် တစ်မျိုးတည်း မဟုတ်ဘဲ စာဖတ်သူအာရုံကို အပြောင်းအလဲ ဖြစ်စေသည်။ စိတ်ဝင်စားဖွယ်၊ နှစ်သက်ဖွယ် ဖြစ်လာစေနိုင် ပါသည်။ လေးလုံးစပ်ကဗျာများတွင် စကားလုံးကြွယ်ဝခြင်းသည် စကားပရိယာယ် ကြွယ်ဝခြင်း ဖြစ်သည်။ ထိုသို့သောစကားလုံးများကို လေ့လာရာတွင် ပရိယာယ်တူ စကားလုံးကြွယ်ဝခြင်း၊ စကားလုံးတည်းကို ထပ်ကာထပ်ကာသုံးခြင်း၊ သမာသ်ပုဒ်များပြားခြင်း၊ စကားဆန်းသုံးနိုင်ခြင်း၊ စကားယဉ်သုံးနိုင်ခြင်း၊ ခွဲထားလုပ်၍ သုံးနိုင်ခြင်းတို့ဖြစ်သည်။

နတ်ရှင်နောင်၏ရတုများတွင် ဘုရားရှင်ကိုဖွဲ့ရာ၌ "ခေါင်၊ တု၊ တော်၊ ဘုန်း၊ မိတည်း၊ ထွတ်၊ ဆံ၊ ရှင်၊ မွေ၊ သကျ၊ မြတ်" စသည့် စကားလုံးများကို ကာရန်ကျရာလိုက်ပြီး လှည့်ပြောင်းတွဲစပ်လိုက်သည်။

"ထွတ်ဘုန်းခေါင်"[၂]

"ဘုန်းညွန့်လူ"[၃]

"ဘုန်းစည်ထွတ်ချာ"[၄]

"စောဘုန်းလျှံ"[၅]

"မိတည်းနောင်"[၆]

---

၁ လှသမိန်၊ ၁၉၆၆၊ ၇၁။
၂ နတ်ရှင်နောင်၊ ၁၉၆၆၊ ၇၁။
၃ –ယင်း–၊၁၂
၄ –ယင်း–၊၁၇
၅ –ယင်း–၊၁၆
၆ –ယင်း–၊၇

"စောဘုန်းထူး"[၁]

"မွေတုလွတ်"[၂] ဟူ၍ ရေးဖွဲ့သည်။

မိန်းကလေးကိုဖွဲ့ဆိုရာတွင် "ညို၊ ပြာ၊ နွဲ့၊ ဝင်း၊ လဲ့၊ ရွှန်း၊ မွှတ်၊ ဖြူ၊ လှ၊ ငြိမ့်၊ ကြည်၊ သွယ်"တို့ကို လှည့်ပြောင်းတွဲစပ်သည့်အခါ–

"ဆင်းကြာနက်"[၃]

"ပြာလဲ့နွဲ့ချော"[၄]

"လှမျှားစံကျွန်း"[၅]

"ပြာနွဲ့နှောင်း"[၆]

"လှခေါင်နေ"[၇]

"လှခေါင်ထိပ်"[၈]

"လှငြိမ့်လေး"[၉]

ဟူ၍ စကားပရိယာယ်အလှယ်လှယ်ဖြင့် ရေးဖွဲ့သည်။ ရေမြေ တောတောင်သဘာဝ အဖွဲ့များ၊ ရာသီဘွဲ့များ၊ မိုးဘွဲ့များ၊ စစ်ချီဘွဲ့များတွင်လည်း စကားလုံးများ တွဲစပ်၍ ဖွဲ့ထားသည်။ လေးလုံးတစ်ပဒဖြစ်၍ စကားလုံးကျစ်လျစ်စွာ ဖွဲ့စည်းရသောကြောင့် စကားလုံးများကို အပြောင်းအလဲ အမျိုးမျိုးပြု၍ ဖွဲ့စပ်နိုင်ရသည်။

ပြည်စုန်မော်ကွန်း တွင်

"မနောက်စေရာ၊ ရေနှင့်ကြာသို့၊ ပမာမိငြမ်း၊ ဆွေရိပ်ချမ်း"[၁၀]

---

[၁] –ယင်း–၁၀၃

[၂] –ယင်း–၃၁

[၃] –ယင်း–၆

[၄] –ယင်း–၁၃

[၅] –ယင်း–၁၄

[၆] –ယင်း–၁၉

[၇] –ယင်း–၂၃

[၈] နတ်ရှင်နောင်၊ ၁၉၉၆၊ ၈၇။

[၉] –ယင်း–၈၅။

[၁၀] ရှင်ထွေးညို၊ ၁၂၈၂၊ ၁၀။

ဟူ၍ ရေးဖွဲ့ရာ "ဆွေမျိုးရိပ်"တွင် အလယ်စာလုံး "မျိုး"ကို ဖြုတ်ခြင်းဖြစ်သည်။ "ဆွေရိပ်ချမ်း" ဟူသော ယဉ်ကျေးသိမ်မွေ့ပြီး ပို၍အနက်ပြည့်ဝသော နှစ်သက်ဖွယ် စကားလုံးဖြစ်သည်။

ရှင်ဥတ္တမကျော်တောလားတွင်–

"နှိုင်းမမျှသား၊ အနန္တဂုဏ်၊ သဗ္ဗညုံ၏၊ ဘုံဘဝဂ်ဖျား၊ ဘုန်းတော်
အားလည်း"[၁]

အရှေ့ပဒမှ ကာရန်"ဂုဏ်"နှင့် ကာရန်ကိုက်စေရန် "သဗ္ဗညုတ"စကားလုံးတွင် နောက်ဆုံးစကားလုံး "တ" ကို ဖြုတ်ပြီး "သဗ္ဗညုံ" ဟု ပြောင်းလဲ ဖွဲ့ဆိုခြင်းသည် ထူးခြားသည့် အသုံးဖြစ်သည်။ လေးလုံးစပ်ကဗျာကို သုံးခြင်းဖြင့် စာဆိုတို့သည် အနက်၊ သဒ္ဒါမပျက်သည့် ကျစ်လျစ်သော ရေးဟန်ဖြင့် ဖွဲ့ကြရာတွင် ဝေါဟာရအသစ် အဆန်းများ တီထွင်တတ်မှု စွမ်းအား တိုးပွားလာပါသည်။

ဘူရိဒတ်ဇာတ်ပေါင်းပျို့တွင်–

"ပညာအမြိုက်၊ ဘဏ္ဍာတိုက်မှ၊ သိုက်သိုက်ဖွင့်လှစ်၊ သာရနှစ်ကို သစ်သစ် ငှဝေ၊ ဖြန့်ဖြူးပေ"[၂] မှ "သာရနှစ်"ကို စကားလုံးသည် "အနှစ်သာရကို" ဟူ၍ ဖြစ်သည်။ "အ" စကားလုံး ဖြုတ်ပြီး စကားလုံးရှေ့နောက်နေရာပြောင်း၍ ဖွဲ့ခြင်းတို့သည် ကာရန်လည်းမိကာ နှစ်သက်ဖွယ် ဖြစ်စေပါသည်။ လေးလုံးစပ်ကဗျာရေးဟန်က စာဆို့အခွင့်အထူးဖြစ်သည့် ဝေါဟာရသွေဖည်သုံးစွဲမှုသဘော ပို၍သက်ဝင်စေပါသည်။

စကားပရိယာယ် သုံးခြင်းသည် ရှေးမြန်မာကဗျာများ၏ ရေးဖွဲ့ဟန်၏ ယေဘုယျ လက္ခဏာတစ်ရပ်ဟု ဆိုနိုင်ပါသည်။ ကဗျာများတွင် ကာရန်ကိုက်ညီအောင် ရေးဖွဲ့ရာမှ အနက်တူ ပရိယာယ်စကားများစွာ ပေါ်ပေါက်လာရခြင်းဖြစ်သည်။

## ၃။ ဝါကျဖွဲ့ပုံ

မြန်မာအဘိဓာန်တွင်

"ဆိုလိုသည့် အဓိပ္ပာယ်ရောက်အောင် စနစ်တကျစီစဉ်ထားသော
ပုဒ်အစုအပေါင်း ကို ဝါကျဟု ခေါ်သည်"[၃]

---

[၁] ဥတ္တမကျော်၊ ရှင်၊ ၁၃၂၉၊ ၂။

[၂] မဟာရဋ္ဌသာရ၊ ရှင်၊ ၁၂၇၆၊ နိဂုံး၊ ၁၁၁။

[၃] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၃၅၆။

ဟု ဖွင့်ဆိုသည်။ စာပေရေးဖွဲ့ရာ၌ ဘာသာစကားကို အသုံးပြု၍ရေးဖွဲ့သည်။ ကဗျာရေးဖွဲ့ရာ၌ မိမိဆိုလိုသော အဓိပ္ပာယ်ရောက်အောင်၊ အဓိပ္ပာယ်ပြည့်စုံအောင် ဝါကျများ ရေးဖွဲ့ရသည်။

လှသမိန်က

> "ကဗျာများတွင် ကာရန်သာလျှင် အဓိကအရေးကြီးသည်ဟု မှတ်ယူတတ်ကြပေသည်။ သို့ရာတွင် သဒ္ဒါသည်လည်း ကာရန်နှင့် ထပ်တူထပ်မျှ အရေးကြီး ပေသည်။ "[၁]

ဟု ဆိုထားသည်။ ဝါကျရှည် ဖန်တီးရာတွင် အထူးပြုသည့်နည်း၌ ဝါကျတိုထဲက နာမ်ကိုလည်း အထူးပြုနိုင်သည်။ ကြိယာကိုလည်း အထူးပြုနိုင်သည်။ ဤသို့အထူးပြုခြင်းဖြင့် ဝါကျတိုသည် တဖြည်းဖြည်း ရှည်၍ရှည်၍ သွားနိုင်လေသည်။ နာမ်ကို ဝိသေသနအမျိုးမျိုးဖြင့် အထူးပြုခြင်း၊ ကြိယာကို ဝိသေသနအမျိုးမျိုးဖြင့် အထူးပြုခြင်း တို့ကြောင့် ဝါကျရှည်သွားရခြင်း ဖြစ်သည်။

ဝါကျတစ်ခုကို အဆာသွတ်နည်းဖြင့် ချဲ့ထွင်ရာတွင် နာမ်အထူးပြုပုဒ်များ အဆာသွတ်ကာ ချဲ့ထွင်နိုင်ပါသည်။ နာမ်အထူးပြုသည့် ပုဒ်တစ်ချို့ကို နာမ်အရှေ့မှာ ထားရသည်။ အထူးပြုရာတွင် နာမ်၏ ပုံပန်း၊ အရောင်၊ အရွယ်ပမာဏ၊ ပိုင်ဆိုင်သူ၊ တည်ရှိသည့်နေရာ၊ ဂုဏ် အရည်အသွေးတို့ ထင်ရှားပေါ်လွင်လာသည်။ လှုပ်ရှားပုံ အခြေအနေတို့ကို ဖော်ပြသော ကြိယာ အထူးပြုများသည် ကြိယာ၏ ပြုမူဖြစ်ပျက်တည်ရှိပုံတို့ကို ပို၍ထင်ရှားပေါ်လွင်အောင် အထောက်အကူပြုသည်။

တစ်ဖန် မြန်မာဝါကျဖွဲ့ထုံးစည်းကမ်းအရ 'ကတ္တား+ကံ+ကြိယာ' ပုံစံ ဖွဲ့ရသည်။ ကြိယာကို ဝါကျအဆုံးမှာ ထားရသည်။ တစ်နည်းဆိုရလျှင် ဝါကျကို ကြိယာဖြင့် အဆုံးသတ်ရသည်။ နာမ်အထူးပြုပုဒ်ကို နာမ်ရှေ့က ထားရသည်။ ကြိယာအထူးပြုပုဒ်ကို ကြိယာရှေ့က ထားရသည်။

ဥမ္မာဒန္တီပျို့တွင်

> "စစ်ရေးမက်ရေး၊ ရန်သူ့ဘေးကြောင့်၊ အပြေးအလွဲ၊ ဆွေမျိုးကွဲသား၊ ပြည်ထဲရေးရာ၊ ခက်သည်သာတည့်။ အစာအစား၊ ထွားထွားမြွေကြေ၊ ရှားပါလေ၍၊ သေကျေပျောက်ဆဲ၊ ငတ်မွတ်ကဲလျှင်၊ ပြည်ထဲရေးထက်၊ ဝမ်းရေးခက်၏။ ထို့ထက်မှာမူ၊ ချစ်ခင်သူနှင့်၊ အတူတကွ၊ မပေါင်းရဘဲ၊ လွမ်းတပူဆွေး၊ သူနှင့်

---

[၁] လှသမိန်၊ ၁၉၆၆၊ ၁၅၈။

ဝေးသော်၊ ပြည်ထဲရေးနှင့်၊ ဝမ်းရေးတို့ထက်၊ လွမ်းရေးခက်၏။
အဖက်မရ၊ ခက်သုံးဝမူ၊ ဒုလ္လဘ တွင်၊ မဝင်ပါလျက်၊ သည်
အခက်ကား၊ သူ့ထက်လွန်ကျူး၊ သာ၍ထူး၏”[၁]

ဟူ၍ ရေးဖွဲ့ထားသည်။ ကာရန်ယူပုံမှာ ၄-၃-၂ ကာရန် (၉)ကြိမ် ဆက်တိုက် ယူလာပြီးနောက် ၄-၃-၃ နှင့် ၃-၂ ကို ဆက်ယူထားသည်။ ပုံမှန် ၄-၃-၂ ယူနေရာမှ ‘အခက်မရ၊ ခက်သုံးဝမူ၊ ဒုလ္လဘတွင်’ ဟူ၍ ၄-၃-၃ ကာရန် ယူထားသဖြင့် တုံ့ဆိုင်း ထစ်ငေါ့နေသည့်အသံ ပေါ်လွင်နေသည်။ ဤသို့ ကာရန်ယူထားသည့် အတွက် အခက်သုံးပါးအကြောင်း ပြောသည့်နေရာ၌ ထစ်ထစ်ငေါ့ငေါ့ ဖြစ်သည့် ကာရန်ကို ယူထားသည်။ မချောမွေ့သော ကာရန်ယူပုံ အကြောင်းအရာက ဖော်ပြလိုသည့်ခက်ခဲမှု သဘောကို ပို၍ပေါ်လွင်စေသည်။

ရိုးရှင်းလွယ်ကူသော စကားကို သုံး၍ ဝါကျဖွဲ့ရာ၌လည်းကောင်း၊ အဆိုအမိန့် တစ်ခု အတွက် ဝါကျငါးခုကို အကျိုးသင့်အကြောင်းသင့် စီစဉ်ရာ၌လည်းကောင်း သုံးစွဲထားသော စကားသည် အများအားဖြင့် သိလွယ်သော စကားများသာ ဖြစ်သည်။ တစ်ဖန် ဝါကျဖွဲ့ပုံတွင် အနက်အဓိပ္ပာယ် သိနိုင်ရေးအတွက် ခဲယဉ်းစွာ ခုန်ကျော်၍ ကောက်ယူရသည်မရှိ။ ကတ္တားပုဒ်နှင့် ကြိယာပုဒ်တို့သည် နီးကပ်သဖြင့် အဓိပ္ပာယ် သိလွယ်သည်။ ထို့အပြင် ကတ္တားပုဒ်ကို အထူးပြု သော နာမဝိသေသနပုဒ်စုသည် ကတ္တားပုဒ်နှင့်လည်းကောင်း၊ ကြိယာပုဒ်ကို အထူးပြုသော ကြိယာဝိသေသနပုဒ်စု သည် ကြိယာပုဒ်နှင့်လည်းကောင်း နီးကပ်သဖြင့်လည်း အများနားလည် လွယ်သည်။

ဆရာဇော်ဂျီက ဦးရွှန်း၏ ‘ဥမ္မာဒန္တီ’ပျို့ အမှာစာတွင် ကဗျာ၊ဝါကျများကို စီစစ်ဖော်ပြထားသည်။ ‘စစ်ရေးမက်ရေး၊ ရန်သူ့ဘေးကြောင့်၊ အပြေးအလွဲ၊ ဆွေမျိုး ကွဲသား’ ဟူသော နာမဝိသေသနပုဒ်စုသည် ‘ပြည်ထဲရေးရာ’ ဆိုသော ကတ္တားပုဒ်ကို အထူးပြုထားပြီး ယင်းကတ္တားပုဒ်၏နောက်တွင် ‘ခက်သည်သာတည့်’ ဆိုသည့် ပဓာနကြိယာပုဒ်သည် တစ်ဆက်တည်းလိုက်လာသည်ကို တွေ့နိုင်သည်။

‘အစာအစား၊ ထွားထွားမြည့်ကြေ၊ ရှားပါးလေ၍’ ဆိုသော ကြိယာဝိသေသန ပုဒ်စုသည် ‘သေကြေပျောက်ဆဲ၊ ငတ်မွတ်ကဲလျှင်’ ဆိုသော ကြိယာဝိသေသနပုဒ်စုကို အထူးပြုပြီးနောက် ထို ဒုတိယကြိယာဝိသေသနပုဒ်စုသည် လည်းကောင်း၊ ‘ပြည်ထဲ ရေးထက်’ ဆိုသော ကြိယာဝိသေသန ပုဒ်သည်လည်းကောင်း၊ ‘ဝမ်းရေးခက်၏’ ဆို သည်တွင် ‘ခက်၏’ ဆိုသော ကြိယာပုဒ်ကို နီးကပ်စွာ အထူးပြုထားသည်ကို တွေ့နိုင် သည်။ ကျန်ဝါကျသုံးခု၌လည်း အထက်ပါအတိုင်း အရေးအဖွဲ့ ရှင်းနေသည်ကို

[၁] ရွှန်း၊ ဦး၊ ၁၉၇၈၊ ပိုဒ်-၂၁။

တွေ့ရသည်။ ဝါကျများကို နာမဝိသေသနပုဒ်၊ ကြိယာဝိသေသနပုဒ်များဖြင့် တွဲစပ်ထားသည့်အတွက် စစ်ကြောင့်ပင်ပန်းဆင်းရဲခက်ခဲမှု သရုပ်များသည် အချိတ်အဆက်မိမိနှင့် အနုစိတ်သရုပ်ပေါ်လွင်လာသည်။

တစ်ဖန် ထိုအပိုဒ်၌ပင် ဥမ္မာဒန္တီကို ဆက်သစဉ်က မကောက်ဘဲနေလိုက်မိသဖြင့် သိဝိ မင်းကြီး အဆွေးကြီးဆွေးပုံ၊ အဆိုအမိန့်တစ်ခုအတွက် ဝါကျငါးခုကို စီစဉ်ထားပုံသည်လည်း တစ်ခုကိုတစ်ခု အထောက်အပံ့ပေး၍ မြှင့်တင်ထားသကဲ့သို့ဖြစ်ပြီး ထူးခြားနေခြင်း ရှိနေသည်ကို တွေ့နိုင်သည်။

အဓိပ္ပာယ်အရာတွင် ပထမဝါကျသည် ဒုတိယဝါကျကို မြှင့်တင်ခဲ့သည်။ ဒုတိယဝါကျသည် တတိယဝါကျ တစ်ဆင့်တက်၍ မြှင့်တင်ခဲ့သည်။ ထို့နောက် ဝါကျသုံးခုမှ သိမ်းကြုံး ယူဆောင်လာခဲ့သော အဓိပ္ပာယ်သုံးခုသည် စတုတ္ထဝါကျတွင် ဆုံဘိသကဲ့သို့ဖြစ်၍ လွမ်းရေးသည် အခက်သုံးခုအနက် အခက်ဆုံးဖြစ်ကြောင်း စာဆိုက ဆိုခဲ့သည်။ ထို့နောက် ထိုအဆိုကို ပဥ္စမ ဝါကျတွင် ဖူးစာရေးနတ်က ဖူးစာမရေးဘဲနေခဲ့ခြင်းနှင့် ဆက်ပေးလိုက်သည်ဖြစ်ရာ ထိုအဆိုသည် ပြီးပြည့်စုံသော သဘောသို့ရောက်၍ သိဝိမင်းကြီး အဆွေးကြီးဆွေးပုံသည် ပို၍ထင်ရှားလာသည်။

သို့ဖြစ် လေးလုံးစပ်ကာရန်သည် ကဗျာဝါကျ ဖော်ကျူးနိုင်သည်သာမက ထိုဝါကျများ သည် ဖွဲ့ထုံးစည်းကမ်းများနှင့်အညီ စနစ်တကျဖွဲ့ထားသော ဝါကျများဖြစ်ကြောင်း ထင်ရှား သိသာပါသည်။ ထို့ပြင် **စာဆို့အခွင့်ထူး**[၁] အရ ပုံမှန်အတိုင်း မဟုတ်ဘဲ သွေဖည်ရေးဖွဲ့သော ဝါကျ ဖွဲ့ပုံမျိုးလည်း ပါဝင်နိုင်ပါသည်။

မောင်ခင်မင်(ဓနုဖြူ)က

> “သွေဖည်သည်ဆိုရာ၌ ထိုဘာသာစကား၏ ဖွဲ့ထုံးစည်းကမ်းဘောင်ကို ကျော်လွန်ပြီး ပရမ်းပတာ ရေးချင်သလိုရေးသော သွေဖည်မှုမျိုးကား မဟုတ်ပါ။ စာဖတ်သူ က မှန်မှန်ကန်ကန် အဓိပ္ပာယ် ကောက်နိုင်လောက်သော သွေဖည်မှုမျိုးသာ ဖြစ်ပါသည်”[၂]

ဟု ဆိုထားပါသည်။

[၁] poetry licence

[၂] ခင်မင်၊ **မောင်**(ဓနုဖြူ)၊ ၁၉၉၇၊ ၃၂။

စာဆို့အခွင့်ထူးနှင့်ပတ်သက်၍ ကက်သရင်းမိုနာနှင့်ရက်ရပ်တို့က

> "ကဗျာတစ်ပုဒ် ပီပြင်စွာ ဖြစ်ပေါ်လာရန်အတွက် ပုံမှန်စကားလုံး အစီအစဉ်များကို ပြင်ခြင်း၊ အသံထွက် တစ်မျိုးတစ်မည်ဖြစ်စေခြင်း၊ အမြင်ကာရန်များ ဖန်တီးခြင်း၊ ပေါရာဏစကားလုံးများ အသုံးပြုခြင်း၊ စကားလုံးအသစ်များ တီထွင်ခြင်းတို့သည် လွတ်လပ်စွာ ဖန်တီး ရေးဖွဲ့လေ့ရှိသော ကဗျာဆရာတို့တွင် ရှိသည့် လိုင်စင်ပင် ဖြစ်သည်"[၁]

ဟု ဆိုပါသည်။

ကဗျာတွင် အသံကို ငဲ့၍လည်းကောင်း၊ အနက်ကို ငဲ့၍လည်းကောင်း ဝါကျတွင်းမှ ပုဒ်တို့၏နေရာကိုရွှေး၍ ဖွဲ့တတ်ကြသည်။ ထိုသို့ဖွဲ့သောကြောင့် ကဗျာသည် ပို၍ အသံလွင်မှု၊ ကာရန်ညီမှု၊ အနက်ပေါ်လွင်မှုတို့ ရှိတတ်ပါသည်။

ကြိယာတစ်ခုမကပါသော ဝါကျများတွင် အထူးပြုပုဒ်စုများကို လိုအပ်ချက် အလိုက် နေရာပြောင်း၍ ရှေ့ထားသင့်သည်ကို ရှေ့ထား၊ နောက်ထားသင့်သည်ကို နောက်ထားသည်။ လေးနက်မှု အကျိုးအများဆုံးဖြစ်ထွန်းအောင် စကားရှေ့နောက် အစီအစဉ်ကို ကိုင်တွယ်ထားသည်။ ကဗျာစာဆိုတို့သည် ကာရန်အသံတို့ကို ငဲ့ကွက်ရန် လိုအပ်လာလျှင် ဝါကျဖွဲ့ပုံစည်းကမ်းကို စံသွေပြီး ပုဒ်များကို နေရာပြောင်း၍ ရေးဖွဲ့လေ့ရှိကြသည်။ မြန်မာဘာသာစကားတွင် ကြိယာ ဝိသေသနနှင့် အဆုံးသတ်သော ဝါကျဖွဲ့ပုံမျိုး မရှိပါ။

လက်ဝဲသုန္ဒရ၏ 'မဲဇာတောင်ခြေ' ရတုတွင် "တည့်မွန်းချိန်နေ၊ ရောက်လာစေဟု၊ စေ့ရေ လှည့်လည၊ တလျက်မြည်သည်၊ နေခြည်ဖြာမှန္တေးသောကြောင့်" ဟူ၍ အကြောင်းပြ ကြိယာဝိသေသနနှင့် ဝါကျကို အဆုံးသတ်ထားသည်။ အမိပွာယ် ကောက်ရာတွင် နေခြည်ဖြာမှန္တေးမည် ဖြစ်သောကြောင့် မြန်မြန် မွန်းတည်ပါစေဟု တမ်းတဆိုမြည်ရပါသည် ဟူ၍ ထိုကြိယာဝိသေသနကို ရှေ့သို့ပို့ပြီး အမိပွာယ် ကောက်ရပေမည်။

ထို့အတူ နတ်ရှင်နောင်၏ 'တစ်သောင်းရှစ်ပြန်' ချီရတုတွင် "ထိန်းယရွှေဘော်၊ လျှောက်ပါသော်လည်း၊ နားတော်မညွတ်၊ ဆင်းကြာနတ်သည်၊ နတ်လွှတ်မပါ မြွက်သောကြောင့်"[၂] ဟူသော အဖွဲ့၌ အကြောင်းပြ ကြိယာဝိသေသနနှင့် ဝါကျကို

---

[၁] Morner, Kathleen and Routh, Ralph, 1988, 169.

[၂] နတ်ရှင်နောင်၊ ၁၉၆၆၊ ၆။

အဆုံးသတ်ထားသည်။ အဓိပ္ပာယ်ကောက်ရာ တွင် ကြိယာဝိသေသနကို ရှေ့သို့ပို့၍ အဓိပ္ပာယ်ကောက်ရပေမည်။

တစ်ဖန် 'ပေါ်နွေလလျှင်'ချီ ရတုတွင်လည်း "ကြာညွတ်ဖယောင်း၊ နေရှိန်ပြောင်းသို့၊ ဆင့်လောင်းလွမ်းဝှန်၊ ရှိလိမ့်ဟန်ကို၊ တိမ်စွန်လေလျှင်၊ ဖူးရောက်ချင်သည်၊ ငှက်သွင်ပျံကြွမတတ် သော" [၁] ဟူ၍ အကြောင်းပြကြိယာဝိသေသနနှင့် ဝါကျအဆုံးသတ်ထားသည်။ ကဗျာစာဆိုတို့သည် ကာရန်၊ အသံတို့ကို ငဲ့ကွက်ရန်လိုအပ်လာလျှင် ဝါကျဖွဲ့ပုံစည်းကမ်းကို စံသွေပြီး ပုဒ်များကို နေရာပြောင်း၍ရေးဖွဲ့ခြင်းဖြင့် ဆိုလိုချက်ကို ပို၍ထင်ရှားစေသည်။ မှတ်မိစွဲမြဲစေသည်။ ကဗျာစာဆိုဖော်ပြလိုသော ခံစားမှုအလှကို ပို၍ပေါ်လွင်စေပါသည်။

## ခြုံငုံသုံးသပ်ချက်

လေးလုံးစပ်ကဗျာ ဆိုသည်မှာ လေးလုံးတစ်ပဒ ရေးသား ဖွဲ့ဆိုထားသော ကဗျာဖွဲ့မျိုး ဖြစ်သည်။ ကဗျာသည် စကားလုံးများကို စီစဉ် ပြုလုပ်ထားသော ဘာသာစကားကွက်တစ်ကွက် ဖြစ်သည့်အလျောက် ကဗျာတွင်ပါသော စကားလုံးများသည် အကောင်းဆုံးများဖြစ်သည်ဟု ယူဆရသည်။ စကားလုံးတစ်လုံးကတည်းက တစ်ချိန်ထဲမှာပင် အလုပ်သုံးလုပ်ကို တစ်ပြိုင်နက် လုပ်ဆောင်သည်။ စကားလုံးသည် အသံပြုရသည်။ အနက်အဓိပ္ပါယ်ဆောင်ရသည်။ သဒ္ဒါ၏ဝန် ဝါကျဖွဲ့ထုံး၏ဝန်ကို ထမ်းရသည်။

ကဗျာတွင် ဆက်စပ်သောစကား၊ စကားလုံးအစီအစဉ်၊ ဝါကျဖွဲ့ပုံ၊ ချစ်ခါ တစ်ရံ ကြိယာကိုပင် ကဗျာဖတ်သူကဖြည့်စွက်၍ အဓိပ္ပါယ်ဖော်ယူရသည်။ လေးလုံးစပ်ကဗျာစာဆိုသည် စကားလုံးများဖြင့် ဝါကျကို တည်ဆောက်ရာတွင် သတ်မှတ်သော သဒ္ဒါနေရာများကို အသုံးမပြုဘဲ အဓိကစကားလုံးများကိုသာ ရွေးချယ်ဖော်ထုတ်ထားခြင်းဖြင့် အနက်အဓိပ္ပါယ်ကို ကဗျာဖတ်သူ ဟုစိတ်ထဲ၌သာ ပေါ်စေနိုင်သည်။ ဤသို့ဖြင့် အဆင့်ဆင့်ပွားသွားသော အနက်များကို လိုအပ် သလိုဖော်ကျူးနိုင်သည်။

ကဗျာသည် ဘာသာစကားကို အသုံးပြု၍ ရေးဖွဲ့ရသော အနုပညာပစ္စည်းဖြစ်သည်။ ကဗျာရေးသူ၏ စိတ်ကူးဉာဏ်စွမ်း ရှိသလောက် ဘာသာစကားကို လွတ်လပ်စွာ ရေးဖွဲ့နိုင်သည့်အခွင့် ရှိပါသည်။ ဘာသာစကား၏ အစိတ်အပိုင်းများ

---

၁ –ယင်း–။

ဖြစ်သော သဒ္ဒါနှင့်အနက်အဓိပ္ပာယ်တို့ သုံးရိုးသုံးစဉ်အတိုင်း အသုံးမပြုဘဲ သွေဖည် လိုက်ခြင်းဖြင့် စာဖတ်သူအား ထူးထူးခြားခြား သတိ ပြုမိသွားစေသည်။

ကဗျာရေးသူတို့သည် ကာရန်ကို ငဲ့၍ဖြစ်စေ၊ စကားလှပစေရန်ဖြစ်စေ၊ အဓိပ္ပာယ်ထူးခြား လေးနက်စေလို၍ဖြစ်စေ စကားလုံးဖွဲ့ပုံ သွေဖည်ရေးဖွဲ့လေ့ ရှိပါသည်။ စကားလုံးဖွဲ့ပုံ သွေဖည်ရာတွင် ဖွဲ့ရိုးဖွဲ့စဉ်မဟုတ်ဘဲ စကားလုံး အစိတ် အပိုင်းများကို အစီအစဉ်ပြောင်းခြင်း၊ စကားလုံးကြားထိုး၍ ဖွဲ့ခြင်းတို့ကို တွေ့ရသည်။ စကားလုံးတို့၏ 'စံ' ကို သွေဖည်ရေးဖွဲ့ရာ၌ ကဗျာအဓိပ္ပာယ်ထက် ကဗျာရေးသူ၏ အရေးအသားကျွမ်းကျင်နိုင်နင်းမှုကို ပိုမိုဖော်ပြနိုင်စွမ်း ရှိသူကိုတွေ့ရပါသည်။

ကဗျာရေးသူတို့သည် ဆိုလိုချင်သော အဓိပ္ပာယ်ကို ထူးခြားပေါ်လွင်စေရန် အစဉ်အလာ သဒ္ဒါ ဝါကျဖွဲ့ပုံမှ သွေဖည်သော ဝါကျများကို ကဗျာတွင် ထည့်သွင်း ရေးဖွဲ့လေ့ ရှိကြသည်။ ဝါကျသွေဖည်မှုကို လေ့လာရာတွင် ပုဒ်အထားအသို သွေဖည် ခြင်း၊ မပြည့်စုံဝါကျများ တည်ဆောက်ခြင်းတို့ကို တွေ့ရပါသည်။ ပုဒ်အထားအသို သွေဖည်ရေးဖွဲ့ရာ၌ အလေးပေးလိုသော အချက်ကို ဝါကျအစိတ်အပိုင်း အသီးသီး၌ သင့်တော်သလို ဖော်ပြခြင်းဖြင့် သွေဖည်မှုသဘော ဖြစ်စေပါသည်။

## နိဂုံး

လေးလုံးစပ်ကဗျာများ၏ သဒ္ဒါကို ရေးဟန်ရှုထောင့်မှ လေ့လာရာတွင် စကားလုံးများ၊ ပုဒ်များ၊ ဝါကျများစသည့် ဘာသာစကား အစိတ်အပိုင်းများကို ခွဲခြမ်း စိတ်ဖြာလေ့လာရုံ သက်သက်မျှ မဟုတ်ဘဲ ထိုအစိတ်အပိုင်းများကို ဆက်စပ် ပေါင်း စည်း သရုပ်ဖော်ခြင်းဖြင့် ထိုစာပေအဖွဲ့တို့၏ အရည်အသွေးများကို ဖော်ထုတ်နိုင် ပါသည်။ ထိုစာတစ်ပုဒ်လုံး ပုံပေါ်အောင် စာဆိုက ဘာသာစကားရှိ အစိတ်အပိုင်းများ ကို မည်သို့ရွေးချယ် ပုံဖော်ထားပုံကို အသေးစိတ် သိမြင်ရပြီး ထိုစာ၏ ကောင်းကွက် လှကွက် များကို ထိုးထွင်း သိမြင်လာတတ်ပါသည်။ သာမန် နှစ်သက် သဘောကျမှု မျိုးထက် ပို၍လေးနက်သော နှစ်သက်သဘောကျမှုမျိုး ပေါ်ပေါက် လာမည်ဖြစ်သည်။ ထိုနှစ်သက်မှုသည် အပေါ်ယံလျှပ်၍ သိမြင်မှုမှရသော နှစ်သက်မှုမျိုးမဟုတ်ဘဲ ကိုယ်တိုင် ခွဲခြမ်းစိတ်ဖြာပြီး အသေးစိတ်သိမြင်မှုမှရသော နှစ်သက်မှုမျိုး ဖြစ်နိုင်သည့် အတွက် လေးနက်ရပါသည်။

လေးလုံးတစ်ပဒကဗျာစပ်နည်းသည် မူသေတင်းတင်းတောင့်တောင့် မဟုတ်ပဲ ပျောင်းညွတ် ပြုပြင်လွယ်သော သတ္တိအခြေခံကိန်းဝပ်နေသော စပ်နည်းဖြစ်ကြောင်း တွေ့ရပါသည်။ သို့ဖြစ်၍ လေးလုံးစပ်ကဗျာဖွဲ့စပ်နည်းမှ ဆက်လက် ချဲ့ထွင်လာခဲ့ကြ သဖြင့် မြန်မာကဗျာ ဖွံ့ဖြိုးတိုးတက်လာခဲ့ရပါသည်။

## ကျမ်းကိုးစာရင်း


ကန်တော်မင်းကျောင်းဆရာတော်။ (၁၂၆၂)။ ***လောကသာရပျို့***။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

ခင်စော၊ **ဒေါ်** (မဟာဝိဇ္ဇာ) (တည်းဖြတ်သူ)။ (၁၉၅၈)။ ***စပ်ဆိုတော်မူသော စတုဓမ္မသာရကိုးခန်းပျို့***။ ရန်ကုန်၊ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်။

ခင်မင်၊ **မောင်** (ဓနုဖြူ)။ (၁၉၈၇)။ ***မြန်မာစကား မြန်မာစာရုပ်ပုံလွှာ***။ ရန်ကုန်၊ စာပေဗိမာန်။

ခင်မင်၊ **မောင်** (ဓနုဖြူ)။ (၂၀၁၁)။ ***ရေးဟန်ပညာနိဒါန်း***။ ရန်ကုန်၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်။

ချမ်းမြ၊ **ဦး**။ (၁၉၆၁။ ***ကဗျာယဉ်စာယဉ်လက်ရွေးစင်***။ ရန်ကုန်။

တာရာ (ဒဂုန်–)။ (၁၉၇၀)။ ***စာပေသဘောတရား၊ စာပေဝေဖန်ရေး၊ စာပေလှုပ်ရှားမှု***။ ရန်ကုန်၊ နံ့သာ ပုံနှိပ်တိုက်။

နတ်ရှင်နောင်။ (၁၉၆၆)။ ***ရတုပေါင်းချုပ်***။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

ဘုန်းနိုင် (တက္ကသိုလ်–)။ (၂၀၁၂)။ ***လီရနာ၊ ဂင်္ဂါ၊ ဧရာဝတီ***။ ရန်ကုန်၊ ကံ့ကော်ဝတ်ရည်စာပေ။

မဟာရဋ္ဌသာရ၊ (ရှင်)။ (၁၂၇၆)။ ***ဘူရိဒတ်ဇာတ်ပေါင်းခန်းပျို့***။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

မုဒုလက္ခဏာပျို့။ (၁၉၆၀)။ ရန်ကုန်ဟံသာဝတီပုံနှိပ်တိုက်။

မင်းသုဝဏ်။ (၁၉၆၈)။ ***ကဗျာရေးချင်စာစပ်သင်***။ ရန်ကုန်၊ စာပေဗိမာန်။

မြဇင်။ (၁၉၈၃)။ ***မြန်မာကဗျာဖွဲ့ပုံနှင့် တင်ပြပုံ***၊ မြန်မာကဗျာစာတမ်း ဒုတိယအတွဲ။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၀၈)။ ***မြန်မာအဘိဓာန်*** ။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

ရှင်ထွေးညို။ (၁၂၈၂)။ ***ပြည်စုန်မော်ကွန်း***။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်

ရွှန်း၊ ဦး ။ (၁၉၇၈)။ ***ဥမ္မာဒန္တီပျို့***။ ရန်ကုန်၊ မြန်မာနိုင်ငံသုတေသနအသင်း။

လှသမိန်။ (၁၉၆၆)။ ***စာပေအနုပညာ***။ ရန်ကုန်၊ ဥဒေါင်းစာပေတိုက်။

ဥတ္တမကျော်၊ (ရှင်)။ (၁၃၂၉)။ ***တောလားများ***။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

# လေးလုံးစပ်ကဗျာများ၏ သဒ္ဒါဖွဲ့စည်းပုံကို ရေးဟန်ရှုထောင့်မှ လေ့လာဆန်းစစ်ခြင်း

**မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့**

**ဆယ့်ခုနစ်ကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲအတွက် တင်သွင်းသည့်စာတမ်း**

**ဒေါက်တာမာလာဦး**

BA (Hons), MA, PhD, Dip In English

**တွဲဖက်ပါမောက္ခ**

**မြန်မာစာဌာန၊ မုံရွာစီးပွားရေးတက္ကသိုလ်**

**၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ (၂၇) ရက်**

*J. Myanmar. Acad. Arts Sci. 2018* **Vol. XVI. No. 7**

# ကြည်အေး၏ကဗျာ့စိတ်ကူးနှင့်အရေးအဖွဲ့

သန်းသန်းဆွေ *


## စာတမ်းအကျဉ်း

ဤစာတမ်းသည် စာရေးဆရာမ ကြည်အေး၏ ကဗျာစိတ်ကူးနှင့် အရေးအဖွဲ့ကို လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ ထိုစာတမ်းတွင် ရသစာပေ၏သဘော ကဗျာ့သဘော၊ ကဗျာ၏ အကျိုးတရားများကို လေ့လာတင်ပြထားပါသည်။ တင်ပြရာတွင်လည်း အခန်း (၃)ခန်း ခွဲကာ တင်ပြထားသည်။ အခန်း(၁) **ကြည်အေး၏အတ္ထုပ္ပတ္တိ**၊ အခန်း(၂)**ကဗျာ့သဘော**၊ အခန်း(၃) **ကြည်အေး၏ ကဗျာ့စိတ်ကူးနှင့် အရေးအဖွဲ့**တို့ ဖြစ်ပါသည်။ ကဗျာ့စိတ်ကူးတွင် ကြည်အေး၏ ကဗျာများထဲမှ **"နှုတ်ဆက်သွားသူ"**၊ **"အချည်းနှီးပိတောက်"**၊ **"စပယ်မနာလိုတော့သည်"** ကဗျာ(၃)ပုဒ်ကို ရွေးချယ်၍ လေ့လာတင်ပြထားပါသည်။


## နိဒါန်း

စာရေးဆရာမ ကြည်အေးသည် ဝတ္ထုရှည်၊ ဝတ္ထုတို၊ဆောင်းပါး၊ကဗျာနှင့် ဘာသာပြန်များကို ရေးဖွဲ့ခဲ့သူဖြစ်သည်။ မြန်မာစာပေလောကတွင် ကြည်အေး၏ ဝတ္ထုနှင့် ကဗျာများသည် အထူးထင်ရှားကျော်ကြားသည်။ ထိုသို့ထင်ရှားရခြင်းသည် ကြည်အေး၏ လောကအမြင် ဆန်းကြယ်မှု၊ ထက်မြက်မှုနှင့် ထိုလောကအမြင်ကို ပြန်လည် တင်ပြရာတွင် တင်ပြပုံ စိတ်ကူးစိတ်သန်း ထူးခြားဆန်းကြယ်မှုတို့ကြောင့် ဖြစ်ပါသည်။ ကြည်အေး၏ ကဗျာများကို ဖတ်ရတိုင်းမည်သည့်ကဗျာမဆို ခံစားမှုအမြင် ထူးခြားနေတတ်ပါသည်။ မြင်နေကြတွေ့နေကြ အကြောင်းအရာ ဖြစ်သော်လည်း ကြည်အေးမြင်ပြပုံ၊ တွေးပြပုံတို့သည် အခြားသူများနှင့်မတူဘဲ ထူးခြားနေတတ်ပါသည်။ သိမ်မွေ့နူးညံ့နေတတ်သည်။ ထို့ပြင် စကားသုံးနှုန်းပုံကို ကြည့်လျှင်လည်း စကားလုံးများကို ရွေးချယ်သုံးနှုန်းပုံ ဖွဲ့စည်း ဆက်စပ်ယူပုံတို့မှာ တစ်မူထူးခြားနေပြန်ပါသည်။ စာဖတ်သူတို့သည် ကြည်အေး၏စာကို ဖတ်ရတိုင်း စိတ်ကူးအသစ်၊ စကားအသုံးအနှုန်း အသစ်များကိုခံစားရမြဲဖြစ်သည်။ ထိုထက် ပို၍ ထူးခြားချက်မှာ ကဗျာဖတ်သူအနေနှင့် ကြည့်လျှင်စာဆို၏ အတွေးစိတ်ကူးတစ်မျိုး ဆန်းနေသည့်အတွက် ဖြစ်နိုင်မှု

* ဒေါ်၊ ကထိက၊ မြန်မာစာဌာန၊ ဟသ်ာတတက္ကသိုလ်

ရှိ၊ မရှိကို တွေးတောကြရသည်။ မိမိတွေးနေကြ အတွေးနှင့် မတူသည့်အတွက်လည်း ညှိနှိုင်းကြည့်ရသည်။ ထိုသို့မတူသည့်တိုင် စာဆို၏ အနုပညာ ဖန်တီးမှုကြောင့် နောက်ဆုံးတွင် နှစ်သက်ကြရသည်သာ ဖြစ်သည်။

ထိုသို့ကြည်အေး၏ကဗျာများမှ ရသခံစားမှုပေးစွမ်းပုံ၊ အတွေးအမြင် နက်နဲ သိမ်မွေ့ပုံတို့၊ အသုံးအနှုန်းဆန်းသစ်နေပုံတို့ကို စာဖတ်သူတို့ တွေးသိမြင်မိစေရန် ကျွန်မသည် **"ကြည်အေး၏ ကဗျာ့စိတ်ကူးနှင့် အရေးအဖွဲ့"** စာတမ်းကို ရေးသား ရခြင်းဖြစ်ပါသည်။

ထိုစာတမ်းကို ရေးသားရာတွင် ဆရာဦးရွှေအောင်၏ "ရသစာပေ၏ ရသ"၊ ဒဂုန်တာရာ၏ "အလှဗေဒ"၊ တက္ကသိုလ်ဘုန်းနိုင်၏ **"ခပ်သိမ်းကလျာရှုဘွယ်သာတည်း"**၊ **"လီရနာ ဂင်္ဂါရောဝတီ၊"** (ကဗျာနိယာမနှင့်သင်္ခါရ)၊ ဇေယျ၏ **"ကဗျာလင်္ကာ၊ ဇေယျဆောင်းပါးပေါင်းချုပ်"**၊ ဆရာကြီးမောင်ခင်မင် (ဓနုဖြူ)၏ **"ဘာသာနှင့်စာပေ၊ စာပေနှင့်ဘာသာ"** စာအုပ်များကို လေ့လာဖတ်ရှုခဲ့ပါသည်။

ထို့ပြင်ဤစာတမ်းတွင် ကြည်အေး၏ကဗျာများနှင့် သက်ဆိုင်သော ကဗျာ့ သဘောတရား၊ ရသသဘောတရားနှင့် ကဗျာဖန်တီးပုံအတတ်ပညာများကို ထုတ်နုတ် လေ့လာ တင်ပြထားပါသည်။

ကြည်အေး၏ကဗျာများကို လေ့လာသည့်အပိုင်းတွင်မူ "နှုတ်ဆက်သွားသူ"၊ "အချည်းနှီးပိတောက်"၊ "စပယ်မနာလိုတော့သည်" ကဗျာ (၃)ပုဒ်ကို ရွေးချယ်၍ စိတ်ကူးနှင့် အရေးအဖွဲ့အပိုင်းမှ တင်ပြထားပါသည်။

## ၁။ ကြည်အေး၏အတ္ထုပ္ပတ္တိအကျဉ်း

ကြည်အေး၏အမည်ရင်းမှာ ဒေါ်ကြည်ကြည်(ခေါ်) ဒေါ်သောင်းကြည် ဖြစ်ပါသည်။ ကြည်အေးကို ဦးဟန်နှင့် ဒေါ်ငွေယုန်တို့မှ ၁၉၂၉ ခုနှစ်၊ ဒီဇင်ဘာလ(၁၃)ရက်တွင် ရန်ကုန်၊ လှည်းတန်းလမ်း၌ မွေးဖွားခဲ့သည်။

ဒုတိယတန်းရောက်သောအခါ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်၍ စစ်ဘေးမှကင်း လွတ်ရာ တောရွာများတွင် ခိုလှုံခဲ့ရသည်။ စစ်ပြီးသည့်အခါတွင် နေအိမ်ဗုံးဒဏ်သင့် မီးလောင်၍ အိမ်ပြန်ဆောက်စဉ် ရွှေတိဂုံဘုရားခြေရင်း၊ ဗဟန်းတွင် ခိုလှုံခဲ့သည်။ စစ်ပြေးနေစဉ် ဂရမ္မာဆရာကြီး မစ္စတာမေထျာထံ အင်္ဂလိပ်စာ သင်ကြားခဲ့သည်။ ကွမ်းခြံကုန်းတွင် နေစဉ် စာပေဗိမာန်အဖွဲ့က ဖွင့်လှစ်သည့် သုံးလသင်တန်းတွင်

ဦးဝန်(မင်းသုဝဏ်)ထံမှ မြန်မာစာ၊ ဦးအုန်းဖေ(ဆရာတက်တိုး)ထံမှ သမိုင်း၊ သိပ္ပံ၊ သင်္ချာ စသည်များကိုသင်ယူခဲ့သည်။

စစ်ကြီးပြီးသော်ရန်ကုန်အိမ် ဗုံးဒဏ်သင့်၍နေစရာမရှိသဖြင့် ကွမ်းခြံကုန်းတွင် ဆက်လက်နေထိုင်ခဲ့သည်။ ရန်ကုန်ရောက်၍ ကျောင်းနှစ်နှစ်မျှနေပြီး ၁၉၄၇ ခုနှစ်တွင် ဆယ်တန်းဖြေဆိုသည့်အခါ အင်္ဂလိပ်စာဂုဏ်ထူး ထွက်သော်လည်း ကြည်အေးရေးသည့် မြန်မာစာကို စာစစ်သူများမကြိုက်သဖြင့် အောင်ရုံသာ အောင်ခဲ့သည်။ သို့သော် မြန်မာတစ်နိုင်ငံလုံး အတော်ဆုံးနှင့် အောင်မှတ်အကောင်းဆုံး ဆယ်ဦးတွင်မူ ကြည်အေး ပါဝင်ခဲ့သည်။ ၁၉၄၇ခုနှစ်၊ တာရာမဂ္ဂဇင်း၊ အတွဲ(၁)၊ အခန်း(၄)တွင်'ထိုည' ဝတ္ထုတိုဖြင့် စာပေ နယ်သို့ စတင်ဝင်ရောက်ခဲ့သည်။

၁၉၄၈ ခုနှစ်တွင် ဆေးကျောင်းမှထွက်ပြီး ရန်ကုန်တက္ကသိုလ်သို့ ရောက်ကာ ဝိဇ္ဇာ စာမေးပွဲကို အောင်မြင်ခဲ့ပါသည်။ ၁၉၅၃ ခုနှစ်တွင် ဘဏ်မန်နေဂျာ ဦးတင်မြင့်နှင့် လက်ထပ်ခဲ့သည်။ ၁၉၆၁ခုနှစ်တွင် ဗြိတိန်နိုင်ငံ ဘီဘီစီအသံလွှင့်ဌာန၌ တစ်နှစ်အလုပ် လုပ်ခဲ့သည်။ ၁၉၆၂–၆၃ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၊ အင်္ဂလိပ်စာဌာန၌ နည်းပြအဖြစ် အမှုထမ်းခဲ့သည်။ ၁၉၆၅ခုနှစ်တွင်ဆေးပညာကို ပြန်လည်သင်ယူခဲ့သည်။ ၁၉၆၈ခုနှစ်တွင် ဆရာဝန်ဖြစ်ခဲ့သည်။

ထို့ပြင်ကြည်အေးသည် ပြင်သစ်၊ ဂျာမန်စာများ သင်ကြားခဲ့ပြီး ၁၉၇၂ ခုနှစ်၊ ဒီဇင်ဘာလတွင် အမေရိကန်ပြည်ထောင်စုသို့ ထွက်ခွာခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် ခင်ပွန်း ကွယ်လွန်ခဲ့သည်။ အမေရိကန်ပြည်ထောင်စု၌ မိသားစုနှင့်ကလေး စိတ်ကျန်းမာရေးဘွဲ့ တက်ရောက် အောင်မြင်ခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် အနားယူပြီး အမေရိကန်ပြည်ထောင်စု၊ အိုဟိုင်းယိုးပြည်နယ်တွင် နေထိုင်ခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် ကားမတော်တဆတိုက်မိခဲ့ပြီး ဆေးရုံအတန်ကြာတက်ခဲ့သည်။ လက်နှစ်ဖက်နှင့်ဘယ်ဘက်ခြေထောက် ကျိုးသွားခဲ့သည်။ သို့သော်စာရေးသူ၏ စိတ်ဓါတ်ကြံ့ခိုင်မှုကြောင့် ပြန်လည် ကောင်းမွန်ခဲ့သည်။

ကြည်အေးရေးသားခဲ့သော ကဗျာ (ပေါင်းချုပ်)ကို အားမာန်သစ်စာပေက လက်ရွေးစင် ထုတ်ဝေမှုအစီအစဉ် (၃)ဖြင့် ထုတ်ဝေခဲ့ပါသည်။ အမှာစာကို ဒဂုန်တာရာနှင့် ထင်လင်းတို့က ရေးသားထားပါသည်။ ကဗျာပုဒ်ရေပေါင်း (၁၀၁)ပုဒ် ပါဝင်ပါသည်။ ၁၉၄၇ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ တာရာမဂ္ဂဇင်း၊ ပဒေသာမဂ္ဂဇင်း၊ ရှုမဝမဂ္ဂဇင်း၊ သွေးသောက်မဂ္ဂဇင်း၊ ပေဖူးလွှာနှင့် မြဝတီမဂ္ဂဇင်းတွင် ရေးသားခဲ့သော ကဗျာများကို တစ်စုတစ်စည်းတည်း ပုံနှိပ်ထုတ်ဝေ ထားခြင်းဖြစ်ပါသည်။

စာဆိုရေးသားခဲ့ပြီးသောကဗျာများအဖြစ် ၁၉၄၇ ခုနှစ်တွင် (၁)ပုဒ်၊ ၁၉၄၉ ခုနှစ် တွင် (၈) ပုဒ်၊ ၁၉၅၀ခုနှစ်တွင် ကဗျာ(၁)ပုဒ်၊ ၁၉၅၂ ခုနှစ် ရေးသားခဲ့သော ကဗျာ (၃)ပုဒ်၊ ၁၉၅၂ ခုနှစ် ရေးသားခဲ့သည့် ကဗျာ (၆)ပုဒ်၊ ၁၉၅၅ ခုနှစ်တွင် (၃)ပုဒ်၊ ၁၉၅၇ ခုနှစ်တွင် ရေးသားခဲ့သော ကဗျာ(၁)ပုဒ်၊ ၁၉၆၂ ခုနှစ်တွင် ရေးခဲ့သော ကဗျာ(၂)ပုဒ်၊ ၁၉၆၉ ခုနှစ်တွင်ရေးသား ခဲ့သောကဗျာ(၄)ပုဒ်၊ ၁၉၇၀ခုနှစ်တွင် ရေးသားခဲ့သော ကဗျာ(၆)ပုဒ်၊ ၁၉၇၁ခုနှစ်တွင်ရေးသားခဲ့သော ကဗျာ(၉)ပုဒ်၊ ၁၉၇၂ ခုနှစ်တွင် ရေးသားခဲ့သော ကဗျာ(၁၂)ပုဒ်၊ ၁၉၇၃ခုနှစ်တွင်ရေးသားခဲ့သော ကဗျာ (၆)ပုဒ်၊ ၁၉၇၄ ခုနှစ်တွင် ရေးသားခဲ့သော ကဗျာ (၁)ပုဒ်၊ ၁၉၈၈ ခုနှစ်တွင် ရေးသား ခဲ့သော ကဗျာ(၂)ပုဒ်၊ ၁၉၈၉ ခုနှစ်တွင် ရေးသားခဲ့သော ကဗျာ(၂)ပုဒ် တွေ့ရှိရပါသည်။ ထုတ်ဝေသည့်ခုနှစ်မပါ မဂ္ဂဇင်းများအမည်သာပါသော ကဗျာ (၁၃)ပုဒ်နှင့်၊ ခုနှစ်သာမက မဂ္ဂဇင်းအမည်ပါ ဖော်ပြထားခြင်းမရှိသော ကဗျာ(၁၃)ပုဒ် ကို တွေ့ရပါသည်။ ယင်းတို့မှာ ညအစိမ်း(စာ–၁၇၃)၊ မသိစိတ်နှင့် အိမ်မက်ခြင်း (စာ–၁၇၄)၊ အိပ်မက်မောသူ(စာ–၁၇၈)၊ တမ်းတစိတ်(စာ–၁၇၉)၊ မေ့မည်ထင်သည် (စာ–၁၈၃)၊ နှုတ်ဆက်သူ(စာ–၁၈၅)၊ ရာသီပြောင်း(စာ–၁၈၇)၊ ယုံမှားသူသံသရာ (စာ–၁၈၉)၊ တရေးနိုးသူ(စာ–၁၉၁)၊ ငိုတော့မေရယ်(စာ–၁၉၃)၊ အချည်းနှီးပိတောက် (စာ–၁၉၄)၊ စပယ်မနာလို တော့သည်(စာ–၁၉၆) တို့ဖြစ်ပါသည်။

ထို့ပြင် ကြည်အေးသည် ကဗျာများအပြင် ဘာသာပြန်ဝတ္ထုတိုများ ပုံပြင်များ နှင့် ဝတ္ထုရှည်နှစ်အုပ် ပြန်ဆိုရေးသားခဲ့သည်။ 'မမိုးသူ' ကလောင်ခွဲဖြင့် အင်္ဂလိပ် ဘာသာပြန် ဆောင်းပါးများ ရေးသားခဲ့သည်။

ကြည်အေးသည် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ရက် အသက် (၈၇) နှစ်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကွယ်လွန်ခဲ့ပါသည်။

## ၂။ ကဗျာ့သဘော

ကဗျာအပါအဝင် အနုပညာပစ္စည်းတစ်ရပ်ကို ဖန်တီးရာ၌စာရေးသူနှင့်စာဖတ်သူ ဟူ၍ (၂)ပိုင်းရှိပါသည်။ စာရေးသူအပိုင်းမှာ ဖန်တီးသူအပိုင်းဖြစ်သည်။ စာဖတ်သူအပိုင်း သည် ခံစားသူအပိုင်းဖြစ်သည်။ ကဗျာစာဆိုသည် လောကဝန်းကျင်၌ ကျင်လည်ရင်း သဘာဝ အလှတရားကိုခံစားရှုကြည့်ရင်း ခံစားမှုဖြစ်လာသည်။ ထိုခံစားမှုမှ တစ်ဆင့် လောကအမြင်များ ရရှိလာတတ်သည်။ ထိုမှတစ်ဆင့်စာဖတ်သူတို့ကို သူလိုခံစားစေ လိုသော စေတနာလောကအမြင် ထက်မြက်လာစေလိုသော စေတနာများ ကိန်းအောင်း လာတတ်သည်။ ထို စေတနာက နှိုးဆော်လိုက်သောအခါတွင် အာရုံစူးစိုက်ခံစားမှု အလေ့အကျင့်ရှိရန်နှင့် ထိုခံစားမှုနှင့် လောကအမြင်ကို ပြန်လည် ရေးဖွဲ့တင်ပြရန်

အနုပညာစွမ်းအားလည်း ရှိရပါသည်။ သို့မှသာ ကဗျာဖတ်သူတို့တွင် စာရေးသူ ခံစားရသည့် ခံစားမှုများကို တစ်ဆင့် ပြန်လည်ခံစားရမည်။ စာရေးသူပေးလိုသော အတွေးအမြင်များကို တစ်ဆင့် ပြန်လည်ရရှိ ကြရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ စာဖတ်သူ၌ တစ်ဆင့်ပြန်လည် ခံစားနိုင်ခြင်းကိုပင် ရသ မြောက်သည်ဟုဆိုပါသည်။ ထိုအကြောင်းနှင့်ပတ်သက်၍ **တက္ကသိုလ်ဘုန်းနိုင်**၏ **'ခပ်သိမ်း ကလျာရှုဖွယ်သာ တည်'** စာအုပ်တွင်

> "စာပေနှင့်အနုပညာနယ်ပယ်တွင် အလှဟူသောစကားကို သုံးလာကြသည်မှာ မကြာသေးပါ။ ရေးကတော့ကောင်းသည်။ ရသပေါ်သည်။ ဂုဏ်မြောက်သည်။ ဤသို့သာသုံးကြသည်။ အနောက်တိုင်း စာပေများကို ဖတ်လာကြသောအခါ အလှဟူသောစကားနှင့် ကျွန်တော်တို့ ရင်းနှီးလာကြသည်"[၁]

ဟုဆိုမိန့်ခဲ့ပါသည်။

> ရသစာပေတစ်ရပ်ကို ဖတ်ရှုခြင်းဖြင့် ရသမြောက်သဘောကိုပင် **ဒဂုန်တာရာ**က "အနုပညာ ဘာသာရပ်ကို ရသဗေဒ (သို့မဟုတ်) ခံစားမှုဗေဒ(သို့မဟုတ်) အလှဗေဒ စသည်ဖြင့် ခေါ်ကြသည်။ ယင်းစကားလုံးတို့၏ ပင်ရင်းအဓိပ္ပါယ် အားလုံးမှာ မကွဲမပြား တစ်ခုတည်းသာ ဖြစ်သည်"[၂]

ဟုဆိုခဲ့ပါသည်။ ထို့ကြောင့် စာပေတွင်သုံးသော အလှနှင့်ရသဟူသော သဘောမှာ အတူတူဖြစ်သည်မှာ ထင်ရှားပါသည်။

ရသစာပေဖြစ်သည့် ကဗျာတစ်ပုဒ်ကို ဖန်တီးရာတွင် စာရေးသူသည် ပတ်ဝန်းကျင် အတွေ့အကြုံ၊ အကြားအမြင်ပေါ်တွင် အမြင်ခံစားမှု အာရုံစူးစိုက်မှုရှိသင့်သည်။ ထိုခံစားမှုကို ပြန်လည်တင်ပြရန် စိတ်ကူးရုပ်ပုံကို စကားလုံးများဖြင့် ရေးဖွဲ့တင်ပြရပါသည်။ ထိုသို့ စိတ်ကူးနှင့်စကားလုံးတို့ ဆက်စပ်မှုရှိမှသာ ရသမြောက်ကဗျာ တစ်ပုဒ်အသွင် ဆောင်နိုင်မည်ဖြစ်သည်။ ထိုသဘောကို **တက္ကသိုလ်ဘုန်းနိုင်**က

> "စကားလုံးများ အလုပ်လုပ်ပုံကို လေ့လာ၍ နားလည်သူသည် စကားလုံးများကို လိုရာရောက်အောင် သုံးနှုန်းတတ်သည်။ မသုံးတတ်လျှင် ဒေါသခေါ် အပြစ်များဖြစ်လာပေမည်။ သုံးတတ်လျှင်မူ

---

[၁] ဘုန်းနိုင်၊(တက္ကသိုလ်-)၊၁၉၉၄၊၂၄-၂၅။
[၂] တာရာ၊ (ဒဂုန်-) ၊၂၀၀၄၊၁၂၁။

ဂုဏ်ဟုခေါ်သော အောင်မြင်မှုရရှိမည်။ အောင်မြင်မှု ဆိုသည်မှာလည်း နားထောင်သူစိတ်၊ စာဖတ်သူစိတ်၌ မိမိဖြစ်ပေါ်စေလိုသော ရသဟုခေါ်သည့် အထင်၊ အမြင်၊ ခံစားမှု တို့ကို ဖြစ်ပေါ်စေခြင်း ဖြစ်၏" [၁]

ဟုဖွင့်ဆိုထားပါသည်။

ထို့ပြင် အနုပညာပစ္စည်းတစ်ခု ဖြစ်သည့် ကဗျာလင်္ကာနှင့် ပတ်သက်ပြီး **ဇေယျ**က

"ကဗျာလင်္ကာသည် စကားပြေကဲ့သို့ နေ့စဉ်နေ့တိုင်းအရာရာတွင် အသုံးချ မရသည်မှာမှန်သော်လည်း လူတို့အတွက်မူ အဖိုးထိုက်တန်သည့် ရတနာတစ်ပါး ဖြစ်ကြောင်းကား ထင်ရှားစွာတွေ့မြင်နိုင်ပေသည်။ ကမ္ဘာပေါ်ရှိ တိုင်းကြီးပြည်ကြီးတို့ကို ကြည့်လျှင် ကဗျာလင်္ကာနှင့်ကင်းသည့် တိုင်းပြည် မရှိပေ။ မိမိအမျိုးဘာသာဆိုင်ရာ ကဗျာလင်္ကာများကို အမြတ်တနိုး သိမ်းဆည်း သိုမှီးထားကြလျှက် အဖိုးတန်ကဗျာ လင်္ကာကြီးများ တိုးပွားသည်ထက် တိုးပွားအောင် ပညာရှိအသီးသီးတို့သည် မဆုတ်မနစ်သောလုံ့လဖြင့် လေ့လာရေးသားလျက် ရှိကြပေသည်။"[၂]

ဟူ၍ ကဗျာ့တန်ဖိုးကို သိအောင်တင်ပြထားပါသည်။

မောင်ခင်မင် (ဓနုဖြူ)၏ ဘာသာနှင့်စာပေ၊ စာပေနှင့်ဘာသာ စာအုပ်တွင်မူ ကဗျာ့ သဘောနှင့် ပတ်သက်၍

"ကဗျာဟူသည် ဂရုတစိုက်ရွေးချယ်ထားသော စကားလုံးများကို အကောင်းဆုံး အစီအစဉ်ဖြင့် ဖွဲ့စည်းထားသော အရေးအဖွဲ့နှင့် အညီ ကဗျာဖတ်ခြင်းဖြင့် ဘာသာစကားအသုံးပြုမှု နားလည်မှု စွမ်းရည်များ ဖွံ့ဖြိုးတိုးတက် လာစေသည်။"[၃]

---

၁ ဘုန်းနိုင်(တက္ကသိုလ်)၊ ၁၉၉၄၊ ၂၄-၂၅။

၂ ဇေယျ၊ ၂၀၀၀၊ ၃၃။

၃ ခင်မင်၊ မောင်၊ (ဓနုဖြူ)၊ ၂၀၁၃၊၈၉။

ဟုဆိုထားပါသည်။ ထိုအဆိုအမိန့်အရ ကြည့်လျှင် ကဗျာဖွဲ့ရာတွင် စကားလုံးများကို ဖွဲ့စည်း စီစဉ်မှုသည် ဘာသာစကားအသုံးပြုမှုတွင် အရေးပါကြောင်း နားလည်လာရသည်။ ထို့ပြင် ကဗျာဖတ်ခြင်းနှင့်ပတ်သက်ပြီး

> "ကဗျာသည် စာဖတ်သူ၏တွေးခေါ်မှုကို နိုးကြားအောင် နှိုးဆွပေးသည်။ အလှအပ ရှုမြင်ခံစားမှု ပိုမို ထက်မြက်ကာ အရသာခံစားတတ်အောင် ပြုလုပ်ပေးသည်။ ထို့ပြင်ပို၍လည်း စူးစူးစိုက်စိုက်၊ နက်နက်ရှိုင်းရှိုင်း ခံစားတတ် အောင်ပြုလုပ်ပေးသည်။ စိတ်ကူးဉာဏ်ကိုလည်း တိုးပွားအောင် ပြုလုပ်ပေးသည်" [၁]

ဟုဆိုထားပါသည်။

ထိုအဆိုအမိန့်များအရ ကဗျာသည် ရေးသူနှင့်ဖတ်သူတို့အားလောကဝန်းကျင် အလှကိုပို၍ ခံစားတတ်အောင်နှင့် စိတ်ကူးဉာဏ် တိုးပွားရင့်ကျက်လာအောင် တင်ပြနိုင်စွမ်း ရှိရမည်ဟု နားလည်ရသည်။ ထို့ပြင်ကဗျာတစ်ပုဒ်ကို ဆန်းစစ်ရာတွင်လည်း ကဗျာဆရာသည် ရသခံစားမှုဖြစ်ပေါ်အောင် ဖန်တီးရေးဖွဲ့နိုင်စွမ်း ရှိ၊ မရှိကို လည်းကောင်း၊ စာဖတ်သူမှာလည်း အတွေးအမြင် ထက်သန်လာအောင် စွမ်းဆောင်နိုင်မှုရှိ၊ မရှိ လေ့လာရန် လိုပါသည်။

ထို့ပြင်**ဦးရွှေအောင်**ကမူ ကဗျာ့သဘောနှင့် ပတ်သက်၍

> "လောကသည် မိမိ၏ လျှို့ဝှက်ချက်ကို ထာဝစဉ် ပြောပြပါ၏။ ထိုသို့ ပြောပြသော်လည်း လောကမှပြောပြသော လျှို့ဝှက်ချက်ကို လူတိုင်းမကြား နားမလည်။ ကဗျာစာဆိုမှသာကြားနိုင်၏။ ကဗျာစာဆိုမှသာ နားလည်နိုင်၏။ ကဗျာစာဆိုသည် လောကကပြောပြသည့် လျှို့ဝှက်ချက်ကို ကြားသောအခါ နားလည်သောအခါ လောကအလှကို တွေ့လေသည်။ ထို့ကြောင့် ကဗျာစာဆိုသည် ငိုစရာ၌ အလှကိုတွေ့ပြီး၍ ငိုစရာကို လှအောင် ဖွဲ့သည်။ နာကြည်းစရာ၌ အလှကိုတွေ့၍ နာကြည်းစရာကို လှအောင် ဖွဲ့သည်။ အရာရာတိုင်း၌ အလှကိုတွေ့၍ အရာရာတိုင်းကို လှအောင် ဖွဲ့သည်။ ထို့ကြောင့် လောကသည် တကယ်ရှိသည့် အရှိ

---

[၁] ခင်မင်၊ မောင်၊ (ဓနုဖြူ)၊ ၂၀၁၃၊၈၉။

တရား၊ တကယ် သိသည့် အသိတရား၊ တကယ်လှသော အလှတရား ဖြစ်သည်။"[၁]

ဟုဆိုကြခြင်းဖြစ်သည်ဟုဆိုခဲ့ပါသည်။

ထို့ပြင် ကဗျာဖတ်နည်းတည်ဆောက်မှုသဘောကို **တက္ကသိုလ်ဘုန်းနိုင်**က

"ကဗျာသည် သဘာဝဓမ္မကို ပကတိဖြစ်ရှိနေသည်ကို မပြော။ မြင်ထင်လာမှု ကိုပြောသည်။ မာယာစနစ်နှင့် ပြောသည်။ ရုပ်လောက၏ ပကတိသစ္စာထက် ကဗျာ့သစ္စာကို ပြောသည်။ အသိဉာဏ်အမှန်တရားထက် ခံစားမှု အမှန်တရားကို အလေးပေးသည်။ ကဗျာ၏သဘာဝကြောင့် ကဗျာဆရာများသည် ဘသာဝဓမ္မချိုးဖောက်မှု ချောက်ကမ်းပါးကို ကျော်နင်းလုလု စွန့်စားခြင်းများ ပြုကြသည်။"[၂]

ဟုတင်ပြထားသည်။

ကြည်အေး၏ ကဗျာများကိုကြည့်လျှင် ကဗျာဆန်ပြီး ကဗျာပီသသည်ကို တွေ့ရသည်။ ကြည်အေး၏ ကဗျာတို့သည် နေ့စဉ်နှင့်အမျှ လူသားတို့ တွေ့နေကြမြင်နေကြ ဖြစ်ရပ်များနှင့် ခံစားမှုများကို တစ်မျိုးတစ်ဖုံ အသွင်ပြောင်း၊ အဆင်အပြင်ပြောင်းကာ ဖွဲ့ဆိုထားသည့်အပြင် ခံစားမှုပါသည့် စာဖတ်သူတွင် တမြေ့မြေ့တွေးရသည့် ကဗျာဖြစ်အောင် ရေးဖွဲ့နိုင်သည်ကို တွေ့ရသည်။

ထို့ပြင်ကြည်အေး၏ ကဗျာများတွင် စိတ်ကူးဆန်းကြယ်မှု၊ အတွေးနက်နဲမှုအပြင် စာဖတ်သူအားလည်း သူ၏အတွေးနောက်သို့လိုက်ပါရန် အရေးအဖွဲ့၊ နိမိတ်ပုံ၊ စကားအသုံးအနှုန်းတို့ဖြင့် ဖမ်းစားဆွဲဆောင်ထားပုံမှာ နှစ်သက်ဖွယ်ဖြစ်ပါသည်။

## ၃။ ကြည်အေး၏ကဗျာ့စိတ်ကူးနှင့် အရေးအဖွဲ့

ကြည်အေးသည် ကဗျာဖွဲ့ရာ၌ လောကရှိယောကျ်ား၊ မိန်းမတို့၏ချစ်ခြင်းကို ဖွဲ့လေ့ရှိ သည်။ ထိုသို့အချစ်ကိုဖွဲ့ပြသော်လည်း 'အချစ်'ဟူသော စကားလုံးကို ထင်ရှားစေသည့် အလင်္ကာဂုဏ်မြောက်သည့် စကားအသုံးအနှုန်းများ၊ အချစ်ကို

---

[၁] ရွှေအောင်၊ ဦး၊ ၁၉၈၀၊ ၁၁။

[၂] ဘုန်းနိုင်၊ (တက္ကသိုလ်)၊ ၂၀၁၂၊ ၁၁၄။

ပေါ်လွင်စေသည့် စကား အသုံးအနှုန်းများကို သုံးလေ့မရှိပေ။ အချစ်အကြောင်းကို ပြောနေသော်လည်း ကဗျာအတွင်းထဲတွင် ကွယ်ဝှက်မှုများရှိ နေတတ်သည်။ ထိုချစ်မေတ္တာဘွဲ့ ကဗျာအဖွဲ့ များသည် ကဗျာဖွဲ့သူ၏ အနုပညာမာယာကြားတွင် တစ်ဝက်ပေါ် တစ်ဝက်မြုပ် ဖြစ်နေသည်ဟုလည်း ထင်မြင်မိပါသည်။ ထိုသို့မြုပ်၍ မထင်အောင် ဖွဲ့ခြင်းဖြင့်လည်း စာဖတ်သူမှာ ပို၍ စိတ်ဝင်စားလာရသည်။ သူ၏ ကဗျာနောက်ကိုလိုက်ရင်း စာဖတ်သူမှာ အဖြေရှာကြရသည်။ ထိုနည်းဖြင့် စာဖတ်သူတို့သည် သူ၏ကဗျာများပေါ်တွင် အာရုံခံစားမှုထက်သန်ပြီး နောက်ဆုံးတွင်မူ နှစ်သက်သွားကြပါသည်။

## ၃၊ ၁။ နှုတ်ဆက်သွားသူ

**"နှုတ်ဆက်သွားသူ"** ကဗျာတွင် ချစ်သူမိန်းမပျိုလေးက နှုတ်ဆက်၍ ထွက်ခွာသွားသည်ကိုပင် မတားမိခဲ့သည့် ချစ်သူယောကျ်ားလေးတစ်ယောက်၏ ရှုထောင့်မှ တင်ပြထားသည်။ စာဆိုသည် သူ့၏ကဗျာတွင် ဇာတ်ကြောင်းပြောလေး ပါတတ်သည်။ **'နှုတ်ဆက်သွားသူ'** ကဗျာတွင် ဇာတ်ကြောင်းပြောသူမှာ ချစ်သူမောင်ပင်ဖြစ်သည်။ ချစ်သူမောင်သည် မိမိ ချစ်သူနှင့်တွေ့လျှင် ဖြစ်လေ့ရှိသော ဇာတ်ကြောင်းများ၊ စရိုက်အကြောင်းများကို ပြန်ပြောသည်။ ချစ်သူ၏ အမူအရာလေးများကို ပြန်လည်ခံစား တင်ပြထားသည်။ ဤကဗျာတွင် ချစ်သူမောင်သည်ချစ်သူနှင့် ဝေးသွားသည့်အခါမှ မိမိ၏အချစ်ကို ထင်ရှားအောင် မပြမိသည့်အတွက် နောင်တရဟန်၊ တမ်းတကြေကွဲမိ ဟန် ရေးဖွဲ့ထားသည်။ ထိုအကြောင်းများကို

> "သွားစို့ကွယ်' လို့ ငယ်ချစ်အလှ၊ ပြုံးရုက်မြနဲ့၊ နှုတ်ရှုပမ်းလျ၊
> သက်ပြင်းချနဲ့၊ စတင်ခေါ်မှ၊ သတိရတတ်၊ နမနှင့်ဝေး ပြန်
> ပြောင်းတွေးမိ၊ နထွေးပွင့်ငုံ၊ နှုတ်ခမ်းစုံကို၊ ကြုံလျက်မနမ်း၊
> မွေးမိသည်။"[၁]

ဟုရေးဖွဲ့ထားပါသည်။ ထိုကဗျာတွင် ဇာတ်ကြောင်းပြောသူသည် ချစ်သူ၏အပြုံး ချစ်သူ၏အပြော၊ ချစ်သူ၏သက်ပြင်းချသံများကိုပါ ပါအောင်ထည့်သွင်း ရေးဖွဲ့ထားသည်။ ချစ်သူ၏ ပြောဟန်ကို 'သွားစို့ကွယ်' ဟူသည် စကားလုံးဖြင့် အနက်ကို ပြည့်ပြည့်စုံစုံ မဖော်ပြဘဲ ပဟေဠိဆန်ဆန် တင်ပြထားသည်။

ထို့ပြင်ချစ်သူကို 'ငယ်ချစ်အလှ' ဟုသုံးထားသည်မှာ ငယ်ချစ်မို့ချစ်ရခြင်း၊ ချစ်သူ၏လှပခြင်းတို့ကို ကျစ်ကျစ်လျစ်လျစ် တင်ပြထားသည်။ ချစ်သူ၏ အပြုံးကို

---

[၁] ကြည်အေး၊ ၂၀၀၈၊ ၁၈၅။

ပင် 'ပြုံးရုက်မြ' ဟုသုံးထားပုံမှာလည်း အသုံးဆန်းသစ်လှပသည်။ မိန်းကလေး၏ အပြုံးသည် အေးမြပြီးရုက်ပြုံးသဘောပါဝင်ကြောင်း ထိုသို့ဆန်းကြယ်သော အပြုံးသည် အမှတ်တရရှိနေကြောင်း ယင်းကို 'ပြုံးရုက်မြ' ဟူသော စကားလုံးသုံးကာ တင်ပြထားသည်။ ကဗျာ အဆုံးသတ်တွင်မူ 'နုထွေးပွင့်ငုံ၊ နှုတ်ခမ်းစုံကို၊ ကြုံလျက် မနမ်း၊ မွေးမိသည်' ဟု ရေးသားထားသည်။ ချစ်သူနှစ်ဦးဆုံတွေ့ရာတွင် ချစ်သူ၏ နှုတ်ခမ်းအစုံကို မနမ်းဘဲ မွေးရုံသာ မွေးခဲ့ကြောင်း သုံးထားရာ အလွန်သိမ်မွေ့သည့် အသုံးဖြစ်သည်။

ဤတွင်စာဆို၏ စကားအသုံးအနှုန်း ကျွမ်းကျင်မှုကြောင်း ချစ်သူနှစ်ဦးဆုံတွေ့ရာတွင် ဣန္ဒြေရှိခဲ့ကြသည့်သဘော ထိန်းသိမ်းခဲ့သည့်သဘော ပေါ်လွင်လာသည်။ ကြည်အေး သည် စကားအသုံးအနှုန်း အလွန်ဂရုစိုက်သည့်အလျောက် နမ်းခြင်းနှင့် မွေးခြင်းကို အနက်ကွဲပြားအောင် သုံးနှုန်း၍ ကဗျာဇာတ်ကြောင်း ဖော်ထားသည်။ ချစ်သူ၏ နုနယ်နွေးထွေးပြီး ပန်းပွင့်နှင့်တူသည် နှုတ်ခမ်းကိုပင် 'နုထွေးပွင့်ငုံ' ဟု စကားလုံး ကျစ်ကျစ်လျစ်လျစ် သုံးထားသည်။

ကဗျာပထမပိုဒ်တွင် ချစ်သူသည် 'သွားစို့ကွယ်' ဟုပြောခဲ့သည်။ ကဗျာ ဒုတိယပိုဒ်မှ 'သွားတော့မယ်' ဟုဆိုကာ မျက်ရည်စိုစွတ်လျက် နှုတ်ခမ်းကိုကိုက်ကာ နှုတ်ဆက်ထွက်ခွာ သွားခဲ့သည်။ ထိုသို့ နှုတ်ဆက်သွားသော်လည်း သူ့ဘက်က ဟန်မပျက်သာနေခဲ့သည်။ သူ့ကိုထားခဲ့သောချစ်သူကို မေ့မှား၍ပင် မတားမိခဲ့ကြောင်း ထိုမှဆက်၍ ဇာတ်လမ်း တိုးမြှင့်ဖြစ်ပေါ်လာပုံကို

"သွားတော့မယ်လို့ ပြုံးလှယ်မြကို၊ မျက်ရည်စိုစွတ်
ရင်ဖိုမောလိုက်၊ နှုတ်ခမ်းကိုက်ပြတ်
မိုက်မဲလွမ်းခက်၊ ဟန်မပျက်ပင်
နှုတ်ဆက်ထွက်သွား၊ မောင့်ကိုထားခဲ့
မေ့မှားမတား ဖြစ်မိသည်။"[၁]

ဟု ဖွဲ့နွဲ့ခဲ့သည်။ ယခင်အခါက ချစ်သူနှစ်ဦးဆုံတိုင်းပြုံး၍ နှုတ်ဆက်လေ့ရှိကြောင်းကို 'ပြုံးလှယ်မြ' ဟု သုံးနှုန်းထားသည်။ ထိုအသုံးနှင့်အတူ ရှေ့ပဒ၌ 'မျက်ရည်စိုစွတ် ရင်ဖိုမောလိုက်၊ နှုတ်ခမ်းကိုက်ပြတ်' ဟု ဆက်၍ဖွဲ့ထားသည်။ ယခင်နှင့် ခြားနားသော ချစ်သူ၏အမူအရာကို ဖော်ပြပြီးလျှင် နှုတ်ဆက် ထွက်ခွာသွားသည့် ဖြစ်ရပ်ကိုပါ တင်ပြထားသည်။

---

[၁] ကြည်အေး၊ ၂၀၀၈၊ ၁၈၅။

ကြည်အေး၏ကဗျာအကြောင်းအရာတွင် နာကျင်ပင်ပန်းနေသည့် မတူညီမှုများကြောင့် မဖြစ်မနေခွဲခွာရတော့မည့် ခံစားမှုကို ပြရာတွင်လည်း 'လှိုက်၊ ကိုက်၊ ခက်၊ ပျက်၊ ထွက်' စသည့် အသတ်ကာရန်များကိုသုံးထားသည်။ ထိုအသတ်ကာရန်များသည် နာကျင်ခံစားမှုသာမက သက်သက်သာသာမရှိသည့် အသံကိုပါ အထောက်အပံ့ပြုထားသည်။ ထို့ပြင် 'ဟန်မပျက်ပင်၊ နှုတ်ဆက်ထွက်သွား မောင့်ကိုထားခဲ့၊ မေ့မှားမတားဖြစ်မိသည်' အပိုဒ်တွင် 'ပျက်၊ ဆက်၊ ထွက်' အသတ်ကာရန်များပါဝင်နေသည်။ နာကျင် ခံစားရမှုကို အနက်သဘောသာမက အသံသဘောလည်း ပါအောင် ဖွဲ့ဆိုထားသည်။

တတိယပိုဒ်တွင်မူ ချစ်သူမောင်သည် သူကိုထွက်ခွာမသွားအောင် တားခဲ့ရမည်ကို မတားခဲ့မိသည့်အတွက် နောင်တရဟန်ကို

"သွားတော့ပြီလား

ဘယ်ဆီမှာလဲ၊ မဝေခွဲတတ်"[၁]

ဟုရေးဖွဲ့ထားသည်။ ထိုမှတစ်ဆင့် ချစ်သူထွက်ခွာသွားသည့်အတွက် ပြန်ရှာ၍လည်း မရနိုင်ဖြစ်ကာ ခံစားမှုပြင်းထန်နေရပုံကို

"သဲသွန်ရေပေါက်

ရှာဆဲပျောက်ခဲ့

မူးနောက်ရမ္မက်

ပူပြင်းခက်လို့"[၂]

ဟူ၍ဖွဲ့ဆိုထားသည်။ ထိုအဖွဲ့တွင် နာကျင်ခံစားမှုသာမကသက်သက်သာသာမရှိသည့် အသံကို ခံစားရာတွင် 'ပေါက်၊ ပျောက်၊နောက်၊မက်၊ ခက်' အသတ်ကာရန်များကို ထည့်ပြီး ခံစားချက် ပေါ်အောင်ရေးဖွဲ့ထားသည်။

ထို့နောက် ဆောင်းရာသီနှင်းများကြားတွင် ပွင့်သည့် အလွန်မွှေးသည့် သဇင်အလှကို အလှကြည့်နေဆဲ မိုးသို့ရောက်လာပြီး မြေသင်းရနံ့များရလာခဲ့သည်။ ထိုသဇင်ပန်းကလေးသည် ကြာလာသည်နှင့်အမျှ နွမ်းကြွေသွားသည်ဟု ရေးဖွဲ့ထားသည်။ ထိုသဘောကို

"နှင်းရွက်ညှံ့အိ၊ အလှကြည့်ဆဲ

---

[၁] -ယင်း-။ ၁၈၆။

[၂] -ယင်း-။

မြေညှိနံ့သက်၊ သဇင်ခက်နှမ်း
သူ့လက်ကြွေလွင့်၊ မဆုံးသင့်ဘဲ
ကြားလင့်တွေးဆ၊ မောင်နောက်ကျခဲ့
နှမအလျင်လိုတော့သည်။”[၁]

ဟူ၍သူ့ကိုအလုကြည့်နေခဲ့သည်။ နားမလည်နိုင်သည့် ချစ်သူကသူ့ကို စွန့်ခွာသွားခဲ့သည်။ ချစ်သူနှစ်ဦး၏ခံစားမှုကို ပုဂ္ဂိုလ်ရေးခံစားမှုအဖြစ်ရေးဖွဲ့ထားသည်။ သို့ရာတွင် လောကရှိ ချစ်သူများထဲတွင် တစ်ဦးက မရူးရက်၊ မချွေရက်၊ အလုကြည့်နေခဲ့သည်။ ကြည်အေး၏ကဗျာများသည် ပုဂ္ဂလိကဆန်သည့် ကဗျာများဖြစ်သည်။ ခြုံ၍ကြည့်လျှင်လည်း ယေဘုယျသဘောဆောင်သည်။ ကြည်အေး၏ကဗျာများသည် စိတ်ကူးကောင်းသည့်အတွက် စိတ်ကူးယဉ်ဆန်လိုသည့် ကဗျာများဖြစ်သည်။ သို့သော်သူ၏ကဗျာများတွင် လောက၏အမှန်တရား ပါဝင်လေ့သည်။ ထိုအမှန်တရားများကို လှပသောစိတ်ကူး လှပသော အဖွဲ့အနွဲ့တို့ဖြင့် ရေးဖွဲ့လိုက်ရာ ကြည်အေး၏ကဗျာများကို စာဖတ်သူတို့ နှစ်သက်မဆုံး ဖြစ်ခဲ့ရခြင်း ဖြစ်ပါသည်။

## ၃၊ ၂။ အချည်းနှီးပိတောက်

**“အချည်းနှီးပိတောက်”** ကဗျာတွင်လည်း ချစ်သူနှစ်ဦးနှင့် ပိတောက်ပန်းတို့ကို ဆက်စပ်ယူကာ မိန်းမပျို၏ခံစားကြေကွဲမှုများကို ရေးဖွဲ့ထားသည်။

သင်္ကြန်ချိန်သို့ရောက်လျှင် ပိတောက်ပန်းတို့ပွင့်ကြမြဲဖြစ်သည်။ ပိတောက်ပန်းကလေးများကို မြင်ရတိုင်း မြန်မာပြည်သူပြည်သားတို့ပျော်ရွှင်ကြသည်။ ပိတောက်ကိုချစ်ကြသည်။ မိမိတို့ကိုယ်တိုင်လည်း မိမိတို့၏ခေါင်းတွင် ပိတောက်ပန်းများဖြင့် အလှ ဆင်ကြသည်။ ပိတောက်ကို ချစ်မြတ်နိုး၍ ဘုရားကိုလှူရမည်ကိုပင် မေ့နေသည်။ ထို့ အတွက် ဘုရားကို မတင်မိဘဲ မိမိခေါင်းတွင် ပန်ဆင်ခဲ့သည်။

ထိုကဗျာတွင် ဇာတ်ကြောင်းပြောသူမှာ မိန်းမပျိုလေးဖြစ်သည်။ ချစ်သူမိန်းမပျိုလေးသည် ပိတောက်ပန်းကိုမြင်မိရာမှ ခံစားမိပုံကို–

“လှလိုက်တာကွယ်
ဝင်းဝါထိန်ရဲ၊ ဆုပ်ခဲရွှေငုံ
စုပြုံပွင့်ကြ၊ ပေါ်ဦးစရှင့်

[၁] ကြည်အေး၊ ၂၀၀၈၊ ၁၈၅။

လှ၊လှပါဘိ၊ နှုတ်ခမ်းဖိကပ်

နမ်းမိချစ်မိ၊ ပိတောက်ကွယ်”[၁]

ဟု ဖွဲ့ဆိုထားသည်။ ထိုအပိုဒ်တွင် တစ်နှစ်တွင်မှ တစ်ခါသာ ပွင့်ရှာကြရသည့် ပိတောက်ပန်းကလေးသည် ဝင်းဝါထိန်လင်းနေပါသည်။ ဝါဝါထိန်ထိန် ရှိနေသည်။ ပိတောက်ပန်းသည် ရွှေရောင်အဖူးအငုံများနှင့် အစုလိုက်အခိုင်လိုက် ပွင့်နေသည်။ ထိုသို့ ဦးဦးဖျားဖျား ပွင့်လန်းလာကြသော ပိတောက်ပန်းကလေးကို စာရေးသူက ‘လှ၊ လှပါဘိ’ ဟုသုံးထားသည်။

ထို့ပြင် ပိတောက်ပန်းကလေးကို နမ်းမိချစ်မိချင်လောက်အောင် ဖွဲ့ဆိုရာတွင်လည်း ‘နှုတ်ခမ်းဖိကပ်၊ နမ်းမိချစ်မိ၊ ပိတောက်ကွယ်’ ဟူ၍ သုံးထားသည်။ နှုတ်ခမ်းဖြင့် ဖိကပ်ကာ နမ်းမိချစ်မိသည်အထိ နှစ်သက်မိပုံ ပိတောက်ပန်းကို လူတိုင်းမြတ်နိုးပုံတူသော်လည်း ကြည်အေး၏ ပိတောက်ပန်းအကြောင်းဖွဲ့ပုံမှာ အခြားစာဆိုများနှင့်မတူ ထူးခြားသည်။ ကြည်အေး၏တွေးပုံရေးပုံ မခမ်းနားသော်လည်း ဆန်းပြားသည်။

ထို့ပြင် ပိတောက်တို့ ပွင့်လာရပုံကို မြင်ရသည့်အခါတွင် ဖြစ်ပေါ်လာသည့် ဇာတ်ကြောင်းပြောသူ၏အသံကို ‘လှလိုက်တာကွယ်’ ဟုကြားလိုက်ရသည်။ ပိတောက်ကို နမ်းမိချစ်မိပြီးသည့် နောက်နမြော်တသကာ ဘုရားကိုမတင်ဘဲ ရင်၌ပွေ့ပိုက်၍ ချစ်သူအား မိမိကဲ့သို့ပင်မျှဝေ ခံစားစေလိုသည့်သဘောကို

“ပိတောက်ဦးမို့၊ ယစ်မူးတသ၊ နမြောလှရဲ့
ဘဝချစ်သူ၊
မိုက်မှားသူထင့်၊ မလှူရက်ဘူး၊
တပ်မက်ဦးမည်ဆုထူးမဆင်၊ ဘုရားမတင်။” [၂]

ဟုရေးဖွဲ့ထားသည်။

မြန်မာပြည်သူပြည်သားတိုင်း ပိတောက်ပန်းကို ချစ်ကြသည်။ ထိုအချစ်ကို စာဖွဲ့ကြသည်။ ကြည်အေးကမူအများနှင့်မတူ ထူးထူးခြားခြား ဖွဲ့တတ်သူဖြစ်သည်။ ကြည်အေး၏ ပိတောက်ပန်း ကလေးများကိုချစ်ဟန်သည် မိမိကိုယ်တိုင်ဆန်းစစ်မှုပါသည်။ **‘ပိတောက်ဦးမို့၊ ယစ်မူးတသ၊ နမြောလှသည်’**ဟု ဗုဒ္ဓဘာသာမြန်မာပီပီ ဦးဦးဖျားဖျား ပွင့်လာကြသည့် ပိတောက်ပန်းလေးကို ဘုရားတင်လှူကာ ဆုတောင်းရ

---

[၁] –ယင်း–။

[၂] ကြည်အေး၊ ၂၀၀၈၊ ၁၉၅။

မှာကိုပင် မလှူရက်အောင် တပ်မက်နေသည်။ ကြည်အေးသည် မိမိအပါအဝင် လောကသား တို့ကို ဘဝမှာ တပ်မက်ခြင်းများနှင့် ရှင်သန်နေသူဟု ရဲဝံ့စွာ ဝေဖန်ပြောဆိုခဲ့သည်။

သို့သော်မိမိသည် သံသရာကိုချစ်နေသူ၊ ဘဝကို ချစ်နေသူ အမှန်အတိုင်း ဆန်း စစ်နိုင်သူဖြစ်သည်။ ဘဝကိုချစ်နေသူအဖြစ် ရဲရင့်နေပုံ၊ ပိတောက်ပန်းကို တွယ်တာနေပုံကို 'မလှူရက်ဘူး၊ တပ်မက်ဦးမည်၊ ဆုထူးမဆင်၊ ဘုရားမတင်' ဟုဖွဲ့ထားပုံမှာ ပုထုဇဉ် တို့၏ တပ်မက်မှုသရုပ်ကိုပေါ်လွင်အောင်ဖော်ပြထားပါသည်။

လူသားတို့သည် မိမိချစ်ခင်တပ်မက်သည့်အရာများကို ချစ်သူအားလည်း တပ်မက် ခံစားလိုသည်။ သို့သော်လည်း ချစ်သူက တန်ဖိုးမထား၊ မိမိမျှော်လင့်သလို ဖြစ်မလာ သည့်အတွက်လည်း ကြေကွဲနွမ်းလျကြရသည်။ ထိုဖြစ်ရပ်ကို စာရေးသူက–

"ပိတောက်ပွင့်နွယ်၊ ရင်ဝယ်ပွေ့ပိုက်၊ ဝမ်းမြောက်လှိုက်လှဲ
အိမ်ထဲပြေးခဲ့၊ ကြည့်ပါလှည့်ဦး၊ မောင့်ရဲ့အနား၊ စကားစလည်၊
ပြုံးပလျက်ပင်၊ မောင်မမြင်ခဲ့။"[၁]

ဟုဖွဲ့ဆိုထားသည်။ ချစ်သူချစ်ရာကို အပြေးပြန်လာကာ ပိတောက်ပန်းကလေးနှင့်အတူ စကားပြောနေပေမဲ့လည်း ချစ်သူသည် ပြုံးပြနေသည့်တိုင် ပိတောက်ပန်းကို မမြင်ခဲ့ပေ။ ပိတောက်ပန်း၏အလှကိုမခံစားခဲ့ပေ။ ထိုအဖွဲ့၌ကြည်အေး၏ ကဗျာများတွင် အသံသာယာ ချိုသာမှုထက်အနက်သာယာမှုကိုတွေ့ရပါသည်။ 'ပိတောက်ပွင့်နွယ်၊ ရင်ဝယ်ပွေ့ပိုက်၊ ဝမ်းမြောက်လှိုက်လှဲ' ဟူသော အပိုင်းတွင် 'နွယ်' နှင့် 'ဝယ်' ဟူ၍ နှစ်ချက်ညီ ကာရန်သုံးပြီး နောက်ပဒတွင်မူ 'ပိုက်' နှင့် 'လှိုက်' ဟူ၍ သုံးချက်ညီ ကာရန်ကို ပြောင်းသုံးခဲ့သည်။ 'ဝမ်းမြောက်လှိုက်လှဲ' စသည့် ပဒအဆုံးတွင် 'လှိုက်' ကာရန်နှင့် လိုက်ဖက်အောင် ကာရန်မယူဘဲ 'လှဲ' ကာရန်နှင့်ဆက်စပ်၍ 'အိမ်ထဲပြေးခဲ့' ဟု 'ထဲ' ကာရန်ပြောင်းယူ လိုက်ထားသည်။ သုံးချက်ညီမှ နှစ်ချက်ညီကာရန်သို့ ကူးသည်။ ထိုသို့ကာရန်များ ချောချော ပြေပြေမရှိသောကြောင့် အသံသဘောဆို၍ မချောသော်လည်း အနက်သဘောအရ ပိတောက်ပန်း တပွေ့တပိုက်နှင့် ပျော်နေသည့် မိန်းကလေး၏ စိတ်အမူအရာသည် ပို၍ ပေါ်လွင်လာသည်။

"အိမ်ထဲပြေးခဲ့၊ ကြည့်ပါလှည့်ဦး
မောင့်ရဲ့အနား၊ စကားစလည်း
ပြုံးပြလျက်ပင်၊ မောင်မမြင်ခဲ့။"[၁]

[၁] ကြည်အေး၊ ၂၀၀၈၊ ၁၉၅။

ဟုဖွဲ့ဆိုရာ၌ 'ခဲ့၊ လှည့်၊ ရဲ့၊ နား၊ ကား' ကာရန်များသည်အချိပ်အဆက်မိသည်။ သို့ရာတွင် အသံသဘော ချောချောပြေပြေမရှိပေ။ ထိုကဲ့သို့အသံသဘောကို ချောချော ပြေပြေမဖွဲ့ခြင်းသည် စိတ်အခြေအနေမတည်ငြိမ်မှုကိုပြလို၍ ဖြစ်မည်ဟု တွေးစရာရှိ ပါသည်။

အဆုံးပိုဒ်တွင်မူ မိမိအလွန်ချစ်သသော ပိတောက်ကိုကြည့်ပါဟု ပြောပေမဲ့ လည်း ပိတောက်ကို မြင်ဟန်မပြု၊ အလေးမထားသောချစ်သူ၏ မလေးစားမှု ကိုတွေ့ရသည်။

'မောင်မမြင်၍၊ ငိုချင်ထွက်ခဲ့၊ ငဲ့မကြည့်တော့
ညွတ်ကော့မြိတ်စက်၊ အိမ်ပြင်ထွက်၍
သင်းညှက်ပျံ့လှိုင်၊ ပိတောက်ခိုင်ကို
ပွေ့ကိုင်ရပ်ဆဲ၊ မိုးဖွဲဖွဲမှ
သဲမဲရိုင်းကြမ်း၊ မုန်တိုင်းရမ်းလည်း
မဆန်းကြယ်ဘူးထင်မိ၏။'[၂]

ဟုရေးဖွဲ့ထားရာ ကဗျာစာဆို၏ စိတ်ကူးကိုကြည့်လျှင်အများနှင့်မတူ ထူးခြားသည်။ ပိတောက်ကို မိမိချစ်သူအလေးမထားသည့်အတွက် ပြင်းထန်စွာ ခံစားခဲ့ရသည်။ ပိတောက်ကို ပွေ့ရင်းခံစားမှု ပြင်းထန်းလွန်းသည့်အတွက် မုန်တိုင်း၏ ပြင်းထန်းသည့် ခံစားမှုကို ခံစားရသည့်တိုင် ထပ်၍ခံစားရတော့မည်မဟုတ်ဟု ဖွဲ့ဆိုထားသည်။ ထိုဖွဲ့ ဆိုမှုမှာ ဆန်းကြယ်သည်ဟု ဆိုနိုင်ပါသည်။ အသေးအဖွဲ့ ပိတောက်ပန်းခိုင်လေး အတွက် မုန်တိုင်းထန်သည်ကိုလည်း ဂရုမစိုက်တော့ဟုဆိုထားသည်။ စာဆို၏အတွေး သည် သာမန်အတွေးနှင့်မတူ၊ ထိုသို့ မတူခြင်းသည်ပင် ကြည်အေး၏တွေးဟန်နှင့် ရေးဟန်ဟု ဆိုရပါမည်။

**'အချည်းနှီးပိတောက်'** ကဗျာကို လေ့လာကြည့်လျှင် ချစ်သူနှစ်ဦးကြားဖြစ်လေ့ ရှိသည့်အကြောင်းကို ဖွဲ့သလိုနှင့် လောကရှိချစ်သူများကြားတွင်မှာ ဖြစ်လေ့ဖြစ်ထ ရှိသည့်အကြောင်းသို့ ရောက်အောင် စာဖတ်သူတို့ကြား နက်နက်ရှိုင်းရှိုင်း ခံစားရေးဖွဲ့ ထားသည်ဟု ထင်မြင်မိပါသည်။ ချစ်သူနှစ်ဦးကြားတွင် အတွေးတူညီမှု ရှိရမည်။ ချစ်သူချစ်သောအရာကို လိုက်ချစ်ရမည်။ ချစ်သူတန်ဖိုးထားသည့်အရာကို မိမိလည်း တန်ဖိုး ထားရမည်။

---

[၁] –ယင်း–။
[၂] –ယင်း–။

မိန်းကလေးသည် ပိတောက်ပန်းကို အလွန်တပ်မက်သည်။ မိန်းကလေးတပ်မက်သည့် ပိတောက်ပန်းကလေးကိုမှ ချစ်သူသည်ဥပက္ခာပြုရက်သည်။ ထိုဥပက္ခာသည် မိန်းကလေးအတွက်နှင့် အချစ်နှင့်ပတ်သက်သော မိန်းကလေးတိုင်းအတွက် အလွန်အရေးကြီးသည်။ ထို့ကြောင့်ပြင်းထန်စွာ နာကျင်ခံစားရသည်။

ကြည်အေးသည် အလွန်လှသော ပိတောက်ကို အကြောင်းပြု၍ ချစ်သူတို့ကြားမှာ ဖြစ်လေ့ဖြစ်ထရှိသော ဘဝပြဿနာကိုထင်ဟပ်ပြထားသည်ဟု ထင်မိသည်။ ဤကဗျာသည် ဇာတ်ကြောင်းပြောကဗျာ ဖြစ်သည့်အတွက် 'ပဒ' တစ်ခုနှင့်တစ်ခု၊ စာပိုဒ် တစ်ပိုဒ်နှင့်တစ်ပိုဒ် ဆက်ဆပ်မိအောင် ဖွဲ့ထားသည်။ ကဗျာ၏ ပထမပိုဒ်အဆုံးတွင် 'နမ်းမိချစ်မိ၊ ပိတောက်ကွယ်'ဟု အစချီထားသည်။ ဒုတိယပိုဒ်တွင် 'ပိတောက်ဦးမို့' ဟုအစချီထားသည်။ တတိယပိုဒ်တွင် 'ပိတောက်ပွင့်နွယ်'ဖြင့် အစချီထားပြီး တတိယပိုဒ်အဆုံးတွင်မူ 'ပြုံးပြလျက်ပင်၊ မောင်မမြင်ခဲ့' နှင့် အဆုံးချထားသည်။ စတုတ္ထပိုဒ်ကိုမူ 'မောင်မမြင်၍ ငိုချင်ထွက်ခဲ့' နှင့် အစချီ၍ အချိပ်အဆက်ထိထိမိမိ ရေးဖွဲ့ထားသည်ကို တွေ့ရသည်။

## ၃၊ ၃။ စပယ်မနာလိုတော့သည်

ဤကဗျာတွင် 'နှုတ်ဆက်သွားသူ'၊ 'အချည်းနှီးပိတောက်' တို့ကဲ့သို့ပင် ချစ်သူ(၂)ဦးသဘောထားကို ခံစားရေးဖွဲ့ထားသည်။ ချစ်သူ(၂)ဦးကြား၌ ပိတောက်ပန်း၊ စပယ်ပန်း၊ သဇင်ပန်းတို့ကို ကြားခံထား၍ ချစ်သူတို့၏ နက်ရှိုင်းသည့်အချစ်ခံစားမှုကို သိမ်သိမ်မွေ့မွေ့ ဖွဲ့ဆိုထားပါသည်။

ချစ်သူမိန်းကလေးသည် နံနက်ခင်းတွင် အစိမ်းရောင်သစ်ရွက်ကြားမှ သေးသေးငယ်ငယ် ပွင့်စ စပယ်ပန်းလေးကို တွေ့ရသည်။ ထိုစပယ်ပန်းလေးကို မိန်းကလေးသည် သနားစရာချစ်စရာဟုဆိုကာ အသာအယာခူး ယူလိုက်သည်။ စပယ်ပန်းကို မောင်က ကြိုက်သည်။ ထို့ကြောင့် မောင်ကြိုက်သည့် စပယ်ပန်းလေး၏အလှကို ကြည့်ပြီး မောင် စိတ်ကြည်နူးစေရန် ရည်ရွယ်တွေး၍ စပယ်ပန်းလေးကို ခူးလာခဲ့ကြောင်းကို

"နံနက်မွေးခဲ့၊ နုထွေးစပယ်၊ သေးငယ်ပွင့်စ
မြလဲ့ရွက်ကြား၊ သနားစရာ၊ ချစ်စရာရှင်
အသာခူးလိုက်၊ မောင်ကြိုက်တတ်ရဲ့

မပြတ်အေးကြည်ချင်တတ်သည်။”[၁]

ဟုဖွဲ့ဆိုထားသည်။

စာရေးသူသည် လူသားများ၏ လောကီရေးရာတက်လမ်းတို့ကို တင်ပြရာတွင် အလွန်သေးငယ်သည့် စပယ်ပန်းကိုနိမိတ်ပုံအဖြစ် အသုံးချခဲ့သည်။ ကြည်အေးသည် အလွန်ယဉ်ကျေးဘွယ်ဆန်သော လူသားတို့နှင့်မကင်းနိုင်သည့် လူ့သဘာဝအချစ်သဘာဝကို ရေးရာတွင် ကဗျာ၏အစတွင် စာဖတ်သူတို့ မတွေးတတ်အောင် အလှမ်းဝေးသည့် နေရာမှ စတင် ရေးဖွဲ့လေ့ရှိသည်။ စကားအသုံးအနှုန်းကိုလည်း ပြည့်ပြည့်စုံစုံ ကျစ်ကျစ်လျစ်လျစ် သုံးလေ့ရှိသည်။ နံနက်အချိန်မွှေး သောစပယ်ဟု ဆိုရာတွင်လည်း ‘နံနက်မွှေးခဲ့’ ဟု ကျစ်ကျစ်လျစ်လျစ် သုံးထားသည်။ ထို့ပြင် စပယ်ပန်း၏ နူးညံ့မှု၊ ယခုမှပွင့်လာမှု၊ အရွယ် သေးငယ်မှုများကို ‘နုထွေးစံပယ်၊ သေးငယ်ပွင့်စ’ ဟုစကားလုံးကို ကျစ်ကျစ်လျစ်လျစ် သုံးထားသည်။ စံပယ်ပန်းလေး၏တည်နေပုံနှင့် ကဗျာစာဆို၏ ခံစားမှု ထင်မြင်ချက် များကို ‘မြလက်ရွက်ကြား၊ သနားစရာ၊ ချစ်စရာရှင်’ ဟုရေးဖွဲ့ခဲ့သည်။ ဤကဗျာတွင် ခက်ခက်ခဲခဲ ခံစားမှုသဘောမပါ စပယ်ပန်းလေးသည် သနားစရာချစ်စရာကောင်းလာ သည်။ ထို့ပြင်

“အသာခူးလိုက်၊ မောင်ကြိုက်တတ်ရဲ့
မပြတ်အေးကြည်ချင်တတ်သည်။” [၂]

ဟူသောအဖွဲ့မှာလည်း မည်သည့်အရာကိုတွေ့တွေ့ ချစ်သူကို သတိရတတ်သည့် သဘောကို ‘အချစ်’ စကားလုံး မပါဘဲဖွဲ့ဆိုထားသည်။

ဒုတိယပိုဒ်တွင်မူ ထိုလှပသည့်စပယ်ကို ချစ်သူအား ပေးရာတွင် ချစ်သူက ‘ယွန်းပြာအိုးကလေး၌ ထိုးကာစိုက် ထားခဲ့သည်။ မိန်းကလေး၏စိတ်မှာမူ ချစ်သူသည် စပယ်ပန်းလေးကို အလှကြည့်လိုဟန်ရှိတယ်လို့’ တွေးမိသည်။ ထိုသို့ တိုးတက်လာသည် ဇာတ်လမ်းနှင့် မိန်းကလေး၏ အတွေးကို

“မောင်ကကြိုပြီး
ချိုနှုတ်ခမ်းပွင့်၊ လှမ်းယူလင့်လည်း
စိတ်ထင့်စရာ၊ ယွန်းပြာပန်းအိုး
ပိုးနုရာရွက်၊ ကျောက်ညှိခက်ကြား

---

[၁] ကြည်အေး၊ ၂၀၀၈၊ ၁၉၆။
[၂] – ယင်း–။

လက်ဖျားယုယ၊ စိုက်ထိုးသခဲ့

အလှကြည့်ချင်ဟန်တူပြီ။” [၁]

ဟု ဖွဲ့ဆိုထားသည်။ မောင်သည် စံပယ်ပန်းကလေးကို မြင်သည်နှင့် နှစ်သက်ပုံကို ‘ချို့နွှတ်ခမ်းပွင့်၊ လှမ်းယူလင့်လည်း’ ဟူ၍ဖွဲ့ဆိုခဲ့သည်။ ပန်းကိုကြိုဆိုပြီး ချိုချိုသာသာ ပြောပုံကိုလည်း လှပကျစ်လျစ်စွာ ‘ချို့နွှတ်ခမ်းပွင့်’ ဟုသုံးထားသည်။

သို့သော်လည်း မောင်သည် မိန်းကလေးပေးထားသည့် စပယ်ပန်းကလေးကို မနမ်းခဲ့ပေ။ ယွန်းပြာပန်းအိုးထဲရှိ ‘ပိုးနုရာရွက်’ အကြားတွင် ယုယုယယစိုက်ထိုး ထားခဲ့ သည်။ ထိုအပိုဒ်တွင်ကြည်အေးသည် စာဖတ်သူအတွက်တွေးစရာပေးခဲ့သည်။ စံပယ်ပန်း ကလေးကို မောင်နှစ်သက်၍ ပေးခဲ့သော်လည်း မောင်သည် ယွန်းပြာ ပန်းအိုးတွင် စိုက်ထားသည်မှာ ဘယ့်အတွက်ကြောင့်ဟုစိတ်ထင့်သွားသည်။ စာရေးသူ အနေဖြင့် ချစ်သူသည် စံပယ်ပန်းကလေးကို မနမ်းဘဲအလှသာ ကြည့်ချင်ဟန်ရှိသည် ဟုလည်း တွေးမိသည်။

ထိုအတွေးဖြင့် မိန်းကလေးသဘာဝအတိုင်း မိန်းမသားဆန်စွာ စပယ်ပန်း အပေါ် မနာလိုစိတ်ကို ဖော်ပြထားသည်။ စပယ်ပန်းကလေးကို တယုတယနှင့် အလှ ထားမည်ကို ဝန်တိုစိတ်ထင့်နေခဲ့သည်။ အမျိုးသမီးများသည် အချစ်နှင့်ပတ်သက်လျှင် ဝန်တိုတတ်သည်။ သို့ရာတွင်မူ စပယ်ပန်းကလေး နှင့်ယှဉ်၍ ဝန်မတိုသင့်ပေ။

စာဆိုတို့သည် လောကတွင်ဖြစ်တတ်သည့်သဘောထက် ရသသဘောကို ပိုပို သာသာလွန်လွန်ကဲကဲဖွဲ့ရသည်။ သို့မှသာ ရသစာပေ ပီသမည် ဖြစ်သည်။ သူ၏ စာများသည် ရသစာပေ ပီသသည်။ ထိုရသစာပေ ပီသမှုသည် ကြည်အေး၏ စိတ်ကူးကောင်းမှုကြောင့် ဖြစ်သည်။

ကြည်အေးသည် ကဗျာဖွဲ့ရာတွင် ဆိုလိုချက်ကို ပီပီပြင်ပြင်မပြ ယိုးတိုးရိပ် တိပ်ပြသည်။ ထို့ပြင် သူ့ကဗျာအပေါ်တွင် စာဖတ်သူတို့ တွေးတောခံစားစေလိုသည် ဟုလည်း ထင်မိပါသည်။ ထို့ကြောင့်လည်း လိမ္မာပါးနပ်စွာဖြင့် စိတ်ထင့်စွာ အလှ ကြည့်ချင်နေခဲ့သည်ဟု ရေးခဲ့သည်။ မနာလိုသည်ဟု မရေးခဲ့ပေ။

ကဗျာတတိယပိုဒ်တွင်မူ ကဗျာဆရာအတွေးပြောင်းလဲသွားသည်။ မိန်းကလေး သည် ချစ်သူကို စပယ်ဦးလေးလို ချစ်ပါသည်။ ဦးဦးဖျားဖျား အချစ်လည်း ဖြစ်ပါ သည်။ မိန်းကလေးက စပယ်ပန်းလေးသည် မောင်နမ်းရန် နုနုရွရွခူးလာခဲ့သည့် စပယ်ပန်းလေး ဖြစ်ပါသည်ဟု ပြောဆိုခဲ့ကာ ချစ်သူ၏အခြေအနေကို စောင့်၍

---

[၁] –ယင်း–။

ခိုးကြည့်နေခဲ့သည်။ ထိုအချိန်တွင် ချစ်သူသည် ပြုံးလျက်လက်ကမ်းလာရာ ချစ်သူမေသည် မောင့်ရင်ခွင်တွင် မက်မောစွာ ခိုဝင်လိုက်မိပါသည်ဟု ရေးဖွဲ့ထားသည်။ ထိုအဖွဲ့သည် ပဟေဠိဆန်သည်။ စပယ်ဦးလေးကို နမ်းဖို့ပြောသည့်အခါမှာ သူ့ရင်တွေခုန်နေသည်။ မောင်ဘာလုပ်မလဲဟု ခိုးကြည့်စောင့်ကြည့်နေခဲ့သည်ဟုလည်း ပြောထားသည်။ ချစ်သူက လက်ကမ်းလိုက်သည့်အခါ မိမိမှာချစ်သူ၏ရင်ခွင်သို့ ခိုဝင်သွားသည် ဤအဖွဲ့တွင် 'စပယ်ငြင်ငြို၊ မနာလို' ဟု ဖွဲ့ဆိုထားသည်။ ချစ်သူရင်ခွင်တွင် သူခိုဝင်သည်ကို ပန်းအိုးထဲက စပယ်ပန်း မနာလိုဟု ဖွဲ့ဆိုထားရာဖွဲ့ဆိုပုံ ဆန်းသစ်သည်။

ဤကဗျာတွင် ရှေးဦးစွာမနာလိုသူမှာ မိန်းကလေးဖြစ်သည်။ အဆုံးတွင် မနာလိုသူမှာ စပယ်ပန်းကလေးဖြစ်သွားသည်။ သက်မဲ့စပယ်ပန်းက မနာလိုခြင်းဖြစ်သွားသည်။ ဤတွင် သက်မဲ့ကိုသက်ရှိအသွင် တင်စားသုံးထားသည်။ စပယ်ပန်းသည် တင်စားသုံး သည့် နိမိတ်ပုံဖြစ်သည်။

ကဗျာဇာတ်လမ်းတစ်လျှောက်လုံးတွင် စပယ်ပန်းသည် လှပသည့်နိမိတ်ပုံ ဖြစ်သည်။ ထိုနိမိတ်ပုံတွင် အလှရှိသည်။ မွှေးသည်။ ဦးဦးဖျားဖျားရှိသည် ဆိုသည့်သဘော ပါဝင်နေသည်။ သက်မဲ့နိမိတ်ပုံကို သက်ရှိအသွင်ပြောင်း သုံးခြင့်ဖြင့် ကဗျာ့အာနိသင် ထက်မြက်သွားစေသည်။

စပယ်ပန်း၏အလှ ဦးဦးဖျားဖျားဖြစ်နေပုံကို ကဗျာအစတွင် 'နုထွေးစံပယ်'ဟု သုံးသည်။ ကဗျာအဆုံးပိုဒ်တွင်မူ နမ်းကြည့်ပါဦး၊ စပယ်ဦးရှင့် ဟုသုံးနှုန်းထား၏

"ရှူးဆွတ်ရွရွ၊ မွှေးမြချင်ဖွယ်
ရင်ဝယ်ခုန်ငြိ"[၁]

ဟူသောအဖွဲ့တွင် စပယ်ဦးလေး၏ ဖြူဆွတ်နေပုံ တို့ကိုရင်ခုန်ဖွယ်တွေ့ရသည်။

မိန်းကလေးသည် ချစ်သူ၏တုံ့ပြန်မှုကိုပြရာတွင် 'ရှက်မိရက်ကို' ဟုသုံးထားသည်။ ရိုးရိုးလေးနှင့် လှပဆန်းကျယ်သည့် စံပယ်ကိုဖွဲ့ရာမှာလည်း 'ရှူးဆွတ်ရွရွ' ဟုသုံးထားသည်။ ပန်းကလေးသည် စပယ်ဦးဖြစ်၍ ကြွကြွရွရွလေး ဖြစ်နေကြောင်း ပေါ်လွင်အောင် ဂရုတစိုက်ဖွဲ့ထားသည်။ စာဆိုသည် စပယ်ပန်းကို နိမိတ်ပုံပြု၍ ချစ်သူနှစ်ဦး၏ခံစားမှုကို လှပစွာ ဖွဲ့ဆိုထားသည်။ စပယ် ပန်း၏အလှကို အပြောင်းအလဲနှင့် ရေးဖွဲ့ထားပါသည်။

---

[၁] ကြည်အေး၊ ၂၀၀၈၊ ၁၉၆။

စာဆိုကြည်အေး 'စပယ်မနာလိုတော့သည်' ကဗျာကိုခြုံကြည့်လျှင် ကဗျာရည်ရွယ်ချက်မှာ ထူးထူးခြားခြားမရှိပေ။ သို့ရာတွင် ယောကျ်ား၊ မိန်းမချစ်သူတို့၏ သဘောများကို တစိမ့်စိမ့်တမြေ့မြေ့ တွေးမိလာအောင် ဆွဲဆောင်နိုင်စွမ်း ရှိသည်။ ကဗျာခံစားမှု ပိုင်းမှလည်း ခံစားမှုကွဲပြားနိုင်သည်။ သို့မှလည်းစာဖတ်သူအနေဖြင့် ကဗျာ၏အလှတရား ကို ခံစားနိုင်မည်ဖြစ်ပါသည်။

## ခြုံငုံသုံးသပ်ချက်

ကဗျာဆရာမကြည်အေးသည် စိတ်ကူး အလွန်ကောင်းမွန်သူ ဖြစ်သည်။ သူ၏စိတ်ကူးများသည် သာမာန်အကြောင်းအရာကိုပင် ထူးခြားမှုရှိအောင် ထူးခြားသည့်အမြင်ဖြင့် တင်ပြလေ့ရှိသည်။ အချစ်သည် လူသားတိုင်းနှင့် မကင်းသည့်အကြောင်း၊ နယ်ပယ်ကျယ်ပြန့်သည့် အကြောင်းများကို ဖွဲ့ဆိုရာတွင် သဘောတရားအမြင်ကို ရှေ့တန်းမတင် ပုဂ္ဂိုလ်ရေးရာ ကဗျာအဖြစ် ဖွဲ့နွဲ့လေ့ရှိသည်။ သူ၏ကဗျာများသည် ပုဂ္ဂလိကခံစားမှုမှတစ်ဆင့် ယေဘုယျ ခံစားမှုရောက်အောင် စာဖတ်သူအား ခေါ်ဆောင်သွားလေ့ရှိသည်။ ကြည်အေး၏ ကဗျာများသည် စိတ်ကူး သိမ်မွေ့ ညင်သာသကဲ့သို့ သူစိတ်ကူးနောက်သို့ စာဖတ်သူ လိုက်ပါရင်း အဖြေရှာကြရသည်။ စာဖတ်သူ၏ အတွေ့အကြုံ အနုအရင့်၊ အာရုံခံစားမှု အနုအရင့်ကို လိုက်ပြီး အမျိုးမျိုး ကွဲပြားနိုင်သည်။

ဤစာတမ်းတွင် ကြည်အေး၏ ကဗျာအများအပြားထဲမှ သဘောချင်းတူသည့် ကဗျာ(၃)ပုဒ်ကို လေ့လာတင်ပြထားပါသည်။ ထိုကဗျာများသည် ဇာတ်လမ်းကဗျာများ မဟုတ်ကြပေ။ လူ့သဘော၊ အချစ်သဘော၊ လောကသဘောကို ဇာတ်ဆောင်တစ်ဦးတစ်ယောက်က ပြောပြနေဟန်တင်ပြထားသည်။ မောင်(သို့မဟုတ်) မယ်လည်း ဖြစ်တတ်သည်။ မယ်(သို့မဟုတ်) မောင်လည်း ဖြစ်နိုင်သည်။ သို့သော် 'မောင်' ဆိုသောစကားကို အများဆုံး သုံးထားသည်ကို တွေ့ရသည်။ ထို့ပြင် ပိတောက်ပန်း၊ စပယ်ပန်းတို့လည်း ပါအောင်လည်း ပါဝင်ဖွဲ့စပ်လေ့ရှိသည်။ ပန်းကလေးများကို တစ်ခါတစ်ရံ လူကဲ့သို့တင်စားပြီး နိမိတ်ပုံပြုကာ ရေးဖွဲ့ထားသည်ကိုလည်း တွေ့မြင်နိုင်သည်။

'နှုတ်ဆက်သွားသူ' ကဗျာတွင် ချစ်သူက ပြတ်သားရဲဝံ့စေလိုသည်။ သို့သော် မောင်ကမူ အလှကြည့်လိုစိတ်သာ ရှိနေသည်။ ထိုအခြေအနေတွင် နှမ အလျင်သွားလိုက်သည့်အတွက် မောင့်မှာ နောက်ကျခဲ့ပြီဖြစ်ကြောင်း စကားလုံး အလှအပများနှင့် တန်ဆာဆင် ရေးဖွဲ့ထားပါသည်။

'အချည်းနှီးပိတောက်' ကဗျာတွင် တစ်ဦးက တန်ဖိုးထားသည်ကို တစ်ဦးက တန်ဖိုး မထားခဲ့၍ ပြင်းထန်စွာခံစားခဲ့ရသည့် မိန်းမပျိုလေး၏ ခံစားချက်ကို ရေးဖွဲ့ထားသည်။ ဤကဗျာတွင် ပိတောက်ပန်းကို ဗဟိုပြု၍ သိမ်သိမ်မွေ့မွေ့ ရေးဖွဲ့ထားသည်ကို တွေ့ရသည်။

'စပယ်မနာလိုတော့သည်' ကဗျာတွင်မူ စပယ်ပန်းကို မွှေးစေလိုသော်လည်း ဝန်တိုနေမိပုံ၊ ချစ်သူရင်ခွင်တွင် ခိုဝင်မိပါက စပယ်ပင် မနာလိုဖြစ်နေမည်လားဟု တွေးတောနေသည်မှာ သဘာဝလည်းကျသည်။ နှစ်သက်စရာလည်း ကောင်းသည်။

ကြည်အေး၏ကဗျာများသည် လောကသဘာဝ၊ လူ့သဘာဝကို မမျှော်လင့်သည့် ရှုထောင့်မှ မမျှော်လင့်သည့် တင်ပြပုံနှင့် ရေးဖွဲ့ပြထားသည်မှာ နှစ်သက်ဖွယ်ဖြစ်သည်။ ကြည်အေးသည် သူ၏အတွေးများကို ပီပီပြင်ပြင် ရေးခြင်းထက် ကဗျာဆန်ဆန် သိမ်သိမ်မွေ့မွေ့ ရေးခြင်းဖြင့် စာဖတ်သူ ဆက်လက်တွေးတောနိုင်မည့် ကဗျာ့ပရိယာယ်ကို သုံးလေ့ရှိသည်။ နောက်ဆုံးတွင် စာဆိုသည် မည်သို့ပင်ရေးဖွဲ့တင်ပြထားစေကာမူ ကြည်အေး၏ ကဗျာ့စိတ်ကူးနှင့်အရေးအဖွဲ့ကို စာဖတ်သူတို့ နှစ်သက်ကြသည်သာ ဖြစ်ပါသည်။

## နိဂုံး

ကြည်အေးသည် အနုပညာဂုဏ်မြောက်သည့် ကဗျာများစွာရေးဖွဲ့ခဲ့သူဖြစ်သည်။ သူ၏ ကဗျာများသည် အများအားဖြင့် လောကကို ဟန်ဆောင်ဖုံးကွယ်မှုမရှိဘဲ၊ အရှိကို အရှိတိုင်း ရေးလေ့ရှိသည်။ လောကရှိလူသားတိုင်းသည် နီးစပ်ရာပေါ်တွင် တွယ်တာတပ်မက်စိတ် ရှိကြသည်။ ထိုတွယ်တာ တပ်မက်စိတ်နှင့် ဆင်ခြင်မိသည့်အလျောက် သူ့၏ကဗျာများတွင်လည်း လောကကို တပ်မက်တွယ်တာပုံတို့ကို နိမိတ်ပုံအမျိုးမျိုးဖြင့် ဖွဲ့ဆိုလေ့ရှိသည်။ သူတင်ပြသည့် နိမိတ်ပုံအဖွဲ့များသည်လည်း အကြောင်းအရာနှင့် ဆီလျော်လိုက်ဖက်၍ နှစ်သက်ဖွယ် ဖြစ်သည်။ စာဆို၏ စိတ်ကူးခံစားချက်အဖွဲ့များကို သူ၏ကဗျာများမှတစ်ဆင့် စာဖတ်သူတို့အနေဖြင့် ရှုထောင့်အထွေထွေမှ ခံစားရှုမြင်နိုင်မည် ဖြစ်ပါသည်။

## ကျမ်းကိုးစာရင်း

ကြည်အေး။(၂၀၁၇)။ ***ကြည်အေး၏ကဗျာ၊ကြည်အေး၏စာ***။ ရန်ကုန်၊ ကံကော် ဝတ်ရည် စာပေ။

ကြည်အေး။(၂၀၀၈)။ ***ကြည်အေး၏ကဗျာများ***။ ရန်ကုန်၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်။

ခင်သူဇာ၊ မ။ (၁၉၉၉)။ ***ကြည်အေး၏ စာစုံစာရင်း***။ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်နှင့် သုတေသန။

ခင်မင်၊မောင်(ဓနုဖြူ)။ ၂၀၁၃။ ***ဘာသာနှင့်စာပေ၊စာပေနှင့်ဘာသာ***။ ရန်ကုန်၊ ကံကော်ဝတ်ရည် စာပေ။

ဇေယျ။ (၂၀၁၀)၊***ကဗျာလင်္ကာဇေယျ၏စာပေါင်းချုပ်***။ ရန်ကုန်၊ ပန်းရွှေပြည်စာအုပ်တိုက်။

ဘုန်းနိုင်၊(တက္ကသိုလ်-)။ (၁၉၉၄)။ ***ခပ်သိမ်းကလျာရှုဘွယ်သာတည်း (ဒုတိယအကြိမ်)***။ ရန်ကုန်၊ ရေတမာစာပေ။

ဘုန်းနိုင်၊ (တက္ကသိုလ်-)။ (၂၀၁၂)။ ***လီရနာဂဂ်ါရောဝတီ***။ ရန်ကုန်၊ ကံ့ကော်ဝတ်ရည် စာပေ။

တာရာ၊ ဒဂုန်။ (၂၀၀၄)။ ***အလှဗေဒ (၂)***။ရန်ကုန်၊ ဆုစာအုပ်တိုက်။

ရွှေအောင်၊ ဦး။ (၂၀၀၃)။ ***ရသစာပေ၏ရသ***။ (ဒုတိယအကြိမ်)၊ ရန်ကုန်၊ ရာပြည့် စာအုပ်တိုက်။

*J. Myanmar. Acad. Arts Sci. 2017* **Vol. XVI. No. 7** 

# ကြည်အေး၏ကဗျာ့စိတ်ကူးနှင့်အရေးအဖွဲ့

မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်များအဖွဲ့
တစ်ဆယ့်ခုနစ်ကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲသို့
တင်သွင်းသည့်စာတမ်း

ဒေါ်သန်းသန်းဆွေ

ကထိက

မြန်မာစာဌာန

ဟသ်ာတတက္ကသိုလ်

၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ၊ ( ၂၇ )ရက်

**မာတိကာ**


| **စဉ်** | **အကြောင်းအရာ** | **စာမျက်နှာ** |
| --- | --- | --- |
| | စာတမ်းအကျဉ်း | |
| | နိဒါန်း | |
| ၁။ | ကြည်အေး၏အတ္ထုပ္ပတ္တိအကျဉ်း | ၁ |
| ၂။ | ကဗျာ့သဘော | ၂ |
| ၃။ | ကြည်အေး၏ ကဗျာ့စိတ်ကူးနှင့်အရေးအဖွဲ့ | ၅ |
| ၃၊ ၁။ | နှုတ်ဆက်သွားသူ | ၆ |
| ၃၊ ၂။ | အချည်းနှီးပိတောက် | ၈ |
| ၃၊ ၃။ | စပယ်မနာလိုတော့သည် | ၁၂ |
| ၄။ | ခြုံငုံသုံးသပ်ချက် | |
| | နိဂုံး | |

# ကျမ်းကိုးစာရင်း

*J. Myanmar. Acad. Arts Sci. 2018* **Vol. XVI. No. 6A**

# တင့်တယ်၏ဖြေလျော့ခွေဝတ္ထု ဇာတ်လမ်းဖန်တီးမှု အတတ်ပညာ

ကြည်ကြည်မြင့် *

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာစာပေလောကတွင် လွတ်လပ်ရေးခေတ်၌ နာမည်ကျော်ကြား လူကြိုက်များခဲ့သည့် စာရေးဆရာတင့်တယ်၏ 'ဖြေလျော့ခွေ' ဝတ္ထုမှ ဇာတ်လမ်း ဖန်တီးမှု အတတ်ပညာကို လေ့လာတင်ပြ ထားသောစာတမ်းဖြစ်ပါသည်။ ထို စာတမ်းတွင် အခန်း(၁) တင့်တယ်၏ အတ္ထုပ္ပတ္တိ၊ အခန်း(၂) တင့်တယ်၏ ဝတ္ထုများအပေါ် ပညာရှင်တို့၏အမြင်၊ အခန်း(၃) ဖြေလျော့ခွေဝတ္ထု၏ ဇာတ်လမ်းဖန်တီးမှု အတတ်ပညာတို့ ဖြစ်ပါသည်။ ဖြေလျော့ခွေဝတ္ထု၏ ဇာတ်လမ်းဖန်တီးမှု အတတ်ပညာကို တင်ပြရာ၌ ဇာတ်လမ်းနှင့်ဆက်စပ်၍ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံတို့က ဇာတ်လမ်းကို အထောက်အကူပြုပုံကို ထည့်သွင်းလေ့လာ တင်ပြသွားမည် ဖြစ်ပါသည်။

## နိဒါန်း

စာရေးဆရာတင့်တယ်သည် လွတ်လပ်ရေးခေတ်တွင် ဝတ္ထုတို၊ ဝတ္ထုရှည်များကို အများအပြား ရေးသားခဲ့သည်။ ၁၉၅၀ခု ဝန်းကျင်ကာလများ၌ စောင်ရေအများဆုံးထုတ်ဝေရသော စာရေးဆရာဖြစ်သည်။ သူ၏ဝတ္ထုများသည် လူငယ်ကြိုက် အချစ်ဝတ္ထုများဖြစ်သည်။ အင်္ဂလိပ်စာ အထူးကျွမ်းကျင်သူ ဖြစ်သောကြောင့် အမှီးဝတ္ထုလည်း ပါဝင်ပါသည်။ တင့်တယ် ရေးသားခဲ့သော စာပေလက်ရာများထဲတွင် ဝတ္ထုစာပေအမျိုးအစားမှာ အများဆုံးဖြစ်သည်။ ၁၉၄၅–၅၀ ဝန်းကျင်ကာလ များတွင် တင့်တယ်ခေတ်ဟု ဆိုရလောက်အောင် မြန်မာဝတ္ထု လောကတွင် သူ၏စာအုပ်များကလွှမ်းမိုးထားခဲ့ပါသည်။

အထူးသဖြင့် လူငယ်အမျိုးသမီး စာဖတ်ပရိသတ်ကြားတွင် ရေပန်းအစားဆုံးစာရေးဆရာ ဖြစ်ခဲ့သည်။ ဒဂုန်တာရာကပင် တင့်တယ်ကို နှုတ်ခမ်းနီမလေးတို့၏အသည်းစွဲ စာရေးဆရာဟု ကင်ပွန်းတပ်ခဲ့သည်။ တင့်တယ်၏ လက်ရာများအဖြစ်ချစ်နိုင်ငံ၊ ချစ်မိသည့်ဝန်၊ နွဲ့ဆိုး၊ မေချစ်တဲ့မောင်၊ ချစ်မိုးမြေ၊ လာလုလုငေး၊ ဖြေလျော့ခွေ၊ မမထား၊ ကျုပ်သားမောင်မောင်၊ ကမ္ဘဖလ၊ ရွှေချစ်ငွေချစ်၊ ဆရာညာနှင့် သူဇာတို့ဖြစ်ပါသည်။ တင့်တယ်သည် အချို့သော ဝတ္ထုရှည်များကို နှစ်ပုဒ်တွဲ၍ လုံးချင်းဝတ္ထုရှည်အဖြစ် ထုတ်ခဲ့သည်။ ယင်းတို့မှာ သွေးနှင့် မျက်ရည်၊ လိုက်တော်မူခဲ့ တို့ကို

* ဒေါက်တာ၊ ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

ပေါင်း၍ ချစ်နိုင်ငံ၊ ဆရာညွှာနှင့် ပြန်ချိန်တန် ပေါင်းကာ ချစ်မိသည့်ဝန် ဝတ္ထုများ ထုတ်ဝေခဲ့သည်။ တင့်တယ်၏ အမှီးဝတ္ထုများသည်လည်း လူကြိုက်များလှသည်။ တင့်တယ်၏ဝတ္ထုများသည် ချစ်ဝတ္ထုများ ဖြစ်ကြသည်။ ဇာတ်လမ်း၊ ဇာတ်အိမ် ဖန်တီးတင်ပြပုံ ကောင်းမွန်လှသည့်အတွက် စာဖတ်သူ တို့နှစ်သက် စွဲလန်းကြသည်။ တင့်တယ် ၏ဝတ္ထု ရှည်များထဲမှ လူကြိုက်များသည့်အပြင် ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးခဲ့ရသော ဖြေလျှော့ခွေဇာတ်လမ်း ဖန်တီးပုံကို လေ့လာတင် ပြထားပါသည်။ ဝတ္ထုဇာတ်လမ်း ဖန်တီးရာ၌ ဇာတ်လမ်း သက်သက်မဟုတ်ဘဲ ဇာတ်ဆောင်၊ နောက်ခံတို့က အပြန်အလှန်အထောက် အကူပြုနေသည့်သဘောကို လေ့လာ တင်ပြ ထားပါသည်။

## ၁။ တင့်တယ်၏အတ္ထုပ္ပတ္တိ

တင့်တယ်အမည်ရင်း ဦးဝင်းစိန် ဖြစ်သည်။ ၁၉၂၇၊ ဇွန် ၂၉ ရက် သောကြာနေ့တွင် ပြည်ခရိုင်၊ ရွှေတောင်မြို့၌ မွေးဖွားခဲ့သည်။ ငယ်စဉ်က ရွှေတောင်မြို့ အမျိုးသားအထက်တန်းကျောင်း၊ အစိုးရအထက်တန်းကျောင်းနှင့် ပြည်အစိုးရအထက် တန်းကျောင်း တို့တွင် ပညာသင်ခဲ့သည်။ ၁၉၃၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ သိပ္ပံ ဘာသာဖြင့် ပညာဆက်လက် သင်ယူသည်။ ဥပစာတန်း အောင်မြင်သောအခါ ဝိဇ္ဇာ ဘာသာဘက်သို့ ကူးပြောင်းခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့၊ ၁၉၄၂ ခုနှစ်တွင် ဥပဒေဝိဇ္ဇာဘွဲ့ကို ရရှိခဲ့သည်။

၁၉၄၁ ခုနှစ်တွင် ပန်းတနော်အမျိုးသား အထက်တန်းကျောင်း၌ ဆရာအဖြစ် အမှုထမ်းခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း၌ ပညာရေးဌာန လက်အောက်ရှိ စာပေနှင့် စာကြည့်တိုက်ဌာနတွင် စာပြုအဖြစ် အမှုထမ်းခဲ့သည်။ ၁၉၄၅–၄၈ ခုနှစ်အတွင်း၌ ပြန်ကြားရေးဌာနတွင် ဘာသာပြန်အရာရှိနှင့် တည်းဖြတ်သူအဖြစ် အမှုထမ်းသည်။ ၁၉၄၈–၁၉၅၂ ခုနှစ်အထိ ဘီဘီစီ မြန်မာပိုင်းအစီအစဉ်၌ ဘာသာပြန်နှင့် သတင်း ထုတ်သူအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်ပါသည်။

တင့်တယ်ဟူသော ကလောင်အမည်ကို ယူခဲ့ခြင်းမှာ စိတ်ဝင်စားဖွယ် ကောင်း သည်။ ပန်းပဲမောင်တင့်တယ် နတ်မောင်နှမ ရုပ်ရှင်ကြော်ငြာသီချင်းစာသား ကြားရာမှ တင့်တယ်ဟူသောအမည်ကို ယူခဲ့သည်။ ၁၉၃၆ ခုနှစ်တွင် ရှက်လို့လား ဆိုသည့် ဝတ္ထုတိုဖြင့် စာပေလောကကို စတင် ဝင်ရောက်ခဲ့သည်။ သို့သော် ထိုစဉ်က စာရေးသူ ၏အမည်ကို မဖော်ပြခဲ့ပေ။ ထိုဝတ္ထုပါဝင်သည့် ရှင်ပျော်ပျော်တိုက်သာမက အခြား သော မဂ္ဂဇင်းတိုက်များတွင်လည်း ထိုအချိန်က ကလောင်အမည်များကို ထည့်သွင်း ဖော်ပြလေ့ မရှိပေ။ ၁၉၃၇ ခုနှစ်တွင် ရေးသားသော တစ်နေ့ဝင်ဝတ္ထုတွင် အောင်ကျော်

ဟူသော ကလောင်အမည်ဖြင့် ဖော်ပြခွင့်ရသည်။ တင့်တယ်သည် ကလောင်ခွဲပေါင်း (၄၀)ကျော် ရှိသည်။ စာ အလွန်ရေးနိုင်သည်။ တင့်တယ် ကလောင်အမည်များအနက် လူသိများသော အမည်များမှာ ကျော်ဇော၊ တင့်တယ်၊ ဦးထွန်းခေါင်၊ ဒေါ်ယဉ်မင်းလှ၊ အေးစိမ့်၊ အောင်မြင်၊ ဩဘာတို့ဖြစ်ပါသည်။

ဘဝသရုပ်ဖော်ဝတ္ထုတိုများကို ကျော်ဇော်အမည်နှင့်ရေးသည်။ အချစ်ဇာတ်လမ်းများကို တင့်တယ်အမည်နှင့် ရေးသည်။ အတွေးအခေါ်ဆိုင်ရာ ဆောင်းပါး များကို ဦးထွန်းခေါင်အမည်နှင့် ရေးသည်။ အမျိုးသမီးရေးရာအဖြာဖြာကို ဒေါ်ယဉ်မင်းလှ ဟူသောအမည်နှင့် ရေးသည်။ ခါးပိုက်နှိုက်များ အကြောင်းရေးရာတွင် အေးစိမ့်၊ ဟာသဆန်ဆနဇာတ်လမ်းရေးရာတွင် အောင်မြင် အမည်ဖြင့်ရေးသည်။ စာပေဆောင်းပါးကို ဩဘာ အမည်နှင့် ရေးပါသည်။

အောင်ကျော်ဟူသော ကလောင်အမည်ယူရာ၌ အကြောင်းရင်းရှိသည်။ ဇနီးဖြစ်သူ၏ ဇာတိဖြစ်သော ဟသ်ာတ၊ မယ်ဇီကုန်း ဒေသများတွင် စစ်ပြေးချိန်က နေခဲ့ဘူးသည်။ ထိုဒေသများသည် ဗိုလ်အောင်ကျော်၏ ဇာတိဖြစ်သည်။ ဗိုလ်အောင်ကျော်ကို လေးစားသောအားဖြင့် ကျွန်ပညာရေးစနစ် တွန်းလှန်ရာတွင် ကျဆုံးခဲ့ရသော ဗိုလ်အောင်ကျော်ကို ဂုဏ်ပြုသည့် စိတ်ဖြင့် အောင်ကျော်ဟူသော ကလောင်အမည် မှည့်ခြင်းဖြစ်သည်။ တင့်တယ်၏ အလွန်ကျော်ကြားသော လာလုလုငေး၏အဆုံးတွင် 'မို့မို့ ပရိယာယ် ငတင့်တယ် နားဝယ်မလည်ရှာ'ဟု ထည့်သွင်းရေးသားခဲ့သည်။ ကဝိလက္ခဏာဒီပနီကျမ်းပါ 'မင်းပရိယာယ် ငတင့်တယ် နားဝယ်မလည်ရှာ' ဆိုသော သတ်ပုံဖွဲ့ထုံးအဆိုကို အနည်းငယ် ပြုပြင်၍ ဖော်ပြခြင်းဖြစ်သည်။

ဘာသာပြန်ဝတ္ထုများ ရေးသားရာတွင် တင့်တယ်၊ ထွန်းအံ့၊ ကျော်ဇော၊ အောင်မြင် ဟူသော ကလောင်မည်များ သုံးခဲ့သည်။ ပင်ကိုယ်ရေးဝတ္ထုများ ရေးသားခဲ့သည့် အပြင် ဘာသာပြန်ဝတ္ထု၊ အမှီးဝတ္ထု ရေးသားခဲ့သည်။ အင်္ဂလိပ်ဝတ္ထုများ မှီးရေးရာတွင် မြန်မာမှုပြု ကျွမ်းကျင်သောကြောင့် အမှီးဟူ၍ပင် မထင်ရပေ။ လာလုလုငေး၊ ထား၊ ဖိုးပြုံးချို ဝတ္ထုများသည် အမှီးဝတ္ထုများဖြစ်သည်။ တင့်တယ်သည် ဝတ္ထုတို၊ ဝတ္ထုရှည်၊ ကျမ်း၊ ဘာသာပြန်ဆောင်းပါး ဘာသာပြန်ဝတ္ထုစသည့် သုတရသစာပေအမျိုးမျိုးကို ရေးရာတွင် အကြောင်းအရာကိုလိုက်ပြီး ရေးဟန်ကိုလည်း ကွဲပြားအောင် ရေးသားခဲ့သည်။ နိုင်ငံခြားစာပေများကို အဖတ်အရှုများသည့်အလျောက် ဝတ္ထုရေးရာတွင် ထူးခြားဆန်းသစ်သော ဇာတ်လမ်းများဖန်တီးယူနိုင်ခဲ့သည်။ ဇာတ်လမ်းသာမက ဇာတ်ဆောင်တို့၏ သွင်ပြင်ပုံပန်း စရိုက်အမူအရာ ရေးဖွဲ့ရာ၌ စာဖတ်သူတို့၏ စိတ်ထဲကို ဆွဲဆောင်နိုင်ခဲ့သည်။ ဖြေလျော့ခွေမှ အလုံ၊ လာလုလုငေးမှ မို့မို့ တို့၏ စရိုက်များကို ပရိတ်သတ်တို့ နှစ်သက်ခဲ့ကြသည်။ ဇာတ်ဆောင်ဖန်တီးမှု အတတ်ပညာ ကျွမ်းကျင်

ခြင်းက ဇာတ်လမ်းဖန်တီးမှုကို ကောင်းစွာ အထောက်အကူပြုထားသည်ကို တွေ့ရပါသည်။

တင့်တယ်သည် စာပဒေသာမဂ္ဂဇင်း (၁၉၄၆)၊ ရှုမဝမဂ္ဂဇင်း (၁၉၄၇)၊ ပဒေသာမဂ္ဂဇင်း (၁၉၄၈)၊ ရှုမဝမဂ္ဂဇင်း (၁၉၅၂)၊ စန္ဒာမဂ္ဂဇင်း (၁၉၆၆)၊ တို့တွင် စာတည်းလုပ်ကိုင်ခဲ့သည်။ တင့်တယ်သည် ဝတ္ထုရေးနည်းကို လမ်းသစ်ထွင်ပေးသကဲ့သို့ မဂ္ဂဇင်း လောကကိုလည်း ပုံစံသစ်ဖြင့် တီထွင်ပေးခဲ့သူဖြစ်သည်။ ရှုမဝမဂ္ဂဇင်းကို (Reader Digest) ပုံစံမျိုးဖြင့် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထု၊ အခန်းဆက်ဝတ္ထုရှည် ပါဝင်သောမဂ္ဂဇင်းအဖြစ် ထုတ်ဝေခဲ့ပါသည်။ ထို့ပြင် အကျော်အမော်၊ ဖိုးပြုံးချို၊ ချစ်သောသဲမွှာ၊ ဖြေလျော့ခွေ၊ ပန်သစ္စာ၊ ဤဘဝဝယ်ဝတ္ထုများကို ရုပ်ရှင်ဇာတ်ကားရိုက်ရန် ဇာတ်ညွှန်း ရေးသားခဲ့သည်။ လာလုလုငေး၊ ကျွန်မအနုပညာသည်၊ ဖြေလျော့ခွေတို့ကို ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့ပါသည်။

## ၂။ တင့်တယ်၏ဝတ္ထုများအပေါ် ပညာရှင်တို့၏အမြင်များ

တင့်တယ်သည် ဝတ္ထုလောက၌ တခေတ်ဆန်း၍ ရေပန်းစားအောင် ရေးသားနိုင်ခဲ့သူ ဖြစ်သည်။ တင့်တယ်နှင့် ပတ်သက်၍ စာပေပညာရှင်တို့က အမျိုးမျိုး တင်ပြခဲ့ကြသည်။ တင့်တယ်၏ ဝတ္ထုများအပေါ်တွင် စာဖတ်ပရိတ်သတ်တို့ နှစ်သက်ရခြင်း အကြောင်းကို ဒဂုန်တာရာက

> "တင့်တယ်မှာ အရေးအသားချောမောပြေပြစ်ပြီး အဖွဲ့နွဲ့ ကောင်းသည်။ စကားပြောခန်း စသည့်များ သွက်သဖြင့် ဝတ္ထုအဖြစ် ဖတ်၍ ကောင်းလှပါပေသည်။ စိတ်ကူးယဉ်အတွေးဖြင့် အချစ်ဇာတ်လမ်းများကို ရေးသည်။ စစ်အပြီး၌ တဟုန်ထိုး ကျယ်ပြန့်တိုးပွားလာသော စာဖတ်ပရိတ်သတ်တွင် စိတ်ကူးယဉ် စာပေသည် အရေးပါလာပေရာ တင့်တယ်၏ဝတ္ထုများကို လူကြိုက်များသည်"[၁]

ဟု ဆိုမိန့်ခဲ့ပါသည်။ ထို့ပြင် တင့်တယ်၏ ဇာတ်လမ်း ဖန်တီးပုံနှင့် ပတ်သက်၍

> "တင့်တယ်သည် ဇာတ်လမ်းအချိတ်အဆက် အတွေ့အကူး စသည်ဖြင့် ဆန်းဆန်းပြားပြားဆင်ကာ ရေးတတ်သည့်အချက်

---

[၁] တာရာ၊ ဒဂုန်၊ ၁၉၆၇၊ ၃၇၁။

ကြောင့် အတွေးအခေါ်ဘက်နှင့် ဝတ္ထုဘက်၌ မလေးနက်ပဲ ပေါ့ပျက်ပျက် ဖြစ်နေရသည်။ ထို့ပြင် အချစ်ဇာတ်လမ်းကို အသားပေးခြင်းမှာလည်း အဖန်တလဲလဲ ထပ်၍နေသည်”[၁]

ဟု အားနည်းချက် အားသာချက်များကို သုံးသပ်ပြထားပါသည်။ ဒဂုန်တာရာ၏ အမြင်တွင် တင့်တယ်သည် ပရိသတ်အကြိုက်လိုက်၍ ဇာတ်လမ်းအသားပေး ဝတ္ထုများ ရေးခဲ့သည်ဟု ယူဆရသည်။ အချစ်ဝတ္ထုများ ရေးရာတွင်မူ တင့်တယ်သည် အနုစိတ် သရုပ်ဖော်အဖွဲ့ အားကောင်းသည်။ အချစ်ဝတ္ထုကိုကျော်လွန်၍ ဘဝသရုပ်ဖော်ဝတ္ထု ဖက်သို့ အားပြုရေးသားမည်ဆိုလျှင် တင့်တယ်၏အနုပညာသည် ပို၍မြင့်မား လာမည် ဟု ဒဂုန်တာရာ ယူဆခဲ့သည်။ သူ၏အယူအဆမှာ တင့်တယ်သည် မိမိ စိတ်ကူးထား သော ပုံသဏ္ဌာန်ကို ပေါ်အောင် ဖော်နိုင်သည်။ တစ်ခါတရံ အနုစိတ်ကလေးများဖြင့် ချစ်စဖွယ် ကောင်းသည်။ အချစ်ဇာတ်လမ်း သက်သက်ထက် လူ့လောကကြီး၏ စနစ် စုံကို သရုပ်ဖော်သည့်ဝတ္ထုများဘက်သို့ ချဉ်းကပ်လျှင် အနုပညာတန်ဖိုးသည် မြင့်လာ မည်ဟု ဆိုခဲ့ပါသည်။

တက်တိုးကမူ တင့်တယ်၏ ဝတ္ထုဖတ်နည်းနှင့်ပတ်သက်၍

“တင့်တယ်သည် မူရင်းဝတ္ထု၏ အာဘော်ကို မပျက်အောင် ပြန်ဆိုသူ ဖြစ်သဖြင့် ဘာသာပြန်ရာတွင် သူနှင့်တူနိုင်သူ ရှားလှ သည်”[၂]

ဟု မှတ်ချက်ချထားပါသည်။ တက်တိုးကပင်

“တင့်တယ်နှင့်ပတ်သက်၍ သူ၏ ချီးမွမ်းထိုက်သောဂုဏ်မှာကား ဇွဲပင်ဖြစ်သည်။ ဝတ္ထုများကို စက်နှင့်လှည့်၍ ထုတ်လိုက်သကဲ့သို့ မြန်အောင် ရေးသားနိုင်သောသတ္တိမှာ ထူးကဲလှသည်”[၃]

ဟု ဆိုခဲ့ပါသည်။ တင့်တယ်သည် စိတ်ကူးဉာဏ် ထက်မြက် သွက်လက်သည့် အလျောက် ဝတ္ထုများစွာကို ပရိတ်သတ်ကြိုက်အောင် ရေးသားနိုင်စွမ်းရှိပါသည်။

စာရေးဆရာ သာဓုကမူ

---

[၁] တာရာ၊ ဒဂုန်၊ ၁၉၆၇၊ ၃၇၂။

[၂] တက်တိုး၊ ၁၉၄၈ ၊ ၂၉။

[၃] တက်တိုး၊ ၁၉၄၈၊ ၁၁။

> "စာပေအရာ၌ ဤလိုလာဘ်မြင်သော ကျွမ်းကျင်သော စာပေပညာရှင်မျိုးကို သာခုဓ အနေဖြင့် တင့်တယ်တစ်ယောက်သာ တွေ့ဖူးသည်"[၁]

ဟု ဆိုခဲ့သည်။

တင့်တယ်၏ နာမည်ကျော်ကြားသော ကမ္ဘဖလဝတ္ထုအပေါ်၌ မောင်သိန်းဆိုင်က လူငယ်ကြိုက်၊ မိန်းမပရိတ်သတ်ကြိုက် ရေးဟန်ဖြင့် ရေးလေ့ရှိသော တင့်တယ်သည် ကမ္ဘဖလရေးရာတွင်မူ သူ၏ပရိသတ်များစွာ လက်မခံခြင်းမရှိ။ ကမ္ဘဖလသည် ဇာတ်အိမ်ပန္နက် အံ့မခန်း ဆန်းကြယ်သည်။ လျှို့ဝှက်သည်းဖိုဝတ္ထုမျိုး ရေးနည်းရေးဟန်ဟု ဆိုထားပါသည်။ တင့်တယ်၏ ပရိသတ်များသည် အမျိုးသမီးများ၊ လူငယ်များ ဖြစ်သည့်အလျောက် ကမ္ဘဖလကဲ့သို့ လေးနက်သော ဘဝရုန်းကန်လှုပ်ရှားမှုပါသော ဝတ္ထုမျိုးကို ဖတ်လေ့မရှိသည့်အလျောက် နှစ်သက်ခြင်းမရှိကြဟန်တူပါသည်။ စာဖတ်အလေ့အကျင့် ရင့်သန်သူတို့ကမူ ကမ္ဘဖလကို နှစ်သက်ကြသည်။

တင့်တယ်၏ ဝတ္ထုတစ်ခေတ်ကို လွှမ်းမိုးနိုင်လောက်အောင် စိတ်ကူးကောင်းပုံ၊ ပါရမီ ထူးချွန်ပုံကို မောင်ဆွေတင့်က

> "စစ်ပြီးခေတ်ကာလ ထိုခေတ်မှာ ကျော်ကြားထင်ရှားသော စာရေးဆရာများအကြောင်းကို ပြောလျှင် တင့်တယ်၏ အကြောင်းကိုလည်း သီးခြားထည့်သွင်း ပြောဆိုသင့်သည်ဟု ထင်မြင်မိပါသည်။ စာဖတ်ပရိသတ် အများစု အကြားတွင် ထိုခေတ်က ထင်ရှား ကျော်ကြားခဲ့သူများ၌ တင့်တယ်သည် ထိပ်ဆုံးတန်းမှ ပါဝင်ခဲ့သူ ဖြစ်ပါသည်။ ရှုမဝမဂ္ဂဇင်း ထွက်ပေါ်လာသည့် ၁၉၄၇ ခုနှစ် ပတ်ဝန်းကျင်မှ စတင်ပါသည်။ တင့်တယ်သည် ထိုခေတ်က အထူးသဖြင့် လူငယ်အမျိုးသမီး စာဖတ်ပရိသတ်များအကြားတွင် ရေပန်းအစားဆုံး စာရေးဆရာတစ်ဦးဖြစ်ခဲ့ပါသည်။ ဒဂုန်တာရာကပင် တင့်တယ်ကို နှုတ်ခမ်းနီကလေးတို့၏အသည်းစွဲ စာရေးဆရာဟုကင်ပွန်းတပ်ခဲ့ဖူးပါသည်။ ထိုစဉ်က တင့်တယ်၏ ထင်ရှားကျော်ကြားမှုမှာ အများကြိုက် ဝတ္ထုဇာတ်လမ်းများကို

[၁] သာခုဓ၊ ၁၉၉၀၊ ၅၀။

ပြေပြစ်သော စကားပြေ အရေးအသားဖြင့် ဖွဲ့နွဲ့သိုင်းဝိုင်းကာ ရေးသားသည့် ရေးဟန်တို့ကြောင့် ဖြစ်ပါသည်"[၁]

ဟု ဆိုထားပါသည်။ တင့်တယ်သည် မည်သည့်အကြောင်းအရာကို မဆို စိတ်ဝင်စားဖွယ် ဇာတ်လမ်း ဖြစ်လာအောင်နှင့် ရသမြောက်အောင် ဖန်တီးရေးဖွဲ့နိုင်သည်။

ဝတ္ထုဇာတ်လမ်းကို ပရိသတ်တို့ နှစ်သက်သည်ဆိုရာ၌ ဇာတ်လမ်းသက်သက်သာမက ရေးဟန် ကောင်းမွန်ခြင်းသည်လည်း ပါဝင်ပါသည်။ တင့်တယ်၏ ဝတ္ထုရေးဟန်နှင့် ပတ်သက်၍ မောင်သိန်းဆိုင်က

"တင့်တယ်သည် ထိုခေတ်ကာလတွင် အရောင်းရ အတွင်ကျယ်ဆုံး ပရိသတ်အများဆုံး စာရေးဆရာဖြစ်သည်။ တင့်တယ်၏ ရေးဟန်မှာ အဆင်အပြင် စကားကြွယ်ဝပြီး စွဲမက်ဖွယ် ဝါကျ အဆင်အပြင် စွဲငြိဖွယ် စကားအပြောအဆို တို့ဖြင့် တန်ဆာဆင်ထားသည်။ တင့်တယ်၏ရေးဟန်ကို အမွေဆက်ခံသူမှာ ဒီဘက်ပိုင်းတွင် ဝင်းဦးဖြစ်သည်"[၂]

ဟုဆိုခဲ့ပါသည်။

တက္ကသိုလ်ဝင်းမွန်ကလည်း

"လွတ်လပ်ရေးခေတ်တွင် မဂ္ဂဇင်းဝတ္ထုရှည်များဖြင့် ကျော်ကြားလာသူမှာ တင့်တယ် ဖြစ်ပါသည်။ လာလုလုငေး၊ လိုက်တော်မူ၊ ချစ်သံသရာ၊ ချစ်မုန်ယို စသည့်ဝတ္ထုများဖြင့် ပရိသတ် အသည်းစွဲ ဖြစ်လာသည်။ တင့်တယ်၏ အရေးမှာသွက်သည်။ အဖွဲ့အနွဲ့ ကောင်းသည်။ မိန်းကလေး တစ်ယောက်၏အလှကို စာမျက်နှာ ၁၀ မျက်နှာလောက် ဖွဲ့နိုင်စွမ်း ရှိသူ ဖြစ်သည်။ သူရေးဖွဲ့သော ဇာတ်လမ်းများမှာ စိတ်ကူးယဉ် အချစ်ဇာတ်လမ်း ဖြစ်ပါသည်။ စစ်ပြီးခေတ် စာအုပ်ဈေးကွက်၌ သူ့ကို ပြိုင်နိုင်သူ မရှိပါ။ နှုတ်ခမ်းနီ ပါးနီမလေးတို့၏ အသည်းစွဲစာရေးဆရာ ဖြစ်သည်"[၃]

ဟု သုံးသပ်ပြထားပါသည်။

---

[၁] ဆွေတင့်၊ မောင်၊ ၁၉၇၃၊ ၁၉၈။
[၂] သိန်းဆိုင်၊ မောင်၊ ၁၉၇၃၊ ၈၅။
[၃] ဝင်းမွန်၊ တက္ကသိုလ်၊ ၁၉၇၃၊ ၅၂၀။

တင့်တယ်၏ဝတ္ထုများသည် စာဖတ်ပရိသတ်များအား စွဲမက်စေပုံ၊ စိတ်ကူးဉာဏ် ဆန်းကြယ်ပုံကို ဦးမြင့်ကြည်က

> "စာရေးဆရာတင့်တယ် ရေးသားသော လာလုလုငွေး (Reader digest)မှာ ပါတဲ့ စာမျက်နှာ (၃)မျက်နှာလောက်ပဲ ပါတဲ့ ဝတ္ထုတိုလေး (Paid in full)ကို တင့်တယ်က ရေးတော့ ရှုမဝမဂ္ဂဇင်းထဲ (၂)လဆက် ရေးရသလားမသိဘူး၊ အဲဒီ ဇာတ်လမ်းမှာ မင်းသမီး နာမည်က မို့မို့ အင်းယားကန်စောင်းက တိုက်ကြီးမှာ နေတယ်။ အခု အင်းယားကန်စောင်းကို ကြည့်လိုက်တော့ ဖြူဖြူကြီးမြင်ရတဲ့တိုက်ကြီး၊ ဒါ မို့မို့နေတဲ့တိုက်လို့ ထင်ရတယ်။ အဲဒီလောက် ထိ သရုပ်ဖော် ကောင်းတယ်။ လာလုလုငွေးက အဲဒီခေတ်က လူကာ ပါးစပ်ဖျား ရေပန်းစားခဲ့ဆုံး"[၁]

ဟု သုံးသပ်တင်ပြခဲ့သည်။

အထက်ဖော်ပြပါ စာပေပညာရှင်အသီးသီး အဆိုအမိန့်များကိုကြည့်လျှင် ဝတ္ထု ဇာတ်လမ်းဖန်တီးရာ၌ တင့်တယ်၏ စိတ်ကူးဉာဏ် ထက်မြက်မှုကို မှန်းဆနိုင်ပါသည်။ စိတ်ကူးယဉ် ချစ်ဇာတ်လမ်းများကို နှစ်သက်စွဲမက်ဖွယ်ဖြစ်အောင် ဇာတ်အိမ် တည်ဆောက်၍ ဖန်တီး ရေးဖွဲ့နိုင်စွမ်းရှိသူ ဖြစ်ပါသည်။

## ၃။ ဖြေလျော့ခွေဝတ္ထု၏ဇာတ်လမ်းဖန်တီးမှုအတတ်ပညာ

ဖြေလျော့ခွေသည် စာရေးဆရာတင့်တယ်၏ ထင်ရှားကျော်ကြား လူကြိုက်များသော ဝတ္ထုဖြစ်သည်။ ထိုဝတ္ထုကို တင့်တယ်သည် ၁၉၄၈ ခုနှစ်တွင် (၁)ကြိမ်၊ ၁၉၅၅ တွင် (၁)ကြိမ် ထုတ်ဝေခဲ့ပါသည်။ ထိုဝတ္ထုကို ဒါရိုက်တာ ဦးချစ်ခင်က ရုပ်ရှင် ရိုက်ကူးသောအခါတွင်လည်း လူကြိုက်များခဲ့ပါသည်။ ဖြေလျော့ခွေ ဝတ္ထုမူရင်းအစမှာ ၁၉၄၈ ခုနှစ် ဇွန်လထုတ် ပဒေသာမဂ္ဂဇင်း၌ မဂ္ဂဇင်းဝတ္ထုရှည်အဖြစ် ဖော်ပြခံခဲ့ရပါသည်။

### ဇာတ်လမ်းအကျဉ်း

ပြည်မြို့ရှိ သစ်စက်သူဌေးကြီး ဦးစံအောင်နှင့် ဒေါ်သိန်းနွဲ့တို့တွင် သားသမီး (၄)ဦး ရှိသည်။ ကိုကိုကြီး၊ ကိုကိုလတ်၊ မိမိလေးနှင့် ကိုထွေးတို့ဖြစ်ကြသည်။ ကိုကိုလတ်သည် မြန်မာ့သစ်လုပ်ငန်းကို နိုင်ငံခြားသားမျက်နှာဖြူများ လက်ဝါးကြီး

---

[၁] မြင့်ကြည်၊ ဦး၊ ၁၉၇၇၊ ၈၃။

အုပ်ထားခဲ့ရာမှ အမျိုးသားပိုင်လုပ်ငန်းအဖြစ် ရပ်တည်ခွင့်ရသောအခါတွင် တိုးတက်လာအောင် ကြံစည်နေသူဖြစ်သည်။ ကိုကိုလတ်သည် သုံးထပ်သားလုပ်နည်း အတတ်ပညာကို အင်္ဂလန်သို့သွား၍ သင်ယူသည်။ မြန်မာပြည်၌ သုံးထပ်သားကို တီထွင်ထုတ်လုပ်ရန်ဖြစ်သည်။ ကိုကိုကြီးမှာ သစ်လုပ်ငန်းကို စိတ်ဝင်စားသူမဟုတ်ပေ။ မိမိလေး မှာ စိတ်လှုပ်ရှားလွယ်ပြီး အချစ်ရေးတွင် စိတ်ထင်ရာကို လုပ်တတ်သူဖြစ်သည်။ ကိုထွေးမှာမူ ငယ်ရွယ်သူဖြစ်သည်။ သစ်စက်သူဌေးကြီး ဦးစံရွှေအောင်နှင့် အလုံဖခင် ဖြစ်သူ ဦးနေဒွန်းတို့သည် အညာဒေသမှ သစ်လုပ်ငန်းလုပ်ရန် လာရောက်ခဲ့သူများ ဖြစ်သည်။ ပြည်မြို့တွင် သောင်တင်နေရာမှ နိုင်ငံခြားသားပိုင်သစ်စက်တွင် ဝင်ရောက် လုပ်ကိုင်ခဲ့ကြသည့် သူငယ်ချင်း၊ ၂ ယောက်လုံး မသိန်းနွဲ့ကို ချစ်ခဲ့ကြသည်။ မသိန်းနွဲ့က ဦးရွှေစံအောင်ကို ရွေးချယ်ခဲ့သည်။ ဦးရွှေစံအောင်သည် ရိုးသားကြိုးစားသောကြောင့် စက်သူဌေး၏ ယုံကြည်မှုခံရပြီး ရာထူးအဆင့်ဆင့် တိုးမြှင့်ခံရသည်။ စက်သူဌေး နိုင်ငံခြားပြန်သွားသောအခါ သစ်စက်ကြီးကို ဆက်ခံခွင့်ရခဲ့ပြီး ကြီးပွား ချမ်းသာလာသည်။ ဦးနေထွန်းမှာ မူးယစ်သောက်စား၍ တဖြည်းဖြည်း ပျက်စီးလာပြီး သစ်စက်တွင် ဂန်ဒယ်အဖြစ်လုပ်ကိုင်ရင်း သစ်လုံးပိသောကြောင့် ခြေတစ်ဖက် ဖြတ်ခဲ့ရသည်။ ထိုအကြောင်းနှင့်ဆက်စပ်ပြီး ဦးနေထွန်းက ဦးရွှေစံအောင်ကို မကျေနပ်ခဲ့ပေ။ ဦးရွှေစံအောင်ကမူ အလုပ် မလုပ်နိုင်သောသူငယ်ချင်းကို ဂန်ဒယ်လစာ ပေးမြဲပေးသည်။ ဦးနေထွန်း သမီးကြီးယောကျ်ား ကိုဖိုးလုမှာလည်း ဂန်ဒယ်အဆင့်ဖြင့် အလုပ်လုပ်နေသည်။ စားဝတ်နေရေး ခက်ခဲသောကြောင့် သမီးငယ် အလုံသည် ဦးရွှေစံအောင်အိမ်တွင် အိမ်အကူအဖြစ်လုပ်ရန် ရောက်လာခဲ့သည်။ ဖခင်ဦးနေဒွန်းက တားမြစ်ခဲ့သည်။

သူဌေးကတော် ဒေါ်သိန်းနွဲ့က လုံမ ဟူသောအမည်ကို အလုံဟု ပြောင်းပေးပြီး သဘောကျခဲ့သည်။ ဦးရွှေစံအောင်၏တိုက်နှင့် ကပ်နေသောတိုက်တွင် သူဌေးသမီးခင်နှင်းလွင် ရှိသည်။ မိဘများက ကိုကိုလတ်နှင့်သဘောတူထားသည်။ ကိုကိုလတ်သည် အလုံကို စွဲလန်း ချစ်ခင်လာသည်။

အလုံဖက်က တုံ့ပြန် ချစ်ခင်မိသော်လည်း ဂုဏ်အဆင့်အတန်း ကွာခြားမှုလက်ထပ်ရန် စီစဉ်ထားသူ ရှိမှုကြောင့် ငြင်းပယ်ခဲ့သည်။ အလုံက အိမ်ကြီးမှ ထွက်ခွာသွားရန်ပြောဆိုရာတွင် ဒေါ်သိန်းနွဲ့ ခွင့်မပြုခဲ့ပေ။ အလုံသည် ငွေကြေးကိစ္စများတွင် စိတ်ချရပြီးလျှင် သမီးဖြစ်သူ မိမိလေး၏ အချစ်ရေးကိစ္စများ၌ စောင့်ကြည့်ပေးသူဖြစ်သောကြောင့် ဖြစ်ပါသည်။ ကိုကိုကြီးသည် မန္တလေးမှ သူဌေးသမီးနှင့်လက်ထပ်ပြီး မန္တလေးသို့ လိုက်ပါသွားသည်။ မိမိလေးမှာလည်း သူဌေးသား ခင်ကြွေနှင့် လက်ထပ်၍ ရန်ကုန်သို့ လိုက်သွားသည်။ ကိုကိုလတ်သည် သုံးထပ်သား တီထွင်ဖော်စပ်ရာ၌

မအောင်မြင်သေးပေ။ အလုံကလည်း ပြန်မချစ်သောကြောင့် သစ်စကၠ်၌ အနေများ
ခဲ့သည်။ ထိုမှတဆင့် အလုံနှင့်ကိုလတ်တို့ ချစ်ခဲ့မိကြသည်။ အလုံသည် ကိုလတ်နှင့်
ဝေးရန် မိမိလေးနှင့် ရန်ကုန်သို့လိုက်ခဲ့သည်။ ဦးရွှေစံအောင်က အလုံကို ကိုလတ်နှင့်
လက်ထပ်ပေးရန်အတွက် ပြန်ခေါ်လာခဲ့သည်။ ဤတွင် အလုပ်သမားပြဿနာ ပေါ
လာသည်။ သပိတ်ခေါင်းဆောင်များမှာ အလုံ၏ခဲအို ကိုဖိုးလုနှင့် ဖခင် ဦးနေဒွန်းတို့
ဖြစ်သည်။ သပိတ်မှောက်သူများသည် မြို့မှ အလုပ်သမားလူမိုက်များကို ခေါ်ပြီးလျှင်
စက်ရုံကို အတင်းဖွင့်ရန်ကြံစည်သည်။ ကိုလတ်တို့ ဘက်ကမူ အနုနည်းနှင့် ဖြေရှင်း
လိုသည်။ အလုပ်သမားများသည် ခြံကိုဝိုင်းလာပြီး ခဲနှင့်ပစ်ကြသည်။ ကိုကိုကြီးက
အကြမ်းနည်းဖြင့် တုံ့ပြန်ရန် အကြံပေးသည်။ ဦးရွှေစံအောင်က လက်ခံသည်။ အလုံ
သည် ခဲအို ကိုဖိုးလုထံ သွား၍ ဦးရွှေစံအောင်တို့နှင့် စေ့စပ်ဖြေရှင်းရန် ပြောဆိုသည်။
အလုံ၏ ညှိနှိုင်းမှုအရ သစ်စက်အနီးရှိ တံတားပေါ်တွင် နှစ်ဦးနှစ်ဖက် တွေ့ဆုံရန်
သဘောတူခဲ့ကြသည်။ အလုပ်သမားများက သဘောတူသော်လည်း ဦးနေဒွန်းက
အပြင်းအထန် ကန့်ကွက်သည်။ ကိုကိုကြီး၏ အကြံပေးချက်အတိုင်း အလုပ်သမား
လူမိုက်များကိုခေါ်၍ တုံ့ပြန်ရန်စီစဉ်ထားမှုကို ဦးရွှေစံအောင်ဘက်က ဖျက်သိမ်းပေး
သည်။ စက်ရုံမှလူမိုက်များကို ခေါ်မလာရန် ကိုထွေးအား သွား၍ အချိန်မီတားစေ
သည်။ သို့ရာတွင် ကိုထွေး ပေါ့ဆမှုကြောင့် ကိုကိုကြီးခေါ်လာသော အလုပ်သမား
များသည် လက်နက်ကိုင်ဆောင်ကာ ချီတက်လာကြသည်။ ဦးနေဒွန်းသည်စက်ရုံမှ
အလုပ်သမား လူမိုက်များကို မြင်သည်နှင့် ဦးရွှေစံအောင်ကို ပြေး၍ ဓားနဲ့ထိုးသည်။
ဦးရွှေစံအောင်တို့ဘက်မှ အစောင့်ခေါ်ထားသော ပုလိပ်များပစ်ခတ်မှုကြောင့် ဦးဖိုးလု
နှင့် ဦးနေဒွန်း သေဆုံးခဲ့သည်။ အလုံသည် မိမိကြောင့် ဦးရွှေစံအောင် သေဆုံး
ရသည်ဟုယူဆပြီး ကိုလတ်အား ရှောင်၍နေသည်။ ကိုလတ် ပေးခဲ့သည့်ငွေ (၁၀၀၀)
ကို ရင်း၍ ဓာဘော်လီချုပ်ဆိုင် တည်ထောင်ခဲ့သည်။ ဒေါ်သိန်းနွဲ့မသေမီ ဆန်စက်
အတွက် အမွေစုကို ခွဲဝေရာ ဒေါ်သိန်းနွဲ့က မိမိဝေစုအား အလုံကို ခံစားစေခဲ့သည်။
မိမိလေးနှင့် ကိုထွေးတို့သည် ကိုကိုကြီး၏ဆန္ဒအတိုင်း သစ်စက်ရောင်းပစ်ပြီး အမွေခွဲ
ရန် သဘောတူကြသည်။ သစ်စက်ကို သံယောဇဉ်ရှိသော ကိုလတ်သည် မရောင်း
လိုပေ။ သစ်စက်မရောင်းသည့်ဘက်က အလေးသာရန်အတွက် အလုံကမိမိလေးအား
သူ၏ဝေစုကို ပေးခဲ့သည်။ မိမိလေးက သဘောတူသည့်အတွက် ကိုလတ်၏ဆန္ဒ
ပြည့်ဝသွားသည်။ သစ်စက် မရောင်းဖြစ်တော့ပေ။ ဓာတ်သိမ်း၌ ကိုလတ်နှင့် အလုံတို့
ပေါင်းဖက်မိကြသည်။

## ဇာတ်ပျိုးပိုင်းဖန်တီးပုံ

ဖြေလျော့ခွေဝတ္ထုတွင် ဇာတ်ပျိုးပိုင်း၌ အဓိကဇာတ်ဆောင်ဖြစ်သည့် အလုံနှင့် စာဖတ်သူတို့အား စတင် မိတ်ဆက်ပေးခဲ့သည်။ အလုံ၏အကြောင်းကို တင်ပြရာ၌ စာရေးသူသည် အပြောဖြင့် မတင်ပြဘဲ အပြနည်းကိုသုံး၍ ဇာတ်ကွက်ဖော် တင်ပြထားသည်။ ဇာတ်ပျိုးပိုင်းဇာတ်ကွက်တွင် ပြည်မြို့၏ တောင်ကုန်းပေါ်ရှိ အလွန်ကြီးမားကျယ်ပြန့်လှသော တိုက်အိမ်အတွင်းသို့ ခပ်နွမ်းနွမ်းအဝတ်အစားနှင့် ရုပ်ရည်ချောမောလှပသော မိန်းမပျိုလေးတစ်ဦး ရောက်လာပုံနှင့် အစပျိုးထားသည်။ စာရေးသူသည် အဓိကဇာတ်ဆောင်ဖြစ်သော အလုံ၏ဘဝအနေအထားကို ဝတ်စားဆင်ယင်မှု သွင်ပြင်ပုံပန်းတို့ဖြင့် တင်ပြခြင်းနှင့်အတူ ဇာတ်လမ်း၏ နောက်ခံတည်ရာ ဖြစ်သော ပြည်မြို့ တောင်ကုန်းပေါ်ရှိ တိုက်ကြီးကိုလည်း ထည့်သွင်းတင်ပြသည်။ နောက်ခံနှင့် ဇာတ်ဆောင်ကို တွဲ၍ တင်ပြခြင်းဖြင့် စာဖတ်သူစိတ်တွင် သိလိုစိတ်ထက်သန်လာစေသည်။ တိုက်ကြီး၏ ခမ်းနားထည်ဝါမှုနှင့် မိန်းမပျိုလေး၏ နွမ်းပါးမှုကိုယှဉ်၍ ပြကွက်တွင် တင်ပြလိုက်ခြင်းဖြင့် ထိုအိမ်နှင့်မိန်းမပျိုလေးသည် မည်သို့ပတ်သက်လာမည်ကို သိလိုလာကြသည်။ တစ်ဖက်မှလည်း အဆင်အပြင်ခမ်းနားမှုများကို အနုစိတ်သရုပ်ဖော်တင်ပြပြီးလျှင် တစ်ဖက်မှလည်း အလုံ၏ကြောက်ရွံ့အားငယ်စိတ်ကို ဖော်ပြထားသည့်အတွက် စိတ်ဝင်စားဖွယ် ဖြစ်လာရသည်။ ထိုအချိန် အသက် ၂၅နှစ်အရွယ် အနောက်တိုင်းအဝတ်အစားကို ဝတ်ထားသည့် ယောကျ်ားပျိုတစ်ဦး လက်ဆွဲအိတ်ကိုင်၍ ဝင်လာသည့်အခန်း ထည့်ထားသည်။ ထိုသူသည် ကိုကိုလတ် ဖြစ်သည်။ ကိုကိုလတ်သည် နိုင်ငံခြားမှ ပြန်လာသူပီပီ သစ်တန်တွက်ပုံလင်္ကာကို ဆို၍လာသည်။ လှေကားထိပ်ဆီသို့ ပြုံး၍ ရပ်ကြည့်နေရာတွင် အလုံနှင့်ဆုံမိကြသည်။ ချောမောလှပ၍ ဆင်းရဲသောမိန်းမပျိုနှင့် အိမ်ကြီးရှင် ယောကျ်ားပျိုတို့အား ဇာတ်ပျိုးပိုင်း၌ပင် တွေ့ဆုံပေးလိုက်သောအခါ ထိုသူနှစ်ဦး၏ ဂုဏ်ရည် မတူသော ချစ်မေတ္တာဇာတ်လမ်းအပေါ် စာရေးသူတို့ အာရုံစူးစိုက်လာမိကြပါသည်။ ဇာတ်ပျိုးပိုင်း၌ပင် စာရေးသူက မိမိလေးနှင့် ကိုထွေးတို့ တွေ့ဆုံပြောဆိုခန်းဖြင့် ကိုလတ်သည် သစ်လုပ်ငန်းအပေါ် အာရုံဝင်စားသော ခေတ်မီတိုးတက်သည့် လူငယ်တစ်ယောက်ဖြစ်ကြောင်း အသိပေးခဲ့သည်။ ဇာတ်ပျိုးပိုင်း၌ပင် စာရေးသူသည် အဓိက ဇာတ်ဆောင်နှစ်ဦးနှင့် မိတ်ဆက်ပေးသည်။ အဓိကဇာတ်ဆောင်နှစ်ဦး၏ မတူညီသော ဘဝအနေအထား၊ တွေ့ဆုံခန်းတို့ဖြင့် စိတ်ဝင်စားလာစေသည်။ နောက်ခံအဖွဲ့ကလည်း ထိုသူနှစ်ဦး၏ ဘဝခြင်းကွာခြားမှုကို သိသာအောင်တင်ပြခဲ့သည်။ ကိုကိုလတ်၏ အခြေအနေ၊ အလုံ၏အခြေအနေတို့ကို ကြိုတင် ခင်းကျင်း အသိပေးထားသောအခန်း ဖြစ်ပါသည်။

ကိုကိုလတ်သည် ဘိလပ်မှပြန်လာပြီး အိမ်အကူ အလုံနှင့် တွေ့သောအခါ ကရုဏာ သက်ခဲ့သည်။ အလုံအားတွေ့စကပင် အားပေးနှစ်သိမ့်ခဲ့သည့် ဇာတ်ကွက်ကို

> "အရိုးခံသက်သက် ရက်သလို ကြောက်သလို ရင်ကလေးဖိုမလို ဖြစ်နေရှာသော ဆင်းရဲသူကလေး အလုံအား ကိုကိုလတ်မှာ သနားလည်းသနား၊ အားမလိုအားမရလည်း ရှိသောကြောင့် ဘာ ကြောက်ရမလဲအလုံရဲ့ မေမေကြီးက မင်းကို ကိုက်စားမှာလား ထမင်းပွဲပြင်ပြီးပါပြီ မေမေကြီးရှင့်ဟု"[၁]

သင်ပေးသည့်အခန်းကိုလည်း ထည့်သွင်းထားပါသည်။

## နောက်ခံဖန်တီးပုံ

ဇာတ်လမ်းဖြစ်ပေါ် ဖန်တီးမှုတွင် နောက်ခံအဖွဲ့သည်အရေးပါသည်။ ဇာတ်ပျိုး ပိုင်းတွင် တင်ပြခဲ့သော တောင်ကုန်းပေါ်က တိုက်အိမ်ကြီးသည် နေရာဒေသ နောက်ခံ ဖြစ်သည်။ ဇာတ်ဆောင်နှစ်ဦး၏ ချစ်ခြင်း၊ ဘဝချင်းအားပြိုင်မှုတွင် အခြေအနေချင်း ခြားနားသည့်သဘောကို နောက်ခံအဖွဲ့နှင့် တင်ပြလိုက်ခြင်းဖြစ်သည်။ သို့ရာတွင် ဖြေလျော့ခွေဝတ္ထု ဇာတ်လမ်း ဖြစ်တည်မှုတွင် အချိန်ကာလနောက်ခံနှင့် နေရာဒေသ နောက်ခံတို့သည် အရေးပါသည်။ အချိန်ကာလမှာ လွတ်လပ်ရေးခေတ်ဦးကာလ ကိုလိုနီခေတ်တွင် ဆန်စက်၊ သစ်စက် စသောလုပ်ငန်းကြီးများသည် နယ်ချဲ့မျက်နှာဖြူ တို့၏ လုပ်ငန်းများဖြစ်သည်။ မြန်မာတို့မှာ လုပ်ငန်းပိုင်ရှင် နယ်ချဲ့လက်အောက်တွင် လုပ်သားများအဖြစ် လုပ်ခွင့်ရသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း နယ်ချဲ့ပိုင် စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းများသည် မြန်မာတို့ ပိုင်ဆိုင်ခွင့်ရလာသည်။ ထိုသို့ရလာသောအခါ မြန်မာလူမျိုးများထဲမှ စက်ရုံ၊ အလုပ်ရုံ ပိုင်ရှင်များသည် အရင်းရှင်များဖြစ်လာကြ သည်။ အလုပ်သမားတို့သည် အရင်းရှင်တို့အား ဆန့်ကျင်တွန်းလှန်၍ လူမှု အခွင့် အရေး တောင်းလာကြသည်။ ထိုကာလတွင် နိုင်ငံရေး တည်ငြိမ်မှု မရှိသည့်အလျောက် စီးပွားရေးတည်ငြိမ်မှု မရှိကြပေ။ စက်ရုံ၊ အလုပ်ရုံများ၌ အရင်းရှင်ဆိုသည့် ပိုင်ရှင် များနှင့် အလုပ်သမားများ ပဋိပက္ခဖြစ်ပွားနေသည်။ ထိုသို့သောခေတ် အခြေအနေ များကို စာရေးဆရာတင့်တယ်သည် တွေ့မြင်ကြားသိနေရသည်။ တွေ့မြင်ကြားသိနေ သည့်အလျောက် မြန်မာလူငယ်များထဲတွင် တိုးတက်ခေတ်မီသော အတွေးအမြင်ရှိ သည့် လူငယ်များ ပေါ်ပေါက်လာစေလိုသည်။ ထိုလူငယ်များ၏ စွမ်းအားဖြင့် မြန်မာ စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းများကို မြန်မာပိုင်အဖြစ် ဆက်လက် တည်တံ့စေလိုသည်။

---

[၁] တင့်တယ်၊ ၁၉၅၅၊ ၅၇။

ခေတ်မီတိုးတက်သော နည်းပညာများနှင့် တည်ဆောက်စေလိုသည်။ ထိုစေတနာကို အရင်းခံ၍ ဖြေလျှော့ခွေ ဝတ္ထုဇာတ်လမ်းကို ဖန်တီးခဲ့ပါသည်။ စိတ်ကူးယဉ်အချစ်ဝတ္ထုဟု ဆိုရသော်လည်း ဝတ္ထု၏ နောက်ခံအချိန်ကာလနှင့် နေရာဒေသတို့မှာ ခိုင်လုံသည်။ အသင့်ယုတ္တိရှိသည်ဟု ဆိုရမည်။ ခေတ်ပြိုင်အဖွဲ့သဘော ပါသည်။

နောက်ခံနှင့်ဝတ္ထုဇာတ်လမ်း၏ ဆက်စပ်မှုကို နတ်နွယ်ကလည်း

> "ဇာတ်လမ်း၊ ဇာတ်ကွက်နှင့် လိုက်လျောသော အထောက်အကူ ဖြစ်သော ကာလဒေသနှင့်လုပ်ငန်းအငွေ့အသက်များ အင်မတန်လျော့ပါးချို့တဲ့နေလျှင် ယင်းဝတ္ထုသည် စိတ်ကူးယဉ်အဆင့်၊ ပုံပြင်အဆင့် အခြေအမြစ် မရှိသော အဆင့်တွင်သာ ရှိနေမည်"[၁]

ဟုဆိုခဲ့ပါသည်။

သိန်းဖေမြင့်ကလည်း ဇာတ်လမ်းကောင်းတစ်ပုဒ် ဖြစ်ရန်နှင့် ဇာတ်အိမ်ခိုင်မာရန်အတွက် နောက်ခံဝန်းကျင်၏ အရေးပါပုံကို

> "ဇာတ်လမ်းနှင့် ဇာတ်အိမ် တည်ဆောက်ရန် ရေခံ၊ မြေခံ လိုသည်။ ရေခံ၊ မြေခံကိုမှီ၍သာ အဆင်ပြေသော ဇာတ်အိမ်၊ ဇာတ်လမ်းများ တည်ဆောက်နိုင်သည်။ ထိုရေခံ၊ မြေခံ သည်ကား လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးစသော လူ့လောက၏ အရေးအရာများကို ထင်ဟပ်ဖော်ပြထားသော ဝတ္ထုတည်ရာ ရေခံ၊ မြေခံ ဖြစ်သည်။ ရေခံ၊ မြေခံ ကောင်းသည်နှင့် အမျှဇာတ်လမ်း၊ ဇာတ်အိမ် ကောင်းသည်။ ရေခံ၊ မြေခံ တင့်တယ်သည်နှင့်အမျှ ဇာတ်လမ်း၊ ဇာတ်အိမ် ခမ်းနားသည်။ ထို့ကြောင့် ဝတ္ထုရေးလိုလျှင် လူ့လောက၏ အရေးအရာများကို လူတို့အတွက် အဓိပ္ပာယ်ရှိသော ရေခံ၊ မြေခံ အကွက်ကျကျ ရွေးချယ်တတ်ရန် လိုသည်"[၂]

ဟု မိန့်ဆိုထားပါသည်။

အထက်ပါအဆိုအမိန့်အတိုင်းပင် ဖြေလျှော့ခွေဝတ္ထုကို တင့်တယ်သည် အချစ်ဝတ္ထုဟု ဆိုသော်လည်း ထိုခေတ်ကအမှန်တကယ် ဖြစ်ပေါ်နေသော ဒိဋ္ဌလောက နောက်ခံကို အသုံးပြုထားသည်။ အရင်းရှင်နှင့် အလုပ်သမားတို့၏ ပဋိပက္ခများကြောင့် မြန်မာ့စီးပွားရေး ဆုတ်ယုတ် ကျဆင်းမည်ကို စိုးရိမ်ပူပန်တူသည်။ နှစ်ဦး

---

[၁] နတ်နွယ်နှင့်အများ၊ ၁၉၇၅၊ ၁၉၃။
[၂] သိန်းဖေမြင့်　　၁၉၆၈၊ ၆၃။

နှစ်ဖက် အပြေအလည် ညှိနှိုင်း ဆွေးနွေးခြင်းဖြင့် အဆင်ပြေချောမွေ့ရန် ဦးတည်၍ ဇာတ်လမ်းဆင်ထားပါသည်။

**ဇာတ်တက်ပိုင်းဖန်တီးပုံ**

ဇာတ်တက်ပိုင်းတစ်လျှောက်တွင် ဖြစ်ရပ်များသည် ဂုဏ်အဆင့်အတန်းခြင်း မတူသော ဇာတ်ဆောင်နှစ်ဦး၏ ချစ်ခြင်းအရှိန်မြင့်လာသကဲ့သို့ နှစ်ဖက်မိဘများကို မူတည်၍ဖြစ်လာမည့် ဇာတ်လမ်းပဋိပက္ခ သို့မဟုတ် အားပြိုင်မှုများသည် အရေးပါလာမည်ဖြစ်သည်။

ဇာတ်ထွတ်ပိုင်းတွင် ဖြစ်ပွားသည့် အလုပ်သမားနှင့် ပိုင်ရှင်တို့၏ အခိကရုဏ်း ပြဿနာကို တင်ပြရာတွင် နှစ်ဦးနှစ်ဖက် လူသေသည်အထိ ဖော်ပြသွားမည်ဖြစ်သည်။ ထိုသို့ဖော်ပြရာတွင် ဇာတ်ထွတ်ပိုင်းသို့ရောက်မှ ရုတ်တရက် ပြင်းထန်သောပဋိပက္ခကို တင်ပြခြင်း ထက် ဇာတ်တက်ပိုင်းထဲကပင် ပဋိပက္ခကို မသိမသာ ထည့်ပေးခြင်းဖြင့် တဖြည်းဖြည်း အရှိန်ရလာသည့်သဘောကို ဆောင်လာမည်။ အသင့်ယုတ္တိလည်း ရှိလာမည်။ ထိုသို့ဇာတ်ရှိန်ကို သဘာဝကျကျ မြင့်တက်လာစေရန် ဇာတ်ဆောင်များ၏ အခြေအနေကို ကြိုတင်၍ စရိုက်အဖြစ် ဖန်တီးထားရသည်။ အလုပ်သမားဖက်မှ ပဋိပက္ခကို ဦးဆောင်သူမှာ အလုံ၏ဖခင် ဦးနေဒွန်းဖြစ်သည်။ တစ်ဖက်နှင့်တစ်ဖက် သေဆုံးသည်အထိ ပဋိပက္ခ ဖြစ်ပွားမှုကို ဦးဆောင်သူ ဦးနေဒွန်းစရိုက်သည် ခိုင်မာမှသာ ဇာတ်လမ်းဖြစ်ရပ်သည် ခိုင်မာလာမည်ဖြစ်သည်။ သို့ဖြစ်၍ ဇာတ်တက်ပိုင်း၏အစ၌ပင် နောက်ကြောင်းပြန် ဇာတ်ကွက်ကိုသုံး၍ ဦးနေဒွန်းနှင့် ဦးရွှေဇံအောင်တို့၏ဘဝကို ဖော်ပြခဲ့သည်။ ဦးနေဒွန်းသည် ဒေါ်သိန်းနွဲ့ကို ဆုံးရှုံးခဲ့ခြင်း ဦးရွှေဇံအောင်က သစ်စက်ပိုင်ရှင်ဖြစ်နေချိန်တွင် ဂန်ဒယ်အဖြစ် လုပ်ကိုင်ရခြင်းအပေါ်၌ မကျေမနပ် ဖြစ်နေသူဖြစ်သည်။ မတော်တဆသစ်လုံးပိ၍ ခြေတစ်ဖက် ဖြတ်ရသော အခါ နာကျည်းစိတ်သည် ပိုမိုပြင်းထန်ပြီး ဦးရွှေဇံအောင်အပေါ် ရန်ပြုရန် အားခဲထားသူဖြစ်သည်။ ထိုအခြေအနေများကို ကြိုတင်ခင်းကျင်းထားပြီးမှ ဇာတ်ထွတ်ပိုင်း ဖြစ်ရပ်ကို တင်ပြလိုက်သောအခါ စာဖတ်သူတို့အနေဖြင့် အသင့်ယုတ္တိရှိသည်ဟု ထင်မြင်လာသည်။ တင့်တယ်သည် စိတ်ကူးယဉ်အချစ်ဝတ္ထု ရေးဆိုသည့်အလျောက် ဂုဏ်ရည်မတူသူ နှစ်ဦး၏ အချစ်ကို ဖွဲ့သီသော ဇာတ်ကွက်များကို ကြားခံထည့်ပေး ခြင်းဖြင့် ပရိသတ်အကြိုက်ဖြစ်အောင် ဆွဲဆောင်ယူသည်။ တစ်ဖက်မှလည်း ခေတ်ကို ထင်ဟပ်သည့်အဖွဲ့များ ပါဝင်ပြီး ခေတ်ပြိုင်သဘော ဆောင်အောင် ဇာတ်လမ်းဆင် တင်ပြထားပါသည်။

ဇာတ်တက်ပိုင်းတွင် ဆင်းရဲသောအလုံအပေါ်၌ ဒေါ်သိန်းနွဲ့သည် ယုံကြည်ခြင်းနှင့် ချစ်ခြင်းကို ပြသခဲ့သည်။ ထိုသို့ ယုံကြည်ချစ်ခင်စေရန်လည်း အလုံက မိမိလေးကို စောင့်ရှောက် ကာကွယ်ပေးခဲ့သည်။ ကိုကိုလတ်က အလုံကို ချစ်ခွင့်ပန်ရာ၌လည်း အလုံသည် ချက်ခြင်း တုံ့ပြန်ခြင်းမပြုဘဲ တတ်နိုင်သမျှ ရှောင်ပြေးခဲ့သည်။ မိမိလေးနောက် လိုက်သွားသည်။ နောက်ဆုံးတွင် ကိုကိုလတ်၏ သုံးထပ်သားလုပ်ငန်းမအောင်မြင်ခဲ့မှုအပေါ် ခံစားချက်၊ မိမိအတွက် ခံစားချက်ကို နားလည်လာသော အခါတွင်မှ လက်ခံခဲ့သည်။ ထိုဇာတ်ကွက်များကို ကြည့်လျှင် တင့်တယ်သည် စိတ်ကူးယဉ်ဝတ္ထုဟူ၍ ဖြစ်သလို ရေးဖွဲ့ခြင်းမဟုတ်ဘဲ သူဖန်တီးတင်ဆက်သည့် ဇာတ်ကွက်တိုင်းကို အကျိုးသင့်အကြောင်းသင့် ဖြစ်အောင်ရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။

ထိုအကြောင်းကို မောင်ခင်မင်(ဓနုဖြူ) ကလည်း

> "ဖြစ်ရပ်များကို အကြောင်းအကျိုးဆက်ကာ ဝတ္ထုဇာတ်လမ်းပုံစံဖြင့် ရေးဖွဲ့သောအဖွဲ့မျိုးကို ဇာတ်လမ်းအဖွဲ့ဟု ဆိုလိုခြင်းဖြစ်ပါသည်"[၁]

ဟုဆိုခဲ့သည်။ တင့်တယ်၏ဝတ္ထုများကို လူကြိုက်များရခြင်းမှာ သူ၏ ဇာတ်လမ်းဖန်တီးမှုတွင် ဇာတ်ကွက်များ အချိတ်အဆက်ကောင်းမွန်မှုပါသည်။ ထိုသို့ ချိတ်ဆက်ရာ၌လည်း အကျိုးသင့် အကြောင်းသင့်ဖြစ်အောင် ချိတ်ဆက် တင်ပြနိုင်သောကြောင့်ဖြစ်ပါသည်။

ဇာတ်တက်ပိုင်းတွင် အလုံသည် ဒေါ်သိန်းနွဲ့ အားကိုးရသော လူတစ်ယောက်အဖြစ် ပါဝင်လှုပ်ရှားရသည်။ ဒေါ်သိန်းနွဲ့သမီး မိမိလေး ယောကျ်ားနောက် လိုက်မည့်ကိစ္စတွင် အလုံကြောင့်အချိန်မီ တားဆီးနိုင်ခဲ့သည်။ စာရေးသူသည် ပရိသတ်အကြိုက်ဇာတ်လမ်းဖြစ်ရန် ဖန်တီးရာတွင် အဓိကဇာတ်ဆောင် တစ်ဦးဦးကို ဗဟိုပြု၍ ဖန်တီးယူရသည်။ ထိုသဘောကို ဝတ္ထုရှည်ရေးနည်း ဖြတ်လမ်းစာအုပ်ကို ရေးသားသူလော်ရာဗုစ်ကွန့်က

> "ဝတ္ထုတွင် ပါဝင်သော ဇာတ်ဆောင်တိုင်းသည် အရေးပါသော်လည်း စာရေးသူအနေဖြင့် ဇာတ်လမ်း၏ဗဟိုကျသော ဇာတ်ဆောင်အပေါ်၌ အာရုံစူးစိုက်မှ ဇာတ်လမ်းသည် အင်အားရှိနိုင်မည်။ သင်သည် တစ်ဒါဇင်မျှရှိသော ဇာတ်ဆောင်များအပေါ် အာရုံ

---

[၁] ခင်မင်၊မောင်(ဓနုဖြူ)၊ ၁၉၉၄၊၂၉၄။

> စူးစိုက်ထားပါက စာဖတ်သူအနေဖြင့် စိတ်ရှုပ်ထွေးသွားနိုင်သည်။ ခံစားမှုများ ဆုံးရှုံးသွားမည်"[၁]

ဟုဖော်ပြထားပါသည်။ အထက်ပါ နည်းစနစ်အတိုင်းပင် တင့်တယ်သည် အလုံကို အဓိက ဇာတ်ဆောင်အဖြစ် ဇဟိုပြု၍ ဖြေလျော့ခွေဇာတ်လမ်းကို ဖွဲ့စည်းတည်ဆောက်ထားသည်။ အလုံ၏ ရုပ်ရည်ချောမောမှု၊ ဆင်းရဲသော်လည်း ရိုးသား၍ စိတ်ထားမြင့်မြတ်မှု၊ လိမ္မာပါးနပ်မှု၊ မိမိနှင့်ဂုဏ်ရည်မတူသည့်အချစ်ကို ကြိုးစား၍ ရှောင်ရှားမှု၊ အနစ်နာခံမှု စသည့်စရိုက်များဖြင့် ဖန်တီးယူကာ စရိုက်နှင့်လိုက်ဖက်သော ဇာတ်ကွက်များကိုစီစဉ်၍ ပါဝင်လှုပ်ရှားစေသည်။ ပရိသတ်တို့သည် ဗဟိုပြုဇာတ်ဆောင် အလုံကို ချစ်ခင်သနားလာသည်။ အလုံ၏ ခံစားမှုနှင့် တစ်သားတည်း၊ တစ်ထပ်တည်းဖြစ်ကာ အလုံဘက်မှပါဝင်၍ စိုးရိမ်လာကြသည်။ ကိုကိုလတ်နှင့်ပေါင်းဖက်နိုင်စေရန် စိတ်အားထက်သန်လာကြသည်။ အလုံသည် ကိုလတ်အား ချစ်ခင်သော်လည်း ချစ်တုံ့မပြန်ဘဲ ရှောင်ပြေးခဲ့သည်။ ချစ်ခြင်းနှင့် စွန့်ခွာခြင်းတို့ကို အလုံ၏စိတ်တွင်းအားပြိုင်မှုများအဖြစ် တင်ပြခဲ့သည်။ စိတ်တွင်းအား ပြိုင်မှုများကြောင့် အလုံသည် ဂုဏ်သိက္ခာရှိပြီး ပို၍ချစ်စရာ၊ သနားစရာ ကောင်းလာသည်။ ပရိသတ်၏ အာရုံကို ဆွဲဆောင် ဖမ်းစားနိုင်စွမ်း ပို၍ရှိလာသည်။ ဇာတ်ဆောင်ပေါ် မူတည်၍ ဇာတ်လမ်းသည်လည်း အင်အားရှိလာသည်။ အလုံ၏စရိုက်ကို အဓိကထား၍ အနုစိပ်ခြယ်မှုန်း တင်ပြသည်။ ဇာတ်တက်ပိုင်းတွင် အလုံသည် ဒေါ်သိန်းနွဲ့၏ ယုံကြည်မှု၊ ချစ်ခင်မှုကို ရရှိခဲ့သည်။ ကိုလတ်နှင့် ချစ်မိသော်လည်း မိမိလေးနောက်သို့ လိုက်ခြင်းဖြင့်ရှောင်ခွာခဲ့သည်။ တင့်တယ်သည် အချစ်ဝတ္ထုများကိုရေးရာ၌ စာဖတ်သူတို့သည် ဇာတ်သိမ်းတွင် ချစ်သူနှစ်ဦးကို ပေါင်းဖက်ပေးမှ နှစ်သက်ကြသည်ကို နားလည်သဘောပေါက်သူ ဖြစ်သည့်အလျောက် မည်သို့ပင် အလုံဘက်မှ စွန့်လွှတ်သော်လည်း ဇာတ်သိမ်းတွင် သနားစရာကောင်းသော အလုံနှင့်ကိုလတ်တို့အား ပျော်ရွှင်စွာ ပေါင်းဖက်ပေးမှသာ ပရိသတ်အကြိုက်ဖြစ်မည်ကို နားလည်ထားသည်။ ထို့ပြင် ဇာတ်လမ်းသည် သမရိုးကျ မဖြစ်ဘဲ ဆန့်ကျင်ဘက် အုပ်စု အချင်းချင်း အားပြိုင်မှုများ ပါဝင်ရန် လိုအပ်သည်။

အားပြိုင်မှုနှင့်ပတ်သက်၍ ဂျိုးဇက်နိုဘာကိုဗော့စ်က

> "သင့်ဇာတ်ကောင်များ ဘာကိုအများဆုံး တန်ဖိုးထား ဆောင်ရွက်ကြသည်ကို စီစဉ်ရမည်။ ထို့ကြောင့် ဇာတ်လမ်းဖြစ်ပေါ်ရန် သူတို့ကို တိုက်ခိုက်ခိုင်းပါ။ ဘဝ၊ အချစ်၊ ငွေ၊ အလုပ်တို့အတွက် တိုက်ပွဲဝင်ခိုင်းပါ။ သင်၏ ဇာတ်ကောင်များသည်

[၁] Whit,2009,8.

> ဘာကိုမှ ဂရုမစိုက်ကြလျှင် သူ့ပတ်ဝန်းကျင်ရှိ ဇာတ်ကြောင်း ဖြစ်ရပ်များသည် ကြုံရာကျပန်းဖြစ်လာမည်”[၁]

ဆိုလိုသည်မှာ ဇာတ်လမ်းတွင် ပရိသတ်စိတ်ဝင်စားစေရန်နှင့် ဇာတ်လမ်းသက်ဝင်လှုပ်ရှားမှု ရှိစေရန်အတွက် အားပြိုင်မှု လိုအပ်သည်။ အားပြိုင်မှုဖြစ်ပေါ်စေရန် ဇာတ်ဆောင်များတွင် ပန်းတိုင်ရှိရမည်။ ပန်းတိုင်သို့အရောက်သွားရာတွင် စာရေးသူက အခက်အခဲအတားအဆီးများ ရန်သူများကို ဖန်တီးပေးထားရမည်။ ဇာတ်ဆောင်သည် မိမိ၏ပန်းတိုင်ဖြစ်သော ဘဝ၊ အချစ်၊ ငွေ၊ အလုပ်တစ်ခုခုအတွက် ဇာတ်ဆောင်ကို တိုက်ပွဲဝင်ခိုင်းပါ။ မိမိတို့ လိုအပ်သော ပန်းတိုင်ရောက်အောင် ဇာတ်ဆောင်သည် ရန်သူအခက်အခဲ အတားအဆီးကို မည်ကဲ့သို့ ကျော်ဖြတ်သည်ဟူသော အချက်ကို ဆက်စပ်ယူ ထားခြင်းသည် ဇာတ်လမ်းပင်ဖြစ်ပါသည်။ ထို့ကြောင့် ဂျိုးဇက်နိုဘာဗော့စ်က ဇာတ်ဆောင်များတွင် တန်ဖိုးထားချက်ရှိရမည်။ ထိုအချက်အတွက် တိုက်ပွဲဝင်ခိုင်းရမည်ဟု ဆိုထားခြင်းဖြစ်ပါသည်။

ဖြေလျှော့ခွေဝတ္ထုတွင် အားပြိုင်မှုနှစ်မျိုးပါဝင်သည်။ တစ်မျိုးမှာ စာဖတ်သူတို့သည် နှစ်သက်ခြင်း ရသဖြစ်ပေါ်လာစေရန် ဂုဏ်နိမ့်သူအလုံနှင့် ဂုဏ်မြင့်သူ ကိုလတ်တို့၏ အချစ်ချင်း အားပြိုင်မှုဖြစ်သည်။ ထိုအားပြိုင်မှုတွင် ကိုလတ်နှင့်သဘောတူထားသော အိမ်နီးချင်း သူဌေးသမီး ပါဝင်သည်။ သို့ရာတွင် အလုံနှင့်ထိုအမျိုးသမီးတို့၏ အားပြိုင်ခန်းကို တစ်ကွက် နှစ်ကွက်ခန့်သာ တင်ပြထားသည်။ ဝတ္ထု၏အဓိက အားပြိုင်ခန်းမှာ သစ်စက်ပိုင်ရှင်နှင့် အလုပ်သမားတို့၏ ပဋိပက္ခ(သို့မဟုတ်) အားပြိုင်မှုဖြစ်သည်။ ထိုအချိန်က အရင်းရှင်နှင့် အလုပ်သမားတို့ကြား ယေဘုယျကျသည့် ပဋိပက္ခပြဿနာကို စာရေးသူက ဖြေလျှော့ခွေ ဝတ္ထုဇာတ်လမ်းတွင် သူဌေးဦးရွှေဇံအောင်နှင့် အလုပ်သမား ဦးနေဒွန်းတို့၏အားပြိုင်မှုဖြင့် တင်ပြထားသည်။ ဇာတ်ထွက်ပိုင်းတွင် ဖြေရှင်းရင်ဆိုင်ရမည့် အရင်းရှင်နှင့် အလုပ်သမား အားပြိုင်မှုသည် အရှိန်အဟုန်ကြီးလာပြီး ဦးရွှေဇံအောင်၊ ဦးနေဒွန်း၊ ကိုဖိုးလှတို့ သေဆုံးသည်အထိ ဖြစ်ခဲ့သည်။ ထိုအားပြိုင်မှုတွင် နှစ်ဦးနှစ်ဖက် ဆုံးရှုံးနစ်နာရသည့်အတွက် အချင်းချင်း ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ပြေလည်စေသင့်သည်ဟူသော အဖြေကို စာရေးသူက ထုတ်ဖော်တင်ပြခဲ့သည်။ စာဖတ်သူအကြိုက်ဖြစ်ရန် ဝတ္ထုဇာတ်လမ်းသဘောမှာ ရှုပ်ထွေးမှုရှိ ရမည်။

ဖြေလျှော့ခွေတွင် ထိုသို့ ရှုပ်ထွေးစေရန်အတွက် အလုပ်သမားခေါင်းဆောင် ဦးနေဒွန်း သမီးအဖြစ် အလုံကို ဖန်တီးထားသည်။ အလုံသည် ဦးရွှေဇံအောင်သားနှင့်

---

[၁] Novakovich, 1995,72.

ချစ်ကြိုက်နေကြသည်။ ထိုသို့ ရှုပ်ထွေးအောင် ချိတ်ဆက်လိုက်ခြင်းဖြင့် အလုံတို့၏ အချစ်ဇာတ်လမ်းတွင် လူတန်းစားစရိုက်လည်း ပါလာပြီး ပို၍ သည်းထိတ်ရင်ဖို ဖြစ်စေသည်။ ထိုဇာတ်လမ်း၌ ဦးနေဒွန်းသည် အလွန်တင်းမာသူဖြစ်သည်။ ဦးရွှေဖံ အောင်နှင့် ဒေါ်သိန်းနွဲ့တို့သည်လည်း ဦးနေဒွန်းနှင့် အားပြိုင်ရသူများဖြစ်သည်။ စာရေးသူသည် ဇာတ်လမ်းတွင် ကိုလတ်နှင့် အလုံကို ပေါင်းဖက်စေလိုသောကြောင့် ဇာတ်တကက်ပိုင်းကပင် ကြိုတင်၍ ဇာတ်ဆောင် စရိုက်ကို အထိန်းအကွပ်ပြုထားသည်။ ဦးရွှေဖံအောင် ဒေါ်သိန်းနွဲ့တို့သည် ပြင်းထန်သော အရင်းရှင် စရိုက်မရှိဘဲ လူတန်းစားခွဲခြားမှုလျော့ပါးသည်။ ချစ်ခြင်းမေတ္တာကို တန်ဖိုးထား သူများဖြစ်သည်ဟု ကြိုတင်ခင်းကျင်းဖန်တီးထားခဲ့သည်။ အလုံထွက်ခွာ သွားသောကြောင့် ကိုလတ်သည် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်သည်ကို ဦးရွှေဖံအောင်နှင့်ဒေါ်သိန်းနွဲ့ သိသော အခါ အလုံကိုပြန်ခေါ်ပြီးလျှင် ကိုလတ်နှင့် သဘောတူကြောင်း ပြောဆိုခဲ့သည်။ ထိုကဲ့သို့ ဇာတ်ဆောင်များကို ကြိုတင်၍ ပျော့ပျော့ ပျောင်းပျောင်းစရိုက်မျိုး ဖန်တီးထားသော ကြောင့် ဇာတ်သိမ်းပိုင်းတွင် နှစ်ဦးနှစ်ဖက် နာကျင်ခံစားရသည့်တိုင် ဒေါ်သိန်းနွဲ့သည် အလုံအပေါ် မေတ္တာမပျက်ခဲ့ပေ။ မိမိအမွေဝေစုကိုပင် အလုံကိုပေးအပ်ခဲ့သည်။ အလုံ သည် ဒေါ်သိန်းနွဲ့ထံမှရသော အမွေဝေစုကို မိမိလေးအား ပေးလိုက်ခြင်းဖြင့် ကျေနပ်မှု ရပြီးလျှင် သစ်စက်ကို မရောင်းဖြစ်တော့ပေ။ သစ်စက်ကို တိုးတက် ခေတ်မီအောင် ဦးဆောင် ထိန်းသိမ်းလုပ်ကိုင်လိုသော ကိုလတ်၏ ဆန္ဒပြည့်ဝသွားခဲ့သည်။ ကိုလတ် နှင့် အလုံတို့ ပေါင်းဖက်ကြရပြီး ပရိသတ်တို့လည်း အမောပြေကြသည်။ ပရိသတ် အကြိုက် ဇာတ်သိမ်းလည်းဖြစ်လာရသည်။

ဖြေလျော့ခွေ ဝတ္ထုဇာတ်လမ်းတွင် အလုံ၏ ကြားနေ ဖျန်ဖြေပေးမှုကြောင့် အရင်းရှင်နှင့် အလုပ်သမားတို့ ပြေလည်ပြီးဖြစ်သော်လည်း စာရေးသူက အရင်းရှင်နှင့် အလုပ်သမားတို့ကြားရှိ ပဋိပက္ခများသည် နှစ်ဦးနှစ်ဖက် ရင်နင့်ဖွယ်ဖြစ်စေသည် ဟူ သော အတွေးပေးလိုသောကြောင့် ဦးနေဒွန်းနှင့် ဦးရွှေဖံအောင် သေဆုံးကြသည့် ဖြစ်ရပ်ကို တင်ပြခဲ့သည်။ ထိုဇာတ်ကွက်ဖြစ်ပေါ်စေရန်အတွက် ဇာတ်ဆောင်တစ်ဦး၏ အမှားကို ဖန်တီးယူရသည်။ ပထမပိုင်းတွင် ဦးရွှေဖံအောင်သည် ကိုကိုကြီး၏ အကြံပေးချက်အတိုင်း လူမိုက်များကို ခေါ်စေသည်။ အလုံ၏ညှိနှိုင်းမှု ပြေလည်သော အခါ ကိုကိုထွေးအားလွှတ်၍ လူမိုက်များကို မလာရန် တားစေသည်။ ကိုကိုထွေး၏ ပေါ့ဆမှုကြောင့် လူမိုက်များရောက်လာပြီး တစ်ဖက်နှင့်တစ်ဖက် တိုက်ခိုက်ခြင်း ဖြစ်သည်။ ထိုအခန်းသည် ဇာတ်ထွတ်ပိုင်း ဖြစ်၍ စာရေးသူက စာရေးဆရာ၏ အပြောဖြင့် မတင်ပြဘဲ အပြုနည်းကိုသုံးကာ ဇာတ်ကွက်ဖော်၍ တင်ပြခြင်းဖြင့်လည်း ဇာတ်လမ်းသည် ပို၍ အသက်ဝင်စေခဲ့ပါသည်။

ဇာတ်လမ်းဇာတ်အိမ်တည်ဆောက်ရာတွင် ရည်ရွယ်ချက်နှင့်အညီ တည်ဆောက်နိုင်ရန်အတွက် ဇာတ်လမ်းဇာတ်အိမ်သည် ခိုင်မာမှုရှိရန်လိုသကဲ့သို့ ပျော့ပြောင်းမှုရှိရန်လိုအပ်သည်။ ဖြေလျှော့ခွေဝတ္ထု ဇာတ်လမ်း ဖန်တီးပုံကိုကြည့်လျှင် ရည်ရွယ်ချက်သည် အချစ်ဝတ္ထုဆိုသည့် နယ်ပယ်ထက်ပို၍ ထိုခေတ်က စီးပွားရေးလောကတွင် ဖြစ်ပျက်နေသော အလုပ်ရှင်နှင့် အလုပ်သမားတို့၏ပြဿနာကို ညှိနှိုင်းအဖြေရှာသင့်သည်ဆိုသောအတွေးကို တင်ပြထားသည်ကို တွေ့ရသည်။ အရင်းရှင် အလုပ်သမားပြဿနာနှင့် အချစ်သဘော ပေါင်းစပ်၍ ရသမြောက်ဇာတ်လမ်းတစ်ပုဒ် အသွင်သို့ဇာတ်လမ်းဆင်ဖန်တီးရာတွင် ဘဝအသိလည်း ရစေသည်။ ပရိသတ်၏နှစ်သက်ခြင်းကိုလည်း လက်ခံရစေသည်။ ဖြေလျှော့ခွေဝတ္ထုတွင် တင့်တယ်၏ ရသမြောက်ဝတ္ထုကောင်းတစ်ပုဒ် ဖြစ်အောင် ဇာတ်လမ်းဖန်တီးမှု အတတ်ပညာကို လေ့လာ တွေ့ရှိရပါသည်။

## ခြုံငုံသုံးသပ်ချက်

ဖြေလျှော့ခွေဝတ္ထုသည် လွတ်လပ်ရေးခေတ်ဦးပိုင်းတွင် ထင်ရှား ကျော်ကြားခဲ့သော ဝတ္ထုတစ်ပုဒ်ဖြစ်သည်။ နိုင်ငံခြားသားပိုင် စက်ရုံလုပ်ငန်းများကို မြန်မာလူမျိုးပိုင် ဖြစ်စေလိုသော စာရေးသူ၏ စေတနာကို တွေ့ရပါသည်။ နိုင်ငံလွတ်လပ်ရေးရခါစအချိန်တွင် ခေတ်ပညာတတ် မြန်မာလူငယ်များ၏ စက်ရုံ အလုပ်ရုံများကိုခေတ်မီဖွံ့ဖြိုး တိုးတက်လာအောင် ထိန်းသိမ်းစောင့်ရှောက်ပြုပြင် စေလိုသော စေတနာရည်ရွယ်ချက်ကို တွေ့ရပါသည်။ ထိုကဲ့သို့ ခေတ်၏ လိုအပ်ချက်အရ ပေါ်ထွန်းလာသော ဝတ္ထုတစ်ပုဒ်ဖြစ်သော်လည်း တင့်တယ်သည် အချစ်ဝတ္ထုများနှင့် အောင်မြင်သူပီပီ ခေတ်ပြိုင် ဝတ္ထုသဘောတွင် အချစ်သဘော ပေါင်းစပ်ထည့်သွင်းကာ ဇာတ်လမ်း၏ ဗဟိုဇာတ်ဆောင် အလုံ၏နောက်သို့ အာရုံ စူးစိုက်လိုက်ပါသွားအောင် အလုံ၏စရိုက်နှင့်လိုက်ဖက်သော ဇာတ်ကွက်များကို နေရာတကျ ပုံဖော် ထည့်သွင်းထားသည်။ စာရေးဆရာ ထည့်သွင်းထားသော ဇာတ်ကွက်များမှာ အလုံ၏စရိုက်နှင့်လိုက်ဖက်ပြီး စာဖတ်သူတို့အနေဖြင့် အလုံအပေါ် ပိုမို ချစ်ခင်သနားစိတ် ဖြစ်ပေါ်လာစေသည်။ ဇာတ်ဆောင်ဖြင့် စည်းရုံးဆွဲဆောင်ထားသော ဇာတ်လမ်းတစ်ပုဒ် ဖြစ်ပါသည်။ အရင်းရှင်နှင့်အလုပ်သမားတို့၏ ပြင်းထန်သောပဋိပက္ခကို ဖော်ပြရာ၌စာဖတ်သူတို့သည် ဇာတ်လမ်းတစ်လျှောက်လုံး အနိဋ္ဌာရုံများကို မခံစားရဘဲ အလုံနှင့်ကိုလတ်တို့၏ ချစ်ပြဿနာနောက်သို့ လိုက်ပါ ခံစားနေကြရသည်။ ဇာတ်တက်ပိုင်းဆုံးခါနီးနှင့် ဇာတ်ထွတ်ပိုင်းသို့ ရောက်မှသာ ပဋိပက္ခကို ထင်ထင်ရှားရှား မြင်တွေ့ရ

သည်။ ကြမ်းတမ်းသော ပဋိပက္ခ ဇာတ်ကွက်များကို ပေါ်ပေါ်ထင်ထင် မထည့်ဘဲ ညင်ညင်သာသာ ထည့်သွင်း ပုံဖော်ထားသည်။ ထူးခြားချက်မှာဇာတ်ပြု ဇာတ်ဆောင် အလုံကို အလုပ်သမားခေါင်းဆောင် ဦးနေဒွန်း၏ သမီးအဖြစ်လည်းကောင်း၊ သစ်စက်ပိုင်ရှင် အရှင်းရှင်သား၏ ချစ်သူအဖြစ်လည်းကောင်း ဖန်တီးယူထားပုံ ဖြစ်သည်။ သို့ရာတွင် စာရေးသူ ဖန်တီးယူထားသော ဇာတ်ဆောင်များသည် အရင်းရှင်မဆန်လွန်းဘဲ မေတ္တာစိတ်ဓာတ် အခြေခံရှိသူများအဖြစ် ပုံဖော်ထားသောကြောင့် ပရိသတ်အကြိုက် ဇာတ်သိမ်းဖြစ်အောင် အလွယ်တကူ ဖန်တီးယူနိုင်ခဲ့ပါသည်။ တင့်တယ်သည် ဇာတ်လမ်းနှင့်လိုက်ဖက်အောင် ဇာတ်ဆောင်များကို နေသားတကျ ပါဝင်လှုပ်ရှားစေရုံသာမက ဇာတ်ဆောင်စရိုက် အတိုးအလျော့ပြုလုပ်နိုင်စွမ်းရှိသည့် စာရေးဆရာဖြစ်သည်။ ဇာတ်ဆောင်စရိုက် ပိုင်နိုင်သောကြောင့် ဇာတ်လမ်း အားကောင်းလာရသည်ဟု ထင်မြင်မိပါသည်။

## နိဂုံး

တင့်တယ်သည် သူ၏ဝတ္ထုခေတ် တစ်ခေတ်ကို ပိုင်ခဲ့သူဖြစ်သည်။ သူ၏ဝတ္ထုများတွင် ဝတ္ထုတိုရော ဝတ္ထုရှည်ပါ ပါဝင်နေခြင်းမှာလည်း သူ၏အနုပညာကျွမ်းကျင်မှုက သက်သေခံနေပါသည်။ တင့်တယ်သည် ဇာတ်လမ်းဖန်တီးရာတွင် ပရိသတ်အကြိုက်ကို ဖန်တီးလေ့ရှိသောကြောင့် ဇာတ်လမ်းကို ဦးစားပေးသည်ဟု ဆိုရမည်။ ဇာတ်လမ်းကို ဦးစားပေးသည်ဟု ဆိုသော်လည်း တစ်ကယ်တမ်းမှာမူ သူ၏ဇာတ်ဆောင်များအပေါ် စာဖတ်သူတို့ နှစ်သက်စွဲလမ်းရာမှ ဝတ္ထုဇာတ်လမ်းအပေါ် စွဲကျန်နေခြင်း ဖြစ်ပါသည်။ အထူးသဖြင့် ဖြေလျော့ခွေဝတ္ထုမှ အလုံ၏စရိုက်များသည် ပရိသတ်စိတ်၌ စွဲကျန်စေခဲ့သည်။ တင့်တယ်သည် အမျိုးဝတ္ထုများကို မြန်မာမှုပြုရာ၌ ကျွမ်းကျင်လိမ္မာသူဖြစ်သည်။ နှစ်တစ်ရာ တိုင်ခဲ့ပြီဖြစ်သော စာရေးဆရာ တင့်တယ်၏ အနုပညာလက်ရာများကို ဆက်လက်၍ လေ့လာ ဖော်ထုတ်သင့်သည်ဟု ထင်မြင်မိပါသည်။

# ကျမ်းကိုးစာရင်း

## မြန်မာဘာသာ


ခင်မင်၊မောင်(ဓနုဖြူ)။၁၉၉၄။ ***စကားပြေသဘောတရား စကားပြေအတတ်ပညာ***၊ ရန်ကုန်၊ စာပေလောက

ဆွေတင့်၊မောင်။ ၁၉၇၃။ ***ဝတ္ထုတိုရေးနည်းရေးဟန်***၊ စာအုပ်စာပေ ပတွဲ၊ ရန်ကုန်၊စာပေဗိမာန်

တာရာ၊ဒဂုန်။၁၉၆၇။ ***စာပေသဘောတရား၊စာပေဝေဖန်ရေး***၊ ရန်ကုန်၊ နံ့သာတိုက်။

တက်တိုး။ ၁၉၄၈။ ဇွန် ။***ပဒေသာရုပ်စုံ***၊ အတွဲ၁၊ အမှတ်၅။

တင့်တယ်။ ၁၉၄၈၊ ဇွန်၊ ***ဖြေလျော့ခွေ***၊ ရှုမဝမဂ္ဂဇင်း။

မြင့်ကြည်၊ဦး။ ၁၉၇၇–၈၃၊ ***ဝတ္ထုရှည်သဘောတရားဝတ္ထုရှည်လေ့လာသူ***၊ မြန်မာစာသုတေသန ဂျာနယ် အတွဲ၃ ။

သာခု ။ ၁၉၉၀။ ***သာခုဖြည့်စာ(က)***၊ စာပေဂျာနယ် အမှတ်၉၊ ရန်ကုန်

သိန်းဆိုင်၊မောင်။၁၉၇၃။ ***မြန်မာဝတ္ထုရှည်ရေးဟန်နှိုင်းယှဉ်ချက်*** ၊ စာအုပ်စာပေ ပတွဲ၊ ရန်ကုန်၊ စာပေဗိမာန်

ဝင်းမွန်၊ တက္ကသိုလ်။၁၉၇၃။ ***ကျွန်တော်ဖတ်ခဲ့သောဝတ္ထုတိုများနှင့်ကျွန်တော့် အမြင်***၊ စာအုပ်စာပေ ဒုတွဲ၊ ရန်ကုန်၊ စာပေဗိမာန်


## အင်္ဂလိပ်ဘာသာ


Josip Novakovich, 1995, Cincinnati, ohio.

writer digest book, 2009,Cincinnati.

## မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စာတမ်းအကျဉ်း | |
| | နိဒါန်း | |
| ၁။ | တင့်တယ်၏အတ္ထုပ္ပတ္တိ | ၂ |
| ၂။ | တင့်တယ်၏ဝတ္ထုများအပေါ် ပညာရှင်တို့အမြင် | ၄ |
| ၃။ | ဖြေလျှော့ခွေဝတ္ထု၏ဇာတ်လမ်းဖန်တီးမှုအတတ်ပညာ | ၈ |
| | ခြုံငုံသုံးသပ်ချက် | |
| | နိဂုံး | |
| | ကျမ်းကိုးစာရင်း | |

# တင့်တယ်၏ ဖြေလျှော့ခွေဝတ္ထု၏ ဇာတ်လမ်းဖန်တီးမှု အတတ်ပညာ

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့

တစ်ဆယ့်ခုနစ်ကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲသို့
တင်သွင်းသည့်စာတမ်း

ကြည်ကြည်မြင့်

ကထိက

မြန်မာစာဌာန

ရန်ကုန်တက္ကသိုလ်

၂၀၁၇ခုနှစ်၊ အောက်တိုဘာလ(၂၇) ရက်

*J. Myanmar. Acad. Arts Sci. 2018* **Vol. XVI. No. 6A**

# မောင်ခိုင်မာကဗျာများမှ စကားအသုံးအနှုန်းရွေးချယ်ဖန်တီးမှု

ခိုင်နွယ်ဝင်း*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ကဗျာဆရာမောင်ခိုင်မာ ရေးဖွဲ့ထားသောကဗျာများမှ စကားအသုံးအနှုန်း ရွေးချယ်ဖန်တီးထားမှုကို ကဗျာအရေးအဖွဲ့ပိုင်းဆိုင်ရာ ရှုထောင့်မှ လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။ ကဗျာဆရာရွေးချယ် ဖန်တီး ထားသည့် စကားအသုံးအနှုန်းများမှ တစ်ဆင့် ကဗျာဆရာ၏ စကားသုံး ကြွယ်ဝမှု၊ ကဗျာဆရာ၏ စစ်မှန်သောခံစားမှု၊ ကဗျာဆရာ၏ စိတ်ကူးဉာဏ် နှင့် အတွေ့အကြုံ ပေါင်းစပ်ထားမှုတို့ကို မြင်တွေ့နိုင်ပြီး ခေတ်ပြိုင်ခံစားမှုများ၊ ကဗျာ၏ အလှတရားများကို သုတေသနပြု လေ့လာနိုင်မည်ဖြစ်ပါသည်။

***သော့ချက်ဝေါဟာရများ***။ စကားအသုံးအနှုန်းရွေးချယ်ဖန်တီးမှု၊ ကဗျာစာဆို၏ စိတ်ကူးဉာဏ်၊ ခေတ်ပြိုင်စကားအသုံးအနှုန်း၊ ကဗျာစာဆို၏ခံစားမှု။

## နိဒါန်း

ကဗျာစာဆိုသည် ဒိဋ္ဌဓမ္မလောကမှတစ်ဆင့် သိရ၊ မြင်ရ၊ ကြားရသော အကြောင်း အရာ တစ်ခုခုအပေါ် မူတည်လျက် ဖြစ်ပေါ်လာသော စိတ်ခံစားမှုကို စိတ်ကူးဉာဏ် ကွန့်မြူးမှုနှင့်အတူ ကဗျာများကို ရေးဖွဲ့ကြလေသည်။ ထိုသို့ ရေးဖွဲ့ရာတွင် ကဗျာစာဆို သည် စိတ်ခံစားမှု ပေါ်လွင်စေရန်၊ ပေးလိုသော ရည်ရွယ်ချက် အောင်မြင်စေရန် တို့အတွက် စိတ်ကူးဉာဏ်ကွန့်မြူးမှုနှင့် ကဗျာရေးဖွဲ့မှု အစိတ်အပိုင်းများကို ဟန်ချက်ညီစွာ ပေါင်းစပ်လျက် ဖန်တီးယူကြသည်။ ဤစာတမ်းတွင် ကဗျာရေးဖွဲ့မှုအစိတ်အပိုင်းများမှ "စကားအသုံးအနှုန်း"[၁] ဟူသော အစိတ်အပိုင်းကို ကဗျာဆရာ မောင်ခိုင်မာ၏ ကဗျာများဖြင့် လေ့လာတင်ပြသွားမည် ဖြစ်ပါသည်။

---

[၁] diction

* ဒေါက်တာ၊ ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

## ၁။ စကားအသုံးအနှုန်း

ကဗျာတစ်ပုဒ်ရေးဖွဲ့ရာတွင် အသံ[၁]၊ ကာရန်[၂]၊ နရီ[၃]၊ အလင်္ကာ[၄]၊ စကားအသုံးအနှုန်း၊ နိမိတ်ပုံ[၅]၊ သင်္ကေတ[၆] စသည့် ကဗျာရေးဖွဲ့မှု အစိတ်အပိုင်းများကို အသုံးပြု ဖန်တီးလေ့ရှိသည်။ အဆိုပါ ကဗျာအစိတ်အပိုင်းတို့သည် ကဗျာစာဆို၏ စိတ်ကူးဉာဏ်ကွန့်မြူးမှုနှင့်အတူ ကဗျာတစ်ပုဒ်အဖြစ် လှပစွာဖြစ်ပေါ်လာခဲ့သည်။ ထို့ကြောင့် ကဗျာကောင်းတစ်ပုဒ်ဖြစ်စေရန်အတွက် စကားအသုံးအနှုန်းသည် အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း လေ့လာနိုင်ပါသည်။

ကဗျာကိုလေ့လာသောအခါတွင် ကဏ္ဍ ၃ရပ်ဖြင့် လေ့လာနိုင်သည်ဟု ဆရာဒဂုန်တာရာက မိန့်ဆိုထားပါသည်။ ထိုကဏ္ဍ ၃ ရပ်မှာ စကားသုံးနှုန်းမှု၊ အတွေးအခေါ်၊ အလှပညာတို့ဖြစ်သည်။ ကဗျာသည် ကာရန်နှင့်စီရေးရသောစာပေမှုဖြစ်ပေရာ ကာရန်ဖြင့်သွယ်သီသည့်ပါဒအတွင်း ဆံ့ဝင်အောင် ရေးသားရာ၌ စကားလုံး၏ အသံ၊ ဌာန်၊ အတိုအရှည် စသည်တို့ အကျုံးဝင်ကြသည်။ စကားလုံးရွေးချယ် သုံးနှုန်းမှုရှိလာသဖြင့် စကားလုံးစီခြယ်ရသည့်အလှပညာမှု ပါဝင်လာပြန်သည်။ အတွေးအခေါ်ဟူသည်ကား အခြားမဟုတ် ကဗျာဆရာ၏ဉာဏ်အမြင် သို့မဟုတ် စိတ်ကူးပမာဏပင်ဖြစ်သည်။[၇] အဆိုပါ လေ့လာမှု ကဏ္ဍ ၃ ရပ်အရ ကဗျာ၏ စကားအသုံးအနှုန်းသည် အရေးပါနေကြောင်း တွေ့ရပါသည်။

## ၂။ မောင်ခိုင်မာကဗျာများမှ စကားအသုံးအနှုန်းရွေးချယ်ဖန်တီးမှု

ကဗျာ၏စကားအသုံးအနှုန်းဆိုသည်မှာ ကဗျာတွင် သူ့နေရာနှင့်သူ ဆီလျော်သင့်မြတ်မှုရှိသော စကားလုံးများ ရွေးချယ်အသုံးပြုထားခြင်း ဖြစ်သည်။ စကားအသုံးအနှုန်းသည် ကဗျာတွင် အလှကိုပြလိုလျှင် အလှ စကားလုံးများ၊ အင်အားကိုပြလိုလျှင် အင်အားပြစကားလုံးများ စသည်ဖြင့် ရွေးချယ်ပြရသည်။ ဆီလျော်မှုရှိသော၊ ထိရောက် ပြောင်မြောက်မှုရှိသော စကားလုံးများကို ရွေးချယ်သုံးနှုန်းကြသည်။ စကားအသုံးအနှုန်းသည် ဘဝ၏လှုပ်ရှားမှုများနှင့် သက်ဆိုင်သော အခြင်းအရာများ၊ ဆက်နွယ်မှုများကိုလည်း သရုပ်ဖော်နိုင်ကြောင်း တွေ့ရပါသည်။[၈]

---

[1] sound
[2] rhyme
[3] metre
[4] ornament
[5] image
[6] symbol
[၇] ဒဂုန်တာရာ၊ ၁၉၆၇၊ ၄၃၂-၄၃၃။
[၈] မြဇင်၊ ၁၉၈၃၊ ၂၅၀-၂၅၇။

ကဗျာဆရာတို့သည် မိမိ၏မတူညီသောခံစားချက် ဘဝအမြင်တို့ကို စာဖတ်သူ ခံစားသိမြင်စေရန် စည်းရုံးဖော်ဆောင်ရာတွင် ကဗျာပရိယာယ်ကို အသုံးပြုကြသည်။ ထို့ကြောင့် မောင်ခိုင်မာ၏ကဗျာများရှိ စကားအသုံးအနှုန်းတွင် စာဖတ်သူ၏ စိတ်နှလုံးကို နှစ်သက်မှုပေးနိုင်စွမ်း ရှိစေရန် အလှစကားလုံးများဖြင့် လည်းကောင်း၊ အင်အားပြစကားလုံးများဖြင့် လည်းကောင်း ရွေးချယ်ဖန်တီးပါသည်။ ထို့အတူ ကဗျာဆရာ ရပ်တည်နေသော ခေတ်ကာလ အလျောက် ခေတ်ပြိုင်ခံစားမှုနှင့် ခေတ်ပြိုင်ဝန်းကျင်တို့ကိုလည်း ကဗျာအဖွဲ့များတွင် စကားအသုံးအနှုန်းများဖြင့် ရွေးချယ်ဖန်တီးပါသည်။ ဤသို့ဖြင့် ခေတ်ပြိုင်ကာလအငွေ့အသက်များသည် စာဖတ်သူ၏စိတ်အာရုံတွင် ထင်သာမြင်သာ ဖြစ်လာပါသည်။

## ၂၊ ၁။ စကားအသုံးအနှုန်းများ

ကဗျာစာဆိုတို့၏တာဝန်သည် ရှိပြီးသားအတွေး၊ အမြင်တို့ကို ရှိမှန်းသိမြင်လာစေရန်၊ ခံစားလာစေရန် လုပ်ပေးဖို့တာဝန်ပင်ဖြစ်သည်။ ကဗျာကိုဖတ်လိုက်ပါက စာဖတ်သူသည် မိမိထံတွင် ရှိပြီးဖြစ်သောအသိ၊ အတွေးတို့ကို သတိပြုမိစေရန် ဖန်တီးပေးခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ကဗျာစာဆိုတို့သည် မိမိတို့ရှင်သန် ရောက်ရှိနေသော ခေတ်၏အတွေး၊ ခံစားချက်များကို ဖန်တီးတတ်ကြသည်။

မောင်ခိုင်မာ၏ကဗျာများတွင် ထိုအတွေးခံစားချက်ကို ဖော်ဆောင်ရန် သိပ္ပံဆိုင်ရာစကား အသုံးအနှုန်းများ၊ နိုင်ငံရပ်ခြားစကားအသုံးအနှုန်းများ၊ ပါဠိစကားအသုံးအနှုန်းများ၊ ဆေးဘက်ဆိုင်ရာ စကားအသုံးအနှုန်းများ၊ တိုင်းရင်းဆေးဆိုင်ရာစကား အသုံးအနှုန်းများ၊ ဝိဇ္ဇာပညာရပ်ဆိုင်ရာစကား အသုံးအနှုန်းများ၊ ရာဇဝင် ဇာတ်ဆောင် အမည်များ၊ စာပေဇာတ်ဆောင် အမည်များ၊ သက်ရှိလောကမှ စာဆို အမည်များ၊ နေရာဒေသများ စသည်တို့ဖြင့် စကားလုံးကြွယ်ဝစွာ ရွေးချယ်သုံးနှုန်း ထားပါသည်။

"လူဟာ ... သူဘာလုပ်သလဲ" ကဗျာတွင် သိပ္ပံဆိုင်ရာ စကားအသုံးအနှုန်းများ ဖြစ်သော

> "ချူကလီယာ အသက်
> ကွန်ပျူတာ မျက်လုံး
> အီလက်ထရွန်းနစ် မျက်နှာ
> ရေဒါအသိ ရှိချင်ရှိစေ"[၁]

---

[၁] ခိုင်မာ၊ ၂၀၁၅၊ ၇၆။

တို့ကို ရွေးချယ်ရေးဖွဲ့ထားပါသည်။ ကဗျာပါ သိပ္ပံဆိုင်ရာစကားလုံးများဖြစ်သော နျူကလီယာ ဟူသည် အဏုမြူတွင် ပရိုတွန်နှင့် နျူထရွန်ပါဝင်သော ဗဟိုအစိတ်အပိုင်း ဟုလည်းကောင်း၊ ကွန်ပျူတာ ဟူသည် သိုမှီးထားသောအချက်အလက်များကို စီစဉ်ညွှန်ကြားသည့်အတိုင်း တိုက်ဆိုင်စိစစ်၍ လိုအပ်သော အဖြေ၊ ပုံစံဇယား စသည်ကို ထုတ်လုပ်ပေးနိုင်သည့် အီလက်ထရွန်းနစ်စက်ကိရိယာ ဟုလည်းကောင်း၊ အီလက်ထရွန်းနစ် ဟူသည် အီလက်ထရွန်ဆိုင်ရာ သိပ္ပံပညာရပ် ဟုလည်းကောင်း၊ ရေဒါ ဟူသည် လျှပ်စစ်သံလိုက်လှိုင်းဖြင့် အတားအဆီးပစ္စည်း၏ ပုံပန်း၊ ပမာဏ၊ အကွာအဝေးနှင့် တည်ရာကို ထောက်လှမ်းနိုင်သော ကိရိယာ ဟုလည်းကောင်း အနက်အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ လူသားတို့ဘဝတွင် စတင်မွေးဖွားချိန်မှ သေဆုံးချိန်အတွင်း သိပ္ပံနည်းပညာများဖြင့် ထုတ်လုပ်သောပစ္စည်းများဖြင့် ကျက်စားမွေ့ပျော် နေကြသည်။ ထိုတဏှာလောဘတို့နောက် လိုက်ပါရင်း လူသားတို့သည် မေတ္တာ၊ သစ္စာ၊ သိက္ခာများကင်းမဲ့လာကြသည်။ ကဗျာဆရာကမူ ထိုလောဘသဘော တိုးတက်နေသော ခေတ်ရေစီးကြောင်းတွင် စီးမျောလိုက်ပါနေရပါသော်လည်း သာမန်လူသားတစ်ဦးသာဖြစ်လိုသောသဘောကို တင်ပြထားပါသည်။ ကဗျာပါ သိပ္ပံဆိုင်ရာစကားလုံးတို့ကြောင့် သက်ရှိလူသားတို့သည် ခေတ်မီတိုးတက် ပြောင်းလဲလာသော ကမ္ဘာလောကကြီးတွင် မွေ့ပျော်ရင်း လောကသစ္စာများ၊ မေတ္တာအစစ်အမှန်အများ ကွယ်ပျောက်ခဲ့ရသည့်သဘောကို စကားလုံးတို့၏ပံ့ပိုးမှုကြောင့် ပေါ်လွင်လာစေသည်။ စာဖတ်သူကို အတွေးပွားစေသော သဘောကို တွေ့ရပါသည်။

"ဆန်တစ်ပြည်နဲ့ ပန်းချီတစ်ကား" ကဗျာတွင် နိုင်ငံရပ်ခြား စကားအသုံးအနှုန်းများဖြစ်သော

"ကြာစွယ် ကြာရိုးတွေနဲ့
မြို့ရိုးဟောင်းကြီးဆီမှသည် ...
ပက်(ပ)စီခေတ်
လက်ကီးစထရိုက်ခေတ် ... ဘီယာခေတ်
အာဂျီနိုမိုတိုခေတ် ...
ကာရာအိုကေခေတ် ...
ဟိုတယ် မိုတယ်ခေတ် ..."[၁]

---

[၁] ခိုင်မာ၊ ၁၉၉၇၊ ၂၄၆။

တို့ကို ရွေးချယ် ရေးဖွဲ့ထားသည်။ ထိုခေတ်ပြိုင် ခံစားမှုများဖြစ်သော ပက်(ပ)စီ၊ လက်ကီးစထရိုက်၊ ဘီယာ၊ အာဂျီနိုမိုတို၊ ကာရာအိုကေ စသည့် နိုင်ငံရပ်ခြားစကား အသုံးအနှုန်းတို့သည် ထိုခေတ်က အသုံးတွင် ရေပန်းစားခဲ့သည့် ခေတ်ပုံရိပ်ကို သိမြင်စေနိုင်သည်။ ရှေးမြန်မာတို့၏ အတိတ်ခေတ်သင်္ကေတဖြစ်သည့် ကြာစွယ်ကြာရိုးတို့ ထုံမွှန်းနေသော ကျုံးဟောင်းမြို့ရိုးဟောင်းမှသည် ခေတ်ကာလ ရွေ့လျားပြောင်းလဲလာပြီး ၂၁ ရာစုခေတ်တွင် မန်ကျည်းရေနေရာတွင် အစားထိုးဝင်လာသော ပက်ပစီ၊ ဖတ်စိမ်းလိပ် ဆေးတံတို နေရာတွင် အစားထိုးဝင်လာသော လက်ကီးစထရိုက်၊ ထန်းရည်နေရာတွင် အစားထိုးဝင်လာသော ဘီယာ၊ ငါးပုစွန်တို့ဖြင့် ဟင်းအချိုရရန် စားသောက်ရာမှ အလွယ်တကူရ၍ အလုပ်ရှုပ် သက်သာသော အာဂျီနိုမိုတိုအချိုမှုန့်၊ ဘုန်းကြီးကျောင်း ဇရပ်တို့တွင် လှည်းရပ်နားလျက် တည်းခိုနေရာမှ ဟိုတယ် မိုတယ်၊ လသာသာတွင် ဝိုင်းဖွဲ့သီဆိုနေကြသော ပလွေသံ မယ်ဒလင်သံ တယောသံတို့ နေရာတွင် ကာရာအိုကေတို့ အစားထိုးဝင်ရောက်လာခဲ့ပုံ သဘောတို့ကို စကားအသုံးအနှုန်းတို့အရ သိမြင်ခံစားနိုင်ပါသည်။ ထို့ကြောင့် လူတို့၏ နေထိုင်စားသောက်မှုဘဝ ပုံစံပြောင်းလဲသွားပုံကို ထင်းကနဲ ပေါ်လွင်လာစေပါသည်။ ငွေကုန်ကြေးကျ များကာ ဟန်ပန်များလာသည့်ခေတ်သဘောကိုလည်း မြင်သာလာစေပါသည်။

"ချွတ်ဆေး"ကဗျာတွင်

" စိတ်မှာ ...

အဘိဇ္ဈာနစ်မွန်း

အစွန်းမကျွတ်သူအတွက်

အစွန်းချွတ်ဆေး

လက်ဆောင်ရွေးခဲ့

ပေးဗျာ ... တစ်ထုပ်။"[၁]

ဟူ၍ ပါဠိစကားအသုံးအနှုန်းဖြစ်သော အဘိဇ္ဈာ ကိုထည့်သွင်းရေးဖွဲ့ထားပါသည်။ အဘိဇ္ဈာ ဟူသည် အလိုကြီးခြင်း၊ တပ်မက်မောခြင်း၊ အလွန်လိုချင်ခြင်း၊ သူတစ်ပါး စည်းစိမ်ကို ရှေးရှုကြံခြင်း၊ သူတစ်ပါး စည်းစိမ်ကိုတပ်ခြင်း ဟု အနက် အဓိပ္ပာယ်ဖွင့်ပါသည်။ တပ်မက်ခြင်း အလိုလောဘ ကြီးမားသောသူများ၏ စိတ်ညစ်နွမ်းတတ်သည့်သဘောကို အဘိဇ္ဈာနစ်မွန်း ဟူသည့် စကားအသုံးကြောင့် ပိုမိုထင်ရှားလာခဲ့

---

[၁] ခိုင်မာ၊ ၂၀၁၅၊ ၂၀၈။

ပါသည်။ ဖမ်းဆုပ်မရနိုင်သော၊ မမြင်တွေ့နိုင်သော စိတ်၏သဘောကို ပေါ်လွင်လာစေသည်။ ထို့ပြင် ဝတ္ထုပစ္စည်းများဖြူစင်လာစေရန် အသုံးပြုသည့်အစွန်းချွတ်ဆေးကို မိတ်ဆွေဖြစ်သူ၏ညစ်ညမ်းနေသည့် စိတ်ကိုဖြူစင်လာစေရေး သုံးစွဲနိုင်ရန် ပေးမည် ဟူသည့် စကားအသုံး ကောင်းမွန်မှုကြောင့် ကဗျာဖတ်သူကို သိမြင်လွယ်စေပြီး နှစ်သက်မှု ရသကို ဖြစ်စေပါသည်။

"ဟောဗျာ"ကဗျာတွင် ဆေးဘက်ဆိုင်ရာစကားအသုံးအနှုန်းများဖြစ်သော

" မိတ်ဆွေဆရာဝန်ဟာ
ညွှန်ကြားစစ်ဆေး
သွေးပေါင်ချိန်မှတ်
နားကြပ်စမ်းထောက်
အောက်သွေးခုနစ်ဆယ်
အပေါ်သွေးကိုးဆယ်တဲ့ "[၁]

တို့ကို ရွေးချယ်ရေးဖွဲ့ထားပါသည်။ ထိုစကားအသုံးများကြောင့် ကဗျာစာဆို၏ဘဝတွင် ပင်ပန်းဆင်းရဲစွာ ဖြတ်သန်းခဲ့ရသောသဘော၊ အစားအသောက်ဖြစ်သလို နေထိုင်စားသောက်ခဲ့ရသော လူမှုဘဝသရုပ် တို့သည် ထင်ရှားလာခဲ့ပါသည်။

"ဖေဇော်ဂျီ" ကဗျာတွင် ဝိဇ္ဇာပညာရပ်ဆိုင်ရာ စကားအသုံးအနှုန်းများ ဖြစ်သော

"ဂူမှောင်အကွယ်မှာ
ဘယ်သူဟာ သူယောင်မယ်
ဘယ်သူဟာ လူအစစ်ရယ်လို့
အချစ်ကိုရွေးချိန်ပြီး သုံးရအောင်
ကဲ … ဆေးကြိမ်လုံးဝင့်။" [၂]

တို့ကို ရွေးချယ်ရေးဖွဲ့ထားပါသည်။ သူယောင်မယ်၊ ဆေးကြိမ်လုံး စသည်စကားအသုံးတို့ကြောင့် မေတ္တာ အတုအယောင်များကြားတွင် မေတ္တာအစစ်အမှန်ကို ခက်ခဲစွာရှာဖွေလိုသည့်သဘောမှာ ထင်ရှားလာစေပါသည်။

---

[၁] ခိုင်မာ၊ ၂၀၁၅၊ ၁၅၈။
[၂] ခိုင်မာ၊ ၂၀၁၅၊ ၂၀၂။

"စုံထောက်နှင့် မိုးမှောင်"ကဗျာတွင်
"ချစ်သူ့သတင်းကို
ပြစ်မှုခင်းလို မွှေလှန်လို့
ခြေရာဖွေရှာခံမလား
ဦးစံရှားနဲ့ ဦးထင်ကျော်
တင်မောင်ဆွေနဲ့ နှင်းမောင်
စိုးအောင်နဲ့ ဘခက်
သိန်းနက်နဲ့ မြခိုင်
ခင် ... တတ်နိုင်ရန် အမှုအပ်
အမှုပြတ်မယ် မောင်မထင်
ရှောင်တခင် (သူ)လျင်ပေ့ ...။"[၁]

ဟူ၍ စာပေဇာတ်ဆောင်များကို ရွေးချယ်ရေးဖွဲ့ထားပါသည်။ အချစ်ရေးနှင့် ဝမ်းရေးတို့ ယှဉ်ပြိုင်သည့်ပွဲတွင် အချစ်ရေးကရှုံးနိမ့်တတ်သည့် သဘောကို ဖွဲ့ဆိုပြသည်။ ထိုအမှုသဘောကို ဦးစံရှား၊ ဦးထင်ကျော်၊ တင်မောင်ဆွေ၊ ဆားပုလင်းနှင်းမောင် စသည့်နာမည်ကျော်စုံထောက်ကြီးများကို အမှုအပ်၍ ရှာဖွေ ဖြေရှင်းရန် ခက်ခဲပုံ သဘောကို ဖွဲ့ဆိုပြထားသည်။

"သဇင်သင်းပြန်တော့" ကဗျာတွင် သက်ရှိလောကမှ စာဆိုများ၏ အမည်များကို ထည့်သွင်းလျက်

"အလွမ်းမှာ ရှင်ထွေး
အဆွေးမှာ နတ်ရှင်
အရွှင်မှာ ဆရာဖေ
နဘေမှာ ဦးပုည
ဘဝမှာ ပဒေသ
လရာသီမှာ ဦးမင်း
ချေင်းမှာ ရှင်သူရဲ

---

[၁] ခိုင်မာ၊ ၂၀၁၅၊ ၈၉။

အဲချင်းမှာ ဦးယာ

ရကန်မှာ ဦးတိုး

အမျိုးတွေ ... အမျိုးတွေ ...။" [၁]

ဟူ၍ ရေးဖွဲ့ထားပါသည်။ ထိုကဗျာစာဆိုကြီးများသည် စာပေသမိုင်းတွင် တင့်တယ်သကဲ့သို့ ကဗျာစာဆိုသည်လည်း စာပေဟောပြောပွဲများတွင် လက်ခုပ်သံ တဖြောင်းဖြောင်း၊ လူတစုစုတရုန်းရုန်းဖြင့် ပျော်မွေ့နေသောဘဝကို ပေါ်လွင်လာစေသည်။

"ပန်းကြွေတဲ့ဈေး"ကဗျာတွင် နေရာဒေသ၏အမည်များကို ထည့်သွင်းလျက်

"အသွားအသွေး

ဖလှယ်ရွေးကြ

သိမ်ကြီးဈေး

စိန်ဂျွန်းဈေး

ဗိုလ်ချုပ်ဈေး

ငွေကြေးလှိုင်ရွှင် တချွင်ချွင်

ဝိညာဉ်များကို ရောင်းဝယ်မှု ...။"[၂]

ဟူ၍ ရေးဖွဲ့ထားပါသည်။ ထိုနေရာဒေသများတွင် စီးပွားရေးလောကသားတို့ ခြေရှုပ်ခဲ့ပုံ၊ စီးပွားရောင်း ဝယ်ဖောက်ကားမှုများ ရှိကြပုံသဘောတို့ ပေါ်လွင်လာစေပါသည်။

မောင်ခိုင်မာ၏ကဗျာများတွင် စကားအသုံးကြွယ်ဝကြောင်း တွေ့ရပါသည်။ စကားအသုံးအနှုန်းများအဖြစ် သိပ္ပံဆိုင်ရာစကားအသုံးအနှုန်းများ၊ နိုင်ငံရပ်ခြား စကားအသုံးအနှုန်းများ၊ ပါဠိစကားအသုံးအနှုန်းများ၊ သိပ္ပံဆိုင်ရာ စကားအသုံးအနှုန်းများ၊ ဆေးဘက်ဆိုင်ရာ စကားအသုံးအနှုန်းများ၊ တိုင်းရင်းဆေးဆိုင်ရာ စကားအသုံးအနှုန်းများ၊ ဝိဇ္ဇာပညာရပ်ဆိုင်ရာ စကားအသုံးအနှုန်းများ၊ စာပေဇာတ်ဆောင်အမည်များ၊ သက်ရှိလောကမှ စာဆိုအမည်များ စသည်ဖြင့် တွေ့ရှိရပါသည်။ စကား ပရိယာယ်ကို အသုံးချနိုင်ပြီး လိုအပ်နေသောအနက်ကို ဖော်ကျူးနိုင်စွမ်းရှိကြောင်း တွေ့ရပါသည်။

[၁] ခိုင်မာ၊ ၂၀၁၅၊ ၁၂၆။

[၂] ခိုင်မာ၊ ၂၀၁၅၊ ၁၂၄–၁၂၅။

## ၂၊ ၂။ အပြောသုံးစကားအသုံးအနှုန်းဖန်တီးမှု

မောင်ခိုင်မာ၏ကဗျာများတွင် အပြောသုံးစကားအသုံးအနှုန်းများကို တွင်ကျယ်စွာ အသုံးပြု ရေးဖွဲ့ထားပါသည်။ အပြောသုံးစကားသုံးများ၏အစွမ်းကို ထိမိစွာအသုံးချ ထားကြောင်း တွေ့ရပါသည်။ ကဗျာ ရေးသူအနေဖြင့် အများဆုံးအသုံးပြုထားသော စကားအသုံးအနှုန်းလည်း ဖြစ်ပါသည်။

"မီးပြတိုက်ထဲကလူ" ကဗျာတွင်–

" ဟို နှစ် ၂၀ ကျော်က

(ဆရာ) ဇန်းမော်တင်အောင်ရဲ့

အူကြောင်ကြောင်ဇာတ်လိုက်

ခုထိလဲ ဘဝင်ခိုက်

ခပ်ကြိုက်ကြိုက်ပါပဲ ခင် .... ။ "[၁]

ဟူ၍ "အူကြောင်ကြောင်၊ ဘဝင်ခိုက်၊ ခပ်ကြိုက်ကြိုက်" စသည့် ခေတ်ပြိုင်အရပ်သုံး စကားများကို သုံးထားပါသည်။ ကဗျာခေါင်းစဉ်ဖြစ်သော မီးပြတိုက်သည် ရေလမ်း ခရီးသွားသင်္ဘောတို့ အန္တရာယ် ကင်းရှင်းစေရန် ထားရှိခြင်းဖြစ်သည်။ မီးပြတိုက်သည် လူသူရှိရာနှင့် ဝေးကွာသောအရပ်တွင်ရှိသည်။ မီးပြတိုက်ထဲတွင် နေထိုင်သောလူသည် လည်း ပြင်ပလောကနှင့်ဆက်စပ်မှုနည်းပါးပြီး မိမိ၏တစ်ဦးတည်း ဘဝတွင်သာ မွေ့လျော်နေသည့်သဘောကို ထင်းကနဲမြင်သာစေသည်။ ဆရာဇန်းမော်တင်အောင်၏ ဒေါက်တာရေချမ်းဟူသည့် ဇာတ်ဆောင်သည် လူ့အကြောင်းကို သုတေသနပြုစာများ ရေးသားသော်လည်း လူတို့နှင့်ဝေးရာတွင် နေထိုင်သည်။ ထိုသဘောကို အူကြောင် ကြောင် ဇာတ်လိုက်ဟူသည့် ကျစ်လျစ်သည့် အပြောသုံးစကားလုံးကြောင့် ကဗျာကို သက်ဝင် လှုပလာစေသည်။ ထိုရိုးရှင်းသောအရပ်သုံး စကားအသုံးအနှုန်းများကြောင့် စာဆို၏ခေတ်နှင့်ညီသော ခေတ်မီသောဖြစ်ရပ်များထက် သူငယ်စဉ်က စွဲမက်ခဲ့သော ဇန်းမော်တင်အောင်၏စာပေများနှင့် အမေ့ရင်ခွင်စသည့် အတိတ်ဘဝကိုသာ ပို၍ နှစ်သက် စွဲလန်းနေမှုသဘောကို ပေါ်လွင်လာစေသည်။

"အကြိုက်တရားနှင့် အမြိုက်တရား"ကဗျာတွင်

"ကျွန်တော့်သား

[၁] ခိုင်မာ၊ ၂၀၁၅၊ ၁၆၃။

ပီကေဝါးရတာ ကြိုက်တယ်။
ကျွန်တော့်မယား
ချိုခါးခါးချဉ်စပ်စပ်
ဗေဒင်ဖတ်ခွင့်ရတဲ့
တစ်မတ်တန်ဆီးထုပ်ကို ကြိုက်တယ်။
ကျွန်တော့်အတွက်တော့
လက်ဖက်ရည်ချိုပေါ့
ဗားတော့ဗရက် ကဗျာ
သစ္စာသီချင်း (ကိုစောညိန်း)
ဆေးပြင်းလိပ် တစ်လိပ်
ဖိုဘီကိတ်ရဲ့ အပြုံး
ထုံးလေးလေးနဲ့
ဆေးမွေးကွမ်းယာ တစ်ယာ
အို ဝမ်းသာပါတယ် မိတ်ဆွေ"[1]

ဟူ၍ အပြောသုံးစကားများ အသုံးပြုထားသည်ကို တွေ့ရသည်။ ထိုအပြောသုံး စကားများကြောင့် လောကလူသားတို့ အကြိုက်အမျိုးမျိုးရှိကြပြီး အကြိုက်ချင်းလည်း မတူညီ နိုင်ကြကြောင်း၊ မိမိတို့ စိတ်ဆန္ဒအလျောက် လွတ်လပ်စွာရွေးချယ်၍ ကြိုက်နှစ်သက်ခွင့်ရှိကြပြီး မိမိအကြိုက်သည် မိမိအတွက် အမွန်မြတ်ဆုံး အမြိုက်တရား ဖြစ်သည်ဟူသောအတွေးကို ပေါ်လွင်စေသည်။ ဗေဒင်ဖတ်ခွင့်ရသော တစ်မတ်တန်ဆီးထုပ်ဟူသည့် အရပ်အသုံးပြောစကားကြောင့် ထိုခေတ်ပုံရိပ်ကို သိမြင်စေနိုင်ပြီး ကဗျာ ဖတ်သူကိုလည်း ပြုံးရွှင်ဖွယ်ဖြစ်စေကာ ကဗျာအပေါ်ရင်းနှီးမှုကိုလည်း ဖြစ်စေနိုင်သည်။

ထိုအပြောသုံးစကားများကို ရွေးချယ် အသုံးပြုခြင်းကြောင့် စာဟန်သွက်လက်စေပြီး စာဖတ်သူ၏သိလိုစိတ်နှင့် နှစ်သက်မှုကို ဖြစ်စေပြီး စာဆိုပေးလိုသော ရသအသိအမြင်ကိုလည်း ရရှိစေနိုင်သည်။

[1] ခိုင်မာ၊ ၂၀၁၅၊ ၁၈၀။

## ၂၊ ၃။ စကားအသုံးအနှုန်းရွေးချယ်ဖန်တီးမှု

မောင်ခိုင်မာ၏ကဗျာများတွင် စကားအသုံးအနှုန်းများကို ကဗျာပါအကြောင်းအရာ ကဏ္ဍအလိုက် ဆီလျော်လိုက်ဖက်ညီစွာ ရွေးချယ်ဖန်တီးထားပါသည်။

"ရွှေဘုံသာနိဒါန်း"ကဗျာတွင် တရားသဘောနှင့်ပတ်သက်ပြီး

"ဗြဟ္မာစိုရ်တရားရဲ့ အနှစ်ချုပ်
မေတ္တာစာတ် (အစစ်အဟုတ်) မှတစ်ပါး
ဘာများရှိသေးလဲ ရှင်မရယ်
စင်ကြယ်မြင့်မြတ်တဲ့
မေတ္တာစာတ်ရဲ့ တရားကိုယ်သဘောဟာ
အဒေါသ ...အလောဘ
အမောဟ ... ဆိုတဲ့ ကုသိုလ်ပေါ့
သူ့အလိုလို ငြိမ်းအေးသွားနိုင်တယ် "[၁]

ဟူ၍ ရေးဖွဲ့ထားပါသည်။ ကဗျာရေးသူသည် တရားသဘောနှင့်ပတ်သက်ပြီး ရေးဖွဲ့ထားသော်လည်း စာဖတ်သူအတွက် ပေါ့ပေါ့ပါးပါးဖတ်ရှုနိုင်ရန် စကားအသုံးအနှုန်းများကို ရွေးချယ်ဖန်တီးခဲ့ပါသည်။ ကဗျာပါ အဒေါသဟူသည် အပြစ်မရှိခြင်း၊ အမျက်မထွက်ခြင်း၊ မမုန်းခြင်း ဟုလည်းကောင်း၊ အလောဘဟူသည် တပ်မက်မောခြင်းမရှိဟု လည်းကောင်း၊ အမောဟ ဟူသည် မတွေဝေသောဟု လည်းကောင်း အနက်အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ အလောဘ၊ အဒေါသ၊ အမောဟ တရားများ ပိုင်ဆိုင်သူသည် မေတ္တာစာတ်တရားပြည့်ဝသူ၊ မြင့်မြတ်သူဖြစ်ပြီး ငြိမ်းအေးမှုကို ပိုင်ဆိုင်နိုင်သူဖြစ်သည် ဟူသည့်သဘောကို ပေါ်လွင်လာစေသည်။ အထူးသဖြင့် "ဘာများရှိသေးလဲ ရှင်မရယ်၊ သူ့အလိုလို ငြိမ်းအေးသွားနိုင်တယ်" အပြောသုံးစကားများ အသုံးပြုပြီး စာဖတ်သူနှင့် ကဗျာကို ရင်းနှီးမှုရှိစေရန် ဖန်တီးနိုင်ခဲ့သည်။ ကဗျာနှင့် စာဖတ်သူအကြားရှိအကွာအဝေးကို လျော့ချနိုင်ခဲ့သည်။

၁၉၉၃ ခုနှစ်တွင် ရေးဖွဲ့ခဲ့သည့် "ဝသန္တအက်ဆေး"ကဗျာတွင်

"နက်ဖြန် ... ဆိုတာကို

---

[၁] ခိုင်မာ၊ ၂၀၁၅၊ ၁၀၇-၁၀၈။

ဆက်ရန် ခဏာမေ့ထားစဉ်
ကွေ့ကားကို စောင့်ရ
မ ထ သ ကားကို စောင့်ရ
ဒေဂူးကို စောင့်ရ
ဒိုင်နာကို စောင့်ရ
ကြားကားကို စောင့်ရနဲ့
တောင့်တတိုင်း ဟန်မကျခဲ့
ဒါ ဝသန္တအက်ဆေး တစ်ပုဒ်လားကွယ်” [၁]

ဟု ရေးဖွဲ့ထားပါသည်။ ကဗျာခေါင်းစဉ်အရ မိုးရာသီရသစာတမ်းဟူသည့် အနက်သဘောဆောင်သည့်အတွက် စာဆို၏ ခံစားမှုအတွေးအမြင်ကို ပေါ်လွင်စေသည်။ လူသားတို့၏ ပူလောင်မှု၊ အဆင်မပြေမှု စသည့် ခံစားမှုတို့ကို ပြေပျောက်စေရန် ရာသီဥတုကအေးမြမှုမပေးစွမ်းနိုင်သည့်သဘောကို ထင်ရှားစေ သည်။ လူသားတို့၏ ရုန်းကန်လှုပ်ရှားရမှု၊ အချိန်ကုန်ငွေကုန်ပေးဆပ်ရမှုတို့ကိုစောင့်ရဟူသည့် စကားအသုံးအနှုန်းကို ထပ်ခါထပ်ခါသုံးခြင်းဖြင့် ထင်ရှားလာစေသည်။ လူသားတို့ စားဝတ်နေရေးရုန်းကန် လှုပ်ရှားရမှုများစွာအနက် သွားလာရေး ရုန်းကန်လှုပ်ရှားရမှုတစ်ကွက်ကို မြင်သာ လာစေသည်။ လူမှုဘဝအမောကို မြင်သာစေပြီး နှစ်သက်မှုကို ဖြစ်စေသည်။ ကဗျာတွင် ခေတ်ပြိုင်စကားအသုံးအနှုန်းများ ဖြစ်သော “ကွေ့ကား၊ မထသကား၊ ဒေဂူး၊ ဒိုင်နာ၊ ကြားကား”တို့ကို ရွေးချယ် ဖန်တီးထားပါသည်။ အဆိုပါစကားလုံးများကိုရွေးချယ်ခြင်းဖြင့် ကဗျာ၏ ခေတ်ပြိုင်ကာလ ထင်ဟပ်မှုသဘော ဖြစ်သော မြို့ပြလူနေမှုစနစ်နှင့် မြို့ပြလူသားတို့၏ လှုပ်ရှားရုန်းကန်ရမှု သဘောတို့ကို ပေါ်လွင်စေပါသည်။ မနက်ဖြန်ဟူသည့် အနာဂတ်ကို မတွေးမပိုင်နိုင်ဘဲ လူသားတို့၏ အနာဂတ်တွင် မရေရာ၊ မသေချာမှုနှင့် တဒင်္ဂဟူသည့် လက်ရှိဘဝအခြေအနေကိုသာ ပိုင်ဆိုင်နိုင်သည့်သဘောကိုလည်း မြင်သာလာစေသည်။

“အချစ်မှာဇရာ ကဗျာမှာမာန”ကဗျာတွင်
“သည်လိုနဲ့ပဲ
သဲပွင့်ရောင်စုံ
ငွေသောင်ခုံမှာ

[၁] ခိုင်မာ၊ ၁၉၉၇၊ ၁၀၅။

“မောင်ပုံ” ကဗျာရေးခဲ့တယ်။ ” [၁]

ဟု ရေးဖွဲ့ထားပါသည်။ လူအများသိရှိထားသည့် “ပိုးသာကုန် မောင်ပုံ စောင်းမတတ်” ဟူသော စကားပုံကို ရွေးချယ်လျက် အချိန်၊ လုပ်အား၊ ဥစ္စာတို့သာကုန်၍ ဖြစ်မြောက်အောင်အကျိုးမရပုံကို ဖော်ပြသော စောင်းတီးသူမောင်ပုံကို ကဗျာတွင် လိုက်လျောညီထွေဖြစ်စေရန် ရွေးချယ်ဖန်တီးထားသည်ကို တွေ့နိုင်ပါသည်။ ထိုသို့ ရွေးချယ် ရေးဖွဲ့ထားခြင်းကြောင့် ကဗျာ၏လှပမှုကို ပိုမို အရောင်တောက်ပစေခဲ့ပါသည်။ ကဗျာစာဆိုတို့သည် လောကပတ်ဝန်းကျင်ကို စိတ်ဝင်တစားရှိသကဲ့သို့ မိမိထံတွင်ရှိပြီးသား ဗဟုသုတ၊ အတွေးအမြင် တို့ကို တိုက်ဆိုင်လာပါက စကားအသုံးအနှုန်းကို နေရာတကျ ထိထိမိမိသုံးစွဲလာနိုင်သည်ကို တွေ့ရပါသည်။

“ မိုးဖွဲ့ဒိန်းသံ ” ကဗျာတွင်
“ မီးဖိုချောင်မှ၊ သခင်မလေ
ယခင်က ဖွဖွခြေသံ
ကုဋ္ဌေတန်ပေမယ့်
ခုလေ လေထန်ကုန်းက
ကျောက်တုန်းတွေကျ
ဗုံးတွေချသလို
“ ကျွန်မဟာ ....
နှစ်ဆယ်ရာစုရဲ့
ဓာတုကလျာမဟုတ်ဘူး
ရှင် ဘာအရူးထနေတာလဲ ” .... တဲ့
စူးရှချိုးဖဲ့ ရန်ငြိုးဖွဲ့ပြီ
ဒါ မိုးဘွဲ့ကဗျာပါ ရှင်မရယ် ....။ ။ ” [၂]

ဟူ၍ ကဗျာကို အဆုံးသတ်ရေးဖွဲ့ထားပါသည်။ ကဗျာ၏အစတွင် မိုးရာသီ၏အလှကို ရေးဖွဲ့ထားပြီး ကဗျာအဆုံးသတ်ပိုင်းတွင် ယခင်ကသာယာလှပသည့်ဘဝမြင်ကွင်းမှ ပြောင်းလဲဖွဲ့ဆိုခဲ့သည်။ ထိုသို့ဖွဲ့ဆိုရာတွင် “ဓာတုကလျာ” ဟူသော ရာဇဝင်ဆိုင်ရာ စကားလုံးသည် ကဗျာ၏အဓိပ္ပာယ်ကို အထောက် အကူဖြစ်နေခဲ့သည်။ ကဗျာပါ “ကျွန်မ”သည် “ဓာတုကလျာ”ကဲ့သို့ နုရွလှပနေသူ၊ စာပေနှင့်မွေ့လျော်နေသူ မဟုတ်ကြောင်းကို မတူညီသောအသွင်နှစ်မျိုးဖြင့် ယှဉ်ပြထားခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။

---

[၁] ခိုင်မာ၊ ၂၀၁၅၊ ၁၄၁။
[၂] ခိုင်မာ၊ ၂၀၁၅၊ ၂၀၁။

ထို့အတူ "ဈေးရှုပ်ဖွဲ့ ရန်ငြိုးဖွဲ့ပြီး"ဟူသော စကားလုံးသည် စီးပွားရေးကျပ်တည်းမှု အခြေအနေကြောင့် မပျော်ရွှင်နိုင်ဖြစ်နေရသော ဘဝအခြေအနေကိုလည်း ပေါ်လွင်စေကြောင်း တွေ့ရပါသည်။

"ပလက်တီနမ် မျက်စောင်း"ကဗျာတွင်

"ရှင်မဟာ

ရမ္မက်ညွတ်စရာ

အဖုံဖုံ အဖြာဖြာတွေထဲက

လက်ဝတ်ရတနာ တစ်စုံတစ်ရာကြောင့်

သုန်မှုန်စွာ ခြေဆောင့်နင်းပါလို့

အပြင်းစား မျက်မှောင်ကြုတ်လေသလား

ထမင်းစား ပျက်အောင်ပဲ လုပ်လေသလား

ကျွန်ုပ်အတွက်တော့

ပလက်တီနမ် မျက်စောင်းဟာ

တော်တော့ကို ကြောက်စရာ ကောင်းပါလားကွယ်။ "[၁]

ဟု ဖွဲ့ဆိုထားပါသည်။ ကဗျာပါ ပလက်တီနမ် ဟူသည် အရောင်ဖြူ၍ အပူခံပြီး ရွှေထက် ပိုမိုသိပ်သည်းသည့် အလေးဆုံး ဓာတ်သတ္တုတစ်မျိုးဟု ဖွင့်ဆိုထားသည်။ ရွှေဖြူဟုလည်း ခေါ်ကြသည်။ စာဆိုသည် ခေတ်ရေစီးကြောင်းနှင့်အတူ ပေါ်ပေါက်လာပြီး အမျိုးသမီးထု နှစ်သက်စွဲလန်းသော တန်ဖိုးကြီးမားသည့် ပလက်တီနမ်နှင့် အိမ်ရှင်မ၏မျက်စောင်းကို ယှဉ်တွဲ ဖွဲ့ဆိုထားပါသည်။ လူသားတို့ဘဝတွင် အချစ်နှင့် ဘဝသည် အမြဲယှဉ်တွဲနေသည့်သဘောရှိသည်။ ဘဝပြဿနာများ ကြုံတွေ့လာပါက အချစ်နှင့်ဘဝသည် ပဋိပက္ခဖြစ်တတ်သည်။ ဘဝပြဿနာတစ်ကွက်ကို ပလက်တီနမ် ဟူသည့် စကားသုံးနှင့် တင်ပြထားပါသည်။

ကဗျာဆရာသည် အိမ်ရှင်မဖြစ်သူ၏ လက်ဝတ်ရတနာ လိုချင်တပ်မက်စိတ်ကြောင့် ဖြစ်ပေါ်နေသော စိတ်အလိုမကျမှုအခြေအနေကို ပေါ်လွင်ထင်ရှားစေရန်အတွက် "ပလက်တီနမ်မျက်စောင်း" ဟူသည့် ခေတ်နှင့်အညီ ပေါ်ထွက်လာပြီး အမျိုးသမီးထု နှစ်သက်သော လက်ဝတ်ရတနာပလက်တီနမ်နှင့် အိမ်ရှင်မဖြစ်သူ၏ နှစ်သက်ဖွယ် မျက်စောင်းကို သင်္ကေတပြုသည့် စကားအသုံးအနှုန်းကို ရွေးချယ် သုံးစွဲ

[၁] ခိုင်မာ၊ ၂၀၁၂၊ ၂၃။

ထားပါသည်။ အဆိုပါစကားလုံးအသုံးအနှုန်းသည် အိမ်ရှင်မဖြစ်သူ၏ စိတ်အလို မကျမှုကို ချစ်စဖွယ်အမူအရာအဖြစ် ပြောင်းလဲပေးနိုင်ကာ နှစ်သက်ဖွယ်လည်း ဖြစ်စေခဲ့ကြောင်း တွေ့နိုင်ပါသည်။

## ၃။ ကဗျာဆရာ၏ခံစားမှုနှင့် စကားအသုံးအနှုန်း

မောင်ခိုင်မာ၏ကဗျာများတွင် ရေးဖွဲ့ထားသော စကားအသုံးအနှုန်းများသည် ကဗျာဆရာ၏ ခံစားမှုကို ဖော်ညွှန်းလျက်ရှိပါသည်။ ထိုသို့သော စိတ်ခံစားမှုကို ပေါ်လွင်ထင်ဟပ်စေရန်အတွက် ကဗျာဆရာသည် စိတ်ကူးဉာဏ်ကွန့်မြူးလျက် စကားအသုံးအနှုန်းများကို ရွေးချယ်ဖန်တီးခဲ့ပါသည်။

"ရှင်မွေ့နွံကိုပြောလိုက်ပါ" ကဗျာတွင် ကဗျာဆရာသည် ရန်ကုန်–သန်လျင်တံတား တည်ဆောက်ပြီးစီးပြီးနောက်အချိန် အတွင်း စိတ်အတွင်းခံစားရမှုအခြေအနေများကို ရှင်မွေ့နွံနှင့် မင်းနန္ဒာတို့၏ဇာတ်လမ်း အစချီလျက် ရေးသားထားပါသည်။ ထိုသို့ရေးသားရာတွင် ကဗျာဆရာသည် စကားအသုံးအနှုန်းကို ခံစားမှုပေါ်လွင်စေရန် ထိထိမိမိရေးသားထားကြောင်းတွေ့ရပါသည်။

"မီးရထား မော်တော်ကားများရဲ့
ဝန်အားခံနိုင်စွမ်းရည်ကို
ခေတ်မီကိရိယာ အရပ်ရပ်
ကျွမ်းကျင်မှု အတတ်များနဲ့
(အပ်တစ်ဖျားမျှ မမှားစေရ ...)
စိတ်တိုင်းကျ စမ်းသပ်စစ်ဆေး
တရုတ်–မြန်မာ ချစ်ကြည်ရေးနိမိတ်ထူး
အတိုးမဲ့ ချေးငွေရဲ့စိတ်ကူး
ဒါဟာ ... သိပ်ထူးတဲ့
မေတ္တာပေါင်းကူးတံတားကြီးလေ။ "[၁]

ဟူ၍ ရေးဖွဲ့ထားသောအဖွဲ့တွင် ထိုခေတ်ကာလ အခြေအနေအရ တရုတ်နိုင်ငံနှင့် ကူးလူးဆက်ဆံမှုများ ရှိခဲ့ပုံ၊ ချေးငွေများဖြင့် တံတားဆောက်လုပ်မှုများကို ကဗျာစာဆိုက သိမြင်ခံစားရသည့်အတိုင်း ထည့်သွင်း ရေးဖွဲ့ထားသည်။ ရွေးချယ်သုံးနှုန်းထား

---

[၁] ခိုင်မာ၊ ၁၉၉၇၊ ၁၆၅။

သော "မေတ္တာပေါင်းကူးတံတားကြီး" ဟူသည့် စကားအသုံး အနှုန်းသည် ရန်ကုန်နှင့် သန်လျင် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေခဲ့သည့် ကဗျာ ဆရာ၏ခံစားမှုကို ပေါ်လွင်စေခဲ့သည်။ တံတားကြီးတည်ဆောက်မှုမပြီးစီးမီ ၁၉၈၇ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့တွင် ဖြစ်ပွားခဲ့သော တိုင်းလုံးကျော် သင်္ဘောတိမ်း မှောက်မှုနှင့် ပတ်သက်ပြီး

"တိုင်းလုံးကျော် နှစ်ထပ်ရေယာဉ်ဟာ
သန်လျင်မှ ရန်ကုန်ကိုအလာ
မြစ်သုံးခွဆိုင် ကြက်လျှာစွန်းအနီး
ခရီးသည်တွေနဲ့အတူ နစ်လျှိုး
လူ ၄၀၀ ကျော်ရဲ့ အဖြစ်ဆိုး
ဘယ်သူ့ကို အပြစ်ငြိုးဖွဲ့ရပါ့မလဲ
ဘယ်သူ့ကို တိုးတိုးလေး ပြောရပါ့မလဲ "[၁]

ဟူ၍ရေးဖွဲ့ထားပါသည်။ သင်္ဘောတိမ်းမှောက်ပြီး အသက်ဆုံးရှုံးခဲ့ရသော လူများ အတွက် ကရုဏာသက်သောခံစားမှုကို ပေါ်လွင်စေသည့် နစ်လျှိုး၊ အဖြစ်ဆိုး၊ အပြစ်ငြိုးဖွဲ့ရပါ့မလဲ စကားအသုံးအနှုန်းများ ရွေးချယ်သုံးနှုန်းထားကြောင်း တွေ့ရပါသည်။ ထို့ကြောင့် ကဗျာစာဆိုသည် ခေတ်တွင်ဖြစ်ပျက်ခဲ့သော အဖြစ်သနစ်များ၏ မြင်မှု၊ ကြားမှုတို့က တစ်ဆင့်ရရှိဖြစ်ပေါ်လာသော ခံစားမှုမှတစ်ဆင့် ပေါက်ဖွား လာသည့် စကား အသုံးအနှုန်းများသည် စာဖတ်သူအတွက် သုတရသကိုပါ ခံစားလာရစေပါသည်။

"ရွှေဘုံသာနိဒါန်း"ကဗျာတွင်–

"ရွှေဘုံသာကို နှုတ်ဆက်
ကသုတ်ကယက် အမြန်လှုပ်ရှား
ပျားအုံရသ ဒေဂူးကားကြီးကို
စတန့်မင်းသားဟန်နဲ့ တွယ်စီး
ရန်ကုန်–အင်းစိန် အပြန်ခရီးဟာ
ကြက်သီးထစရာ ဇာတ်ဝင်ခန်းပေါ့

[၁] ခိုင်မာ၊ ၁၉၉၇၊ ၁၆၇။

ဒါပေမယ့်
လွမ်းလောက်စရာ မဟုတ်ပါလေ
"ကိုယ် (ပျံ) လာပြီ ရှင်မရေ ... " တဲ့ " [၁]

ဟူ၍ ကဗျာအဆုံးသတ်ကို ရေးဖွဲ့ထားပါသည်။ ထိုအဖွဲ့တွင် ကဗျာဆရာသည် ခေတ်ပေါ်စကားလုံးများ ရွေးချယ်ဖန်တီးလျက် ခေတ်အရိပ်ကို ထင်ဟပ်စေခဲ့သကဲ့သို့ အပြောသုံးစကား အသုံးအနှုန်းများဖြင့်လည်း စာဖတ်သူ၏ရင်းနှီးမှုကို တိုးပွားစေခဲ့သည်။ "ကသုတ်ကယုတ် အမြန်လုပ်ရှား" ဟူသည့် အချိန်နှင့်အမီ ပြေးလွှားလုပ်ရှားနေရသည့် လူသားတို့၏အလျင်လိုမှု၊ "ပျားအုံရသ ဒေဝူးကားကြီး၊ စတန့်မင်းသားဟန်၊ ကြက်သီးထစရာ" စသော စကားအသုံးအနှုန်းများသည် ကဗျာဆရာ၏ ကျပ်တည်းလှသောကားပေါ်၌ ကုပ်တွယ်၍ စီးနင်းရသောစိတ်ခံစားမှု၊ မြို့ပြ၏မွန်းကြပ်မှုကို ဖော်ညွှန်းနေကြောင်း တွေ့ရပါသည်။ ထို့ပြင် "ကိုယ်(ပျံ)လာပြီ ရှင်မရေ" တွင် "ပြန်" ဟူသောစကားလုံးအစား "ပျံ" ဟူသည့် သံတူကြောင်းကွဲကို သုံးခြင်းဖြင့် ကဗျာဆရာ ဖော်ညွှန်းလိုသော ကဗျာ့အနက်သဘောသည် ပို၍ ပေါ်လွင်လာစေပါသည်။

"လျှပ်တစ်ပြက် မန္တလာ" ကဗျာတွင် ကဗျာစာဆိုသည် မန္တလေးမြို့ရှိ သစ်ပင်များတွင် ချိတ်ဆွဲထားသော "သစ်ပင်ခုတ် အချုပ်သုံးလ" ဆိုင်းဘုတ် များကို အကြောင်းပြု၍–

"မန္တလေးမြို့ပေါ်မှာ
ဘယ်သူမှမနှိုးဆော်ဘဲ
စိုက်ပျိုးခဲ့သူ ....
ဆိုက်ကားဆရာကြီးဦးငွေ
'သစ်ပင်ဒကာကြီးဦးငွေ'သာ
ခုနေခါ ရှိခဲ့ရင် ....
'သစ်ပင်ခုတ်–အချုပ်သုံးလ' ဆိုတဲ့
ရက္ခဥပဒေသဆိုင်းဘုတ်လေးကို
မလှုပ်မချောက် ငေးကြည့်ရင်း
ပီတိမျက်ရည်ဝေမှာလား

[1] ခိုင်မာ၊ ၁၉၉၇၊ ၁၂၃။

ကဗျာဆရာ မြင်ယောင်ငြား ....။ ”[1]

ဟု ရေးဖွဲ့ထားသည်။ ထိုကဗျာတွင် “သစ်ပင်ဒကာကြီးဦးငွေ”ဟူသော စကားအသုံး အနှုန်းကို ထူးခြားစွာတွေ့နိုင်ပါသည်။ ဦးငွေသည် မြန်မာသက္ကရာဇ် ၁၃၁၄ ခုနှစ်တွင် သစ်ပင်များစိုက်ပျိုးခဲ့သော ဆိုက်ကားဆရာကြီး ဖြစ်သည်။ အပြင်လောကတွင် အမှန် တကယ်ရှိခဲ့သော လူတစ်ဦး၏အမည်ကို ရွေးချယ် သုံးစွဲထားကြောင်း တွေ့ရသည်။ “သစ်ပင်ဒကာကြီးဦးငွေ” နှင့် “သစ်ပင်ခုတ်–အချုပ်သုံးလ” တို့ကို ယှဉ်တွဲသုံးနှုန်းထား ခြင်းဖြင့် ကဗျာစာဆို၏ ခံစားမှုသည် ပေါ်လွင်ထင်ရှားလာခဲ့သည်။ လူအများ အရိပ်ရ စေရန် အရိပ်ရအပင်များ စိုက်ပျိုးပြီး လောကအကျိုးသယ်ပိုးသူနှင့် အသိတရားမဲ့စွာ အရိပ်ရအပင်များကိုခုတ်၍ လောကအကျိုးဖျက်ဆီးသူတို့ကို နှိုင်းယှဉ်ရေးဖွဲ့ထားခြင်း သည် လောက၏သဘာဝကို ဖော်ပြလိုသော စာဆို၏ခံစားမှုကို မြင်ယောင်လာစေ ခဲ့သည်။

## ခြုံငုံသုံးသပ်ချက်

မောင်ခိုင်မာသည် ဝေါဟာရစကားအသုံးအနှုန်း ကြွယ်ဝသော ကဗျာစာဆို တစ်ဦး ဖြစ်ပါသည်။

ယင်းဝေါဟာရစကားလုံးတို့သည် စာဆို၏ ကိုယ်တွေ့အတွေ့အကြုံ၊ စာတွေ့ အတွေ့အကြုံတို့မှ ရဟန်တူသည်။ စာဆို၏ဦးနှောက်အတွင်းမှ တစ်ဆင့် စိတ်ကူး ဉာဏ်နှင့် ပေါင်းစပ်ကာ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း တွေ့ရသည်။ သူ၏ ကဗျာ များတွင် လိုအပ်သောနေရာများအလိုက် အံဝင်ကိုက်ညီစေရန် စကားလုံးရွေးချယ် သုံးနှုန်းနိုင်ကြောင်း တွေ့ရပါသည်။ ခေတ်စမ်းစာဆိုများဖြစ်သော ဆရာဇော်ဂျီ၏ “ချစ်တုံ့ပုန်း”၊ ဆရာမင်းသုဝဏ်၏ “နိဗ္ဗာန်တေး” တို့နှင့် စာပေသစ်ကို ဦးဆောင်ခဲ့ သော ဆရာ ဒဂုန်တာရာ၏ “လေနုအေး” စသော စကားလုံးများကဲ့သို့ မောင်ခိုင်မာ၏ စကားလုံးသစ် ဟူ၍ ထင်ရှားစွာမမြင်ရကြောင်း တွေ့ရသည်။ သို့သော် “ရှင်မ” ဟူ သော စကားလုံးနှင့် ကဗျာစာဆိုတို့ ယှဉ်တွဲနေမှုမှာ ကဗျာစာပေနယ်တွင် အထင်ကရ တစ်ခုအဖြစ် ကျန်ရစ်ခဲ့သည်။

ထို့ပြင် စကားပြောရစ်သမ်မိအောင် ခေတ်သုံးဝေါဟာရများကို ပိုင်နိုင်စွာ အသုံးချပုံ ထက်မြက်မှုရှိကြောင်း တွေ့ရှိရပါသည်။

---

[1] ခိုင်မာ၊ ၁၉၉၇၊ ၁၃၆။

## နိဂုံး

ကဗျာကောင်းတစ်ပုဒ်ဖြစ်စေရန်အတွက် စကားအသုံးအနှုန်းဟူသော အစိတ်အပိုင်းဖြင့် တင်ပြရေးဖွဲ့ထားခြင်းကို မောင်ခိုင်မာ၏ကဗျာများတွင် တွေ့ရသည်။ ကဗျာစာဆို၏ စကားအသုံးအနှုန်း ကြွယ်ဝ ထက်မြက်မှုကြောင့် ကဗျာများမှာ သက်ဝင် လှုပခဲ့ပါ သည်။ ထို့အတူ စာဖတ်သူတို့ကို နှစ်သက်မှုရသများ ပေးစွမ်းနိုင်ခဲ့ကြောင်း တွေ့ရ ပါသည်။

## ကျမ်းကိုးစာရင်း


ခင်မင်၊ မောင်၊ ဓနုဖြူ။ (၁၉၉၇)။ ***စာပေသမုဒ္ဒရာ၌ လက်ပစ်ကူးခြင်း***။ ရန်ကုန်၊ အားမာန်သစ်စာပေ။

ခိုင်မာ၊ မောင်။ (၁၉၈၈)။ ***သိင်္ဂါရင့်ကျက်များ***။ ရန်ကုန်၊ ပန်းအိစံစာပေ။

ခိုင်မာ၊ မောင်။ (၁၉၉၀)။ ***ငွေလမင်းကိုနမ်းတဲ့ည***။ ရန်ကုန်၊ အင်ကြင်းမြိုင်စာပေ။

ခိုင်မာ၊ မောင်။ (၁၉၉၇)။ ***ရှင်မရေ***။ ရန်ကုန်၊ တက်လမ်းစာပေ။

တာရာ၊ ဒဂုန်။ (၁၉၆၇)။ ***စာပေသဘောတရား၊ စာပေဝေဖန်ရေး၊ စာပေလှုပ်ရှားမှု***။ ရန်ကုန်၊ နံ့သာ စာပေ။

မြဇင်။ (၁၉၈၃)။ **"မြန်မာကဗျာဖွဲ့ပုံနှင့် တင်ပြပုံ"**၊ ***မြန်မာကဗျာစာတမ်းများ၊ ဒုတိယတွဲ***။ ရန်ကုန်၊ စာပေဗိမာန်။ ၂၅၀–၂၉၁။

ဒေါက်တာ ခိုင်နွယ်ဝင်း
ပြဲ(သညျ)ယ ပြယ ဏှ့ီ
ကထိက
မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ

မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ

| | | |
|---|---|---|
| | နိဒါန်း | ၁ |
| ၁။ | စကားအသုံးအနှုန်း | ၁ |
| ၂။ | မောင်ခိုင်မာကဗျာများမှ စကားအသုံးအနှုန်းရွေးချယ်ဖန်တီးမှု | ၂ |
| ၂၊၁။ | စကားအသုံးအနှုန်းများ | ၃ |
| ၂၊၂။ | အပြောသုံးစကားအသုံးအနှုန်းဖန်တီးမှု | ၇ |
| ၂၊၃။ | စကားအသုံးအနှုန်းရွေးချယ်ဖန်တီးမှု | ၉ |
| ၃။ | ကဗျာဆရာ၏ခံစားမှုနှင့် စကားအသုံးအနှုန်း | ၁၃ |
| | ခြုံငုံသုံးသပ်ချက် | ၁၆ |
| | နိဂုံး | ၁၆ |
| | ကျမ်းကိုးစာရင်း | |

*J. Myanmar. Acad. Arts Sci. 2018* **Vol. XVI. No. 6A**

# ပြည်နဝဒေးနှင့် နတ်ရှင်နောင်တို့၏ မိုးတောရတုများမှ အချစ်၊ အလွမ်း၊ အတွေးစိတ်ကူးများ နှိုင်းယှဉ်လေ့လာချက်

အေးအေးထွန်း*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာစာပေနယ်ပယ်ကဗျာကဏ္ဍရှိ နဝဒေး၏ မိုးတော ရတု (၁၉)ပုဒ်နှင့် နတ်ရှင်နောင်၏ မိုးတောရတု (၂၄)ပုဒ်တို့မှ မောင်မယ်တို့၏ အချစ်၊ အလွမ်းခံစားချက်နှင့် အတွေးစိတ်ကူး တို့ကို နှိုင်းယှဉ် လေ့လာတင်ပြထားသောစာတမ်း ဖြစ်ပါသည်။ နဝဒေးရတု ပေါင်းချုပ်နှင့် နတ်ရှင်နောင် စာဆိုရတုများကို အလေ့လာခံနယ်ပယ် အဖြစ်သတ်မှတ်ပါသည်။ ဂန္ထဝင်စာဆိုကြီးများဖြစ်သော ပြည်နဝဒေးနှင့် နတ်ရှင်နောင်တို့၏ မိုးတောရတုများမှ စာဆိုတို့ အချစ်၊ အလွမ်း၊ အတွေးစိတ်ကူးများ ကွန့်မြူးနိုင်ပုံ၊ ပြည်နဝဒေးကြီး၏ အချစ်၊ အလွမ်း၊ အတွေးစိတ်ကူးများကို နတ်ရှင်နောင်က နည်းမှီးဖွဲ့ဆိုထားပုံများ၊ အကြံတူနောက်လူကောင်းစမြဲ ဟူသည့်အတိုင်း နဝဒေးထက် နတ်ရှင်နောင်၏ အချစ်၊ အလွမ်း၊ အတွေးစိတ်ကူးများက ပိုမိုကောင်းမွန်ပုံများကို ကဏ္ဍအလိုက် နှိုင်းယှဉ်တင်ပြလိုသော ရည်ရွယ်ချက်ဖြင့် ရေးသားပြုစုခြင်းဖြစ်ပါသည်။ ဤစာတမ်းသည် ဂန္ထဝင်စာပေနယ်ပယ်မှ ရတုကဗျာများကို စိတ်ဝင်စားလေ့လာ လိုသူများနှင့် မြန်မာစာအထူးပြု ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၏ ရတုကဗျာ သင်ကြားရေးအတွက် အကျိုးကျေးဇူးပြုနိုင်မည် ဖြစ်ပါသည်။

## နိဒါန်း

ပြည်နဝဒေးနှင့်နတ်ရှင်နောင်တို့သည် တောင်ငူခေတ်တွင် ရတုကဗျာလောကကို ဦးဆောင်ခဲ့ကြသူများ ဖြစ်ပါသည်။ ပြည်နဝဒေးကြီးသည် မင်းမှုထမ်းစာဆိုဖြစ်၍ နတ်ရှင်နောင်က မင်းပျိုမင်းလွင် စာဆိုဖြစ်ပါသည်။ စာဆိုတို့၏ ရတုကဗျာများသည် နှောင်းခေတ်စာဆိုတို့အတွက် နည်းမှီစံပြုဖွယ်ရာ ဖြစ်ခဲ့ရခြင်းအကြောင်းကို သိလိုစိတ်ထက်သန်သည်နှင့်အမျှ နှိုင်းယှဉ် ဖော်ထုတ်တင်ပြလိုစိတ်လည်း ဖြစ်ပေါ်မိပါသည်။ ထို့ကြောင့် ပါရဂူကျမ်းခေါင်းစဉ်အဖြစ် ပြည်နဝဒေးနှင့် နတ်ရှင်နောင်တို့၏ မိုးတောရတုများ နှိုင်းယှဉ် လေ့လာချက်ဟူသော ခေါင်းစဉ်ကို တင်သွင်းခြင်းဖြစ်ပါသည်။

* ဒေါက်တာ၊ ကထိက၊ မြန်မာစာဌာန၊ မန္တလာဒီဂရီကောလိပ်

ဤစာတမ်းသည် ပါရဂူကျမ်းမှအကြောင်းအရာပိုင်း၏ အခန်းစိတ်ဖြစ်သော မောင်မယ်တို့၏ အချစ်၊ အလွမ်း၊ ခံစားချက်နှင့် အတွေး စိတ်ကူးများကို ကဏ္ဍအလိုက် နှိုင်းယှဉ်လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။

## ၁။ ပြည်နဝဒေးနှင့်နတ်ရှင်နောင်တို့၏အတ္ထုပ္ပတ္တိအကျဉ်း

### စာဆိုပြည်နဝဒေး၏ အတ္ထုပ္ပတ္တိအကျဉ်း

ဟံသာဝတီဆင်ဖြူများရှင်က နဝဒေးဘွဲ့ချီးမြှင့်ခံရသော ပြည်နဝဒေးသည် တောင်ငူခေတ်တွင် ထင်ရှား ကျော်ကြားခဲ့သော စာဆိုကြီးဖြစ်သည်။ မင်းပေးနဝဒေးဘွဲ့ကို ပထမဆုံးရခဲ့သောကြောင့် ပထမနဝဒေးကြီးဟု စာပေသမိုင်းတွင် အသိအမှတ်ပြုကြသည်။ ထို့ပြင် ပိုဒ်စုံရတုအစုံ ၄၀၀ ခန့်[၁] ရေးသားစပ် ဆိုခဲ့ခြင်း၊ ရတုဆရာ၏ ပုဂ်ဂ ရှေ့သွားလမ်းပြဆရာကြီးဖြစ်ခြင်းတို့ကြောင့်[၂] ရတုနဝဒေးဟုလည်း ကျော်ကြားသည်။

သက္ကရာဇ် (၈၆၀)ခန့်တွင် ပြည်မြို့၌ ဖွားမြင်ခဲ့သော နဝဒေးကြီးသည်[၃]

သက္ကရာဇ် (၈၉၄)ခု၌ ပြည်မြို့ကို မင်းပြုသော ဘုရင်နရပတိ ယောက်ဖတော်မင်း ဘစော၏ အထိန်းတော်သား ဖြစ်သည်။ မင်းဘစောကို ပွတ်လယ်ရွာတွင် ပြည်ဘုရင် နရပတိကွပ်မျက်၍ နှမတော်နရပတိမယ်ကို စလင်းစည်သူ ကျော်ထင်သို့ ပေးသည်။ ထိုအခါ နှမတော်ဘုရားနှင့်အတူ စလင်းသို့ လိုက်ပါသွားရသည်။ စလင်းတွင် မင်းလကျာဘွဲ့ရခဲ့သည်။

ထို့နောက် စလင်းမြို့ပျက်၍ သက္ကရာဇ် (၉၇၀)ခုနှစ်တွင် စစ်ကိုင်း၌ စည်သူကျော်ထင်မင်းပြုသောအခါ စစ်ကိုင်းသို့လိုက်ပါရသည်။ မင်းလကျာအား ထောင်သင်းကို ကြီးမှူးစေသည်။ ထောင်သင်းမှူး ဘွဲ့မည်ရသည်။ သက္ကရာဇ်(၉၁၃)တွင် စစ်ကိုင်းစည်သူကျော်ထင်သည် နရပတိစည်သူဟူသောအမည်ဖြင့် အင်းဝရွှေနန်းကို သိမ်းမြန်းစိုးစံသည်။ သက္ကရာဇ်(၉၁၆)တွင် ဆင်ဖြူများရှင်(ဘုရင့်နောင်) လုပ်ကြံတော်မူ၍ အင်းဝပျက်လျှင် ပြည်ဘုရင် သတိုးဓမ္မရာဇာ (ဘုရင့်နောင်၏ညီတော်)က ဆင်ဖြူများရှင်ထံ လျှောက်ထားတောင်းယူ၍ ထောင်သင်းမှူးကို ပြည်သို့ခေါ်သွားခဲ့သည်။

---

[၁] သုတ၊ မောင်၊ ၂၀၀၂၊ ၈၉။

[၂] လှဖေ၊ ဒေါက်တာ၊ ၂၀၀၂၊ ၆၀။

[၃] သုတ၊ မောင်၊ ၂၀၀၂၊ ၈၉။

သက္ကရာဇ် (၉၂၈)ခုနှစ်တွင် ဟံသာဝတီဆင်ဖြူများရှင် မင်းတရားကြီးသည် ဟံသာဝတီ နေပြည်တော်ကြီးကို မြို့အင်္ဂါခုနှစ်ပါးနှင့်အညီ ပြန်လည် တည်ထောင်တော်မူသည်။ တာဝန်း (၃၄၀၀) ရှိသော ဟံသာဝတီနေပြည်တော်သစ်ကြီးသည် နန်းမ အဆောင်ဆောင် တို့ဖြင့် တင့်တယ် လှပနေသည်။ စာဆို ထောင်သင်းမှူးသည် ဟံသာဝတီသို့ ရောက်ခိုက်ဖြစ်၍ ဟံသာဝတီမင်းနေပြည်တော်ကြီး၏ ရှုမငြီးဖွယ် ခမ်းနား ကြီးကျယ်ပုံကို "ရာဇဌာနီ၊ ပြည်ကြီးပီ၍ တုသိတာမှ၊ ဘုံလျှင်ကျသို့"[၁] ဟု အစချီကာ ရတုပိုဒ်စုံရေးဖွဲ့ပြီး ဆင်ဖြူများရှင်ထံ ဆက်သွင်းလေသည်။ မင်းတရား ကြီးလည်း အားရနှစ်သက်ကာ နဝဒေးဘွဲ့ကို ချီးမြှင့်တော်မူခဲ့သည်။ ထိုအခါမှစ၍ ပြည်နဝဒေးကြီးဟု နီးဝေးကျော်ကြားခဲ့သည်။ ထိုအကြောင်းတို့ကိုရည်၍ "စစ်ကိုင်း ထောင်သင်း၊ စလင်းလကျာ၊ ပြည်မှနဝဒေး" ဟုမြန်မာစာပေသမိုင်း တွင် အမည်မွေး ထင်ရှားခဲ့သည်။

အသက်(၁၀)နှစ် အရွယ်ကပင် ကဗျာအလင်္ကာကို လိုက်စားရေးစပ်ခဲ့သော စာဆိုနဝဒေးသည် ပျို့ကဗျာ၊ လင်္ကာ၊ ဧချင်း၊ ရတုစပ်ဆိုမှုအရာ၌ ဉာဏ်ပညာ ထက်မြက်သူဖြစ်သည်။ ထို့ပြင် အရှင် သခင်များ မြို့ပြောင်းရွှေ့ရာလိုက်ပါရခြင်း၊ အရှင်သခင်များ စစ်ချီရာ နယ်အသီးသီးသို့ လိုက်ပါရခြင်း တို့ကြောင့် ဒေသန္တရ ဗဟုသုတများကို စာဆို၏ အတွေးစိတ်ကူးများဖြင့် ပေါင်းစပ်ပြီး ရတုပေါင်း (၇)အင်္ဂါ ကျော် ပုဒ်ရေ(၄၀၀)ခန့် စပ်ဆိုခဲ့သည်။

စာဆိုရေးသားပြုစုခဲ့သည့် အခြားစာများမှာ သက္ကရာဇ်(၉၀၄)တွင် သုခန ကုမာရဇာတ်(မြန်မာပြန်)၊ သက္ကရာဇ်(၉၁၃)တွင် မင်းတရားမယ်တော်ဧချင်း၊ သက္ကရာဇ် (၉၄၀)တွင် ယိုဒယားမိဖုရား ဧချင်း၊ သက္ကရာဇ်(၉၄၁)တွင် ရာဇဗျူဟာပျို့နှင့် မနော် ဟရီပျို့တို့ ဖြစ်သည်။ စာဆိုနဝဒေးကြီးသည် အသက် (၉၀)ကျော်တွင် ပြည်မြို့၌ အနိစ္စရောက်ခဲ့ပါသည်။[၂]

---

[၁] နဝဒေး၊ ၁၉၆၄၊ ၁၀၅။

[၂] သုတ၊ မောင်၊ ၂၀၀၂၊ ၉၀။

**စာဆိုနတ်ရှင်နောင်၏အတ္ထုပ္ပတ္တိအကျဉ်း**

စာဆိုနတ်ရှင်နောင်ကို ရတုကဗျာဖွဲ့ဆိုမှုတွင် ရတုဘုရင် ရတုတံခွန်စိုက်သူဟု နှောင်းစာပေ သုတေသီများက အသိအမှတ်ပြုထားကြပါသည်။ နတ်ရှင်နောင်သည် တောင်ငူ ရွှေနန်းတည်မင်းသီဟသူရ မဟာဓမ္မရာဇာဘွဲ့ခံ မင်းရဲကျော်ထင်နှင့် မိဖုရား ခေါင်ကြီး အတုလအဂ္ဂမဟာဒေဝီဘွဲ့ခံ မင်းခင်စောတို့မှ ဖွားမြင်သော သားတော်ကြီး ဖြစ်သည်။ ညီတော်များမှာ မင်းရဲကျော်စွာ၊ မင်းရဲသီဟသူနှင့် မင်းရဲကျော်ထင် တို့ဖြစ် သည်။

နတ်ရှင်နောင်၏ မွေးသက္ကရာဇ်ကိုမူ ရာဇဝင်များတွင် အတိအကျ ဖော်ပြ မထားပေ။ မှန်နန်း မဟာရာဇဝင်၌ သက်တော် (၃၅)နှစ်တွင် ကွယ်လွန်ကြောင်း ဖော်ပြပါရှိသည်။[၁] နတ်ရှင်နောင်သည် ငယ်ရွယ်စဉ်ကတည်းကပင် ခမည်းတော်၏ လက်ရုံးသဖွယ်အားကိုးခဲ့ရသူဖြစ်သည်။ သက္ကရာဇ် (၉၅၂)ခု မိုးကောင်းတိုက်ပွဲတွင် အောင်မြင်မှုရခဲ့၍ ငါးဆူဒါယကာမင်းကိုယ်တိုင် အဆောင်အယောင် စားကျေးစား လက်များကို ပေးအပ်ချီးမြှင့်ခဲ့သည်။[၂] သက္ကရာဇ် (၉၄၈)ခုနှစ်နှင့် (၉၅၄)ခုနှစ်တွင် ယိုးဒယားသို့ နှစ်ကြိမ်တိုင်တိုင် ချီတက်တိုက်ခိုက်ရာ၌လည်း တပ်မှူးအဖြစ်ပါဝင်ခဲ့ သည်။[၃]နတ်ရှင်နောင်သည် ခမည်းတော် တောင်ငူဘုရင် မင်းရဲကျော်ထင် ဟံသာဝတီ ကို အောင်တော်မူသောအခါ နန်းကျဘုရင် ငါးဆူဒါယကာနှင့်အိမ်ရှေ့မင်း မင်းရဲကျော် စွာကို မယ်တော်နှင့်တိုင်ပင်၍ လုပ်ကြံကွပ်မျက်ခဲ့သည်။ တောင်ငူဘုရင် မင်းရဲကျော် ထင်သည် သက္ကရာဇ် (၉၆၅)ခုတွင် နန်းတက်တော်မူပြီး သားတော်ကြီးနတ်ရှင်နောင် ကို ဟံသာဝတီဆင်ဖြူများရှင်မင်းတရားကြီး၏ သမီးတော် ခတ္တုကလျာနှင့် စုံဖက် ကာ အိမ်ရှေ့အရာပေးတော်မူသည်။[၄]ရာဇခတ္တုကလျာသည် ထိုနှစ် တန်ဆောင်မုန်းလ တွင် ကွယ်လွန်တော်မူကြောင်းကို ဖော်ပြထားပါသည်။

သက္ကရာဇ် (၉၇၁) ခုနှစ်တွင် ခမည်းတော် တောင်ငူဘုရင် နတ်ရွာစံသော် သားတော်အိမ်ရှေ့စံ နတ်ရှင်နောင်သည် ဝါခေါင်လပြည့်ကျော် (၆)ရက် သောကြာ နေ့တွင် ဘုရင်သီဟသူရဘွဲ့အမည်ကို ခံယူကာတောင်ငူရွှေနန်းကို သိမ်းမြန်း စိုးစံ တော်မူသည်။ ထိုနှစ်မှာပင် အနောက်ဖက်လွန်မင်းသည် တောင်ငူကို ချီတက် တိုက်ခိုက် အောင်မြင်ပြီး နတ်ရှင်နောင်ကို လက်အောက်ခံဘုရင်ငယ်အဖြစ်အုပ်စိုးရန်

---

[၁] မှန်နန်းမဟာရာဇဝင်တော်ကြီး(တတိယတွဲ)၊ ၁၉၉၃၊ ၁၇၀။

[၂] -ယင်း-၊ ၉၁။

[၃] -ယင်း-၊ ၈၄-၉၃။

[၄] -ယင်း-၊ ၁၁၀။

တောင်ငူမြို့ကို ပြန်လည်အပ်နှင်းခဲ့သည်။ သက္ကရာဇ် (၉၇၄)ခုတွင် သံလျင်မြို့စား ငဇင်ကာသည် တောင်ငူသို့ ချီတက်လာပြီး နတ်ရှင်နောင်၏ ညီတော် မင်းရဲကျော်စွာ နှင့် ဦးစွာတိုက်ပွဲဖြစ်ပွားရာ မင်းရဲကျော်စွာ ကျရှုံးသည်။ တောင်ငူဘုရင်နတ်ရှင်နောင် ကိုလည်း သံလျင်သို့ ခေါ်ဆောင်သွားခဲ့လေသည်။[၁] အနောက်ဘက်လွှန်မင်းသည် ထို နှစ်မှာပင် သံလျင်သို့ ချီတက်လုပ်ကြံရာ သက္ကရာဇ် (၉၇၅) ခုနှစ်တွင် အောင်မြင် တော်မူသည်။ နတ်ရှင်နောင်ကို စစ်ဆေးမေးမြန်းရာ ငဇင်ကာနှင့် ပူးပေါင်းမှုရှိကြောင်း ထင်ရှားသဖြင့် သံလျင်မြို့လယ်တွင် ကွပ်မျက်၍ ညီတော်မင်းရဲကျော်ထင်ကို သင်္ဂြိုဟ် စေသည်။ တောင်ငူဘုရင် နတ်ရှင်နောင်သည် သံလျင်တွင် အနိစ္စရောက်သည်ကို အကြောင်းပြုကာ သံလျင်ရောက်မင်းတရားကြီးဟုလည်း အမည်တွင်သည်။[၂]

စာဆို၏ဘဝသည် တိုတောင်းလှသော်လည်း စာဆိုရေးဖွဲ့ခဲ့သော ရတုကဗျာ တို့သည်ကား ယနေ့ထက်တိုင် မြန်မာစာပေသမိုင်း၌ ဂန္ထဝင်တွင်လျက် ကျန်ရှိ နေဆဲဖြစ်ပါသည်။ မြန်မာစာပေ နယ်ပယ်ရှိ ရှေးဂန္ထဝင်စာဆိုတော်ကြီး (၂)ဦး၏ ရတု ကဗျာများကို လေ့လာဖော်ထုတ်ခွင့်ရသောကြောင့် အထူးပင် ဝမ်းသာ ဂုဏ်ယူမိပါ သည်။

## ၂။ ရတုဝေါဟာရ ၊ သဘောသဘာဝနှင့် သမိုင်းအကျဉ်း

### ရတုဝေါဟာရ နှင့် သဘောသဘာဝ

ရတုဝေါဟာရသည် မြန်မာဘာသာစကား ရတုလည်းရှိသည်။ ပါဠိ၊ သက္ကတ ဘာသာမှ ဆင်းသက်လာသည်လည်း ရှိသည်ဟု ပညာရှင်များက အမျိုးမျိုးကြံဆကြ ပါသည်။

ရတုဟူသောဝေါဟာရနှင့် ပတ်သက်၍ 'ကဝိတာရတီကျမ်း' တွင်

> ရတုသည် သက္ကတစကားပျက်မျှသာဖြစ်သည်။ ဝသန္တ စသော ဥတုကို ဟောသည်။ ရှေးက မိုးဘွဲ့၊ ဆောင်းဘွဲ့ စသော ရာသီဘွဲ့ကိုသာ ရတုဟူ၍ ခေါ်ဝေါ်ခဲ့ကြရာမှ နောင်အလားတူ လေးလုံးစပ်လင်္ကာ၊ တောလား၊ ဘုန်းတော်ဘွဲ့၊ ကျေးစေဘွဲ့၊

---

[၁] မှန်နန်းမဟာရာဇဝင်တော်ကြီး(တတိယတွဲ)၊ ၁၉၉၃၊ ၁၆၄–၁၆၅။
[၂] –ယင်း–၊ ၁၆၈။

> မယ်ဘွဲ့၊ မောင်ဘွဲ့ စသည်တို့ ကိုလည်း ရတုဟူ၍ ခေါ်ဝေါ် လာကြခြင်း ဖြစ်သည်။[၁]

ဟုဖွင့်ဆိုထားပါသည်။

မြန်မာစာပေသမိုင်းတွင်

> ရတုဟူသည် သက္ကတဘာသာရိတုမှ ပျက်လာသော ရတုလည်း ရှိသည်။ ပေါရာဏသက်သက် ရတုလည်းရှိသည်။ သက္ကတဘာသာရိတုမှာ အခါရာသီ အနက်ရ၍ မြန်မာဘာသာရတုမှာ သဘင်ဟူသော အနက်၊ အခြေအနေဟူသော အနက်၊ အခမ်းအနားဟူသော အနက် သုံးမျိုးရသည်။ ဤသို့ ဌာနအားဖြင့် သုံးမျိုး ကွဲပြားလျက်ရှိရာ အကြင်အဖွဲ့တစ်ခုသည် အများနှင့် စပ်ဆိုင်လျှင် ထိုအမျိုးမှာ သဘင်အနက်ရ၏။ အများနှင့်မသက်ဆိုင်ဘဲ တစ်ဦးတစ်ယောက်ထဲအတွက်သာ စပ်ဆိုလျှင် အခမ်းအနားပကတိ ဖြစ်ထွန်းသည့် သဘာဝဓမ္မ အခြေအနေများကို ပြလျှင် အခြေအနေသဘော သက်ရောက်သည်[၂]

ဟုဆိုထားပါသည်။

မြန်မာအဘိဓာန်တွင်

> ရတု၊ ယဒု၊ န–လေးလုံးတစ်ပိုဒ် ရေးဖွဲ့သော ကဗျာတစ်မျိုး (သ၊ ရိတု)[၃]

ဟု ဖွင့်ဆိုထားပါသည်။

ကဗျာသာရတ္ထသင်္ဂြိုဟ်တွင်

> ရတုဟူသော စကား၏အနက်အဓိပ္ပာယ် အကျဉ်းချုပ်မှာ၊ ဂိမ္ဟန္တဥတု၊ ဝသန္တဥတု၊ ဟေမန္တဥတု ဟူသော နွေ၊ မိုး၊ ဆောင်း ကာလအချိန်များကို ပါဠိဘာသာ၌ ဥတု၊ သံသကရိုင်ဘာသာ၌ ရိတုဟု ခေါ်သဖြင့်၊ ဆဲ့နှစ်ရာသီဘွဲ့ကဗျာတို့ကို ရတုဟုခေါ်သည်။ ၎င်းရာသီဘွဲ့ကဗျာလင်္ကာ စပ်နည်းကိုလိုက်၍ နောင်သောအခါ ဘုရင်မင်းမြတ်တို့ကို ချီးပသော အဖွဲ့မျိုးများကို

---

[၁] ကျော်ရင်၊ ဦး(ပုဟား)၊ မ–၁၃၂၁၊ ၃၅၁။

[၂] ဖေမောင်တင်၊ ဦး၊ ၁၉၅၈၊ ၄၉။

[၃] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၃၀၃။

> ခုကာလဒါဘာခေါ် မင်းပွဲသဘင်အခမ်းအနားမျိုးတို့၌ ချီးကျူးသော မင်္ဂလာသြဘာစာမျိုးများကို စပ်ဆိုကြလေ၏[၁]

ဟုဖော်ပြထားပါသည်။

ဤသို့ပညာရှင်အသီးသီး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ အရ ရတုဟူသော ဝေါဟာရမှာ သက္ကတ ဘာသာရိတု၊ ပါဠိဘာသာဥတုတို့မှလာ၍ အခါရာသီအနက်ရကြောင်း၊ ထိုမှ အခါရာသီ၏ တင့်တယ်မှု နှင့် မွေ့လျော်ပျော်ပိုက်ဖွယ် သာယာမှုအခြေခံချင်း တူသည့် ကဗျာလင်္ကာအဖွဲ့၏အမည်အဖြစ် သတ်မှတ် ခေါ်ဝေါ် လာကြောင်း၊ ပေါရာဏရတုမှာမူ သဘင်၊ အခမ်းအနား၊ အခြေအနေဟုဆိုကြောင်း တွေ့ရသည်။

ရတုကဗျာဖွဲ့ဆိုသည့်အကြောင်းနှင့် ပတ်သက်၍ စာဆိုတို့သည် မိမိတို့၏ ခံစားချက်များကို စိတ်ကူးဉာဏ်ဖြင့် ပုံဖော်ဖန်တီးရာ၌ ဘုရားတိုင်၊ သိကြားတိုင်၊ မြို့ဘွဲ့၊ မယ်ဘွဲ့၊ မောင်ဘွဲ့၊ ပန်းဘွဲ့၊ ရာသီဘွဲ့၊ ကျေးစေ၊ စစ်ချီ စသည်ဖြင့် အမျိုးစုံအောင် ရေးဖွဲ့ခဲ့ကြကြောင်း တွေ့ရသည်။ အချီ၊ အချ၊ အသတ်ကာရန် ညီရသည်။ ပိုဒ်စုံစပ်နည်းတွင် သုံးချက်ညီစပ်နည်း၊ သပ်စေ့နက်သုံးချက်ညီစပ်နည်း၊ ကိုယ်တွင်းပြည့်သပ်စေ့နက် သုံးချက်ညီစပ်နည်း၊ စကြာစပ်နည်း၊ တောင့်တဲတွန့်စပ်နည်းဟု (၅)မျိုး ကွဲပြားသည်။

ရတုကဗျာဖွဲ့စပ်မှုနှင့်စပ်လျဉ်း၍ မြန်မာစာပေသမိုင်းတွင်

> တစ်ပိုဒ်တည်းဖွဲ့လျှင် ဧကပိုဒ်၊ နှစ်ပိုဒ်ခွဲလျှင် အဖြည့်ခံ၊ သုံးပိုဒ်စပ်ဖွဲ့လျှင် ပိုဒ်စုံဟူ၍ ခေါ်သည်။ သုံးပိုဒ်ထက် ပိုမို၍လည်း မစပ်ဖွဲ့ကြချေ။ တစ်ပိုဒ်တွင်လည်း ပဒအရေအတွက် အားဖြင့် (၁၀၈) ပဒထက် ပိုမို၍ မဖွဲ့နွဲ့ကြချေ။[၂]

ဟူ၍ဖော်ပြထားပါသည်။

ထိုကြောင့် ရတုကဗျာဖွဲ့ဆိုမှုတွင် စာဆိုတို့၏ အာရုံ (၆) ပါး၌ တွေ့ကြုံထင်ဟပ်နေသည်များကို အခြေခံ၍ စိတ်ကူးဉာဏ် ကွန့်မြူးကာ နှစ်သက်ဖွယ် ဖြစ်အောင် ရေးဖွဲ့ထားခြင်းဖြစ်ပါသည်။ ထိုသို့ ရေးဖွဲ့ရာတွင် ပိုဒ်ရေအရလည်းကောင်း၊ ပဒအရေအတွက်အရ လည်းကောင်း ကန့်သတ်ချက်ရှိသည်ကို တွေ့ရပါသည်။

---

[၁] လွန်း၊ ဦး၊ ၁၉၅၅၊ ၂၃၄။

[၂] ဖေမောင်တင်၊ ဦး၊ ၁၉၅၈၊ ၂၄။

## ရတုသမိုင်းအကျဉ်း

ရတုသည် လင်္ကာမှ ပေါက်ဖွားလာသော ကဗျာအဖွဲ့အနွဲ့ဖြစ်သည်။ ရတုကဗျာသမိုင်းကြောင်းကို လေ့လာလျှင် ပင်းယခေတ်တွင် မြန်မာစာပေသမိုင်း၌ အစောဆုံးဟု အများကလက်ခံထားကြသော 'ရွှေဖဝါး တော်အောက်၊ ကျွန်၏လျှောက်ဖြင့်' အစချီသောရတုကို တွေ့ရသည်။ စတုရင်္ဂဗလအမက်ကြီးက မြန်မာသက္ကရာဇ် (၇၀၀)ကျော် လောက်တွင် ဖွဲ့ဆိုခဲ့ခြင်းဖြစ်၍ မြန်မာစာပေသမိုင်းတွင်

> ထိုရတုသည် ပေါက္ကံဆရာတော် (သို့မဟုတ်) ဆူးတွင်းပစ်ဆရာတော် အား မြတ်စွာဘုရား တရားတော်အကြောင်းနှင့် စပ်လျဉ်း၍ မေးမြန်းကာ ရေးသားထားသော အမေးပုစ္ဆာရတုဖြစ်၏[၁]

ဟုဖော်ပြထားပါသည်။

မြန်မာစာပေသမိုင်းတွင် အစောဆုံးတွေ့ရသော ထိုရတုသည် တောတောင်ရာသီဥတု၊ချစ်ခင်ခြင်း၊ မေတ္တာအစုတို့ကို ဖွဲ့နွဲ့ထားခြင်း မဟုတ်ဘဲ ဆူးတွင်းပစ်ဆရာတော်အား မြတ်စွာဘုရား တရားတော်နှင့် စပ်လျဉ်း၍ မေးမြန်းထားခြင်း ဖြစ်ပါသည်။ ထို့ကြောင့် လောကုတ္တရာကြောင်းကို ဖွဲ့နွဲ့ထားသော ရတုအဖြစ်တွေ့ရသည်။

အင်းဝခေတ်တွင် ရတုကဗျာပါ အကြောင်းအရာတို့သည် လောကုတ္တရာမှ လောကီသို့ နယ်ပယ် ကျယ်ပြန့်လာပြီး ကဗျာအဖွဲ့ပုံသဏ္ဌာန်နှင့် အကြောင်းအရာလည်း စုံလင်လာပါသည်။ ပထမ မင်းခေါင်ကြီး၏ 'နန္ဒဝန်လျှင်' ချီကျေးစေ ရတု၊ ရှင်သူရဲ၏ စစ်ချီရတုများ အပါအဝင် ဝံတောင်လယ် ဘုန်းတော်ကြီး၊ ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ၊ ရှင်တေဇောသာရ စသောရတုစာဆိုတို့၏ လောကီ၊ လောကုတ္တရာဆိုင်ရာ ရတုများစွာ ပေါ်ထွက်လာခဲ့သည်။ အမျိုးသမီးစာဆိုများပါ ပေါ်ထွက်လာခဲ့သည်။ နန်းတွင်မိဖြူ၊ နန်းတွင်မိညိုတို့၏ ကိုယ်ရည်သွေးရတုများကို တွေ့ရသည်။ ကဗျာပုံသဏ္ဌာန် ပိုင်းတွင်လည်း တောင့်တဲတွန့်ဆိုနည်း၊ ပုလဲတစ်တန့်၊ သန္တာတစ်တန့်ဆိုနည်း၊ ပဒုမ္မာကြာဆိုနည်း၊ စကြာဆိုနည်း စသည့်ဖြင့် အမျိုးမျိုးတီထွင်စပ်ဆိုမှုများကိုလည်း တွေ့ရသည်။ ထို့ကြောင့် ပင်းယခေတ်တွင် အစပျိုးခဲ့သော ရတုအဖွဲ့သည် အင်းဝခေတ်တွင် ပိုမိုစည်ပင်လာသည်ဟု ဆိုရပါသည်။

တောင်ငူခေတ်သည် စစ်မက်ရေးရာထူပြောသော ခေတ်၊ တိုင်းသစ်ပြည်သစ်ထူထောင်သောခေတ် ဖြစ်၍ နယ်ပယ်ချဲ့ထွင်ရန်၊ စည်းရုံးရန်အလို့ငှာ အရပ်မျက်နှာ

---

[၁] ဖေမောင်တင်၊ ဦး၊ ၁၉၅၈၊ ၁၆။

အသီးသီးသို့ စစ်ချီထွက်ကြရသည်။ စစ်ချီရင်း စစ်သည်တော်တို့သည် မိမိတို့ အတွေ့အကြုံ၊ အတွေးစိတ်ကူးနှင့် ခံစားချက်များကို ရတုကဗျာ များအဖြစ် ဖွဲ့သီလာကြသည်။ တောင်ငူခေတ်တွင် ရတုကဗျာနှင့် စာဆို အမြောက်အမြားပေါ်ထွက်ခဲ့သည်။ ထင်ရှားသည့် စာဆိုများမှာ လှော်ကားသုံးထောင်မှူး၊ ရှင်ထွေးနာသိန်၊ ပြည်နဝဒေးကြီး၊ နတ်ရှင်နောင်၊ မင်းဇေယျရန္တမိတ်၊ ရှင်သံခို၊ ဥက္ကာပျံ၊ မင်းစောနှင့် ရှင်ထွေးလှ၊ ရဝေရှင်ထွေး၊ ခင်မထွေး၊ သရေစည်သူကတော်၊ ပြည်မိဖုရား၊ ဇင်းမယ်မိဖုရား၊ ပဲခူးမိဖုရား၊ တန်ဆောင်မိဖုရားတို့ဖြစ်သည်။ အင်းဝခေတ်တွင် ဖွံ့ဖြိုးလာခဲ့သော ရတုကဗျာအရေးအဖွဲ့သည် တောင်ငူခေတ်တွင် ရတုခေတ် ဆိုရလောက်အောင် ထူးခြားထွန်းကားလာကြောင်း တွေ့ရပါသည်။

ညောင်ရမ်းခေတ်တွင် ရတုစာပေနှင့် စာဆိုအမြောက်အမြား မပေါ်ထွန်းခဲ့သော်လည်း ရှင်ကရဝိက၊ မြင်းခွာစားမင်းရာဇာ စသော ရတုစာဆိုတို့ပေါ်ထွန်းခဲ့သည်။ ညောင်ရမ်းမင်း ဆယ်ဆက်မြောက် ဟံသာဝတီရောက် မင်းတရားကြီးသည်လည်း အင်းဝပျက်၍ ဟံသာဝတီတွင်စံနေစဉ် နတ်ရွာစံခါနီးအချိန်တွင် "ပုဂ္ဂိုလ်ခြောက်မည်" အစချီသော သုံးချက်ညီသံဝေဂပိုဒ်စုံရတုကို စပ်ဆိုခဲ့ပါသည်။[၁] ထို့ကြောင့် ညောင်ရမ်းခေတ်တွင် တောင်ငူခေတ်လောက် ရတုကဗျာမထွန်းကားသော်လည်း အထိုက်အလျောက် ပေါ်ထွန်းခဲ့သည်ဟု ဆိုနိုင်ပါသည်။ ကုန်းဘောင်ခေတ် ပထမပိုင်းတွင် ဘုန်းတော်ဘွဲ့ရတုများ၊ ပြန်လည် သက်ဝင်လှုပ်ရှားလာပါသည်။ လက်ဝဲသုန္ဒရ အမတ်ကြီး၏ ကိုယ်ရေးကိုယ်တာ ခံစားချက် ရတုများ၊ ဦးတိုး၏ ရခိုင်ချီ ရတုများ၊ စိန္တကျော်သူဦးဩ၏ စစ်သည်ဘဝသရုပ်ဖော်ရတုများ ပေါ်ထွန်းခဲ့ပါသည်။ အခြားထင်ရှားသော ရတုစာဆိုများမှာ စဥ့်ကူးမင်း၏ မိဖုရားရှင်မင်း၊ ဖိုးသူတော်ဦးမင်း၊ ဝက်မစွတ်နဝဒေး၊ ဦးပုည၊ ကင်းဝန်မင်းကြီးဦးကောင်း၊ ဆီးဘန်နီဆရာတော်တို့ ဖြစ်ကြပါသည်။

ထို့ကြောင့် ပင်းယခေတ်က စတင်ခဲ့သော ရတုကဗျာစာပေသည် ယနေ့ထက်တိုင် ထိမ်းမြားမင်္ဂလာပွဲများ၊ ရှင်ပြုနားသ၊ ဘိသိက်မင်္ဂလာပွဲများတွင် ရွတ်ဖတ်ကြလျက် ဂန္ထဝင်တွင်စွာ ရပ်တည်နေကြောင်း တွေ့ရပါသည်။

---

[၁] ဖေမောင်တင်၊ ဦး၊ ၁၉၅၈၊ ၁၈။

## ၃။ ပြည်နဝဒေးနှင့်နတ်ရှင်နောင်တို့၏ မိုးတောရတုများမှ အချစ်၊ အလွမ်း၊ အတွေး စိတ်ကူးများ နှိုင်းယှဉ်လေ့လာချက်

### ၃၊ ၁။ အကြောင်းအရာပိုင်းလေ့လာချက်

#### ၃၊၁၊၁။ အချစ်ဘွဲ့များ နှိုင်းယှဉ်လေ့လာချက်

မိုးတောရတုကဗျာသည် စာဆိုတို့၏ တွေ့ကြုံခံစားသိမြင်မှုများကို အခြေခံ၍ ဖြစ်ပေါ်လာသော စိတ်ကူး စိတ်သန်း၊ အတွေးအမြင်ခံစားချက်တို့ဖြင့် ဖန်တီးပုံဖော်ထားသော ကဗျာများဖြစ်ပါသည်။

နဝဒေးနှင့်နတ်ရှင်နောင်တို့သည် စစ်သည်စာဆိုများ ဖြစ်ကြသည်နှင့်အညီ ချစ်တတ်၊ လွမ်းတတ်၊ ခံစားတတ်သူများလည်း ဖြစ်ပါသည်။ စာဆိုတို့၏ ရတုများတွင် တွေ့ရသောချစ်သူများသည် မျိုးရိုးဇာတိ မြင့်မားသူများ ဖြစ်ကြသည်။ အဆင့်အတန်းမြင့်သော အထက်တန်းလွှာမှ ပေါက်ဖွားလာသူများ ဖြစ်ကြသည်။ လုလင်ပျိုတို့ သဘာဝအလျောက် ချစ်သူထံမှ တုံ့ပြန်မေတ္တာရရန် မျှော်လင့်ကြိုးစားကြသည်။ ချစ်သူဘဝသို့ရောက်သည့်အခါတွင်လည်း မိမိတို့၏ ချစ်သူအပေါ် တန်ဖိုးထားကာ ချစ်ကြင်နာကြသည်။ မခွဲမခွာနေလိုကြသည်။ ချစ်သူတို့၏ သဘာဝအတိုင်း အတူနေရ လျှင် ပျော်ရွှင်ကြည်နူး၍ ခွဲခွာရသည့်အခါ ကြေကွဲကြရသည်။

ပြည်နဝဒေးသည် မင်းမှုထမ်းစစ်သည်စာဆိုဖြစ်၍ နတ်ရှင်နောင်ကား မင်းညီမင်းသားစစ်သည်စာဆို ဖြစ်သည်။ စာဆို (၂)ဦးစလုံးမှာ စစ်သည်စာဆိုများ ဖြစ်သည့်အားလျော်စွာ မင်းရေးဝန်တာကြောင့် ချစ်သူနှင့် ခွဲခွာရသည့်အချိန်တွင် ချစ်သူမယ်လေး၏အလှ ဂုဏ်အရည်အသွေးများကို ပြန်လည် တွေးတောကာ သတိရ လွမ်းဆွတ်ကြမြဲဖြစ်သည်။ သာမန်အခြေအနေ အချိန်အခါများထက် အလွမ်းကို အားပေးနှိုးဆွတတ်သော သဘောရှိသည့် မိုးရွာချိန်များတွင် ဝေးကွာနေသော ချစ်သူမယ်လေးကို လွမ်းသည့်စိတ်ကြောင့် ဖြေမဆည်နိုင်အောင် ခံစားကြရသည်။ ချစ်သူနှင့်ခွဲခွာလာရသော စာဆိုအား မိုးကအလွမ်းစိတ်ကို ပိုမိုဖြစ်စေပါသည်။ ထို့ကြောင့် နေပြည်တော်တွင် ကျန်ခဲ့ရှာသော ချစ်သူမယ်လေးအား သတိရလွမ်းဆွတ်စိတ်က မဖြေသာအောင် ခံစားလာရကြောင်းတို့ဖြင့် ပေါ်လွင်အောင် ရေးဖွဲ့လာကြပါသည်။

စာဆိုပြည်နဝဒေးကြီးနှင့် နတ်ရှင်နောင်တို့၏ မိုးတောရတုများတွင် မောင်မယ်တို့၏ အချစ်၊ အလွမ်းများသာမက မိုးနှင့် ပတ်သက်၍ ခံစားရသော စာဆို၏ ခံစားချက်နှင့် အတွေးစိတ်ကူးများကိုပါ ထည့်သွင်းဖွဲ့ဆိုထားကြောင်း တွေ့ရပါသည်။ စာဆို(၂)ဦး၏ မိုးတောရတုများတွင် အချစ်ကို ဖော်ကျူး ဖွဲ့ဆိုရာ၌ ချစ်သူမယ်လေး

နှင့် စတင်တွေ့ဆုံချိန်၊ နေရာ၊ တုံ့ပြန်မေတ္တာရယူရန် ကြိုးစားပုံ၊ ချစ်သူ၏ အသက်အရွယ်၊ လှသွေးလှရည်၊ မျိုးရိုးနှင့် ဆုံဆည်းခွင့်ရပုံတို့ကို ထည့်သွင်း ဖွဲ့ဆိုထားပါသည်။

စာဆိုပြည်နဝဒေးကြီး၏ ဇာတိချက်ကြွေမွေးရပ်မြေဖြစ်သော ပြည်မြို့တွင် တန်ခိုးကြီးဘုရား များစွာရှိသည့်အနက် ပြည်ရွှေဆံတော်ဘုရားသည်လည်း တစ်ဆူအပါအဝင်ဖြစ်သည်။ ကဆုန်လပြည့် နေ့ရောက်တိုင်း ပြည်မြို့ပတ်ဝန်းကျင်မှ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ရန် ဆံတော်ရှင်စေတီသို့ လာရောက်ကြစမြဲ ဖြစ်သည်။ ဤမိန်းကလေးကို တွေ့မြင်သည့်အချိန်မှစ၍ ချစ်သူနှင့်ပတ်သက်သည့် အကြောင်းအရာတို့ကို အမှတ်ထင်ထင်ရှိနေခဲ့ရသည်။ မိမိချစ်သူသည် အလှဆုံး၊ အမြင့်မြတ်ဆုံး၊ ကျက်သရေအရှိဆုံး ဣန္ဒြေရှင်လေးဟု မှတ်ယူထားပါသည်။ ထို့ကြောင့် မိန်းကလေးနှင့် စတင်ဆုံဆည်းရာ နေရာ၊ အချိန်တို့ကို စာဆို၏ 'ရတုညောင်ရေ' ချီ မိုးတောရတုတွင်

ရတုညောင်ရေ၊ ခါလိုက်နွေဝယ်
ညနေချမ်းခါ၊ သင်းမြူတာနှင့်
နံ့သာဖြိုးပြည့်၊ ပန်းစုံထည့်မှ
ပတ်လှည့်လက်ယာ၊ မြတ်ဇိနာဝယ်
သဒ္ဓါကြည်ဆွ၊ သွန်းမည့်ညကို [၁]

ဟူ၍ ဖွဲ့ဆိုထားပါသည်။ စာဆိုသည် ညောင်ရေသွန်းသည့် ညနေချမ်းချိန်ခါ ရွှေဆံတော်ဘုရားတွင် ချစ်သူမယ်လေးနှင့် စတင်တွေ့ရှိပုံ တို့ကို အမှတ်ထင်ထင် အသေးစိတ်ဖွဲ့ဆိုထားကြောင်း တွေ့ရပါသည်။

စာဆိုနတ်ရှင်နောင်၏ မိုးတောရတုများတွင်မူ ချစ်သူမယ်လေးနှင့် စတင်တွေ့ဆုံသည့်နေရာ အချိန်တို့ကို ဖော်ကျူးဖွဲ့ဆိုသော အဖွဲ့မျိုးကို မတွေ့ရပေ။

စာဆိုနဝဒေးကြီးသည် ချစ်သူမယ်လေးထံမှ တုံ့ပြန်မေတ္တာကိုရရန် ခဲယဉ်းစွာ ကြိုးပမ်းခဲ့ရ ကြောင်းကိုလည်း ဖွဲ့ဆိုထားပါသည်။ ချစ်ရသူ၏ တုံ့ပြန်မေတ္တာကို ရရှိရန် ကြိုးပမ်းခဲ့ရသည်မှာ လမှ နှစ်သို့တိုင် ကူးပြောင်းခဲ့ပါသည်။ ချစ်သူမယ်လေး၏ အထိန်းတော်မှတစ်ဆင့် ချစ်စကားပါးခဲ့သော်လည်း မိန်းကလေးက တုံ့ပြန်စကား မဆိုဘဲ အမျက်ထွက်သည့် အမူအရာမျက်နှာထားဖြင့် ထရှောင်သွားခဲ့ပါသည်။ ချစ်သူ

---

[၁] နဝဒေး၊ ၁၉၆၄၊ ၁၃၉။

မယ်လေးထံမှ မေတ္တာတုံ့ပြန်မှု ရရှိရန် ကြိုးပမ်းခဲ့ရပုံကို စာဆို၏ 'ထစ်ချုန်းရင့်၍' ချီမိုးတောရတုတွင်

ရှင်နှင့်ကျွန်စစ်၊ မှန်သောဖြစ်ဖြင့်၊
လနှစ်ကူးပြောင်း၊ တချောင်းချောင်းလျှင်၊
ဖြားယောင်းသံချို၊ လျှောက်ပန်ဆိုလည်း၊
ယိုယိုရုံ့ရုံ့၊ နှုတ်တုံ့မမြွက်၊
ဆယ်မြတ်သက်လျှင်၊ မျက်ထွက်မူထား၊
ထရှောင်သွား၍[၁]

ဟူ၍ဖွဲ့ဆိုထားပါသည်။

စာဆိုနတ်ရှင်နောင်သည်လည်း အသက်ပေး၍ ချစ်ရသူမယ်လေးကို မေတ္တာနှောင်ကြိုးဖြင့် အထပ်ထပ်ရစ်ပတ်ကာ ခိုင်မြဲစွာ ချစ်ခဲ့ပါသည်။ မယ်လေး၏ အချစ်ကိုရရန် မိမိအသက်ကို ငဲ့ညှာ ထောက်ထားမှုကင်းစွာ ကြိုးပမ်းခဲ့ကြောင်းများကို 'ရွှန်းမြွေသည်လျှင်' ချီ မိုးတောရတုတွင်

မယွန်းကြင်ချစ်၊ ဆယ်ပြန်ရစ်၍၊
ပျို့မျစ်စံတင့်၊ ဘုန်းမျိုးမြင့်ကို၊
မဖင့်ဝေသက်၊ ကြိုးခေါက်ရက်တည့်[၂]

ဟူ၍ဖွဲ့ဆိုထားပါသည်။ ချစ်သူမယ်လေးကို အလေးအနက်ချစ်ကြင်နာခဲ့ကြောင်း အချစ်အတွက် အသက်ကိုပင် ဝေငှရန်အသင့်ဖြစ်နေကြောင်း၊ မယ်လေးအချစ်ကိုရရန် ကြိမ်ဖန်များစွာ ကြိုးပမ်းခဲ့ကြောင်းနှင့် အချစ်တည်းဟူသော သံယောဇဉ်ကြိုးနှင့် ဆယ်ပြန်ဆယ်ခါရစ်ပတ်၍ ထားခဲ့ကြောင်းတို့ဖြင့် အလေး အနက်ထားကာ ဖွဲ့ဆိုထားကြောင်းတွေ့ရပါသည်။

---

[၁] –ယင်း–။

[၂] နတ်ရှင်နောင်၊ ၁၉၆၃၊ ၁၀၈။

စာဆိုနဝဒေးကြီးသည် အချစ်ဘွဲ့ကို ဖွဲ့ဆိုရာတွင် ချစ်သူမယ်လေး၏ အသက်အရွယ်ကိုပါ ဖွဲ့ဆိုထားကြောင်း တွေ့ရပါသည်။ အသက်အရွယ်အားဖြင့် လက်သင်ဆံထုံး ထုံးကာစအရွယ် နုနယ်ပျိုမျစ်သူလေးဖြစ်ကြောင်း၊ အသားအရေမှာ ရွှေစင်ရွှေသားကဲ့သို့ ဝင်းဝါစိုပြေကာ အထွတ်အထိပ်ထားရ လောက်အောင် လှပသူလေးဖြစ်ကြောင်း ဖွဲ့ဆိုထားပါသည်။ ထိုအကြောင်းများကို 'သွန်းမြူးစွေထန်' ချီ မိုးတောရတုတွင်

သုံးဘော်ရွှေလယ်၊ ရွက်သွယ်ကေသာ၊ ထုံးကာစစ၊

ရွှရွှလက်သင်၊ ရွှေစင်အသား၊ လှထွတ်ထား[၁]

ဟူ၍ ဖွဲ့ဆိုထားပါသည်။ ထိုသို့ဖွဲ့ဆိုထားရာ ကြွယ်ဝချမ်းသာ၍ အဆင့်အတန်းမြင့်မားသော မိဘများက အထိန်းတော်အချီတော်တို့ဖြင့် ချီးမြှောက်ထားသောမိန်းကလေးဖြစ်ကြောင်း ဂုဏ်တင်ဖွဲ့ဆိုထားပါသည်။

စာဆိုနတ်ရှင်နောင်၏ ရတုများတွင် ချစ်သူမယ်လေး၏ အရွယ်ကို ဖွဲ့ရာ၌ ဆယ်ကျော်သက် အရွယ်ဖြစ်ကြောင်း 'သက်လည်းဆယ်မြတ်' ဟူ၍ ထိမိစွာဖွဲ့ဆိုထားကြောင်း တွေ့ရပါသည်။

ချစ်သူမယ်လေးသည် အမျိုးအနွယ် စင်ကြယ်မြင့်မြတ်၍ အပြစ်ဆိုဖွယ် မရှိအောင် လှပသူလေးဖြစ်သည်။ ဆယ်ကျော်သက်အရွယ် ပျိုမျစ်နုနယ်ပြီး နတ်သမီးလေးနှင့် နှိုင်း၍ပင်မရလောက်အောင် လှပသူလေးဖြစ်ကြောင်း ချီးကျူး ဖွဲ့ဆိုထားပါသည်။ နတ်ပြည်ခြောက်ထပ်တွင် ချစ်သူမယ်လေးနှင့် အလှချင်းရည်တူသူကို ရှာဖွေရွေးယူသော်လည်း တွေ့ရန်ခက်ခဲကြောင်းတို့ဖြင့် ဂုဏ်တင်ဖွဲ့ဆိုထားပါသည်။ လောကသဘာဝ ကိုယ့်ချစ်သူသာ အလှဆုံးဟု ထင်မြင်ယူဆတတ်ကြစမြဲ ဖြစ်ပါသည်။ မိမိချစ်သူသည်သာ နတ်သမီးမကလှပသူလေး ဖြစ်ကြောင်းကို စာဆိုနတ်ရှင်နောင်၏ 'ရွှန်းမြေ့သည်လျှင်' ချီ မိုးတောရတုတွင်

---

[၁] နဝဒေး၊ ၁၉၆၄၊ ၁၅၁။

> ခြောက်ပြည်ဘုံသူ၊ ရှာရွေးယူလည်း တူရခက်၏၊ သက်လည်း ဆယ်မြတ်၊ နတ်လည်းမနှုန်း၊ ဘုန်းလည်းဖြိုးညွန့်၊ စင်သန့်မျိုး မည်၊ ပြစ်ခြည်ကင်းဝေး၊ လှငြိမ့်လေး[၁]

ဟူ၍ ဖွဲ့ဆိုထားပါသည်။

တောင်ငူခေတ်တွင် ကျော်ကြား ထင်ရှားခဲ့ကြသော စာဆို ပြည်နဝဒေးနှင့် နတ်ရှင်နောင်တို့၏ အချစ်ဘွဲ့များကို လေ့လာရာတွင် နဝဒေးကြီးက ချစ်သူ၏ ငယ်ရွယ်နုပျိုပုံ၊ ကြွယ်ဝချမ်းသာသော မိဘ အသိုင်းအဝိုင်းတွင် အထိန်းတော် အချီတော်များနှင့် မြှောက်စားထားသူလေးဖြစ်ပုံ၊ အသားအရေ ဝင်းဝါစိုပြည်သူလေး ဖြစ်၍ နတ်သမီးတမျှ လှပသူလေးဖြစ်ပုံတို့ကို အလေးထားဖွဲ့ဆိုလေ့ရှိပါသည်။ ထို့ပြင် ချစ်သူမယ်လေးနှင့် တွေ့ဆုံသည့်အချိန်နေရာ တို့ကိုလည်း အမှတ်ထင်ထင် အသေးစိတ်ဖွဲ့ဆို တင်ပြထားကြောင်း တွေ့ရပါသည်။

စာဆိုနတ်ရှင်နောင်၏ အချစ်ဘွဲ့များတွင်မူ အချင်းလှ၊ အဆင်းလှ နှစ်မျိုး စလုံးဖြင့် ချစ်သူအလှကို ဖော်ကျူးထားသည်။ စင်ကြယ်သောအမျိုးနွယ်မှ ဆင်းသက် လာသူ ဆယ်ကျော်သက်အရွယ် နတ်သမီးမက အလှသွေးကြွယ်သူ၊ အပြစ်ဆိုဖွယ် မရှိအောင် လှပသူ၊ ဘုန်းကျက်သရေနှင့်ပြည့်စုံသူ ဖြစ်ကြောင်း တို့ဖြင့် ချစ်သူ မယ်လေး၏ အလှကို ထင်ရှားပေါ်လွင်လာအောင် ဖွဲ့ဆိုထားပါသည်။ စာဆိုနှစ်ဦးလုံး တွင် အချစ်နှင့်ပက်သက်၍ အလေးအနက် တန်ဖိုးထားမြတ်နိုးစွာ ချစ်ခဲ့ပုံတို့ကို ပေါ်လွင်အောင်ဖွဲ့ဆိုထား နိုင်ကြောင်း တွေ့ရပါသည်။

စာဆိုတို့သည် အချစ်ဘွဲ့များကို ဖွဲ့ဆိုရာတွင် ရှေးကပေးလှူခဲ့ဖူးသော ဒါန ကုသိုလ်၊ ရှေးဘုန်း ရှေးကံတို့ကြောင့် ချစ်သူမယ်လေးနှင့် ဆုံဆည်းခွင့်ရကြောင်း မယိမ်းမယိုင် မဖောက်မပြန်သော မေတ္တာဖြင့် ချစ်ခွင့်ရကြောင်းကိုလည်း ဖွဲ့ဆိုလေ့ ရှိကြောင်း တွေ့ရပါသည်။

စာဆိုနဝဒေးကြီး၏ မိုးတောရတုများတွင် အပြစ်ဆိုဖွယ်မရှိအောင် လှပသော မယ်လေးနှင့် တွေ့ဆုံချစ်ကြိုက်ခွင့်ရခြင်းမှာ ရှေးကပြုခဲ့သော ကုသိုလ်ကံ အကျိုးဆက် ကြောင့် ဖြစ်ကြောင်းကို 'မွန်းယိမ်းကလျှင်' ချီမိုးတောရတုတွင်

> နောင်နှင့်မယ်သာ၊ ကြမ္မာဘက်ထစ်၊ ဘုန်းကြောင့်ဖြစ်ရှင့်၊ တင်ပြစ်မရှိ၊ မျက်စိအာရုံ၊ ကြိုင်နံ့ထုံသည်၊ ကြုံကြသည်လည်း၊ ရှေးကောင်းကျိုး[၁]

---

[၁] မိမိလေး၊ ဒေါ်၊ ၂၀၀၃၊ ၁၄၀။

ဟူ၍ဖွဲ့ဆိုထားရာ မောင်နှင့်မယ်သည် ရှေးကပြုခဲ့သော ကုသိုလ်ရေစက်ကြောင့် ဆုံဆည်းခွင့်ရကြောင်းကို ပိုမိုပေါ်လွင်စေပါသည်။

ရတုဘုရင်နတ်ရှင်နောင်၏ မိုးတောရတုများတွင်လည်း ရှေးကပြုခဲ့ဖူးသော ကုသိုလ်ကံကြောင့် ချစ်သူမယ်လေးနှင့် ဆုံဆည်းခွင့်ရကြောင်း ဖွဲ့ဆိုထားသည်ကို တွေ့ရပါသည်။ ရှေးကပေးလှူခဲ့ဖူးသော ဒါနကုသိုလ်ကြောင့် မယ်လေးအပေါ် မဖောက်မပြန်သော ချစ်ခြင်းမေတ္တာဖြင့် ချစ်ခွင့်ရကြောင်း ဖွဲ့ဆိုထားပါသည်။ ထိုသို့ တွေ့ဆုံချစ်ကြိုက်ခွင့်ရကြောင်းကို 'မဖြောက်ဖြည်းပါ' ချီ မိုးတောရတုတွင်

> မဖောက်သည်းချာ၊ မယ့်ကိုသာလျှင် လှူဒါပေးဖူး၊ ရှေးကျေးဇူး
> ကြောင့်၊ တိမ်းမူးမတည်၊ ရှိရသည်ကို[၂]

ဟူ၍ဖွဲ့ဆိုထားပါသည်။ ချစ်သူမယ်သာလျှင် မိမိ၏ အတိတ်ကံက ညွှန်ပြသော ဖူးစာဖက်အမှန် ဖြစ်ကြောင်း စွဲမက်ယုံကြည်နေပုံကိုလည်း ပေါ်လွင်စေပါသည်။

တောင်ငူခေတ်တွင် ထင်ရှားကျော်ကြားခဲ့သော စာဆိုပြည်နဝဒေးနှင့် နတ်ရှင်နောင်တို့၏ အချစ်ဘွဲ့များကို နှိုင်းယှဉ်လေ့လာရာတွင် စာဆိုတို့၏ အတွေးစိတ်ကူး တူညီမှုရှိသည်ကိုလည်း တွေ့ရပါသည်။ နဝဒေးရတုတွင် ချစ်သူမယ်လေးနှင့် စတင်တွေ့ဆုံချိန်မှစ၍ ချစ်သူနှင့် ပတ်သက်သမျှသော အကြောင်းအရာတို့ကို အသေးစိတ်ဖွဲ့ဆိုထားသည့် ထူးခြားချက်ကိုတွေ့ရပါသည်။

စာဆို နတ်ရှင်နောင်၏ မိုးတောရတုတွင်မူ ချစ်သူမယ်လေး၏ မျိုးရိုးဗီဇမြင့်မြတ်ကြောင်း ဘုန်းကျက်သရေနှင့်ပြည့်စုံ၍ စိတ်သဘောထား တည်ကြည်သူလေးဖြစ်ကြောင်း အလေးထားဖွဲ့ဆို လေ့ရှိပါသည်။ ချစ်၍လှ၊ လှ၍ ချစ်မိခြင်း ဖြစ်ကြောင်းတို့ကို ဖွဲ့သီထားကြလေရာ နဝဒေးနှင့် နတ်ရှင်နောင် တို့၏ ရတုများတွင် အချစ်နှင့်အလှသည် တစ်သားတည်းဖြစ်နေကြောင်း တွေ့ရပါသည်။

### ၃၊၁၊၂။ အလွမ်းဘွဲ့များနှိုင်းယှဉ်လေ့လာချက်

တောင်ငူခေတ် စာဆို နဝဒေးကြီးနှင့် နတ်ရှင်နောင် တို့သည် စစ်သည်စာဆိုတော်များ ဖြစ်ကြပါသည်။ စစ်ထွက်ချိန်တွင် ချစ်သူနှင့် ခွဲခွာနေရသောကြောင့် ခံစားရသော အလွမ်းဝေဒနာကို စာဆိုတို့၏ မိုးတောရတုများတွင် တွေ့မြင်နိုင်ပါသည်။

---

[၁] နဝဒေး၊ ၁၉၆၄၊ ၁၃၇။

[၂] နတ်ရှင်နောင်၊ ၁၉၆၃၊ ၁၁၄။

မောင်မယ်တို့၏အလွမ်းကို ဖွဲ့ဆိုရာ၌ စစ်သည်မောင်အား မယ်လေးလွမ်းနေရှာမည့်အကြောင်းကို မယ်ဘွဲ့ရတုအဖြစ် ဖွဲ့ဆိုလေ့ရှိပါသည်။ စစ်မြေပြင်ရှိမောင်သည်လည်း မယ်လေးနည်းတူ သတိရ တမ်းတကာ လွမ်းဆွေးနေမည်ဟု တွေးထင်နေဟန်ကို မောင်ဘွဲ့ရတုအဖြစ် ဖွဲ့ဆိုကြပါသည်။ အလွမ်းဘွဲ့များကိုဖွဲ့ဆိုရာတွင် ဩကာသလောက၊ ရာသီသဘာဝပတ်ဝန်းကျင်တို့ကို နောက်ခံအဖြစ်ထား၍ ဖွဲ့ဆိုလေ့ရှိကြောင်း တွေ့ရပါသည်။ စစ်ထွက်ချိန်တွင် ချစ်သူနှင့်ခွဲခွာနေကြရသည်။ ထို့ကြောင့် မိမိတို့ရင်ဝယ် ခံစားနေကြရသော လွမ်းဆွေးမှုတို့ကို ရတုစာသားတို့တွင် ထင်ဟပ်စေခဲ့ကြပါသည်။ ယင်းတို့ ရေးဖွဲ့သော မိုးတောရတုကဗျာများတွင် စာဆိုတို့၏အလွမ်းခံစားချက် တို့ကို လေ့လာတွေ့မြင်နိုင်ပါသည်။

စာဆိုတို့သည် စစ်သည် စာဆိုများဖြစ်ကြရာ စစ်ချီထွက်ချိန်တွင် ချစ်သူတို့ဘာဝ အချင်းချင်း အမှာစကားခြွေခဲ့ကြသည်။ စစ်မြေစခန်းမှ အလျင်အမြန် ပြန်လာမည်ဖြစ်ကြောင်း ချစ်သူမယ်လေးအား မှာကြားခဲ့ပါသည်။ သို့သော် စစ်ရေးစစ်ရာတို့ဟူသည် ကြိုတင်မှန်းဆ၍ ရစကောင်းသောအရာ မဟုတ်ပေ။ စစ်ချီတက်စက မှာခဲ့သော ကတိစကားမတည်နိုင်သဖြင့် ကျန်နေသူမယ်လေး လွမ်းဆွေး နေမည်၊ ၎င်းအလွမ်းစိတ်ကြောင့် ညှိုးနွမ်းနေမည်တို့ကို စစ်သည်မောင်အနေဖြင့် ပူပန်နေမိရှာသည်။ ဤသို့ မောင်ပြန်လာမည့်ရက်ကို လက်ချိုးရေတွက်၍ မျှော်လင့်စောင့်စားကာတမ်းတပူဆွေးနေမည့် အဖြစ်ကို 'ကြံရှာမိချေ' ချီ မိုးတောရတုတွင်

> ချီစဦးက၊ မကူးနွေလျှင်၊ ရောက်မည်ထင်၍၊ ဝမ်းတွင်မှတ်ပိုက်၊
> လွှတ်လိုက်မိရှင့်၊ တိမ်တိုက်ခြောင်းခြောင်း၊ လေလျှင်လောင်းက၊
> တပေါင်းတန်ခူး၊ ကျူးလေတို့လှည့်၊ ကြာမောင်၏ဟု၊ ဖြေဖြည့်
> ဝမ်းဝယ်၊ ဆံမခြယ်သည်၊ ကြာနှယ်ချည်းလျှ၊ လှပ်လိမ့်မည်[၁]

ဟူ၍လည်းကောင်း၊

> မရှင်ယောင်းနွမ်း၊ နေကြောင့် သမ်းသည်၊ ရေချမ်းကားဝေး၊
> ပန်းကြာမွှေးသို့၊ ငြိမ့်လေးစလှ၊ ဆင်းမြမြသည်။ ပျောင်းပျ
> စက်ရာ ခွေလိမ့်မည်[၂]

---

[၁] နဝဒေး၊ ၁၉၆၄၊ ၁၄၁။
[၂] -ယင်း-၊ ၁၄၅။

ဟူ၍လည်းကောင်း ဖွဲ့ဆိုထားပါသည်။ မိမိအားလွမ်းသောစိတ်ဖြင့် စက်ရာခွင်ဝယ် မန္တင်မပျ နွမ်းလျ နေမည့် ချစ်သူမယ်လေးအဖြစ်ကို ချစ်သူမောင်အနေဖြင့် တွေးတော ပူပန်နေပုံကို ပေါ်လွင်အောင် ဖွဲ့ဆိုထားပါသည်။

နတ်ရှင်နောင်၏ မိုးတောရတုများတွင်လည်း စစ်မြေပြင်တွင် ကြာညောင်းနေသော ချစ်သူမောင် ပြန်လာမည့်သတင်းကို မျှော်လင့်စောင့်စားကာ လွမ်းနေသော ချစ်သူမယ်လေး၏ အသွင်ကို 'မည်းမျှပတ်လည်' ချီ မိုးတောရတုတွင်

လှမှန်ကင်းမူ၊ ချစ်တင်းကြားချင်၊ လင့်လျက်ပင်တည့်၊ ရည်းထင်[၁]

ငြိမ်းဝါ၊ လမြော်ကြာသို့၊ ပမာသဏ္ဍာန်၊ ရှိလိမ့်ဟန်ကို

ဟူ၍ဖွဲ့ဆိုထားပါသည်။ မယ်လေးက ချစ်သူမောင်အား မျှော်လင့်နေပုံကို လရောင်ကို ငံ့လင့်နေသည့် ကုမုဒြာကြာနှင့် ခိုင်းနှိုင်းဖွဲ့ဆိုထားသည်မှာ အံဝင်ခွင်ကျ လိုက်ဖက်မှု ရှိလှပါသည်။

စာဆိုနဝဒေး၏ အလွမ်းဘွဲ့များတွင် ချစ်သူမောင်စစ်မြေစခန်းတွင်ကြာညောင်း နေသည်ကို နှုတ်မှ ထုတ်ဖော်မပြောဘဲ အကြောင်းဘယ်သို့ရှိ၍ စစ်မြေစခန်းတွင် ကြာညောင်းနေကြောင်း ဖွင့်ဟ မမေးရက်ရှာသည့် မယ်လေး၏အဖြစ်ကို တွေးကာ သနား ကရုဏာ သက်မိကြောင်းကို 'တစိတ်စိတ်လျှင်' ချီ မိုးတောရတုတွင်

တထိတ်ထိတ်လျှင်၊ ခွေမြိတ်ဆံစ၊ ပြင်မပြတည့်၊ နှုတ်မှ ခြည်မွက်၊ မမြွက်သမ်းမဲ၊ နှလုံးထဲက၊ သူရဲသက်ဝေ၊ ကြင်ဆွေမျိုးရှည့်၊ ကြာမော၏ဟု၊ တသည်ဗျူဟာ၊ ရံခါမတင်၊ ဆံမျှင်မြူဖျား၊ ထိပ်နားမဝှန်၊ မပြန်မေ့တုံ့၊ မလျှံ့လှချင်၊ ဝမ်းတွင်မှတ်ထွေ၊ တည်းချုပ်နေ၍[၂]

ဟူ၍ရေးဖွဲ့ထားပါသည်။

စာဆိုနတ်ရှင်နောင်သည် မင်းညီမင်းသား စစ်သည်တော်ဖြစ်သည့်အားလျော်စွာ စစ်ချီထွက်ရသည်။ နေပြည်တော်တွင် ကျန်ခဲ့ရှာသော ချစ်သူမယ်လေးသည် စစ်မြေစခန်းမှ ချစ်သူမောင် ပြန်လာတော့မည်ဟု သတင်းကြားနေပါ သော်လည်း ချစ်သူမောင် ရောက်မလာခဲ့ပါ။ နေ့နေ့ညည မောင်ပြန်လာမည်ဟူသော အသိနှင့်

---

[၁] နတ်ရှင်နောင်၊ ၁၉၆၃၊ ၉၉။

[၂] နဝဒေး၊ ၁၉၆၄၊ ၁၄၅။

စောင့်မျှော်နေခဲ့ပါသည်။ မည်သည့်အကြောင်းကြောင့် ကြာမြင့်နေသည်ကို မမေးရက်ဘဲ လွမ်းဆွတ်နေရကြောင်းကို 'တပေါင်းကစင်' ချီ မိုးတောရတုတွင်

> နေ့ညရောက်လှာ၊ ကြားကာကြားပြန်၊ မမှန်တို့ဘူး၊ နွေဦးကို မျှ၊ နေ့ညမပြည့်၊ ထင်တုံလှည့်ရှင့်၊ ဘယ်သည့်ရေးရာ၊ စစ်မြေတာဝယ်၊ ကြောင်းချာရှိထွေ၊ မြင့်မောလေဟု၊ မင်းနေမှာသက်၊ မမေးရက်တည့်[၁]

ဟူ၍ရေးဖွဲ့ထားပါသည်။ ချစ်သူမောင်ကိုတမ်းတကာ အလွမ်းဝေဒနာ ခံစားနေရပါသော်လည်း သိုသိုသိပ်သိပ်ရှိလေဟန်၊ အလို မကျဟန်၊ အပြစ်တင်ဟန်တို့ဖြင့် မိန်းကလေးတို့၏ သဘာဝနှင့် ထင်ဟပ်ကာ အလွမ်းကို ပီပြင်အောင် ဖွဲ့ဆိုထားကြောင်း တွေ့ရပါသည်။

ရတုစာဆိုတို့၏ မိုးတောရတုများတွင် မိုးရာသီ၏ သဘာဝနောက်ခံဖြင့် အလွမ်းကို ဖော်ကျူး ဖွဲ့ဆိုထားကြောင်း တွေ့ရပါသည်။ မိုးသည် ဖော်ကွာဝေးသူအား အလွမ်းပိုအောင် ဖန်တီးတတ်သည်ကို သတိထားမိကြဟန်တူပါသည်။ ထို့ကြောင့် အလွမ်းခံစားချက်ကို ဖွဲ့ဆိုရာတွင်မိုးရာသီသဘာဝကို အလွမ်းနောက်ခံ ပန်းချီကားချပ်သဖွယ် ထည့်သွင်းဖွဲ့ဆိုထားသဖြင့် အလွမ်းဘွဲ့ကို ပို၍အားကောင်းလာစေပါသည်။

အလွမ်းနောက်ခံပန်းချီကားတစ်ချပ်အဖြစ် မိုးသရုပ်ကို ဦးစွာဖွဲ့ပြီးမှ ချစ်ဖော်ကွဲသူမယ်လေးမှာ အလွမ်းခံစားချက်ကြောင့် နွမ်းလျညှိုးခွေနေပုံ အလွမ်းသရုပ်ကို ဖော်ကျူးဖွဲ့ဆိုထားပါသည်။ 'ထစ်မြည်ရိုက်၍' ချီ မိုးတောရတုတွင်

> ထစ်မြည်ရိုက်၍၊ တိမ်တိုက်ဝန်းကျင်၊ ပတ်ကုန်းဆင်လျက်၊ ကောင်းကင် တရှည့်၊ စက်သွားပြည့်မူ၊ ခြိမ်းတည့်မည်၊ ပျံလည်းမစဲ၊ ဝဲကာခုန်တွေး၊ ဖွဲသေးမကျေ၊ စွေကြီးစွေ၍၊ ဝေဝေထပ်ဆင့်၊ ကြူးဇရင့်သော်၊ အုံးဖြင့်မှီမြဲ၊ နွဲ့လည်းမတတ်၊ ပျောင်းညွတ်ခွေခွေ၊ ဖြေ၍မရှင်၊ လက်ငင်ညှိုးငယ်၊ နွဲ့နွဲ့သွယ်ကို၊ နေဝယ်ချိန်သင့်၊ ပွင့်မည်လင့်သည်၊ ကြာနှင့်မတူ၊ လှည့် လေလော[၂]

ဟူ၍ဖွဲ့သီထားပါသည်။

ကောင်းကင်တစ်ခွင်လုံး မိုးသားတိမ်တိုက်တို့ဖြင့် ပြည့်နေပါသည်။ ပတ်ဝန်းကျင် တစ်ခုလုံး မိုးခြိမ်းသံတို့ဖြင့် ဆူညံလျက်ရှိပါသည်။ မိုးစက်မိုးပေါက်တို့ကလည်း

---

[၁] နတ်ရှင်နောင်၊ ၁၉၆၃၊ ၁၀၅–၁၀၆။

[၂] ၁နဝဒေး၊ ၁၉၆၄၊ ၁၃၂။

အဆက်မပြတ်ကျကာ အစွေကြီး စွေ၍ ရွာသွန်းနေပါသည်။ ဤသို့စွေ၍ ရွာနေသော မိုးကြောင့် ချစ်ဖော်ဝေးသူ မယ်လေးမှာ ဖြေမဆည်နိုင်အောင် လွမ်းဆွေးနေရပါသည်။ မီအုံးထက်တွင် ပျောင်းပျညွတ်ခွေလျက် ရှိနေပါသည်။ မယ်လေး၏ နွမ်းလျနေသော အသွင်ကို ပဒုမ္မာကြာပန်း၏ အသွင်နှင့် ပမာပြုကာဖွဲ့ဆိုထားပါသည်။ ပဒုမ္မာကြာပန်း ပွင့်လန်းရန် နေရောင်ခြည်ကို ငံ့လင့်ပုံနှင့် ချစ်သူမောင်ပြန်အလာကို စောင့်စားနေရသည့် မယ့်အဖြစ်ကို ခိုင်းနှိုင်းဖွဲ့ဆိုထားရာ မယ်လေး၏ အလွမ်းမှာ ပိုမိုပေါ်လွင်ထင်ရှားလာစေပါသည်။

စာဆိုနတ်ရှင်နောင်၏ မိုးတောရတုများတွင်လည်း ရာသီသဘာဝကို နောက်ခံပြုလျက် အလွမ်းကို ဖွဲ့ဆိုထားကြောင်းတွေ့ရပါသည်။ နွေနှောင်းလအခါတွင် ယုဂန္ဓိုရ်တောင်ဆီက မိုးသားမိုးတိမ်တို့ဖြင့် ဝေမှောင်အုံ့ပျကာ မိုးခြိမ်းသံတို့ဖြင့် ရင့်ရှူ ဟစ်ကြွေးလာပါသည်။ မိုးသံပေးရုံမက လေပြင်းကပါ ကြောက်မက်ဖွယ်ကောင်းအောင် တိုက်ခတ်လာပါသည်။ ဤသို့သော ရာသီသဘာဝ အခြေအနေတို့က ဖော်ကွာဝေးသူတို့အား သည်းအူပြတ်အောင် ကြေကွဲဝမ်းနည်းမှုကို ဖြစ်စေပါသည်။ နတ်ရှင်နောင်၏ 'ဆွတ်ပျံ့ဘွယ်အောင်'ချီ မိုးတောရတုတွင်

> ဆွတ်ပျံ့ဘွယ်အောင်၊ ယုဂန်တောင်က၊ ဝေမှောင်အုံ့ပျ၊ နွေ
> နှောင်းလကို၊ ခြိမ့်မျှသံလေး၊ ရင့်ရှူကြွေးက၊ နီးဝေးပတ်ကုံး၊
> တိုင်းအလုံးဝယ်၊ ညွတ်ရုံးကြာတူ၊ ဖော်နည်းသူတို့၊ သည်းအူ
> ပြတ်ခေါင်၊ ကြွေလွယ်အောင်လျှင်၊ လေဆောင်ပြင်းထန်၊
> ကြောက်ဖွယ်လွန်စွ[၁]

ဟူ၍ ရာသီသဘာဝ၏ ပံ့ပိုးထောက်ကူမှုကြောင့် ချစ်ဖော်ဝေးသူတို့၏ အလွမ်းမှာ ပိုမိုပေါ်လွင်လာကြောင်း တွေ့ရပါသည်။

စာဆိုနတ်ရှင်နောင်သည် နွေနှောင်းလ မိုးရွာသွန်းပုံကို နောက်ခံပြု၍ စစ်ထွက်မောင်ကို လွမ်းဆွတ်တမ်းတနေရသော မယ်လေး၏ အလွမ်းကို ဖွဲ့ဆိုထားကြောင်း တွေ့ရပါသည်။ 'နွေနှောင်းရက်လျှင်' ချီမိုးတောရတုတွင်

> ခွေပျောင်းလျက်ပင်၊ မပျော်ရွှင်တည့် မိခင်ထိန်းယ၊ ညီမဆွေ မျိုး၊
> သိခန့်စိုး၍ မညှိုးစေရ၊ မွတ်ချေမျက်နှာ၊ ကေသာဆီရွှမ်း၊
> ပူသည့်ဝမ်းကို၊ မနွမ်းစေအောင်၊ သာရပ်ဆောင်၍၊ တံ့ယောင်
> ချုပ်ဖြေ၊ နေစေခိုက်ကို၊ မည်းမိုက်အုံးပျ၊ မြောက်ရပ်ကလည်း၊

[၁] နတ်ရှင်နောင်၊ ၁၉၆၃၊ ၈၉။

> အစရိုက်ဆင့်၊ ကျူးလာရင့်၍၊ လေနှင့်မိုးပါ၊ ရွာလှာထပ်
> လောင်း[၁]

ဟူ၍ ဖွဲ့ဆိုထားပါသည်။ ရာသီသဘာဝနောက်ခံကြောင့် မယ်လေး၏ အလွမ်းမှာ ပိုမို ထင်ရှားပေါ်လွင်လာ ရပါသည်။ မပျော်နိုင်မရွှင်နိုင်ဘဲ လွမ်းမိုးစွေကာ ညှိုးခွေနေသည့် မိမိ၏အသွင်ကို မိခင်ဖခင်၊ အထိန်း အယ၊ ဆွေမျိုးများ မသိရလေအောင် ဟန်ဆောင် ကာနေခဲ့သည်။ မျက်နှာညှိုးနွမ်းမနေဘဲ မျက်နှာချေကို လိမ်းခြယ်ထားသည်။ ဆံကေသာကိုဆီလိမ်း၍ ဖီးသင်ထားသည်။ ထိုသို့ မိမိစိတ်ကို တည်ငြိမ်အောင် ထိန်းချုပ်ထားချိန်တွင် မြောက်အရပ်ဆီက လေရောမိုးပါ ရွာသွန်း တိုက်ခတ်လာသည် မှာ မိမိအား တမင် နှိပ်စက်လေသလားဟု ထင်မှားလာဟန်တို့ဖြင့် မိန်းကလေးတို့၏ သဘာဝကို ပေါ်လွင်အောင် ဖော်ကျူး ဖွဲ့ဆိုထားပါသည်။ ဖော်ကွာဝေးသူ၊ အလွမ်း ဓာတ်ခံရှိသူတို့၏ ခံစားချက်ကိုလည်း ပီပြင်အောင်ဖွဲ့ဆိုထားနိုင်ကြောင်း တွေ့ရပါ သည်။

ရံရွှေတော်တို့အလယ်တွင် ပြိုင်ဘက်ကင်းအောင် နတ်သမီးတမျှ လှပသော ချစ်သူမယ်လေး ပျော်စံရာ မင်းနေပြည်တော်တွင် မိုးရိပ်များဆင်နေတော့မည် ဖြစ် ကြောင်း ဖွဲ့ဆိုထားပါသည်။ ထိုအကြောင်းများကို နဝဒေး၏ 'ကြံ့ရှာမိချေ' ချီမိုးတော ရတုတွင်

> စံရာတိပေ၊ သော့ခါနွေဦ၊ မင်းနေကြငှန်း၊ လွတ်တုကျွန်းသား၊
> ပြင်စွန်းရဝေ၊ သည်းဖျားကြွေက၊ ဆော်လေဝန်းကြ၊ တောင်ပြန်
> ခသော်၊ ဖိုမခေါ်ညီ၊ ဖန်တီဖန်တွတ်၊ ဆွတ်လွတ်ရက်ယူ၊
> မြင်ဘိမူကား၊ သည်းအူကြွေလု၊ ရွှေတစ်စုတွင်၊ အတုမမြော်၊
> ဆင်းနတ်ကျော်၏၊ နေပျော်ရိုက်ရာ၊ တိုင်းအောင်ချာဝယ်၊ ထွေ
> လာလှူလှူ၊ ညောင်းနုရစ်လိပ်၊ ရွှေပြည်သိပ်သည်း၊ ညိုရိပ်မည်းစ၊
> စပ်လိမ့်မည်[၂]

ဟုဖွဲ့ဆိုထားပါသည်။ နွေရာသီ၏ အမှတ်လက္ခဏာများဖြစ်သော တောင်ပြန်လေ ကျေးငှက်မောင်နှံတို့၏ ကြည်နူးဖွယ်မြင်ကွင်း ရွက်နုကလေးများ မိုးသားမိုးတိမ် တို့ ဖြင့် သာယာကြည်နူးဖွယ် ရာသီသဘာဝ ရှုခင်းများကို ထည့်သွင်း ရေးဖွဲ့ထားရာ အလွမ်းဘွဲ့ကို ပို၍ ရုပ်လုံးကြွလာအောင် အထောက်အကူ ဖြစ်စေပါသည်။

---

[၁] နတ်ရှင်နောင်၊ ၁၉၆၃၊ ၁၂၀။

[၂] နဝဒေး၊ ၁၉၆၄၊ ၁၄၁။

စာဆိုနတ်ရှင်နောင်ကလည်း စစ်ခရီးတစ်လျှောက်တွင် တွေ့မြင်ရသော တောတောင်ရေမြေ သဘာဝရှုခင်းတို့၏ သာယာကြည်နူးဖွယ်အသွင်တို့ကလည်း ဖော်ကွာဝေးသူတို့အဖို့ အလွမ်းပိုစေ ကြောင်းကို 'ထစ်မြည်လိုမှု' ချီမိုးတောရတုတွင်

> မြစ်နားကမ်းခွင်၊ သဲပြင်တောတောင်၊ ပွင့်ယောင်လုလု၊ ရွက်နု
> လဲ့လဲ့၊ နွဲ့နွဲ့နှောင်းနှောင်း၊ ငှက်ပေါင်းကျူးသီ၊ သာမျိုးပြီက၊
> နွဲ့မှီယုယ၊ ကြင်ပေလှသည်၊ မွေးဘမယ့်ဆွေ၊ မမှာနေလည်း၊
> ဆယ်ထွေဆယ်ထပ်၊ စိတ်လပ်မလစ်၊ လွမ်းသည့်ဖြစ်နှင့်[၁]

ဟူ၍ဖွဲ့ဆိုထားပါသည်။ မြစ်ကမ်းတခွင် သဲသောင်ပြင်တွင် ကျေးငှက်တို့သည် သာယာကြည်နူးဖွယ် အသံလေးများဖြင့် တေးသီနေကြကာ တစ်ကောင်နှင့်တစ်ကောင် တယုတယ နွဲ့မှီနေကြသည်။ တောတောင်ဝန်းကျင်တွင်လည်း ပွင့်လုနီးနီး ပန်းဖူးပန်းငုံ ရွက်နုတို့ဖြင့် ကြည်နူးလွမ်းမောဖွယ်အသွင်ကို ဆောင်နေကြပါသည်။ ဤသို့ သာယာကြည်နူးမြင်ကွင်းတို့ကြောင့် မယ်လေးမှာ ချစ်သူမောင်အား ဆယ်ပြန်ဆယ်ဆတိုး၍ လွမ်းမောနေရှာသည်။

တောင်ငူခေတ်စာဆိုနဝဒေးနှင့် နတ်ရှင်နောင်တို့သည် မိုးတောရတုများတွင် မောင်မယ်တို့၏ အလွမ်းကို ဖွဲ့ဆိုရာ၌ သတ္တလောကရှိ ကျေးငှက်တို့၏ သာယာစွာ တွန်ကျူးသံကို နောက်ခံပြု၍လည်း ဖွဲ့ဆိုလေ့ရှိကြပါသည်။ စာဆိုနဝဒေးကြီး၏ မိုးတောရတုတွင် မယ်လေးက ချစ်သူမောင်အား သတိရ လွမ်းဆွတ်နေစဉ်တွင် ဗုဒ္ဓသရဏပန်းပင်ပေါ်မှ ပိန်ညှင်းငှက်ကလေးသည် သံရှည်ဆွဲကာ တွန်ကျူးလာ ကြောင်းဖြင့် ဖွဲ့ဆိုထားပါသည်။ ထိုသို့လေးလေးတွဲ့တွဲ့ တွန်ကျူးနေခြင်းသည် မယ်လေးအား အလွမ်းပို စေရန် တွန်ကျူးလာသည်ဟု တွေးထင်မိဟန်ကို 'မည်းဘိသည်လည်း မည်းဘိသည်' ချီ မိုးတောရတုတွင်

> ကြူးမြည်သီလေး၊ တခြေးခြေးလျှင်၊ လွမ်းရေးမယ့်တူ၊ လွမ်းစေ
> ဟူသို့၊ ရင့်ရှုထူးလည်၊ ကြူးမြောက်မြည်သော်၊ အမည်ဗုဒ္ဓ
> သရဏဟု၊ သာလှမည်ရင်း၊ ပန်းပင်မင်းဝယ်၊ ပိန်ညှင်းလည်း
> ကျူး၊ လေရှူး လည်းထန်၊ မိုးလည်းသွန်းသော်[၂]

ဟူ၍ ဖွဲ့ဆိုထားပါသည်။ မိမိမျက်စိရှေ့တွင် တွေ့မြင်ရသော မြင်ကွင်းသမျှသည် အလွမ်းဓာတ်ခံရှိသူတို့အဖို့ လွမ်းစရာဟုပင် တွေးတတ်မြင်တတ်ပုံ လူသဘာဝကို လည်း ဖော်ပြထားပါသည်။

---

[၁] နတ်ရှင်နောင်၊ ၁၉၆၃၊ ၁၁၇။
[၂] နဝဒေး၊ ၁၉၆၄၊ ၁၅၀။

စာဆိုနတ်ရှင်နောင်၏ မိုးတောရတုတွင်လည်း သတ္တလောက ဝန်းကျင်ကို နောက်ခံပြု၍ အလွမ်းကို ဖွဲ့ဆိုထားကြောင်းတွေ့ရပါသည်။ စစ်မြေပြင်ရောက်ချစ်သူ မောင်က နေပြည်တော်တွင် ကျန်ခဲ့သော မယ်လေးအား လွမ်းဆွတ်တမ်းတနေစဉ် ဥသြငှက်ကလေးသည် သာယာကြည်နူးဖွယ်အသံလေးဖြင့် တွန်ကျူးလာပါသည်။ ထိုကဲ့သို့ တွန်ကျူးနေခြင်းသည် မိမိအားအလွမ်းစိတ်ပိုအောင် ပြုနေသလောဟု တွေးမိပြန်ပါသည်။ ထိုအကြောင်းများကို 'အာကာသသွန်' ချီ မိုးတောရတုတွင်

> သို့လည်းအသက်၊ ကြင်ဘက်ကြင်သူ၊ အတူမစုံ၊ ဝေးတုံ၍
> မျှ၊ တသည်လည်းကောင်း၊ အပျောင်းအတိမ်း၊ အယိမ်းအခွေ၊
> ရှိလေစေဟု၊ ဝေကာမျှမော၊ လွမ်းညှိုးရောသို့၊ ဥသြဖော်ရှာ၊
> ချစ်သံသာနှင့်။ ။ နွဲ့လာသည်လည်း တရေးနိုး[၁]

ဟူ၍ ဖွဲ့ဆိုထားပါသည်။ တစ်ရေးနိုးကြားလိုက်ရသော ကြင်ဖော်ရှာနေသည့် ဥသြငှက်ငယ်၏ သာယာစွာ တွန်ကျူးသံကလေးကပင် မောင့်အား ဖော်ကွာဝေးသူချင်း လွမ်းဖော်လွမ်းဖက်ညှိုနေသလားဟု ထင်လာဟန် စိတ်ကူးဉာဏ် ကွန့်မြူးဖွဲ့သီထားကြောင်း တွေ့ရပါသည်။

ထို့ပြင် စာဆိုနတ်ရှင်နောင်သည် ဩကာသ လောကဝန်းကျင်ကို ဖွဲ့ရာတွင် တောတောင်ရဂုံအတွင်းရှိ သစ်ပင်ပန်းမန်တို့၏ ဖူးပွင့်နေဟန်တို့ကိုပါ အသေးစိတ်ဖွဲ့ဆိုလေ့ရှိကြောင်း တွေ့ရပါသည်။ တောမြိုင်တွင်းရှိ သစ်ပင်တိုင်တွင် ရွက်နုဖူးပုရစ်လေးများဖြင့် လှပစိမ်းစိုလျက် ရှိပါသည်။ မိုးရာသီဖြစ်၍ ပွင့်လုလုအဖူးအငုံ ကလေးများမှာ ဆန်ကွဲစေ့လေးများ ကြဲပက်ထားသကဲ့သို့ ရှိနေပါသည်။ အဖြူရောင်၊ အပြာရောင်၊ အဝါရောင် အဖူးအငုံသေးသေးလေးများကလည်း ပင်ယံဖျား ထက်တွင် အစီအရီနှင့်ပေါ်ထွက် နေကြပါသည်။ ရောင်စုံပန်းများဖူးပွင့်လျက် သာယာလှပသော တောမြိုင်ထဲတွင် ကျေးငှက်ကလေးများသည်လည်း အသိုက်တွင်းမှ ဘာသာဘာဝ အလျောက် သာယာနွဲ့နှောင်းသောအသံလေးများဖြင့် ဖိုမခေါ်ထူး ရွှင်မြူးလျက် ရှိနေကြပါသည်။ ဤကဲ့သို့သော သာယာကြည်နူးဖွယ် မြင်ကွင်းတို့ကို မြင်ရလေတိုင်း နေပြည်တော်တွင် ကျန်ရစ်ခဲ့သော မယ်လေးကို တမ်းတ လွမ်းမောမိပြန်ပါသည်။ မယ်လေးအနေဖြင့် ချစ်သူမောင်အားလွမ်းရသည့် အလွမ်းများက ဆင့်ကဲဆင့်ကဲပင် ဖြစ်နေရာတော့မည်ဟု တွေးတောခံစားမိကြောင်းကို 'တဆယ့်နှစ်ခွင်' ချီမိုးတောရတုတွင်

---

[၁] နတ်ရှင်နောင်၊ ၁၉၆၃၊ ၁၁၈။

> အလယ်ရစ်ဆင်၊ ရဂုံခွင်လည်း၊ ညိုခြင်ရွက်ချပ်၊ လှပ်လှပ်လှ
> တင့်၊ မြကုံးဆင့်သို့၊ နိမ့်မြင့်ပင်တိုင်း၊ ဆိုင်းဆိုင်းလူလူ၊ အဖြူ
> အပြာ၊ အဝါတချို့၊ မိုးပန်းတို့သည်၊ ခါသို့လိုက်ကြ၊ ငုံစ ဆန်ကွဲ၊
> ကြဲကာပေါ်ထွက်၊ ကျေးငှက် သိုက်တွင်း၊ လည်ချင်း တင်၍၊
> သာရွှင်ယှဉ်ဖော်၊ မနှင့်ပျော်လျက်၊ စိုက်ခေါ်သနား၊ ဝမ်းပါး
> ဖွယ်ပင်၊ လူ့အသွင်ကို၊ မြင်ရဘိမူ၊ ဇာတိ အောင်ချာ၊ ရွှေပြည်
> သာဌ်၊ ကလျာငါးရပ်၊ ခြောက်ပြစ်လပ်သား၊ ချည်းလျှပ် ညိုဝါ၊
> မွတ်ပြာလဲ့လဲ့၊ နွဲ့သည်တို့နှင့်၊ လွမ်းတာမြင်ခဲ့၊ ထပ်ဆင့်
> ညွှတ်ခွေ၊ သည်းလေလေနှင့်[၁]

ဟူ၍ဖွဲ့ဆိုထားပါသည်။ စာဆိုနတ်ရှင်နောင်သည် သတ္တလောကဝန်းကျင် ဩကာသလောကဝန်းကျင် တို့ကို နောက်ခံပြု၍ အလွမ်းဘွဲ့များ ဖွဲ့သီရာတွင် ရဂုံအတွင်းရှိ သစ်ပင်ပန်းမန်တို့က ရာသီအလိုက် အလှဆင်ကြပုံ၊ ကျေးငှက်သာရကာတို့ကလည်း ဖိုမတူစုံနွှဲပျော်နေပုံတို့ကို အသေးစိတ်ဖွဲ့ဆိုထားကြောင်း တွေ့ရပါသည်။ ထိုသို့သော သာယာကြည်နူးဖွယ် မြင်ကွင်းတို့ကြောင့် ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံ၍ အပြစ်ခြောက်ပါးကင်းအောင် လှပသော ချစ်သူမယ်လေးအား ပို၍ လွမ်းဆွတ်တမ်းတမိကြောင်း ဖွဲ့ဆိုထားပါသည်။

တောင်ငူခေတ်စာဆို ပြည်နဝဒေးကြီးနှင့် နတ်ရှင်နောင်တို့၏ မိုးတောရတုများမှ အလွမ်းဘွဲ့ များကို နှိုင်းယှဉ်လေ့လာရာတွင် စစ်ချီသွားသော ချစ်သူမောင်ကို စောင့်မျှော်ကာ လွမ်းနေရသော မယ်လေး၏အသွင်ကို နေရောင်ထိသောကြာ၊ ရေချမ်းနှင့်ဝေးသော ကြာပန်းနှင့်နှိုင်း၍ နွမ်းလျနေမည့်အကြောင်း တို့ဖြင့် နဝဒေးကြီး ဖွဲ့ဆိုထားကြောင်း တွေ့ရပါသည်။ ထို့ပြင်စစ်မြေပြင်တွင် ကြာညောင်းနေ၍ ချစ်သူမောင်ပြန်လာမှ ရွှင်လန်းရမည့် မယ်လေးအဖြစ်ကို နေရောင်ခြည်ရမှ ပွင့်လန်းရမည့် ပဒုမ္မာကြာပန်းနှင့်လည်း ပမာပြု၍ ဖွဲ့ဆိုထားကြောင်း တွေ့ရပါသည်။ ရာသီသဘာဝနှင့် ဩကာသ လောကဝန်းကျင်ကို နောက်ခံပြု၍လည်း အလွမ်းကိုဖွဲ့ဆိုထားကြောင်း တွေ့ရပါသည်။ ထူးခြားချက်အနေဖြင့် အလွမ်းဘွဲ့များတွင် သမားရိုးကျ ဥဩငှက်တွန်သံကိုသာ ဖွဲ့ဆိုလေ့ရှိရာ နဝဒေးကြီးသည် ဗုဒ္ဓသရဏပန်းပင်ပေါ်မှ ပိန်ညင်းငှက်၏ တွန်ကျူးသံနှင့်အလွမ်းကို ဖွဲ့ဆိုထားကြောင်း တွေ့ရပါသည်။

စာဆိုနတ်ရှင်နောင်သည်လည်း အလွမ်းဘွဲ့များ ဖွဲ့ဆိုရာတွင် ချစ်သူမောင်ပြန်အလာကို မျှော်လင့်စောင့်စားကာ လွမ်းနေရရှာသော မယ်လေး၏ အဖြစ်ကို

---

[၁] –ယင်း–၊ ၁၁၂။

လရောင်အား မျှော်လင့်စောင့်စား၍ ပွင့်လန်းရသော ကုမုဒြာကြာပန်းနှင့် နှိုင်းကာ ဖွဲ့ဆိုထားပါသည်။ ထို့ပြင် ချစ်သူမောင်စစ်မြေပြင်တွင် ကြာညောင်း နေရခြင်းမှာ အကြောင်းဘယ်သို့ရှိ၍ ကြာနေကြောင်း သိလိုသော်လည်း မမေးရက်ဘဲ မျိုသိပ်ကာ လွမ်းနေရကြောင်း ဖွဲ့ဆိုထားပါသည်။ ချစ်သူမောင်အား လွမ်းနေရသည့်အကြောင်းကို မိဘဆွေမျိုးများ မသိအောင် သိုသိပ်ဝှက်ကွယ်၍ လွမ်းနေသော မယ်လေး၏ အလွမ်းကိုလည်း ဖွဲ့သည်။ နွေနှောင်းရာသီ သဘာဝနှင့် ဩကာသလောက ဝန်းကျင်တို့ကို နောက်ခံပြု၍လည်း အလွမ်းကိုဖွဲ့သည်။ တောတောင် ဝန်းကျင်ကို ဖွဲ့ဆိုရာတွင် သစ်ပင်ပန်းမန်တို့၏ ဖူးပွင့်နေပုံ၊ ကျေးငှက်မောင်နှံတို့၏ ဘာသာဘာဝ အလျောက် ဖိုမသံပေးကာ ကြည်နူးလွမ်းဆွတ်ဖွယ် တွန်ကျူးနေပုံတို့ဖြင့် အသေးစိတ် ဖွဲ့ဆိုလေ့ရှိကြောင်း တွေ့ရပါသည်။ တောတောင်ရေမြေ သဘာဝပတ်ဝန်းကျင်တွင် သာယာကြည်နူးဖွယ်မြင်ကွင်းများကို တွေ့မြင်လေရတိုင်း ချစ်သူမောင်အား လွမ်းဆွတ်တမ်းတစိတ်တို့မှာ အခါမလပ် ဖြစ်ပေါ်လျက်ရှိကြောင်း တို့ဖြင့် ဖွဲ့ဆိုထားပါသည်။ မည်သို့ပင်ဆိုစေ စာဆိုနတ်ရှင်နောင်သည် မောင်အလွမ်းထက် မယ်အလွမ်းကို ပို၍အဆန်းတကြယ်ဖွဲ့ဆိုလေ့ရှိကြောင်းကိုတွေ့ရပါသည်။ အလွမ်းဘွဲ့များကိုဖွဲ့ရာတွင် မိန်းကလေးတို့၏ သဘာဝနှင့်ကိုက်ညီအောင် ဖွဲ့ဆိုနိုင်ခြင်း၊ ရာသီသဘာဝနှင့် ဩကာသလောက ဝန်းကျင်တို့ကို အသေးစိတ် ဖွဲ့ဆိုနိုင်ခြင်း၊ မိမိ၏အလွမ်းခံစားချက်များကို တစ်ပါးသူရင်ထဲသို့ ကူးစက်ခံစားလာရအောင် ဖွဲ့ဆိုနိုင်ခြင်းတို့ကြောင့် ရတုတံခွန်စိုက် စာဆိုအဖြစ် ထင်ရှားနေခြင်းဖြစ်ပါသည်။

### ၃၊၁၊၃။ အတွေးစိတ်ကူးများနှိုင်းယှဉ်လေ့လာချက်

တောင်ငူခေတ်စာဆို ပြည်နဝဒေးကြီးနှင့် နတ်ရှင်နောင်တို့၏ မိုးတောရတုများတွင် မောင်မယ်တို့၏ အချစ်၊ အလွမ်းဆိုင်ရာခံစားချက်နှင့် အတွေးစိတ်ကူးများကိုလည်း ထည့်သွင်း ဖွဲ့ဆိုထားကြောင်း လေ့လာတွေ့ မြင်နိုင်ပါသည်။

ချစ်မှုရေးရာနှင့်ပတ်သက်၍ ချစ်သူမောင်သည် မိမိအချစ်ခိုင်မြဲကြောင်းကို တစ်ဖက်သား ယုံကြည်လက်ခံလာအောင် ကျိန်တွယ် ပြောဆိုခဲ့ပါသော်လည်း ကတိသစ္စာမတည်သောကြောင့် ရင်နာရသော မယ်လေး၏ ခံစားချက်များ၊ အချစ်နှင့် ပတ်သက်၍ ယုံမှားသံသယအတွေးစိတ်များကို မိုးတောရတုများတွင် ထည့်သွင်း ဖွဲ့ဆိုထားပါသည်။ ထို့အပြင် နှစ်ကိုယ်တူ ချစ်ကြည်ဖြူခဲ့ပြီးမှ ချစ်သူမောင်က ရှောင်တိမ်း သွေဖည်ခဲ့သဖြင့် ခံစားရသော မယ်လေး၏ သောကဝေဒနာတို့ကို ဖွဲ့ဆိုထားကြောင်းလည်း တွေ့ရပါသည်။

နဝဒေးကြီး၏ မိုးတောရတုတွင် စကားမတည်သော ချစ်သူမောင်ကြောင့် မယ်လေး၏ ခံစားချက်အဖွဲ့များကို တွေ့ရပါသည်။ မောင်နှင့်မယ်တို့သည် စိတ်တူကိုယ်တူ ချစ်ကြည်ဖြူခဲ့ကြပါသည်။ ယခုအခါ မောင်က မယ်လေးအပေါ် ရေးက ပြောဆိုခဲ့သော ကတိစကားများ မတည်နိုင်ဘဲ လျစ်လျူရှုနေပါသည်။ မယ့်အပေါ် ထားရှိသော ချစ်ခြင်းမေတ္တာတို့မှာလည်း ယုတ်လျော့တွန့်တိုနေကြောင်း၊ မယ်လေး အနေဖြင့် အသည်းနှလုံးတို့ ကြေလုမတတ် ပူလောင်စွာ ခံစားနေရကြောင်းတို့ကို 'သန်တွင်းဝါလျှင်' ချီ မိုးတောရတုတွင်

> သည်လျာစိတ်တူ၊ မယ်တမူလည်း၊ လျစ်လျူတွန့်တို၊ မည်သို့
> စကား၊ မူထားချွတ်လွဲ၊ ရေးနှင့်ကွဲသော်၊ သည်းထဲပျောင်းပျ၊
> ပူမောလှ၏[၁]

ဟူ၍ ဖွဲ့ဆိုထားပါသည်။ ချစ်သူမောင်၏ကတိစကားမတည်မှု၊ မိမိအပေါ် လျစ်လျူရှုမှုတို့ကြောင့် ခံစားလာရသော မယ်လေး၏ ရင်နာဖွယ်ခံစားချက်တို့ကို တွေးမြင်လာရပါသည်။

စာဆို၏ 'မွန်းချက်ပရောင်' ချီ မိုးတောရတုတွင်

> ရာဇူသဘာ၊ ဘူမစိုးရန်၊ ထွတ်ဘုန်းသန်မူ၊ သွေလှန်ယောင်ယောင်၊
> ခွာရှောင်လိုလို၊ ဆိုမြွက်ဘိလေ၊ ရက်သောထွေကို၊ ကုဋေထောင်
> ရာ၊ နှစ်ရှည်ကြာလည်း၊ ဘယ်မှာမေ့ကျန်၊ ကြင်ဆလွန်ခဲ့[၂]

ဟူ၍ ဖွဲ့ဆိုထားပါသည်။ ဤအဖွဲ့တွင် တစ်ရာသောထီးဆောင်းမင်းတို့၏ အရှင်သခင် ဘုန်းတန်ခိုး ကြီးမြတ်လှသော ချစ်သူမောင်သည် မယ်လေးကို ချစ်မြတ်နိုးခဲ့ပါသည်။ သို့သော်ယခုအခါ မယ်လေးအား သွေဖည်လိုဟန်၊ ရှောင်လွှဲလိုဟန်များဖြင့် ချစ်သူမောင်က ရက်စက်သော စကားများဆိုခဲ့ပါသည်။ ထိုသို့သော စိမ်းကားသည့် စကားများကို မယ်လေးအနေဖြင့် နှစ်၊ လမည်မျှကြာမြင့်သော်လည်း မမေ့ ရက်နိုင်ပါ။ ချစ်သူမောင်အပေါ် စိတ်မနာနိုင်ဘဲ ချစ်ခင်ကြင်နာမှုများသာ တိုးပွားနေကြောင်းတို့ဖြင့် ချစ်သူစွန့်ခွာခြင်း ခံရရှာသောမယ်လေး၏ ရင်နင့်ဖွယ်ခံစားချက်ကို ပေါ်လွင်လာအောင် ဖွဲ့ဆိုထားကြောင်း တွေ့ရပါသည်။

စာဆိုနတ်ရှင်နောင်၏ မိုးတောရတုတွင် မိမိ၏အချစ်ခိုင်မြဲကြောင်း ကျိန်ဆိုရာ၌ အသစ်ထပ်မံ ကျိန်ဆိုစရာမလိုတော့ပါကြောင်း၊ ထိုသို့ကျိန်ဆိုပြီးနောက် မယ့်အပေါ်

---

[၁] ၁နဝဒေး၊ ၁၉၆၄၊ ၁၃၃။
[၂] –ယင်း–၊ ၁၃၈။

သစ္စာဖောက်ဖျက်နေပါကြောင်းတို့ဖြင့် ဖွဲ့ဆိုထားကြောင်း တွေ့ရသည်။ ထို့ကြောင့် မယ်လေးအနေဖြင့် ရင်နာဖွယ်ရာခံစားချက်များ တွေ့ကြုံခံစားနေရကြောင်းကို 'ဘဝင်ကပင်' ချီ မိုးတောရတုတွင်

> ဝမ်းတွင်မှတ်ချွေ၊ တိမ်မြုပ်နေရှင့်၊ ထွေထွေခခ၊ ပျပျသာ ညောင်း၊ ညှံ့ညှံ့ချောင်းနှင့်၊ ယုံကြောင်းမယ့်မှာ၊ သစ္စာမြွက်ဆို၊ ကျိန်မျိုးကိုလည်း၊ မြင့်မိုရ်နှင့်မျှ၊ နှိုင်းမကတည်း၊ မာဃမလွတ်၊ နတ်လည်းမကျန်၊ ဓိဋ္ဌာန်မြတ်နိုး၊ ရှိညွတ်ကျိုးသည်၊ ကျိန်မျိုး ဖွေနှည်၊ စင်တော့သည်[၁]

ဟူ၍ ဖွဲ့ဆိုထားပါသည်။ ချစ်သူမယ်လေးယုံအောင် အမျိုးမျိုးကျိန်ဆိုခဲ့သော်လည်း ကတိသစ္စာမတည် သော ချစ်သူမောင်ကြောင့် ရင်နာရသော မယ်လေး၏ ခံစားချက်ကို တွေ့မြင်လာရပါသည်။

တစ်ဖန် တောင်ငူခေတ်စာဆိုနတ်ရှင်နောင်၏ မိုးတောရတုတွင် စကားကြွယ်လွန်းသော ချစ်သူမောင်အပေါ် တွေးမြင်ခံစားရသော မယ်လေး၏ ခံစားချက်ကိုလည်း ဖွဲ့ဆိုခဲ့ပြန်သည်။ ချစ်သူမောင်၏ ပြောစကားများသည် မယ်လေးအတွက် ယုံမှားဖွယ်ဖြစ်စေခဲ့ကြောင်း ချစ်သူမောင်၏ ကတိစကား မတည်မှုနှင့် ဝေ့လည်လည် ပြုမူတတ်ပုံတို့သည် တန်ရူးလေနှင့်တူကြောင်း ဖွဲ့ဆိုခဲ့ပါသည်။ ထိုအကြောင်း များကို 'ပြဆန်းမဆင်'ချီ မိုးတောရတုတွင်

> ယုံမှယုံမှား၊ တစ်ပါးအမှတ်၊ တွေးချွတ်ပေတောင်း၊ သူနှင့်ပေါင်း၍၊ နွှေနှောင်းလမှ၊ တောင်က တောင်မြောက်၊ ရှေ့နောက်ထောင့်ယွန်း၊ မည်မှန်းမမြင်၊ မထင်တပ်တပ်၊ ရှစ်ရပ်လည်ကွေ့၊ ဆိုသရွေ့မူ၊ ဘယ်ဝေ့ညာကူး၊ ပုံမထူးသည်၊ တန်ရူးလေနှင့် လျော့တော့၏[၂]

ဟူ၍ဖွဲ့ဆိုထားပါသည်။ ကတိသစ္စာမတည်သော ချစ်သူမောင်၏ အပြုအမူနှင့် စိတ်သဘောထားအပေါ် တွေ့မြင်ခံစားရသော မယ်လေး၏ ခံစားချက်နှင့် အတွေးစိတ်ကူးတို့ကို တွေ့မြင်လာရပါသည်။

---

[၁] နတ်ရှင်နောင်၊ ၁၉၆၃၊ ၁၀၂။

[၂] -ယင်း-၊ ၁၀၇။

ချစ်သူမောင်အနေဖြင့် ချစ်သူများစွာရှိနေခြင်းသည် မယ့်အပေါ် အတည်တကျ ချစ်ရာမရောက်သောကြောင့် ချစ်သူမောင်သည် တည်ကြည်မှန်ကန်သော စကားကိုသာ ဆိုသင့်ကြောင်း 'မည်းမျှ ဆင်သည်' ချီ မိုးတောရတုတွင်

> နည်းမှုကြင်သည်၊ များလျှင်ချစ်တည်၊ မကျမည်ကြောင့်၊ လွမ်း
> သည် ဝိုးဝါး၊ စကားမလွင့်၊ နေစတင့်ရှင့်[၁]

ဟူ၍ ဖွဲ့ဆိုထားပါသည်။ ကတိသစ္စာမတည်သော ချစ်သူမောင်၏ အပြုအမူနှင့် စိတ်သဘောထားအပေါ် တွေ့မြင်ခံစားရသော မယ်လေး၏ ခံစားချက်နှင့် အတွေးစိတ်ကူးတို့ကို တွေ့မြင်လာရပါသည်။

တစ်ဖန်ချစ်သူမောင်သည် မယ်လေးအပြင် အခြားတစ်ယောက်ကို အသက်ချင်းလှယ်၍ ချစ်မြတ်နိုးနေပြန်ပါသည်။ မယ်လေး၏စိတ်က မယုံကြည်ဝံ့ကြောင်းကို 'မည်းမျှဆင်သည်' ချီ မိုးတောရတုတွင်

> သူနှင့်သူနှယ်၊ သက်လှယ်မတတ်၊ ကြည်ညွတ်သည်ဖြစ်၊ ကြာ
> လစ်ကာကာ၊ မယ့်မှာတစ်ချို့၊ သူသို့ရောက်ပြန်၊ မကန်မြေမိုး၊
> ဆိုစမျိုးထက်၊ နန်းရိုးရွှယ်ပျို၊ လွန်၍ဆိုလည်း၊ စိတ်ကိုကြွင်းမဲ့၊
> သိလေခဲ့သို့၊ ခြိမ်းဖွဲ့ ယုံဘွယ်၊ မယ့်ဝေဝေးစေ[၂]

ဟူ၍ ဖွဲ့ဆိုထားပါသည်။ ကတိသစ္စာမတည်သော ချစ်သူမောင်အား ခြိမ်း၍မရွာသော မိုးနှင့် ဥပမာသဘော တင်စားကာ ဖွဲ့ဆိုထားသည်။ ကတိစကား မတည်သော ချစ်သူမောင်ကြောင့် ခံစားရသောမယ်လေး၏ ခံစားချက်နှင့် အတွေးစိတ်ကူးများကို ပေါ်လွင်စွာ တွေ့မြင်လာရပါသည်။

နဝဒေး၏မိုးတောရတုတွင် ချစ်သူမောင်သည် နောင်သောအခါ ဘုရင်မင်းမြတ်၏ အားထားရသော အမတ်စစ်သူကြီး ဖြစ်လာလျှင် မိမိအပေါ် အချစ်မတည်၊ ကတိသစ္စာသွေဖည်သွားမည်ကို မယ်လေးအနေဖြင့် တွေးတောပူပန်နေရကြောင်း ဖွဲ့ဆိုထားပါသည်။ ထိုအကြောင်းကို စာဆို၏ 'မည်းဘိသည်လည်း မည်းဘိသည်' ချီ မိုးတောရတုတွင်

> ဘုန်းသန်မင်းရှေ့၊ ရဲလေ့စင်စစ်၊ မတ်ကြီးဖြစ်လျှင်၊ အချစ်
> မတည်၊ လည်တို့အံ့ဟု၊ တစုဘောလယ်၊ မယ်အောက်မေ့သော်[၃]

---

[၁] နတ်ရှင်နောင်၊ ၁၉၆၃၊ ၉၇။

[၂] -ယင်း-။

[၃] နဝဒေး၊ ၁၉၆၄၊ ၁၅၀။

ဟူ၍ ဖွဲ့ဆိုထားပါသည်။ မယ်လေးအနေဖြင့် ချစ်သူမောင်သည် အမတ်စစ်သူကြီး ဖြစ်လျှင် ကတိသစ္စာ မတည်သွေဖည်တော့မည်ဟု တွေးတောပူပန်ရသော ခံစားချက်ကို တွေ့မြင်နိုင်ပါသည်။

စာဆိုနတ်ရှင်နောင်၏ မိုးတောရတုတွင်လည်း ချစ်သူမောင်သည် ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်းတွင် ရှေးဘိုးလောင်းတော်၊ ဘေးလောင်းတော်တို့ကဲ့သို့ ဘိသိက်ခံမြောက်၍ မင်းအဖြစ်သို့ရောက်လျှင် မိမိအပေါ်အချစ်မတည် ကတိသစ္စာပျက်ယွင်းမည်ကို စိုးရိမ်သောကဖြစ်နေသော မယ်လေး၏ ခံစားချက်ကို ဖွဲ့ဆိုထားပါသည်။ စာဆို၏ "လွမ်းလုရာတွင်" ချီ မိုးတောရတုတွင်

> သောင်းခွင်လက်ျာ၊ ကျွန်းအောင်ချာဝယ်၊ စကြာရဟတ်၊ လေးမည်ပတ်သား၊ မန္တတ်တွင်မော၊ ဘေးလောင်းစောသို့၊ မုနောခံမြောက်၊ ဘိသိက်မြောက်၍၊ ကွန်းပြောက်သဘင်၊ ဘုံသာခွင်ဝယ်၊ ရွက်ရှင်လစ်တွန်း၊ ထောင်နေထွန်းသို့၊ ဖြန့်ဝန်းရိပ်ဖြူ၊ စံတော်မူက၊ နှစ်ဟူပေသင့်၊ လွမ်းရက်မြင့်ခဲ့[၁]

ဟူ၍ ဖွဲ့ဆိုထားပါသည်။ ချစ်သူမောင်သည် ဘုန်းတန်ခိုးကြီးမြတ်သော မင်းအဖြစ်သို့ ရောက်လျှင် မယ်လေးအပေါ် အချစ်မတည်၊ သစ္စာသွေဖည်မည်ကို စိုးရိမ်ပူပန်နေသော မယ်လေး၏ ခံစားချက်ကို တွေ့မြင်လာရပါသည်။

စာဆိုတို့သည် ခံစားချက်အတွေးစိတ်ကူးများကို ဖွဲ့ဆိုရာတွင် မိမိတို့၏ ဘဝပတ်ဝန်းကျင် အခြေအနေ အဆင့်အတန်းများ မတူညီသောကြောင့် ဖွဲ့ဆိုသောအကြောင်းအရာတူသော်လည်း ဖွဲ့နွဲ့ တင်ပြပုံချင်း၊ ကွဲပြားမှုရှိကြောင်း မိုးတောရတုများတွင် တွေ့နိုင်ပါသည်။

နဝဒေး၏ မိုးတောရတုတွင် ခံစားမှုနှင့်ယှဉ်သော အတွေးစိတ်ကူးများကို ဖွဲ့ဆိုထားကြောင်း တွေ့ရပါသည်။ စစ်မြေပြင်တွင် ကြာညောင်းနေသောကြောင့် အင်းဝနေပြည်တော်၌ ကျန်ခဲ့ရှာသော ချစ်သူမယ်လေးထံ အလျင်အမြန်ရောက်လိုလှကြောင်း စာဆို၏ ခံစားချက်အတွေးစိတ်ကူးကို "မည်းလေခွလေ"ချီ မိုးတောရတုတွင်

> သဘောငှက်တူ၊ ပျံတတ်မူက၊ တွေးယူမခွ၊ ရောက်ချင်လှ၏[၂]

---

[၁] နတ်ရှင်နောင်၊ ၁၉၆၃၊ ၁၀၃။

[၂] နဝဒေး၊ ၁၉၆၄၊ ၁၄၈။

ဟူ၍ ဖွဲ့ဆိုထားပါသည်။ ထိုသို့ဖွဲ့ဆိုထားရာ ချစ်သူမယ်လေးအား တွေ့မြင်လိုသော ဆန္ဒပြင်းပြနေသည့် စာဆို၏ အတွေးစိတ်ကူးနှင့် ခံစားချက်မှာ ပိုမိုလေးနက်လာစေပါသည်။

စာဆိုနတ်ရှင်နောင်၏ မိုးတောရတုတွင်မူ ချစ်သူမယ်လေးထံ ငှက်ကလေး သဖွယ် ပျံသန်းသွား ရောက်လိုသော အဖွဲ့မျိုးကို မတွေ့ရပေ။

စာဆိုစစ်သည်မောင်သည် မင်းမှုရေးရာများကြောင့် စစ်မြေပြင်တွင် နေရသော်လည်း စိတ်အစဉ်မှာမူ နေပြည်တော်တွင် ကျန်ရစ်ခဲ့ရှာသော ချစ်သူမယ်လေးထံပါး တွင်သာ တဝဲလည်လည် ရှိနေခဲ့ပါသည်။ ချစ်သူမယ်လေးအား ဖူးတွေ့ချင်ပါသော်လည်း အခွင့်မသာခဲ့ပေ။ ချစ်သူအားလွမ်းသည့်စိတ်ကြောင့် စစ်ထွက် ချစ်သူမောင် အနေဖြင့် မိမိအိပ်စက်ရာ အနီးအပါးတွင် ချစ်သူမယ်လေးရှိနေသယောင် ထင်မှတ်နေမိပါသည်။ ထိုသို့ခံစားချက်နှင့်ယှဉ်သော အတွေးစိတ်ကူးများ ဖြစ်ပေါ်နေပုံကို “တာရက်လကို” ချီ မိုးတောရတုတွင်

> ဆက်ဆက်တိုင်းပင်၊ လွန်၍ကြင်သည်၊ ဖူးချင်နေ့ည၊ မွတ်မွတ်
> လုကို၊ ဆံမျှမတဲ့၊ လွမ်းညွန့်ထပ်ရစ်၊ စစ်တပ်မြေတာ၊ ရပ်ရာ
> ထူးခြား၊ ဝေးလေငြားလည်း၊ စက်ပါးတွင်ပင်၊ ထင်တုံရေးရေး၊
> ချစ်စိတ်ပြေးသည်၊ မဝေးရှုမြော်မိ၏သို့[၁]

ဟူ၍ ဖွဲ့ဆိုထားပါသည်။

ရာသီဥတု သာယာသော မိုးနှောင်းလရာသီတွင် စစ်ချီရမြဲ ဖြစ်သော်လည်း ချစ်သူမောင် စစ်ချီသွားသောအချိန်သည် မြောက်လေဖျန်း၍ အေးချမ်းသော အချိန်၊ ဝသန်မိုးကြွင်းကလည်း အငြိုးနှင့်ရွာသွန်း နေချိန်လည်းဖြစ်ပါသည်။ ထိုအခြေအနေ မျိုးတွင် ချစ်သူနှင့်ဝေးကွာနေသော စစ်သည်မောင်မှာ အချမ်းဒဏ်ရော အလွမ်းဒဏ် ကိုပါ တစ်ကိုယ်တည်း ခံစားနေရပါသည်။ ချစ်သူမယ်လေး၏ အမှာစကားများကို လည်း ပြန်လည် ကြားယောင်နေမိပါသည်။ လေယူရာ ရစ်ဝဲမျောပါနေသော တိမ်မျှင် ကလေးများကဲ့သို့ပင် ချစ်သူမယ်လေး၏ အမှာစကားသံများသည်လည်း စစ်သည် မောင်၏နားတွင် အထပ်ထပ် ပြန်လည် ကြားယောင်ကာ နေမိပါကြောင်း တို့ကို ဖွဲ့ဆိုထားပါသည်။ စာဆို၏ “စက်ခြည်လျှံဝေ” ချီ မိုးတောရတုတွင်

> မြောက်လေဖြည်းပျ၊ ရွာသွန်းချသော်၊ ကိုယ်ပကိုယ်တွင်း၊
> တချင်းတည်းသာ၊ ချမ်းသောခါ၌၊ ဘယ်ညာလပ်ခဲ့၊ စက်ဖော်

---

[၁] နတ်ရှင်နောင်၊ ၁၉၆၃၊ ၁၂၁။

> မဲ့၍၊ ချောနွဲ့ရောင်မြွေ၊ မှာသရွေ့ကို၊ ရစ်ဝေ့တိမ်နှယ်၊ အသွယ်
> သွယ်သည်၊ လွမ်းဘွယ်ကိုသာဖွေတော့သည်[၁]

ဟူ၍ဖွဲ့ဆိုထားပါသည်။ အချစ်၊ အလွမ်း တို့ကို အခြေခံ၍ ဖြစ်ပေါ်လာသော ခံစားချက်အတွေးစိတ်ကူးများကို ဖွဲ့ဆိုတင်ပြရာတွင် စာဆို နတ်ရှင်နောင်သည် တစ်ပါးသူရင်ထဲသို့ ကူးစက်ခံစားလာအောင် ဖွဲ့ဆိုနိုင်စွမ်းရှိကြောင်း လေ့လာတွေ့ မြင်ရပါသည်။

## ခြုံငုံသုံးသပ်ချက်

ပြည်နဝဒေးနှင့်နတ်ရှင်တို့၏ မိုးတောရတုများမှ အချစ်၊ အလွမ်း၊ အတွေး စိတ်ကူးများကို နှိုင်းယှဉ်လေ့လာ တင်ပြခဲ့ပါသည်။ စာဆို (၂)ဦး၏ အချစ်ဘွဲ့များကို နှိုင်းယှဉ်လေ့လာရာတွင် နဝဒေးသည် ချစ်သူ မိန်းကလေးနှင့် စတင်တွေ့ဆုံသော အချိန်၊ နေရာနှင့် မယ်လေး၏ အသက်အရွယ်၊ ငယ်ရွယ်နုပျို၍ လှသွေးကြွယ်ပုံတို့ကို အသေးစိတ်ဖွဲ့ဆိုထားကြောင်း တွေ့ရပါသည်။ စာဆိုနတ်ရှင်နောင်၏ အချစ်ဘွဲ့တွင် ချစ်သူမိန်းကလေး၏ မျိုးရိုးမြင့်မြတ်ပုံ၊ ဘုန်းကျက်သရေနှင့်ပြည့်စုံ၍ စိတ်သဘော ထား တည်ကြည်သူဖြစ်ကြောင်းတို့ကို ဖွဲ့ဆိုထားကြောင်း တွေ့ရပါသည်။ နဝဒေးကြီး ကဲ့သို့ ချစ်သူနှင့် စတင် တွေ့ဆုံရသော အချိန်နေရာတို့ကိုမူ ထည့်သွင်းဖွဲ့ဆိုထား ကြောင်း မတွေ့ရပေ။ ချစ်သူမယ်လေးနှင့် ချစ်ကြိုက်ခွင့်ရခြင်းသည် ရှေးက ပေးလှူခဲ့ ဖူးသော အလှူဒါနရေစက်ကြောင့် ဖြစ်ကြောင်းကို စာဆို(၂)ဦး စလုံးဖွဲ့ဆိုထားသည် ကို တွေ့ရပါသည်။

တစ်ဖန် အလွမ်းဘွဲ့များကို နှိုင်းယှဉ်လေ့လာရာတွင် မိုးတောရတုများဖြစ်သည့် အားလျော်စွာ မိုးရာသီသဘာဝကို နောက်ခံထား၍ အလွမ်းကို ရုပ်လုံးကြွလာအောင် စာဆို(၂)ဦးလုံး ဖွဲ့ဆိုထားကြောင်း တွေ့ရပါသည်။ နဝဒေးကြီး၏ အလွမ်းဘွဲ့များတွင် ချစ်သူမောင်ကို မျှော်လင့်စောင့်စားကာ လွမ်းနေသော မယ်လေး၏ အလွမ်းကို နေထိ ကြာ၊ ရေဝေးကြာပန်းတို့နှင့် ဥပမာခိုင်းနှိုင်းဖွဲ့ဆိုထားကြောင်း တွေ့ရပါသည်။ စာဆို နတ်ရှင်နောင်ကမူ လရောင်ဆမ်းမှပွင့်လန်းရမည့် ကုမုဒြာကြာပန်းနှင့်နှိုင်း၍ ဖွဲ့ဆိုထား ရာ အတွေးဆန်းသစ်၍ စကားအသုံးအနှုန်း နုနွဲ့သောကြောင့် အကြောင်းအရာနှင့် လိုက်ဖက်ကြောင်း တွေ့ရပါသည်။ မိဘဆွေမျိုးများမသိအောင် အပူရုပ်ကို ဟန်လုပ် ဖုံးကွယ်ကာ လွမ်းရသော မယ်လေး၏ အလွမ်းကို မိန်းကလေးတို့၏ သဘာဝနှင့်

[၁] နတ်ရှင်နောင်၊ ၁၉၆၃၊ ၁၁၁။

ကိုက်ညီအောင် ဖွဲ့ထားကြောင်း စာဆို(၂)ဦးလုံး၏ မိုးတောရတု များတွင် တွေ့ရပါသည်။

ပြည်နဝဒေးနှင့်နတ်ရှင်နောင်တို့၏ မိုးတောရတုများတွင် အလွမ်းကို ဖွဲ့ဆိုရာ၌ သာယာမှုအပေါင်းနှင့် ပြည့်စုံနေသော ဩကာသလောကဝန်းကျင်၊ သတ္တလောကဝန်းကျင် သဘာဝတို့ကို နောက်ခံပြု၍ အသေးစိတ်ဖွဲ့ဆိုထားကြောင်း တွေ့ရပါသည်။ သတ္တလောကဝန်းကျင်သာယာပုံတို့ကို နောက်ခံပြု၍ အသေးစိတ်ဖွဲ့ဆိုထားကြောင်း တွေ့ရပါသည်။ သတ္တလောကဝန်းကျင်သာယာပုံကို နတ်ရှင်နောင်က နဝဒေးကြီးထက်ပို၍ အသေးစိတ်ဖွဲ့ဆိုနိုင်ကြောင်း တွေ့ရသည်။ နဝဒေးကြီးသည် အလွမ်းကိုဖွဲ့ဆိုရာတွင် ဗုဒ္ဓသရဏပန်းပင်ပေါ်မှ ပိန်းညှင်းငှက်ကလေး၏ သံရှည်ဆွဲတွန်ကျူးလာပုံကို အတွေးစိတ်ကူး ဆန်းသစ်စွာ ဖွဲ့ဆိုထားကြောင်း တွေ့ရပါသည်။

စာဆိုတို့၏ မိုးတောရတုများတွင် မောင်မယ်တို့၏ အချစ်၊ အလွမ်းတို့ပေါ်၌ အခြေခံ၍ ဖြစ်ပေါ်လာသောခံစားချက် စိတ်ကူးများကိုလည်း နှိုင်းယှဉ်လေ့လာ တင်ပြခဲ့ပါသည်။ နဝဒေးကြီး၏ မိုးတောရတုတွင် ချစ်သူမောင်သည် ဘုရင်မင်းမြတ်၏ အားကိုးရသော အမတ်စစ်သူကြီးအဖြစ်သို့ ရောက်လျှင် မယ်လေးအား သစ္စာသွေဖည် မေ့ကျန်မည်ကို စိုးရိမ်ပူပန်မိကြောင်း ဖွဲ့ဆိုထားပါသည်။ နတ်ရှင်နောင်ကမူ မင်းပျိုမင်းလွင် စစ်သည်စာဆိုဖြစ်သည့်အားလျော်စွာ ရှေးဘေးလောင်းတော်များ ကဲ့သို့ ဘုန်းတန်ခိုး ကြီးမြတ်သော မင်းအဖြစ်ရောက်လျှင် မိမိအားသစ္စာသွေဖည် မေ့ကျန်မည်ကို စိုးရိမ်ပူပန်မိကြောင်း ဖွဲ့ဆိုထားပါသည်။ ထို့ကြောင့် စာဆိုတို့၏ ဘဝအခြေအနေ မတူသည့်အလျောက် ရေးဖွဲ့သောအကြောင်း အရာတူသော်လည်း တင်ပြဖွဲ့ဆိုပုံကွဲပြားကြောင်းတွေ့ရပါသည်။ ကတိစကားမတည်သော ချစ်သူမောင်ကြောင့် ရင်နာဖွယ် ခံစားရသော မယ်လေး၏ ခံစားချက်များကိုလည်း စာဆို(၂)ဦးစလုံး ဖွဲ့ဆိုထားကြောင်း တွေ့ရသည်။

ပြည်နဝဒေးနှင့် နတ်ရှင်နောင်တို့၏ မိုးတောရတုများတွင် မယ်လေး၏ ခံစားချက်သာမက စစ်သည်စာဆိုတို့၏ အတွေးခံစားချက် အတွေးစိတ်ကူးများကိုလည်း ဖွဲ့ဆိုထားကြောင်းတွေ့ရပါသည်။ နဝဒေးကြီး၏ မိုးတောရတုတွင် စစ်မြေပြင်ရောက်ချစ်သူမောင်က နေပြည်တော်တွင် ကျန်ခဲ့ရှာသော ချစ်သူမယ်လေးထံ ငှက်ကလေးသဖွယ် ပျံသန်းသွားရောက်လိုကြောင်း ဖွဲ့ဆိုထားပါသည်။ နတ်ရှင်နောင်၏ မိုးတောရတုတွင်မူ ထိုအဖွဲ့မျိုးကို မတွေ့ရပေ။ သို့သော် စစ်မြေပြင်ရောက် ချစ်သူမောင်သည် မယ်လေး၏ အမှာစကားများကို အဖန်တလဲလဲ ကြားယောင်မိပုံ၊ ချစ်သူမယ်လေး မိမိအနီးတွင် ရှိနေသယောင် ခံစားနေပုံတို့ဖြင့် အလွမ်းခံစားချက်နှင့် ယှဉ်သော အတွေးစိတ်ကူးများကို ဖွဲ့ဆိုထားကြောင်း တွေ့ရပါသည်။

အချုပ်အားဖြင့်ဆိုရသော် ရတုစာပေခေတ်ကြီးကို ဦးဆောင်ဦးရွက်ပြုသူ စာဆို နဝဒေးကြီးနှင့် ရတုလမ်းကြောင်းကို ဖြောင့်ဖြူးအောင် ကြိုးပမ်းခဲ့သူ စာဆိုနတ်ရှင်နောင်တို့၏ မိုးတောရတုများမှ အချစ်၊ အလွမ်း၊ အတွေးစိတ်ကူးဘွဲ့များကို နှိုင်းယှဉ်လေ့လာ တင်ပြခဲ့ပါသည်။ ထိုသို့လေ့လာရာတွင် အကြံတူ နောက်လူကောင်းစမြဲ ဆိုသည့် စကားအတိုင်း စာဆိုနတ်ရှင်နောင်က နဝဒေး၏ အတွေးစိတ်ကူးများကို နည်းမှီ၍ ဆန်းသစ်သော အတွေးစိတ်ကူး ကဗျာဉာဏ်ရည်တို့ဖြင့် ထုံမွမ်းဖွဲ့သီလိုက်ရာ ဂန္ထဝင်ကဗျာအဖြစ် မြန်မာစာပေသမိုင်းတွင် ယနေ့တိုင် ရပ်တည်နိုင်ခြင်းဖြစ်သည်ဟု ယုံကြည်မိပါသည်။

## နိဂုံး

တောင်ငူခေတ်စာဆို ပြည်နဝဒေးနှင့် နတ်ရှင်နောင်တို့၏ မိုးတောရတုများကို နှိုင်းယှဉ်လေ့လာခြင်းဖြင့် အချစ်၊ အလွမ်းတို့ပေါ်တွင် အခြေခံ၍ ဖြစ်တည်လာသော စာဆိုတို့၏ အတွေးစိတ်ကူးခံစားချက် အဖွဲ့အနွဲ့စွမ်းရည်တို့ကို လေးစားဖွယ်တွေ့မြင်ရပါသည်။ ရတုစာပေခေတ်ကြီးကို ဦးဆောင်ဦးရွက်ပြုသူ နဝဒေးကြီးနှင့် ရတုစာပေလမ်းကြောင်းကို ချောမွေ့ဖြောင့်ဖြူးအောင် ကြိုးပမ်းခဲ့သူ နတ်ရှင်နောင်တို့၏ ကြိုးပမ်းမှုများမှာ ယနေ့တိုင် ဂန္ထဝင်စာပေလောကကို အကျိုးပြုလျက်ရှိသည်ဟု ဆိုချင်ပါသည်။ ထို့ကြောင့် စာဆိုကြီး(၂)ပါး၏ စာပေအမွေကို နှောင်းလူတို့က လက်ဆင့်ကမ်း ထိန်းသိမ်းကြရမည် ဖြစ်ပါသည်။

# ကျမ်းကိုးစာရင်း


ကျော်ရင်၊ ဦး(ပုပ္ပား)။ (မ–၁၃၂၁)။ ***ကဝိဘာရတီကျမ်း (ပ–တွဲ)။*** ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

ချမ်းမြ၊ ဦး(တည်းဖြတ်)။ (၁၉၆၃)။ ***နတ်ရှင်နောင်ဆိုရတုများ။*** မန္တလေး၊ တက်နေလင်းပုံနှိပ်တိုက်။

နဝဒေး။ (၁၉၆၄)။ ***နဝဒေးရတုပေါင်းချုပ်။*** ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

ပညာရှိများ။ (၁၉၉၃)။ ***မှန်နန်းမဟာရာဇဝင်တော်ကြီး(တ–တွဲ)၊ (ပဌမအကြိမ်)။*** ရန်ကုန်၊ မြန်မာ့အလင်း သတင်းစာတိုက်နှင့် ဂါဒီယန်သတင်းစာတိုက်။

ဖေမောင်တင်၊ ဦး။ (၁၉၅၈)။ ***မြန်မာစာပေသမိုင်း။*** ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်။

ဘာသာပြန်စာပေအသင်း။ (၁၉၇၁)။ ***မြန်မာ့စွယ်စုံကျမ်း(အတွဲ–၁၀)။*** ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

မိမိလေး၊ ဒေါ်။ (၂၀၀၃)။ ***အမျိုးသမီးစာဆိုလောကနှင့် ဘဝကြေးမုံ။*** ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၀၈)။ ***မြန်မာအဘိဓာန်(၃–ကြိမ်)။*** ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်။

လွန်း၊ ဆရာ(သခင်ကိုယ်တော်မှိုင်း)။ (၁၉၅၅)။ ***ကဗျာသာရတ္ထသင်္ဂြိုဟ်။*** ရန်ကုန်၊ ရန်အောင်မင်္ဂလာပုံနှိပ်တိုက်။

လှသော၊ ဒေါက်တာ။ (၂၀၀၂)။ ***မြန်မာစာပေညွှန်ခံစာတမ်း။*** ရန်ကုန်၊ ဒေါင်းစာပေ။

သုတ၊ မောင်။ (၂၀၀၂)။ ***စာဆိုတော်များအတ္ထုပ္ပတ္တိ(၃–ကြိမ်)။*** ရန်ကုန်၊ ရာပြည့်ပုံနှိပ်တိုက်။

အချိန်ကာလကြာသောအခါ မယ်လေးထံ တစ်ဖန်ရောက်ရှိလာပြန်သည်။ ထို့ကြောင့် ချစ်သူမောင်အနေဖြင့် မယ်လေးယုံကြည်လောက်အောင် မည်သို့ပင်ပြောဆိုစေကာမူ မောင့်စိတ် ကို အကြွင်းမဲ့သိနေခဲ့ပြီးဖြစ်ပါသည်။

# ပြည်နဝဒေးနှင့်နတ်ရှင်နောင်တို့၏ မိုးတောရတုများမှ အချစ်၊ အလွမ်း၊ အတွေးစိတ်ကူးများ နှိုင်းယှဉ်လေ့လာချက်

## မာတိကာ


အခန်း အကြောင်းအရာ
စာမျက်နှာ

စာတမ်းအကျဉ်း

နိဒါန်း

၁။ ပြည်နဝဒေးနှင့်နတ်ရှင်နောင်တို့၏ အတ္ထုပ္ပတ္တိအကျဉ်း
၁

၂။ ရတုဝေါဟာရ၊သဘောသဘာဝနှင့်သမိုင်းအကျဉ်း
၅

၃။ ပြည်နဝဒေးနှင့်နတ်ရှင်နောင်တို့၏ မိုးတောရတုများမှ
အချစ်၊ အလွမ်း၊ အတွေးစိတ်ကူးများနှိုင်းယှဉ်လေ့လာချက်
၉

၃၊၁။ အကြောင်းအရာပိုင်းလေ့လာချက်
၉

၃၊၁၊၁။ အချစ်ဘွဲ့များနှိုင်းယှဉ်လေ့လာချက်
၉

၃၊၁၊၂။ အလွမ်းဘွဲ့များနှိုင်းယှဉ်လေ့လာချက်
၁၄

၃၊၁၊၃။ အတွေးစိတ်ကူးများနှိုင်းယှဉ်လေ့လာချက်
၂၃

ခြုံငုံသုံးသပ်ချက်
၂၉

နိဂုံး

ကျမ်းကိုးစာရင်း

**စာဆိုနတ်ရှင်နောင်၏အတ္ထုပ္ပတ္တိအကျဉ်း**

စာဆိုနတ်ရှင်နောင်ကို ရတုကဗျာဖွဲ့ဆိုမှုတွင် ရတုဘုရင်ရတုတံခွန်စိုက်သူဟု နှောင်းစာပေသုတေသီ များက အသိအမှတ်ပြုထားကြပါသည်။ နတ်ရှင်နောင်သည် တောင်ငူရွှေနန်းတည်မင်းသီဟသူရ မဟာဓမ္မရာဇာဘွဲ့ခံ မင်းရဲကျော်ထင်နှင့် မိဖုရားခေါင်ကြီး အတုလအဂ္ဂမဟာဒေဝီဘွဲ့ခံ မင်းခင်စောတို့မှ ဖွားမြင်သော သားတော်ကြီး ဖြစ်သည်။ ညီတော်များမှာ မင်းရဲကျော်စွာ၊ မင်းရဲသီဟသူနှင့် မင်းရဲကျော်ထင် တို့ဖြစ်သည်။

**နတ်ရှင်နောင်၏ မွေးသက္ကရာဇ်ကိုမူ ရာဇဝင်များတွင် အတိအကျ ဖော်ပြမထားပေ။ မှန်နန်းမဟာရာဇဝင်၌ သက်တော် (၃၅)နှစ်တွင် ကွယ်လွန်ကြောင်း ဖော်ပြပါရှိသည်။**[၁] နတ်ရှင်နောင်သည် ငယ်ရွယ်စဉ်ကတည်းကပင် ခမည်းတော်၏

လက်ရုံးသဖွယ်အားကိုးခဲ့ရသူဖြစ်သည်။ **သက္ကရာဇ် (၉၅၂)ခု မိုးကောင်းတိုက်ပွဲတွင် အောင်မြင်မှုရခဲ့၍ ငါးဆူဒါယကာမင်းကိုယ်တိုင် အဆောင်အယောင် စားကျေး စားလက်များကို ပေးအပ်ချီးမြှင့်ခဲ့သည်။**[၂] **သက္ကရာဇ် (၉၄၈)ခုနှစ်နှင့် (၉၅၄)ခုနှစ်တင် ယိုးဒယားသို့ နှစ်ကြိမ်တိုင်တိုင် ချီတက်တိုက်ခိုက်ရာ၌လည်း တပ်မှူးအဖြစ် ပါဝင်ခဲ့သည်။**[၃] နတ်ရှင်နောင်သည် ခမည်းတော် တောင်ငူဘုရင် မင်းရဲကျော်ထင် ဟံသာဝတီကို အောင်တော်မူသောအခါ နန်းကျဘုရင် ငါးဆူဒါယကာနှင့် အိမ်ရှေ့မင်း မင်းရဲကျော်စွာကို မယ်တော်နှင့် တိုင်ပင်၍ လုပ်ကြံကွပ်မျက်ခဲ့သည်။ **တောင်ငူဘုရင် မင်းရဲကျော်ထင်သည် သက္ကရာဇ် (၉၆၅)ခုတွင် နန်းတက်တော်မူပြီး သားတော်ကြီး နတ်ရှင်နောင်ကို ဟံသာဝတီဆင်ဖြူများရှင် မင်းတရားကြီး၏ သမီးတော် ဓာတုကလျာနှင့် စုံဖက်ကာ အိမ်ရှေ့အရာပေးတော်မူသည်။**[၄] ရာဇဓာတုကလျာသည် ထိုနှစ်တန်ဆောင်မုန်းလတွင် ကွယ်လွန်တော်မူ ကြောင်းကို ဖော်ပြထားပါသည်။

သက္ကရာဇ် (၉၇၁) ခုနှစ်တွင် ခမည်းတော် တောင်ငူဘုရင် နတ်ရွာစံသော် သားတော်အိမ်ရှေ့စံ နတ်ရှင်နောင်သည် ဝါခေါင်လပြည့်ကျော် (၆)ရက် သောကြာနေ့တွင် ဘုရင်သီဟသူရဘွဲ့အမည်ကို ခံယူကာတောင်ငူရွှေနန်းကို သိမ်းမြန်းစိုးစံတော်မူသည်။ ထိုနှစ်မှာပင် အနောက်ဖက်လွန်မင်းသည် တောင်ငူကို ချီတက်တိုက်ခိုက်အောင်မြင်ပြီး နတ်ရှင်နောင်ကို လက်အောက်ခံဘုရင်ငယ်အဖြစ် အုပ်စိုးရန် တောင်ငူမြို့ကို ပြန်လည်အပ်နှင်းခဲ့သည်။ သက္ကရာဇ် (၉၇၄)ခုတွင်သံလျင်မြို့စား ငဇင်ကာသည် တောင်ငူသို့ ချီတက်လာပြီး နတ်ရှင်နောင်၏ ညီတော်မင်းရဲကျော်စွာနှင့် ဦးစွာတိုက်ပွဲဖြစ်ပွားရာ မင်းရဲကျော်စွာ ကျရှုံးသည်။ **တောင်ငူဘုရင်နတ်ရှင်နောင်ကိုလည်း သံလျင်သို့ ခေါ်ဆောင်သွားခဲ့လေ သည်။**[၁] အနောက်ဘက်လွန်မင်းသည် ထိုနှစ်မှာပင် သံလျင်သို့ချီတက်လုပ်ကြံရာ သက္ကရာဇ် (၉၇၅) ခုနှစ်တွင် အောင်မြင်တော်မူသည်။ နတ်ရှင်နောင်ကို စစ်ဆေးမေးမြန်းရာ ငဇင်ကာနှင့်ပူးပေါင်းမှုရှိကြောင်း ထင်ရှားသဖြင့် သံလျင်မြို့လယ်တွင် ကွပ်မျက်၍ ညီတော်မင်းရဲကျော်ထင်ကို သဂြိုဟ်စေသည်။ **တောင်ငူ ဘုရင်နတ်ရှင်နောင်သည် သံလျင်တွင် အနိစ္စရောက်သည်ကို အကြောင်းပြုကာ သံလျင်ရောက် မင်းတရားကြီး ဟုလည်း အမည်တွင်သည်။**[၂]

စာဆို၏ဘဝသည် တိုတောင်းလှသော်လည်း စာဆိုရေးဖွဲ့ခဲ့သော ရတုကဗျာတို့သည်ကား ယနေ့ထက်တိုင် မြန်မာစာပေသမိုင်း၌ ဂန္ထဝင်တွင်လျက် ကျန်ရှိနေဆဲ

ဖြစ်ပါသည်။ မြန်မာစာပေ နယ်ပယ်ရှိ ရှေးဂန္ထဝင်စာဆိုတော်ကြီး (၂)ဦး၏ ရတုကဗျာများကို လေ့လာဖော်ထုတ်ခွင့်ရသောကြောင့် အထူးပင် ဝမ်းသာဂုဏ်ယူမိပါသည်။

## ၂။ ရတုဝေါဟာရ ၊ သဘောသဘာဝနှင့် သမိုင်းအကျဉ်း

### ရတုဝေါဟာရ နှင့် သဘောသဘာဝ

ရတုဝေါဟာရသည် မြန်မာဘာသာစကား ရတုလည်းရှိသည်။ ပါဠိ၊ သက္ကတဘာသာမှ ဆင်းသက် လာသည်လည်းရှိသည်ဟု ပညာရှင်များက အမျိုးမျိုးကြံဆကြပါသည်။

ရတုဟူသောဝေါဟာရနှင့်ပတ်သက်၍ 'ကဝိတာရတီကျမ်း'တွင်

> **ရတုသည် သက္ကတ စကားပျက်မျှသာဖြစ်သည်။ ဝသန္တ စသောဥတုကို ဟောသည်။ ရှေးက မိုးဘွဲ့၊ ဆောင်းဘွဲ့စသောရာသီဘွဲ့ကိုသာ ရတုဟူ၍ ခေါ်ဝေါ်ခဲ့ကြရာမှ နောင်အလားတူ လေးလုံးစပ်လင်္ကာ၊ တောလား၊ ဘုန်းတော်ဘွဲ့၊ ကျေးစေဘွဲ့၊ မယ်ဘွဲ့၊ မောင်ဘွဲ့ စသည်တို့ကိုလည်း ရတုဟူ၍ ခေါ်ဝေါ်လာကြခြင်းဖြစ်သည်။**[၁]

ဟုဖွင့်ဆိုထားပါသည်။

မြန်မာစာပေသမိုင်းတွင်

> **ရတုဟူသည် သက္ကတဘာသာရိတုမှ ပျက်လာသော ရတုလည်းရှိသည်။**
> **ပေါရာဏသက်သက်ရတုလည်းရှိသည်။**
> **သက္ကတဘာသာရိတုမှာ အခါရာသီ အနက်ရ၍ မြန်မာဘာသာရတုမှာ သဘင်ဟူသော အနက်၊ အခြေအနေ ဟူသော အနက်၊ အခမ်းအနားဟူသော အနက်သုံးမျိုးရသည်။ ဤသို့ ဌာနအားဖြင့် သုံးမျိုးကွဲပြားလျက်ရှိရာ အကြောင်းအဖွဲ့တစ်ခုသည် အများနှင့် စပ်ဆိုင်လျှင် ထိုအမျိုးမှာ သဘင်အနက်ရ၏။ အများနှင့်မသက်ဆိုင်ဘဲ တစ်ဦး တစ်ယောက်ထဲအတွက်သာ စပ်ဆိုလျှင်**

> **အခမ်းအနားပကတိ ဖြစ်ထွန်းသည့် သဘာဝဓမ္မ အခြေအနေများကို ပြလျှင် အခြေအနေသဘော သက်ရောက်သည်** [၂]

ဟုဆိုထားပါသည်။

မြန်မာအဘိဓာန်တွင်

> **ရတု၊ယဒု၊ န–လေးလုံးတစ်ပိုဒ်ရေးဖွဲ့သော ကဗျာတစ်မျိုး(သ၊ ရိတု)**[၃]

ဟုဖွင့်ဆိုထားပါသည်။

ကဗျာသာရတ္ထသင်္ဂြိုဟ်တွင်

> **ရတုဟူသော စကား၏အနက်အဓိပ္ပာယ် အကျဉ်းချုပ်မှာ၊ ဂိမှန္တဥတု၊ ဝသန္တဥတု၊ ဟေမန္တဥတု ဟူသော နွေ ၊ မိုး ၊ ဆောင်း ကာလအချိန်များကို ပါဠိဘာသာ၌ ဥတု၊ သင်္သကရိုင်ဘာသာ၌ ရိတုဟု ခေါ်သဖြင့်၊ ဆဲ့နှစ်ရာသီဘွဲ့ကဗျာတို့ကို ရတုဟုခေါ်သည်။ ၎င်းရာသီဘွဲ့ ကဗျာလင်္ကာစပ်နည်းကို လိုက်၍ နှောင်သောအခါဘုရင်မင်းမြတ်တို့ကို ချီးပသောအဖွဲ့မျိုးများကို ခုကာလဒါဘာခေါ် မင်းပွဲသဘင်အခမ်းအနားမျိုးတို့၌ ချီးကျူးသော မင်္ဂလာသြဘာစာမျိုးများကိုစပ်ဘတ်ဆိုကြလေ၏**[၁]

ဟုဖော်ပြထားပါသည်။

ဤသို့ပညာရှင်အသီးသီး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များအရ ရတုဟူသောဝေါဟာရမှာ သက္ကတ ဘာသာရိတု၊ ပါဠိဘာသာဥတုတို့မှလာ၍ အခါရာသီအနက်ရကြောင်း၊ ထိုမှ အခါရာသီ၏ တင့်တယ်မှု နှင့် မွေ့လျော်ပျော်ပိုက်ဖွယ်သာယာမှုအခြေခံချင်းတူသည့် ကဗျာလင်္ကာအဖွဲ့၏အမည်အဖြစ်သတ်မှတ် ခေါ်ဝေါ်လာကြောင်း၊ ပေါရာဏရတုမှာမူ သဘင်၊ အခမ်းအနား၊ အခြေအနေဟုဆိုကြောင်း တွေ့ရသည်။

ရတုကဗျာဖွဲ့ဆိုသည့် အကြောင်းနှင့်ပတ်သက်၍ စာဆိုတို့သည် မိမိတို့၏ ခံစားချက်များကို စိတ်ကူးဉာဏ်ဖြင့်ပုံဖော်ဖန်တီးရာ၌ ဘုရားတိုင်၊ သိကြားတိုင်၊

မြို့ဘွဲ့၊ မယ်ဘွဲ့၊ မောင်ဘွဲ့၊ ပန်းဘွဲ့၊ ရာသီဘွဲ့၊ ကျေးစေ၊ စစ်ချီ စသည်ဖြင့် အမျိုးစုံအောင် ရေးဖွဲ့ခဲ့ကြကြောင်း တွေ့ရသည်။ အချီ၊ အချ၊ အသတ်ကာရန်ညီရသည်။ ပိုဒ်စုံစပ်နည်းတွင် သုံးချက်ညီစပ်နည်း၊ သပ်စေ့နက်သုံးချက်ညီစပ်နည်း၊ ကိုယ်တွင်းပြည့်သပ်စေ့နက် သုံးချက်ညီစပ်နည်း၊ စကြာစပ်နည်း၊ တောင့်တဲတွန့်စပ်နည်းဟု (၅)မျိုး ကွဲပြားသည်။

ရတုကဗျာဖွဲ့စပ်မှုနှင့်စပ်လျဉ်း၍ မြန်မာစာပေသမိုင်းတွင်

**တစ်ပိုဒ်တည်းဖွဲ့လျှင် ဧကပိုဒ်၊ နှစ်ပိုဒ်ခွဲလျှင် အဖြည့်ခံ၊ သုံးပိုဒ်စပ်ဖွဲ့လျှင် ပိုဒ်စုံဟူ၍ခေါ်သည်။ သုံးပိုဒ်ထက် ပိုမို၍လည်း မစပ်ဖွဲ့ကြချေ။ တစ်ပိုဒ်တွင် လည်း ပဒအရေအတွက်အားဖြင့် (၁၀၈) ပဒထက်ပိုမို၍မဖွဲ့နွဲ့ကြချေ။**[၂]

ဟူ၍ဖော်ပြထားပါသည်။

ထို့ကြောင့် ရတုကဗျာဖွဲ့ဆိုမှုတွင် စာဆိုတို့၏ အာရုံ (၆) ပါး၌ တွေ့ကြုံထင်ဟပ်နေသည်များကို အခြေခံ၍ စိတ်ကူးဉာဏ်ကွန့်မြူးကာ နှစ်သက်ဖွယ်ဖြစ်အောင် ရေးဖွဲ့ထားခြင်းဖြစ်ပါသည်။ ထိုသို့ ရေးဖွဲ့ရာတွင်ပိုဒ်ရေအရလည်းကောင်း၊ ပဒအရေအတွက်အရလည်းကောင်း ကန့်သတ်ချက်ရှိသည်ကို တွေ့ရပါသည်။

ရတုသမိုင်းအကျဉ်း

ရတုသည် လင်္ကာမှ ပေါက်ဖွားလာသော ကဗျာအဖွဲ့အနွဲ့ဖြစ်သည်။ ရတုကဗျာသမိုင်းကြောင်းကို လေ့လာ လျှင် ပင်းယခေတ်တွင် မြန်မာစာပေသမိုင်း၌ အစောဆုံးဟု အများက လက်ခံထားကြသော 'ရွှေဖဝါး တော်အောက်၊ ကျွန်၏လျှောက်ဖြင့်' အစချီသော ရတုကို တွေ့ရသည်။ စတုရင်္ဂဗလအမတ်ကြီးက မြန်မာသက္ကရာဇ် (၇၀၀)ကျော်လောက်တွင် ဖွဲ့ဆိုခဲ့ခြင်းဖြစ်၍မြန်မာစာပေသမိုင်းတွင်

**ထိုရတုသည် ပေါက္ကံဆရာတော် (သို့မဟုတ်) ဆူးတွင်းပစ် ဆရာတော်အား မြတ်စွာဘုရားတရားတော်အကြောင်းနှင့် စပ်လျဉ်း၍ မေးမြန်းကာ ရေးသားထားသော အမေးပုစ္ဆာရတုဖြစ်၏**[၃]

ဟုဖော်ပြထားပါသည်။

မြန်မာစာပေသမိုင်းတွင် အစောဆုံးတွေ့ရသော ထိုရတုသည် တောတောင်ရာသီဥတု၊ချစ်ခင်ခြင်း၊ မေတ္တာအစုတို့ကို ဖွဲ့နွဲ့ထားခြင်း မဟုတ်ဘဲ ဆူးတွင်းပစ်ဆရာတော်အား မြတ်စွာဘုရားတရားတော်နှင့် စပ်လျဉ်း၍ မေးမြန်းထားခြင်းဖြစ်ပါသည်။ ထို့ကြောင့် လောကုတ္တရာကြောင်းကို ဖွဲ့နွဲ့ထားသော ရတုအဖြစ်တွေ့ရသည်။

အင်းဝခေတ်တွင်ရတုကဗျာပါ အကြောင်းအရာတို့သည် လောကုတ္တရာမှ လောကီသို့ နယ်ပယ် ကျယ်ပြန့်လာပြီး ကဗျာအဖွဲ့ပုံသဏ္ဍာန်နှင့် အကြောင်းအရာလည်းစုံလင်လာပါသည်။ ပထမ မင်းခေါင်ကြီး၏'နန္ဒဝန်လျှင်' ချီကျေးစေရတု၊ရှင်သူရဲ၏ စစ်ချီရတုများအပါအဝင် ဝံတောင်လယ် ဘုန်းတော်ကြီး၊ ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ၊ ရှင်တေဇောသာရ စသောရတုစာဆိုတို့၏ လောကီ၊ လောကုတ္တရာဆိုင်ရာရတုများစွာ ပေါ်ထွက်လာခဲ့သည်။ အမျိုးသမီးစာဆိုများပါ ပေါ်ထွက် လာခဲ့သည်။ နန်းတွင်မိဖြူ ၊နန်းတွင်မိညိုတို့၏ ကိုယ်ရည်သွေးရတုများကိုတွေ့ရသည်။ ကဗျာပုံသဏ္ဌာန် ပိုင်းတွင်လည်း တောင့်တဲတွန့်ဆိုနည်း၊ ပုလဲတစ်တန့်၊ သန္တာတစ်တန့်ဆိုနည်း၊ ပဒုမ္မာကြာဆိုနည်း၊ စကြာဆိုနည်း စသည့်ဖြင့် အမျိုးမျိုးတီထွင်စပ်ဆိုမှုများကိုလည်းတွေ့ရသည်။ ထို့ကြောင့် ပင်းယခေတ် တွင် အစပျိုးခဲ့သော ရတုအဖွဲ့သည် အင်းဝခေတ်တွင် ပိုမိုစည်ပင်လာသည်ဟု ဆိုရပါသည်။

တောင်ငူခေတ်သည် စစ်မက်ရေးရာထူပြောသော ခေတ်၊ တိုင်းသစ်ပြည်သစ်ထူထောင်သောခေတ် ဖြစ်၍ နယ်ပယ်ချဲ့ထွင်ရန်၊ စည်းရုံးရန်အလို့ငှာ အရပ်မျက်နှာအသီးသီးသို့ စစ်ချီထွက်ကြရသည်။ စစ်ချီရင်း စစ်သည်တော်တို့သည် မိမိတို့အတွေ့အကြုံ၊ အတွေးစိတ်ကူးနှင့် ခံစားချက်များကို ရတုကဗျာ များအဖြစ် ဖွဲ့သီလာကြသည်။ တောင်ငူခေတ်တွင် ရတုကဗျာနှင့် စာဆိုအမြောက်အမြားပေါ်ထွက် ခဲ့သည်။ ထင်ရှားသည့် စာဆိုများမှာ လှော်ကားသုံးထောင်မှူး၊ ရှင်ထွေးနာသိန်၊ ပြည်နဝဒေးကြီး၊ နတ်ရှင်နောင်၊ မင်းဧယျရန္တမိတ်၊ ရှင်သံခို၊ ဥက္ကာပျံ၊ မင်းစောနှင့်ရှင်ထွေးလှ၊ ရဝေရှင်ထွေး၊ ခင်မထွေး၊ သရေစည်သူကတော်၊ ပြည်မိဖုရား၊ ဇင်းမယ်မိဖုရား၊ ပဲခူးမိဖုရား၊ တန်ဆောင်မိဖုရားတို့ဖြစ်သည်။ အင်းဝခေတ်တွင် ဖွံ့ဖြိုးလာခဲ့သော ရတုကဗျာအရေးအဖွဲ့သည် တောင်ငူခေတ်တွင် ရတုခေတ် ဆိုရလောက်အောင် ထူးခြားထွန်းကားလာကြောင်း တွေ့ရပါသည်။

ညောင်ရမ်းခေတ်တွင် ရတုစာပေနှင့် စာဆိုအမြောက်အမြား မပေါ်ထွန်းခဲ့သော်လည်း ရှင်ကရဝိက၊ မြင်းခွာစားမင်းရာဇာ စသော ရတုစာဆိုတို့ပေါ်ထွန်းခဲ့သည်။ **ညောင်ရမ်းမင်းဆယ်ဆက် မြောက် ဟံသာဝတီရောက်မင်းတရားကြီးသည်လည်း အင်းဝပျက်၍ဟံသာဝတီတွင် စံနေစဉ် နတ်ရွာစံ ခါနီးအချိန်တွင် "ပုဂ္ဂိုလ်ခြောက်မည်" အစချီသောသုံးချက်ညီသံဝေဂပိုဒ်စုံရတုကို စပ်ဆိုခဲ့ပါသည်။**[၁] ထို့ကြောင့် ညောင်ရမ်းခေတ်တွင် တောင်ငူခေတ်လောက် ရတုကဗျာမထွန်းကားသော်လည်း အထိုက် အလျောက်ပေါ်ထွန်းခဲ့သည်ဟု ဆိုနိုင်ပါသည်။ ကုန်းဘောင်ခေတ်ပထမပိုင်းတွင် ဘုန်းတော်ဘွဲ့ရတုများ၊ ပြန်လည်သက်ဝင်လှုပ်ရှားလာပါသည်။ လက်ဝဲသုန္ဒရအမတ်ကြီး၏ ကိုယ်ရေးကိုယ်တာ ခံစားချက် ရတုများ၊ ဦးတိုး၏ ရခိုင်ချီရတုများ၊ စိန္တကျော်သူဦးဩ၏ စစ်သည်ဘဝသရုပ်ဖော်ရတုများ ပေါ်ထွန်းခဲ့ ပါသည်။ အခြားထင်ရှားသော ရတုစာဆိုများမှာ စဥ့်ကူးမင်း၏ မိဖုရားရှင်မင်း၊ ဖိုးသူတော်ဦးမင်း၊ ဝက်မစွတ်နဝဒေး၊ ဦးပုည၊ ကင်းဝန်မင်းကြီးဦးကောင်း၊ ဆီးဘန်နီဆရာတော်တို့ဖြစ်ကြပါသည်။

ထို့ကြောင့် ပင်းယခေတ်က စတင်ခဲ့သော ရတုကဗျာစာပေသည် ယနေ့ထက်တိုင် ထိမ်းမြား မင်္ဂလာပွဲများ၊ ရှင်ပြုနားသ၊ ဘိသိက်မင်္ဂလာပွဲများတွင် ရွတ်ဖတ်ကြလျက် ဂန္ထဝင်တွင်စွာရပ်တည် နေကြောင်း တွေ့ရပါသည်။

*J. Myanmar. Acad. Arts Sci. 2018* **Vol. XVI. No. 6A**

# ဆရာဇော်ဂျီ၏ ဝတ္ထုတိုဖန်တီးမှုအတတ်ပညာ

ဒေါ်စန်းမြင့်*

## စာတမ်းအကျဉ်း

"ဆရာဇော်ဂျီ၏ ဝတ္ထုတိုဖန်တီးမှုအတတ်ပညာ" စာတမ်း၌ ဝတ္ထုတိုများ ရေးဖွဲ့ရာတွင် ဆရာဇော်ဂျီသည် ဝတ္ထုတိုဖန်တီးမှု အတတ်ပညာများကို ကျွမ်းကျင်လိမ္မာစွာ အသုံးချ၍ ရေးသားတင်ပြပုံကို လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ ထိုစာတမ်းတွင် အခန်း(၁)၌ စာရေးဆရာ၏ အတ္ထုပ္ပတ္တိ၊ အခန်း(၂)၌ ဝတ္ထုတိုသဘော၊ အခန်း (၃)၌ ဇော်ဂျီ၏ ဝတ္ထုတိုဖန်တီးမှု အတတ်ပညာတို့ ပါဝင် ပါသည်။ ဆရာဇော်ဂျီ၏ ဝတ္ထုတိုဖန်တီးမှုအတတ်ပညာကို လေ့လာတင်ပြရာ၌ ကိုလိုနီခေတ်တွင် ဆရာဇော်ဂျီရေးသားခဲ့သော 'ဖိုးမာဒင်'၊ 'ဦးသောဘိတနှင့် ကိုခင်'၊ 'သော့တွဲနှင့် နတ်ရုပ်' ဆိုသည့် ဝတ္ထုတို (၃)ပုဒ်ကို ရွေးချယ်၍ လေ့လာတင်ပြထားပါသည်။ ထို ဝတ္ထုတိုများကို ဆရာဇော်ဂျီသည် မည်ကဲ့သို့သောဝတ္ထုအတတ်ပညာများကို သုံး၍ ရေးသားထားသည်ကို ဆန်းစစ် တင်ပြထားပါသည်။ ဝတ္ထုတစ်ပုဒ်ချင်းတွင် အသုံးပြုသည့် အတတ်ပညာ များ မတူဘဲ ကွဲပြားပုံများကို ဖော်ပြထားပါသည်။

## နိဒါန်း

ဝတ္ထုတို စာပေအဖွဲ့ပုံစံသည် အနောက်နိုင်ငံများ၌ ၁၈ ရာစုခန့်မှ စတင်၍ ပေါ်ထွန်းလာခဲ့ပြီးလျှင် မြန်မာနိုင်ငံ၌ ၁၉၁၇ ခုနှစ်တွင် ဆရာကြီး ရွှေဥဒေါင်း၏ မောင်သိန်းတင် မသိန်းရှင် ဝတ္ထုတိုမှ စ၍ ထွန်းကားလာခဲ့ပါသည်။ ထိုမှတစ်ဆင့် ဆရာကြီးရွှေဥဒေါင်း၊ ပီမိုးနင်း၊ မဟာဆွေ စသည့် စာရေးဆရာကြီးများသည် မြန်မာ့ဝတ္ထုတိုလမ်းကြောင်းကို ဆက်လက် တီထွင်ပေးခဲ့ကြသည်။ ဆရာဇော်ဂျီ၏ ယခု လေ့လာတင်ပြထားသော ဝတ္ထုတိုအပါအဝင် ဝတ္ထုတိုများသည် ၁၉၃၄ ခုနှစ်ခန့်မှ စ၍ ရေးသားခဲ့သော ဝတ္ထုတိုများဖြစ်ပါသည်။ ဖိုးမာဒင်ဝတ္ထုသည် ၁၉၃၄ ခုနှစ်တွင် ထုတ်ဝေခဲ့သော ခေတ်စမ်းပုံပြင်စာအုပ်ထဲ၌ ပါဝင်သည်။ ထိုခေတ်စမ်းပုံပြင်ပါ ဝတ္ထုများမှာလည်း ထိုခေတ် တက္ကသိုလ်ကျောင်းသား ဆရာများဖြစ်သည့် သိပ္ပံမောင်ဝ၊

* ကထိက၊ မြန်မာစာဌာန၊ ပုသိမ်ပညာရေးကောလိပ်

ဇော်ဂျီ၊ မင်းသုဝဏ်၊ သတိုးမောင်၊ မောင်ဘသောင်းတို့၏ ဂန္ထလောကမဂ္ဂဇင်း၊ သမဂ္ဂ မဂ္ဂဇင်း စသည်များတွင် ရေးသားဖော်ပြ ထုတ်ဝေခဲ့သော ဝတ္ထုတိုများသာ ဖြစ်ပါသည်။ ဆရာဇော်ဂျီသည် ခေတ်စမ်းစာပေကို ဦးဆောင်ခဲ့သူများတွင် ပါဝင်ခဲ့သည့်အလျောက် သူ၏ဝတ္ထုတိုများသည် ရှေးအစဉ်အလာမှ တစ်မူခွဲထွက်ကာ အတွေးအမြင်၊ အရေးအဖွဲ့၊ တင်ပြပုံ ဆန်းသစ်လာသည်ကို တွေ့ရသည်။

ဝတ္ထုတိုများကို လေ့လာကြည့်ရာတွင် ခေတ်စမ်းမတိုင်မီက ဝတ္ထုများသည် ဇာတ်လမ်းကို ဦးစားပေးပြီး မြုပ်ကွက်၊ လှည့်ကွက်ကို အများဆုံး အသုံးပြုသည်။ ဆရာဇော်ဂျီ၏ ဝတ္ထုများတွင်မူ ဇာတ်ဆောင်စရိုက်အဖွဲ့၊ လူ့သဘာဝအဖွဲ့များကို အားပြုရေးဖွဲ့ထားသည်ကို တွေ့ရသည်။ ဇာတ်လမ်းဇာတ်ကွက်ကို အသားမပေးဘဲ လူ့လောက၌ တွေ့ရသည့် လူတို့၏ သဘော၊ ဖြစ်ရပ်တစ်ခုခုကို အလင်းပေး တင်ပြထားသည်ကို တွေ့ရပါသည်။ ယခုလေ့လာ တင်ပြထားသော ဝတ္ထုတို (၃)ပုဒ်၌ပင်လျှင် ဇာတ်လမ်းကို အသားပေးသောဝတ္ထုများ မဟုတ်ဘဲ တင်ပြပုံတွင်လည်း လူ့စရိုက်၊ လူ့အမူအရာတစ်ခုခု၊ လူတို့၏ဖြစ်ရပ်တစ်ခုခုကို အလေးပေး၍ ဇာတ်လမ်းဆင် တင်ပြထားသည့် သဘောများကို ဝတ္ထုတိုအတတ်ပညာဖြင့် ချိန်ထိုး လေ့လာတင်ပြထားပါသည်။

## ၁။ ဇော်ဂျီ၏အတ္ထုပ္ပတ္တိအကျဉ်း

ဆရာဇော်ဂျီသည် ဖျာပုံမြို့၌ ၁၉၀၇ ခုနှစ်တွင် ဖွားမြင်သည်။ ဖျာပုံမြို့ အစိုးရကျောင်း၌ ပညာသင်ယူရာမှ ၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်မြို့ အမျိုးသားနေရှင်နယ်ကျောင်းသို့ ပြောင်းရွှေ့ခဲ့သည်။ ထို့နောက် မြို့မအထက်တန်းကျောင်း၌ ပညာဆက်လက်သင်ယူရာ ၁၉၂၄ ခုနှစ်၌ ဆယ်တန်း အောင်သည်။ ၁၉၂၄–၂၅ ခုနှစ်၌ ရန်ကုန်တက္ကသိုလ်ကောလိပ်တွင် ပညာ ဆက်လက်သင်ယူရာ ၁၉၂၈–၂၉ ခုနှစ်တွင် ဝိဇ္ဇာတန်းအောင်သည်။ ၁၉၃၄ ခုနှစ်တွင် မဟာဝိဇ္ဇာတန်းတက်၍ ၁၉၃၆ ခုနှစ်တွင် မဟာဝိဇ္ဇာတန်း အောင်သည်။

၁၉၃၀ ပြည့်နှစ်မှ ၁၉၃၈ ခုနှစ်အတွင်းတွင် ရန်ကုန်တက္ကသိုလ်ကောလိပ်၌ မြန်မာစာနည်းပြ အဖြစ်ဖြင့် လည်းကောင်း၊ ရန်ကုန်မြို့ မြို့မအထက်တန်းကျောင်း၌ အထက်တန်းပြဆရာအဖြစ်ဖြင့် လည်းကောင်း တာဝန် ထမ်းဆောင်ခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် စာကြည့်တိုက် ဒီပလိုမာဘွဲ့အတွက် အစိုးရ ပညာတော်သင်အဖြစ် လန်ဒန်တက္ကသိုလ်၌ လည်းကောင်း၊ ဒုတိယကမ္ဘာစစ်ကြီးဖြစ်သောအခါ အိုင်ယာလန်နိုင်ငံ ဒဗ္ဗလင်တက္ကသိုလ်၌ လည်းကောင်း ပညာသင်၍ ဒီပလိုမာဘွဲ့ရသည်။

၁၉၄၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ကောလိပ် စာကြည့်တိုက်မှူး၊ ထို့နောက် ဒုတိယကမ္ဘာစစ်အတွင်း ပညာရေးဌာန ညွှန်ကြားရေးဝန်၊ ကျောင်းသုံးစာအုပ် ရေးသား ထုတ်ဝေရေးကိစ္စ၊ စာကြည့်တိုက် ကိစ္စတို့တွင် ပါဝင် ဆောင်ရွက်သည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးသောအခါ ရန်ကုန်တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၌ ဗဟိုစာကြည့်တိုက်မှူးအဖြစ် ဆောင်ရွက်ပြီး ၁၉၆၄ ခုနှစ်တွင် ပင်စင်ယူခဲ့သည်။ ထိုအတွင်း ၁၉၄၇-၄၈ ခုနှစ်တို့၌ တိုင်းပြုပြည်ပြုလွှတ်တော်ရုံး အထူးအရာရှိအဖြစ်လည်းကောင်း၊ ၁၉၅၂ မှ ၁၉၅၇ အတွင်း ပြည်တော်သာစီမံကိန်းအရ ကျောင်းသုံးစာအုပ် ထုတ်လုပ်ရေး ညွှန်ကြားရေးဝန်အဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ထို့နောက် ၁၉၆၅ မှ ၁၉၇၅ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ် လက်အောက်၌ ပညာရပ်ဝေါဟာရကော်မတီ၏ ဥက္ကဋ္ဌ၊ မြန်မာသမိုင်းကော်မရှင်၏ ဥက္ကဋ္ဌ (နောင်အခါ ယဉ်ကျေးမှုဝန်ကြီးဌာန၊ နိုင်ငံသမိုင်းသုတေသန ဦးစီးဌာန) ၏ ဥက္ကဋ္ဌ (နောင်အခါ ညွှန်ကြားရေးမှူးချုပ်) အဖြစ်ဖြင့် ထမ်းရွက်ခဲ့သည်။

အထက်တန်းကျောင်း၌ ပညာသင်ယူစဉ်ကပင် မြန်မာကဗျာများ ရေးသည်။ ထို့နောက် ဝတ္ထုတိုအချို့ ရေးသည်။ ရသစာပေဝေဖန်ရေး စာများကို လည်းကောင်း၊ သင့်နိုးရာရာ မြန်မာဘာသာပြန်များကို လည်းကောင်း ရေးသားခဲ့သည်။ ပုံနှိပ်ထုတ်ဝေခဲ့သော စာအချို့မှာ ကဗျာ ပေါင်းချုပ်သစ်၊ ဇော်ဂျီ၏စာ၊ ခေတ်စမ်းဝတ္ထုတိုများ၊ ရသစာပေအဖွင့် စာတမ်းများ၊ ရသစာပေ နိဒါန်း စာတမ်းများ၊ ရသစာပေ၏သဘော စာတမ်းများဖြစ်သည်။ မြန်မာဘာသာပြန်များမှာ မဟာဆန်ချင်သူပြဇာတ်၊ နိုဘယ်ဆုရ စာရေးဆရာကြီးများ၏ ဝတ္ထုတို (၃၄)ပုဒ်၊ ပလေတို၏ ကထာအချို့တို့ ဖြစ်သည်။ ဤသို့ဖြင့် နိုင်ငံအကျိုး၊ မြန်မာစာပေအကျိုး သယ်ပိုးခဲ့သော အမျိုးသားစာဆိုကြီး ဆရာဇော်ဂျီခေါ် ဦးသိန်းဟန်သည် ၁၉၉၀ ပြည့်နှစ် စက်တင်ဘာလ ၂၆ ရက်နေ့၊ နံနက် ငါးနာရီခွဲအချိန် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘောဇလမ်း၊ အမှတ်(၁၀/က) နေအိမ်တွင် ကွယ်လွန် အနိစ္စရောက်ခဲ့သည်”[၁]

## ၂။ ဝတ္ထုတို၏သဘော

ဝတ္ထုတိုသည် ဒိဋ္ဌဓမ္မလောကနှင့်မကင်းကွာရသကဲ့သို့ စိတ်ကူးယဉ်မှုနှင့်လည်း မကင်းကွာနိုင်ပေ။ ဝတ္ထုရေးသူသည် တကယ့်ဘဝမှဖြစ်ရပ်များကိုအခြေခံ၍ စာဖတ်သူတို့အပိုင်းမှ သဘာဝကျသည်ဟု ထင်ရအောင် ရေးဖွဲ့ရသည်။ တစ်ဖက်မှလည်း

---

[၁] ဇော်ဂ၊ ၁၉၉၈၊ အမှာစာ။

ထိုသဘာဝထက်ပို၍ ချစ်စရာ၊ လွမ်းစရာ၊ မုန်းတီးစရာ ခံစားမှုများ မြင့်တက်လာအောင် ဖန်တီးရသောကြောင့် စာရေးသူ၏ စိတ်ကူးနှင့် ဖန်တီးမှုအပိုင်းပါရသည်။ ထိုအချက်များသည် ဝတ္ထုတိုနှင့် ဝတ္ထုရှည်တူသော်လည်း ဝတ္ထုတို၏ သဘောမှာ ကျစ်လျစ်ရသောကြောင့် ခက်ခဲသည်ဟု မှတ်ယူရသည်။

ဝတ္ထုတိုဟု အမည်တပ်ထားသည့်အတိုင်း တိုရပါမည်။ ဝတ္ထုတိုဖြစ်ရန် စာရေးသူသည် အကြောင်းအရာတစ်ခုခုကိုသာ အလေးပေး၍ ခြယ်မှုန်း ရေးဖွဲ့ရပါသည်။ ထိုအကြောင်းနှင့် ပတ်သက်၍ ကမ္ဘာ့ဝတ္ထုတိုကို စတင် ဖော်ထုတ်ခဲ့သူ အက်ဂါအယ်လန်ပိုး၏ အဆိုကိုယူ၍ ပါမောက္ခ ဦးမျိုးမင်းက–

> "ဝတ္ထုတိုတွင် အဖြစ်အပျက်များသည် အဓိကမဟုတ်၊ စာရေးဆရာ၏ ဆိုလိုချက်၊ တင်ပြချက်သာလျှင် အဓိကဖြစ်သည်။ စာရေးဆရာသည် စာဖတ်သူ အာရုံကျက်စားစေလိုသောသဘောတစ်ရပ်၊ အချက်တစ်ချက် သုံးသပ်ချက် တစ်ရပ်ကို မူတည်ပြီးလျှင် ယင်းလိုရာအချက်သို့ ရောက်အောင် သဘောပေါ်လွင်အောင် အဖြစ်အပျက်များကို ဖန်တီးရသည်"[၁]

ဟု ဆိုထားပါသည်။ ထို့အပြင်–

> "ဝတ္ထုတိုသည်တိုရမည်။အာရုံပြန့်ကျဲမှုမရှိဘဲအချက်တစ်ချက်ပေါ်တွင် စူးစိုက်နိုင်လောက်အောင် ဝတ္ထုဇာတ်အိမ် တည်ဆောက်ထားရမည်။ စာဖတ်သူအာရုံကို နက်နဲစွာ ဆွဲဆောင်နိုင်ရမည်"[၂]

ဟူ၍ ထပ်ဆင့်ဖော်ပြခဲ့ပါသည်။

ဝတ္ထုတိုသည် ဖွဲ့စည်းတင်ပြပုံအားဖြင့် တိုသော်လည်း အကြောင်းအရာ နယ်ပယ်မှာမူ ကန့်သတ်မှုမရှိပေ၊ အလွန်နက်ရှိုင်းသော အကြောင်းအရာများကိုလည်း ဝတ္ထုတိုဖြင့် တင်ပြ နိုင်သည်။ ထိုသို့တင်ပြရာ၌ စာဖတ်သူကို ရသခံစားမှုပေးနိုင်စွမ်း ရှိမရှိမှာ စာရေးသူအပေါ်၌သာ တည်ပါသည်။

ထိုသဘောကို ဒဂုန်တာရာက–

> "ဝတ္ထုတိုဆိုသည်ကား ဝတ္ထုစာသား အတိုင်းအတာ 'တိုခြင်း' အနက်ကို ယူခြင်းမဟုတ်သည်ကို သိလာရ၏။ အတွေးအခေါ်

---

[၁] မျိုးမင်း၊ ဦး (ပါမောက္ခ–)၊ ၁၉၆၀၊ နိဒါန်း။

[၂] မျိုးမင်း၊ ဦး (ပါမောက္ခ–)၊ ၁၉၆၀၊ နိဒါန်း။

> တစ်ခု၊ အဖြစ်အပျက် တစ်ခု၊ အကြောင်းအရာတစ်ခု၏ ကြီး ကျယ် လေးနက်ခြင်းကို ဖော်ပြခြင်း ပင်ဖြစ်၏"[၁]

ဟု မိန့်ဆိုထားသည်။

ဝတ္ထုတိုဖန်တီးရေးသားရာတွင် ဇာတ်လမ်းအတတ်ပညာလိုအပ်ပုံကို ဆရာ မင်းကျော်က–

> "ဇာတ်လမ်းသည် စာရေးဆရာ၏ စိတ်ကူး၊ အတတ်ပညာပိုင်း ဆိုင်ရာ ကျွမ်းကျင်မှုနှင့် သဘောထားတို့တွင် အခြေပေါ်ပေါက် လာရသည်။ ဇာတ်လမ်းဖွဲ့စည်းမှု အပိုင်းကိုမူ စာရေးဆရာသည် မိမိ၏ အတတ်ပညာပိုင်းဆိုင်ရာ ခံယူချက်အရ ဖန်တီးဖွဲ့စည်း နိုင်သည်ဟု သဘောရပါသည်"[၂]

ဟုလည်းကောင်း၊

ဆရာဇော်ဂျီကလည်း ဇာတ်လမ်းဖွဲ့စည်းမှု စနစ်နှင့်ပတ်သက်၍–

> "ဇာတ်လမ်း နည်းစနစ်တွင်ကား (က) ဇာတ်လမ်း အစပျိုးမှု ပါရသည် လည်းကောင်း၊ (ခ) ထို့နောက် အဖြစ်အပျက်များနှင့် ဇာတ်ဆောင်များ၏အမူအရာများ၌ နှစ်ဖက်အုပ်စုတို့၏ အားပြိုင် မှုများ ပါကြရသည်ဟု လည်းကောင်း၊ (ဂ) ထို့နောက် အုပ်စု နှစ်စုတို့၏ အနိုင်အရှုံး ဖော်ထုတ်မှု ပါရသည်ဟု လည်းကောင်း၊ (ဃ) ထို့နောက် အနိုင်အရှုံးပေါ်လာမှု ပါရသည်ဟုလည်းကောင်း၊ (င) ထို့နောက်ဇာတ်လမ်းအဆုံးသတ်မှုရှိရမည်ဟု လည်းကောင်း သဘော (၅)ခုကို ဆရာ့ဆရာများ ဆိုခဲ့ကြသည် မဟုတ်ပါ လော"[၃]

ဟူ၍ ဖော်ပြထားရာ ဇာတ်လမ်းတွင် ဝတ္ထုကိုစလျှင်စချင်း အသက်ဝင်လာအောင် လှုံ့ဆော်ပေးမှု လိုအပ်ကြောင်း သိရပါသည်။

ဇာတ်ဆောင်ဆိုသည်မှာ "ဇာတ်၊ ရုပ်ရှင် စသည်တို့တွင် ပါဝင်သူ"ဟု မြန်မာအဘိဓာန် ကျမ်းတွင် ဖော်ပြထားသည်။

---

[၁] တာရာ၊ ( ဒဂုန်–)၊ ၁၉၆၇၊ ၂၃၅။

[၂] မင်းကျော်၊ ၁၉၇၅၊ ၃၆၃။

[၃] ဇော်ဂျီ၊ ၂၀၀၉၊ ၁၉၇။

စာရေးဆရာမင်းကျော်ကမူ ဇာတ်လမ်း၊ ဇာတ်ဆောင်နှစ်မျိုးတွင် ဇာတ်ဆောင်သည် ပို၍အရေးပါသည်ဟု ယူဆသည်။ ထိုသဘောကို–

> "ဇာတ်လမ်းတွင် ပါဝင်သူများသည် ဇာတ်ကိုဖန်တီးသူများ ဖြစ်သည်။ တစ်နည်း ဇာတ်လမ်းကို ဆောင်ရွက်သူများဖြစ်သည်။ သူတို့သည် ဇာတ်လမ်းနောက်သို့ လိုက်ကြရသည့် မဖြစ်ရာ၊ ဇာတ်လမ်းကိုဦးဆောင် ဖန်တီးသူများသာ ဖြစ်ရမည်"[၁]

ဟု ဆိုထားပါသည်။

ဝတ္ထုတိုတွင် ဇာတ်ဆောင်တို့၏ ဖြစ်ရပ်များ ဖြစ်ပျက်သည့် နေရာဒေသနှင့် အချိန်ကာလကို ကာလဒေသနောက်ခံဟု ခေါ်ဆိုပါသည်။ ဒေသနောက်ခံသည် နေရာဒေသအချို့၌ ဖြစ်နိုင်သည်။ ရပ်ကွက်တစ်ခု၊ တိုက်ခန်းပါဝင်သော တိုက်တစ်တိုက်၊ ပင်လယ်ကမ်းခြေတစ်ခု စသည်တို့လည်း ဖြစ်နိုင်သည်။ အချိန်ကာလဆိုရာ၌ ဇာတ်လမ်းပါ ဖြစ်ရပ်အချိန်ကာလကို ဆိုလိုသည်။ ခေတ် တစ်ခေတ်လည်း ဖြစ်နိုင်သည်။ ကုန်းဘောင်ခေတ်၊ ကိုလိုနီခေတ်၊ လွတ်လပ်ရေးခေတ် စသည်တို့လည်း ဖြစ်နိုင်သည်။ လသာသောည၊ လမိုက်သောည၊ မိုးရွာသောနေ့ စသည်တို့လည်း ဖြစ်နိုင်သည်။ အချိန်ကာလနှင့် နေရာဒေသ ပါမှသာ အသင့် ယုတ္တိရှိလာသည်။ ထိုသဘောကို သိန်းဖေမြင့်က –

> "ဇာတ်လမ်းနှင့် ဇာတ်အိမ်တည်ဆောက်ရန် ရေခံမြေခံလိုသည်။ ရေခံမြေခံကိုမှီ၍သာ အဆင်ပြေသော ဇာတ်အိမ်ဇာတ်လမ်းများ တည်ဆောက်နိုင်သည်။ ထိုရေခံမြေခံသည်ကား လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးစသော လူ့လောက၏ အရေးအရာများကို ထင်ဟပ် ဖော်ပြထားသော ဝတ္ထုတည်ရာ ရေခံမြေခံ ဖြစ်သည်။ ရေခံမြေခံ ကောင်းသည်နှင့်အမျှ ဇာတ်လမ်းဇာတ်အိမ် ခမ်းနားသည်။ ထို့ကြောင့် ဝတ္ထုရေးလိုလျှင် လူ့လောက၏ အရေးအရာများကို လူတို့အတွက် အဓိပ္ပာယ်ရှိသော ရေခံမြေခံကို အကွက်ကျကျ ရွေးချယ်တတ်ဖို့လိုသည်"[၂]

ဟူ၍ ကာလဒေသနောက်ခံသဘော၏ အရေးပါမှုကို ဖော်ပြထားပါသည်။

---

[၁] မင်းကျော်၊ ၁၉၇၅၊ ၃၇၂။

[၂] သိန်းဖေမြင့်၊ ၁၉၆၈၊ ၁၈၃။

## ၃။ ဇော်ဂျီ၏ဝတ္ထုတိုများလေ့လာချက်

### ၃၊ ၁။ ဖိုးမာဒင်

"ဖိုးမာဒင်" ဝတ္ထုကို ဆရာဇော်ဂျီသည် ၁၉၃၃ ခုနှစ် နိုဝင်ဘာလတွင် ဂန္ထလောက မဂ္ဂဇင်း၌ ရေးသားခဲ့ပါသည်။ ဆရာ၏ဝတ္ထုများသည် သာမန်အားဖြင့် ဖတ်ကြည့်လျှင် အကြောင်းအရာများသည် လေးနက်သည်ဟု မထင်ရပေ။ သို့ရာတွင် စာဖတ်သူအနေနှင့် တဖြည်းဖြည်းချင်း ခံစားကြည့်ပါမူ စာရေးသူဆိုလိုသော အကြောင်းအရာသည် ကျယ်ပြန့်နေတတ်သည်။ သိမ်မွေ့ နက်ရှိုင်းနေတတ်သည်။ နက်နက်နဲနဲ ဖတ်ရှုခဲ့လျှင်မူ အကြောင်းအရာနယ်ပယ်သည် ကျယ်ပြန့် ရုံမျှသာမက တင်ပြမှုအတတ်ပညာမှာလည်း တစ်မျိုးတစ်ဖုံ ထူးခြားဆန်းကြယ်နေတတ်သည်ကို တွေ့ရပါသည်။

ဖိုးမာဒင်ဝတ္ထုတိုဇာတ်လမ်းအကျဉ်းမှာ ဖိုးမာဒင်ဆိုသည့် ရုပ်သေးဆရာတစ်ဦး၏ဘဝကို တင်ပြခြင်း ဖြစ်သည်။ ဖိုးမာဒင်သည် ရုပ်သေးဆရာ တစ်ဦးဖြစ်သည်။ လွန်ခဲ့သောနှစ် (၃၀)ခန့်က ရှမ်းပြည်နယ်၌ လှည့်လည်၍ ရုပ်သေးကပြစဉ် သူ့ကိုချစ်နေသူတစ်ဦးက ပြုစားလိုက်သည်။ ထိုအချိန်မှစ၍ ရုပ်သေးစင်ပေါ်၌ မသီဆိုနိုင်တော့ပေ။ အရပ်ရပ်လှည့်လည်၍ ဆုံလည်နွားကဲ့သို့ ဖြစ်နေသည်။ ဖိုးမာဒင်သည်ဇရာထောင်းသည့်အရွယ်ဖြစ်၍ ခါးကိုင်း၍ ခြေလက်တို့မှာ အကြောပြိုင်းပြိုင်း ထနေသည်။ မျက်စိသည် အတန်ငယ်မွဲဟန်ရှိသည်။ သူ၏မျက်လုံးများမှာ ကြည်လင်ပြီးလျှင် မာကြောလှသည်။

ဖိုးမာဒင်သည် မင်းသမီးရုပ်သေးရုပ်ကလေးတစ်ရုပ်၊ ထန်းခေါက်ဖာတစ်လုံး၊ ပေါင်းမိုးမိုးထားသည့် လှေငယ်တစ်စင်းသာရှိသည်။ ထိုလှေဖြင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ရှိရွာငယ်များသို့ နံ့စပ်အောင် သွားလာ လှော်ခတ်လျက်ရှိသည်။ လှေငယ်ဆိုက်ကပ်ရာ ရွာတိုင်းတွင် သူသည်မင်းသမီးရုပ်ကို ထန်းခေါက်ဖာအတွင်းမှထုတ်၍ ပုခုံး၌ကျောချင်းကပ်ပိုးလွယ်ကာ ရွာရိုးသို့ လျှောက်၍သွားသည်။ အရိပ်ကောင်းကောင်းတစ်ခုတွင် ကြိုးဆွဲကပြ သီဆိုလေ့ရှိသည်။ ဖိုးမာဒင်သည် ရှေးရိုး ရုပ်သေးဆရာကြီးပီသစွာ သီချင်းကောင်းများကို ကျနစွာ စည်းကျဝါးကျ သီဆိုနိုင်သည်။ ခေတ်ကာလအလျောက် ပေါ်သောသီချင်းများကိုလည်း အတန်အသင့် ဆိုနိုင်သည်။ အရွယ်နှင့်မလိုက်အောင်ဖျော်ဖြေသည်။ သူ၏ဖျော်ဖြေမှုကိုတွေ့ရသောလူတိုင်းသည် အဖိုးအိုအားသနား ကြသည်။ သဒ္ဓါကြသည်။ ရောက်ရာအရပ်မှ တွေ့သည့်သူများက ကျွေးမွေးစောင့်ရှောက်ကြသည်။ ဖိုးမာဒင်သည် ကပြဖျော်ဖြေသည့်အချိန်မှတစ်ပါး လူအများနှင့်ကင်းကင်းကွာကွာ နေတတ်သည်။ သူ၏အရုပ်ကို ကစေပြီး သီချင်း သီဆိုစဉ်နားထောင်သူတို့ ငေးမောနေသောအခါတွင် သူ၏ မျက်နှာသည်လန်းလာပြီး

အသံများသည်လည်း ပို၍ ကြည်လင်လာသည်။ တစ်နေ့တွင်မူ ရွာအနီးအနား တောအုပ်တစ်ခုအတွင်း၌ရှိသော တဲကလေးပေါ်၌ ဖိုးမာဒင် သေဆုံးနေသည်ကို တွေ့ရပြီး သူ၏မင်းသမီးအရုပ်ကလေးကို သူ၏အနား၌ တွေ့ရသည်။

ဖိုးမာဒင်ဝတ္ထု၏ ဇာတ်လမ်းသည် ထူးခြားဆန်းကြယ်နေပါသည်။ မည်သို့မျှ စိတ်ဝင်စားဖွယ် မကောင်းသော အထီးကျန်ရုပ်သေးပညာရှင် အဖိုးကြီးတစ်ယောက်၏ ဘဝကို ဝတ္ထုတိုတစ်ပုဒ်အဖြစ် ဖန်တီးတင်ပြထားသည်။ ခေတ်စမ်းစာပေ ပေါ်ထွန်းစကာလတွင် ရေးသားခဲ့သောဝတ္ထု ဖြစ်ပြီး ၁၉၃၄ ခုတွင် ဦးဖေမောင်တင်က သူ့တပည့်များ၏ ဝတ္ထုတိုများကို စုစည်း၍ ခေတ်စမ်းပုံပြင်အမည်နှင့် ထုတ်ဝေသော စာအုပ်တွင် ဤဝတ္ထုပါဝင်သည်။ ခေတ်ကိုစမ်းသပ်၍ တက္ကသိုလ် ကျောင်းသားလူငယ်များသည် ဝတ္ထုတိုများကို ရေးသားရာ၌ ရှေးအစဉ်အလာဝတ္ထုများထက် လောကကို ရှုမြင်တင်ပြပုံ ထူးခြားလာသည်ကို တွေ့ရသည်။

ထိုဝတ္ထုတွင်ပါဝင်သော အဓိကဇာတ်ဆောင်မှာ ဖိုးမာဒင်ဖြစ်သည်။ ဖိုးမာဒင်သည် အစဉ်အလာဝတ္ထုများကဲ့သို့ စိတ်ဝင်စားဖွယ် ကောင်းသော၊ ပျိုရွယ်သော၊ သူရဲကောင်းဆန်သော၊ အများကြိုက် ဇာတ်ဆောင်မျိုး မဟုတ်ပေ။ ထိုဇာတ်ဆောင်ကိုပင် စာရေးသူက စာဖတ်သူတို့ စိတ်ဝင်စားဖွယ်ဖြစ်အောင် ဇာတ်လမ်းဆင် တင်ပြနိုင်စွမ်းရှိပါသည်။ စာရေးသူသည် ဇာတ်ဆောင်ရွေးချယ်ရာ၌ ရဲရင့်သည်။ ပရိသတ်အကြိုက်ကို မလိုက်ဘဲ မိမိတင်ပြလိုသော ဘဝဒဿနတစ်ခုပေါ်တွင် အခြေခံ၍ ပုံဖော်ထားသည်။ ဇာတ်ဆောင်သွင်ပြင်ပုံပန်းကို စာရေးသူက–

> “ဖိုးမာဒင်သည် ဇရာဒုလ္လဘ၏ ဖိစီးနှိပ်စက်ခြင်းကို ခံနေရသူတစ်ဦးဖြစ်သည့်အားလျော်စွာ ခါးကိုင်းကိုင်း၊ ခြေလက်တို့မှာ အကြော ပြိုင်းပြိုင်းထလျက် မျက်စိသည် အတန်ငယ်မွဲဟန် ရှိလေသည်။ ထိုအဖိုးအိုသည် နဂိုကပင် တုံးနိုဘော နေတတ်သဖြင့် အကယ်၍သာ ကိုယ်လက်အင်္ဂါ လှုပ်ရှားခြင်းမရှိခဲ့ပါမူ မြန်မာ့ကျောင်း တန်ဆောင်းများ၌ တွေ့တတ်၊ မြင်တတ်သော သူအိုကမ္ဗဋ္ဌာန်းရုပ် သာသာပင်ဟု တွေးတောစရာ ဖြစ်တော့သည်။ သို့ရာတွင် သူသည် မျက်လုံး အလွန်ကြည်လင်၍ အသံသည်လည်း မာကြောလှသည်။”[၁]

ဟု သရုပ်ဖော် တင်ပြထားသည်။ ဇာတ်ဆောင်သည် ပရိသတ်အကြိုက် မဟုတ်ဘဲ တစ်မျိုးတစ်ဖုံ ထူးခြားနေသည်။ ဇာတ်ဆောင်၏ အိုမင်းသောပုံအသွင်ကို စာရေးသူ

---

[၁] ဇော်ဂျီ၊ ၁၉၉၉၊ ၁၆။

သည် မချွင်းမချန် ရဲရဲရင့်ရင့် သရုပ်ဖော်ခဲ့သည်။ ဇာတ်ဆောင်၏ အိမ်မင်းခြင်းနှင့် သူ့ကျော၌ ပိုးလွယ်ထားသော မင်းသမီးလေး၏ လုပနုပျိုခြင်း ဆိုသည့် ဆန့်ကျင်ဘက်အနေအထားနှစ်ခုကို ယှဉ်တွဲလျက် ဆရာဇော်ဂျီက–

> “သူ၏မျက်နှာတွင်ထူထပ်သောမျက်ခုံးမွေး၊ ပြင်းတွဲသောပါးရေ၊ နှုတ်ခမ်းပေါ်တွင် ဖုံးအုပ်နေသော ဖြူဆွတ်ဆွတ် နှုတ်ခမ်းမွေးများ ရှိလေသည်။ သူသည် မည်သည့်အခါမျှ ရွှင်ပြုံးသည်ဟူ၍ မရှိ။ အစဉ်အုံ့မှိုင်းသောကောင်းကင်ကဲ့သို့ တွေဝေငေးမောလျက် ရှိလေသည်။ သို့ရာတွင် သူ၏ ကျော၌ ပိုးလွယ် ထားသော မင်းသမီးကလေး၏ မျက်နှာပုံမှာ မျက်လုံး ဝိုင်းဝိုင်း၊ နှာတံ ပေါ်ပေါ်၊ ပါးပြင်လေးမှာချောမွတ်လျက် နှုတ်ခမ်းများမှာ ဟင်္သာပြဒါးရောင် ဆေးနီဆိုးထား၍ ချိုပြုံးသောမျက်နှာလေး ရှိလေသည်။”[၁]

ဟု သရုပ်ဖော်ရေးဖွဲ့ထားပါသည်။ ဇာတ်ဆောင်ဖိုးမာဒင်နှင့် သူ၏မင်းသမီးရုပ်လေးကို နှိုင်းယှဉ်၍ ဖွဲ့ပြပုံမှာလည်း အတွေးဆန်းသည်ဟု ထင်မြင်မိပါသည်။

သူ၏ဇာတ်ဆောင်အဖွဲ့နှင့် အရုပ်ကလေးကိုဖွဲ့သော အဖွဲ့နှစ်ခုတွင် တွေးစရာအနက်များ ပါဝင်နေသည်ဟု ထင်မြင်မိသည်။ သက်ရှိ လူသားသည် ဇရာထောင်းလာသည်နှင့်အမျှ ရုပ်သွင်ပြင် ပြောင်းသော်လည်း သက်မဲ့အရုပ်ကလေးမှာမူ ပင်ကိုယ်အတိုင်း အသွင်မပြောင်းဘဲ အစဉ်ချိုပြုံးလုပနေသည့်သဘောကို တင်ပြလိုဟန် ရှိသည်။ လူသားသည် သက်ရှိသည့်အတွက် မလှုပ်ရှားနိုင်သော အရုပ်ကလေးကို လှုပ်ရှားအောင် ကြိုးဆွဲနိုင်သည်။ သို့ရာတွင် မိမိ၏ဇရာကိုမူ ကြိုးဆွဲနိုင်ခြင်း မရှိခဲ့ပေ။ ဖိုးမာဒင်မှာ အရွယ်အိုသည်နှင့်အမျှ မပြုံးနိုင်တော့သော်လည်း အရုပ်ကလေးမှာမူ ပြုံးမြဲ ပြုံးနေသည်။ အဆိုပါနှိုင်းယှဉ်အဖွဲ့သည် ထူးခြားပြီးလျှင် စာရေးသူ တင်ပြလိုသော ဘဝဒဿန အနုပညာစိတ်ကူးများ ပါဝင်သည်ကို တွေ့ရပါသည်။

ဖိုးမာဒင်၏ စရိုက်မှာလည်း ထူးခြားလှသည်။ သူ၏အနုပညာ ဖျော်ဖြေမှုကြောင့် ရောက်လေရာအရပ်တွင် လူများ၏ ကြင်နာစွာ ကျွေးမွေးစောင့်ရှောက်မှုကို ခံရသော်လည်း ခံမင်ခြင်း မရှိလှပေ။ ဝမ်းဝရုံသာစားပြီး လှေကလေးဆီသို့ ပြန်သွား သည်။ လူအများ၏ဝေဖန်မှုကလည်း သူ့အပေါ်၌ ထိရောက်စေခြင်းမရှိ။ ထိုကဲ့သို့ စရိုက်ဆန်းပုံကို ဆရာဇော်ဂျီက–

[၁] – ယင်း–၊ ၁၇။

> "နားဆင်သူတို့၏ ဆန္ဒကိုဖြည့်ပြီး၍ တစ်ထွာမျှသော မိမိဝမ်းကို ဝစေပြီးလျှင် လူနံ့ကိုမခံချင်သောအမူအရာဖြင့် မိမိ၏ ပေါင်းမို့မို့လေ့ကလေးဆီသို့ အမိအရ ပြန်သွားတတ်လေသည်။ အချို့က အဖိုးအိုအား ချီးမွမ်းကြသည်။ အချို့က အဖိုးအိုသည် မာနကြီးသည်တကား၊ လူဆန်းပြား ဖြစ်လေသည်တကားဟု ပြောတတ်လေသည်။ သို့ရာတွင် ထိုစကားနှစ်ရပ်သည် ဖိုးမာဒင်၏ စိတ်တွင် အစွန်းအထင်းမျှမထိ၊ ဘာသာ အလျောက်ပင် နေတတ်လေသည်။ လူ့လောကနှင့် ခပ်ခွာခွာနေခြင်းကို သူနှစ်ခြိုက်ဟန်တူလေသည်။"[၁]

ဟု ရေးသားတင်ပြထားပါသည်။ ဖိုးမာဒင်ကဲ့သို့ ရုပ်သေးဆရာ အဖိုးကြီးတစ်ဦး၏ အလွန်ရိုးစင်းလှသောဘဝကိုပင် ဆရာဇော်ဂျီသည် ပရိသတ်ကို စိတ်ဝင်စားလာအောင် တင်ပြနိုင်ခဲ့သည်။ အညတရဇာတ်ဆောင်တစ်ဦး၏ ဘဝသည် တင်ပြပုံဆန်းကြယ်သောကြောင့် စာဖတ်သူတို့အား စိတ်ဝင်စားမှုကို ဖြစ်စေသည်။ စိတ်ဝင်စားမှုနှင့်အတူ အတွေးများကိုလည်း ဖြစ်စေသည်။ ဖိုးမာဒင်သည် မည်သည့်အတွက် ဤကဲ့သို့ နေသနည်းဟုလည်း တွေးကြသည်။ ထို့အပြင် မိမိတို့ ပတ်ဝန်းကျင်များ၌ ဖိုးမာဒင်နှင့်တူသော လူမျိုးများကိုလည်း ရှာဖွေကြည့်ကြသည်။ ဖိုးမာဒင် ဝတ္ထုကို သင်္ကေတဝတ္ထုဟုလည်း ဆိုကြသည်။ လူ့လောကတွင် တွေ့နိုင်သော လူအချို့တို့၏ အမူအရာ၊ စိတ်နေစိတ်ထား တို့ကို ဖိုးမာဒင်ဇာတ်ဆောင်ဖြင့် သင်္ကေတပြု ရေးဖွဲ့ထားသည်ဟုလည်း ယူဆနိုင်သည်။

စာရေးသူသည် သူ၏ဇာတ်ဆောင် ဖိုးမာဒင်ကို သူ၏အနုပညာ၌ သာယာတတ်သော ပရိသတ်အား သူ၏အနုပညာဖြင့် ဖျော်ဖြေနေရခြင်းကို အထူးပင်ကြည်နူးခံစားတတ်သူတစ်ဦးအဖြစ် တင်ပြထားသည်။ ထိုသို့ တင်ပြရာတွင်လည်း အနုပညာသမားစစ်စစ်တို့၏ အောင်မြင် ကျော်ကြားမှု၊ လူသိများမှုဆိုသည့် လူ့ပတ်ဝန်းကျင်၏ အငွေ့အသက်များကို မတပ်မက်။ မိမိအနုပညာဖြင့် လောကကို သာယာကြည်နူးဖွယ်ဖြစ်အောင် ဖျော်ဖြေပေးရခြင်း၊ လောကအလှ ဆင်ရခြင်းကိုသာ နှစ်သက်တတ်သည့် အနုပညာသည်များ၏ဘဝကို ဖိုးမာဒင်နှင့် သင်္ကေတပြု၍ တင်ပြထားသည်ဟုလည်း ယူဆနိုင်ပါသည်။

စာရေးသူ အလေးပေးတင်ပြလိုသည့် အနုပညာသည်တို့၏ အနုပညာစေတနာကို —

---

[၁] ဇော်ဂျီ၊ ၁၉၉၉၊ ၁၈။

> "ဖိုးမာဒင်၏ ထူးဆန်းသောအချက်တစ်ခု ရှိသေး၏။ ထိုအချက်ကို သေချာစုံစမ်းနိုင်မှ တွေ့မြင်သည်။ အထူးသဖြင့် သူသည် အရုပ်ကို ကစေ၍ သီချင်းဆိုလိုက်သဖြင့် နားထောင်သူတို့ ငေးမောနေသောအခါတွင် သူ၏အုံ့မှိုင်းလျက်နေသော မျက်နှာသည် လန်းလာ၍ အသံသည်လည်း တိုး၍ ကြည်လင်လာတတ်သည်။ သူ၏ ကြုံလှီသောကိုယ်ကာယသည်လည်း အသစ်အသစ်သော ခွန်အားဗလတို့ဖြင့် ကြီးထွားလာသည်ဟု ထင်မှတ်ရလေသည်။ သီချင်းဆုံးသောအခါ ဖိုးမာဒင်သည် ကြားနာသူတို့အား မသိမသာကြည့်၍ လိုရာသို့ ထွက်သွားတတ် လေသည်"[၁]

ဟု ရေးဖွဲ့တင်ပြထားပါသည်။ စစ်မှန်သောအနုပညာရှင်တို့၏ ဘဝနှင့်ခံစားချက်၊ ခံယူချက်များကို ကရုဏာသက်ဖွယ် လွမ်းဆွေးတမ်းတဖွယ်၊ ဆင်ခြင်ဖွယ်ဖြစ်အောင် ရေးဖွဲ့တင်ပြထားပါသည်။

ဖိုးးမာဒင်၏အလောင်းဘေး၌ ကျန်ရစ်သည့် အရုပ်ကလေး၏အနေအထားကို–

> "တဲနံရံတွင် အမိပင် သေဆုံးခဲ့သော်လည်း သောကဗျာပါဒဟူသည် မြူခြည်မျှ မရှိ၊ ရွှင်ကြည်လျက်နေတတ်သော အကလေးကဲ့သို့ ချိုပြုံးသောမျက်နှာကလေးဖြင့် ရင်ကလေးကိုချီမကာ သူ၏မင်းသမီးရုပ်ကလေးသည် တွဲလွဲဆွဲလျက် ရှိသည်။ သက်ရှိ ဖိုးမာဒင်နှင့် သက်မဲ့အရုပ်ကလေး တို့၏ အနေအထားချင်း ကွာခြားပုံကို ထန်းခေါက်အထက် တဲနံရံ၌ မင်းသမီးရုပ်ကလေးသည် ပြုံးလျက်ရှိသည်။ ဖိုးမာဒင်မှာကား ချိုပြုံးသော မင်းသမီးရုပ်ကလေးနှင့်နေရခြင်းကို အဆုံးသတ်လိုက်လေသည်။ အိုသခင်ဖိုးမာဒင် အသင်သည် လူခပ်သိမ်းတို့အား အသင်၏ အသံဖြင့် မွေ့လျော်စေခဲ့သည်။ အသင် ကောင်းရာသုဂတိ လားပါစေ။ ကျွန်ုပ်သည် ဤသို့ပင် ဆုတောင်း လိုက်ပါသည်။"[၂]

ဟု ရေးဖွဲ့ထားပါသည်။

ဆရာဇော်ဂျီသည် သူ၏ဝတ္ထုများတွင် နောက်ခံအဖွဲ့များကို ထည့်သွင်းလေ့ရှိသည်။ ထိုအဖွဲ့များကို ဇာတ်လမ်းနှင့်ဆက်စပ်ရာတွင် အချို့ဝတ္ထုများ၌ ဆက်စပ်မှုရှိပုံသည် ထင်ရှားပြီး အချို့ဝတ္ထုများ၌ ဆက်စပ်မှုသဘောကို အတွေးရခက်စေပါ

[၁] ဇော်ဂျီ၊ ၁၉၉၉၊ ၁၈။
[၂] ဇော်ဂျီ၊ ၁၉၉၉၊ ၂၀။

သည်။ ဆရာဇော်ဂျီ၏ နောက်ခံ အဖွဲ့များသည် ဝတ္ထုနှင့် ဆက်စပ်ပတ်သက်အောင် ဖန်တီးယူရာ၌ စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။ ဖိုးမာဒင်ဝတ္ထု၏ ဇာတ်လမ်းအဖွင့်တွင် ဇာတ်ကြောင်းပြောသူ၏ အမြင်ကို–

> "ကျွန်ုပ်သည် တစ်ညနေတွင် အနောက်ဘက်ကောင်းကင်သို့ ငေးမျှော်လျက်နေမိသည်။ ကောင်းကင်ဝယ် တိမ်လွှာတို့သည် အချို့ကားရွှေရွှေ၊ အချို့ကား နီနီ၊ အချို့ကား မရမ်း၊ အချို့ကား မှုန်မှုန် ရှိကြ၍ ကောင်းကင်လေရူး၏ တန်ခိုးကြောင့် အမျိုးမျိုးသော သဏ္ဍာန်တို့ကို ဖန်ဆင်းကာ တိမ်ဇာတ်ခင်းလျက် နေကြလေသည်။ ထိုအခိုက်တွင် တိမ်စိုင်တိမ်ခဲ တစ်ခုသည် တိမ်ထုတစ်ခုမှ ပဲ့ထွက်၍ မင်းဖွာယ်စိုးဟန် နေကြသော တိမ်လွှာတို့၏ အကြား၌ မိမိရပ်တည်ရာ၊ လဲလျောင်းရာကို မမြင်မသိသည့် အလား တောင်သို့ကူးကာ မြောက်သို့လားကာ အထီးတည်း လွင့်ပျံလျက် နေလေသည်။ အချိန်အတော်နှောင်းသွားသောအခါ ကောင်းကင် တစ်ခုလုံးသည် မည်းလာလေသည်။ ရောင်စုံဝင်းပနေသော တိမ်လွှာတို့သည်လည်း အသီးသီး အရောင်မှေးသွားကြလေသည်။ အထီးကျန် တိမ်စိုင်တိမ်ခဲသည်လည်း သူ့အလိုလိုပျက်ကြွေသွားလေသည်။"[၁]

ဟူ၍ တိမ်ထုကို နောက်ခံအဖွဲ့ဖြင့် အနုစိတ်သရုပ်ဖော်ထားသည်။ ထိုနောက်ခံအဖွဲ့မှ ဆက်သွယ်၍–

> "ကျွန်ုပ်သည် ဤတိမ်ကိုကား ယခုမှသတိရသဖြင့် ပြန်လှန်၍ ရေးရ သော်လည်း ထိုညနေကသော် မှောင်ကျလာသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်၏စိတ်အာရုံတွင် ရောင်စုံဝင်းပနေကြသော တိမ်လွှာတို့ ပျောက်ကွယ်၍ အထီးကျန် တိမ်စိုင်တိမ်ခဲတစ်ခုသာ ကျန်ခဲ့လေသည်။ သို့နှင့် ကျွန်ုပ်၏ စိတ်အာရုံတို့သည် ထို တိမ်စိုင်ခဲ၌သာ အကြာအရှည် စူးစိုက်၍မနေခဲ့။ ပေါ့ပါးသော တောင်ပံ နှစ်ခုကိုရလိုက်သည့်ပမာ အစအဆုံး မသိမြင်နိုင်သော ဤကမ္ဘာကြီး၏ ထက်ဝန်းကျင်သို့ စိတ်တို့၏ လျှင်မြန်သော အဟုန်ဖြင့် ထိုမှဤမှ ကျက်စားသွားလာခဲ့လေသည်။ နောက်ဆုံးတွင် ထိုစိတ်အာရုံသည် ကျွန်ုပ်၏ရွာငယ်သို့ နွေဆန်းစအခါ

[၁] – ယင်း –၊ ၁၅။

> တိုင်း ရောက်လာတတ်သော ဖိုးမာဒင်ဟု ခေါ်ကြသည့် အဖိုးအို တစ်ယောက်ထံသို့ ရောက်သွားလေသည်။"[၁]

ဟု ရေးဖွဲ့တင်ပြခဲ့သည်။ နောက်ခံအဖွဲ့နှင့်ဇာတ်ဆောင်ကို ဆက်သွယ်ယူပုံမှာ ထူးခြားသည်။ သိမ်မွေ့သည်။ ထို့ပြင်ဖိုးမာဒင် ကွယ်လွန်ခါနီးအချိန်တွင်လည်း တပေါင်းလတွင် လေပုကလေး ဆိုက်ကပ်ထားရာ ကမ်းစွယ်တွင်ပေါက်နေသည့် လက်ပံပင်အောက်၌ တွေ့မြင်ခဲ့ရပုံကို–

> "ကျွန်ုပ်သည် ဖြူလျော်သော အသွေးရှိ၍ အပွေးပွေးထနေသော အခေါက်များကို နေခြည်ဖျော့ဖျော့ ရိုက်သဖြင့် ပန်းရောင်တောက်နေသော လက်ပံကိုင်းကြီးကို လည်းကောင်း၊ ကိုင်းပေါ်တွင် အရွက်ကားကား အခက်ကြား၌ သားကောင်၏ ဦးနှောက်ကို ဖောက်စားတော့မည်ဟန်ကဲ့သို့ နားနေသော အမွေးပွပွနှင့် တောကျီးကန်းကို လည်းကောင်း၊ ထိုအကိုင်းအောက်၌ ခါးကို ဆန့်တန်းလျက် ပုခုံး၌ လွယ်ပိုးထားသော မင်းသမီးရုပ်၏ကြိုးကို ဘယ်လက်နှင့်ဆုပ်ကိုင်၍ နေရောင်ကို ညာလက်နှင့် မိုးကာလျက် ဝင်လုဆဲဆဲဖြစ်နေသောနေလုံးဆီသို့ ငေးကြည့်နေသော ဖိုးမာဒင်ကို လည်းကောင်း၊ ယခုတိုင် မြင်ယောင်ယောင် ရှိသေးလေသည်။"[၂]

ဟု နောက်ခံအဖွဲ့ကို ဇာတ်ဆောင်သေဆုံးမည့် နိမိတ်ပုံအဖြစ် ဆက်စပ်တင်ပြထားသည်ကို တွေ့ရသည်။ ဆရာဇော်ဂျီသည် တင်ပြသည့် အကြောင်းအရာကို ရွေးချယ်ရာ၌ ရည်ရွယ်ချက်သည် ကျယ်ပြန့်လေးနက်တတ်သည်။ တင်ပြပုံမှာ ပို၍ နက်ရှိုင်းသိမ်မွေ့နေတတ်သည်။ ထို့ကြောင့် စာဖတ်သူတို့အနေဖြင့် သာမန်အားဖြင့် ဖတ်ရှုလျှင် ဆိုလိုချက်ကို ရုတ်တရက်မသိနိုင်ပေ။ အရသာ လည်းမတွေ့နိုင်ပေ။ တဖြည်းဖြည်း တစိမ့်စိမ့်တွေးတောလျှင် စာရေးသူဆိုလိုချက်သည် စာဖတ်သူ အတွေ့အကြုံ အနုအရင့်ပေါ်မူတည်၍ ကျယ်ပြန့်မှု၊ နက်ရှိုင်းမှုရှိနေသည်ကို တွေ့ရသည်။

ဇော်ဂျီ၏ရည်ရွယ်ချက်များသည် ထူးခြားသည်နှင့်အတူ ဇာတ်ဆောင်ဖန်တီးမှု၊ နောက်ခံနှင့် ဇာတ်ဆောင်ကို ဆက်သွယ်မှု၊ ဇာတ်ဆောင်ကို ရွေးချယ်မှု၊ အညတြ ဇာတ်ဆောင်တစ်ဦးကိုပင် တစိမ့်စိမ့်တွေးစေပြီးလျှင် အရသာတွေ့အောင် ရေးသားနိုင်မှုတို့မှာ ထူးခြားသည်ဟု ဆိုရပါမည်။ သူ၏ဝတ္ထုများသည် အခြားဝတ္ထုများနှင့်မတူ၊

---

[၁] ဇော်ဂျီ၊ ၁၉၉၉၊ ၁၅–၁၆။

[၂] – ယင်း –၊ ၁၉။

အကြောင်းအရာများကို ထူးခြား ဆန်းကြယ်အောင် ဖော်ပြလေ့ရှိသည်။ လောက၌ လူသားတစ်ယောက်အဖြစ် တိတ်ဆိတ်စွာ ရှင်သန်သွားခဲ့ပြီး အောင်မြင်မှု၊ ပျော်ရွှင်မှု၊ တောက်ပမှုများကို မမက်မောသည့်သူများကို သင်္ကေတပြု ရည်ညွှန်းသည် ဟုလည်း ဆိုနိုင်သည်။ အနုပညာရှင်တို့၏ အထီးကျန်ဆန်ဆန် နေထိုင်ပြီး သူ၏အနုပညာဖြင့် လောကကို အလှဆင်နေရခြင်းအပေါ်၌သာ ကြည်နူးသာယာတတ်သည့် သဘောကို တင်ပြလို ဟန်ရှိသည်။ အရိုးဆုံးစဉ်းစားမည်ဆိုလျှင် လောက၌အထီးကျန်ဆန်ဆန် မှေးမှေးမှိန်မှိန် နေထိုင် ရှင်သန်ခဲ့ပြီး လောကထဲမှ တိတ်တဆိတ်ထွက်ခွာသွားသော သူတို့ကို ဤဝတ္ထုမှတစ်ဆင့် မြင်ယောင် လာစေနိုင်စွမ်းရှိသည်ဟု ထင်မြင်မိပါသည်။

## ၃.၂။ ဦးသောဘိတနှင့်ကိုခင်

ဦးသောဘိတနှင့် ကိုခင် ဝတ္ထုကို ဇော်ဂျီသည် ဂန္ထလောက မဂ္ဂဇင်းတွင် ၁၉၃၄ ခုနှစ် ဖေဖော်ဝါရီ လတွင် ရေးသားခဲ့ပါသည်။ ထိုဝတ္ထု၏ဇာတ်လမ်းအကျဉ်းမှာ တစ်မနက်လုံးမိုးအုံ့၍ တစ်နေ့ခင်းလုံး မိုးစိမ့်နေသည့် နေ့တစ်နေ့တွင် မိုးရေစိုရွှဲနေသော ကျီးတစ်ကောင်သည် ပြူတင်းတံခါးရွက်ပေါ်၌ နားလာသည်။ ကျီးကလေးသည် မိုးရေရွှဲ၍ မိုးသံတရှဲရှဲ မြည်လိုက်သော ကမ္ဘာကြီးတွင် နှစ်ခွန်းလောက်သာ အာလိုက်သော သူ့အသံသည် ချိုမြလှသည်။ ကျီးသံမဟုတ်ဘဲ ကောင်းကင်မှ ကျလာသော ကရဏာသံတစ်မျိုးဟု ရေးဖွဲ့ထားသည့် နောက်ခံအဖွဲ့ဖြင့် အစပျိုးထားသည်။ ဇာတ်ကြောင်းပြောသူ ဇာတ်ဆောင်သည် ကိုယ်တိုင်ပြောရှုထောင့်သုံးကာ ကျွန်တော်ဟူသော နာမ်စားဖြင့် ဇာတ်ကြောင်းပြောသွားသည်။

ဇာတ်ကြောင်းပြောသူ ကျွန်တော်သည် စာအုပ်တိုက်တစ်ခု၏အလုပ်ကို လုပ်ကိုင်ရသည်။ စာတိုက်သို့သွား၍ ပို့ရမည်ဖြစ်သော စာအုပ်နှစ်အုပ်ကို လှန်လှောဖတ်ကြည့်ရာ မိန်းမကောင်း ကြောင်းချည်း ရေးထားသော စာအုပ်များဖြစ်နေသည်။ စာတိုက်မှ ပို့ရမည့်လိပ်စာမှာ အရှင် ဦးသောဘိတ၊ စကုတိုက်၊ မန္တလေးဖြစ်သည်။ ထိုလိပ်စာ စက္ကူတစ်ချပ်ကို စာအုပ်၌ကော်ဖြင့် ဖိကပ်လိုက်သည်။ စာတိုက်သို့ ရောက်လာသည်။ စာတိုက်၌လူရှင်းနေသည်။ စာရေးနေသော စာရေးမတစ်ဦး ရှိနေသည်။ ကျွန်တော်သည် စာအုပ်ကို သံတိုင်ကြားမှ ထိုးပေးလိုက်သည်။ စာရေးမသည် စာပို့တိုက်ဝင်းအဝင်ဝမှ ဝင်လာသော ယောကျ်ားပျိုတစ်ဦးကို မျက်လုံးပြူး မျက်ဆံပြူးနှင့် ကြည့်နေသည်။ စာရေးမ၏ယောကျ်ားဖြစ်သည်။ ညအလုပ်ဆင်းပြီးမနက်တွင် အိမ်သို့ပြန်လာရာ အိမ်သော့မှာ ဇနီးဖြစ်သူစာရေးမနှင့်အတူ ပါလာခဲ့သည်။ သော့မရှိ၍ ဇနီးသည်ထံသို့ လိုက်လာခြင်းဖြစ်သည်။ စာရေးမသည် အိမ်နီးချင်းအဒေါ်ကြီးအား သော့ပေးခဲ့သည့်အကြောင်းကို ပြောသည်။ ထမင်းစားရန် အသင့်ပြင်ထားခဲ့ကြောင်း

ပြောဆိုသည်။ ဟင်းမလောက်ရင် ကြောင်အိမ်ထဲမှ ယူစားပါဟုလည်း ပြောသည်။ မိုးလုံအောင် ထီးဆောင်းသွားဟုလည်း မှာသည်။ စာရေးမ၏ ပြောစကားအရ ယောကျာ်းအမည်မှာ ကိုခင်မှန်း သိရသည်။ စာရေးမသည် စာအုပ်ထုတ်ကိုယူပြီး ဖြတ်ပိုင်းပေါ်၌ရေးကာ ဖြတ်ပိုင်းတစ်ရွက်ကို ပြန်ပေးသည်။ ထိုဖြတ်ပိုင်းကို ကြည့်လိုက်သောအခါ ကိုခင်၊ စကုတိုက်။ မန္တလေးဟု ရေးထားသည်ကို တွေ့ရသည်။ ကျွန်တော်ဇာတ်ဆောင်သည် ပြုံးချင်လာသည်။ စာရေးမအား ပြန်ပြောသောအခါ မိမိယောကျာ်း ရောက်လာ၍ မှားရေးမိကြောင်း ပြောဆိုသည်။

ထိုအဖြစ်အပျက်ကို ဖော်ပြပြီးနောက် စာရေးသူက ဦးသောဘိတသည် ငယ်ဖြူဖြစ်၍ စာအုပ်ထဲတွင်ပါသည့်အတိုင်း မိန်းမတို့၏မကောင်းကြောင်းကို ချက်ချင်းသဘောကျပြီး လက်ခံလိုက်မည်လား မသိ။ ထိုမိန်းမတို့၏ မကောင်းကြောင်းကို ကိုခင့်ဘက်မှကြည့်လျှင် အလွယ်တကူလက်ခံနိုင်ပါမလားဟုတွေးတောမိသည်။ ကိုခင့်တွင်မူ ချစ်ခင်ကြင်နာတတ်သော မိန်းမမျိုးကို ရထားသောကြောင့်ဖြစ်သည်။ အိမ်သို့ ပြန်ရောက်လာသည်။ ဇာတ်သိမ်းတွင် ပြူတင်းပေါက်၌ လာနားသော ကျီးကလေး ရှိပါ၏လောဟု တွေးသည်။ ကျီးကလေး၏ အသံသည် ကျီးသံမဟုတ်၊ ကောင်းကင်မှ ကျလာသော ကရုဏာသံမျိုး ဖြစ်သည်လောဟူသော အတွေးဖြင့် အဆုံးသတ်ထားသည်။

ဖိုးမာဒင်ဝတ္ထုတွင် နောက်ခံကို အနုစိတ် ခြယ်မှုန်းပြီးမှ ပဲ့ထွက်လာသော တိမ်လွှာတစ်ခုနှင့် ဇာတ်ဆောင်ကို ဆက်သွယ်၍ ရေးဖွဲ့ထားသည်။ ဦးသောဘိတနှင့်ကိုခင် ဝတ္ထုတွင်လည်း တစ်မနက်လုံးမိုးရွာပြီး တစ်နေ့လုံး မိုးစိမ့်နေ၍ အပြင်သို့ မထွက်ချင်ပုံကို ဖော်ပြသည်။ ထိုမိုးရွာသောနေ့တွင် ကျီးကလေးတစ်ကောင် တံခါးရွက်ပေါ်၌ နားလာပုံကို —

> "ထိုကျီးကလေးသည် တစ်ကိုယ်လုံးမိုးရေရွှဲနေသဖြင့် သူ၏ကိုယ်ကာယသည် သေးသေးသွယ်သွယ် ဖြစ်နေသည်။ နှုတ်သီးချွန်ချွန် တစ်ခုနှင့် မျက်လုံးမို့မို့နှစ်လုံးတို့ ထင်ရှားသော သူ၏မျက်နှာသည် ငေးနေသောလက္ခဏာ ရှိသည်။ အကြောင်းတစ်ခုခုကို စဉ်းစားနေမည်အမှန်ပင်။ သူ အဖိုလား၊ အမလား၊ သူ့မှာ အသိုက်ရှိပါ၏လား၊ အသိုက်ရှိလျှင်သူ့သား ကလေး၊ သမီးလေးများထံသို့ ပြန်သွားဖို့ကောင်းသည်။ လည်ပင်းတွင် မိုးရေစိုနေသော အမွေးနက်နက်သည် ကော့လန်နေသည်ဖြစ်ရာ အောက်ခြေက အမွေးနုနုဖြူဖြူများသည် လည်ပင်းကို ရစ်ပတ်ဖြူဖွေး

> နေကြသည်။ လည်ရစ်ဖြူဖြူနှင့်လှသော ငှက်မည်းမည်းကလေး ပင်"[၁]

ဟု အသေးစိတ်ဖော်ပြထားသည်။ အရုပ်ဆိုးသော၊ အသံမသာသော ကျီးတစ်ကောင်ကို မိုးရွာသော နေ့နှင့်တွဲ၍ သူ၏ဝတ္ထုတွင် နောက်ခံနှင့်တင်ပြရာ၌ ဇော်ဂျီသည် ချစ်ခင်သောမျက်စိဖြင့် လှသော ငှက်မည်းမည်းလေးဟု ရေးဖွဲ့ခဲ့သည်။ အရုပ်ဆိုးသော ကျီးကိုပင် နှစ်သက်ဖွယ်ဖြစ်အောင် ဖွဲ့ဆိုထားပုံမှာ ထူးခြားသည်။ ထို့ထက်ထူးခြားသည်မှာ ကျီးလေး၏အသံကို ဖွဲ့ဆိုချက်ပင် ဖြစ်သည်။ စာရေးသူက–

> "မိုးရေရွှဲ၍ မိုးသံတရဲရဲမြည်နေသော ကမ္ဘာကြီးတွင် နှစ်ခွန်းလောက်သာ အာလိုက်သည့် သူ့အသံသည် ချိုအေးလှသဖြင့် စင်စစ်ကျီးသံမဟုတ်၊ ကောင်းကင်ကကျလာသော ကရုဏာသံ တစ်မျိုးပါပေ"[၂]

ဟု ရေးဖွဲ့ခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်တော်ဇာတ်ဆောင်သည် ကျီးကလေးကိုကြည့်နေရာမှ စာအုပ် ပို့ရန် သတိရပြီး စာအုပ်ပို့ရန် ပြင်သည်။ မိမိပို့ရမည့်စာအုပ်ကို မှာသူမှာ စကုမှ အရှင်ဦးသောဘိတ ဖြစ်သည်။ စာအုပ်တွင်ပါသော အကြောင်းအရာများမှာ မိန်းမတို့၏ မကောင်းကြောင်းများဖြစ်သည်။ စာအုပ်ပါအချက်များနှင့် ပတ်သက်၍ စာရေးသူ အတွေးကို–

> "မိန်းမများသည် မရှိမကောင်း၊ ရှိမကောင်းဖြစ်သည်။ မိန်းမများ လူ့ဘုံ၌ မွေးမလာကြလျှင်လည်း အမေများ ရှိမည်မဟုတ်။ ယောကျ်ားများသည် လောကကို ငြီးငွေ့ပြီး ဘုန်းကြီးဝတ်ကုန်ကြလျှင်လည်း အမြို့မြို့ အရွာရွာ၌ မိန်းမများချည်း ကျန်ခဲ့မည်။ မိစ္ဆာများဝင်လာကြလျှင် အခက်ကြုံမည်၊ ဘုန်းကြီးဝတ်တွေနှင့် ဒေါသထွက်ကြလျှင်လည်း အရုပ်ဆိုးမည်။"[၃]

စသည်ဖြင့် အတွေးများကို ချဲ့ထွင်၍ ရေးသားတင်ပြထားသည်။ ထိုအတွေးများသည် ရှေ့ဆက်မည့် ဇာတ်လမ်းအတွက် အဆက်အစပ်ရှိသော အတွေးများဖြစ်သည်။

---

[၁] ဇော်ဂျီ၊ ၁၉၉၉၊ ၄၄။

[၂] – ယင်း –။

[၃] – ယင်း –၊ ၄၅။

ထိုသူက စာအုပ်ထုတ်ကို စာရေးမထံသို့ ထိုးပေးလိုက်ရာတွင် စာရေးမက မိမိယောကျ်ားကိုတွေ့သည့်အတွက် အပြင်သို့လှမ်း၍

"အော် ကိုခင် မိုးရွာကြီးထဲမှာ ဘာကိစ္စများထူးလာပြန်သလဲ၊ အိမ်ကိုရောက်ခဲ့ပြီလား၊ ထမင်းစားပြီးပြီလား၊ ကျွန်မပြင်ထားတဲ့(နာရီကိုကြည့်လျက်) ဒီနေ့မနက်အလုပ်ဆင်းလာတာ စောလှချည်လား၊ ရှင့်နှယ်ရှင် ထီးလည်းအပါသားနဲ့"[၁]

ဟု ပြောဆိုသည်။ စာရေးမ၏ အဆက်မပြတ် ပြောဆိုသောစကားများဖြင့် လင်ယောကျ်ားအပေါ် ချစ်ခင်ကြင်နာမှု၊ ဂရုစိုက်မှု၊ စိုးရိမ်ကြောင့်ကြမှု ဆိုသည့် မေတ္တာသဘောများကို ဖော်ပြထားသည်။

"ယောကျ်ားပျိုက သော့မရှိသည့်အတွက် မဝင်ခဲ့ရကြောင်း ပြောသောအခါ 'ဟောတော် ဒေါ်ဒေါ်ခါကို သော့မပေးခဲ့မိဘူး၊ မေ့တတ်လိုက်တဲ့ဖြစ်ချင်း၊ ကိုခင်အခုအိမ်ကိုရောက်ရဲ့သားနဲ့ တံခါးသော့ခလောက်ခတ်ထားလို့ မဝင်ခဲ့ရဘူးပေါ့"[၂]

ဟုပြောသောအခါ

"အေးလေ မင်းမှသော့မထားခဲ့ပဲ ငါဘယ့်နှယ်လုပ်ပြီး ဝင်နိုင်မှာလဲ" "နောက်ကို မမေ့တော့ပါဘူးတော်" ဟု (အာလုပ်သံ ပျော့ပျော့နှင့်) ပြောပြီးနောက် ထိုစာရေးမသည် ခပ်အုပ်အုပ်ရယ်ရင်း မိမိ၏ အင်္ကျီအိတ်ကပ်မှ ထုတ်လိုက်သည်"[၃]

ဟု ရေးဖွဲ့တင်ပြထားသည်။ စာရေးမသည် ရယ်ရယ်မောမောနှင့် သော့တွဲကိုပေးရင်း စိုးရိမ် ကြောင့်ကြဟန်ဖြင့် ပြောဆိုဟန်ကို–

"ကိုခင် ဟင်းမလောက်ရင်ယူစားနော်၊ ကြောင်အိမ်ထဲမှာ ရှိလေရဲ့၊ မိုးလုံအောင် ထီးဆောင်းသွားပါ" ဟူသော စကားကိုလည်း စာတိုက်ဝင်းအဝင်အဝ မမှီမကမ်းလိုက်ပို့လိုက်ပြန်သေးသည်။"[၄]

ဟု ရေးသားထားပါသည်။

---

[၁] ဇော်ဂျီ၊ ၁၉၉၉၊ ၄၇။
[၂] – ယင်း –။
[၃] – ယင်း –။
[၄] – ယင်းး –၊ ၄၈။

ထို၀တ္ထုတွင် ဇာတ်ဆောင်သုံးဦးပါ၀င်သည်။ စာအုပ်ပို့သူ၊ ကိုခင်နှင့် စာရေးမတို့ဖြစ်သည်။ စာရေးသူသည် စာရေးမကို စကားအများဆုံး ပြောစေသည်။ ပြောသမျှစကားများမှာလည်း ကိုခင့်အပေါ်တွင် မေတ္တာစေတနာ အပြည့်ပါသည့် စကားများဖြစ်သည်။ ထိုပြောစကားများဖြင့် ဤလောကၡ ယောကျ်ားများအတွက် ကြင်နာတတ်သောမိန်းမများလည်း ရှိကြောင်း စာရေးသူက တင်ပြခဲ့သည်။ အားပြိုင်မှုသုံးပုံမှာ ထူးခြားသည်။ တစ်ဖက်မှ အရှင်ဦးသောဘိတအကြိုက် မိန်းမများ မကောင်းကြောင်း ရေးထားသော စာအုပ်ဖြစ်သည်။ တစ်ဖက်မှကိုခင်နှင့် စာရေးမတို့၏ဇာတ်ကွက်ဖြင့် မိန်းမသားတို့၏ ကောင်းကြောင်းကို ထင်ရှားစေသည်။ စာရေးသူကမူ အဆုံးအဖြတ်မပေးဘဲ–

> "ဒါ ငါ့အရေးမဟုတ်ပါဘူး၊ ကိုခင့်အရေးပါ၊ တော်တော်စိတ်ညောင်းလှတယ်"[၁]

ဟု တွေးဟန်ဖြင့် အဆုံးသတ်ထားသည်။ လောကၡ မိန်းမကောင်းများရှိသကဲ့သို့ မိန်းမဆိုးများလည်း ရှိနိုင်သည်။ တစ်ဖက်သတ်အမြင်ဖြင့် ကြည့်ရှု၍မရဘဲ နှစ်ဖက်စလုံးမှ အကောင်းအဆိုးရောကာ ဆုံးဖြတ်သင့်ပုံအတွေးကို ပေးထားသည်။ တစ်ဖက်သတ်အမြင်ဖြင့် မဆုံးဖြတ်သင့်ကြောင်း အသိပေးထားပါသည်။

ထိုသို့အသိပေးရာမှာ စာရေးသူ၏ တင်ပြပုံစိတ်ကူးစိတ်သန်းမှာ ထူးခြားလှသည်။ မိန်းမ မကောင်းကြောင်းစာအုပ်ကို အရှင်ဦးသောဘိတက မှာယူကြောင်း တင်ပြပြီး တစ်ဖက်မှ မိန်းမကောင်းများ၏ သဘောကို ဇာတ်ကွက် တစ်ကွက်ဖြင့် ထင်ရှားအောင် ပြသလိုက်ခြင်းဖြစ်သည်။ ဇော်ဂျီသည် လောကကိုရှုမြင်ရာ၌ ယထာဘူတကျသည့်အပြင် ဟာသအမြင်လည်း ရှိသည်ကို တွေ့ရပါသည်။ နောက်ခံအဖွဲ့နှင့် ဇာတ်လမ်းကို ဆက်နွယ်ပြီး ကျီးမည်းလေးတစ်ကောင်နှင့် စပြီး ကျီးမည်းလေးတစ်ကောင်ဖြင့်ပင် အဆုံးသတ်ထားသည်။ ကျီးမည်းကလေးကို လှပသော ကျီးမည်းကလေး၊ ကျီးအာသံကိုပင် ကောင်းကင်ယံမှကျလာသော ကရုဏာသံဟု တွေးခေါ်ပြမှုမှာ ဆရာဇော်ဂျီ၏ ထူးခြားသော အတွေးစိတ်ကူး၊ ဖန်တီးမှုများပင် ဖြစ်သည်ဟု ထင်မြင်ယူဆမိပါသည်။

---

[၁] ဇော်ဂျီ၊ ၁၉၉၉၊ ၄၉။

## ၃.၃။ သော့တွဲနှင့်နတ်ရုပ်

သော့တွဲနှင့်နတ်ရုပ် ဝတ္ထုကို ဆရာဇော်ဂျီသည် ၁၉၃၅ ခုနှစ် စက်တင်ဘာလ ထုတ် ဂန္ထလောက မဂ္ဂဇင်းတွင် ရေးသားခဲ့ခြင်း ဖြစ်ပါသည်။ ဝတ္ထု၏ရည်ရွယ်ချက်မှာ အိမ်ထောင်ဘက်အတွက် လက်တွဲကြရာတွင် မေတ္တာထက် တစ်စုံတစ်ခုကို အထင်ကြီး ၍ လည်းကောင်း၊ တစ်စုံတစ်ခုကို မျှော်လင့်၍လည်းကောင်း အတူလက်တွဲခဲ့ကြသည်။ အိမ်ထောင်သည်ဘဝသို့ ရောက်ရှိသောအခါ နှစ်ဦးစလုံး မျှော်လင့်သလို ဖြစ်မလာ သည့်အတွက် တစ်ဦးပေါ်တစ်ဦး စိတ်ပျက်လာကြပြီးလျှင် အသေးအဖွဲ့အကြောင်းအရာ တစ်ခုနှင့်ပင် ခွင့်မလွှတ်နိုင်ဘဲ ကွဲခဲ့ကြသည်။ သို့ရာတွင် တစ်ဦးချင်း ဘဝကို ခက်ခဲ စွာ ရုန်းကန်နေထိုင်ပြီးသည့်နောက်တွင် ပြန်လည်ဆုံတွေ့ကြသောအခါ တစ်ဦးကို တစ်ဦး ကရုဏာတရားနှင့် နားလည်ခွင့်လွှတ်ကာ ပြန်လည် ပေါင်းစည်းခဲ့ကြပုံကို ရေးဖွဲ့တင်ပြခြင်း ဖြစ်ပါသည်။ လောကတွင် ဖြစ်တတ်ပျက်တတ်သော သဘောကိုပင် အခြေခံ၍ လူ့သဘာဝ စရိုက်အဖွဲ့များ အလေးကဲကာ ဇာတ်လမ်းဆင် တင်ပြထား သည်ကို တွေ့ရသည်။ လောက၌ ဖြစ်လေ့ ဖြစ်ထရှိကြသော ချစ်ကြိုက်ကွဲညား ပြန် ပေါင်းဆိုသည့် အရိုးခံဇာတ်လမ်းကိုပင် ဇော်ဂျီ၏ စိတ်ကူးနှင့်အရေးဖွဲ့ ပြောင်မြောက် သည့်အလျောက် ရိုးရိုးနှင့် ဆန်းသစ်သည်ဟု ထင်ရအောင် ဖန်တီးတင်ပြထား ပါသည်။

ဇာတ်လမ်းအကျဉ်းမှာ မရွှေပွင့်သည် ဒေးဒရဲသူ ပွဲကတော် မုဆိုးမဖြစ်သည်။ သားသမီး မရှိပေ။ အသက် ၄၀ ကျော် ၄၁ နှစ်အတွင်းဖြစ်သည်။ ကိုယ်ဟန် တောင့်တင်းသည်။ ကျားခေါင်း လက်ကောက်ကို ဝတ်ထားသည်။ ဆေးပေါ့လိပ် သောက်တတ်သည်။ ကွမ်းစားတတ်သည်။ ကိုချိတ်သည်မူ တော်ကမယ်ရွာသား ဖြစ်သည်။ လှေသူကြီး လုပ်ခဲ့ဖူးသည်။ အသက် ၄၅ နှစ် သာသာခန့်ရှိ မုဆိုးဖို ဖြစ်သည်။ သားသမီးမရှိပေ။ လူလုံးလူဖန်ကား သေးသေးသွယ်သွယ် ဖြစ်သည်။

မရွှေပွင့်သည် သော့ ၁၂ ချောင်းပါသော သော့တွဲကို လက်ကိုင်ပုဝါတွင် စုချိတ်ပြီး ပုခုံးပေါ်၌ တင်ထားလေ့ရှိသည်။ ထိုသော့တွဲကို ကိုချိတ်သည် မျက်စိကျနေ သည်။ အထင်ကြီး နေသည်။ ကိုချိတ်၏ လည်ဇလုပ် တစ်ဖက်တစ်ချက်တွင် ဆေးနီ နှင့် နတ်ရုပ် ထိုးထားသည်။ ထိုနတ်ရုပ်နှစ်ရုပ်ကို မရွှေပွင့်သည် အာရုံစိုက်မိသည်။ ကိုချိတ်သည် တစ်စုံတစ်ရာ အစွမ်းထက်မည်ဟု မျှော်လင့်သည်။ ပထမတွင် နှစ်ဦး စလုံးက အောင်သွယ်သူများကို မနှစ်ခြိုက်နိုင်ကြောင်း ဟန်ဆောင် ပြောဆိုသော်လည်း အလွယ်တကူနှင့်ပင် အကြင်လင်မယား ဖြစ်ခဲ့ကြသည်။ ထိုသို့ ဖြစ်ပြီးသောအခါတွင် နှစ်ဦးစလုံးသည် မျှော်လင့်သလို ဖြစ်မလာဘဲ လက်ဗလာချည်း ဖြစ်ကြောင်း နားလည်

လာသောအခါ အသေးအဖွဲ့အကြောင်းအရာကို မူတည်၍ ရန်ဖြစ်ကြပြီး ကိုချိတ်သည် မိမိအား ခွေးနှင့်နှိုင်းကာပြောဆိုသည့် မရွှေပွင့်အား ကွမ်းအစ်နှင့်ပေါက်ပြီး အိမ်မှ ထွက်ခွာသွားသည်။

လေးနှစ်ခန့်ကြာသောအခါ ဒေးဒရဲမြို့အနီးရှိ ရွာတစ်ရွာ၌ ဘုရားပွဲတော်တွင် ဇာတ် တစ်ဇာတ် ကရန်ရှိသည်။ သို့ရာတွင် ဆိုင်းသမားအချို့သည် ဇာတ်ဆရာနှင့် အချင်းများ၍ ထွက်သွားကြသောကြောင့် တွံတေးမှဆိုင်းဝိုင်းကို ငှားကြရသည်။ ထိုဆိုင်းတွင် ကိုချိတ်သည် ဆိုင်းနောက်ထိုင်အဖြစ် ပါလာသည်။ မရွှေပွင့်ကို တွေ့လို တွေ့ငြား ရှာဖွေသေးသည်။ ထိုအချိန်တွင် ပွဲစ၍ထွက်လာသည်။ နတ်ကတော် စ၍ ကသည်။ ထိုနတ်ကတော်သည် မရွှေပွင့်ဖြစ်နေသည်။ သူတို့နှစ်ဦး ပြန်လည်ဆုံတွေ့ သောအခါ ကိုချိတ်က မရွှေပွင့်အား နတ်ကတော်မလုပ်ပါနှင့်တော့၊ ငါပဲ မင်းသားကြီး လုပ်ပြီးကျွေးပါမည်၊ အခုဇာတ်ထဲမှာ မင်းသားကြီးတစ်ယောက်လိုတယ်ကြားသည်၊ ထိုနည်းဖြင့် လက်ထပ်စဉ်က မျှော်လင့်ချက်ကိုယ်စီနှင့် လက်ထပ်ခဲ့သောသူများ ဖြစ် သော်လည်း ယခုအခါ ဘာမျှမျှော်လင့်စရာ မရှိသော အခြေအနေမျိုးတွင် ပြန်လည် တွေ့ဆုံပြီး နားလည် ခွင့်လွှတ်နိုင်ခဲ့ကြသည်။

ဇာတ်လမ်းအဖွင့်တွင် ကိုချိတ်အား အပေါင်းအသင်းများက မရွှေပွင့်နှင့် အောင်သွယ်သည့်အတွက် မကြိုက်ဟန်ပြုကာ ငြင်းပယ်နေပုံဖြင့် အစပျိုးထားသည်။ လူ့သဘော လူ့သဘာဝကို နားလည်ပြီး သရုပ်ဖော်ရေးသားရာ၌လည်း သဘာဝ ကျအောင်နှင့် ပေါလွင်အောင် ရေးသားနိုင်စွမ်းရှိသော ဆရာဇော်ဂျီသည် မရွှေပွင့် ၏စရိုက်အပေါ် ကိုချိတ် မနှစ်သက်ရသည့်အကြောင်းကို တင်ပြရာ၌–

> “မိန်းမတန်မယ့် ဂွီးဂွီးမြည်အောင် နှပ်ညှစ်တာရယ်၊ နားခွက် ထဲမှာ သနပ်ခါးခြောက်တွေ မစင်တာရယ် ငါရွံသကွာ” “ဒါက တော့ ကိုကြီးချိတ်ရာ အန္တရာယ် လွယ်မထားကောင်းဗျ၊ နို့ နှပ်တွဲလောင်းကျလာတော့ ဘယ့်နှယ်လုပ်မလဲ” “မင်းသနပ်ခါး ခြောက်တွေကရော” “ကိုကြီးချိတ်ကလည်းဗျာ၊ ကပ်သီးကပ်သတ် အပြစ်မဟုတ်တာကို အပြစ်လုပ်နေပြန်ပြီ၊ သနပ်ခါး ညတိုင်း လိမ်းအိပ်လို့ပေါ့ဗျ၊ ဟဲ..ဟဲ..ဟဲ” “ခပ်အေးအေးနေစမ်းပါရ စေကွာ” (ကိုချိတ်သည်ငြင်းပယ်သံဖြင့် နှုတ်ဖျားက ထိုသို့ ငြီး လိုက်သော်လည်း စိတ်မျက်စိ၌ မရွှေပွင့်ကို တရေးရေး မြင်နေမိ သည်)”[၁]

---

[၁] ဇော်ဂျီ၊ ၁၉၉၉၊ ၁၂၀။

ဟု ရေးဖွဲ့တင်ပြထားပါသည်။ ဇာတ်ဆောင်တို့၏ အပြန်အလှန်ပြောစကားဖြင့် မရွှေပွင့်၏စရိုက်ကို ဖော်ထားသကဲ့သို့ ကိုချိတ်၏ နေရာတကာကို အသေးစိတ်ရှုမြင်သုံးသပ်တတ်သော စိတ်နေ သဘောထား၊ ဟန်ဆောင်တတ်သော စိတ်နေ သဘောထားများကို စရိုက်ဖော်ရေးဖွဲ့ထားသည်ကို တွေ့ရသည်။

ဆရာဇော်ဂျီသည် စရိုက်အမျိုးမျိုးရှိသည့်အနက် စာရေးသူတို့ ထည့်သွင်းရေးဖွဲ့ခဲ့သော နှပ်ညှစ်သည့်စရိုက်ဖြင့် သူ၏ဇာတ်ဆောင် မရွှေပွင့်နှင့် စတင်မိတ်ဆက်ပေးသည်။ တစ်ဖက်မှ နားရွက်ထဲက သနပ်ခါးကအစ ကြည့်တတ်မြင်တတ်သော ဟန်ဆောင်ကောင်းသော သူ၏ ဇာတ်ဆောင် ကိုချိတ်ကိုလည်း မိတ်ဆက်ပေးလိုက်သည်။ ဝတ္ထုတိုများကို ရေးသားရာတွင် အသုံးပြုသည့်အတတ်ပညာ၊ စိတ်ကူး စိတ်သန်း မတူကွဲပြားအောင်နှင့် ရသမြောက်ဝတ္ထုတိုကောင်း တစ်ပုဒ်ဖြစ်အောင် ရေးလေ့ရှိသော ဇော်ဂျီသည် သော့တွဲနှင့်နတ်ရုပ်တွင်လည်း လူ့သဘာဝအဖွဲ့ကောင်းများဖြင့် ဇာတ်လမ်းအဖွင့်မှစ၍ စာဖတ်သူ၏စိတ်ကို စည်းရုံး ဆွဲဆောင်နိုင်အောင် တင်ပြထားသည်။

ဆရာဇော်ဂျီ၏ ဝတ္ထုများသည် ဇာတ်လမ်းသဘောကို အားမပြုဘဲ ဇာတ်ဆောင်စရိုက်ကို အားပြုလေ့ရှိသည်။ ဇာတ်ဆောင်စရိုက်ကို အားပြုသည်ဆိုရာ၌လည်း လူ့သဘာဝအဖွဲ့ကောင်းများ ဖြစ်အောင် ရေးဖွဲ့မှုအတတ်ပညာကို သုံးခြင်းဖြင့် ဇာတ်ဆောင်စရိုက်ကို သရုပ်ဖော်ရာ၌ စိတ်ကူးကောင်းသည်နှင့်အမျှ အရေးအဖွဲ့ကလည်း ကောင်းစွာ ပံ့ပိုးပေးနိုင်သည်။ အကြောင်းအရာ ကောင်းမွန်သည်နှင့်အမျှ ပုံသဏ္ဌာန်ပိုင်းကလည်း ပုံကောင်းပုံလှဖြစ်အောင် ရေးသားတင်ပြနိုင်သည်။ ကိုချိတ်နှင့် အားပြိုင်ရမည့် ဇာတ်ဆောင်ဖြစ်သော မရွှေပွင့်၏စရိုက်ကို ရေးဖွဲ့ရာ၌လည်း စိတ်ကူး အသေးစိတ်သည်။ ထိုစိတ်ကူးကို အရေးအဖွဲ့ကလည်း အနုစိတ် ခြယ်မှုန်းနိုင်စွမ်းရှိသည်။

ထိုသဘောကို တင်ပြရာ၌–

> "မရွှေပွင့်သည် ကျားခေါင်းလက်ကောက်ကိုဝတ်၏။ ဆေးပေါ့လိပ်သောက်တတ်၏။ ကွမ်း စားတတ်သည်။ ကွမ်းစားသောအခါ လက်ညှိုးတစ်ခု၊ လက်မတစ်ခုဖြင့် နှုတ်ခမ်းကို သပ်လေ့ရှိသည်။ ထိုအခါ ငါးပူတင်းပါးစပ်ကလေးနှင့် တူတတ်သည်။ သူ၏ကိုယ်မှ အမြဲလိုလို တောင်နံ့ကြီးနံ့မွှေးနေသည်။ စကား

> ပြောသောအခါ ပျော့ပျော့ ပျော့ပျော့နှင့် အာလေးလေး ပြော တတ်သည်။"[၁]

ဟု အသေးစိတ်ရေးဖွဲ့ထားသည်။ ဆရာဇော်ဂျီသည် လူ့သဘာဝကို ကျွမ်းကျင်နှံ့စပ်သူဖြစ်သည့်အလျောက် ကွမ်းစားသည်ကိုပင် သာမန်အားဖြင့်မဖွဲ့ဘဲ ကွမ်းစားသည့်ဟန်နှင့်စရိုက်ကို အသေးစိတ်ဖွဲ့သည်။ ထိုအခါတွင် ဖြစ်ပျက်သွားသော ပါးစပ်၏ပုံသဏ္ဍာန်ကို ငါးပူတင်းပါးစပ်နှင့် တူလှသည်ဟု ပုံပေါ်လာအောင်နှင့် ရယ်ချင်ပြုံးချင်လာအောင် ရေးဖွဲ့ထားသည်။

မန္တလေးဖွင့် ရုပ်အဆင်းသဏ္ဍာန်နှင့် ဓလေ့စရိုက်များသည် လုပနှစ်သက်ဖွယ်မဟုတ်သော်လည်း ပရိသတ်၏အာရုံ၌ စွဲလမ်း ထင်မြင်လာစေသည်။ မန္တလေးဖွင့်သည် ကိုချိတ်ကို အတန်ငယ် သဘောကျသည်နှင့်အမျှ ကိုချိတ် အလည်လာရာတွင် ပြုစုပုံကို–

> "ကိုချိတ် အလည်လာစဉ်က ကိုချိတ်ကို လက်ဖက်ရည်ကြမ်း၊ လက်ဖက်၊ ငါးပုတ်ခြောက်များနှင့် တရိုတသေဧည့်ခံဖူးသည်။ ကိုချိတ်လက်သုတ်ရန် ဘီရိုကိုသော့ဖွင့်ပြီးလျှင် လက်သုတ်ပုဝါကို ထုတ်ချပေးသည်။"[၂]

ဟု စေ့စေ့စပ်စပ် စရိုက်ဖော်ရေးဖွဲ့ထားသည်။ ထိုဇာတ်ကွက်တစ်ကွက်ထဲ၌ပင် စာရေးသူသည် ကိုချိတ်၏စရိုက်ကို ပေါ်အောင်ဖွဲ့သည်။ ထိုအကြောင်းကို –

> "ကိုချိတ်သည် သော့တွဲကိုသေသေချာချာကြည့်၏။ သော့ချောင်း (၁၂)ချောင်း၊ ငွေနဖားကလော်၊ ငွေသွားကြားထိုးတံ တို့ကို မြင်သည်။ သော့ကွင်းတွင် ပုဝါဖြူတစ်ထည် ချီလျက်ရှိသည့်အပြင် မရိုးဖြူစိတ်ပုတီးတစ်ကုံးလည်း ကွင်းချောပတ်လျက် ရှိသည်။ ဧည့်ခံစဉ်က မန္တလေးဖွင့်သည် ကိုချိတ်၏ ဝဲဘက်၌ထိုင်၍ ဧည့်ခံသည်။ ပုခုံးပေါ် ပစ်တင်ထားသဖြင့် သော့အချောင်းတို့သည် မန္တလေးဖွင့်၏ ကျောတွင်မှီလျက် ကိုချိတ်ကို တစေ့တစောင်းကြည့်၍ မျက်စပစ်နေသည်နှင့်တူ၏။ ပုဝါဖြူနှင့်စိတ်ပုတီးတို့က ရင်ပတ်တွင် တွဲလွဲခို၍ ဣန္ဒြေရစွာနေကြ၏"[၃]

---

[၁] ဇော်ဂျီ၊ ၁၉၉၁၊ ၁၂၀။
[၂] ဇော်ဂျီ၊ ၁၉၉၁၊ ၁၂၁။
[၃] – ယင်း –၊ ၁၂၂။

ဟု ရေးဖွဲ့ထားပါသည်။ ပရိသတ်အနေနှင့် တစ်ပြိုင်တည်း တစ်နေရာတည်း၌ အဓိကဇာတ်ဆောင် အဖြစ် အားပြိုင်ကြမည့် ကိုချိတ်နှင့်မရွှေပွင့်တို့၏ အပြုအမူ၊ အတွေးအမြင်၊ အာရုံခံစားမှုများကို ပါအောင် သရုပ်ဖော်တင်ပြထားသည်။ စိတ်ကူး ပိုင်းသာမက အရေးအဖွဲ့ကလည်း စေ့စပ် သဘာဝကျပြီးလျှင် ဟာသသဘောလည်း ပါသည်။ "သော့အပေါင်းတို့သည် မရွှေပွင့်၏ ကျောကိုမှီ၍ ကိုချိတ်ကို တစေ့ တစောင်းကြည့်ကာ မျက်စပစ်နေသည်နှင့်တူ၏" ဟူသော ရေးဟန်သည် အကြောင်း အရာကို ပို၍ထင်ရှားအောင် အထောက်အကူပြုသည်။

သော့တွဲနှင့်နတ်ရုပ် ဇာတ်လမ်းတွင် အဓိကဇာတ်ဆောင် ကိုချိတ်နှင့် မရွှေပွင့် တို့၏ မူယာမျာယာများသောစရိုက်၊ ဟန်ဆောင်တတ်သောစရိုက်၊ တိတ်တခိုး မျှော်လင့်တတ်သော စရိုက်များကို အားပြိုင်ထားပါသည်။ မရွှေပွင့်သည် ကိုချိတ်နှင့် ဝိုင်း၍ စပ်ကြသောအခါ–

> "တော်ပါအေ ညည်းလူက ခါးပုံလေးမကာမကာနှင့် ငါအင်မတန်
> မြင်ပြင်းကပ်တယ်၊ ထုံးဗူးထဲမှာ ထုံးသိပ်နိုပ်ကလော် ပိုနေမှ
> အိမ်ခါးပန်းကို သုတ်နေတာ ငါမကြိုက်ဘူးအေ"[၁]

ဟုလည်းကောင်း၊

> "ရက်စရာ ဒီအသက်ဒီအရွယ် ပုတီးနဲ့နေပါရစေ"[၂]

ဟုလည်းကောင်း၊ မူယာမာယာနှင့်ပြောဆိုသည့် မရွှေပွင့် စိတ်ထဲ၌ ဖြစ်ပျက်နေပုံကို စာရေးသူက–

> "မရွှေပွင့်သည် နိဗ္ဗန္ဒသံဖြင့် နှုတ်ဖျားက ထိုသို့ တရားကျလိုက်
> သော်လည်း အိမ်ဦးခန်းတွင် တင်ပျဉ်ခွေထိုင်သွားဖူးသောကိုချိတ်
> ကို မြင်ယောင်ယောင် ဖြစ်နေမိသည်"[၃]

ဟုလည်းကောင်း ရေးဖွဲ့ထားပါသည်။

ဆရာဇော်ဂျီသည် သူ့မယားဝတ္ထုတွင် လူပုံပျော့ပျော့ပျောင်းပျောင်း စာတတ် ပေတတ် အပြောတတ်ဟန်ဖြင့် အထင်ကြီးအောင် နေတတ်ပြီး လက်တွေ့အားဖြင့် မည်သည့်အရာကိုမျှ ဖြစ်မြောက်အောင် မဆောင်ရွက်နိုင်သော ကိုဆင်ကို ဇာတ်ဆောင် အဖြစ် ဖန်တီးခဲ့သည်။ သော့တွဲနှင့် နတ်ရုပ်မှ ကိုချိတ်သည်လည်း ကိုဆင်နှင့်

---

[၁] – ယင်း –၊

[၂] ဇော်ဂျီ၊ ၁၉၉၁၊ ၁၂၂။

[၃] – ယင်း –။

စရိုက်ချင်း ဆင်သောအချက်များ ပါဝင်သည်။ ကိုချိတ်ကွမ်းစားပုံကိုလည်း စာရေးသူက သာမန်မပြောဘဲ–

> "ကွမ်းစားလွန်းသဖြင့် သွားနက်ကျားကျား လက်ဖက်လည်း ကြိုက်တတ်သည်"

ဟု သရုပ်ဖော်ရေးဖွဲ့ထားသည်။ ထို့အပြင် ကိုချိတ်၏ဟန်ရေးပြ ကောင်းသောစရိုက်ကို–

> "မယား မမင်းပုံ ရှိစဉ်အခါက မယားအပြုစုကိုခံ၍ မယား၏ လောင်းရိပ်ကို ခိုလျက် စာလေးပေလေးနှင့် ခပ်အေးအေး နေခဲ့သူ ဖြစ်သည်။ စကားပြောကောင်း တရားဟောကောင်း မန္တလေး ပုဆိုးကို ခါးပေါ်က မချ၊ လည်းပင်းတွင် ဇလုပ်ဝဲယာ၌ ဆေးနီ နတ်ရုပ်နှစ်ရုပ် ထိုးထားသည်"[၁]

ဟု စရိုက်ဖော်ရေးဖွဲ့ထားသည်။

ကိုချိတ်သည် မရွှေပွင့်ကို ဆွဲဆောင်ရာ၌ ဇာတ်စကားများကို ဇာတ်မင်းသားဟန်ဖြင့် ဟောပြသည်။ မဟော်သဓာ၊ ဇနက္ကဇာတ်များလည်း ပါသည်။ ဝိသာခါ အကြောင်းလည်း ပါသည်။ ပဋ္ဌာန်းတရားတော်ကြီး အကြောင်းလည်းပါသည်။ မယားလင် အိမ်ထောင်ရှင်များကို သိကြားမင်းကပင် ပူဇော်ဦးညွှတ်လျက် ရှိကြောင်းလည်း ပါသည်။

ဆရာဇော်ဂျီသည် ကိုချိတ်၏လည်ပင်းရှိ အနီရောင် ဆေးနီနတ်ရုပ် နှစ်ရုပ်ကို အကြောင်းမဲ့ ထည့်သွင်းထားခြင်း မဟုတ်ပေ။ ဝတ္ထုတို၏သဘောအတိုင်း လိုအပ်သော အကြောင်းအရာဖြစ်၍သာ ထည့်သွင်းထားခြင်း ဖြစ်သည်။ ထိုနတ်ရုပ်နှစ်ရုပ်သည် မရွှေပွင့်အတွက် တစ်စုံတစ်ခုကို မျှော်လင့်စရာဖြစ်လာသည်။ သူတို့နှစ်ဦး ပေါင်းဖက်ခြင်း၏ အကြောင်းရင်းတစ်ခုလည်း ဖြစ်ပါသည်။ ထို့ကြောင့် ကိုချိတ်၏ အပြောကောင်း၊ အဟောကောင်းစရိုက်နှင့် တွဲ၍–

> ထိုသို့ဟောပြောသည့် အခါတိုင်း လည်ပင်းက ဆေးနီရုပ် နှစ်ရုပ်သည် နဂိုက ယိုးဒယားကနေဟန် ထိုးထားသဖြင့် ယိုးဒယားက ကနေသည်ဟု ထင်ရသည်။ မရွှေပွင့်ကလည်း

---

၁ – ယင်း –။

> သော့ ၁၂ ချောင်းရှိသော သော့တွဲကြီးကို ပုခုံး၌တင်ကာ ဇီးကွက်ငယ်လေးလို ဣန္ဒြေရရ ညှော့ခံလေ့ရှိသည်။"[၁]

ဟု ရေးဖွဲ့ထားပါသည်။ ဆရာဇော်ဂျီသည် အဓိကဇာတ်ဆောင်နှစ်ဦး၏ စိတ်အခြေအနေ ပြောင်းလဲမှုနှင့် အကြင်လင်မယားအဖြစ် ရောက်ရှိပုံကို ဖန်တီးတင်ပြရာ၌ ကိုချိတ်၏နတ်ရုပ်နှင့် မရွှေပွင့်၏သော့တွဲကို သင်္ကေတပြုကာ တင်ပြထားပုံမှာ စိတ်ကူး ကောင်းမွန်လှပါသည်။ ဆိုလိုချက် တစ်ခုကိုတင်ပြရာ၌ ဖန်တီးတင်ပြပုံ အနုပညာဆန်သည်။ စိတ်ကူးလှရုံသာမက ပုံသဏ္ဌာန်အလှ ကိုလည်း အလေးပေး ရေးဖွဲ့ထားပါသည်။

သော့တွဲနှင့်နတ်ရုပ်ဝတ္ထုကို ဖတ်ရှုသူတို့ နှစ်သက်ရသည့်အကြောင်းရင်းတွင် စာရေးသူ၏ သဘာဝကျကျ ရေးဟန်လည်းပါသည်ဟု ဆိုရမည်။ မရွှေပွင့်သည် ကိုချိတ်၏အပြောအဟောကို နားထောင်ရင်း သော့တွဲနှင့်နတ်ရုပ်ကိုပါ ရော၍ အထင်ကြီးနေသည့်အတွက် ကိုချိတ်အပေါ်လေးစား စိတ်များကိန်းအောင်းနေပုံကို–

> "သော့တွဲကြီးကို ပုခုံး၌တင်ကာ ဇီးကွက်ငယ်လေးပမာ ဣန္ဒြေရရ ညှော့ခံလေ့ရှိသည်"[၂]

ဟု ဥပမာအလင်္ကာဖြင့် ရေးသားထားပုံမှာ မရွှေပွင့်၏စရိုက်ကို ပေါ်လွင်စေသည်။ ဆရာ ဇော်ဂျီသည် ဝတ္ထုတိုပီသစွာ အကျယ်ချဲ့သင့်နေရာတွင် အကျယ်ဖွဲ့သည်။ အကျဉ်းချုပ်သည့် နေရာတွင် တိုတိုကျဉ်းကျဉ်း တင်ပြတတ်သည်။

ကိုချိတ်နှင့်မရွှေပွင့်တို့ အကြင်လင်မယားအဖြစ်သို့ ရောက်ရှိပုံကို တင်ပြရာ၌–

> "ခုနစ်ကြိမ်မြောက် အလည်ရောက်လာသောအခါ ကိုချိတ်သည် အခါတိုင်းနှင့်မတူ၊ အမြဲလိုလို ချိုပြုံးနေသည်။ မရွှေပွင့်သည်လည်း ဘာဖြစ်သည် မသိ၊ အပျိုဖျန်းကလေးပမာ ခဏခဏ ရှက်တတ်နေသည်"[၃]

ဟုလည်းကောင်း၊

> "နောက်တစ်ခါ လာသည်တွင် ကိုချိတ်သည် ရှိစုမဲ့စု အိမ်ထောင်ပစ္စည်းများကို သိမ်းယူလာခဲ့သည်။ ကာလသားခေါင်းအား ခဲဖိုး

---

[၁] ဇော်ဂျီ၊ ၁၉၉၁၊ ၁၂၂။

[၂] – ယင်း –၊ ၁၂၃။

[၃] – ယင်း ၊ ၁၂၄။

> ငွေအစိတ်ပေးလိုက်ပြီးနောက် အရပ်လူကြီး ၄–၅ ဦးကိုဖိတ်၍ လက်ဖက် တစ်ထုပ်စီ အညာကွမ်းအစ် တစ်လုံးစီ ကမ်းလိုက်သည်"[၁]

ဟုလည်းကောင်း ရေးဖွဲ့ထားပါသည်။

တစ်လခန့် ကြာသောအခါတွင် မျှော်လင့်ချက်ကိုယ်စီ သမားများသည် မှန်းချက်နှင့် နှမ်းထွက် မကိုက်သောကြောင့် အပြစ်မြင်နေရာမှ ပေါက်ကွဲသွားကြသည်။ ထိုဇာတ်ကွက်ကို တင်ပြရာ၌ ဆရာဇော်ဂျီသည် သဘာဝကျသည်။ တစ်ဦးကိုတစ်ဦး အပြစ်မြင်နေခိုက်တွင် မည်သည့်အရာကိုမဆို အပြစ်ဟုသာ သတ်မှတ်ကြသည့် လူ့သဘာဝနှင့် ဆက်စပ်တင်ပြထားသည်။ ထိုအကြောင်းကို–

> "တစ်လခန့်ကြာသော နေ့လည်ခင်းတွင် နေပူပြင်းလှသည်။ အိမ်ရှေ့မှ နွားလှည်းတစ်စင်းသည် တအီအီ တကျည်ကျည် မြည်လျက် ဖြတ်သန်းသွားသည်။ အိမ်ရှေ့ခွေးကတတက်တွင် မှိန်းနေသောခွေးသည် ကျည်ကျည် လောင်လောင် အူလေတော့သည်။ ထိုအချိန်တွင် အိမ်ဦးခန်း၌ ဖျာချောပေါ်တွင် ကိုချိတ်သည် အစင်းသား အိပ်နေသည်။ ကိုချိတ်က ခေါင်းထောင်ကြည့်သည်။ ထိုအခါ မရွှေပွင့်က နင့်ကိုမွေးမိတာ ငါ့မှာ ငါးပါးကြီးမှောက်နေပြီး နင်ဟာ အူတတ်ဟောင်တတ်တာတစ်ခုပဲ သိတယ်၊ နင့်မှာ ဘာအမွေး တစ်ပင်မှမရှိဘူး"[၂]

ဟု ကိုချိတ်ကို စောင်းမြောင်းပြောဆိုသည်။ မရွှေပွင့်က–

> "ဆင်း ငါ့အိမ်ပေါ်က အခုဆင်း၊ နင့်မှာ လည်ပတ်တစ်ခုပဲ ရှိတယ်၊ တစ်ကိုယ်လုံး ဝဲချည်းပဲ" ဟုပြောရာ ကိုချိတ်က–"မင်းမှာလည်း ဘာအမွေးတစ်ပင် ရှိလို့လဲကွ၊ သော့တွဲပဲ ရှိတယ်မို့လား"[၃]

ဟု ပြောဆိုသည်။

> ကိုချိတ်သည် မရွှေပွင့်အား ကွမ်းအစ်နှင့် ဆွဲပေါက်သည်။ မရွှေပွင့်ကျောကို မှန်သည်။ ထွန့်ထွန့်လူးကာ ခုနစ်အိမ်ကြား၊

---

[၁] ဇော်ဂျီ၊ ၁၉၉၁၊ ၁၂၄။

[၂] – ယင်း –၊ ၁၂၇။

[၃] – ယင်း –။

ရစ်အိမ်ကြား အော်ဟစ်၍ ငိုယိုသည်။ ကိုချိတ်သည် သူ၏ပစ္စည်း များယူ၍ အိမ်မှ ဆင်းသွားသည်။"[၁]

ဟူ၍ ရေးဖွဲ့တင်ပြထားပါသည်။

ဇာတ်ထွတ်ပိုင်းတွင် လေးနှစ်ခန့်အကြာ၌ ကိုချိတ်နှင့်မရွှေပွင့်တို့ ဒေးဒရဲ ဇာတ်ပွဲတစ်ပွဲတွင် ဆုံတွေ့ကြသည်။ မရွှေပွင့်သည် ကရင်းနှင့် ကိုချိတ်များ ဖြစ်နေ မလားဟု တွေးသည်။ ထိုအတွေးများနှင့် အနုပညာသည်ပီပီ ကနေရသော မရွှေပွင့်၏ ခံစားချက်နှင့် လှုပ်ရှားမှုများကို ဆရာဇော်ဂျီက–

"ထိုအခါက နတ်ကတော်သည် ညာခြေတစ်ဖက်ကို ယမ်းကာ လွှဲကာ ညာလက်ဝါးကို မုန့်လေပွေကင်သကဲ့သို့ မှောက်ချည် လှန်ချည် ခပ်သွက်သွက်ပင် ကလေသည်။ ကရင်း ဆိုင်းဝိုင်း ဆီသို့ မျက်စိရောက်သွားရာ ဟိုလူက ကိုချိတ်များ ဖြစ်နေမလား ဟူသော နတ်ကတော်၏ အတွေးသည် လေထဲတွင် အမျှင်တန်း သကဲ့သို့ ဖြစ်လာသည်။ ထို့နောက် ဆိုင်းက ပလို့ထိ ပလို့ထိ နှင့် ဆင့်၍ဆင့်၍ တီးပြန်သဖြင့် ဆိုင်းနှင့်ကိုက်ညီအောင် မျက်စ ပစ်လိုက်၊ မေးထိုးလိုက် ကပြန်သည်။ ပရိသတ်၏ ဝဲဘက် ယာ ဘက်အတွက် ကိစ္စပြီးသွားသဖြင့် မျက်နှာတူရူဆီသို့ မျက်စပစ် ၍ မေးထိုးလိုက်သောအခါ ကိုချိတ်၏မျက်နှာတည့်တည့် ကိုမှ မေးထိုးမိလျက်သား ဖြစ်သွားသည်။"[၂]

ဟု ရေးဖွဲ့တင်ပြထားသည်။ နတ်ကတော်မရွှေပွင့်သည် ကိုချိတ်ကိုလည်း ရှာရသည်။ ဘဝဝမ်းစာ အတွက်လည်း ဆိုင်းနှင့်အညီကရသည်။ နောက်ဆုံးတွင်မေးထိုးလိုက်ရာ၌ ကိုချိတ်နှင့်တည့်တည့် တိုးသွားပုံမှာ ထူးခြားကောင်းမွန်သော တင်ပြပုံဖြစ်သည်။ ဆရာဇော်ဂျီသည် ဇာတ်ကွက်တိုင်းကို သဘာဝကျပြီးလျှင် စာဖတ်သူ၏ စိတ်အာရုံ၌ ဇာတ်ဆောင်တို့၏ ဖြစ်ပျက်လှုပ်ရှားမှုမှန်သမျှကို ထင်မြင်ခံစားမှုလည်း ရှိလာအောင် ရေးဖွဲ့နိုင်စွမ်းရှိသည်ကို တွေ့ရသည်။

ကိုချိတ်အနေအထားကိုလည်း –

---

[၁] – ယင်း –။

[၂] ဇော်ဂျီ၊ ၁၉၉၁၊ ၁၂၈။

"ကိုချိတ်မျက်နှာပျက်သွား၍ လင်းကွင်းကြီးကိုမဲကာ တအားကုန် တီးလေတော့သည်"[၁]

ဟု ရေးဖွဲ့တင်ပြခဲ့ပါသည်။ ဇာတ်ထွတ်ပိုင်းတွင် သူတို့နှစ်ဦး နားလည်ခွင့်လွှတ်ပြီး ပေါင်းစည်း မိကြသည်။ ဇာတ်သိမ်းပိုင်းတွင် စာရေးသူက တစ်မျိုးတစ်ဖုံ ထူးခြား အောင် တင်ပြသည်။ ဇာတ်ခုံ အရှေ့ပိုင်း၌ ရှင်ဘုရင်နှင့် ဝန်တို့၏ စကားသည် ဇာတ်ခုံနောက်ပိုင်းသို့ လွင့်ပျံ ရောက်လာပုံကို တင်ပြသည်။ တိုင်းပြည် သာယာမှု ရှိ မရှိ မေးမြန်းသည်။ ဝန်များက သာယာကြောင်းပြောသည်။ ရှင်ဘုရင်က–

"သာခု သာခု သာခု မင်းကြီးတို့စကားကြားရ၍ အားရွှင်မွေ့ နှလုံးတော် လေဝေ့ သဘောတော်တွေ့တယ်မင်းကြီးများ"[၂]

ဟူ၍ ပြောသောအခါ ဆိုင်းဝိုင်းထဲမှ ပတ်မကြီးက–

"ဘေထိ ထီထီထိဟု ခပ်လေးလေး ဆွဲ၍ ဆိုင်းတွန့်လိုက်လေ သတည်း"[၃]

ဟု အဆုံးသတ်တင်ပြရေးသားထားပါသည်။ ဇော်ဂျီသည် ကိုချိတ်နှင့် မရွှေပွင့်တို့ နှလုံးတော်၌ ကြည်နူးခံစားမှုကို နောက်ခံနှင့်တင်ပြပုံမှာ စိတ်ကူးထူးခြားသည်ဟု ဆိုနိုင်ပါသည်။

သော့တွဲနှင့်နတ်ရုပ် ဝတ္ထုတွင်လည်း ဆရာဇော်ဂျီသည် ဖိုးမာဒင်၊ ဦးသော ဘိတနှင့်ကိုခင် ဝတ္ထုများကဲ့သို့ပင် ဝတ္ထုတိုဖန်တီးမှုအတတ်ပညာကို သစ်ဆန်းအောင် အားထုတ်ထားသည်ကိုတွေ့ရသည်။ ထိုဝတ္ထုတိုတွင်မူ စရိုက်ချင်းတူနေသော လူနှစ်ဦး ပေါင်းစည်းမှုနှင့် ပြဿနာဖြစ်ပုံများကို တင်ပြရာ၌ လူ့သဘာဝအဖွဲ့များ၏ သဘာဝ ကျမှု၊ ရေးဟန်၏ အားသာမှုများကြောင့် ယနေ့တိုင် စာဖတ်သူတို့ နှစ်သက် လက်ခံ ရသည့် ဝတ္ထုတိုကောင်းတစ်ပုဒ် ဖြစ်သည်ဟု ထင်မြင်မိပါသည်။

## ခြုံသုံးသပ်ချက်

ဆရာဇော်ဂျီသည် မိမိရေးသော ဝတ္ထုတိုများကို ဖန်တီးရာ၌ အများနှင့်မတူ တစ်မူထူးခြားစွာ ဖန်တီးခဲ့ပါသည်။ ဖိုးမာဒင်ဝတ္ထုတိုတွင် ဇာတ်ဆောင်သည် ယခင် ရေးဝတ္ထုများကဲ့သို့ ပရိသတ် အကြိုက် ဇာတ်ဆောင်မျိုးမဟုတ်ဘဲ ထူးခြားသော

---

[၁] – ယင်း –။

[၂] ဇော်ဂျီ၊ ၁၉၉၁၊ ၁၂၈။

[၃] – ယင်း –။

ဇာတ်ဆောင်တစ်ဦး ဖြစ်နေသည်။ လူ့လောက ထဲသို့ ရောက်ရှိလာပြီး လူတို့နှင့် အလှမ်းကွာနေတတ်သည့် အနုပညာတစ်ခုသာ ပျော်မွေ့တွယ်တာ ရာဟု သတ်မှတ်ထားသော ဇာတ်ဆောင်တစ်ယောက်ဖြစ်သည်။ ဇာတ်လမ်းဟူ၍ မည်မည်ရရ မပါဘဲ တစ်ယောက်တည်း ရုပ်သေးရုပ်လေးတစ်ရုပ်နှင့် လှည့်လည်သွားလာနေသော အဖိုးအိုမှတစ်ဆင့် လူ့လောကထဲတွင် ထိုကဲ့သို့သောလူများကို ဆက်လက် ရှာဖွေရန် ရည်ရွယ်ဟန်ရှိသည်။

ဦးသောဘိတနှင့်ကိုခင် ဝတ္ထုတွင်မူ မိန်းမတို့၏ မကောင်းကြောင်းနှင့် အမှန်တကယ် ကောင်းမွန်သော မိန်းမများလည်း ရှိသည်ဟူသော အတွေးနှစ်ရပ်ကို ယှဉ်တွဲပြရာတွင် မမျှော်လင့်သော ပြကွက်ဖြစ်နေသည်။ ထိုမမျှော်လင့်သော ပြကွက်တွင် အနည်းငယ်မျှသာ ခြယ်မှုန်းပြ ထားသည်။ စာရေးမ ဇာတ်ဆောင်သည် စာရေးသူ၏အာဘော်ကို ထင်ရှားအောင် ပြနိုင်စွမ်းရှိသည်။ ဆရာဇော်ဂျီသည် ဝတ္ထုကို တင်ပြရာတွင် တိုတိုနှင့်လိုရင်း ဖော်ပြခဲ့သည်။

ဇော်ဂျီသည် သူ့မယားဝတ္ထုတွင် စရိုက်ချင်းမတူသောလူနှင့် မယားတို့၏ သဘာဝ၊ အစွမ်းအစမရှိသော ယောကျ်ားသားတို့၏ သဘာဝများကို ဖော်ထုတ်တင်ပြထားသည်။ သော့တွဲနှင့် နတ်ရုပ် ဝတ္ထုတွင်မူ သဘောသဘာဝ တူညီသောဟန်များသော ယောကျ်ားနှင့် မိန်းမတို့ တွေ့ဆုံ ပေါင်းစည်းပုံကို လူ့သဘာဝအဖွဲ့များနှင့် အနုစိတ်ခြယ်မှုန်းသောနည်းကို သုံးကာ တင်ပြခဲ့သည်။

ဆရာဇော်ဂျီ၏ ဝတ္ထုတိုများကို လေ့လာကြည့်သောအခါ ပရိသတ်အား ဖျော်ဖြေမှုပေးရန်သက်သက် ရည်ရွယ်၍ရေးသားခြင်းမဟုတ်ဘဲ ဘဝအသိတစ်ခု ပေးရန် ရည်ရွယ်ချက်ရှိသည်ကို တွေ့ရသည်။ ရည်ရွယ်ချက်မှာလည်း စာဖတ်သူအား ဇွတ်အတင်းပြောင်းလဲစေသော ရည်ရွယ် ချက်မျိုးမဟုတ်ဘဲ ဇာတ်လမ်းဖြစ်ရပ်သည် မိမိဘဝတွင်ကြုံတွေ့လာပါက ဆင်ခြင်နိုင်ရန်နှင့် ဘဝ အမောဖြေတတ်စေရန် ရည်ရွယ်ပါသည်။ ဇာတ်လမ်းဆင် တင်ပြရာ၌လည်း ဇာတ်လမ်းထက် ဇာတ်ဆောင်ကို ဦးစားပေးသည်။ ဇာတ်ဆောင်ကို ဖန်တီးရာ၌လည်း လူ့သဘာသဘာဝအဖွဲ့ကောင်းများကို ဖန်တီးယူတတ်သည်။ သူ၏ဇာတ်ဆောင်များသည် ဒိဋ္ဌဓမ္မလောကနှင့် စိတ်ကူးကို မျှတစွာ ပေါင်းစပ်ထားသည့်အတွက် သဘာဝကျပြီးလျှင် ရသခံစားမှုကိုလည်း ပေးနိုင်ခြင်း ဖြစ်သည်ဟု ထင်မြင်မိပါသည်။

## နိဂုံး

ဆရာဇော်ဂျီသည် အနောက်တိုင်းစာပေတွင်ပါရှိသော ဝတ္ထုတိုသဘောများကို ကျွမ်းကျင် ပိုင်နိုင်သူပီပီ သူဖန်တီးသောဝတ္ထုတိုများတွင် ဝတ္ထုတိုအတတ်ပညာနှင့် အညီ ရေးဖွဲ့နိုင်သည်။ ဇော်ဂျီ၏ ဝတ္ထုတို (၃)ပုဒ်ကို လေ့လာ တင်ပြရာတွင် ဖန်တီးမှုအတတ်ပညာသုံးပုံမှာ အမျိုးမျိုး ကွဲပြားနေသည်ကို တွေ့ရသည်။ ဇော်ဂျီ၏ အခြားဝတ္ထုများတွင်လည်း တစ်ပုဒ်နှင့်တစ်ပုဒ် မတူသည့် ဖန်တီးမှုများကို လေ့လာ တွေ့ရှိနိုင်မည်ဟု ထင်မြင်မိပါသည်။ သူ၏ဝတ္ထုတိုများကို လေ့လာခြင်းဖြင့် ဝတ္ထုတို တွင် အသုံးပြုသည့် နည်းပရိယာယ်များကို စာဖတ်သူတို့ ပိုမိုသိမြင် ခံစားနိုင်မည်ဟု ယူဆမိပါသည်။

## ကျမ်းကိုးစာရင်း


ဇော်ဂျီ။ (၁၉၉၈)။ *ဇော်ဂျီကဗျာပေါင်းချုပ်* ။ ရန်ကုန်၊ စာပေလောကစာအုပ်တိုက်။

ဇော်ဂျီ။ (၁၉၉၉)။ *ဝတ္ထုတိုပေါင်းချုပ်* ။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

ဇော်ဂျီ။ (၂၀၀၉)။ *ရသစာပေ၏သဘော* ။ ရန်ကုန်၊ ရွှေဝံပုံနှိပ်တိုက်။

တာရာ၊ (ဒဂုန်-)။ (၁၉၆၇)။ *စာပေသဘောတရား၊ စာပေဝေဖန်ရေး၊ စာပေလှုပ်ရှားမှု* ။
ရန်ကုန်၊ နံ့သာပုံနှိပ်တိုက်။

မင်းကျော်။ (၁၉၇၅)။ *ဇာတ်လမ်း* ၊ တော်လှန်စာပေ။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

မျိုးမင်း၊ ဦး၊ (ပါမောက္ခ)။ (၁၉၆၀)။ *နိဒါန်း* ၊ ခင်နှင်းယု၏ကြေးမုံရိပ်သွင် ။ ရန်ကုန်၊
စစ်သည်တော်စာပေ။

သိန်းဖေမြင့်။ (၁၉၆၈)။ *ဝတ္ထုရေးနည်းနိသျည်းနှင့် တိုက်ပွဲဝင်စာများ* ။ ရန်ကုန်၊
ယမုန်နာစာပေ။

*J. Myanmar. Acad. Arts Sci. 2018* **Vol. XVI. No. 6A**

# မဟာပညာကျော်လျှောက်ထုံးလေ့လာချက်

သီတာလွင်*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာစာပေလောကတွင် တစ်ခန်းတစ်ကဏ္ဍအဖြစ် ရပ်တည်ခဲ့သော ရခိုင်ဘုရင် မင်းဗာကြီး၊ သားတော် မင်းဖလောင်း၊ မြေးတော် မင်းရာဇာ စသော မင်းသုံးဆက်တွင် ပညာရှိ အမတ်ကြီးအဖြစ် ခစားထမ်းရွက်ခဲ့သော မဟာပညာကျော်အမတ်ကြီး၏ လျှောက်ထားချက်များ ကိုလေ့လာ တင်ပြထားသော စာတမ်းဖြစ်ပါသည်။ မဟာပညာကျော် လျှောက်ထုံးကျမ်း ထဲမှမင်း၏ သားတော်လတ် သံတောင်စား အပြစ်ကျူးလွန်ရာတွင် တင်လျှောက်သော လျှောက်ထုံး၊ အကျင့်ပျက်သော တန်ဆောင်း မိဖုရားအရေးတွင် မင်းအား ညွှန်ပြသော လျှောက်ထုံး၊ ငယ်ကျွန်ငလုံးတင် အမ်းမြို့စားအရာ တောင်းရာ၌ လျှောက်တင်သော လျှောက်ထုံးများကို ထုတ်နုတ်၍ အကြောင်းအရာပိုင်းနှင့် အရေးအသားပိုင်းဟူ၍ ခွဲခြား လေ့လာ တင်ပြထားပါသည်။ မဟာပညာကျော် လျှောက်ထုံးနှင့် နှိုင်းယှဉ်သိရှိ နိုင်ရန် အခန်း (၁)တွင် လျှောက်ထုံး စကားပြေ များအကြောင်းကို ရေးဦးစွာ တင်ပြထားပါသည်။

**သော့ချက်ဝေါဟာရများ** – လျှောက်ထုံး၊ ဖြတ်ထုံး၊ ရာဇဝင်သမိုင်း၊ အကြောင်းအရာ၊ အရေးအသား။

## နိဒါန်း

မြန်မာမင်းများလက်ထက်တွင် ဘုရင်မင်းမြတ်အား တော်တည့် မှန်ကန်အောင် နှင့် တရားနှင့်အညီ အုပ်ချုပ်နိုင်စေရန် ပညာရှိအမတ်ကြီးများ ရှိခဲ့ပါသည်။ ဗုဒ္ဓ ဘုရားရှင် ဘုရားလောင်းဘဝ၌ပင် မဟောသဓာ ပညာရှိအဖြစ်နှင့် ဝိဒေဟရာဇ်မင်းကြီး ထံ၌ ခစားထမ်းရွက်ခဲ့သည်။ ဝိဒေဟရာဇ်မင်းကြီးအား အကြံကောင်း၊ ဉာဏ်ကောင်း များကို ပေးအပ်ခဲ့သည်။ စူဠနီဗြဟ္မဒတ်မင်း၏ရန်မှလည်း အကာအကွယ် ပေးနိုင်ခဲ့ သည်။ မြန်မာမင်းတို့ အုပ်ချုပ်စဉ်ကာလ၌လည်း ပညာရှိအမတ်ကြီးများသည် ဘုရင့် အပါး၌ခစား၍ တိုင်းကျိုးပြည်မှုကို ဆောင်ရွက်သည်။ ပညာရှိအမတ်ကြီးတို့ လျှောက် တင်သော လျှောက်ထုံးများသည် ဒိဋ္ဌလောက၌ အမှန်တကယ် ဖြစ်ခဲ့၊ ရှိခဲ့သည်။ ထိုဖြစ်ခဲ့၊ ရှိခဲ့သော ဖြစ်ရပ်မှန်များကို မှတ်တမ်းတင်ရန်လည်း အမတ် အသီးသီးကို တာဝန်ပေးထားသည်။ ထိုဖြစ်ရပ်မှန် လျှောက်ထုံးများသည် ခေတ် အဆက်ဆက် ရွေ့လျားခဲ့ပြီးနောက် မှတ်တမ်းတင်ခဲ့သူတို့၏ မှတ်တမ်းများ၊ တစ်ဆင့် စကား

* ဒေါ်၊ ကထိက၊ မြန်မာစာဌာန၊ မအူပင်တက္ကသိုလ်

တစ်ဆင့်နားကြားခဲ့သည့် စကားမှတ်တမ်းများအဖြစ် ကျန်ရှိခဲ့သည်။ ထို လျှောက်ထုံးများကို လျှောက်ထုံး ပြုစုသူ စာဆိုတို့က ဖြစ်ရပ်မှန်အပေါ်တွင် မိမိတို့၏ စိတ်ကူး၊ အရေးအဖွဲ့ ကျွမ်းကျင်မှုတို့ကို ဖြည့်ဆည်းကာ မြန်မာမှု၊ မြန်မာ့ဟန် ဆန်ပြီးလျှင် မြန်မာတို့၏ ဂုဏ်ကျက်သရေကို တိုးတက်စေသော စကားပြေကျမ်းများ အဖြစ် ပြုစုထားခဲ့ပါသည်။

ဤစာတမ်းကိုပြုစုရာ၌ မြန်မာရာဇဝင်ကျမ်းများ၊ မဟာပညာကျော် လျှောက်ထုံး၊ ကဝိသေတ္တုမဥ္ဇူသာ ကျမ်းခေါ် ဦးပေါ်ဦးလျှောက်ထုံး၊ ကဝိသာရမဥ္ဇူသာကျမ်းခေါ် အယူတော်မင်္ဂလာလျှောက်ထုံး၊ မဏိရတနာပုံကျမ်းခေါ် ဘိုးရာဇာလျှောက်ထုံးများကို လေ့လာဖတ်ရှုခဲ့ပါသည်။ ဤစာတမ်းနှင့်ပတ်သက်၍ ရှာဖွေလေ့လာရာတွင် မအေးသူဇာ၏ မဏိရတနာပုံကျမ်း စကားပြေအရေးအသား လေ့လာချက်ကျမ်းကို မဟာသုတေသနကျမ်းအဖြစ် တွေ့ရှိရပါသည်။ လျှောက်ထုံးများထဲမှ ရှေးအကျဆုံးဟု ယူဆရသော ရခိုင်ရာဇဝင်လာ မဟာပညာကျော်လျှောက်ထုံးကို ရွေးချယ်ပြီး လေ့လာဆန်းစစ်ကြည့်ပါမည်။ လျှောက်ထုံးများထဲမှ လျှောက်ထုံးပြုစုသူက ရာဇဝင်ကျမ်းများမှ ဖြည့်စွက်ထားဟန်ရှိသော လျှောက်ထုံးများနှင့် ဖြတ်ထုံးများကို မရွေးချယ်ဘဲ လျှောက်ထုံးစစ်စစ်များကိုသာ ရွေးချယ် လေ့လာတင်ပြထားပါသည်။ ထိုသို့ လေ့လာရာတွင် လျှောက်ထုံးကျမ်းများ၏သဘောနှင့် အခြားသော လျှောက်ထုံးကျမ်းများအကြောင်းကို ရှေးဦးစွာ တင်ပြထားပါသည်။ ထို့နောက်မှ မဟာပညာကျော် လျှောက်ထုံး၏ အကြောင်းအရာပိုင်းနှင့် အရေးအသားပိုင်းကို လေ့လာ တင်ပြထားပါသည်။

## ၁။ လျှောက်ထုံးစကားပြေများအကြောင်း

မြန်မာစကားပြေလောကတွင် လျှောက်ထုံးစကားပြေများသည်လည်း တစ်ခန်းတစ်ကဏ္ဍအဖြစ် ပါဝင်ခဲ့ပါသည်။ ထိုစကားပြေများသည် မြန်မာဘုရင်တို့၏ အုပ်ချုပ်ရေးနှင့် ဆက်စပ်ပြီး ပေါ်ထွန်းလာခြင်း ဖြစ်ပါသည်။ ရှေးမြန်မာမင်းတို့သည် တိုင်းရေးပြည်မှုနှင့်တကွ စစ်ရေး၊မက်ရေး၊ သားတော်၊သမီးတော်၊ မင်း၊ မိဖုရားများ၏ အရေးကိစ္စများ ကြုံလာသောအခါတွင် ပညာရှိအမတ်ကြီးများအား တိုင်ပင်ဆွေးနွေးလေ့ရှိပါသည်။ မြန်မာဘုရင်တို့၏ အပါးတွင် ခစားပြီးလျှင် ဘုရင်မင်းမြတ်၌ ပေါ်ပေါက်လာသော ပြဿနာအရပ်ရပ်ကို ဖြေရှင်း၍ အကြံပြုပေးရသော ပညာရှိအမတ်ကြီးများသည် ခေတ်အဆက်ဆက် ရှိခဲ့ပါသည်။ ပညာရှိအမတ်ကြီးများအနေနှင့် လောကီ၊ လောကုတ္တရာအရေးများကို သိနားလည်ပြီးလျှင် စာပေကျမ်းဂန် အဖြာဖြာကို ကျွမ်းကျင်နှံ့စပ်ရပါသည်။ ပင်ကိုယ်အားဖြင့်လည်း စဉ်းစားဉာဏ် ဆင်ခြင်တုံတရားနှင့် ပြည့်ဝရပါသည်။ ဘုရင်မင်းမြတ် ရင်ဆိုင်ရသော တိုင်းရေးပြည်မှု ပြဿနာ

အရပ်ရပ်ကို မှန်ကန်တည့်မတ်စွာ ဖြေရှင်းလမ်းပြနိုင်မှသာ တိုင်းပြည်အကျိုးပြုနိုင်မည် ဖြစ်ပါသည်။ ထိုသို့ဖြစ်စေရန်အတွက် အမတ်ကြီးတို့သည် သီလ၊ သမာဓိ၊ ပညာ ဂုဏ်ရည်များနှင့် ပြည့်စုံရုံသာမက စကားအရာ၌လည်း ဘုရင်မင်းမြတ် နားဝင်အောင် အကျိုးသင့်၊ အကြောင်းသင့် လျှောက်ထားပြောဆိုတတ်ရပါသည်။ ထိုသို့အားဖြင့် မြန်မာမင်းတို့၏ အုပ်ချုပ်မှုကာလတစ်လျှောက်တွင် ထင်ရှား ကျော်ကြားခဲ့သော ပညာရှိအမတ်ကြီးများ၏ လျှောက်တင်သော လျှောက်ထုံးများ ရှိခဲ့ပါသည်။ ထို လျှောက်ထုံးများကို ကြားမိခဲ့သော ပညာရှိများ၊ အမတ်များ၊ လျှောက်ထုံးများကို လိုက်နာ မှတ်တမ်းတင်ရသော ပုဂ္ဂိုလ်များ စသည်ဖြင့် ရှိခဲ့ပါသည်။ ထိုသူတို့မှ တစ်ဆင့် လျှောက်ထုံးစကားပြေကျမ်းများ ပေါ်ထွန်းခဲ့သည်ဟု ဆိုရပါမည်။

လျှောက်ထုံးစကားပြေများကို ကြားနာသိမှီခဲ့သူများ၊ တစ်ဆင့်စကား တစ်ဆင့် နား ကြားခဲ့သူများ၊ မှတ်တမ်းမှတ်ရာ တင်ထားခဲ့သူများ ရှိခဲ့သည်။ ထိုမှတ်တမ်း များကို ပြန်လည်ပြုစုကြရာတွင် ရေးသားသူတို့၏ စိတ်ကူးဖြင့် ဖြည့်စွက်ချက်များ၊ ရာဇဝင်အကြောင်းအရာများကို မှီငြမ်း၍ ထည့်သွင်းမှုများ၊ မိမိတို့၏စိတ်ကြိုက် စကားပြေရေးသားမှုများ ပါဝင်နေတတ်ပါသည်။

မြန်မာစာပေလောကတွင် လျှောက်ထုံးကျမ်းများအဖြစ် မဟာပညာကျော် လျှောက်ထုံး၊ မဏိ ရတနာပုံကျမ်းခေါ် ဘိုးရာဇာလျှောက်ထုံး၊ ကဝိသေတ္တာမဉ္ဇူသာ ကျမ်းခေါ် ဦးပေါ်ဦးလျှောက်ထုံး၊ ကဝိသာရမဉ္ဇူသာကျမ်းခေါ် အယူတော်မင်္ဂလာ လျှောက်ထုံးတို့ ဖြစ်ပါသည်။ လက်ဝဲနော်ရထာလျှောက်ထုံး မှာမူ ဘုရင်မင်းမြတ်ကို လျှောက်ထားသော လျှောက်ထုံးမဟုတ်ဘဲ လက်ဝဲနော်ရထာက တောင်တွင်း ဆရာ တော်အား လျှောက်ထားမေးမြန်းချက်များနှင့် တောင်တွင်းဆရာတော်၏ အဖြေများ ဖြစ်ပါသည်။ ကိုင်းစားမနုရာဇာလျှောက်ထုံးမှာမူ လျှောက်ထုံးဟု အမည်တပ်ထား သော်လည်း ဖြတ်ထုံးသာဖြစ်ပြီး ဝိနိစ္ဆယပကာသနီကျမ်း အခြေပြုသော စီရင်ထုံးများ သာဖြစ်သည်။

မဏိရတနာပုံကျမ်းခေါ် ဘိုးရာဇာလျှောက်ထုံးကို ဇိနလင်္ကာရ မဟာဓမ္မရာဇာ ဂုရု တံဆိပ်တော်ရ ရှင်စန္ဒလင်္ကာ ရေးသားခဲ့ပါသည်။ ရှင်စန္ဒလင်္ကာသည် ကုန်းဘောင် ခေတ် မဟာဓမ္မဓိရာဇာ အမည်ရှိသော မင်းတရားကြီးလက်ထက် မြန်မာသက္ကရာဇ် ၁၁၄၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ရက်နေ့တွင် ကျမ်းကို အပြီးတိုင် ရေးသားခဲ့ ကြောင်း မဏိရတနာပုံကျမ်း၏ နိဂုံးတွင် တွေ့ရသည်။ ကုန်းဘောင်ခေတ်တွင် ရေးသားပြုစုသောကျမ်း ဖြစ်သော်လည်း ထိုကျမ်း၌ ပါဝင်သောလျှောက်ထုံးများမှာ အင်းဝခေတ်က လျှောက်ထုံးများသာ ဖြစ်သည်။ အင်းဝဘုရင်မင်းကြီး စွာစောကဲ၊ သားတော် ဆင်ဖြူရှင်တရဖျား၊ ညီတော် ပထမမင်းခေါင်ဆိုသည့် မင်းသုံးဆက်

တိုင်တိုင် နှစ်ပေါင်း ၅၃နှစ်အတွင်း ပညာရှိအမတ်ကြီး ဘိုးရာဇာ လျှောက်တင်ခဲ့သော လျှောက်ထုံးများ ပါဝင်သည်။

ထို့ပြင် ရာဇသင်္ကြန်၊ ဘယဂါမဏိ၊ ပုည၀ဇ္ဇန၊ ဗညားဒလ၊ သီရိဇေယျနော်ရထာ၊ ရာဇဗလ၊ ဥတ္တမသီရိ၊ နန္ဒကျော် အစရှိသော ပညာရှိတို့၏ လျှောက်ထုံးများ ပါဝင်နေသည်။ ဘိုးရာဇာ၏ လျှောက်ထုံး အများအပြား ပါဝင်သောကြောင့် မဏိရတနာပုံကျမ်းကို ဘိုးရာဇာလျှောက်ထုံးဟုလည်း နားလည်ကြသည်။ မဏိရတနာပုံဟူသော အမည်နှင့်ပတ်သက်၍ ဘိုးရာဇာလျှောက်ထုံးခေါ် မဏိရတနာကျမ်း၏ နိဒါန်း၌ မဏိရတနာပုံဟူသော အမည်ကပင် ဤလျှောက်ထုံးများ၌ ပုံပြင်ဝတ္ထုများ ပါဝင်နေကြောင်း ဖော်ပြလျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ကျမ်းဆရာကိုယ်တိုင်က ၎င်း၏ ပဋိညာဉ်တွင် မဏိရတနာပုံအမည်ရှိသော ပုံဉဒါန်းကို စီရင်ပေအံ့ဟူ၍ ဖော်ပြထားသောကြောင့် ဖြစ်သည်။ ဆိုလိုသည်မှာ မဏိရတနာ (ပတ္တမြားရတနာ) နှင့်တူသော ဉဒါန်းတွင်လောက်သည့် ပုံဝတ္ထု လျှောက်ထုံးများကို ပြုစုရေးသားမည်ဟု ဆိုလိုရင်းဖြစ်သည်ဟု ဖော်ပြ ရေးသားထားပါသည်။ မဏိရတနာဟု အမည်ခံထိုက်လောက်အောင် ထိုကျမ်း၌ လောကကြောင်း၊ ဓမ္မကြောင်း၊ ရာဇကြောင်းတို့ ပါဝင်နေပါသည်။ ထို့ပြင် ဥပဒေသပြုစရာ နီတိဆောင်ပုဒ်များလည်း အများအပြား ပါဝင်နေသည်။ ထိုနီတိဆောင်ပုဒ်များမှာ

> "စည်းစိမ်ကို ရအောင်ရှာသော်လည်း ရလွယ်၏။ ရပြီးသော စည်းစိမ်ကို စောင့်ရှောက်အံ့သောငှာ ခဲစွာ၏။ စင်ကြယ်စွာတီးပြာ၍ ထားသော မျိုးစပါးသော်မှလည်း ပေါက်တုံမပေါက်တုံရှိသေး၏။ မျိုးစပါးကို မျိုးပြုသော် အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်းဟု ငယ်ဦးမှကြီးတတ်သည်။ ကြီးလွယ်စေက ငယ်တတ်စွ။ နေဝင်လျှင် မအိပ် လွယ်နှင့် နေကယ်အောင်လည်း မအိပ်လေနှင့်"[၁]

အစရှိသော ဘိုးရာဇာ၏ နီတိဆောင်ပုဒ်များကို ၎င်း၏လျှောက်ထုံးများတွင် အများအပြား တွေ့ရှိနိုင်သည်ဟု ကျမ်းဦးနိဒါန်း၌ တင်ပြထားပါသည်။

ဘိုးရာဇာလျှောက်ထုံးများသည် အင်းဝခေတ်၏ လူမှုဆက်ဆံရေး အခြေအနေများကိုလည်း ဖော်ပြနေသည်။ ထိုခေတ်၏ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု ပြဿနာများကို ဖြေရှင်းထားသော လျှောက်ထုံးများပင် ဖြစ်သည်။ နိုင်ငံရေးနှင့် ပတ်သက်လျှင် သက္ကရာဇ် ၇၃၂ ခုနှစ် မင်းကြီးစွာ စောကဲလက်ထက်၌ ကလေးနှင့်

[၁] စန္ဒာလင်္ကာ၊ ရှင်၊ ၂၀၀၉၊ ၁၅။

မိုးညှင်းတို့ စစ်ဖြစ်သည်။ နှစ်ဦးနှစ်ဖက်စလုံးက အင်းဝဘုရင် မင်းကြီးစွာစောကဲထံ အကူအညီ တောင်းလာသည်။ အဆိုပါ နိုင်ငံရေးပြဿနာကို မင်းကြီးစွာစောကဲက ဝန်ဇင်းမင်းရာဇာအား တိုင်ပင်သည်။ မင်းရာဇာ၏ လျှောက်တင်ပုံကို

> "တောစပ်၌ ခွပ်နေသော ကြက်နှစ်ကောင်ကို လယ်ထွန်ယောကျ်ားသည် ချက်ချင်း မဖမ်းသေးဘဲ ကြက်နှစ်ကောင်ကိုလည်း မောပန်းစေဦး၊ ထွန်ရေးလည်း ညက်စေဦး ဟူသော သဘောနှင့် စောင့်ကြည့်နေခဲ့ရာ ကြက်နှစ်ကောင် မောသောအခါမှ ဖမ်းသဖြင့် နှစ်ကောင်လုံးကို အလွယ်နှင့်ရဖူးသော ပုံပြင်ဝတ္ထုကိုဆောင်၍ ထိုစစ်ရေး ပြဿနာကို ဖြေရှင်းပေးခဲ့ ပါသည်။ မင်းရာဇာ ဖြေရှင်းပေးခဲ့သည့်အတိုင်းလည်း ဘုရင်မင်းကြီးစွာသည် ကလေးနှင့် မိုးညှင်းနှစ်ခုလုံးကို အလွယ်နှင့် သိမ်းပိုက်နိုင်ခဲ့ သည်" [၁]

ဟု ဖော်ပြထားပါသည်။

မိဖုရားကြီးနှင့်ပတ်သက်၍လည်း ဘိုးရာဇာသည် လိမ္မာပါးနပ်စွာ ဉာဏ်ဖြင့် ချင့်ချိန်၍ အကြံပြု လျှောက်ထားနိုင်ခဲ့သည်။ တစ်ချိန်တွင် မိဖုရားစောဘို့မယ်၏ အမူအကျင့်ကို မကြိုက်သက်သောကြောင့် မိဖုရား စောဘို့မယ်အား တောင်နန်းမှချပြီး တွင်းသင်းမှူးသမီးကို တောင်နန်းတင်မည်ဟု မင်းကြီးမင်းခေါင်က ဘိုးရာဇာအား တိုင်ပင်သည်။ မင်းရာဇာသည် မင်း၊ မိဖုရားတို့၏ အမှုကို လျှောက်တင်ရမည်မှာ အလွန်ခက်ခဲသည်ဟု တွေးမိသည်။ ထို့ကြောင့် ကြိုတင်၍ အရှင့်သား တိုင်ပင်တော်မူသည်ကား အရှင်မင်းတို့၏ တိုင်ပင်ခြင်းဖြင့် တိုင်ပင်တော်မူသလော၊ ပညာရှိတို့ တိုင်ပင်ခြင်းဖြင့် တိုင်ပင်တော်မူသလောဟု နားတော်လျှောက်သည်။ ထိုအခါ ဘိုးရာဇာနှင့် ဘုရင်မင်းမြတ်တို့ ပြောဆိုပုံကို မဏိရတနာပုံကျမ်းပြုစုသူ ရှင်စန္ဒလင်္ကာက

> "မင်းတို့၏ တိုင်ပင်ခြင်း၊ ပညာရှိတို့၏ တိုင်ပင်ခြင်းဟူသည် အဘယ်နည်းဟု မေးတော်မူသည်။ အရှင့်သား မင်းတို့၏ တိုင်ပင်ခြင်းဟူသည် သင့်နိုးကောင်းနိုးသော် ယူကာသာ၊ မသင့်နိုး၊ မကောင်းနိုးလျှင်မူကား မင်း၏မာန်ဖြင့် အပြစ်တင်လေသည်ကို မင်းတို့ တိုင်ပင်ခြင်းတည်း။ ပညာရှိတို့ တိုင်ပင်ခြင်းဟူသည့်

---

[၁] –ယင်း–။

သင့်နိုးကောင်းနိုးလျှင်ယူကာ၊ မသင့်နိုးမကောင်းနိုးလျှင် ခပ်မဆိတ်နေလေကာသာ အပြစ်မရှိဟု နားတော်လျှောက်၏"[၁]

မင်းခေါင်လည်း အဘိုးရာဇာ

"ငါကား ပညာရှိတို့၏ တိုင်ပင်ခြင်းတည်းဟု မိန့်တော်မူ၏"[၂]

ဟုဖော်ပြထားပါသည်။ ထိုမှတစ်ဆင့် ဘိုးရာဇာက လျှောက်ထားလေဟန်

"အရှင့်သား ပုံဆိုဦးအံ့။ သင့်မသင့်ကို ယူဆသော်မူကား အစင်အကြယ် တီးပြာ၍ထားသော မျိုးစပါးဖြစ်လျက်လည်း မမှန်တုံရသေး၏ရှင့်။ စျေးစပါးကို မျိုးစပါးပြုသော်အဘယ်မှာ မျိုးဖြစ်တုံအံ့နည်း။ ဤပုံကို အရှင့်သား ယူစေချင်ပါ၏ဟု နားတော်လျှောက်၏"[၃]

ဟုတင်ပြခဲ့ပါသည်။ ဘုရင်မင်းခေါင်ကလည်း မင်းမျိုးမင်းနွယ်ဖြစ်လျက် သူကောင်းပြုသည့်တိုင် တည်တံ့စွာ မနေနိုင်။ သူကောင်းအဖြစ် မတည်ပါ။ မင်းမျိုးမင်းနွယ်မဟုတ်သောသူကို သူကောင်းပြုလျှင် မည်သို့မျှ သူကောင်းမဖြစ်နိုင်ဟု ဆိုလိုသော ဘိုးရာဇာ၏ လျှောက်တင်ချက်ကို နားလည်ပြီးလျှင် လက်ခံတော်မူသည်။ ထိုနည်းဖြင့် မဏိရတနာပုံကျမ်းတွင် တိုင်းရေးပြည်ရေး၊ မိဖုရားအရေးနှင့် ပတ်သက်သော လျှောက်ထားချက်များ၊ အခြားသော လျှောက်ထားချက်များကို စုစည်း တင်ပြထားသည်။ ဘိုးရာဇာ၏ လျှောက်ထားဟန်ကို ရှင်စန္ဒာလင်္ကာက ပြန်လည်ရေးသားတင်ပြရာတွင် ဘုရင်မင်းမြတ်က မေးမြန်းဟန်၊ ဘိုးရာဇာက ပြန်လည်လျှောက်တင်ဟန် အမေးအဖြေစကားများ ပါဝင်သည်။ ဘုရင်မင်းမြတ်က မေးမြန်းသည့်အခန်းတွင် ပညာရှိအပေါ် မြတ်နိုး လေးစားသော၊ ယုံကြည်အားကိုးသော လေသံပါအောင် ရေးဖွဲ့နိုင်သည်။ ဘိုးရာဇာက ပြန်လည် လျှောက်တင်သော စကားများတွင်လည်း ပညာရှိ ပီသသော သဘော၊ ပညာရှိတို့၏ ဆင်ခြင်တုံတရားနှင့် ပြည့်ဝသည့် လေသံများ ပါဝင်ပြီးလျှင် ဘုရင်မင်းမြတ်သာမက စာဖတ်သူတို့၌ပါ နှစ်သက်ခြင်း ဖြစ်စေသော လျှောက်တင်ဟန်ဖြင့် တင်ပြထားသည်။ အကြောင်းအရာတစ်ခုကို တိုက်ရိုက်မပြောဘဲ ပုံဥပမာများ၊ ဘုရားဟော ဇာတ်နိပါတ်များ၊ ဆိုထုံးများ၊ ရာဇဝင်သမိုင်းဆိုင်ရာ အချက်အလက်များနှင့် ယဉ်ကျေးဖွယ်ရာ၊ ပညာပြည့်ဝစွာ လျှောက်တင်သည့်လေသံ ပေါ်လွင်သော

---

[1] စန္ဒာလင်္ကာ၊ ရှင်၊ ၂၀၀၉၊ ၁၃၅-၁၃၆။
[၂] -ယင်း-၊ ၁၃၆။
[၃] -ယင်း-။

လျှောက်ထုံး စကားပြေ အရေးအသား၏ အရသာကို ခံစားနိုင်သည့် လျှောက်ထုံးကျမ်း ဖြစ်ပါသည်။

အမတ်ကြီးဦးပေါ်ဦး၏ လျှောက်ထုံးမှာမူ ဘုရင်မင်းမြတ်အား နည်းပေး လမ်းညွှန်ချက်များ ပါဝင်သော်လည်း ဘုရင်မင်းမြတ် စိတ်ကြည်လင်စေရေးအတွက် ပျော်တော်ဆက်သော လျှောက်ထုံးများ၊ ဉာဏ်ကစား၍ လျှောက်ထားပုံများ၊ မင်းမှု မင်းရေးတွင် ကယ်မ၍ လျှောက်ထားချက်များ စသည်တို့ ပါဝင်သည်။ ဦးပေါ်ဦး လျှောက်ထုံးနှင့် ပတ်သက်၍ မဟာပညာကျော်လျှောက်ထုံး နိဒါန်း၌ အောက်ပါ အတိုင်း မှတ်ချက်ပေးထားပါသည်။

> "စီကုံးနှုန်းဖွဲ့မှု အာဝဇ္ဇန်းက မူလအမတ်ကြီး၏လျှောက်ထားချက် များကို ထူးထူးခြားခြား တန်ဆာဆင် ပုံဖွဲ့ထားနိုင်သော လျှောက် ထုံး ဖြစ်ပေသည်" [၁]

ဟု ဖော်ပြထားပါသည်။

မဟာပညာကျော်လျှောက်ထုံးနှင့် မဏိရတနာပုံကျမ်း၊ ဦးပေါ်ဦးလျှောက်ထုံး တို့ကို နှိုင်းယှဉ်၍လည်း–

> "မဟာပညာကျော်မှာကား ဝန်ဇင်းမင်းရာဇာ လျှောက်ထုံးနှင့် တူသည်ဟု ဆိုနိုင်ပေသည်။ ထိုလျှောက်ထုံး များသည် မင်းအား အကြောင်းအကျိုး၊ အဆုံးအဖြတ်ကို တင်လျှောက်သော လျှောက် ထုံးများဖြစ်၍ ဦးပေါ်ဦးလျှောက်ထုံးကဲ့သို့ စကားအရာ အာဝဇ္ဇန်း ဖွဲ့၍ ရေးသားဖွဲ့နွဲ့ခြင်းမရှိဘဲ အကြောင်းအချက်ကိုသာ ပဓာန ထားသော ရာဇဝင်အရေးအသားမျိုးဖြင့် ရေးဖွဲ့ ထားသည်ကို တွေ့ရှိရပေသည်" [၂]

ဟုတင်ပြထားပါသည်။

ကဝိသေတ္တာ့မဥ္ဇူသာကျမ်းခေါ် ဦးပေါ်ဦးလျှောက်ထုံးကို ထီးလှိုင်မြို့စား မင်း ကြီး မင်းလှမဟာ ဥစ္စနာဘွဲ့ခံ မင်းသားအုပ် အကြီးတော်ချုပ် ဝန်ကြီးဦးထင်ပေါ်၏ သား ဦးအောင် စီရင်ရေးသားသည်။ လျှောက်ထုံးများကို ရေးသားပြုစုသူတို့၏ စိတ်ကူးများ၊ အရေးအသားများဖြင့် မူလလျှောက်ထုံးကို ဖြည့်စွက် ရေးသားလေ့ ရှိသည်။ အမတ်ကြီးဦးပေါ်ဦးသည် ဘိုးတော်ဘုရား ဆင်းရဲစဉ်ကပင် ငယ်ကျွန်တော်

---

[၁] ကဝိသာရမထေရ်၊ ရှင်၊ ၁၉၆၈၊ စ။

[၂] –ယင်း–။

တစ်ဦးဖြစ်ပြီး ဘိုးတော်ဘုရားအား ရှာဖွေကျွေးမွေးခဲ့သူလည်း ဖြစ်သည်။ ဘိုးတော်ဘုရား အထွတ်အထိပ်သို့ ရောက်သောအခါ ပညာရှိအမတ်ကြီးအဖြစ် ချီးမြှင့်ခြင်း ခံရသောအခါတွင်လည်း ဘိုးတော်ဘုရား သိလိုသောအချက်များ၊ အကြံဉာဏ် ရယူလိုသော အချက်များကို အလိုတော်ပြည့်အောင် လျှောက်တင်နိုင်သည်။ အခြား လျှောက်ထုံးများနှင့် မတူသော ဦးပေါ်ဦး၏ လျှောက်ထုံးများမှာ ဘိုးတော်ဘုရားက အမတ်ကြီးဦးပေါ်ဦးအား ကျီစယ်လိုသောသဘော၊ သူ၏ ထူးခြားသော လျှပ်တစ်ပြက်ဉာဏ်စွမ်းကို နားထောင်လိုသော သဘောများဖြင့် မေးမြန်းလေ့ရှိသည်။ ထိုမေးမြန်းချက်များကို ဦးပေါ်ဦးကလည်း ရယ်မောရွှင်ပြုံးဖွယ်ဖြစ်အောင် ပြန်လည် လျှောက်တင်နိုင်စွမ်း ရှိသည်။ မင်းနှင့် ပညာရှိအမတ်တို့၏ ချစ်ခင်ရင်းနှီးမှု၊ မင်းကလည်း ပညာရှိအမတ်၏ ဉာဏ်ပညာကို နှစ်သက် မြတ်နိုးမှုဆိုသည့် ဆက်ဆံရေး အငွေ့အသက်များကိုလည်း ပါဝင်အောင် မှတ်တမ်းတင်ထားခြင်း ဖြစ်ပါသည်။ ပုံစံပြရလျှင် တစ်နေ့သောအခါ ဘိုးတော်ဘုရားသည် မင်းကွန်းဘုရားကြီး၏ အရှေ့ဘက်စောင်းတန်း အဆင်းတွင် ဧရာဝတီမြစ်ဆိပ်မှ အရှေ့ဘက်ကမ်းသို့ လှည့်၍ အရပ်သံတောင် ၆ဝ ပြည့် ခြင်္သေ့ကြီး ၂စီး ပြုလုပ်တော်မူသည်။ ပြီးစီးသောအခါတွင် ရှုစားရန် ထွက်တော်မူသည်။ မင်းကွန်းခေါင်းလောင်းကြီး သွန်းလုပ်ပြီးသည်ကို လည်းရှုစားတော်မူသည်။ အမတ်ကြီးဦးပေါ်ဦးသည် ခြင်္သေ့ကြီး ၂စီးရှိရာသို့ သွား၍ ကြည့်သည်။ ဘိုးတော်ဘုရားက မှူးမတ်တို့အား–

> "မောင်မင်းများ။ ပေါ်ဦးသည် ငါ၏ခြင်္သေ့ကြီး ၂စီးကို အဘယ်သို့ အပြစ်ဆိုမည် မသိ။ သည်အရှူးပါးစပ်က ထွက်လိုက်လျှင် အကောင်းကို ပြောသည်ဖြစ်စေ၊ မကောင်းကို ပြောသည်ဖြစ်စေ ရွှေပြည်တော်အတွင်းမှာ ပေါ်ဦးပြောဆိုတိုင်း စကား ဖြစ်တတ်သည်။ သို့ဖြစ်သောကြောင့် ပေါ်ဦးသည် ငါ၏ခြင်္သေ့ကို အဘယ်သို့ အပြစ်ဆိုသနည်းဟု သိတော်မူရန် တိတ်တဆိတ် လိုက်တော်မူရမည်ဟု မိန့်တော်မူ၍ ဝင်းမှူးကြီး ၄ပါးကို ခါးလွတ်ကိုင်စွဲလျက် အပါးတော်မှခစားစေ၍၊ ခြင်္သေ့ကြီးနံပါးမှ ကွယ်၍ ရပ်တော်မူလျက် နားထောင်တော်မူ၏"[၁]

ဟု ရေးဖွဲ့ထားပါသည်။ ထိုအဖွဲ့တွင် ဘိုးတော်မင်းတရားသည် သူ၏ ငယ်ကျွန်တော် ပေါ်ဦး၏စိတ်ကူးကို သိလိုသောသဘော၊ ဦးပေါ်ဦး၏အကြောင်းကို နားလည်နေသော သဘော၊ ရင်းနှီး ချစ်ခင်သောသဘော များပါဝင်နေသည်။ ဦးပေါ်ဦးသည် အဆောင်

[၁] အောင်ဦး၊ ၂၀၁၂၊ ၂၁၄–၂၁၅။

ကိုင်သားလူငယ်များနှင့် ခြင်္သေ့ကြီး ၂စီး၏ စပ်ကြားတွင် ထိုင်လျက် မပြောသေး သော်လည်း ပြောရန်သုံးသပ်နေသည့်အတွေးကို ကျမ်းပြုသူဦးအောင်က

> "ထိုအခါ အမတ်ကြီးဦးပေါ်ဦးသည် မိမိ၏ အဆောင်ကိုင်သား လူငယ်များနှင့် ခြင်္သေ့ကြီး ၂စီး၏ စပ်ကြားတွင်ထိုင်လျက်၊ ၎င်း ခြင်္သေ့ကြီး ၂စီးကိုကြည့်၍ လည်တိုင် ရှည်သည်ဟူ၍ လည်း ကောင်း၊ ဦးခေါင်းသေးသည် ဟူ၍လည်းကောင်း၊ ခံတွင်းပြဲသည် ဟူ၍လည်းကောင်း၊ လက်ရှည်၊ ကိုယ်ကျုံ၊ တင်ပါးဆုံချွန်သည် ဟူ၍လည်းကောင်း အပြစ်ပြုအံ့သောငှာ ဤသို့ဆိုချေ၏။ "ခြင်္သေ့ ကြီး ၂ကောင်ကလည်းဗျာ လုပ်ထားလိုက်တာ" ဟူ၍ ဆိုစဉ် ဘဝရှင်မင်းတရားကြီးဘုရားသည် ရတ်တရက်ဝင်၍ "ဟဲ့ ပေါ်ဦး။ မောင်မင်း ငါ၏ခြင်္သေ့ကို အဘယ်သို့ ကဲ့ရဲ့မည်နည်း" ဟု မိန့်တော်မူသော် အမတ်ကြီး ဦးပေါ်ဦးက တစ်မဟုတ်ချင်း လှည့်ပြီးလျှင် "ဘုန်းတော်ကြောင့် အရှေ့ဘက်ကမ်းသို့ ခုန်တော့ မလိုလို" ဟု ဆို၍ တင်လေ၏။ ထိုအခါ ဘဝရှင် မင်းတရားကြီး သည် "ခွေးမသား မောင်မင်း တယ်တတ်နိုင်သည်" ဆို၍ လွန်စွာ ရယ်မောခြင်းကို ပြုတော်မူသည်" [၁]

ဟု ရေးသားတင်ပြ ထားပါသည်။ ထိုလျှောက်ထုံးမှာ အမတ်ကြီး ဦးပေါ်ဦး၏ တစ်ခဏချင်းဖြင့် အလိုတော်ကျအောင် စကားပြောင်းရွေ့၍ လျှောက်တင်ပြောဆိုသော စကားတစ်ထုံး ဖြစ်ပါသည်။ ဘိုးတော်ဘုရား လက်ထက်တွင် အမှန်ဖြစ်ခဲ့သော အကြောင်းအရာကိုပင် စာရေးသူ၏ စိတ်ကူး အရေးအသား တို့ဖြင့် ဖြည့်စွက်၍ လျှောက်ထုံးကျမ်း အဖြစ် ရေးဖွဲ့ရာ၌ တင်ပြရေးဖွဲ့ပုံ ကောင်းလွန်းသောကြောင့် အမတ်ကြီးဦးပေါ်ဦး၏ ဉာဏ်ပညာ ထက်မြက်ပုံသည် ပို၍ သရုပ်ပေါ်လွင်နေသည်။ ဘိုးတော်ဘုရားနှင့် အမတ်ကြီး ဦးပေါ်ဦးကြားရှိ ရင်းနှီးချစ်ခင်မှု၊ ကျီစယ်လိုမှု၊ ခွင့်လွှတ်မှု စသည့် ဆက်ဆံရေးအငွေ့အသက် များသည်လည်း ထင်ဟပ်နေသည်မှာ နှစ်သက်ဖွယ် ဖြစ်ပါသည်။

မဟာပညာကျော်လျှောက်ထုံးမှာမူ ဘုရင်မင်းမြတ်အား အကြံဉာဏ်ပေး တင်လျှောက်ချက်များ အရေးအခင်းပြဿနာများတွင် ဉာဏ်စေစားစီရင်မှုနှင့် အငြင်းအခုံ တို့ကို ဖြေရှင်းမှုများ၊ စာဟောင်းပေဟောင်း အမှတ်အသား အဆိုအမိန့်များကို တင်ပြချက်များ ပါဝင်သည်။ မင်းမှုမင်းရေးများသာမက သမိုင်းခေတ် တစ်ခေတ်

---
[၁] –ယင်း–၊၂၁၅။

တစ်ဒေသ၏ အရေးအခင်းများ ကိုလည်း ဖော်ပြထားပါသည်။ မဟာပညာကျော် လျှောက်ထုံးနှင့်ပတ်သက်၍ ထိုကျမ်း၏ နိဒါန်းတွင်

> "သမိုင်းရာဇဝင် အရေးအသားမျိုးကြောင့် အချို့သော ဖြတ် ထုံး လျှောက်ထုံးများသည် ဒဏ္ဍာရီနှင့် ဇာတ်တော် ဆန်ကောင်း ဆန်ပေမည်။ သို့ရာတွင် မဟာပညာကျော် ဟူသော အမတ်သည် တကယ် ထင်ရှားရှိခဲ့သည်သာ ဖြစ်၍ အမှတ်အသား ရေးသွင်းသူ ၏ အတ္တနောမတိဖြင့် ဖြည့်စွက်မွမ်းမံမှု အတော်အတန်ပါရှိသည် မှအပ အမတ်ကြီး၏ ဗဟုသုတဉာဏ်ရည်ကား မုချပေါ်လွင် ထင်ရှားသည်သာ ဖြစ်ပေသည်။ ဖတ်ရှုရသူတို့အတွက် ဉာဏ် ကျက်စားဖွယ်ရာ၊ မှတ်သား သတိပြုဖွယ်ရာနှင့် ပညာဉာဏ် အရာ အားကျခံမင်စရာ ကောင်းသည်သာ ဖြစ်ပေသည်"[၁]

ဟုတင်ပြထားပါသည်။

ကဝိသာရမဥ္ဇူသာကျမ်းခေါ် အယူတော်မင်္ဂလာ လျှောက်ထုံးသည် ဘိုးတော် ဘုရားလက်ထက်တွင် နေမျိုးလေခပျံချီဘွဲ့ရ အမတ်လိမ္မာမောင်နိုး၏ ဘိုးတော်ဘုရား အား လျှောက်ထားချက်များကို မှတ်တမ်းတင်ထားသောကျမ်း ဖြစ်သည်။ အယူတော် မင်္ဂလာ၏ လျှောက်ထုံးများကို မြန်မာပညာရှိ ဦးအောင်က ရေးသား ပြုစုခဲ့သည်။ ဘိုးတော်ဘုရားက

> "ထိုအမှာတော်ရေး ငနိုး တင်သမျှကိုပင် ငါ အယူတော်ရှိသည်။ ယနေ့ကမှစ၍ ငင်းငနိုးကို အမှာတော်ရေးအရာမှ နုတ်၍ 'အယူတော်မင်္ဂလာ' ဟူသော သညာနိမိတ် ဘွဲ့တံဆိပ်ဖြင့် ခတ်နှိပ် မချို့ ဆားတောင်မြို့စား ပေးသနားတော်မူရ မည်"[၂]

ဟု ဦးအောင် ပြုစုသော အယူတော်မင်္ဂလာလျှောက်ထုံးကျမ်းတွင် တင်ပြထားသည်။

အသက် ၁၉နှစ် အရွယ်ခန့်ကပင် မောင်နိုးသည် စာစီစာကုံး အနှုန်းအဖွဲ့ သတ်ညွှန်းသတ်ထုံးနှင့်တကွ တတ်မြောက်လိမ္မာတော်မူသောကြောင့် ၁၁၄၃ ခုနှစ်တွင် ဘိုးတော်ဘုရား မင်းဖြစ်သောအခါ နေမျိုးလေခပျံချီ ဟူသော ဘွဲ့အမည်နှင့် အမှာတော်ရေး ခန့်တော်မူသည်။ အမှာတော်ရေးမောင်နိုးသည် အင်္ဂဝိဇ္ဇာနည်းဖြင့်

---

[၁] ကဝိသာရမထေရ်၊ ရှင်၊ ၁၉၆၈၊ စ–ဆ။

[၂] အောင်ဦး၊ ၂၀၁၃၊ နိဒါန်း။

အနုမာန မျက်ရန်းဆ လျှောက်တင်ရာ၌ လိမ္မာကျွမ်းကျင်သူ ဖြစ်သည်။ ဘိုးတော်ဘုရားသည် မောင်နိုး၏ အတိတ်နိမိတ်တဘောင်တို့ကို ယူ၍ တွေးကြံပြောဆိုသည်တို့ကို နှစ်သက်သည်။ ဥပမာအားဖြင့် ဘိုးတော်ဘုရားလက်ထက်တွင် ဥရောပတိုက်သား အင်္ဂလိပ်မင်းများသည် အမရပူရ ရွှေပြည်တော်ကြီး၌ မဟာမိတ်ဖွဲ့၍ တွဲဖက်ရုံးစိုက်လိုသောကြောင့် သားရေတစ်ချပ်စာ မြေအပိုင်စား ပေးတော်မူပါမည့်အကြောင်းကို လျှောက်ထား တောင်းဆိုလာကြသည်။ ဘိုးတော်ဘုရားက အယူတော်မင်္ဂလာအားခေါ်၍ ခေတ်အလိုက်ပေါ်လာသော တဘောင် စနည်းနှင့် ဆက်စပ်၍ သံတော်ဦးတင်ရန် မိန့်ကြားသည်။ အယူတော်မင်္ဂလာက မိမိသည် ဦးရီးတော် အသည်ဝန်ကြီးအိမ်မှထွက်ခဲ့ရာ ရေတွင်း ညီနောင်လမ်းနှင့် ပိန်းတန်းအကူးတွင် အတွင်းဝန်ကြီးဦးပေါ်ဦးနှင့် တွေ့ကြုံဆုံစည်းမိကြသည်။ ဦးပေါ်ဦးက 'ယခု သူငယ် ၂ယောက်သီဆိုသွားကြသော သီချင်းသည် အတွင်းတော်နှင့်ဆိုင်သော တဘောင်ဖြစ်သည်။ သေချာမှတ်သား၍ သွားဟု မိန့်ဆိုကြောင်း' လျှောက်တင်သည်။ ထိုသီချင်းမှာ

> "ပြုံးပြုံး ပြုံးပြုံး ပါးပါးမုန်းနှင့် ပျို့သခင်။ ဆေးတံနှင့်ချော့
> လာက ပျော့ပါနှင့်ရှင်"[၁]

ဟူသောတဘောင်ဖြစ်ပါသည်ဟု လျှောက်တင်သည်။ ထိုလျှောက်တင်ချက်ကို ကြားလျှင် ဘိုးတော်ဘုရားက အင်္ဂလိပ်မင်းများအား အပိုင်စား မြေပေးသနားတော်မူရန်မသင့်ဟု နားလည်ကာ မြေ မပေးခဲ့ပေ။ အင်္ဂလိပ်တို့လည်း တောင်းဆိုသောမြေ မရ၍ တိုင်းပြည်သို့ ပြန်သွားကြသည်။

ထိုသို့အားဖြင့် ဘိုးတော်ဘုရားလက်ထက်တွင် အမတ်ကြီးဦးပေါ်ဦးလျှောက်ထုံးဖြစ်ပေါ်လာမည့် လျှောက်ထုံးများ ရှိသကဲ့သို့ အယူတော်မင်္ဂလာ လျှောက်ထုံးအဖြစ်ဖြစ်ပေါ်လာမည့် အယူတော်မင်္ဂလာ၏ လျှောက်ထားချက်များလည်း ရှိခဲ့ပါသည်။

## ၂။ မဟာပညာကျော်၏ အတ္ထုပ္ပတ္တိ

ရခိုင်ပြည်တွင် စိုးစံခဲ့သော မင်းဆက်များ၌ ပညာရှိအမတ်ကြီးများ ပေါ်ထွန်းခဲ့သည်။ သက္ကရာဇ် ၈၇၈ ခုနှစ်တွင် နန်းတက်သော မင်းဗားကြီးလက်ထက်တွင် သားတော် ချစ်နှောင်းအား သံတွဲမြို့စားပေးသည်။ ချစ်နှောင်းသည် လက်ရုံးရည်သာရှိပြီး ဉာဏ်ပညာအား လိုသည့်အတွက် စစ်တကောင်းစားအမတ် မဟာပညာကျော်ထံ အပ်နှံပေးသည်။ ချစ်နှောင်းသည် ခမည်းတော် နတ်ရွာစံလျှင် မင်းဖလောင်းကြီးအမည်နှင့် ထီးနန်းဆက်ခံသည်။

---

[၁] အောင်ဦး၊ ၂၀၁၃၊ ၉၁။

မဟာပညာကျော်သည် မင်းဖလောင်းကြီး၏ လက်ထက်တော် တစ်လျှောက်လုံး အရေးအခင်းပေါ်သမျှ လျှောက်ထားတင်ပြခဲ့ရသည်။ မင်းဖလောင်း နတ်ရွာစံသော် သားတော် မင်းရာဇာကြီး နန်းတက်သည်။ မဟာပညာကျော်အမတ်ကြီးအား စစ်တကောင်းမြို့ကို စားမြဲစားစေရုံသာမက မဟာပညာကျော်၏သား ကျီးညိုကို ရောင်ဖြူမြို့စား ပေးတော်မူသည်။ သားတော်ကြီး ဒီခကိုလည်း မောက်သူဇာမြို့ကို အုပ်ချုပ်စေ၍ ကုလား ၁၂မြို့ကို ပေးတော်မူသည်။ ဟံသာဝတီဘုရင် ငါးဆူ ဒါယကာ မင်းက စစ်ကူတောင်းသောကြောင့် သားတော်အိမ်ရှေ့မင်း မင်းခမောင်းနှင့် စစ်သည်တော်များသည် သက္ကရာဇ် ၉၆၀ပြည့်နှစ်တွင် ဟံသာဝတီသို့ ချီတက်ပြီး သန်လျင်ကို အောင်မြင်ခဲ့သည်။ မင်းရာဇာကြီးလည်း အမတ်မဟာပညာကျော်နှင့်အတူ ဟံသာဝတီ (ပဲခူး)ကို ချီတက်ဝန်းရံသည်။ တောင်ငူမင်းကလည်း ဟံသာဝတီမင်း၏ သမီးတော်ကို မင်းရာဇာကြီးအား ဆက်သသည်။ မင်းရာဇာကြီးနှင့် အမတ်ကြီး မဟာပညာကျော်တို့ ဟံသာဝတီမှအပြန် လမ်းခရီးဖြစ်သည့် မော်တင်စွန်းသို့ ရောက်သောအခါ မဟာပညာကျော် ကွယ်လွန်သည်။ မဟာပညာကျော်၏ သင်္ချိုင်းပေါ်၌ မင်းရာဇာကြီးက စေတီတည်ထားခဲ့ရာ မော်တင်စေတီဟု တွင်ရစ်သည်။ မဟာ ပညာကျော်သည် သက္ကရာဇ် ၉၆၀ ခုနှစ်တွင် ကွယ်လွန်ခဲ့ပါသည်။

## ၃။ မဟာပညာကျော်လျှောက်ထုံးနှင့် ဓညဝတီ အရေးတော်ပုံကျမ်း

မဟာပညာကျော်လျှောက်ထုံး၏ ပေမူကို ဘားနဒ်ပိဋကတ်တိုက်တွင် ရှိသည်ဟု သိရသည်။ လျှောက်ထုံး အခန်းပေါင်း(၄၀)ပါဝင်သည်။ ပုံနှိပ်စာအုပ်အဖြစ်လည်း ရိုက်နှိပ်ခဲ့ဖူးသည်။ မြန်မာနိုင်ငံ သုတေသန အသင်းမှ စာအုပ်အဖြစ် ထုတ်ဝေခဲ့ဖူးသည်။ သို့ရာတွင် ကာလအတန်ကြာ၍ ပုံနှိပ် ပျောက်ကွယ်နေခဲ့သည်။ ၁၉၆၈ ခုနှစ်တွင်မှ ဟံသာဝတီပုံနှိပ်တိုက်မှ စာအုပ်အဖြစ် ပြန်လည်ထုတ်ဝေခဲ့ခြင်း ဖြစ်သည်။ ထိုလျှောက်ထုံးသည် သီးခြားပြုစုသော လျှောက်ထုံးများ မဟုတ်ဘဲ ဓညဝတီ အရေးတော်ပုံမှ မဟာပညာကျော်၏ လျှောက်ထုံးများကိုသာ သီးခြားထုတ်နှုတ်ရေးသားထားသော စာအုပ်တစ်အုပ်သာ ဖြစ်သည်။

ဓညဝတီ အရေးတော်ပုံသည်လည်း ရခိုင်ပြည် ဓညဝတီအမည်ရှိသော်လည်း မြောက်ဦးမြို့တွင် ဒုတိယမြို့တည် ကံရာဇာကြီးမင်း၏ သားမြေးအနွယ်ဖြစ်သော ၂၈ဆက်မြောက် သီရိရာဇာမင်း လက်ထက်မှစ၍ ၁၁၄၆ ခုနှစ်သမ္ဘတမင်း လက်ထက်မှ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရား၏သားတော် အိမ်ရှေ့မင်းက သိမ်းပိုက်သည်အထိ မင်းဆက်အသီးသီးတို့၏ လက်ထက်များတွင် ဖြစ်ပျက်ခဲ့သည့် အရေးပါသော ဖြစ်ရပ်များကို ကောက်နုတ်စီစဉ်၍ ထားခြင်းဖြစ်သည်။

ထိုဖြစ်ရပ်များကို ရွေးချယ်ရာ၌ ရခိုင်မင်းများလက်ထက် ပညာရှိအမတ်ကြီး အသီးသီး၏ လျှောက်တင်ချက်များကို အခြေခံပြု၍ လျှောက်ထုံးအစုစုကိုသာ ဖော်ပြထားခြင်းဖြစ်သည်။ ဓညဝတီ အရေးတော်ပုံ တစ်စောင်လုံး၏ ထက်ဝက်ကျော်မှာ ပညာရှိအမတ်ကြီး မဟာပညာကျော်၏လျှောက်ထုံး များသာ ဖြစ်လေသည်။ ဓညဝတီ အရေးတော်ပုံသည် ပညာရှိအမတ်ကြီးပေါင်းစုံ၏ လျှောက်ထုံးများကို စုထားသော ကျမ်းတစ်စောင်ဟု ဆိုနိုင်ပါသည်။ ဓညဝတီအရေးတော်ပုံကို ဒွါရာဝတီမြို့ သာသနာပြုဆရာတော် ကဝိသာရာဘိသိရိပဝရ အဂ္ဂမဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ အသျှင်ကဝိသာရမထေသည် ၄၈အင်္ဂါရှိသော ရာဇဝင်ကို အခြေပြုလျက် ပျို့လင်္ကာ သမိုင်းများ၏ အဆိုနှင့် ညီညွတ်သော ရာဇဝင်ကြီးမှ ကောက်နုတ်ပြုစုထားခြင်း ဖြစ်ပါသည်။ သက္ကရာဇ် ၁၁၄၉ ခုနှစ် တပေါင်းလဆန်း ၅ရက်နေ့တွင် ပြုစု၍ပြီးသည်။

မဟာပညာကျော်လျှောက်ထုံး၏ ကျမ်းပြီးနိဂုံး၌ ဓညဝတီအရေးတော်ပုံကျမ်းနိဂုံးပါ ကျမ်းပြုဆရာတော်နှင့် ကျမ်းပြီးနိဂုံး သက္ကရာဇ်တို့ကိုပင် ဖော်ပြထားသောကြောင့် ဓညဝတီအရေးတော်ပုံကျမ်းမှ ကောက်နုတ်ချက်များ ဖြစ်ကြောင်း သိရပါသည်။ မဟာပညာကျော်လျှောက်ထုံးကို ဓညဝတီကျမ်းပြု ဆရာတော် တစ်ဦးတည်းပင် ပြုစုခဲ့လေသလော။ အခြားသူတစ်ဦးက မဟာပညာကျော်လျှောက်ထုံးများ ကိုသာ ထုတ်နုတ်ယူ၍ ပြန်လည် ရေးသားခဲ့လေသလောဟု တွေးစရာလည်း ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ဓညဝတီအရေးတော်ပုံကျမ်းမှ ထုတ်ယူထားသော မဟာပညာကျော်လျှောက်ထုံးကျမ်းတွင် အရေးအသား ပြုပြင်မှုများ အနည်းအပါး ရှိနေခြင်းကြောင့် ဖြစ်ပေသည်။

ဓညဝတီအရေးတော်ပုံတွင်ပါဝင်သော အချို့လျှောက်ထုံးများကိုလည်း မဟာပညာကျော်လျှောက်ထုံးတွင် ထည့်သွင်းထားခြင်း မရှိပေ။ စစ်ချီတက်ရာတွင် အတိတ်နိမိတ်များအကြောင်း လျှောက်ထုံးမှာမူ ဓညဝတီအရေးတော်ပုံကျမ်းတွင် မပါဘဲ မဟာပညာကျော်လျှောက်ထုံးတွင်မူ ဖြည့်စွက် ထည့်သွင်းထားသည်။ မဟာပညာကျော်လျှောက်ထုံးတွင် နောက်ပိုင်းကျသောခေတ်များ၌ ပေါ်ပေါက်လာသည့် ဝိဇယမင်းစစ်အောင်မော်ကွန်း၊ ၁၁၄၇ ခုနှစ်တွင်မှ ပြီးစီးသော သေနင်္ဂပျို့၊ ၁၁၂၅ ခုနှစ်တွင် ပြီးစီးသော ရာဇနီတိပျို့မှ ကိုးကားချက်များလည်း ပါဝင်သည်။ မဟာပညာကျော်လျှောက်ထုံး၌ ဖြတ်ထုံးဟုသတ်မှတ်နိုင်သော ဖြတ်ထုံးများလည်း ပါဝင်နေသည်။

## ၄။ မဟာပညာကျော်လျှောက်ထုံးလေ့လာချက်

ရခိုင်မင်းများလက်ထက်တွင် ပညာအရာ၌ ထင်ရှားကျော်ကြားခဲ့သော အမတ်ကြီး မဟာပညာကျော် လျှောက်ထားခဲ့သည့် လျှောက်ထုံးများကို စာပေတစ်ရပ်အဖြစ် လေ့လာသောအခါ အကြောင်းအရာပိုင်းနှင့် အရေးအသားပိုင်းဟူ၍ တွေ့ရပါသည်။ မဟာပညာကျော်၏လျှောက်ထုံးများတွင် ရာဇဝင်ပုံပြင်အကြောင်းအရာများ၊ ဆောင်ပုဒ်များ၊ ဖြစ်ရပ်တစ်ခုအပေါ်တွင် အမတ်ကြီး၏ ပညာဉာဏ်ကိုသုံးကာ စဉ်းစားဆင်ခြင်မှုများ၊ ဘုရင်မင်းမြတ်လက်ခံအောင် လျှောက်တင်မှုများတွင် စာဖတ်သူတို့ အတုယူဖွယ် လောကီ၊ လောကုတ္တရာဆိုင်ရာ ဗဟုသုတများကို တွေ့ရပါသည်။ ထို့ပြင် မဟာပညာကျော်၏ ပညာအရည်အသွေးနှင့် ကိုယ်ကျင့်တရားကိုလည်း နားလည်ရပါသည်။

### မင်း၏သားတော်လတ် သံတောင်စား အပြစ်ကျူးလွန်ရာတွင် လျှောက်ထုံး

တစ်ကြိမ်၌ ဘုရင်မင်းမြတ်၏ သားတော်လတ် သံတောင်စား တစ်ယောက်သည် သံတောင်ရွာ အသည်သားတစ်ယောက်ကို အသေသတ်ခဲ့သည်။ ထိုသို့ အသေသတ်ကြောင်းကို မင်းကြီးကြားတော်မူလျှင် သံတောင်စား ငစုံငယ်သည် ပြည်သူတို့အား နှိပ်စက်သတ်ညှစ် ပြုကျင့်သည်။ မည်ကဲ့သို့ စီရင်ထုံး ရှိသနည်းဟု မဟာပညာကျော်အမတ်ကြီးအား မေးမြန်းတော်မူသည်။ မဟာပညာကျော်အမတ်ကြီး၏ လျှောက်တင်ဟန်ကို

> "အရှင်မင်းမြတ် သားတော်သံတောင်စားသည် ခမည်းတော်အာဏာကိုပြိုင်လျက် အာဏာပိုင်အစိုးရပြု၍ ကျင့်သည်လည်း တစ်စု၊ နောင်တော်များ မပြုကျင့်သော အမှုကို ပြုကျင့်ပြန်ရာ နောင်တော်များကို ကျူးလွန်သည်လည်း တစ်ပြစ်၊ မှူးမတ်ပြည်သူတို့ကို မခန့်မလေး ဆိုးသွမ်းသည်လည်း တစ်ချက်၊ ပြည့်ရှင်မင်းမှတစ်ပါး ပြည်သူတို့ ဇိဝိတိန္ဒြေကိုမပိုင်ချေ။ ရေးထုံးရှိလျက် မတည်၊ ရေးထုံးရေးစံများကို ဖျက်၍ ကျင့်သည်လည်း တစ်ချက်၊ ယင်းသို့ အပြစ်လေးပါးထိုက်သော သားတော် ဖြစ်ပါသည်ဟု လျှောက်လေသော် စားကျေး၊ မြို့ရွာ၊ ဥစ္စာကျေးကျွန်များကို သိမ်းတော်မူ၍ ဝမ်းစာဝရုံနှင့် မြုံတို့နေရပ် မရိမ်ချောင်းညာ ဝေလာတောင်သို့ သားတော်သံတောင်စားကို ပို့ထားတော်မူလေသည်"[၁]

[၁] ကဝိသာရမထေရ်၊ ၁၉၆၈၊၂၃–၂၄။

ဟု ရေးသားတင်ပြထားပါသည်။ ထိုလျှောက်ထုံးကိုကြည့်လျှင် မိမိ၏ သားတော်ပင်ဖြစ်သော်လည်း ပြည်သူလူထုကို သတ်ဖြတ်ညှင်းပန်းကြောင်း သိရသောအခါ ရာဇဝတ်ပြစ်ဒဏ်နှင့်အညီ စီရင်သော ရခိုင်ဘုရင်မင်းမြတ်၏ မင်းကောင်းမင်းမြတ်ပီသသော သားနှင့်ပြည်သူတို့ကို အညီအမျှ တန်ဖိုးထားသော စိတ်ဓာတ်ကို အတုယူလေးစားဖွယ် တွေ့ရပါသည်။ မြန်မာ့သမိုင်းတွင် ထင်ရှားခဲ့သော ဘုရင့်နောင်ကျော်ထင်နော်ရထာသည် ဟံသာဝတီဆင်ဖြူရှင်မင်းအဖြစ် အုပ်စိုးတော်မူစဉ်တွင် မိမိ ကိုယ်တိုင်က သိရှိပြီးဖြစ်သော အကြောင်းအရာကိုပင် ဖြစ်သော်လည်း မိမိတစ်ဦးတည်း မည်သည့်အခါမှ မဆုံးဖြတ်ခဲ့ပေ။ ပညာရှိမှူးမတ်များနှင့် တိုင်ပင်ပြီးမှသာ စီရင်ဆုံးဖြတ်လေ့ရှိသည်ဟု သိရပါသည်။ ထို့အတူပင် မဟာပညာကျော် လျှောက်ထုံး၌လည်း ရခိုင်ဘုရင်မင်းမြတ်သည် ပညာရှိအမတ်ကြီးနှင့် တိုင်ပင်ပြီး ပညာရှိ၏ အကြံပြုချက်ကို လက်ခံနာယူသော မွန်မြတ်သည့် ကျင့်ထုံးကို တွေ့ရပါသည်။ ဘုရင်မင်းမြတ်ဖက်မှ တရားနှင့်အညီ ကျင့်ကြံ၍ ပညာရှိကို ဆည်းပူးတိုင်ပင်ခဲ့သည်။ အမတ်ကြီး မဟာပညာကျော်အနေနှင့် အဆုံးအဖြတ်ပေးရမည်မှာ သားတော်နှင့် ပတ်သက်နေသည်။ မဏိရတနာပုံ ကျမ်းတွင် မိဖုရားရှင်ဘို့မယ်အရေးနှင့် ပတ်သက်၍ ဘုရင်မင်းခေါင်က တိုင်ပင်သောအခါ အမတ်ကြီး မင်းရာဇာက ဘုရင်မင်းမြတ်အား ပညာရှိတို့၏ တိုင်ပင်ခြင်းနှင့် တိုင်ပင်မည်လော၊ မင်းတို့၏ တိုင်ပင် ခြင်းနှင့် တိုင်ပင်မည်လောဟု ရှေးဦးစွာ မေးမြန်းပြီးမှသာ ဖြေဆိုခဲ့ပါသည်။ ထိုအချက်ကိုကြည့်လျှင် ဘုရင်မင်းမြတ်နှင့် အနီးကပ်ဆက်ဆံခွင့်ရသော တိုင်းရေးပြည်ရေး၊ သားတော်အရေး၊ မိဖုရားအရေးကို အကြံပြုရသော အမတ်ကြီးများအနေနှင့် အန္တရာယ်ကြီးမားပါသည်။ မင်း၏အလိုနှင့် မကိုက်လျှင် ရာထူးဌာနန္တရသာမက အသက် အိုးအိမ်စည်းစိမ်ပါ ပျက်စီးနိုင်သည်။ သို့ရာတွင် အမတ်ကြီး မဟာပညာကျော်သည် မိမိအသက်ထက် တိုင်းပြည်အပေါ်ထားရှိရမည့် စေတနာကို ကောင်းစွာ နားလည်သည်။ ရဲရင့်မှန်ကန်စွာ အမှန်တရားကို တင်လျှောက်ရဲသူဖြစ်သည်။

မဟာပညာကျော်၏ လျှောက်ထားသော အချက်များကို ကြည့်လျှင် တရားဥပဒေကို စီရင်ပိုင်ခွင့်ရှိသော၊ တရားဥပဒေနှင့် ပတ်သက်၍ အုပ်ချုပ်သူမင်းအား အကြံပြုခွင့်ရှိသောသူတို့၏ ဆန္ဒာဒေါသ၊ ဘယာမောဟဆိုသည့် အဂတိတရားလေးပါး ကင်းစင်မှုကို တွေ့ရပါသည်။ တိုင်းပြည်တာဝန် ထမ်းဆောင်သူတို့သည် ရာထူးဌာနန္တရကြီးမားလေလေ အာဏာကို အသုံးပြုလေလေ မဖြစ်ဘဲ ရာထူးအဆင့်မြင့်မားလေလေ ကိုယ်ကျင့်တရားကို ထိမ်းသိန်းရန် တာဝန်ကြီးမားလေလေ ဆိုသော အတွေးအသိကို ပေးထားပါသည်။ မည်သည့်ခေတ်၌မဆို တိုင်းပြည်အုပ်ချုပ်ရာ၌ အမြင့်မားဆုံး ရာထူးတာဝန်ကို ထမ်းဆောင်သူတို့အနေနှင့် အမှန်တရားကို ပြောရဲ

ဆိုရဲသတ္တိရှိရမည်။ အဂတိတရား လေးပါး ကင်းစင်အောင် စီရင်ဆုံးဖြတ်ရမည်။ အကြံပြုရမည်ဆိုသည့် အတွေးအသိများကို ရရှိစေပါသည်။

ဘုရင်မင်းမြတ်အနေနှင့်လည်း အမတ်ကြီး၏လျှောက်တင်ချက်ကို လက်ခံပြီးလျှင် သားတော်ပင်ဖြစ်သော်လည်း ရာထူးစည်းစိမ်များကို နုတ်၍ ဝမ်းစာဝရုံဖြင့် မြို့တို့နေရပ် မရိမ်ချောင်းသို့ ပို့တော်မူ သည့်အချက်မှာလည်း လေးစားဖွယ် ဂုဏ်ရည်တစ်ရပ် ဖြစ်ပါသည်။ ထိုသို့အားဖြင့် တိုင်းပြည်တွင် မင်းနှင့်ပညာရှိအမတ်ဆိုသည့် အုပ်ချုပ်ရေးအဆင့် မြင့်မားသူတို့၏ ဖြောင့်မတ်တည်ကြည်မှု၊ ရဲဝံ့မှု၊ အမှန်တရားကို မြတ်နိုးမှုများရှိလျှင် တိုင်းပြည်အေးချမ်း သာယာမည်ဖြစ်ကြောင်း လမ်းညွှန်ပေးနေသော လျှောက်ထုံးလည်း ဖြစ်ပါသည်။

ထိုလျှောက်ထုံးသည် အကြောင်းအရာအရ ကောင်းမွန်သကဲ့သို့ အရေးအသားရှုထောင့်မှ ကြည့်လျှင်လည်း အဖြစ်အပျက်၊ အကြောင်းအရာတို့သည် မင်းနှင့်အမတ်တို့၏ မေးဟန်၊ လျှောက်ထား ဟန်၊ အပြစ်ပေးစီရင်ဟန် စသည့်အချက်များကို ကျစ်လျစ်သိပ်သည်းစွာ ရေးသားထားသော စကားပြေ အရေးအသားကို တွေ့ရပါသည်။ မဟာပညာကျော်က လျှောက်ထားရာတွင် အပြောစကားပြေများကို သုံးသော်လည်း အပြောစကားပြေများသည်ပင် အရေးစကားပြေဟန်မျိုး သက်ဝင်နေသည်။ အပြော စကားပြေကို အရေးစကားပြေဟန် ရေးသည့်အတွက် စာဟန်ခန့်ညား ထည်ဝါသွားသည်။ ထိုသို့ ခန့်ညားထည်ဝါသွားသည့်အတွက် ပညာရှိအမတ်ကြီး၏ ဆင်ခြင်တွေးဆဟန်၊ အကျိုးသင့်အကြောင်း သင့်လျှောက်တင်ဟန် လေသံတို့သည် ပို၍ပေါ်လွင်လာသည်။ ခန့်ညားထည်ဝါသော လေသံအသွင်ကို ဆောင်လာသည်။ လေးနက်တည်ကြည်စွာ ပြောသည့်ဟန် ပေါ်လွင်လာပါသည်။ သံတောင်စား ကျူးလွန်သော အပြစ်လေးချက်ကို တင်ပြရာ၌ အချက်တစ်ချက်၏ အဆုံး၌ "ကျင့်သည်လည်း တစ်စု၊

ကျူးလွန်သည်လည်း တစ်ပြစ်၊ ဆိုးသွမ်းသည်လည်း တစ်ချက်" စသည့် အဆုံးသတ် အရေးအသား သဘောသည် နရီသဘောကို ဆောင်နေသည်။ အသံစီးဆင်းပုံ အပြောင်းအလဲများကိုသုံးထား၍ လျှောက်တင်သည့် အပြောစကားများသည် ပို၍ နာချင်စဖွယ် ဖြစ်လာသည်။ သံတောင်စားအနေနှင့် ဖခင်ဘုရင်ဖြစ်သည်ကို အားကိုးပြုကာ အာဏာသုံး၍အပြစ်ကျူးလွန်သည်ကိုပင် ထင်ရှားလာအောင် "အာဏာပြိုင်လျက်၊ အစိုးရပြုလျက်" ဆိုသည့် ရိုးစင်းပြီး အကြောင်းအရာကို တိကျပေါ်လွင်စေသောစကားလုံးများကို နေရာတကျသုံးထားသည်။ မှူးမတ်ပြည်သူတို့ကို "မခန့်မလေးဆိုးသွမ်းသည်" ဆိုသော အသုံး၌ "မခန့်မလေးဆိုးသွမ်း" ဟူသော စကားအတွဲအဖက်

သည် လူတစ်ယောက်ကို အလွယ်တကူသတ်ရဲသည့် သံတောင်စား၏ ကိုယ်စိတ်အမူအရာများကို ပေါ်လွင်အောင် ဖော်ပြနိုင်သည်။

ထိုစကားအသုံးအနှုန်း၏ နောက်ကွယ်တွင် ဘုရင်မင်းမြတ်ပင်ဖြစ်စေ၊ ဘုရင့်သားတော်၊ သမီးတော်ပင် ဖြစ်စေ၊ မှူးမတ်ပင်ဖြစ်စေ ပြည်သူလူထုကို မခန့်မညားမလုပ်သင့်၊ လေးစားချစ်ခင်စွာ ဆက်ဆံသင့်သည်ဟူသောအသိကို လမ်းညွှန်နေပါသည်။ ဘုရင်မှတစ်ပါး ပြည်သူတို့၏ အသက်ကို မပိုင်ဟု ရေးရမည့်အစား "ဇိဝိတိန္ဒြေကိုမပိုင်"ဟု ပါဠိစကားအသုံးအနှုန်းဖြင့် သုံးလိုက်ခြင်းကြောင့် စာဟန်သည် ပို၍ခန့်ညားထည်ဝါသွားသည်။ ပြည်သူတို့၏အသက်များ တန်ဖိုးကြီးမားပုံကို "ခန့်ညား" ဆိုသော စကားလုံးက ထင်ရှားစေသည်။ ရေးထုံးရေးနည်းဟုမသုံးဘဲ "ရေးထုံးရေးစံ" ဟု သုံးထားသည်။ ရေးအစဉ်အလာ စံပြုအပ်သော စည်းကမ်းများဆိုသည့်သဘောကို ပို၍ထင်ရှားစေသည်။ "ဝမ်းစာဝရုံ" ဆိုသည့် အသုံးအနှုန်းကလည်း ပြည်သူတို့အား ပြစ်မှားကျူးလွန်သူတို့အနေနှင့် ထိုက်တန်သည့်အပြစ် ခံရပုံကို လေးနက်ထင်ရှားစေပါသည်။

စကားပြေ ဖွဲ့စည်းတင်ပြပုံကို ကြည့်လျှင် ရေးဦးစွာ "တစ်ရံရောအခါ၌" ဟု အစချီ၍ ဖြစ်ပျက်ပုံအကျဉ်းကို တင်ပြသည်။ ထိုအကျဉ်းကိုပင် မင်းကြီးက အမတ်ကြီးအား ပြောပြ မေးမြန်းဟန်ကို ရေးသားထားသည့်အတွက် နှစ်ကြိမ်ထပ် မရေးရဘဲ သိပ်သည်း ကျစ်လျစ်သည်။ အမတ်ကြီးက အကျိုးသင့်၊ အကြောင်းသင့် လျှောက်တင်သည့်အချက်များကိုလည်း တစ်ချက်ပြီးတစ်ချက် ဖွဲ့စည်းတင်ပြထားပြီး အားလုံးကို ပေါင်းလိုက်လျှင် သံတောင်စား၏အမှုသည် မင်း၊ နောင်တော်၊ မှူးမတ်၊ ပြည်သူအားလုံးကို မလေးစားသည့်သဘော၊ အာဏာသုံး၍ ထင်တိုင်းပြုသည့် သဘောများကို စုစုစည်းစည်း တင်ပြနိုင်သည်။ အဆင့်ဆင့်ဖွဲ့စည်းပုံကောင်းသော စကားပြေဖြစ်သည်။

## အကျင့်ပျက်သော တန်ဆောင်းမိဖုရားအရေးတွင် မင်းအားလျှောက်တင်သော လျှောက်ထုံး

ရေးပညာရှိ အမတ်ကြီးများသည် ဘုရင်မင်းမြတ်၏ ကိုယ်ရေးကိုယ်တာ ပြဿနာများနှင့် ပတ်သက်လာလျှင်လည်း ရင်ဆိုင်ဖြေရှင်းကြရသည်။ တစ်ရံရောအခါတွင် တန်ဆောင်းမိဖုရားသည် သာသနာပိုင် ပုဏ္ဏားကို အနောက်တံခါးကသွင်း၍ ဟူးရားပေးပြီး အဆောင်လက်ဖွဲ့တောင်းသော် သာသနာပိုင်ပုဏ္ဏားလည်း မိဖုရားကို လက်ဖွဲ့ပေးခဲ့သည်။ ထိုအပြုအမူ၌ မိဖုရားသည် မိဖုရားတို့၏ အင်္ဂါရပ် မရှိသူ

ဖြစ်သည်။ ပုဏ္ဏားမှာလည်း ဘိသိက်မင်္ဂလာရ ပုဏ္ဏားအင်္ဂါပျက်စီးသူ ဖြစ်သည်။ အနောက်တံခါးမှူးနှင့် မိန်းမစိုးမောလိတ်တို့မှာလည်း ရှေးထုံးကိုမသိသူ ဖြစ်သည်။ ထိုလေးဦးလုံး အပြစ်ရှိသူဖြစ်ကြောင်း မင်းကြီးကပြောဆိုပြီး အမတ်ကြီးအား မေးမြန်းတော်မူသည်။ အမတ်ကြီးက လျှောက်တင်ရာတွင်–

> "ရာဇာဒေဝီမိဖုရားသည် သီလဇာဂံ၊ အကျင့်သီလ ဖြောင့်မှန်ခြင်း။ မံသံ အသားနူးညံ့စွာနှင့် ပြစ်ဆာကင်းခြင်း။ လက္ခဏပါဒံ၊ လက်ခြေသေးသွယ် နူးညံ့ခြင်း။ ကေသာ မယုံ၊ ဆံပင်နက်၍ကောင်းခြင်း။ ရူပံ၊ အဆင်းလှခြင်း။ သဒ္ဒံ၊ အသံသာယာဖွယ်ရှိခြင်း။ ဗဟုကာ၊ များသောမောင်းမတို့ ချစ်ကြောက်ဖွယ်ရှိသောစကားကို ဆိုတတ်ခြင်း။ ထိုသို့ထုံးဟောင်း လောကီကျမ်းဂန်ဆိုသည်နှင့်အညီ ပြည့်စုံသောအင်္ဂါရှိလျှင် မိန်းမမြတ် ဖြစ်ပါသည်"[၁]

ဟုဦးစွာ လျှောက်တင်သည်။ ထိုသို့လျှောက်တင်ပြီးမှ တန်ဆောင်းမိဖုရား၏ အပြုအမူသည် အပြစ်ရှိကြောင်း ဆက်လက် တင်ပြမည်ဖြစ်သည်။ ထိုလျှောက်တင်ချက်ကိုကြည့်လျှင် မင်းမိဖုရားတို့မည်သည်မှာ ရုပ်ရည်အဆင်း လှပရုံသာမက အကျင့်သီလ ဖြောင့်မှန်မှု ရှိရမည်။ မောင်းမများအလယ်၌ ချစ်ခင်ရှိသေ ကြောက်ရွံ့ဖွယ်ရှိအောင် စကားပြောတတ်ရမည် စသည့် အရည်အသွေးများကို သိရပါသည်။

ရှေးရခိုင် မြန်မာစသည့် ပညာရှိများသည် အကြောင်းအရာတစ်ခုကို လျှောက်တင်ရာတွင် ကျမ်းဂန်အဆိုအမိန့်များကို ကိုးကား၍ ခိုင်မာအောင် လျှောက်တင်ရသည်။ တန်ဆောင်းမိဖုရား၏ မိဖုရားအင်္ဂါနှင့် မညီသောသဘောကို တင်ပြရာတွင် မိဖုရားတို့အင်္ဂါ (၇)ပါးကို ရှေးပညာရှိတို့ သတ်မှတ်ထားပုံနှင့် အစပျိုးခင်းကျင်း တင်လျှောက်ထားဟန်ကို တွေ့ရသည်။ ထိုမှတစ်ဆင့် မဟာပညာကျော်က တန်ဆောင်းမိဖုရား၌ အပြစ်ရှိကြောင်း လျှောက်တင်ရာတွင်

> "ယခု အရှင်မိဖုရားသည် (ဇာဂံ)အကျင့်ဇာဂ မမှန် သော့သွမ်းချေသည်။ မိဖုရား၊ မင်းသမီး၊ မင်းသားတို့သွမ်းသောအမှုကို ပြုထုံးမရှိပါ။ အနောက်တံခါးက ယောကျ်ားကို မိန်းမထံယူ၍ မသွင်းရာထုံးသက်သေရှိပါလျက် တံခါးမှူးနှင့်မိန်းမစိုးမောလိတ်တို့ မိဖုရားအလိုသို့ ပါသည်မှာလည်း မင်းသုံးသောကျေးကျွန်တို့သည် မင်းခွင့်မရမူလျက် မင်း၊ မိဖုရားအလိုသို့ အမှုအပေါက်

---

[၁] ကဝိသာရမထေရ်၊ ၁၉၆၈၊ ၃၄။

> တို့ကို မလျှောက်မထားရာ ရှေးပညာရှိ ထုံးစံရှိလျက် လွန်၍ ကျင့်သောသူအား မင်းမသုံးအပ်၊ ဘိသိက်တော်မင်္ဂလာပုဏ္ဏားတို့မှာလည်း ပုဏ္ဏားဟူးရား ဇေဒင်သင်၍ ဟူးရားတတ်ပုဏ္ဏားများကဲ့သို့ အင်းမန္တာန်လက်ဖွဲ့ လုပ်ဆောင် ပေးကမ်း ဟောပြန်ပြုပြန်သည်မှာ ထိုပုဏ္ဏား၌ သိက္ခာ မရှိပါပြီ။ ထိုပုဏ္ဏားသွန်းသော ဘိသိက်ကို မခံအပ်" [၁]

ဟုလျှောက်တင်ပါသည်။ ရှေးရခိုင်မင်း၊ မြန်မာမင်းတို့၏ အုပ်ချုပ်မှုတွင် နေရာတိုင်း၌ စည်းကမ်းဥပဒေ ကျင့်ဝတ်များရှိသည်။ ယင်းတို့ကို ထုံးနည်းဟု သတ်မှတ်သည်။ အပြစ်စီရင်ရာတွင်လည်း ထုံးနည်းနှင့် အညီ အကျိုးအကြောင်းပြ၍ စီစဉ်ရသည်။ နန်းတွင်းတွင် အမှုထမ်းသူ၊ နေထိုင်သူတို့၏ ကျင့်ဝတ် များကိုပါ ဗဟုသုတအဖြစ် တင်ပြထားပါသည်။

အရေးအသားပိုင်းကိုကြည့်လျှင် အပြစ်ရှိသူတစ်ဦးချင်းကို ဝါကျတို၊ ဝါကျရှည်များ ပေါင်းစည်းထားသော အသွင်ကွဲဝါကျများကို သုံး၍ စာပိုဒ်ကို ဖွဲ့စည်းထားသည်။ စာပိုဒ်ပါဝါကျတိုင်းသည် အကြောင်းနှင့်အကျိုးဆက်စပ် ပါဝင်နေသည်။ မဟာပညာကျော်လျှောက်ထုံး၌ အချို့နေရာများတွင် ပါဠိစကားလုံးများကို နိဿယ ပြန်ဆို၍ ရေးသားထားသည်ကို တွေ့ရသည်။ ပါဠိအသုံးများပါသောကြောင့် ပညာရှိလေသံ ပေါ်လာပါသည်။ ပညာရှိတို့၏လျှောက်ထားသော လျှောက်ထုံးကျမ်းနှင့် လိုက်ဖက်သည်။ ကျမ်း၏ရေးဟန်ကို ခန့်ညားစေသည်။ မိဖုရား၏ အကျင့် မကောင်းပုံကို တင်ပြရာ၌ "အကျင့်ဇာဂမမှန် သွမ်းသော့ချေသည်" ဟု အနက်ချင်း ဆင်သော စကားလုံးများကို ဆက်စပ်၍ သုံးနှုန်း ထားသည်။ "ယခု အရှင်မိဖုရားသည် (ဇာဂံ) အကျင့်ဇာဂမမှန် သွမ်းသော့ချေသည်၊ မိဖုရား၊ မင်းသမီး၊ မင်းသားတို့ သွမ်းသော အမှုတို့ကို ပြုထုံးမရှိပါ" ဟုထုံးနည်းဥပဒေရှိသောအကြောင်းကိုပြပြီးမှ အပြစ်ပေးသင့်ကြောင်း လျှောက်တင်သည်။ ဝါကျတိုနှစ်ကြောင်းကို ဆက်စပ်၍ ရိုးရိုးရှင်းရှင်း ကျစ်ကျစ်လျစ် လျစ်ရေးထားသည်။ ထုံးနည်းနှင့်အညီ ဆုံးဖြတ်၍ ပြတ်သားသော လေသံပါသည်။ တံခါးမှူးနှင့် မိန်းမစိုးတို့ကို လျှောက်တင်ရာ၌ "မင်းသုံးသော ကျေးကျွန်တို့သည် မင်းခွင့်မရမူလျက် မင်း၊ မိဖုရားအလိုသို့ အမှုအပေါက်တို့ကို မလျှောက်ထားရာ" ဟုရေးသားထားသည်။ 'မင်း' ဟူသော စကားလုံးကို ထပ်ကာ ထပ်ကာ သုံးခြင်းဖြင့် ဘုရင်မင်းမြတ်နှင့် ပတ်သက်ဆက်စပ်နေသော မိဖုရားများ၊ အမှုထမ်းများ ဆိုသည့်သဘောကို လေးနက်စေသည်။ မဟာပညာကျော်လျှောက်ထုံး ရေးဟန်သည်

---

[၁] –ယင်း–၊ ၃၄–၃၅။

ဝန်ဇင်းမင်းရာဇာ ရေးဟန်နှင့်ကွဲပြားသည်။ အကျိုးသင့်၊ အကြောင်းသင့် တင်လျှောက် ပုံချင်း တူညီသည်။ မဟာပညာကျော် လျှောက်ထုံးက ပို၍ ရေးဟန် ရိုးရှင်းသည်။ အဆင်တန်ဆာ မပါလှပေ။ ဆိုလိုချက်ကို တိတိကျကျ ကျစ်ကျစ် လျစ်လျစ် တင်ပြသည့် ရေးဟန်မျိုးဖြစ်သည်။ မင်းနှင့်ပတ်သက်သောသူများသည် လိုက်နာရမည့် ရေးထုံးများကို မလိုက်နာသည့်အတွက် အမှုကိစ္စအမျိုးမျိုး ဖြစ်ပေါ်နိုင်သည်။ ထိုဖြစ်ပေါ်နိုင်သော အမှုကိစ္စများကို အကျယ်မပြောဘဲ ကျစ်လျစ်သော စကားသုံးဖြင့် "အမှုအပေါက်" ဟု သုံးထားပါသည်။ စကားအဆင်တန်ဆာသသဘော ထက် ကျစ်လျစ်မှုကို အလေးထားသည်။ အချို့နေရာများတွင် လုံးချင်း ကြိယာများကို သုံးလေ့ရှိသည်။ "ရေးပညာရှိ ထုံးစံရှိလျက် လွန်၍ကျင့်သောသူအား မင်းမသုံးအပ်" တွင် "ရှိ၊ လွန်၊ သုံး"ဆိုသည့် လုံးချင်းကြိယာများဖြင့် ရေးသားထားရာ ပြတ်သား တိကျသောလေသံ ပေါ်လွင်သည်။ မဟာပညာကျော်၏ ရေးထုံးနှင့်အညီ ပြတ်သား သည့် သဘောကို "လွန်၍ကျင့်သော သူအား မင်းမသုံးအပ်" ဆိုသည့် စကားသုံး အရေးအသားများက ဖော်ပြနေသည်။ "ဆိုးသွမ်းသည်" ကို "သွမ်း"ဟုတစ်လုံးတည်း သုံးသည်။ "အကျင့်သွမ်းသောအမှု" ဟု သုံးထားသည်။ တွဲလုံးအဖြစ် "သွမ်း သော့" ဟု သုံးသည်။ အချို့နေရာများ၌ အနက်ချင်း အဆက်အစပ်မိသော စကားသုံးများကို ကြိယာလုံးတွဲများအဖြစ် တွဲ၍ သုံးနှုန်းပုံကို "အင်းမန္တာန်လက်ဖွဲ့လုပ်ဆောင် ပေးကမ်း ဟောပြော" ဟု သုံးနှုန်းခြင်းဖြင့် ကျစ်ကျစ်လျစ်လျစ်နှင့် ဆိုလိုသောအဓိပ္ပာယ်ကို ပြည့်စုံစေသည်။ နာမဝိသေသနအသုံးများကို အကျယ်တဝင့်မရေးဘဲ လိုအပ် သလောက်သာ သုံးသည်။ ပုံစံအားဖြင့် "သွမ်းသောအမှု၊ လွန်၍ကျင့်သောသူ၊ ဋ္ဌ ပုဏ္ဏားသွန်းသောဘိသိက်" တို့ ဖြစ်ပါသည်။

မဟာပညာကျော်လျှောက်ထုံးကို ပြုစုသူသည် အကြောင်းအရာနှင့် တဆက်တည်း လောကီရေးရာ ဗဟုသုတသိမှတ်ဖွယ်ရာအဖြာဖြာကိုလည်း မဟာပညာကျော်၏ လျှောက်ထားဟန်ဖြင့် တင်ပြထားသည်။ ရှေးသူတော်ကောင်းတို့ ဆိုခဲ့သော လောကီမှုကျမ်းဂန်တွင်လာသည်မှာလည်း မင်းနှင့်တကွ မင်းနှင့်ဆက်စပ်သော မင်း၊ မိဖုရား၊ သား၊ သမီးနှင့်အမှုထမ်း၊ အရာထမ်းများသည် မဟုတ်မမှန်သော အကျင့်ကို ကျင့်လျှင် တိုင်းပြည်ရှိ သတ္တဝါတို့ ဆင်းရဲဒုက္ခတွေ့မည်။ ရာသီဥတု ဖောက်ပြန်မည်။ မြစ်ချောင်းများလည်း ခန်းခြောက်မည်။ မြေကြီးသည်လည်း တုန်လှုပ်ကြွေးကြော်မည်။ တိမ်မိုးကြိုး လောင်မီးများ ဖြစ်ပေါ်မည်ဆိုသည့် လောကီကျမ်းလာကိစ္စများကို ထည့်သွင်း လျှောက်တင်ထားသည်။ တစ်ဖက်မှကြည့်လျှင် မဟာပညာကျော်သည် ကျမ်းဂန်စာပေများကို အကိုးအကားပြု၍ မင်းနှင့်တကွ အာဏာရှိသူတို့ မဟုတ်မမှန် မကျင့်ကြံရန် သတိပေးရာလည်းရောက်ပါသည်။ တိုင်းပြည်တစ်ပြည်၏ အေးချမ်းသာယာရေး

တွင် မင်းနှင့်တကွ အုပ်ချုပ်သူလူတန်းစားများသည် ကိုယ်ကျင့်တရား ကောင်းမွန်၍ မှန်ကန်စွာ အုပ်ချုပ်မှု အရေးပါကြောင်း ထင်ရှားလာစေသော လျှောက်တင်ချက် ဖြစ်သည်။

ပါဠိ စကားလုံးများကို အနက်ပြန်၍ ဖွင့်ဆိုခြင်းဖြင့် တင်ပြသော အကြောင်းအရာသည် ကျမ်းဂန်အကိုးအကားဖြစ်ကြောင်း သိသာစေသည်။ စာဟန် လေးနက်ခံ့ညားစေသည်။ အဆိုပါစာပိုဒ်၏ လေးကြောင်းခန့်အထိ "လည်းကောင်း" ဟူသော သမ္ဗန္ဓကို ထပ်ကာထပ်ကာ သုံးထားသောကြောင့် ပုံစံတူဟန်ချက်ညီ ဝါကျအသွင်ဆောင်သည်။ ဝါကျတစ်ကြောင်းနှင့်တစ်ကြောင်းကို ဆက်စပ်ရာ၌ "မင်းတို့ လည်းကောင်း၊ မင်း၏ မိဖုရားသော်လည်းကောင်း၊ မင်း၏ သားသမီးသော်လည်းကောင်း၊ မင်း၏ ပုဏ္ဏားသော်လည်းကောင်း၊ မင်း၏ အမတ်သော်လည်းကောင်း" ဟု 'မင်း' ဆိုသောစကားကို နာမ်ပုဒ်များ၏ရှေ့၌ ထည့်သွင်းထားခြင်းဖြင့်လည်း ပုံစံတူသဘောဆောင်သည်။ ပုံစံတူအဖွဲ့များကို သုံးခြင်းဖြင့် မင်းနှင့်ပတ်သက်သမျှ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ လူအားလုံးကို အလေးအနက် ရည်ညွှန်းသည့်သဘောသည် ထင်ရှားလာပါသည်။ ထိုသူအားလုံးကို ဒုတိယဝါကျ၏အစ၌ "လာခြင်းမကောင်းသောသူတို့ရှိသော" ဟု သုံးနှုန်းထားပြန်သည်။ "လာခြင်းကောင်းသော" ဆိုသည့် စကားကို ဆန့်ကျင်၍ "လာခြင်း မကောင်းသော" ဟု သုံးနှုန်းထားသည်။ "ဗဟူ – များသော သတ္တဝါတို့သည်" ဟု အနက်ပြန်ဆိုထားရာတွင် ပါဠိသဒ္ဒါ အသွားအလာအတိုင်း" များသောသတ္တဝါ" ဟုသုံးသည်။ "သတ္တဝါ"များဟု မသုံးပေ။

ဆင်းရဲဒုက္ခနှင့်ကြုံရပုံများကို တင်ပြရာ၌ "ဆင်းရဲဒုက္ခနှင့်အနေမပြဲ ဖောက်လှဲဖောက်ပြန် ယူမိယူရာ မသမာသောပညာ ထွန်းလေ၍" ဟု ရေးသားထားရာတွင် တိုင်းပြည်၌ ဆင်းရဲဒုက္ခကြုံရပုံတို့သည် သရုပ်ပေါ်လွင်သည်။ စစ်မက်ဖြစ်ပွားသောအခါ ပြည်သူတို့သည် ဟိုမှသည်မှ ထွက်ပြေး တိမ်းရှောင်ကြရသည်။ အိမ်များကို စွန့်ခွာကြသည်။ ထိုသဘောကို "အနေမပြဲ" ဟူသော စကားဖြင့် ကျစ်ကျစ်လျစ်လျစ်တင်ပြခဲ့သည်။ အုပ်ချုပ်သူတို့ တရားမစောင့်သောကြောင့် နေရာတိုင်း၌ ကိုယ်ကျင့်တရား ဖောက်ပြန်မှုများ ဖြစ်ပေါ်နေသည်။ ဖောက်ပြန်မှုအမျိုးမျိုးကို "ဖောက်လှဲဖောက်ပြန်" ဟူသော အသုံးဖြင့် သိပ်သိပ်သည်းသည်း ဖော်ပြခဲ့သည်။ စစ်ဘေးဒုက္ခ၊ မီးဘေးဒုက္ခ၊ ရေဘေးဒုက္ခတို့ဖြင့် ကြုံလာသောအခါ ပြည်သူတို့ဖြစ်ပျက်ပုံကို "ယူမိယူရာ" ဆိုသည့်စကားဖြင့် တင်ပြခဲ့သည်။ တစ်နည်းအားဖြင့်လည်း ပြည်သူတို့သည် ကိုယ်ကျင့်တရားဖောက်ပြန်၍ ခိုးဝှက်ခြင်းများ ဖြစ်ပေါ်လာသည်။ ထိုခိုးဝှက်မှုများကိုလည်း "ယူမိယူရာ" ဟု ဆိုနိုင်သည်။ ပညာဟူသည် အမှားအမှန်ကို ဆုံးဖြတ်နိုင်ခြင်း ဖြစ်သည်။ "မသမာသောပညာ ထွန်းလေ၍" ဟု သုံးလိုက်ခြင်းဖြင့် မှားမှန်း

မှန်မှန်းမသိသောစိတ်များ ပြည်သူများ၌ ဖြစ်ပေါ်လာသည်ဟု ဆိုနိုင်သည်။ ဝါကျ၏ အဆုံးသတ်တွင် "စည်းစိမ်မတည် အရှည်မကောင်း ပျက်စီးလေရာသည်" ဟု ခြုံငုံ တင်ပြခဲ့သည်။ ဝါကျတွင်ပါဝင်သော စကားလုံးများသည် အကြောင်းအရာအားဖြင့် အချိတ်အဆက် မိသည်။ သိပ်သည်း ကျစ်လျစ်သည်။ အသံသဘောအရလည်း မသာယာသော အကြောင်းအရာကို သရုပ်ပေါ်စေသည်။ မင်းနှင့်တကွသော အုပ်ချုပ်သူတို့ တရားမစောင့်သောကြောင့် ရာသီဥတုများပင် ဖောက်ပြန်တတ်ပုံကို

> "ဥတုရာသီ၊ မညီမဖြောင့် ခါတ်လေးပါးချောက်ချားလျက် ယမုံနာစသော မြစ်၊ ကန်၊ ရေတွင်း၊ ချောင်း၊ မြောင်းတို့သည် လည်း ခန်းကုန်အံ့၊ ငန်သောအရသာ ရောက်အံ့၊ ပထဝီမြေ သည်လည်းတုန်လှုပ်ကြွေးကြော်အံ့၊ မင်္ဂလာမရှိသော တိမ်မိုးကြိုး လောင်မီး စသော အနိဋ္ဌာယုဂ်–မကောင်းသော အကြောင်းတို့ သည် ဆိုက်ရောက်ထင်မြင်အံ့"[၁]

ဟုရေးဖွဲ့ထားပြန်သည်။ ထိုအဖွဲ့ကိုကြည့်လျှင် ဝါကျရှည်အတွင်း၌ "ဥတုရာသီ မညီ မဖြောင့်" ဟု လည်းကောင်း၊ "ခါတ်လေးပါး ချောက်ချားလျက်" ဟုလည်းကောင်း သုံးနှုန်းရေးဖွဲ့ထားရာ စကားပြေ၌ပင် ကာရန်သဘော အချိတ်အဆက်များ ပါဝင်နေ သည်ကို တွေ့ရသည်။ ဝါကျရှည်များကို သုံးပြီးနောက် "ငန်သော အရသာရောက်အံ့၊ ပထဝီမြေသည်လည်း တုန်လှုပ်ကြွေးကြော်အံ့" ဟု ဝါကျတိုများကို အပြောင်းအလဲ ပြုကာ ရေးသားထားသည်ကို တွေ့ရသည်။ 'ဖြစ်လာနိုင်မည်' ဟူသော သဘောကို ထင်ရှားစေရန် 'အံ့' ဟူသော အနာဂတ်ကာလပြ ဝါကျအဆုံးသတ်ပစ္စည်းကို ထပ်ကာ ထပ်ကာ သုံးထားသည်။ အပြိုင်ဝါကျသဘော ဆောင်သည်။ မဟာပညာကျော် လျှောက်ထုံး၌ အကြောင်းအရာတစ်ခုကို အပြတ်အသားမဟုတ်ဘဲ ဆင်ဆင်ခြင်ခြင် ပြောသည့်သဘောကို 'ပျက်စီးလေရာသည်' ဟုသုံးသည်။ 'ရာ' ဆိုသည့် ကြိယာ ထောက်က ဖြစ်နိုင်သည့်သဘောကိုသာ တင်ပြသည့်သဘော သက်ရောက်သည်။ ထို့ပြင် ရှေးမင်းတို့၏ ကျင့်ထုံးများကို လိုက်နာသော မင်းတို့ ကောင်းစားမည့် အကြောင်းကို တင်ပြရာတွင် "ဘုန်းကြီးသက်ရှည် ကျက်သရေတော်ထွန်းကြောင်း ထုံးဟောင်း ဖြစ်ပါသည်" ဟု ရေးသားထားသည်။ ဘုရင်မင်းမြတ်တို့နှင့် လိုက်ဖက် သောစကားသုံးများကိုစုစည်း၍ ခန့်ခန့်ထည်ထည်သုံးနှုန်းထားပါသည်။ လျှောက်ထုံး ဖြစ်သည့်အလျှောက် ဘုရားဟောကျမ်းဂန် အဆိုအမိန့်ဖြင့်လည်း အကျိုးသင့်၊ အကြောင်းသင့် ဖြစ်အောင် လျှောက်တင် ထားသည်။ ထိုသို့ လျှောက်တင်ရာ၌

---

[၁] ဝိသာရမထေရ်၊ ၁၉၆၈၊ ၃၅။

အဇာတသတ်မင်းသည် သူယုတ်မာနှင့် ပေါင်းမိသောကြောင့် အဖကိုသတ်ပြီး ဘုရားကို ပြစ်မှားသည်၊ ပညာရှိ ဇီဝကစကားကို နာခံမိမှ ဘုရားနှင့်တွေ့ပြီး ကံကြီးမှ လွတ်သည်ဟု လျှောက်တင်သည်။ အပြစ်ကျူးလွန်ခဲ့သော မိဖုရား၊ ပုဏ္ဏား၊ တံခါးမှူး၊ မိန်းမစိုးမောလိတ်တို့အား အပြစ်ပေးပုံကို တင်ပြရာ၌လည်း

> "မိဖုရားကို ဥယျာဉ်မှာ ဖြည့်တော်မူလေသည်။ ပုဏ္ဏားကို ပန်းတင်အစို့မှာ ဖြည့်၍ မိန်းမစိုးမှာ သစ်ခုတ်အရာအစုမှာ ဖြည့်တော်မူလေသည်။ တံခါးမှူးကို ရေခပ်စီရီ အစို့မှာ ဖြည့်တော်မူလေသည်"[၁]

ဟု ရေးသားထားသည်။ ထိုအဖွဲ့တွင် "ဖြည့်တော်မူလေသည်" ဆိုသည့် စကားကို အထပ်ထပ်သုံးပြီး အပြစ်စီရင်ပုံကို ထင်ရှားစေသည်။ ထို့ပြင် မဟာပညာကျော်က ဘုန်း၊ကျက်သရေဟူ၍ နှစ်မျိုးရှိရာတွင် ဘုန်းသာရှိပြီး ကျက်သရေ မရှိသောမင်းသည် စည်းစိမ်တိုသည်။ ဘုန်းပညာကျက်သရေနှင့် ပြည့်စုံသောမင်းတို့ အုပ်ချုပ်သော တိုင်းပြည်သည် ဆင်းရဲဒုက္ခကင်းသည်ဟု ရှေးပညာရှိတို့ ကျမ်းဂန်လာရှိသည်ဟု လျှောက်တင်သည်။ ထိုအကြောင်းကို တင်ပြရာ၌ "ဘုန်းကျက်သရေ နှစ်ပါးစုံ ရှိသောမင်း"၊ "ဘုန်းသာ ရှိ၍ ကျက်သရေမရှိသောမင်း" စသည်ဖြင့် နာမဝိသေသနပုဒ်များကို သုံးကာ မင်းတို့အနေနှင့် ဘုန်းရော ကျက်သရေပါ ရှိသင့်ကြောင်း လျှောက်တင်ပုံကို ရေးသား ထားသည်။ မဟာပညာကျော်အား ဘုရင်မင်းမြတ်က ငွေထွေးခံကို သနားတော်မူသည်။ ထိုအချက်ဖြင့် ရှေးမင်းတို့သည် ပညာရှိတို့၏ စကားကို ဆည်းပူးနာယူလေ့ရှိပြီး ထိုက်တန်သည့်အလျောက်လည်း ချီးမြှင့်မြှောက်စားကြောင်း သိရပါသည်။

## ငယ်ကျွန်လေးတင် အမ်းမြို့စားအရာ တောင်းရာ၌ လျှောက်ထုံး

တစ်ရံရောအခါ အမ်းစားငချစ်သူ သေလွန်၍ ပြည့်ရှင်မင်း၏ ငယ်ကျွန် ငလုံးတင်က အမ်းစားအရာကို မင်းထံလျှောက်ထားသည်။ ပြည့်ရှင်မင်းက အမတ်ကြီး မဟာပညာကျော်ကို အကြံတောင်းသည်။ ငလုံးတင်က အမတ်ကြီးထံသို့လာ၍ ထိုအကြောင်းကို ပြောဆိုလာသည်။ အမတ်ကြီးက ငလုံးတင် အနေနှင့်

---

[၁] ဝိသာရမထေရ်၊ ၁၉၆၈၊ ၃၆။

> “ယခုစား၍နေသည့် ခွန်သေရသော သဘော်ကင်းသာ ကောင်းသည်၊ အမ်းစားအရာ နှင့်မတော်”[၁]

ဟုပြောဆိုသည်။ ငလုံးတင်က ငယ်ကျွန်ဟူသောဂုဏ်ကို ကိုးစား၍ မနက်မင်းပွဲခံရာ၌ လျှောက်ထားသောအခါ မင်းကြီးက အမတ်ကြီးအား မေးမြန်းတော်မူသည်။ ထိုအခါ အမတ်ကြီးက ပြန်လည်လျှောက်ထားသော လျှောက်ထုံးဖြစ်ပါသည်။ ထိုအချက်ကို ကြည့်လျှင် ရှေးမင်းတို့၏ လေးစားအပ်သော အချက်များကို သိရသည်။ ငယ်ကျွန်ဖြစ်သည်ဟူ၍ မျက်နှာသာမပေး။ ပညာရှိအမတ်ကြီးကိုသာ မေးမြန်း၍ အကြံဉာဏ်ယူသည်။ တချို့သော အမှုထမ်းများသည် မင်းကြီးနှင့်ငယ်ကျွန်ဖြစ်သည်၊ ရင်းနှီးသည် ဆိုသော အချက်ကို အခွင့်ကောင်းယူ၍ နေရာကောင်းရအောင် ကြိုးစားလေ့ရှိသော သဘောကိုတွေ့ရ သည်။ အမတ်ကြီးက လျှောက်ထားရာ၌

> “အရှင်မင်းမြတ် ရေမြေကို အစိုးရသောမင်းတို့၌ အနီးအဝေးမရွေးသာချေ။ ပြည်ကျိုးမင်းမှု ထိုနှစ်ခုကို သိတတ်သောသူအား မင်းပါး၌ လည်းကောင်း၊ အဝေးကျေးစားမြို့စားထားရာ၌ လည်းကောင်း၊ ပြည့်ကျက်သရေရှိ၍ ပြည့်ရှင်မင်း ပစ္စုပန်သံသရာ နှစ်ပါးသောအကျိုးကြီးလုပါသည်ပင် ဖြစ်ပါသည်။ မင်း (သို့မဟုတ်)အလိမ္မာ မရှိသောသူတို့ ကျိုးပြစ်မသိ မိမိစိတ်ကြိုက် မင်းလိုလိုက်သည်ဟူလျက် ပြည်ထက် မလျော်ပဏ္ဏာခံယူစားသုံး ပြည့်ရှင်မင်းနှင့် နှလုံးသင့်စွာ ပေးကမ်းမြှောက်ပင့်ပြုလေရာ ပြည်ရွာမသာသတ္တဝါပင်ပန်းချေက ထိုသူကြောင့် ထိုမင်းအပါယ်လားရာသည်၊ တစ်ကြောင်းမူလည်း တစ်ယောက်အား သဒ္ဓါတော်မူ၍ တစ်ရွာတစ်မြို့ ပြည့်ရှင်မင်းတို့ အပျက်မခံကောင်းပါ”[၂]

ဟုလျှောက်တင်သည်။ ထိုလျှောက်တင်ဟန်တွင် အကြောင်းအရာသဘောအရကြည့်ပါက မင်းကြီး၏ ငယ်ကျွန်ဟူသောဂုဏ်ကို ကိုးစားနေသူ မင်းကြီးကလည်း မျက်နှာလိုက်မည်ဆိုလျှင် လိုက်နိုင်သူ ဖြစ်ပါလျက် မရှုံ့မကြောက် အမှန်တရားအတိုင်း လျှောက်တင်ရဲသော မဟာပညာကျော်၏ ကိုယ်ကျင့်တရားနှင့် ရဲရင့်သောစိတ်ဓာတ်ကို အတုယူလေးစားဖွယ် တွေ့ရသည်။ ထို့ပြင် ငလုံးတင် တစ်ဦးတည်းကို ရည်ညွှန်းခြင်းမဟုတ်ဘဲ တိုင်းပြည်အုပ်ချုပ်ရာ၌ မင်းမှုထမ်း၊ မြို့စား၊ ရွာစားတို့ကို သူ့စရိုက်နှင့်

---

[၁] –ယင်း–၊ ၆၁။

[၂] ဝိသာရမထေရ်၊ ၁၉၆၈၊ ၆၁။

လိုက်ဖက်အောင် နေရာချထားပေးသင့်သည်ဟူသော အတွေးအသိကိုလည်း လမ်းညွှန်ထားပါသည်။

လျှောက်ထုံးကျမ်းများသည် စကားဆိုရာ၌ အကျိုးသင့်၊ အကြောင်းသင့်လည်းဖြစ်၊ အမှန်တရားလည်း ဖြစ်၊ အများလက်ခံဖွယ်လည်း ဖြစ်အောင် ပြောမှု၊ ဆိုမှုအတတ်ပညာများကိုလည်း ညွှန်ပြနေပါသည်။

အရေးအသား ရှုထောင့်မှကြည့်လျှင် အထက်ပါစာပိုဒ်၌ "လည်းကောင်း" ဟူသော စကားလုံးကို နှစ်ကြိမ်ထပ်၍သုံးပြီး ပုံစံတူဝါကျရှည်အသွင် ဆောင်ထားသည်။ ရှေ့ဝါကျတွင် "ပစ္စုပ္ပန် သံသရာ နှစ်ပါးသောအကျိုး ကြီးလှပါသည်" ဆိုပြီး ဒုတိယဝါကျ၌ "ယင်းသို့မဟုတ်" ဆိုသည့် စကားနှင့် ချိတ်ဆက်ပြီးလျှင် အလိမ္မာမရှိသော သူတို့၏အကြောင်းကို ဆက်စပ်ပြောဆိုသည်။ ဝါကျချိတ်ဆက်ပုံ ကောင်းမွန်သည်။ ထိုစာပိုဒ်အတွင်း၌ ဝါကျတိုနှင့်စပြီး ဝါကျရှည်များကို ထည့်သွင်းပြီးနောက် ဝါကျတိုဖြင့် အနားသတ်ထားသည်။ ဝါကျရှည်ကို သုံးခြင်းဖြင့် ရှုပ်ထွေးခြင်းမရှိပါ။ ပုံစံတူ ဟန်ချက်ညီ အဖွဲ့ပါသော ဝါကျရှည်များကြောင့် မဟာပညာကျော်အမတ်ကြီး၏ ခန့်ညားလေးစားဖွယ်လေသံသည် ပေါ်လွင်နေသည်။ ထို့ပြင် "ပြည်ကျိုး မင်းမှု" ဟူသော စကားအသုံးသည် ကျစ်လျစ်၍ အကြောင်းအရာ နှင့်လိုက်ဖက်သည်။ အကျယ်ပြောလျှင် တိုင်းပြည်၏အကျိုးကို သိတတ်ပြီးလျှင် မင်း၏အကျိုးကို ဆောင်ရွက်ရာ၌လည်း တာဝန်ကျေပွန်သူဟူ၍ ဖြစ်သည်။ "အဝေးကျေးစား၊ မြို့စားထားရာ"၊ "ပစ္စုပ္ပန် သံသရာ နှစ်ပါးသောအကျိုး"၊ "ကျိုးပြစ်မသိ မိမိစိတ်ကြိုက်၊ မင်းလိုလိုက်"၊ "ပြည့်ရှင်မင်းနှင့် နှလုံးသင့်စွာ၊ ပေးကမ်းမြှောက်ပင့်"၊ "သတ္တဝါ ပင်ပန်း" စသည့် အသုံးအနှုန်း အရေးအသားများတွင် အကြောင်းအရာသဘောသာမက အသံသဘောအရလည်း ကာရန်ပါ၍ အချိတ်အဆက်မိနေသည်။ အပြောစကားပြေတွင် ကာရန်အချိတ်အဆက်ပါသော စကားလုံးများကို အတန်အသင့် ထည့်သွင်းထားခြင်းဖြင့် စာဟန်သည် ပို၍ခန့်ညားပြီး အကြောင်းအရာ၏ ခန့်ညားမှုကို အထောက်အပံ့ပြုပေးနိုင်သည်။ မင်းလိုလိုက်၍ မင်းကြိုက်ဆောင်သည်။ မင်းကလည်း မျက်နှာသာပေးသည်ဆိုသည့်သဘောများကို "နှလုံးသွင်းသည်" ဟု စကားလုံးလှလှပပ သေသေသပ်သပ် သုံးထားသည်။ ကြိယာတွဲလုံးဖြစ်သော "ပေးကမ်းမြှောက်ပင့်" ဆိုသော စကားလုံးကို သုံးစွဲထားခြင်းဖြင့် ကြိယာတွဲလုံးနှစ်ခုသည် အဆက်အစပ်ရှိသည့်အတွက် ဆိုလိုရင်း အကြောင်းအရာကို ပြည့်စုံပေါ်လွင်စေသည်။

ထိုမှတစ်ဆင့် မဟာပညာကျော်က

> "ကျွန်တော်မျိုး ငလုံးတင်သည် ပညာရှိနှင့် ပေါင်းဖက်ခြင်းမရှိ၊ ကြက်တိုက် အန်ခတ် စောင်းငြင်း၊ ပတ္တလား၊ သောက်စား ပျော်ရွှင်မှုနှင့်သာ နေမိနေရာ ဆိုမိဆိုရာ ပညာ မရှိပါ။ ထိုသူအား တစ်မြို့တစ်ရွာထားချေသော် မြို့ရွာပျက်၍ သတ္တဝါပင်ပန်းခြင်းသို့ရောက်မည် ဖြစ်ပါသည်။ အပါးတော်တွင်သာ ဝမ်းစာဝရုံ ပေးလျက် ထားသင့်ပါသည်"[၁]

ဟုလျှောက်ထားသည်။ ထိုလျှောက်ထားချက်ကိုကြည့်လျှင် မဟာပညာကျော်၏ အတွေးအမြင်၊ ခံယူ ချက်သာမက ရှေးမင်းများ၏ မြို့စား၊ ရွာစား ခန့်ထားရေး၌ ပညာရှိသူ၊ တည်ကြည်သူ၊ ကိုယ်ကျင့် တရားကောင်းသူများကိုသာ အလေးထားလေ့ရှိကြောင်း နားလည်ရပါသည်။ "စောင်းငြင်းပတ္တလား သောက်စားပျော်ရွှင်မှုနှင့်သာ နေမိနေရာ ဆိုမိဆိုရာ၊ ပညာမရှိပါ" စသည်ဖြင့် ရေးဟန်ပါသော အပြောစကားပြေတွင် ကာရန်များကို ချိတ်ဆက်ယူထားခြင်းဖြင့် စာဟန်ကိုပို၍ ခန့်ညားစေသည်ကို တွေ့ရသည်။ ထို့ပြင် ပြည်သူတို့ ဆင်းရဲဒုက္ခရောက်ကြမည် ဆိုသည်ကို "သတ္တဝါပင်ပန်းခြင်းသို့ ရောက်မည်" ဟုသုံးထားသည်။ သတ္တဝါဟုသုံးခြင်းဖြင့် ပို၍ကျယ်ပြန့်သည်၊ ပင်ပန်းသည် ဟူသောစကားသည် ဒုက္ခအမျိုးမျိုး ခံစားရပုံကို ပို၍ထင်ဟပ်စေနိုင်သည်။ လျှောက်ထုံးစကားပြေကို လေ့လာခြင်းဖြင့် ရှေးခေတ်စကားသုံးများ၊ ရေးဟန်များကိုလည်း လေ့လာနိုင်ပါသည်။ မဟာပညာကျော် ၏လျှောက်တင်မှုကို မင်းကြီးက ခံယူပြီး ငလုံးတင်ကို အမ်းစားအရာ မပေးခဲ့ပေ။ ထိုနည်းဖြင့် ပညာရှိတို့၏အကျိုးသင့်၊ အကြောင်းသင့် ပညာဉာဏ်အမြော်အမြင်နှင့် ဆင်ခြင်၍ မှန်ကန်ရဲဝံ့စွာ လျှောက်ထား ပုံ၊ ရှေးမင်းများ၏ ပညာရှိစကားကို လိုက်နာကျင့်သုံးပုံ စသည်ဖြင့် မြန်မာ့ လူ့ဘောင်အဖွဲ့အစည်း၏ ပုံရိပ်ကို လျှောက်ထုံးကျမ်းအရ သိမြင်ခံစားကြရပါသည်။

## ခြုံငုံသုံးသပ်ချက်

လျှောက်ထုံး စကားပြေကျမ်းများသည် ခေတ်အဆက်ဆက် မြန်မာနိုင်ငံတစ်ဝှမ်းတွင် စိုးစံခဲ့ကြသောမင်းတို့အား အနီးကပ်ကြီးကြပ်၍ ပညာဖြင့် လမ်းပြခဲ့ကြသည့် ပညာရှိအမတ်ကြီးတို့၏ အတွေးအမြင်၊ ပညာ၊ ဗဟုသုတ၊ ပြဿနာကို

---

[၁] ဝိသာရမထေရ်၊ ၁၉၆၁၊ ၆၂။

ဖြေရှင်းတတ်သော ဉာဏ်ရည်ဉာဏ်သွေးတို့ကို မှတ်တမ်းတင်ထားသော စာပေများ ဖြစ်ပါသည်။

ထိုလျှောက်ထုံးစာပေများအနက် မဟာပညာကျော် လျှောက်ထုံးများသည် တိုင်းရေးပြည်မှု ပြဿနာ၊ သားတော်၊ သမီးတော်၊ မိဖုရားအရေး၊ မြို့စား၊ ရွာစား ခန့်ထားရေး မြို့သစ်ပြောင်းသင့် မပြောင်းသင့် မြို့ဟောင်းပြင်သင့် မပြင်သင့် စသော ပြဿနာအမျိုးအစား စုံလင်သည်။

မင်း၏သားတော်လတ် သံတောင်စား အပြစ်ကျူးလွန်ရာတွင် လျှောက်ထုံး၌ ဘုရင်မင်းမြတ်က လည်း သားသမီးအရေးဆို၍ မိမိစိတ်နှင့်မိမိ ဆုံးဖြတ်ခြင်းမပြုဘဲ ဖြောင့်မတ်မှန်ကန်စွာနှင့် ပညာရှိ အမတ်ကြီး၏အကြံကို တောင်းခံပုံမှာ လေးစားဖွယ် ဖြစ်ပါသည်။ မဟာပညာကျော်အမတ်ကြီးကလည်း ဘုရင်၏သားတော်အရေးဖြစ်သည် ဟုဆိုကာ ဘက်လိုက်ခြင်း မရှိဘဲ ပြည်သူထဲက ပြည်သူအဖြစ် သတ်မှတ်၍ ရဲဝံ့ ပြတ်သားစွာ အမှန်တရားကို လျှောက်တင်ပုံမှာ ချီးကျူးလေးစားလောက်ပါသည်။

အကျင့်ပျက်သော တန်ဆောင်းမိဖုရားအရေးတွင် မင်းအား ညွှန်ပြသော လျှောက်ထုံး၌ ဘုရင်ဖြစ်သူကလည်း မိဖုရားဟု ဆိုသည့်တိုင် အပြစ်ရှိလျှင်ရှိသလို အရေးယူနိုင်ရန်အတွက် မထိမ်မဝှက်ဘဲ မဟာပညာကျော်အား ခေါ်ယူ၍ တိုင်ပင် သည်။ မဟာပညာကျော်ကလည်း တန်ဆောင်းမိဖုရားသာမက သူနှင့်ဆက်စပ်နေသော အနောက်တံခါးမှူး၊ သာသနာပိုင်ပုဏ္ဏား၊ မိန်းမစိုးမောလိတ်တို့၏ အပြစ် များကိုပါ ထောက်ပြသည်။ မိဖုရားနှင့်တကွ အမှုထမ်းများ၊ ပုဏ္ဏားများ အကျင့်ပျက်ခြင်းဖြင့် အကျိုးပျက် စီးနိုင်သည့်သဘောကို မှန်မှန်ကန်ကန် ရဲရဲဝံ့ဝံ့လျှောက်ထားခဲ့သည်။ ထိုလျှောက်ထုံး၌ မဟာပညာကျော်သည် အမှုကိစ္စတစ်ခုကို စီရင်ရာတွင် အစဉ်အလာ ထုံးနည်းများကို ကိုးကား၍လည်းကောင်း၊ ကျမ်းဂန်စာပေ အဆိုအမိန့်များကို ကိုးကား ၍လည်းကောင်း ဘုရင်မင်းမြတ် နားဝင်အောင် လျှောက်ထားပြောဆို သည်။

ငယ်ကျွန် ငလုံးတင် အမ်းမြို့စား အရာတောင်းရာ၌ လျှောက်ထုံးတွင် လူ့ စရိုက်၊ လူ့သဘာဝနှင့်အညီ နေရာတကျ ရာထူးခန့်ထားမှသာ အဆင်ပြေချောမွေ့ နိုင်မည့်အကြောင်းကို ကျမ်းဂန်အကိုးအကားများဖြင့် ငလုံးတင်၏စရိုက်ကို ဆက်စပ် ကာ အကျိုးသင့်၊ အကြောင်းသင့် လျှောက်တင်ပုံကို တင်ပြထားသည်။

မဟာပညာကျော်လျှောက်ထုံးကို လေ့လာခြင်းဖြင့် လျှောက်ထုံးစာပေများသည် အမှန်တရားကို ချစ်မြတ်နိုးစေသည်။ ကိုယ်ကျင့်တရားကို ထိန်းသိမ်းသင့်သည် ဟူ သော အတွေးအသိကိုရစေသည်။ ပြည်သူများနှင့်တကွ အုပ်ချုပ်သူများပါ အကျိုးများ နိုင်သော အတွေးအမြင်များ ပါဝင်သည်။ ထို့ပြင် ကျမ်းဂန် အဆိုအမိန့် စာပေ

ဗဟုသုတများကို ရရှိစေသည်။ စာပေအရေးအသား ရှုထောင့်မှကြည့်လျှင်လည်း လျှောက်ထုံးစကားပြေတို့၏ ရေးနည်းရေးဟန်ကို သိရသည်။ လျှောက်ထုံး စကားပြေသည် ခံ့ညားတည်ငြိမ်သော စာပေရေးဟန်မျိုးဖြစ်သည်။ မဟာပညာကျော်လျှောက်ထုံးသည် လျှောက်ထုံးများ အားလုံးထဲတွင် ရေးဟန်အကျစ်လျစ်ဆုံး၊ အရိုးရှင်းဆုံးနှင့် သိလွယ်နားလည်လွယ်စေသော ရေးသားတင် ပြပုံဖြစ်သည်။ ဆိုလိုချက်ကို တိကျပေါ်လွင်စေသော၊ ကျစ်လျစ်သိပ်သည်းသော၊ စာပေအရေးအသားကို ခံ့ညားစေသော စကားလုံးများကို ရွေးချယ်သုံးနှုန်းထားသည်။ အမတ်ကြီး၏ တည်ကြည်လေးနက်သော လေသံပေါ်လွင်နေပါသည်။ မဟာပညာကျော်လျှောက်ထုံး စကားပြေသည် အကြောင်းအရာပိုင်းရော အရေးအသားပိုင်းပါ အထူးကောင်းမွန်လှသည်ဟု ဆိုနိုင်ပါသည်။

## နိဂုံး

ဤစာတမ်းတွင် မဟာပညာကျော်လျှောက်ထုံးကို ဗဟိုပြု၍ အကြောင်းအရာပိုင်းနှင့် အရေးအသားပိုင်းကို ဆွေးနွေးတင်ပြထားပါသည်။ ထို့ပြင် ကုန်းဘောင်ခေတ်တွင် ပေါ်ထွန်းခဲ့သော မဏိရတနာပုံ ကျမ်းခေါ် ဘိုးရာဇာလျှောက်ထုံး၊ ကဝိသေတ္တုမဥ္ဇူသာ ကျမ်းခေါ် ဦးပေါ်ဦးလျှောက်ထုံး၊ ကဝိသာရ မဥ္ဇူသာကျမ်းခေါ် အယူတော်မင်္ဂလာလျှောက်ထုံးတို့နှင့် နှိုင်းယှဉ် တင်ပြထားပါသည်။ ဘုရင့်အပါး၌ ခစား၍ လျှောက်ထားသူများသည် ကျွမ်းကျင်မှုမတူသကဲ့သို့ လျှောက်ထုံးများ၏ အကြောင်းအရာ၊ အရေးအသားတို့မှာလည်း ကွဲပြားခြားနားပါသည်။ မဟာပညာကျော် လျှောက်ထုံးသာမက အခြားသော လျှောက်ထုံးများကိုလည်း လေ့လာဆန်းစစ်သင့်သည်ဟု ထင်မြင်မိပါသည်။

## ကျမ်းကိုးစာရင်း


ကဝိသာရမထေရ်။(၁၉၆၈)။***မဟာပညာကျော်လျှောက်ထုံး***။ရန်ကုန်၊ဟံသာဝတီပုံနှိပ်တိုက်။

စန္ဒလင်္ကာ၊**ရှင်**။(၂၀၀၉)။***မဏိရတနာပုံကျမ်း***။ပဥ္စမအကြိမ်။ရန်ကုန်၊ရာပြည့်စာအုပ်တိုက်။

သိန်း၊**ဆရာ**၊(စာတော်ပြန်-)။(၂၀၁၂)။***ဦးပေါ်ဦးလျှောက်ထုံး***။ဒုတိယတွဲ။ရန်ကုန်၊ပန်းရွှေပြည် စာအုပ်တိုက်။

အောင်၊**ဦး**။(၂၀၁၂)။***ဦးပေါ်ဦးလျှောက်ထုံး***။ပထမတွဲ။ရန်ကုန်၊ပန်းရွှေပြည်စာအုပ်တိုက်။

အောင်၊**ဦး**။(၂၀၁၃)။***အယူတော်မင်္ဂလာလျှောက်ထုံး***။ပဥ္စမအကြိမ်။ရန်ကုန်၊ရာပြည့်စာအုပ်တိုက်။

*J. Myanmar. Acad. Arts Sci. 2018* **Vol. XVI. No. 6A**

# ဘုံခန်းပျို့စာဆို၏ စိတ်ကူးနှင့်အရေးအဖွဲ့

စန်းစန်းဦး*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် နေမိဘုံခန်းပျို့မှ စာဆိုရှင်အဂ္ဂသမာဓိ၏ စိတ်ကူးနှင့် အရေးအဖွဲ့စွမ်းရည်ကို လေ့လာ တင်ပြထားသော စာတမ်းဖြစ်ပါသည်။ ဘုရားဟောဇာတ်တော်လာ နေမိမင်းကြီး၏ အကြောင်းကို ပျို့အဖြစ် ပြန်လည်ရေးဖွဲ့ရာ၌ ဇာတ်လမ်းဆန်းကြယ်အသက်ဝင်လာအောင် စိတ်ကူးနှင့် ဖြည့်စွက်ဖန်တီးထားသော အခန်းများ ပါဝင်ပါသည်။ ဗီရဏီနတ်သမီးအား နေမိမင်းကြီး တွေ့မြင်သောအခါ စိတ်လှုပ်ရှား ခံစားမှုများ ဖြစ်ပေါ်ဟန် တင်ပြပြီးလျှင် ဗီရဏီ၏အတိတ်ဘဝ ဇာတ်ကြောင်းကို ကရုဏာသက်ဖွယ်၊ လိုက်နာကျင့်သုံးချင်ဖွယ်ဖြစ်အောင် ရေးဖွဲ့ထားသည်။ စာဆို၏စိတ် ကူးကို ပံ့ပေါ်လာအောင် အထောက်အကူပြုထားသောအရေး အဖွဲ့ကောင်းများကို လေ့လာတင်ပြထားပါသည်။ အခန်း(၁)တွင် စာဆို၏ဘဝနှင့် စာပေ၊ အခန်း(၂)တွင် ပျို့စာပေ၏သဘော၊ အခန်း(၃)တွင်စာဆို၏ စိတ်ကူးနှင့်အရေး အဖွဲ့တို့ ဖြစ်ပါသည်။

**သော့ချက်ဝေါဟာရများ** ။ ။ စိတ်ကူး၊ အရေးအဖွဲ့၊ အသံ၊ နောက်ခံအဖွဲ့၊ ဝိဇ္ဇာစကားလုံး။

## နိဒါန်း

ပုဂံခေတ်တွင် မြန်မာစာပေအရေးအသား စတင်ပေါ်ထွန်းလာပြီးနောက် အင်းဝခေတ်သို့ရောက်သောအခါ မြန်မာစာပေသည် တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်လာခဲ့သည်ဟု ထင်မြင်မိပါသည်။ ပုဂံခေတ် ကျောက်စာများကို စကားပြေနှင့်ရေးသားရာမှ အင်းဝခေတ်တွင်မူ ပျို့၊ လင်္ကာများကို အများဆုံးရေး သားလာကြသည်။ ပျို့များ ထွန်းကားလာရခြင်းအကြောင်းတွင် မြန်မာပြည်သူတို့ ဗုဒ္ဓသာသနာကို ယုံကြည်ကိုးကွယ်မှု အရှိန်အဟုန် မြင့်မားလာသည့်သဘောဖြစ်သည်။ ပုဂံခေတ်ကျောက်စာများတွင် ဘုရားဟော ဇာတ်နိပါတ်များအကြောင်းကို မင်စာများ၌သာ အကျဉ်းမျှ တွေ့ကြရ

* ဒေါ်၊ ကထိက၊ မြန်မာစာဌာန၊ မအူပင်တက္ကသိုလ်။

သည်။ ကောင်းမှု ပြုရန်တိုက်တွန်းခြင်းကို ဆုတောင်းနှင့်အလှူများ၌တွေ့ရသည်။ မကောင်းမှု၏ဆိုးကျိုးကို ကျိန်စာများ၌ တွေ့ရသည်။ အင်းဝခေတ်စာဆိုများသည် ရဟန်းစာဆိုများ ဖြစ်ကြသည်။ ဗုဒ္ဓစာပေကျမ်းဂန်များကို တတ်ကျွမ်းကြသည်။ ထိုအချက် နှစ်ခုပေါင်းစုံမိရာမှ မြန်မာလူမျိုးတို့ ဗုဒ္ဓစာပေများအပေါ်တွင် ပိုမိုစိတ်ဝင်စားလာစေရန်နှင့် ဘာသာရေးအသိတရား ကြွယ်ဝလာစေရန် ရဟန်းစာဆိုများက ဘုရားဟော ဇာတ်နိပါတ်ကိုအခြေခံ၍ ဇာတ်လမ်းပါသော လင်္ကာရှည်ကြီးများကို ပျို့များအဖြစ် ဖွဲ့ဆိုလာကြသည်။ ရာဇဓမ္မ လောကရေးရာများကို တရားတော်အနေနှင့် ဆုံးမ လမ်းညွှန်ပေးထားသည်။

အင်းဝခေတ်စာဆိုတို့သည် တရားလည်းပါ၊ စကားလည်းသာသော ပျို့များ ဖွဲ့ဆိုရာတွင် စာဖတ်သူတို့ နှစ်သက်လာစေရန် စိတ်ကူးအနုပညာ၊ ဖွဲ့နွဲ့မှုအနုပညာ များကိုသုံးပြီး ရေးဖွဲ့ခဲ့ကြပုံကို လေ့လာတင်ပြထားပါသည်။ ထိုသို့လေ့လာတင်ပြရာ၌ အင်းဝခေတ်စာဆို ရှင်အဂ္ဂသမာဓိ၏ နေမိဘုံ ခန်းပျို့ကို အလေ့လာခံအဖြစ် ရွေးချယ်ပြီး စိတ်ကူးနှင့်အရေးအဖွဲ့များကို သုံးသပ်တင်ပြထားပါသည်။

## ၁။ စာဆို၏ဘဝနှင့်စာပေ

နေမိဘုံခန်းပျို့ကိုရေးဖွဲ့ခဲ့သောစာဆိုရှင်အဂ္ဂသမာဓိကို–

> “ဒုတိယမင်းခေါင်အဝမြို့ကို စိုးစံနန်းတက်တော်မူသော သက္ကရာဇ် ၈၄၁ ခုနှစ်၌ ဒီပဲယင်းမြို့တောင်လက်၊ ကန်ဖျားရွာတွင် ဖွားမြင်သည်။ ငယ်မည်မှာ မောင်နိုး ဖြစ်သည်။”[၇]

အသက်နှစ်ဆယ်ကျော်အထိ ခေတ်ကောင်းကိုမီလိုက်သည်။ မင်္ဂလာစေတီ ပွဲတော်ကိုလည်းကောင်း၊ ရွှေစာတီ၊ ရတနာ၊ မြစည်းခုံစသော ကောင်းမှုပွဲတော်များကို လည်းကောင်း ကြားရမြင်ရသူဖြစ်ခဲ့သည်။ ဒုတိယမင်းခေါင်၏ မြင်းစီးခြင်းဆယ့်ခုနှစ်ပါးကို တအံ့တဩကြားဖူး မြင်ဖူးသူလည်းဖြစ်လေသည်။ ဒုတိယမင်းခေါင် နတ်ရွာစံတော်မူခြင်းကိုလည်း ကြုံကြိုက်ရသူဖြစ်သည်။ ရွှေနန်းကြော့ရှင် ဘုရင်နရပတိ နန်းတက်တော်မူသောအခါ ဘိသေကမင်္ဂလာအခမ်းအနားကိုလည်း တွေ့မြင်ကြုံကြိုက်

[၇] အဂ္ဂသမာဓိ၊ ရှင်၊ ၁၉၇၁၊ ကိ။

ခဲ့ရသည်။ ခမည်းတော်နတ်မောက်မြို့စားကြီးပင်လျှင် ပွဲရလမ်းရရဲဆုများဖြင့် ချီးမြှင့်မြှောက်စားအသနားတော် အကြိမ်ကြိမ်ခံခဲ့ရသည်။ ရှင်အဂ္ဂသမာဓိသည် ရေမြေ့ရှင်၏ဘုန်းတော်ရိပ်၊ ခမည်းတော်၏ မေတ္တာရိပ်အောက်တွင် ငြိမ်းငြိမ်းချမ်းချမ်း ရွှင်ရွှင်လန်းလန်း နေထိုင်ခဲ့ရသည်။ သို့သော် သက္ကရာဇ် ၈၈၆ ခုနှစ်တွင် ပတ်ဝန်းကျင်ဂယက်တို့သည် ရိုက်ခတ်လာသည်။ ရေမြေ့ရှင်သည် ထီးပစ်နန်းပစ် တိမ်းရှောင် နေရ၍။ ခမည်းတော်လည်း တိုက်ပွဲတွင်ကျဆုံးသည်။ ကိုယ်တော်တိုင်လည်း မိုးညှင်းစလုံက ပင့်ဆောင်ယူ၍ နေပြည်တော်မှ ခွဲခွာကာ မြေတူးမြို့သို့ ပြောင်းရွှေ့ သီတင်းသုံးရရှာသည်။

အင်းဝပြည်ကြီး ယိမ်းယိုင်ပျက်စီးသွားသောအခါ စာဆိုသည် လောကီကို ညည်းငွေ့လာသည်။ နိက္ခမပါရမီကို ဆင်ခြင်မိပြီး နိက္ခမခန်းပျို့ကို ရေးခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။ အင်းဝပျက်သော အခါသာသနာလည်း ယိမ်းယိုင်လာပြီး ပြည်တွင်း၌ ဆိုးသွမ်းမှု၊ သတ်ဖြတ်မှုများထူပြောလာသည်။ အကုသိုလ်အမူအကျင့်များ များပြားလာသည်ကို တွေ့မြင်ပြီး အကုသိုလ်၏အကျိုးဆက်ကို ဆင်ခြင်မိသည့်အလျောက် ပြည်သူများလည်း ဆင်ခြင်မိစေရန် နေမိင်ရဲခန်းပျို့ကို ရေးဖွဲ့ခဲ့သည်။

သက္ကရာဇ် ၈၉၄ ခုနှစ်တွင် အင်းဝကို သိုဟန်ဘွား အုပ်ချုပ်သည်။ သိုဟန်ဘွားသည် အင်းဝမင်းမျိုးမင်းနွယ်များကို သတ်ဖြတ်သည်။ ရဟန်းတော်များကိုလည်း သတ်သည်။ ပိဋကတ် စာပေများကို ဖျက်ဆီးသည်။ သိုဟန်ဘွား၏ ခမည်းတော် မိုးညှင်းစလုံမှာလည်း သူ၏ကျွန်အမတ်တို့ လုပ်ကြံ၍ အနိစ္စရောက်ခဲ့ ပြီဖြစ်သည်။ ခေတ်ဆိုးခေတ်ကျပ်ကြီးတွင် တိုင်းသူပြည်သား တို့အား ကုသိုလ်တရား ကို မမေ့ရန် လှုံ့ဆော်လိုသောစေတနာဖြင့် နေမိဘုံခန်းပျို့ကို ရေးသားသည်။ ထိုအကြောင်းနှင့် ပတ်သက်၍ မလိခက ပျို့အညွှန်းတွင်–

> "ထိုအချိန်က ရှင်အဂ္ဂသမာဓိသည် မြေတူးမြို့၌ပင်ရှိနေသည်။ သိုဟန်ဘွား၏ ရက်စက်မှုကို ကိုယ်တိုင် မကြုံရသော်လည်း နဂိုကပင် သိုဟန်ဘွား၏ ရက်စက်မှုကို မကြိုက်သူဖြစ်၍။ သိုဟန်ဘွား အုပ်ချုပ်မှုအောက်၌ သာသနာမှေးမှိန်၍ လူတို့အကျင့်ပျက်လာသည်ကို နေမိင်ရဲခန်းပျို့ (သက္ကရာဇ် ၉၀၀ )နှင့်ခြောက်လှန့်ပြီးနောက် သာသနာ ဖွံ့ဖြိုးရေးအတွက် လူတို့၏ကုသိုလ်တရားကို လှုံ့ဆော်သောအားဖြင့် ယ္ခုနေမိဘုံခန်းပျို့ကို

> ရေးခြင်း ဖြစ်၏။ ကုသိုလ်မှုကို ဦးတည်၍သာသနာတော်အရောင် ပြန် လည်ထွန်းလင်းရေးကို ရှေ့ရှုရေးဖွဲ့သောပျို့ဖြစ်၏ ”[၈]

ဟု ဖော်ပြထားပါသည်။ ဆရာတော်၏ပတ်ဝန်းကျင်သည် ပိုမို ဆိုးဝါးလာသည်။ အသတ်အဖြတ် အသေအပျောက် များလာသည်။ တိုင်းသူပြည်သားတို့မှာ အကုသိုလ်ကြမ္မာ ငင်လာခဲ့ကြသည်။ ဆရာတော်ကိုယ်တိုင်လည်း စာသင်စာချခြင်း မပြုနိုင်တော့ပေ။ ထိုဖြစ်ရပ်ကို တက္ကသိုလ်မောင်မောင်ကြီး၊ မဟာဝိဇ္ဇာက နေမိဘုံခန်းပျို့နိဒါန်းတွင်–

> “ပတ်ဝန်းကျင် ကြမ်းတမ်းပျက်ဆီးနေသောကြောင့် ဆရာတော်သည် နိုင်ငံသားတို့အား ဒုက္ခခံနိုင်ရည်ရှိအောင် မျှော်လင့်ချက်တစ်ကွက်ဖြင့် သက်သာရာရအောင် နေမိငရဲခန်းဖြင့်ပင် အားသစ်ဖို့ပြန်သည်။”[၉]

ဟု သုံးသပ် တင်ပြထားပါသည်။ ခေတ်အခြေအနေတို့ကို ခံစားပြီးလျှင် မိမိပတ်ဝန်းကျင်ရှိ တိုင်းသူပြည်သား လူအများတို့ ကောင်းကျိုးချမ်းသာ ဖြစ်စေရန်အတွက် နေမိငရဲခန်းပျို့၊ ဘုံခန်းပျို့တို့အပြင်၊ သက္ကရာဇ် ၈၈၉ တွင် သုဝဏ္ဏသျှံသူဌေးခန်းပျို့၊ သုဝဏ္ဏသျှံမြွားမှန်ခန်းပျို့၊ သုဝဏ္ဏသျှံသစ္စာခန်းပျို့၊ သက္ကရာဇ် ၈၉၇ တွင် နေမိနိက္ခမခန်းပျို့ တို့ကိုလည်း ရေးဖွဲ့ခဲ့သည်။ ဆရာတော်သည် စာဆို၏တာဝန် ကျေပွန်ပြီးနောက် သက္ကရာဇ် ၉၁၄ ခုနှစ်တွင် ပျံလွန်တော်မူသည်။

ရှင်အဂ္ဂသမာဓိနှင့်ပတ်သက်၍ မြန်မာကဗျာစာတမ်းများတွင်–

> “ရှင်အဂ္ဂသမာဓိသည် အင်းဝခေတ်ပျက်နှင့်ကြုံခိုက် ပျို့များကို ရေးဖွဲ့သူ ဖြစ်သည်။”[၁၀]

ဟုဆိုကာ စာဆို၏စိတ်ဓာတ်ကြံ့ခိုင်ပုံနှင့် တိုင်းပြုပြည်ပြုစေတနာကို–

> “ခမည်းတော်ကိုယ်တိုင် အရေးအခင်းတွင် ကျဆုံးလင့်ကစား စိတ်ဓာတ်ကြံ့ကြံ့ ခိုင်ခိုင်ထားနိုင်သော တိုင်းပြုပြည်ပြု စာဆိုအရှင်သူမြတ်ဟု ဆိုထိုက်သည်။ ရှင်အဂ္ဂသမာဓိ၏ ပျို့များ

---

[၈] မလိခ၊ ၂၀၁၅၊ ၁၀၇။
[၉] အဂ္ဂသမာဓိ၊ ရှင်၊ ၁၉၇၁၊ ငါ။
[၁၀] မြန်မာကဗျာစာတမ်း၊ ၁၉၈၄၊ ၂၉။

> သည် ခေတ်ပျက်မှ တရားပျက်တို့အတွက် စိတ်ဓာတ် ပြုပြင်ရန် ရည်ရွယ်ကြောင်း အဆိုရှိသည်။ ယင်းရည်ရွယ်ချက်ကြီးကို မြစ်ဖျားခံသော ရည်ရွယ်ချက်ကလေးများသည်ပင် မြင့်မြတ်လှပါသည်။"[ဂ]

ဟု သုံးသပ် တင်ပြထားပါသည်။ အင်းဝခေတ်ပျို့စာဆိုများနှင့် ပတ်သက်၍ မြန်မာကဗျာ စာတမ်း၌–

> "အင်းဝခေတ်၌ ပျို့ကဗျာများ ထွန်းကားရခြင်း အကြောင်းများတွင် ရဟန်းစာဆိုများ ရေးစပ်သော ကဗျာဖြစ်ခြင်းသည် အကြောင်းတစ်ကြောင်း ဖြစ်သည်ဟု မှတ်ယူနိုင်ပါသည်။ ကဗျာနှစ်သက်သောခေတ်၌ တရားကို ကဗျာဖြင့်ပေးခြင်းသည် ထိရောက်ပေသည်။ စကားလည်းသာ၊ တရားလည်းပါအောင် ဖွဲ့နိုင်သော ဆရာတော်တို့၏ကျွမ်းကျင်မှုစွမ်းရည်သည်များစွာ တာသွားလှပါသည်။ ထို့ထက်ပို၍ ကဗျာကို ချစ်သော စိတ်ဓာတ်သည် များစွာ အရေးပါလှပါသည်။"[၁၉]

ဟု ဖော်ပြထားသည်။ ထိုအဆိုအရကြည့်လျှင် ရှင်အဂ္ဂသမာဓိသည် တိုင်းပြည်ကို ချစ်သည်။ ပြည်သူ ပြည်သားများကို ချစ်သည်။ မိမိအရှင်သခင်ကို ချစ်သည့်အပြင် ကဗျာကိုလည်း ချစ်ခဲ့သည်ဟု ဆိုရပါမည်။

အင်းဝခေတ် ကဗျာများစာအုပ်ကို ရေးသားသူ ဆရာကြီးဦးတင်မောင်ဌေးကလည်း နေမိဘုံခန်းပျို့နှင့် ပတ်သက်၍–

> "နေမိဘုံခန်းပျို့သည် ပျို့ကောင်းဖြစ်သည်။ ရည်ရွယ်ချက်လည်း ကောင်းသည်။ ဇာတ်လမ်းဇာတ်ကွက်လည်း ကောင်းသည်။ အကြောင်းအရာလည်းကောင်းသည်။ အရေးအဖွဲ့လည်း ကောင်းသည်။ စကားအသုံးအနှုန်းလည်း ကောင်းသည်။ ဗဟုသုတ ထည့်ပြပုံလည်း ကောင်းသည်"[၃၉]

---

[ဂ] – ယင်း – ။

[၁၉] – ယင်း – ၊ ၃၀။

[၃၉] တင်မောင်ဌေး၊ ဦး၊ ၂၀၀၇၊ ၃၆၉။

ဟု သုံးသပ်ထားပါသည်။ ဆရာတော်သည် အင်းဝပြည်ပျက်စီးခြင်းကို ကိုယ်တိုင်တွေ့ကြုံခဲ့ရသည်။ ဒုက္ခများကိုလည်း ကိုယ်တိုင်ခံစားခဲ့ရသည်။ မင်းနှင့်တကွ ရဟန်းရှင်လူတို့ ခံစားခဲ့ကြရသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။ ထိုအတွေ့အကြုံများက ဆရာတော်အား နာကျင်ခံစားမှုဖြစ်စေသည်။ ထိုနာကျင် ခံစားမှုများကြောင့်ပင် ဆရာတော်၌ စေတနာဖြစ်ထွန်းလာခဲ့ရသည်။ အင်းဝခေတ်ပြည်သူများ အကုသိုလ်အမှုများ ရှောင်ကြဉ်၍ ကုသိုလ်ကောင်းမှုများ၌ မွေ့လျော်ခြင်းဖြင့် ကောင်းကျိုး ရရှိစေနိုင်သည်ဟူသော အတွေးအသိကို ပေးလိုသည့် စေတနာရည်ရွယ်ချက် ပေါ်ပေါက်လာပါသည်။

ထိုစေတနာရည်ရွယ်ချက်က လှုံ့ဆော်လာသောအခါ ဆရာတော်၏ စိတ်ကူးနှင့် ဖန်တီးမှုအတတ်ပညာ၊ ဘာသာစကားကို အသုံးချ၍ ဖွဲ့နွဲ့သီကုံးမှုအတတ်ပညာများဖြင့် နေမိငရဲခန်းပျို့၊ ဘုံခန်းပျို့တို့အား ရေးဖွဲ့ခဲ့ပါသည်။ စာဆိုရေးဖွဲ့သော နေမိဘုံခန်းပျို့၏ ဇာတ်လမ်းဇာတ်ကွက်မှာ နေမိဇာတကမှ နတ်ဘုံများကိုပြသည့် အခန်းဖြစ်သည်။ သိကြားမင်းစေခိုင်း၍ မာတလိနတ်သားက နေမိမင်းကြီးကို ဝေဇယန္တာနတ်ရထားဖြင့် ပင့်ဆောင်သည်။ ထိုသို့ပင့်ဆောင်ရာတွင် နတ်ပြည်ခရီး၌ နတ်ဘုံနတ်နန်းများကို မြင်တွေ့ရပုံ၊ တာဝတိံသာနတ်ပြည်တွင် သိကြားမင်းနှင့် တွေ့ပြီးနောက် နတ်ပရိသတ်ကို တရားဟောကာ မိတ္ထီလာပြည်သို့ပြန်ကြသည်။ ဆံပင်ဖြူမြင်သောအခါ တောထွက်ကြောင်း၊ မူရင်းဇာတကအတိုင်း ရေးဖွဲ့ထားသည်။ နေမိဘုံခန်းပျို့တွင် "ဗီရဏီဘုံခန်း၊ သောဏဒိန်ဘုံခန်း၊ ဖလိကဝိမာနဘုံခန်း၊ ပတ္တမြားဘုံခန်း" စသည်ဖြင့် နတ်ဘုံနတ်နန်း အခန်းခန်းကို ဆန်းပြားခမ်းနားစွာ ဖွဲ့ဆိုထားပါသည်။

စာဆိုရှင်အဂ္ဂသမာဓိသည် စိတ်စေတနာကောင်းသည်နှင့်အမျှ အနုပညာစွမ်းရည်လည်း ထက်မြက်လှပါသည်။ ကုသိုလ်ရေးအကြောင်းအရာကိုပင် ဖြည့်စွက်ဇာတ်လမ်းဆင်ပြီး အချစ်ဇာတ်လမ်း အသွင်ရောက်အောင် စိတ်ကူးဖြင့်ဖန်တီးရေးဖွဲ့၍ ဖတ်ချင်စဖွယ်တင်ပြထားပါသည်။ ထို့ကြောင့်ပင် "ငရဲခန်းလည်းခြောက်လွန်းသည်၊ ဘုံခန်းလည်းမြှောက်လွန်းသည်" ဟူသောစကား တွင်ခဲ့ခြင်းဖြစ် ပါသည်။

---

## ၂။ ပျို့စာပေ၏သဘော

ပျို့စာပေသည် အင်းဝခေတ်၏ ဂုဏ်ကျက်သရေဆောင် စာပေအဖွဲ့ပုံစံ ဖြစ်ပါသည်။ ပျို့ကိုလင်္ကာသွားဖြင့် ရေးဖွဲ့ထားသည်။ ဇာတ်လမ်းပါပြီးလျှင် တရားလည်းပါ စကားလည်းသာသော စာပေပုံစံဖြစ်သည်။ ဆရာမကြီးဒေါ်သန်းဆွေက–

> "ပျို့ဟူသည်လင်္ကာမှ ဖြာထွက်လာသော စာအဖွဲ့မျိုးပေတည်း၊ လင်္ကာဟူသည် ပါဠိ "အလင်္ကာရ" ဟူသောစကားမှ ဆင်းသက်လာ၍ "တန်ဆာဆင်ခြင်း" အနက်ရှိ၏။ မြန်မာစာပေတွင် ယေဘုယျအားဖြင့် ကာရန်ငြိသမျှစာအဖွဲ့ကို လင်္ကာဟု ခေါ်နိုင်သော်လည်း ၄–လုံး ၁–ပါဒ ကာရန်ယူကာစပ်ဆိုသော လင်္ကာဖွဲ့ဟူ၍လည်း သီးသန့်ရှိနေပေသေးသည်။"[*]

ဟု လည်းကောင်း၊

> "အကြောင်းအတ္ထုပ္ပတ္တိတစ်ခုခုကိုအတ္ထာလင်္ကာရ၊ သဒ္ဒါလင်္ကာရ အနက်နှင့် အသံတည်းဟူသောတန်ဆာအဆင်တို့နှင့် စုံလင်ပြည့်လျှမ်းစေလျက် နှစ်သက်စရာညင်သာ ငြိမ့်ညောင်း နာပျော်ဖွယ်ကောင်းအောင် ပိုဒ်ရေပေါင်းများစွာဖြင့် စီခြယ် ဖွဲ့ဆိုထားသည်ကို ပျို့ဟူ၍ ခေါ်တွင်ပေသည်။"[†]

ဟု လည်းကောင်း ဖွင့်ဆိုထားပါသည်။ ပျို့၏ ဝေါဟာရဆင်းသက်လာပုံနှင့် ပတ်သက်၍လည်း ကြံဆပြထားသည်။ ပျို့သည် ပို့ဟူသောစကားမှ ဆင်းသက်လာနိုင်သည်။ ပို့၏အနက်မှာလည်း ပိုသည် ဟူသော သဘောဖြစ်သည်။ ဆရာမကြီးဒေါ်သန်းဆွေကမူ–

> "ပို့၏အနက်မှာ ပိုမိုပြည့်လျှမ်းခြင်းကို ဆိုလိုသည်။ ထို့ကြောင့် ပျို့ဟူသော ကဗျာသည် မှတ်သားစဖွယ် အသွယ်သွယ်တို့နှင့် ပိုမိုပြည့်လျှမ်းနေသော ကဗျာတစ်မျိုးပေတည်းဟု ယူဆကြကုန်သည်။ အချို့သုခမိန်တို့ကမူ ပို့ဆောင်အပ်သောကြောင့်ပို့၊ ၎င်းမှ

---

[*] သီလဝံသ၊ ရှင်မဟာ၊ ၁၉၆၉ ၊ ၂။

[†] – ယင်း – ၊ ၂–၃။

> တဖန်ပျို့ဟုခေါ်သည်ဟု ယူဆကြပြန်သည်။ ဤနေရာ၌ နတ်ရွာ
> သုဂတိ အမြိုက်နိဗ္ဗာန်သို့ ပို့ဆောင်တတ်သော စာပေ”[ဂ]

ဟု သုံးသပ်တင်ပြထားပါသည်။

ထို့အပြင်–

> “သာခန်းထိုသို့၊ ရောက်တုံမြို့လည်း၊ ပျို့တို့ တတွေ၊ အောက်မေ့
> ချေသော်၊ နာဝေနာစည်း၊ နှလုံးကြည်းခဲ့၊ ဖြည်းဖြည်း ပျံ့ပျူး၊
> စိတ်ဝမ်းနူးမျှ၊ ရွှင်မြူး ပျော်ဘွယ်၊ လင်္ကာသွယ်မူ၊ မနွယ်ကျမ်းရိုး၊
> ဆိုဘိနိုး၍၊ ယုံမှိုးယုံမှား၊ လူပြိန်း များတို့၊ လွင့်ပါးလှည့်စွ၊
> ကဲ့ရဲ့ကြအံ့၊ ရေးကချိုမြက်၊ ဆိုသည်လျက်တည့်၊ မသက်သာ
> လေ၊ နှုတ်သံခြေကို၊ မြစ်ရေ၌တွင်၊ မျှောလိုက်ချင်စွ၊...”[၁/၄]

ဟူသော ရှင်မဟာရဋ္ဌသာရ၏ စပ်ဆိုမှုကိုတွေ့ရသည်။ ထိုစာပိုဒ်၏အနက်မှာ ပျို့ကဗျာသည် သာယာငြိမ့်ညောင်း နှစ်သက်ဖွယ်ကောင်းအောင် ဖွဲ့ခဲ့သည် မှန်သော်လည်း မဖွဲ့လိုတော့ပြီ။ စိတ်ပျက်စိတ်နာလှသည်။ ထိုကဲ့သို့ သာယာကြည်နူးဖွယ်သီကုံးသည်ကို လူပိန်းလူပျင်းတို့က ကျမ်းရိုးကိုမမှီးဘဲ ကြည်နူးပျော်မွေ့စရာ သာယာမှု တို့ကိုသာ လင်္ကာဖွဲ့ဆိုနေသည်ဟု ကဲ့ရဲ့ကြပေမည်။ ထိုကဲ့သို့ ချိုချိုမြမြ သီကုံးခဲ့သမျှကို မြစ်ရေ၌ပင် မျှောလိုက်ချင်သည်ဟု ဖြစ်ပါသည်။

အထက်ဖော်ပြပါ ရှင်မဟာရဋ္ဌသာရ၏ ဖွဲ့ဆိုချက်ကိုထောက်လျှင် ပျို့ဟူသည် သာယာငြိမ့်ညောင်း နှစ်သက်ဖွယ် ကောင်းအောင် ဖွဲ့ဆိုထားအပ်သော ကဗျာမျိုးဖြစ်သည်ဟု ယူဆရပါသည်။ ပျို့ဟူသော စကားလုံးသည် ပင်းယခေတ်တွင် စတုရင်္ဂဗလအမတ်ကြီးမေး၍ ပုဂံဆရာတော်ဘုရား၏အဖြေတွင် “နှုတ်မင်္ဂလာပျို့ဖြင့်ဖြေလျှင်းပေအံ့” ဟူသော စကားရပ်ကို အစောကြီးတွေ့ရှိရသည်ဟု ဆိုသည်။ ပုဂံဝန်ထောက်မင်း ဦးတင်နှင့်တစ်ကွ အချို့သောပညာရှင်တို့ကလည်း “ပျို့ဟူသည် နှစ်လိုရွှင်လန်းခြင်း၊ တင်းတိမ်အားရခြင်း၊ ရောင့်ရဲခြင်းကိုဖြစ်စေတတ်သောကြောင့် ပျို့မည်၏” ဟုလည်းကောင်း၊ ကုမ္ဘာဘယပျို့ ကျမ်းဦးပလ္လင်တွင် တင်ပြထားသည်။

---

* – ယင်း – ၊ ၆။

† – ယင်း – ။

ပျို့စာပေသည် အစဉ်အလာကြီးမားသော စာပေပုံသဏ္ဍာန်တစ်ခု ဖြစ်သည်။ မြန်မာစာပေသမိုင်းတွင် ၁၅ရာစုနှောင်းပိုင်းမှ ၂၀ရာစုထိ နှစ်ပေါင်း ၅၀၀ခန့်မျှ တည်တံ့ ခဲ့ပေသည်။ ပျို့နှင့်ပတ်သက်၍ မလိခက–

> “ပျို့သည်ပိုဒ်ရေများစွာပါဝင်သော လေးလုံးစပ် ကဗျာရှည်ဖြစ်သည်။ ရေးဖွဲ့သည့်အကြောင်းအရာကို စကားတန်ဆာ၊ အနက်တန်ဆာများဖြင့် နှစ်သက်ဖွယ်ကောင်းအောင် ဝေဝေဆာဆာ ရေးဖွဲ့ခဲ့သည့်အတွက် ထိုကဗျာမျိုးကို နှစ်သက်ဖွယ်ဟု အဓိပ္ပာယ်ရသော ပျို့ဟူသည့်ဝေါဟာရဖြင့် အမည်သညာ ပြုခြင်း ဖြစ်သည်။”[၇]

ဟု ဖော်ပြထားပါသည်။

ပျို့ကို ဇာတ်လမ်းပါသောပျို့နှင့် ဇာတ်လမ်းမပါသောပျို့ဟူ၍ နှစ်မျိုးခွဲခြားနိုင်သည်။ ဇာတ်လမ်းပါသောပျို့သည် ရှိနှင့်ပြီးသော ဝတ္ထုတစ်ခုခုကို လေးလုံးစပ်ကဗျာရှည်ပုံသဏ္ဍာန်ဖြင့် ပြန်လည် ရေးဖွဲ့ထားသော ပျို့မျိုးဖြစ်သည်။ ဇာတ်လမ်းမပါသောပျို့မှာမူ ရှိနှင့်ပြီးသားသုတဩဝါဒ ပေးသော ကျမ်းတစ်ခုကိုဖြစ်စေ၊ ပျို့စာဆို ရေးဖွဲ့လိုသော သုတနှင့်ဩဝါဒကို လေးလုံးစပ်ကဗျာရှည် ဖြင့်ရေးဖွဲ့ ထားသော ပျို့မျိုးဖြစ်သည်။ ဇာတ်လမ်းပါသော ပျို့အမျိုးအစားသည် ငါးရာ့ငါးဆယ် ဇာတ်နိပါတ်၊ ဗုဒ္ဓဝင်၊ ဇင်းမယ်ပဏ္ဏာသ၊ ဓမ္မပဒဝတ္ထုများကို ပြန်၍ဖွဲ့နွဲ့တတ်သည်။ ဇာတ်လမ်းမပါသော ပျို့အမျိုးအစားတွင်မူ ကျမ်းဂန်လာသုတဩဝါဒများကို ပျို့စာဆို၏ အတွေးအမြင်များဖြင့် မှတ်သားဖွယ် နာချင်ဖွယ် ဖြစ်အောင် ရေးသားထားသော ပျို့မျိုးဖြစ်သည်။ ဇာတ်လမ်းပါသောပျို့မှာမူ မူလဝတ္ထု ဇာတ်လမ်းကို ဇာတ်လမ်း ဇာတ်ဆောင် ကာလဒေသနောက်ခံတို့ဖြင့် စာရေးသူ၏စိတ်ကူးဉာဏ်ဖြင့်ဖြည့် စွက်၍ အပြောက်အမွမ်းတန်ဆာဆင်ကာ ဖန်တီးရေးဖွဲ့လေ့ရှိသည်။ ထိုနည်းဖြင့် မူလဇာတ်လမ်းသည် ပိုမို၍ အသက်ဝင် ထင်ရှားလာသည်။ ရသမြောက်လာသည်။

---

[၇] မလိခ၊ ၂၀၁၅၊ ၁။

## ၃။ ဘုံခန်းပျို့၏ စိတ်ကူးနှင့်အရေးအဖွဲ့

### ၃၊ ၁။ ဘုံခန်းပျို့စာဆို၏စိတ်ကူး

စာဆိုသည် အင်းဝ၏ ပျက်စီးယိုယွင်းနေသော ခေတ်အခြေအနေကို တွေ့ကြုံခံစားရင်း အင်းဝပြည်သူတို့ မကောင်းမှုကိုရှောင်၍ ကုသိုလ်တရားများ ပွားများလာစေရန် ဘုံခန်းပျို့ကို ရည်ရွယ်ရေးဖွဲ့ခဲ့သည်။ မူလဇာတ်ဖြစ်သော နေမိဇာတ်မှာ ကုသိုလ်ရေးကို အလေးပေးသောဇာတ်လမ်းဖြစ်သည်။ ဆင်းရဲ သောမိန်းကလေးသည် အိမ်စေမလေးဘဝ၌ပင် စိတ်ကောင်း စေတနာကောင်း ထား၍ ကုသိုလ်ပြုခဲ့သည်။ သေလွန်သောအခါ နတ်ဘုံနတ်နန်း၌ ခံစားရပုံကို ဖွဲ့ဆိုထားသည်။ ဗီရဏီနတ်သမီးသည် ဗီရဏီဘုံခန်း၏ အဓိက ဇာတ်ဆောင်ဖြစ်သည်။ အခြားသော ဘုံခန်းများတွင်လည်း ကုသိုလ်ကောင်းမှု အကျိုးတရားကြောင့် နတ်စည်းစိမ်ခံစားရပုံတို့ကို စိတ်ကူးဖြင့်ချဲ့ထွင်ရေးဖွဲ့ ထားခြင်းဖြစ်သည်။

မူလဇာတ်လမ်း၌ နတ်ပြည်ရှိ နတ်သား၊ နတ်သမီးများက နေမိမင်းကြီးကို ဖူးတွေ့လိုသောကြောင့် သိကြားမင်းက မာတလိနတ်သားအားစေလွှတ်၍ ဝေဇယန္တာနတ်ရထားဖြင့် ခေါ်ဆောင်စေသည်။ နတ်ဘုံနတ်နန်းများကို လှည့်လည်ကြည့်ရှုသည် ဆိုသည့် သဘောသာဖြစ်ပါသည်။ နေမိဘုံခန်း ပျို့တွင်မူ စာဆိုရှင်အဂ္ဂသမာဓိက ဝတ္ထုဇာတ်လမ်းတစ်ပုဒ်ပမာ စိတ်ကူးဖြင့် ချဲ့ထွင်ဖန်တီးယူသည်။ ထို့ကြောင့်ပင် နေမိမင်းကြီး နတ်ပြည်သို့ တက်သည့်အချိန်ကို အချိန်ကာလနောက်ခံအဖြစ် ထည့်သွင်း ဖွဲ့ဆိုထားသည်။ မိုးဦးကျကဆုန်လကို ရွေးချယ်လိုက်သည်။ ကဆုန်လ၌ စကားပန်းများဖြင့် ပတ်ဝန်းကျင်တစ်ခွင်သည် မွှေးပျံ့နေသည်။ တောတစ်ခွင်မှာလည်း ပန်းရနံ့တို့ဖြင့် လှိုင်ကြူနေသည်။ ထိုတောတစ်ခွင်မှ စကားပန်းတို့၏ ရနံ့ကို ကောင်းကင်သို့ လွှင့်တင်လိုက်သကဲ့သို့ ကောင်းကင်၌ မွှေးပျံ့နေသည်ဟု ဖွဲ့ဆိုသည်။ နေမိမင်းကြီးရောက်ရှိသွားသော နတ်ပြည်ရှိ နတ်ဘုံနတ်နန်းတို့၏ တင့်တယ်ခံ့ညားပုံ၊ အနုပညာလက်ရာမြောက်ပုံတို့ကို နေရာဒေသနောက်ခံအဖြစ် ဖြည့်စွက် ခြယ်မှုန်းထားသည်။

"တုရင်ကမောင်း၊ မွန်ခေါင်းစုလစ်" စသည့် ကုန်းဘောင်ခေတ်၏ နန်းတော်များတွင် အလှဆင်ထားသော အဆင်တန်ဆာများကို စုံလင်အောင်ပြသည်။ နတ်ဘုံနတ်နန်းများသည် ထက်ဝန်းကျင်တစ်ခွင်၌ ထင်ရှားလွန်းလှသည်။ ခမ်းနားကြီးကျယ်လွန်းသည့်အတွက် ကောင်းကင်ကြီးတစ်ခုလုံး ပြိုကျမည်ဟုထင်ရသည်။ နတ်ဘုံ

နတ်နန်းများသည် အလွန်ကျယ်ဝန်းသည် ကျွန်းကြီးတစ်ကျွန်းခန့်မျှပင် ရှိသည်။ နန်းတော်အဆင်တန်ဆာများ၌ ပတ္တမြားများဖြင့် စီခြယ်ထားသည်။ ခြသေ့်ရုပ်များ စောင့်ကြပ်လျက်ရှိသည်။ ဘုံဗိမာန်များမှာ အဆင့် (၅) ဆင့်ရှိပြီး ရွှေအတိပြီးသည်ဟု နောက်ခံအဖွဲ့ ကိုဖွဲ့ဆိုထားပါသည်။ ရှင်အဂ္ဂသမာဓိသည် နတ်ဘုံနတ်နန်းများ၏ ခန့်ညားထည်ဝါပုံများကို ဖွဲ့ဆိုရာ၌ စာဆို၏ဘဝတွင် အင်းဝနေပြည်တော် ကောင်းစားပုံကို ကြုံတွေ့ခဲ့ရဖူးသည်။ရွှေနန်းကြော့ရှင် ၏ အသစ် တည်ဆောက်ထားသော နန်းတော်၏ ခမ်းနားထည်ဝါတင့်တယ်ပုံ၊ အင်းဝခေတ် အနုပညာ လက်ရာများနှင့် တန်ဆာဆင်ထားပုံတို့ကိုလည်း တွေ့မြင်ခဲ့ဖူးသည်။ အင်းဝပျက်၍ မြေတူးသို့ရောက် နေရသော်လည်း စာဆို၏ စိတ်ခံစားမှုတွင် တစ်ချိန်က အင်းဝ၏ ပုံရိပ်သည်စွဲကျန်ရစ်ပေမည်။ ထိုစွဲလမ်းစိတ်၊ အောက်မေ့စိတ်များဖြင့် နေမိဘုံခန်းပျို့တွင် ရွှေနန်းကြော့ရှင်၏ နန်းတော်ကို နတ်ဘုံ နတ်နန်း အသွင်သို့ ပြောင်းလဲရေးဖွဲ့ရန် စိတ်ကူးရခဲ့ဟန်တူသည်။

ထို့ပြင် နတ်ဘုံနတ်နန်း၏ ပတ်ပတ်လည်၌ ရွှေကြယ်ပွင့်၊ ငွေကြယ်ပွင့်များကို ပတ်ပတ်လည်၌ အစီအရီတန်ဆာ ဆင်ထားသည်။ ရွှေနှင့်ပြုလုပ်ထားသော နန်းပြာသာဒ်များသည် တက်သစ်စနေရောင်ကဲ့သို့ ထွန်းပ နေသည်။ ခြူးသီး၊ ခြူးရွက်၊ ခြူးခက်စသည်ဖြင့် ဗိသုကာအဆင်တန်ဆာအမျိုးမျိုးကို တွေ့ရသည်။ ထိုကဲ့သို့သော ခန့်ညားတင့်တယ် ပုံတို့ကို အမျိုးမျိုး အကျယ်တဝင့် ဖွင့်ဆိုထားသည်။ ထိုအဖွဲ့များသည် ကုသိုလ် ကောင်းမှုကြောင့် ခံစားရသောအကျိုးတရားကို သိမြင်စေရန် ဇာတ်လမ်းဆင် တင်ပြသည့် ပျို့၏နောက်ခံအဖွဲ့များ ဖြစ်ပါသည်။ နောက်ခံအဖွဲ့များ၏ ကြီးကျယ် ခမ်းနားမှုကြောင့် နေမိဘုံခန်းပျို့ ဇာတ်လမ်းသည်လည်း ကြီးကျယ်ခမ်းနား လာပါသည်။

မူလဇာတ်လမ်းတွင် နေမိမင်းကြီးသည် နတ်ဘုံနတ်နန်းများကို လှည့်လည်ကြည့်ရှုသည်ဟုသာ ပါသော်လည်း စာဆိုကစိတ်ကူးနှင့်ဖြည့်စွက်ကာ နေမိမင်းကြီးနှင့် အလွန်ချောမောလှပ သော ဗီရဏီနတ်သမီးတို့ တွေ့ဆုံခန်းကို ထည့်သွင်းထားသည်။ ဗီရဏီနတ်သမီး၏ ဝတ်စားဆင်ယင်ပုံကို ရေးဖွဲ့ရာတွင် အင်းဝခေတ်၏ ဝတ်စားဆင်ယင်ပုံနှင့် ဖန်တီးတင်ပြသည်။ အင်းဝခေတ်အမျိုး သမီးများသည် သင်တိုင်းများ ဝတ်ဆင်၍ ခြူကလေးများတပ်ဆင်ကာ လက်ဝတ်တန်ဆာများဆင်မြန်း ကြသည်ဟု ရေးဖွဲ့ထားသည်။

ဗီရဏီနတ်သမီး၏ အနေအထားကို နေမိမင်းကြီး တွေ့သည့်အခန်း၌လည်း ဗီရဏီ၏အလှ သရုပ်ကို ပေါ်လွင်စေသည့် ရှုထောင့်မှတင်ပြထားသည်။ နေမိမင်းကြီးနှင့် ဗီရဏီနတ်သမီးတို့ဆုံခန်း၌ နောက်ခံအဖွဲ့ပါသည်။ နောက်ခံအဖွဲ့မှာ ဗီရဏီနတ်သမီး၏ ဘုံဗိမာန်တွင် အင်းဝခေတ်တူရိယာများဖြင့် တီးမှုတ်ဖျော်ဖြေနေ ကြသည်။ ဗီရဏီနတ်သမီး၏ ရံရွှေတော်နတ်သမီးများသည် ငယ်ရွယ် နုနယ်လှပ သူများဖြစ်သည်။ ထိုသူတို့သည် ချစ်သူဆိုသော အဖွဲ့အနွဲ့များပါသည့် တေးသီချင်းများကို သံပြိုင်သီဆိုနေကြသည်ဟု နောက်ခံအဖြစ်ဖွဲ့ထားသည်။ ထိုနောက်ခံအဖွဲ့၏ သဘောမှာ ယောကျ်ားနှင့်မိန်းမတို့ တွေ့ဆုံရာတွင် စိတ်နှလုံးချင်း ဆက်သွယ်မှု ခံစားမှုများ နီးကပ်လာစေရန် အချစ်အကြောင်း ဖွဲ့ဆိုသော သီချင်းများကို သီဆိုပေးခြင်းဖြစ်ပါသည်။

ထိုမှတစ်ဆင့် နေမိမင်းကြီးသည်ဗီရဏီနတ်သမီး၏ အလှကိုတွေ့မြင်ပြီးလျှင် ချစ်ခင်တွယ်တာ စိတ်များဖြစ်ပေါ်လာသည်။ အတူနွှဲ့ပျော်လိုစိတ်များဖြစ်ပေါ်လာသည်။ ဘဝချင်းမဆုံစည်းဖြစ်ရသည့် အကြောင်းကို တွေးမိလာသည်။ နောင်တရချင်လာသည်။ နေမိမင်းသည် ဗီရဏီ၏ အလှ၌ နစ်မျော နေလေဟန် စာဆို၏စိတ်ကူးဖြင့် ချဲ့ထွင် ဖွဲ့နွဲ့ထားသည်။ ထိုစိတ်ကူး ဖြည့်စွက်ချက်ကြောင့် ကုသိုလ်ကောင်းမှု အကြောင်းတရားဟောသော နေမိဇာတ်လမ်းသည် လူသားတိုင်းနှင့် မကင်းနိုင်သည့် အချစ်သဘောပါလာခဲ့သည်။ နှစ်သက်စရာ ကောင်းလာသည်။ စာဖတ်သူတို့ စွဲမက်ဖွယ် ဖြစ်လာစေပါသည်။ လောကသဘာဝလူ့သဘာဝနှင့်ယှဉ်၍ စိတ်ကူးဖြင့် ဖြည့်စွက်ဖန်တီးခြင်း ဖြစ်သောကြောင့် လက်ခံနိုင်ဖွယ် ရှိလာသည်။ ဗီရဏီဘုံခန်းမှ ရှေ့ဆက်မည့် ဘုံခန်းများဆီသို့ သွားရောက်ရန် မာတလိက နေမိမင်းကြီးအား ပြောသည့်အခန်းကိုလည်း ထည့်သွင်းထားသည်။ ထိုအခန်းတွင် မာတလိက နေမိမင်းကြီးအား ရှေ့ဆက်မည့်ဘုံခန်းများတွင် ဗီရဏီနတ်သမီးထက် ချောလှသည့် နတ်သမီးများရှိကြောင်း ပြောဆိုပုံမှာ သဘာဝကျ၍ ပြုံးချင်စရာဖြစ်ပါသည်။ ဗီရဏီနတ်သမီးအား ခွဲခွာ၍ ရှေ့ခရီးဆက်ရာတွင် နေမိမင်းကြီး၏ခံစားမှုကို ဖွဲ့ထားပုံမှာလည်း လွမ်းမောစရာ ကောင်းလှ ပါသည်။

## ၃၊ ၂။ စာဆို၏ အရေးအဖွဲ့

နေမိမင်းကြီး နတ်ပြည်သို့ တက်သည့်အခန်းကို ရေးဖွဲ့ရာ၌ ကဆုန်လ၏ ရာသီသဘာဝကို နောက်ခံပြုထားသည်။ ရာသီဥတုနောက်ခံအဖွဲ့ကို–

> “နံ့မြက်ရှားရှား၊ စံကားပုံ့မွှေး၊ လှိုင်ကြူဇလျက် နီးဝေးထုံလှာ၊
> ရဂုံမှာလည်း လေညာကောင်းကင်၊ လွင့်လိုက်တင်လျက်၊ နတ်ရှင်
> မင်းကျော်၊ သာဖြည်းပျော်၏”[၇]

ဟုရေးဖွဲ့ထားသည်။ စကားပန်း၏ ရနံ့သည် အေးမြ၏။ မွှေးပျံ့နေသည်ကိုပင် “နံ့မြက်ရှားရှား၊ စံကားပုံ့မွှေး၊ လှိုင်ကြူဇ ”ဟု မွှေးပျံ့သည်ကိုပင် “ ပျံ့၊ မွှေး၊ လှိုင်၊ ကြူ၊ ဇ ”စသည်ဖြင့် အနက် ချင်းတူသော ဝေါဟာရအမျိုးမျိုးကို အပြောင်းအလဲပြု၍ စုပေါင်းဖွဲ့နွဲ့ထားသည်။ တောရဂုံဆီမှ စကားပန်း၏ရနံ့သည် မိုးကောင်းကင်သို့ ပင်ပျံ့လွင့်လာလေဟန်၊ ထိုရနံ့ကိုခံစား၍ မင်းကြီးသည် သာယာပျော်ရွှင်လာသည်ဟု ဖွဲ့နွဲ့ထားသည်။

ကဆုန်လရာသီ၏ ပတ်ဝန်းကျင်ရှုခင်းများကို –

> “ခါလည်လုလု၊ ရတုသစ်သစ်၊ သရစ်ပေါ်ပေါ်၊ သာပျော်ရွှန်းရွှန်း၊
> ကိန်းခန်းသင့်မော၊ ရွက်ရင့်လျော၍၊ ရွက်ကြောနုလန်၊ ရွက်သစ်
> ပြန်တည့်၊ ပန်းမာလ်ငုံကင်း၊ သုတ်လေညင်းနှင့်၊ မြေသင်းနံ့နံ့၊
> တပျံ့ပျူးပျူး၊ မင်းလွင် မြူးလျက်၊ တန်ခူးလည်းကုန်၊ လကဆုန်
> သည်၊ ပဇ္ဇုန်ရိုက်မည် ချုန်းချုန်းတည်း။”[၈]

ဟု ရေးဖွဲ့ထားပါသည်။ ထိုအဖွဲ့တွင် မိုးရာသီသို့ တစ်ဖန်ရောက်လုနီးလာသည့်သဘော၊ ရာသီဥတု၏ အသွင်အပြင်သည် သစ်လွင်နေသည့်သဘော၊ ရွက်သစ်ကလေးများ ပေါ်လာသည့်သဘောတို့ကို တင်ပြ ရာ၌ “လုလု၊ သစ်သစ်၊ ပေါ်ပေါ်၊ ရွှန်းရွှန်း” စသည်ဖြင့် ဗျည်းတူ၊ သရတူ၊ ဝိစ္ဆာစကားလုံးများကို တွဲ၍သုံးထားသည်။ ထိုစကားလုံးများကို ထပ်ကာထပ်ကာသုံးခြင်းဖြင့် အသံချင်းနီးစပ်လာပြီးလျှင် သာယာချိုပြေလာသည်။ စကားလုံးများ၏ အလှအပကြောင့် ကဆုန်လ၏သဘာဝသည် လှပလာသကဲ့သို့ အသံများ၏နီးကပ်မှုတို့ကြောင့် သာယာချိုမြိန်လာသည်။ အသံ၏

[၇] အဂ္ဂသမာဓိ၊ ရှင်၊ ၁၉၇၁၊ ၃။
[၈] အဂ္ဂသမာဓိ၊ ရှင်၊ ၁၉၇၁၊ ၂။

သာယာမှုက သဘာဝတရား၏ သာယာမှုကိုပို၍ပေါ်လွင်လာအောင် အထောက်အပံ့ပြု ထားသည်။ ဆရာတော်သည် "သစ်သစ်"ဟူသော အသတ်သံစကားလုံးကို သုံးရာတွင် လည်း သာယာနာပျော်စေသကဲ့သို့ "ပေါ်ပေါ်"ဆိုသည့်သံလွင်စကား လုံးကို သုံးရာ တွင်လည်း သာယာနာပျော်စေသည်။ "ရွှန်းရွှန်း"ဆိုသည့် စကားလုံးကို နှစ်ကြိမ်ထပ်၍ သုံးရာ၌ သံလေးဖြစ်သော်လည်း သာယာနာပျော်စေသည်။ စကားလုံးတွဲဖွဲ့ဟန်၊ အသံတွဲဖွဲ့ဟန် များသည် အနက်ရောအသံကိုပါ သာယာနာပျော်ဖွယ်ဖြစ်စေသည်။

"ရွက်ရင့်လျော၍၊ ရွက်ကြောနုလန်၊ ရွက်သစ်ပြန်တည့်" ဟူသောအဖွဲ့၌လည်း 'ရွက်'ဟူသော စကားလုံးကို သုံးကြိမ်တိတိ ထပ်ကာထပ်ကာသုံးခြင်းဖြင့် အသံတူများ နီးနီးကပ်ကပ်ဖြစ်လာသည်။ အသံသာယာချိုပြေစေသည်။ မခုရတာ ဂုဏ်မြောက် သည်။ "ရွက်ရင့်လျော၍"တွင် တစ်ပါဒလုံး၌ "ယ၊ ရ၊ လ၊ ဝ"ဟူသည့် ဗျည်းများကို ပေါင်းစည်းသုံးထားသည်။ ထိုသို့ပေါင်းစည်းသုံးရာတွင် 'အရွက်'များ သည် ရင့်ရော် လာပြီးနောက် လျောကြွေ၍ကျသွားသည်။ ရွက်ကြောနုလေးများပါသည့် ရွက်သစ်များ ပေါ်လာသည်။ ရွက်ဟောင်းကြွေ၍ ရွက်သစ်ဝေသည့်သဘောကိုပင်စာဆိုက အနုစိတ် သရုပ်ဖော်ပြခဲ့သည်။ စကားလုံးရွေးချယ်ဖွဲ့စည်းရာ၌ အနက်သဘောအားဖြင့် အဆက် အစပ်မိသည့်အပြင် အသံသဘောအရလည်း အဆက်အစပ် မိအောင်ရေးဖွဲ့ထားသည်။ ရွက်ဟောင်းကြွေပြီး ရွက်ကြောနုပေါ် ရွက်သစ်ပြန်သည်။ ထို့နောက်မှ ပန်းမန်မုံကင်း လေးများ ထွက်ပေါ်လာသည်။ ထိုပန်းတို့၏ ရနံ့ များသည် လေပြေလေညှင်းနှင့်အတူ မွှေးပျံ့လာသည်။ ကဆုန်လ၏ မိုးစက်များကြောင့် မြေသင်းနံ့လေးများကို ခံစားရ သည်ဆိုသောအချက်အလက်များသည် အဆက်အစပ်ရှိပြီးနောက်ဆုံးတွင် မိုးချုန်းသံ များကို ကြားလာရသည်။ "သာပျော်ရွှန်းရွှန်း၊ ပဇ္ဇုန်ရိုက်မည်း၊ ချုန်းချုန်းတည်း" ဟူသော အဖွဲ့တွင် 'ရွှန်းရွှန်း၊ ချုန်းချုန်း' စသည့် ဝိစ္ဆာစကားလုံးလေးများကို သုံးထား သည်။ နှစ်ကြိမ်ထပ်ဝိစ္ဆာ စကားလုံးများက အကြောင်းအရာကိုပို၍ နူးညံ့သွားစေ သည်။ နှစ်သက်ဖွယ်ဖြစ်သည်။ "မြေသင်းနံ့နံ့" ဟု ရေးဖွဲ့လိုက်သောအခါ ပို၍ နှစ်သက်စရာ ကောင်းလာသည်။ "ချုန်းချုန်း" ဟူသောအသံကို ထည့်သွင်း ရေးဖွဲ့ ထားရာ မြည်သံစွဲအလင်္ကာမြောက်သည်။ စာဆိုသည် ပျို့နောက်ခံဖွဲ့ကိုဖွဲ့ရာ၌ အမြင် အကြား အနံ့အာရုံများ ပါဝင်အောင် ရေးဖွဲ့ထားပါသည်။ ထို့ပြင်–

"မြစ်လျောက်ကိုင်းကျွန်း၊ သဲပြင်ထွန်းလည်း၊ ထက်ဝန်းရွှမ်းရွှမ်း၊
အာပေါ် လွှမ်းလျက်၊ ကမ်းလည်းငုံထွေး"[၈]

ဟု ဖွဲ့ဆိုထားသည်။ မိုးရေများကြောင့် ကမ်းစပ်ကိုရေလွှမ်းသွားပြီး ရေပြန်ကျသွားသည်ကို "ကမ်းလည်းငုံထွေး" ဟု ဖွဲ့ဆိုထားပုံမှာ စိတ်ကူးဆန်းသစ်သည်။

နတ်ဘုံနတ်နန်းတို့ကိုဖွဲ့ရာ၌လည်း–

"ရှေ့တော်မျက်မြင်၊ မိုးဝပြင်ဝယ်၊ တုရင်ကမောင်း၊ မွန်ခေါင်း
စုလစ်၊ သရစ် သွန်းသွန်း၊ ထက်ဝန်းပြဲ့ပြဲ့၊ ကောင်းကင်နွဲ့မျှ"[၉]

ဟု ဖွဲ့ဆိုထားသည်။ "ကောင်းကင်နွဲ့မျှ"ဟူသော အဖွဲ့ကနတ်ဘုံနတ်နန်းတို့၏ အလွန်ကြီးကျယ်ခမ်း နားပုံကို မြင်ယောင်စေသည်။ နေမိမင်းကြီးရောက်လာခိုက်တွင် ဗီရဏီနတ်သမီး၏အနေအထားကို–

"ရွှေသလွန်ထက်၊ ဧသန်တူရူ၊ လေညင်းယူလျက်၊ ရွှင်မူပြုံးပြုံး၊
မျက်လုံး မျက်ခွက်၊ လရောင်စက်သို့၊ နားရွက်ဖြန့်ကား၊
ညွန့်ညွန့်ထွားမျှ၊မေးပါးသွယ် သပ်၊ အာစပ်ဝင်းရွှေ၊ ချေလည်း
မပြောက်၊ ကြန်လျောက်နှာယောင်၊ မျက်တောင်ကော့ဖြူး၊ နဖူး
ပြင်လှ၊ ရင်ဝလည်းမောက်၊ ဖိတ်ဖိတ်တောက်မျှ၊ ပြောက်
ပြောက်စွန်းစွန်း၊ ဆေးထင်းပန်းသို့"[၁၀]

ဟု ရေးဖွဲ့ထားပါသည်။ စာဆိုသည် သူ၏စိတ်ကူးဖြင့် ဗီရဏီနတ်သမီး၏ သွင်ပြင်ပုံပန်းကို ဖွဲ့ဆိုရာတွင် မျက်လုံးမျက်ခွက်မှစ၍ လက်ဖျားခြေဖျားများအထိ အနုစိတ်သရုပ်ဖော်ရေးဖွဲ့ထားပါသည်။ ဗီရဏီနတ်သမီးသည် သလွန်ထက်တွင်စံနေရာ၌ ရှေ့တည့်တည့်သို့မျက်နှာမူကာ လေညင်းကိုခံယူနေသည်။ ဗီရဏီနတ်သမီး၏အလှကို ပို၍မြင်သာလာစေရန် ပြုံးနေသော ဗီရဏီ၏မျက်နှာပေါ်သို့ လရောင်များ ဖြာကျနေပုံကို ထည့်သွင်းရေးဖွဲ့ထားသည်မှာ စိတ်ကူးကောင်းလှပါသည်။ နားရွက် ပြန့်ကားပုံ၊ မေးသွယ်သပ်ပုံ၊ အာခံတွင်းမှ ရှင်းသန့်ဝင်းဝါပုံ၊ မှဲ့တစ်ပေါက်ပင် မစွန်းထင်းပုံတို့ကို

[၈] အဂ္ဂသမာဓိ၊ ရှင်၊ ၁၉၇၁၊ ၂။
[၉] – ယင်း – ၊ ၃။
[၁၀] – ယင်း – ။

အဆက်အစပ်မိမိ အနုစိတ်သရုပ်ဖော်ထားသည်။ စကားလုံးအသုံးအနှုန်းများမှာ အလှသရုပ်ကို ပေါ်လွင်စေသည့်အပြင် ဖွဲ့စည်းထားပုံကျစ်လျစ်သည်။

ဗီရဏီ၏အသံကိုလည်း စာဆိုကဖွဲ့ခဲ့ပြန်သည်။

> "ငယ်သံတွတ်တွတ်၊ စုလည်းလွတ်လျက်၊ ရုပ်ဓာတ်ပုံညီ၊
> ဗီရဏီဟု၊ ချီချီ ချချ၊ ခေါ်ဆိုကြသား"[၈]

ဟူသောအဖွဲ့တွင် ဗီရဏီ၏အသံလည်း ဖြစ်နိုင်သည်။ ဗီရဏီကိုခေါ်ဆိုကြသော နတ်သမီးလေးတို့၏ အသံလည်းဖြစ်နိုင်သည်။ မည်သို့ပင်ဆိုစေ စာဆိုက အသံ၏ သရုပ်ကိုပင် "ငယ်သံတွတ်တွတ်" ဟုဖွဲ့၍ စုလည်းထုံးလေးများ ထုံးထားပုံကိုလည်း ဖွဲ့ဆိုထားပါသည်။ နေမိမင်းကြီးနှင့် ဗီရဏီတို့၏စိတ်ခြင်း နီးစပ်လာအောင် ပတ်ဝန်းကျင် ကလှုံ့ဆော် ဖျော်ဖြေပေးနေသည်ဟု စိတ်ကူးဖြင့်ဖြည့်စွက်၍–

> "နာပျော်လှည့်အီ၊ ချစ်သူချီလျက်၊ သံပြီသံပြိုင်၊ ခွင့်ရေးကိုင်က၊
> အတိုင်အဖောက်၊ လှယ်ကာကောက်တည့်၊ လက်ထောက်ပျံ့ပျူး၊
> ဧရင့်ကျူးလျက်၊ တထူးတလည်၊ ကောင်းကင်ပြည်တွင်၊ ရွှေစည်
> ရွှေမောင်း၊ ရွှေငြင်းစောင်းနှင့်၊ ညောင်းညောင်း ညုန်းညုန်း၊
> လူမင်းဘုန်းလည်း၊ မနှုန်းလှည့်ထိုက်၊ ခရီး ကြိုက်၍"[၉]

ဟု ရေးဖွဲ့ထားပါသည်။

ထိုအဖွဲ့ကိုကြည့်လျှင် ရံရွေတော်များက ဗီရဏီနတ်သမီးကလေး စိတ်ပျော်ရွှင်ပည့်စုံသွားရန် ချစ်သူအစချီသော သီချင်းကို သံပြိုင်ဆိုနေဟန်သရုပ်ဖော်ထားသည်။ ထိုအဖွဲ့၌ "ချစ်သူချီလျက်၊ သံပြီ သံပြိုင်"ဟု သံလွင်များကို သုံးထားခြင်း၊ ဝဂ်တူဗျည်း 'ပ' ကို နီးနီးကပ်ကပ်သုံးခြင်း၊ ဝဂ်တူဗျည်း 'သံ' ကို နီးနီးကပ်ကပ် သုံးထားခြင်းတို့ကြောင့် အသံသည်ချိုသာပြီး နှစ်သက်ဖွယ် ဖြစ်နေသည်။ "ရွှေစည် ရွှေမောင်း၊ ရွှေငြင်းစောင်းနှင့်" ဟူသောအဖွဲ့တွင်လည်း 'ရွှေ' ဟူသော ဗျည်းတူသံတူ စကားလုံးကို နီးနီးကပ်ကပ်သုံးထားသည့်အတွက်မခုရတာဂုဏ်မြောက်သည်။ထို့ပြင်"ညောင်းညောင်း ညုန်းညုန်း" ဟု 'ည' ဗျည်း တစ်လုံးတည်းကို တစ်ပါဒလုံး၌ ဝိစ္ဆာစကားလုံးတွဲများဖြင့်

---

[၈] – ယင်း – ၊ ၃–၄။
[၉] အဂ္ဂသမာဓိ ၊ ရှင်၊ ၁၉၇၁၊ ၄။

ရေးဖွဲ့ထားခြင်းဖြင့် နတ်သမီးကို ဖျော်ဖြေနေသော တူရိယာသံများကို ကြားယောင်လာစေသည်။ မြည်သံစွဲအလင်္ကာများကြောင့် အသံကိုကြားလာရသည်။ စာဆိုသည် အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရကဲ့သို့ပင် စကားလုံးများကို လှလှပပ ဖွဲ့ဖွဲ့စည်းစည်း ဖြစ်အောင် ဖွဲ့ဆိုနိုင်သည်။ ဗီရဏီ၏အလှကိုပင် စကားလုံးအသုံး အနှုန်း၊ အဖွဲ့အနွဲ့အမျိုးမျိုး ပြောင်း၍ မရိုးမထပ်ရအောင် နာသူတို့မငြီးငွေ့နိုင်အောင် ဖွဲ့ဆိုနိုင်စွမ်း ရှိပါသည်။ ထိုသို့ ဖွဲ့ဆိုဟန်မှာ–

> "ဖြူဆွတ်ဆွဆွ၊ ဝတ်စညွန့်ညွန့်၊ သရက္ခန့်ရန့်၊ သင်းသင်းပျံ့မျှ၊
> နူးညံ့လှပ်လှပ်၊ ရင်အပ်တန်ဆာ၊ လည်မာခြူးပွင့်၊ ထူးကဲ
> ဆင့်သား၊ နုရင့်ရိုးခက်၊ ပြိုးပြိုးပြက်တိ"[၇]

ဟူ၍ ဖြစ်ပါသည်။ ဝတ်စားဆင်ယင်မှုနှင့် လိမ်းကျံခြယ်သမှုတို့ကို ဖွဲ့သောအပိုင်းဖြစ်ပါသည်။ "ဖြူဆွတ်ဆွဆွ၊ ဝတ်စညွန့်ညွန့်" ဟူသော အဖွဲ့ကိုကြည့်လျှင် စာဆို၏ အကြောင်းအရာကို ပေါ်ပေါ်လွင်လွင် ရှိစေမည့် ဝေါဟာရများကို ရွေးချယ်ပြီး လိုက်ဖက်မည့် ဝေါဟာရအချင်းချင်းကို ပေါင်းဖွဲ့၍ သုံးနှုန်းထားကြောင်း တွေ့ရသည်။ ပုံစံအားဖြင့် "ဖြူဆွတ်ဆွဆွ" တွင် ဆွတ်သည်၊ ဖြူ ဟူသောစကားကို ပို၍ ဖြူသည့်သဘောသို့ သက်ရောက်စေသည်။ ထို့အတူပင် 'ဆွဆွ' ဆိုသည့် ဝိစ္ဆာစကားနှစ်လုံးကလည်း ဖြူဆွတ်မှုကို ပို၍လေးနက်လာစေသည်။ အညွန့်စား၊ အကောင်းစားအဝတ်အစားဝတ်ဆင်ထားပုံကို ဖွဲ့ရာ၌ 'ဝတ်စညွန့်ညွန့်' ဟု ဝိစ္ဆာစကားလုံးကိုသုံးလိုက်ခြင်းဖြင့် ပို၍ စကားလုံးလှပသွားပါသည်။ "သင်း သင်း၊ လှပ်လှပ်၊ ပြိုးပြိုး" ဟူသည့် ဝိစ္ဆာစကားလုံးများကလည်း အကြောင်းအရာကို ပို၍ပေါ်ပေါ် လွင်လွင်ရှိစေသည်။ နှစ်သက်ဖွယ်ဖြစ်စေသည်။ "သရက္ခန်ရန့်၊ သင်းသင်းပျံ့မျှ၊ နူးညံ့လှပ် လှပ်" ဟု ရေးဖွဲ့လိုက်သောအခါ သရက္ခန်နံ့သာနံ့၏ သင်းပျံ့မှုများသည် ပို၍အနုစိတ်သရုပ်ပေါ်လာပါသည်။ လည်တွင်ဝတ်ဆင်ထားသော ခြူးပန်းခြူးပွင့်နှင့် ရိုးတံများ၊ ပုံဖော်ထားသည့် လည်ဝတ်တန်ဆာမှ ကျောက်မျက်ရတနာများသည် ပြိုးပြိုးပြက်ပြက်ရှိနေပုံကိုလည်း စေ့စေ့စပ်စပ် ရေးဖွဲ့ထားသည်။

ဗီရဏီနတ်သမီးလိမ်းကျံထားသော နံ့သာတို့၏ရနံ့ကိုပင် စာဆိုက–

---

၇ – ယင်း – ၊ ၅။

"နံ့သာပျောင်းလည်း၊ လျောင်းလျောင်းအလွန့်၊ တွန့်တွန့်ကြည်းကြည်း၊ သပ်သပ်ချည်းမျှ၊ စုလည်းကေသာ၊ မြရှက်ညှာသို့"[ဂ]

ဟူ၍ ဖွဲ့ဆိုထားပါသည်။

ဗိရဏီနတ်သမီး၏ပါးပြင်ပေါ်တွင်လူးထားသော နံ့သာများ၏ ရနံ့မွှေးကြိုင်ပုံကို "လျောင်းလျောင်းအလွန့်" ဟူသည့် ဝိစ္ဆာစကားလုံးပါဝင်သော အရေးအဖွဲ့နှင့် တင်ပြထားသည်။ ရနံ့များသည် လျောင်နေသည်ကိုလွန်၍ ပိုမို သင်းပျံ့နေသည်။ အလွန့်အလွန် သင်းပျံ့နေသည်ဟု ဆိုလိုသည်။ "တွန့်တွန့်ကြည်းကြည်း၊ သပ်သပ်ချည်းမျှ၊ စုလည်းကေသာ၊ မြရှက်ညှာသို့" ဟူသောအဖွဲ့က စုလည်းဆံထုံး ထုံးထားသောဆံပင်၏ ကြည်လင်ရှင်းသန့်မှု၊ သပ်ရပ်မှုများကို သရုပ်ပေါ်စေသည်။ "ရည်ရှင်ရွှင်းရွှင်း၊ ဝင်းဝင်းထိတ်ထိတ်" ဟူသော အဖွဲ့တွင်လည်း နှစ်ကြိမ်ထပ်ဝိစ္ဆာစကားလုံးများက စုလည်းဆံထုံးထားသော ဆံပင်ပေါ်တွင် ဆင်ယင်ထားသည့် နဝရတ်ကိုးပါးတို့၏ တောက်ပဝင်းလဲ့ပုံကို ပေါ်လွင်လာစေသည်။

စာဆို ရှင်အဂ္ဂသမာဓိသည် ပါးပေါ်၌ လိမ်းခြယ်ထားသော နံ့သာများ၏ရနံ့မှသည် ဗိရဏီ၏ဦးခေါင်း၌ ဆင်ယင်ထားသော စုလည်းဆံထုံးဆီသို့ ရောက်အောင် အဆက်အစပ်မိမိ ရေးဖွဲ့ထားသည်။ ဆံပင်၏ကြည်လင်မှု၊ ထုံးဖွဲ့ထားသောဆံထုံး၏ သေသပ်မှု၊ ဆံထုံးထက်၌ တန်ဆာဆင်ထားသည့် နဝရတ်ကိုးပါးတို့၏ တောက်ပမှုကို အချိတ်အဆက်လည်းမိ၊ အနုစိတ်ကျအောင် သရုပ်ဖော်ဖွဲ့ဆိုထားပါသည်။ ဗိရဏီနတ်သမီး၏အလှကြောင့် နေမိမင်းကြီးခံစားရပုံကို–

"သူ့စိတ်ငါ့စိတ်၊ ယိုဘိတ်လှည့်စွာ၊ မှာမှာပျံ့ပျူး၊ မိန်းမူးခေါက်ချိုး၊ နတ်မယ်မျိုးကြောင့်၊ တန်းခိုးပြင်းသား၊ ငါမင်းကိုယ်ရည်၊ မရပ်တည်မျှ"[၁၄]

ဟု ဖွဲ့နွဲ့ထားပြန်သည်။ နေမိမင်းကြီး၏စိတ်သည် ဗိရဏီ၏စိတ်နှင့်ဆက်သွယ်၍ သူ့အကြောင်းတွေး လိုက်၊ မိမိအကြောင်းတွေးလိုက်နှင့် မေတ္တာစိတ်တို့ ယိုဖိတ်နေသည်။ စိတ်ခံစားမှုတို့မှာ ဗိရဏီထံ၌သာ လွင့်ပျံ့လျက် စိတ်များခေါက်ချိုးခွေလောက်

---

[ဂ] အဂ္ဂသမာဓိ၊ ရှင်၊ ၁၉၇၁၊ ၅။

[၁၄] – ယင်း – ။

အောင်ပင် မိန်းမူးနေသည်။ မမြင်သာသောစိတ်အခြေအနေကို 'မိန်းမူးခေါက်ချိုး' ဟူ၍ မြင်သာအောင်ဖွဲ့ထားသည်။ နတ်သမီးအပေါ်၌ တိမ်းညွတ်စိတ်ဖြင့် နေမိမင်းကြီး၏ စိတ်အတွင်း၌ သိလိုစိတ်များ ဖြစ်ပေါ်လာသည်။ စိတ်တွင်းမှအမေးစကားများ ဆိုမိသည်။ နေမိမင်း၏စိတ်အခြေအနေကို–

> "ရွှယ်ငါးပြင်ဝယ်၊ တအင်မယုတ်၊ ရွှေလျော် ခုတ်သို့၊ အဟုတ်
> လှကြွယ်၊ မိစံပယ်ကား၊ အဘယ်နတ်သမီး တို့နည်း။"[၇]

ဟူ၍ ဖွဲ့ပြထားပါသည်။ ရွှေရုပ်နှင့်တူပါပေသည်။ အမှန်ပင်လှပါပေသည်။ တင့်တယ်စွာ စံပယ်နေသူလေးဖြစ်ပါသည် ဆိုသော ခံစားမှုအတွေးများကို ပါအောင်ဖွဲ့ထားသည်။ 'စံပယ်သည်' ဟူသည့် ကြိယာစကားလုံးကို ရှေ့မှ 'မိ' နှင့်တွဲ၍ 'မိစံပယ်' ဟု သုံးနှုန်းလိုက်ပုံမှာ မချင့်မရဲခေါ်လိုက်သည့်သဘော၊ ရင်းနှီးချစ်ခင်လိုသည့်သဘောများ ပါဝင်နေသည်။

ရှင်အဂ္ဂသမာဓိသည် သူ၏ပျို့ကို ဇာတ်ကွက်ဆင် တင်ပြထားသည်။ ဇာတ်ကွက်တွင် နောက်ခံ မြင်ကွင်းတစ်လှည့်၊ ဗီရဏီနတ်သမီး၏အလှ တစ်လှည့်၊ နေမိမင်း၏ ခံစားမှုအတွေးတစ်လှည့် ဟူ၍ အပြောင်းအလဲများပြုကာ အာရုံအမျိုးမျိုး ဖြစ်ပေါ်လာအောင် ရေးသားထားသည်။ နေမိမင်းကြီး၏ အတွေးကိုဖွဲ့ပြီးနောက် နတ်ဘုံနတ်နန်း၏ခမ်းနားမှုကို–

> "အဆန်းအဆန်း၊ ရွှေကျီးရန်းနှင့်၊ မကန်းခံတွင်း၊ ခြသေ့်နင်း
> လျက်၊ ပြောက်ကွင်းရေးချဲ့၊ နွဲ့ရစ္ဆဲတုံ၊ ကယ်ကဲ့ရောင်ထွေ၊
> ခြူးညွှန့်ခွေလျက်၊ ရဝေစိုက်ထား"[၈]

ဟု ရေးဖွဲ့ထားပြန်သည်။

နန်းတော်၏အဆင်တန်ဆာများတွင် မကန်း၏ခံတွင်းကိုခြသေ့်နင်းနေသည့် ပုံသဏ္ဌာန်များ ဖြင့်လည်း တန်ဆာဆင်ထားသည်ဟုဖွဲ့ပြသည်။ နန်းတော်တိုင်များတွင် ခြူးပန်းခြူးညွှန့်များရစ်ခွေ၍ တန်ဆာဆင်ထားပုံလည်း ပါဝင်သည်။ မျက်နှာကြက်များ၌ သန္တာ၊ ပုလဲ၊ မြ စသည့် ကျောက်မျက် ရတနာများကို

---

[၇] – ယင်း – ။
[၈] အဂ္ဂသမာဓိ၊ ရှင်၊ ၁၉၇၁၊ ၆။

ချိတ်ဆွဲထားသည်။ ထိုမှတစ်ဆင့် ဗီရဏီနတ်သမီး၏အလှကို ဖွဲ့ပြန်သည်။ နတ်သမီး၏ ဆင်ယင်ထုံးဖွဲ့မှုကိုဖွဲ့ရာ၌ စာဆိုတွေ့ကြုံခဲ့ဖူးသော အင်းဝနန်းတွင်းသူတို့၏ ဆင်ယင်ထုံးဖွဲ့မှုများ ဖြင့်ဖွဲ့ဆိုထားသည်။ နတ်သမီး၏ ချစ်စရာကောင်းသည့် အလှနှင့်အရွယ်တို့ကို–

> "ချစ်လည်းချစ်တုန်း၊ သွေးစုန်းမျက်မည်း၊ ခြည်းရရည်းလျှင်၊
> စုလည်းငုံသစ်၊ ကုံးသွယ်နစ်လျက်၊ သရစ်ရွှေညွန့်၊ တွန့်ရရွန့်
> တည့်၊ စီတန့်မျက်ကောင်း၊ ရွှေနားတောင်းလည်း၊ ရောင်မောင်း
> ပြက်ပြက်၊ ဘယက်သရဘူ၊ ရွှေချူသင်တိုင်း၊ ဘယ်နှင့်ခိုင်း၍၊
> နှိုင်းရှာပလိမ့်၊ ငြိမ့်ရရိမ့်မျှ"[၈]

ဟု ဖွဲ့ဆိုခဲ့ပါသည်။ နတ်သမီး၏ အဆင်တန်ဆာအလှကို ဖွဲ့ဆိုပြီးနောက် စိတ်အာရုံတို့သည် ဗီရဏီထံ၌သာ စုပြုံရောက်နေသည့်အလျောက် သိလိုစိတ်ဖြစ်ပေါ်နေသည်။နတ်မိမယ်သည် အဘယ်ကောင်းမှုပြုခဲ့၍ ဤကဲ့သို့ နတ်စည်းစိမ်ခံစားရသနည်းဟု စိတ်တွင်းကမေးခွန်းထုတ်နေကြောင်း ရေးဖွဲ့ထားသည်။ ထိုမှတစ်ဆင့် ခံစားမှုများမြင့်တက်လာပြီးလျှင် ဗီရဏီနတ်သမီးနှင့် ရင်ချင်းအပ်၍ မိမိ၏ ညာလက်ရုံးကို ခေါင်းအုံး ပြီးအိပ်စေလိုသော ချစ်စိတ်များဖြစ်ပေါ်လာပုံကို–

> "ရှေ့ဆီကြေးမုံ၊ နောင်နှင့်ကြုံ၍၊ ပိုက်ခြုံကျွမ်းသူ၊ လွမ်းရမူကား၊
> ပစ္စူလွှမ်း ထပ်၊ ရင်ချင်းအပ်၍၊ မြဲကွပ်မေတ္တာ၊ ထပ်ကာကာလျှင်၊
> လက်ယာလက်ရုံး၊ အုံးပစေလျက်၊ နှစ်သက်ဖြားယောင်း၊ ပျော်
> ကြောင်းကြောင်းလျှင်၊ စုံပေါင်းအင်ခြိုက်၊ ရွှင်သောကြိုက်ဝယ်၊
> ခေါ်စိုက်မောင်နည်း၊ ရင်ထက်လည်းလျက်၊ သာဖြည်းညင်းညင်း၊
> လွမ်းတင်းဆိုယောင်၊ လူမင်းခေါင်နှင့်၊ အိုအောင်သဖြင့်၊
> ချစ်တော်တင့်က၊"[၉]

ဟု ဖွဲ့ဆိုထားပါသည်။

---

* – ယင်း – ။
[၉] – ယင်း – ၊ ၇။

စာဆိုရှင်အဂ္ဂသမာဓိသည် ဒါန၏အကျိုးကိုရည်သန်၍ ရေးဖွဲ့သည့်ပျို့၌ပင် ပျို့၏ဇာတ်လမ်း ကိုအသက်ဝင်လာအောင် ယောကျ်ား၊ မိန်းမတို့၏ သဘာဝအဖွဲ့များ ဖြင့် တန်ဆာဆင်ထားပါသည်။ ဗီရဏီနတ်သမီးကိုမြင်၍ စိတ်တိမ်းညွတ်ပုံ၊ အံ့ဩပုံ၊ အတူပွေ့ဖက်၍ ချစ်စကားဆိုချင်ပုံ၊ အိုအောင်မင်းအောင် ပေါင်းသင်းလို စိတ်ဖြစ်ပေါ်ပုံ တို့သည် လူ့သဘာဝ အဖွဲ့များဖြစ်သည့်အတွက် သဘာဝကျနေသည်။ လူ့ သဘာဝ အဖွဲ့ကို စိတ်ကူးဖြင့် ဖြည့်စွက်၍ထည့်ပေးခြင်းဖြင့် စာဆို၏ ဘုရားဟောဇာတ်တော် လာ ဇာတ်ဆောင်များသည် အသက်ဝင်နေသည်။ ဇာတ်လမ်းသည်လည်း အသက်ဝင် လာသည်။

နေမိမင်း၏ တိမ်းညွတ်နေသောစိတ်ကိုပင်–

> "လျလျပါးပါး၊ စုလျားရစ်ဘွဲ့၊ တန္တဲ့န္တဲ့လျှင်၊ ချဲ့ချဲ့ကြင်လျက်၊
> လည်ချင်းရှက်၍"[၈]

ဟူ၍ ဖွဲ့နွဲ့ခဲ့ပြန်သည်။ ထိုအဖွဲ့က နွဲ့လျပါးလျားသော ကိုယ်ဟန်ရှိသည့် ဗီရဏီ နတ်သမီးလေးနှင့် စုလျားရစ်ပတ်လက်ထပ်ကာ ချစ်စကားအဖွဲ့အနွဲ့တို့ကို ပြောဆိုကြ မည်။ ချစ်ခင်ကြင်နာမှုတို့ကို ချဲ့ထွင် ပြောဆိုကြမည်။ လည်ချင်းပွေ့ဖက်လျက် ပျော်ရွှင်ကြည်နူးကြမည်ဟူ၍ ထပ်ကာထပ်ကာ ဖော်ပြထားသည်။ အကြောင်းအရာ ထပ်သော်လည်း စကားအသုံးအနှုန်းမထပ်ရအောင် ပြောင်းလဲ ဖွဲ့ဆိုထားပါသည်။ ထိုကဲ့သို့ ဆန္ဒများရှိသော်လည်း ကုသိုလ်ကြမ္မာ မမီသည့်အကြောင်းကို–

> "ရွှေငုံပေါ်စ၊ ဆင်းမြမြကို၊ ဘဝစပ်လျဉ်၊ ဘုန်းမယှဉ်၍၊ ဝိညာဉ်
> ပျောပျော၊ တမောမောလျှင်၊ မင်းစောတိမ်းလု၊ မိုန်းကာရှုသည်၊
> အသူ့ ချစ်မငြီးတို့နည်း။"[၉]

ဟု ဖွဲ့ဆိုထားပါသည်။

စာရေးသူသည် မိန်းမလှလေးတစ်ဦးကို တွေ့မြင်ရသည့် ယောကျာ်းလေး တစ်ဦး၏ခံစားမှုကို တင်ပြထားပါသည်။ မဖြစ်နိုင်သည်ကိုသိ၍ နေမိမင်း၏ စိတ် ဝိညာဉ်သည် အားပျော့နေရသည်။ ထိုသို့ အားပျော့နေရသည်ကိုပင် စာရေးသူက 'ဝိညာဉ်ပျော့ပျော့' ဟု မဖွဲ့ဘဲ နောက်ကာရန် 'မော' နှင့် လိုက်ဖက်အောင် 'ဝိညာဉ်

---

[၈] – ယင်း – ။
[၉] အဂ္ဂသမာဓိ၊ ရှင်၊ ၁၉၇၁၊ ၇–၈။

ပျောပျော' ဟု စကားလုံးတီထွင် ဖွဲ့ဆိုထားသည်။ နေမိမင်းကြီး၌ သိလိုစိတ်တစ်ဆင့် တက်လာပုံကို "အသူ့ ချစ်မငြီးတို့နည်း"ဟူသောအမေးဖြင့် ဖော်ပြခဲ့ပါသည်။

နေမိမင်းကြီးသည် ဗီရဏီနတ်သမီးအကြောင်းကို မာတလိနတ်သားအား မေးမြန်းရာတွင် ရှင်းပြပုံဖြင့် အဓိကရည်ရွယ်ချက်ဖြစ်သော ကုသိုလ်ဒါန၏ အကျိုးတရားကို ဖော်ပြခဲ့သည်။ ဗီရဏီနတ်သမီး၏ အတိတ်ဘဝသည် မိဘမဲ့ဖြစ်ပြီး သူတပါးအိမ်တွင် နေ့ရောညပါလုပ်ကိုင်ရသည့် အနေအထားကို စာဆိုက "နွဲ့နွဲ့ပြာညက်၊ ရွယ်ရောင်ပျက်မျှ" ဟု တီထွင်သုံးနှုန်းထားသည်။ နတ်သမီး အလောင်းအလျာလေးသည် အရွယ်နှင့်မလိုက်အောင် ပင်ပန်းရပုံကို 'ရွယ်ရောင်ပျက်မျှ' ဟု ဆိုထားသည်မှာ ဆန်းသစ်ပါသည်။ ထိုသို့ဖြစ်သော်လည်း မငြိုမငြင်ဘဲနှင့် ဆောင်ရွက်ပုံကိုလည်း–

> "အရှင်မောင်းလည်း၊ ကောင်းကောင်းနာခံ၊ လုပ်ကြံတုံလျက်၊
> အမျက်ရှာနိုး၊ အရှင်ငြိုးလည်း၊ ရှိခိုးပုဆစ်၊ ပစ်ညစ်မကြိုက်၊
> အရှင်ရိုက်လည်း၊ ဋိုက်လိုက် ကျင့်သီး၊ သူကြီးချစ်ဘွယ်၊
> အရှင်ကွယ်လည်း၊ ပျက်ပြယ်မဖောက်၊ အရှင့် မောက်လည်း၊
> ရွံ့ကြောက်ခယ၊ အရှင်ထလည်း၊ ရွရွနောက်ပါ၊ အရှင်လာလည်း၊
> မျက်နှာရလို၊ ဖော်ချင်းကိုလည်း၊ နှုတ်ချိုမခါး၊ နို့နှင့်ပျားသို့၊
> သနား ဆက်ဆံ၊ ရောရှက်ပြွမ်း၏"[၈]

ဟူ၍ အတိတ်ဘဝက ဆင်းရဲသော်လည်း စိတ်ထားမြင့်မြတ်ပုံ၊ စိတ်ရှည်သည်းခံပြီး လုံ့လဝီရိယရှိပုံ၊ အများသူငါအပေါ်၌လည်း နှုတ်ချိုစွာဆက်ဆံပုံတို့ကို ပြည့်ပြည့်စုံစုံ ရေးဖွဲ့ တင်ပြထားသည်။ စရိုက် သရုပ်ဖော်အဖွဲ့ကောင်းဖြစ်ပြီး ထိုအဖွဲ့တွင်–

> " အရှင်မောင်း၊ အရှင်ငြိုး၊ အရှင်ရိုက်၊ အရှင်ကွယ်၊"[၉]

စသည်ဖြင့် "အရှင်" ဟူသောစကားလုံးကို ပုံသေပြု၍ နောက်မှကြိယာစကားလုံးများကို ပြောင်းကာ အပြိုင်အဖွဲ့သဘောမျိုး ဖွဲ့ဆိုထားသည်မှာနှစ်သက်ဖွယ်ကောင်းသည်။ နတ်သမီးလေး၏ စရိုက်ကိုလည်း ကရုဏာသက်ဖွယ်၊ နှစ်သက်ဖွယ် ဖြစ်လာစေပါသည်။ ရှင်အဂ္ဂသမာဓိသည် ထိုအဖွဲ့ဖြင့် လူ့ဘဝတွင် ဆင်းရဲချမ်းသာခြင်းသည်

---

[၈] – ယင်း – ၊ ၁၁။

[၉] – ယင်း – ။

အဓိကမဟုတ်၊ စိတ်သဘောထား မွန်မြတ်ပါက ကောင်းကျိုးချမ်းသာ ရနိုင်ကြောင်းကို အင်း၀ခေတ်ပြည်သူတို့အား လမ်းညွှန်ပြသခြင်းဖြစ်ပါသည်။

ဆင်းရဲသောဘ၀မှ နတ်သမီးဘ၀သို့ရောက်လာပုံကို စာဆိုက–

"မြေကိုခွဲခြမ်း၊ ရွှေခွက်လှမ်းသို့"[၇]

ဟု ထင်ရှားပေါ်လွင်သော ဥပမာအလင်္ကာဖြင့် တင်ပြထားပါသည်။ စာဆိုသည် အလှဘွဲ့၊ ရှုခင်း အဖွဲ့များ၊ လူ့သဘာ၀အဖွဲ့များ ဖွဲ့ဆိုရာတွင်အနုစိတ်ပြီးလျှင် စကားလုံးများကို ဆန်းသစ်အောင် တီထွင်သုံးစွဲသည်ကိုတွေ့ရသည်။ စကားလုံး နှစ်လုံး၏ အလယ်တွင် 'ရ' ကို ကြားဆက်အဖြစ် ထည့်သွင်း၍ သုံးနှုန်းထားသည်။

"ရင့်ရရှ၊ ညီးရရီး၊ ညိမ့်ရရိမ့်၊ လဲ့ရရဲ့၊ ပွရရွ" စသည့်အသုံးများတွင် ကြားဆက် 'ရ' ကို သုံးထား သောကြောင့် 'ညိမ့်မှု၊ လဲ့မှု၊ ပွပွရွရွ' ရှိမှုသဘောတို့သည် အတန်ငယ် မပီပြင်သကဲ့သို့ ဖြစ်သွားသည်။ အနည်းငယ်အားလျော့သွားသည်။ 'ညိမ့်' သည်၊ 'လဲ့' သည်ဟု ပြောခြင်းထက် မပီမပြင်ပြောလိုက်သောအခါ စကားအသုံးသည် ပို၍လှပ သွားသည်ဟု ထင်ရပါသည်။ 'ပြာစင်လတ်လတ်၊ မိမိုးနတ်'၊ 'လျှံမြူးဆင်း၀ါ၊ မိညက် ပြာ"၊ "အဟုတ်လှကြွယ်၊ မိစံပယ်" စသည့်အသုံးတို့တွင် 'မိ' ဆိုသည့် စကားလုံးကို ရှေ့တွင် ထည့်၍သုံးခြင်းဖြင့် ရင်းနှီးချစ်ခင်သည့်သဘော မချင့်မရဲဖြစ်သည့် သဘော များ ပါ၀င်လာပါသည်။ နှစ်သက်ဖွယ်အသုံးကောင်းများအဖြစ် ပေါ်လွင်နေပါသည်။

နေမိဘုံခန်းပျို့ရေးဖွဲ့ရခြင်းနှင့် ပတ်သက်၍ ဒေါက်တာခင်မမက–

> "ရှင်အဂ္ဂသမာဓိသည် ဘုံခန်းပျို့ကို ဤသို့ဖွဲ့ဆိုခြင်းမှာ အင်း၀ ပြည်သူတို့အား နိက္ခမပါရမီကို မဖြည့်ဆည်းနိုင်မီ ဒါနနှင့်သီလ ပါရမီသည်လည်း မျက်မှောက်တွင်သာမက သံသရာတိုင် အကျိုး ပေးပုံကို သိစေလိုခြင်းဖြစ်မည်ဟု ယူဆနိုင်ပါသည်။ ထို့ကြောင့် လူ့လောက၌ ဆင်းရဲဒုက္ခနှင့် ပြည့်မွမ်းနေစေကာမူ "သကာ တစ်ခဲ၊ တင်လဲတစ်မှုတ်၊ လက်သုတ်တစ်ထည်၊ ဆီရည်တစ်စက်၊ ထွန်းလက် ဆီမီး၊ သစ်သီးတစ်လုံး၊ ပန်းကုံးတစ်သွယ်" (၈)လှူ

[၇] အဂ္ဂသမာဓိ၊ ရှင်၊ ၁၉၇၁၊ ၁၂။

> ဒါန်း၍ "နှုတ်လျှင်မွန်ကောင်း၊ ကျင့်ရည်ကောင်းလျှင်၊ လမ်းကြောင်းနတ်ပြည်ခရီး" (၈)ဖြစ်ကြောင်းကို ဇီရဏီ နတ်သမီး အလောင်းအလျာ အိမ်ကျွန်မလေး၏ ဘဝဖြစ်စဉ်ဖြင့် ဆုံးမ လမ်းညွှန်ခဲ့ပါသည်"[၇၂]

ဟု ဖော်ပြခဲ့ပါသည်။

နေမိမင်းကြီးသည် ဇီရဏီ၏ဘုံမှ ဆက်လက်၍ထွက်ခွာရာတွင် စိတ်တွင်း၌ ခံစားမှုဖြစ်ပေါ်ပုံ ကို–

> "ချစ်ရိပ်ပွင့်ကို၊ လုလင့်ဘာသာ၊ ပျူငှါဆန်းဆို၊ လွမ်းလိုလိုနှင့်၊ သံချိုမြမြ၊ နှမပြာဝင်း၊ နေရစ်မင်းဟု၊ ညင်းညင်းသံနွဲ့၊ နှုတ်ဆက်ခဲ့မှ"[၇၃]

ဟု ဖွဲ့ဆိုတင်ပြထားပါသည်။ မူရင်းဇာတ်တော်၌ မပါရှိသော်လည်း ရှင်အဂ္ဂသမာဓိသည် အလုဉ္စွဲလမ်းနေသော မင်းကြီး၏နှုတ်ဆက်ခွဲခွာခန်းကို လွမ်းစရာဖြစ်အောင် ထည့်သွင်း ဖွဲ့ဆိုထားခြင်း ဖြစ်ပါသည်။ ထိုလွမ်းမောဖွယ်ရာအဖွဲ့ကို ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်က သူ၏ "သူငယ်ချင်းလိုပဲ ဆက်၍ခေါ်မည်ခိုင်" ဝတ္ထုရှည်၏ ဇာတ်သိမ်းပိုင်းတွင် သုံးထားသည်ကို တွေ့ရပါသည်။

ဘုရားဟောဇတ်လမ်းကိုပင် လူတို့၏ စိတ်အာရုံ၌ ထင်ယောင် မြင်ယောင်၊ ကြားယောင်လာပြီးလျှင် ရသခံစားမှု ဖြစ်ပေါ်လာအောင် စိတ်ကူးအပြောက်အမွမ်း၊ အရေးအဖွဲ့ အပြောက်အမွမ်း တို့ဖြင့် ခြယ်မှုန်း ရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။

---

[၇၂] ခင်မမ၊ ဒေါက်တာ၊ ၂၀၁၀ ၊ ၆၃။

[၇၃] – ယင်း – ၊ ၁၉။

## ခြုံငုံသုံးသပ်ချက်

ဘုံခန်းပျို့တွင် စာဆိုရှင်အဂ္ဂသမာဓိသည် ဘုရားဟောမူရင်းဇာတ်ကို ရည်ရွယ်ချက်လည်း မပျက်ဘဲ ဖတ်ချင်စဖွယ်ဝတ္ထုဇာတ်လမ်းတစ်ပုဒ် ဖြစ်လာအောင် စိတ်ကူးနှင့် ဖြည့်စွက်၍ ဇာတ်ကွက်ဆင် တင်ပြထားပါသည်။ ဇာတ်လမ်းပါဝင်သည့်အတွက် နောက်ခံအဖွဲ့ များကိုလည်း ထည့်သွင်းရေးဖွဲ့ထားပါသည်။ ရာသီသဘာဝအဖွဲ့၊ နတ်ဘုံနတ်နန်းအဖွဲ့များကြောင့် ဘုံခန်းပျို့သည် ပို၍ ခမ်းနားလာသည်။ ကုသိုလ်ကောင်းမှု၏ အကျိုးတရားကို သိစေလိုသည့်ရည်ရွယ်ချက်သည်လည်း အားတက်ဖွယ်ဖြစ်လာရပါသည်။ ဗီရဏီနတ်သမီး၏ နတ်ဘုံနတ်နန်းနှင့်တကွ ပင်ကိုယ်အလှ၊ အဆင်တန်ဆာအလှ၊ ရံရွေတော်များ၏အလှ၊ တူရိယာဂီတသံများနှင့် ချစ်သူအကြောင်း ဖွဲ့သော သီချင်းကိုသီဆိုနေသော အသံများ ပေါင်းစပ်ဖွဲ့ဆိုလိုက်သောအခါ ဇာတ်လမ်းသည် အသက်ဝင်လာပါသည်။ စိတ်ကူးနှင့်ဖြည့်စွက်သော အပိုဒ်များ၌လည်း စာဆိုသည် လူ့လောက လူ့သဘာဝနှင့် ဇာတ်ဆောင်တို့၏ စရိုက်ကို ပုံဖော်ပေးခြင်းဖြစ်သည့်အတွက် သဘာဝကျပါသည်။ လှပသော မိန်းကလေးတစ်ဦးကို မြင်လျှင် ယောကျာ်းတို့၏ စိတ်၌ တိမ်းညွတ်စိတ်နှင့် သိလိုစိတ်များ၊ ဘဝချင်းဆုံတွေ့လိုစိတ်များ ဖြစ်ပေါ်လာပုံကို တင်ပြထားသည့်စိတ်ကူးမှာ ကောင်းမွန်သည်။

အရေးအဖွဲ့ပိုင်းကိုကြည့်လျှင် ရှင်အဂ္ဂသမာဓိသည် စကားအသုံးအနှုန်း အနုအလှများကို အားပြုရေးဖွဲ့ထားသည်။ နုလျနွဲ့ပျောင်းသော စကားလုံးများကို ပေါင်းစည်းဆက်စပ်၍ သုံးနှုန်းလေ့ရှိသည်။ နေရာအများစု၌ ဝိဇ္ဇာစကားလုံးခေါ် နှစ်ကြိမ်ထပ်စကားလုံးများကို သုံးနှုန်းထားသည်။ ထိုအသုံးများကြောင့် စာဆို၏ဆိုလိုချက်သည် ထင်ရှားလာသည့်အပြင် အနက်အဓိပ္ပာယ်နှင့် အသံအသွားအလာတို့မှာ ပို၍ နူးနူးညံ့ညံ့ ဖြစ်သွားစေပါသည်။ ဘုံခန်းပျို့၌ ဗီရဏီနတ်သမီး၏ ပတ်ဝန်းကျင်နှင့် ဗီရဏီနတ်သမီး၏ အလှတို့တွင် ဝိဇ္ဇာစကားလုံးများ အများဆုံးသုံးထားပါသည်။ စကားလုံးအလှအပများကို နှစ်ကြိမ် ထပ်ကာသုံး၍ ဖွဲ့နွဲ့ခြင်းသည် အင်းဝခေတ်ရေးဖွဲ့ဟန်တစ်မျိုးဟု ဆိုနိုင်ပါသည်။ ထို့ပြင် အင်းဝခေတ် စာဆိုရှင်မဟာရဋ္ဌသာရ၏ အရေးအဖွဲ့များသည် အင်းဝခေတ် စာဆိုများအပေါ်တွင် လွှမ်းမိုးနိုင်ခဲ့သည်ဟုလည်း ဆိုနိုင်ပါသည်။

ကုန်းဘောင်ခေတ်စာဆို တွင်းသင်းတိုက်ဝန် မဟာစည်သူဦးထွန်းညို ရေးဖွဲ့သော ဘလ္လာတိယပျို့တွင် ကိန္နရီမလေး၏အလှကို ဝိဇ္ဇာစကားလုံးများသုံး၍ ရေးဖွဲ့

ထားသည်ကိုတွေ့ရပါသည်။ ထို့ကြောင့် ရှင်အဂ္ဂသမာဓိ၏ အဖွဲ့အနွဲ့တို့သည်လည်း ကုန်းဘောင်ခေတ်ပျို့များတွင် လွှမ်းမိုးနေကြောင်း တွေ့မြင်နိုင်ပါသည်။ ဝိစ္ဆာအသုံးများသည် အကြောင်းအရာကို ပိုမိုနူးညံ့သိမ်မွေ့သွားစေသည်။ ထင်ရှားလေးနက်စေသည်။ နှစ်ကြိမ်ထပ်စကားလုံးများကြောင့် ကဗျာစာသားသည် ချိုချို ပြေပြေကြွကြွ ရွရွ ဖြစ်နေသည်။ ထို့ကြောင့် စာဆို၏စိတ်ကူးသည် ပေါ်ပေါ်လွင်လွင် ရှိလာပါသည်။

စာဆိုသည် ဇာတ်ဆောင်တို့၏စရိုက်ကိုလည်း ကျစ်ကျစ်လျစ်လျစ်နှင့် သရုပ်ပေါ်အောင် ဖွဲ့နိုင်သည်။ ဗီရဏီနတ်သမီး၏ အတိတ်ဘဝကိုဖွဲ့ပုံများသည် ထိထိမိမိနှင့် သရုပ်ပေါ်လွင်သည်။ ထိုစရိုက် ဖော်အဖွဲ့ကောင်းကြောင့် ရည်ရွယ်ချက်သည် ထင်ရှားလာပါသည်။ အလှသရုပ်ဖော်အဖွဲ့၊ နောက်ခံ ရှုခင်းသရုပ်ဖော်အဖွဲ့၊ လူ့စိတ်လူ့သဘာဝအဖွဲ့များ အနုစိတ်ပြီးလျှင် ပေါ်လွင်သည်။ စကားလုံးများကိုလည်း တစ်မျိုးတစ်ဖုံဆန်းသစ်အောင် တီထွင်သုံးစွဲထားသည်။ သမာသ်ပုဒ်အသုံးများတွင်လည်း ကျစ်ကျစ်လျစ်လျစ် ထိထိမိမိရှိပါသည်။

အင်းဝခေတ်စာဆိုရှင်အဂ္ဂသမာဓိသည် ဘုံခန်းပျို့ကိုရေးဖွဲ့ရာ၌ စာဆို၏ဘဝအတွေ့အကြုံမှရသော စေတနာရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရာတွင် တရားအလှကို စိတ်ကူးအလှနှင့် တန်ဆာဆင်ထားသကဲ့သို့ စကားလုံးအလှများကလည်း အထောက်အကူပြုနေကြောင်း တွေ့ရပါသည်။ ထို့ကြောင့်ပင် ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်က "ဘုံခန်းပျို့သည် အနောက်တိုင်းတွင်ထွန်းကားခဲ့သော ဂန္ထဝင်စာပေများ၏အဆင့်ကိုမီသည်။" ဟု တန်ဖိုးဖြတ်ခဲ့ခြင်း ဖြစ်ပါသည်။

## နိဂုံး

စာဆိုတို့တွင် ခေတ်အတွေ့အကြုံရှိကြပါသည်။ ခေတ်အတွေ့အကြုံကို ခံစားရာမှ စေတနာနိုးကြားလာသည်။ ခေတ်ကိုရင်ဆိုင်ရင်း ရရှိလာသော အသိတရားများကို ဖြန့်ဝေလိုသော စေတနာများ ဖြစ်ပေါ်လာကြပါသည်။ ရှင်အဂ္ဂသမာဓိသည် ထိုကဲ့သို့သောအတွေ့အကြုံ၊ စေတနာများဖြင့် နေမိဘုံခန်းပျို့ကို ရေးဖွဲ့ခဲ့ခြင်းဖြစ်ပါသည်။ ကိုယ်တွေ့ခံစားမှုမှ ပေါက်ဖွားလာသော စေတနာပဲ့ကိုင်ထားသောကြောင့် ဘုံခန်းပျို့သည် စိတ်ကူးအနုပညာအရာ၌ ကောင်းမွန်သကဲ့သို့ စိတ်ကူးကိုအကောင်အထည်ဖော်သည့် အရေးအဖွဲ့များသည်လည်း ခေတ်အဆက်ဆက် မရိုးနိုင်အောင်

ထူးချွန်ပြောင်မြောက်နေသည်ဟု ထင်မြင်မိပါသည်။ ထို့အတူပင် အင်းဝခေတ်စာဆိုများ၏ ခေတ်ကိုတွေ့ကြုံခံစားပြီး ခေတ်လူတို့အား အကျိုးပြုလိုသော စေတနာဖြင့် ရေးဖွဲ့ခဲ့သော ပျို့စာပေများကိုလည်း ဆက်လက်၍ လေ့လာသင့်သည်ဟု ထင်မြင်မိပါသည်။

## ကျမ်းကိုးစာရင်း


ခင်မမ၊ **ဒေါက်တာ။** (၂၀၁၀)။ ***မင်းပွဲဝင်ပျို့ကဗျာ။*** ရန်ကုန်၊ ရွှေကံ့ကော်စာပေ။

တင်မောင်ဋ္ဌေး၊ **ဦး။** (၂၀၀၇)။ ***အင်းဝခေတ်ကဗျာများ။*** ရန်ကုန်၊ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန။

တင်မောင်ဋ္ဌေး၊ **ဦး။** နှင့် မြမြသန်း၊ **ဒေါ်**။ (၁၉၈၃)။ ***မြန်မာကဗျာစာတမ်းများ။*** ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

ဖေမောင်တင်၊ **ဦး။** (၁၉၈၇)။ ***မြန်မာစာပေသမိုင်း*** *(ဒု-ကြိမ်)*။ ရန်ကုန်၊ စံပယ်ဦးပုံနှိပ်တိုက်။

မလိခ။ (၂၀၁၅)။ ***ပျို့အညွှန်း***။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

သီလဝံသ၊ **ရှင်မဟာ**။ (၁၉၆၉)။ ***ဆုတောင်းခန်းပျို့***။ ရန်ကုန်၊ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်။

အဂ္ဂသမာဓိ၊ **ရှင်**။ (၁၉၇၁)။ ***နေမိဘုံခန်းပျို့*** *(ဒု-ကြိမ်)*။ ရန်ကုန်၊ မြန်မာနိုင်ငံဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ် တိုက်။

*J. Myanmar. Acad. Arts Sci. 2018* **Vol. XVI. No. 6A**

# မြန်မာကဗျာများမှ ခေတ်ကာလစံသွေမှု

ခင်ဝင့်နွယ် *

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာကဗျာများ၌ တွေ့ရှိရသော ခေတ်ကာလ သွေဖည်မှုများကို လေ့လာ တင်ပြထားသော စာတမ်းဖြစ်ပါသည်။ မြန်မာ စာပေ၌ စကားပြေနှင့်ကဗျာဟူ၍ ကဏ္ဍနှစ်ရပ်ရှိပေရာ ကဗျာသည် စကားပြေ ထက် လွတ်လပ်စွာ ရေးဖွဲ့နိုင်ခွင့်ရှိသော်လည်း ဖွဲ့ထုံးစပ်နည်းအရ ကဗျာသည် စကားပြေထက် စည်းမျဉ်း စည်းကမ်း ပိုများသည်ကို တွေ့ရသည်။ ကာရန် စည်းကမ်း အသံစည်းကမ်းများ၏ တင်းကြပ်မှုကို ဖြေလျှော့နိုင်စေရန်အတွက် စာဆိုတို့သည် အခွင့်ထူးတစ်ရပ်ယူကာ ကဗျာကို စပ်ဆိုခဲ့ကြသည်။ ထိုသို့ စပ်ဆိုရာမှတစ်ဆင့် ကဗျာတွင် ခေတ်ကာလသွေဖည်မှုများဖြစ်ပေါ်လာခဲ့သည်။ ဤသို့ လေ့လာတင်ပြခြင်းဖြင့် ပါရာဏစကားလုံး ပါဠိသက် စကားလုံးများ သည် ကဗျာ၏ ကာရန်ကိုလည်းကောင်း၊ အနက်အဓိပ္ပာယ်ကိုလည်းကောင်း ထောက်ပံ့ပေးနိုင်သည်ကို တွေ့ရှိရပါသည်။

**သော့ချက်ဝေါဟာရများ**။ ။ကာရန်၊အသံ၊ စည်းကမ်း၊ အခွင့်ထူး၊ သွေဖည်မှု။

## နိဒါန်း

ကဗျာသည်စာဆို၏ အတွေးအမြင် ခံစားချက် အစရှိသည် တို့ကို ကာရန် စည်းကမ်း၊ အသံအရေအတွက် ဆိုင်ရာစည်းကမ်းတို့ဖြင့် ရေးဖွဲ့ရသဖြင့် ထိုစည်းကမ်း တင်းကြပ်မှုတို့ကို ဖြေလျှော့နိုင်စေရန် စာဆိုအခွင့်ထူးတစ်ရပ်ဖြင့် ရေးစပ်ခဲ့ကြသည်။ ထိုသို့ရေးစပ်ခဲ့ခြင်းဖြင့် စံသွေမှုအမျိုးမျိုး ဖြစ်ပေါ်လာခဲ့သည်။ ထိုစံသွေမှုသဘော သဘာဝတို့နှင့်အတူ ခေတ်ကာလသွေဖည်မှုကို လေ့လာ တင်ပြထားခြင်းဖြစ်ပါသည်။ ယနေ့ခေတ်တွင် သုံးစွဲနေသော ဝေါဟာရစကားလုံးများကို စံအဖြစ်သတ်မှတ်၍ ရှေးခေတ်ကသုံးစွဲခဲ့သော ပေါရာဏစကားလုံးများ၊ ပါဠိသက်စကားလုံးများ၊ ခေတ်ကို ကျော်လွန်၍ သုံးစွဲရေးဖွဲ့ထားသော စကားလုံးများကို ကဗျာများနှင့် ယှဉ်တွဲ၍ လေ့လာ တင်ပြသွားမည် ဖြစ်ပါသည်။

### ၁။ စံသွေမှုသဘောသဘာဝ

စာပေသည် လူမျိုး၏အသက်၊ စာပေသည်လူမျိုး၏ ယဉ်ကျေးမှုအမွေအနှစ် ဖြစ်သည်။ စာပေသည်လူမျိုး၏ အဆင့်အတန်းကို ဖော်ပြနိုင်သည်။ ထိုစာပေကို ဘာသာစကားဖြင့် တည်ဆောက်ရသည်။ ရသစာပေအဖွဲ့တစ်ရပ်ဖြစ်သော ကဗျာစာပေ

*ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်

အဖွဲ့ကိုလည်း ဘာသာစကားဖြင့် ပုံဖော်ရသည်။ ထိုသို့ ပုံဖော်ဖန်တီးရေးဖွဲ့ရာ၌ အနုပညာစံများ မြောက်မြားစွာရှိသည်။

"စံချိန်စံနှုန်း' ဟူသော ဝေါဟာရ၏အဓိပ္ပာယ်ကို မြန်မာအဘိဓာန်၌"

"စံ–န၊ အကောင်းဆုံးနမူနာ၊ နှိုင်းယှဉ်ရန်အခြေခံပြုထားသောအရာ" [၁] ဟု ဖွင့်ဆိုထားပါသည်။

ဇော်ဂျီကလည်း

"ကဗျာရေးသူတို့တွေ့မြဲ၊ ကြုံမြဲဖြစ်ကြတဲ့ စေတနာဖြစ်မှု၊ မြင်မှု၊ ကြားမှု၊ ခံစားမှု၊ စိတ်ကူးဉာဏ်သက်ရောက်မှု၊ ဘဝအသိပေါ်လာမှု စသည်တို့ကို ယေဘုယျ အားဖြင့် ဖော်ပြထားပါတယ်"[၂] (ကဗျာ့သဘော) ဟု ဖွင့်ဆိုထားပါသည်။

အလားတူပင် စာပေဝေဖန်ရေး သဘောတရား အခြေခံကျမ်း၌ ဇော်ဇော်အောင် က

"လူတစ်ယောက်က ကဗျာတစ်ပုဒ်ကိုဖတ်သည်။ မြတ်မြတ်နိုးနိုး တန်ဖိုးထား၍ ဖတ်သည်။ ဖတ်ရုံမျှမကတော့ သူဘာကြောင့် ကြိုက်ရ သလဲ သူဘာကြောင့် နှစ်သက် ကြည်နူးရသလဲ စကားအသုံးအနှုန်း အလင်္ကာများ၊ အသံကာရန်များ၊ အဓိပ္ပာယ် အနက်သဘောများကို စူးစမ်းလေ့လာ၍ ဤသို့သောအချက်အလက် အင်္ဂါလက္ခဏာ များကို "စံ" သတ်မှတ်၍ အခြားကဗျာများကိုလည်း ဤကဗျာ ကောင်းသည်၊ ဤ ကဗျာ မကောင်း၊ ဘာကြောင့်ကောင်းသည် ဘာကြောင့်မကောင်း ဟု ဆုံးဖြတ် ပြောဆိုသည်" [၃]

ဟူ၍ ကဗျာတစ်ပုဒ်တွင် စကားအသုံးအနှုန်း အလင်္ကာများ အသံကာရန်များ အဓိပ္ပာယ် အနက်သဘောများကို ပေါင်းစပ်၍ နှစ်သက်ကြည်နူးမှုကို စံအဖြစ် သတ်မှတ်ထားပါ သည်။

ဤသည်ကို မောင်မွန်နွယ် (ရွှေဝယ်)၏ "ကျေးဇူးရှင်မိဘနှစ်ပါးသို့" ဟူသော မေတ္တာကဗျာတွင်

"မွေးမိခင်၏၊ သန့်စင်ရွှန်းလက်၊ မေတ္တာဖက်သည့်၊ မျက်နှာလှလှ၊
မြင်လိုက်ရလျှင်၊ လမင်းဝင်းသည် မထင်မိ။

[၁] မြန်မာစာအဖွဲ့၊ ၁၉၉၉၊ ၈၈။
[၂] ဇော်ဂျီ၊ ၁၉၈၃၊ ၁၄။
[၃] ဇော်ဇော်အောင်၊ ၂၀၀၄၊ ၂။

မွေးဖခင်၏၊ ကြည်လင်ရွှန်းလက်၊ မေတ္တာဖက်သည့်၊ မျက်နှာပြေပြေ၊
မြင်ရလေလျှင်၊ နေမင်းလင်းသည် မထင်မိ။
အော် မိဘမေတ္တာ၊ စေတနာသည်၊ နှိုင်းရာမဲ့လျှင်း၊ တုလွတ်ကင်းထိ၊
ပဝင်း တောက်ပြောင်လွန်းတကား"[၁]

ဟု အမိကို 'လမင်း'၊ အဖကို 'နေမင်း' ပမာထား၍ အမိအဘနှစ်ပါး၏ မေတ္တာ၊ စေတနာသည် အနှိုင်းမဲ့အဖြစ် ဖော်ပြထားရာ မိဘတိုင်း၏ မေတ္တာပြယုဂ်၊ သားသမီးတိုင်း၏ အမိအဖတို့အပေါ် ကြည်ညိုမှုတို့ကို အထင်းသားမြင်တွေ့စေ၍ နှစ်သက်ကြည်နူးမှုကို ပေးစွမ်းစေပါသည်။

တစ်ဖန်စာဆို၏ အတွေးအခေါ်နှင့် ခံစားမှုကို သဒ္ဒါလင်္ကာရ၊ အတ္တာလင်္ကာရ တို့ဖြင့် အကဲဖြတ်ကြပါသည့်။ ထို့ကြောင့် ဇော်ဂျီက

"ပုံသဏ္ဌာန်သည် အကြောင်းအရာ၌ အသက်ဝင်အောင်ပြုတတ်သော (ဝါ)ပရိသတ်၌ ရသပေါ်အောင်ပြုသတ်သောသဘောပင်ဖြစ်သည်။"[၂]

ဟု ဆိုသည်။

တစ်ဖန် ဒဂုန်တာရာကလည်း

"စာပေပုံသဏ္ဌာန်ဟု ဆိုလိုက်သည်နှင့် စကားအသုံးအနှုန်း၊ အစပ်အဟပ်၊ ကာရန်၊ ဟန်၊ ရေးသား နည်းစသည်ဖြင့် ကျယ်ဝန်းလှစွာ အကျုံးဝင် လာပေသည်၊ စာပေပုံဏ္ဌာန်ဟူသော ဝေါဟာရသည် အတွေးအခေါ် တစ်ရပ်လုံးကို လွှမ်းခြုံစုပေါင်း၍ ခေါ်ဝေါ်သမုတ်သော သမူဟနာမ်ဖြစ်ပေသည်။"[၃]

ဟူ၍ ဖော်ပြမိန့်ဆိုထားပါသည်။

မောင်မွန်နွယ်(ရွှေဝယ်) ၏ 'မေတ္တာ' ကဗျာသည် မိဘနှစ်ပါးအပေါ်ထားသော သူ၏မြတ်နိုးမှု၊ ထင်မြင်မှု၊ မေတ္တာသဘောအစုတို့ကို ပေါ်လွင်ထင်ရှားစွာ ရေးသား ဖော်ပြထားနိုင်ပါသည်။

"စံချိန်၏ အဓိပ္ပာယ်ကိုလည်း မြန်မာအဘိဓာန်တွင်

---

[၁] မွန်နွယ်၊ မောင်(ရွှေဝယ်)၊ ၁၉၆၈၊ ၁၁၉

[၂] သိန်းဟန်၊ ဦး(ဇော်ဂျီ)၊ ၁၉၇၅။

[၃] တာရာ(ဒဂုန်-)၊ ၁၉၉၉၊ ၂၂၅။

"စံချိန်–န၊ စံအဖြစ် အမြင့်ဆုံးသတ်မှတ်ချက်" [၁]

ဟု ဖော်ပြထားရာ ဇော်ဇော်အောင်ကလည်း

> "ခံစားမှုအစစ်အမှန်ဆိုသည်မှာ" (Sincerity)ကို ဆိုလိုပါသည်။ စစ်မှန်သော နှလုံးသားထဲကခံစားမှုတွင်မရပ်၊ ပရိသတ်ကို ကူးစက်ခံစားစေနိုင်မှ အနုပညာမြောက်သည်ဟု ဆိုပါသည်။ ထို "စံ" သည် အနုပညာ၏ အမြင့်ဆုံးစံအတိုင်းအတာ ဖြစ်သည်။"[၂]

ဟုဖွင့်ဆိုထားပါသည်။

ထိုဖွင့်ဆိုသတ်မှတ်ချက်များအရ ကဗျာတစ်ပုဒ်၏ စွမ်းအင်သည် ကဗျာစာဆို၏ အတွေးအမြင်ကို ကဗျာဖတ်သူ၏ သိမြင်ခံစားမှုအတိုင်းအတာပေါ် သက်ရောက်လျက်ရှိသည်။

မင်းသုဝဏ်၏ 'မင်းရဲကျော်စွာ' ကဗျာတွင် သူရဲကောင်းတို့၏စိတ်ဓာတ်နှင့် အမူအကျင့်ကို

> "ငါရှိပေလျက်၊ ပြည်ကိုဝက်၍၊ နန်းထက်မင်းမူ၊ ငါ၏တူဟု၊ နိုင်သူမင်းက၊ ဖိတ်ခေါ်သည်။
>
> ဘကြီးတော်ရဲ့၊ ကျေးဇူးငွဲ့လည်း၊ တိုင်းပြည်မဲ့သူ၊ မဟုတ်ပါတဲ့။
>
> သားတော်ရင်နှစ်၊ သားရင်းစစ်သို့၊ ထီးလှစ်မင်းမူ၊
>
> ငါ၏တူဟုနိုင်သူမင်း ကဖိတ်ခေါ်သည်။
>
> ဘကြီးတော်ရဲ့၊ ကျေးဇူးငွဲ့လည်း၊ ဖခင်မဲ့သူ၊ မဟုတ်ပါတဲ့။
>
> ငါ၏ထံမှောက်၊ ဆေးဝါးသောက်၍၊ ထမြောက်ခဲ့မူ၊ ပြန်လေတူဟု၊
>
> နိုင်သူမင်းက၊ ဖိတ်ခေါ်သည်။
>
> ဘကြီးတော်ရဲ့၊ ကျေးဇူးငွဲ့လည်း၊ သေခြင်းမဲ့သူ၊ မဟုတ်ပါတဲ့" [၃]

ဟူ၍ မွန်ဘုရင်ရာဇာဓိရာဇ်နှင့် မင်းရဲကျော်စွာတို့၏ တိုက်ပွဲတွင် သူရဲကောင်းတို့၏ စိတ်ဓာတ်ကို အထင်အရှားမြင်တွေ့ရသည်။ စာဆိုဖော်ပြလိုသော အတွေးသရုပ်ကို စာဖတ်သူရင်ထဲသို့ အထိရောက်ဆုံး ပို့ဆောင်ပေးနိုင်ခဲ့သည်။သူရဲကောင်းတို့၏ နှလုံးသားအလှ၊ ရဲရင့်ခြင်းစွမ်းအားကို မြင်တွေ့နိုင်စေခဲ့သည်။

---

[၁] မြန်မာစာအဖွဲ့၊ ၁၉၉၉၊ ၈၈။

[၂] ဇော်ဇော်အောင်၊ ၂၀၀၄၊ ၁၃၉။

[၃] မင်းသုဝဏ်၊ ၁၉၆၈၊ ၂၃၉–၂၄၀။

တစ်ဖန် ဇော်ဇော်အောင်ကလည်း

"အနုပညာသည် ပရိသတ်သို့ကူးစက်သွားခြင်းဒီဂရီ(အနည်း၊ အများ) သည် အနုပညာမြောက်မှုအတွက် တစ်ခုတည်းသော စံအတိုင်းအတာ ဖြစ်သည်။ အနုပညာ ပစ္စည်းဖြစ်ကြောင်း အခိုင်အမာ ပြောဆိုနိုင် သည့်အချက်မှာ လူအားလုံး နားလည်ခြင်းနှင့် (အတန်းအစားမခွဲ) လူသား အားလုံးသို့ ကူးစက်မျှဝေခံစား စေနိုင်ခြင်းဖြစ်သည်။" [၁]

ဟူ၍ တော်လ်စတွိုင်း၏အဆိုကို ဖော်ပြထားပါသည်။

ဤဖွင့်ဆို သတ်မှတ်ချက်အရ အနုပညာပစ္စည်းတစ်ခုသည် ပရိတ်သတ်သို့ ကူးစက်မျှဝေခံစားစေနိုင်မှသာလျှင် အနုပညာမြောက်နိုင်ပါသည်။

မြန်မာအဘိဓာန်တွင် "စံနှုန်း" အဓိပ္ပာယ်ကို

"စံနှုန်း–န၊ စံအဖြစ်သတ်မှတ်ထားသောနှုန်း" [၂]

ဟု ဖွင့်ဆိုထားပါသည်။

ဇော်ဇော်အောင်ကလည်း

"စာပေသည် အနုပညာပစ္စည်းတစ်ခုဖြစ်သည်။ ထိုအနုပညာပစ္စည်း work of art သည် ခံစားမှုဖြစ်သည်။ ထို့ပြင် အနုပညာပစ္စည်းသည် ရသသဘော လွှမ်းမိုးနေပြီး ထိုပစ္စည်းကို ဖန်တီးပြုလုပ်ရာတွင် ဘာသာစကားကို အသုံးပြု၍ ဖန်တီးပြုလုပ်သည်။ စိတ်ကူးဉာဏ် ကွန့်မြူး၍ ဖန်တီးပြုလုပ်သည်" [၃]

ဟူ၍ ကဗျာတစ်ပုဒ်ကို ဖန်တီးရေးဖွဲ့ရာ၌ ကဗျာရေးဖွဲ့သူ၏ စိတ်ကူးဉာဏ်ကို စံနှုန်းတစ်ခုအဖြစ် သတ်မှတ်ထားပါသည်။

ဦးတင်ဇ (ရှမ်းပြည်)က

"အသံနှင့်အကြောင်းအရာ၊ တင်စားချက်နဲ့အကြောင်းအရာ၊ အတ္တာ လင်္ကာရနဲ့ သဒ္ဒါလင်္ကာရတို့ အညီအညွတ်အပြေအပြစ် ချောမွေ့စွာ ရောယှက် ပေါင်းဖက်မိရင် ကဗျာကောင်းတစ်ပုဒ်" [၄]

---

[၁] ဇော်ဇော်အောင်၊ ၂၀၀၄၊ ၁၃၉။

[၂] မြန်မာစာအဖွဲ့၊ ၁၉၉၉၊ ၈၈။

[၃] ဇော်ဇော်အောင်၊ ၂၀၀၄၊ ၁၄။

[၄] တင်ဇ၊ ဦး၊(ရှမ်းပြည်)၊ ၁၉၈၃၊ ၁၄၁

ဟု ဖွင့်ဆိုထားပါသည်။

ထို့ကြောင့် အနုပညာပစ္စည်းတစ်ရပ်ဖြစ်သော ကဗျာစာပေအဖွဲ့တွင် ကဗျာရေးဖွဲ့သူ၏ စိတ်ကူးဉာဏ်မှပေါက်ဖွားလာသော အကြောင်းအရာ အနက်အဓိပ္ပာယ်တို့ကို အတ္တာလင်္ကာရ၊ သဒ္ဒါလင်္ကာရတို့ဖြင့် တန်ဆာ ဆင်ရေးဖွဲ့လေ့ရှိသည်။

ဇော်ဂျီ၏ 'ဖားပြုပ်မ' ကဗျာတွင်

"မျက်လုံးငယ်ကြောင်၊ ကိုယ်ရောင်ပြာမွဲနှင့်၊ ဗိုက်ရွှဲလေသေး။
ဖားဖိုကမူ၊ ကြည့်ရင်းလွန်ကြည်ဖြူလို့၊ ဇမ္ဗူမှာ သည်လိုမေ့ကို
တွေ့ဖို့ပုံဝေးတဲ့"[၁]

ဟု 'မချစ်လျှင်မလှ၊ ချစ်လျှင်လှ' ဆိုသကဲ့သို့ လူတို့၏အမြင်တွင် ဖားပြုပ်မသည် မလှပါ။ သို့သော် ဖားဖို၏အမြင်တွင် ဖားပြုပ်မသည် ဇမ္ဗူဒီပါတစ်ခုလုံးတွင် အလှဆုံးဖြစ်နေသည်။ ထို့အတူ လူသားသည် လူသားချင်း၊ တိရစ္ဆာန်သည် တိရစ္ဆာန်ချင်း၊ မျိုးနွယ်တူချင်းကိုသာ နှစ်သက်လေ့ရှိသည့်သဘောကို စာဆိုသည် စိတ်ကူးဉာဏ်သက်ဝင်၍ အတွေးသရုပ်ကို ဖော်ပြထားပါသည်။

ကဗျာစာပေအဖွဲ့တွင် အနုပညာစံမြောက်စေနိုင်သော အချက်အလက်များများပြားစွာရှိပါသည်။ စကားအသုံးအနှုန်း၊ အလင်္ကာ၊ အသံ၊ ကာရန်၊ အနက်အဓိပ္ပာယ် သဒ္ဒါလင်္ကာရ၊ အတ္တာလင်္ကာရ၊ စာပေပုံသဏ္ဌာန်၊ စာဖတ်သူရယူခံစားနိုင်မှု၊ စာဆို၏ စိတ်ကူးဉာဏ်သက်ဝင်မှု၊ အစရှိသည့်အနုပညာစံများဖြင့် ကဗျာစာပေအဖွဲ့ကို စုပေါင်း ဖွဲ့စည်းထားပါသည်။ ထိုသို့သော စံမြောက်စေရန် ကဗျာစာပေအဖွဲ့ကို ရေးဖွဲ့ရာ၌ အသံ၏စည်းကမ်း၊ ပဒ၏စည်းကမ်း၊ ကာရန်စည်းကမ်းများ၏ တင်းကြပ်မှုကို ဖြေလျှော့စေရန် စာဆိုအခွင့်ထူးဖြင့် ကဗျာကို ဖွဲ့စပ်ရာမှတစ်ဆင့် စံသွေမှုများဖြစ်ပေါ်လာရပါသည်။

## ၂။ မြန်မာကဗျာနှင့်စံသွေမှုသဘော

စာပေဆိုသည်မှာ စိတ်ကူးဉာဏ်ဖြင့် ဖန်တီးရေးဖွဲ့သော စာပေ၊ ရသစာပေကို ဆိုလိုပါသည်။ တစ်ဖန် ထိုစာပေအဖွဲ့ကို ဘာသာစကားဖြင့် ပုံဖော်ထားပါသည်။ စာပေအဖွဲ့ဟုဆိုရာတွင်လည်း စကားပြေနှင့်ကဗျာဟူ၍ အပိုင်းနှစ်ပိုင်း ပါဝင်ပါသည်။ ကဗျာနှင့်စကားပြေကို နှိုင်းယှဉ်ကြည့်လျှင် ဘာသာစကားသုံးနှုန်းရာ၌ ကဗျာက စကားပြေလောက် လွတ်လပ်မှုမရှိကြောင်းတွေ့ရသည်။ ဖွဲ့စပ်ပုံအရကြည့်လျှင်လည်း ကဗျာကစကားပြေလောက် လွတ်လပ်မှုမရှိပေ။ ကဗျာတွင် အသံဆိုင်ရာ စည်းကမ်း

[၁] ဇော်ဂျီ၊ ၁၉၉၈၊ ၁၁၁။

များ၊ ကာရန်ယူပုံဆိုင်ရာ စည်းကမ်းများ၊ အသံအရေအတွက်ဆိုင်ရာ စည်းကမ်းများ၊ စကားလုံးအနက်အဓိပ္ပာယ် ကျစ်လျစ်ခြင်း၊ ရည်ရွယ်ချက်ကို တိုတိုရှင်းရှင်းနှင့် တင်ပြရခြင်း စသည့် စည်းကမ်းဘောင်အတွင်း ဖွဲ့စပ်ရသည်။ ကဗျာရေးဖွဲ့ရာတွင် ထိုစည်းကမ်းချက်များ၏ ဘောင်အတွင်းက ရေးဖွဲ့ရသဖြင့် လွတ်လပ်မှု နယ်ပယ်ကျဉ်းမြောင်းသည်။ ထိုကဲ့သို့ လွတ်လပ်မှုနယ်ပယ် ကျဉ်းမြောင်းသဖြင့် ဘာသာစကား၏ စည်းမျဉ်းစည်းကမ်းများကို လျစ်လျူရှု၍ လွတ်လပ်မှုအခွင့်အရေးကို ရယူ၍ အများဆုံးအသုံးပြုခဲ့ရာမှ စာဆိုအခွင့်ထူးများရရှိခဲ့သည်။ စာဆိုအခွင့်ထူးနှင့်ပတ်သက်၍ အင်တီစီစာပေ ဝေါဟာရအဘိဓာန်တွင်

> "ကဗျာတစ်ပုဒ် ပီပြင်စွာဖြစ်ပေါ်လာရန်အတွက် ပုံမှန်စကားလုံးအစီအစဉ်များကို ပြင်ခြင်း၊ အသံထွက် တစ်မျိုးတစ်မည် ဖြစ်စေခြင်း၊ အမြင်ကာရန်များ ဖန်တီးခြင်း၊ ပေါရာဏ စကားလုံးများ အသုံးပြုခြင်း၊ စကားလုံးအသစ်များ တီထွင်ခြင်းတို့သည် လွတ်လပ်စွာ ဖန်တီး ရေးဖွဲ့လေ့ရှိသော ကဗျာဆရာတို့တွင်ရှိသည့် အခွင့်ပင်ဖြစ်သည်"[၁]

ဟူ၍ ဆိုထားပါသည်။ ထိုဖွင့်ဆိုချက်အရ ကဗျာရေးသူတို့၏ လွတ်လပ်စွာ စကားလုံးများကို ဖန်တီးအသုံး ပြုခွင့်ကို တွေ့မြင်နိုင်ပါသည်။

စာဆိုအခွင့်ထူးကို အပြည့်အဝရယူဖန်တီးခြင်းဖြင့် သုံးရိုးသုံးစဉ်မှ သွေဖည်နေသော၊ အလွန်ကွဲပြား ခြားနားသော၊ ထူးခြားဆန်းသစ်သော အသုံးအနှုန်းများ ပေါ်ပေါက်လာသည်။ တစ်ခါတစ်ရံ အလွန်ကွဲပြား ခြားနားခြင်းများလည်း ရှိနိုင်သည်။

'သွေဖည်'ဟူသော စကားလုံး၏အနက်ကို မြန်မာအဘိဓာန်တွင်

> "သွေဖည်–ကြိ၊ ရှောင်လွှဲသည်။ ဆန့်ကျင်သည့်။"[၂]

ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

ဝက်(ဘ်)စတားအဘိဓာန်တွင်

> "စံ၊ နှုန်း၊ မူ တစ်ခုခုမှ ဘေးချော်ထွက်သည်။ လမ်းလွှဲသည်။ ပင်မလမ်းကြောင်းမှ ထွက်သွားသည်"[၃]

ဟူ၍ အနက်ဖွင့်ထားပါသည်။

---

[၁] Mornor, 1998, 169

[၂] မြန်မာစာအဖွဲ့၊ ၁၉၉၉၊ ၃၄၀။

[၃] Webster's New World 103. Dictionary, 1991, 377

ဂျက်ဖရီလိချ်က

"ကဗျာဆိုင်ရာဘာသာစကားသည် သဘောတူညီချက်ကို ဆန့်ကျင်စေနိုင်သည်။ တိမ်းယိမ်းလမ်းလွဲ စေနိုင်သည်။ အထူးအားဖြင့် သုံးရိုးသုံးစဉ် ဘာသာစကားနှင့် ကွဲပြား ခြားနားသည်။ အချို့သည် ထင်ရှား သိမြင်လွယ်စေသော အနက်ကိုရ၍ အချို့သည် လျှို့ဝှက်သိပ်သည်းသော အနက်ကိုဆောင်သည်။ ထိုအရာတို့သည် သွေဖည်မှု၏တန်ဖိုး၊ အကြောင်းရင်း ဖြစ်သည်"[၁]

ဟူ၍ ဖွင့်ဆိုထားပါသည်။

ရေးဟန်ဆိုင်ရာအဘိဓာန်တွင်လည်း

"ဘာသာဗေဒအဆောက်အဦ၏ စာပေ စည်းမျဉ်းများကို ချိုးဖျက်ခြင်းနှင့် ပိုလွန် သုံးစွဲခြင်းတို့ ဖြစ်သည်"[၂]

ဟုဖွင့်ဆိုထားပါသည်။

ဇော်ဇော်အောင်က

"သွေဖည်ခြင်းဆိုသည်မှာ ဘာသာစကားစံများနှင့် အခြားလူမှုရေးအရ သတ်မှတ်ထားသော စံများ၊ ဗလာက သတ်မှတ်ချက်စံများကို ကျော်လွန် ဖောက်ဖျက်ခြင်းသည် သွေဖည်ခြင်းပင်ဖြစ်ပါသည်။"[၃]

ထို့ကြောင့် သွေဖည်မှုဆိုသည်မှာ ဘာသာစကားစံများ၊ လူမှုရေးအရ၊ အစဉ်အလာ ယဉ်ကျေးမှုအရ သတ်မှတ်ထားသောစံများ လောက သတ်မှတ်ချက် စံများကို ကျော်လွန်ဖောက်ဖျက်၍ ဝတ္ထုကဗျာစသော စာပေတို့တွင် သုံးနှုန်းရေးသားခြင်းကိုဆိုလိုပါသည်။

ကမ္ဘာကျော်ဘာသာဗေဒပညာရှင် ချွမ်စကီး၏ အဆိုကို

"အရောင်အဆင်းမဲ့သော အစိမ်းရောင်စိတ်ကူးများသည် ဒေါသကြီးစွာ အိပ်နေကြသည်"[၄]

---

[၁] Leech, GN, 1969, 5.

[၂] Wales, Kaite, 2001, Dictionary, 1991, 377.

[၃] ဇော်ဇော်အောင်၊ ၂၀၀၆၊ ၂၈၅။

[၄] ခင်မင်၊ မောင်(ဓနုဖြူ)။ ၁၉၉၇၊ ၇၃။

ဟု မောင်ခင်မင်(ဓနုဖြူ) က ဖွင့်ပြထားပါသည်။ ယင်းဝါကျသည် သဒ္ဒါစည်းကမ်းနှင့် အညီ ဖွဲ့ထားသော ဝါကျဖြစ်သည်။ နာမဝိသေသန၊ နာမ်၊ ကြိယာဝိသေသန၊ ကြိယာ တို့ကို တွဲစပ်သုံးထားပုံ မှန်ကန်သည်။ ဝါကျတွင်းပုဒ် အထားအသို မှန်ကန်သည်။ အနက်အဓိပ္ပာယ်အရမူ သုံးရိုးသုံးစဉ်နှင့် မတူဘဲ ထူးခြားစွာ သွေဖည်နေသဖြင့် အဓိပ္ပာယ်ရှိသော ဝါကျအဖြစ် လက်ခံနိုင်ရန် ခဲယဉ်းကြောင်း တွေ့နိုင်သည်။

ဇော်ဂျီ၏ ‘ ပန်းပန်လျက်ပဲ’ ကဗျာတွင်
"ဗေဒါပျံ့အံ့ကိုခဲ၊ ပန်းပန်လျက်ပဲ"[၁]

ဟူ၍ ဗေဒါပန်းကို လူသားအနေဖြင့်တင်စားကာ လောကဓံကို ကြံ့ကြံ့ခံနိုင်ပုံနှင့် ရေးဖွဲ့ထားရာထူးခြား နှစ်သက်ဖွယ် ဘဝအားမာန်ပေးသည့် ကဗျာတစ်ပုဒ်အဖြစ် ဖြစ်တည်လာခဲ့သည်။

မင်းသုဝဏ်၏ ‘ပျဉ်းမငုတ်တို’ ကဗျာတွင်လည်း သွေဖည်မှု၏စွမ်းအင်ကို

"လေပြည်ထဲတွင်၊ ငယ်ရုပ်ဆင်သည်
အသင်ယောကျ်ား ကောင်းတကား"[၂]

ဟု ရေးဖွဲ့ထားရာ ပျဉ်းမငုတ်တိုကို သက်ကြားအိုအဖြစ် လည်းကောင်း၊ ယောကျ်ား ကောင်းတစ်ဦးအနေဖြင့် လည်းကောင်း ခံစားပြီး နှစ်သက် မြတ်နိုးလာစေပါသည်။

ရှင်မဟာရဋ္ဌသာရ၏ ‘ကိုးခန်းပျို့’တွင်လည်း

"ဟိရိကျောင္ဝေ၊ ဩတ္တပ်ရွှေနှင့်၊ နှံ့မွေကြာပုံ၊ စက်ရုံသန္တာ၊
သဒ္ဓါမျက်မြ၊ သီလပုလဲ၊ စွန့်ကြဲဒါန၊ စာဂမဏိ၊ ဗုဒ္ဓိဝရဇိန်
တောက်ထိန်ခုနှစ်ပြား၊ ဥစ္စာများကို၊ သူ့အားဝေငှ၊
ဉာဏသူဌေး၊ ဉာဏ်လှူပေးသား၊ ကံကျွေးတတ္တူ၊ ဤကျမ်းပြုသည်
ဂရမြောက်စည်၊ မဟာထေရ်ကို၊ မြန်ပြည်မတဲ့။
ကျော်လွှံ့သတင်း၊ သိန်းဃိုချင်းသည်... မည်ရင်းအဘယ်သညာနည်း"[၃]

ဟူ၍ အစိုင်အခဲရှိမြဲ ဓမ္မတာမဟုတ်သော သူတော်တရားခုနှစ်ပါးကို အစိုင်အခဲဖြစ် သော ရွှေ၊ငွေ၊ အစရှိသည့် ဝတ္ထုတို့နှင့် တစ်သားတည်းပြုထားရာ သူတော်ကောင်း တရား တို့သည် ပေါ်လွင်ထင်ရှားလာသည်။

ထို့ကြောင့် စိတ်ကူးဉာဏ်ဖြင့် ဖန်တီးရေးဖွဲ့သော ရသစာပေအဖွဲ့တွင် စာဆို အခွင့်ထူးဖြင့် ဘာသာ စကားကိုသုံးရိုးသုံးစဉ်မှ သွေဖည်၍ရေးဖွဲ့သည့်အတွက် ကဗျာ့

---

[၁] ဇော်ဂျီ၊ ၁၉၆၀၊ ၁၇၀။
[၂] မင်းသုဝဏ်၊ ၁၉၉၇၊ ၈၁။
[၃] ရဋ္ဌသာရ၊ ရှင်မဟာ၊ မ–၁၃၃၁၊ ၂၂၈။

စွမ်းအင်သည် ထူးခြားလေးနက်လာစေသည်။ ထင်ရှားတောက်ပြောင်လာစေ သည်ကို တွေ့ရပါသည်။

**၃။ စံသွေမှုအမျိုးအစားများ**

ကဗျာများတွင်တွေ့ရသော သွေဖည်မှုများနှင့် ပတ်သက်၍ ဂျက်ဖရီလိချ်က

"အင်္ဂလိပ်ကဗျာအတွက် ဘာသာဗေဒလမ်းညွှန်စာအုပ်တွင် သွေဖည်မှု အမျိုး အစား (၈)မျိုး"[၁]

ဟုခွဲ၍ခေါ်ထုတ်တင်ပြခဲ့သည်။ ယင်းတို့မှာ

(၁) စကားသံစံသွေမှု

(၂) ဝေါဟာရစံသွေမှု

(၃) သဒ္ဒါစံသွေမှု

(၄) အနက်အဓိပ္ပာယ်စံသွေမှု

(၅) အသုံးကွဲစကားစံသွေမှု

(၆) စာကြောင်းအထားအသိုစံသွေမှု

(၇) ဒေသသုံးစကားစံသွေမှု

(၈) ခေတ်ကာလစံသွေမှု

တို့ဖြစ်ပါသည်။

တင်မိုး၏ 'အချစ်ရိပ်' ကဗျာကို သာဓကဆောင်လိုပါသည်။

"အရင်းရှင်များ၊ ဈေးကစား၍
ခေါင်းပါးအိမ်တိုင်း၊ သရောခိုင်းစဉ်
သစ်ကိုင်းခြောက်မျှ၊ ကိုယ်ကာယလည်း
ရှုံ့တွပိန်ခြောက်၊ သေမလောက်တွင်
မျောက်ဥကျွေးဥ၊ ရှာကြံစုလျက်
ကရုဏာပွား၊ ဝေမျှစားဟု
မြင်ကြားယောင်ကာ၊ လွမ်းတန်ရာ၏။"[၂]

ဟူ၍ရေးဖွဲ့ထားသည်။

---

[၁] Phonological deviation

[၂] တင်မိုး၊ ၂၀၁၃၊ ၂၉၈။

ဤကဗျာတွင် သရော်ခိုင်းစကားသည် ပေါရာဏဟု မဆိုသာသေးသော်လည်း ထိုတစ်ချိန်က သုံးခဲ့သောစကားဟောင်းဖြစ်သည်။ မျက်မှောက်ခေတ်အသုံးမှာ အငတ်ဘေး၊ ငတ်မွတ်ခေါင်းပါးခြင်းဟူ၍ ဖြစ်သည်။ ခေတ်မတူသောစကားကို ယူသုံးထားသဖြင့် ခေတ်ကာလစံသွေနေပါသည်။

ဗန်မော်ညိုနွဲ့၏ "သခင်တမ်းနှင့်လေတော့မည်"ကဗျာတွင်

"နွေမှသည်ပြောင်း
မိုးလည်းနှောင်း၍၊ ဆောင်းသို့ဝင်စ
သုံးမာသဝယ်၊ သက်မျှဒါရူ
ပင်နန်းသူလျှင်၊ ဘွင်ဆူလှိုက်လှဲ
မျက်ရည်ရွှဲနှင့်၊ ရွှေခဲဖုန်းခေါင်
မယ်တို့မောင်ကို၊ ပေါ်ယောင်မြော်လင့်
ပူမီးပင့်၍
တမ်းနှင့်ရှာလေချေတော့မည်"[၁]

ဟူ၍ ရေးဖွဲ့ထားပါသည်။

ဤကဗျာတွင် နွေမှသည်မိုး၊ မိုးမှသည်ဆောင်း ရာသီသုံးသွယ်စလုံး မောင်ပေါ်လာနိုးဖြင့် သောကမီးနှင့် မျှော်လင့်တမ်းတနေရှာပုံကို ဖွဲ့ဆိုထားရာ၌ 'သုံးမာသ' ဟူ၍ ပါဠိသက်စကားသုံးကို သုံးထားသဖြင့် ခေတ်ကို စံသွေ၍ ရေးဖွဲ့ထားပါသည်။

"အညာလက်ဆောင်" ကဗျာတွင်လည်း–

"မူကျင့်ငဲ့ တဖျင်းသုန်
အညာသားမို့ စကားတုန်သော်
ဗလုံဗထွေး
သရော်ရမ်းလို့ ရယ်သွမ်းသွေး
ရှက်ဆေးဘယ့်နှယ်
ချေရမယ်လေး"[၂]

အညာလက်ဆောင် ကဗျာတွင် အညာသားလုလင်ပျိုသည် သဇင်ပန်းများ သင်းပျံ့နေချိန်တွင် ကျောက်ပျဉ်၊ ဆံညှပ်၊ ဆံခု၊ ဘီးများ လက်ဆောင်အဖြစ် ယူ၍ ခရီးတစ်ထောက် လာချင်ပါသည်။

[၁] ညိုနွဲ့၊ ဗန်းမော်၊ ၁၉၆၃၊ ၅။
[၂] ညိုနွဲ့၊ ဗန်းမော်၊ ၁၉၆၃၊ ၁၀၅

အမူအကျင့်များကွာခြားသည့် အညာသားဖြစ်၍ စကားတုန်သည်ကို လှောင်ပြောင် သရော်ရယ်သွမ်းသွေးပါက အရှက်ရသည့်ခံစားချက်ကို မည်ကဲ့သို့ ချေပရမည်နည်းဟု ဖွဲ့ဆိုထားရာ၌ 'တဖျင်းသုန်' ဟူ၍ ရေးသုံး ပေါရာဏ စကားကို ထည့်သွင်းဖွဲ့ဆိုထားပါသည်။

တစ်ဖန်ကိုလေး (အင်းဝဂုဏ်ရည်)၏ 'တစ်ခဏ' ကဗျာတွင် တစ်ခဏတာ အချိန်အတွင်း ဝမ်းသာဝမ်းနည်း ခံစားရသော ခံစားမှုကို စာဆိုကရေးဖွဲ့ထားပါသည်။ လေပြင်းကျချိန်တွင် မွေးချိန်တန်သော နွားမသည် နွားလေးကို မွေးပါသည်။ မှန်အိမ်မီး မှိန်မှိန်ဖြင့် နွားလေးမွေးချိန်ကို စောင့်နေရှာသော ဆင်းရဲသားလေးသည် နွားလေးမွေး၍ ဝမ်းသာရသည်က တစ်ချက်၊ ယခင်ယူသုံးထားသော အကြွေးကို သတိရမိသည့် အချက်၊ ဤသို့ ဒွိဟခံစားနေရပုံကို

"အားရပါးရ၊ ကြည့်မဝခင်
နွားလှပိုင်ရှင်၊ မျက်နှာတွင်
ယခင်အခါ၊ ယူသုံးလှာတဲ့
သပြာငွေကြေး၊ သူ့အကြွေးနဲ့
နွားလေးတန်ဖိုး၊ ချိန်ဆထိုးရင်း
နွမ်းညှိုးအားငယ်သွားရှာတယ်"[၁]

ဟူ၍ ရေးဖွဲ့ထားသည်။ အကြွေးနှင့်နွားလေး တန်ဖိုးချင့်တွက်မိသည့်အခိုက် စိတ်ပျက်အားငယ်သွားရပုံကို စာဆိုဖော်ပြထားသည်။ ဤတွင်ငွေကြေးကို ယခုခေတ်သုံး ကျပ်ငွေ(ဒေါ်လာ၊ ဝမ်၊ ယန်း၊ ရူပီး–နိုင်ငံခြားငွေကြေး) သတ်မှတ် သုံးစွဲထားရာတွင် 'သပြာ' ဟူသော ရှေးခေတ်သုံးစကားဖြင့် ခေတ်ကိုစံသွေး၍ ရေးဖွဲ့ထားပါသည်။

ထီလာစစ်သူ၏ ၁၉၆၀ ခု ဒီဇင်ဘာလ ၃၀ ရက်နေ့ 'ဝမ်မနော်'၊ 'ဝမ်ဆွတ်မွေ'၊ 'ဝမ်တုန်' ဒေသတိုက်ပွဲ ကဗျာတွင်–

"ဝမ်မနော်တိုက်ပွဲ၊ ရိုက်ခြီးဝှဲလော့
သဲမဲပစ်ခတ်၊ တိုက်ခိုက်လတ်သည်
သတ္တိရှိရှိ၊ ကြုံကြဘိရှင့်
သွေးဖြင့်ရေးမှတ်"[၂]

ဟူ၍ရေးဖွဲ့ထားပါသည်။

---

[၁] လေး၊ ကို၊ အင်းဝဂုဏ်ရည်၊ ၂၀၁၂၊ ၃၇။
[၂] စစ်သူ၊ ထီလာ၊ ၁၉၆၂၊ ၁၃၅။

ဤကဗျာတွင် စာဆိုသည် 'ဝမ်မနော်' တိုက်ပွဲတွင် သရုပ်ဖော် ရေးဖွဲ့ရာ၌ တိုက်ပွဲအရှိန် ပြင်းထန်ပုံ၊ စစ်သည်တော်များ သတ္တိရှိရှိ တိုက်ခတ်ပုံတို့ကို သွေးဖြင့် ရေးမှတ်ခဲ့သည်။ ဤတွင် ရေးခေတ် ပေါရာဏအသုံးဖြစ်သော 'ရိုက်ခြီးဝှဲ' ကို ထည့်သွင်း ရေးဖွဲ့ထားသည်။ ထူးခြားမှုတစ်ခုဖြစ်သည်။

ကြည်အောင်၏ 'စာဟောင်းပေဟောင်းရှာဖွေခြင်း' ကဗျာတွင်–

"စာဟောင်းပေကြီး၊ သတင်းကြီးသည့်
ကျောင်းကြီးတစ်ဆောင်နားရောက်လာသတဲ့
ကျောင်းကြီးလည်းအို၊ မိုးပေါက်ယိုကာ
သစ်တိုသစ်စ၊ သံမယ်နတို့
ပြုတ်ကျတွဲလောင်းဖရိုဖရဲ"[၁]

ဟူ၍ရေးဖွဲ့ထားပါသည်။

ဤကဗျာတွင် တက္ကသိုလ်ပါမောက္ခ၊ ဘာသာပါရဂူဆရာ၊ ပေပွဲစားတို့ ရေးဟောင်း စာပေများကို လိုက်လံ ရှာဖွေနေပုံကို ဖော်ပြထားသည်။ ထိုသူတို့ သွား ရောက်ရှာဖွေမည့် ပေစာများရှိသည့် ကျောင်းကြီးသည် မိုးပေါက်များ ယိုကျနေကာ၊ သစ်တိုသစ်စများ တွဲလောင်းပြုတ်ကျနေကာ သံတိုသံစ၊ သံမှိုများပြုတ်ထွက်နေသော ပျက်စီးယိုယွင်းအခြေအနေတွင် ရှိနေသည်။ ထိုအခြေအနေ၊ ကျောင်းကြီး၏ပုံသဏ္ဌာန် ကို ဖော်ပြသောအဖွဲ့တွင် ရေးခေတ် ပေါရာဏအသုံးဖြစ်သော 'သံမယ်န' ကို ထည့်သွင်း ဖွဲ့စပ်ထားသည်။

ကဗျာကို ရေးဖွဲ့ရာတွင် ခေတ်ကာလဝေါဟာရ စကားလုံးများကို ကန့်သတ်၍ လည်းကောင်း၊ ဘောင်ခတ်၍ လည်းကောင်း ရေးသားလေ့မရှိပေ။ စိတ်ကူးဉာဏ် ကွန့်မြူးရာကို လိုက်၍ အတွေးသရုပ်ကို ပုံဖော်ရာမှ ခေတ် အသီးသီး၏ အသုံးအနှုန်း များသည် ကဗျာထဲတွင် ပါဝင်လာခဲ့သည်။ ထိုသို့ပါဝင်လာခဲ့ရာမှ ခေတ်ကာလ စံသွေမှုများ ဖြစ်ပေါ်လာခဲ့သည်။

ရေးဟန်အဘိဓာန်တွင်–

"မျက်မှောက်ခေတ် သမိုင်းသည် လူသိများသော ဟာသစာများ၊ တစ်ဦးချင်းနှင့် စပ်ဆိုင်သော ပုံဝတ္ထုများ ပုံပြင်များ ကဗျာများ ဖြစ်သည်။"[၂]

---

[၁] ကြည်အောင်၊ ၁၉၆၅၊ ၁၉၅။
[၂] Wales, Katie, 2001, 188

ဟူ၍ဖွင့်ဆိုထားရာ ဟာသစာပေ၊ ပုံဝတ္ထုများ၊ ကဗျာများတွင် မျက်မှောက်ခေတ်သမိုင်း အခြေအနေ သွင်ပြင်မှုရာတို့ ထင်ဟပ်နေသည်။ ထိုမျက်မှောက်ခေတ် သွင်ပြင်မှုရာ တို့ကို ကျော်လွန်၍ ရေးဖွဲ့ခြင်းဖြင့် စံသွေမှုများဖြစ်ပေါ်လာသည်။

အင်္ဂလိပ်ကဗျာအတွက် ဘာသာဗေဒလမ်းညွှန်စာအုပ်တွင်–

"ခေတ်ဟောင်းစာလုံးများသုံးခြင်းနှင့် သေပြီးသော(မပြောတော့သော) ဘာသာစကားမှစာလုံးများ သုံးခြင်းသည် စာပေအနုပညာသမိုင်းတွင် ခွဲခြားရန်ခက်သည်။ သို့သော် ကဗျာသည် ခေတ်ဟောင်းစာလုံး များကို သုံးခြင်းတွင်ကောင်းစွာ မှီခိုမှုရှိသည်"[၁]

ဟု ဖွင့်ဆိုထားပါသည်။

ဇန်းမော်ညိုနွဲ့၏ 'ဇော' ကဗျာတွင်

"အကြွေးထပ်သည်ထင့်၊ ပေးဆပ်ရမကုန်သပြာ၊

ဘုံတဏှာ ဘဝသံသရာတစ်ကြော"[၂]

ဟူ၍ ငွေကြေးတန်ဖိုးကို 'ကျပ်ငွေ' ဖြင့် လည်းကောင်း ဖော်ပြပါသည်။ 'သပြာ' ဟူ၍ ယခုခေတ်တွင် သုံးနှုန်းခေါ်ဝေါ်လေ့မရှိပါ။ ခေတ်ကာလ သွေဖည်နေသည်ကို တွေ့ရ ပါသည်။

တက္ကသိုလ်မင်းမော်၏ 'ဆတ္တာသည်' ကဗျာတွင်

"သူငယ်ချင်း၊ မင်းသူ့ကိုကြည့်၊ ဘိုကေဆံပင်၊ အညှပ်သင်စ၊

မကျင်မလည်၊ ဆတ္တာသည်လို"[၃]

ဟူ၍ ရေးဖွဲ့ထားရာ 'ဆတ္တာသည်' ဟူသောစကားသည် ဆံဖြတ်သူဟူသော အနက် ဖြင့် ရှေးကသုံးခဲ့သော စကားဟောင်းဖြစ်သည်။ မျက်မှောက်ခေတ်တွင် သုံးစွဲသော အသုံးအနှုန်း မဟုတ်ပေ။ ခေတ်ကိုစံသွေ၍ ရေးဖွဲ့ထားသည်။

မောင်ခင်မင်(ဓနုဖြူ)၏ 'ရေးဟန်ပညာနိဒါန်း' စာအုပ်တွင်–

မန်လည်ဆရာတော်၏ သမ္ဗုလသျှိုးလိုက်ရတုတွင် နှုနာစွဲပြီး တောထဲသို့ ထွက်ခွာသွားသော မောင်တော် သောတ္တိသေနနှင့်အတူ လိုက်ပါပြုစုသည့် သမ္ဗုလ မင်းသမီးကို ဒါနောဘီလူးက စတွေ့၍ ပြောဆိုပုံကို–

"မိဘုန်းမိုင့်၊ အိုအိုလှုညက်စံ၊ ဘယ်မျိုးဝံသ၊

---

[၁] Leech, Geofferry, 1969, 52

[၂] ညိုနွဲ့၊ ဇန်းမော်၊ ၁၉၆၃၊ ၁၀၈။

[၃] မင်းမော်၊ (တက္ကသိုလ်)၊၁၉၈၈၊ ၁၂၀။

ဘယ်နာမံရပေသည်၊ ငယ်ကမပွန်း၊ ယခုမှကျွမ်းသာမို့
နှုတ်ခွန်းမောင်ကနံ့သည်၊ ဆလံမယ့်ကိုပေး၏လေ
မိန့်ပမိငယ်၊ သတိုးမယ်ကို၊ မျိုးနွယ်သိလိုမေး၏လေ"[၁]

"လက်အုပ်ချီ၍၊ ဒေဝီမိရွှေသွေး၊ မလုံလိပ်ပြာ၊
ထိတ်လှုစွာသည်၊ သာယာနှုတ်သံလေးနှင့်
ကျွန်မကိုမေးလေသလား၊ အရေးပိုင်ကြီးရှင်
ဒါနဝခေါ် ဦးရီးတော်ငယ်၊ ကျွန်တော်မကြောင်းအင်က"[၂]

ဟူ၍ဖော်ပြရာ၌ "ဤဇာတ်လမ်းသည် ငါးရာ့ငါးဆယ်နိပါတ် သမ္ဗုလဇာတ်လာ သောတ္တိသေနနှင့် သမ္ဗုလတို့၏ ဇာတ်လမ်းဖြစ်သည်။ ဤဇာတ်လမ်းကို မန်လည်ဆရာတော်က ရေးဖွဲ့ရာတွင် ဒါနောဘီလူးက 'မယ့်ကိုဆလံပေး၏လေ' ဟုပြောသည်။ သမ္ဗုလက ဒါနောကို ခေါ်သည့် 'အရေးပိုင်ကြီး' ဟူသော ခေတ်က အသုံးများ ထည့်ထားသည့်အတွက် ပျော်ပျော်ပါးပါးဆိုရသော သျှိုးလိုက်ရတု၏ သဘာဝနှင့် အညီ ရွှင်မြူး သွက်လက်လာရသည်" ဟု ရေးသားထားပါသည်။ ပေါရာဏကို မျက်မှောက်ခေတ်အသုံးအဖြစ် သုံးပြခြင်းမဟုတ်ဘဲ၊ မျက်မှောက်ခေတ်သုံးစကားကို အတိတ်ဇာတ်ဝတ္ထုထဲသို့ ဆွဲယူသုံးစွဲခြင်းဖြစ်သည်။ သရော်သံပါသဖြင့် နှစ်သက်ဖွယ် ဖြစ်လာသည်။ ရယ်မောရွှင်ပြုံးဖွယ် ဖြစ်စေသည်။

ဇော်ဂျီကို 'ပုဂံခေတ်က သမီးနှင့်အဘ' ကဗျာတွင် မင်းနန်သူကျေးရွာ လေးထောင့်ကန် အရပ်က ဣန္ဒပစ္စရာအမတ်နှင့် သူ၏ သမီးတို့၏ စေတနာအလှူ အကြောင်းကို ကဗျာရေးဖွဲ့ထားသည်။

"ရဟန်းကျောင်းမ၊ မစသေးခင်
ဝန်းကျင်ရံပတ်၊ တံတိုင်းခတ်၏
ခတ်ခဲ့သည်မှာ၊ မကြာလှသေး
မပြီးသေးတည့်
အရေးပေါ်၍၊ တစ်နေ့သောအခါ
မြည်လာညိုးညံ၊ မြင်းဟီသံနှင့်
ခွာသံကြားကြ၊ ထိတ်လန့်ကြ၏။

---

[၁] ခင်မင်၊ မောင်၊ (ဓနုဖြူ)၊ ၂၀၁၁၊ ၂၁၆။

[၂] –ယင်း–။

အနန္တပစ္စည်း၊ ဗိုလ်မှူးကြီးသည်
မတ်ကြီးဣန္ဒာ၊ ပစ္စရာအား
ခြေမှာစိုက်စိုက်၊ ဦးခိုက်ပြီးနောက်
နှစ်ယောက်နှစ်နား၊ တီးတိုးစကားတည့်
ကြားလျှင်ကြားချင်း၊ အမတ်မင်းသည်
မြင်းပေါ်သို့တက်၊ ပုဂံဘက်သို့
သွက်လက်လျင်မြန်၊ စိုင်းသွားဟန်သည်
ကေန်မုချတာဝန်ကျ။”[၁]

ဤကဗျာတွင် ကျောင်းဆောက်လှူရာ၌ ပထမဦးစွာ တံတိုင်းခတ်သည်။ တံတိုင်းခတ်၍မပြီးသေးမီ မွန်ဂိုတာတာတို့၏ ကျူးကျော်နယ်ချဲ့စစ်ကို ရှေ့တန်းသို့ ထွက်ကာ ခုခံကာကွယ်ရင်း တိုင်းပြည်အတွက် အသက်စွန့်ခဲ့ရသည်။ သမီးသည် အဘ၏ဒါနကို မျက်ရည်စက်လက်ဖြင့် ဆက်၍ဆောင်ရွက်ခဲ့သည်။ ကျောင်းကြီး ဆောက်၍ပြီးသော် အဘ၏ဒါနကို ကုသိုလ်ကောင်းမှုပေးဝေပုံကို ရေးဖွဲ့ထားသည်။ ဤတွင်ပုဂံခေတ်အမတ်ဣန္ဒ ပစ္စရာနှင့် သမီးတို့၏အလှူအကြောင်းရေးဖွဲ့ရာ၌ အနန္တ ပစ္စည်းကို ဗိုလ်မှူးကြီးဟူသော အသုံးကို ထည့်သွင်း ရေးဖွဲ့ထားသည်။ ပုဂံခေတ်က ကလန်၊ သံပျင်၊ ဗိုလ်မင်းဟုသာသုံးနှုန်းလေ့ရှိပါသည်။ စာဆို၏ ခေတ်ကအသုံး ကို ထည့်သွင်းဖွဲ့စပ်ထားသဖြင့် သမိုင်းခေတ်စံသွေနေပါသည်။

ကဗျာဆရာတင်မိုး၏‘ငါ့စက်ဝိုင်း’ ကဗျာတွင်

“အပူတစ်ရာ
သူတကာတွေရှိမှန်းသိပါရဲ့
မိမိနှင့်ကိုယ်ချင်းမစာနိုင်
ငါသာလျှင် ငါသာလျှင်တဲ့
ငါ့အပြင်ဘယ်သူမှမခံစားရလေဟန်
ကိုယ့်ဒုက္ခကိုယ်တမြင်မြင်
ကိုယ့်ရင်သာ ကိုယ်တနာနာနဲ့
ငါစွဲတွေများနိုင်လှချေရဲ့
သက္ကာယတောမှာလ
အရှက်နာကျအောင်မောလှချည့်

[၁] ဇော်ဂျီ၊ ၁၉၉၈၊ ၃၅၁။

သောကပွားရပါတဲ့
လောကတရား။"[၁]

ဤကဗျာတွင် ဖခင်တစ်ဦး၏ဒုက္ခ၊ သားသမီးများအပေါ်တွင်ထားရှိသော မေတ္တာ၊ စေတနာကိုဖော် ထုတ်ပြရင်း ပံ့ပိုးကူညီပေးမည့် ဇနီးသည် ဆုံးပါးသွားသော အဖြစ်၊ ထိုအဖြစ်အပျက်များမှ ပေါက်ဖွားလာသော ငါစွဲ၊ အတ္တ၊ ထိုအတ္တ ငါစွဲများ ကို 'သက္ကာယ' ဟု ပါဠိဝေါဟာရဖြင့် ခေတ်ကိုစံသွေး၍ ရေးဖွဲ့ထားပါသည်။ ကာရန်ကို အထောက်အပံ့ပြုသော စကားလုံးဖြစ်ပါသည်။

တစ်ဖန် "မေတ္တာမိုးကြီး ရွာပါတော့" ကဗျာတွင်လည်း

"သင်တို့သဘောရှိ၊ ကရောတိဟု
ယောနိမသော၊ ဒေါချည့်မောလျက်
ပြောမိပြောရာ၊ ကောတတ်လာပြီ
ငါသာအမျက်၊ ငါသာရှက်ဖွယ်
ဘယ့်တွက်မာန်တင်းမိသနည်း"[၂]

လူတို့တွင်စိတ်ထဲတွင် ဒေါသအလျောက် ပြောမိဆိုမိကြသည်။ အမျက်ဒေါသ မာန်မာနသည် ဂုဏ်ယူဖွယ်မဟုတ်၊ ရှက်ကြောက်ဖွယ်ဖြစ်သည်။ ဤသို့သော ကဗျာ ဆရာ၏ အတွေးကို ကရောတိ၊ ယောနိဟူသော ပါဠိဝေါဟာရများကို ထည့်သွင်း ရေးဖွဲ့ထားခြင်းဖြင့် အသံသာသည့်အပြင် အနက်အဓိပ္ပာယ်ကိုလည်း လှပစေပါသည်။

တစ်ဖန် 'ရုပ်ဝါဒီများရုပ်ကွက်' ကဗျာတွင်

"မိုးလင်းတာနဲ့ထုံးစံအတိုင်းမျက်နှာကိုအိမ်အပြင်ထုတ်
မိုးချုပ်တဲ့အခါ ကိုယ်မျက်နှာပြန်ရုပ်သိမ်းတော့
အင်း..................လူတွေကို ရှုနေရတာ မနေ့ကနဲ့ဘာမှမထူး
ပုရပိုက်မှာခုလိုမှတ်ချက်ရေးနေခိုက်
'ထွီ' ခနဲတံတွေးထွေးချလိုက်တဲ့အသံ
လောကထဲတုန်ခါ.......... ပွဲတင်ထပ်သွားပါတော့တယ်"[၃]

---

[၁] တင်မိုး၊ ၂၀၁၃၊ ၁၂၅၉။
[၂] တင်မိုး၊ ၂၀၁၃၊ ၉၃၇။
[၃] ထွန်းဝေမြင့်၊ ၂၀၁၆၊ ၁၁၄။

အတိတ်ပစ္စုပ္ပန်၊ မနေ့ကနှင့် ယနေ့ရပ်တည်နေရသောဘဝကို မနှစ်မျို့သော ခံစားမှုကို သရုပ်ဖော်ထားပါသည်။

ခေတ်အဆက်ဆက် ကျောက်စာ၊ မင်စာ၊ ပေစာ၊ ပုရပိုက်စာ၊ ဟူ၍ အဆင့်ဆင့် ပြောင်းလဲတိုးတက်ခဲ့သည်။ ယနေ့ခေတ်တွင် ပုရပိုက်ပေါ်၌ စာပေရေးသားမှု မရှိတော့ပေ။ ကာရန်ညီညွတ်စေရန် ခေတ်ကို သွေဖည်၍ ရေးဖွဲ့ထားသည်။

မောင်ခိုင်မာ၏ ရှင်မရေ... ကဗျာပေါင်းချုပ်တွင်ပါသော 'အိမ်' ကဗျာတွင် လူ့လောက လူသားတို့၏ လိုအပ်ချက်တစ်ရပ်ဖြစ်သော နေစရာအိမ်တစ်လုံးကို ရှင်မ အတွက်ဆောက်လုပ်ဝယ်ပေးချင်သော ကဗျာဆရာ၏အတွေးပုံရိပ်ကို တွေ့ရသည်။

"အိမ်.....ဆိုတာ

အမိုး၊ အကာ၊ အခင်း၊
လေညင်းခံပြတင်းတံခါး
ခြံဝင်းနဲ့ကားဂိုဒေါင်
အိမ်ခေါင်မှာ တီဗွီတိုင်
တတ်နိုင်သလောက်တည်ဆောက်
မိုးတိမ်ကိုဖောက်မလား(ရတယ်)
စက်လှေကားတတ်မလား(ရတယ်)
လေအေးစက်ထားမလား(ရတယ်)

.............................................
လျှပ်စစ်မီး ပန်ကာနှင့်
သံဇကာလည်းမဟုတ်
ကန်သာယာနဲ့ ဥယျာဉ်ခြံမြေမဟုတ်
ဗေဒင်ဟူးရား
ပုဏ္ဏားပုရောဟိတ်တို့ရဲ့
အတိတ်နမိတ်အယူအကောက်
အိမ်သစ်ဆောက်မင်္ဂလာမဟုတ်။"[၁]

[၁] ခိုင်မာ၊ မောင်၊ ၂၀၁၅၊ ၄၀။

လူတို့နေစရာအိမ်သည် လူ့လောကတွင် အမှန်တကယ်လိုအပ်နေသည်။ အိမ်မရှိသောသူများ ကျောက်ခေတ်ကို တမ်းတနေကြသည်။ နေစရာ အိမ်တစ်လုံးကို အိမ်ရှင်မအတွက် ဖန်တီးမပေးနိုင်သော ကဗျာဆရာ၏ ဒုက္ခကိုတွေ့ရသည်။

တစ်ဖန်

‘တဲတံခါးမှာ
ကဲလားထောက်စရာမလို
သူရဲခို၊ သူရဲပြေးမလို
ဗဟိုစည်မျှော်စင်မလို
တော်ဝင်ပြဿဒ်မလို
ဆက်သွယ်ရေးဂြိုလ်တုမလို
မိုက်ခရိုဝေ့မလို”[၁]

ဤကဗျာတွင် ကဗျာဆရာသည် ‘အိမ်’ တစ်လုံး၏ မရှိမဖြစ် လိုအပ်ပုံကို ရေးဖွဲ့ပြထားသည်။ ဤသို့ ရေးဖွဲ့ရာတွင်– ဟူးရား၊ ပုဏ္ဏား၊ ပုရောဟိတ် စသော စကားလုံးတို့သည် ရှေးခေတ်သုံးစကားများဖြစ်ကြသည်။ ယခုခေတ်အသုံးမတွင်ကျယ်တော့သော ပေါရာဏအသုံးများ ဖြစ်သည်။ တစ်ဖန် နန်းတော် တည်ဆောက်ရာတွင်သုံးသော ဗိသုကာအသုံးများဖြစ်သော ‘သူရဲခို၊ သူရဲပြေး၊ ဗဟိုစည်’ တို့ကို ထည့်သွင်း အသုံးပြုရေးဖွဲ့ထားသည်။

ထို့ပြင် ‘အသံကမ္ဘာရဲ့ ကံကြမ္မာ’ ကဗျာတွင်

‘ကံကြမ္မာရဲ့အမည်လှစေဖို့
ပန်တျာဂီတရဲ့ အသံတွေဟာ
ကမ္ဘာလောကကြီးရဲ့ နံရံတွေကို
သဒ္ဒါသောမန နည်းနဲ့ခြံရံကာ
သန်သန်မာမာတုန်ခါမည်ဟည်းစေခဲ့ပြီး’[၂]

ဂီတသံစဉ်များသည် ကမ္ဘာလောကကြီးကို နှစ်သက် သာယာစေခဲ့သည်။ ဤတွင် ‘ကံကြမ္မာအမည်လှ’ ‘ပန်တျာဂီတ’ ‘ကမ္ဘာလောက’ ‘သဒ္ဒါသောမန’ ‘အသံ’ ‘နံရံ’ ‘ခြံရံ’ ဟူသော နဘေထပ်ကာရန်အသုံးများဖြင့် စပ်ဆိုထားသည်။ သဒ္ဒါသောမနဟူသော ပါဠိဝေါဟာရကို ထည့်သွင်း ရေးဖွဲ့ထားခြင်းဖြင့် အသံသာ၍ အနက်

[၁] ခိုင်မာ၊ မောင်၊ ၂၀၁၅၊ ၄၅။
[၂] ခိုင်မာ၊ မောင်၊ ၂၀၁၅၊ ၂၄၅။

အဓိပ္ပာယ်ကို ပေါ်လွင်စေပါသည်။ စာဆိုအခွင့်ထူးတစ်ရပ်ဖြင့် ခေတ်ကိုကျော်လွန်၍ ရေးဖွဲ့ ထားရာ ကာလစံသွေနေပါသည်။

ဤသို့ဖြင့် မြန်မာစာပေသမိုင်းတွင် ပုဂံခေတ်ကစ၍ မျက်မှောက်ခေတ် တိုင်အောင် ရေးဖွဲ့ခဲ့သော စာပေအဖွဲ့တို့တွင် ခေတ်တစ်ခေတ်ဆီ၌ သုံးစွဲလေ့ရှိသည့် ကဗျာသုံး၊ စာသုံးစကားများ၏ စံသွေဖည်၍ ရေးဖွဲ့ထားခြင်းဖြင့် ခေတ်ကာလ သွေဖည်မှုနှင့်အတူ စာဖတ်သူ၏စိတ်အာရုံကို ထူးခြားဆန်းသစ်စေပါသည်။

## ခြုံငုံသုံးသပ်ချက်

ကဗျာစာပေအဖွဲ့သည် ဘာသာစကားကိုအသုံးပြု၍ ရေးဖွဲ့ရသော ရသစာပေ အဖွဲ့တစ်ရပ်ဖြစ်သည်။ ကဗျာစာဆိုများသည် စိတ်ကူးဉာဏ်စွမ်းရှိသလောက်၊ တီထွင် နိုင်စွမ်းရှိသလောက် ဘာသာစကားကို လွတ်လပ်စွာ ရေးဖွဲ့နိုင်သည့်အခွင့် ရှိပါသည်။ ထိုအခွင့်ကို စာဆိုအခွင့်ထူးဟု ခေါ်သည်။ ကဗျာစာဆိုတို့သည် သူတို့၏ အတွေး အမြင်၊ ခံစားချက်၊ လောကအပေါ် ရှုမြင်မှုတို့ဖြင့် ကဗျာကို ရေးစပ်လေ့ရှိသည်။ ထိုသို့ ရေးဖွဲ့ရာတွင်လည်း နေ့စဉ်သုံး ပုံမှန်စကား (အရေးရောအပြောပါ) လိုက်နာရမည့် နည်းနာများ၊ စံများ၊ စည်းမျဉ်းဥပဒေများကို မလိုက်နာပဲ စာဆိုအခွင့်ထူးယူကာ ဖောက်ဖျက်သွေဖည် ရေးဖွဲ့လေ့ရှိပါသည်။ ဘာသာစကား၏ အစိတ်အပိုင်းများ ဖြစ် သော စကားသံ၊ ဝေါဟာရ၊ ဝါကျ အနက်အဓိပ္ပာယ်တို့ကို သုံးရိုးသုံးစဉ်အတိုင်း အသုံးမပြုပဲ သွေဖည်လိုက်ခြင်းဖြင့် စာဖတ်သူအား ထူးခြားသောဆန်းသစ်စေသော အာရုံခံစားမှုကို ရရှိစေပါသည်။ ထို့ကြောင့် ကဗျာတွင် သွေဖည်မှုများသည် ကဗျာ စာဆိုဖော်ပြလိုသော အကြောင်းအရာကို ပိုမို ပေါ်လွင်ထင်ရှားစေသကဲ့သို့ စာဖတ်သူ တို့အား ရသခံစားမှုနှင့်ဘဝအမြင် အာနိသင်ထက်မြက်စေရန် ပြုလုပ်ပေးနိုင်ပါသည်။ ခေတ်ကာလ စံသွေခြင်းကို ပါဠိဝေါဟာရသုံးခြင်း၊ ပေါရာဏစကား သုံးခြင်းဖြင့်၊ ရေးဖွဲ့ခြင်း၊ ခေတ်လွန်ဝေါဟာရ သုံးစွဲရေးဖွဲ့ခြင်းတို့မှ လေ့လာဖော်ထုတ်ရရှိပါသည်။

## နိဂုံး

ခေတ်အဆက်ဆက် ကဗျာဖန်တီး ရေးဖွဲ့သူတို့သည် သွေဖည်မှုသဘော သက်ဝင်သော ဘာသာစကားအသုံးများဖြင့် ကဗျာများကို ဖန်တီးရေးဖွဲ့ခဲ့ကြပါသည်။ ထိုသို့ ရေးဖွဲ့ခြင်းအားဖြင့် အသံသာယာမှုရှိစေသလို ကာရန်နှင့်လည်း ညီညွတ်စေ သည်။ အနက်အဓိပ္ပာယ်ကိုလည်း ထူးခြားလေးနက်စေသည်။ ခေတ်ကာလ သွေဖည်၍

ရေးဖွဲ့ခြင်းသည်လည်း ကဗျာကို ကာရန်အားဖြင့်လည်းကောင်း၊ အနက်အဓိပ္ပာယ် အားဖြင့်လည်းကောင်း၊ ထောက်ပံ့ပေးနိုင်စွမ်းရှိသည်ကို တွေ့ရပါသည်။

## ကျမ်းကိုးစာရင်း

### မြန်မာဘာသာ


ခင်မင်၊ မောင် (ဓနုဖြူ)။ (၁၉၉၇)။ စာပေသမုဒ္ဒရာဦလက်ပစ်ကူးခြင်း၊ အားမာန်သစ်စာပေ၊ ရန်ကုန်။

ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၁)။ ရေးဟန်ပညာနိဒါန်း၊ စိတ်ကူးချိုချိုစာပေ၊ ရန်ကုန်။

ခိုင်မာ၊ မောင်။ (၂၀၁၅)။ ရှင်မ.....ရေ ကဗျာပေါင်းချုပ်၊ စိတ်ကူးချိုချိုစာပေ၊ ရန်ကုန်။

ငွေတာရီ။ (၁၉၆၀)။ ငွေတာရီကဗျာပေါင်းချုပ်၊ စာပေလောက၊ ရန်ကုန်။

ဇော်ဂျီ။ (၁၉၉၇)။ ကဗျာပေါင်းချုပ်၊ စာပေလောက၊ ရန်ကုန်။

ဇော်ဇော်အောင်။ (၂၀၀၄)။ အနုပညာစံ၊ မုံရွေးစာအုပ်တိုက်၊ ရန်ကုန်။

ညိုနွဲ့၊ (ဗန်းမော်)။ (၁၉၆၃)။ လက်ရွေးစင်ကဗျာများ၊ မြကန်သာစာပေ၊ ရန်ကုန်။

တာရာ (ဒဂုန်)။ (၁၉၆၇)။ အကြောင်းအရာပုံသဏ္ဍာန်အလှဗေဒ၊ ပတ္တမြားငမောက်စာပေ၊ ရန်ကုန်။

တင်မိုး၊ (၂၀၁၃)။ ကဗျာပေါင်းချုပ်၊ စိတ်ကူးချိုချိုစာပေ၊ ရန်ကုန်။

ထွန်းဝေမြင့်။ (၂၀၁၆)။ ခေတ်ပေါ်အသံကဗျာပေါင်းချုပ်၊ နှစ်ကာလများစာပေ၊ ရန်ကုန်။

မင်းမော်၊ (တက္ကသိုလ်)။ (၁၉၉၀မေ)။ ဘာသာဗေဒနှင့်ဗေဒါလမ်းကဗျာ(၆)၊ စာပေဂျာနယ်၊ အားမာန်သစ် စာပေ၊ ရန်ကုန်။

မင်းသုဝဏ်။ (၁၉၉၇)။ ကဗျာပေါင်းချုပ်၊ စာပေလောကပုံနှိပ်တိုက်၊ ရန်ကုန်။

မြန်မာစာအဖွဲ့။ (၂၀၀၅)။ မြန်မာသဒ္ဒါ၊ မြန်မာစာအဖွဲ့ဦးစီး၊ ရန်ကုန်။

မွန်နွယ်၊ မောင်(ရွှေဝယ်)။ (၁၉၆၈)။ အမျိုးသားစာပေဆုရကဗျာများ၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ရန်ကုန်။

လေး၊ ကို၊ အင်းဝဂုဏ်ရည်။ (၂၀၁၂)။ မွန်းတည့်အမိ၊ ကြီးပွားရေးစာအုပ်တိုက်၊ မန္တလေး။

ဝင်းဖေ။ (၁၉၇၈)။ ခေတ်ပေါ်မြန်မာကဗျာ။ မြဝတီပုံနှိပ်တိုက်၊ ရန်ကုန်။


### အင်္ဂလိပ်ဘာသာ


Leech ၊ Geoffery.(1969), A Linguistics Guide to English Poerty, London; Longman Group Ltd.

Literary Criticism, Printed in the Republic of Ireland by Caill Printers Limited, Dublin.

Wales; Katie (2001), A Dictionary of Stylistics, London, Pearson Education Limited.

ထွန်းဝေမြင့်၏ ‘အိပ်စရေးမျက်လုံးကဗျာ’တွင်

“ငါ့မျက်လုံးတွေဟာအိပ်စရေးမျက်လုံးတွေဖြစ်နေပြီး
လူတွေ၊ စိတ်တွေကို ဖောက်ထွင်းပြီးမြင်နေရတယ်၊
ငါ့အိပ်စရေးမျက်လုံးနဲ့ ငါ့ကိုယ်ငါပြန်ကြည့်တော့
ငါ့ဘဝသည်ဒုက္ခ၊ ငါဘဝသည်သုခ

ငါ့ဘဝသည် ဒုက္ခနဲ့ သုခဒြပ်နှော
ငါ့ဘဝသည် ဒုက္ခနဲ့သုခဆိတ်သုဉ်းရာ။”

မိမိ၏ မျက်လုံးဖြင့် သူတစ်ပါး၏ ခန္ဓာကိုယ်၊ စိတ်တို့ကိုဖောက်ထွင်းမြင်နေရပုံကိုရေးဖွဲ့ထားသည်။ ဒုက္ခဆင်းရဲခြင်း၊ သုခ–ချမ်းသာခြင်းများသည် လူ့ဘဝတွင် တစ်လှည့်စီဖြစ်ပေါ်နေသည်။ တစ်ဖန်ကဗျာဆရာ၌ချမ်းသာခြင်း၊ ဆင်းရဲခြင်းများကင်းကွာနေပုံကို ရေးဖွဲ့ထားရာအိပ်စ်ရေး ၄၂ပေ မျက်လုံးဟူသော အသုံးသည် ယနေ့ခေတ်တွင် သုံးနှုန်းခြင်း မရှိသေးသည်ကိုတွေ့ရသည်။ ကဗျာဆရာ၏ တင်စားချက်သဘော ပါသည့်အသုံးသည်ခေတ်ကိုကျော်လွန်၍ရေးဖွဲ့ထားသည်။

*J. Myanmar. Acad. Arts Sci. 2018* **Vol. XVI. No. 6A**

# သုခမိန်လှိုင်၏ အငြိမ့်ကဗျာအစီအစဉ်ကို စိစစ်လေ့လာခြင်း

ခင်မာသက် *

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ခေတ်ပေါ်(မော်ဒန်)ကဗျာတစ်ဦး၏ ကဗျာ့အတွေး၊ ကဗျာ့အလှနှင့် ကဗျာ့ ကျေးဇူးကို လေ့လာဖော်ထုတ်ကြည့်သော စာတမ်းတစ်စောင်ဖြစ်ပါသည်။ ခေတ်ပေါ် ကဗျာဖန်တီးသူနှင့် ခေတ်ပေါ်ကဗျာခံစားသူတို့၏ကြားရှိ နားလည်ခံစားမှုအကွာအဝေးကို စိစစ်ကြည့်ခြင်းအားဖြင့် ကဗျာ့အလှနှင့် ကဗျာကျေးဇူးများ ပေါ်လွင်လာမည်ဟု ယုံကြည်ပါသည်။ ဤယုံကြည်ချက်ဖြင့် သုခမိန်လှိုင်၏ အငြိမ့်ကဗျာအစီအစဉ်ကို ခေတ်ပေါ်ကဗျာဆိုင်ရာသဘောတရားစာအုပ်စာပေများနှင့် ချဉ်းကပ်၍ စိတ်လေ့လာ တင်ပြထားပါသည်။ ဤစာတမ်း၏ ရည်ရွယ်ချက်ပေါ်လွင်လာစေရန် (၁) အငြိမ့်ကဗျာအစီအစဉ်များနှင့် ကဗျာ့အတွေး (၂) အငြိမ့် ကဗျာအစီအစဉ်များနှင့် ကဗျာ့ပန်းတိုင် (၃) အငြိမ့်ကဗျာ အစီအစဉ်များနှင့် ကဗျာဖတ်သူတို့၏ အဆက်အစပ် ဟူ၍ ကဏ္ဍများခွဲ၍ ဤစာတမ်းကို ပြုစုထားပါသည်။ ဤစာတမ်းသည် ခေတ်ပေါ်ကဗျာ (မော်ဒန်) ကဗျာ အဆင့်ဆင့် ဖွံ့ဖြိုး တိုးတက်လာပုံကို သုတေသန ပြုလိုသူများအတွက် အကျိုးတစ်စုံတရာပြုမည်ဟု ယုံကြည်ပါသည်။

***သော့ချက်ဝေါဟာရများ*** – ကဗျာ့အတွေး၊ ကဗျာ့ပန်းတိုင်၊ ကဗျာ့ကျေးဇူး၊ ကဗျာ့အလှ၊ ဖန်တီးမှု၊ စိတ်ကူးဉာဏ်။

## နိဒါန်း

သုခမိန်လှိုင်သည် ခေတ်ပေါ်(မော်ဒန်)ကဗျာလောက၌ထင်ရှားသော အနုပညာဖန်တီးသူတစ်ဦး ဖြစ်ပါသည်။ ခေတ်ပေါ်ကဗျာ ဖန်တီးသူများအနက် ထင်ရှားသူတစ်ဦးလည်း ဖြစ်ပါသည်။ ဤသို့ထင်ရှားသော ခေတ်ပေါ်ကဗျာဆရာတစ်ဦး၏ကဗျာများကို စိစစ်လေ့လာခြင်းအားဖြင့် အနုပညာဖန်တီးသူ၏စေတနာနှင့် ရပ်တည်ချက်ကို လေးစားဖွယ် တွေ့မြင်နိုင်မည်ဟု ယုံကြည်ပါသည်။ ဤယုံကြည်ချက်၏ ပဲ့ကိုင်မှုဖြင့် သုခမိန်လှိုင်၏ ခေတ်ပေါ်ကဗျာများကို အာရုံစိုက်ခဲ့ပါသည်။ သူ့ကဗျာများကို အာရုံစိုက်၍ လေ့လာမိရာမှ သုတေသနပြုလိုစိတ်များ ပေါ်ပေါက်လာခဲ့ပါသည်။ ထို့ကြောင့် ခေတ်ပေါ်ကဗျာများသည် ကဗျာဖန်တီးသူ၏ စိတ်ကူးဉာဏ်နှင့်အတွေးတို့ အချိုးညီမှုကြောင့် ကဗျာ့အတွေး၊ ကဗျာ့အရသာ၊ ကဗျာ့အလှ၊ ကဗျာ့ကျေးဇူးများ ရပ်လုံးကြွသက်ဝင် လှုပ်ရှားလာသည်ဟု ဆိုချင်ပါသည်။ ခေတ်ပေါ်ကဗျာဖန်တီးသူနှင့် ခံစားသူ

* ပါမောက္ခ၊ ဌာနမှူး၊ မြန်မာစာဌာန၊ စစ်တွေတက္ကသိုလ်

အတွေ့အကြုံ ထပ်တူကျလာသည်နှင့်အမျှ ကဗျာအလှများ ရှင်သန်နေမည်ဟူသော အချက်သည် ဤစာတမ်း၏ ရည်ရွယ်ချက်ဖြစ်ပါသည်။ ထိုရည်ရွယ်ချက်ကို ပေါ်လွင်လာစေရန် သုခမိန်လှိုင်၏အငြိမ့်ကဗျာအစီအစဉ်ကို လေ့လာစိစစ်တင် ပြခြင်းဖြစ်ပါသည်။ အလေ့လာခံစာပေနယ်အဖြစ် သုခမိန်လှိုင်၏အငြိမ့်ကဗျာ(၂၆)ပုဒ်ကို သတ်မှတ်ထားပါသည်။ စာပေအတွင်းလေ့လာမှု[၁] တစ်ခုဖြစ်သော အပိတ်စနစ်[၂] နှင့် အပွင့်စနစ်[၃] တို့မှ စိစစ် လေ့လာတင်ပြထားပါသည်။ ဇော်ဂျီ၊ မြဇင်၊ မောင်ခင်မင်(ဓနုဖြူ)၊ ဒဂုန်တာရာ၊ မောင်သာနိုး၊ ဇော်ဇော်အောင်၊ သစ္စာနီ၊ မျိုးသန့် စသည့် ပညာရှင်များ၏ သဘောတရား စာအုပ်များနှင့် ချဉ်းကပ် လေ့လာ တင်ပြထားပါသည်။

## ၁။ သုခမိန်လှိုင်၏ဘဝနှင့်စာပေ

သုခမိန်လှိုင်သည် ခေတ်ပေါ်ကဗျာများထဲမှ အောင်မြင်သူ၊ ထင်ရှားသူတစ်ဦးဖြစ်သည်သာမက တေးရေးဆရာတစ်ဦးလည်း ဖြစ်ပါသည်။ သိဒ္ဓတ္ထလှိုင်ဟူသော ကလောင်အမည်ဖြင့် တေးသီချင်းအချို့ကို ရေးခဲ့သည်ဟု သိရပါသည်။ အမည်ရင်းမှာ ဦးအောင်မင်း ဖြစ်ပါသည်။ ပြည်မြို့၌ မောင်ချောနွယ်၊ ခင်ဝမ်း၊ သုခမိန်လှိုင်တို့ကို ခြသေ့်ကြီးသုံးကောင်ဟု အသိများပါသည်။ ရုပ်ရှင်တေးကဗျာ၊ ရွက်နုဝေ၊ မဟောသဓာ၊ ချယ်ရီ၊ သရဖူ စသည့် မဂ္ဂဇင်းများတွင် ခေတ်ပေါ်ကဗျာများကို ရေးဖွဲ့ခဲ့ပါသည်။ “အားလုံးပီကာဆို”၊ “ဝေလငါးကဗျာ” စသည့် ကဗျာစာအုပ်များ ထုတ်ဝေခဲ့ပါသည်။ ယခုအခါ၌ စိတ်ကူးချိုချို စာပေက သုခမိန်လှိုင်၏ကဗျာများကို စုပေါင်း၍ ကဗျာပေါင်းချုပ်အဖြစ် “ရာဇဝင်” ဟု အမည်ပေးပြီး ၂၀၁၄ ခုနှစ်က ထုတ်ဝေခဲ့ပါသည်။ ကဗျာအပုဒ်ရေပေါင်း (၂၄၆)ပုဒ် ပါဝင်ပါသည်။ သုခမိန်လှိုင်၏ကဗျာများကို အင်္ဂလိပ်ဘာသာပြန်ထားသော ကဏ္ဍလည်း ပါဝင်ပါသည်။ အသက် (၂၂)နှစ်အရွယ်မှစ၍ မြန်မာကဗျာလောကထဲသို့ ရောက်ရှိလာသော သုခမိန်လှိုင်သည် ယခုအခါတွင် စမ်းချောင်းမြို့နယ်၊ ဦးဖိုးလမ်း၌ နေထိုင်လျက်ရှိပါသည်။

## ၂။ အငြိမ့်ကဗျာအစီအစဉ်များနှင့် ကဗျာ့အတွေး

အငြိမ့်ကဗျာအစီအစဉ်များသည် သုခမိန်လှိုင်၏ ခေတ်ပေါ်ကဗျာလက်ရာများ ဖြစ်ပါသည်။ ကဗျာဆရာ၏ အသက်(၆၀)ပြည့် မွေးနေ့လက်ဆောင်အဖြစ် ရေးစပ်

---

[၁] Interistic study

[၂] closed system

[၃] opened system

သီကုံးထားခြင်းဖြစ်သည်ဟု ဆိုပါသည်။ အငြိမ့်ကဗျာအစီအစဉ်များသည် သုခမိန်လှိုင်၏ဘဝ၌ ထူးခြားသော ကဗျာ့မှတ်တိုင်တစ်ခုဟု ဆိုချင်ပါသည်။ ကဗျာဆရာသည် ဖော်ပြပါကဗျာများကို ဩဂုတ်လ၊ ၃၁၊ ၂၀၀၈ ခုနှစ် တစ်ညတည်း ရေးခဲ့သည်ဟု ဖော်ပြထားပါသည်။

သုခမိန်လှိုင်က အငြိမ့်ကဗျာများ ရေးစပ်ရခြင်း၏ ရည်ရွယ်ချက်ကဗျာ့ပန်းတိုင်ကို "နည်းနည်းပါးပါး" (စာ–၁၂၂) "ထိုသုံးပါး" (စာ–၁၂၃) "စိတ်ညစ်တာတွေ" (စာ–၁၁၉)၊ "အကောင်းဆုံးတွေ" (စာ–၁၁၈)၊ "စူပါမင်းမပျံတဲ့ နေ့တွေ" (စာ–၁၁၆)စသည်တို့ ကဗျာများတွင် ဖော်ပြထားပါသည်။

သုခမိန်လှိုင်က "စူပါမင်းမပျံတဲ့နေ့တွေ" ကဗျာကို —
"အငြိမ့်ရှိတယ်
မုသားမပါ လက်ာမချော
ကျွန်တော်မညာပါဘူး
စူပါမင်းလိုပျံပြမယ်.....
လူဆိုးတွေကိုထိုးပြမယ်......
ပျော်နေတဲ့ရယ်မောစရာတွေ
ပြန်ရှာပေးချင်တာပါ
"ဒါက စူပါမင်းထက်အရေးကြီးတယ်"

ဟု ရေးဖွဲ့ထားပါသည်။ ကဗျာဖတ်သူကို သူပေးချင်သော သတင်းစကားဖြစ်ပါသည်။ ဤ သတင်းစကားသည် ခေတ်ပေါ်ကဗျာဆရာတစ်ဦး၏ကဗျာ့ပန်းတိုင်ဖြစ်ရာသည်။ ကဗျာ့ စေတနာကို "စိတ်ညစ်တာတွေ"[၂] ကဗျာတွင်လည်း တွေ့နိုင်ပါသည်။

"အငြိမ့်ရှိတယ်
မင်းစိတ်ညစ်တာတွေမပြောနဲ့
အငြိမ့်ရှိတယ်
    ငါ
စိတ်ညစ်တာတွေမပြောဘူး
    အငြိမ့်ရှိတယ်
မင်းကြားတဲ့ပြက်လုံးတွေ ငါ့ကိုပြောပါ
    အငြိမ့်ရှိတယ်

ငါကြားတဲ့ပြက်လုံးတွေမင်းကိုပြောမယ်
အငြိမ့်ရှိတယ်
စိတ်ညစ်တာတွေ မပြောကြေး"

ထို့နောက်သုခမိန်လှိုင်က "နည်းနည်းပါးပါး"[၁] ကဗျာတွင် သူ့ဆန္ဒကို ပွင့်လင်းစွာ ထုတ်ဖော် သီကုံးထားပါသည်။ သီကုံးထားပုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

"အငြိမ့်ရှိတယ်
ကျွန်တော်ဒီလိုကဗျာဖွဲ့တယ်
အများကြီး မရည်ရွယ်ပါဘူး
နည်းနည်းပါးပါး ပျော်ရုံလောက်ပါ
နည်းပါးပါး လွမ်းရုံလောက်ပါ
ဒါမှ
တစ်ဖက်နှင့်တစ်ဖက် ကူညီနိုင်မှာလေ"

ဟူ၍ဖြစ်ပါသည်။ "ပျောက်နေတဲ့ ရယ်မောစရာတွေ ပြန်ရှာပေးချင်တာပါ။ ဒါက စူပါမင်းထက် အရေးကြီးတယ်" "စိတ်ညစ်တာတွေမပြောကြေး" "ဒါမှ တစ်ဖက်နှင့်တစ်ဖက် ကူညီနိုင်မှာလေ" စသည့် ကဗျာအဆုံးများသည် ကဗျာဆရာ ညွှန်းဆိုသော ကဗျာ့ပန်းတိုင်များ ဖြစ်ပေသည်။ ပြင်ပအဆက်အစပ် သဘောအရ ကဗျာရေးစပ်ပြီးချိန် ၂၀၀၈ ခုနှစ်သည် မြန်မာနိုင်ငံ၌ နိုင်ငံရေး အပြောင်းအလဲတစ်ခုအတွက် လုံးပန်းနေကြချိန် ဖြစ်သည်။ နာဂစ်မုန်တိုင်းဒဏ်ကိုလည်း တစ်တိုင်းပြည်လုံးနီးပါး ခံစားနေရသည်။ မြန်မာပြည်သူတို့သည် ဤအကျပ်အတည်းတို့ကြောင့် ထူးခြားသော ပြောင်းလဲမှုကို ဆန္ဒရှိခဲ့ဖူးသည်။ တစ်ဦးနှင့်တစ်ဦး တစ်ဖက်နှင့်တစ်ဖက် အကူအညီများ လိုအပ်နေချိန် ဖြစ်ပါသည်။ ဤနောက်ခံကို သိရှိထားမှသာ ကဗျာဆရာ၏ အငြိမ့်ကဗျာအစီအစဉ်များသည် ရသမြောက်လာမည် ဖြစ်ပေသည်။ ထို့ကြောင့် သုခမိန်လှိုင်သည် အငြိမ့်ကဗျာအစီအစဉ်များကို ရေးဖွဲ့ရာ၌ သူ၏ ကဗျာ့ပန်းတိုင်ကို ကဗျာခံစားသူအား ဖွင့်ပြောထားပြီး ဖြစ်ပါသည်။ ကဗျာခံစားသူက အားထုတ်စရာမလိုတော့ဘဲ ကဗျာဆရာက ကဗျာ့ပန်းတိုင်ကို မည်သို့မည်ပုံ ဖန်တီး တင်ပြသွားမည်နည်းဟူသော အတွေးစဉ်ဖြင့်သာ လေ့လာသွားမည်ဟု ဆိုချင်ပါသည်။

---

[၁] သုခမိန်လှိုင်၊ ၂၀၁၄၊ ၁၂၂

သုခမိန်လှိုင်သည် သူ၏ ကဗျာ့ပန်းတိုင်သို့ ရောက်ရှိစေရန် သီကုံးထားသော ကဗျာ (၂၆)ပုဒ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ (၁) ပြန်လာပြီတွေ (၂) ရှိတယ်တွေ (၃) ရှိရာ ၃ (၄) စေ၃စေ (၅) အငြိမ့်ရှိတယ် (၆) ရည်စားစကား (၇) သစ်ပြီ (၈) နောင်နှစ်ခါတန်ဆောင်မုန်း (၉) ခေတ်အငြိမ့် (၁၀) အားလုံးအသင့်ပြင် (၁၁) ကောင်မလေးရည်စား (၁၂) မင်းမောင် ကြီးအကြောင်း (၁၃) အငြိမ့်အကြောင်း စာ(၄) ကြောင်း (၁၄) ချစ်ကံခေ (၁၅) စူပါမင်းမပျံတဲ့နေ့တွေ (၁၆) မြို့မနှင့်အမာစိန်အငြိမ့် (၁၇) အကောင်းဆုံးတွေ (၁၈) စိတ်ညစ်တာတွေ (၁၉) ရည်စားစကား ၂(၂၀) အငြိမ့်ကြည့်မှာလား (၂၁) နည်းနည်းပါးပါး (၂၂) ထိုသုံးပါး (၂၃) ပြန်မလာအငြိမ့် (၂၄) ရက်စက်မှု (၂၅) ပြီးဆုံးခန်း (၂၆) ဟာလာဟင်းလင်း တို့ဖြစ်ပါသည်။ ဖော်ပြပါ ကဗျာများကို ကဏ္ဍများခွဲပြီး စုစည်းကြည့်လျှင်–

(၁) ကဗျာရှင်၏ဆန္ဒနှင့် မျှော်မှန်းချက်ကို "ပြန်လာပြီတွေ"၊ "စေ၃စေ"၊ "စူပါမင်းမပျံတဲ့နေ့တွေ"၊ "စိတ်ညစ်တာတွေ"၊ "ပြန်မလာအငြိမ့်" စသည့် ကဗျာများတွင် တွေ့နိုင်ပါသည်။

(၂) အငြိမ့်၏အသက်သည် ပြက်လုံးဖြစ်၍ ကဗျာရှင်၏ ပြက်လုံးဆိုင်ရာ အတွေးအမြင်ကို–"ခေတ်အငြိမ့်"၊ "မြို့မနှင့်အမာစိန်အငြိမ့်"၊ "ရည်စားစကား၂" စသည့်ကဗျာများတွင် တွေ့နိုင်ပါသည်။

(၃) ကဗျာရှင်၏ အငြိမ့်နှင့်ပတ်သက်သော အတွေးအမြင်များ ကဏ္ဍကို "ပြီးဆုံးခန်း"၊ "ဟာလာဟင်းလင်း"၊ "အငြိမ့်ကြည့်မလား"၊ "ခေတ်အငြိမ့်" စသည့် ကဗျာများတွင် တွေ့နိုင်ပါသည်။

သုခမိန်လှိုင်၏ အငြိမ့်ကဗျာ အစီအစဉ်အဖွဲ့အနွဲ့များသည် ဘာသာစကားအရ သာမက ကဗျာဖွဲ့စည်းပုံအရပါ နားလည်ရန် လွယ်ကူပါသည်။ သို့ဖြစ်၍ ကဗျာရှုသူအတွက် ခေတ်ပေါ်ကဗျာဆရာ ပေးသော ကဗျာ့အလှနှင့် ကဗျာ့ကျေးဇူးကို အလွယ်တကူ ရှာဖွေခံစားကြည့်နိုင်သည်ဟု ယူဆပါသည်။ ထို့ကြောင့် သုခမိန်လှိုင်၏ ခေတ်ပေါ်ကဗျာများ ထင်ရှားသည့်အကြောင်းတွင် အထက်ဖော်ပြပါ အချက်တစ်ချက်ပါ ဝင်၍ "ကြိုးစားသူအဖို့ အောင်မြင်မှုရနိုင်မှာ မုချပါပဲ"[၁] ဟူသော ပညာရှင်များ၏ သုံးသပ်ချက်နှင့် ကိုက်ညီသည်ဟု တင်ပြချင်ပါသည်။

သုခမိန်လှိုင်၏ အငြိမ့်ကဗျာများ အစီအစဉ်ကို ဖော်ပြပြီးနောက် ခေတ်ပေါ်ကဗျာဆရာ (သုခမိန်လှိုင်)၏ အတွေးကို တင်ပြလိုပါသည်။ ကဗျာ့အတွေးနှင့်

---

[၁] သာနိုး၊ မောင်၊ ၁၉၉၉၊ ၁၀၉။

ပတ်သက်၍ ပညာရှင်များ၏ ဖွင့်ဆိုချက်ကို ဦးစွာဖော်ပြလိုပါသည်။ "ကဗျာ့အတွေးဟု ခေါ်ဆိုနိုင်သော စိတ်ဖြစ်စဉ်သည် ဒိဋ္ဌလောက၊ စိတ်လောကကို စဉ်းစားဉာဏ်ဖြင့်သာ မကဘဲ စိတ်ကူးဉာဏ်ဖြင့် သုံးသပ်ခြင်းမှ ပေါ်ပေါက်သည်။ အမှုကိစ္စသက်သက်သာ မဟုတ်တော့ဘဲ ခံစားမှုအာရုံနှင့်ပါ ယှဉ်တွဲ ပေါင်းစပ်ထားသော စိတ်အစဉ် ဖြစ်သည်။ ထို့ကြောင့် အာရုံခံစားမှုပါ ပါဝင်အောင် စိတ်ကူးဉာဏ်ကို အသုံးပြုထားသော စိတ်ဖြစ်စဉ်ကို ဖော်ကျူးချက်ကို ကဗျာ့အတွေးဟုခေါ်သည်ဟု မြဇင်က ထောက်ပြထား ပါသည်။

ကဗျာ့အတွေးသည် ကဗျာဖန်တီးသူဘက်မှာသာမက ကဗျာခံစားသူဘက်မှာပါ ဖြစ်ပေါ်စေတတ်ပါသည်။ ကဗျာခံစားသူက မိမိဖတ်ပြီးသော ကဗျာတစ်ပုဒ်၏ အလှနှင့်ကျေးဇူးဟူသော ကဗျာ့အရသာကို ပြည့်ပြည့်ဝဝ ခံစားရခြင်း ရှိမရှိခြင်းကို အတွေးစဉ်၌ ဖြစ်ပေါ်တတ်ပါသည်။ ဖြစ်ပေါ်လာသော အတွေးစဉ်များတွင် ကဗျာရှင်နှင့် ပတ်သက်၍လည်းကောင်း၊ ထိုကဗျာရှင်၏ ကဗျာဖန်တီးပုံနှင့် ပတ်သက်၍ လည်းကောင်း ဆက်လက် စူးစမ်းလိုသော စိတ်အတွေးစဉ်များ၊ ဂယက်များ၊ အတွေး ကွန်ရက်များ ဖြစ်လာနိုင်ပါသည်။ ကဗျာ့အတွေးများကို စိစစ်ကြည့်လျှင် ကဏ္ဍများစွာ ထွက်ပေါ်လာနိုင်ပါသည်။ "ကဗျာတစ်ပုဒ်ဖတ်ပြီးနောက် ကဗျာဖတ်သူထံတွင် သူ၏ စာပေအနုပညာ ကိုယ်ခံစွမ်းအား (ဖတ်အား၊ မှတ်အား) ရှိသလောက်၊ အာရုံခံစား နိုင်စွမ်း ထက်မြက်လျှင် ထက်မြက်သလောက် တစ်စုံတရာသော အာရုံခံစားမှုဖြစ်စေ၊ အာရုံခံစားမှုနှင့် တစ်ထပ်တည်းဖြစ်သော အတွေးတစ်စုံတရာဖြစ်စေ၊ တဖန် အာရုံ ခံစားမှုနှင့် မယှဉ်သော၊ ယှဉ်လျှင်လည်း ခံစားမှုငွေ့ငွေ့ကလေး ပါသည်ဆိုရုံမျှသာ ဖြစ်သော အတွေးသက်သက်ကိုဖြစ်စေ၊ အာရုံခံစားမှုနှင့် ယှဉ်သည်လည်းဖြစ်သော သို့မဟုတ် မယှဉ်သည်လည်းဖြစ်သော အနုပညာလက်ရာသက်သက်ကိုသာ နှစ်သက် ကြည်နူးသော စိတ်ဖြစ်စေ တစ်ခုခုဖြစ်ထွန်းလာတတ်သည်"[၁] ဟု ပညာရှင်များက ဖွင့်ဆိုထားပါသည်။

ခေတ်ပေါ်ကဗျာတစ်ပုဒ်၏ အာနိသင်ပြည့်ဝမှုသည် ကဗျာအနုပညာပစ္စည်း နှင့် ၎င်းကို ဖတ်ရှုခံစားသူတို့အပေါ်တွင် မူတည်နေရာ ဂယက်အနက်သည် ကဗျာ ဖတ်သူဖက်မှ ပါဝင်ခံစားဖြည့်စွက်နိုင်စွမ်းရှိသလောက် ကျယ်ပြန့်လေးနက် ထက်မြက် လာတတ်သော သဘောဖြစ်သည်[၂] ဟူသော အဆိုအရ သုခမိန်လှိုင်၏ အငြိမ့်ကဗျာ အစီအစဉ်များကို အထက်ပါအတိုင်း လေ့လာခဲ့ခြင်းဖြစ်ပါသည်။

---

[၁] မျိုးသန့်၊ ၂၀၁၇၊ ၈၂

[၂] ယင်း၊ ၆၅

**၂။ သုခမိန်လှိုင်၏ အငြိမ့်ကဗျာအစီအစဉ်များနှင့် ကဗျာ့ပန်းတိုင်**

အနုပညာရှင်များသည် ပန်းတိုင်ကိုယ်စီ ရှိကြပါသည်။ မိမိတို့ဦးတည်ရာ ကဗျာခံစားသူများထံသို့ ပေးပို့ပုံချင်းသာ ကွဲပြားခြားနားတတ်ပါသည်။ သုခမိန်လှိုင်၏ အငြိမ့်ကဗျာများသည် အငြိမ့်အနုပညာ၏ကဏ္ဍာ မှေးမှိန်လာမည့်အခြေအနေကို ပြန်လည် အားကောင်းလာစေရန် အထူးရည်ရွယ်ထားဟန် ရှိပါသည်။ အငြိမ့်စာပေ ပုံသဏ္ဍာန်ကို လူးလွန့်ကြည့်ခြင်းလည်း ဖြစ်နိုင်ပုံရပါသည်။ အနုပညာခံစားမှုကို ပေးပို့ရာလမ်းကြောင်းတွင် အငြိမ့်၏အခန်းကဏ္ဍသည်လည်း မှတ်တိုင်တစ်တိုင်အဖြစ် တည်ရှိနေသည်ကို ပြန်လည် သတိထားမိစေရန်ဟူသော ခေတ်ပေါ်ကဗျာဆရာတစ်ဦး၏ စေတနာကို လေးစားဖွယ် တွေ့ရှိရပါသည်။

မြန်မာလူမျိုးတို့သည် အငြိမ့်နှင့်ပတ်သက်၍ သမိုင်းစဉ်တစ်လျှောက် အတွေ့အကြုံ များခဲ့သူများ ဖြစ်ပါသည်။ "ဇာတ်သမားလာလျှင် မှတ်သားစရာပါမည်။ ဇာတ်သမားပြန်လျှင် မှတ်သားစရာကျန်မည်" ဟူသော အဆိုအမိန့်လည်း ရှိသည်။ အငြိမ့်သည် အနုပညာခံစားသူတို့ကိုဆွဲဆောင်ရာ၌ အရေးပါပုံကို ပြန်လည်မြင်ယောင်လာစေရန် ရည်ရွယ်သော သုခမိန်လှိုင်၏ အငြိမ့်ကဗျာများကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။ ပရိသတ်၏ စိတ်ဝင်စားမှုနှင့် စိတ်အားထက်သန်မှုကို "သစ်ပြီ"[၁] ဟူသောကဗျာတွင် —

"အငြိမ့်ရှိတယ်၊ အငြိမ့်ရှိတယ်
မင်းသမီးကဘယ်သူလဲ
လူပြက်တွေကဘယ်သူလဲ
ဆိုင်းဆရာကဘယ်သူလဲ
တေးဆရာဘယ်သူလဲ
တစ်ခါမှမကြားဖူးဘူး
အသစ်တွေ ……
ဟာ ……သစ်ပြီ
ဒီညကြည့်ဖြစ်အောင် ကြည့်မယ်"

ဟူ၍ ရေးသားထားပါသည်။ ပရိသတ်ကို ဆွဲဆောင်နိုင်၏၊ ပရိသတ် စွဲလမ်းစေသောအငြိမ့်တွင် အငြိမ့်မင်းသမီး၊ လူပြက်၊ ဆိုင်းဆရာ၊ တေးဆရာ တို့၏ ညီညွတ်မှု လိုအပ်ပါသည်။ အပေးအယူမျှရန် လိုအပ်ပါသည်။ ညီညွတ်မှုအားကို အငြိမ့်ကဗျာဖြင့်

---

[၁] သုခမိန်လှိုင်၊ ၂၀၁၄၊ ၁၁၁

မြင်သာစေလိုသော ကဗျာ့ပန်းတိုင်သည် ပေါ်လွင်ပါသည်။ ပရိသတ်၏ တောင်းဆိုမှုကို ကဗျာဆရာက အသံဖြင့် ပုံဖော်ထားသည်ဟု ဆိုရပါမည်။ အသစ်ကို လိုလားကြောင်း တွေ့ရသည်။ မင်းသမီး၊ လူပြက်၊ ဆိုင်းဆရာ၊ တေးရေးဆရာ၊ အသစ်အသစ်များကို မျှော်လင့်တတ်ကြသည့်သဘောမှာ ပရိတ်သတ်၏သဘာဝ ဖြစ်ပါသည်။ ဤသဘာဝကို မော်ဒန်ကဗျာဆရာက ထောက်ပြထားသည်ဟု ဆိုရပါမည်။ ဤကဗျာ၏ မူရင်းအဓိပ္ပာယ်သည် "အသစ်တွေ ...... ဟာ ..... သစ်ပြီ။ ဒီညကြည့်ဖြစ်အောင် ကြည့်မယ်" ဟူသော အညွှန်းပြုချက်အရ ပြောင်းလဲမှု ရှိလာသည်ဟု တင်ပြချင်ပါသည်။ မော်ဒန်ကဗျာဆရာ သုခမိန်လှိုင်က သူ့အမြင် သူ့အတွေးကို ဖွင့်ပြောထားခြင်းမရှိပေ။ ဖော်ပြထားခြင်းမရှိ " ..... " များဖြင့် ကဗျာဖတ်သူကို အတွေးပေးထားသည်။ "ဟာ" အာမေဋိတ်အရလည်း ကဗျာဖတ်သူကို လှုံ့ဆော်ထားသည်။ ကဗျာဖတ်သူ၏ ခေတ်အမြင်၊ ခေတ်အတွေးအရ ဤကဗျာကို ဆက်စပ်ပြီး ကဗျာ့အရသာကို ဖော်ထုတ်ရပါသည်။ ထို့ကြောင့် အငြိမ့်ကဗျာအစီအစဉ်များသည် သာမန်အငြိမ့်ကဗျာ သက်သက်မဟုတ် သင်္ကေတအဖွဲ့တစ်ခုဖြစ်သည်ဟု ဆိုချင်ပါသည်။ ခေတ်ပေါ်ကဗျာက သူ့ကဗျာ့ပန်းတိုင်ကို တိုက်ရိုက်မပြော၊ ပရိတ်သတ်ကိုအလုပ်ပေးထားသည်၊ အတွေးပေးထားသည်၊ ဤနည်းသည် ခေတ်ပေါ်ကဗျာများတွင် အတွေ့ရများသော အချက်တစ်ချက်ဖြစ်ပေသည်။ အညွှန်းပြုနှင့် အညွှန်းခံတို့၏ ဆက်စပ်မှုသည် ကဗျာဖတ်သူနှင့် ကဗျာဖန်တီးသူတို့၏ကြား ကွာခြားမှုပေါ်မူတည်၍ နီးခြင်း၊ ဝေးခြင်း၊ များ ရှိနိုင်သည်။ ထိုအခါ ကဗျာ့ပန်းတိုင် ရောက်ခြင်း၊ မရောက်ခြင်းကိစ္စမှာလည်း ဆွေးနွေးစရာများ၊ စဉ်းစားစရာများ ဖြစ်လာနိုင်ပါသည်။ မြန်မာ့ဓလေ့တစ်ခုအနေဖြင့် ရွာလုံးကျွတ် အငြိမ့်ကြည့်ကြပုံကို "အားလုံးအသင့်ပြင်" အငြိမ့်ကဗျာတွင် တွေ့ရပါသည်။

"အငြိမ့်ရှိတယ်
လှည်းနဲ့နွားပြင်
အငြိမ့်ရှိတယ်
ဖျာနဲ့စောင်ပြင်
အငြိမ့်ရှိတယ်
ကွမ်းအစ်နဲ့လက်ဖက်ပြင်
အငြိမ့်ရှိတယ်
ရေနွေးကြမ်းနဲ့မြည်းစရာပြင်
အရီးလေးလည်းမကျန်စေနဲ့

ဘဒွေးလည်းမကျန်စေနဲ့
မိအေးလည်းမကျန်စေနဲ့
အငြိမ့်ရှိတယ်
နှလုံးသာပြင်"

ဟူ၍ ဖြစ်ပါသည်။ အရွယ်မရွေး၊ ကျား၊ မလိင်မရွေး နှစ်သက်စွဲလမ်းသော အငြိမ့်၏ အနုပညာ၏ အတတ်ပညာကို ကဗျာဆရာ၏ ပန်းတိုင်သည် ရုပ်လုံးကြွလာသည်ဟု ဆိုရပါမည်။ အငြိမ့်ကြည့်ပြီး ရရှိလာမည့်နှလုံးသားကို အငြိမ့်၏အကျိုးကျေးဇူး ရလဒ် တစ်ခုအနေဖြင့် ဇာတ်ညွှန်းစာဆိုထားသည်ကို "အငြိမ့်အကြောင်း စာ ၄ကြောင်း" ကဗျာတွင် ဖော်ပြထားပါသည်။

"အငြိမ့်ရှိတယ်
မင်းသမီးလေးကိုတော့ ချစ်တယ်
လူပြက်ကြီးကိုတော့ ကျေးဇူးတင်တယ်
(အော်ပရာမှာ) ပုဏ္ဏားတွေကိုတော့ မုန်းတယ်"

ဟူသော အငြိမ့်ကဗျာတွင် ချစ်စရာတွေ့လျှင် ချစ်တတ်လာစေရန်၊ ကျေးဇူးတင်စရာ တွေ့လျှင် ကျေးဇူး တင်တတ်စေရန်၊ မုန်းစရာတွေ့လျှင် မုန်းတတ်စေရန် လိုပါသည်။ အနုပညာတစ်ခု၏ ရသကို နေရာမှန်မှန် ပေးပို့တတ်ရန်သည် အနုပညာရှင်တို့၏ တာဝန်တစ်ရပ်ဟု ယူဆပါသည်။ ဤတာဝန်ကျေမှသာ ကဗျာ့အရသာကို ပြည့်ပြည့် ဝဝခံစားနိုင်မည် ဖြစ်ပါသည်။ ကဗျာ့အရသာနှင့်ပတ်သက်၍ မောင်သာနိုးက ရှင်းပြ ထားပါသည်။ "အရသာဆိုသည်မှာ စကားလုံးတို့ရဲ့ အသံသွားအသံလာကနေ ဖြစ်ပေါ် လာသည့် ကဗျာရသကို ခံစားရသည့်အရသာ၊ ရှုခင်းရှုကွက်လေးများကို သာမန် ဖော်ကျူးပြရုံ ပြထားသဖြင့် အာရုံမှာ ထင်မြင်ခံစားရသည့်အရသာကို ဆိုလိုသည်။ ကဗျာ၏အရသာကို တင်းပြည့်ခံစားတတ်ရန် ကဗျာထဲက ဖော်ပြထားသော အတွေ့ အကြုံမျိုးကို တကယ်ကိုယ်တွေ့ကြုံဆုံဖူးမှသာ ခံစားနိုင်စွမ်းရှိသည်"[၁] ဟု ဖော်ပြထား ပါသည်။

အငြိမ့်နှင့်ပတ်သက်သော အတွေ့အကြုံရှိသူများအတွက် သုခမိန်လှိုင်၏ အငြိမ့်ကဗျာများသည် ကဗျာမြောက်သည်ဟု ဆိုရပါမည်။ "ကဗျာဆရာဟာ သူတို့ ဘဝ၊ သူတို့ခံစားပုံကို ကိုယ်စားပြုသီကြွေးပြသည်။ ဤနည်းဖြင့် ခေတ်ပေါ် ကဗျာဆရာများသည် ခေတ်ပေါ်ခံစားမှုကို ရေးပြသည်။ ခံစားမှုကို ဝေမျှ မပေးနိုင်

[၁] သာနိုးမောင်၊ ၁၉၉၉၊ ၁၂၂

သောကဗျာများသည် ကဗျာမမြောက်”[၁] ဟူ၍ မောင်သွေးသစ်နှင့် မောင်သာနိုး တွေ့ဆုံမေးမြန်းခန်းတွင် ဖော်ပြထားပါသည်။

သုခမိန်လှိုင်သည် အငြိမ့်၏အသက်သည် ပြက်လုံးဖြစ်ကြောင်းကို “ခေတ်အငြိမ့်”[၂] တွင်–

“အငြိမ့်ရှိတယ်

မင်းသမီးက အင်ဂျလီနာဂျိုလီ

လူပြက်ကြီးနှစ်ယောက်က

ဂျော့ဘုရှ် နဲ့ ဘင်လာဒင်

မရယ်ရလို့

ကျွန်တော်အစောကြီးအိပ်ပျော်တယ်”

ဟူ၍ စပ်ဆိုထားပါသည်။ သုခမိန်လှိုင်သည် အငြိမ့်ကဗျာများကို ရေးသားရာတွင် ရိုးရှင်းသောစကားလုံးများကိုသာ သုံးနှုန်း၍ ပုံဖော်ထားပါသည်။ ကဗျာတွင်သုံးထားသော အညွှန်းပြုများသည် ကဗျာဖတ်သူ၏ အာရုံကို အပြောင်းအလဲဖြစ်စေခဲ့ပါသည်။ အင်ဂျလီနာဂျိုလီ၊ ဂျော့ဘုရှ်နှင့် ဘင်လာဒင်တို့သည် အနုပညာလောကနှင့် နိုင်ငံရေးလောက၌ ထူးခြားသူများဖြစ်ပါသည်။ ကမ္ဘာကျော်ပုဂ္ဂိုလ်များ ဖြစ်ပါသည်။ မတူညီသောလောကမှ ပုဂ္ဂိုလ်ကျော်များကို ကဗျာဖန်တီးသူများက ရှောင်ထွက်လိုဟန်ရှိသည်။ ထို့ကြောင့် သုခမိန်လှိုင်၏ကဗျာ့ ပန်းတိုင်ကို ကဗျာဖတ်သူက အလွယ်တကူမြင်နိုင်ပါသည်။ “လွယ်တာရဲ့နောက်ကွယ်မှာ လေးနက်မှုရှိသင့်တယ်” ဟူသောသဘောကို အငြိမ့်ကဗျာ အစီအစဉ်များ (၂၆–ပုဒ်) ဖတ်ပြီးမှသာ သိမြင်လာနိုင်ပါသည်။ “ကဗျာဆိုတာ ကြည်နူးမှုနဲ့စပြီး ဉာဏ်အသိမှာဆုံးရသည်” ဟူသော ရောဘတ်ဖရော့စ်တ်၏ အဆိုအမိန့်နှင့် ကိုက်ညီမှုရှိသည်ဟု ဖော်ပြလိုပါသည်။

## ၃။ အငြိမ့်ကဗျာများ အစီအစဉ်ဖန်တီးသူနှင့် ခံစားသူတို့၏ ဆက်နွှယ်မှု

ကဗျာတစ်ပုဒ်၏ ကဗျာ့အရသာ၊ ကဗျာ့အလှနှင့် ကဗျာ့ကျေးဇူးကို ဖော်ထုတ်ကြည့်ရာတွင် ကဗျာခံစားသူ၏ အားထုတ်မှုသည် အထူးလိုအပ်သည်ဟုမြင်ပါသည်။ အထူးသဖြင့် ခေတ်ပေါ် ကဗျာများကို လေ့လာရာ၌ ခေတ်ပေါ်ကဗျာဖန်တီးသူတို့၏ တွေးထောင့်ကို စောင့်ကြည့်နိုင်ရမည်ဟု ဆိုလိုချင်ပါသည်။ ခေတ်ပေါ်ကဗျာများတွင်

---

[၁] ယင်း၊ ၆၅

[၂] သုခမိန်လှိုင်၊ ၂၀၁၁၊ ၁၁၀

အလျားလိုက် ပုံသဏ္ဍာန်ထက် ထောင်လိုက်ပုံသဏ္ဍာန်များ၊ အကွက်ဆန်သော အကြောင်းအရာများ၊ ဖြန့်ကြဲထားသော ဒီဇိုင်းများကို သုံး၍ ခွန်အားကောင်းသော၊ သစ်လွင်သော တွေးထောင့်များကို ထည့်သွင်း၍ ကဗျာ့အာနိသင်ကို ထက်မြက်စေတတ်ကြသည်ကို အတွေ့များပါသည်။

သုခမိန်လှိုင်၏ အငြိမ့်ကဗျာများသည် အကွက်ဆန်သော သဘောထက် တွေးထောင့် သစ်လွင်မှုသဘော အားကောင်းကြောင်းကို တွေ့ရပါသည်။ အငြိမ့်ကဗျာတစ်ပုဒ်သည် အငြိမ့်ကွက်တစ်ကွက်သာဖြစ်၍ ကဗျာဖတ်သူက ကဗျာရှင်၏အတွေးကို မြင်နိုင်မည်မဟုတ်ပါ။ အငြိမ့်ကဗျာအစီအစဉ် (ကဗျာ ၂၆ပုဒ်)ကိုဖတ်ပြီး အတွေးစဉ် အမျှင်တန်းကြည့်မှသာ၊ အတွေးဂယက် လင်းလက်နိုင်မှသာ ကဗျာ့အလှနှင့် ကဗျာ့ ကျေးဇူးကို မြင်ယောင်ပြီး ခံစားလာတတ်နိုင်မည်ဟု ယူဆပါသည်။

အနုပညာရှင်၏ ပင်ကိုဆန္ဒမှာ လူ၏ တစ်ယောက်ချင်း လေ့လာသုံးသပ်မှု၊ အာရုံခံစားမှုနှင့် တွေးခေါ်မှုတို့၌ အလေးအနက်ပြုနိုင်သမျှ ပြုကာ ကျယ်ဝန်းသော သူ့ပတ်ဝန်းကျင်၊ အများ၏အကျိုး၊ လူ့အဖွဲ့အစည်းတစ်ခုလုံး၏ဘဝစသည်တို့နှင့် မကင်းကွာဘဲ ရှိနေစေလိုခြင်းဖြစ်ပေသည်။ အနုပညာရှင်များသည် စိတ်ကူးယဉ်နေသောဘဝ၌ မဟုတ်ဘဲ တကယ့်လူပ်ရှားတက်ကြွသောဘဝ၌သာ နေထိုင်လိုကြပေသည်။ လူသည် ဖန်တီးသောဇာတ်ကောင်လောက၌သာ မဟုတ်ဘဲ တကယ့်လူ့လောကကြီးအလယ်၌ အားမာန်နှင့်ဖန်တီးလျက် နေထိုင်လိုကြပေသည်။ ကျွန်ုပ်တို့၏ ဆောင်ပုဒ်မှာ အနုပညာအတွက်ဘဝ မဟုတ်ဘဲ ဘဝအတွက် အနုပညာ ဖြစ်ပေသည်ဟု ကမ္ဘာကျော်ဆိုဗီယက်ရုပ်ရှင်ဒါရိုက်တာ ပူဒေါ့ကင်၏အဆိုအမိန့်ကို ကိုးကား၍ ဒဂုန်တာရာက အနုပညာရှင်၏ရပ်တည်ချက်ကို တင်ပြခဲ့ပါသည်[၁] ဤအဆိုအမိန့်အရ ကဗျာဆရာသည်လည်း အနုပညာရှင်တစ်ဦး ဖြစ်ပေသည်။ အနုပညာရှင်တစ်ဦး ဖြစ်သော ခေတ်ပေါ် ကဗျာဆရာ၏ရပ်တည်ချက်ကို စူးစမ်းရှာဖွေသင့်သည်ဟု ယူဆ၍ သုခမိန်လှိုင်၏ ခေတ်ပေါ်ကဗျာများမှ ကဗျာဆရာ၏ရပ်တည်ချက်ကို စူးစမ်းရှာဖွေခဲ့ပါသည်။

"ကဗျာသည် သူ့ခေတ်ကို ထင်ဟပ်ရန် ကဗျာရေးသူသည် သူနေထိုင်သော လူ့အဖွဲ့အစည်း၏ အသံရှင်ဖြစ်ခဲ့ပေသည်။"[၂] ဟူသော အဆိုအမိန့်အရ လေ့လာတင်ပြလိုခြင်းဖြစ်ပါသည်။

---

[၁] ဘုန်းနိုင်၊ တက္ကသိုလ်၊ ၁၉၉၄၊ ၄၆။

[၂] တာရာ၊ ဒဂုန်၊ ၁၉၇၄၊ ၁၄၁။

"အနုပညာသည် အနုပညာအတွက်"၊ "အနုပညာသည်ပြည်သူ့အတွက်"၊ "အနုပညာသည် မည်သူ့အတွက် မဟုတ်"၊ "အနုပညာသည်ဘဝအတွက်" စသည့် ရပ်တည်ချက်များဖြင့် ရပ်တည်ခဲ့ကြသော စာပေအနုပညာရှင်များ ခေတ်အဆက်ဆက် ရှိခဲ့ကြပါသည်။ ဤစာတမ်းတွင် ခေတ်ပေါ်ကဗျာ ဆရာတစ်ဦး၏ဖန်တီးပုံကို ပေါ်လွင် စေလိုသောရည်ရွယ်ချက်ကြောင့် ဤကဏ္ဍကို တစ်စိတ်တစ်ပိုင်းမျှသာ တင်ပြခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် သုခမိန်လှိုင်၏ခေတ်ပေါ် ကဗျာများသည် အဘိဓမ္မာရှိသော ကဗျာဖြစ်ပါသည်ဟု သုံးသပ်လိုပါသည်။ အဘိဓမ္မာတစ်ခုခုဖြင့် ရည်ညွှန်းနေသော ခေတ်ကို ပေါ်လွင်စေရန် ကြိုးစားပြီးဖော်ပြနေသော အနုပညာရှင်တစ်ဦးအဖြစ်ခံယူပြီး၊ ရပ်တည်ပြီး ခေတ်ပေါ်ကဗျာများကို ဖန်တီးထားသည်ဟု ယူဆပါသည်။

သုခမိန်လှိုင်သည် သူကြုံတွေ့ရသောခေတ်တွင် အငြိမ့်သဘင်၏ အာနိသင် လျော့ပါးလာမှုကို၊ ပြောင်းလဲလာမှုကို ဖော်ပြနိုင်ခဲ့သော ခေတ်ပေါ်ကဗျာတစ်ဦး ဖြစ်သည်ဟု ဆိုချင်ပါသည်။ သူ့ခေတ်၏အသံကို ကဗျာဖတ်သူတို့အား ကြားယောင် စေခဲ့ပါသည်။ အငြိမ့်သဘင်နှင့်ပတ်သက်သော ခေတ်ပေါ်ကဗျာများ အတွေ့ရနည်း ပါသည်။ ထိုကွက်လပ်ကို သုခမိန်လှိုင်၏ အငြိမ့်ကဗျာအစီအစဉ်က ဖြည့်စွက် ဖော်ပြ နိုင်ခဲ့ပါသည်။ ထို့ကြောင့် အတွေးသစ်ဖြင့် ဖန်တီးထားသော အငြိမ့်ကဗျာများသည် ကဗျာဖန်တီး သူ၏ စေတနာနှင့်ကဗျာ့အလှကို ပေါ်လွင်စေသည်။ ခေတ်ပေါ်ကဗျာ လောကကို အလှဆင်အသက်ဝင်စေမည့် ကဗျာ့အရသာ ထက်မြက်သော ကဗျာများ ဖြစ်သည်ဟု ဖော်ပြလိုပါသည်။

## ခြုံငုံသုံးသပ်ချက်

ခေတ်ပေါ်(မော်ဒန်)ကဗျာဆရာ သုခမိန်လှိုင်၏ ကဗျာအတွေး၊ ကဗျာ့အလှနှင့် ကဗျာ့ကျေးဇူးကို ပေါ်လွင်စေရန် အငြိမ့်ကဗျာအစီအစဉ်များကို လေ့လာတင်ပြခဲ့ ပါသည်။ မြန်မာ့အငြိမ့်နှင့် ပတ်သက်၍ စေတနာသက်ရောက်ခဲ့သော ခေတ်ပေါ်ကဗျာ ဆရာတစ်ဦး၏ အနုပညာလက်ရာများသည် မြန်မာကဗျာဖွံ့ဖြိုးတိုးတက်ရန် အကျိုးပြု ကဗျာများဟု သုံးသပ်လိုပါသည်။

အငြိမ့်ပွဲတစ်ပွဲ၏ အင်္ဂါရပ်များကို ပြည့်စုံအောင် တို့ထိသွားသော ခေတ်ပေါ် ကဗျာတစ်ရပ်အတွေးစဉ်နှင့် စေတနာကို လေးစားဖွယ် တွေ့မြင်နိုင်ပါသည်။ "အငြိမ့်ရှိ တယ်၊ ကျွန်တော် ဒီလိုကဗျာဖွဲ့တယ်၊ အများကြီး မရည်ရွယ်ပါဘူး။ နည်းနည်းပါးပါး ပျော်ရုံလောက်ပါ။ နည်းနည်းပါးပါး လွမ်းရုံလောက်ပါ။ ဒါမှ တစ်ဖက်နှင့်တစ်ဖက် ကူညီနိုင်မှာလေ" ဟူသော ကဗျာ့ပန်းတိုင်ကို မြင်အောင် ပုံဖော်နိုင်ခဲ့သည်ဟု ဆိုချင်ပါ

သည်။ ကဗျာဆရာ၏ခေတ်မှာ ထင်ရှားခဲ့သော အငြိမ့်ပညာရှင်များကို လေးစားစွာ ဖော်ပြသီကုံးထားခြင်းသည် ခေတ်ပေါ်ကဗျာဖတ်သူများနှင့် ရင်းနှီးမှုကို ဖြစ်စေပြီး ကဗျာ့အရသာကို ထက်မြက်စေသည်ဟု ယူဆပါသည်။ မြို့တော်ပေါစံ၊ ဓာတ်ဆီ၊ ဓာတ်ဆံ၊ လေဘာတီမြရင်၊ ရွှာစားကြီးစိန်ဗေဒါ၊ နန်းရှေ့ ဆရာတင် စသည့် ပညာရှင်များသည် မြန်မာ့အငြိမ့်လောက၌ မှတ်တိုင်အဖြစ် ထင်ရှားစွာ ချန်ရစ်ခဲ့သူများ ဖြစ်ပါသည်။

အငြိမ့်ပွဲအစ ကုက္ကိုလ်ပင်ထိပ်ဖျားမှ လော်စပီကာကြီးနှင့် အကျယ်ကြီးအော်ပုံ၊ ရွာလုံးကျွတ် ပွဲသွားရန် ပြင်ဆင်ထားကြပုံ၊ အငြိမ့်ပွဲဈေးတန်း၌ ကောက်ညှင်းကျည်တောက်၊ ရေမုန့်၊ မုန့်လေပွေ၊ မိုးပျံရဟတ်၊ ဆေးမင်ကြောင်ထိုးသံတို့ကို မြင်ရကြားရပုံ၊ လူပြက်ကြီးများ ပြက်လုံးထုတ်ပုံ အနုပညာပါ၍ နှလုံးသားမှာ ငြိခဲ့ပုံ အလယ်၊ အငြိမ့်ပြီး၍ အပျော်များကျန်ခဲ့ပုံအဆုံး ကဗျာဖတ်သူမြင်ယောင် ကြားယောင်အောင် တင်ပြနိုင်ခဲ့၍ ကဗျာ့ကျေးဇူး ပေါ်လွင်ခဲ့သည်ဟု ထင်မြင်ပါသည်။

အငြိမ့်ပွဲ၏ အာနိသင်ကြီးမားပုံကို သုခမိန်လှိုင်က ခံစားမှုအားလုံးများသုံး၍ တင်ပြခဲ့ပါသည်။ "နှပ်ျိုခြင်းများရှိရာ"၊ "ရယ်မောခြင်းကြွက်သားများရှိရာ"၊ "မကုန်မခန်းခွန်အားများရှိရာ"၊ "ရယ်မောစရာတွေနဲ့ တန်ဆာဆင်ရာ"၊ ဟူ၍ တင်စားထားပါသည်။ ဆိုင်းသံဗုံသံကြားရ၍ နေကောင်းစေရန် မင်းသမီးလေးလှ၍ စိတ်ချမ်းသာစေရန် လူရွှင်တော် ရယ်ရ၍ပျော်စေရန် အငြိမ့်က စွမ်းဆောင်နိုင်ပါသည်။ ဤမြန်မာ့အငြိမ့် ပျောက်ကွယ်သွားမှာကို စိုးရိမ်သော ခေတ်ပေါ်ဆရာတစ်ဦး၏ ကဗျာ့အတွေးသည် မြန်မာကဗျာများ ဆက်လက်ရှင်သန်စေရန် အာနိသင်ရှိသည်ဟု သုံးသပ်လိုပါသည်။

သုခမိန်လှိုင်သည် အငြိမ့်ကဗျာအစီအစဉ်ကို ရေးဖွဲ့ရာတွင် ရိုးရှင်းသော စကားအသုံးအနှုန်းကို သုံးနှုန်း၍ ဖွဲ့ဆိုထားသည်။ အသံစီးဆင်းမှုသည် သွက်လက်၍ နရီစည်းဝါး မိသည်။ အသံပြေပြစ်မှုရှိပြီး နားဝင်ချို၍ အလွယ်တကူမှတ်မိစေသည်။ အငြိမ့်ပွဲတစ်ပွဲကြည့်ပြီး ကျေနပ်သွားရသကဲ့သို့ ခံစားနိုင်ပါသည်။ တွေ့ကြုံခဲ့ရသော အငြိမ့်ပွဲများကို ပြန်လည်မြင်ယောင်လာစေနိုင်ပါသည်။ ထို့ကြောင့် စကားလုံးများနှင့် ကပြဖျော်ဖြေသွားခဲ့သော အငြိမ့်ကဗျာစုများဟု တင်စားချင်ပါသည်။

## နိဂုံး

အနုပညာဖန်တီးသူနှင့် ခံစားသူတို့၏ ဘဝအတွေ့အကြုံ ကွာဟမှု နည်းသည်နှင့်အမျှ ထိုအနုပညာ၏သက်တမ်း ပိုရှည်တတ်ပါသည်။ ဂန္ထဝင်မြောက်သောခေတ်ပေါ်ကဗျာများကို မှတ်တိုင်အဖြစ်စိုက်ထူနိုင်၍ မြန်မာ့ကဗျာလောက ရနံ့သင်းနိုင်ပါတော့မည်ဟူ၍ ယုံကြည်ပါသည်။

## ကျမ်းကိုးစာရင်း


စိန်ဝင်း၊ လူထု။ ၁၉၉၉။ ***မော်ဒန်လက်ဖက်ရည်ပန်းကန်ထဲကမုန်တိုင်းငယ်နှင့် အခြား ဆောင်းပါးများ***။ မိုးယံစာပေ၊ ရန်ကုန်မြို့။

ဇော်ဇော်အောင်၊ ၂၀၀၄။ ***ဇော်ဇော်အောင်ဖတ်စာ***။ စိတ်ကူးချိုချိုစာပေ၊ ရန်ကုန်မြို့။

မင်းခက်ရဲ၊ ၂၀၀၅။ ***မော်ဒန်စာပေဝေဖန်ရေးနှင့်သီအိုရီ***။ ကြည်ကြည်မာစာပေ၊ ရန်ကုန်မြို့။

သာနိုး၊ မောင် ။ ၁၉၉၉ (က) ***တောမျော်ရုံလမ်း၊*** အရှေ့မိုးကောင်းကင်စာပေ၊ ရန်ကုန်မြို့။

သာနိုး၊ မောင်၊ ၁၉၉၉ (ခ) ***ခေတ်ပေါ်အချစ်၊ ခေတ်ပေါ်ကဗျာ***။ တော်ဝင်ပုံနှိပ်တိုက်၊ ရန်ကုန်မြို့။

မျိုးသန့်။ ၂၀၁၇။ ***ခေတ်ပေါ်ကဗျာနှင့် စိမ်းစိုသောလမ်းကလေး***။ နှစ်ကာလများစာပေ၊ ရန်ကုန်မြို့။

တာရာ၊ ဒဂုန်။ ၁၉၇၄။ ***စာလုံး၊ ဆေးစက်၊ စောင်းကြိုးနှင့်ကတ္တီပါကာလိပ်***။ တောက်တောက်ဝင်းပုံနှိပ်တိုက်၊ မန္တလေးမြို့။

တာရာ၊ ဒဂုန်။ ၂၀၀၉။ ***ကဗျာဆရာ၊ ကဗျာအယူအဆနှင့် ကဗျာရေးခြင်း***။ မန်းချောင်း လရောင်စာအုပ်တိုက်၊ မန္တလေးမြို့။

သုခမိန်လှိုင်၊ ၂၀၁၄။ ***ရာဇဝင်***။ စိတ်ကူးချိုချိုစာပေ၊ ရန်ကုန်မြို့။

အောင်မြတ်ဌေး၊ ၂၀၁၃။။ ***မော်ဒန်နှင့်ခေတ်ပြိုင်အနုပညာဆန်းစမ်းစစ်လှေ့လာချက်များ***။ စိတ်ကူးချိုချိုစာပေ၊ ရန်ကုန်။

*J. Myanmar. Acad. Arts Sci. 2018* **Vol. XVI. No. 6A**

# ရတနာပုံဆရာဉ၏ မင်းကုသကွက်စိပ်အပြောက်အမွမ်း

အောင်မင်းနိုင် *

**စာတမ်းအကျဉ်း**

ဤစာတမ်းသည် ရတနာပုံဆရာဉ၏ မင်းကုသကွက်စိပ် အပြောက်အမွမ်းကို လေ့လာတင်ပြထားသော စာတမ်း ဖြစ်ပါသည်။ တိမ်မြုပ်ပျောက်ကွယ်လု ဖြစ်နေသော ကွက်စိပ်စာပေကို လေ့လာလျှင် ဖြစ်နိုင်မည့်လေ့လာနည်းတစ်ခုကို ဖော်ထုတ်တင်ပြရန် ရည်ရွယ်ချက်ဖြင့် ဤစာတမ်းကို ပြုစုပါသည်။ ဆရာဇော်ဂျီက ပျို့ကဗျာကို အပြောက်အမွမ်းသဘောဖြင့် လေ့လာပြီး၊ ပျို့စာဆို၏ စွမ်းရည်ကို ဖော်ထုတ်ပြခဲ့ပါသည်။ ဆရာဇော်ဂျီ၏ အပြောက်အမွမ်းနည်းဖြင့် ကွက်စိပ်စာပေကို လေ့လာပြီး ကွပ်စိပ်စာဆိုတို့၏ စွမ်းရည်ကို လေ့လာအကဲဖြတ်နိုင်စေရန် ဤစာတမ်းက အထောက်အကူ ပြုနိုင်လိမ့်မည်ဟု ဆိုချင်ပါသည်။

**သော့ချက်ဝေါဟာရများ**။ ။ ကွပ်စိပ်၊ အဖြူထည်၊ အပြောက်အမွမ်း၊ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသ နောက်ခံ

## နိဒါန်း

အပြောက်အမွမ်းဟူသောဝေါဟာရသည် စာပေလေ့လာမှုနယ်ပယ်သို့ ဝင်ရောက်ခဲ့သည်မှာ ဆရာဇော်ဂျီ၏ အားထုတ်လေ့လာမှုကြောင့်ဖြစ်ကြောင်း စာပေပညာရှင်များက မိန့်ဆိုကြပါသည်။ ဆရာဇော်ဂျီက ဥမ္မာဒန္တီပျို့ကို အမှာစာရေးရင်း ပျို့လေ့လာနည်းအသစ်တစ်ခုကို ဖော်ထုတ်ခဲ့သည်ကိုလည်း တွေ့ရပါသည်။ ဆရာဇော်ဂျီက ပျို့သည် အများအားဖြင့် ဘုရားဟောဇာတက၊ ဝတ္ထု၊ နိပါတ်များကို ဖွဲ့ဆိုကြခြင်းဖြစ်၍ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံဝန်းကျင်များကို အထူးကြံစည်စိတ်ကူးစရာမလို၊ ရှိပြီးသားဇာတ်လမ်းဇာတ်ဆောင်၊ ကာလဒေသဝန်းကျင်အဖွဲ့တို့ကို ပင် ကဗျာအလင်္ကာများဖြင့် ရေးဖွဲ့ကြခြင်းဖြစ်ကြောင်း ဦးစွာရှင်းပြသည်။

> "နိပါတ်ဇာတ်ဝတ္ထုကို ဖွဲ့လေ့ရှိသော ပျို့စာဆိုသည် အထက်ဆိုခဲ့သည့်အတိုင်း မိမိဖွဲ့သောပျို့အတွက် ဇာတ်လမ်းကို လည်းကောင်း၊ ဇာတ်လိုက်ကိုလည်းကောင်း၊ ကာလဒေသကိုလည်းကောင်း၊ မူလ

* ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

ဇာတ်ဝတ္ထုမှရပြီး ဖြစ်သည်။ ထိုအခါ ပျို့စာဆို၏ တာဝန်တစ်ခု သည် ရပြီးဖြစ်သော ဇာတ်လမ်း၊ ဇာတ်လိုက်၊ ကာလဒေသတို့ကို တန်ဆာဆင်ရန်ဖြစ်သည်။ အဖြူထည်ကို အပြောက်အမွမ်း ဖြစ်အောင်ပြုသကဲ့သို့ ဖြစ်သည်။ အဖြူထည်ဟူသော စကားနှင့် အပြောက်အမွမ်း ဟူသောစကားတို့သည် ယေဘုယျအားဖြင့် ပန်းပုဆရာတို့၏ လက်သုံးစကားများ ဖြစ်သည်။ အချို့သော ဘုရားတန်ဆောင်းတို့၌ သစ်သားမုတ်တုရင်များသည် အရုပ် ကနုတ် မပါသောတုရင်များဖြစ်၍ အဖြူထည်တုရင်ဟု ခေါ်တတ်ကြသည်။ အချို့တုရင်များသည် အရုပ်ကနုတ်ပါသော တုရင်များဖြစ်၍ ထိုတုရင်မျိုးကို အပြောက်အမွမ်းတုရင်ဟု ခေါ်တတ်ကြသည်။ ပျို့စာဆိုအဖို့မှာ မူလဇာတ်ဝတ္ထုသည် အဖြူထည်ဖြစ်သည်။ ပျို့စာဆိုကောင်းသည် ထိုအဖြူထည်ကို အပြောက်အမွမ်းဖြစ်လာအောင် ဖွဲ့ဆိုတတ်သည်။"[၁]

မူလရှိပြီးဖြစ်သော ဇာတ်လမ်း၊ ဇာတ်ဆောင်ကာလဒေသဝန်းကျင်ကို စာဆို၏ စိတ်ကူး ဖြည့်စွက်ပြီး အဖြူထည်ကို အပြောက်အမွမ်းပြုရသောသဘောကို ပျို့စာဆို၏ ဉာဏ်ရည်ဉာဏ်သွေးအဖြစ် ဆရာဇော်ဂျီက လေ့လာပြခြင်းဖြစ်ပါသည်။

ရတနာပုံဆရာဥ၏ မင်းကုသကွက်စိပ်ကို ဖတ်ရသောအခါ ဆရာဇော်ဂျီ၏ အဆိုအမိန့်နှင့် လေ့လာနည်းကိုသတိရမိပြီး ကွက်စိပ်စာပေကို အပြောက်အမွမ်း ရှုထောင့်မှ လေ့လာကြည့်လိုသည့်ဆန္ဒများ ပေါ်ပေါက်လာပြီး ယခုစာတမ်းကို ပြုစုခြင်း ဖြစ်ပါသည်။

ပျို့နှင့်ကွက်စိပ်သည် ဘုရားဟော နိပါတ်ဇာတ်ဝတ္ထုမှ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံကိုယူ၍ ရေးကြခြင်းဖြစ်သည်။ ပျို့က ကဗျာစပ်ထုံးဘက်ကို အလေးမူပြီး၊ ကွက်စိပ်က လင်္ကာစပ်စကားပြေဘက်ကို အလေးမူထားခြင်းသာ ကွာခြားပါသည်။ ထို့ကြောင့် ပျို့ကို အပြောက်အမွမ်းရှုထောင့်မှလေ့လာသကဲ့သို့ ကွက်စိပ်ကိုလည်း အပြောက်အမွမ်းသဘောဖြင့် လေ့လာကြည့်ရန် အားထုတ်ရင်း ဤစာတမ်း ဖြစ်ပေါ်လာရပါသည်။

---

[၁] ဇော်ဂျီ၊ ၁၉၇၈၊ ၃။

စာတမ်း၏ အချိန်အတိုင်းအတာအရ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလ ဒေသနောက်ခံ တို့ကို တစ်ခန်းချင်းအသေးစိတ်မဖော်ပြနိုင်ဘဲ၊ ကောင်းကွက်လှကွက် အနည်းငယ်သာ ထုတ်နုတ်ပြီး လေ့လာ တင်ပြနိုင်ပါသည်။ မင်းကုသကွက်စိပ်သည် အကျယ်လေ့လာလျှင် အပြောက်အမွှမ်း တစ်ခုတည်းနှင့်ပင် ကျမ်းတစ်စောင် ဖြစ်နိုင်ကြောင်း တွေ့ရှိရပါသည်။ ဤစာတမ်းသည် မင်းကုသ ကွက်စိပ်အပြောက်အမွှမ်း လေ့လာချက်နိဒါန်းမျှသာ မှတ်ယူစေလိုပါသည်။

## ၁။ ကွက်စိပ်ဟူသည်

ကွက်စိပ်၏ အဓိပ္ပာယ်ကို ခရီးဆောင်မြန်မာအဘိဓာန်တွင်၊

"ရှေးဟောင်းပုံပြင်စသည်မှ ဇာတ်ဆောင်အမျိုးမျိုး၏ ဟန်အမူအရာ အသံနေအသံထားဖြင့် တစ်ယောက်တည်းက သရုပ်ဖော်ရွတ်ဆို ဟောပြောချက်။" [၁]

ဟု အနက်အဓိပ္ပာယ်ဖွင့်ဆိုပါသည်။

"မြန်မာကွက်စိပ်စာပေ" စာတမ်းကိုပြုစုသူ ဒေါက်တာအောင်မြင့်ဦးက

"ကွက်စိပ်သည် အသံနေ၊ အသံထားအမျိုးမျိုးဖြင့် အကွက်စိပ်ဟော ပြောသည့် ပြောဆိုချက်တစ်ရပ် ဖြစ်သည်။ ကွက်စိပ်သည် အပြော မှုဖြစ်သည်။ တစ်နည်းအားဖြင့် အပြောပုံသဏ္ဌာန်တစ်မျိုး ဖြစ်ပါသည်။ "[၂]

ဟူ၍ ကွက်စိပ်သည် အပြောပုံသဏ္ဌာန်တစ်မျိုးဖြစ်ကြောင်း ဖွင့်ဆိုပြပါသည်။

ကွက်စိပ်၏ မူလအစသည် ဟောစာဖြစ်ပြီး ဟောစာ၏ မူလအစမှာ သာချင်းဖြစ်ကြောင်းလည်း ဒဂုန်နတ်ရှင်က ဤသို့မိန့်ပါသည်။

"ခေတ်ဟောင်းက သီချင်းများတွင် အပါအဝင်ဖြစ်သော သာချင်း၏ ရေးသားပုံ၊ ပြောဟောပုံတို့ကို အရသာပေါ်အောင် ဖတ်ရှုလေ့လာ ခဲ့ကြ သော ခေတ်အဆက်ဆက်စာဆိုများသည် အဆိုပါ သာချင်း

[၁] ခရီးမြန်ဘီ၊ ၂၀၁၃၊ ၃၆။

[၂] အောင်မြင့်ဦး၊ ၂၀၁၆၊ ၂၄၇။

> ဟောစာများကို ခံယူ၍ ဆက်လက် ရေးသားခဲ့သည်မှာ များစွာပင် ဖြစ်ပါသည်။ ဦးပုည၏ ဥပကနှင့် ဆာဝါဟောစာသည် ယခုခေတ်တိုင်အောင် ထင်ရှားလျက်ရှိနေသည်။ ဟောစာများကို နောက်ပိုင်းခေတ်တွင် စာပြောဆရာများက (ကွက်စိပ်ဆရာ) အာဂုံကျက်မှတ်၍ ဟောပြောခဲ့ရာ ကွက်စိပ်ဟောပွဲ သဘင်များကို ယခုတိုင် တွေ့မြင်ကြားသိနိုင်ကြပါသည်။”[၁]

သာချင်းကို လေ့ကျင့်ရွတ်ဆိုရင်း စာဟန်ထက်အပြောဟန်ကဲလာပြီး ဟောစာဖြစ်လာသည်။ ထိုဟောစာကို စာပြောဆရာများက အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် ပြန်လည်ဟောပြောခြင်းကို ကွက်စိပ်ဟောသည်။ ထိုသို့ဟောပြောရန် ကြိုတင် ရေးသားထားသည့်စာကို ကွက်စိပ်စာပေဟုဆိုလိုကြောင်း သိမြင်မှတ်သားရပါသည်။

ရတနာပုံဆရာဥသည် မန်းရတနာပုံခေတ် မင်းတုန်းမင်းတရားကြီး လက်ထက်မှစ၍ ရတနာပုံနေပြည်တော်တွင် စာဟောဆရာ (ကွက်စိပ်ဆရာ) အဖြစ်ထင်ရှားခဲ့ကြောင်းသိရပါသည်။ ဇာတ်မင်းသားဦးဖိုးစိန်ကြီးက ဆရာဥ၏ အဟောအပြောစွမ်းရည်ကို နှစ်သက်သဖြင့် ဆရာဥထံ တပည့်ခံပြီး သင်ယူဖူးကြောင်းလည်း အမှတ်အသားရှိပါသည်။

မင်းကုသကွက်စိပ်တွင် ရတနာပုံဆရာဥ၏စွမ်းရည်ကို အကဲခတ်နိုင်ရန် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံများအပေါ် စာဆိုစိတ်ကူးဖြင့် အပြောက်အမွမ်းပြုခဲ့ပုံကို လေ့လာ တင်ပြသွားပါမည်။

## ၂။ ကုသဇာတ် ဇာတ်လမ်းအကျဉ်း

မလ္လတိုင်း ကုသဝတီပြည်တွင် ဩက္ကာကရာဇ်မင်းကြီးနှင့် မိဖုရားသီလဝတီတို့သည် သားသမီး မထွန်းကားသဖြင့် သားဆုတောင်းရာ သိကြားမင်း ဆုပေးသဖြင့် ကုသမင်းသားနှင့် ဇယမ္ပတိမင်းသား ဟူသော သားတော်နှစ်ပါး ရရှိခဲ့သည်။ အစ်ကိုကြီး ကုသမင်းသည် ဘုန်းတန်ခိုးကြီးပြီး အရုပ်ဆိုးသည်။ ညီငယ်ဇယမ္ပတိသည် ဘုန်းကံနည်းသော်လည်း ရုပ်ရည် ချောမောလှပသည်။

---

[၁] နတ်ရှင်၊ ဒဂုန်၊ ၁၉၆၇၊ ၄၉၊ ၅၀။

ကုသမင်းသား (၁၆)နှစ်အရွယ်တွင် ထီးနန်းလွှဲလိုသဖြင့် မိဖုရားအရာခိုင်းရာ ကုသမင်းသားက အလွန်လှပသော ရွှေသားရုပ်တုကိုပြုလုပ်ပြီး ရွှေရုပ်လိုချောမောသူကို ရှာဖွေရာ မဒ္ဒရာဇ်တိုင်း၊ သာဂလမြို့တွင် မဒ္ဒရာဇ်မင်း၏ သမီးတော်ရှစ်ပါးအနက် အကြီးဆုံးသမီးတော် ပဘာဝတီကိုတွေ့ပြီး ကုသမင်းနှင့် ပဘာဝတီ လက်ဆက်ကာ ထီးနန်း စိုးစံခဲ့သည်။ ကုသမင်း၏မယ်တော်က သားဖြစ်သူရုပ်ဆိုးသည်ကို ပဘာဝတီ မြင်လျှင် ငြင်းပယ်မည်ကိုစိုး၍ မိမိတို့အမျိုး၌ သားသမီးမရရှိသေးမီ လင်မယားချင်း နေ့အခါ၌ မြင်တွေ့ခွင့်မရှိကြောင်း ပြောဆိုထားသဖြင့် ကုသမင်းနှင့် ပဘာဝတီသည် တစ်ဦးနှင့်တစ်ဦး မမြင်ဖူးကြချေ။

ကုသမင်းသည် ပဘာဝတီကိုမြင်တွေ့လိုသဖြင့် မယ်တော်ထံ ခွင့်တောင်းရာ မယ်တော်က ဆင်တင်းကုပ်၌ခေါ်ပြစဉ် ကုသမင်းက ပဘာဝတီကို ဆင်ချေးတုံးဖြင့် ပေါက်သည်။ နောက်တစ်ကြိမ် မြင်းတင်းကုပ်တွင်လည်း မြင်းချေးတုံးဖြင့် ပေါက်သည်။

တဖန် ပဘာဝတီက ကုသမင်းကို မြင်လိုသည်ဟု ပူဆာသဖြင့် မယ်တော် မိဖုရားကြီးက ညီတော် ဇယမ္ပတိကို ဘုရင်အရာထား၍ ကုသမင်းကို ဆင်ထိန်းအဖြစ် နောက်တော်မှ လိုက်စေသည်။ ဆင်ထိန်း (ကုသမင်း)သည် ပဘာဝတီကို လက်ဟန် အမူအရာဖြင့် လှောင်ပြောင်ခဲ့သည်။

ကုသမင်းသည် ပဘာဝတီကို ထပ်မံမြင်တွေ့လိုသဖြင့် တွေ့ခွင့်တောင်းရာ မယ်တော်က ကုသမင်းကို မင်္ဂလာရေကန်မှစောင့်ခိုင်းပြီး၊ ပဘာဝတီကို ရေကန်ရှိရာသို့ ခေါ်ဆောင်လာခဲ့သည်။ ပဘာဝတီ ကန်အတွင်းဆင်း၍ ကြာပန်းခူးချိန်တွင် ကုသမင်းက ကြာရွက်အောက်မှ ထွက်ပြီး လက်ကိုဆွဲထားသည်။ ပဘာဝတီသည် ကုသမင်း၏ ရုပ်လက္ခဏာကိုမြင်ပြီး သတိမေ့မျောသွားခဲ့သည်။ သတိရလာသောအခါ မိမိအထိန်းတော် ဥဇ္ဇာကိုခေါ်ပြီး သာဂလပြည်သို့ ပြန်လာခဲ့သည်။

ကုသမင်းသည် ပဘာဝတီရှိရာ သာဂလပြည်သို့ သိကြားမင်း ပေးသော စောင်းတော်ကိုပိုက်၍ လိုက်လာခဲ့သည်။ ဆင်တင်းကုပ်မှနေ၍ စောင်းတီးလျှင် ကုသမင်းလိုက်လာမှန်း ပဘာဝတီက သိသည်။ ကုသမင်းသည် ပဘာဝတီကိုမြင်ရမည့် နည်းလမ်းကိုရှာရင်း ရှေးဦးစွာ အိုးထိန်းသည်ထံရောက်ပြီး အိုးလုပ်ကာ ပဘာဝတီထံ

ဆက်သည်။ အိုးတွင်ထုခတ်ထားသော ရုပ်ပုံများကိုကြည့်၍ ကုသမင်းလက်ရာမှန်း သိသဖြင့် ပဘာဝတီက လက်မခံခဲ့ပေ။

ကုသမင်းသည် အိုးဖိုမှထွက်၍ ဖျာတော်ဆက်ထံရောက်ပြီး ဖျာရက်၍ ပဘာဝတီထံဆက်ပြန်သည်။ ဖျာပါရုပ်ပုံများကိုကြည့်၍ ပဘာဝတီက ကုသမင်း လက်ရာမှန်းသိ၍ လက်မခံပေ။ ကုသမင်းသည် နောက်ဆုံး၌ စားတော်ချက်ထံ ရောက်ပြီး စားတော်အမျိုးမျိုးကို ချက်ပြုတ်၍ ပဘာဝတီထံ မိမိကိုယ်တိုင်ထမ်းပြီး သွားပို့သည်။ ပဘာဝတီက အတွေ့မခံသောအခါ အိုးခွက်များကို ပစ်ချပြီး ချော်လဲ ဟန်ဆောင်သည်။ ပဘာဝတီထွက်လာသောအခါ တံတွေးကို ခံတွင်း အပြည့်ငုံပြီး ပဘာဝတီ၏ မျက်နှာကိုထွေးသည်။ ပဘာဝတီ စိတ်ဆိုးနာကြည်းသွားပြီး ကုသမင်း ကို အတွေ့မခံတော့ပေ။

ကုသမင်းသည် ပဘာဝတီနှင့် နီးစပ်အောင် ကြိုးစားခဲ့ရာ ခုနစ်လကြာမြင့်ခဲ့ သော်လည်း မနီးစပ်နိုင်ခဲ့ပေ။ ထို့ကြောင့် လက်လျှော့ပြီး ကုသဝတီပြည် ပြန်ရန် ဆုံးဖြတ်လေသည်။ ထိုအခါမှ သိကြားမင်းသိသွားပြီး တမန်ယောင်ဆောင်ကာ ခုနစ် ပြည်ထောင်မင်းတို့အား ပဘာဝတီကို လာရောက် သိမ်းယူရန် သတင်းပါးခဲ့သည်။ မဒ္ဒရာဇ်မင်းကြီးလည်း အကြံရခက်ပြီး သမီးတော် ပဘာဝတီကို ခုနစ်ပိုင်းပိုင်း၍ ခုနစ်တိုင်းဝေရန် အမိန့်ချခဲ့သည်။

ပဘာဝတီသည် သေဘေးကိုကြောက်ပြီး မယ်တော်ထံသွားရောက် လျှောက် ထားရာ မယ်တော်က ဤကိစ္စသည် ကုသမင်းသာ စွမ်းဆောင်နိုင်ကြောင်းပြောပြီး စားတော်ချက်ထံတွင်ရှိသော ကုသမင်းကိုဝန်ချတောင်းပန်ရန် ပဘာဝတီအား စေလွှတ် ခဲ့သည်။ ပဘာဝတီ၏ ကြည်ဖြူမှုကို ရသောအခါ ကုသမင်းသည် စစ်ဝတ်တန်ဆာဖြင့် ထွက်တိုက်ရာ ခုနစ်ပြည်ထောင်မင်းများကို အရှင်ဖမ်းဆီးနိုင်ခဲ့သည်။ မင်းခုနစ်ပါးအား မသတ်ဘဲ ပဘာဝတီ၏ ညီအစ်မခုနစ်ယောက်နှင့် လက်ဆက်စေကာ တိုင်းပြည် အသီးသီးသို့ ပြန်စေသည်။ ကုသမင်းနှင့် ပဘာဝတီလည်း ပြန်လည် ပေါင်းဖက်ကာ ကုသဝတီ ပြည်သို့ပြန်၍ ထီးနန်းစိုးစံခဲ့လေသည်။

**၃။ မင်းကုသကွက်စိပ်အပြောက်အမွမ်း**

မန်းရတနာပုံနေပြည်တော်ခေတ်တွင်ထင်ရှားခဲ့သော ကွက်စိပ်ဆရာ ရတနာပုံ ဆရာဥ၏ မင်းကုသ ကွက်စိပ် အပြောက်အမွမ်းသဘောကို ဇာတ်လမ်းအပြောက် အမွမ်း၊ ဇာတ်ဆောင်အပြောက်အမွမ်း၊ ကာလဒေသနောက်ခံဝန်းကျင် အပြောက်အမွမ်း ဟူ၍ ကဏ္ဍသုံးခုခွဲ၍ လေ့လာတင်ပြပါမည်။

မူလဇာတ်ဝတ္ထုအဖြစ် ညောင်ကန်ဆရာတော်၏ ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု၊ သတ္တတိနိပါတ်လာ ကုသဇာတ်ကို အရင်းမူလပြု၍ ထိုဇာတ်အပေါ်တွင် ကွက်စိပ်စာဆို၏ စိတ်ကူးညဏ် ကွန့်မြူးကာ အပြောက်အမွမ်းပြုခဲ့ပုံများကို လေ့လာတင်ပြထားပါသည်။

## ၃၊၁။ ဇာတ်လမ်းအပြောက်အမွမ်း

ဘုရားဟောကုသဇာတ်၏ ဇာတ်လမ်းစဉ်ကိုကြည့်လျှင် အဓိကကျသော အပိုင်း (၃)ပိုင်းကို တွေ့ရပါသည်။ ပထမပိုင်းမှာ ကုသမင်းက ပဘာဝတီကို နေ့အခါမြင်လို၍ ပရိယာယ်ဖြင့် ကြည့်ရှုရာမှ ပဘာဝတီက အဖြစ်မှန်သိသွားပြီး ကုသမင်းကိုစွန့်ကာ သာဂလပြည်သို့ပြန်သွားသော အပိုင်းဖြစ်သည်။ ဒုတိယပိုင်းမှာ ကုသမင်းက သာမန်အရပ်သားအသွင်ဖြင့် ပဘာဝတီရှိရာ သာဂလပြည်သို့လိုက်ပြီး ခုနစ်လကြာ ဆင်းရဲဒုက္ခခံ၍ ပဘာဝတီ၏မေတ္တာကို ပြန်လည်ရရှိအောင် ကြိုးစားသောအပိုင်း ဖြစ်ပါသည်။ တတိယပိုင်းမှာ ခုနစ်ပြည်ထောင်မင်းများ၏ အရေးကိစ္စကြောင့် ကုသမင်းနှင့် ပဘာဝတီတို့ ပြန်လည်ပေါင်းဖက်ပြီး ကုသဝတီပြည်သို့ ပြန်သောအပိုင်းဖြစ်ပါသည်။ ဤသုံးပိုင်းတွင် ပထမပိုင်းသည် နေ့အခါမမြင်ဘူးပဲ ညအခါ ပေါင်းဖက်နေကြသော ချစ်သူနှစ်ဦးအတွက် သရုပ်မှန်ပေါ်သွားပြီး ရုပ်လှသူ (ပဘာဝတီ)က ရုပ်ဆိုးသူ (ကုသမင်း)ကို စွန့်ပစ်ခဲ့သောအပိုင်းဖြစ်သည်။ ဇာတ်လမ်းသဘောအရ ကြည့်လျှင် ပရိသတ်၏ သိလိုစိတ်ကို နိုးကြားစေသောအပိုင်း ဖြစ်သည်။

ထိုအပိုင်းကို မူလဇာတ်တော်တွင် အကျယ်မချဲ့ဘဲ ကုသမင်းက တွေ့ခွင့်တောင်းတိုင်း မယ်တော်က စီစဉ်ပေးခဲ့သည်။ ထို့ကြောင့် မယ်တော်နှင့်သားတော်တို့အားပြိုင်စရာမလို။ မူလ ဇာတ်တော်၌

> "ဘုရားလောင်းလည်း တစ်ဖန်မြင်လိုပြန်သည် ဖြစ်၍ မယ်တော်မိဖုရားကို လျှောက်ထားတောင်းပန်ပြန်၏။ မယ်တော်မိဖုရားကြီးသည် ပယ်အံ့သောငှာ မတတ်နိုင်သည်ဖြစ်၍ "ချစ်သား – ထိုသို့ဖြစ်လျှင်ကား မထင်ရှားသောအသွင်ဖြင့် ဥယျာဉ်တော်သို့ သွားနှင့်လော့" ဟု မိန့်တော်မူ၏" [၁]

ဟူ၍ သားတော်အလို ကို အလွယ်တကူလိုက်လျောပေးခဲ့သည်။

[၁] ညောင်ကန်။ ၂၀၀၆။ ၃၅၃။

---

[၁] ညောင်ကန်။ ၂၀၀၆။ ၃၅၃။

ကွက်စိပ်တွင် ထူးလာသည်မှာ သားတော်အရုပ်ဆိုးသည်ကို ပဘာဝတီမြင်၍ မဖြစ်နိုင်ကြောင်းပြောပြီး အကြိမ်ကြိမ်ငြင်းဆိုသည်။ နောက်ဆုံး ကုသမင်းက မိမိအရုပ်ဆိုးသည့်အကြောင်းမေးရာ မယ်တော်က ဤသို့ဆိုခဲ့သည်။

> "မှန်လှပါ သားတော်အရုပ်ဆိုးတာဟာ ကြီးခါမှ ဆိုးသလား။
> ငယ်ငယ်ထဲက ဆိုးတာလား မယ်မယ်ဘုရား"

> "အလိုမောင်အရုပ်ဆိုးတာကြီးခါမှ ထင်ပြီး မိခင်ဖခင်များ အပြစ်ထားအုံးမလို့လား၊ ငါ့သားကို မယ်မယ်ပြောမယ် သဘောကျ နားထောင်နော်၊ မောင့်ရဲ့ဘဝက ကလလရေကြည် ပထမသန္ဓေတည်တော့၊ ရေကစီ အစာမလှမ်းဘဲ၊ အာသာတန်း၍ အစဉ်စွဲလျက်၊ ရင်ထဲက ချင်ခြင်းဖြစ်ပါရော၊ ဘယ်လိုဖြစ်သတုံးဆိုတော့၊ ဘီလူးရုပ်ရေးကြည့်ချင်တယ်။ သရဲအသားကို စားချင်တယ်။ ဘုတ်တစ္ဆေကလေး မွေးချင်တယ်။"[၁]

မယ်တော်က ကုသမင်းကို ကိုယ်ဝန်ဆောင်စဉ်က မိမိ ချင်ခြင်းဖြစ်ရပုံကို ပြောပြီး၊ နန်းတွင်းပုဏ္ဏား ပညာရှိအမတ်များကို မေးရာ "ဘုတ်တစ္ဆေသားဘက်အသွေးကဲ့သို့၊ အနက်ကလေးမွေးမည်ဖြစ်ကြောင်း လျှောက်တင်ခဲ့ပုံ၊ ကုသမင်းမွေးလာသောအခါတွင်လည်း၊

> "× × × မင်းဆရာပုဏ္ဏား ပြချက်မှန်၍၊ မြကနက်စံသားမောင် ဖွားတော့၊ အပါးဆောင်ထားတဲ့ လက်သည်က၊ အနက်ထည်၊ သားဘက်ဟယ်လို့၊ အတင်းကြောက်ပြီး၊ အချင်းမကောက်ဘဲထွက်ပြေးကြလို့ လက်ဆေးခတောင် မပေးလိုက်ရဘူး သားတော်မောင်ရဲ့"[၂]

ဟူ၍ မီးဖွားပေးသောလက်သည်ပင် ကြောက်ရွံ့ပြီး ထွက်ပြေးရပုံဖြင့် ပဘာဝတီကို သားတော် မကြည့်ချင်အောင် တားမြစ်ခဲ့သည်။

ဤဇာတ်ကွက်သည် ဇနီးချော ဇနီးလှကို နေ့အခါကြည့်လိုသောသားတော်နှင့် သားတော်၏ ရုပ်ရည်ကြောင့် ပဘာဝတီနှင့် မကွဲကွာစေလိုသော မယ်တော်တို့၏

---

[၁] ဥ၊ ဆရာ။ ၂၀၁၆၊ ၁၅၊၁၆။
[၂] ယင်း။ ၁၆။

အားပြိုင်မှုဖြင့် ဇာတ်လမ်းကို ဖွံ့ဖြိုးစေခြင်းဖြစ်ပါသည်။ ပဘာဝတီက ကုသမင်းကို ငြင်းပယ်ရန်အတွက် ခိုင်လုံသောအချက် ဖြစ်စေရုံသာမက စာနာသူပရိသတ် ပွဲကျအောင် ကွက်စိပ်ဆရာက ဖြည့်ပေးသော အပြောက်အမွမ်း တစ်ခုဖြစ်ပါသည်။

ကုသဇာတ်၏ ဒုတိယပိုင်းဖြစ်သော ကုသမင်းစောင်းတော်ပိုက်ပြီး သာဂလပြည်သို့လိုက်ကာ ပဘာဝတီနှင့် နီးစပ်အောင်ကြံစည်ပုံတွင်လည်း ကွက်စိပ်ဆရာ၏ ဖန်တီးမှုတစ်ခုကို ထုတ်ပြချင်ပါသည်။

ကုသမင်း သာဂလပြည်သို့ လိုက်လာသောအခါ သိကြားမင်း ဆက်သော ကောကနဒအမည်ရှိ စောင်းတော်ပါလာခဲ့သည်။ ကုသမင်းသည် ရှေးဦးစွာ ဆင်တင်းကုပ်သို့ သွားပြီး ညအခါ စောင်းတီးခဲ့သည်။ ကုသမင်း၏ စောင်းသံကြောင့် ပဘာဝတီ သိသွားပုံကို မူလဇာတ်တော်၌ ဤသို့ဆိုသည်။

> "ပဘာဝတီသည် မြေ၌လျောင်းလျက် ထိုစောင်းသံကိုကြားလျှင် ကြံ၏။ ဤစောင်းသံသည် တစ်ပါးသောသူ၏ စောင်းသံမဟုတ် မချွတ်လျှင် ကုသမင်းသည် ငါ၏ အလို့ငှာလာ၏ ဟုသိ၏ မဒ္ဒရာဇ်မင်းကြီးသည်လည်း ထိုစောင်းသံကို ကြားတော်မူလျှင် အလွန်လျှင်သာယာစွာ တီးပေ၏။ နက်ဖြန် ထိုစောင်းသမားကို ခေါ်၍ ငါ့အား စောင်းသီချင်းကို ပြုစေအံ့" ဟုကြံ၏။[၁]

ကွက်စိပ်တွင် ကုသမင်း၏ စောင်းသံကြောင့် သာဂလတစ်ပြည်လုံး အုံးအုံးကြွက်ကြွက်ဖြစ်ပုံ၊ လပြည့်ဥပုသ်နေ့ဖြစ်၍ ဥပုသ်သီလဆောက်တည်မည့် အမေအရွယ် အဘွားအရွယ်များ ကမိခုန်မိပုံ၊ သီလပေးမည့်ဘုန်းကြီးပင် အယောင်ယောင် အမှားမှား ဖြစ်ရပုံဖြင့် ဤသို့သရုပ်ဖော်ခဲ့သည်။

> "အလောင်းတော်မဟာကုသမင်းရဲ့ စောင်းသံကြားကြတော့ စိတ်ထဲက ရိုးရိုးရွရွဖြစ်ပြီး ကချင်လာ၊ သိမ်အစ်မကြီးတစ်ယောက်က တတ်နိုင်ပါဘူးဟယ်လို့၊ လင်ပန်းထဲဆန်ထည့် အလယ်က ဆီပုလင်းစိုက် ဘေးကျတဲ့ ဆန်သိမ်းတော့ ယိုးဒယားလက်နဲ့သိမ်းနေ၊ အနားရှိတဲ့ ကျောင်းအစ်မကြီးကလည်း စောင်းသံကြားကထဲက

[၁] ညောင်ကန်။ ၂၀၀၆။ ၃၅၉။

> စိတ်ပုတီး စိပ်ကာ အနိစ္စမေးဝဲ၊ ဒုက္ခမေးဝဲ၊ မီးဖိုချောင်းထဲက ဇရပ် အမကြီးကတော့ ငရုတ်သီးထောင်းရာက ငရုတ်ကျည်ပွေ့ကြီးကို ကိုင်ပြီး ယိုးဒယားကနဲ့ ထွက်လာ၊ ခေါင်းလောင်း အမက စိမ်းစား ငါးပိ စလောင်းဖုံးထဲထည့်ပြီး ကင်ရာက ယိုးဒယား ကပြီးထွက် လာ”
>
> “သိမ်အစ်မတို့ ဘာလုပ်လုပ်ကြတာတုန်း”
>
> “စောင်းသံကြားလို့ ကသဟေ့”
>
> “ဥပုသ်စောင့်မယ်လို့ဆို ဘာလုပ်ကြတာတုန်း”
>
> ကဆို–ဟောဒီစောင်းသံကြားတော့ မအောင့်နိုင်လို့ကသဟေ့” [၁]

ဟူ၍ ဥပုသ်ယူမည့်သူများ ကခုန်နေကြပုံကို ပြောပြီး၊ သီလပေးမည့် ဘုန်းကြီးပါ စောင်းသံနောက် စီးမျောသွားရပုံကို –

> ”× × × ဘုန်းကြီးက သီလပေးမယ်လို့ဆင်းလာ၊ လှေခါးနား ဘိုးသူတော် ကလည်းကျပ်ကြီးလွယ်ပြီးကနေ၊ မယ်သီလရှင်ကရပ်ကြည့်ပြီး ဦးသူတော် ဘာလုပ်တာတုံးမေးတော့၊ အသာနေ ငါးပေါက်ကျူးနဲ့ ကသိုဏ်းရှုတာတဲ့၊ ဘုန်းကြီးလည်း ဇရပ်ပေါ်ရောက်သွားတော့ အားလုံးက သီလခံရအောင် လို့ ကန်တော့ကြရော့၊ ဘုန်းကြီးက သီလပေးမယ်လုပ်တုန်း၊ ဗြုန်းဆို စောင်းသံကြားတော့ ဘုန်းကြီးက သီချင်းဆိုချင်လာတာနဲ့ သီလထဲ ရော ပေးလိုက်။”
>
> “အဟံဘန္တေ၊ တိသရဏေန၊ တောင်ယံတောက မောလေအောင်တဲ့”
>
> သည်တော့ ဒါယိကာမကြီးတွေက
>
> “ပဉ္စသီလံ ခမ္မံယာစာမိ၊ ဘာဘာညာညာ အိုနော်သိပါဘူး
> ကိုယ်တော်ကြည့်ပါလို့ တွဲခေါ်ပါတဲ့။” [၂]

ဟူ၍ ကုသမင်းစောင်းသံကိုကြားသဖြင့် ရဟန်းရှင်လူများ အယောင်ယောင်အမှားမှား ဖြစ်ရပုံကို သရုပ်ဖော်ရင်း ဇာတ်လမ်းကို စွဲမက်ဖွယ်ဖြစ်အောင် အပြောက်အမွှမ်း ပြုခဲ့ပါသည်။

---

[၁] ဥ၊ ဆရာ။ ၂၀၁၆၊ ၇၈၊ ၇၉။

[၂] ယင်း။ ၇၉၊ ၈၀။

## **၃၊၂။ ဇာတ်ဆောင်အပြောက်အမွမ်း**

ကုသဇာတ်တွင် ကုသဝတီဘုရင် ဩက္ကာကရာဇ်မင်း၊ မိဖုရားကြီး သီလဝတီ၊ ကုသမင်း၊ သာဂလဘုရင်မဒ္ဒရာဇ်မင်း၊ ပဘာဝတီနှင့် ပဘာဝတီ၏အထိန်းတော် ခုဇ္ဇာ စသည်ဖြင့် ဇာတ်ဆောင် များစွာ ပါဝင်ပါသည်။ ထိုဇာတ်ဆောင်များတွင် အဓိက ဇာတ်ဆောင်နှစ်ဦးမှာ ကုသမင်းနှင့် ပဘာဝတီ ဖြစ်ပြီး ကျန်ဇာတ်ဆောင်များသည် ဇာတ်ပို့ဇာတ်ရံမျှသာ ဖြစ်ပါသည်။

မင်းကုသကွက်စိပ်တွင် အထက်ပါဇာတ်ဆောင်များအပြင် ကွက်စိပ်ဆရာ၏ စိတ်ကူးဖြင့် ဖန်တီးခဲ့သော ဇာတ်ပို့ဇာတ်ရံများလည်း တွေ့ရပါသည်။ ထိုဇာတ်ပို့ ဇာတ်ရံများသည် ဇာတ်လမ်း ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသကဲ့သို့ အဓိက ဇာတ်ဆောင်များ၏ စရိုက်သဘာဝကို ပို၍ အသက်ဝင်လာအောင် ဖန်တီးခဲ့ကြောင်း တွေ့ရပါသည်။ ဤစာတမ်းတွင် အဓိကဇာတ်ဆောင် ကုသမင်းနှင့် ဇာတ်ရံတစ်ဦး ဖြစ်သူ အမေသူ၏ စရိုက်သဘာဝကို ကွက်စိပ်ဆရာ အပြောက်အမွမ်းပြုခဲ့ပုံအား တင်ပြပါမည်။

### **၃၊၂၊၁။ ကုသမင်း**

ကုသမင်းသည် ရုပ်ဆိုးသော်လည်း၊ ဘုန်းကံကြီးမားသူဖြစ်သည်။ အတတ်ပညာအလုံးစုံကို မသင်ယူရဘဲ တတ်မြောက်သည်။ သိကြားမင်းပေးသော ကောကနဒ စောင်းတော်ကို ပိုင်သည်။ မူရင်းဇာတ်ဆောင်နှင့် ကွက်စိပ်တွင် ထိုအချက်သည် တူသည်။

ကုသမင်းသည် ပဘာဝတီ သာဂလပြည်သို့ ပြန်သွားသောအခါ ပဘာဝတီကို စွဲလန်း တပ်မက်စိတ်ကြောင့် ပဘာဝတီရှိရာ သာဂလပြည်သို့ စောင်းတော်ပိုက်၍ လိုက်ခဲ့လေသည်။ ထိုအကြောင်းကို မူလဇာတ်တော်တွင်

> "ထိုကုသမင်းအား ပဘာဝတီနှင့်ကင်းသော အလုံးစုံသောနန်းတော်ကို အချည်းနှီးကဲ့သို့ ထင်တော်မူ၏။ ထိုကုသမင်းသည် "ယခုပင် သာဂလမြို့သို့ ရောက်လတ္တံ့" ဟု နှလုံးသွင်းတော်မူ၍ မိုးသောက်သောအခါ မယ်တော်ထံသွား၍ "မိခင် အကျွန်ုပ်သည် ပဘာဝတီကို ဆောင်ယူပါချေအံ့။ မိခင်တို့သည် တိုင်းပြည်ကို ဆုံးမတော်မူရစ်

ပါလော့" ဟုဆို၍ မယ်တော်အား တိုင်းပြည်ကို အပ်နှင်းလိုရကား
.... "[၁]

ဟူ၍ ကုသမင်းသည် ပဘာဝတီကို စွဲလန်းတပ်မက်စိတ်ကြောင့် သာဂလပြည်သို့ လိုက်ပါရပုံကို သာမန်မျှသာဖွဲ့သည်။

ထိုအကြောင်းကို ကွက်စိပ်တွင် ကွက်စိပ်ဆရာက

" ××× ကိုယ်ရုံတော်အထပ်ထပ်နဲ့ ခေါးသေနတ်မကြာစွဲပြီး၊ တစ်ခါထဲ အကြိမ်ကြိမ်ဖောက်၍၊ စိန်အမြောက်ဖုံးအတတ်နဲ့၊ ကျုံး ပတ်လျက် သာဂလပြည် ဝိုင်းရတာဖြင့်၊ တစ်ခဏ မဆိုင်းဘဲ ပဘာဝတီကိုရရဲ့တဲ့။ သို့သော်လည်း အရင်းစစ်တော့ အမြစ်မူလ မြေကြီးကဆိုတာလို ငါ့အတွက် သူသွားတာ လူကြားမခံချင်ဘူး။"[၂]

ဟူ၍ မိမိတိုင်းပြည်ရှိ စစ်တပ်နှင့် တိုက်ပြီးယူလျှင် ပဘာဝတီကို အလွယ်ရနိုင်သော်လည်း မတိုက်ချင်၊ မိမိရုပ်ဆိုး၍ မိန်းမပစ်ပြီး ပြန်သွားသည်ကို လူမသိစေချင်သောကြောင့် မိမိတစ်ယောက် တည်း အစွမ်းဖြင့် ပဘာဝတီကို ရအောင်ကြံဆောင်မည်ဖြစ်ကြောင်း ဖွဲ့ခဲ့သည်။ မူလဇာတ်တော် တွင် ကုသမင်းက ထီးနန်းကို မယ်တော်အား လွှဲအပ်ခဲ့ကြောင်းပါသော်လည်း၊ ကွက်စိပ်တွင်မူ ထီးနန်းကို ညီတော်ဇယမ္ပတိအား အိမ်ရှေ့မင်းအရာ အပ်နှင်းပြီး အုပ်ချုပ်စေသည်။ မြန်မာ့ထီးနန်း ဓလေ့နှင့်ကြည့်လျှင် ကွက်စိပ်ကပို၍ ကြောင်းကျိုးဆီလျော်မှုရှိကြောင်းတွေ့ရပါသည်။

ကုသမင်းသည် သာဂလပြည်သို့ လိုက်ကာနီးတွင် လိုက်သင့်မလိုက်သင့် အတွင်းစိတ်ချင်း အားပြိုင်ခဲ့သေးသည်။ ထိုအချက်သည် မူလဇာတ်တော်တွင်မပါ။ ကွပ်စိပ်ဆရာက ဖြည့်ပေးထား သဖြင့် ကုသလမင်း၏စရိုက်သည် ပို၍ ရုပ်လုံးကြွ လာရသည်။ ကုသမင်းက

"အင်း .... ကြည့်စမ်းပါ။ ကုသ – ကုသ၊ ခဘဝ – သမုဒယအားကြီး လို့ မယားမီးတကယ်တောက်ပါကလား၊ အပယ်ရောက် မာနထန်

---

[၁] ညောင်ကန်၊ ၂၀၀၆။ ၃၅၇။
[၂] ယင်း။ ၅၅။

သာဂလပြန်တဲ့ ပဘာအရေးကြောင့် ခဏာတာကလေး အပျော်မလုနိုင်ဘူး" [၁]

ဟူ၍လည်းကောင်း၊

"တစ်ဦးထံအသစ်ပြောင်းချင်လို့၊ အချစ်ဟောင်းကို မေတ္တာပျက်ပြီး သစ္စာကွက် မာနထန်၊ သာဂလပြည်သူကို တကယ်မုန်းလိုက်ပါရော့၊ အပါယ်ရွာဆုံးမည့် ကုသမိုက်ဟာ မလိုက်တာကောင်းပါလိမ့်မယ် မောင့်ကိုယ်လေး။" [၂]

ဟူ၍ လည်းကောင်း ပဘာဝတီထံမလိုက်သင့်ကြောင်း ရေးဦးတွေးမိသည်။ သို့သော် မိမိ၏ ဘုန်းကံပညာကိုယုံ၍ ပဘာဝတီကို ယူပြမည့်အကြောင်းကို၊

"ဟယ် .... ဟုတ်ပါရိုးလားကုသရယ်၊ ယောကျ်ားဆိုတာ ငုပ်မိသဲတိုင်၊ တက်နိုင်ဖျားရောက်တဲ့၊ အလကားမောက်တဲ့ ပဘာဝတီ မြဲသာကီ မင်းကုသကို၊ အဆင်းတစ်ခုမလှ၍ အရုပ်ပျက်တာကြောင့် ဖုတ်သားဘက်ကာမပိုင်ဟု၊ ခွာနိုင်အောင် လွတ်စာမခံ ဘဲ၊ ဇွတ်မသမာဉာဏ်အတင်းသွား၍ သင်းမယား၊ လင်မလုပ်ချင်ကောနင်အဟုတ်နေရမလား × ×"[၃]

ဟု အားတင်းခဲ့သည်။ မိမိထံသို့ ပဘာဝတီရောက်ရှိလာပါက တောင်းပန်းရုံနှင့် မကျေနပ်နိုင်ကြောင်းကိုလည်း ဤသို့ဆိုသည်။

"ကညာအလှ မိပဘာရေ၊ ဝီရိယမှာ ဉာဏ်ကူလို့၊ ရန်သူကို လင်လိုပစ်ပေမဲ့၊ နင်မချစ်တဲ့ရက်မှတ်စာနှင့်၊ ကွက်လပ်ပါ ရွှေစာရင်းလုပ်ပြီး ခြေရင်းအလုပ်အသင့်ထား၍ ဝင့်ကြွားတဲ့မာနဉာဏ် ရာဇဒဏ်အတိုးချလို့မို့၊ အစိုးတရ အာဏာပေးတော့၊ ညာတာတာကလေး မတောင်းပန်နဲ့၊ ဖြောင်းဆန်၍ သွက်သွက်ခါအောင်၊ စကြာဝဠာ တုန်စေမဟဲ့နော်"[၄]

---

[၁] ဥ၊ ဆရာ၊ ၂၀၀၆။၅၇။

[၂] ယင်း။

[၃] ယင်း။

[၄] ဥ၊ ဆရာ၊ ၂၀၀၆။ ၅၈။

ပဘာဝတီသည် မိမိကိုပစ်သွားသည့်ရက်ကာလအတိုင်း အတိုးချ၍ မိမိခြေရင်းတွင် လုပ်ကျွေး ပြုစုရမည်ဖြစ်ကြောင်းပြောပြီး သာဂလပြည်သို့ ထွက်ခွာသွားလေတော့သည်။

### ၃၊၂၊၂။ အမေသူ

ကုသမင်း သာဂလပြည်သို့ရောက်သောအခါ မြို့စွန်ရှိ မိန်းမတစ်ဦးအိမ်ဝင်ပြီး ခဏတာ နားခိုသည်။ ထိုအကြောင်းကို မူလဇာတ်တော်၌

> "ညစ်နွမ်းသော ဣန္ဒြေရှိသော ခရီးသွားသော ဘုရားလောင်းကုသမင်းကိုလည်း မိန်းမတစ်ယောက်သည် မြင်လေလျှင် ခေါ်စေ၍ ခြေတို့ကိုဆေး၍ အိပ်ရာကိုပေး၏။"[၁]

ဟူ၍ မိန်းမတစ်ဦးဟုသာ ဖော်ပြထားပြီး ထိုမိန်းမ၏စရိုက်ကို မမြင်ရပေ။ ကွက်စိပ်တွင် အမေသူ ဆိုသော မိန်းမကြီး၊ ရှေးအခါက နန်းတွင်းသူအပျိုတော်၊ ယခုအခါ မျက်မမြင်ဒုက္ခိတ၊ သတင်းစကားမှန်သမျှ အရင်းအဖျားမကျန်ရအောင် သိသူ စကားတတ် တရားတတ် မိန်းမကြီးအဖြစ် ဖန်တီးထားသည်။

ကုသမင်းသည် သာဂလပြည်ရောက်လျှင် မြို့စွန်ရှိ မျက်မမြင်အမေသူထံဝင်ပြီး သာဂလမြို့အကြောင်း စုံစမ်းသည်။ ကုသမင်းက မိမိအမည်ကို နေတာက စေတုတ္တရာ၊ အမည်က ရွှေရုပ်ပါပါဟု မိတ်ဆက်သောအခါ မျက်မမြင်အမေသူက –

> "ဟေ – ရွှေရုပ်ဆိုလျှင် အသရေမနုပ်ပါဘူး၊ ငွေထုပ်ဖို့ တစ်ခါပြင်တော့ကွဲ့၊ မဟာဘုရင်တစ်ဆူမကိုဋ်မှာ၊ လူမိုက်ကြီးလေးယောက်ရှိသတဲ့ကွယ်၊ တစ်ယောက်က ဆင်ဝန်၊ တစ်ယောက်က အိုးတော်ခေါင်း၊ တစ်ယောက်က ဖျာတော်ဆက်၊ တစ်ယောက်က ပွဲတော်ဆက်ကွဲ့။ နက်နက်နဲနဲ မိုက်မဲတဲ့ လူစုကလား၊ ဇမ္ဗူမှာတုစရာ မရှိပါဘူး၊ ယခု မဟာဓိပတိ မင်းသားဘဝမှာ၊ အတွင်းသားကျကျ သခင်နန်းစံဖို့ အပင်ပန်းခံပြီး ကျွေးမွေးပြုစုလာကြတဲ့ အိမ်တော်ပါ

---

[၁] ညောင်ကန်။ ၂၀၀၆ ။ ၃၅၈။

မင်္ဂလာ ကျွန်တော်ရင်းတွေမို့၊ အလွန်အမင်း အထွတ်အမြတ်
ရောက်တော့၊ သူတို့ချီးမြှောက်လို့ အရာတော်ပေးသကိုးကွဲ့၊"[၁]

မျက်မမြင်အမေသူသည် ဆင်ဝန်၊ အိုးတော်ခေါင်း၊ ဖျာတော်ဆက်၊ ပွဲတော်ချက် လေးဦးကို ဘုရင့်အိမ်တော်ပါ ကျွန်တော်ရင်းများဖြစ်သဖြင့် ဘုရင်က ကြံဖန်ချီးမြှောက်ထားပုံ၊ ဆင်ဝန်က ဆင်ဖြူတော်ကို ကြက်နှင့်လဲစားပုံ၊ အိုးတော်ခေါင်းက အိုးငါးပူတင်းလုပ်ပုံ၊ ဖျာတော်ဆက်က ဖျာချော မရက်တတ်သဖြင့် ဖျာကြမ်း (မီးကပ်ဖျာ) ဆက်သပုံ၊ စားတော်ချက်က ဝက်သားငါးဆယ်သားကို ထင်းလှည်းအစည်းနှစ်ဆယ်တိုက်ကုန်အောင် ချက်ပြီး ဝက်သားက လျက်ဆားဖြစ်မှ ဘုရင်ထံ ပွဲတော်အုပ်ပို့ရပုံ စသည်ဖြင့် ဘုရင့်ကျွန်တော်ရင်းကြီး (၄)ဦး အသိဉာဏ်ကင်းမဲ့ပုံ အမြီးအမောက်မတည့်ပုံများကို ကုသမင်းအားပြောပြသည်။

အမေသူသည် ကွက်စိပ်ဆရာ၏ အပြောက်အမွှမ်းအစွမ်းကြောင့် လူမှုဝန်းကျင်တွင် တွေ့မြင်နေကြဖြစ်သော သတင်းစုံ၊ အတင်းစုံ၊ တစ်စိတ် တစ်အိတ်လုပ်ပြောတတ်သူအဖြစ် စရိုက်ပေါ်လွင် လာရပါသည်။

## ၃၊၃။ ကာလဒေသနောက်ခံဝန်းကျင်အပြောက်အမွှမ်း

ကုသဇာတ်သည် ဇာတ်ဆောင်အသားပေးဇာတ်မျိုးဖြစ်၍ ကာလဒေသနောက်ခံဝန်းကျင်အဖွဲ့ အားနည်းပါသည်။ မူလဇာတ်တော်တွင်လည်း ကာလဒေသအဖွဲ့ကို ကုသဝတီပြည်၊ သာဂလပြည် ဟူ၍သာ ဖွဲ့သည်။ အကျယ်တဝင့်မဖွဲ့၊ ကွက်စိပ်တွင်လည်း ကွက်စိပ်ဆရာက မူလဇာတ်တော်အတိုင်းပင် ယူခဲ့သည်။ သာဂလမြို့သာယာစည်ကားပုံ၊ ကုသဝတီမြို့ စည်ကားပုံစသဖြင့် သရုပ်ပေါ်အောင် ဖွဲ့ဆိုခြင်းမျိုး မတွေ့ရပေ။

မင်းကုသ ကွက်စိပ်တွင် နောက်ခံဝန်းကျင်အပြောက်အမွှမ်းအဖြစ် ကုသမင်း သာဂလပြည်သို့ လိုက်လာခန်းတွင် လမ်းခရီးအခြေအနေကို ကွက်စိပ်ဆရာက ဤသို့ဖွဲ့ပြသည်။

---

[၁] ဥ၊ ဆရာ၊ ၂၀၁၆။ ၆၄။

"ဤကဲ့သို့ အလောင်းတော် ကုသမင်းသည် သမုဒ္ဒယမကင်းတဲ့ အတွက်၊ အကြင်မယားကြောင့် မင်္ဂလာတံခါးက ထွက်လာခဲ့၊ ဘုရားအလောင်းကလည်း အားကောင်းတဲ့အစွမ်းမို့၊ ပတ္တမြားစောင်း ထမ်းပြီး ယမားချောင်း စခန်းက ကုန်းဝနာအတက်၊ ဂမုန်းစကားဝါ ကရမက်နံ့သာမြိုင်၊မဟာ ဂနိုင်တောလမ်းဖြတ်ပြီး၊ မမောမပန်း တတ်တဲ့ ဝီရိယရှိသလောက်ပြင်းပြီး၊ ကပိလမျောက်မင်းတို့ ရံရွေနဲ့ စံနေတဲ့ ရွှေကျူတောက ပွေထူပြောလမ်း မသာ၍ ပန်းတာကြောင့် တစ်ချက်ညည်းပြီး အထက်ခရီးလမ်းနံဘေး၊ စမ်းအေးလို့နေသာ တော့ မြေကမ္ဗလာကမ်းရိပ်၌ လွမ်းစိတ်နဲ့ ရမ္မက်ပွေ၊ ကျမက်ရည် မခမ်းဘူး၊ အသက်သေခမန်း မယားမကောင်းလို့ ပတ္တမြား စောင်း နဲ့ ဘုရားလောင်း လိုက်တော်မူရ" [၁]

ဤအဖွဲ့သည် မူလဇာတ်တော်၌မပါ။ ကွက်စိပ်ဆရာ၏ စိတ်ကူးသက်သက်ဖြင့် ဖွဲ့ခဲ့ သော ဒေသဝန်းကျင်နောက်ခံ အဖွဲ့တစ်ခုသာ ဖြစ်သည်။

## ခြုံငုံသုံးသပ်ချက်

ဗုဒ္ဓ၏ဖြစ်တော်စဉ်ကိုပြသော ဇာတကဝတ္ထုများတွင် ကုသဇာတ်တော်သည် ဗုဒ္ဓဘာသာဝင် မြန်မာတို့အထူးနှစ်သက်ကြသော ဇာတ်တော်တစ်ခု ဖြစ်ပါသည်။ ရုပ်ဆင်းအင်္ဂါ မလှပသော်လည်း ဘုန်းတန်ခိုးပညာ ကြီးရင့်သော ကုသမင်းနှင့် ခုနစ်ဆောင်တိုက်ခန်း မီးမထွန်းဘဲလင်းသည်ဟု ဆိုသော အချောအလှ မင်းသမီး ပဘာဝတီတို့၏ ဆန့်ကျင်ဘက်အားနှစ်ခုကို ဆွဲငင်စေခြင်းဖြင့် ဖြစ်ပေါ်လာသော ကြောင်းကျိုး ချိတ်ဆက်မှုသည်ပင်လျှင် ဤဇာတ်ကို လူအများ နှစ်သက်သဘောကျ စေသော အချက်ဖြစ်ပါသည်။

လူအများ နှစ်သက်သဘောကျပြီးသော ဇာတ်ကို စာဟောဆရာက (ကွက်စိပ် ဆရာက) ပြန်ဟောသောအခါ စာနာသူပရိသတ်အတွက် စွဲမက်ဖွယ်ဖြစ်အောင် ရှိပြီး ဇာတ်လမ်းကို အပြောက်အမွမ်းပြု၍ လည်းကောင်း၊ မူလရှိပြီး ဇာတ်ဆောင်များကို

---

[၁] ဉ၊ ဆရာ၊ ၂၀၁၆။ ၅၉။

ဖြည့်သင့်တာဖြည့်ပြီး အပြောက်အမွမ်း ပြုခဲ့ပုံကိုလည်းကောင်း ရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။

ဇာတ်လမ်းကို အပြောက်အမွမ်းပြုရာတွင် ဇာတ်၏အရေးပါသည့် ဇာတ်ခန်းများကို မူလဇာတ်တော်နှင့်လည်း မလွတ်အောင်၊ ဇာတ်လမ်းအရှိန်လည်း တက်အောင်၊ ပရိသတ်၏ သိလိုဇောလည်း မြင့်လာအောင်ပြုနိုင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇာတ်ဆောင်ကိုအပြောက်အမွမ်းပြုရာတွင် အဓိကဇာတ်ဆောင် ပဘာဝတီ၏ စရိုက်သည် အလှမာန်တက်သူတို့၏ စရိုက်ထက် မပိုသည်ကို တွေ့ရသည်။ ဇာတ်ဆောင်စရိုက်ဖော်ရာတွင် မျက်မမြင်အမေသူ၏စရိုက်သည် အကြွဆုံး၊ အလှုပ်ဆုံး ဖြစ်အောင် ဆရာဉက ဖန်တီးထားသည်။ မူလဇာတ်တော်တွင် ထိုဇာတ်ရုပ်သည် အရေးမပါပေ။ ကွက်စိပ်တွင်မူ စကားတတ်၊ တရားတတ်၊ အတွင်းသိ၊ အစင်းသိ၊ မှန်ရာပြော၍ ရွာပြင်ထုတ်ခံရသော မိန်းမကြီးမျိုး၏စရိုက်ကို ပေါ်လွင်အောင် ဆရာဉက အားထုတ်ထားသည်။

နောက်ခံဝန်းကျင်အဖွဲ့သည် မူလဇာတ်တော်တွင်ပါသည့်အတိုင်းသာ ဖြစ်ပြီး ဆရာဉက အထူးတလည် အပြောက်အမွမ်းမပြုခဲ့ကြောင်း တွေ့ရသည်။ ဇာတ်၏ သဘာဝအရ ဇာတ်ဆောင် အားပြိုင်မှုကို အားပြုသောဇာတ်မျိုးဖြစ်၍ ကာလဒေသ နောက်ခံဝန်းကျင်အဖွဲ့တွင် အားနည်းနေသည့်သဘောဟုလည်း ထင်မိပါသည်။

## နိဂုံး

ယခုအခါ တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသော မြန်မာ့ရှေးဟောင်း အနုပညာရပ်များကို နိုင်ငံတော် အစိုးရကဦးဆောင်ပြီး ပြန်လည်ဖော်ထုတ် မှတ်တမ်းတင်နေသောအချိန် ဖြစ်ပါသည်။ နိုင်ငံတော်ကကြီးမှူး၍ ဆိုကရေးတီးပြိုင်ပွဲကြီးတွင် ကွက်စိပ်ပြိုင်ပွဲများ ထည့်သွင်း၍ ကျင်းပပေးနေသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်ပါသည်။ ကြည်သာ (ပွဲကြိုက်ခင်) စီစဉ်သော ရွှေပုရပိုက် ရွှေနှလုံးသားကွက်စိပ် အစီအစဉ်လည်း ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပေးနေသည်မှာ ကွက်စိပ်ပညာရပ် အသက်ဆက်ပေးသည့်သဘောဟုပင် မှတ်ယူပါသည်။ အသက်ငင်နေသည့် ကွက်စိပ်စာပေ၏ ကောင်းကွက်လှကွက်များကို ဤစာတမ်းက တစ်စိတ်တစ်ဒေသ ပံ့ပိုးနိုင်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါသည်။

## ကျမ်းကိုးစာရင်း

***ခရီးဆောင်မြန်မာအဘိဓာန်***။ (၂၀၁၄)။ နေပြည်တော်။ မြန်မာစာအဖွဲ့ဦးစီးဌာန။

ဇော်ဂျီ။ (၁၉၇၈)။ အမှာစာ။ ***ဥမ္မာဒန္တီပျို့***။ ရန်ကုန်။ မြန်မာနိုင်ငံသုတေသနအသင်း။

ညောင်ကန်ဆရာတော်။ (၂၀၀၆)။ ***"ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု (ပဉ္စမတွဲ)"***။ တတိယအကြိမ်။ ရန်ကုန်။ ခင်ချိုထွန်းစာပေ။

နတ်ရှင် (ဒဂုန်-)။ (၁၉၆၇)။ ***စာပေဝတ်ဆံ (၆)***။ ရန်ကုန်။ စာပေဗိမာန်။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၁၆)။ ***"မြန်မာကွက်စိပ်စာပေ"***။ နိဘယ်-မြန်မာစာပေပွဲတော် (၂၀၁၅)။ ရန်ကုန်။ ရှုဝံစာပေ။

ဥ၊ ဆရာ၊ ရတနာပုံ၊ (၂၀၁၆)။ ***"မင်းကုသကွက်စိပ်"***။ ဒုတိယအကြိမ်။ ရန်ကုန်၊ စိတ်ကူးချိုချို။

**အောင်မင်းနိုင်**

**BA(Q), MA, MRes, PhD**

**ကထိက**

**မြန်မာစာဌာန**

**ရန်ကုန်တက္ကသိုလ်**

**၂၀၁၇ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်**

*J. Myanmar. Acad. Arts Sci. 2018* **Vol. XVI. No. 6A**

# ခင်ခင်ထူး၏ လှည်းယဉ်ကြော့ဝတ္ထုတိုများမှ ဘဝသရုပ်ဖော် ဝတ္ထုတိုများလေ့လာချက်

**ပပဝင်း***

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ခင်ခင်ထူး၏ လှည်းယဉ်ကြော့ဝတ္ထုတိုများမှ ဘဝသရုပ်ဖော်ဝတ္ထုတိုများကို လေ့လာတင်ပြထားသော စာတမ်းတစ်စောင် ဖြစ်ပါသည်။ ခင်ခင်ထူး၏လှည်းယဉ်ကြော့ဝတ္ထုတိုများထဲမှ ဝတ္ထု(၃)ပုဒ် ကို ရွေးချယ်၍ ဝတ္ထုတိုသဘောတရားများနှင့် ချိန်ထိုးကာ လေ့လာ တင်ပြသွားပါမည်။ စာရေးသူ၏ ဝတ္ထုတိုများသည် မိမိကြုံတွေ့ရသော အဖြစ်အပျက်များကို ခံစားမှုနှင့် ပေါင်းစပ်ကာ ဘဝသရုပ်ကို ပီပီ ပြင်ပြင် ဖော်ပြထားသည်။ ထို့ကြောင့် ခင်ခင်ထူး၏ ဝတ္ထုတိုများသည် စာဖတ်သူများကို ရသခံစားမှုမှတစ်ဆင့် ဘဝအသိအမြင်ကို ပေးစွမ်းနိုင် သည်ဟု ထင်မြင်ယူဆမိပါသည်။

**သော့ချက်ဝေါဟာရများ** – ဝတ္ထုတို၊ ဘဝသရုပ်ဖော်၊ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်။

## နိဒါန်း

ဤစာတမ်းသည် ခင်ခင်ထူး၏ လှည်းယဉ်ကြော့ ဝတ္ထုတိုများမှ ဝတ္ထုတို (၃)ပုဒ်ကို လေ့လာတင်ပြထားခြင်းဖြစ်ပါသည်။ စာရေးသူသည် ၁၉၉၃–ခုနှစ်မှ စ၍ ဝတ္ထုတိုများကို ရေးသားခဲ့ရာ၊ အပုဒ် ၁၀၀ ကျော် ရှိခဲ့ပါသည်။ လှည်းယဉ်ကြော့ ဝတ္ထုတိုများသည် ခင်ခင်ထူး၏ ဆဋ္ဌမမြောက် ဝတ္ထုတိုပေါင်းချုပ် ဖြစ်ပါသည်။ ခင်ခင်ထူး၏ လှည်းယဉ်ကြော့ဝတ္ထုတိုများကို လေ့လာကြည့်သောအခါ အညာ ကျေးလက် လူနေမှုဘဝ၊ အခြေအနေ၊ ဘဝသရုပ်တို့ကို အသေးစိတ် သရုပ်ဖော် ရေးဖွဲ့ ထားသည်ကို လေ့လာတွေ့ရှိရပါသည်။ စာရေးသူသည် သူ၏အတွေး၊ စိတ်ကူးဉာဏ် ဆန်းသစ်မှုများကိုအခြေခံပြီး လူ့သဘာဝနှင့် ခေတ်အခြေအနေများကိုပေါင်းစပ်ကာ ရည်ရွယ်ချက် အကြောင်းအရာတစ်ခုကို ပေါ်လွင်အောင် တင်ပြထားသည်။ ထို့ကြောင့် ခင်ခင်ထူး၏ ဝတ္ထုတိုများသည် လူမှုပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသော လူနေမှုဘဝ အဖုံဖုံကို ဒိဋ္ဌဓမ္မ လူ့လောကနှင့် နီးစပ်အောင် စာရေးသူ၏ ဝတ္ထုတိုဖန်တီးမှု အတတ်

* ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

ပညာနှင့် ပေါင်းစပ်ကာ၊ ဖန်တီးထား၍ စာဖတ်သူများကိုလည်း နှစ်သက်မှုရသနှင့် ဘဝအသိပေးသော ဝတ္ထုတိုများ ဖြစ်ပါသည်။

## ၁။ စာရေးသူ၏အတ္ထုပ္ပတ္တိအကျဉ်း

ခင်ခင်ထူးကို မန္တလေးတိုင်း မြင်းခြံမြို့နယ်ဥဒယကျေးရွာတွင် ၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလ (၁၇)ရက်နေ့၌ အဖ ဦးညို၊ အမိ ဒေါ်မြတင်တို့မှ ဖွားမြင်ခဲ့သည်။ မွေးခြင်းခြောက်ယောက် ရှိသည့်အနက် တတိယမြောက်နှင့် တစ်ဦးတည်းသော မိန်းကလေးဖြစ်သည်။ အမည်ရင်းမှာ ဒေါ်ထူးထူးဖြစ်သည်။ ခင်ခင်ထူးဟူသောအမည်ကို စာရေးသူ၏အဘိုးက ပေးခဲ့ခြင်းဖြစ်သည်။ အမည်ရင်းထူးကို ထီးဆန်နန်းဆန်ဖြစ်အောင် ခင်ခင်ဟူသောအမည်နှင့် တွဲစပ်ကာ ခင်ခင်ထူးဟု ပေးခဲ့ခြင်းဖြစ်သည်။ စာရေးသားသောအခါတွင် အဖိုးပေးခဲ့သော အမည်ဖြစ်သည့် 'ခင်ခင်ထူး' ကိုသာ ကလောင်အမည်အဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ဆရာမခင်ခင်ထူးသည် ငယ်စဉ်က မိဘနှစ်ပါး၏ ဇာတိရပ်ရွာဖြစ်သော မြင်းခြံခရိုင် မြောက်ဘက်အရပ်တွင်နေထိုင်ကြီးပြင်းခဲ့သည်။ အခြေခံမူလတန်းပညာကို ဥဒယကျေးရွာရှိ အလင်းရောင်မူလတန်းကျောင်းတွင်လည်းကောင်း၊ အလယ်တန်းပညာကို အ.လ.က(၁) မြင်းခြံမြို့တွင်လည်းကောင်း သင်ယူခဲ့သည်။ ခုနစ်တန်းဖြေဆိုပြီး မန္တလေးသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရာ ရှစ်တန်းမှဆယ်တန်းအထိ အ.ထ.က (၂၄)တွင် တက်ရောက် သင်ယူခဲ့သည်။ (၁၉၇၉) ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းကို အောင်မြင်ခဲ့သည်။ ၁၉၈၀–၈၁ ခုနှစ်တွင် မန္တလေးဒေသကောလိပ်၌ ဓာတုဗေဒအဓိကဖြင့် ပညာသင်နှစ် ၂ နှစ်တက် ရောက်ခဲ့သည်။ တတိယနှစ်နှင့် စတုတ္ထနှစ်ကို မန္တလေးတက္ကသိုလ်တွင် ဆက်လက် သင်ယူခဲ့သည်။ (၁၉၈၅)ခုနှစ်တွင် မန္တလေးတက္ကသိုလ်မှ B.Sc (Chem) ဘွဲ့ကိုရရှိခဲ့ပြီး (၁၉၈၇)ခုနှစ်တွင် အထက်တန်းရှေ့နေ (H.G.P)ဘွဲ့ကို ရရှိခဲ့ပါသည်။ ခင်ခင်ထူးသည် ငယ်စဉ်အချိန်မှ စ၍၊ ဝါသနာအလျောက်၊ စာအုပ်အမြောက်အများ ဖတ်ရှုခဲ့သည်။ ၁၉၉၃ ခုနှစ် ဧပြီလထုတ်၊ ရွှေဝတ်မှုန်မဂ္ဂဇင်းတွင်ပါသော "ပန်းပန်ပါရစေ" ဝတ္ထုတိုဖြင့် စာပေလောကသို့ စတင်ရောက်ရှိခဲ့သည်။ ဆရာမခင်ခင်ထူးသည် ဝတ္ထုတို၊ ဝတ္ထုလတ်၊ ဝတ္ထုရှည်၊ ရသစာတမ်း၊ ဆောင်းပါး တို့ကိုရေးသားခဲ့ပြီး "ဖက်စိမ်းကွမ်းတောင်" ရွှေဝတ္ထုများစာအုပ်ဖြင့် ၂၀၀၃ ခုနှစ်၊ အမျိုးသား စာပေဆုကို ရရှိခဲ့ပါသည်။ ခင်ခင်ထူးသည် (၂၀၀၁)ခုနှစ်တွင် အလယ်တန်းဆရာမတာဝန်မှ အနားယူခဲ့သည်။ ထိုနှစ်တွင် စာရေးဆရာနေဝင်းမြင့်နှင့် လက်ထပ်ခဲ့သည်။ ယခုအခါ စ–၁/၈၄၊ မြို့သစ် (၂)၊ ၆၇× ၆၈ လမ်းကြား၊ ချမ်းမြ သာစည်မြို့နယ်၊ မန္တလေးမြို့တွင် ခင်ပွန်းနေဝင်းမြင့်နှင့် သမီး ဖွေးဖွေးတို့နှင့်အတူ နေထိုင်လျက်ရှိပြီး ဇနီးမောင်နှံ စာရေးခြင်းသက်သက်ဖြင့် ဘဝရပ်တည်လျက် ရှိသည်။

## ၂။ ဝတ္ထုတိုသဘောတရား

စာရေးသူတို့သည် မိမိနှစ်သက်ရာ စာပေပုံသဏ္ဌာန်အမျိုးမျိုးဖြင့် လူတို့၏ဘဝကို သရုပ်ဖော် ရေးသားလေ့ရှိသည်။ ထိုသို့ရေးသားသည့် စာပေများထဲမှ လူအများနှစ်သက်ကြသော ဝတ္ထုစာပေသည် စာပေလောကတွင် ခိုင်ခိုင်မာမာ ရပ်တည်လျက်ရှိသည်။ ဝတ္ထုဟူသော ပင်စည်မှ ဖြာထွက်လာသော ဝတ္ထုတိုနှင့် ဝတ္ထုရှည်သည် လူအများ အားပေးနှစ်သက်မှုကို ခံရသော ရသစာပေအဖွဲ့ဖြစ်သည်။ ထိုရသစာပေဖြစ်သော ဝတ္ထုစာပေမှ ဝတ္ထုတိုဟူသော သဘောတရားနှင့် ပတ်သက်၍ ပညာရှင်အသီးသီး၏ ယူဆချက်ကို လေ့လာကြည့်လျှင် ဆရာမောင်ထင်က–

> "ဝတ္ထုတိုအဖွဲ့သည် ယေဘုယျအားဖြင့် အကြောင်းရာတစ်ခု၊ ဖြစ်ရပ်တစ်ခု၊ လုပ်ရပ်တစ်ခု၊ စိတ်ကူးတစ်ခု၊ ဆင်ခြင်ပုံတစ်ခု၊ အတွေးအခေါ်တစ်ခု စသည်ဖြင့် တစ်ခုသောအချက်ကို ဗဟို မဏ္ဍိုင်ပြု၍ ဖွဲ့ဆိုသော အဖွဲ့ဖြစ်ပါသည်။"[၁]

ဟူ၍ ဝတ္ထုသဘောကို ဖွင့်ဆိုခဲ့ပါသည်။ ထို့ပြင် သူရိယကန္တိကလည်း ဝတ္ထုတိုနှင့် ပတ်သက်၍–

> "ဝတ္ထုတိုများမှာ တိုတိုတုတ်တုတ် လိုရင်းကိုချုပ်၍ စကားလုံးအပို များမပါစေရဘဲ ဇာတ်ကွက်လည်း လည်လေအောင် ဇာတ်လိုက် များ၏သရုပ်လည်း တဖြည်းဖြည်းပေါ်လေအောင် အကျဉ်းချုပ် နိဂုံး ဟု ခေါ်ဆိုအပ်သည်။

ဆရာတက်တိုးကလည်း ဝတ္ထုတိုတွင်–

> "ဇာတ်လမ်းဇာတ်ကွက်သည် ပဓာနမဟုတ် ဇာတ်ဆောင်၏ချက်ပိုင် သော ဘဝကို တစ်ချက်မျှဖော်ပြနိုင်လျှင် ဝတ္ထုတို၏ကိစ္စ ပြီးမြောက် ပြီဟု ဆိုနိုင်ပါ၏။"[၂]

ဟူ၍လည်းကောင်း၊ ပညာရှင်များက အမျိုးမျိုးအဆိုပြုခဲ့ကြသည်။

အထက်တွင်တင်ပြခဲ့သော ပညာရှင်အသီးသီး၏ အဆိုအမိန့်များကို ခြုံငုံ သုံးသပ်ကြည့်လျှင် ဝတ္ထုတိုသည် လူ့လောကထဲမှ အဖြစ်အပျက် တစ်စုံတစ်ရာကို အချိန်တိုအတွင်း စာဖတ်သူ ကွက်ကွက်ကွင်းကွင်း မြင်နိုင်အောင် ဖော်ပြနိုင်ရမည်။

---

[၁] ထင်၊ **မောင်**၊ ၁၉၇၉၊ ၂၁၇။

[၂] တက်တိုး၊ ၂၀၀၂၊ ၁၀။

ထို့အပြင် စာရေးသူ၏ အတွေးစိတ်ကူးဉာဏ်ဖြင့် ပေါင်းစပ်ကာ လူ့စရိုက်လူ့သဘာဝကို ပီပီပြင်ပြင်သရုပ်ပေါ်အောင် ရေးသားထားသော ရသစာပေလည်း ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

## ၃။ ဘဝသရုပ်ဖော်ဝတ္ထုတိုများ

စာရေးသူတို့သည် မိမိတို့ပတ်ဝန်းကျင်တွင် တွေ့မြင်နေရသော လူနေမှုဘဝ အတွေ့အကြုံများကို ကိုယ်ပိုင်ခံစားမှု အသိအမြင်များဖြင့် သရုပ်ဖော်ရေးသားလေ့ ရှိသည်။ ထိုသို့ရေးသားရာတွင် ခေတ်ကိုသရုပ်ဖော်သော ဝတ္ထုတိုများ မိဘမေတ္တာကို သရုပ်ဖော်သော ဝတ္ထုတိုများ လူ့စရိုက် လူ့သဘာဝကို သရုပ်ဖော်သော ဝတ္ထုတိုများ စသည်ဖြင့် အမျိုးမျိုး သရုပ်ဖော် ရေးသားကြသည်။ စာရေးသူခင်ခင်ထူးသည် ထိုကဲ့သို့သော သရုပ်ဖော်ဝတ္ထုများကို ရေးသားရာတွင် အမြင်စူးရှမှု ရှိသည်။ လူ့သဘော လူ့သဘာဝ ခေတ်အခြေအနေ လူနေမှုဘဝတို့ကို သရုပ်ဖော်ရာတွင် ထိထိမိမိ တင်ပြနိုင်စွမ်း ရှိသည်။ ဤစာတမ်းတွင် လှည်းယဉ်ကြော့ဝတ္ထုတိုများ ဘဝသရုပ်ကို ပေါ်လွင်စေသော ဝတ္ထုတို (၃)ပုဒ်ကို ရွေးချယ်၍ လေ့လာ တင်ပြသွားမည် ဖြစ်ပါသည်။

### ၃၊ ၁။ အာဘော်

အာဘော်ဟူသည် စာရေးသူ အသိပေးတင်ပြလိုသည့် အကြောင်းအရာ ရည်ရွယ်ချက်ပင် ဖြစ်သည်။ အာဘော်ကို မြန်မာ့အဘိဓာန်အကျဉ်းချုပ်၌–

> “ဆိုလိုရင်း သဘောထား ဦးတည်ချက် အယူအဆ”[၁]

ဟု အဓိပ္ပာယ်ဖွင့်ပါသည်။ ဝတ္ထုတို၏အင်္ဂါရပ်များတွင် ဦးတည်ချက်ဟုလည်းကောင်း၊ ရည်ရွယ်ချက်ဟုလည်းကောင်း၊ အာဘော်ဟုလည်းကောင်း အမျိုးမျိုး သုံးနှုန်း ဖော်ပြလေ့ ရှိသည်။ ဤစာတမ်းတွင် စာရေးသူ၏ ရည်ရွယ်ချက်ကို အာဘော်ဟု သုံးနှုန်းကာ လေ့လာတင်ပြသွားမည် ဖြစ်ပါသည်။ အာဘော်နှင့်ပတ်သက်၍ ဆရာနတ်နွယ်က–

> “ဦးတည်ချက် သို့မဟုတ် အာဘော်ဟာ ဝတ္ထုရဲ့အသက်ပါပဲ ဝတ္ထုရဲ့ အခြေခံပါပဲ စာရေးဆရာတစ်ယောက် ဦးတည်ချက်တစ်ခုကို မဆုပ်ကိုင်မိဘဲနှင့် ဝတ္ထုတစ်ပုဒ်ကို မဖန်တီး မထုတ်လုပ်နိုင်ပါဘူး”[၂]

ဟူ၍ ဆိုထားပါသည်။

---

[၁] မြန်မာစာအဘိဓာန် ၊ အတွဲ၊ ၅၊ ၁၉၈၀၊ ၁၅၅။
[၂] နတ်နွယ်၊ ၁၉၇၉၊ ၆၂။

ထို့ကြောင့် ဝတ္ထုရေးဆရာတို့သည် မည်သည့်ဝတ္ထုမျိုးကို ရေးရေး စာဖတ်သူအား ရသခံစားမှုကို ပေးစွမ်းသကဲ့သို့ လောကအသိအမြင်တစ်ခုကို ရလာစေရန် ရည်ရွယ်၍ရေးရန် လိုအပ်ပါသည်။ စာရေးသူခင်ခင်ထူးသည် သူ၏ဝတ္ထုတိုများတွင် မှန်ကန်သော အသိအမြင်များဖြင့် ဝေဖန်ပိုင်းခြားတတ်စေရန် စေတနာရည်ရွယ်ချက်နှင့် ရေးသားထားသည်ကို တွေ့ရှိရပါသည်။

"ပုံတိုပတ်စ" ဝတ္ထုတိုတွင် သမီးဖြစ်သူ၏ ဆန္ဒသဘောထားကို နားလည်သော မိခင်သည် သမီးဖြစ်သူဝတ္ထုရေးဖြစ်ရန် အဝေးမှာနေလျှင် စာတိုပေစများ ရေးပို့ပေးသကဲ့သို့ လူချင်းတွေ့လျှင်လည်း မိမိငယ်စဉ်က ကြုံတွေ့ခဲ့ရသည့် အကြောင်းအရာများ ပုံတိုပတ်စများ ပုံခိုင်းပြောသည့် အကြောင်းအရာများ စသည်တို့ကို စီကာပတ်ကုံးပြောလေ့ရှိသည်။ သို့သော်လည်း ထိုအကြောင်းအရာများ အားလုံးသည် ဝတ္ထုဖြစ်မလာခဲ့ပေ။ ထို့ကြောင့် သမီးအပေါ် အားမလိုအားမရစိတ် ရှိခဲ့သော်လည်း မိဘမေတ္တာမပျက်ဘဲ ဆက်၍ ဝတ္ထုရေးဖြစ်အောင် လမ်းခင်း ပေးခဲ့သည့် မိဘနှင့် မိဘစေတနာကို နားလည်လာသော သမီးတို့၏ဆက်ဆံရေးကို ဖော်ပြထားသည်။ မိဘတိုင်း သားသမီးအပေါ်ထားရှိသော စေတနာ မိဘမေတ္တာကို ပေါ်လွင်စေသောအဖွဲ့သည် ဤဝတ္ထု၏ အာဘော်ဖြစ်သည်။

'လှေအိမ်ကလေး' ဝတ္ထုတိုသည် မန္တလေးမြို့ ဂေါဝိန်ဆိပ်အောက်နား မြစ်ကမ်းပါးတွင် ဧရာဝတီမြစ်ပေါ်ရှိ လှေအိမ်ကလေးများပေါ်တွင် နေထိုင်ကာ နေ့ဘက်တွင် မြစ်ကမ်းပေါ်တက်၍ အလုပ်လုပ်ကြသော ကလေးငယ်တို့၏ဘဝကို ဖော်ပြထားသည်။ မိဂျိုးသည် အသက် ဆယ်နှစ်အရွယ် ကလေးငယ်တစ်ဦး ဖြစ်သော်လည်း ဘဝကို ရုန်းကန်လှုပ်ရှားကာ မိသားစု၏ စားဝတ်နေရေးကို အဓိက ကူညီပေးနေရသူ တစ်ဦးအဖြစ် ဖော်ပြထားသည်။ မြစ်ကမ်းနားရှိ သဲထမ်းသမား၊ အရက်သမား၊ ကုန်ထမ်းသမား စသည့် လူအမျိုးမျိုးတို့ခိုင်းသည့် အဝယ်တော်အလုပ်ကို လုပ်ကိုင်ခဲ့သည်။ ပညာသင်ချိန်တွင် ပညာသင်ခွင့်မရဘဲ ဘဝကို ရိုးသားစွာဖြတ်သန်း၍ ရုန်းကန်နေကြရသော ကလေးငယ်လေးများရှိကြောင်း အသိပေးတင်ပြလိုခြင်းသည် ဤဝတ္ထု၏ အာဘော် ဖြစ်သည်။

'ဉပါဒါန်' ဝတ္ထုတိုတွင် အညာကျေးလက်ဒေသ၌ ရိုးရာဓလေ့ နတ်ကိုးကွယ်ယုံကြည်သူများ၏ အစွဲလမ်းကြီးပုံကို ဖော်ပြထားသည်။ အဓိကဇာတ်ဆောင် အေးရှင်သည် နတ်ကို ယုံကြည်ကိုးကွယ်သည့်အပြင် ရွာသူရွာသားများကလည်း နတ်ကို ယုံကြည်ကိုးကွယ်ကာ အစွဲလန်းကြီး နေကြသူများဖြစ်ကြောင်း ဖော်ပြထားသည်။ နတ်ပွဲရက်ရောက်တိုင်း ပြန်လေ့ရှိသော မအေးရှင်သည် ယခုနှစ်တွင်ပြန်ရန် အားခဲထားသော်လည်း မပြန်ဖြစ်လိုက်ရ၍ စိတ်ပန်း လူပန်းဖြစ်ကာ ဖျားနာခဲ့ရသည်ကိုပင်

ခင်ပွန်းဖြစ်သူ ကိုကံမောင်ကလည်း နတ်များ တစ်ခုခုလုပ်ထား၍ ဖျားနာနေရခြင်းလား ဟု ထင်ယောင် ထင်မှား ဖြစ်ခဲ့သည်။ အညာကျေးလက်ပြည်သူများ၏ ယုံကြည် ကိုးကွယ်မှုအပေါ် အစွဲလမ်းကြီးသော လူ့သဘာဝကို ဖော်ပြထားသည်။ ဥပါဒါန် ကြောင့် ဥပါဒ်ရောက်တတ်သည့်သဘောကို ဖော်ပြလိုခြင်းသည် ဤဝတ္ထု၏ အာဘော် ဖြစ်သည်။

ထို့ကြောင့် ဤစာတမ်းတွင်ပါဝင်သော ခင်ခင်ထူး၏ ဝတ္ထုတို (၃)ပုဒ်သည် စာရေးသူ၏ ပတ်ဝန်းကျင်တွင် တွေ့မြင်ကြုံတွေ့နေရသော လူမှုပတ်ဝန်းကျင်မှ အဖြစ် အပျက်များကို မှန်ကန်သော အသိအမြင်ဖြင့် ဝေဖန် ပိုင်းခြားတတ်စေရန် စာနာ နားလည်တတ်စေရန် စာဖတ်သူများကိုလည်း ဘဝသင်ခန်းစာများ ရရှိစေရန် ရည်ရွယ် ၍ ရေးဖွဲ့ထားပါသည်။ ဦးတည်ချက်ကောင်းသော ဝတ္ထုတိုများဖြစ်သဖြင့် စာဖတ်သူ များကိုလည်း မှန်ကန်သော အသိအမြင်များ၊ ဗဟုသုတများ တိုးပွားစေပါသည်။

## ၃၊ ၂။ ဇာတ်လမ်းဖန်တီးမှု

ဝတ္ထုတိုသည် လူ့လောကထဲရှိ ဖြစ်ရပ်များစွာကို စာရေးသူ၏ အတွေးစိတ်ကူး နှင့် ပေါင်းစပ်ကာ စာဖတ်သူအား နှစ်သက်ခံစားမှုကို ပေးစွမ်းနိုင်အောင် ရေးဖွဲ့ထား သည့် ရသစာပေ အဖွဲ့ပုံစံ ဖြစ်သည်။ ထိုဝတ္ထုတိုတွင် ဝတ္ထုတို၏ အင်္ဂါရပ်များဖြစ် သော ဦးတည်ချက်၊ ဇာတ်လမ်း ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်တို့ဖြင့် ဖန်တီး ရေးဖွဲ့လေ့ရှိသည်။ ထိုအင်္ဂါရပ်များထဲမှ ဇာတ်လမ်း ဖန်တီးမှုနှင့် ပတ်သက်၍ ဆရာ အောင်သင်းက–

> "ဇာတ်လမ်းဆိုသည်မှာ ဇာတ်ဆောင်တို့၏ ဘဝလမ်းကြောင်း အသိအမြင်ကို မမျှော်လင့်ဘဲ ပြောင်းသွားစေမည့် အဖြစ်အပျက် များကို ကျိုးကြောင်း ဆက်စပ်ပြထားသော ဖြစ်စဉ်တစ်ခုဟု ဆိုချင် ပါသည်"[၁]

ဟူ၍ လည်းကောင်း၊ ဆရာတက်တိုးကလည်း–

> "ဝတ္ထုတို၌ ဇာတ်လမ်းဇာတ်ကွက်သည် ပဓာနမဟုတ် ဇာတ် ကောင်၏ ချက်ပိုင်သောဘဝကို တစ်ချက်မျှ ဖော်ပြနိုင်လျှင် ဝတ္ထုတို၏ကိစ္စသည် ပြီးမြောက်ပြီဟု ဆိုလိုပါ၏"[၂]

[၁] အောင်သင်း၊ ၁၉၇၈၊ ၅၇။
[၂] တက်တိုး၊ ၂၀၀၂၊ ၁၂။

ဟူ၍လည်းကောင်း ဖွင့်ဆိုထားပါသည်။ ထို့ကြောင့် ဝတ္ထုတိုတွင် ဇာတ်လမ်းဖန်တီးရာ၌ ဇာတ်ရှိန်မြင့်တက်လာစေရန် ဇာတ်ဆောင်များ၏ လှုပ်ရှားမှုအမူအရာ၊ ဇာတ်ဆောင် အချင်းချင်း အပြန်အလှန်စကားပြောခန်း အားပြိုင်မှု၊ မြှုပ်ကွက်၊ နိမိတ်ပြကွက်များဖြင့် စာဖတ်သူများ စိတ်ဝင်စားအောင် ဖန်တီးရေးဖွဲ့ရမည်ဖြစ်ပါသည်။

'ပုံတိုပတ်စ' ဝတ္ထုတိုသည် သားသမီးတို့ဖြစ်ချင်သော စိတ်ဆန္ဒကို မိဘက လိုက်လံ ဖြည့်ဆည်းပေးကာ အောင်မြင်စေချင်သော မိဘတို့၏ စေတနာ၊ မေတ္တာကို တင်ပြလိုခြင်း ဖြစ်သည်။ စာရေးသူသည် အဓိကဇာတ်ဆောင် အမေဖြစ်သူ နေထိုင်ရာ နေရာနှင့် မိမိ နေထိုင်ရာသည် မန္တလေးမြို့တစ်မြို့တည်း ဖြစ်သော်လည်း အရှေ့နှင့် အနောက် ကွာဝေးကြောင်း အစပျိုး၍ အမေ့ထံလူကြုံရှိလျှင် အမေကြိုက်တတ်သည့် စားစရာ၊ ဆေးဝါးများ ပေးပို့ပေးတတ် ကြောင်း၊ ငွေစကလေးရှင်သည့်အခါ ကိုယ်တိုင် သွားရောက် ကန်တော့သော်လည်း အရောက် အပေါက်နည်းသည့်အခါတွင် အမေ သည် သာကြောင်းမာကြောင်းရေးသည့်စာထက် သမီးဖြစ်သူ ဝတ္ထုရေးဖြစ်အောင် သူ၏ အတွေ့အကြုံများကိုရေးသည့် စာတိုပေစလေးများက များသည်ဟု စာဖတ်သူ များ ရှေ့ဘာဆက်ဖြစ်မည်ကို သိချင်အောင် ဇာတ်လမ်းကို နှိုးဆွပေးထားသည်။ ထို့နောက်–

> "ကျွန်မ စာရေးဆရာဖြစ်ရခြင်းသည်ပင် အမေ့ကျေးဇူးက ခပ်များများ မဟုတ်လား"[၁]

ဟူ၍ အမေ့ကျေးဇူးကို ထုတ်ဖော်ပြောကြားသည့် စာရေးသူ၏ပြောစကားမှာ နိမိတ်ပြကွက် သဘောဖြစ်သည်။ ရှေ့ဆက်ပြီး စာရေးသူအား မည်ကဲ့သို့ ထောက်ပံ့ကူညီပေးမည်ကို သိစေလိုသော စာဖတ်သူများကိုလည်း သိချင်လာအောင် ဇာတ်လမ်းကို တပြည်းပြည်းချင်း ဆွဲဆောင်ပြီး ဇာတ်တက်သွားအောင် ရေးသားထားသည်။ ထို့အပြင်–

> "ပညာရယ်လို့ မပြည့်စုံရှာသော်လည်း အမေက လူ့အကြောင်း လူ့အထာတွေကို ကောင်းကောင်းသိသူ ဖြစ်သည်။ ဝတ္ထုတိုသဘောတရားကို အမေ နားမလည်နိုင် သော်လည်း အမေကိုယ်တိုင် စီကာပတ်ကုံး ပြောသမျှသည် ဝတ္ထုဖြစ်နေတတ်သည်။"[၂]

ဟူ၍လည်း မိမိကို စာရေးဖြစ်အောင် လမ်းခင်းပေးသူမှာ အမေဖြစ်သည်။ အမေသည် အတန်းပညာ မပြည့်စုံသော်လည်း နှုတ်ရေးကြွယ်သည်။ စကား အလွန်ပြောတတ်

---

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၂။
[၂] –ယင်း–၊ ၄။

သည်။ လောကအကြောင်း၊ ဓမ္မအကြောင်း ဆင်ခြင်သုံးသပ်နိုင်စွမ်းရှိသည်။ ထို့ပြင် အမေ၏ အားသာချက်မှာ အညာသူပီပီ စကားကို စီကာပတ်ကုံး အညာလေ အညာငွေ့ဖြင့် အညာသံ လှိုင်လှိုင်သုံးကာ ပြောတတ်ခြင်းဖြစ်သည်။ အမေ့အကြောင်းကို စာရေးသူ ကိုယ်တိုင်ပြော ရှုထောင့်ဖြင့်ပြောပြီး ရှေ့ဇာတ်လမ်းတွင် အမေဖြစ်သူ မည်ကဲ့သို့ ပြုမူလှုပ်ရှားမည်ကို သိစေလိုသည့် နိမိတ်ပြကွက်ဖြင့် ဖော်ပြထားသည်။

ထို့နောက် စာရေးသူကိုယ်တိုင် အမေနှင့် ငယ်စဉ်ဘဝအတူနေရစဉ် အဖြစ်အပျက်များကို အောက်မေ့ကာ အမေ၏ ပုံတိုပတ်စစကားများ အကြောင်းအရာတစ်ခု တိုက်ဆိုင်လျှင် ပုံခိုင်းပြောသည့် စကားများကို တစ်ခုချင်းစီပြောကာ စာဖတ်သူ စိတ်ဝင်စားလာအောင် ပြောသောအပိုင်းသည် ဇာတ်တက်ပိုင်း ဖြစ်သည်။ ဇာတ်ထွတ်ပိုင်းတွင် စာရေးသူငယ်စဉ်က အမေပြောတတ်သော အကြောင်းအရာများကို အလေးအနက် မထားခဲ့သော်လည်း–

> "အခုတော့ အမေ လှမ်းပို့တတ်သော စာတိုကလေးတွေကို ကျွန်မ သိမ်းတတ်နေပြီ အမေ့ ပုံတိုပတ်စကလေးတွေကို ခံယူတတ်နေပြီ"[၁]

ဟူ၍ အမေ့မေတ္တာတရားကို တန်ဖိုးထားမြတ်နိုးတတ်ပုံကို တင်ပြထားသည်။ အမေ့ ပုံဝတ္ထုများကြောင့် စာရေးဆရာဖြစ်လာခြင်း ဖြင့် ဇာတ်သိမ်းထားသည်။

ဤဝတ္ထုတွင် အမေ့ကို ပုံတိုပတ်စပြောတတ်သူအဖြစ် ဖန်တီးပြီး သမီးဖြစ်သူကို ဝတ္ထုရေးသူအဖြစ် ဖန်တီးထားသည်။ သမီးဖြစ်သူ ဝတ္ထုရေးဖြစ်အောင် ဖန်တီးပေးသူအဖြစ်လည်း မိခင်ကို တွေ့ရသည်။ ဝတ္ထုဇာတ်လမ်းနှင့် လိုက်ဖက်သည့် ခေါင်းစဉ်ကိုလည်း ပုံတိုပတ်စဟု ပေးထားသည်။ မိဘတိုင်း သားသမီးအပေါ်ထားရှိသော စေတနာ မေတ္တာနှင့် မိဘ၏စေတနာကို နားလည်လာသော သမီးတို့၏ဖြစ်ရပ်ကို ဖော်ပြထားသည်။ စာရေးသူသည် လူမှုဘဝတွင် ကြုံတွေ့နေရသော အခြေအနေများကို သဘာဝကျ၍ စိတ်ဝင်စားဖွယ် ကောင်းအောင် ဇာတ်လမ်း ဇာတ်ကွက်များဖြင့် တင်ပြထားသည်။

'လှေအိမ်ကလေး' ဝတ္ထုတိုတွင် ဧရာဝတီမြစ်ပေါ်ရှိ လှေအိမ်ကလေးများပေါ်တွင် နေထိုင်ကာ ဘဝကို ရုန်းကန်နေရသော မိသားစုများ၏ လူနေမှုဝန်းကျင်ကို ဖော်ပြထားသည်။ ဤဇာတ်လမ်းတွင် အဓိကဇာတ်ဆောင်မှာ မိဂျိုး ဖြစ်သည်။ စာရေးသူသည် ဇာတ်လမ်းအစတွင်ပင် အဓိကဇာတ်ဆောင် မိဂျိုး နေထိုင်ရာကို–

---

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၂။

> "ဂေါဝိန်ဆိပ်ရဲ့ အောက်ဘက်နားကို ကိုက်တော်တော်များများ လျှောက်လာလိုက်ရင် သံလျက်မော်လို့ခေါ်တဲ့ ချော်ဆိပ်မြစ် ကမ်းပါးကို တွေ့ရမှာပါ။ ဘကုန်းတွဲ သင်္ဘောကြီးတွေ၊ လှေတွေနှင့် ကုန်တင်ကုန်ချ လုပ်နေကြတဲ့ အလုပ်သမားတွေ၊ ကုန်တင် ကားကြီးတွေ၊ မြင်းလှည်းတွေ၊ ဆိုက်ကားတွေ၊ ပြီးတော့ မိုးကာ တာလပတ်စကြီးတွေ အုပ်ဆိုင်းထားတဲ့ ကုန်တွေကလည်း ဟိုတစ်ပုံသည့်တစ်ပုံ တလှုပ်လှုပ် တရွရွ ဥဒဟို သွားလာနေကြတဲ့ လူတွေနှင့်"[၁]

ဟူ၍ အဝေးမြင်ကွင်းဖြင့် လည်းကောင်း၊

> "ခပ်နီးနီးကလေး ကပ်ကြည့်မယ် ဆိုရင်တော့ မြစ်ကမ်းပါးကို တွယ်ကပ်နေကြတဲ့ ဂျော်ဂျက် လှေကလေးတွေကို တွေ့ရမယ်"[၂]

ဟူ၍ အနီးမြင်ကွင်းဖြင့်လည်းကောင်း ဖော်ပြထားသည်။ ထိုလှေကလေးများသည် ဝါးပေါင်းမိုး ခပ်ကုပ်ကုပ်ကလေးကို ပလက်စတစ်အုပ်ထားသည်။ ထိုလှေကလေးများထဲတွင် နေထိုင်ကာ မနက်မိုးလင်းလာလျှင် ကုန်းပေါ်တက်၍ အလုပ်လုပ်ကြသော မိဂျိုးနှင့် ဘဝတူ သူငယ်ချင်းများကို မိတ်ဆက်ကာ ဇာတ်လမ်းကို အစပျိုးထားသည်။ မိဂျိုး နေထိုင်ရာဝန်းကျင်သည် အခြေခံ လူတန်းစားများဖြစ်ကြောင်း အသေးစိတ် သရုပ်ဖော်ကာ ဇာတ်ဆောင်မိဂျိုးသည်လည်း ရေးဆက် မည်ကဲ့သို့ ဘဝကို ရုန်းကန်ရမည်ကို သိစေလိုသော နိမိတ်ပြကွက်လည်း ဖြစ်သည်။ ထို့နောက် စာရေးသူသည် မိဂျိုး၏မိသားစုအကြောင်းကို ဖော်ပြသည်။ မိဂျိုးသည် ဖခင် သဲထမ်း အလုပ်သမား ကိုကြွက်သိုးနှင့် မငွေတိုးတို့၏ သမီးဖြစ်သည်။ ဖခင်သည် သဲထမ်းသည့် လုပ်အားခကို မိသားစုကိုပေးဖို့ထက် အရက်ဆိုင်က ဒေါ်တုတ်မကိုပေးဖို့က များနေတတ်သည်။ ထို့ကြောင့် မိဂျိုးသည် မြစ်ကမ်းနားတွင် အဝယ်တော်အလုပ်ကို လုပ်ကာ မိသားစု ခြောက်ယောက်၏တာဝန်ကို ကူညီဖြေရှင်းပေးရကြောင်း ဖော်ပြထားသည်။ မိဂျိုးနှင့် သူငယ်ချင်း များသည် အဝယ်တော် အလုပ်မရှိလျှင် –

> "ကလေးတွေအားလုံး ကမ်းနားမှာ တွေ့သမျှအလုပ်တွေ အကုန် လုပ်ကြတာပါ၊ ဆန်အိတ်တွေ၊ ပဲအိတ်တွေ၊ ကြက်သွန်အိတ်တွေ

---

[၁] –ယင်း–၊ ၁၄၃။
[၂] –ယင်း–။

> မီးသွေး အိတ်တွေ တင်ကြချကြရာက ပေါက်ကြလာတာတွေကို ကျုံးကြတယ်"[၁]

ဟူ၍လည်းကောင်း၊

> "ရသမျှပစ္စည်း အတိုအစကလေးတွေကို စုပြီး တစ်ရာရရ နှစ်ရာရရ ကုန်းပေါ်က ဝယ်သူတွေဆီ ပြေးရောင်းကြတယ်၊ ရတဲ့ပိုက်ဆံကို ဆန်ဝယ်ဖို့ သူတို့အိမ်တွေ ပြန်ပေးကြရတယ်"[၂]

ဟူ၍လည်းကောင်း၊ မိဂျိုးနှင့် ပတ်ဝန်းကျင်ရှိကလေးများ မည်ကဲ့သို့ လုပ်ကိုင် စားသောက်ရပုံကို ဖော်ပြရင်း ဇာတ်လမ်းကို တဖြည်းဖြည်း တက်ထားသည်။ ထို့နောက် ကလေးတို့ သဘာဝ အလုပ်မရှိလျှင် ဆော့ကစားကာ မိမိတို့အိမ်သို့ပေးရန် ဆန်ဖိုးမပြည့်သေးလျှင် တစ်ယောက်နှင့် တစ်ယောက် ဝိုင်းဝန်းကာ ကူညီပေးသည့် စိတ်ထားများကိုလည်း တွေ့ရသည်။ ဇာတ်ထွတ်ပိုင်း တွင် မိခင်က ငွေများများရလျှင် လှေအိမ်ကလေးကိုဖာထေးရန် ပြောသောစကားကို ကြားယောင်မိ၍ အလုပ်ခိုင်းမည့်သူကိုမျှော်ကာ အမေပင်ပန်းမှာစိုးတာကြောင့် လှေဝမ်းထဲဆင်းပြီး ရေများကို ပုံးနှင့် ခပ်ထုတ်ပစ်နေချိန် ဖြစ်သည်။ ထိုသို့ အလုပ်လုပ်ရင်း မျှော်နေချိန်မှာပင် မိမိ ဖောက်သည် ဦးဗလတို့သင်္ဘောရောက်ရှိ၍ မိမိအား လူကြုံနှင့် စကားပါးလိုက်သောအခါ ဝမ်းသာအားရ ဖြစ်နေသော မိဂျိုး၏ ပုံသဏ္ဌာန်ကို–

> "လက်ထဲကရေပုံးကို ဝုန်းကနဲပစ်ချပြီး စပ်ထဘီလေးကို ပြင်ဝတ်လိုက်တယ်။ ဦးဗလတို့သင်္ဘောဆိုက်ရင် မိဂျိုး မုန့်ဖိုးအများကြီး ရတတ်တာကိုး"[၃]

ဟူ၍လည်းကောင်း၊

> "ကုန်းပေါ်မှာ အဝတ်ရေစိုတွေ လှမ်းနေတဲ့ အမေ့ကိုခေါ်ရင်း ကုန်းပေါင်ပေါ်က လွှားခနဲ ခုန်ချလိုက်တယ်"[၄]

ဟူ၍လည်းကောင်း ပိုက်ဆံများများရတော့မည်ကို သိသောအခါ ဟန်မဆောင်တတ်သော ပျော်ရွှင်နေသော ကလေးသဘာဝကို ဖော်ပြရင်း မိဂျိုး၏ ခက်ခဲနေသောကိစ္စကို ဖြေရှင်းပေးရင်း ဇာတ်ကို ဆင်းထားသည်။ ထို့နောက် အလုပ်ကိစ္စကို မယ်မယ်ရရမသိ

---

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၄၃။

[၂] –ယင်း–။

[၃] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၄၇။

[၄] –ယင်း–။

ဦးဗလတို့ ရောက်ရှိနေကြောင်း ဒေါ်ရပ်ဆိုးကြီးထံ သွားပြောပေးရုံဖြင့် ရရှိလာသော ငွေတစ်ထောင်ကို ဆုပ်ကိုင်ကာ အမေ၏ လေ့အိမ်ကလေးကို ပြင်ဆင်ရန်ဆန္ဒကို ဖြည့်ဆည်းပေးချင်သော မိဂျိုး၏စိတ်ဆန္ဒမှာ အမေ့ဆီသို့ အမြန် ပြန်ရောက်ချင်နေမိကြောင်း ဇာတ်လမ်းကို အဆုံးသတ်ထားသည်။

ဤဝတ္ထုတွင် စာရေးသူသည် အဓိကဇာတ်ဆောင် မိဂျိုးကို အသက်ဆယ်နှစ်အရွယ် အတန်းပညာ မတတ်သော်လည်း သွက်လက်ချက်ချာသူတစ်ဦး အဖြစ် ဖန်တီးထားသည်။ ငယ်ရွယ်သော်လည်း မိသားစုကို ကူညီ ထောက်ပံ့ပေးနေရသူ တစ်ဦးဖြစ်ကြောင်း မိဂျိုး၏စရိုက်ကို ပေါ်လွင်အောင် အခြား အရံဇာတ်ဆောင်များဖြင့်လည်းကောင်း ဇာတ်ဆောင်ကိုယ်တိုင် ပြောစကားဖြင့်လည်းကောင်း ဖော်ပြကာ ဇာတ်လမ်းကို ရွေ့လျားစေသည်။ စာရေးသူသည် ကလေးငယ်တစ်ဦးကို ဇာတ်ဆောင်ထားကာ မိသားစု၏ ဘဝပြဿနာကို ကူညီပေးရသူအဖြစ် ဖန်တီးထားသည်။ ထိုကဲ့သို့ လူနေမှုဘဝဝန်းကျင်တွင် အခြေခံလူတန်းစားများ၏ အခက်အခဲများ ရှိကြောင်း စာဖတ်သူများကို အသိပေး တင်ပြထားသည်။ မိဂျိုးနေရာနှင့် လူမှုပတ်ဝန်းကျင် အနေအထားတို့သည် နောက်ခံအဖွဲ့များ ဖြစ်သည်။ ဝတ္ထုတိုဖြစ်၍ ဇာတ်လမ်းဇာတ်ဆောင်နှင့် နောက်ခံကို တစ်သားတည်းဖြစ်အောင် တင်ပြထားသည်။

'ဥပါဒါန်' ဝတ္ထုတိုသည် အချို့အညာကျေးလက်ဒေသများ၌ နတ်ကိုယုံကြည်ကိုးကွယ်ကာ အစွဲလန်းကြီးနေကြသောသူများ၏အကြောင်းကို ဖော်ပြထားသည်။ ဝတ္ထု ဇာတ်လမ်းအစတွင် အဓိကဇာတ်ဆောင် မအေးရှင်သည် ငရုတ်သီးတစ်ဆုံစာကို လက်က ထောင်းနေသော်လည်း စိတ်က အမေ့ရွာသို့ရောက်နေသည်။ သည်နှစ်သည်လိုအချိန်အခါ ရောက်ပြီဆိုလျှင် အမေ့ရွာသို့ ပြန်ချင်စိတ်များ တဖွားဖွားပေါ်လာသည်။ အမေ့ရွာဆိုသော်လည်း မအေးရှင်၏ ဇာတိရွာပါပဲဟူ၍ တွေးတောကာ လက်က သူ့အလုပ်သူလုပ်သလို စိတ်ကလည်း သူ့အလုပ်သူလုပ်နေသော မအေးရှင်၏ အပြင်စိတ်နှင့်အတွင်းစိတ် အားပြိုင်ကာ စာဖတ်သူ စိတ်ဝင်စားအောင် ဖန်တီးထားသည်။

ကဆုန်လပြည့်ကျော် တစ်ရက်နှစ်ရက်ရောက်လျှင် မအေးရှင်တို့ရွာ၌ နှစ်စဉ်မပျက် ကျင်းပသော နတ်ပွဲရှိသည်။

> "မိဆိုင်ဖဆိုင်နတ်ကလည်းဖြစ်ပြန် ရွာတော်ရှင် မယ်တော် နတ်က
> လည်း ဖြစ်ပြန်ဆိုတော့ နတ်ပွဲရက်ရောက်လို့ နန်းတိုင်လက်နှင့်

> မကိုင်ရလျှင် လောကမယ် လူဖြစ်ရှုံးရလေခြင်းဟု အောက်မေ့ကြသူ
> တွေ မဟုတ်လား”[၁]

ဟူ၍ မအေးရှင်တို့တစ်ရွာလုံး နတ်ကိုးကွယ်ကြသူများ ဖြစ်ကြောင်း ဖော်ပြထားသည်။ ကိုကံမောင်တို့ ညောင်မုတ်ဆိတ်ရွာနှင့် မအေးရှင်၏ဇာတိ ပန်းညိုရွာမှာ တစ်နယ် တစ်ကြောတည်း ဖြစ်သော်လည်း လှည်းတစ်တန် လှေတစ်တန် ကုန်းတစ်တန် တစ်နေကုန် ခရီးသွားရသည်။ မအေးရှင်သည် ယောင်နောက်ဆံထုံးပါ ကိုကံမောင် နောက် လိုက်ခဲ့ရသော်လည်း နတ်ပွဲရက်ရောက်လျှင် မဖြစ်ဖြစ်အောင် ပြန်လေ့ရှိ ကြောင်း–

> “ကိုကံမောင်ရေ––– ကဆုန်လပြည့်ရက်တောင် နီးပါပကော သည်
> နှစ် ကျုပ်တို့ ရွာပြန်ရဦးမယ်တော် ကျုပ်တို့မလဲ စိုပင် စိုသော်
> လည်း မလန်း ဆိုတာလိုပဲ တစ်နှစ်စားဖို့တောင် အနိုင်နိုင်ပေမယ့်
> နတ်များတော့ မနေဝံ့ပေါင်တော်”[၂]

ဟူ၍ နတ်ယုံကြည်ကိုးကွယ်မှုကို အစွဲလမ်းကြီးကြောင်း ဖော်ပြထားသည်။ ထို့ပြင် မိမိ နတ်ပွဲသွားလျှင် ကျန်ခဲ့မည့် ကိုကံမောင်အတွက် တတ်နိုင်သမျှ ကြိုတင်၍ အလုပ် များကို လုပ်ပေးကာ အမေ့ရွာသို့ရောက်လျှင် အမေ့ကိုကန်တော့ဖို့ ညီအစ်ကိုမောင်နှမ များ၊ မိတ်ဆွေများအတွက် ယူသွားမည့်လက်ဆောင်များ စသည်ဖြင့် သွားမည့်အရေး ကြိုတင်၍ စိတ်ထဲတွင် ပြင်ဆင်ကာ စိတ်ကူးယဉ်နေမိသည်။ ကိုကံမောင် လှမ်းခေါ် တော့မှပင် ထောင်းလက်စ ငရုတ်ကျည်ပွေ့ကို ငရုတ်ဆုံထဲ စိုက်ထားခဲ့ကာ ခြံဝ ပြေးထွက်ခဲ့သည်။ ဇာတ်လမ်းအစတွင်ပင် မအေးရှင်သည် မိမိရွာကို ပြန်ချင်စိတ်၊ ပြန်ချင်ရသည့် အကြောင်းရင်းများကို စိတ်ဝင်စားဖွယ် ကောင်းအောင် ဖော်ပြထားပြီး စာဖတ်သူများကိုလည်း မအေးရှင် နတ်ပွဲသို့ ပြန်ဖြစ်မလား သိချင်စိတ်ကို ဖြစ်ပေါ်လာ စေပါသည်။

ဇာတ်တက်ပိုင်းတွင် ယောက္ခမဖြစ်သူ ဒေါ်စံထီနေမကောင်းဖြစ်၍ သွားရောက် ပြုစုကာ အိမ်ထောင့်တာဝန်များမိမိအပေါ်ပုံကျ၍ မိမိအိမ်နှင့်ယောက္ခမအိမ် အိမ်ထောင် နှစ်ခုတာဝန်ကို တစ်ပြိုင်နက်တည်း ယူနေရသောကြောင့် အလုပ်နှင့်လက် မပြတ်သလို ဖြစ်နေ လေသည်။ နေကုန်နေခန်း အလုပ်လုပ်ရ၍ နတ်ပွဲရက် ရောက်သည်ကိုပင် မသိတော့ချေ။ သို့သော်လည်း မအေးရှင်၏အတွေးများကား

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၈၂။
[၂] –ယင်း–။

> "မြို့ရောက်နေသည့် ညီမဖြစ်သူ ထွေးရှင်တို့မိသားစုတောင် ရောက်နေလောက် နေရောပေ့ါ။ ရေစကြိုအနောက် စိုင်သေရွာကလေးမှာ အခြေကျနေသည့် မောင်အငယ်ဆုံး လှဘော်ရော အောက်ပြည်အောက်ရွာကလေးမှာ အလုပ်လုပ်နေသည့် အစ်ကို အောင်ကျော်တို့ပါ သည်နှစ်လာကြလိမ့်မည်။ နတ်ပွဲဆိုတော့ ရောက်ရာအရပ်က ဒုန်းပြေးလာကြသူတွေ မဟုတ်လား။"[၁]

ဟူ၍ အမေ့အိမ်တွင် လက်ပံပင် ဆက်ရက်ကျသလို မောင်နှမများ ပွက်ပွက်ညံနေမည့်အပြင် သူငယ်ချင်းများကလည်း မိမိရောက်ပြီလားဟု လာမေးနေကြမည့်အဖြစ်ကို မြင်ယောင်ကာ အတွေးစိတ်ကူးနှင့် လွမ်းနေမိသော်လည်း သည်နှစ် အမေ့ရွာကို ရောက်ဖို့ လမ်းမမြင်တော့ကြောင်း ဖော်ပြထားခြင်းသည် စာရေးသူ၏ လှည့်ကွက်ဖြစ်သည်။ နတ်ပွဲသို့ လူကိုယ်တိုင် မရောက်သော်လည်း စိတ်ကူးနှင့် ပေးရောက်ကာ စာဖတ်သူကို ပို၍ စိတ်ဝင် စားစေသော လှည့်ကွက်ကို ဖန်တီးထားသည်။ အမေ့ရွာသို့ လွမ်းသည့်စိတ်နှင့် မိမိ၏ ညီအစ်ကို မောင်နှမများ မိသားစုများ ငယ်စဉ်က အဖြစ်အပျက်များကို ပြန်ပြောင်းအောက်မေ့ကာ သတိရမိသည့် အဖြစ်အပျက်များသည် ဇာတ်တက်ပိုင်းဖြစသည်။ ထိုပွဲ မြင်ကွင်းများကို ပြန်လည် မြင်ယောင်ကာ ရွာကို လွမ်းသည့်စိတ်နှင့် ယောက္ခမကိုပြုစုရင်း နတ်ပွဲရက်ကျော်လွန်သွား၍ စိတ်ပန်း လူပန်းဖြစ်ကာ အဖျားကြီး ဖျားနာခဲ့လေသည်။ ထိုအပိုင်းသည် ဇာတ်ထွတ်ပိုင်းဖြစ်သည်။ ဇာတ်ထွတ်ပိုင်းတွင် ဇာတိရွာသို့ ပြန်ချင်နေသော မအေးရှင်၏ဆန္ဒ ပြည့်မပြည့် အဖြေပေးရသည်။ ဤသို့ ဖျားနာသည်ကိုပင် နတ်များ ကိုင်သည်ဟု ထင်ယောင်ထင်မှားဖြစ်နေ သော ခင်ပွန်း ကိုကံမောင်ကို ခာတ်ဆရာကြီး ဆရာသောင်က အေးရှင် ထူထူထောင်ထောင် ဖြစ်လာလျှင် သူ့ဇာတိ ပန်းညိုရွာကို လိုက်ပို့ပေးရန်ဟူသော ဆေးကို ပေးခဲ့သည်။ ထိုဆေးပေးရန် ပြောသောအခါ မအေးရှင်မှာ မတ်တပ်ကြီး ထရပ်လျက် ပြန်လည် ကောင်းမွန်လာလေသည် ဟူ၍ ဇာတ်လမ်းကို အဆုံးသတ်ထားသည်။ ဤဝတ္ထုတွင် အညာကျေးလက်ဒေသများ၌ ရိုးရာဓလေ့ နတ်ကိုးကွယ်ယုံကြည်မှုမှ တစ်ဆင့် အစွဲလန်းကြီးကာ ဉပါဒါန်ကြောင့် ဉပါဒ်ရောက်တတ်သည့် သဘောကို ဖော်ပြထားသည်။ ဝတ္ထုဇာတ်လမ်းအစတွင်ပင် အဓိက ဇာတ်ဆောင်အေးရှင်သည် မိမိဇာတိရွာကို ပြန်ချင်ရသည့် အကြောင်းရင်းမှာ နတ်ပွဲကျင်းပ ချိန်သွားချင်ခြင်းသည် အဓိကဖြစ်သည်။ ဇာတ်ဆောင်အေးရှင်ကို နတ်ကို ယုံကြည်သူ အဖြစ်ဖန်တီးပြီး ဝတ္ထုဇာတ်လမ်းနှင့် အံဝင်ခွင်ကျဖြစ်အောင် သရုပ်ဖော် ထားသည်။

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၉၁။

## ၃၊ ၃။ ဇာတ်ဆောင်စရိုက်ဖန်တီးမှု

စာရေးသူတို့သည် ဝတ္ထုတစ်ပုဒ်ကို ဖန်တီးရာတွင် ဇာတ်လမ်းတည်းဟူသော ဇာတ်ခုံပေါ်၌ ဇာတ်ဆောင်တို့ကိုလည်း သူ့နေရာနှင့်သူ အံဝင်ခွင်ကျ ဖြစ်အောင် သရုပ်ဖော်ရေးသားကြသည်။ ဇာတ်ဆောင်များတွင် အဓိကဇာတ်ဆောင် အရံဇာတ်ဆောင် ဟူ၍ အမျိုးမျိုးရှိသည့်အနက် လူ့လောကတွင် အမှန်တကယ်ရှိသည့် ဇာတ်ဆောင်မျိုးဖြစ်လျှင် ဇာတ်ဆောင် ဖန်တီးမှု အားကောင်းသည်ဟု ဆိုနိုင်ပါသည်။ ဇာတ်ဆောင်နှင့်ပတ်သက်၍ ဆရာအောင်သင်းက–

> "ဇာတ်ဆောင်ဆိုသည်မှာ အဘယ်နည်းဟုမေးလျှင် ဇာတ်လမ်းကို ဖြစ်ပေါ်စေသူများဟု ဆိုရပါမည်။ တစ်ဖန် ဇာတ်လမ်းဆိုသည်မှာ အဘယ်နည်းဟု ဆိုလျှင်လည်း ဇာတ်ဆောင်များ၏ အပြုအမူ ဖြစ်စဉ်ပေတည်းဟု ဆိုရမည်ဖြစ်ပါသည်"[၁]

ဟူ၍လည်းကောင်းဆရာတက်တိုးကလည်း–

> "အရေးအသား မည်မျှပင်ကောင်းစေကာမူလည်း လူ့သဘာဝ၊ လူ့စရိုက်တို့ကို သရုပ်မဆောင်လျှင်၊ သရုပ်ဆောင်ရာ၌ မအောင်မြင်လျှင် ထိုဝတ္ထုတိုမှာ စာပေအရာ၌ မြောက်သည်ဟု ဆိုနိုင်ဖို့ ခဲယဉ်းလှပေသည်"[၂]

ဟူ၍ ကောက်ချက်ချထားပါသည်။ ထို့အပြင် ဇာတ်ဆောင်ရွေးချယ်မှုနှင့် ပတ်သတ်၍ ဆရာ အောင်လင်းကလည်း–

> "လူ့လောကအလွှာ အသီးသီးက လူတွေရဲ့ နေမှုထိုင်မှု၊ လှုပ်ရှားမှု ရုန်းကန်မှု၊ တွေးခေါ်မှု၊ ပေါင်းသင်းဆက်ဆံမှု စသည်တို့ကို လေ့လာ ရှာမှီးထားခြင်းဟာ ကျုပ်တို့ဝတ္ထုထဲက ဇာတ်ဆောင်တွေ ရုပ်လုံးဖော်ဖို့ အတွက် အရေးကြီးတဲ့ ဓာတ်ဩဇာတွေပါပဲ"[၃]

ဟူ၍ ဆိုထားပါသည်။ ခင်ခင်ထူး၏ ဝတ္ထုတိုများတွင်တွေ့ရသော ဇာတ်ဆောင်များသည် ပြင်ပလူ့လောကတွင် အလွယ်တကူမြင်တွေ့နိုင်သော လူတန်းစားအသီးသီး၏ အဖြစ်အပျက်အစုံစုံ ဘဝအဖုံဖုံကို ကိုယ်စားပြု သရုပ်ဖော်ထားသည်။ အထူးသဖြင့် အခြေခံလူတန်းစား ကျေးလက်နေပြည်သူတို့၏ စိတ်နေသဘောထား ဆင်းရဲသား

---

[၁] အောင်သင်း၊ ၁၉၇၈၊ ၇၄။

[၂] တက်တိုး၊ ၂၀၀၂၊ ၁၁၉။

[၃] အောင်လင်း၊ ၁၉၇၂၊ ၇၉။

ပြည်သူတို့၏ လူနေမှုဘဝသရုပ်ကို ကိုယ်စားပြုသော ဇာတ်ဆောင်စရိုက်များဖြင့် စာဖတ်သူများ နှစ်သက်သဘောကျအောင် ဖန်တီး ရေးဖွဲ့ထားသည်ကို တွေ့ရှိရပါသည်။

ပုံတိုပတ်စ ဝတ္ထုတိုတွင် ၅၂၈ သွယ်သော မိဘမေတ္တာကို သရုပ်ဖော်ထားသည်။ မိဘတစ်ဦး၏ သားသမီးအပေါ်တွင် ထားရှိသော မေတ္တာတရားသည် ဆင်းရဲချမ်းသာမရွေး အတူတူပင်ဖြစ်သော်လည်း ဝတ္ထုထဲတွင်ရှိသော မိခင်သည် တစ်ခြားမိခင်များထက်ပိုကာ သားသမီးကို ဖြစ်စေချင်လွန်းအားကြီးသူအဖြစ် ဖန်တီးထားသည်။ သမီးဖြစ်သူက–

> "ကျွန်မ စာရေးဆရာဖြစ်ရခြင်းသည်ပင် အမေ့ကျေးဇူးက ခပ်များများ မဟုတ်လား၊ အနေဝေးနေပြန်တော့လည်း ကျေးတောသူ အမေက စိတ်ကူးရတိုင်း စာတွေလှမ်းပို့နေကျ တစ်ခါတစ်ရံ ကျွန်မကို အားမရဟုဆိုကာ ဝတ္ထုလိုလို စီရေးပေးသည်များပင် ရှိသည့်အတွက် ကျွန်မမှာ ဝမ်းသာ ဝမ်းနည်း ဖြစ်ရပါသည်။"[၁]

ဟူ၍သမီးဖြစ်သူ၏ပြောစကားဖြင့် သားသမီး၏ဖြစ်ချင်သောဆန္ဒကို အကောင်အထည်ဖော်ကာ တွန်းအားပေးနေသော မိခင်တစ်ဦး၏စရိုက်ကို တွေ့ရသည်။ တစ်ခါတစ်ရံ သမီးဖြစ်သူ၏ ဝတ္ထုကိုဝေဖန်ကာ–

> "ညည်းဝတ္ထု ဖတ်လို့တော့ ကောင်းပါရဲ့၊ ဒါပေသိ လူလုံးမကြွဘူး အေရဲ့"[၂]

ဟူ၍ လည်းကောင်း၊

> "အမေပေးလိုက်တဲ့စာလေး ဝတ္ထုရေးဖြစ်ရဲ့လား"
>
> "ညည်းတို့စာရေးဆရာများ တည်ရတာနှင့် သင်ရဖျင်ရတာနဲ့ ပြီးနေသာပဲ၊ ဝတ္ထုတစ်ပုဒ်ရေးရပါမယ့်အကြောင်း ချိန်ဆနေရသာနဲ့ လမ်းတင်ပျောက်ကရော"[၃]

ဟူ၍ မိမိပြောလိုက်သော စကားအတိုင်း မိမိရေးလိုက်သော အကြောင်းအရာတိုင်း ဝတ္ထု ဖြစ်စေချင်သော အမေ၏ဆန္ဒ၊ ဝတ္ထုဖြစ်မလာသောအခါ အားမလိုအားမရစိတ်

---

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၂။
[၂] –ယင်း–၊ ၃။
[၃] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၃။

နှင့် ကရုဏာ ဒေါသောဖြစ်နေသော အမေ၏စရိုက်မှာ မိဘမေတ္တာသရုပ်ကို ပေါ်လွင်စေသည်။

စာရေးသူတို့သည် ဇာတ်ဆောင်စရိုက်ကိုဖန်တီးရာတွင် ဇာတ်ဆောင်ကိုယ်တိုင် ပြောစကားဖြင့် သူ၏စရိုက်ကို ဖန်တီးလေ့ရှိသည်။ ဤဝတ္ထုတွင် အမေဖြစ်သူက သူကိုယ်တိုင် ပြောစကားဖြင့်

> "အမေလေးဟဲ့– တို့အိမ်ကမီးဖိုချောင်လည်း မြို့တော်သိန်းအောင် ဇာတ်ရုံဖြစ်နေပါပကောဟဲ့––များလိုက်တဲ့လူတွေနှယ် ငါ့မလည်း ရသေ့ ရှစ်သောင်း ဆွမ်းကပ်ရသလိုဖြစ်နေပြီ"[၁]

ဟူ၍ အိမ်တွင် အိမ်ရှင်လည်းများ ဧည့်သည်လည်းများ၍ လူများနေသည်ကို ဥပမာပေးကာ မိမိထမင်းချက်ရသည်ကိုပင် တစ်မျိုးဥပမာပေးထားသည်။ အမေသည် ခေတ်အခြေအနေကိုလည်း မျက်ခြေမပြတ်၊ လောကအကြောင်း ဓမ္မအကြောင်း၊ နှံ့စပ်သူအဖြစ် ဖန်တီးထားသည်။ စာရေးသူငယ်စဉ်က အမေ၏ပြောစကား ပုံခိုင်း ပြောသည့် အကြောင်းအရာများ၊ ပုံတိုပတ်စများကို အလေးအနက် မထားခဲ့သော်လည်း စာရေးဆရာဖြစ်လာသောအခါ ထို ပြောစကားများသည် မိမိအတွက် တန်ဖိုးကြီးမားလာခဲ့ကြောင်း

> "အခုတော့ အမေလှမ်းပို့တတ်သော စာတိုလေးတွေကို ကျွန်မ သိမ်းတတ်နေပြီ အမေ့ ပုံတိုပတ်စလေးတွေကို ခံယူတတ်နေပြီ အဝေးမှာဆိုတော့ အမေ့ပုံတိုပတ်စတွေကို လွမ်းနေမိပြီ"[၂]

ဟူ၍ ဖော်ပြထားသည်။

ထို့ကြောင့် ပုံတိုပတ်စဝတ္ထုတိုသည် လူ့လောကတွင် ဖြစ်တတ်သောမိဘနှင့် သားသမီး တို့၏ ဆက်ဆံရေးအခြေအနေကို ဖော်ပြကာ ဇာတ်ဆောင်စရိုက်ကို သရုပ်ဖော်ထားသည်။ မိဘမေတ္တာသရုပ်ကို ပေါ်လွင်စေသကဲ့သို့ စေတနာကို တန်ဖိုးထားတတ်လာသော သမီးဖြစ်သူ၏စရိုက်တို့မှာ မြန်မာ၏မာလူမျိုးတို့ လူနေမှုဘဝကို ဖော်ပြနေသော ဘဝသရုပ်ဖော် အဖွဲ့အားကောင်းသော ဝတ္ထုတစ်ပုဒ်ဟု ဆိုနိုင်ပါသည်။

လှေအိမ်ကလေး ဝတ္ထုတိုတွင် စာရေးသူသည် အဓိကဇာတ်ဆောင်အဖြစ် အသက် ဆယ်နှစ်အရွယ် ဝန်းကျင်ရှိ မိဂျိုးကို ဖန်တီးထားသည်။ မိဂျိုးသည်

---

[၁] –ယင်း–၊ ၅။

[၂] –ယင်း–။

ချော်ဆိပ်မြစ်ကမ်းနားရှိ လှေအိမ်ပေါ်တွင်နေထိုင်ကာ မိသားစု၏စားအိုးကို ကူညီဖြေရှင်းပေးနေရသောသူ တစ်ဦးအဖြစ် ဖန်တီးထားသည်။ အလုပ်အကိုင်မှာ ထိုမြစ်ကမ်းအနီးတွင်နေထိုင်သော လူအမျိုးမျိုး၏ လိုအပ်တာမှန်သမျှကို ဝယ်ယူပေးရသောအလုပ်ဖြစ်သည်။ တစ်နည်းအားဖြင့် အဝယ်တော် ချာတိတ်ဖြစ်ကြောင်း စာရေးသူကိုယ်တိုင်ပြောရှုထောင့်ဖြင့် မိဂျိုးကို ပုံဖော်ထားသည်။ ထို့ပြင်

> "မိဂျိုးရေ--- အကြော်နှင့် ကောက်ညှင်းပေါင်း ဝယ်ပေးပါဦး၊ ကွမ်းယာ သုံးထုပ်ပါဆွဲခဲ့ဟေ့--ရော့။"[၁]

ဟူ၍လည်းကောင်း၊

> "မိဂျိုးရေ---ဟဲ့ကောင်မလေး ခေါ်နေတာကို၊ ရော့---ပုလင်း အဖြူလား--ဦး" "အေး-ငါးကြင်းအရေခွံကြော်လည်း ဝယ်ခဲ့၊ ပိုတာလည်း ညည်း ယူလိုက်"[၂]

ဟူ၍လည်းကောင်း၊ အခြားဇာတ်ဆောင်များ၏ ပြောစကားဖြင့် မိဂျိုး၏အဝယ်တော်အလုပ်ကို ပေါ်လွင်စေသည့်အပြင် ခိုင်းသည့်လူ၏ အခြေအနေပေါ်မူတည်၍ သွားလာလှုပ်ရှားနေသော မိဂျိုး၏အမူအရာ၊ အလုပ်အပေါ်စိတ်ဝင်စားသော လျင်မြန်ဖျတ်လတ်သော မိဂျိုး၏စရိုက်ကို တွေ့ရသည်။ ထို့နောက် တစ်ရာတစ်ရာနဲ့မှ နှစ်ဆယ်သည် ငါးကျပ်နဲ့ဆို တစ်ရာနဲ့မှအစိတ်ဟူ၍ အတန်းပညာ မတတ်သော်လည်း ငွေစက္ကူအမျိုးအစားကို သိ၍ အပေါင်းအနှုတ်ကို စျေးသည်ထက် လျင်မြန်အောင် ပေါင်းတတ်နှုတ်သော အဝယ်တော်အလုပ်နှင့်ကိုက်ညီစွာ လည်လည်ဝယ်ဝယ် ဇာတ်ဆောင်အဖြစ် ဖန်တီးထားသည်။ အဝယ်တော်အလုပ် မရှိလျှင်-

> "ခိုင်းမည့်သူ မပေါ်သေးရင်တော့ တာရိုးခြေက ညောင်ကြတ်ပင်ကြီး အောက်မှာ အဖော်တွေနှင့် မိဂျိုး ကစားနေတတ်တယ်။"[၃]

ဟူ၍ ကလေးသဘာဝ ဆော့ကစားတတ်သူဖြစ်ကြောင်း ဖော်ပြထားသည်။ သို့သော်လည်း မိခင်အား တစ်နေ့တာ ဆန်ဖိုးပေးရန် ဆန်ဖိုးမပြည့်လျှင် ခိုင်းမည့်သူကို မျှော်နေတတ်သော၊ စိုးရိမ်စိတ်ကြီးမားနေသော မိဂျိုး၏စရိုက်ကို-

> "ငါ- ပိုက်ဆံမပြည့်သေးဘူး အေးမိစံရယ် နင်က ပေးခဲ့ပြီလား"[4]

---

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၅။

[၂] -ယင်း-။

[၃] -ယင်း-၊ ၁၄၃။

[4] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၄၃။

ဟူသောပြောစကားဖြင့် ဖော်ပြထားသည်။ ထို့ပြင်–

> "လေှအိမ်ကလေးထဲကနေ အမေမျှော်လှရောပေါ့၊ အမေ့ခများ ကလေးတွေ ထိန်းရ၊ လှေထဲစိမ့်ဝင်လာတဲ့ ရေတွေပက်ထုတ်ရနှင့် ဆာလည်း ဆာရှာ ရောပေါ့"[၁]

ဟူသော မိဂျိုး၏ပြောစကားကိုကြည့်လျှင် အရွယ်နှင့်မမျှ အမေ့အပေါ်သိတတ်သော မိသားစု၏ ဘဝပြဿနာကို ကူညီဖြေရှင်းပေးသော၊ မိသားစုအပေါ်ပူပင်တတ်သော၊ သားသမီးတစ်ဦး၏ စရိုက်မှာ မြန်မာမှုနယ်ပယ်တွင်တွေ့ရသော မြန်မာ့ဓလေ့၊ မြန်မာ့ယဉ်ကျေးမှုနှင့်ကိုက်ညီသော အမျိုးကောင်းသမီးလိမ္မာလေးတစ်ဦး၏ စရိုက်ကိုတွေ့ရသည်။ ထို့ပြင် ကလေးများဖြစ်သော်လည်း တစ်ဦးနှင့်တစ်ဦး ကူညီရိုင်းပင်းတတ်ပုံကို–

> "နင့်နယ်ဟာ– ပိုက်ဆံပိုတာများ မိဂျိုးကိုချေးရောပေါ့၊ ဒီမှာ– သူ ပိုက်ဆံ မပြည့်သေးလို့"[၂]

ဟူ၍ လည်းကောင်း၊

> "ရော့– တစ်ရာ၊ သွား သွား နင့်အမေကို အမြန်ပေးချေဟာ ကစား ချင်လှပြီ"[၃]

ဟူ၍လည်းကောင်း၊ ကလေးငယ်တို့၏ တစ်ဦးကိုတစ်ဦး ကူညီရိုင်းပင်းတတ်သော စရိုက်၊ မိသားစု၏ ဘဝပြဿနာကို ကူညီဖြေရှင်းပေးတတ်သော စရိုက်၊ ကလေး သဘာဝ အချိန်အားလျှင် ကစားချင်သောစရိုက်တို့ကို ဇတ်လမ်းနှင့် အံဝင်ခွင်ကျ ဖြစ်အောင် ဖန်တီးထားသည်။ ထို့ပြင် ဘာကိစ္စဟု မယ်မယ်ရရမသိဘဲ သင်္ဘောပိုင်ရှင် ဦးဗလက မိမိရောက်ရှိကြောင်း ဒေါ်ရုပ်ဆိုးကြီးထံ သွားပြောပေးရုံဖြင့် မုန့်ဖိုးပေး လိုက်သော ငွေတစ်ထောင်ကို မျက်လုံးပြူးသွားမတတ်ကြည့်ရင်း မိဂျိုး၏ လှုပ်ရှားမှု အမူအရာမှာ အခြေခံလူတန်းစားတို့အတွက် ငွေတစ်ထောင်၏ တန်ဖိုးကြီးမားပုံ၊ ခိုင်းသည့်တာဝန်ကို ကျေပွန်စွာဆောင်ရွက်ပုံ ရရှိလာသောငွေတစ်ထောင်ဖြင့် မိမိတို့၏ ယိုစိမ့်နေသော လှေအိမ်ကလေးကိုဖာထေးရန် ဆန္ဒပြင်းပျနေသော မိဂျိုး၏စရိုက်မှာ အတုယူစရာ ဖြစ်သည်။ ပညာသင်ချိန်တွင် ပညာမသင်ရဘဲ မိသားစုအတွက်

---

[၁] –ယင်း–။

[၂] –ယင်း–၊ ၁၄၄။

[၃] –ယင်း–၊ ၁၄၅။

ရုန်းကန်နေရသော ကလေးများ၏ လူနေမှုဘဝကို စာဖတ် သူများအား မီးမောင်းထိုးပြထားသည်။

ထို့ကြောင့် လေ့အိမ်ကလေးဝတ္ထုတိုသည် အခြေခံလူတန်းစားတို့၏ လူနေမှုဘဝကိုဖော်ကာ ကလေးငယ်ပင်ဖြစ်သော်လည်း မိသားစု၏ ဘဝပြဿနာကို ကူညီပေးနေရသောသူအဖြစ် အဓိကဇာတ်ဆောင် မိဂျိုး၏စရိုက်ကို ဖန်တီးထားသည်။ မိဂျိုးကဲ့သို့ပင် ဘဝတူ ရုန်းကန်လှုပ်ရှားနေရသောသူများအဖြစ် မိဂျိုး၏သူငယ်ချင်းများကို ဖော်ပြထားသည်။

ဥပါဒါန်ဝတ္ထုတွင် အဓိကဇာတ်ဆောင်မှာ မအေးရှင်ဖြစ်သည်။ မအေးရှင်၏စရိုက်ကို ပေါ်လွင်အောင်ပံ့ပိုးပေးသူမှာ ခင်ပွန်း ကိုကံမောင်၊ ယောက္ခမဒေါ်စံထီ၊ မအေးရှင်၏ အမေနှင့် ဓာတ်ဆရာကြီးဆရာသောင် တို့ဖြစ်သည်။ ထို့ပြင် အိမ်နီးချင်း မလှကြည် မမြသောင်နှင့် မအေးရှင်၏ မောင်နှမများကို ဖော်ပြထားသော်လည်း ဝတ္ထုဇာတ်လမ်းတွင် ပါဝင်ခြင်းမရှိပေ။ မအေးရှင်၏စရိုက်ကို ဖော်ပြရာတွင်–

> "ကိုကံမောင်ရေ– ကဆုန်လပြည့်ရက်တောင် နီးပါပကော သည်နှစ် ကျုပ်တို့ ရွာပြန်ရဦးမယ်တော်။ ကျုပ်တို့မလဲ စိုပင် စိုသော်လည်း မလန်းစိုတာလိုပဲ တစ်နှစ်တစ်နှစ် စားဖို့တောင် အနိုင်နိုင်ပေမယ့် နတ်များတော့ မနေဝံ့ပေါင်တော်"[၁]

ဟူ၍ နတ်ကို ရိုးရာဓလေ့မပျက်၊ ယုံကြည်ကိုးကွယ်သော အစွဲအလန်းကြီးသောစရိုက်ကို တွေ့ရသည်။ ညောင်မှတ်ဆိတ်ရွာသား ကိုကံမောင်နှင့် အကြောင်းပါသော်လည်း တစ်နှစ် တစ်ခါ မိမိရွာသို့ ပြန်ဖြစ်အောင်ပြန်ခဲ့သည်။ ပြန်ရသည့်အကြောင်းအရင်းလည်း ရှိကြောင်းကို–

> "တစ်နှစ် နှစ်ခါက်မျက်နှာပြ၊ နတ်ကိုးမရောက်လျှင် တစ်ကိုယ်လုံး အဖိန်ဖိန်ထကာ မတ်တတ်က လဲဖို့သာပြင်တော့ဆိုသည့် စကားက လည်း ရှိသည်ကို"[၂]

ဟူ၍ ဇာတ်ဆောင်ကိုယ်တိုင် ပြောစကားဖြင့် ဇာတိရပ်ရွာကို ချစ်ခင်သောစိတ်၊ နတ်ကိုး ကွယ်မှုကိုယုံကြည်သော ကျေးတောသူကျေးတောသားတို့၏ အစွဲလမ်းကြီး

---

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၈၂။
[၂] –ယင်း–။

သော စရိုက်ကို တွေ့ရသည်။ ထို့ပြင် ဇနီးမယားတစ်ယောက်၏ လင်သားအပေါ် တွင် ထားရှိသောစရိုက်ကိုလည်း–

> "နွားရေပြည့်အောင်ခပ်ထည့်၊ တစ်ပတ်ဆယ်ရက်စာ၊ ငရုတ်သီးနှင့် ငါးပိကလေး ဒလိမ့်ထိုးကြော်၊ ပဲနီပွ ရေစိမ်ကြော်၊ ကိုကံမောင် ဝန်ပေါ့အောင် အိမ်ကကြက်တွေ တချို့ရောင်း"[၁]

ဟူ၍ ဖော်ပြထားသည်။ ဒိုးတူဘောင်ဖက်လုပ်ကိုင်စားသောက်၍ မိန်းမအလုပ် ယောကျ်ား အလုပ်မခွဲဘဲ လုပ်ကိုင်စားသောက်နေထိုင်ကြသော မိန်းမသားတစ်ဦး၏ လင်သားအပေါ် တွင် ထားရှိသောစရိုက်ကို တွေ့ရသည်။ ထို့ပြင်–

> "အမေတို့ကို ကန်တော့ဖို့ ကြက်သွန်သုံးတောင်းလောက် အိတ်ထဲ သွတ်ရဦးမယ်၊ ကြက်သွန်ဖြူ ဗမာဖြူကလေးလည်း လေးပြည် သား၊ ငါးပြည်သားလောက်ယူသွားမှ မျက်နှာလှမည်။ ကိုယ့်ရွာ ကထွက်သည့် ကြက်သွန်ကလေး အိတ်လုံးချကန်တော့တော့ အမေလက်ဆောင်ပြန်မည့် ငရုတ်သီးခြောက်ကလေး၊ ထန်းလျက် ကလေး၊ ယူလို့ကောင်းတာပေါ့၊ ဩော်–––မေ့နေလိုက်တာ အစ်ကို ပဥ္စင်းဖို့ ကုန်းဆေးကလေးကလည်း ပါပါဦးမှ။ ကလေးနှစ်ယောက် အတွက် တစ်ရွာမှာ လတ်လတ် လောလော၀တ်ဖို့ စက်ဆိုင်အပ် ထားသည့် အထည်ကလေးတွေ ရပြီလား၊ မေးရတာလည်း ခဏ ခဏ"[၂]

ဟူသော မအေးရှင်၏ အတွေးစကားအရ မြန်မာလူမျိုးတို့၏ မိဘကို ရိုသေသောစိတ်။ ညီအစ်ကိုမောင်နှမကို ချစ်ခင်သောစိတ်၊ သားသမီးအပေါ်တွင်ထားရှိသော မိဘမေတ္တာ စိတ်တို့ကိုလည်း တွေ့ရသည်။ ကျေးလက်လူနေမှုဘ၀ကို သရုပ်ဖော်၍ မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ဓလေ့ ထုံးတမ်းအစဉ်အလာတို့ကိုလည်း ဇာတ်ဆောင်များတွင် ဖန်တီးရေးဖွဲ့ထားသည်။ ယောက္ခမဖြစ်သူ ဒေါ်စံထီ၏ စရိုက်ကိုလည်း–

> "သားတစ်ယောက်၊ သမီးတစ်ယောက် မွေးထားသာပေသိ သမီး ရင်းနှစ်ယောက် မွေးထားရသလိုပါပဲ၊ ငါ့သား ကံမောင်ကတော့

---

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၀၈။

[၂] –ယင်း–၊ ၁၈၅။

ဘာသိဘာသာနေတတ်သေး၊ အေးရှင်က အမှန်းသိတတ်ရှာ
တယ်––– သားကဖက်တော့ သမီးပေါ့အေ”[၁]

ဟူ၍ ချွေးမအပေါ်ထားရှိသော စိတ်မှာ တစ်ဦးမေတ္တာ တစ်ဦးဆိုသကဲ့သို့ သမီးရင်းနှင့်မခြား သားသမီးချင်း ကိုယ်ချင်းစာနာတတ်သောစရိုက်ကို တွေ့ရသည်။ စာရေးသူသည် ယောက္ခမဖြစ်သူ၏စရိုက်ကို အနည်းအကျဉ်းသာဖော်ပြပြီး ယောက္ခမဖြစ်သူ၏ပြောစကားဖြင့် အဓိကဇာတ်ဆောင် အေးရှင်၏စရိုက်ကို ပိုမိုအားကောင်းလာအောင်ပံ့ပိုးပေးထားသည်။ ခင်ပွန်းဖြစ်သူ ကိုကံမောင်၏စရိုက်ကို ဖော်ပြရာတွင်လည်း အေးအေးဆေးဆေးနေတတ်သော သားတစ်ယောက် ဖြစ်သော်လည်း မိခင်နေထိုင်မကောင်းဖြစ်သောအခါ–

“အမေမူးလဲလို့ဟ၊ ငါ တောင်ပိုင်းပြေးလိုက်ဦးမယ် နွားတွေသာ
ကြည့်ကျွေးထားလိုက်––– ရှော့”[၂]

ဟူ၍လည်းကောင်း၊ ပျာပျာသလဲဖြစ်ကာ မိခင်အပေါ် ဂရုစိုက်သူအဖြစ်လည်းကောင်း၊ ဇနီး ဖြစ်သူ နေထိုင်မကောင်းဖြစ်သောအခါတွင်လည်း–

“အမေ့ကို ပြုစုရင်းပန်းသွားတယ်ထင်ပါရဲ့”[၃]

“နတ်များကိုင်ရော့သလား ဆရာကြီးရယ်၊ ပြီးခဲ့တဲ့ရက်က သူတို့
ရွာတော်ရှင်နတ်ပွဲ မပြန်လိုက်ရဘူး”[၄]

ဟူ၍ စိုးရိမ်ပူပန်သောစိတ်၊ ဇနီးမယားအပေါ်တွင် ကြင်နာသနားတတ်သော စရိုက်ရှိကြောင်း တွေ့ရှိရသည်။ မအေးရှင်၏ အမေဖြစ်သူစရိုက်ကို မိဘတိုင်းတွင်ရှိသော သားသမီးအပေါ် ချစ်ခင်တွယ်တာသော စရိုက်အဖြစ်လည်းကောင်း၊ ဇာတ်ဆရာကြီး ဆရာသောင်း၏စရိုက်ကို လည်း ဆေးထက် ခတ်စာနှင့်လူနာ၏ အရိပ်အခြေကို ကြည့်ကာ ကုတတ်သော ဆေးဆရာကြီး အဖြစ်လည်းကောင်း ဖန်တီးထားသည်။

ဤသို့ဖြင့် “ဥပါဒါန်”ဝတ္ထုတိုတွင် အညာကျေးလက်ဒေသကို နောက်ခံပြုကာ အစွဲလမ်းကြီး၍ ဥပါဒါန်ကြောင့် ဥပါဒ်ရောက်ခဲ့ရသော ကျေးလက်နေပြည်သူတို့၏ စရိုက်ကို ဖော်ပြထားသည်။ အခြားဇာတ်ဆောင်များကိုလည်း သူ့နေရာနှင့်သူ အကွက်

---

[၁] –ယင်း–၊ ၁၈၇။

[၂] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၈၆

[၃] –ယင်း–၊ ၁၉၇။

[၄] –ယင်း–။

ကျကျ ဖန်တီးကာ ဇာတ်ဆောင်စရိုက်အားကောင်းသော ဝတ္ထုတစ်ပုဒ်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

### ၃၊ ၄။ နောက်ခံဝန်းကျင် ဖန်တီးမှု

ဝတ္ထုတစ်ပုဒ် ဖန်တီးရေးဖွဲ့ရာ၌ ဇာတ်ဆောင်တို့ တည်ရှိဖြစ်ပျက် လှုပ်ရှားမှုပြုရာနေရာဒေသနှင့် အချိန်ကာလကို "ကာလဒေသနောက်ခံ" ဟု သတ်မှတ်ကြသည်။ ဝတ္ထုတိုတွင် ဇာတ်လမ်း ဖွံ့ဖြိုးရန်နှင့် ဇာတ်ဆောင်စရိုက် ပေါ်လွင်စေရန် ကာလဒေသ နောက်ခံဟုခေါ်သော နောက်ခံ ဝန်းကျင်သည် အဓိကကျပါသည်။ နောက်ခံဝန်းကျင်နှင့် ပတ်သက်၍ ဆရာသိန်းဖေမြင့်က နောက်ခံဝန်းကျင်၏ အရေးပါပုံကို–

> "ဇာတ်လမ်းနှင့်ဇာတ်အိမ်တည်ရန် ရေခံမြေခံလိုသည်။ ရေခံမြေခံကိုမှီ၍သာ အဆင်ပြေသော ဇာတ်လမ်းဇာတ်အိမ် တည်ဆောက်နိုင်သည်။ ထိုရေခံမြေခံသည်ကား လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး စသော လောက၏အရေးအရာ များကို ထင်ဟပ်ဖော်ပြသော ဝတ္ထုတည်ရာ မြေခံဖြစ်သည်။"[၁]

ဟုဆိုထားပါသည်။

ထို့ကြောင့် ဝတ္ထုတိုတွင် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်နှင့် ပြောစကား များသည် တစ်ခုကိုတစ်ခု အထောက်အကူပြုကာ ဝတ္ထုတိုကောင်းတစ်ပုဒ် ဖြစ်လာမည် ဖြစ်ပေသည်။

"ပုံတိုပတ်စ" ဝတ္ထုတိုသည် (၂၀၀၇) ခုနှစ် အောက်တိုဘာလတွင် ကလျာ မဂ္ဂဇင်း၌ ရေးသားခဲ့သော ဝတ္ထုတိုတစ်ပုဒ်ဖြစ်သည်။ မန္တလေးမြို့ကို ဒေသနောက်ခံ အဖြစ်ထားကာ ရေးဖွဲ့ထားသည်။

"လှေအိမ်ကလေး" ဝတ္ထုတိုသည် ဝတ္ထုတိုဖြစ်တည်ရာဒေသမှာ မန္တလေးမြို့ ဂေါ်ဝန်ဆိပ်၏အောက်နား သံလျက်မော်ဟုခေါ်သော ချော်ဆိပ်မြစ်ကမ်း၊ ဧရာဝတီမြစ်ပေါ်ရှိ လှေအိမ်ကလေးများပေါ်တွင် နေထိုင်ကာ ဘဝကို ရုန်းကန်နေကြသော မိသားစုများ၏ အခြေအနေကို နောက်ခံပြု၍ရေးဖွဲ့ထားသည်။ အသက်(၁၀)နှစ်အရွယ် မိဂျိုးကို ဇာတ်ဆောင် အဖြစ်ထားကာ မိဂျိုးကဲ့သို့ ဘဝကို ရုန်းကန်လှုပ်ရှားနေရသူများ အဖြစ် မိဂျိုး၏သူငယ်ချင်းများကို ဖော်ပြထားသည်။ စာမတတ်သော်လည်း ရိုးသားဖြူစင်စွာ အလုပ်လုပ်ပြီး ဘဝကိုရုန်းကန်သည်။ ကလေးပင်ဖြစ်သော်လည်း မိသားစု အားထားရသူတစ်ဦး ဖြစ်သည်။ မိဂျိုး၏ သူငယ်ချင်းများ သည်လည်း မိဂျိုးကဲ့သို့ပင်

---

[၁] သိန်းဖေမြင့်၊ ၁၉၆၈၊ ၁၈၃။

ရိုးသားဖြူစင်စွာ အလုပ်လုပ်၍ ဘဝကိုဖြတ်သန်းကြသည်။ ဆင်းရဲသော်လည်း အချင်းချင်း ကူညီရိုင်းပင်းသည့် စိတ်ဓာတ်ရှိသည်။ လေ့အိမ်လေးများပေါ်တွင် နေထိုင်၍ မြစ်ကမ်းနားတွင် ရရာအလုပ်ကိုလုပ်ကာ ကျင်လည်လှုပ်ရှားနေကြသော အောက်ခြေလူတန်းစား အများစု၏လူနေမှုပတ်ဝန်းကျင်ကို နောက်ခံအဖြစ်တွေ့ရသည်။ စာရေးသူသည် လူ့လောကဝန်းကျင်၌ မိဂျိုးနှင့် သူငယ်ချင်းများကဲ့သို့ ပညာသင်ချိန်တွင် ပညာသင်ခွင့်မရဘဲ မိသားစုအတွက် ဘဝကို ရုန်းကန်နေရသော ကလေးသူငယ်များရှိကြောင်း စာဖတ်သူများကို မီးမောင်းထိုးပြသည်။ နောက်ခံအဖွဲ့ အားကောင်း၍ မိဂျိုး၏ဘဝသရုပ် ပိုမို ပီပြင်လာသည်။

"ဥပါဒါန်" ဝတ္ထုတိုတွင် အဓိကဇာတ်ဆောင်အဖြစ် အညာကျေးတောသူ မအေးရှင်အား ဖန်တီးထားသည်။ နေရာဒေသနောက်ခံကို ဧရာဝတီမြစ်အနောက်ဘက်ကမ်း ညောင်မုတ်ဆိတ်ရွာနှင့် မအေးရှင်၏ဇာတိ ဧရာဝတီမြစ် အရှေ့ဘက်ကမ်း ပန်းညိုရွာဟုသာ ဖော်ပြထားသည်။ ပန်းညိုရွာနှင့် ညောင်မုတ်ဆိတ်ရွာသည် လှေတစ်တန် ကုန်းတစ်တန် တစ်နေကုန်သွားရသည့် ခရီးဖြစ်၍ အကြောင်းကိစ္စ အရေးမကြီးလျှင် ဇာတိရွာသို့မပြန်ဖြစ်ပေ။ သို့သော် နတ်ပွဲရက်ရောက်လျှင် မဖြစ်ဖြစ်အောင်သွားသည်ကို ကြည့်ခြင်းအားဖြင့် မအေးရှင်သည် နတ်ကိုးကွယ် ယုံကြည်မှုအစွဲလန်းကြီးသူဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့ပြင် မိမိကိုယ်တိုင် နတ်ကိုယုံကြည်ကိုးကွယ်သကဲ့သို့–

> "ရွာက ခဏခွာကြသူတွေကလည်း ဘယ်ကိစ္စဘယ်လောက် အရေးကြီးကြီး နတ်ပွဲရက် ရောက်ပြီဆိုသည်နှင့် ကိုယ့်ရွာကိုယ့် ဇာတိကို အပြေးပြန်လာတတ်ကြောင်း "[၁]

ဟူ၍လည်းကောင်း၊

> "ရွာကိုစောင့်ရှောက်သော ရွာတော်ရှင်နတ်ကလည်း ရွာကလေးမှာ မွေးဖွားသူမှန်သမျှ ဘယ်ကိုရောက်နေနေ သားစဉ်မြေးဆက်တစ်သက်လုံး စောင့်ရှောက်နေသည်လို့ ယုံကြည်ကြတော့ သူ့အခါ သူ့ရက် ရေစင်ဖိုးကလေးမှ မဆက်သလျှင် ရိုးရာကိုင်တတ်သည်ဆိုသည့် အစွဲကလည်း ကြီးကြသူတွေဖြစ်၏"[၂]

---

[၁] ခင်ခင်ထူး၊၂၀၀၉၊ ၁၉၄။

[၂] –ယင်း–၊ ၁၉၅။

ဟူ၍လည်းကောင်း ရွာသူရွာသားအားလုံး နတ်ကိုးကွယ် ယုံကြည်ကြကြောင်း ဖော်ပြထားသည်။ အချို့ အညာကျေးလက်ဒေသများတွင် နတ်ကို ယုံကြည်ကိုးကွယ်မှုများ ယနေ့ ထက်တိုင်ရှိနေသည်ကို တွေ့ရှိရသည်။ ထို့အပြင် မိသားစုစည်းလုံးကာ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရိုသေကြကြောင်း၊ ရပ်ရွာဓလေ့ကိုး အစဉ်အလာမပျက် ဆောင်ရွက်ပြီး ယုံကြည်ကိုးကွယ်ကြကြောင်း၊ ကျေးလက် စီးပွားရေးဖြစ်သော စပါး၊ ပဲ၊ ပြောင်း၊ ငရုတ်၊ နှမ်း စသည့် စီးပွားရေးကို လုပ်ကိုင်ကာ နေထိုင် စားသောက်ကြသော ကျေးလက် လူနေမှုဓလေ့ကိုလည်း နောက်ခံအဖြစ် တွေ့ရှိရသည်။

ခင်ခင်ထူး၏ ဝတ္ထုတိုများသည် လူ့လောက ပတ်ဝန်းကျင်တွင် ကြုံတွေ့နေရသော အဖြစ်အပျက်များ၊ လူနေမှုဘဝသရုပ်များ၊ လူတန်းစားအသီးသီးတို့၏ ရုန်းကန်လှုပ်ရှားရပုံများကို သတိပြုဖွယ် ဖော်ပြထားသည်။

## ခြုံငုံသုံးသပ်ချက်

ဤစာတမ်းတွင် ဆရာမခင်ခင်ထူး၏ "လှည်းယဉ်ကြော့" ဝတ္ထုတိုများမှ ဝတ္ထုတို (၃)ပုဒ်ကို လေ့လာ တင်ပြထားပါသည်။ ထိုဝတ္ထုတိုများထဲတွင် စာရေးသူသည် မိမိပတ်ဝန်းကျင်တွင် တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်များကို စိတ်ကူးခံစားချက် အတွေးဆန်းသစ်မှု၊ အရေးအသား ပိုင်နိုင်ကောင်းမွန်မှုတို့ဖြင့် ပြည်သူတို့၏ဘဝကို သရုပ်ဖော်ပြထားသည်။ လူနေမှု ပတ်ဝန်းကျင်တွင် ဖြစ်လေ့ဖြစ်ထရှိသော ဖြစ်ရပ်များကို စိတ်ကူးအတွေးနှင့် ပုံဖော်ကာ ရသမြောက်အောင် ရေးဖွဲ့ထားသဖြင့် စာဖတ်သူအား ဆွဲဆောင်မှု အားကောင်းစေသော ဝတ္ထုတိုများဖြစ်ပါသည်။

ပုံတိုပတ်စဝတ္ထုတွင် ကိုယ်တိုင်ပြောရှုထောင့်ဖြင့် ရေးဖွဲ့ထားသည်။ အမေဖြစ်သူ၏ ပြောစကားကို သူ၏ ဘဝအတွေ့အကြုံများ၊ လောကအကြောင်း၊ ဓမ္မအကြောင်း ဆင်ခြင် သုံးသပ်နိုင်စွမ်းရှိသူအဖြစ် ဖန်တီးထားသည်။ အမေသည် အတန်းပညာ မပြည့်စုံရှာသော်လည်း လူ့အကြောင်း လူ့အထာများကို ကောင်းကောင်းသိကြောင်း ဝတ္ထုတိုသဘောတရားကို အမေနားမလည်နိုင်သော်လည်း အမေကိုယ်တိုင် စီကာပတ်ကုံးပြောသမျှ ဝတ္ထုဖြစ်နေတတ်သည်ဟူ၍ သမီးဖြစ်သူ၏ ပြောစကားဖြင့် အမေဖြစ်သူကို ပုံဖော်ထားသည်။ အမေ၏ စေတနာမှန်ကို သိလာသော သမီးဖြစ်သူ

၏ နားလည်မှုကို ကိုယ်တိုင်ပြောရှုထောင့်ပုံစံဖြင့် ဇာတ်ဆောင် အသားပေးကာ ရေးဖွဲ့ထားသော ဝတ္ထုတိုတစ်ပုဒ်ဖြစ်သည်။ မိဘမေတ္တာကို ပေါ်လွင်စေသော ဝတ္ထုတိုတစ်ပုဒ်ဖြစ်သည်။

"လှေအိမ်ကလေး" ဝတ္ထုတိုၛ ဧရာဝတီမြစ်ပေါ်ရှိ မန္တလေးဂေါဝိန်ဆိပ်၏အောက်နား သံလျက်မော်ဟုခေါ်သော ချော်ဆိပ်မြစ်ကမ်းနားတွင် လှေအိမ်ပေါ်ၛ နေထိုင်ကြသော မိသားစုများ၏ ဘဝပြဿနာများကို ဖော်ပြထားသည်။ ထိုလှေအိမ်ပေါ်တွင် နေထိုင်သော ဆယ်နှစ်အရွယ်ရှိ မိဂျိုးကို ဇာတ်ဆောင်အဖြစ် ထားကာ မိဂျိုး၏သူငယ်ချင်းကလေးများကိုလည်း ဘဝတူ ရုန်းကန် လှုပ်ရှားနေရသူများအဖြစ် ဖန်တီးထားသည်။ ကလေးများဖြစ်သော်လည်း ကျောင်းမနေရဘဲ မိဘ၏စားအိုးကို တစ်ဖက်တစ်လမ်းမှ ကူညီထောက်ပံ့ကာ ဘဝကို ရုန်းကန်လှုပ်ရှား နေရသူများအဖြစ် ဖန်တီးထားသည်။ အခြေခံလူတန်းစားတို့၏ လူနေမှုသရုပ်ကို ဖော်ပြထားသော ဝတ္ထုတိုတစ်ပုဒ်ဖြစ်သည်။

"ဥပါဒါန်"ဝတ္ထုတိုတွင် အညာကျေးလက် လူနေမှုဘဝကို နောက်ခံကာ နတ်ကိုးကွယ်ယုံကြည်မှုကို အစွဲလန်းကြီးသူအဖြစ် ပုံဖော်ဖန်တီးထားသည်။ မအေးရှင်သည် ယခင်နှစ်များကဲ့သို့ နတ်ပွဲပြန်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားသော်လည်း ယောက္ခမနေမကောင်းဖြစ်၍ မပြန်ဖြစ်လိုက်ရဘဲ စိတ်ပမ်း လူပမ်းဖြစ်ကာ အိပ်ယာထဲ လဲခဲ့ရသည်။ ဤသည်ကိုပင် နတ်ကိုင်သည်ဟု ထင်နေသော ခင်ပွန်းကိုကံမောင်နှင့် အစွဲအလမ်းကြီး၍ ဥပါဒါန်ကြောင့် ဥပါဒ်ရောက်တတ်သည့်သဘောကို သတိပြုဆင်ခြင်ဖွယ် ဖော်ပြထားသည်။ အညာကျေးလက်ပြည်သူတို့၏ နတ်ကိုးကွယ်ယုံကြည်မှုဓလေ့ လူနေမှုဘဝကို သရုပ်ဖော်ပြထားသော ဝတ္ထုတိုကောင်းတစ်ပုဒ်ဖြစ်သည်။

ထို့ကြောင့် ခင်ခင်ထူး၏ဝတ္ထုတိုများကို လေ့လာသုံးသပ်ရာတွင် ဦးတည်ချက်ကောင်းမှု၊ ဇာတ်လမ်းဇာတ်အိမ် ခိုင်မာမှု၊ စရိုက်သရုပ်ဖော်အား ကောင်းမှု၊ လူမှုပတ်ဝန်းကျင်တွင် အမှန်တကယ်ဖြစ်ပျက်နေသော အဖြစ်အပျက်များကို သရုပ်ဖော်ကာ အရေးအဖွဲ့ ခိုင်မာမှုတို့ကြောင့် ဘဝသရုပ်ဖော်အားကောင်းသော ဝတ္ထုတိုများဖြစ်သည်ဟု လေ့လာ သုံးသပ်မိပါသည်။

## နိဂုံး

ခင်ခင်ထူး၏ လှည်းယဉ်ကြော့ဝတ္ထုတိုများထဲမှ မိဘမေတ္တာဘွဲ့ သရုပ်ဖော်ဝတ္ထု၊ အခြေခံလူတန်းစားတို့၏ ဘဝသရုပ်ကိုဖော်ပြသောဝတ္ထုတို၊ ကျေးလက်နေပြည်သူတို့၏ ဘဝသရုပ်ကို ဖော်ပြသောဝတ္ထုတိုများကို လေ့လာထားခြင်းဖြစ်ပါသည်။ ထိုဘဝသရုပ်ဖော် ဝတ္ထုတိုများသည် စာဖတ်သူများအား ရသပေးစွမ်းနိုင်သည့်အပြင် အတုယူအားကျစရာ၊ သတိပြုဆင်ခြင်စရာ ဘဝသင်ခန်းစာများကိုလည်း ရရှိစေပါသည်။ စာရေးသူ ခင်ခင်ထူးသည် ဘဝသရုပ်ဖော် ဝတ္ထုတိုများကို ပီပီပြင်ပြင် ရေးဖွဲ့နိုင်သောကြောင့် ယနေ့စာပေလောကတွင် ခိုင်ခိုင်မာမာ ရပ်တည်နေသူဟုလည်း ဆိုနိုင်ပါသည်။

## ကျမ်းကိုးစာရင်း


ခင်ခင်ထူး။ (၂၀၀၉)။ ***လှည်းယဉ်ကြော့ဝတ္ထုတိုများ***။ ရန်ကုန်၊ ရွှေဝံပုံနှိပ်တိုက်။

တက်တိုး။ (၂၀၀၂)။ ***ကမ္ဘာကျော်ဝတ္ထုတိုများနှင့်တက်တိုး၏ရှင်းပြချက်***။ ရန်ကုန်၊ အင်းကြင်းဦး ပုံနှိပ်တိုက်။

ထင်၊မောင်။ (၁၉၇၉)။ ***ဝတ္ထုတိုစာတမ်းများ (ပထမတွဲ)***။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

နတ်နွယ်။ (၁၉၇၉)။ ***ဝတ္ထုတစ်ပုဒ်ဖြစ်မြောက်ခြင်း***။ ရန်ကုန်၊ စာပေလောကစာအုပ်တိုက်။

မြန်မာစာအဖွဲ့ဦးစီးဌာန။ (၁၉၈၀)။ ***မြန်မာအဘိဓာန်အကျဉ်းချုပ်***။ အတွဲ-၅။ ရန်ကုန်၊ ပညာရေး ဝန်ကြီးဌာန။

သူရိယကန္တိ။ (၁၉၅၇)။ ***ဝတ္ထုရေးလိုသော်***။ ရန်ကုန်၊ သိဒ္ဓိပုံနှိပ်တိုက်။

သိန်းဖေမြင့်။ (၁၉၆၈)။ ***တိုက်ပွဲဝင်စာများ***။ ပထမအကြိမ်။ ရန်ကုန်၊ ပြည်တော်ကျက်သရေ ပုံနှိပ်တိုက်။

အောင်လင်း။ (၁၉၇၂)။ ***မဟာစာနိဒါန်း***။ ရန်ကုန်၊ စာပေပေါင်းကူးစာစဉ်။

အောင်သင်း။ (၁၉၇၈)။ ***စာပေရေးရာဆောင်းပါးများ***။ ရန်ကုန်၊ ဝမ်းမျိုးပုံနှိပ်တိုက်။

*J. Myanmar. Acad. Arts Sci. 2018* **Vol. XVI. No. 6A**

# ကြည့်ကန်ရှင်ကြီး၏ ရတုကဗျာ(၂)ပုဒ်မှ မိခင်မေတ္တာအဖွဲ့ လေ့လာချက်

အောင်ကျော်မိုး *

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာစာပေနယ်ပယ်၊ ရှေးကဗျာကဏ္ဍလာ ကုန်းဘောင်ခေတ်စာဆို ကြည့်ကန်ရှင်ကြီး၏ ရတုကဗျာ (၂)ပုဒ်မှ မိခင်မေတ္တာများ အဖွဲ့များကို စာပေရှုထောင့်မှ အကြောင်းအရာပိုင်း အရေးအဖွဲ့ပိုင်းအားဖြင့် လေ့လာ တင်ပြထားသော စာတမ်းဖြစ်ပါသည်။ ထိုသို့လေ့လာရာတွင် ကဗျာသင်္ဂဟမေဒနီကျမ်းလာ ကြည့်ကန်ရှင်ကြီး၏ ရတုကဗျာ(၂)ပုဒ်ကို အလေ့လာခံအဖြစ် သတ်မှတ် လေ့လာထားပါသည်။ ရတုစာပေ လေ့လာသည့် နည်းစနစ်အတိုင်း လေ့လာပါမည်။ ကုန်းဘောင်ခေတ်တွင် ထင်ရှားခဲ့သော ကြည့်ကန်ရှင်ကြီး၏ လောကီပညာ၊ ဗေဒင် ပညာ၊ ရာဇ ရေးရာ၊ လူမှုရေးရာတို့အပေါ်နှံ့စပ်သောအမြင်များ၊ မိခင် မေတ္တာအဖွဲ့ စကားအသုံး အနှုန်းများကို လေ့လာခြင်းအားဖြင့် ဂန္ထဝင်စာပေ လေ့လာ သူတို့အတွက် အထောက်အကူပြုနိုင်စေရန် ရည်ရွယ်ပါသည်။

## နိဒါန်း

ဤစာတမ်းသည် မြန်မာစာပေ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သော ရတုကဗျာအမျိုးအစားရှိ ကြည့်ကန်ရှင်ကြီး၏ ရတုများမှ မိခင်မေတ္တာအဖွဲ့များကို လေ့လာတင်ပြသည့် စာပေဆိုင်ရာ လေ့လာမှုတစ်ရပ် ဖြစ်ပါသည်။ ရတု၏သဘောသဘာဝကို လေ့လာတင်ပြပြီး၊ ကြည့်ကန်ရှင်ကြီး၏ ရတုကဗျာ (၂)ပုဒ်မှ မိခင်မေတာဘွဲ့အဖွဲ့များကို လေ့လာတင်ပြထားပါသည်။ လူမျိုးတိုင်း လူမျိုးတိုင်း အမေဟူသည် ရှိစမြဲ ဖြစ်သည်။ စာပေ၊ ဂီတ၊ ပန်းချီ၊ ပန်းပုစသည့် ကဏ္ဍပေါင်းစုံမှ အမေ့မေတ္တာကို ဖော်ကျူးတတ်ကြသည်။ မြန်မာစာပေနယ်ပယ်တွင်လည်း ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး၊ ရသစာတမ်း စသည့်စာပေမျိုးစုံတို့ဖြင့် အမေ့မေတ္တာကို ဖော်ကျူးတတ်ကြသည်။ အမေ့မေတ္တာကို ဖော်ကျူးရာတွင် ကုန်နိုင်ဖွယ်မရှိပေ။ ကုန်းဘောင်ခေတ် စာဆိုကြည့်ကန်ရှင်ကြီးသည် စွယ်စုံကျော်ထင်ကျမ်း၊ မေတ္တာစာ စသည်တို့ဖြင့်သာ လူသိများသည်။ ကြည့်ကန်ရှင်ကြီး၏ ရတုကဗျာကို အသိနည်းကြသည်။ ကြည့်ကန်ရှင်

---

* လက်ထောက်ကထိက၊ မြန်မာစာဌာန၊ မုံရွာတက္ကသိုလ်

ကြီး၏ မိခင်မေတ္တာဘွဲ့ ရတု(၂) ပုဒ်ကို ကဗျာ့ သင်္ဂဟမေဒနီကျမ်းတွင် ဖတ်ရှုရသည့် အတွက် စာဆို၏ ရတုစာပေဖန်တီးမှုစွမ်းရည်ကို လေ့လာ လိုစိတ်ဖြစ်ပေါ်မိသည်။ ထို့ကြောင့် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံ ပညာရှင်အဖွဲ့ (၁၇)ကြိမ်မြောက် သုတေသန စာတမ်းဖတ်ပွဲတွင် ကြည့်ကန်ရှင်ကြီး၏ ရတု ကဗျာ(၂)ပုဒ်မှ မိခင်မေတ္တာအဖွဲ့များ လေ့လာချက်စာတမ်းကို ဖတ်ကြားတင်သွင်းရခြင်းဖြစ်ပါသည်။ စာတမ်းတွင် ၁။ စာဆို ကြည့်ကန်ရှင်ကြီး၏ ထေရုပ္ပတ္တိအကျဉ်း၊ ၂။ ရတု ဝေါဟာရနှင့်သဘောသဘာဝ၊ ၃။ ကြည့်ကန်ရှင်ကြီး၏ ရတုကဗျာ (၂)ပုဒ်မှ မိခင်မေတ္တာအဖွဲ့ လေ့လာချက် ဟူ၍ ခွဲခြားလေ့လာသွားပါမည်။

## ၁။ ကြည့်ကန်ရှင်ကြီး၏ ထေရုပ္ပတ္တိအကျဉ်း

ကြည့်ကန်ရှင်ကြီး ရှင်နန္ဒဓဇကို ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ လင်းကတော ဆယ်ရွာ အပါအဝင် ကြည့်ကန်ရွာတွင် သက္ကရာဇ် ၁၁၁၉ ခုနှစ်၌ ဖွားမြင်ခဲ့သည်။ ငယ်မည်မှာ မောင်နုဖြစ်သည်။ အမျိုးအနွယ်မှာ အင်းဝအပျက်တွင် ကေတုမတီ တောင်ငူပြည်ကြီးကို အစိုးရတော်မူသော ပြည့်ရှင်မင်း အဆောင်မြဲမင်း၏ မြစ်ဖြစ်သည်[၁] ဟုဆိုထားပါသည်။

သာမဏေဝတ်သောအခါ ရှင်နန္ဒဓဇဘွဲ့ခံရသည်။ ရှင်သာမဏေအဖြစ်နှင့် ကျောင်း၌ စာပေများ သင်ကြားတတ်မြောက်လျှင် ရဟန်းဘောင်သို့မဝင်ပါ။ စဉ့်ကူး မင်း လက်ထက်နှင့် အမရပူရမြို့တည် ဘိုးတော်မင်းတရားကြီး လက်ထက်တို့၌ လွှတ်တော်တရားရုံးများတွင်လှည့်လည်ကာ ဗဟုသုတအဖြာဖြာကို သုံးနှစ်စီ၊ လေးနှစ် စီ ဆည်းပူးသည်။ ထို့အပြင် မြန်မာနိုင်ငံအောက်မြို့ ကျေးရွာဒေသများစွာသို့လည်း လှည့်လည်သွားရောက်ကာ ဂန္ထန္တရ ဗဟုသုတ၊ ဒေသန္တရဗဟုသုတ အစရှိသည်တို့ကို လေ့လာဆည်းပူးသည်။ သက္ကရာဇ် ၁၁၅၅ခုတွင်မူ လင်းကတောဆယ်ရွာ အသောက ရုံကျောင်း၊ ဆရာတော်ဘုရားကြီးက တောင်းပန်သဖြင့် ရေးသားသော ဓေယျာဝန္ဒနာ ဘုရားရှိခိုးစာ ကျမ်းနိဂုံး၌ ကလေးဘဝ ပညာရှာဖွေသင်ကြားစဉ်က မိမိ နည်းခံ အတုယူခဲ့ရာ ဆရာတော်ကြီး (၂)ပါး၏ အမည်စာရင်းကို ထည့်သွင်းရေးသားထား၏။ သို့ရာတွင် မောင်နုသည် အသက်(၃၀)ကျော်သော်လည်း ပဉ္စင်းမခံဘဲ ရှင်အဖြစ်နှင့်ပင် ကြည့်ကန်ရွာ ဘုံသာထွန်းကျောင်း သစ်၌ သီတင်းသုံးကာ တပည့်များအား စာပေ

---

[၁] သုတ၊ မောင်၊ ၂၀၀၂၊၁၈၂။

ပို့ချသည်။ ထိုသို့နေခိုက် မုံရွေးဆရာတော်၏ ဗုဒ္ဓဝင်ဆိုင်ရာ အမေးပြဿနာ (၅၅) ချက် တို့ကို ဖြေဆိုခဲ့သည်။

မုံရွေးဆရာတော်နှင့် ကြည့်ကန်ရှင်ကြီးတို့၏ အမေးအဖြေသည် မြန်မာစာပေတွင် မုံရွေးအမေး ကြည့်ကန်အဖြေဟူ၍ထင်ရှားသည်။ ကြည့်ကန်ရှင်ကြီးသည် စွယ်စုံကျော်ထင် အမေး ပုစ္ဆာကျမ်းကြီးကိုလည်း ရေးသားပြုစုခဲ့ပါသည်။ ထို့နောက် ဘိုးတော်မင်းတရားကြီးက အမရပူရသို့ ပင့်ခေါ်ရာ မောင်းထောင်သာသနာပိုင်ဆရာတော်ကြီးထံတွင် နေရသည်။ သက္ကရာဇ် ၁၁၆၉ ခုနှစ်သို့ ရောက်သောအခါ "သတ္တောဝါဒီ ဆယ်လွန်းတင်ဂါထာကျမ်း" ကို ရေးသား ပြုစုခဲ့ပါသည်။

ကြည့်ကန်ရှင်ကြီး ရေးသားပြုစုခဲ့သော စာပေလက်ရာများကို ကြည့်ကန်ရှင်ကြီး ဘဝနှင့် စာပေလေ့လာချက် သုတေသနတွေ့ရှိချက်စာအုပ်တွင်

၁။ ဇေယျဝန္တနာ ပါဠိနိဿယရှိခိုးစာကျမ်းနှင့် ဘုရားရှိခိုးများ

၂။ ပဥ္စပညာသပုစ္ဆာ ဝိသဇ္ဇနာကျမ်း

၃။ စွယ်စုံကျော်ထင်ကျမ်း

၄။ သတ္တောဝါဒီ ကမ္မဋ္ဌာန်းကျမ်း

၅။ စစ်ကိုင်းတောင်ကမ္မဋ္ဌာန်းကျမ်း

၆။ မနောဇာကျမ်း

၇။ ဗေဒင်လက်ရိုးကျမ်း

၈။ ဆဋ္ဌကဏ္ဏကကျမ်း

၉။ သာသနာလျှောက်စာတမ်း

၁၀။ ကျားမသျှတ္တရကျမ်း

၁၁။ ဆုံးမစာများ

၁၂။ ဖြတ်ထုံးများ

၁၃။ စကားပုံမေတ္တာစာများ

၁၄။ သုတ်ပါဠိတော်နိဿရ

၁၅။ ဗျဥ္ဇနာဒိ ဋီကာ

၁၆။ ဆနဝုတိကျမ်း

တို့မှာ ကြည့်ကန်ရှင်ကြီး ရေးသားသည်ဟု အမှတ်အသားသာ တွေ့ရ၍ စာကိုယ်များ မတွေ့ရှိရပါ။[၁]

ယင်းတို့မှာ ကြည့်ကန်ရှင်ကြီး ရေးသားသည်ဟု အမှတ်အသားရှိသော စာပေများ ဖြစ်ပါသည်။

ကြည့်ကန်ရွာနှင့် ပတ်သက်၍လည်း ကျည်းကန်နှင့် ကြည့်ကန် ဟူ၍ နှစ်မျိုး တွေ့ရှိရသည်။ သို့သော် ကြည့်ကန်ရွာဟုသာ အမှန်ယူသင့်ပုံကို

> "ကြည့်ကန်ရွာ၏ ဖြစ်ပေါ်လာပုံသမိုင်းကြောင်းအရ ကြည့်ကန်ရှင်ကြီးက ကကြီးရရစ် ညသတ်အောက်မြစ်ဖြင့် ရေးသားခဲ့သည်။ အတည်ပြု ခဲ့သည်။ ကြည့်ကန်ရွာ၏ သမိုင်းကား ဤသို့ဖြစ်သည်။ သက္ကရာဇ် ၄၅၄ ခုနှစ်တွင် ဘိုးတော်ပေးသော ဘွဲ့အမည်ဖြင့် သီရိဇေယျသူရဘွဲ့ အမည်ရသော ရွှေဂူ ဒါယကာ အလောင်းစည်သူမင်းကြီးသည် ပုဂံ၌ နန်းတက်တော်မူ၏။ ထို အလောင်းစည်သူမင်းကြီးသည် ကြည့်ကန်ရွာကြီး တည်ရှိရာအရပ်သို့ရောက် သောအခါ "ဤနေရာ၌ ကန်တည်ထားရလျှင် အများသတ္တဝါတို့ ရေအတွက် ချမ်းသာကြပေမည်" ဟု ဆင်ခြင် စဉ်းစားတော်မူသည်။ မှူးမတ်များနှင့် တိုင်ပင်တော်မူပြီး ကိုယ်တော်တိုင် ကြည့်၍ တူးသောကန် ဖြစ်သောကြောင့် "ကြည့်ကန်" ဟု အမည်တွင်လေသည်။ ထိုကြည့်ကန်ကြီးအနီး၌ တည်ထား သောရွာဖြစ်၍ "ကြည့်ကန်ရွာ" ဟုခေါ်တွင်ကြောင်း သစ္စာဘာဝီကျမ်းတွင် ရေးသားထားသည်။ ထို့ကြောင့် ကြည့်ကန်ရှင်ကြီးက ရွာ၏သမိုင်းကြောင်း ကို ထောက်ရှုပြီး ကြည့်ကန် ဟူသော စာလုံးပေါင်းဖြင့် ရေးသား အတည် ပြုခဲ့သည်။"[၂]

ဟု ကြည့်ကန်ရှင်ကြီး သူ့ရွာ၊ သူ့ဘဝ၊ သူ့ဇာတိ စာအုပ်တွင် ဖော်ပြထားပါသည်။

ကြည့်ကန်ရှင်ကြီး၏ ဘဝနိဂုံးနှင့်ပတ်သက်၍ ဗိုလ်မှူးကြီးဘသောင်း (မောင် သုတ)၏ စာဆိုတော်များ အတ္ထုပ္ပတ္တိတွင် ၁၁၇၅ ခန့်ဟု ဖော်ပြထား၍ မည်သို့ ပျံလွန်တော်မူသည်ကို ဖော်ပြထားခြင်း မရှိပါ။ သစ္စာဘာဝီကျမ်းတွင်မူ ကိုရင်ကြီး ပျံလွန်ပုံကို အသေးစိတ် ရေးသားထားသည်။

> "ရှင်နန္ဒဓဇသည် ကြည့်ကန်ရွာ ဘုံသာထွန်းကျောင်းတိုက်၌ နှစ်ပေါင်း နှစ်ဆယ်ကျော်ကာလပတ်လုံး မြတ်စွာဘုရား၏ သာသနာသုံးပါး နေ့ည မအားပွားများအားထုတ်ပြီးနောက် အသက်၅၃နှစ်လောက် ရောက်သည့် အခါ လယ်ကိုင်းကျောင်းတော်ရာ မြတ်စွာဘုရား ကိုယ်တော်မြတ်၏ ခြေတော်ရာ

---

[၁] ဌေးကြည်၊ ဒေါ်၊ ၂၀၀၇၊ ၈။

[၂] ဌေးလွင်(ဆားလင်းကြီး)၊ ၂၀၁၀၊ ၁၈–၁၉။

> အစစ် ပါဒစေတီတော်ဘုရားတို့ကို ဖူးမြော်ခြင်းငှာ ကြွသွား၍ ရောက်ရှိ ဖူးမြော်ရာ ထိုသည့်အခါဝယ် မိမိသဒ္ဓါစေတနာကလည်း ဖူးမြော်၍ မတင်းတိမ်သေး၊ မရှက်ရွှာသူ ဒါယကာဒါယိကာမ အများ လူတို့ကလည်း ကြည်ဖြူသဒ္ဓါလွန်သောကြောင့် တစ်ဝါတစ်ချိ ဝါဆိုနေရန် တောင်းပန် လျှောက်ထားကြသဖြင့် ထိုလျှောက်ထားခြင်းကို ပဋိညာဉ်ခံ၍ ထိုရွာနေ ဒါယကာတို့က ခေတ္တယာယီကျောင်း ဆောက်လုပ်၍ လှူဒါန်းသဖြင့် ထိုကျောင်း၌ သီတင်းသုံးနေထိုင်လေ၏။ ထိုသို့နေစဉ် ထိုကျောင်း လေခါး အဆင်းတွင် လေခါးပျက်ကျသဖြင့် မကျန်းမမာရှိတော်မူ၏။ ထိုအနာ ရောဂါသည် မယုတ်မလျော့သဖြင့် အဆင့်ဆင့်တိုးပွား အဖျားကလည်းဝင် မစားချင် မသောက်ချင် မကြည်လင် ပိန်ချုံး စိတ်နှလုံးပြုပြင်ကာ နေသော် လည်း နောက်ဆုံးတစ်နေ့ကြသော် ဗုဒ္ဓမြတ်စွာသုံးလူတို့ဆရာသော်မှလည်း မရှောင်သာသည့် မရဏသဘာဝမို့ ဒေဝင်္ဂတပျံလွန်တော်မူရှာ တော့သည်"[၁]

ဟု ဖော်ပြထားပါသည်။ ထိုသို့ ဖော်ပြထားချက်အရ ကြည့်ကန်ရှင်ကြီးသည် အသက်(၅၃) သို့မဟုတ် (၅၆)နှစ်တွင် ပျံလွန်တော်မူကြောင်း သိရပါသည်။

## ၂။ ရတုဝေါဟာရနှင့် သဘောသဘာဝ

ရတု ဟူသော ဝေါဟာရနှင့်ပတ်သက်၍ ပညာရှင်အသီးသီးက အမျိုးမျိုးကြံဆ ခဲ့ကြပါသည်။ "ရတိဝနေတီတိ ရတု ဟူ၍ လူတို့မွေ့လျော်ပျော်ပိုက်သော ကဗျာဖြစ်၍ ရတုဟု ခေါ်ဆိုကြောင်း ပညာရှင်အချို့က ဝိဂြိုလ်ပြုကြပါသည်။"[၂] ဟု ကုန်းဘောင် ခေတ် ရတုကဗျာစု အမှာစာတွင် ဖော်ပြထားသည်။

မြန်မာစာပေသမိုင်းတွင် "ရတု" ဟူသော သက္ကတဘာသာ "ရိတု" မှ ပျက်လာ သော ရတုလည်းရှိ၍ မြန်မာဘာသာ ပေါရာဏသက်သက် ရတုလည်း ရှိသည်။ သက္ကတဘာသာ "ရိတု" မှာ "အခိုရာသီ" ဟုအနက်ရပြီး မြန်မာဘာသာ "ရတု" မှာ "သဘင်၊ အခမ်းအနား၊ အခြေအနေ" ဟူ၍ အနက် သုံးမျိုးရကြောင်း ဖော်ပြထား သည်။[၃]

မြန်မာအဘိဓာန်တွင် "ရတုကဗျာသည် လေးလုံးတစ်ပဒ ဖွဲ့စပ်ရသော လင်္ကာ မှ ပေါက်ဖွားလာသော ကဗျာအဖွဲ့တစ်မျိုး" [၄] ဖြစ်ပါသည်။ သို့သော် ပျို့၊ မော်ကွန်း၊ ဧချင်းစသော ကဗျာတို့ ကဲ့သို့ အပိုဒ်ရေများစွာ ဖွဲ့ဆိုရသည်မဟုတ်ပေ။ ရတုကဗျာကို

---

[၁] သုတ၊ အရှင်၊ မ–၁၂၉၉၊ ၁၉၂။
[၂] မြမြသန်း၊ ဒေါ်၊ ၁၉၈၆၊ အမှာစာ။
[၃] ဖေမောင်တင်၊ ဦး၊ ၁၉၈၇၊ ၄၈။
[၄] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၉၄။

တစ်ပိုဒ်တည်းဖွဲ့ဆိုလျှင် ဧကပိုဒ် ရတု၊ နှစ်ပိုဒ်ဖွဲ့ဆိုလျှင် အဖြည့်ခံရတု၊ သုံးပိုဒ်ဖွဲ့ဆိုလျှင် ပိုဒ်စုံရတုဟူ၍ သတ်မှတ်ထားပါသည်။ အရေးအဖွဲ့ပုံသဏ္ဌာန်ကိုလိုက်၍ ရတုအမျိုးအစား ကွဲပြားသကဲ့သို့ အကြောင်းအရာ အချက်အလက် တို့အပေါ် မူတည်၍လည်း ဘုရားတိုင်ရတု၊ သိကြားတိုင်ရတု၊ မြို့ဘွဲ့ရတု၊ ပန်းဘွဲ့ရတု၊ ဥဒေါင်းဖိုမ အမေးအဖြေရတု၊ စစ်ချီရတု၊ တောလား ရတု၊ ရေလားရတု၊ မိုးတောရတု၊ ကျေးစေရတု၊ မယ်ဘွဲ့မောင်ဘွဲ့ရတု စသည်ဖြင့်လည်း ခေါ်ဝေါ် သတ်မှတ်ချက်များရှိပါသည်။

## ၃။ ကြည့်ကန်ရှင်ကြီး၏ ရတုကဗျာ(၂)ပုဒ်မှ မိခင်မေတ္တာအဖွဲ့လေ့လာချက်

### ၃၊ ၁။ အကြောင်းအရာပိုင်းလေ့လာချက်

ကုန်းဘောင်ခေတ်စာဆို ကြည့်ကန်ရှင်ကြီးသည် လောကီလောကုတ္တရာ စာပေများစွာကို ရေးသားပြုစုခဲ့သူဖြစ်သည်။ စာပေမျိုးစုံအနက်မှ ကြည်ကန်ရှင်ကြီး၏ ရတုကဗျာတို့သည်လည်း စိတ်ဝင်စားဖွယ်ကောင်းပါသည်။ စာဆိုကြည့်ကန်ရှင်ကြီးသည် မေတ္တာစာများ ရေးဖွဲ့ခဲ့သည့်နည်းတူ သူ၏ရတုကဗျာတို့တွင်လည်း အမိက သားအပေါ်ထားသော မေတ္တာတရားကိုဖွဲ့ဆိုထားသည့်အတွက် မေတ္တာစာသဘော သက်ဝင်သော သဘောကို တွေ့ရပါသည်။ မိသားစုနှင့် ခွဲခွာ၍ အောက်ပြည်အောက်ရွာသို့ စီးပွားရှာသွားနေကြရသော သားတို့အား လွမ်းဆွတ်တမ်းတနေသော မိခင်တစ်ဦး၏ မေတ္တာတရားကြီးမားပုံ၊ လွမ်းဆွတ်တမ်းတကာ စိုးရိမ်စိတ်တို့ဖြစ်ပေါ်နေပုံ အကြောင်းများကို ပေါ်လွင်စွာ ဖွဲ့ဆိုထားပါသည်။

"တပျောင်းပျောင်းလျှင်" ချီပိုဒ်စုံရတုတွင် အောက်ပြည်အောက်ရွာသို့ စီးပွားရှာသွားသော သားမောင်အတွက် ပူဆွေးသောကတို့နှင့် အလွမ်းဝေဒနာခံစားနေရသော မိခင်တစ်ဦး၏ ခံစားချက်ကို ရေးဖွဲ့ထားပါသည်။ ဝေးလံလှသော အောက်ပြည်အောက်ရွာသို့ စီးပွားရှာသွားသော သားမောင်အတွက် အညာအရပ်မှ မိခင်တစ်ဦး၏ အလွမ်းခံစားချက်ကို –

"တပျောင်းပျောင်းလျှင်၊ ရွှေညာခွင်က၊ မိခင်မာတာ၊

သားမင်းလျာကြောင့်၊ ခွေကာနွမ်းရိ၊ လွမ်းမချိခဲ့"[၁]

ဟု ရေးဖွဲ့ထားပါသည်။ ထိုအဖွဲ့တွင် အညာဒေသမှ မိခင်သည် အောက်ပြည်အောက်ရွာသို့ စီးပွားရှာသွားသော သားကို လွမ်းရသည့် အလွမ်းကို "လွမ်းမချိခဲ့" ဟု

[၁] လွင်၊ ဦး၊ ၁၉၆၆၊၂၂၀။

စာဆိုကဖွဲ့ပြထားသည်။ မိခင်က သားကိုလွမ်းရသော အလွမ်းစိတ်တို့ကြောင့် မချိအောင် ခံစားရကြောင်းသိရသည်။ ထိုသို့ခံစားနေရသော အမေသည် စိတ်ထောင်းကိုယ်ကြေဖြစ်နေကြောင်းကို "ခွေကာနွမ်းရိ" ဟု ဖော်ကျူးထားသည်။ မိခင်၏ စိတ်ခံစားချက်ကိုသာမက ကိုယ်အမူအရာ ခွေယိုင်နွမ်းနေသည်ကိုပါ မြင်ယောင်လာစေပါသည်။

မိခင်သည် သားမောင်မျက်နှာကို မြင်ရနိုးနှင့် မျှော်နေမိသည်။ သို့သော် သားမောင် ပြန်မလာသည့်အတွက် လွမ်းဆွေးရပုံကို –

"မွေးမိဘမှာ၊ လွမ်းရပါလည်း၊ အောက်ရပ်ရွာဘုံ၊ ဝေးလှတုံ၍၊
နေမုံတက်စ နံနက်ထကို၊ ဧရာ့တောင်ကြီး၊ ဝိုက်ကာဆီးသို[၁]

ဟူ၍ ဖွဲ့ပြသည်။ သားမောင်စီးပွားရှာသွားသော အောက်ပြည်အောက်ရွာသည် အညာဒေသနှင့် ခရီးအလွန်ဝေးကွာကြောင်းကို "ဝေးလှတုံ၍" ဟု ဖွဲ့ထားသည်။ နံနက်ခင်းအချိန် ကြီးမားသော တောင်တန်းကြီးကထွက်ပြူလာသော နေမင်းကြီးကို ပိတ်ဆို့ကာဆီးထားသကဲ့သို့ သားမောင်၏ မျက်နှာကိုလည်း ဝေးကွာလှသော ခရီးလမ်းက ဟန့်တားထားသကဲ့သို့ရှိကြောင်း မိခင်က သားအပေါ် လွမ်းသည့် အလွမ်းကို ထင်ဟပ်ပြထားပါသည်။

ထိုသို့ ဝေးလံလှသော အောက်ရပ်ရွာခရီးကို သွားလိုလှကြောင်း –

"သားမောင်ပျော်ရာ၊ အောက်ရပ်သာသို့၊
တမ်းကာ ရှုလျက်၊ တသက်သက်လျှင်၊
ငှက်လိုပျံချင်၊ မတတ်ပင်နှင့်"[၂]

ဟု ဖွဲ့ထားပါသည်။ သားမောင်သည် အောက်ပြည်အောက်ရွာတွင် မိတ်ဆွေ အပေါင်းအသင်းများဖြင့် ပျော်နေမည်လား၊ ချစ်သူရည်းစားရ၍ သာယာပျော်မွေ့ဖွယ်ဖြစ်နေမည်လား ဟု တမ်းတရှုမျှော်လျက် တသသဖြစ်နေပါသည်။ အမေသည် သားကို မြင်ချင်တွေ့ချင်သည်။ သို့သော် ခရီးဝေးကွာလွန်း၏။ အမေသည် ဆန္ဒနှင့်ဘဝ တစ်ထပ်တည်း မကျနိုင်ဖြစ်ရသည်။ အတူရှိနေစဉ်အချိန်ကထက် ခွဲခွာနေရချိန်တို့တွင် ပို၍ချစ်၊ ပို၍လွမ်းတတ်ကြသည်။ အမေက သားရှိရာအောက်ပြည်အောက်ရွာသို့ အပြေးသွားလိုကြောင်းကို "ငှက်လိုပျံချင်၊ မတတ်ပင်နှင့်" ဟု ရေးစာဆိုတို့နည်းတူ

---

[၁] လွင်၊ ဦး၊ ၁၉၆၆၊ ၂၂၀။
[၂] – ယင်း –။

ကြည့်ကန်ရှင်ကြီးကဖွဲ့ပြထားသည်။ မိခင်၏ တမ်းတပူဆွေးမှုတို့ကို ပေါ်လွင်စေပါသည်။

မိဘတို့သည် သားသမီးအပေါ် အသက်တမျှ ချစ်ခင်မြတ်နိုးကြသည်။ သားသမီးတို့ လူလားမြောက် အရွယ်ရောက်သော်လည်း ကလေးသဖွယ် မှတ်ယူကာ စိတ်မချနိုင်ဖြစ်ရသည်ကို

"သူ့ရပ်ရွာတွင် နာလည်းမကူ၊ သာမကူနှင့်၊
ရေပူရေချမ်း၊ ဘယ်သူကမ်း၍၊ စိတ်ဝမ်းရွှင်အောင်၊
သားရွှေတောင်ကို၊ ရှက်ဆောင်လိမ့်မည်၊ အတည်တည်ကို၊
ကြံစည်လိုက်မိ၊ အောက်မေ့ဘိသော်၊ ပျောင်းအိခွေနုံး၊သားရွှေတုံးကို၊
ယူကျုံးမရ၊ လွမ်းလိုက်လှခဲ့"[၁]

ဟု ရေးဖွဲ့ထားပါသည်။ သားမောင် နာမကျန်းဖြစ်သည့်အခါတွင် လည်းကောင်း၊ ကောင်းမှု ကုသိုလ်ပြုသည့်အခါတွင် လည်းကောင်း ကူညီမည့်သူများရှိပါမည်လော၊ ရေပူရေချမ်း ကမ်းလှမ်းပေး၍ သားမောင်စိတ်ချမ်းသာအောင် ထားပေးနိုင်မည့် ချစ်သူရည်းစားများရှိနေပြီလောဟု အကြောင်းအမျိုးမျိုးနှင့် တွေးတောပူပန်တတ်ကြသည်။ မိခင်သည် သားမောင်ငယ်စဉ် အခါက ရင်ခွင်ပိုက်၍ နွေးနွေးထွေးထွေး မွေးစက်နိုင်ရန် ချော့မြူခဲ့ရသည်များကို သတိရနေသည်။ အောက်ပြည်အောက်ရွာသို့ စီးပွားရှာသွားသော သားမောင် ပြန်မလာသည်မှာ ကြာပြီဖြစ်၍ အလွမ်းသောက ဖြစ်ရပုံကို "ပျောင်းအိခွေနုံး" ဟူသော လုံးတွဲကြိယာအသုံးဖြင့် လည်းကောင်း၊ တမ်းတစိတ်တို့ များပြားသည်ကို "အောက်မေ့ဘိသော်" ဟု ဖွဲ့ပြထားရာ လွမ်းဆွတ်တမ်းတစိတ်များကြောင်း 'ဘိ' ဟူသော အသုံးဖြင့်လည်းကောင်း ထိမိစွာ ဖွဲ့ပြထားသည်။ မိခင်တစ်ဦး၏ သားအပေါ်ထားရှိသော မေတ္တာတရားကို ပေါ်လွင်စေပါသည်။

သားမောင်သည် အောက်ပြည်အောက်ရွာတွင် စီးပွားရှာရန် ရောက်ရှိနေသည်ဖြစ်၍ မိဘ ဆွေမျိုးများနှင့် စည်းစည်းလုံးလုံး နေရသည်မဟုတ်။ သားမောင်တစ်ယောက်တည်း ရန်းကန် လှုပ်ရှားနေရသည်ဖြစ်၍ စိတ်မချနိုင်ဖြစ်ရပုံကို –

"နှစ်မသားချင်း၊ နောင်ရင်းညီထွေး၊
တူကလေးနှင့်၊ မွေးသည့်ဘခင်၊
မမြင်မျက်ကွယ်၊ သူ့ရပ်လယ်မှာ၊

[၁] – ယင်း –။

အမယ်မပါ၊ မောင့်ချည်းသာလျှင်၊
နေရှာလိမ့်မယ်”[၁]

ဟူ၍ ဖော်ကျူးထားသည်။ စာဆိုသည် မိခင်တစ်ဦးက သားအပေါ်ထားရှိသော ချစ်ခြင်းမေတ္တာကို အတူရှိနေစဉ်နှင့် ခွဲခွာနေရစဉ် ဖြစ်ရပ်တို့ကို နှိုင်းယှဉ် ခံစားပြထား ပါသည်။ မိဘ ဆွေမျိုး သားချင်း တို့နှင့်ဝေးသော အောက်ပြည်အောက်ရွာတွင် တစ်ယောက် တည်းနေရသော သားအတွက် စိုးရိမ် ပူပန်စိတ်ဖြစ်မိပုံကို “အမယ်မပါ၊ မောင့်ချည်းသာလျှင်၊ နေရှာလိမ့်မယ်” ဟု ဖွဲ့ပြထား ပါသည်။

သားမောင်အောက်ပြည်အောက်ရွာသို့ စီးပွားရှာရန် ထွက်ခွာသွားသည်။ မိခင်ထံ ပြန်မရောက်ခဲ့သည်မှာ သုံးနှစ်ပြည့်တော့မည် ဖြစ်သည်။ သို့သော် သားမောင်က ပြန်မလာပေ။ မိခင်သည် သားမောင်အတွက် စိတ်မချနိုင်ဖြစ်ကာ အမှာစကား ပြောကြားတိုက်တွန်းဟန်ကို

မင်းလျာနုနယ်၊ မယ်မှာဘွယ်မူ၊ ကျယ်လျှင်ကားချဲ့၊ ပဲ့လျှင်ဖဲ့လော့၊
နွဲ့လျှင်ကားသပ်၊ ခိုင်လျှင်ထပ်ဆင့်၊ ကျပ်လျှင်သပ်ပင်း၊
ချောင်လျှင်ထွင်းလော့၊ ရှင်းလျှင်သုတ်သင်၊ လေးလျှင်တင်ရှင့်၊
စင်လျှင်ကားဆေး၊ ထက်လျှင်သွေးလော့”[၂]

ဟူ၍ ရေးဖွဲ့ထားသည်။ ကျယ်လိုသောအရာကို ချဲ့မှသာရနိုင်သည်။ ပဲ့လိုသော အရာကို ဖဲ့ရမည်။ ချစ်ခင်နှစ်သက်သူကို သပ်ပွတ်ချော့မြူရမည်။ ခိုင်မြဲသောအရာကို ပို၍ ခိုင်မြဲအောင်လုပ်ဆောင်ရမည်။ ကျပ်လိုသောအရာကို သပ်ဖြင့်ပင်းထည့်ပေးရမည်။ ချောင်လိုသောအရာကို ထွင်းထုပြုလုပ်ရမည်။ ရှင်းလင်းလိုလျှင် သုတ်သင်ပေးရမည်။ လေးလေးနက်နက် ကြီးကြီးမားမား ထမ်းဆောင် လိုလျှင် ထပ်ပိုးခိုင်းစေတတ်ရမည်။ စင်ကြယ်လိုလျှင် ဆေးကြောပေးရမည်။ ထက်မြက်လိုလျှင် သွေးပေးတတ်ရမည်။ လောကသဘော၊ လူ့သဘောအမျိုးမျိုးကို သိနားလည်စေလိုသော မိခင်၏ မှာကြားဟန်ကို ထည့်သွင်း ဖော်ပြထားပါသည်။

စာဆိုကြည့်ကန်ရှင်ကြီးသည် မိခင်မေတ္တာကို ဖော်ကျူးရာတွင် သားမောင်အတွက် စိုးရိမ် ပူပန်ရပုံ၊ စိတ်မချနိုင်ဖြစ်ရပုံတို့ဖြင့် ဖွဲ့ပြထားသည်။ ကိစ္စများမြောင် လူတို့ဘောင်ဟူသည့် အတိုင်း လူမှုရေးရာအဖြာဖြာတို့သည် ရှုပ်ထွေးလှပေသည်။

---

[၁] လွင်၊ ဦး၊ ၁၉၆၆၊၂၂၀။
[၂] လွင်၊ ဦး၊ ၁၉၆၆၊ ၂၂၀။

အောက်ပြည်အောက်ရွာသို့ စီးပွားရှာသွားသော သားမောင်သည် အပေါင်းအသင်းများ ကာ စီးပွားပျက်မည်ကို စိုးရိမ်သည်။ ထို့အတွက် လူတို့၏သဘောကို နားလည်စေရန်

"အရေးဆိုဘွယ် လူတို့ဝယ်မူ၊
သွယ်တတ်မှစီး၊ ရှယ်တတ်မှနီးရှင့်၊
ကြီးလွယ်လျှင်ချောင်၊ မသိမှောင်သည်၊
ဖြူယောင်နှင့်မဲ၊ ဟုတ်ယောင်လွဲသား၊
ဝမ်းထဲလိမ်လစ်၊ လူ့သနစ်ကို၊
စင်စစ်သေချာ၊ သိခဲ့စွာဟု၊
ပညာရှိများ၊ မိန့်ခဲ့ထားသား" [၁]

ဟု ဖွဲ့ဆိုထားပါသည်။ ရေကိုအလိုရှိပါက သွယ်ယူတတ်မှ စီးဆင်းနိုင်သည်။ ကြံရှယ် တတ်မှ နီးစပ်နိုင်မည်။ ကြီးလွယ်သောအရာတိုင်းလည်း ပြည့်စုံသည်မဟုတ်။ အသိ တရား ဉာဏ်ပညာ မယှဉ်ပါက အမိုက်မှောင်ကျတတ်သည်။ ဖြူမည်လိုလိုနှင့် မည်း တတ်ပြီး ဟုတ်မည်လိုလိုနှင့် လွဲတတ်သည့် သဘော၊ လှည့်ဖြားလိမ်ညာတတ်သော လူတို့၏သဘောတို့ကို သိရန်ခက်ခဲသည်ဟု ပညာရှိများ မိန့်ထားပုံနှင့် ဖော်ကျူးထား ပါသည်။ မိခင်က စီးပွားရှာသွားသော သားအတွက် စိုးရိမ်ပူပန်ကာ မှာကြားလိုက် သည့်ဟန်ကို စာဆိုက ရတုတွင် ထည့်သွင်း ရေးဖွဲ့ပြထားသည်။ သားမောင် စီးပွားရှာရာတွင် သတိသမ္ပဇဉ် ဉာဏ်နှင့်ယှဉ်ကာ ရိုးသားကြိုးစားကာ ရှာဖွေလုပ်ကိုင် စေလိုသော မိခင်မေတ္တာအဖွဲ့ဖြစ်ပါသည်။

ပညာရှိတို့၏မှတ်သားလိုက်နာဖွယ်ရာအဖြာဖြာကိုသားမောင်လိုက်နာစေချင် သည်။ စီးပွား ရှာရာတွင် အသိဉာဏ်ပညာနှင့် ယှဉ်စေလိုသည်။ တစ်ရပ်တစ်ကျေး တွင် စီးပွားရှာနေသော သားမောင်ကို မိခင်ကသတိရ တမ်းတကြောင်း အလွမ်းပိုဒ်စုံ ရတုဖြင့် မေတ္တာသွန်းလောင်းလိုက်ပုံကို –

"မယ်ငယ့်ရွှေသွေး၊ ဉာဏ်နှင့်ဆေး၍၊
အဝေးဆယ်ယှဉ်း၊ နီးတယှဉ်းဟု၊
စဉ်းစားရွှေသာ၊ ပြန်မည့်တာကို၊
ရွှေညာရပ်ခွင်၊ မွေးမိခင်က၊ ဉာဏ်ရှင်ချီးမွမ်း၊
လွမ်းဘွယ်ပိုဒ်စုံ၊ ရစ်တန့်ပုံနှင့် ကြည်ယုံမေတ္တာ၊
လောင်းလိုက်ပါ၏" [၂]

---

[၁] – ယင်း –၊ ၂၂၁။
[၂] လွင်၊ ဦး၊ ၁၉၆၆၊၂၂၁။

ဟု စာဆိုကြည့်ကန်ရှင်ကြီးက ဖွဲ့ပြထားသည်။ ရပ်ဝေးတွင် နွားဆယ်ရှဉ်းနှင့် ပင်ပန်းစွာလုပ်ကိုင်၍ စီးပွားရှာမည့်အစား မိဘနှင့်အတူ ဥမကွဲသိုက်မပျက် နေထိုင်ပြီး နွားတစ်ရှဉ်းနှင့် သက်သက်သာသာ စီးပွားရှာစေလိုသော မိခင်၏ဆန္ဒကို တွေ့မြင်နိုင်သည်။ အညာဒေသတွင်ရှိသော မိခင်က သားမောင်ကို သတိရလွမ်းဆွတ်နေကြောင်း ရတုပိုဒ်စုံ ပေးပို့လိုက်ပါသည်။ သားမောင် ကျန်းမာ ချမ်းသာစေကြောင်း မေတ္တာရေ သွန်းလောင်းလိုက်ပါသည်။ မိခင်၏ မေတ္တာတရား ကြီးမားပုံကို ပေါ်လွင်စေပါသည်။

မွေးရပ်မြေမှသားမောင်နှင့်အတူ စီးပွားရှာသွားသော အဖော်အပေါင်းတို့ ပြန်လာကြသော် လည်း သားကပြန်မလာခဲ့ပါ။ မိခင်သည် သားမောင်စီးပွားဖြစ်ထွန်းမှ ပြန်လာစေလိုသည် မဟုတ်ပါ။ စီးပွားဥစ္စာထက် သားမောင်ကိုသာ မြင်ချင်တွေ့ချင်ပါသည်။ ထို့ကြောင့် စီးပွားဥစ္စာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အမြန်ပြန်လာခဲ့စေလိုကြောင်းကို စာဆိုက –

"ချမ်းသာစီးပွား၊ ဆိုသည်များကို၊ လားလားမယ်မှာ၊
အောက်မေ့ပါဘူး၊ သားကျူးကိုသာ၊ မြင်ချင်ပါရှင့်"[၁]

ဟူ၍လည်းကောင်း၊

"မင်းလျာယဉ်ရွှ၊ သားရွှေစငယ်၊
မရဖြစ်စေ၊ ရဖြစ်စေသာ၊ ပြန်ခဲ့ပါလော့"[၂]

ဟူ၍လည်းကောင်း ရေးဖွဲ့ထားပါသည်။ စီးပွားချမ်းသာခြင်းထက် သားမောင်ကိုသာ မြင်တွေ့ ချင်ကြောင်း၊ စီးပွားဖြစ်ထွန်းသည်ဖြစ်စေ၊ မဖြစ်ထွန်းသည်ဖြစ်စေ မိခင်ထံသို့ သားမောင် အမြန်ပြန်လာစေကြောင်း ဆုတောင်းနေသည့် မိခင်၏အဖြစ် သည် ကရုဏာသက်ဖွယ်ဖြစ်သည်။

သားမောင် အောက်ပြည်အောက်ရပ်သို့ စီးပွားရှာသွားသည်မှာ သုံးနှစ်ပြည့်ပြီဟု ရေတွက်မိတိုင်း မိခင်၏ သောကသည် တိုး၍ တိုး၍ ခံစားရပါသည်။ ထို ခံစားချက်ကို –

" ပျောင်းအိခွေနစ်၊ ဇမ္ဗူရာဇ်ကို၊ ချစ်လို့မဝ၊
မြင်မဝနှင့်၊ ဆယ်လပိုက်လွယ်၊ သားမင်းငယ်ကြောင့်၊
အမယ်လွမ်း၍ လှိုင်ခဲ့ပြီ"[၃]

[၁] – ယင်း –။

[၂] – ယင်း –။

[၃] လွင်၊ ဦး၊ ၁၉၆၆၊၂၂၁။

ဟူ၍ရေးဖွဲ့ထားပါသည်။ ကိုးလလွယ်၍ ဆယ်လဖွားခဲ့ရသော ဇမ္ဗူရာဇ် ရွှေစင်ကဲ့သို့ တန်ဖိုးထား ခဲ့ရသော၊ ချစ်၍မဝ မြင်၍မဝသော သားမောင်ကို သတိရတမ်းတမိသည်။ အလွမ်း လှိုင်ခဲ့ရသော မိခင်၏ သောကသည် သနားဖွယ်ဖြစ်သည်။

"တပျောင်းပျောင်းလျှင်"ချီရတုသည် အညာဒေသမှ အောက်ပြည် အောက်ရွာသို့ စီးပွားရှာသွားသော သားမောင်ကို သတိရ လွမ်းဆွတ်နေကြောင်း ဖွဲ့ဆိုထားနိုင်သည့် စာဆိုကြည့်ကန် ရှင်ကြီး၏ မိခင်မေတ္တာဖွဲ့ရတုတစ်ပုဒ်ဟု ဆိုနိုင်ပါသည်။

ကြည့်ကန်ရှင်ကြီး၏ "နွမ်း၍ခွေယိုင်"ချီ စကြာလည်ပိုဒ်စုံရတုတွင်တွေ့ရသော မိခင်မေတ္တာ အဖွဲ့ကို လေ့လာတင်ပြပါမည်။ ရပ်ဝေးသို့ စီးပွားရှာသွားသည့်သားကို မြင်တွေ့ချင်သည့် မွေးရပ်မြေမှ မိခင်၏ အလွမ်းဝေဒနာကို –

> "ရှင့်ခိုင်သန္တာ၊ အာနန္ဒာမှ၊ မြတ်စွာဘုရား၊ နိဗ္ဗာန်လားသော်၊
> တရားသံဝေ၊ ယူမဖြေ၍၊ ပူလေသည့်တူ၊ မင်းဖြူဖြူကြောင့်၊
> လှိုက်ဆူပြိုင်ပြိုင်၊ မျက်ရည်အိုင်လျှက်"[၁]

ဟူ၍ရေးဖွဲ့ထားပါသည်။ ထိုအဖွဲ့တွင် မြတ်စွာဘုရားပရိနိဗ္ဗာန်စံတော်မူသောအခါတွင် ညီတော် အာနန္ဒာသည် တရာသံဝေဂဖြင့် ဖြေဖျောက်၍မရနိုင်ဘဲ ပူဆွေးရသကဲ့သို့ သားကို မမြင်တွေ့ရ သည့်အတွက် မိခင်သည်လည်း ဝမ်းနည်းပူဆွေးပြီး မျက်ရည် ဖြိုင်ဖြိုင် ကျရသည်။ မိခင်တစ်ဦး၏ ဖြေမဆည်နိုင်ဖြစ်ရပုံကို "ရှင့်ခိုင်သန္တာ၊ အာနန္ဒာမှ၊ မြတ်စွာဘုရား၊ နိဗ္ဗာန်လားသော်၊ တရားသံဝေ၊ ယူမဖြေ၍၊ ပူလေသည့်တူ" ဟူသော ဥပမာအလင်္ကာဖြင့် ထင်ရှားစေသည်။ စာဆိုသည် မိခင်က သားအပေါ်ထားသော ချစ်ခြင်းမေတ္တာ နက်ရှိုင်းပုံကို ဖော်ပြလိုသောကြောင့် ဗုဒ္ဓဝင်ဆိုင်ရာ အကြောင်းကို အခြေခံ၍ ဥပမာပေးထားခြင်းဖြစ်သည်။ ထို့ပြင် "လှိုက်ဆူပြိုင်ပြိုင်၊ မျက်ရည်အိုင်လျှက်" ဟူသောအဖွဲ့ဖြင့် မိခင်၏ ပြင်းပျသော ရင်တွင်းခံစားချက်နှင့် မျက်ရည်အိုင်လျှက် ရှိသော မိခင်၏ သွင်ပြင်မူရာတို့ကို ပုံဖော်ထားနိုင် ပါသည်။

သားပြန်ရောက်လာနိုးနိုးနှင့် စောင့်မျှော်နေသော မိခင်ကြီး၏ စိတ်ခံစားချက်နှင့် သွင်ပြင် မူရာကို –

> "စုံမက်ကြင်နာ မပြေပါ၍၊ ရောက်လာနိုးနိုး၊ မြှော်လင့်ကိုး
> လျက်၊ ပျောင်းညှိုးနွမ်းသွမ်း၊ ဗျာပါမွမ်းသည်၊ လွမ်း၍
> ဝေဆာလှိုင်တော့သည်"[၂]

---

[၁] – ယင်း –။

[၂] လွင်၊ ဦး၊ ၁၉၆၆၊၂၂၁။

ဟု ဖွဲ့ဆိုပါသည်။ စုံမက်ကြင်နာ၊ မပြေပါ ဟူသော အဖွဲ့သည် မိခင်က သားအပေါ် ထားသော ကြင်နာမှု၊ ချစ်ခင်စုံမက်မှုတို့ မပြေပျောက်ကြောင်း ပေါ်လွင်ထင်ရှားစေပါသည်။ သားပြန်ရောက်လာနိုးနှင့် မျှော်လင့်ကိုးစားနေသော မိခင်၏အဖြစ်ကို "ရောက်လာနိုးနိုး၊ မျှော်လင့်ကိုး" ဟူသောအဖွဲ့ဖြင့် ခြယ်မှုန်းထားပါသည်။ "ပျောင်းညှိုးနွမ်းသွမ်း၊ ဗျာပါမွမ်း" ဟူသော သားနှင့်ဝေးကွာနေရသော မိခင်တစ်ဦး၏ သွင်ပြင်မှုရာကို "ပျောင်းညှိုးနွမ်းသွမ်း" ဟူသော အနက်တူ စကားသုံးဖြင့် ထင်ရှားစေပါသည်။ စိုးရိမ်သောက ဗျာပါဒများ များပြားပြည့်လျှံ နေရသည်ကို "ဗျာပါမွမ်း" ဟူသော စကားသုံးဖြင်လည်းကောင်း၊ အလွမ်းဝေဒနာများ များပြားနေသည်ကို "လွမ်း၍ဝေဆာလှိုင်တော့သည်" ဟူသော စကားသုံးဖြင့်လည်းကောင်း ကျစ်ကျစ် လျစ်လျစ် ထိထိမိမိ တင်ပြထားပသါည်။

မိခင်သည် သားမောင်အား ချစ်၍မပြယ်၊ လွမ်း၍မပြေ၊ တမ်းတ၍ မကုန်နိုင်အောင် မေတ္တာကြီးမားကြောင်းကို

> "ဘုန်းခိုင်မြတ်စွာ၊ နိဗ္ဗာန်ရှာသော်၊ အဇာတသတ်၊ လောကနတ်တို့၊ မတ်လိမ္မာပေါင်း၊ ဧးယာဉ်ပြောင်းလည်း၊ ခြောင်းခြောင်းလက်ဖော့၊ လိုတူပွေ့သို့"[၁]

ဟူ၍လည်းကောင်း၊

> "မောင်ငယ်ရွှေသွေး၊ လွမ်းဘွယ်ရေး၍၊ ဆက်ပေးသည့်စာ၊ မြင်ရပါလည်း၊ မျက်နှာဖြူဝင်း၊ ရွှေလမင်းသို့၊ ကြော့ရှင်းရုပ်သွင်၊ မင်းရွှေစင် ကို၊ မမြင်ရသေး၊ သည်အရေးကြောင့်၊ ပူဆွေးဗျာဝေ၊ လွမ်းမပြေခဲ့"[၂]

ဟူ၍လည်းကောင်း ဖွဲ့ဆိုထားပါသည်။ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူသောအခါ အဇာတသတ်မင်းစသည့် မင်းမျိုးမတ် ပရိသတ်အပေါင်းတို့က ဓါတ်တော်မွေတော်များကို အလုအယက်၊ အပြိုင်အဆိုင် ရယူလိုကြသော်လည်း အလိုဆန္ဒမပြည့်နိုင်ဖြစ်ရပုံနှင့် မိခင်သည်လည်း သားထံမှ စာရောက်လာသော်လည်း သားကိုကိုယ်တိုင်ကိုယ်ကျ မမြင်ရ၍ အလိုဆန္ဒ မပြည့်နိုင် ဖြစ်ရပုံတို့ကို ခိုင်းနှိုင်း ဖော်ပြထားသည်။ ထိုခိုင်းနှိုင်းမှုကြောင့် စာဆို ဖော်ပြလိုသော အကြောင်းအရာ ပို၍လေးနက်ခဲ့ညားလာရသည်။

---

[၁] – ယင်း –။

[၂] – ယင်း –။

သားမောင်ထံမှ အလွမ်းစာလွှာပါးလိုက်သည်ကို လက်ခံရရှိသော်လည်း ထိုစာကို ဖတ်၍ အလွမ်းမပြေနိုင်ပါ။ မိခင်၏ လွမ်းဆွတ် တမ်းတ မှုသည် အိပ်မက်ထဲ အထိပင် မြင်မက်မိပုံကို –

> "ရိပ်မြိုင်ဝန်းကျင်၊ မဉ္ဇူပင်နှင့်၊ နှင်းပင်မညှိုး၊ ခတ္တာရိုးလည်း၊ မိုးကိုမလင့်၊ ပင်လုံးပွင့်သော်၊ သခင့်ချစ်သူ၊ မင်းဖြူဖြူကို၊ ဆွတ်ယူနေကြ၊ စိုက်ခေါ်တလျက်၊ ညယံစက်တွင်၊ မောင့်ရုပ်သွင်ကို၊ ထင်လာရေးရေး ၊ အိပ်မက်ပေးခဲ့"[၁]

ဟူ၍ဖြစ်ပါသည်။ မဉ္ဇူသကပင်၊ နှင်းပင်၊ ခတ္တာပင်တို့သည် မိုးကိုမလင့်ဘဲ ပင်လုံးပွင့်နေကြ သည်။ ထိုအခါ သားသည်ပန်းတို့ကို ဆွတ်ယူလျက် မိခင်ကိုနှုတ်မှတ၍ စူးစူးစိုက်စိုက် ရောက်လာ ဟန်ကို အိပ်မက်ထဲတွင် မြင်မက်သည်။

မိခင်သည် အိပ်မက်ထဲတွင် သားမောင်က ပန်းများတပွေ့တပိုက်ဖြင့် မိမိထံ ပြန်လာသည်ဟု မြင်မက်သောအခါ စိတ်ထဲတွင် တကယ်မှတ်ထင်မိသည်။ သို့သော် အိပ်မက်မှ နိုးလာသောအခါ မြတ်နိုးတန်ဖိုးထားရသော သားကို မမြင်မတွေ့ရပေ။

မိခင်က အိပ်မက်ထဲထိ စွဲလမ်းမြင်မက်ကာ လွမ်းနေပါသော်လည်း သားမောင်ကား ပြန်မလာပေ။ ထို့အတွက် သားမောင်ပြန်လာရာ လမ်းသို့ မျှော်မှန်းနေသည့်အဖြစ်ကို

> "ရှေ့ပြုပွာဒီ၊ မောင်တို့ဆီကို မြော်ယီမြော်ယမ်း၊ မျက်ရည်ရွှမ်းသည် နွမ်း၍ခွေကာ၊ ယိုင်တော့သည်"[၂]

ဟု ဖွဲ့ဆိုထားသည်။ မိုးစင်စင်လင်းသည်အထိ ပြန်၍အိပ်စက်မရနိုင်ဘဲ သားမောင်ရှိရာအရပ်ကို ရော်ရမ်း မျှော်မှန်း၍ နေရသည်။ မိန်းမသားပီပီ မျက်ရည်များကျကာ နွမ်းခွေယိုင်နွဲ့နေသည်။

## ၃၊၂။ အရေးအဖွဲ့ပိုင်းလေ့လာချက်

စာဆိုကြည့်ကန်ရှင်ကြီးသည် ရပ်ဝေးကို သွားရောက် စီးပွားရှာနေသော သားကို အလွမ်း ခံစားချက်၊ ပြန်လာစေလိုသော ဆန္ဒတို့ကို ရတုကဗျာတို့ဖြင့် ရေးဖွဲ့ခဲ့ပါသည်။ ကြည့်ကန်ရှင်ကြီး၏ ကဗျာ၊ လင်္ကာ၊ ရတုစာသားတို့မှာ အလွန်နူးညံ့

[၁] လွင်၊ ဦး၊ ၁၉၆၆၊၂၂၂။
[၂] – ယင်း –။

သိမ်မွေ့ပြီး စကားပရိယာယ် ကြွယ်ဝသည်။ ဂုဏ်၊ အလင်္ကာ၊ ရသတို့ဖြင့် ပြည့်စုံသောကြောင့် မြန်မာစာပေ လေ့လာသူတို့ နည်းယူဖွယ် ဖြစ်ခဲ့ရပါသည်။

စာဆို ကြည့်ကန်ရှင်ကြီး၏ မိခင်မေတ္တာဘွဲ့ရတု (၂)ပုဒ်မှ အရေးအဖွဲ့ကို စကားအသုံး အနှုန်း၊ ဂုဏ်၊ အလင်္ကာ၊ ရသဟူ၍ လေ့လာတင်ပြသွားပါမည်။

## ၃၊၂၊၁။ စကားအသုံးအနှုန်း

စာဆိုသည် စကားလုံးရွေးချယ်သုံးနှုန်းရာ၌ ပိုင်နိုင်ကျွမ်းကျင်သည်။ မိခင်က အလွန် ချစ်မြတ်နိုးရသော သားမောင်ဖြစ်ကြောင်း၊ သားမောင်ကို ခေါ်ဝေါ်သုံးနှုန်းရာ၌ စကားပရိယာယ် အသွယ်သွယ်ဖြင့် ရေးဖွဲ့ထားပါသည်။ "တပျောင်းပျောင်းလျှင်" ချီရတုတွင် "သားမင်းလျာ"၊ "သားမောင်"၊ "သားရွှေစ"၊ "သားလုရွှေစင်"၊ "မယ့်ဝမ်းဝင်"၊ "သားရွှေတောင်"၊ "သားရွှေတုံး"၊ "မယ်ငယ့် ရွှေသွေး"၊ သားကျူး"၊ "သားမင်းငယ်" စကားလုံးလုလေးများ သုံးကာ အမိက သားအပေါ်ထားသော မိခင်မေတ္တာတန်ဖိုးကို ပေါ်လွင်စေပါသည်။

ထို့ပြင် ဝိစ္စာအသုံးကလေးများကိုလည်း ထည့်သွင်း ရေးဖွဲ့ထားပါသည်။ "တပျောင်းပျောင်းလျှင်"၊ "တသက်သက်လျှင်"၊ "လားလားမကွာ"၊ "အတည်တည်ကို"၊ "အသွယ်သွယ်ကို"၊ "လားလားမယ်မှာ" မင်းဖြူဖြူကြောင့်"၊ ရောက်လာနိုးနိုး"၊ "ခြောင်းခြောင်းလက်ဖှေ့"၊ "ထင်လာ ရေးရေး" စသည်ဖြင့် တွေ့ရသည်။ ထိုဝိစ္စာအသုံးကလေးများကြောင့် အသံသာယာမှု ဖြစ်စေသကဲ့သို့ သားအပေါ်ထားရှိသော မိခင်မေတ္တာနှင့် မျှော်မှန်းတမ်းတသည့်သဘောကို ပိုမိုထင်ရှားစေပါ သည်။

စကားသုံးပိုင်းတွင် သားမောင်ကို လွမ်းရသော မိခင်တစ်ဦး၏ စိတ်ခံစားချက်၊ မျှော်မှန်း တမ်းတသော်လည်း မျှော်မှန်းထားသည့်အတိုင်း ဖြစ်မလာသည့်အတွက် အလွမ်းတို့ ပိုလာရသည်။ ထိုသို့ စိတ်ဆန္ဒပြည့်ဝခြင်းမရှိသည့်သဘောကို "လွမ်းမချိ" "မမြင်သာ" "မတတ်ပင်" "မရွှင်ပျောင်းပျ" "တူသာမကွဲ" "မမြင်ရ" "နာလည်းမကူ" "သာမကူ" "မမြင်မျက်ကွယ်" "အမယ်မပါ" "မကြွမလာ" "မသိမှောင်" "မရဖြစ်စေ" ရန်မွှေမနှောင့်" "သားမောင်မလာ" "ချစ်လို့မဝ" "မြင်မဝ" "လွမ်းမပိုင်ခဲ့" "တမ်းမပိုင်ခဲ့" "နွမ်းမပိုင်ခဲ့" "မညိုး" "မလင့်" "မပြယ်" စသည့် အနက်ဆန့်ကျင်ဘက်သဘောပြ စကားလုံးပြ "မ" အသုံးများဖြင့် ထိမိပေါ်လွင်စွာ ဖော်ပြ ထားပါသည်။

စာဆိုကြည့်ကန်ရှင်ကြီးသည် 'တပျောင်းပျောင်းလျှင်"ချီ ရတုတွင် မိခင်က သားကိုလွမ်းရ၍ စိတ်ထောင်းကိုယ်ကြေ ဖြစ်ရပုံကို ပေါ်လွင်စေရန် "တပျောင်းပျောင်းလျှင်" ဟုချီ၍ အကယ်နွမ်း၍ ယိုင်ခဲ့ပြီ" ဟု ချထားပုံသည်လည်းကောင်း၊ သားနှင့်

အမိ အတူရှိစဉ်ကအခြေအနေနှင့် ဝေးကွာနေရ သောအခြေအနေနှစ်ရပ်ကို တွေးတော စိတ်ပူကာ ခံစားရကြောင်း ပေါ်လွင်လာစေရန် "အကြောင်းကြောင်းလျှင်" ဟု ချီ၍ "အကျယ်တမ်း၍မှိုင်ခဲ့ပြီ" ဟု ချထားပုံသည်လည်းကောင်း၊ သားမောင် အောက်ပြည် သို့ ထွက်ခွာသွားသည်မှာ သုံးနှစ်ပြည့်ပြီဖြစ်ကြောင်း ပေါ်လွင်စေရန် "တပေါင်း ဆောင်းဝင်" ဟုချီ၍ " အမယ်လွမ်း၍ လှိုင်ခဲ့ပြီ" ဟု ချထားပုံသည်လည်းကောင်း စသည်တို့သည် အကြောင်းအရာနှင့်လိုက်ဖက်သော စကားအသုံးအနှုန်းများဖြင့် အချီ ညီ အချညီရေးဖွဲ့ထားကြောင်း တွေ့ရပါသည်။

ထို့ပြင် "နွမ်း၍ခွေယိုင်"ချီ ပိုဒ်စုံအဖျားကောက် စကြာလည်ရတုပိုဒ်စုံ ပထမပိုဒ်တွင် "နွမ်း၍ခွေယိုင်" ဟုချီကာ လွမ်း၍ဝေဆာလှိုင်တော့သည်"

ဟု ချ၍လည်းကောင်း၊

ပထမပိုဒ်၏ အချကို ဒုတိယပိုဒ်၏ အချီတွင် –

"လွမ်း၍ဝေလှိုင်" ဟုချီကာ " တမ်း၍တွေကာ မှိုင်တော့သည်"

ဟုချ၍လည်းကောင်း၊

ဒုတိယပိုဒ်၏ အချကို တတိယပိုဒ်၏ အချီတွင် –

"တမ်း၍တွေမှိုင်" ဟုချီကာ "နွမ်း၍ခွေကာ ယိုင်တော့သည်" ဟု ချ၍ လည်း ကောင်း အချီညီအချညီ ရေးဖွဲ့ထားပါသည်။ ဤတွင် စကြာလည် ပိုဒ်စုံရတု ဟူသည့် အတိုင်း ပထမပိုဒ်၏ အဆုံးနှင့် ဒုတိယပိုဒ်၏ အစကိုလည်းကောင်း၊ ဒုတိယပိုဒ်၏ အဆုံးနှင့် တတိယပိုဒ်၏ အစကိုလည်းကောင်း၊ တတိယပိုဒ်၏အဆုံးနှင့် ပထမပိုဒ်၏ အစကိုလည်းကောင်း ကာရန်ချိတ်၍ ရေးဖွဲ့ထားပါသည်။ မိခင်၏ သားအပေါ်ထား ရှိသော မေတ္တာတရား၊ အလွမ်း ဝေဒနာတို့သည် မပြေနိုင်ဘဲရှိသည်။ ချစ်၍မဆုံး၊ လွမ်း၍မဝ၊ ထာဝရသတိရလျက် ရှိသည့်မိခင်၏ ခံစားချက်ကို အဆုံးအစမရှိ စကြာ လည်နေသည့်သဘောနှင့် ရေးဖွဲ့ဖန်တီးထားသော စာဆို၏ စွမ်းရည်တို့မှာ လိုက်ဖက် မှု ရှိပါသည်။

## ၃၊၂၊၂။ ဂုဏ်၊ အလင်္ကာ၊ ရသ

စာဆိုကြည့်ကန်ရှင်ကြီးသည် စကားလုံးကလေးများကို သုံးနှုန်းဖွဲ့ဆိုရာတွင် စကားလုံး အနည်းငယ်မျှဖြင့် အဓိပ္ပာယ်လေးနက်ကျယ်ပြန့်အောင် ဖွဲ့ဆိုနိုင်သည်ကို တွေ့ရပါသည်။ သားမောင်၏ ချစ်ခင်မြတ်နိုးဖွယ်ကောင်းပုံကို "သားလှရွှေစင်"၊

"သားရွှေတောင်"၊ "သားရွှေတုံး" "မယ်ငယ့်ရွှေသွေး" "သားရွှေစငယ်" စသော အသုံးများဖြင့် ဖွဲ့ဆိုထားရာ ဩဇဂုဏ်မြောက် အသုံးများဖြစ်ပါသည်။

ထို့နောက် "တပျောင်းပျောင်းလျှင်" ချီရတုတွင် ပညာရှိတို့၏ အဆိုအမိန့်များ အတိုင်း လိုက်နာဆောင်ရွက်စေလိုကြောင်း မိခင်က သားမောင်အား မှာကြားပုံကို

"ကျယ်လျှင်ကားချဲ့၊ ပဲ့လျှင်ဖဲ့လော့၊ နွံ့လျှင်ကားသပ်၊
ခိုင်းလျှင်ထပ်ဆင့်၊ ကျပ်လျှင်သပ်ပင်း၊ ချောင်လျှင်ထွင်းလော့၊
ရှင်းလျှင်သုတ်သင်၊ လေးလျှင်တင်ရှင့်၊စင်လျှင်ကားဆေး၊
ထက်လျှင်သွေးလော့"[၁]

ဟူ၍လည်းကောင်း

"သွယ်တတ်မှစီး၊ ရွယ်တတ်မှနီးရှင့်"[၂]

ဟူ၍လည်းကောင်း

"ဖြူယောင်နှင့်မဲ၊ ဟုတ်ယောင်လွဲသား"[၃]

ဟူ၍လည်းကောင်း ပုံစံတူ ဟန်ချက်ညီပုဒ်များဖြင့် ရေးဖွဲ့ထားသည့်အတွက် ရွတ်ဆိုရ လွယ်ကူစေပြီး အသံချိုသာသည့် မဓုရတာဂုဏ်မြောက် အဖွဲ့များဖြစ်ပါသည်။

အလင်္ကာအသုံးအနေဖြင့် "တပျောင်းပျောင်း" လျှင်ချီရတုတွင် မိခင်နေထိုင်ရာ အညာဒေသနှင့် သားမောင်ရောက်ရှိနေရာ အောက်ပြည်ဒေသခရီး ကွာဝေးလွန်းသည်ကို "နေမုံတက်စ၊ နံနက်ထကို၊ ဇရော့တောင်ကြီး၊ ဝိုက်ကာဆီးသို့" ဟုလည်းကောင်း၊ သားနှင့်ဝေးနေရသော မိခင်၏အလွမ်းကို "ရေကပစ်ပယ်၊ ရွှေကြာနွယ်သို့" ဟု လည်းကောင်း ဥပမာအလင်္ကာမြောက်အဖွဲ့များကို တွေ့ရပါသည်။ ထို့ပြင် တန်ဖိုးထား မြတ်နိုးရသော သားရတနာဖြစ်ကြောင်းကို "သားရွှေစ၊ သားရွှေတောင်၊ သားရွှေတုံး" ဟုလည်းကောင်း၊ သားပြန်မလာသည့်အတွက် မိခင်၏ အလွမ်း ခံစားချက်ကို "လွမ်းမီး"၊ ဟု လည်းကောင်း ရူပက အလင်္ကာအသုံးများဖြင့်လည်း ဖွဲ့ဆိုထားပါသည်။ တစ်ဖန်ဝေးကွာနေသော သားရှိရာအရပ်သို့ သွားရောက်လိုကြောင်းကို "ငှက်လိုပျံချင်"၊ အမိဝမ်းနှင့်လွယ်၍ မွေးထားရသောသားကို "မယ့်ဝမ်းဝင်" ဟု

---

[၁] လွင်၊ ဦး၊ ၁၉၆၆၊၂၂၀။

[၂] – ယင်း –။

[၃] – ယင်း – ၂၂၁။

လည်းကောင်း သွယ်ဝိုက် ရေးဖွဲ့ထားသော ဝက်ဝုတ္တိအလင်္ကာ အသုံးများကိုလည်း တွေ့ရပါသည်။

ရသပိုင်းအနေဖြင့် "တပျောင်းပျောင်းလျှင်"ချီရတုတွင် စီးပွားရှာသွားသော သားပြန် အလာကိုစောင့်မျှော်နေရသော မိခင်၏ ခံစားချက်ကို "ဖျာပါထပ်ဆောင်၊ လွမ်းမီးလောင်၍" ဟုလည်းကောင်း၊ "သားလုရွှေစင်၊ မယ့်ဝမ်းဝင်ကို၊ မမြင်ရပါ" ဟုလည်းကောင်း၊ "သူ့ရပ်လယ်မှာ အမယ်မပါ၊ မောင့်ချည်းသားလျှင် နေရှာလိမ့်မယ်" ဟုလည်းကောင်း၊ "သားကျူးကိုသာ၊ မြင်ချင် ပါရှင့်" ဟုလည်းကောင်း ရေးဖွဲ့ထား ပါသည်။ သားမောင်ကို လွမ်းဆွတ်တမ်းတနေသော မိခင်၏ အလွမ်းတို့ကိုသနားဖွယ် ကရုဏာရသမြောက်အောင် ရေးဖွဲ့ထားပါသည်။ "နွမ်း၍ ခွေယိုင်" ချီရတုတွင် သားကိုလွမ်းရသည့် မိခင်၏ စိတ်ခံစားချက် သွင်ပြင်တို့ကို "လှိုက်ဆူပြိုင်ပြိုင်၊ မျက်ရည်အိုင်လျက်" ဟူ၍လည်းကောင်း၊ "စုံမက်ကြင်နာ၊ မပြေပါ၍" ဟူ၍ လည်းကောင်း၊ "ရွှေညာကွာလှမ်း၊ နှလုံးပန်းသည်" ဟူ၍လည်းကောင်း သနားဖွယ် ကရုဏာရသမြောက်အဖွဲ့တို့ကို တွေ့ရပါသည်။

## ခြုံငုံသုံးသပ်ချက်

ရတုဟူသည် အခါရာသီသဘာဝအခြေအနေအပေါ် မူတည်၍ ဖြစ်ပေါ်လာ သော ခံစားချက်တို့ကို ရေးသားဖွဲ့ဆိုသော ကဗျာပင်ဖြစ်သည်။ ကြည့်ကန်ရှင်ကြီး၏ ရတု (၂)ပုဒ်မှ မိခင်မေတ္တာဘွဲ့ အဖွဲ့များကို လေ့လာရာတွင် အကြောင်းအရာပိုင်း လေ့လာချက်များအရ ကြည့်ကန်ရှင်ကြီးသည် မိဘတို့၏ သားသမီး အပေါ်ထားရှိ သော မေတ္တာအတိမ်အနက်ကို အသေးစိတ်သိစေလိုသည်။

"တပျောင်းပျောင်းလျှင်" ချီရတုတွင် အညာဒေသမှ သားယောကျ်ားလေးတို့ သည် အောက်ပြည်အောက်ရွာသို့ သွား၍ စီးပွားရှာကြရသည့်အကြောင်း ဖြစ်သည်။ သားနှင့်ခွဲခွာရသော မိခင်တို့ကလည်း စီးပွားရှာသွားသော သားတို့ကို စိတ်မချနိုင် ဖြစ်ကြရသည်။ နှစ်ကာလကြာမြင့်စွာ ခွဲခွာနေရသောအခါ အလွမ်းစိတ်တို့ ပိုခဲ့ရ သည်။ သားမောင်ရှိရာအရပ်သို့ သွားရောက်လိုသော ဆန္ဒများဖြစ်ပေါ်မိကြောင်း ဖွဲ့ထားသည်။ သားမောင်အောက်ပြည်အောက်ရွာတွင် တစ်ကိုယ်တည်း ဖြစ်နေ၍ အဆင်ပြေပါ့မည်လား ဟူသော တွေးပူနေဟန်တို့ကိုလည်း ထင်ရှားပေါ်လွင်စေပါ သည်။ စီးပွားရှာရင်း အရပ်တစ်ပါးတွင် လူမျိုးစုံနှင့် ပေါင်းသင်းဆက်ဆံရပေမည်။ ထိုအခါ လူတို့သဘော သိစေရန်အတွက် မိခင်ကသားကို လွမ်းသောအလွမ်းတွင် သားကို အမှာခြွေဟန်ဖြင့် ဆုံးမသြဝါဒစကားများကိုလည်း ထည့်သွင်းရေးဖွဲ့ပါသည်။

ထိုအကြောင်းအရာနှင့် လိုက်ဖက် သော စာဆို၏ ရတုကဗျာဖန်တီးမှုစွမ်းရည်သည် မေတ္တာစာသဘောသက်ဝင်သော မေတ္တာစာရတု ဟုဆိုရပါမည်။

"နွမ်း၍ခွေယိုင်" ချီ ရတုသည် အဖျားကောက် စကြာလည်ပိုဒ်စုံရတုဖြစ်ပါသည်။ ထိုရတုတွင် မိခင်မေတ္တာအဖွဲ့ပေါ်လွင်စေရန် ဗုဒ္ဓဝင်ဆိုင်ရာ ဥပမာများဖြင့် ထင်ဟပ်ပြထားသည်။ မိခင်သည် သားမောင်ကို မျှော်မှန်းရင်း အလိုဆန္ဒစိတ်တိုင်းကျ ဖြစ်မလာသည်များကို ပီပြင်စွာဖော်ကျူးပြနိုင် ပါသည်။ ဤအပိုင်းတွင် စာဆို ကြည့်ကန်ရှင်ကြီး၏ စာပေကျမ်းဂန်နှံ့စပ်ကျွမ်းကျင်မှုကို တွေ့နိုင်ပါသည်။

အရေးအဖွဲ့ပိုင်းကိုလေ့လာရာတွင်မူ သားကိုလွမ်းနေသော မိခင်၏အမူအရာ၊ သွင်ပြင် အခြေအနေတို့ကို စကားအသုံးအနှုန်းကောင်းကောင်း၊ ဥပမာပေးကောင်း ကောင်းဖြင့် ပီပြင်စွာ သရုပ်ဖော်နိုင်သည်။ စကားတန်ဆာဆင်မှုမှာလည်း သြဇဂုဏ် မြောက်အဖွဲ့များ၊ မခုရတာ ဂုဏ်မြောက်အဖွဲ့များဖြင့် ရှင်းလင်း ပြေပြစ်လှသည်။ ဆိုလိုသည့် အဓိပ္ပာယ်ကို ပေါ်လွင်စေသည်။ ရသပိုင်းတွင် သားကိုလွမ်းရသော မိခင် ၏ ခံစားချက်အမျိုးမျိုးကို စကားလုံးအမျိုးမျိုးနှင့် လဲလှယ်သုံးကာ ကရုဏာရသ မြောက် အဖွဲ့များအဖြစ် ဖွဲ့ဆိုနိုင်ပါသည်။

စာဆိုကြည့်ကန်ရှင်ကြီးသည် မြန်မာစာပေနယ်တွင်စာပေမျိုးစုံ ရေးသားပြုစု ခဲ့သူ ဖြစ်သည်။ ဆုံးမစာ၊ မေတ္တာစာစသည့် စာပေတို့နည်းတူ၍ ရတုကဗျာ (၂)ပုဒ်သည်လည်း မေတ္တာရတု အရေးအဖွဲ့စွမ်းရည်ဖြစ်ပါသည်။

## နိဂုံး

ကြည့်ကန်ရှင်ကြီး၏ "တပျောင်းပျောင်းလျှင်"ချီ မြီးသွယ်ပိုဒ်စုံရတုနှင့် "နွမ်း၍ ခွေယိုင်" ချီပိုဒ်စုံ အဖျားကောက် စကြာလည်ပိုဒ်စုံရတုနှစ်ပုဒ်မှ မိခင်မေတ္တာအဖွဲ့ များကို လေ့လာထားခြင်း ဖြစ်ပါသည်။ ထိုရတုစာပေ လေ့လာချက်များမှတစ်ဆင့် မြန်မာစာပေလေ့လာသူတို့အတွက် အထောက် အကူပြုနိုင် မည်ဟုမျှော်လင့်ပါသည်။

## ကျမ်းကိုးစာရင်း


ငွေးကြည်၊ ဒေါ်။(၂၀၀၇)။ ***ကြည့်ကန်ရှင်ကြီးဘဝနှင့်စာပေလေ့လာချက်***။ ပခုက္ကူ တက္ကသိုလ်။

ငွေးလွင်(ဆားလင်းကြီး) ။(၂၀၁၀)။ ***ကြည့်ကန်ရှင်ကြီး၊ သူ့ရွာသူ့ဘဝ သူ့စာပေ***။ ရန်ကုန်၊ စာပေဗိမာန်။

ဖေမောင်တင်၊ဦး။(၁၉၈၇)။***မြန်မာစာပေသမိုင်း***။ ရန်ကုန်၊ စပယ်ဦးပုံနှိပ်တိုက်။

မြမြသန်း၊ ဒေါ်။ (၁၉၈၆)။ ***ကုန်းဘောင်ခေတ်ရတုကဗျာစု–ပထမတွဲ***။ တက္ကသိုလ် များပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။(၂၀၀၈)။***မြန်မာအဘိဓာန်***။ရန်ကုန်မြို့၊ နေလင်းပုံနှိပ်တိုက်

လွင်၊ ဦး(ပညာအုပ်မင်း)။ ၁၉၆၆)။ ***ကဗျာသင်္ဂဟမေဒနီ၊ ကဗျာအဆီအနှစ်ပေါင်းချုပ်***။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

သုတ၊ မောင်။(၂၀၀၂)။ ***စာဆိုတော်များအတ္ထုပ္ပတ္တိ***(ပဉ္စမအကြိမ်)။ ရန်ကုန်၊ ရာပြည့် စာအုပ်တိုက်။

သုတ၊ အရှင်။ (၁၂၉၉)။ ***သစ္စာဘာဝီကျမ်း***။ မန္တလေး၊ ဇမ္ဗူမျက်မှန်ပုံနှိပ်တိုက်။

*J. Myanmar. Acad. Arts Sci. 2018* **Vol. XVI. No. 6A**

# ဆရာတော် ရဝေနွယ်(အင်းမ)၏ ဓမ္မစာပေများမှ အတွေးနှင့်အရေး

ကြည်ပြာဦး*

## စာတမ်းအကျဉ်း

ဤစာတမ်းတွင် ဆရာတော်ရဝေနွယ်(အင်းမ)သည် ဗုဒ္ဓ၏တရားတော်များအပေါ် လူတိုင်းနားလည် ခံစားနိုင်စေရန် ဗုဒ္ဓယဉ်ကျေးမှု၊ ဗုဒ္ဓအတွေးအခေါ်များကို လိုက်နာကျင့်သုံးလိုစိတ်များ ပွားများလာစေရန် မည်ကဲ့သို့ တွေးခေါ်တင်ပြထားသည်၊ ရေးဖွဲ့ထားသည်တို့ကို ဆန်းစစ် လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ အခန်း (၁) တွင် ဆရာတော် ရဝေနွယ် (အင်းမ)၏ အတ္ထုပ္ပတ္တိအကျဉ်း၊ အခန်း (၂) တွင် တရားဓမ္မသဘောပါသော ဆုံးမစာများ၊ အခန်း (၃) တွင် ဆရာတော် ရဝေနွယ် (အင်းမ)၏ ဓမ္မစာပေများမှ အတွေးနှင့်အရေးတို့ ပါဝင် ပါသည်။

**သော့ချက်ဝေါဟာရများ** – ဆုံးမစာသဘော၊ အတွေးနှင့် အရေး၊ ဓမ္မစာပေ၊ ဟန်ချက်ညီဝါကျ

## နိဒါန်း

မြန်မာတို့သည် ပုဂံခေတ်ကပင် ဗုဒ္ဓတရားတော်များနှင့် ရင်းနှီးကျွမ်းဝင်သက်ဝင်ယုံကြည်ခဲ့ကြသည်။ အင်းဝခေတ်သို့ ရောက်သောအခါတွင်လည်း ဗုဒ္ဓ၏တရားတော်များကို မှီ၍ လူ့လောကတွင် သူတော်ကောင်း တရားနှင့်အညီ ရှင်သန်တတ်စေရန် ရည်ရွယ်ရေးသားသော ဆုံးမစာများ ပေါ်ထွန်းလာခဲ့ပါသည်။ ခေတ်အဆက်ဆက်၌ လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်တို့သည် မြန်မာလူငယ်များ ယဉ်ကျေးလိမ္မာစေရန် အတွက် ဆုံးမစာများ ရေးသား ပြုစုခဲ့ကြသည်။ မျက်မှောက်ခေတ်တွင် ဆရာတော် ဦးဇောတိက၊ ဆရာတော် အရှင်ဆန္ဒာဓိက၊ ဆရာတော် ရဝေနွယ်(အင်းမ)၊ တိုက်ကြီးကုန်းဆရာတော် ဦးဝိမလ စသည့် ရဟန်းတော် များက လူငယ်များ ဗုဒ္ဓ၏ တရားတော်များနှင့်နီးစပ်ပြီးလျှင် ယဉ်ကျေးလိမ္မာသောစိတ်ဓာတ်များ ကိန်းအောင်းလာစေရန် ဗုဒ္ဓဓမ္မစာပေများကို ပြုစုခဲ့ကြသည်။

ဆရာတော် ရဝေနွယ်(အင်းမ)သည် လူကြီး လူငယ်မရွေး သိသင့်သိထိုက်သော ဗုဒ္ဓတရားတော်လာ အဆုံးအမများ၊ အတွေးအသိများကို မဂ္ဂဇင်း၊ ဂျာနယ်များ၌ ဆောင်းပါးများအဖြစ်နှင့် ရေးသားခဲ့ရုံသာမက လုံးချင်းစာအုပ်များလည်း အများအပြား ထုတ်ဝေခဲ့ပါသည်။ ဆရာတော် ထုတ်ဝေခဲ့သော စာအုပ်များမှာ–

* ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

- ရွှေစကားတို့၏မြစ်ဖျား
- ဘဝတိုင်း ဆုံတွေ့ချင်ပါသလား
- သံသရာခရီးဖော်
- ကုသိုလ်ဖြစ်အောင်တွေးမယ်
- မင်္ဂလာအတွေးများ
- အမြဲစီးဆင်းနေသော မြစ်တစ်စင်းအကြောင်း
- အတွေးများနှင့်မိတ်ဖွဲ့ခြင်း
- အချစ်နှင့် ဝိပဿနာ
- ဖြစ်ပြီးတဲ့အကုသိုလ်ကို ဘယ်လိုပယ်မလဲ
- စိတ်ညစ်လျှင် ရေချိုးပါ
- ရဝေနွယ်အသစ်
- ဆုတောင်းတွေပြည့်ဖို့
- ရင်ထဲက အရဟံ

စသည့် စာအုပ်များ ဖြစ်ပါသည်။

ရဝေနွယ်(အင်းမ)၏ ဓမ္မစာပေများသည် လူကြီး လူငယ်မရွေး အလွယ်တကူ ဖတ်ရှုနိုင်သည်။ ဗုဒ္ဓ၏တရားတော်တွင်ပါသော ကုသိုလ်၊ အကုသိုလ်စိတ်များ အပေါ် အခြေခံ၍ ကောင်းမှုကိုပြုပြီး၊ မကောင်းမှု ကိုရှောင်ကြဉ်တတ်ရန်၊ ရခဲလှသောလူ့ဘဝတွင် လူကောင်းတစ်ယောက်အဖြစ် ရှင်သန်နေထိုင်သွားတတ်စေရန်၊ တမလွန်ဘဝ၌လည်း ကောင်းကျိုးချမ်းသာများကိုရရှိစေရန် ဆရာတော်က လမ်းညွှန်ထားပါသည်။ ထိုသို့လမ်းညွှန်ရာတွင် ဆရာတော်၏အတွေးများသည် နက်နဲသိမ်မွေ့သည်။ ဗုဒ္ဓ၏ အဆုံးအမ တရားတော်များကို နက်နက်ရှိုင်းရှိုင်း ဆည်းပူးလေ့လာသူတစ်ယောက် ဖြစ်သည့်အပြင် လူ့လောက၊ လူ့သဘာဝအမျိုးမျိုး အပေါ်တွင် အလေးအနက်ထား တွေးတောနိုင်ခဲ့သူ ဖြစ်ပါသည်။ ဆရာတော်၏ ဆုံးမလမ်းညွှန်သည့်စာ များတွင် တင်ပြပုံထူးခြားသည်ကို တွေ့ရပါသည်။ ဆရာတော်သည် ဓမ္မစာပေများကို ရင်းနှီးကျွမ်းဝင်သည့် အလျောက် ဘုရားဟောတရားတော်များမှ သိသင့်သိထိုက်သည့် အရာများကို အခိုင်အမာ ရှင်းပြသည်။ ထိုအချက်များကိုမရှင်းမီ လောကီလူ့ဘောင်မှ အဖြစ်အပျက်များ၊ ဘဝပြဿနာများကို လေ့လာဆန်းစစ်ပြီး ဘုရားဟောတရားတော်များမှ အဆုံးအမများနှင့် ဆက်စပ်ယူထားသည်ကို တွေ့ရပါသည်။ ဆရာတော် ရဝေနွယ်(အင်းမ)သည် အတွေးကောင်းသည်နှင့်အမျှ အရေးကောင်းသူ ဖြစ်ပါသည်။

ဆရာတော်သည် လူတိုင်းကြားဖူးနားဝရှိပြီးသော တရားစကား၊ အဆုံးအမများကိုပင် စာဖတ်သူတို့နားဝင်လာအောင် ပုံပြင်ဝတ္ထုလေးများအသွင် ဖွဲ့စည်းတင်ပြလေ့ရှိသည်။ ရေးဖွဲ့တင်ပြပုံကို ကြည့်လျှင်လည်း အပြောစကားပြေ ကိုသုံးထားပြီး ညင်သာ သိမ်မွေ့သောလေသံဖြင့် စာဖတ်သူတို့နားလည်လွယ်ပြီး ယုံကြည်လက်ခံလာအောင် ရေးဖွဲ့တင်ပြ လေ့ရှိပါသည်။ အကြောင်းအရာမှာ သိမ်မွေ့နက်နဲသည်။ သို့ရာတွင် အရေးအဖွဲ့မှာ ပေါ့ပါး သွက်လက်ကာ နာချင်စဖွယ်ဖြစ်သည်။ သုတစာပေသဘော တွင် ရသနှော၍ ရေးသားတင်ပြထားသည်ကို တွေ့ရပါသည်။ ဆရာတော်သည် တရားဟောရသည်ထက် စာရေးရသည်ကို ပို၍ နှစ်ခြိုက်သူလည်း ဖြစ်သည်။

ထို့ကြောင့် စာပေဖြင့် တရားဟောပြောပြသဟန်မှာ တရားပွဲ၌ တရားဟော သည်ထက် ပို၍ နာချင် စဖွယ်ဖြစ်နေသည်ကို တွေ့ရပါသည်။ ဤစာတမ်းတွင် ဆရာတော် ရဝေနွယ်(အင်းမ)၏ အတွေးနှင့်အရေး တို့ကို လေ့လာတင်ပြသွားမည် ဖြစ်ပါသည်။ ထိုသို့ လေ့လာတင်ပြရာတွင် စာမျက်နှာကိုငဲ့၍ 'စိတ်ညစ်လျှင် ရေချိုးပါ'၊ 'ဆုတောင်းတွေပြည့်ဖို့'၊ 'အချစ်နှင့်ဝိပဿနာ' စာအုပ်များကိုသာ ရွေးချယ် တင်ပြသွားပါမည်။

## ၁။ ဆရာတော်ရဝေနွယ်(အင်းမ)၏အတ္ထုပ္ပတ္တိအကျဉ်း

ဆရာတော် ရဝေနွယ်(အင်းမ)ကို ပဲခူးတိုင်း၊ သဲကုန်းမြို့နယ်၊ အင်းမမြို့တွင် အဘ ဦးသိန်းနီစိန်၊ အမိ ဒေါ်ကျင်နု တို့က ၁၉၆၉ ခုနှစ်၊ ဇွန်လ (၁၈)ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သည်။ ၁၉၇၉ ခုနှစ်တွင် ပထမအကြိမ် ရှင်သာမဏေပြုသည်။ ၁၉၈၀ ခုနှစ်တွင် ဒုတိယအကြိမ် ရှင်သာမဏေပြုသည်။ ဘွဲ့အမည်မှာ ရှင်ရာဇိန္ဒ ဖြစ်သည်။ ၁၉၈၉ ခုနှစ်တွင် ရဟန်းအဖြစ်သို့ ရောက်သည်။

ရန်ကုန်မြို့၊ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်၊ ရွှေကျင်ကျောင်းတိုက်တွင် ပညာ သင်ကြားခဲ့ပြီး ၁၉၉၀ ခုနှစ် တွင် ပထမကြီးတန်း၊ ၂၀၀၀ ခုနှစ်တွင် သာသနဓဇ ဓမ္မာစရိယဘွဲ့ကို ရရှိခဲ့သည်။ (ဓမ္မာစရိယတန်း၌ ၁၀ နှစ်တိတိ ကြန့်ကြာခဲ့သည်။)

၁၉၈၅ ခုနှစ်တွင် ပန်မဂ္ဂဇင်းသို့ စာမူ စတင်ပို့သည်။ ၁၉၈၅၊ ၁၉၈၆၊ ၁၉၈၈၊ ၁၉၈၉ ခုနှစ်အတွင်း ပေးပို့ခဲ့သောစာမူအားလုံး အပယ်ခံရသည်။ ၁၉၉၀ ခုနှစ်၊ ဧပြီလ ထုတ် မြတ်မင်္ဂလာစာစောင်တွင် ဓမ္မဆောင်းပါး ပထမဆုံး စတင်ဖော်ပြခံရသည်။ မြတ်မင်္ဂလာ၊ သီလဝ၊ သစ္စာ၊ အပ္ပမာဒ၊ ဓမ္မဗျူဟာ၊ မြတ်သတိဝါဒီ၊ သူရဋ္ဌ၊ ရုပ်ရှင် တေးကဗျာ၊ FASHION၊ IMAGE၊ FACES (မုခ)၊ FUTURE LIGHT၊ ပေါ်ပြူလာ၊

အလင်းတန်း၊ အင်တာဗျူး၊ ရွှေပြည်တန် စသည်တို့၌ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးများ၊ ရေးသား ခဲ့သည်။

၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလတွင် ပညာရွှေတောင်စာအုပ်တိုက်မှ 'ဘဝတိုင်း ဆုံတွေ့ချင်ပါသလား' ဘာသာရေးလုံးချင်းစာအုပ်ကို စတင်ထုတ်ဝေခဲ့သည်။

၂၀၀၁ ခုနှစ်တွင် 'ရွှေစကားတို့၏မြစ်ဖျား'

၂၀၀၂ ခုနှစ်တွင် 'သံသရာခရီးဖော်'

၂၀၀၃ ခုနှစ်တွင် 'ကုသိုလ်ဖြစ်အောင်တွေးမယ်'

၂၀၀၅ ခုနှစ်တွင် 'မေတ္တာအတွေးများ'

၂၀၀၅ ခုနှစ်တွင် 'အမြစ်းဆင်းနေသော မြစ်တစ်စင်းအကြောင်း'

၂၀၀၆ ခုနှစ်တွင် 'အတွေးများနှင့်မိတ်ဖွဲ့ခြင်း'

၂၀၀၆ ခုနှစ်တွင် 'အချစ်နှင့် ဝိပဿနာ' စာအုပ်များကို ထုတ်ဝေခဲ့သည်။

၂၀၀၄ ခုနှစ်အတွက် 'မင်္ဂလာအတွေးများ' စာအုပ်ဖြင့် စာပေဗိမာန် စာပေပထမဆုနှင့် ဆန်းလွင်စာပေ ပထမဆုကို ရရှိခဲ့ပါသည်။

ယခုအခါ ရန်ကုန်မြို့၊ သဃ်န်းကျွန်းကြီးကျေးရွာရှိ ဓမ္မရဝေကျောင်းတိုက်တွင် သီတင်းသုံးလျက် ရှိပါသည်။

## ၂။ တရားဓမ္မသဘောပါဝင်သော ဆုံးမစာများ

မြန်မာတို့သည် သားသမီးများ၊ တပည့်များ၊ လူငယ်များအား ယဉ်ကျေးလိမ္မာ စေရန်အတွက် ရှေးအစဉ်အလာ ကပင် ဆုံးမစာများ ပြုစုခဲ့ကြပါသည်။ ပုံစံအားဖြင့် လောကသာရပျို့ဆုံးမစာတွင် ဆန္ဒာ ဒေါသ ဘယာ မောဟ လေးပါးနှင့် မကင်းနိုင် လျှင် အပါယ်သို့ရောက်မည်။ ထိုလေးပါးကင်းစင်၍ နိဗ္ဗာန်သို့ရောက်အောင် ကျင့်ကြံ သင့်သည်ဟု ကန်တော်မင်းကျောင်းဆရာတော်က ဆုံးမပုံကို –

> "ဆန္ဒာ ဒေါသာ, ဘယာ မောဟ၊ အပါယ်ကျသား၊ ဓမ္မလေးမည်၊
> ကတိတည်၍၊ လူ့ပြည်နတ်ရွာ၊ ချမ်းသာကောင်းမွန်၊ စံစုန်ဆန်
> လျက်၊ နိဗ္ဗာန်ရောက်ကြောင်း၊ ကျင့်ကောင်းသီလ၊ လှူဒါနနှင့်၊
> ပုညလယ်မြေ၊ စိုက်ကြဲတွေဖြင့်၊ ပျိုးခြေခပင်း စည်စေမင်း"[၁]

---

[၁] ကန်တော်မင်းကျောင်းဆရာတော်၊ ၁၉၆၀၊ ၂။

ဟု ဆုံးမလမ်းညွှန်ထားသည်။ ငါးပါးသီလစောင့်ထိန်းမှုနှင့် ပတ်သက်၍ 'လောက သာရပျို့' တွင် –

"ပါဏာတိပါတ်၊ မသတ်သူ့သက်၊ ခိုးဝှက်မမူ၊ မယူသေစာ၊ အိမ်ရာမမှား၊ မုသားမဆို၊ ကိုယ်ကိုနှိမ့်ချ၊ စောင့်သီလနှင့်၊ ဒါန လှူဝတ်၊ ရက်မချွတ်လျှင်၊ မပြတ်ဆောက်တည်၊ ဆုကြီးရည်၍၊ မကြည်ခိုက်ရန်၊ သူကျူးလွန်လည်း၊ စောင်မာန်မပြင်း သိမ်းစေမင်း"[၁]

ဟု ဆုံးမလမ်းညွှန်ထားပါသည်။ 'လောကသာရဆုံးမစာ' တွင် ကိုယ်ကျင့်တရား စောင့်ထိန်းရင်း မေတ္တာပွားများရန်၊ လုံ့လဝီရိယရှိရန် စသည်ဖြင့် သူတော်ကောင်း တစ်ယောက်အနေနှင့် လိုက်နာသင့်သောအချက် များကို စေ့စေ့စပ်စပ် လမ်းညွှန်ထား သည်ကို တွေ့ရသည်။

အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရသည် 'သံဝရပျို့' ၌ မင်းတို့၏ ကျင့်ဝတ် များကို သံဝရ မင်းသားအား ဆရာအမတ်ကြီးက လမ်းညွှန်ဟန်ဖြင့် ဆုံးမထားပါ သည်။ ထိုသို့ ဆုံးမရာ၌ –

"နေ့တိုင်းနေ့တိုင်း၊ အလှိုင်းတကြီး၊ အဖြီးအခိုင်၊ မပေးနိုင် လည်း၊ ကိုယ်တိုင် ဖူးတွေ့၊ နှုတ်ဆက်လေ့ကျက်၊ မမေ့ မကျန်၊ ပန်းမာလ် သစ်သီး၊ ယဉ်မှီးစေပါ၊ ချစ်ပျူငှာဖြင့်၊ အီသာစူးစမ်း၊ ရောပြွမ်း ဆံလုံ၊ မေတ္တာကုံ၍"[၂]

ဟု ရေးဖွဲ့ဆုံးမထားသည်။ ပြည်သူတို့အပေါ်တွင် ချစ်ခင်ကြင်နာစွာ ဆက်ဆံခြင်းဖြင့် ပြည်သူတို့၏ ချစ်ခင် နှစ်သက်မှုကို ရယူသင့်သည်ဟု ဆုံးမထားခြင်း ဖြစ်ပါသည်။

ဆားတုံဆရာတော် ရေးသားခဲ့သည့် 'ပုတ္တောဝါဒပျို့' တွင်လည်း မိဘ၊ ဆရာ၊ ညီအစ်ကို၊ မောင်နှမ စသည်ဖြင့် ရှုထောင့်အထွေထွေမှ လိမ္မာယဉ်ကျေးလာအောင် ဆုံးမဟန် ရေးဖွဲ့ထားသည်။ မြန်မာတို့သည် ကျေးဇူးတရားကို အလေးထားသူများ ဖြစ်သည်။ လူ့ဘောင်လောက၌ လူကောင်းတစ်ဦးဖြစ်ရန် ကျေးဇူး သိတတ်မှုသည် လည်း အရေးပါသည်။ ဆရာ့ကျေးဇူးသိရန် အစ်ကိုကြီးက ညီငယ်အားဆုံးမသည့် အခန်း၌–

---

[၁] –ယင်း–။

[၂] ရဋ္ဌသာရ၊ ရှင်မဟာ၊ ၁၉၆၃၊ ၂၁။

> "ဤသို့ဖြစ်၍၊ ချစ်လည်းချစ်စွာ၊ သာလည်းသာချို၊ လင်္ကာဆို၍၊ ချိုလည်းချိုမြွက်၊ လေးလေးနက်သား၊ ခက်လည်းခက်စွာ၊ ဥပမာဖြင့်၊ နာလည်းနာဘွယ်၊ ထုံးနည်းသွယ်၍၊ မကျယ်မကျဉ်း၊ စိုးတမျဉ်းမျှ၊ ဆိုလိုက်ပြသား၊ ငါ့စကားကို၊ မှတ်သားကုန်ပါ"[၁]

ဟု ဆုံးမထားပါသည်။

ဆရာတော် ဦးဗုဓ်၏ 'ဂိဟိဝိနယဆုံးမစာ' တွင်လည်း ဥစ္စာပျက်စီးကြောင်း (၆)ပါး၊ ခင်ပွန်းတု (၄)ပါး၊ ခင်ပွန်းစစ် (၄)ပါး၊ အရပ် (၆)ပါး စသည်ဖြင့် ခွဲခြား၍ ဆုံးမထားသည်ကို တွေ့ရပါသည်။ သင်္ဂဇာဆရာတော်၏ 'သိင်္ဂါလောဝါဒဆုံးမစာ' တွင်မူ –

> "ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ် သားတို့တာ"[၂]

ဟူသော သားသမီးဝတ္တရား (၅)ပါးနှင့်အတူ မိဘဝတ္တရား၊ ဆရာ့ဝတ္တရား၊ တပည့်ဝတ္တရား၊ လင့်ဝတ္တရား၊ မယားဝတ္တရား စသည်ဖြင့် လူမှုရေးကျင့်ဝတ်များကို ဆုံးမလမ်းညွှန်ထားပါသည်။

သီပေါမင်းလက်ထက် ဖိုးသူတော်ဦးနု၏ လောကီပညာမှတ်ပုံကျမ်းတွင်မူ –

> "အယုတ်တရားကို အလိုမရှိနှင့်၊ မဟုတ်စကားကို မဆိုဘိနှင့်။ အယုတ် တရားကိုအလိုရှိက ဘဂဝါ၏စကားကို ပယ်ရာကျချေသည်၊ မဟုတ် စကားကိုဆိုဘိက သမာဓိတရားတို့ ကွယ်ပရလေသည်"[၃]

ဟုလည်းကောင်း၊

> "အမျိုးယုတ်သူ အဆင်းလှလျှင် သတိထား၊ တန်ခိုးနုတ်သူ ထမင်းဝလျှင် မကျီစားနှင့်။ အမျိုးယုတ်သူ အဆင်းလှက စာဂ တန်တတ်သည်။ တန်ခိုးနုတ်သူ ထမင်းဝက မာနထန်တတ်သည်"[၄]

ဟုလည်းကောင်း ဖွဲ့ဆိုထားသည်။ ထိုဆုံးမစာတွင် လင်္ကာသွားမျိုးနှင့်မဟုတ်ဘဲ နဘောထပ်စကားပြေသဘောနှင့် ရေးဖွဲ့ထားသည်ကို တွေ့ရသည်။ လယ်တီဆရာတော်

---

[၁] ဆားတုံဆရာတော်၊ ၁၉၅၁၊ ၃၂။

[၂] သင်္ဂဇာဆရာတော်၊ ၂၀၀၆၊ ၂၇။

[၃] နု၊ ဦး၊ (ဖိုးသူတော်–)၊ ၂၀၀၆၊ ၃၀။

[၄] -ယင်း–၊ ၃၀။

ဘုရားကြီး၊ မန်လည်ဆရာတော်ဘုရားတို့ သည်လည်း ဓမ္မစာပေများနှင့် ဆုံးမ လမ်းပြခဲ့ကြပါသည်။ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၏ ဓမ္မစာပေများမှာလည်း လေးနက်လှပါသည်။ မျက်မှောက်ခေတ်တွင်လည်း မြန်မာလူမျိုးတို့၏ အစဉ်အလာ အတိုင်း လူငယ်များကို ဗုဒ္ဓတရားတော်များနှင့်အညီနေထိုင်တတ်စေရန် ဆုံးမလမ်းညွှန် သော ဓမ္မစာပေများ ထွန်းကားခဲ့ပါသည်။ ထိုရေးဖွဲ့သူများထဲတွင် ဆရာတော် ရဝေနွယ် (အင်းမ)၏ ဓမ္မစာပေများမှာ တစ်မူထူးခြားသည်ဟု ထင်မြင်မိပါသည်။ အစဉ်အလာ ဆုံးမစာများကဲ့သို့ပင် ဗုဒ္ဓ၏တရားတော်များကို အခြေခံသည်။ ရှေးဆုံး းကဲ့သို့ လင်္ကာများနှင့်မရေးဘဲ အပြောစကားပြေနှင့်ရေးသည်။ (၅၅၀)ဇာတ် နိပါတ် လာ ပုံပြင်များ၊ ပါဠိအဋ္ဌကထာများကို အခြေပြု၍ လူ့လောကတွင် တွေ့ကြုံနေရသော အဖြစ်အပျက်များနှင့်ဆက်စပ်ကာ ရေးသားလေ့ရှိပါသည်။ စာဖတ်သူတို့၏စိတ်တွင် ငြီးငွေ့ခြင်းမရှိဘဲ အလွယ်တကူလိုက်နာကျင့်သုံးလို စိတ်များ ဖြစ်ပေါ်နိုင်စေသည်ဟု ထင်မြင်မိပါသည်။

## ၃။ ဆရာတော် ရဝေနွယ် (အင်းမ)၏ ဓမ္မစာပေများမှ အတွေးနှင့်အရေး

ဆရာတော်၏ ဓမ္မဆောင်းပါးများသည် လူ့စိတ်သဘောထားကို အများဆုံး ဦးတည်၍ ပြုပြင်ရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။ ဆရာတော်၏ဆောင်းပါးများ ထူးခြားချက်မှာ လူ့လောကရှိ နေ့စဉ် ရင်ဆိုင်နေရသော ပြဿနာများအပေါ်တွင် အခြေခံပြီး တရားသဘောနှင့် ဆက်စပ် ပြခြင်းဖြစ်သည်။ ဆရာတော် တင်ပြသော အကြောင်းအရာများသည် လူတိုင်းနှင့် ပတ်သက်သည့်အတွက် ဖတ်ရှုလိုက်ရသူတိုင်း ပေါ့ပါးသက်သာသွားစေသည်။ တရားဓမ္မနှင့်မွေ့လျော်နေထိုင်ရခြင်း၊ သူတော်ကောင်း တရားနှင့်အညီ နေထိုင်ရခြင်းကို ခက်ခဲသည်ဟုမထင်၊ စိတ်လက် ပေါ့ပါး သက်သာ စွာဖြင့် လက်ခံ ကျင့်သုံးလိုစိတ် ဖြစ်ပေါ်လာအောင် တွေးပြ၊ ရေးပြထားသည်ကို တွေ့ရပါသည်။

## ၃၊ ၁။ "စိတ်ညစ်လျှင်ရေချိုးပါ" ဆောင်းပါးမှ ဆရာတော်၏ အတွေးနှင့်အရေး

'စိတ်ညစ်လျှင်ရေချိုးပါ' ဆောင်းပါးသည် ၂၀၀၉ ခုနှစ်တွင် ထုတ်ဝေသည့် အလင်းတန်းဂျာနယ်တွင် ဖော်ပြ ခဲ့သော ဆောင်းပါးဖြစ်ပါသည်။ ၂၀၁၀ ခုနှစ်တွင် 'စိတ်ညစ်လျှင်ရေချိုးပါ' အမည်ဖြင့် အခြားဆောင်းပါးများ နှင့်အတူ စာအုပ်အဖြစ် ထုတ်ဝေခဲ့သည်။ ထိုစာအုပ်ထဲမှ 'စိတ်ညစ်လျှင်ရေချိုးပါ' ဆောင်းပါး၏အတွေးနှင့် အရေးကို လေ့လာတင်ပြပါမည်။

ထိုဆောင်းပါး၏ ရည်ရွယ်ချက်မှာ လူသားတိုင်း စိတ်ညစ်ရသည့် အတွေ့အကြုံများ ရှိကြသည်။ စိတ်ညစ်သည့်အတွက် စိတ်ထွက်ပေါက်အဖြစ်နှင့် အကုသိုလ်ကိုမပြုဘဲ စိတ်ညစ်နေသော အချိန်ကာလအတွင်း၌ ကုသိုလ်ဖြစ်အောင် လေ့ကျင့်နေထိုင်သွားတတ်စေရန် လမ်းညွှန်ထားသည်။ ထိုကဲ့သို့ လေ့ကျင့်နေထိုင်ခြင်းဖြင့် ကုသိုလ်ဖြစ်အောင် နေထိုင်သွားတတ်သွားသည့်အကျင့် စွဲမြဲသွားစေနိုင်သည်ဟု တွေးပြထားသည်။ ထိုအတွေးကို တင်ပြရာ၌ ရှေးဦးစွာ ဆရာတော်က (၅၅၀)ဇာတ်နိပါတ်လာ ပါနီယဇာတ်ဖြင့် အစပျိုး တင်ပြထားပါသည်။ ထိုဇာတ်တွင် 'သားအဖနှစ်ယောက်သည် ခရီးအတူထွက်ခဲ့ကြသည်။ ခိုးသူများသည် သားအဖနှစ်ယောက် အတူလာသည့်အခါ သားလာလျှင် သားကိုဖမ်းပြီး အဖကိုအိမ်သို့ ငွေပြန်ယူစေသည်။ ဆရာတပည့်လာလျှင် ဆရာကိုဖမ်းပြီး တပည့်ကို အိမ်သို့ ငွေပြန်ယူစေသည်။ ထိုတောအရပ်ထဲရှိ ဓားပြ၊ ခိုးသူတို့အကြောင်းသိနေသော ဖခင်ဖြစ်သူက ဓားပြများနှင့် တွေ့လျှင် သားအဖတော်ကြောင်းမပြောရန် ကြိုတင်မှာထားခဲ့သည်။ ဓားပြများက သားအဖနှစ်ယောက်ကိုဖမ်းပြီး မည်သို့တော်စပ်သနည်း ဟုမေးရာ မတော်စပ်ကြောင်း ပြန်ဖြေကြသည်။ သားအဖနှစ်ယောက် ထွက်ခွာခွင့်ရပြီး ရှေ့သို့ ခရီးဆက်ခဲ့ကြသည်။ နားနေသည့်နေရာသို့ ရောက်လျှင် နားနေကြပြီး ညနေ၌ ရေချိုးကြသည်။ ရေချိုးပြီးသောအခါ စိတ်ရောကိုယ်ပါ ကြည်လင်နေသည်။ ထိုအချိန်တွင် သားဖြစ်သူက မိမိ၏ တစ်နေ့တာသီလကို ပြန်ဆင်ခြင်သောအခါ မနက်က မုသားပြောခဲ့သည်ကို ပြန်၍ သတိရလာသည်။ ထိတ်လန့်သံဝေဂရပြီး ဒီအကုသိုလ်ဟာ အပါယ်ကျတော့မှာပဲဟု ဆိုပြီး ဝိပဿနာပွားလိုက်သောအခါ ပစ္စေကဗုဒ္ဓါအရှင်မြတ် ဖြစ်သွားပါသည်။ ပစ္စေကဗုဒ္ဓါ ဖြစ်သွားသောအခါ ဖခင်ကိုတရားဟောပြီး နန္ဒမူလိုဏ်ဂူသို့ ကြွသွားပါသည်' ဟူ၍ ပုံပြင်လေးနှင့် အစပျိုးတင်ပြထားပါသည်။ ပုံပြင်ပါအကြောင်းအရာကို ဆက်စပ်၍ ဆရာတော်က ရေချိုးလိုက်သည့်အတွက် စိတ်ရောကိုယ်ပါ ကြည်လင်လာသည်။ ထိုသို့ ကြည်လင်နေသည့်အတွက် တရားအားထုတ်ရာ၌ပို၍ စိတ်ကြည်လင်လန်းဆန်းစေပါသည်။ တရားထူး တရားမြတ်ရခြင်းမှာ အတိတ်ပါရမီကြောင့် ဖြစ်သည်။ ရေချိုးလိုက်ခြင်းဖြင့် တရားထူးရရန်အတွက် အထောက်အပံ့ဖြစ်စေသည်ဟု ပုံပြင်လေးနှင့် အတွေးကို ဆက်စပ် တင်ပြထားပါသည်။

**"စိတ်ညစ်လျှင်ရေချိုးပါ" ဆောင်းပါးမှ ဆရာတော်၏အရေး**

ဆရာတော်သည် စာဖတ်သူတို့နာချင်စဖွယ်ဖြစ်အောင် ပုံပြင်လေးနှင့် စည်းရုံးတင်ပြပြီးနောက် တရားသဘော ကိုခိုင်မာအောင် ဝိဘင်းအဋ္ဌကထာ ပညာပွားကြောင်း (၇)ပါး ရှိကြောင်း တင်ပြခဲ့သည်။ ထိုအင်္ဂါ (၇)ပါး အနက် ဒုတိယအင်္ဂါမှာ ဉာဏ်ပညာပွားများရန် ကိုယ်တွင်းကိုယ်ပ နှစ်ဌာနကို သန့်ရှင်းစင်ကြယ်အောင် လုပ်ပေးပုံ

ကိုလည်း အကျယ် ရှင်းပြထားပါသည်။ ဆရာတော်သည် ထိုကဲ့သို့ခိုင်မာအောင် ဝိဘင်းအဋ္ဌကထာ ကိုတင်ပြပြီးနောက် ထိုသဘောကို စာဖတ်သူတို့ နေ့စဉ်အဖြစ် အပျက်များနှင့် ဆက်စပ်နားလည်လာစေရန် အတွက် ဆံပင်၊ ခြေသည်း၊ လက်သည်း များ ရှည်နေမည်။ ခန္ဓာကိုယ်ထဲ၌ အပူအပုပ်တွေ၊ လေဆိုးတွေ ရှိနေလျှင် အတွင်း ဝတ္ထု မသန့်ရှင်းခြင်း ဖြစ်သည်။ မိမိအဝတ်အစား၊ အိပ်ရာ၊ ခြင်ထောင်၊ စောင်၊ ခေါင်းအုံးများ ဟောင်းနွမ်းနေလျှင်သော်လည်းကောင်း၊ အခန်းထဲ၌ ပစ္စည်းများ ဖယိုဖရဲဖြစ်နေလျှင်သော် လည်းကောင်း အပြင်ဝတ္ထုမသန့်ရှင်းပါဟု ရှင်းပြခဲ့သည်။ ထိုသို့ ကိုယ်တွင်းကိုယ်ပ မသန့်ရှင်းလျှင် စိတ်ရှုပ်လာပါမည်။ စိတ်ရှုပ်လာလျှင် ဉာဏ်အမြင်မကြည်လင်တော့ပါဟု ဆိုထားပါသည်။ ထို့ကြောင့် ကိုယ်တွင်းကိုယ်ပ သန့်ရှင်းအောင် ဆောင်ရွက်ရမည်။ တရားထိုင်သည့်အခါ ရေချိုးပြီးမှတရားထိုင်လျှင် ပို၍ စိတ်ကြည်လင်ပြီး ဉာဏ်ပိုပြီး သက်ဝင်စေပါသည်ဟု စိတ်ရှည်လက်ရှည် ရှင်းလင်း တင်ပြထားပါသည်။ စိတ်ညစ်သည့် အခါတိုင်း ရေချိုးခြင်း၊ ဂုဏ်တော် ပွားခြင်း၊ မေတ္တာပွားခြင်း ပြုပေးလျှင် မိမိ၏အထုံ စွဲသွားမည်။ ထိုကဲ့သို့ ကောင်းမှုပြု တတ်သည့်ဓလေ့များသည် နောင်ဘဝအထိ ပါသွားနိုင်သည်။ ထို့ကြောင့် စိတ်ညစ် လျှင် ကုသိုလ်ကောင်းမှုပြု၍ နေထိုင်ပါဟု အကြံပေးထားပါသည်။ ထိုအကြောင်း အရာကို တင်ပြရာ၌ ဆရာတော်သည် တရားဟောပြောပြသနေသည့်ဟန်အတိုင်း အပြောစကားပြေဖြင့် တင်ပြထားပါသည်။ ဇာတ်လမ်း ပုံပြင် ပါသည့်အတွက် ဇာတ်လမ်းပြောဟန်ကို –

> "တစ်ခါတုန်းက သားအဖနှစ်ယောက် ရှိပါတယ်။ တစ်နေ့တော့ သားအဖ နှစ်ယောက် ခရီးတစ်ခုထွက်ဖို့ ပြင်ကြပါတယ်။ သူတို့ထွက်မယ့် ခရီးစဉ်မှာ တောအုပ်တစ်ခုကို ဖြတ်သန်းသွားရမှာပါ။ အဲဒီတောအုပ်ထဲမှာ ဓားပြ သူခိုးတွေကလည်း ရှိနေပါတယ်"[၁]

ဟု ရေးသားထားသည်။ ထိုအရေးအဖွဲ့သည် ပုံပြင်ပြောသည့်ဟန် သက်ဝင်သည်။ အလွန်ရိုးရှင်းသည့် ပြောဟန်ဝါကျတိုများကို သုံးထားသည်။ ဝါကျတစ်ကြောင်းနှင့် တစ်ကြောင်းသည် အကြောင်းအရာ အချိတ်အဆက်မိသည်။ ပြောဟန်မှာ တည်ငြိမ် အေးဆေးပြီး ဖြစ်စဉ်ပြ အရေးအသားကိုသုံး၍ ရိုးရိုးရှင်းရှင်း တင်ပြထားပါသည်။

---

[၁] ရဝေနွယ်(အင်းမ)၊ ၂၀၁၀၊ ၂၀–၂၁။

ဖွင့်ဆိုရှင်းပြအရေးအသားကိုလည်း ထည့်သွင်းရေးသားထားပါသည်။ ထိုအရေးအသား ကို အပြောဟန်ဖြင့် –

> “စာနဲ့ကိုင်ပြောမယ်ဆိုရင်လည်း ဝိဘင်းအဋ္ဌကထာမှာ ပညာပွား ကြောင်း (၇)ပါးကို ပြထားပါတယ်။ အင်္ဂါ (၇)ပါးမှာ ဒုတိယ အင်္ဂါက ဉာဏ်ပညာပွားဖို့အတွက် ကိုယ်တွင်းကိုယ်ပ နှစ်ဌာနကို သန့်ရှင်း စင်ကြယ်အောင် လုပ်ပေးပါတဲ့”[၁]

ဟု တင်ပြထားသည်။ ဆရာတော်၏ ဖွင့်ဆိုရှင်းပြအရေးအသားမှာ တရားသဘော ဖြစ်သော်လည်း ရှင်းလင်းသည်။ ဝါကျတိုများကိုသုံး၍ အလွယ်ကူဆုံးနှင့် အရိုးရှင်း ဆုံးဖြစ်အောင် ရေးသားထားသည်။ ကိုယ်ရော စိတ်ပါ ကြည်လင် သန့်ရှင်းအောင် ပြုသင့်ကြောင်းနှင့် ပတ်သက်၍ –

> “ဆံပင်တွေ ရှည်နေမယ်၊ ခြေသည်းလက်သည်းတွေ ရှည်နေမယ်၊ ခန္ဓာကိုယ်မှာ ချွေးတွေ ဂျီးကပ်နေမယ်၊ ခန္ဓာကိုယ်ထဲမှာ အပူ အပုပ်တွေ လေဆိုးတွေ ရှိနေမယ်၊ ဒါဟာ အတွင်းဝတ္ထု မသန့်ရှင်းတာပါ”[၂]

ဟု တင်ပြထားပါသည်။ ထိုအရေးအသားတွင် ပုံစံတူဟန်ချက်ညီဝါကျရေးဟန်ကို တွေ့ရသည်။ ‘နေမယ်’

ဆိုသည့် စကားလုံးကို ဝါကျ၏အဆုံး၌ ထပ်ကာ ထပ်ကာ အသုံးပြုခြင်းဖြင့် ဝါကျများသည် ပုံစံတူ ဟန်ချက်ညီနေသည်။ ဤသို့ဖြင့် စာဖတ်သူတို့ကို ပွင့်လင်း မြင်သာအောင် တစ်ခုပြီးတစ်ခု စိတ်ရှည်လက်ရှည် ရှင်းပြနေသည့်လေသံ ပေါ်လွင်စေ ပါသည်။ အပြင်ဝတ္ထု မသန့်ရှင်းပုံကို တင်ပြရာ၌လည်း –

> “နောက် ကိုယ့်ရဲ့အဝတ်အစားတွေ ဟောင်းနွမ်းနေမယ်၊ အိပ်ရာ၊ ခြင်ထောင်၊ စောင်၊ ခေါင်းအုံးတွေ ဟောင်းနွမ်းနေမယ်၊ ကိုယ်နေ တဲ့ အခန်းထဲမှာ ပစ္စည်းတွေ ဖရိုဖရဲ ဖွာလန်ကြဲနေမယ်၊ ပင့်ကူမျှင်တွေ ငြိတွယ်ကပ်နေမယ်၊ စာအုပ်တွေ ပြန့်ကျဲနေမယ်၊ အမှိုက်တွေ ရှိနေမယ်၊ ဒါဟာ အပြင်ဝတ္ထု မသန့်ရှင်းတာပါ”[၃]

---

[၁] –ယင်း–။

[၂] –ယင်း–။

[၃] ရဝေနွယ်(အင်းမ)၊ ၂၀၁၀၊ ၂၃။

ဟု ဖွင့်ဆိုရှင်းပြထားသည်။ ဆရာတော်သည် တရားသဘောကိုရှင်းရာ၌ လောကဝန်းကျင်နှင့်ယှဉ်၍ အလွယ်တကူမြင်သာအောင် အပြောစကားပြေကိုသုံး၍ သရုပ်ဖော်ထားပါသည်။ ဝါကျတိုများကြောင့် ငြီးငွေ့ဖွယ်မဖြစ်ဘဲ အကြောင်းအရာများသည် လျင်မြန်စွာ ရွေ့လျားနေသည်ကို တွေ့ရသည်။ ထိုမှတစ်ဆင့် ဆရာတော်သည် ကြောင်းကျိုးပြရေးနည်းကိုသုံးကာ တရားပြ၊ နားချခဲ့ပါသည်။ စိတ်ရောရုပ်ပါ ကြည်လင် သန့်ရှင်းအောင် ဆောင်ရွက်ရမည့်အချက်ကို ဖော်ပြရာ၌ –

> "ဒါကြောင့် ဆံပင်တွေ ရှည်နေမယ်၊ ရုပ်ထွေးညစ်ပတ်နေမယ်ဆိုရင် ညှပ်စရာရှိတာညှပ်၊ လျှော်စရာရှိတာ လျှော်ပေးရပါမယ်။ ခြေသည်း လက်သည်းတွေ ရှည်နေရင် ညှပ်ပေးရပါမယ်။ ခန္ဓာကိုယ်မှာ ချွေးတွေ၊ ဂျီးတွေရှိနေရင် ရေချိုးပေးရပါမယ်။ ခန္ဓာကိုယ်ထဲမှာ လေဆိုးတွေ အပူအပုပ်တွေရှိနေရင် နားလည်တဲ့ဆရာဝန်နဲ့ပြသပြီး ဝမ်းသက်စေတဲ့ဆေး စသည် စားပြီး ခန္ဓာကိုယ် ပေါ့ပါးအောင် လုပ်ပေးရပါမယ်"[၁]

ဟု တင်ပြထားပါသည်။ ထိုအရေးအသားတွင် ပုံစံတူ ဟန်ချက်ညီ ဝါကျရေးဟန်ကို တွေ့ရသည်။ စကား အသုံးအနှုန်းအရကြည့်လျှင် အချို့နေရာများ၌ 'ရှည်၊ ညှပ်၊ လျှော်၊' စသည့် လုံးချင်းကြိယာကိုသုံး၍ ကျစ်ကျစ်လျစ်လျစ် ရေးထားသည်။ အချို့နေရာများ၌ 'ရုပ်ထွေးညစ်ပတ်' ဆိုသည့် ကြိယာလုံးတွဲများကို သုံး၍ ရေးဖွဲ့ထားသောကြောင့် အနက်ထင်ရှား ပြည့်စုံပေါ်လွင်စေသည်။ ဆရာတော်သည် အချို့နေရာများ၌ အမေးဝါကျများကိုသုံး၍လည်း စာဖတ်သူတို့ မိမိကိုယ်ကို ပြန်၍ တွေးကြည့်မိစေရန်နှင့် ဆင်ခြင်မိစေရန် ရေးသားထားသည်။ ပုံစံအားဖြင့် –

> "ဥပမာ ရေချိုးပြီး တရားထိုင်တာနဲ့ ရေမချိုးဘဲ ချွေးသံတရွှဲရွှဲနဲ့ တရားထိုင်တာ ဘယ်ဟာက ပိုပြီး ထိုင်လို့ကောင်းမလဲ?။ ခေါင်းလျှော်ပြီး တရားထိုင်တာနဲ့ ခေါင်းမလျှော်ဘဲ ဆံပင်ဖွာလန်ကြဲနဲ့ တရားထိုင်တာ ဘယ်ဟာက ပိုပြီး စိတ်ကြည်လင်မလဲ?"[၂]

ဟူ၍ ရေးဖွဲ့ထားသည်။ ဆရာတော်သည် ဆိုလိုသည့် အကြောင်းအရာနောက်သို့ စာဖတ်သူကို တဖြည်းဖြည်း လိုက်ပါလာအောင် ပုံပြောသည့်နည်း၊ လက်တွေ့လိုက်နာရန် လမ်းညွှန်သည့် နည်းတို့ဖြင့် ရေးသားထားသည်။ စာဖတ်သူကိုလည်း

---

[1] –ယင်း–၊ ၂၅။

[2] ရဝေနွယ်(အင်းမ)၊ ၂၀၁၀၊ ၂၅။

မိမိနှင့်တစ်ကွ မိမိဝန်းကျင်ကို သန့်ရှင်းစေပြီးနောက် တရားထိုင် ခြင်းဖြင့် ကုသိုလ်ရအောင်ပြုနိုင်သည်အထိ အဆင့်ဆင့် စည်းရုံး ခေါ်ဆောင်လာခဲ့ သည်။ နောက်ဆုံးတွင် ကိုယ်ရောစိတ်ပါ သန့်ရှင်းစွာဖြင့် တရားထိုင်မည့် အနေ အထားကို ဆရာတော်က –

> "တကယ်လို့ စိတ်ညစ်လာပြီဆိုရင် ကိုယ်နေတဲ့ အခန်းကို သန့်ရှင်းရေး လုပ်လိုက်ပါ။ အိပ်ရာ, ခြင်ထောင်, ခေါင်းအုံး တွေကို လျှော်ဖွပ်ပြီး အသစ်နဲ့ လဲလိုက်ပါ။ ပြီးတော့ ရေချိုး လိုက်ပါ။ ရေချိုးပြီးရင် ကိုယ်နှစ်သက်တဲ့ လျှော်ဖွပ်ပြီးသား အဝတ်လေးကို ဝတ်လိုက်ပါ။ အားလုံးပြီးတာနဲ့ အသစ်လဲပြီးသား အိပ်ရာပေါ်မှာ ကိုယ်နဲ့သပ္ပါယဖြစ်သလို ထိုင်ပြီး ခါးကို ဖြောင့်ဖြောင့် ထား၊ မျက်လုံးလေးမှိတ်၊ လက်အုပ်ကလေးချီပြီး၊ ငါးပါးသီလကိုယူလိုက်ပါ။ တစ်ဆက်တည်းပဲ 'မြတ်စွာဘုရား၊ ဘုရားတပည့်တော် ခန္ဓာကိုယ်ထဲကို သီတင်းသုံးတော်မူပါဘုရား' လို့ ပင့်လိုက်ပါ။ ကိုယ်က အမျိုးသမီးဖြစ်နေလို့ ပင့်ရမှာ အားနာနေရင်လည်း ဦးခေါင်းထက်ကို ပင့်လိုက်ပါ။ စိတ်ထဲမှာလည်း မြတ်စွာဘုရား ကိုယ့်ခန္ဓာကိုယ်ထဲ၊ ကိုယ့်ဦးခေါင်းထက်မှာ ရှိနေတယ်လို့ နှလုံးသွင်းထားပါ။ မြတ်စွာဘုရားကတော့ ပရိနိဗ္ဗာန်စံပြီးပြီဆိုတော့ တကယ်တော့ ဘယ်ကြွလာမှာလဲ။ စိတ်ဓာတ်အင်အားကိုယူတာပါ"[၁]

ဟု ရေးဖွဲ့တင်ပြထားသည်။ ထိုအရေးအဖွဲ့ကိုကြည့်လျှင် ဆရာတော် ရဝေနွယ်(အင်းမ)သည် စာဖတ်သူကို လိုက်နာကျင့်သုံးရန် တစ်ခုပြီးတစ်ခု လမ်းညွှန်သည့် လေသံမှ တိတိကျကျလိုက်နာ ဆောင်ရွက်ရန် ဆွေးနွေး တင်ပြသည့်လေသံ၊ ထိုမှ တစ်ဆင့် လမ်းညွှန်သည့်လေသံသို့ ပြောင်းသွားသည်။ 'သန့်ရှင်းရေး လုပ်လိုက်ပါ၊ အသစ်နဲ့လဲလိုက်ပါ' ဆိုသည့် အရေးအသားများတွင် အမှန်တကယ်လိုက်နာရန် ညွှန်ကြားသည့် လေသံ ပေါ်လွင်နေပါသည်။ ထို့အပြင် စိတ်ညစ်တာကို အမှီပြုပြီး ကုသိုလ်အမြတ်ထွက်ရန် လုပ်ဆောင်ရန်ကိုလည်း–

> "တကယ်တော့လည်း တရားသဘောအရ ဘယ်အရာမှ မမြဲပါဘူး။ စိတ်ညစ်တာလည်း အမြဲတည်မနေနိုင်ပါဘူး။ ကာလတစ်ခုပါပဲ။ ကိုယ်က မမြဲတဲ့သဘောတရားလေးကို သေချာသဘော

---

[၁] –ယင်း–၊ ၂၅–၂၆။

> ပေါက်ပြီး စိတ်ညစ်တာကိုအကြောင်းပြုပြီး ထွက်ပေါက်အနေနဲ့ အကုသိုလ် မပြုလိုက်မိဖို့ပါ။ စိတ်ညစ်နေတဲ့ ကာလတိုလေးမှာ ကုသိုလ်တွေကို လုပ်ချင် သည်ဖြစ်စေ၊ မလုပ်ချင်သည်ဖြစ်စေ ပေတေလုပ်နေလိုက်ပါ။ ရေမချိုးခင်မှာပဲ ဘုရားပန်းအိုးလဲတာ၊ ဘုရားသောက်တော်ရေလဲတာ၊ ကိုယ်ကြိုက် တဲ့အစားအစာတွေကို မြတ်စွာဘုရားကို ကပ်တာ စသည်ဖြင့် လုပ်လို့လည်း ရပါသေးတယ်။ စိတ်ညစ်တာကို အမှီပြုပြီး ကုသိုလ် အမြတ် ထွက်အောင် လုပ်ပစ်ရမှာပါ”[၁]

ဟူ၍ ရေးသား လမ်းညွှန်ထားပါသည်။ ‘ရေမချိုးခင်မှာပဲ ဘုရားပန်းအိုးလဲတာ၊ ဘုရားသောက်တော်ရေ လဲတာ၊ ကိုယ်ကြိုက်တဲ့ အစားအစာတွေကို မြတ်စွာဘုရားကို ကပ်တာ’ ဟူသော အရေးအသားသည် စာဖတ်သူတို့၌ အလွယ်တကူ နေ့စဉ်လုပ်ကိုင်ရင်း ကုသိုလ်ရနိုင်သော အကြောင်းအရာများဖြစ်၍ စိတ်ဝင်စားလာစေသည်။ လိုက်နာကျင့်သုံးလိုစိတ်များ ဖြစ်လာအောင် ဆရာတော်က ညင်သာပျော့ပြောင်းသော လေသံဖြင့် လမ်းညွှန်ပေးနေသည်။ ဆရာတော်၏ အပြောစကားပြေသည် ဆရာတော်ရင်တွင်းရှိ တရားဓမ္မကို အများသူငါကို ဖြန့်ဝေလိုသော စေတနာအရိပ် ထင်ဟပ်နေသည်။ ထိုစေတနာကြောင့် ရေးဟန်သည် အသက် ဝင်နေသည်၊ သွက်လက်နေသည်။ စာဖတ်သူတို့၏စိတ်ကို တစ်ဆင့်ပြီးတစ်ဆင့် လိုက်နာလိုစိတ်ဖြစ်ပေါ် လာအောင် စည်းရုံးခေါ်ဆောင်နိုင်စွမ်း ရှိသည်။ ညင်သာပျော့ပြောင်းသော လေသံဖြင့်လည်း အကျိုးသင့် အကြောင်းသင့် တင်ပြထားသည်ကိုလည်း တွေ့ရပါသည်။ နောက်ဆုံးတွင် ဆရာတော်က –

> “ဘာပဲပြောပြော စိတ်ညစ်ရင် ရေချိုးလိုက်ပါ။ ဒါဆိုရင် စိတ်ချမ်းသာလာ ပါလိမ့်မယ်”[၂]

ဟု လမ်းညွှန်ဆုံးမထားပါသည်။ ဆရာတော်၏ ‘စိတ်ညစ်လျှင်ရေချိုးပါ’ ဓမ္မဆောင်းပါး၏ အတွေးသည် နက်နဲသည်။ ထိုသို့ နက်နဲသောသဘောများကို လူ့လောက၌ နေ့စဉ်နှင့်အမျှ ကြုံတွေ့နေရသောဖြစ်ရပ်များနှင့် ဆက်စပ်ကာ ပေါ့ပေါ့ ပါးပါးနှင့် စာဖတ်သူများ အလွယ်တကူနားလည်နိုင်ပြီး သန္တရသ၊ ဓမ္မဝီရရသများ ခံစားစေနိုင်စွမ်း ရှိပါသည်။

---

[၁] ရဝေနွယ်(အင်းမ)၊ ၂၀၁၅၊ ၂၈။

[၂] -ယင်း-၊ ၂၉။

## ၃၊ ၂။ "ဆုတောင်းတွေပြည့်ဖို့" ဆောင်းပါးမှ ဆရာတော်၏အတွေးနှင့်အရေး

'ဆုတောင်းတွေပြည့်ဖို့' ဆောင်းပါးကို ဆရာတော် ရဝေနွယ်(အင်းမ)သည် ၂၀၁၄ ခုနှစ်၌ ထုတ်ဝေသည့် (new - watch) စောင့်ကြည့်ဂျာနယ်တွင် ရေးသားခဲ့ခြင်း ဖြစ်ပါသည်။ ထိုဆောင်းပါးအပါအဝင် ဆောင်းပါး (၁၂)ပုဒ်ကို စုစည်း၍ ၂၀၁၅ ခုနှစ်တွင် 'ဆုတောင်းတွေပြည့်စေဖို့' စာအုပ် ထုတ်ဝေခဲ့ပါသည်။ ထိုဆောင်းပါး၏ရည်ရွယ်ချက်မှာ ရယူလိုသောဆုတောင်းများ ပြည့်စေရန်အတွက် ဆောင်ရွက်နည်းကိုမပြောမီ ဆုတောင်း ပြည့်မှု၊ မပြည့်မှုသဘောကို ရှေးဦးစွာ တင်ပြထားပါသည်။ ထိုသို့တင်ပြရာတွင် မြန်မာစာပေသမိုင်းတွင် ထင်ရှားခဲ့သော တောင်ငူခေတ်စာဆို ဝန်ကြီးဗညားဒလ၏ 'ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း' ပါ အကြောင်းအရာ များကို တင်ပြ ထားပါသည်။ ရာဇာဓိရာဇ်တွင် တလမည်ဒေါ ဆိုသော မိဖုရားရှိသည်။ တလမည်ဒေါနှင့် ရာဇာဓိရာဇ်သည် အဖေတူ အမေကွဲ မောင်နှမများဖြစ်ကြသည်။ ရာဇာဓိရာဇ်သည် မိဖုရား တလမည်ဒေါကို အမျက်ရှုပြီး အဆောင်အယောင်များကို သိမ်းခဲ့သည်။ နောက်ဆုံးတွင် ဆံထုံးထဲ၌ ဝှက်ထားသောလက်စွပ်များကိုပါ သိမ်းယူစေပြီး တခြားမိဖုရားဖြစ်သည့် ပီယရာဇဒေဝီကို ပေးလိုက်သည်။ တလမည်ဒေါလည်း ရင်ကွဲနာကျပြီး အဆိပ်သောက်သေသည်။ ရာဇာဓိရာဇ်နှင့် တလမည်ဒေါ၏သား ဗောလောကျန်းတော အရွယ်ရောက်လာသောအခါ ဆင်စီး၊ မြင်းစီးကို လေ့ကျင့်သည်။ ရာဇာဓိရာဇ်သိလျှင် မိမိကိုပုန်ကန် လာမည်စိုး၍ ကွပ်မျက်ခိုင်းသည်။ ဗောလောကျန်းတောက မိမိသည် မင်းသားတစ်ယောက်အနေနှင့် တတ်အပ်သည်ကို လေ့ကျင့်ခြင်းဖြစ်သည်။ ဖခင်ကိုပြစ်မှားဖို့မဟုတ်။ မိခင်ဖြစ်သူအား မလှမပသေဆုံးစေခဲ့ပြီး မိမိအားလည်း သေအောင်ပြုမည်ဟုဆိုကာ မိမိလက်ဝတ်ရတနာများကို ရွှေမော်ဓောဘုရားတွင်လှူပြီး နောက်ဘဝတွင် မြန်မာမင်း၏သားအဖြစ် ခမည်းတော်ရာဇာဓိရာဇ်နှင့် စစ်ထိုးရပါလို၏ဟု ဆုတောင်းခဲ့သည်။ ဗောလောကျန်းတော အသတ်ခံရပြီး သားဖြစ်သူ၏ဆုတောင်းကို ကြားရသောအခါ ရာဇာဓိရာဇ်သည်လည်း အားကျမခံ ရွှေမော်ဓောဘုရားပေါ်တက်ကာ မကိုဋ်တော်ကို ဘုရားမှာလှူပြီး သားတော်နှင့် စစ်ထိုးသောအခါ ဘုရားတပည့်တော်က နိုင်ရပါလို၏ဟု ဆုတောင်းခဲ့ပြန်သည်။ မကြာမီ အင်းဝဘုရင် မင်းခေါင်၏မိဖုရား ရှင်မိနောက်၏ဝမ်း၌ မင်းရဲကျော်စွာဖြစ်လာမည့် မင်းသား ကိုယ်ဝန်ရလာသည်။ ကိုယ်ဝန် ရှိနေစဉ်အတွင်း မိဖုရားရှင်မိနောက်က ရာဇာဓိရာဇ်နယ်မြေမှအစားအစာကို ချဉ်ခြင်းတပ်လာသည့်သတင်းကို ရာဇာဓိရာဇ်ကြားသော် သူ၏သား ဗောလောကျန်းတော ဝင်စားသည်ကို ရိပ်မိခဲ့သည်။ မင်းရဲကျော်စွာနှင့် ရာဇာဓိရာဇ် စစ်ထိုးကြရာ မင်းရဲကျော်စွာကို ဒဏ်ရာနှင့် အရှင်ဖမ်းမိခဲ့သည်။ ရာဇာဓိရာဇ်က အတိတ်ဘဝက သားဆိုသည့် သံယောဇဉ်နှင့် ဆေးကုသပေး

မည်။ ရောဂါပျောက်မှ အင်းဝပြန်ချင်လျှင်လည်း လိုက်ပို့ပေးမည်။ ဟံသာဝတီမှာ နေမည်ဆိုလျှင်လည်း အိမ်ရှေ့မင်းအဖြစ်ထားမည်ဟု ပြောဆိုသော်လည်း မင်းရဲကျော်စွာက သူ့ကျွန်ဖြစ်ရခြင်းထက် သေရခြင်းကမြတ်သည်ဟု ဆိုကာ အသက်အသေခံသွားခဲ့သည်။

ဤဇာတ်လမ်းကို တင်ပြပြီးနောက် ဆရာတော်သည် ရာဇာဓိရာဇ်နှင့် ဗောလောကျန်းတောတို့သည် ဆုတောင်းကိုယ်စီပြုကြသော်လည်း မည်သူမျှ မပျော်နိုင်ခဲ့ကြောင်း ကြေကွဲဖွယ်နှင့်သာ အဆုံးသတ်ရကြောင်းကို တင်ပြထားသည်။ ထိုကဲ့သို့ ရာဇဝင်ကို ပုံပြင်ပမာ ဇာတ်ကြောင်းပြောတင်ပြပြီး ဆုတောင်းတိုင်း ပြည့်ရန်အတွက် လိုက်နာရမည့်အချက်များကို ဗဟုသုတအဖြစ် အသိပေး တင်ပြထားသည်။ ထို့နောက် မြတ်စွာဘုရားရှင်က သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ အင်္ဂါ (၅)ချက်နဲ့ ပြည့်စုံရင် ဆုတောင်းပြည့်သည်ဟု 'ဥပရိပဏ္ဏာသပါဠိတော် သင်္ခါရုပပတ္တိသုတ်' မှာ ဟောပြောခဲ့ပုံကို ဖော်ပြခဲ့သည်။

ထိုမှတစ်ဆင့် ဆရာတော်က အင်္ဂါ (၅)ချက်နဲ့ ပြည့်စုံသည့်တိုင်အောင် ဆုတောင်းမှုမရှိလျှင်လည်း ဆန္ဒမပြည့်နိုင်ဟု ဆိုထားပါသည်။ ဆုတောင်းရာ၌လည်း လိုချင်သောဆုကိုတောင်းသကဲ့သို့ မိမိကြောင့် တစ်ဖက်လူတွင် အကုသိုလ်မဖြစ်အောင်လည်း စောင့်ထိန်းပေးသင့်သည်ဟု လမ်းညွှန်ထားပါသည်။ အထက် ဖော်ပြပါ အကြောင်းအရာများကိုကြည့်လျှင် ဆရာတော်၏ စာပေကျမ်းဂန်လေ့လာမှု၊ နက်နက်နဲနဲ ခံစားတွေးတောမှုများကို တွေ့ရပါသည်။ ဆရာတော်၏အတွေးများမှာ ဆုတောင်းပြည့်တိုင်း ပျော်ရွှင်မှုမရနိုင်၊ သံသရာတွင် ကျင်လည်နေသူများအနေနှင့် ဖြစ်ရပ်စုံများနှင့် နာကျည်းစရာများလည်း ရှိသည်။ နာကျည်းသည့်အလျောက် လက်စားချေလိုသည့်သဘောလည်း ရှိကြသည်။ ထို့ကြောင့် ဆုတောင်းတိုင်း မပျော်ရွှင် နိုင်ခြင်းဖြစ်ပါသည်ဟု တွေးပြထားသည်။ ဆုတောင်းပြည့်ရန်အတွက် နေ့စဉ်ပြုနေကျကုသိုလ်များကို ပြုရင်း ဆုတောင်းပြည့်သည်ဟု ယုံကြည်လာအောင် တင်ပြထားပါသည်။ ဆရာတော်၏အတွေးများသည် နက်နဲသိမ်မွေ့လှသည်။ ထိုအတွေးများကို အလွယ်တကူဖြည့်ဆည်းရန် လူ့ဘဝပတ်ဝန်းကျင်တွင် နေ့စဉ် ပြုနေကျအမှုကိစ္စများဖြင့် ဆက်စပ်တင်ပြထားပါသည်။

## "ဆုတောင်းတွေပြည့်ဖို့" ဆောင်းပါးမှ ဆရာတော်၏အရေး

ဤဆောင်းပါးတွင် ဆရာတော်သည် သူ၏ဇာတ်လမ်းကို တင်ပြမှုဟန်အတိုင်း

–

> "တစ်ခါတုန်းက မြန်မာသမိုင်းရာဇဝင်မှာ မေ့လို့မရတဲ့ သမိုင်းဖြစ်စဉ်လေး တစ်ခု ရှိခဲ့ဖူးပါတယ်။ မဝေးသေးတဲ့ကာလ တစ်ခုဆီက သက်ရှိလူသား တွေဖြစ်ခဲ့ကြတဲ့ ရာဇာဓိရာဇ်၊ တလမည်ဒေါ၊ ဗောလောကျန်းတောတို့ မိသားစုရဲ့ အတ္တဆုတောင်း၊ သမိုင်းပုံရိပ်လေးတစ်ခုပါ"[၁]

ဟု အစပျိုး တင်ပြထားသည်။ ဆရာတော်၏ အစပျိုးရေးသားမှုသည် ရာဇဝင်သမိုင်းကိုပင် ပုံပြင်လေးတစ်ခုပမာ လွမ်းစရာကောင်းအောင် တင်ပြထားသည်။ ဆရာတော်သည် 'ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း' မှ အကြောင်းအရာများကို ပြန်လည် ရေးသားတင်ပြရာ၌ –

> "မင်းရဲကျော်စွာတစ်ဖြစ်လဲ ဗောလောကျန်းတောလည်း ဆုတောင်းအတိုင်း ခမည်းတော်နဲ့ စစ်ထိုးခဲ့ရသလို ရာဇာဓိရာဇ်လည်းသူ့ဆုတောင်းအတိုင်း သားတော်နဲ့ စစ်ထိုးတဲ့အခါ သူက အနိုင်ရခဲ့ပါတယ်။ ဆုတောင်းတွေကိုယ်စီ ပြည့်ခဲ့ကြပေမဲ့ တစ်ယောက်မှ မပျော်နိုင်ခဲ့ပါဘူး၊ ကြေကွဲမှုတွေနဲ့ပဲအဆုံးသတ်ခဲ့ကြရပါတယ်"[၂]

ဟု ရေးသားတင်ပြထားသည်။ မင်းရဲကျော်စွာနှင့် ရာဇာဓိရာဇ်တို့၏ အဖြစ်အပျက်ကို ဖြစ်စဉ်ပြရေးနည်း

သုံး၍ တင်ပြထားသည်။ အကြောင်းအရာ၏အဆုံးသတ်တွင် စာရေးသူ၏အမြင်ကို ထည့်သွင်းထားသည်။ ရာဇဝင်ကြောင်းကို တင်ပြသော်လည်း ဆရာတော်က မိမိ၏ ခံစားမှုအတွေးများဖြင့် ဖြည့်စွက်၍ စာဖတ်သူ၏ရင်ထဲ၌ ရွှေမော်ဓောဘုရားသို့ ရောက်တိုင်း အမှတ်ရဖွယ်ဖြစ်အောင် တင်ပြထားသည်ကို တွေ့ရပါသည်။ ဆုတောင်းပြည့်ရန်အတွက် လိုအပ်သည့်အချက်များကို တင်ပြရာ၌ –

> "မြတ်စွာဘုရားက သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ အင်္ဂါငါးချက်နဲ့ ပြည့်စုံရင် နောက်ဘဝ သူဌေးဖြစ်ရပါလို၏၊ နောက်ဘဝ ဘုရင်ဖြစ် ရပါလို၏၊ နောက်ဘဝ သမ္မတဖြစ်ရပါလို၏၊ နောက်ဘဝ နတ်ပြည်မှာ ဖြစ်ရပါလို၏ စသည်ဖြင့် ဆုတောင်းရင် တောင်းတဲ့ဆု ပြည့်ပါတယ်"[၃]

---

[၁] ရဝေနွယ်(အင်းမ)၊ ၂၀၁၅၊ ၁၀။

[၂] –ယင်း–၊ ၁၃။

[၃] ရဝေနွယ်(အင်းမ)၊ ၂၀၁၅၊ ၁၃။

ဟု ရေးသားတင်ပြထားပါသည်။ ‘သူဌေး၊ ဘုရင်၊ သမ္မတ’ ဖြစ်စေရန် ဆုတောင်းများကို ပုံစံတူ ဟန်ချက်ညီ ဝါကျများဖြင့် ရေးသားထားသည်မှာ နှစ်သက်ဖွယ် ဖြစ်သည်။ ရိုးရှင်းလွယ်ကူသော သုတစကားပြေ ရေးဟန်ကို သုံးထားသည်။ ဆရာတော်သည် စာဖတ်သူတို့အနေနှင့် ဆုတောင်းပြည့်စေမည့် အင်္ဂါ(၅)ရပ်ကို အလွယ်တကူ နားလည်ပြီး ဆောင်ရွက်စေရန်အတွက် –

> “တစ်ခါတလေများ အင်္ဂါငါးချက်က တကူးတကလုပ်တာ မဟုတ်ပေမဲ့ သူ့အလိုလို အင်္ဂါငါးချက်ပြည့်နေတတ်တာလည်း ရှိပါတယ်။ ဥပမာ အိမ်မှာ ဆွမ်းကပ်တယ် ဆိုပါစို့။ ဆွမ်းကပ်တာက စာဂ –ဒါနပါ၊ ကြွလာတဲ့ဆရာတော်တွေကလည်း မဖြစ်မနေ ငါးပါးသီလတော့ ပေးမှာပါ။ ဒါဆို သီလဖြစ်သွားပါပြီ၊ သဒ္ဓါ၊ သုတ၊ ပညာ သုံးချက်က အစ ကတည်းက ရှိပြီးသားဆိုတော့ ဆွမ်းကပ်ရင် အင်္ဂါငါးချက် အလိုလို ပြည့်စုံနေပြီးသားပါ။ အဲဒီအချိန်တောင်းတဲ့ဆုကလည်း ပြည့်မှာပါပဲ”[၁]

ဟု ရေးသားတင်ပြထားပါသည်။ ဆရာတော်၏ အပြောစကားပြေသည် ရိုးရှင်းပြီး သိနားလည်နိုင်ရန် လွယ်ကူသည်။ နေ့စဉ်ပြုနေကျကုသိုလ်အမှုကိုပင် အကျိုးတရားနှင့်ယှဉ်၍ တင်ပြထားသည်။ ဆရာတော်၏ ဆောင်းပါးများတွင် ဦးတည်ချက်တစ်ခုက အမြဲပါရှိသည့်အပြင် စာဖတ်သူတို့အနေနှင့် သိသင့်သိထိုက်သည်ဟု ယူဆသော အချက်များကိုလည်း ထည့်သွင်း ရှင်းလင်းလေ့ရှိပါသည်။ ဆရာတော်သည် သုတအကြောင်းအရာကို တင်ပြရာ၌လည်း စာဖတ်သူတို့ ပွင့်လင်းမြင်သာအောင် ရှင်းပြသည်။ မိမိအနေနှင့် မကောင်းသောဘုံဘဝသို့ မရောက်စေရန် ဆုတောင်းလိုသည့်အကြောင်း ထင်ရှားအောင်ပြပြီးနောက် ဆုတောင်းပြည့်ရန် အင်္ဂါငါးရပ်နှင့် ပတ်သက်၍ ဆွေးနွေးတင်ပြရာ၌ –

> “တကယ်လို့များ မြတ်စွာဘုရား၊ ရုပ်ပွားတော်၊ ဆင်းတုတော် မရှိတဲ့ ခရီးဝေးတစ်နေရာ ရောက်နေဦးတော့၊ မြတ်စွာဘုရားရှင်ကိုမှန်းပြီး ရေချမ်း၊ ပန်း ကပ်လို့လည်း ရတာပါပဲ။ အဆင်ပြေမယ်ဆိုရင် အနီးအနားမှာရှိတဲ့ ငှက်ကလေးတွေ၊ ခွေးကလေးတွေကို အစာကျွေးလိုက်မယ်၊ တောင်းရမ်းမှု ပြုနေတဲ့သူတွေကို ငွေကြေး စွန့်ကြဲလိုက်မယ် ဆိုရင်လည်း ဒါနဖြစ်သွားတာပါပဲ။ ပြီးမှ ငါးပါးသီလ ယူလိုက်ပါ။ ကျန်တဲ့သုံးချက်ကတော့ ရှိပြီးသားပါ။ အင်္ဂါငါးချက်ပြည့်စုံပြီဆိုမှ ကိုယ့် လိုအပ်ရာဆုကို

---

[၁] –ယင်း–၊ ၁၆။

တောင်းရုံပါပဲ။ ဒီသဘောလေးတွေ သိလိုက်ရတော့ ဆုတောင်း
ရတာလည်း လွယ်သွားပါတယ်"[၁]

ဟု ရေးသားတင်ပြထားပါသည်။ ဆရာတော်၏ အပြောစကားပြေရေးဟန်သည် ညင်သာစွာ ရှင်းပြနေ သည့်လေသံ ပေါ်လွင်သည်။ အပြောစကားပြေဝါကျရှည်များကို ဝါကျတိုများနှင့်ပေါင်းစပ်၍ အသွင်ကွဲ ဝါကျဟန်ဖြင့် တင်ပြထားသည်။ အကြောင်းအရာနှင့်လိုက်ဖက်သည့် လေသံသဘော ပေါ်လွင်အောင် ဝါကျများကို အပြောင်းအလဲပြု၍ သုံးထားသည်။ ဆုတောင်းနှင့်ပတ်သက်သည့် သိမှတ်ဖွယ် မှန်သမျှကိုလည်း စုစည်း တင်ပြထားပါသည်။ လိုချင်သောဆုကို တောင်းသကဲ့သို့၊ မလိုချင်သောဆုကိုလည်း တောင်းသင့်သည် ဟူ၍လည်း ကဏှာရသေ့၏ဆုတောင်းကို ဖော်ပြရာ –

"စိတ်မဆိုးတတ်သူ ဖြစ်ရပါလို၏
မပြစ်မှားတတ်သူ ဖြစ်ရပါလို၏
လောဘမရှိသူ ဖြစ်ရပါလို၏
မချစ်တတ်သူ ဖြစ်ရပါလို၏"[၂]

ဟူ၍ ဆုတောင်းခဲ့သည်ဟု တင်ပြထားသည်။ ဆရာတော်၏ အပြိုင်ဝါကျများက ဆုတောင်း၏ အံ့ဩဖွယ် ကောင်းပုံကို ပို၍ ပေါ်ပေါ်လွင်လွင်ရှိလာစေပါသည်။ ထိုမှတစ်ဆင့် ဆရာတော်က အကုသိုလ်မဖြစ်အောင် ထိန်းသိမ်းသင့်သည့်သဘောကို အသိပေးထားပါသည်။ ထိုသို့ အသိပေးရာ၌ –

"ကိုယ့်ကြောင့် တစ်ဖက်သား အကုသိုလ် မဖြစ်အောင်လည်း အထူး စောင့်ထိန်းရပါမယ်။ တစ်ခါတလေ ကိုယ့်ရဲ့ကံသုံးပါး အမူအရာတွေကြောင့် တစ်ဖက်လူမှာ အကုသိုလ်တွေ ဖြစ်ဖြစ် နေတတ်ပါတယ်။ ကိုယ်က ဒါကို သတိမထားမိပါဘူး။ ကိုယ်က သာ သတိမထားမိတာ တစ်ဖက်လူမှာတော့ ကိုယ့်အပြုအမူ ကြောင့် အကုသိုလ်တွေဖြစ်ပြီး စိတ်တွေ ဆင်းရဲနေရတာပါ။ တကယ်တော့ ကိုယ့်ကိုယ်ကို အကုသိုလ်မဖြစ်အောင် စောင့်ထိန်း ရုံနဲ့ မလုံလောက်သေးပါဘူး။ ကိုယ့်ကြောင့် တစ်ဖက်လူ အကုသိုလ် မဖြစ်အောင်လည်း ပူးတွဲစောင့်ထိန်းရပါမယ်"[၃]

---

[၁] ရဝေနွယ်(အင်းမ)၊ ၂၀၁၅၊ ၁၈။

[၂] –ယင်း–။

[၃] ရဝေနွယ်(အင်းမ)၊ ၂၀၁၅၊ ၂၀–၂၁။

ဟူ၍ ရေးဖွဲ့ထားသည်။ 'ကိုယ်' ဆိုသည့်စကားကို ထပ်တလဲလဲ တင်ပြထားခြင်းဖြင့် လူသားတို့၏ မိမိကိုယ်ကို ဗဟိုပြုကာ အတ္တစိတ်ကြီးမားလာဟန်ကို ပေါ်လွင်စေသည်။

ဤဆောင်းပါး၏အကြောင်းအရာမှာ လူတိုင်း စိတ်ဝင်စားဖွယ် ဖြစ်သည်။ လူသားတိုင်းတွင် ဆန္ဒရှိကြသည်။ ဆုတောင်းများ ရှိကြသည်။ ဆရာတော်က ဆုတောင်းမမှားစေရန်နှင့် ဆုတောင်းပြည့်စေရန် ဗဟုသုတနှင့် အတွေးအမြင်များ ပေါင်းစပ်ကာ သုတရသစာပေအသွင်ဖြင့် တင်ပြထားပါသည်။ ဆရာတော်၏ အပြောစကားပြေတွင် ဆရာတော်၏စေတနာလေသံ ထင်ဟပ်နေပါသည်။ မေတ္တာလေသံများ ထင်ဟပ်နေပါသည်။ လေသံအမျိုးမျိုး အပြောင်းအလဲပြုကာ ရေးသားပုံမှာ နှစ်သက်ဖွယ် ဖြစ်ပါသည်။

## ၃၊ ၃။ "အချစ်နှင့်ဝိပဿနာ" ဆောင်းပါးမှ ဆရာတော်၏အတွေးနှင့်အရေး

'အချစ်နှင့်ဝိပဿနာ' စာအုပ်ကို ၂၀၀၆ ခုနှစ် နိုဝင်ဘာလတွင် ပထမအကြိမ် ထုတ်ဝေခဲ့ပါသည်။ ဆရာတော်သည် ရဟန်းဘောင်၌နေ၍ လောကုတ္တရာစာပေများကို ကျွမ်းကျင်နှံ့စပ်သူဖြစ်သည့်အပြင် လူ့ဘောင် လောကရှိ လူတို့၏ ဖြစ်ပျက်ခံစားမှုများ၊ သုခ, ဒုက္ခများ၊ သံယောဇဉ်များ အကြောင်းကိုလည်း အလေးအနက် ထား၍ ရှုမြင်သုံးသပ်သူ ဖြစ်ပါသည်။ ဆရာတော်သည် သံသရာ၌ ကျင်လည်နေသော လူသားတို့အနေနှင့် အချစ်နှင့်မကင်းနိုင်ပေ။ အချစ်ကြောင့် သောကဖြစ်ကြရသည်။ ဘေးဖြစ်ကြရသည်။ အချစ်မှကင်းလွတ်ခဲ့လျှင် သောကကင်းဝေးမည်။ သမုဒယမကင်းသော လူ့ဘောင်လောကသားတို့အပေါ်တွင် ကရုဏာထား၍ ချစ်ဒုက္ခနှင့်ကြုံလာသည့်အခါတွင် ထွက်ပေါက်ရှာရင်း နိဗ္ဗာန်လမ်းကြောင်းသို့ ရောက်စေမည့်နည်းကို အကျိုးသင့် အကြောင်းသင့် လမ်းညွှန်ထားပါသည်။

ယခုတင်ပြမည့် 'အချစ်နှင့်ဝိပဿနာ (၁)' ဆောင်းပါး၏အမည်မှာ 'ထွက်ပေါက်မှန်ပါစေ' ဖြစ်သည်။ ဇာတ်လမ်းမှာ မြို့လေးတစ်မြို့၌ အသက် ၄၅နှစ် လောက်ရှိသည့် အမျိုးသမီးကြီးတစ်ဦးရှိသည်။ သူ့တွင် လင်ယောကျ်ားနှင့် သား ၃ ယောက်ရှိသည်။ အိမ်၏စီးပွားရေးကို အမျိုးသမီးကြီးက ဦးဆောင်လုပ်ကျွေး နေခဲ့သည်။ ထိုအမျိုးသမီးကြီးယောကျ်ားသည် အမျိုးသမီးငယ်ငယ်တစ်ဦးနှင့် နောက်အိမ်ထောင်ပြုသွားခဲ့သည်။ အမျိုးသမီးကြီးသည် အချစ်ကြောင့် မအိပ်နိုင်၊ မစားနိုင်၊ အလုပ် မလုပ်နိုင် ဖြစ်ရသည်။ ကလေးများကိုလည်း ကျောင်းမပို့နိုင်တော့ပေ။ နောက်အိမ်ထောင် အမျိုးသမီး၌ ကိုယ်ဝန်ရသည်ကိုသိသောအခါ သောက ပိုပွားလာပြီး အမျိုးသမီးငယ်လာသည့် တံတားမှစောင့်ပြီး ရေနွေးပူများနှင့်လောင်းချခဲ့သည်။ ကလေးပျက်စီး

သွားပြီး မိခင်မှာမူ အသက်မသေခဲ့ပေ။ အမျိုးသမီးကြီးသာ ဥပဒေအရ အရေးယူခံရပြီး ထောင်ကျသွားခဲ့သည်။

လောကဝန်းကျင်တွင် ကြုံတွေ့ခဲ့ရသော အချစ်ကြောင့် ထွက်ပေါက်ရှာရင်း ဘေးဒုက္ခရောက်ရသော ဇာတ်လမ်းနှင့်ယှဉ်၍ ဘုရားရှင်လက်ထက်က အချစ်ကြောင့် သောကရောက်ရသော အမျိုးသမီးငယ် တစ်ဦး၏ဇာတ်လမ်းကို တင်ပြခဲ့သည်။ ထို အမျိုးသမီးကို ခင်ပွန်းသည်က မချစ်ပေ။ ဖောက်ပြန်ခဲ့သည်။ အမျိုးသမီးငယ်လေး သည် မိမိကိုမချစ်သော်လည်း စိတ်မညစ်ပေ။ တရားကိုသာ အဓိကထား ကျင့်ကြံ သည်။ ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလန်တို့ကို ဆွမ်းကပ် တရားနာယူပြီး ဝိပဿနာရှုလိုက်သောအခါမှာပင် သောတာပန်တည်သွားသည်။ ထို့နောက် ဘိက္ခုနီမ ပြုပြီး ဆက်လက် တရားအားထုတ်ရင်း ရဟန္တာမ ဖြစ်သွားပါသည်။ ထိုဇာတ်လမ်း နှစ်ခုကို နှိုင်းယှဉ်ပြပြီး ပြဿနာကြုံလာတိုင်း တရားသဘောနှင့် ဖြေရှင်းနိုင်အောင် ကြိုးစားခြင်းဖြင့် စိတ်ချမ်းသာနိုင်မည် ဖြစ်ကြောင်း လမ်းညွှန်ထားပါသည်။

## "အချစ်နှင့်ဝိပဿနာ" ဆောင်းပါးမှ ဆရာတော်၏အရေး

ဆောင်းပါး၏အစတွင် –

"အချစ်ကြောင့် သောကဖြစ်ရပါတယ်
အချစ်ကြောင့် ဘေးဖြစ်ရပါတယ်
အချစ်မရှိရင် အချစ်မှကင်းလွတ်ရင် သောကမဖြစ်
ဘူး၊ ဘေးလည်း မဖြစ်တော့ပါဘူး"[၁]

ဟူ၍ ရေးသားထားသည်။ အချစ်ကြောင့် ဟူသည့်စကားကို ထပ်ကာထပ်ကာ သုံးထား သည့်အတွက် အချစ်ကြောင့်ဖြစ်ရသော သောက၊ ဘေးဒုက္ခတို့သည် စာဖတ်သူတို့ နားတွင် အဖန်တလဲလဲ ကြားရပြီး လေးနက်လာစေပါသည်။ ဆရာတော်သည် သရုပ်ဖော် အရေးအသားများကိုလည်းသုံး၍ တင်ပြတတ်သည်။ ထိုသဘောကို –

"ပြဿနာတစ်ခုဖြစ်လာပြီဆိုရင် ခုတင်ပေါ်မှာလှဲ နဖူးပေါ်လက် တင်၊ စိတ်ကော ရုပ်ကော လျှော့ထားပြီး ငါ တရားသဘောနဲ့ ဖြေရှင်းနိုင်တဲ့ ပုဂ္ဂိုလ်ဖြစ်အောင် ကြိုးစားမယ် ဆိုတဲ့အသိကို ထပ်ကာထပ်ကာ ဆင်ခြင်နေလိုက်ပါ။ ရင်ထဲ ကိုယ်ဆင်ခြင်တဲ့ 'အသိ' ရောက်လာပြီဆိုရင် သင့်တော်ရာ တရားသဘောတစ်ခုခုနဲ့ ဖြေရှင်းရမှာပါ"[၂]

[၁] ရဝေနွယ်(အင်းမ)၊ ၂၀၀၉၊ ၁၃။
[၂] –ယင်း–၊ ၁၉။

ဟူ၍ သရုပ်ဖော်အရေးအဖွဲ့ကို ဝါကျရှည်တစ်ကြောင်းတည်းနှင့် ကျစ်ကျစ်လျစ်လျစ် တင်ပြခဲ့သည်။ စာဖတ်ပရိသတ်ကို စိတ်ရှည်လက်ရှည် အကျိုးသင့်အကြောင်းသင့် ရှင်းလင်းတင်ပြနေသည့် ဆရာတော်၏လေသံ ပေါ်လွင်သည်။ ချစ်ဒုက္ခ၊ ဃျစ်သောက နှင့် ကြုံလာလျှင် ထွက်ပေါက်အဖြစ် ရိပ်သာဝင်ပြီး တရား အားထုတ်ပါဟု အကြံပြု ရေးဖွဲ့ထားပုံမှာ –

> "သိပ်စိတ်ဆင်းရဲနေပြီဆိုရင် ရိပ်သာဝင်ပြီး (၁၀)ရက်လောက် တရား အားထုတ်ပစ်လိုက်ပါတော့။ အချစ်ဆိုတာ အနာဂါမ် ရောက်မှ ပယ်လို့ရမှာပါ။ အနာဂါမ်မဖြစ်သရွေ့တော့ အချစ်ဆို တာ ရှိနေဦးမှာပါ။ အချစ် ရှိနေသေးသရွေ့တော့ အချစ်နဲ့ယှဉ်တဲ့ နောက်ဆက်တွဲပြဿနာတွေ နဲ့လည်း ရင်ဆိုင်နေရဦးမှာပါ"[၁]

ဟူ၍ ရေးသားတင်ပြခဲ့ပါသည်။ ထိုအပိုဒ်တွင်ပါဝင်သော ဝါကျမှာလည်း တစ်ကြောင်း နှင့် တစ်ကြောင်း ဆက်စပ်မိသည်။ ဆရာတော်သည် တွေ့မြင်နေကျ၊ ကြားနေကျ ဖြစ်ရပ်များကို တရားသဘောနှင့်ဆင်ခြင်၍ လိုက်နာသင့်သည့်အချက်များကို တင်ပြ ရာတွင် အရေးဆန်းသလောက် အတွေးမှာလည်း ရိုးရိုးဖြင့် နှစ်သက် ဖွယ်ဖြစ်အောင် ရေးသားနိုင်သည်ကို တွေ့ရပါသည်။ ဆောင်းပါးအဆုံးတွင် –

> "ဘယ်လိုပြဿနာမျိုးပဲကြုံကြုံ တရားသဘောနဲ့ ဖြေရှင်းနိုင်တဲ့ ပုဂ္ဂိုလ် ဖြစ်အောင် ကြိုးစားလိုက်စမ်းပါ။ ဒါဆိုရင် စိတ်ချမ်းသာ ပါလိမ့်မယ်"[၂]

ဟု ဖော်ပြထားသည်။ အချစ်ဆိုသည့် တွယ်ငြိတတ်သောသဘောနှင့် ဝိပဿနာဆို သည့် လွတ်မြောက်စေ တတ်သောသဘောနှစ်ခုကို ဆက်စပ်၍ အတွေးဆန်းဆန်းနှင့် တင်ပြသကဲ့သို့ အရေးမှာလည်း သုတစာပေကို ရသမြောက်အောင် ရေးဖွဲ့ထားသော ရေးဟန်ကို တွေ့ရသည်။

---

[၁] ရဝေနွယ်(အင်းမ)၊ ၂၀၀၉၊ ၂၀။
[၂] –ယင်း–။

## ခြုံငုံသုံးသပ်ချက်

ပုဂံခေတ်မှစ၍ မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာ ထွန်းကားခဲ့သည်။ ဗုဒ္ဓ၏ တရားတော်များသည် ထိုအချိန်မှ စ၍ မြန်မာလူမျိုးတို့၏အသိတရားတွင် စွဲမြဲခိုင်မာခဲ့ သည်။ မြန်မာတို့၏ ယဉ်ကျေးလိမ္မာသော၊ ရဲရင့် တက်ကြွသော၊ မေတ္တာတရား ပွားများနိုင်သော၊ အများအကျိုးဆောင်တတ်သော စိတ်ဓာတ်အားလုံးသည် တရား တော်များမှ ရရှိခဲ့သည်ဟု ဆိုရပါမည်။ ခေတ်အဆက်ဆက်တွင် ရဟန်းစာဆိုများ ကလည်း ဗုဒ္ဓတရားတော်များကို အခြေခံကာ ဆုံးမစာများ ရေးဖွဲ့ကြသည်။

ဆရာတော် ရှင်ရာဇိန္ဒခေါ် ရဝေနွယ်(အင်းမ)သည် ငယ်စဉ်ကပင် စာပေ ဝါသနာပါခဲ့သည်။ ရဟန်း ဘဝ၌လည်း စာပေများကိုလေ့လာကာ ဓမ္မစာပေများကို ရေးသားခဲ့သည်။ ဆရာတော်၏စာပေများ ထဲတွင် လောကီနှင့် လောကုတ္တရာကို ဆက်စပ်၍ တရားပြဆုံးမပုံမှာ နှစ်သက်ဖွယ်ဖြစ်သည်။ စာဖတ်သူတို့အနေနှင့် မိမိတို့ ကျင်လည်နေသော လောကီလူ့ဘုံ၌ သုခ၊ ဒုက္ခ အပြစ်များကို ပြန်၍ မြင်ယောင် မိစေသည်။ လောကီ လူ့ဘုံ၌ သုခ၊ ဒုက္ခ မျိုးစုံကို နားလည်ဆင်ခြင်နိုင်ရန်သာမက မြင့်မြတ်သော နိဗ္ဗာန်လမ်းသို့ လွတ်မြောက်စေရန် ဆရာတော်၏ဓမ္မစာပေများက ကောင်းစွာ အကျိုးပြုထားပါသည်။

'စိတ်ညစ်လျှင်ရေချိုးပါ' ဆောင်းပါးတွင် စိတ်ကိုအခြေပြု၍ ရေးသားတင်ပြ ထားသည်။ စိတ်ညစ် သည့်အခါ အကုသိုလ်မပြုဘဲ ကုသိုလ်ပြုခြင်းဖြင့် စိတ်ကြည် လင်မှုရပြီး ကုသိုလ်တရားများနှင့်နေထိုင် တတ်အောင် သိမ်မွေ့နက်နဲညင်သာစွာ စည်းရုံးတင်ပြထားပါသည်။ 'ဆုတောင်းတွေပြည့်စေဖို့' ဆောင်းပါး သည် လူ့ဘောင် လောက၌ ဆန္ဒများရှိသည့်အလျောက် ဆုတောင်းများ ပြုလေ့ရှိသည်။ လူတိုင်း ဆုတောင်းနှင့် မကင်းနိုင်ကြပါ။ ဆုတောင်းများ ပြည့်လိုကြပါသည်။ ထို့ကြောင့် ဆုတောင်းများပြည့်စေရန် လိုက်နာ ကျင့်ကြံရမည့်အချက်များကို ပေါ်လွင်အောင် တစ်ဆင့်ပြီးတစ်ဆင့် ညွှန်ကြားပြသဆုံးမထားသည့်ဟန်ဖြင့် ရေးဖွဲ့ခဲ့သည်ကို တွေ့ရ သည်။ 'အချစ်နှင့်ဝိပဿနာ (၁)မှ ထွက်ပေါက်မှန်ပါစေ' ဆောင်းပါးမှာမူ လူဆိုတာ အချစ်နှင့်မကင်းနိုင်ပါ။ ထိုသို့ အချစ်ကြောင့် သောကရောက်ကာ ခံစားနေရာမှ ထွက်ပေါက်ရှာနည်းကို လမ်းညွှန်ပြထားသည်။ အချစ်ကြောင့် သောကရောက်ရသည့် အခါတိုင်း တရားဓမ္မဘက်သို့ စိတ်ကိုစုစည်း ခြင်းဖြင့် စိတ်၏ငြိမ်းချမ်းမှုနှင့် အခြား သော မြင့်မြတ်သည့်အကျိုးတရားများ ရရှိနိုင်ကြောင်း လမ်းညွှန် ပြသခဲ့ပါသည်။

ဆရာတော်ရဝေနွယ် (အင်းမ)၏အတွေးများသည် လူ့လောကတွင် ကြုံတွေ့ နေရသော ဘဝပြဿနာများကို ဖြေရှင်းခြင်းဖြင့် လမ်းမှန်သို့ရောက်အောင် သွားသင့်

သည့်အချက်များကို လမ်းညွှန်ခဲ့သည်။ ထိုသို့ လမ်းညွှန်ရာတွင် စာဖတ်သူတို့လိုက်နာချင်စဖွယ်ဖြစ်အောင် ဇာတ်ဝတ္ထု ပုံပြင်များ၊ ရာဇဝင်သမိုင်းကြောင်းများ၊ ဖြစ်ရပ်မှန်များကို သာဓကပြကာ အပြောစကားပြေဖြင့် တရားပြနားချထားပုံမှာ နှစ်သက်ဖွယ်ဖြစ်ပါသည်။ စာဖတ်သူတို့၏ ဘဝအမောများကို ပြေစေနိုင်သည့် ဓမ္မစာပေကောင်းများဟု ထင်မြင်မိပါသည်။

## နိဂုံး

လူဟူ၍ဖြစ်လာလျှင် လူပီသစွာ ကိုယ်ကျင့်တရားနှင့်အညီ ကျင့်သုံးနေထိုင်ရန်လိုအပ်ပါသည်။ လောကတွင် အရာရာကို လောဘ၊ ဒေါသ၊ မောဟ၊ မာနတရားများဖြင့် တုံ့ပြန်ဖြေရှင်း၍ မရနိုင်ပါ။ တရားဓမ္မကိုမှီ၍ တရားသဘောအမြင်နှင့် ရှုမြင်သုံးသပ်ဖြေရှင်းမှသာ သောကမီးတို့ ငြိမ်းနိုင်မည် ဖြစ်ပါသည်။ မျက်မှောက် ခေတ်ရဟန်းစာဆိုများသည် တရားဓမ္မစာပေများကိုအခြေခံ၍ သာမန်လူများ၊ လူငယ်လူကြီးများပါမကျန် စိတ်ဝင်စားဖွယ်ဖြစ်စေရန်နှင့် လက်ခံကျင့်သုံးလိုစိတ်များ ဖြစ်ပေါ်လာအောင် ရေးသားတင်ပြနိုင်ကြသည်ကို တွေ့ရပါသည်။ ဤသို့ဖြင့် လောကအကျိုးပြုသည် ဓမ္မစာပေရေးဖွဲ့သူများ၏ စာပေများကို ဆက်လက်၍ လေ့လာသင့်သည်ဟု ထင်မြင်မိပါသည်။

## ကျမ်းကိုးစာရင်း


ကန်တော်မင်းကျောင်းဆရာတော်။ (၁၉၆၀)။ ***လောကသာရပျို့***။ ရန်ကုန်၊ အောင်မိတ်ဆက် စာပုံနှိပ်တိုက်။

ဆားတုံဆရာတော်။ (၁၉၅၁)။ ***ပုဏ္ဏောဝါဒပျို့ဆုံးမစာ***။ ရန်ကုန်၊ ပြည်ကြီးမဏ္ဍိုင် ပိဋကတ် ပုံနှိပ်တိုက်။

နု၊ **ဦး**(ဖိုးသူတော်–)။ (၂၀၀၆)။ ***ဖိုးသူတော်ဦးနု၏စကားပုံ***။ ရန်ကုန်၊ ရန်ကုန်တက္ကသိုလ် ပုံနှိပ်တိုက်။

ရှဉ္ဩသာရ၊ **ရှင်မဟာ**။ (၁၉၆၃)။ ***သံဝရပျို့***။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

ရဝေနွယ်(အင်းမ)။ (၂၀၀၆)။ ***အချစ်နှင့်ဝိပဿနာ***။ ရန်ကုန်၊ newday စာအုပ်တိုက်။

ရဝေနွယ်(အင်းမ)။ (၂၀၁၀)။ ***စိတ်ညစ်လျှင်ရေချိုးပါ***။ ရန်ကုန်၊ နေလစာပေ။

ရဝေနွယ်(အင်းမ)။ (၂၀၁၅)။ ***ဆုတောင်းတွေပြည့်ဖို့***။ ရန်ကုန်၊ စာနဒီစာအုပ်တိုက်။

သင်္ဂဇာဆရာတော်။ (၂၀၀၆)။ ***သိင်္ဂါလောဝါဒဆုံးမစာ***။ ရန်ကုန်၊ ရန်ကုန်တက္ကသိုလ်ပုံနှိပ်တိုက်။

ဦးဗုဒ်ဆရာတော်။ (၂၀၀၆)။ ***ဂိဟိဝိနယဆုံးမစာ***။ ရန်ကုန်၊ ရန်ကုန်တက္ကသိုလ်ပုံနှိပ်တိုက်။

*J. Myanmar. Acad. Arts Sci. 2018* **Vol. XVI. No. 6A**

# မြန်မာဝတ္ထုတိုခေတ်ဦး စာရေးဆရာတို့၏ အဦးဆုံးလက်ရာများ

အေးသူဇာ*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ၂၀ ရာစုခေတ်ဦးတွင် စတင်ပေါ်ပေါက်လာသော မြန်မာဝတ္ထုတိုများထဲမှ ရွှေဥဒေါင်း၊ ဒဂုန်ရွှေမျှား၊ ပီမိုးနင်းတို့၏ ဝတ္ထုများကို လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ ဤစာတမ်း တွင် အခန်း (၁) ကမ္ဘာ့ဝတ္ထုတိုစတင်ပေါ်ပေါက်လာပုံ၊ အခန်း (၂) မြန်မာ့ဝတ္ထုတို စတင်ပေါ်ပေါက်လာပုံ၊ အခန်း (၃) မြန်မာဝတ္ထုတိုခေတ်ဦးစာရေးဆရာတို့၏ အဦးဆုံးလက်ရာများ လေ့လာချက်တို့ ပါဝင်ပါသည်။ ရွှေဥဒေါင်း၊ ဒဂုန်ရွှေမျှား၊ ပီမိုးနင်းတို့၏ ဝတ္ထုတို (၃)ပုဒ်ကို ထုတ်နုတ်ပြီးလျှင် မြန်မာဝတ္ထုတို လမ်းကြောင်းကို မည်ကဲ့သို့ဖန်တီးတီထွင်ခဲ့ကြောင်း မည်သည့်အတတ်ပညာများကို သုံးစွဲထားကြောင်း စသည်တို့ကို ဆန်းစစ်လေ့လာတင်ပြထားပါသည်။

**သော့ချက်ဝေါဟာရများ** – ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ရှုထောင့်၊ အားပြိုင်မှု၊ ရေးဟန်အတတ်ပညာ၊ ဝတ္ထုတို အတတ်ပညာ၊ နောက်ခံအဖွဲ့၊ ပြောစကား

## နိဒါန်း

ဤစာတမ်းတွင် မြန်မာဝတ္ထုတိုများ စတင်ပေါ်ပေါက်လာပုံကို လေ့လာတင်ပြပြီးလျှင် ဝတ္ထုတိုခေတ်ဦး၌ ရေးသားခဲ့ကြသော စာရေးဆရာကြီးများ၏ ဝတ္ထုတိုဖန်တီးမှုအတတ်ပညာများကို လေ့လာတင်ပြသွားမည် ဖြစ်ပါသည်။ ထိုသို့ တင်ပြရာ၌ ၂၀ ရာစု ခေတ်ဦးတွင် ရေးသားခဲ့ကြသောသော ရွှေဥဒေါင်း၊ ဒဂုန်ရွှေမျှား၊ ပီမိုးနင်းတို့၏လက်ရာ ဝတ္ထုတို (၃)ပုဒ်ကို ရွေးချယ်ထုတ်နုတ် လေ့လာတင်ပြပါမည်။ မြန်မာဝတ္ထုတို လမ်းကြောင်းကို စတင်တီထွင်ဖောက်လုပ်ရာတွင် ဦးဆောင်ခဲ့ကြသူများ ဖြစ်သည့်အလျောက် ထိုသူတို့၏ လက်ရာဝတ္ထုတိုများမှာလည်း အမြောက်အမြား ရှိခဲ့ပါသည်။ ယင်းတို့အနက်မှ ၂၀ ရာစုခေတ်ဦးလက်ရာ စစ်စစ်ဖြစ်သော ဆရာကြီးများ၏ အဦးဆုံးလက်ရာကို ရွေးချယ်လေ့လာတင်ပြသွားမည်ဖြစ်ပါသည်။ ဤစာတမ်းကို ပြုစုရန်အတွက် ရွှေဥဒေါင်း၏ ဝတ္ထုတိုပေါင်းချုပ်၊ ဒဂုန်ရွှေမျှား၏ ဝတ္ထုတိုပေါင်းချုပ်၊ ပီမိုးနင်း၏ ဝတ္ထုတိုပေါင်းချုပ်များကို ဖတ်ရှုခဲ့ပါသည်။ ထိုမှတစ်ဆင့် 'စာရေးဆရာတို့၏ ပထမဆုံးလက်ရာမွန်များ' ဆိုသည့် ကွာလတီ(Quality) စာပေတိုက်မှ ထုတ်ဝေသောစာအုပ်မှ ဝတ္ထုတိုများကို ရွေးချယ်ခဲ့ပါသည်။ ထိုစာအုပ်တွင်

* နည်းပြ၊ မြန်မာစာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်

ရွှေဥဒေါင်း၏ 'မောင်သိန်းတင် မသိန်းရှင်'၊ ဒဂုန်ရွှေမျှား၏ 'ချင်းဗိုလ်မောင်တက်တူ'၊ ပီမိုးနင်း၏ 'ဆိုးပေ'၊ လယ်တီပဏ္ဍိတဦးမောင်ကြီး၏ 'အလင်းနှင့်အမှောင်'၊ ဇေယျ၏ 'ဗိုလ်ရန်အောင်'၊ ဒဂုန်ခင်ခင်လေး၏ 'နွဲ့နွဲ့ဝတ္ထု' ဝတ္ထုတိုများ ပါဝင်ပါသည်။ ထိုဝတ္ထုတိုများအနက် ရွှေဥဒေါင်း၊ ဒဂုန်ရွှေမျှား၊ ပီမိုးနင်းတို့၏ ဝတ္ထုတို (၃)ပုဒ်ကို ထုတ်နုတ်၍ လေ့လာတင်ပြသွားမည်ဖြစ်သည်။ ထိုသို့လေ့လာရာတွင် ကမ္ဘာ့ဝတ္ထုတိုများကို မြန်မာ့အစဉ်အလာ ဝတ္ထု ပုံပြင်များ၏သဘောနှင့် ပေါင်းစပ်ကာ မြန်မာဝတ္ထုတိုအဖွဲ့ပုံစံအဖြစ် စတင်တီထွင်ခဲ့ရာတွင် စာရေးဆရာတို့၏ ဝတ္ထုတိုဖန်တီးမှုအတတ်ပညာ သဘောကို လေ့လာတင်ပြထားပါသည်။ ဝတ္ထုတိုဖန်တီးမှုအတတ်ပညာများကို မည်သည့်ဝတ္ထုထဲ၌ မည်သို့အသုံးပြုထားသည်ကိုလည်း ထည့်သွင်း လေ့လာ တင်ပြပါမည်။ ဤစာတမ်းသည် ဝတ္ထုတိုခေတ်ကို လမ်းထွင်ခဲ့ကြစဉ်က ထိုစာရေးဆရာကြီးများအသုံးပြုသည့် ဝတ္ထုတိုဖန်တီးမှုအတတ်ပညာသဘောနှင့် ၂၀ ရာစု ခေတ်ဦးဝတ္ထုတို တို့၏ အဆင့်အတန်းကို တင်ပြနိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်။

## ၁။ ကမ္ဘာ့ဝတ္ထုတို စတင်ပေါ်ပေါက်လာပုံ

ဝတ္ထုတိုဟူသောအဖွဲ့ပုံစံသည် ရသစာပေအမျိုးအစားတွင်ပါဝင်သည်။ ဝတ္ထုတိုသည် ဝတ္ထုရှည်ထက် နှစ်ပေါင်း (၁၀၀)ခန့် နောက်ကျပြီးမှ အနောက်တိုင်းတွင် ပေါ်ထွန်းလာခဲ့သည်။ နော်ဗယ်[၁] ခေါ် ဝတ္ထုရှည်အဖွဲ့သည် အနောက်ဥရောပနိုင်ငံများ၌ ၁၈ ရာစုတွင် စတင်ပေါ်ထွန်းခဲ့ပြီး ဝတ္ထုတိုမှာမူ ၁၉ ရာစုတွင် ပေါ်ထွန်းခဲ့သည်။ သို့ရာတွင် ဝတ္ထုတို၏အခြေခံသဘောသည် လွန်ခဲ့သည့် နှစ်ပေါင်း ၃၀၀၀ ခန့်ကပင် အစပျိုးခဲ့သည်ဟု ဆိုကြသည်။

ဇော်ဇော်အောင် ကလည်း –

> "ဝတ္ထုတိုဟာ ကမ္ဘာမှာ အစောဆုံးပေါ်တဲ့ အနုပညာပုံသဏ္ဌာန်(art form) ဖြစ်တယ်။ အနုပညာအမျိုးအစား(genere)လည်း ဖြစ်တယ်လို့ သတ်မှတ် အတည်ပြုထားကြသည်။ လွန်ခဲ့တဲ့နှစ်ပေါင်းလေးထောင်လောက်က သန္ဓေတည်တယ်လို့လည်း ဆိုကြတယ်။ ခန့်မှန်းချေ အစောဆုံး မှတ်တမ်းဝင်တာကတော့ သုံးထောင့်နှစ်ရာဘီစီ(BC- 3200)လောက်မှာ ပေါ်တဲ့ အီဂျစ်က ညီအစ်ကိုနှစ်ယောက် (The Two Brother)ဆိုတဲ့ ပုံပြင် ဖြစ်တယ်။

[၁] Novel

> ကျွန်တော်တို့မှာရှိတဲ့ ဇာတကတွေ၊ ၅၅၀ နိပါတ်တော်တွေ၊ အိန္ဒိယက ပန်ချန်တန်တရ (panchantantra) ပြီးတော့ .. ကမ္ဘာကျော် အီစွတ်(Aesop) ပုံပြင်တွေဟာ ဝတ္ထုတိုရဲ့ (ဘိုးဘေးရင်းမြစ်) တွေပါပဲ။ ခေတ်ဟောင်းက ဂရိ(Greek)၊ ရောမ(Roman)၊ အလယ်ပိုင်းက ဟီးဗရူး (Hebrew)၊ အာရပ်(Arab)တွေ၊ အရှေ့တိုင်းမှာ ဟိန္ဒူ (Hindu)တွေ၊ ဂျပန်(Japan)တွေမှာ ပုံပြင်တွေရှိခဲ့တယ်။ ကျွန်တော်တို့ရဲ့ ရွှေယုန်နှင့် ရွှေကျား၊ မထွေးလေးနဲ့ ရွှေစွန်ညိုတို့ကိုလည်း သတိပြုမိဖို့ လိုပါတယ်”[၁]

ဟု ဆိုထားပါသည်။

ထိုကာလ၌ပင် ဟိန္ဒူတို့၏ တိရစ္ဆာန်ပုံပြင်များဖြစ်သည့် ပဉ္စတန္တရပုံဝတ္ထုများ ပေါ်ထွက်ခဲ့သည်။ ထိုဝတ္ထုများတွင် တိရစ္ဆာန်များသည် လူကဲ့သို့ စကားပြောသည်။ ကိုယ့်ကျင့်တရားကို လမ်းညွှန်ပေးသည်။ (BC- 600)ကပင် ဂရိတို့သည် အီစွတ် ပုံပြင်များကို ရေးသားခဲ့ကြသည်။ ခရစ်ယန်တို့၏ သမ္မာကျမ်းစာသည် လည်း ဝတ္ထုတို ဖွံ့ဖြိုး တိုးတက်လာအောင် အထောက်အပံ့ပြုသည်။ အလယ်ခေတ်တွင် ဝတ္ထုတိုများ ပိုမို၍ ထွန်းကားလာသည်။ အရေဗီယန်နိုက်[၂] ခေါ် တစ်ထောင့်တစ်ညပုံပြင်များသည် လည်း စိတ်ကူးယဉ်ဆန်သော ပုံပြင်ဝတ္ထုဖြစ်ပြီး ၈ ရာစုတွင် ပေါ်ထွန်းခဲ့သည်။ ထိုပုံပြင်များကို ၁၇၀၄ ခုနှစ်တွင် ပြင်သစ်၌ ပထမဆုံး ပုံနှိပ်ခဲ့သည်။ ၁၈ ရာစု သို့ ရောက်လာသောအခါ ခေတ်ပေါ်ဝတ္ထုတိုများသည် မဂ္ဂဇင်းများဖွံ့ဖြိုးတိုးတက်မှုနှင့် အတူ ထွန်းကားလာခဲ့သည်။ ဝါရှင်တန်အာဗင်း[၃] (၁၇၈၃–၁၈၅၉)သည် မော်ဒန် ဝတ္ထုတို များ၏ဖခင် အဖြစ် ဝေဖန်ရေးဆရာတို့၏ အလေးထားခြင်းခံရသည်။

အမေရိကန်စာရေးဆရာနှင့် စာပေဝေဖန်ရေးဆရာ ဖြစ်သော အက်ဂါအယ်လင်ပိုး[၄] (၁၈၀၉–၁၉၄၉)သည် ကောင်းစွာပြုပြင်စီရင်ထားသော ဝတ္ထုတိုများကို ရေးသားခဲ့သည်။ ပိုးသည် ယခုအခါ၌ လူတိုင်း ရင်းနှီးနေသော ဝတ္ထုပုံစံပေါ်အောင် ပုံသွင်းခဲ့သူ ဖြစ်သည်။ ဝတ္ထုတိုအဆင့်အတန်း တိုးမြင့်လာအောင် မြှင့်တင် ခဲ့သူလည်း ဖြစ်သည်။

အမေရိကန်ဝတ္ထုတိုများသည် အမေရိကန်မဂ္ဂဇင်းများကိုမှီး၍ ပေါ်ထွန်းလာ သည်။ ထိုအကြောင်းနှင့် ပတ်သက်၍ အက်ဂါအယ်လင်ပိုး၏အယူအဆနှင့် ဝတ္ထုတိုအပေါ်ထားရှိသည့်အမြင်ကို ကျော်အောင်က ‘နိုင်ငံခြားဝတ္ထုတိုစာတမ်း’ တွင် –

---

[၁] ဇော်ဇော်အောင်၊ ၂၀၁၆၊ ၂၅။

[၂] Arabian Knignt

[၃] Irving, Washington

[၄] Edgar Allan Poe

> "ဝတ္ထုတိုသည် အမေရိကန်မဂ္ဂဇင်း၏ သားဖြစ်သည်ဟု ပိုးက ဆိုသည်။ ထို့နောက် ပိုးကပင် ဝတ္ထုတို၏အင်္ဂါရပ်တို့ကို သတ်မှတ်သည်။ တစ်ထိုင်တည်းဖတ်လို့ရနိုင်ရမည်။ ရည်ရွယ်ချက် တစ်ခုတည်းရှိရမည်။ ပင်ကိုဖြစ်ရမည်။ စာဖတ်သူစိတ်ကို နှိုးဆွနိုင်ရမည်။ စွဲကျန်ခဲ့ရမည်"[၁]

ဟု ဖော်ပြထားသည်။ အက်ဂါအယ်လင်ပိုးသည် အမေရိကန်တွင် ၁၉ ရာစုဦးပိုင်း၌ ဝတ္ထုတိုများ စတင် ရေးသားခွင့်ရခဲ့သည်။ ပိုး၏ ထူးခြားချက် (၃)ခုမှာ –

> "(၁) လျှို့ဝှက်သည်းဖိုဝတ္ထု အရေးကောင်းခြင်း (၂) လူသတ်မှုဝတ္ထုကို ရင်တမမ ဇာတကြွကြွဖြစ်အောင် ရေးနိုင်ခြင်း (၃) သိပ္ပံဝတ္ထုများတွင် သည်းထိတ်ရင်ဖို ဖြစ်အောင် ရေးနိုင်ခြင်း"[၂]

တို့ဖြစ်သည်ဟု ကျော်အောင်က ဆိုခဲ့သည်။

အင်္ဂလန်နှင့် ရုရှားစာပေလောကတွင်လည်း ၁၉ ရာစုတွင် ဝတ္ထုတိုများ ထွန်းကားလာသည်။ ကမ္ဘာ့ခေတ်သစ်ဝတ္ထုတိုသမိုင်းတွင် ဝတ္ထုတိုလောကကြီး တစ်ခုလုံးကို ကျားကန်ပေးသော ဒေါက်ကြီး (၂)ခု အဖြစ် သတ်မှတ်ခံရသည့် စာရေးဆရာနှစ်ဦးမှာ ပြင်သစ်စာရေးဆရာ မောပတ်ဆွန်း[၃] နှင့် ရုရှားစာရေးဆရာ ချက်ကော့[၄] တို့ဖြစ်သည်။

အဆိုပါစာရေးဆရာတို့နှင့်ပတ်သက်၍ အီး အမ် ဖောစတား[၅] ၏ သုံးသပ်ချက်ကို ကျော်အောင်က–

> "မောပတ်ဆွန်းနှင့်ချက်ကော့တို့သည် ခေတ်အလျောက် ပေါ်လာသော စာပေရေစီးကြောင်းများ မဟုတ်။ အရှိန်အဟုန်ကြီးစွာဖြင့် စီးဆင်းလာသော ရေစီးကြောင်းကြီး နှစ်ခု ဖြစ်သည်"[၆]

ဟု ဖော်ပြထားသည်။ ၁၉ ရာစုတွင် ဝတ္ထုတိုသည် အခြေတကျဖြစ်လာသည်။ ထိုအချိန်မှစ၍ ဖွံ့ဖြိုးတိုးတက်လာသည်။ ဖွံ့ဖြိုးတိုးတက်လာသော 'ဝတ္ထုတိုလောက

---

[၁] ကျော်အောင်၊ ၁၉၇၉၊ ၄၇။

[၂] –ယင်း–၊ ၄၈။

[၃] Maupassant, Guy de (1850-1993)

[၄] Chehov, Anton (1860-1904)

[၅] Forster, E . M (1964)

[၆] ကျော်အောင်၊ ၁၉၇၉၊ ၆၁။

တွင် ဘုရင်ကြီး (၄)ပါး ရှိသည်။ (၁) ဆောမားဆက်မွမ်[၁] (၂) မောပက်ဆွန်း (၃) အိုဟင်နရီ[၂] (၄) အင်တန် ချက်ကော[၃] ဟု ဆရာဇော်ဇော်အောင် ဖော်ပြထားသည်။

ဇော်ဇော်အောင်ကပင် ယင်းတို့ (၄)ဦးအပေါ် စာပေလောက၏ သတ်မှတ်ချက်ကို ဖော်ပြထားရာတွင် –

> "ကမ္ဘာ့(ဝတ္ထုတိုဘုရားကြီး)တွေလို့တောင်
> အစဉ်အဆက် အတည်ပြု ပြောဆိုကြတယ်"[၄]

ဟု ဖော်ပြထားသည်။ ဝတ္ထုတိုသည် ၁၉၁၀ ခုနှစ် ဒီဇင်ဘာခန့်မှစ၍ အကြီးအကျယ်ပြောင်းလဲခဲ့ပြီး မော်ဒန် ခေတ်ထဲသို့ ဝင်ရောက်ခဲ့ပါသည်။

## ၂။ မြန်မာ့ဝတ္ထုတို စတင်ပေါ်ပေါက်လာပုံ

၁၉ ရာစုတွင် အနောက်ဥရောပနိုင်ငံများ၌ ထွန်းကားခဲ့သော ဝတ္ထုတိုအဖွဲ့သည် ၂၀ ရာစုခေတ်ဦးတွင် မြန်မာနိုင်ငံ၌ စတင်ပေါ်ထွန်းလာသည်။ မြန်မာဝတ္ထုတိုများသည် ရိုးရာပုံပြင်များကို အခြေခံ၍ ထွန်းကားလာ သည်။ ရွှေယုန်၊ ရွှေကျား စသော မြန်မာပုံပြင်များသည် ဇာတ်လမ်းတိုတွင် ဇာတ်ဆောင်အနည်းငယ်နှင့် ဇာတ်ကွက်အနည်းငယ်သာ ပါသည်။ ထိုသဘောကို ဆရာကြီး မောင်ခင်မင်(ဓနုဖြူ) က –

> "'ဝတ္ထုတိုတွင် ဇာတ်ဆောင်တစ်ဦးတည်းကိုသာ အာရုံ စိုက်ရမည်။ သို့မဟုတ် အဖြစ်အပျက် တစ်ခုတည်းကိုသာ ပေါ်လွင်ထင်ရှားစွာ အဓိကထားရမည်။ သို့မဟုတ် စိတ်လှုပ်ရှားမှု၊ စိတ်ခံစားမှု တစ်မျိုးတည်း၌သာ အာရုံကျက်စားရမည်' ဟူသော သတ်မှတ်ချက်နှင့် အတိအကျ မညီညွတ်စေကာမူ ဝတ္ထုရှည်လောက် ဇာတ်အိမ်လည်းမကျယ်၊ ဇာတ်ဆောင်လည်း မများဘဲ တစ်ထိုင်တည်းဖတ်နိုင်လောက်သည့် ပမာဏရှိသော ဝတ္ထုမျိုးကို ဝတ္ထုတိုဟု သတ်မှတ်မည်ဆိုရင် ဗုဒ္ဓ စာပေ ဝတ္ထုများတွင် ဝတ္ထုတို အများအပြား ပါဝင် လျက်ရှိသည်ဟု ဆိုရပါလိမ့်မည်"[၅]
>
> ဆိုရပါလိမ့်မည်"[၅]

---

[၁] Somerset Maugham

[၂] O. Henry

[၃] ဇော်ဇော်အောင်၊ ၂၀၁၆၊ ၂၆။

[၄] –ယင်း–။

[၅] ခင်မင်၊ **မောင်**(ဓနုဖြူ)၊ ၂၀၀၉၊ ၂၁။

ဟု ဖော်ပြထားသည်။

မြန်မာဝတ္ထုတိုအစပိုင်းသည်ပင် ဦးပုည၏ ဆဒ္ဒန်ဆင်မင်း၊ သူအိုမကြီး ဝတ္ထုတိုများသည် မူလ ဇာတ်ဝတ္ထုကို အခြေခံထားသော်လည်း ဇာတ်ဆောင်၊ ဇာတ်လမ်းများကို ရုပ်လုံးကြွအောင် ချဲ့ထွင်ရေးဖွဲ့ ထားသည်ဖြစ်၍ ဝတ္ထုတိုသဘောဆောင်သည်။ မြန်မာ့သဘာဝ၊ ပတ်ဝန်းကျင်ကို ထင်ဟပ်စေသော ပထမဆုံး ဝတ္ထုတိုမှာ ၁၉၁၇ ခုနှစ် မတ်လထုတ်၊ သူရိယမဂ္ဂဇင်း အမှတ် (၁)ပါ ရွှေဥဒေါင်း၏ 'မောင်သိန်းတင် မသိန်းရှင်' ဝတ္ထုတို ဖြစ်သည်ဟု သုတေသီတို့က ယူဆကြသည်။ ဆာအာသာကိုနင်န်ဒွိုင်း[၁] ၏ ရှားလော့ဟုမ်း စုံထောက်ဝတ္ထုများကို ဆရာကြီးရွှေဥဒေါင်းက စုံထောက်မောင်စံရှားအမည်ဖြင့် မြန်မာမှု ပြု၍ရေးသားသော အခါ ပိုမိုထင်ရှားလာသည်။ ဆရာကြီးသည် ၁၉၁၇ ခုနှစ် ဧပြီလထုတ် သူရိယမဂ္ဂဇင်းတွင် ကြိုးကြာကန် လူသတ်မှု၌ စုံထောက်မောင်စံရှားကို ဖန်တီးခဲ့သည်။

ဤစာတမ်းတွင်ပါသည့် ဒဂုန်ရွှေမျှား၏ 'ချင်းဗိုလ်မောင်တက်တူ' ဝတ္ထုနှင့် ပတ်သက်၍ ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)က –

> "သူရိယသတင်းစာတွင် ဝတ္ထုတိုပြိုင်ပွဲကျင်းပရာ 'ပြည်မောင်တင်' ဆိုသူက ရိုက်စပီးယား၏ အော်သယ်လိုပြဇာတ်ကိုမှီငြမ်းပြု၍ 'ချင်းဗိုလ် မောင်တက်တူ' ဝတ္ထုတို ရေးသားပြီး ပြိုင်ပွဲဝင်၍ ဆုရသည်။ ၁၉၁၇ ဇွန်လထုတ် သူရိယမဂ္ဂဇင်းတွင် ထိုဝတ္ထုတိုကို ထည့်သွင်း ဖော်ပြသည်။ ပြည်မောင်တင် ဆိုသူမှာ စာရေးဆရာကြီးအဖြစ် ထင်ရှားလာမည့် ဆရာကြီးဒဂုန်ရွှေမျှား ဖြစ်သည်။ ထိုဝတ္ထုမှာ ဆရာကြီး၏ ပထမဆုံး ဝတ္ထုဖြစ်ကြောင်း သိရပါသည်"[၂]

ဟု ဖော်ပြထားသည်။

ထိုမှတစ်ဆင့် ၁၉၁၈ ခုနှစ်တွင် ပညာအလင်းမဂ္ဂဇင်း ပေါ်ပေါက်လာသည်။ ထိုမဂ္ဂဇင်းပါဝတ္ထုတို များသည် ဘဝပတ်ဝန်းကျင်တွင် တွေ့ရကြုံရတတ်သော ဖြစ်ရပ်များကို နှစ်သက်ဖွယ်၊ သင်ခန်းစာယူဖွယ် ရေးဖွဲ့ထားသည်။

---

[၁] SIR ARTHUR CONAN DOYLE

[၂] ခင်မင်၊ **မောင်**(ဓနုဖြူ)၊ ၂၀၀၉၊ ၂၄။

သူရိယမဂ္ဂဇင်း ပေါ်ထွန်းလာသောအခါ အမှတ်(၁)မှစ၍ ဝတ္ထုတိုပြိုင်ပွဲ လုပ်ခဲ့သည်။ ထိုပြိုင်ပွဲတွင် စာရေးသူ ဆုရသည်ဟူသော သတ်မှတ်ချက်ဖြင့် ဖော်ပြပြီး စာရေးသူ၏ကလောင်အမည်ကို ဖော်ပြလေ့မရှိပေ။ ကြည်တော်မူစာစောင်၊ ပျော်တော်ဆက်မဂ္ဂဇင်းများတွင်လည်း ဝတ္ထုတိုများ ထည့်သွင်းလာသည်။ (၁၉၀၄–၁၉၂၀)ပြည့်အတွင်းကာလကို ဝတ္ထုတိုခေတ်ဦးဟု သတ်မှတ်နိုင်၍ ဝတ္ထုတိုများ အင်နှင့်အားနှင့် ပေါ်လာသည်။

၁၉၂၀ ပြည့်နှစ်တွင် တည်ထောင်သော ဒဂုန်မဂ္ဂဇင်းတွင် ဆရာဇေယျ၏ ပထမဆုံးလက်ရာဖြစ် သည့် 'ဗိုလ်ရန်အောင်' ဝတ္ထုတိုကို တွေ့ရသည်။ ထိုမဂ္ဂဇင်းတွင် ဇေယျ၊ မောင်သစ္စာ၊ ပီမိုးနင်းတို့ ရေးသား ကြသည်။ ၁၉၃၀ ခုနှစ် နောက်ပိုင်းတွင် အမျိုးသားရေးစိတ်ကိုနှိုးဆော်သော ဝတ္ထုတိုများ ပေါ်ထွက်လာသည်။

ခြုံ၍ကြည့်လျှင် မြန်မာဝတ္ထုတိုများအစပျိုးရာ ၂၀ ရာစုအစ ပိုင်းတွင် ဝတ္ထုတိုသည် ထိုခေတ်ပေါ် မဂ္ဂဇင်းများကိုမှီ၍ ပေါ်ထွန်းလာသည်ကို တွေ့ရသည်။ မြန်မာတို့တွင် အစဉ်အလာပုံပြင်များရှိခဲ့ပြီး ပုံပြင် နားထောင်သောဓလေ့ရှိခဲ့ရာမှ ထိုခေတ်မြန်မာစာရေးဆရာကြီးများသည် အနောက်တိုင်းစာပေများ ဖတ်ရှု လေ့လာခဲ့ကြပြီး မြန်မာ့အစဉ်အလာနှင့် အနောက်တိုင်းဓလေ့ကို ပေါင်းစပ်ရာမှ မြန်မာဝတ္ထုတို လမ်းကြောင်း စတင်ပွင့်လင်းခဲ့သည်ဟု ထင်မြင်မိပါသည်။

## ၃။ မြန်မာဝတ္ထုတိုခေတ်ဦး စာရေးဆရာတို့၏ အဦးဆုံးလက်ရာများ

### ၃၊ ၁။ ရွှေဥဒေါင်း၏ "မောင်သိန်းတင် မသိန်းရှင်"

ဆရာကြီးရွှေဥဒေါင်းသည် ၁၈၈၉ ခုနှစ်တွင် မွေးဖွားခဲ့၍ ၁၉၇၃ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။ ဆရာကြီးသည် ၁၉၁၇ ခုနှစ် မတ်လထုတ် သူရိယမဂ္ဂဇင်းတွင် 'မောင်သိန်းတင် မသိန်းရှင်' ဝတ္ထုတိုကို စတင်ရေးသားခဲ့သည်။

ထိုဝတ္ထု၏ဇာတ်လမ်းအကျဉ်းမှာ မန္တလေးမြို့နေ ကျောင်းဒကာ ဦးဖော့ ကျောင်းအမ ဒေါ်သော့ တို့သည် အိမ်နီးချင်း ပွဲစားကြီး ဦးဘမောင် ပွဲကတော်ကြီး ဒေါ်သာယာ တို့နှင့် ရင်းနှီးသော ရပ်ဆွေရပ်မျိုးများ ဖြစ်ကြသည်။ ဦးဖော့၊ ဒေါ်သော့ တို့တွင်မောင်သိန်းတင် အမည်ရှိသော သားတစ်ယောက်ရှိ၍ ဦးဘမောင်၊ ဒေါ်သာယာ တို့တွင် မသိန်းခင်နှင့် မသိန်းရှင် ဟူသော သမီးနှစ်ယောက် ရှိသည်။ အကြီးမ မသိန်းခင်မှာ ဘီအေအောင်ပြီးနောက် အိမ်ထောင်ကျခဲ့သည်။ အပျိုပေါက်အရွယ် မသိန်းရှင်မှာ မောင်သိန်းတင်နှင့် ငယ်စဉ်ကပင် ရင်းနှီးခဲ့ကြ၍ အရွယ်ရောက်သော အခါ ချစ်သူများ ဖြစ်ခဲ့ကြသည်။ မောင်သိန်းတင် ကောလိပ်သို့ တက်ရောက်ရန်

မတတ်နိုင်တော့သောကြောင့် ရွှေဘိုမြို့ အရေးပိုင်ရုံးတွင် စာရေးသွားလုပ်ရန် စီစဉ်သည်။ ဦးဘမောင်က မောင်သိန်းတင် ကျောင်းဆက်တက်ရန် ငွေချေးသော်လည်း ဦးဖော့က လက်မခံခဲ့ပေ။ မောင်သိန်းတင်သည် ရွှေဘိုသို့ရောက်လျှင် ရွှေဘိုသားသူငယ်ချင်းနှင့်ရင်းနှီးကာ ညနေတိုင်း သူငယ်ချင်း အိမ်သို့သွားလည်ရာမှ သူငယ်ချင်း၏နှမ မသင်းကြည်နှင့် ရင်းနှီးခဲ့သည်။ မောင်သိန်းတင် မလာသည့်နေ့များတွင် မသင်းကြည် မျက်နှာ မသာမယာဖြစ်ကာ စောစီးစွာအိပ်သည်။ သမီးဖြစ်သူ၏ခံစားမှုကိုသိသော မိခင်ဖြစ်သူက မသင်းကြည်ကို လက်ခံပေးရန် မောင်သိန်းတင်အား ပြောသည်။ မောင်သိန်းတင်က မိမိ၌ ချစ်ခင်သူရှိပြီးဖြစ်၍ ငြင်းပယ်ကာ အိမ်သို့သွားမလည်ဘဲနေသည်။ မသင်းကြည်မိဘများက အရေးတကြီး လူလွှတ်ခေါ်ရာ မသင်းကြည်မှာ ကျောက်ပေါက်ဝေဒနာနှင့် စိတ်ရောဂါ စွဲကပ်ကာ သေအံ့ဆဲဆဲဖြစ်နေသည်။ မသင်းကြည်က မိမိသေရတော့မည့်အကြောင်း၊ မောင်သိန်းတင်အား ချစ်သူနှင့်ပေါင်းရပါစေဟု ဆုတောင်းပေးကြောင်းပြော၍ သေဆုံးသွားသည်။ တစ်ဖက်မှလည်း မသိန်းရှင်ထံမှ ကြေးနန်းရောက်လာသည်။ မန္တလေးသို့အမြန်ပြန်ရန် ကြိုးစားရာ လမ်းတွင် တော့လွဲဖြစ်ရပ်အမျိုးမျိုး ကြုံခဲ့လေသည်။ နောက်ဆုံး မန္တလေးသို့ရောက်သောအခါ မသိန်းရှင်မှာ မိဘများက အိမ်ထောင်ချပေးသောကြောင့် အဆိပ်သောက် သတ်သေခဲ့ကြောင်းကို သိရလေသည်။ ဇာတ်သိမ်းပိုင်းတွင် စာရေးသူက ယခုအခါ မောင်သိန်းတင်သည် ပဉ္စင်းအဖြစ် စစ်ကိုင်းတောင်ရိုးတွင် သီတင်းသုံးနေကြောင်း၊ မောင်သိန်းတင် ပြန်လည်ပြောပြသည်ကို ပြည်လည်ရေးသား ထားကြောင်း ရေးသားထားသည်။

## "မောင်သိန်းတင် မသိန်းရှင်" ဝတ္ထုတိုဖန်တီးမှု

ထိုဝတ္ထုတွင် ဇာတ်ကြောင်းပြောသူမှာ စာရေးဆရာဖြစ်သည်။ စာရေးသူသည် ဇာတ်ဆောင်အားလုံး၏ ကံသုံးပါးအမူအရာကို သိနေသည့်သဘောဆောင်သည်။ ဝတ္ထုတွင် တတိယလူရှုထောင့်မှ ဇာတ်ကြောင်း ပြောသည်။ တတိယလူရှုထောင့် (သို့မဟုတ်) အားလုံးသိရှုထောင့်နှင့် ပတ်သက်၍ ကက်သလင်းမိုနာနှင့် ရက်ရော့ရှ်[၁] *၁ တို့က –

> "ထိုရှုထောင့်တွင် ဇာတ်ကြောင်းပြောသူသည် ဇာတ်လမ်း၏ပြင်ပမှ ရပ်တည်၍ ဘုရားသခင်ကဲ့သို့ အရာရာကို သိမြင်နိုင်စွမ်းရှိသည်။ ဇာတ်ဆောင်အားလုံး၏အတွေးနှင့် လှုပ်ရှားမှုကို သိနိုင်

[၁] Kathleen Morner and Ralph Raush

> သည်။ ထိုသူတို့၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်အားလုံးကို သိနိုင်သည်။ တစ်ခါတစ်ရံတွင် ဇာတ်ကြောင်းပြောသူ စာရေးဆရာက ဇာတ်ဆောင်များ၏ အပြုအမူကိုပင် ဝေဖန်သုံးသပ်ပြထားသည်။ ထိုရှုထောင့်ကို တတိယလူ ရှုထောင့် (ဝါ) ဇာတ်ဆောင် ဇာတ်လမ်းတို့၏ အကြောင်းကို အားလုံးသိနေသော စာရေးသူ၏ရှုထောင့်မှ ပြောခြင်းဖြစ်၍ အားလုံးသိရှုထောင့်"[၁]

ဟု ဆိုထားပါသည်။

အားလုံးသိရှုထောင့်ကိုသုံးသည့်အလျောက် မောင်သိန်းတင်နှင့် မသိန်းရှင်တို့ ရင်းနှီးချစ်ခင်ကြောင်း တင်ပြရာ၌ –

> "မောင်သိန်းတင် မသိန်းရှင်တို့သည် ငယ်စဉ်မှစ၍ တစ်မိဝမ်းတွင်းအတူ ဆင်းကြသည့် မောင်နှမသဘော အရောတဝင် ခေါ်ငင်ပေါင်းသင်းလျက် လာခဲ့ကြရာ ထိုနေ့မှသည် တစ်ဦးကို တစ်ဦးမခေါ်ဝံ့၊ မပြောဝံ့၊ တစ်ဦးရှိရာ တစ်ဦးမလာဝံကြဘဲ အမူကွဲပြားလျက် ရှိကြကုန်၏"[၂]

ဟု ဇာတ်ဆောင်နှစ်ဦးလုံး၏ စိတ်အမူအရာကို စာရေးဆရာက သိခွင့်ယူ၍ ဖော်ပြထားသည်။ ထို့ပြင် မသင်းကြည်၏ခံစားမှုကို ပြရာ၌လည်း –

> "မသင်းကြည်မှာ တစ်နေ့တခြား မျက်နှာညှိုးနွမ်းလျက် အစားအသောက် ဆုတ်ယုတ်၍ တွေဝေမှိုင်သော အမူအရာနှင့်သာ နေလေ၏"[၃]

ဟု ရေးဖွဲ့ပြထားသည်။ ထိုအခန်းတွင် အဓိကဇာတ်ဆောင် မသင်းကြည်၏ ကိုယ်စိတ်အမူအရာသာမက အရန်ဇာတ်ဆောင်ဖြစ်သော မသင်းကြည်မိဘများ၏ ကိုယ်စိတ်အမူအရာများကိုလည်း စာရေးသူက သိခွင့်ယူ၍ တင်ပြထားသည်။ အားလုံး သိရှုထောင့်သုံးထားသောကြောင့် ဇာတ်လမ်းကို ပို၍ ကျယ်ကျယ်ပြန့်ပြန့် ချဲ့ထွင်နိုင်သည်ကို တွေ့ရသည်။ သို့ရာတွင် စာရေးသူက စရိုက်ဖော် တင်ပြရာတွင် ဇာတ်ဆောင်များလွန်းသည့်အတွက် အဓိက ဇာတ်ဆောင်အပေါ် အာရုံစိုက်မှု နည်းပါးသွားကာ ဇာတ်လမ်းလည်း မပေါ်လွင်တော့ပေ။ ပညာရှင်အချို့က ဝတ္ထုတိုသည် အားလုံး

---

[၁] Morner and Raush, 1998, 171

[၂] ရွှေဥဒေါင်း၊ ၂၀၀၄၊ ၉။

[၃] –ယင်း–၊ ၁၂။

သိရှုထောင့်နှင့် မလိုက်ဖက်ကြောင်း ဆိုကြသည်။ 'ဝတ္ထုရေးနည်း ဖြတ်လမ်း' စာအုပ်ကို ရေးသော လော်ရာဝှစ်ကွန့်[၁] က –

"ဗဟိုပြုဇာတ်ဆောင်မှာသာ အာရုံစူးစိုက်ထားပါ ဇာတ်ဆောင်အများကြီးပေါ်ရေးလျှင် စာဖတ်သူတို့ ခံစားမှုပျောက်ဆုံးသွားမည်။ ခံစားမှုအတွေးများ ရောထွေးသွားမည်"[၂]

ဟု ဆိုခဲ့ပါသည်။ 'မောင်သိန်းတင် မသိန်းရှင်' ဝတ္ထုတွင် ဇာတ်ဆောင်တို့၏ ကံသုံးပါးကို သိခွင့်ယူ၍ ရေးရသောကြောင့် အကြောင်းအရာများ ရောထွေးကာ အဓိကဇာတ်ဆောင်တို့၏ ခံစားမှုများ မပေါ်တော့ဘဲ ဇာတ်လမ်းဖန်တီးမှု၌ အားနည်းသည့်အသွင် ဆောင်သွားသည်။

ဝတ္ထုတွင် စာရေးသူသည် မောင်သိန်းတင်ကို ဗဟိုပြု၍ မသိန်းရှင်နှင့် မသင်းကြည်တို့၏ ချစ်ခြင်း အားပြိုင်မှုကို ထည့်သွင်းရေးဖွဲ့ထားသည်။ ဝတ္ထုတွင် အားပြိုင်မှုသည် အဓိကကျသည်။ ဇာတ်လမ်းဖန်တီး မှုတွင် အားပြိုင်မှုပါရမည်ဟု ရက်စ်ဟဲလ်[၃*၂]က –

"မည်သို့ပင်ဖြစ်စေ ဇာတ်လမ်း၏ပရိယာယ်မှာ အားပြိုင်မှုပင် ဖြစ်သည်။ အားပြိုင်မှုသည် ဝတ္ထု၏ ဖွဲ့စည်းမှုတွင် အဓိကဖြစ်၍ စာဖတ်သူ၏ သိလိုစိတ်ကို ကောင်းစွာ ဖြစ်ပေါ်စေသည်"[၄]

ဟု ဆိုထားသည်။ စာရေးသူသည် 'မောင်သိန်းတင် မသိန်းရှင်' ဝတ္ထုတွင် အားပြိုင်မှုကို ထည့်သွင်းထားသော်လည်း မပေါ်လွင်သောကြောင့် ဇာတ်လမ်းသည် အေးစက်စက်ဖြစ်နေသည်ဟု ထင်ရပါသည်။

ဆရာကြီးသည် ဝတ္ထုတွင် အချီအချပြောစကားများကို သုံး၍ ဇာတ်လမ်းအသက်ဝင်အောင် ရေးသားထားသည်။ ဝတ္ထုတွင် မောင်သိန်းတင်နှင့် မသိန်းရှင်တို့ မန္တလေးတွင်နေစဉ် ထုပ်ဆီးတိုးနေသော အမျိုးသမီးများကိုကြည့်၍ စကားပြောခန်းများတွင် –

" 'ဩော် မသိန်းရှင်ရယ်လား၊ အင်း လေးယောက်စလုံး ကြည့်လို့ကောင်းကြပါပေတယ်။ တစ်မျိုးစီပါပဲ'

---

[၁] Laura withcomb

[၂] Whit comb, 2009, 8.

[၃] Rust Hills

[၄] Hills, 1977, 38.

> 'တစ်မျိုးစီတော့ ဟုတ်ပါရဲ့ မောင်သိန်းတင်ရဲ့၊ သေသေချာချာ ပြန်စဉ်းစား ကြည့်ပါဦး၊ ဘယ်သူကသာပြီး ကြည့်ကောင်းသလဲ'
> "[၁]

ဟု ရေးသားထားသည်။ ပြောစကားများသည် ယဉ်ကျေးပြီး မိန်းမသဘာဝ ဝန်တိုတတ်ပုံ၊ မိမိချစ်ရသူက မိမိသာ အလှဆုံးဟု အထင်ခံချင်ပုံ ပါအောင် ရေးဖွဲ့ထားသည်။ အချီအချပြောစကားများသည် အသက်ဝင်သည်။ ဆရာကြီးသည် ပထမဆုံးဝတ္ထုတိုဖန်တီးရာတွင် ဝတ္ထုတိုသဘောနှင့်ညီညွတ်အောင် ပြောစကားများ ထည့်သွင်းဖန်တီးထားသည်။

ဇာတ်လမ်းဖန်တီးပုံကို ကြည့်လျှင် ဒိဋ္ဌဓမ္မလောကနှင့် ကွာဝေးသည်။ သို့ရာတွင် ထိုခေတ် ထုတ်ဝေသော သတင်းစာများ၌လည်း 'မောင်သိန်းတင် မသိန်းရှင်' ဝတ္ထုကဲ့သို့ဖြစ်ရပ်များကို ဝတ္ထုဆန်ဆန် ရေးဖွဲ့ပုံမျိုးကို တွေ့ရသည်။ ဆရာကြီးသည် သတင်းစာပါ သတင်းများကိုဖတ်ရှု၍ ဝတ္ထုတိုအသွင် ဖန်တီးခဲ့သည်ဟု ထင်မှတ်နိုင်ပါသည်။ ဝတ္ထုတွင် ဖျော်ဖြေမှုကိုအလေးကဲ၍ ဇာတ်သိမ်းပိုင်းတွင် စာဖတ်သူအနေနှင့် အတုယူဖွယ်သင်ခန်းစာ မရပေ။ စာရေးသူသည် ချစ်ခြင်းမေတ္တာကို ပိုင်ဆိုင်မှုမပါဘဲ ခွင့်လွှတ်သည့်သဘော၊ အရှုံးပေး သည့်သဘောဖြင့် ဇာတ်နာအောင် တင်ပြထားသည်။

ဝတ္ထုတွင် သည်းထိတ်ရင်ဖို ဇာတ်ဝင်ခန်းများ ပါဝင်သည်။ ထိုအခန်းမှာ မသိန်းရှင်ထံသွားရာတွင် မောင်သိန်းတင်ကြုံ တွေ့ရသော တော့လွဲဖြစ်ရပ်များ ဖြစ်သည်။ စာရေးသူသည် ထိုဖြစ်ရပ်များဖြင့် စာဖတ်သူ တို့၌ မချင့်မရဲစိတ်ဖြစ်ပေါ်အောင် ဖန်တီးထားသည်။ ဝတ္ထုအဆုံးတွင် စာရေးသူက ဦးပဥ္စင်းတစ်ဖြစ်လဲ မောင်သိန်းတင်၏ ပြောပြသော အဖြစ်အပျက်ကို ဝတ္ထုတိုအဖြစ် ပြန်လည် ဖန်တီးထားကြောင်း ထည့်သွင်း ရေးထားသောကြောင့် စာဖတ်သူကို ဖြစ်ရပ်မှန်ဟု ထင်စေပါသည်။

ဝတ္ထုတွင် ဇာတ်ဆောင်တို့၏ နှလုံးသားခံစားမှုကို ဇာတ်ကွက်ဖြင့် မပြောဘဲ စာရေးသူက အပြောဖြင့်သာ တင်ပြထားသဖြင့် ဇာတ်လမ်းသည် ဆွဲဆောင်မှု နည်းသည်။ သို့ရာတွင် ဝတ္ထုတိုပေါ်ဦးစအခြေအနေ အရကြည့်လျှင် မြန်မာစာဖတ်ပရိသတ်အတွက် အသစ်အဆန်းဖြစ်ကာ ထူးခြားသော ဝတ္ထုတို၏အရသာကို ပေးစွမ်းနိုင်သည်။ ဝတ္ထုတိုသဘောတရားဆိုင်ရာ အတတ်ပညာများကိုလည်း သုံးသင့်သလောက် သုံးထားသည်ကို တွေ့ရပါသည်။

---

[၁] ရွှေဥဒေါင်း၊ ၂၀၀၄၊ ၈။

## ၃၊ ၂။ ဒဂုန်ရွှေမျှား၏ "ချင်းဗိုလ်မောင်တက်တူ"

ဒဂုန်ရွှေမျှား၏အမည်အရင်းမှာ ဦးတင်ဖေ ဖြစ်၍ ၁၈၉၅ ခုနှစ်တွင် မွေးဖွားခဲ့ပြီး ၁၉၈၂ ခုနှစ်တွင် ကွယ်လွန်ခဲ့ သည်။ ဆရာကြီးသည် ၁၉၁၇ ခုနှစ် မတ်လတွင် စတင်ထုတ်ဝေသော သူရိယမဂ္ဂဇင်း ပေါ်လာသောအခါ ဝီလီယမ် ရှိတ်စပီးယား[၁*၁] ၏ အော်သယ်လို[၂*၂] ပြဇာတ် ပုံဝတ္ထုကိုမှီး၍ 'ချင်းဗိုလ်မောင်တက်တူ' ဝတ္ထုကို ရေးသားပေးပို့ရာ မေလထုတ် သူရိယမဂ္ဂဇင်း၌ (ရေးသူဆုရသည်)အမည်ဖြင့် ထည့်သွင်းဖော်ပြခံရသည်။

ဝတ္ထုဇာတ်လမ်းအကျဉ်းမှာ လွန်ခဲ့သော နှစ်ပေါင်း ၆၅ နှစ်ခန့်က ပြည်မြို့တွင် ရာဇဝတ်ဝန်ကြီး မစ္စတာရောဘတ် အုပ်ချုပ်ချိန်၌ ပြည်မြို့အရှေ့ဘက် ပေါက်ခေါင်းမြို့တွင် သူကြီးဦးရွှေသီး ရှိသည်။ သူကြီးတွင် ချောမောသည့် မိတဆိုးသမီးလေး ရှိသည်။ ချောမောသည့်အတွက် အရာရှိအရာခံများက စေ့စပ်သော်လည်း လက်မခံခဲ့ပေ။ ရာဇဝတ်ဝန်ကြီး မစ္စတာရောဘတ်လက်အောက်တွင် အမှုထမ်းသူ အင်စပိတ်တော် မောင်တက်တူသည် ညအချိန်များတွင် မကြာခဏရောက်လာကာ သူခိုး၊ ဓားပြများအား မည်သို့နှိမ်နင်းခဲ့ပုံကို ပြောကြားလေ့ရှိသည်။ မကြာမီ ခင်မြမေနှင့် ရင်းနှီးကာ ချစ်ကျွမ်းဝင်ခဲ့သည်။ သူကြီးသိသောအခါ မောင်တက်တူကို ရဲဌာနသို့ တိုင်ကာ ဖမ်းဆီးစေသည်။ သို့သော် သူခိုး၊ ဓားပြများအား နှိမ်နင်းရန်လိုအပ်၍ အာမခံဖြင့် ပြန်လွှတ်ပေးခဲ့ရသည်။ အမှုပြီးသောအခါ တရားသူကြီးက ခင်မြမေကို ဖခင်နှင့်ခင်ပွန်း မည်သူ့နောက် လိုက်မည်နည်းဟုမေးရာ ခင်ပွန်းနောက်သို့ လိုက်ခဲ့သည်။ ခင်မြမေအား ပိုးပန်းစဉ်က မောင်တက်တူသည် တပည့်ဖြစ်သူ မောင်ဘတင်အား ကိုယ်စားအဖြစ် စေလွှတ်ခဲ့သည်။ မောင်ဘတင်မှာ ရုပ်ရည်ချောမောသည့် ရာဇဝတ်ကြပ်လေး ဖြစ်သည်။ ထိုအခါတွင် လင်မယားကြား ကတုံးကတိုက်လုပ်တတ်သော မောင်ဘချစ် ရှိသည်။ မောင်ဘချစ်သည် မိမိအား ရာဇဝတ်ကြပ်ဖြစ်အောင် လုပ်မပေးသောကြောင့် မောင်တက်တူတို့ လင်မယားကြား ကတုံးကတိုက် လုပ်လေသည်။ မောင်တက်တူက မောင်ဘချစ်စကားကိုယုံ၍ ခင်မြမေသည် မောင်ဘတင်နှင့် ဖောက်ပြန်သည်ဟု ထင်ကာ ဇနီးကို ဓားဖြင့် ခုတ်သတ်ခဲ့သည်။ ထိုအချိန်တွင် လူသတ်မှုဖြစ်၍ ဝန်ထောက်မင်းက မောင်တက်တူအား ခေါ်ခိုင်းခဲ့သည်။ လူသတ်မှုမှာ မောင်ဘတင်အိမ်မှ အထွက်တွင် ဖိုးကျော်ကချောင်း၍ ဓားဖြင့်ခုတ်ရာ ပြန်လည်ခုခံရာမှ ဖိုးကျော် သေဆုံးခဲ့သည်။ ဖိုးကျော်အိတ်တွင်းမှ တွေ့သောစာတွင် မောင်ဘချစ်က

---

[၁] WILLIAM SHAKE SPEARE

[၂] OTHEILO

ရိုက်ခိုင်းကြောင်း၊ မောင်တက်တူတို့အား မည်သို့ကုန်းတိုက်ခဲ့ပုံများ ပါဝင်နေသည်။ ထိုအခါမှ အဖြစ်မှန်သိကာ မောင်တက်တူသည် ဇနီးသည်၏လည်ပင်းကို ဖက်ကာ ကိုယ့်ကိုယ်ကို သတ်သေခဲ့သည်။ မောင်ဘတင်မှာ မိမိအသက်ကိုကာကွယ်ခွင့်ရှိသော ဥပဒေအရ ရာဇဝတ် အပြစ်ဒဏ်မှ လွတ်ခဲ့သည်။ မောင်ဘချစ်ကို ထောင် (၁၀)နှစ် ချခဲ့သည်။

## "ချင်းဗိုလ်မောင်တက်တူ" ဝတ္ထုတိုဖန်တီးမှု

'ချင်းဗိုလ် မောင်တက်တူ' ဝတ္ထုသို့ ဒဂုန်ရွှေမျှားသည် အားလုံးသိရှုထောင့်ကို သုံးထားသည်။ စာရေးသူက ဇာတ်လမ်းပြင်ပမှနေ၍ ဇာတ်ကြောင်းပြောသည်။ အဓိကဇာတ်ဆောင်ဖြစ်သော မောင်တက်တူနှင့် ခင်မြမေ တို့၏ ကံသုံးပါးအမူအရာကို အလေးပေး ရေးဖွဲ့ထားသည်။

အားလုံးသိရှုထောင့်ကိုသုံးသည့်အတွက် ခင်မြမေအကြောင်းကို –

> "တောသူဟုပင်ဆိုရသော်လည်း ခင်မြမေမှာ တောနှင့်မတန် လှပ သူတစ်ယောက်ဖြစ်၍ အစိုးရအရာရှိ မြို့အုပ် ဝန်ထောက်များပင် လာရောက် စပ်ဆိုသော်လည်း ခင်မြမေမှာ မည်သူ့[၁]ကိုမျှ ချစ်ခင် စုံမက်ခြင်းမရှိဘဲ ငြင်းပယ်ခဲ့သည်သာ ဖြစ်၏"

ဟု ဖော်ပြထားသည်။ ချင်းဗိုလ်မောင်တက်တူအကြောင်းကိုမူ မောင်ဘတင်၏ အပြော ဖြင့် တင်ပြထားသည်။ မောင်ဘတင်၏ ပုံပန်းကို –

> "မောင်ဘတင်မှာ ရာဇဝတ်ကြပ်ကလေးမျှသာ ဖြစ်ပြီးလျှင် အသက်အရွယ်အားဖြင့်လည်း ၂၅ နှစ်ခန့်သာ ရှိသေးသည်။ ဖြူဖြူသေးသေးနှင့် ရုပ်ရည်လှပသော သူငယ်တစ်ယောက် ဖြစ်၏"[၂]

ဟု ဖော်ပြထားသည်။ ခင်မြမေ၏ မောင်တက်တူနှင့်ပတ်သက်၍ ခံစားမှုအတွေးများကို ထည့်သွင်းရေးဖွဲ့ ပြထားသည်။ ထို့အတူ မောင်တက်တူ၏ အတွင်းစိတ်ကို စာရေးသူက သိခွင့်ယူကာ –

> "အင်း ဟိုအကောင်ပြောတဲ့အတိုင်း ဟုတ်ရင်တော်ပါရဲ့၊ စိတ် လိုက်မာန်ပါ ငါလုပ်လိုက်လို့ မှားသွားရင်တော့ ကိုယ်ကျိုးကြီး

[၁] ရွှေမျှား(ဒဂုန်–)၊ ၂၀၀၄၊ ၂၈။
[၂] –ယင်း–၊ ၂၉။

> နည်းတော့မယ်၊ ဟယ် မတတ်နိုင်ဘူး၊ ဒီလိုကောင်မမျိုး လူ့ပြည်
> ထားလို့ ဆန်ကုန် မြေလေးပေါ့၊ ဘာ သနားစရာရှိသလဲ"[၁]

ဟူ၍ အတွေးများကို တင်ပြထားသည်။ ဤကဲ့သို့ စိတ်တွင်းပြောစကားများကိုသုံးကာ အတွေးများကို တင်ပြထားသည့်အတွက် အဓိကဇာတ်ဆောင် မောင်တက်တူအပေါ် စာဖတ်သူတို့အနေနှင့် အကျိုးသင့် အကြောင်းသင့် လက်ခံလာစေပါသည်။ စိတ်တွင်းပြောစကားများသည် စိတ်တွင်းအားပြိုင်မှုကို ဖြစ်စေပါသည်။ ထိုအားပြိုင်မှုကို ဖော်ပြခြင်းဖြင့် ဇာတ်ဆောင်သည် ခင်မြမေအပေါ် အလွန်ချစ်သော်လည်း နာကျင်ခံစားရ၍ သတ်လိုက်ရသည်ဟု နားလည်စေပါသည်။ စိတ်တွင်း ပြောစကားဖြင့် ပြောသော စိတ်တွင်း အားပြိုင်မှုသည် ဇာတ်ဆောင်နှင့်ဇာတ်လမ်းကို စာရေးသူက လိုသလို ထိန်းကွပ် ပြုပြင်နိုင်သည်။ ဇာတ်လမ်းတွင် မပါမဖြစ် ဖြစ်သော အားပြိုင်မှုသဘောအရကြည့်လျှင် ရိုးသားသူနှင့်စဉ်းလဲသူတို့ အားပြိုင်မှုဖြစ်သည်။ ဇာတ်လမ်းတွင် မောင်ဘချစ် ကတုံးကတိုက်ပြုမူ ဇာတ်ကွက် (၁)ကွက်ပြပြီး မောင်တက်တူက ခင်မြမေအား သတ်သည့်အခန်းသို့ ရွေ့လျားသွားသည်။ ရွေ့လျားပုံမြန်ဆန်လွန်းသည့်အတွက် အကျိုးသင့် အကြောင်းသင့် ဖြစ်မှု၌ အားနည်းသည်။ ဇာတ်လမ်းအဖြစ်အပျက်မှာ ထိခိုက်နာကျင်ဖွယ် ကောင်းလှသော်လည်း ရည်ရွယ်ချက်မှာ မရေမရာသလို ဖြစ်နေသည်။ စိတ်ထားယုတ်သူတို့၏ စကားကို အလွယ်တကူ မယုံသင့်ဘဲ ဆင်ခြင်တုံတရား ရှိသင့်သည်ဟူသောအတွေးကို ရရှိစေပါသည်။ ရည်ရွယ်ချက်မှာ မြန်မာဆန်လှသော်လည်း ဇာတ်နာလှသော အဖြစ်အပျက်များက လွှမ်းမိုးထားသောကြောင့် ရည်ရွယ်ချက်မှာ ပေါ်လွင်သင့်သလောက် မပေါ်လွင်တော့ပေ။ ဇာတ်နာသော ဖြစ်ရပ်၊ ပြဇာတ်ဆန်သော ဖြစ်ရပ်များ ပါဝင်ပြီး စာဖတ်သူကို သည်းထိတ်ရင်ဖိုဖြစ်စေကာ နာကျင်ခံစားမှုကိုဖြစ်စေသော ဝတ္ထုတိုတစ်ပုဒ် ဖြစ်သည်။

'ချင်းဗိုလ်မောင်တက်တူ' ဝတ္ထုသည် 'မောင်သိန်းတင် မသိန်းရှင်' ဝတ္ထုကဲ့သို့ ဇာတ်ကွက်တင်ပြပုံ နှေးကွေးခြင်းမရှိ။ ဇာတ်ကွက်များသည် အလွန်လျင်မြန်စွာ ပြောင်းလဲသွားသည်။ အလွန်ချစ်သောဇနီးသည် ကိုသတ်ပစ်ရသည်အထိ ဖြစ်ပုံကို ပြရာတွင် မောင်ဘချစ်က လင်မယားကြား ကတုံးကတိုက်လုပ်ပုံကို –

> "အင်း မိန်းမဆိုတော့ အခက်သားကလား ဆရာ၊ ဣတ္ထိဝက်
> နဒီဝက်လို့ ဆိုတယ် မဟုတ်လား၊ သူတို့အချစ်ကို ဘယ်တော့မှ
> လုံးဝယုံလို့ မဖြစ်ဘူး၊ ဒီအကြောင်းတွေ ကျွန်တော်လည်း သိပ်

---

[၁] ရွှေမျှား(ဒဂုန်–)၊ ၂၀၀၄၊ ၃၁–၃၂။

> မပြောချင်ပါဘူးဆရာ၊ ကျွန်တော်ပြောလို့ ဆရာတို့တစ်ခုခုဖြစ်သွားရင် ကျွန်တော် ဘယ်စိတ်ကောင်းနိုင် ပါတော့မလဲ"[၁]

ဟူသောအပြော ပါဝင်သည်။ ထိုမျှပြောရုံနှင့် မောင်တက်တူသည် အသည်းကို အပ်နှင့်ဆွသလို ခံစားရ သည်။ ဒုတိယအကြိမ်တွင် –

> "ခင်မြမေမှာ ပိုးလက်ကိုင်ပုဝါ ဇာပေါက်လေးတစ်ထည်ရှိတယ် မဟုတ်လား၊ အရောင်က ပန်းနုရောင်ကလေးလေ။ အဲဒီလက်ကိုင်ပုဝါကလေးကို ဒီကနေ့မနက်ဘဲ ကျွန်တော် လက်ဖက်ရည်ဆိုင်မှာ ထိုင်ရင်း မောင်ဘတင်လက်ထဲမှာ မြင်ခဲ့ရတယ်၊ ဒါပါပဲ ဆရာ။ နို့ပေမယ့် ဒေါသတော့ ရှေ့မထားပါနဲ့ ဆရာ၊ ဒေါသရှေ့ထားရင် မှားတတ်ပါတယ်"[၂]

ဟူသောအပြောကို ဖော်ပြသည်။ ထိုစကားပြောကွက် (၂)ကွက်ကြောင့် မိန်းမကို သတ်လိုက်သည်ဟူသော အချက်မှာ ခိုင်လုံမှုမရှိပေ။ ဝတ္ထုတွင် ဇာတ်ကွက်များကို ချိတ်ဆက်ရာ၌ အကျိုးသင့် အကြောင်းသင့် ရှိရပါမည်။ ထိုသဘောကို ဂျယ်ရမီဟော်သွန်[၃] က –

> "ဇာတ်ကြောင်းဆိုသည်မှာ ဖြစ်ရပ်များကို အချိန်ကာလ အစဉ်အတိုင်း စီစဉ်ထားသော ဖြစ်စဉ် ဖြစ်သည်။ ဇာတ်လမ်းတွင်မူ ဖြစ်ရပ်များသည် ကြောင်းကျိုးဆက်မှုကိုသာ အလေးထားသည်"[၄]

ဟု ဆိုထားသည်။

ဆရာကြီးသည် ပြောစကားများကိုဖန်တီးရာတွင် ကောင်းမွန်သည်။ ပြောစကားဖြင့် အတွင်းစိတ်နှင့် ယုတ်မာကောက်ကျစ်သော လူ့သဘာဝကို ပေါ်လွင်စေသည်။ ပြောစကားကိုအသုံးပြု၍ မောင်တက်တူသည် အိမ်သို့ပြန်၍ ခင်မြမေကို သတ်သည်အထိ ဇာတ်လမ်းကို ရွေ့လျားစေသည်။ ပြောစကားနှင့်ပတ်သက်၍ ဆိုဖီကင်း[၅] က –

> "သင်၏ ပြောစကားသည် သင်၏ ဇာတ်ဆောင်လေသံဖြစ်ရန် အလွန် အရေးကြီးသည်။ ပြောစကားသည် ဇာတ်ဆောင်ကို

[၁] ရွှေမှုုး(ဒဂုန်–)၊ ၂၀၀၄၊ ၂၉။
[၂] –ယင်း–၊ ၃၀။
[၃] Jremy Howthorn
[၄] Howthorn, 1986, 53.
[၅] Sophie King

အသက်ဝင်စေရုံသာမက အဆက်မပြတ် ပြောနေသည်ကို ရွှေ့ပြောင်းစေရမည်”[၁]

ဟု ဆိုခဲ့ပါသည်။

ဝတ္ထုတွင် ခင်မြမေအား သတ်သောအခန်း၊ မောင်တက်တူ မိမိကိုယ်ကို သတ်သေ သောအခန်းသည် တစ်ဆက်တည်းဖြစ်ပြီး ဇာတ်ထွတ်ပိုင်းဖြစ်သည်။ ဇာတ်ထွတ်ပိုင်းတွင် ဇာတ်လမ်းဖြစ်ရပ် အားလုံးကို ဖြေရှင်းပေးရသော အပိုင်းလည်း ဖြစ်သည်။ ခင်မြမေအပေါ် အထင်မှား၍ သတ်မိရာမှ အမှန်ကိုသိမြင်ပြီး မိမိကိုယ်ကို သတ်သေသွားသည်။ သတ်ရခြင်းအကြောင်းကို ဖြေရှင်းပြသည်။ ဇာတ်ထွတ်ပိုင်းအပြီးတွင် ဇာတ်ဆင်းပိုင်းမထည့်ဘဲ ဇာတ်သိမ်းထားသည်။ ဇာတ်ဆောင်တို့၏ ကံသုံးပါး အမူအရာများကို အပြသဘောဖြင့် တင်ပြထားသည်။ ဇာတ်သိမ်းတွင် အဓိက ဇာတ်ဆောင်နှစ်ဦးသည် သံသယဖြစ်ဖွယ် စကားတစ်ခွန်း၊ နှစ်ခွန်းဖြင့် သေဆုံးရသည့်အတွက် ဇာတ်သိမ်း အားနည်းသည်ဟု ထင်မြင်မိပါသည်။ သို့ရာတွင် မူလမှီငြမ်းပြုသော အော်သယ်လိုပြဇာတ်၏ လွှမ်းမိုးမှုသဘော ပါနိုင်သည်။ ထိုခေတ် အနောက်တိုင်းတွင်ပေါ်ထွန်းခဲ့သည့် ထရက်ဂျတီခေါ် ပြဇာတ်များတွင် ကြေကွဲဖွယ်ဖြစ်ရပ်များဖြင့် ပြီးဆုံးလေ့ရှိသောသဘောသည် ဝတ္ထုတွင် အတန်ငယ် လွှမ်းမိုးဟန်ရှိသည်။ ဇာတ်ဆောင်ကို ထူးခြားသောဇာတ်ဆောင်အဖြစ် ဖန်တီးပြီး ဇာတ်လမ်းကို သည်းထိတ်ရင်ဖိုဖြစ်အောင်နှင့် ဇာတ်နာအောင် ဖန်တီးထားပုံကို တွေ့ရပါသည်။

## ၃၊ ၃။ ပီမိုးနင်း၏ “ဆိုးပေ”

ပီမိုးနင်းသည် ၁၈၈၃ ခုနှစ်တွင် မွေးဖွားခဲ့၍ ၁၉၄၀ ပြည့်နှစ်တွင် ကွယ်လွန်ခဲ့သည်။ ငယ်အမည်မှာ မောင်ကျော်ညွန့်ဖြစ်သည်။ ‘ဆိုးပေ’ ဝတ္ထုတိုသည် ၁၉၂၀ပြည့်နှစ် ဒီဇင်ဘာလထုတ် ဒဂုန်မဂ္ဂဇင်းတွင် ဖော်ပြခဲ့သော ဝတ္ထုတိုဖြစ်သည်။

ထိုဝတ္ထု၏ဇာတ်လမ်းအကျဉ်းမှာ ဆိုးပေသည် ခပ်ဆိုးဆိုး နေထိုင်တတ်သူဖြစ်သည်။ သူကြီးသမီး မဥသည် ဆိုးပေနှင့် ချစ်ကြိုက်နေသည်။ အိမ်နောက်ဖေးခရေပင်အောက်တွင် ချိန်းတွေ့ကြရင်း ဆိုးပေက အတင်းဆွဲဆောင်၍ ခိုးရာလိုက်ခဲ့သည်။ ဆိုးပေတို့နှစ်ယောက်အား မိဘများကသဘောမတူ၍ သာဘိုးတဲ၌ ပြန်တွေ့ရာ လူကြီးများစေ့စပ်၍မရသောကြောင့် အသီးသီးခွဲကာ အိမ်သို့ပြန်ခဲ့ရသည်။ တစ်နေ့တွင် သူကြီးသည် ဆိုးပေအား ခိုးမှုဖြစ်အောင် အကွက်ဆင်၍ ဖမ်းဆီးခဲ့သည်။ နှစ်ပေါင်း

---

[၁] King, 2008, 92.

ကြာသောအခါ မဥနှင့် ဆိုးပေရသောသားသည် ကြီးပြင်းလာသည်။ ရာဇဝတ်ဘက်၌ အမှုထမ်းဖြစ်လာသည်။ မဥသည် သားဖြစ်သူ တာဝန်ကျသည့် ပုသိမ်မြို့သို့ လိုက်ပါနေထိုင်သည်။ တစ်နေ့တွင် ဆိုးပေ၏သား မောင်ကွန်းသည် တာဝန်အရ ပုသိမ်မြို့နှင့် အတန်ဝေးသောကျေးရွာများသို့ လာရောက်တိုက်ခိုက်သော ဓားပြများကို ဖမ်းရန်သွားရသည်။ ရွာသို့ ရောက်သောအခါ ရွာထဲသို့မဝင်ဘဲ စစ်ဘာရီကုလားများကို ပုန်းအောင်းစေပြီး မိမိနှင့်အတူ ပုလိပ်သားများမှာ ခရီးသွားဟန်ဆောင်၍ ရွာအဝင်ရှိ တဲကလေးသို့ ဝင်ကြသည်။ ၁၈ နှစ်အရွယ် မိန်းမပျို ကလေးတစ်ဦးနှင့် တွေ့ဆုံသည်။ ထိုမိန်းကလေးအမည်မှာ မချစ် ဖြစ်သည်။ အရီးမှာ မိခင်၏အစ်မဖြစ်၍ ဖခင်မရှိဘဲ ပထွေးသာရှိသည်။ မောင်ကွန်းသည် မချစ်လေးအပေါ် ကရုဏာသက်မိသည်။ တစ်နေ့တွင် မောင်ကွန်းသည် ဓားပြများကို ဖမ်းဆီးလာသည်။ ဒဏ်ရာရနေသူတစ်ဦးမှာ ဆိုးပေဖြစ်၍ မဥသည် ဆိုးပေကိုမှတ်မိပြီး ဖက်၍ငိုသည်။ သားဖြစ်သူ သေနတ်ဖြင့် ပစ်ဖမ်းလာသူမှာ ဖခင်ဖြစ်သူဖြစ်ကြောင်း ပြောသည်။ ဆေးရုံတက်စဉ် ဆိုးပေ သေဆုံးသွားသည်။ မောင်ကွန်းသည် မချစ်ရွာသို့သွားသော်လည်း မချစ် မရှိတော့ပေ။ တာဝန်အရ ရန်ကုန်သို့လာရာ ရွှေတိဂုံဘုရားပေါ်၌ မချစ်နှင့်ပြန်ဆုံသည်။ အကြောင်းစုံကို ရှင်းပြပြီးနောက် မချစ်ကို တောင်းရမ်းကာ မင်္ဂလာပွဲကျင်းပခဲ့သည်။

## ပီမိုးနင်း၏ "ဆိုးပေ" ဝတ္ထုတိုဖန်တီးမှု

ထိုဝတ္ထုတွင် စာရေးသူက အားလုံးသိရှုထောင့်ဖြင့် တင်ပြထားသည်။ စာရေးဆရာသည် ထူးခြားသော ဇာတ်ဆောင်ကိုဖန်တီး၍ စာဖတ်သူကို ဆွဲဆောင်ထားသည်။ ဆိုးပေ၏စရိုက်ကို ဖန်တီးရာတွင် ဝတ္ထုအစပိုင်း၌ ပေပေတေတေနေသည့် စရိုက်၊ မည်သည့်အရာကိုမှ ဂရုမစိုက်သည့် စရိုက်ရှိသူအဖြစ် ဖန်တီးထားသည်။ ဇာတ်လမ်းအစတွင် ဆိုးပေနှင့်မဥတို့ တွေ့ဆုံသည့် အခန်းနှင့် အစပျိုးထားသည်။ ဝတ္ထုတွင် –

> "မိုးဦးကျအခါမို့ ပထဝီမြေကြီးကို ရင်ဆိုင်ပြုကာ ကြီးလှစွာသော မျက်မာန်နှင့်ရန်စတို့ ကြံစည်၍နေဟန်ရှိသော ကောင်းကင်မှာ ဒေါသနှင့် ညို့ပြီး တအိုအိုနေသောကြောင့် ဆန်းတက်စလ ကလေးမှာ တိမ်လိုင်းများ အထဲတွင် ငုပ်ချည်ပေါ်ချည်ဖြစ်၍ နေသဖြင့် ကောင်းစွာမသာနိုင်ဘဲ တစ်ချက် တစ်ချက်မျှသာ။

> မီးယပ်သည့်၏မျက်နှာလို ဖြူရော်ရော်ဖြစ်ကာ ပေါ်လာပြီးလျှင် တွန့်တိုပြိုပြင်။ မကြည်မရွှင်သောအရောင်ကို လွှတ်ရှာလေ၏"[၁]

ဟု ရေးဖွဲ့ထားသည်။ နောက်ခံအဖွဲ့သည် ရှေ့ဆက်လာမည့် မသာယာသော နိမိတ်ပြကွက်ပမာ ရပ်တည်နေသည်ဟု တွေးနိုင်ပါသည်။ စာရေးသူသည် ဇာတ်ဆောင် ဆိုးပေကို အာရုံပြုလာအောင် အမူအရာ၊ အပြောများဖြင့် ဇာတ်ကွက်ဖော် တင်ပြထားသည်။ ထိုဝတ္ထုတွင် ဇာတ်ဆောင်၏ ပြောစကားသည် ဇာတ်လမ်းကို အသက်ဝင်စေသည်။ ဇာတ်ဆောင်၏ဆိုးသွမ်းသောစရိုက်ကို နှစ်သက်လက်ခံလာ၍ အာရုံစူးစိုက်လာ စေသည်။ ဝတ္ထုတွင် –

> " 'မဉရဲ့ နက်နက်နဲနဲ ခက်ခဲတဲ့ အဘိဓမ္မာတွေကိုမသုံးပါနဲ့ ကျုပ်နားမလည် လို့ပါ။ ကျုပ်နားလည်တဲ့ မွန် မြန်မာစကားကို အသားပါပါ ပြောစမ်းပါ၊ ပညတ်မှာ ခတ်သက်ပါတယ်ဆိုတာ။ ခတ်စာကိုပြောတာလား၊ ခတ်စာ ဖြစ်ရင် မီးယပ်အတွက်လား၊ ဒူလာအတွက်လား' ဟု ဆိုးပေက ပြန်၍ ပြောရင်း ခရေပင်ကို ခားမြောင်ဦးနှင့်ထိုးစိုက်ခါ ကလိ၍ နေလေ၏"[၂]

ဟု ရေးဖွဲ့ထားသည်။ ပြောစကားနှင့်လိုက်ဖက်အောင် ဆိုးပေ၏အမူအရာကို ထည့်သွင်းရေးဖွဲ့ထားသည်။

ဇာတ်လမ်းအစတွင် နောက်ခံအဖွဲ့နှင့်စထားသည်။ နောက်ခံအဖွဲ့တွင် ပီမိုးနင်း၏ ထူးခြားသော ရေးဟန်ကို တွေ့ရသည်။ အပြန်အလှန် အချီအချ ပြောစကားများဖြင့် ဆိုးပေ၏စရိုက်အဖွဲ့များကို ရေးဖွဲ့ထားသည်။ ဆိုးပေက မဉကို ခိုးရာလိုက်ရန် ပြောသည့်အခန်းတွင် –

> "မြန်မြန်လိုက်ရင် မြန်မြန်ပေါင်းရတာပေါ့။ နှေးနှေးမှလိုက်ရင် နှေးနှေး ပေါင်းရတာပေါ့။ အခုညနေလိုက်ရင် အခုညနေ ပေါင်းရမှာပဲ"[၃]

---

[၁] ပီမိုးနင်း၊ ၂၀၀၄၊ ၃၈။ –ယင်း–၊ ၃၉။

[၂] –ယင်း–၊ ၃၉။

[၃] ပီမိုးနင်း၊ ၂၀၀၄၊ ၄၀။

ဟု ရေးဖွဲ့ထားသည်။ ထိုစကားသည် ဇာတ်ဆောင်စရိုက်နှင့် လိုက်ဖက်သည့် လေသံပေါ်အောင် ဖွဲ့သည်။ လေသံပေါ်ရန် ဝါကျတိုများကို သုံးထားသည်။ ပီမိုးနင်းသည် ဆိုးပေ၏ စရိုက်လည်းပေါ်အောင်၊ ဟာသ သဘောလည်းပါအောင် ရေးဖွဲ့ထားသည်။

> "လင်မယား ယူတဲ့နေရာမှာ နေးသည်မြန်သည် မရှိပါဘူး၊ အရွယ်ရောက် တာသာ မူလပါ၊ ကျုပ် မင်းကို အမှန် ချစ်တယ် ဆိုတာ မငြင်းနိုင်ပါဘူး။ မင်းနဲ့ကျုပ် ချစ်တာသာ မူလပါ။ ကြာကြာဆိုင်းရင် ကြာရုံပဲရှိပါ လိမ့်မယ်"[၁]

> "ဟောသည် ကျုပ်ရင်ခွင်မှာရှိတဲ့ ရတနာနှင်းပွင့်ကလေးဟာ ခု ပွင့်ချိန် တန်ပါပြီ။ ဘယ်အတွက် တမင်ငုံပြီး လုံးလုံးကြီး ဖူးနေပါသလဲ မဥရဲ့"[၂]

ဟု ရေးဖွဲ့ထားရာ ဆိုးပေနှင့်မလိုက်ဖက်သော အရေးအဖွဲ့ဖြစ်သဖြင့် စာဖတ်သူအား ရွှင်ပြုံးစေသည်။ ပြောစကားသည် ဇာတ်ဆောင်၏လေသံဖြစ်ရန် အရေးကြီးသည် ဟူသော သီအိုရီနှင့်အညီ ဆရာကြီးက ဝတ္ထုတိုကို ဖွဲ့ဆိုထားသည်။ မာဂရက်လု(ခ်)[၃] က –

> "ဝတ္ထုရေးသူ၏ အလုပ်မှာ ဇာတ်ဆောင်အသီးသီး ကိုယ်ပိုင် ကွဲပြား ထင်ရှားသော လေသံပေါ်အောင် ကူညီရမည်။ သို့မှသာ စာဖတ်သူတို့အနေနှင့် ဇာတ်ဆောင်တို့၏ ပြောစကားကို ခွဲခြား နိုင်မည်။ သင်သည် သင်၏ဇာတ်ဆောင်များကို သူတို့ ပြောဟန်ဖြင့် ခွဲပြနိုင်လေလေ စာဖတ်သူအနေနှင့် သူတို့၏ ပုဂ္ဂလိက စရိုက်အမှန်အဖြစ် ယုံကြည်မှု ရှိလေလေ ဖြစ်သည်"[၄]

ဟု ဖော်ပြထားသည်။

ဝတ္ထုတွင် ဇာတ်ဆောင်တို့၏ စရိုက်သဘာဝမတူပုံကို လေသံက ဖော်ပြနိုင်သည်။ ဆိုးပေထက် ဆင်ခြင်တုံတရားရှိသော မဥက –

> "အခုည ရှင်နဲ့လိုက်ပြီး ပြေးမှဖြင့် မနက်ကျရင် တစ်ရပ်လုံး မေးငေါ့ကာ အရှက်တကွဲ အကျိုးနည်း

---

[၁] –ယင်း–၊ ၄၁။

[၂] –ယင်း–။

[၃] Margaret Lucke

[၄] Lucke, 1998, 43.

> ဖြစ်အောင် ပြောကြတော့မှာတွေး၍ ကျွန်မကြောက်လှ
> ပါတယ်၊ ကျွန်မဟာ သည်ရွာမှ ထင်ရှားတဲ့ သူကြီး
> သမီးပါ။ အမျိုးဂုဏ်၊ အဆွေဂုဏ်ကို မငဲ့ရာ ရောက်
> ပါလိမ့်မယ်"[၁]

ဟု ရေးဖွဲ့ထားရာ လေသံကွဲပြားသည်နှင့်အမျှ စရိုက်လည်း ကွဲပြားသွားသည်။ ပီမိုးနင်းသည် ဇာတ်ပျိုးပိုင်းမှစ၍ ဇာတ်တက်ပိုင်း တစ်ဝက်ခန့်ကို ဆိုးပေ၏ သွက်သွက်လက်လက် စရိုက်အဖွဲ့များဖြင့် တင်ပြခဲ့သည်။ ဆိုးပေအား သူကြီးက ဇာတ်ကွက်ဆင်၍ ဖမ်းပြီးချိန်မှစ၍ ကွဲသွားခဲ့သည်။ ထိုအပိုင်းတွင် စာရေးသူက ဇာတ်လမ်းကို အလှည့်အပြောင်းပြုလိုက်သည်။ ဝတ္ထုတိုဖြစ်သည့်အလျောက် အနှစ် (၂၀) ကျော်ကြာသည့် ဇာတ်လမ်းကို တိုတိုကျဉ်းကျဉ်း ဇာတ်ကွက်ဆင် တင်ပြထားသည်။

ဝတ္ထုတွင် ဓားပြကြီးဆိုးပေနှင့် မဥတို့ ပြန်လည်တွေ့ဆုံပုံအခန်းကို ဇာတ်နာသော ပြကွက်အဖြစ် ဖန်တီးထားသည်။ ဇာတ်ကွက်ဆင်ပုံကျွမ်းကျင်သည့်အလျောက် ဝမ်းနည်းစရာ ဇာတ်ကွက်တင်ပြပုံမှာ အပိုအလိုမရှိ ဖန်တီးထားနိုင်သည်။ အရှေ့ပိုင်းတွင် ဆိုးပေ၏ ခပ်ပေါ့ပေါ့ ပြောစကားများဖြင့် ဇာတ်လမ်းကို ဖန်တီးခဲ့သော်လည်း အဆုံးတွင် ဆိုးပေ၏အလွမ်းဖြင့် ဇာတ်လမ်းကို ပြောင်းလဲဖန်တီးထားသည်။ ဆိုးပေသည် ဆိုးတေသော၊ ဇွတ်တရွတ်နိုင်သော၊ ချစ်တတ်သော၊ မိမိအားအနိုင်ကျင့်သူတို့အပေါ်တွင် မထီမဲ့မြင်ပြုတတ်သော စရိုက်မျိုးစုံပါဝင်သည်။ အဆုံးတွင် နောင်တရသွားသောကြောင့် စရိုက်ရှင်ဟု မဆိုနိုင်သော်လည်း ဇာတ်လမ်းတစ်လျောက်လုံး စရိုက်မျိုးစုံမှ ပါဝင်၍ စရိုက်ကြွယ်ဟု ဆိုနိုင်သည်။ အဆုံးတွင် ဆိုးပေနှင့်မဥကြောင့် ကြေကွဲနေရသော ပရိသတ်အား မောင်ကွန်းနှင့်မချစ်တို့ ပေါင်းဖက်ပေးခြင်းဖြင့် ကြည်နူးစေသည်။ စာဖတ်သူအား အလွမ်း၊ အဆွေး၊ အသော ရသမျိုးစုံပေးနိုင်အောင် ရေးသားတင်ပြနိုင်သည်။

ဆရာကြီး၏ ရေးဟန်သည် ထူးခြားသည်။ မဥသည် ဆိုးပေနောက်လိုက်သောအခါ မဥ၏ မိခင်ဖြစ်ဟန်ကို –

> "မဥ၏မိခင်သည်ကား ဆန့်ငင်ဆန့်ငင်နှင့် တက်၍နေလေ၏။
> အိမ်နီးပါးချင်း တို့သည် ကွမ်းရွက်များနှင့် နှာနှပ်ကြလေရာ
> သတိရလတ်သော် ကြမ်းခင်း၍ ထားသည့်ပမာ၊ ရင်ဘတ်၌

---

[၁] ပီမိုးနင်း၊ ၂၀၀၄၊ ၄၁။

ကျိုးတို့ကျဲတဲရှိသော နံရံများကို ပိန်ကြုံသော လက်ချောင်းများ နှင့် တပြောင်းပြောင်း တီးခတ်လေ၏"[၁]

ဟု ရေးထားသည်။

သားဖြစ်သူအကြောင်းကြားသောအခါ ဆိုးပေမိခင်၏ ဖြစ်ဟန်ကိုလည်း –

"သယ် ငါ့သားကိုသူတို့က မရာမတန်ထင်ရ တန် သလားဟု ဒေါသအမျက် ချောင်းချောင်းထွက်ပြီးလျှင် သားဂုဏ် ရောက်ခါ ထမီကို စွန်တောင်ဆွဲပြီး ဝဲပျံ၍ သွားလေသည်"[၂]

ဟု ရေးထားသည်။ ထိုအဖွဲ့များသည် စိတ်ပျက်စရာကောင်းသော အကြောင်းအရာ ဖြစ်သော်လည်း ဟာသစွက်၍ သွက်သွက်လက်လက် ရေးဟန်ဖြင့် ရသမြောက်အောင် ရေးဖွဲ့ထားသည်။ ဝတ္ထုတွင် ဆိုးပေက မဥအားပြန်ခိုးရန် ဟန်ရေးပြပုံကို တင်ပြရာ၌ လည်း ဝါကျတိုများကိုသုံး၍ ရေးထားပုံမှာ နှစ်သက်ဖွယ် ဖြစ်သည်။ ဆိုးပေဝတ္ထုသည် ဇာတ်ဆောင်နှင့်ရေးဟန်ကိုအားပြုထားသော ဝတ္ထုဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ဆရာကြီးသည် ဇာတ်ကွက်ဆင်ရာ၌ ငြီးငွေ့မှုမရှိရန် သွက်သွက်လက်လက် တင်ပြနိုင် သည်။ ဝတ္ထုတိုပီသစွာ ဇာတ်လမ်းကို ကျစ်ကျစ်လျစ်လျစ် ဇာတ်လမ်းဆင် ရေးဖွဲ့ ထားသည်။ ဆရာကြီး၏အတတ်ပညာနှင့် ရေးဟန်အတတ်ပညာ ကျွမ်းကျင်မှုကို ၂၀ ရာစု ခေတ်ဦး ပထမလက်ရာ၌ပင် တွေ့ရသည်ဟု ဆိုချင်ပါသည်။

## ခြုံငုံသုံးသပ်ချက်

၂၀ ရာစု ခေတ်ဦးကာလသည် ကမ္ဘာ့ဝတ္ထုတိုပုံသဏ္ဌာန်ကို မြန်မာတို့က မြန်မာမှုပြု၍ ခံယူနိုင်ခဲ့သော အချိန် အခါဖြစ်သည်။ ထိုအချိန်တွင်ပေါ်ထွန်းခဲ့သော ဝတ္ထုတိုများကိုရေးသူ ရွှေဥဒေါင်း၊ ဒဂုန်ရွှေမျှားနှင့် ပီမိုးနင်း တို့သည် ဝတ္ထုရှည်၊ ဝတ္ထုတိုလောကတွင် ဝတ္ထုပေါင်းများစွာရေးဖွဲ့နိုင်သည့် စာရေးဆရာကြီးများဖြစ်သည်။ ထိုသူတို့သည် မြန်မာစာပေကို ကျွမ်းကျင်ရုံသာမက အနောက်တိုင်းစာပေကိုလည်း အဖတ်အရှုအားကောင်း သောကြောင့် မြန်မာဝတ္ထုတိုလမ်းကြောင်း စတင်မှုအတွက် အားသာခဲ့သည်။ ဝတ္ထုတိုကို တီထွင်ခဲ့သည်။ တိုးတက်အောင်လည်း ဆောင်ရွက်ခဲ့ သည်။

[၁] –ယင်း–၊ ၄၂။

[၂] ပီမိုးနင်း၊ ၂၀၀၄၊ ၄၂–၄၃။

ရွှေဥဒေါင်း၏ ပထမဆုံးလက်ရာဖြစ်သော 'မောင်သိန်းတင် မသိန်းရှင်' တွင် ထိုခေတ်ဝတ္ထုတို၏ သဘောတရားနှင့်အညီ ဖန်တီးတင်ပြထားသည်ကို တွေ့ရသည်။ ထိုခေတ် အနောက်တိုင်းဝတ္ထုများတွင် မြှုပ်ကွက်၊ လှည့်ကွက်သုံးခြင်း၊ သည်းထိတ်ရင်ဖို စွန့်စားခြင်းအလေ့များ ရှိသကဲ့သို့ အနောက်တိုင်းဝတ္ထုတိုကို ဆက်ခံသော ရွှေဥဒေါင်း၏လက်ရာတွင်လည်း ထိုသဘောပါဝင်နေသည်။ ဇာတ်လမ်းတွင် တော့လွဲဖြစ်ရပ်များ ထည့်သွင်း၍ စာဖတ်သူအား သိလိုစိတ်ဖြစ် အောင်ဖန်တီးယူသည့်သဘောကိုလည်း တွေ့ရသည်။ ဇာတ်ဆောင်အားလုံး၏ ကံသုံးပါးအမူအရာကိုယူ၍ ရေးဖွဲ့သောကြောင့် အဓိကဇာတ်ဆောင်စရိုက် အားပျော့သွားသည်။ ဇာတ်ဆောင်စရိုက် မပေါ်သည့်အတွက် စာရေးသူက အကျိုးသင့်အကြောင်းသင့် မရေးဘဲ ဇွတ်အတင်း ဖန်တီးထားသည်ဟု သုံးသပ်စရာရှိပါသည်။

ဒဂုန်ရွှေမျှား၏ 'ချင်းဗိုလ်မောင်တက်တူ' ဝတ္ထုတွင် စရိုက်ဖော်အဖွဲ့ အနည်းငယ် အားနည်းသည်။ ဇာတ်လမ်းအတွက် အဓိကကျသော ပြဿနာကို ဖြေရှင်းရာ၌ လျင်မြန်လွန်းသည်။ ဇာတ်ဆောင်အနေနှင့် ဆင်ခြင်တုံ နည်းပါးရာရောက်သည်။ သို့ရာတွင် လူ့လောက၌ မထင်မှတ်သောဖြစ်ရပ်များ ဖြစ်တတ်သည်။ မနာလို ဝန်တိုခြင်းသည် သူတစ်ပါးကိုသာမက မိမိကိုယ်ပါ ပျက်စီးစေနိုင်သည့် ဘဝအသိကို ပေးသည်။ ဝမ်းနည်းကြေကွဲဖွယ်ဖြင့် ဘဝအသိပေးသော ဝတ္ထုဖြစ်သည်။

ပီမိုးနင်း၏ 'ဆိုးပေ' ဝတ္ထုမှာ ဝတ္ထုတိုအတတ်ပညာပိုင်းနှင့် လေ့လာလျှင် ဝတ္ထုတိုအတတ်ပညာ ပါဝင်သည်ကို တွေ့ရသည်။ ဇာတ်ဆောင်၏ ထူးခြားသော စရိုက်ကိုအခြေခံ၍ အားပြုရေးဖွဲ့ထားသည်။ ဇာတ်လမ်းဆင်ပုံကောင်းမွန်၍ ဇာတ်ဆောင်စရိုက်ပေါ်လွင်ပြီး သဘာဝကျသည့်အပြင် ရသခံစားမှုနှင့် ဘဝအသိကို ပေးနိုင်သည်။ မည်သို့ပင်ဆိုစေ ၂၀ ရာစု စာရေးဆရာကြီးများ၏ ပထမဆုံးလက်ရာများဟု ဆိုစေကာမူ အနောက်နိုင်ငံများ၌ အသားကျနေသော ဝတ္ထုတိုအတတ်ပညာသဘောကို သုံးထားသည်ကို တွေ့ရသည်။ ဝတ္ထုတိုပေါ်ဦးစတွင် အနောက်တိုင်းပညာရှင်များသည် ဖျော်ဖြေမှုကို ဦးစားပေးသကဲ့သို့ မြန်မာ ပညာရှင်များသည် ဖျော်ဖြေမှုကို အလေးကဲဖွဲ့သည်။ ဇာတ်ဆောင်ပိုင်းတွင်မူ လူ့သဘာဝအဖွဲ့အနေနှင့် အားနည်းပါသည်။

အထက်ဖော်ပြပါ ဝတ္ထုတိုများတွင် ဆရာကြီးရွှေဥဒေါင်း၏ 'မောင်သိန်းတင် မသိန်းရှင်' ဝတ္ထုတို သည် ဇာတ်လမ်းဖန်တီးမှုအားကောင်း၍ ဆရာကြီးဒဂုန်ရွှေမျှား၏ 'ချင်းဗိုလ်မောင်တက်တူ' ဝတ္ထုတိုသည် ဇာတ်ဆောင်ဖန်တီးမှုအားကောင်းသည်ကို တွေ့ရပြီး ဆရာကြီးပီမိုးနင်း၏ 'ဆိုးပေ' ဝတ္ထုမှာ ဇာတ်ဆောင် ဖန်တီးမှုထူးခြားသော ဝတ္ထုတိုတစ်ပုဒ်အဖြစ် တွေ့ရှိရပါသည်။

## နိဂုံး

၂၀ ရာစုခေတ်ဦး မြန်မာကာလပေါ်ဝတ္ထု၏ လမ်းကြောင်းကို ဦးဆောင်သူ အထက်ဖော်ပြပါ ဝတ္ထုရေး ဆရာကြီးများ၏ ဝတ္ထု (၃)ပုဒ်ကို လေ့လာကြည့်ရာတွင် ဆရာကြီးများ၏ မြန်မာစာပေလောကကို ခေတ်မီ ဖွံ့ဖြိုးတိုးတက်စေလိုသော အရင်းခံ စေတနာကို တွေ့ရပါသည်။ စေတနာရှိသည့်အလျောက်လည်း ဝတ္ထုတို ဆိုသည့် အနုပညာပစ္စည်းတစ်ရပ်ကို ဖန်တီးယူနိုင်သော စိတ်ကူးစိတ်သန်းဖြင့် ဖန်တီးမှုအတတ်ပညာများလည်း ကျွမ်းကျင်ခဲ့ကြပါသည်။ မျက်မှောက်ခေတ်တွင် ဝတ္ထုတိုအတတ်ပညာပိုင်းတွင် ဖွံ့ဖြိုးမှုများမှာ အားရဖွယ်ဖြစ်သည်။ အထက်ပါဆရာကြီးများ၏ ဦးဆောင်မှုဖြင့် ဖွံ့ဖြိုးတိုးတက်လာသော ဝတ္ထုတို လမ်းကြောင်းကိုလည်း ဆက်လက်လေ့လာသင့်ပါသည်။

## ကျမ်းကိုးစာရင်း

### မြန်မာဘာသာ


ကျော်အောင်။ (၁၉၇၉)။ *နိုင်ငံခြားဝတ္ထုတို၊ ဝတ္ထုတိုစာတမ်းများ (ပထမတွဲ)*။ ရန်ကုန်၊ စာပေဗိမာန်။

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၀၉)။ *မြန်မာဝတ္ထုတိုပေါ်ပေါက်လာပုံ၊ မြန်မာဝတ္ထုတိုရှုခင်း*။ ရန်ကုန်၊ စိတ်ကူးချိုချို အနုပညာ။

ဇော်ဇော်အောင်။ (၂၀၁၆)။ *ရှိမန်တစ်အလွမ်း*။ ရန်ကုန်၊ စိတ်ကူးချိုချို အနုပညာ။

ရွှေမှုံး(ဒဂုန်-)။ (၂၀၀၄)။ *ချင်းဗိုလ်မောင်တက်တူ၊ စာရေးဆရာတို့၏ ပထမဆုံးလက်ရာမွန်များ*။ ရန်ကုန်၊ Quality Publishing House.

ရွှေဥဒေါင်း။ (၂၀၀၄)။ *မောင်သိန်းတင်နှင့် မသိန်းရှင်၊ စာရေးဆရာတို့၏ ပထမဆုံးလက်ရာမွန်များ*။ ရန်ကုန်၊ Quality Publishing House.

ပီမိုးနင်း။ (၂၀၀၄)။ *ဆိုးပေ၊ စာရေးဆရာတို့၏ ပထမဆုံးလက်ရာမွန်များ*။ ရန်ကုန်၊ Quality Publishing House.


### အင်္ဂလိပ်ဘာသာ


Hills, Rust. (1977). Writing In General And the short story In particular, Boston, Houghton. Mifflin Company.

Howthorn, Jremy. (1986). Studying the Novel And Introduction Edward Arnold. Pty Ltd. 80. Woverley Road, Caulfied East, Victoria 3145.

King, Sophie, (2008). How to Write Short Stories for Magazing united kingdom Spring Hill House, spring Hill Road, Begbrok, oxford ox5 IRX.

Lucke, Margaret. (1998). Schaum's Quick Guide. To Writing Great Short Stories New York: Mc Graw. Hill, West 19th street.

Ralph, Raush, Morner Kathleen, (1998). NTC's Dictonary at literary Terms. USA NTC Publishing Group Lincoln. wood, Illinois.

Withcomb, Laura. (2009). Novel short Cuts, Ten Technigues the Ensure A great first Draft WRITER'S DIGEST Book. Cincinnati, Ohic.